ရွှေဘိုမြို့

ပုခန်းကျောင်းတိုက် ပဓာန နာယက

နိုင်ငံတော် သံဃမဟာနာယက (အဖွဲ့ဝင်)

ဆရာတော် ဘဒ္ဒန္တ ဝိမလာဘိဝံသ

အဂ္ဂမဟာပဏ္ဍိတ၊ ပရိယတ္တိသာသနဟိတဓမ္မာစရိယ

သာသနဓဇ ဓမ္မာစရိယ

ဒီဃနိကာယ ပါဠိပါရဂူ အရှင်မြတ်

စီစဉ်ရေးသားအပ်သော

# အမျိုးသမီးဆိုင်ရာဓမ္မပဒဝတ္ထုများ

သာသနာ-၂၅၄၈ ကောဇာ-၁၃၆၆ ခရစ်-၂၀၀၄ ခုနှစ်

ရွှေဘိုမြို့

ပုခန်းကျောင်းတိုက် ပဓာန နာယက

နိုင်ငံတော် သံဃမဟာနာယက (အဖွဲ့ဝင်)

# ဆရာတော် ဘဒ္ဒန္တ ဝိမလာဘိဝံသ

အဂ္ဂမဟာပဏ္ဍိတ၊ ပရိယတ္တိသာသနဟိတဓမ္မာစရိယ

သာသနဓဇ ဓမ္မာစရိယ

ဒီဃနိကာယ ပါဋိပါဠိ အရှင်မြတ်

စီစဉ်ရေးသားအပ်သော

# အမျိုးသမီးဆိုင်ရာဓမ္မပဒဝတ္ထုများ

သာသနာ-၂၅၄၈ [illegible]နှစ်-၁၃၆၆ ခရစ်-၂၀၀၄ ခုနှစ်

အမှတ် ၂၂၅၃၈
ရက်စွဲ ၁၅.၈.၂၀၁၁

ဒုတိယအကြိမ်

၂၀၀၄ ခုနှစ်၊ ဇွန်လ

အုပ်ရေ - ၁၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနအတွက်
ဦးရဲမြင့် (၀၆၁၀၃) ချမ်းသာ ပုံနှိပ်တိုက်၊
အမှတ်(၅၃/၆)၊ ၅၅ လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့တွင် ရိုက်နှိပ်၍
ညွှန်ကြားရေးမှူး ဦးညွန့်မောင်
မှတ်ပုံတင်အမှတ် (၀၂၄၀၅/၀၂၅၂၇)က ထုတ်ဝေသည်။

ဤကျမ်းစာရိုက်နှိပ်ရာတွင်

ကုန်ကျစရိတ်အားလုံးကို

ဗိုလ်မှူးကြီးစိုးမြင့်နှင့် ဇနီးဒေါ်ချိုချိုဆန်း

မိသားစု(ရန်ကုန်)တို့က

ကုသိုလ်ပြုကြပါသည်။

# ဥဒေယျာရည်

သတ္တလောကကို စောင့်ရှောက်ရန် ဘုရားရှင်ပွင့်တော်မူလာခြင်း ဖြစ်၏။ လူနတ်ဗြဟ္မာ စသော လောကသားအားလုံးတို့ အကျိုး စီးပွားဖြစ်ထွန်း၍ ကောင်းကျိုးချမ်းသာရရှိရန် တရားဒေသနာအမျိုးမျိုး ဖြင့် ဘုရားရှင်ဟောကြား ညွှန်ပြတော်မူလေသည်။

ဘုရားရှင်သည် (၄၅)ဝါကာလပတ်လုံး ဤကား ဓမ္မ၊ ဤသည် ကား အဓမ္မ၊ ဤကား သုဂတိ၊ ဤသည်ကား ဒုဂ္ဂတိ။ ဓမ္မသည် သုဂတိသို့ ပို့ဆောင်၏။ အဓမ္မသည် ဒုဂ္ဂတိသို့ ပို့ဆောင်၏။ (အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတိံ) ဟု သတ္တဝါတို့ လောက ချမ်းသာ ဘဝသုခ ရရှိရေးအတွက်လည်း ဟောကြားတော်မူသည်။

လောကသုခ ဘဝချမ်းသာ÷ဟူသည် အစွဲအလမ်းများသော သတ္တဝါတို့၏ မှောက်မှားသော အထင်အမြင်၊ အယူအဆမျှသာ ဖြစ်ပြီး စင်စစ်အားဖြင့် သကြားဖုံးအုပ်ထားသော ဆေးခါးလုံးပမာ သုခယောင်ဆောင်ထားသည့် ဒုက္ခမျှသာဖြစ်၏။ ချမ်းသာစစ်၊ ချမ်းသာ မှန်ကား ဘဝဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သာဖြစ်၍ ဤကား နိဗ္ဗာန်၊ ဤကား နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ် (အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ သေ မဂ္ဂေါ ဝိသုဒ္ဓိယာ)ဟု နိဗ္ဗာန်ချမ်းသာဟူသော ကေန္တသုခ ရရှိရေးအတွက် လည်း ဟောကြားတော်မူသည်။

## (၁) ဥယျောဇဉ်

သတ္တဝါတို့၏ ဣန္ဒြေ အနုအရင့်၊ ပါရမီအဆင့်အတန်းအလိုက် ဘုရားရှင်ဟောကြားအပ်သော တရားတော်များကို သင်္ဂါယနာတင် အရှင်မြတ်တို့က နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံအဖြစ် စုစည်းပေး တော်ခဲ့ကြရာ ဓမ္မပဒသည် ခုဒ္ဒကနိကာယ်၊ သုတ္တန်ပိဋကတွင် ပါဝင် ပေသည်။ သုတ္တန်ပိဋကဟူသည် လောကရေးကို အလေးထား၍ ဟောကြားရာ (ဝေါဟာရဒေသနာ) ဖြစ်၍ ပိဋကတ်သုံးပုံတွင် လူသုံး အများဆုံး ဒေသနာတော်ဖြစ်သည်။

လူသုံးအများဆုံး သုတ္တန်ဒေသနာတို့အနက် ငါးရာငါးဆယ် နိပါတ်တော်နှင့် ဓမ္မပဒသည် လူကြိုက်အများဆုံး ဒေသနာတော် ဖြစ်၏။ လူတို့သည် လူ့အကြောင်းကိုပင် နေ့စဉ်နှင့်အမျှ ပြောဆို နေကြရ၏။ လူသည် လူ့အကြောင်းကို ပြောချင်သည်။ လူ့သတင်းကို နားဆင်ချင်သည်။ နေ့စဉ် ပြောဆိုနေရသည့်တိုင် အားရတင်းတိမ် သည်မရှိ။ ပြောသူရှိလျှင် နားထောင်ချင်သေးသည်။ ငါးရာငါးဆယ် နှင့် ဓမ္မပဒတို့သည် သတ္တဝါတို့စရိုက်နှင့် အလိုက်ညီအောင် ဟောပြော ပြသရာ ယထာနုလောမ သာသနာခေါ် လူ့အကြောင်းအရာ အများ အပြားကို မှတ်တမ်းတင်ရာ ဒေသနာများဖြစ်၍ လူကြိုက်အများဆုံး ဖြစ်သည်မှာ အဆန်းမဟုတ်တော့ပေ။

တစ်ဖန် နိပါတ်တော်နှင့် ဓမ္မပဒတို့တွင်လည်း ဓမ္မပဒကို ပို၍ ကြိုက်ကြသည်ဟု ဆိုလျှင်လည်း ဆိုသင့်ဆိုထိုက်သည်သာဖြစ်ပါ၏။ နိပါတ်တော်မှာ ဘုရားအလောင်းတော်နှစ်ဦးဘဝက ပါရမီဖြည့်ကျင့် ခဲ့ရပုံများကို မှတ်တမ်းတင်ထားသည့် အတိတ်ဖြစ်ရပ် အခြေခံသော သင်ခန်းစာများဖြစ်သည်။ ဓမ္မပဒကား ဘုရားရှင်လက်ထက်၊ ဘုရား သက်တော်ထင်ရှားရှိစဉ်က ပစ္စုပ္ပန်ဖြစ်ရပ်ပေါ် အခြေခံသော သင်ခန်းစာ များဖြစ်သည့်အပြင် ဘုရားရှင်လက်ထက်က မဇ္ဈိမဒေသ၏ လူမှုရေး၊

နိုင်ငံရေး၊ စီးပွားရေး အခြေအနေအရပ်ရပ်ကိုပါ လေ့လာသိရှိခွင့် ရနိုင်သဖြင့် ပို၍ ကြိုက်စရာကောင်းခြင်းပင်ဖြစ်ပေသည်။

ဓမ္မပဒကို သူလို ကိုယ်လို သာမန်လူတို့သာ ကြိုက်ကြသည် မဟုတ်။ တွေးခေါ်မြင်သိ ပညာရှိ ကဝိသုခမိန်တို့လည်း ကြိုက်နှစ်သက်ကြသည်။ မြန်မာနိုင်ငံတွင် အလွန်ထင်ရှားကျော်ကြားသော အရှင်မဟာသီလဝံသ၏ မာဟာရဟာနီတိ၊ စတုရင်္ဂဗလ၏ လောကနီတိတို့၌ ဓမ္မပဒဂါထာများကို နီတိလမ်းညွှန်များအဖြစ် ဖော်ပြထား၍ ဓမ္မပဒသည် ဘာသာရေးစာပေမျှသာမဟုတ်ဘဲ လူမှုလောကရေးအတွက်ပါ ညွှန်ပြလျက်ရှိသဖြင့် ဓမ္မရေးရာ၊ ဘဝရေးရာ၌ ဓမ္မပဒ၏ အရေးပါမှုကို ခန့်မှန်းသိသာနိုင်ပေသည်။

စည်းစိမ်ဥစ္စာအာဏာနှင့် ခြွေရံသင်းပင်း ပြည့်စုံသော်လည်း ဘဝရေးရေးအတွက် အလိုမကျနိုင်ဘဲ စမ်းတဝါးဝါးဖြစ်လျက် ဒွိဟများနေသူအား ဓမ္မပဒက မီးမောင်းထိုးပြလိုက်သဖြင့် အသိအမြင် ပွင့်လင်းမှုရရှိကာ ဘဝကို လောကနှင့် ဓမ္မအတွက် အသုံးချသွားသူတို့ သမိုင်းကို ရာဇဝင်တွင် ကမ္ပည်းမော်ကွန်းတင်ခဲ့ကြလေပြီ။

ခုနစ်နှစ်သားအရွယ် နိဂြောဓသာမဏေကလေး ဟောကြားသည့် "အပ္ပမာဒေါ အမတံ ပဒံ" စသော ဓမ္မပဒဂါထာကို ကြားနာရ၍ အသောကမင်းတရားကြီး ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့သည်။ ထို့နောက် တတိယသင်္ဂါယနာတင်ခြင်း၊ ကျောင်းကန်ဘုရား စေတီများ ဆောက်လုပ်တည်ထားခြင်း၊ ကိုးတိုင်းကိုးဌာန ပြည်ပသာသနာပြုများ စေလွှတ်ခြင်း၊ ပြည်တွင်း၌ ကျောက်စာတိုင်များ ထွင်းထုစိုက်ထူ၍ ဗုဒ္ဓဓမ္မပြန့်ပွားအောင် ဆောင်ရွက်ခြင်း စသည်ဖြင့် လောကအတွက် ဘဝကိုမြှုပ်နှံခဲ့သည်မှာ ဓမ္မပဒအစွမ်းပင်ဖြစ်သည်။

(ဃ) ဥယျာဉ်

ညစ်ပေသည့် စိဝရ်၊ ဆံကေသာလက်လေးသစ်၊ မုတ်ဆိတ်မွေး ဗရပျစ်၊ ပစ်စလက်ခတ် အသွင်အပြင်နှင့် ပန်းဦးလွှတ်အကျင့်မျိုးကိုပင် ကျူးလွန်နေကြသော အရည်းကြီး ရဟန်းတို့ကျင့်စဉ်မှာ သူတော်သူမြတ်တို့ သဘာဝမဟုတ်ကြောင်း အနော်ရထာမင်းတရားကောင်းစွာ စဉ်းစားမိသည်။ သို့ဖြစ်၍ မွန်မြတ်မှန်ကန်သော အယူဝါဒကျင့်စဉ်တစ်ရပ်ဖြင့် အစားထိုးကိုးကွယ်ရန် ရှာကြံလျက်ရှိစဉ် သထုံပြည်မှ ကြွလာသော ရှင်အရဟံမထေရ်နှင့် ဆုံမိလေရာ မထေရ်မြတ်ဟောကြားအပ်သော "အပ္ပမာဒေါ အမတံ ပဒံ" အစချီသော ဓမ္မပဒဂါထာကို ကြားနာရ၍ ဗုဒ္ဓဝါဒကို သဘောကျနှစ်ခြိုက်ကာ တစ်နိုင်ငံလုံးပျံ့နှံ့အောင် ဆောင်ရွက်သဖြင့် မြန်မာပြည်အလုံး ထေရဝါဒသာသနာရောင် ထွန်းပြောင်ခဲ့ရသည်မှာလည်း ဓမ္မပဒအစွမ်းပင် ဖြစ်သည်။

ကောရာဇ်သီရိဓမ္မာသောကနှင့် ဘုရင်နော်ရထာတို့ နန်းစည်းစိမ်နှင့် အသက်ခန္ဓာမှာ နှစ်ပေါင်းတစ်ရာ မရှည်ကြာသော်လည်း သူတို့၏ဂုဏ်သတင်းနှင့် ကျော်စောခြင်းကား ယနေ့တိုင် ရှင်သန်နေဆဲ၊ နောင်နှစ်ထောင်ပေါင်းများစွာ ကြာသည့်တိုင်လည်း ရှင်သန်နေဦးမည်သာဖြစ်၍ "အပ္ပမာဒေါ အမတံ ပဒံ-(အပ္ပမာဒသည် မသေခြင်းအကြောင်း) ဆိုသည့်အတိုင်း အပ္ပမာဒ ဖြင့် တည်ဆောက်သွားသောဘဝပိုင်ရှင်ဖြစ်ရသည်မှာ ဓမ္မပဒကျေးဇူးတရားပင်ဖြစ်သည်။

ယင်းသို့အားဖြင့် အတွေးအခေါ်ကို ရင့်ကျက်စေ၍ အသိဉာဏ်ကိုမြှင့်တင်ပေးရန်၊ ယုံကြည်ချက်နှင့် ဘဝလမ်းခရီးကို ဖြောင့်တန်းအောင်တည့်မတ်ပေးရန် ဓမ္မပဒ၏ အကူအညီကို လူတိုင်း ရယူသင့်ကြသည်။

အီတလီနိုင်ငံသား ဆာဗာတို စီအိုဖီ (Salvatore Cioffe)သည်ကိုလံဘီယာတက္ကသိုလ်မှာ ဓာတုဗေဒဂုဏ်ထူးဖြင့် (ဘီအက်စ်စီ)

ဘွဲ့ရပြီးနောက် အမေရိကန်ရှိ စက်မှုစီမံကိန်းဌာနကြီးတစ်ခုတွင် ခေတ်ခွဲ ဆရာတစ်ဦးအဖြစ် အမှုထမ်းနေစဉ် လုပ်ဖော်ကိုင်ဖက် ခေတ်ခွဲ ဆရာတစ်ယောက် ယူလာသော ဓမ္မပဒ (ပါမောက္ခ မက်ဒ်မူလာ ၏ အင်္ဂလိပ်ဘာသာပြန်) စာအုပ်ကို ဖတ်ကြည့်မိရာ သူ၏အသိ အမြင်နှင့် ယုံကြည်ချက်များ တိုးတက်မြင့်မားလာခဲ့သည်။ သဘာဝ နိယာမနှင့် ကြောင်းကျိုးဆီလျော်မှုရှိသော ဓမ္မပဒက သူ့အသိဉာဏ်ကို ဖွင့်လှစ်ပေးခဲ့သည်။ သိပ္ပံနည်းကျ ဘာသာက သိပ္ပံဆရာတောင့်တ ချက်ကို ဖြည့်ဆည်းပေးလိုက်သဖြင့် ကိုးကွယ်ရင်း ဖန်ဆင်းရှင်ဝါဒကို စွန့်၍ ဗုဒ္ဓဘာသာဝင်အဖြစ် သူခံယူလိုက်လေသည်။ ထို့နောက် သဘာဝကျ၍ ကြောင်းကျိုးဆီလျော်သော ဗုဒ္ဓဓမ္မများ ပြန့်ပွားရေး အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ရန် ရဟန်းဝတ်၍ သာသနာပြု တော်မူသဖြင့် ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဦးလောကနာထဟု ထင်ရှား ကျော်ကြားတော်မူသည်မှာ ဓမ္မပဒ၏ ကျေးဇူးပြုချက်ပင်ဖြစ်သည်။

ပုခန်းဆရာတော်သည်ကျွန်တော်တို့ငယ်စဉ် သာမဏေဘဝဖြင့် စာသင်စဉ်က သာမဏေကျော်စာမေးပွဲများအတွက် ဓမ္မပဒကျမ်းကို ပို့ချပေးရင်း ဓမ္မပဒပါဠိအဋ္ဌကထာကောင်းကြောင်း မကြာခဏ မိန့်ကြား တတ်သည့်အပြင် အနယ်နယ်အရပ်ရပ်မှ ပင့်လျှောက်လာသော တရားပွဲများ ဟောကြားတော်မူခြင်း၊ ရှစ်ရက်သီတင်း လပြည့် လကွယ်၊ အခါကြီး ရက်ကြီးများ၌ သီလဆောက်တည်ကြသူ ဥပုသ်သည်များ အား ဟောကြားခြင်းဖြင့် ဓမ္မပဒ၏အကျိုးများမှုကို အထူးသိမြင်တော် မူသည်။ သို့ဖြစ်၍ ဓမ္မပဒမှ အမျိုးသမီးတို့နှင့် စပ်ဆိုင်သမျှ ကောင်းနိုး ရာရာတို့ကို ရွေးထုတ်ကာ ရေးသားတော်မူခြင်းဖြစ်သည်။

ဆရာတော်သည် ရွှေတန်ဆာဘုရားသမိုင်း၊ အင်ကြင်းတော ဘုရားသမိုင်းကျမ်းစာများကိုလည်း ပြုစုထားရာ ထိုကျမ်းများ၌ စကား

ပြောနည်းဖြင့် ရေးသားထားပြီး ယခုကျမ်းစာဌကား ခေတ်လူရွယ် စာဖတ်ပရိသတ်တို့ သိမြင် နားလည်ရေး ဦးစားပေးကာ ဇာတ်ဆောင်တို့၏ စရိုက်သဘာဝမှန် ပီပြင်ပေါ်လွင်စေရန် သရုပ်ဖော်ရေးသားနည်းကို အသုံးပြုထားပေသည်။ ထို့ပြင် သက်ဆိုင်ရာ ဝတ္ထုဇာတ်လမ်းနှင့် လိုက်ဖက်လျော်ညီသော ဘာသာယဉ်ကျေးမှု၊ သိသင့်သိထိုက်သော မှတ်သားဖွယ်ရာ ဗဟုသုတကိုပါ ထည့်သွင်းဖော်ပြထားသဖြင့် စာဖတ်ပရိသတ်အဖို့ အတွေးအခေါ် ရင့်ကျက်၍ အသိဉာဏ်မြင့်တက်ကာ ယုံကြည်ချက် သဒ္ဓါခိုင်မာစွာဖြင့် ဘဝခရီးတစ်လျှောက် ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိမှသည် နိဗ္ဗာနသမ္ပတ္တိအထိ ပြီးမြောက်အောင် ဆောင်ကြဉ်းပေးလိမ့်မည်ဟု မျှော်မှန်းမိပါသည်။

**အနန္တငါးဂုဏ် စိတ်ဝယ်ထုံလျက်**
**ယုံကြည်သဒ္ဓါ ရှိသေစွာဖြင့်**

**တပည့်–မောင်ဝင်း (ရတနာရွှေမန်း)**
**မြတ်ပန်းရဂုံစာတည်းချုပ်**
**ရန်ကုန်မြို့။**

ဓမ္မပဒအဋ္ဌကထာ ပထမတွဲပါ

အမျိုးသမီးဆိုင်ရာ ဝတ္ထုများ

## မာတိကာ

### ၁။ ယမကဝဂ်

၁။ ကာဠယက္ခိနီဝတ္ထု ... ၇
ရန်ကိုရန်ချင်း မတုံ့လျှင်းနှင့်
ဣဿာအားကြီးမှု အရင်းခံ၍
သူတစ်ပြန် ကိုယ်တစ်ပြန်
အနိုင်ယူကြသော အမျိုးသမီးနှစ်ဦးတွင်
တစ်ဦးမှာ ဘီးလူးမဘဝဖြင့် ကျွတ်တမ်းဝင်
(ပုန်းမကျို)
၂။ သုမနာဒေဝီဝတ္ထု ... ၂၁
ဖခင်ကိုပင် မောင်ငယ်ခေါ်သွားသူ

### ၂။ အပ္ပမာဒဝဂ်

၃။ သာမာဝတီဝတ္ထု ... ၃၃
ဝတ်ရှိလျှင် ခံရမြဲ

ရှေးက ရသေ့များရည်ရွယ်ချက်
ငှက်ဆင်ချီခံရသောမိဖုရား
မ,နဲ့တွေ့တော့
သေကြောင်းကြံခံရသော်လည်း မသေ
ဘုရားကိုပင် ဆဲနိုင်းသူ
ကိုယ့်ပြစ်ဒဏ် ကိုယ်ခံရ
၄။ ကုမ္ဘဃောသကဝတ္ထု ... ၁၅၃
ဂုဏ်မဖော်လိုသူ
ဖုံးလေသမျှ မ,ကြောင့်ပေါ်ရ
ဂုဏ်မရှိချိန် ဂုဏ်ရှိချိန်
၅။ မဃဝတ္ထု ... ၁၆၇
သိကြားမင်းကျင့်စဉ်
အကြံကောင်းသည့်အမျိုးသမီး ထိပ်ဆုံးကနေရာရ
တာဝတိံသာနတ်မြို့၏ မြင်ကွင်း

## ၃။ စိတ္တဝဂ်

၆။ အညတရဘိက္ခု ... ၁၉၃
တကယ်အားထုတ်လျှင် ရနိုင်သည်
တရားရဖို့ ဘောဇနသပ္ပာယအရေးကြီး
ရဟန်းတော်များအား ကျေးဇူးများလှသော
အမျိုးသမီးကြီး
၇။ သောရေယျတ္ထေရဝတ္ထု ... ၂၀၇
မသင့်တာကြံ မမှန်တာဖြစ်
ယောကျ်ားဘဝမှ မိန်းမဘဝသို့

မိန်းမဘဝမှ ယောကျ်ားဘဝသို့ပြောင်းရ
ကိုယ့်ဝမ်းက ဖွားသူကို ပိုချစ်

## ၄။ ပုပ္ဖဝဂ်

၈။ ပတိပူဇိကကုမာရီဝတ္ထု ... ၂၂၁
ရှေးက ချစ်လင်မေတ္တာဝင်
ကုသိုလ်ပြု ဆုတောင်းက ဖြစ်လိုရာဖြစ်ရ
လူ့ဘဝသက်တမ်း အသင်္ချေနေရသလို
၉။ ဝိသာခါဝတ္ထု ... ၂၃၁
သာသမီးမြေးမြစ်အခက်တွေပြည့် ကုသိုလ်မမေ့
အမျိုးသမီးများ ကောင်းခြင်းငါးဖြာ
မဟာလတာ အဝတ်အထည်
လိုတာထက် ပိုရလိုသော်
ပန်းကုံးသူလို

## ၅။ ဗာလဝဂ်

၁၀။ ဥပ္ပလဝဏ္ဏာထေရီဝတ္ထု ... ၂၈၅
ရဟန္တာတောင် မရှောင် လူမိုက်ကောင်

## ၆။ ပဏ္ဍိတဝဂ်

၁၁။ ကာဏမာတာဝတ္ထု ... ၂၉၃
လှူစရာကုန်မှရပ်
သောတာပန်ရဲ့ သဒ္ဓါတရား
အချို့အမျိုးသမီး သဘောထား

## ၇။ အာရဗဟာန္တဝဂ်

၁၂။ အညတရ ဣတ္တိဝတ္ထု(မထင်မရှားမိန်းမ)... ၃၀၉
ကြံမိကြံရာ ပြုမိရှာ
ကြောက်စရာအမျိုးသမီး
ဘုရားစောင့်ရှောက်တော်မူသည်

## ၈။ သဂသဝဂ်

၁၃။ ကုဏ္ဍလကေသီဝတ္ထု
(နားတောင်းဝတ်ဆင်ဆံပင်ကောင်းရှိသူ)... ၃၁၃
စွဲမိရာ စွဲတော့တာ
လူယုတ်မာ ချမ်းသာအောင်ထားသော်လည်း ယုတ်မာမြဲ
တကယ့်အကြပ်အတည်းမှာ ပညာရှိပေလို့သာ
၁၄။ ပဋာစာရာထေရီဝတ္ထု
(အရှက်အကြောက်လျော့ကျသူ) ... ၃၃၅
မိဘစကား နားမထောင်
ဘဝဆိုးတွေ့လေသမျှ အကောင်းဆုံးတွေ့ဖို့
၁၅။ ကိသာဂေါတမီဝတ္ထု ... ၃၅၃
နာမည်ရင်းက ဂေါတမီ ခန္ဓာကိုယ်ကကြုံလှီလို့
ရတနာတွေ မီးသွေးဖြစ်၊ မီးသွေးကရတနာပြန်ဖြစ်
သားသေ ပြန်ရှင်စေလိုရှာ မုံညင်းစေ့ကိုရှာ
၁၆။ ဗဟုပုတ္တိကထေရီဝတ္ထု(သားသမီးများသူ)... ၃၆၅
အမွေပေးမှား တရားရ
အရွယ်ကြီးသူများ တရားအားထုတ်ရာ၌ နည်းယူဖွယ်

ဓမ္မပဒအဋ္ဌကထာ ဒုတိယတွဲပါ

အမျိုးသမီးဆိုင်ရာဝတ္ထုများ

# မာတိကာ

## ၉။ ပါပဝဂ်

၁။ လာဇာဒေဝဓီတာဝတ္ထု (ပေါက်ပေါက်နတ်သမီး) ၃၆၉
သူ့တာကိုယ့်တာ
ပေါက်ပေါက်နတ်သမီး
နတ်စည်းစိမ်ကိုခိုင်မြဲစေလိုသူ
နတ်သမီးကို ဝေယျာဝစ္စ မပြုစေချင်

## ၁၀။ ဒဏ္ဍဝဂ်

၂။ ဥပေါသထိကကတ္ထီနံ့ဝတ္ထု(ဥပုသ်သည့်အမျိုးသမီးများ) ၃၇၅
ရဆဲဘဝမှာ ဖြစ်ချင်တာ
ဥပုသ်အမျိုးသမီးအစားစား၊ ရည်ရွယ်ချက်အစားစား
နွားကျောင်းသားက နွားတွေကို စားကျက်ပို့
ဇာတိဇရာဗျာဓိမစ္စုတို့က သတ္တဝါတို့အသက်ကို
မရဏာထံပို့

## ၁၁။ ဇရာဝဂ်

၃။ ဝိသာခါယသဟာယိကာနံဝတ္ထု
(ဝိသာခါ၏မိတ်ဆွေအမျိုးသမီးများ) ... ၃၇၉
တကယ့်ဘုရားရှေ့တောင်မရှောင်
မကောင်းပြုလျှင် မာရ်နတ်ဝင်သည့်
အရက်၏ဆိုးကျိုး
မကောင်းသူအတွက် ကောင်းသူအနေခက်
တစ်ဆယ့်တစ်သီး မီးတွေလောင်နေ
လောင်မှန်းမသိ ပျော်နေကြ အပူကိုပင်အအေးထင်
မီးငြိမ်းရာကိုရှာပါ
၄။ သိရိမာဝတ္ထု ... ၃၈၇
ကျက်သရေဖြာသိရိမာ
လှူဖွယ်ရတာထက် မြင်ရတာက ပိုကောင်း
အလကားပေးတာတောင် ယူလိုသူမရှိ
ခန္ဓာကိုယ်ကြီး၏အပြစ်
၅။ ဥတ္တရာထေရီဝတ္ထု(ဥတ္တရာအမည်ရှိသူ) ... ၃၉၇
အသက်တစ်ရာ့နှစ်ဆယ် အမျိုးသမီးကြီး
ခန္ဓာကိုယ်ကြီးအပြစ်
သောတာပန်တော့ဖြစ်ရှာသေး
၆။ ဇနပဒကလျာဏီ ရူပနန္ဒာထေရီဝတ္ထု ... ၃၉၉
ဟောဒီရွာတစ်ရွာလုံး အလှဆုံးဖြစ်လိမ့်မယ်
ရုပ်ချောတင့်တယ် နှစ်သက်ဖွယ်
လူတို့အကြိုက်လေးမျိုး

ကိုယ့်ကိုကိုယ်ချစ်မြတ်နိုးတော့ ခန္ဓာကိုယ်အပြစ်
ဟောတာမကြားလို
ခန္ဓာကိုယ်အပေါ်ရှုကွက်
၇။ မလ္လိကာဒေဝီဝတ္ထု ... ၄၁၁
ပန်းသည်သမီး မိဖုရားဖြစ်
ကိုယ့်အပြစ်ကို ဖုံးကွယ်၊ သူတစ်ပါးကိုစွပ်စွဲ
အဝီစိမှာ ခုနစ်ရက်ကြာ
ရထားဥပမာ

## ၁၂။ အတ္တဝဂ်

၈။ ကုမာရကဿပမာတုထေရီဝတ္ထု ... ၄၂၇
(အရှင်ကုမာရကဿပ၏မယ်တော်)
ကိုယ့်ကိုကိုယ်သာ အားကိုးရာ
ရဟန်းပြုချင်လွန်းသည့် အမျိုးသမီး
ဖြစ်နိုင်တဲ့နည်းနဲ့ ရဟန်းပြု
မယ်တော့်အပေါ် မေတ္တာထားသည့်သား

## ၁၃။ လောကဝဂ်

၉။ ပေသကာရဓီတာဝတ္ထု ... ၄၄၅
ရက်ကန်းခပ်သူ၏သမီး
သိပါသည် မသိပါ၊ သိပါသည် မသိပါ
မရဏဿတိဘာဝနာ၏အကျိုးတရား
၁၀။ စိဉ္စမာဏဝိကာဝတ္ထု ... ၄၅၅
နတ်သမီးပမာ ချောလှရှာ

မကောင်းကြံစည်သူများ
ဘုရားကိုစွပ်စွဲ
မြေကိုခွဲ၍ အဝီစိငရဲဝင်

## ၁၄။ ဗုဒ္ဓဝဂ်

၁၁။ မာရဓီတရဝတ္ထု(မာရ်နတ်နတ်သမီးများ) ... ၄၆၅
သမီးနှင့်ထိုက်တန်သူကိုရှာသူ
ပဒစေတီ(ဘုရားခြေရာ)
ခြေရာသုံးမျိုး၊ ခြေဖျားမျှဖြင့်ပင် မတို့ချင်
ဖခင်ကြီးအတွက် အမျိုးမျိုးဖျက်
လိုရာမရောက် လက်မြှောက်ပြန်

## ၁၅။ သုခဝဂ် (မရှိ)

## ၁၆။ ပိယဝဂ်

၁၂။ ဝိသာခါဝတ္ထု ... ၄၇၅
မြေးမ သုဒတ္တာ သေလို့ငို
ချစ်မြတ်နိုးမှုကြောင့် သောက ဘယဖြစ်
ချစ်မြတ်နိုးမှုကင်းမှ ချမ်းသာ

## ၁၇။ ကောဓဝဂ်

၁၃။ ရောဟိနီခတ္တိယကညာဝတ္ထု ... ၄၇၇
အနုရုဒ္ဓါထေရ်၏ နှမတော်
ကိုယ်ရေရောဂါကြောင့် လူထဲမဝင်ရဲ
ကိုယ်ရေရောဂါပျောက်အောင်ကုနည်း

၁၄။ ဥတ္တရာဥပါသိကာဝတ္ထု ... ၄၈၅
ဒိဋ္ဌဓမ္မအကျိုး သေဋ္ဌေးဖြစ်
မျက်နှာလုပ်လို့မရ
ပိုက်ဆံပေါတော့ လူရာဝင်, ခင်ပိုကြ
မိစ္ဆာဒိဋ္ဌိလူစား ကြောက်စရာ၊ အငှားမယားမာနကြီး
မေတ္တာတန်ခိုး
၁၅။ ပုဏ္ဏဒါသီဝတ္ထု (ပုဏ္ဏာကျွန်မ) ... ၅၀၅
ကိုယ့်ဆင်းရဲနှင့်နှိုင်းစာ
ဆန်ကွဲမုန့်အလှူခံ

**၁၈။ မလဝဂ် ၁၉။ ဓမ္မဋ္ဌဝဂ် (မရှိ)**

**၂၀။ မဂ္ဂဝဂ်**

၁၆။ ကိသာဂေါတမီဝတ္ထု
၁၇။ ပဋာစာရာဝတ္ထု
} အနည်းငယ်သာကွဲသည်။ ပါဝင်ပြီး

**၂၁။ ပကိဏ္ဏကဝဂ်**

၁၈။ စူဠသုဘဒ္ဒါဝတ္ထု(သုဘဒ္ဒါငယ်) ... ၀
ဘာသာချင်းမတူသူ သေဋ္ဌေးနှစ်ဦး
သားနှင့်သမီး ပေးစား
ဗုဒ္ဓသာဝက(ဘုရားတပည့်)သံဃာ၏ ဂုဏ်ပုဒ်များ
ကောင်းသူကို သူတော်ကောင်းများ
အဝေးမှအမြင်ရ

## ၂၂။ နိရယဝဂ်


၁၉။ သုန္ဒရီပရိဗ္ဗာဇိကာဝတ္ထု(သုန္ဒရီပရိဗိုဇ်မ)... ၅၂၃
မဟုတ်သူက မမှန်တာခိုင်းသည်ကို လုပ်ရဲသူ
မဟုတ်မတရားစွပ်စွဲသူနှင့် မကောင်းပြုလျက်
ဖုံးကွယ်သူ ငရဲရောက်ခြင်းတူ
လုပ်ကြံမှုကြီး
တရားခံများ ပြစ်ဒဏ်ရ
၂၀။ ဗ္ဗလာပကတိတ္ထိဝတ္ထု ... ၅၃၁
ပင်ကိုယ်က ဗ္ဗလာရှိသူ
ဗ္ဗလာဖြစ်ပုံတစ်မျိုး
လုပ်မှ လုပ်ရက်လေခြင်း


## ၂၃။ နာဂဝဂ် (မရှိ)

## ၂၄။ တဏှာဝဂ်


၂၁။ ခေမာထေရီဝတ္ထု (ရွှေအဆင်းရှိသူ) ... ၅၃၃
မြတ်စွာဘုရားက ဖန်ဆင်း၍တရားပြ


## ၂၆။ ဗြာဟ္မဏဝဂ်


၂၂။ မဟာပဇာပတိဂေါတမီဝတ္ထု
(ဘုရားရှင်၏ မိထွေးတော်) ... ၅၄၃
ဆရာဥပဇ္ဈာယ်မရှိသူဟု မဟုတ်မတရားယုံမှားကြ၍
ဥပုသ်ပဝါရဏာအတူမပြုကြ
မြတ်စွာဘုရား ရှင်းပြ

၂၃။ ကိသာဂေါတမီဝတ္ထု ... ၅၄၅
မြတ်စွာဘုရားထံ ကောင်းကင်မှလာရာ
ဘုရားဖူးရောက်နေသော
သိကြားမင်းကိုမြင်၍ နောက်ဆုတ်ပြန်
၂၄။ ဥပ္ပလဝဏ္ဏာထေရီဝတ္ထု (ကြာညိုအဆင်းရှိသူ) ၅၄၇
ကြာရွက်ပေါ် ရေမတင်၊ ပွတ်ဆောက်ဖျား၌ မုံညင်းစေ့
မတည်နိုင်သလို ရဟန္တာတို့၌ ကာမနှစ်မျိုးမတည်ရှိ
၂၅။ ဓမ္မဒိန္နာထေရီဝတ္ထု ... ၅၄၉
လင်ယောက်ျားကိုခံပြင်း၍ အမျိုးသမီးရဟန်းပြု
တရားအားထုတ်ရဟန္တာဖြစ်၊
လင်ယောက်ျားလာ၍ စုံစမ်း၊ တရားဆွေးနွေး
၂၆။ (ဗာလဝဂ်)မှ အညတရ ပုရိသဝတ္ထု
(မထင်မရှား ယောက်ျား) ... ၅၆၃
မလ္လိကာမိဖုရား၏ ပစ္စုပ္ပန်ဘဝ အတိတ်ဘဝ
ဆောင်ရွက်ချက်ကြောင့် အသက်ချမ်းသာခဲ့ကြ

**မာတိကာ ပြီး၏။**

# အမျိုးသမီးဆိုင်ရာ ဓမ္မပဒဝတ္ထုများ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဋ္ဌမာဒိဂါထာ

၁။ မဟာမောဟ တမောနဒ္ဓေ၊ လောကေ လောကန္တဒဿိနာ။
ယေန သဒ္ဓမ္မပဇ္ဇောတော၊ ဇာလိတော ဇလိတိဒ္ဓိနာ။
၂။ တဿ ပါဒေ နမဿိတွာ၊ သမ္ဗုဒ္ဓဿ သိရီမတော။
သဒ္ဓမ္မဉ္စဿ ပူဇေတွာ၊ ကတွာ သံဃဿ စဉ္ဇလိံ။
၃။ တံ တံ ကာရဏမာဂမ္မ၊ ဓမ္မာဓမ္မေသု ကောဝိဒေါ။
သမ္ပတ္တသဒ္ဓမ္မပဒေါ၊ သတ္ထာ ဓမ္မပဒံ သုဘံ။
၄။ ဒေသေသိ ကရုဏာဝေဂ၊ သမုဿာဟိတမာနသော။
ယံ ဝေ ဒေဝမနုဿာနံ၊ ပီတိပါမောဇ္ဇဝဍ္ဎနံ။
၅။ အတ္ထဝဏ္ဏနာယံ တဿ၊ အတ္ထိ ဝတ္ထူနိ သဗ္ဗသော။
နာရီနံ ယေဝ ဝတ္ထူနိ၊ ဒဿယိဿာမိ သုန္ဒရတ္ထိ။

၁။ (အဟံ) ယထာရဟ မလညစ်ကြေး ကင်းဝေးစင်လတ် ဂုဏ် သကတ်ကြောင့် မြင့်မြတ်နွယ်ဝင် ငါအရှင်သည်၊ မဟာမောဟ တမောနဒ္ဓေ–ကြီးမားကျယ်ပြန့် ထူထပ်သော မောဟတည်း

ဟူသော အမိုက်ခေတ်သည် လွှမ်းပတ်အုပ်ဖုံးထားအပ်သော၊ လောကေ-ဗြဟ္မာလူနတ် သုံးစုသတ်မှတ် လောကခေတ်၌၊ လောကန္တဒဿီနာ-သင်္ခါရလောကဿ အန္တော နိဗ္ဗာနံ-ထုတ်ပြန်ဟောပြ လောက၏အဆုံးကို မြင်သိတော်မူသော၊ ယေန-သမ္ဗုဒ္ဓေန-အကြင်မြတ်စွာဘုရားသည်၊ ဇလိတိဒ္ဓိနာ-မိုက်မှောင်ပယ်ခွင်း ထွန်းလင်းတောက်ဖြိုး တန်ခိုးတော်ဖြင့်၊ သဒ္ဓမ္မပဇ္ဇောတော-ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး သူတော်ကောင်းတရားတည်းဟူသော အလင်းရောင်တော်ကို၊ ဇာလိတော-မိုက်မှောင်ပယ်ခွင်း တဝင်းဝင်းဖြင့် ထွန်းလင်းစေအပ်တော်မူပြီ။

၂။ သိရီမတော-ဘုန်းကျက်သရေအဖုံဖုံ ပြည့်စုံတော်မူသော၊ တဿ-သမ္ဗုဒ္ဓဿ-ထိုမြတ်စွာဘုရား၏၊ ပါဒေ-တစ်ရာရှစ်ကွက် ပြိုးပြိုးပြက်သည့် စက်လက္ခဏာ ဝေဖြာနေသော် ခြေတော်တို့ကို၊ နမဿိတွာ-ကာယဝစီ မနောချိုလျက် သုံးလီပဏာမ ဂါရဝ ရိုကျိုး ရှိခိုးပြီး၍၊ အဿ-ထိုမြတ်စွာဘုရား၏၊ သဒ္ဓမ္မဉ္စ-မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ပရိယတ် ဆယ်ပါးသောတရားတော်မြတ်ကိုလည်း၊ ပူဇေတွာ-စိတ်ဖြင့်ရည်မြော် ပူဇော်ပြီး၍၊ သံဃဿစ-ထိုမြတ်စွာဘုရား၏ တပည့်သားအစစ်ဖြစ်တော်မူသော သံဃာတော်မြတ်အားလည်း၊ အဉ္ဇလိံ-ရှိခိုးခြင်းရာ ဖော်ပြရာမှတ် ဆယ်ဖြာလက်ချောင်း စုပေါင်းရုံးကာ ပဒုမ္မာချပ်အုပ် လက်ခုပ်ကို၊ ကတွာ-ရိုသေမှုသရုပ် ပြုလုပ်ပြီး၍။

၃-၄။ ဓမ္မာဓမ္မေသု-တရားစစ် တရားတု၊ တရားမှန် တရားမှား အစားစားတို့၌၊ ကောဝိဒေါ-တုဖက်မရှိ သိလိမ္မာတော်မူသော သမ္ပတ္တသဒ္ဓမ္မပဒေါ-ယုတ်လျော့မရှိ ပြည့်စုံသော ကောင်းမြတ်သော

တရားအစုရှိတော်မူသော၊ သတ္တာ–သတ္တဝါတို့ကို ဒေသနာထုံး အသုံးချလျက် ဆုံးမပေတတ် ဘုရားမြတ်သည်၊ တံ တံ ကာရဏံ–ဆင်းရဲချမ်းသာ အဖြာဖြာစုပေါင်း ထိုထိုအကြောင်းကို၊ အာဂမ္မ–ဟောဖို့ရာဟု အကြောင်းပြု၍၊ ကရုဏာဝေဂ သမုဿာ ဟိတမာနသော–ကြီးမားသော ကရုဏာတော်အဟုန်ခတ် ရိုက်ခတ်တိုက်တွန်းအပ်သော စိတ်ရှိတော်မူသည်၊ (ဟုတွာ) ဖြစ်၍၊ ဒေဝမနုဿာနံ–ပြဟ္မာနတ်လူ သုံးဘုံသူတို့၏၊ ဝေ– ပီတိပါမောဇ္ဇဝဍ္ဎနံ–နှစ်သက်ဝမ်းမြောက်မှုတရား စစ်စစ်ဖြစ်ထွန်း တိုးပွားစေတတ်သော၊ ယံ ဓမ္မပဒံ–ထွေရာရောပြု အကြင် တရားအစုကို၊ ဒေသေသိ–ကရုဏာရှေ့သွား နှုတ်သံထား၍ ဟောကြားခဲ့လေတော်မူပြီ။

၅။ တဿ–ဓမ္မပဒဿ–ရှင်တော်ဗုဒ္ဓ ထုတ်ဖော်ဟောပြ ထိုဓမ္မပဒ၏၊ အတ္ထဝဏ္ဏနာယံ–အနှစ်အသား တရားသာမက ထိုကာလဖြစ်ခဲ့ သမ္ဗျ ကြောင်းခြင်းတပါ ဖွင့်ပြသချာ အဋ္ဌကထာ၌၊ ဝတ္ထူနိ– ပုဂ္ဂိုလ်ဒြပ် ယုတ်အမြတ်တို့ ဖြစ်ရပ်ပေါင်းဖြာ အကြောင်းအရာ တို့သည်၊ သဗ္ဗသော–အယုတ်အလတ် အမြတ်အဖုံဖုံ ဖြစ်မျိုးစုံ၊ အတ္ထိ–ထင်စွာပီပြင် ပါဝင်ခဲ့ကုန်ပြီ၊ (တေသု) အမျိုးမျိုးစု ထိုဝတ္ထုတို့တွင်၊ နာရီနံယေဝ ဝတ္ထူနိ–ဟောပြ ပြောပြ နည်းပါး လှသည့် များစွာသီးသီး အမျိုးသမီးတို့၏ စုစည်းပေါင်းပြု အကြောင်းဝတ္ထုတို့ကိုသာ၊ သုန္ဒရံ–သဘောအဓိပ္ပာယ် ထင်မြင် လွယ်သဖြင့် ဖတ်ချင်စဖွယ် တင့်တယ်ကြောင်းဖြာ ကောင်းမွန် စွာ၊ ဒဿယိဿာမိ–ချီးမြှောက်သောအား အလေးထားကာ ရေးသားပြဆိုပေအံ့။ ဣတိ–ဤကား ရတနတ္တယ ပဏာမ စသည်ကို ပြဆိုလိုက်ခြင်းတည်း။

ကရုဏာတော်ကြီးမား သဗ္ဗညု မြတ်စွာဘုရားသည် ထင်ရှား တွေ့ကြုံရသော ပုဂ္ဂိုလ်အစားစားတို့နှင့် စပ်လျဉ်း၍ ထုတ်ဖော်ဟောပြ အပ်သော တရားဂါထာများကို စုစည်း၍ ဓမ္မပဒအမည်ဖြင့် ရဟန္တာ အရှင်မြတ်တို့ သင်္ဂါယနာတင်အပ်ခဲ့ပေသည်။ ထိုဓမ္မပဒတရားအစု တို့ကို ကြားနာကြရသော ပုဂ္ဂိုလ်တို့အား နှစ်သက်ဝမ်းမြောက်မှု တရား ပီတိပါမောဇ္ဇများ ဖြစ်ထွန်းတိုးပွားခဲ့လေသည်။

ထိုဓမ္မပဒတရားအစုတို့ကို အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓ ဃောသသည် တရားအစုအသီးသီးကို ဟောပြရာအချိန်က ဟောပြရန် အကြောင်းဖြစ်သော ပုဂ္ဂိုလ်တို့၏ အကြောင်းခြင်းရာတို့ကိုလည်း သေချာစွာ ထည့်သွင်းဖွင့်ပြခဲ့တော်မူသည်။ ယင်းပုဂ္ဂိုလ်တို့၏ တွေ့ကြုံ ခံစားရပုံအကြောင်းခြင်းရာ ဝတ္ထုတို့သည် ဓမ္မပဒအဋ္ဌကထာ ပထမ အုပ်တွင် (၉၄)ဝတ္ထု၊ ဒုတိယအုပ်တွင် (၂၁၁) ဝတ္ထုအားဖြင့် ဝတ္ထု ပေါင်း (၃၀၅) ခု ရှိကုန်၏။

ထိုဝတ္ထုတို့တွင် အမျိုးသမီးဆိုင်ရာဝတ္ထု (၄၂)ခု ပါဝင်သည်ကို တွေ့ရသည်။

ထို(၄၂)ဝတ္ထုတို့တွင်လည်း ဝိသာခါဝတ္ထု (၂)ခု၊ ကိသာဂေါတမီ ဝတ္ထု(၃)ခု၊ ခေမာဝတ္ထု(၂)ခု၊ ပဋာစာရာဝတ္ထု(၃)ခုတို့ ပါဝင်နေသည် ကို တွေ့ရပြန်သည်။

ထို့ပြင် အဋ္ဌကထာ ပထမအုပ် စိတ္တဝဂ် ဒုတိယဝတ္ထုအမည်ကို အညတရဘိက္ခုဝတ္ထုဟုလည်းကောင်း၊ ဗာလဝဂ် ပထမဝတ္ထုအမည်ကို အညတရပုရိသဝတ္ထုဟုလည်းကောင်း ဆိုထားသော်လည်း အမျိုး သမီးဆောင်ရွက်ချက်က ပဓာနကျသောကြောင့် ယင်းဝတ္ထုတို့ကို အမျိုးသမီးဆိုင်ရာဝတ္ထုတို့တွင် ထည့်သွင်း ရေးသားလိုက်သည်။

ယခုအချိန်တွင် ဘုန်းတော်ကြီးကျောင်းတိုင်း၊ ဓမ္မာရုံတိုင်းလိုလိုမှာ ဥပုသ်စောင့်၊ ဘုရားဝတ်တက်နှင့် တရားပွဲတိုင်း၊ တရားရိပ်သာတိုင်းမှာပင် အမျိုးသမီးပရိသတ်က အများဆုံးဘက်က ပါဝင်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် ရတနာသုံးရပ် ဆည်းကပ် ကိုးကွယ်တတ်သူဖြစ်၍ ဥပါသိကာအမည်ရသော အမျိုးသမီးများ ဤကျမ်းစာကို ကြည့်ရှု မှတ်သားကြ၍ မသင့်ရာကိုရှောင်ရှား သင့်ရာကိုဆောင်ထား၊ သဒ္ဓါတရား တိုးပွားကြကာ အားတက်ကြည်သာ သာသနာရေးရာ အားထုတ်ဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်၍ ဤအမျိုးသမီးဆိုင်ရာ ဓမ္မပဒဝတ္ထုများ ကျမ်းစာကို စီစဉ်ရေးသားလိုက်ပါသည်။

**ဘဒ္ဒန္တ ဝိမလာဘိဝံသ**
ပုခန်းကျောင်းတိုက်
ရွှေဘိုမြို့
(၂၃-၁၁-၂၀၀၀)

# ကာဠယက္ခိနီဝတ္ထု

## ရန်ကိုရန်ချင်း မတုံ့လျှင်းနှင့်

ငါ့သား သားရဲ့အဖေ သေပြီးကတည်းက သားတစ်ယောက်တည်း လယ်ကိုလဲ လုပ်ရတယ်၊ အိမ်အလုပ်တွေကိုလဲ လုပ်ရတယ်၊ ငါ့ကိုလဲ ကျွေးမွေးပြုစုရတယ်။

ငါ့သားအတွက် အမျိုးသမီးတစ်ယောက်ကို ဆောင်ပေးမယ်။

မိခင် ဒီလိုမပြောပါနှင့်။ အသက်ထက်ဆုံး ကျွန်တော် မိခင်ကို ကျွေးမွေးပြုစုပါ့မယ်။

ချစ်သား လယ်ကိစ္စ၊ အိမ်ကိစ္စတွေကို သားတစ်ယောက်တည်း လုပ်နေတယ်။ ဒါ့ကြောင့် ငါ့မှာ စိတ်မချမ်းမသာ ဖြစ်နေတယ်။ အမျိုးသမီးကို ဆောင်ပေးမှာပဲ။

ငါ့အမေဟာ ငါအမျိုးမျိုး ငြင်းပယ်သော်လည်း မိန်းမယူဖို့ကိုပဲ ပြောနေတော့တယ်။ ဘာမျှ မပြောဘဲ နေမှပဲ။

*　　　　*　　　　*

မိခင် ဘယ်အိမ် သွားမလို့လဲ။

မြောက်နားက မိပြည့်တို့အိမ် သွားမလို့။

မိခင် အဲဒီအိမ်တော့ မသွားပါနဲ့။ တောင်အရပ်က ဒေါ်ဌေးအိမ်ကို သွားပါ။

ကောင်းပြီ၊ ကောင်းပြီ။

မဌေးရေ ငါ့သားနဲ့ သင့်သမီးကို လက်ထပ်ပေးဖို့ ပြောလာတာ သဘောတူရဲ့လား။

ဒေါ်အေးကလဲ ပြောနေရသေးသလား။ အရွယ်ရောက်ကုန်ကြပြီပဲ။ လက်ထပ်ဖို့ ရက်ကိုသာ သတ်မှတ်ပါ။

အေး–အေး၊ ကောင်းပြီ၊ကောင်းပြီ။

* * *

ငါ့သား သင့်စိတ်ကြိုက်အမျိုးသမီးကို လက်ထပ်ပေးခဲ့တယ်။ သင့်မိန်းမက အမြုံမပဲ။

သားသမီးမရှိတဲ့ အမျိုးဟာ ပျက်စီးတော့တာပဲ။ သားစဉ်မြေးဆက် ပြတ်တော့တာပဲ။ ဒါကြောင့် ငါ့သားအတွက် ဒို့ပြင် မိန်းမတစ်ယောက်ကို ဆောင်ပေးဦးမယ်။

မိခင် တော်ပါတော့။ ဒီစကားကိုချည်းပဲ ထပ်လဲလဲ ပြောနေတော့တာပဲ။

အင်း–သားအမိနှစ်ယောက် တိုးတိုးတိုးတိုးနဲ့ ခဏခဏ တိုင်ပင်နေကြတယ်။ သားသမီးဆိုတာ မိဘစကားကို မလွန်ဆန်နိုင်ဘူး။

ကလေးမွေးမည့် ဒို့ပြင်မိန်းမကို ယူပြီးလျှင် ငါ့ကို ကျွန်အဖြစ်အသုံးပြုလိမ့်မယ်။ ငါကိုယ်တိုင်ပဲ အမျိုးသမီးတစ်ယောက် ခေါ်ဆောင်ပေးရလျှင် ကောင်းမှာပဲ။

အဒေါ် အဒေါ့်သမီးအနွဲ့နဲ့ ကျွန်မယောကျ်ားကို လက်ထပ်ပေး ရအောင်။

ဟဲ့–ဘာတွေ လာပြောတာလဲ။ နင်ရှိနေလျက်သားနဲ့ လက်ထပ် ပေးဖို့ ဖြစ်နိုင်ပါ့မလား။

အဒေါ် ကျွန်မက အမြုံဖြစ်နေပါတယ်။ သားသမီးမရှိတဲ့အမျိုး ဟာ ပျက်စီးတာပဲ။ အဒေါ်တို့သမီး အနွဲ့ သားဖြစ်ဖြစ်၊ သမီးဖြစ်ဖြစ် ရလာလျှင် ပစ္စည်းရှင်ဖြစ်မှာပဲ။ ကျွန်မရဲ့ ယောကျ်ားအတွက် အဒေါ့် သမီးကို ပေးကြပါ။

*　　　*　　　*

မောင် ကျွန်မ အမျိုးသမီးတစ်ယောက် ရှာထားတယ်။ သူကတော့ ကလေးဖွားမြင်ပါလိမ့်မယ်။ မောင့်ဆီကို တရားဝင်ခေါ်ခဲ့မယ်။ သဘော တူတယ် မဟုတ်လား။

မင့် သဘောပါပဲ။

အင်း–ဒီအမျိုးသမီး သားဖြစ်ဖြစ်၊ သမီးဖြစ်ဖြစ် ရခဲ့လျှင် ပစ္စည်းရှင် ဖြစ်သွားလိမ့်မယ်။ သားသမီးမရအောင် လုပ်မှတော်မယ်။

*　　　*　　　*

ညီမ သင့်မှာ ကိုယ်ဝန်ဆောင်ခဲ့လျှင် ငါ့ကို ပြောပါ။

အစ်မ ကောင်းပါပြီ။

*　　　*　　　*

အစ်မ ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီ။

ဒီကောင်မ ကိုယ်ဝန်ပျက်ကျအောင် ယာဂုထဲ (ဆန်ပြုတ်ထဲ) ကိုယ်ဝန်ကျဆေး ထည့်ပေးမှပဲ။

ညီမရေ ဒီကနေ့ ညည်းအတွက် ဆန်ပြုတ်ကောင်းကောင်း ကျိုပြီး ထည့်လာတယ်။ သောက်ပေတော့။

ကောင်းပါပြီ အစ်မ။

ဟောတော် ငါ့ကိုယ်ဝန် ပျက်ကျပါကလား။

* * *

အန္ဓဲ့ရေ ညည်းရဲ့လင်တူ ရန်သူမိန်းမက ညည်းအား အန္တရာယ် မပြုဘူးလား။

ကျွန်မတော့ သတိမထားမိဘူး။ အန္တရာယ် ပြုမည့်မထင်ပါဘူး။ ဒါပေမယ့် ကျွန်မမှာ ကိုယ်ဝန်ပျက်ကျတာတော့ နှစ်ခါရှိပြီ။ သူပေးတဲ့ ဆန်ပြုတ်ကောင်းကောင်းကိုတော့ သောက်မိတယ်။

ဟဲ့-အမိုက်အကန်းမ၊ ဘာကြောင့် ဒီလိုလုပ်ရဟာလဲ။ ဒီမိန်းမ ဟာ ညည်းအုပ်စိုးသွားမှာကြောက်လို့ ဆန်ပြုတ်ထဲ ကိုယ်ဝန်ကျဆေး ထည့်ပေးတာ။ ဒါကြောင့် ညည်းရဲ့ကိုယ်ဝန် ပျက်ကျတာ။ နောက်ထပ် ဒီလိုမလုပ်နဲ့။

ကောင်းပါပြီ။

ဟို-အကောင်မ ဝမ်းဗိုက်ကြည့်ရတာ ကိုယ်ဝန်တည်ပြန်ပြီ။ ညီမ ဘာ့ကြောင့် ကိုယ်ဝန်တည်တာကို ငါ့မပြောသလဲ။

အစ်မကြီး ရှင်ဟာ ကျွန်မကို ဒီအိမ်ခေါ်ဆောင်လာပြီး လှည့် စားလို့ ကျွန်မမှာ နှစ်ကြိမ်တိုင်တိုင် ကိုယ်ဝန်ပျက်ကျခဲ့ရပြီ။ ဘာ အကျိုးရှိလို့ ပြောနေရမှာလဲ။

* * *

ငါတော့ ပျက်စီးတော့မှာပဲ၊ ဒီကောင်မ အမေ့စောင့်ပြီး ကိုယ်ဝန် ကျဆေး ပေးဦးမှပဲ။ အင်း--သူ့ကိုယ်ဝန်က တော်တော်တောင် ရင့် နေပြီ။ ကျကောင်းပါသေးရဲ့။

ညီမရေ ဟောဒီမှာ ဆန်ပြုတ်။

ကောင်းပါပြီ အစ်မ။

အမယ်လေး၊ ခံရခက်လှချည်လား။ ငါ့ဝမ်းတွင်းက ကလေး မထွက်နိုင်ဘဲ ကန့်လန့်ဖြစ်နေပါလား။ ငါတော့ သေရတော့မှာပဲ။ ငါ့ကို ဖျက်ဆီးတာ သူပဲ။ သူပဲ။ ငါ့ကို ဒီအိမ်ခေါ်လာပြီး သုံးကြိမ်တိုင်တိုင် သူငယ်တို့ကို ဖျက်ဆီးတယ်။ ယခု ငါလည်း သေရတော့မယ်။ ယခု ငါဒီဘဝမှာ သေခဲ့သော် ဘီလူးမဖြစ်ပြီး သူ့ရဲ့ကလေးတွေကို စားနိုင်သူဖြစ်ရပါလို၏။

*　　　*　　　*

ဟော့ကောင်မကြီး လာစမ်း။ ငါက နင့်လင်၊ နင်ငါ့အမျိုးပြတ်အောင် လုပ်တယ်။ လက်သီးနဲ့ ထိုးတယ်။ ဒူးနဲ့ ရင်ဝတိုက်တယ်။ ကဲ–သေပေရော့။

*　　　*　　　*

ဩော်–ငါကတော့ ဒီအိမ်မှာပဲ ကြောင်မဖြစ်လာရပြီ။ ငါ့ကို ဖျက်ဆီးတဲ့ ဟိုကောင်မ ဘာများ ဖြစ်နေပါလိမ့်။ ဟော–ဟော၊ ငါ့ကို ဖျက်ဆီးတဲ့ သူလဲ ဒီအိမ်မှာပဲ ကြက်မဖြစ်နေပါလား။ ကလဲ့စားချေရတော့မယ်။

ဟိုဘဝက နင်ဟာ ငါ့ရဲ့ သားသန္တေကို ပျက်စီးစေခဲ့တယ်။ ယခု နင့်ဥတွေကို ငါစားတယ်။

*　　　*　　　*

အင်း–ဒီကြောင်မဟာ ငါ့ဥထားတဲ့ ဥတွေကို လာလာ စားတာ သုံးကြိမ်ရှိသွားပြီ။ ယခု ငါ့ကိုလည်း စားလိုပုံရတယ်။ ဒီဘဝမှာ

ငါသေခဲ့သော် ဒီကြောင်မကို ငါစားရလို၏။ သူ့သားကိုလည်း စားရလို၏။

*　　　　*　　　　*

ဩော်–ငါယခု ဒီတောထဲမှာ သစ်(သတ္တဝါ)မ ဖြစ်လာပြီ။ ဟို ဘဝက ငါ့ဥတွေကိုစားတဲ့ ကြောင်မ ဘယ်မှာ ဘာဖြစ်နေပါလိမ့်။

ဩော်–သူလဲ ဒီတောထဲမှာပဲ သမင်မဖြစ်လာပါကလား။ လက်စား ချေရတော့မယ်။

ဟို–သစ်မဟာ သုံးကြိမ်တိုင်တိုင် ငါ့သားတွေကို စားပြီးပြီ။ ယခုလဲ ငါ့ကို စားလိမ့်မယ်။

ငါယခုဘဝမှ သေခဲ့သော် ထိုသစ်မကို သူ့သားနှင့်အတူ စားနိုင် ရပါလို၏။

*　　　　*　　　　*

ကျွန်မ သူငယ်ချင်းမ ဘယ်မှာနေပါသလဲ။

အိမ်ခန်းအတွင်းမှာ ကလေးမျက်နှာမြင်နေတယ်။

ဩော်–ဟုတ်လား။ သားကလေးလား၊ သမီးကလေးလား။ အိမ်ခန်းထဲ ဝင်ကြည့်ရဦးမယ်။

*　　　　*　　　　*

မောင်ရေ လာပါဦး။ ကျွန်မတို့ ဒီရပ်ရွာမှာ နေလို့မတော်တော့ဘူး။

ဘာပြုလို့လဲ ရှင်မ။

မောင်မသိဘူးလား။ ဘီလူးမဟာစ်ကောင်ဟာ လူမိန်းမယောင် ဆောင်ပြီး အိမ်ခန်းထဲမှာ ကလေးမျက်နှာမြင်ပြီးတဲ့ ကျွန်မရဲ့ ကလေး ကို ဝင်ပြီး စားသွားတာ နှစ်ခါရှိပြီ။

ယခု ကျွန်မ ကိုယ်ဝန်ရှိလာတာ ငါးလလောက်ရှိပြီ။ မြို့တွင်းက မေမေ၊ ဖေဖေတို့အိမ် သွားနေပြီး ကလေးမျက်နှာမြင်ရအောင်။

အေး-အေး၊ ကောင်းပါတယ် ရှင်မ။

ဩော်-ငါယခု ဝေဿဝဏ်နတ်မင်းကြီးအတွက် အနောတတ် ရေအိုင်မှ ရေကို ဘီလူးမတွေနဲ့အတူ အိုးနှင့်ရွက်ပြီး ဦးခေါင်းတစ်ခု ထက်မှ ဦးခေါင်းတစ်ခုထက် ပြောင်းပြောင်းပြီး ယူဆောင်ပေးနေရတာ ငါးလတောင် ကြာလာပြီ။ တချို့ ဘီလူးမတွေ ပင်ပန်းအားကြီး ပြီး သေကြတယ်။

ယခု ငါ့အလှည့် ပြီးသွားပြီ။ ဟို-အကောင်မဆီ အမြန်သွားမှပဲ။

ကျွန်မရဲ့ သူငယ်ချင်းမ ဘယ်မှာလဲ။ သူ့ကို ဘယ်မှာ တွေ့နိုင်သလဲ။

ညည်းရဲ့ သူငယ်ချင်းမ ဒီအိမ်မှာနေတုန်းက ကလေးမျက်နှာ မြင်ပြီးတိုင်း မြင်ပြီးတိုင်း ဘီလူးမတစ်ကောင် လူယောင်ဆောင်လာပြီး စားစားသွားတယ်လို့ ဆိုတယ်။ ယခု သူ့ရဲ့ မိဘများအိမ် ပြန်သွားကြတယ်။

အင်း-ဒီကောင်မ ဘယ်သွားသွား၊ ငါ့လက်တွင်းက မလွတ်နိုင်ပါဘူး။

* * *

မောင်ရေ ကျွန်မတို့ မိဘအိမ်လာပြီး ချမ်းချမ်းသာသာနဲ့ ကလေးမျက်နှာမြင်လို့ နာမည်မှည့်ပြီးကြပြီ။ ယခု ကျွန်မတို့နေရာ သာဝတ္ထိမြို့တံခါးအနီး ဒွါရဂါမရွာက အိမ်ကို ပြန်ကြပါစို့။

အေး-အေး၊ ကောင်းပါတယ်။

မောင်ရေ ဇေတဝန်ကျောင်းတွင်း အလယ်လမ်းက လာခဲ့ကြတာ ကျောင်းအနီးက ရေကန်အနီးရောက်လာကြပြီ။ သားကလေးကို ခဏ ပွေ့ချီထားပါဦး။ ကျွန်မ ရေကန်တွင်းဆင်းပြီး ရေချိုးဦးမယ်။

* * *

မောင်ရေ ကျွန်မတော့ ရေချိုးပြီးပြီ။ သားကလေးကို ကျွန်မ ပေးထား။ မောင်လည်း ရေချိုးလိုက်ဦး။

သားသား၊ မေမေ နို့တိုက်မယ်။ ကဲ-ကဲ၊ စို့စို့။

ဟော-ဘီလူးမလာနေပြီ၊ မောင်ရေ မြန်မြန်ပြေးတက်ခဲ့ပါ။ ဟောဟို က လာနေတဲ့ မိန်းမဟာ ဘီလူးမပဲ။

မောင်ရေ မောင်ရောက်လာအောင် မစောင့်နိုင်တော့ဘူး။ ကျွန်မ အမြန် ပြန်သွားတော့မယ်။

ကယ်ကြပါတော်။

* * *

မြတ်စွာဘုရား တပည့်တော်မရဲ့ သားကလေးကို အရှင်ဘုရား တို့အား လှူဒါန်းပါ၏ဘုရား။ တပည့်တော်မရဲ့ သားကလေးကို အရှင် ဘုရားတို့ရဲ့ ခြေဖမိုးပေါ်မှာ သိပ်ထားပါတယ် ဘုရား။

ဟဲ့-ဟဲ့ ဘီလူးမ၊ ဒီကျောင်းဝင်းတံခါးမုခ်မှာ စောင့်နေတဲ့ သုမန နတ်ဆိုတာ ငါပဲ။ ကျောင်းဝိုင်းအတွင်း ဝင်ခွင့်မပေးဘူး။ နောက်ဆုတ်။

အာနန္ဒာ ငါဘုရားရဲ့ အမိန့်နဲ့ ကျောင်းဝိုင်းအတွင်း ဝင်ခွင့်မရတဲ့ ဘီလူးမကို သွားခေါ်ပါ။

မြတ်စွာဘုရား၊ ဟိုတုန်းက တပည့်တော်မရဲ့ သားတွေကို စားတဲ့ ဘီလူးမ လာနေပါတယ်ဘုရား။

ချစ်သမီး လာပါစေ၊ စကားမပြောပါနဲ့။

အို–ဘီလူးမ၊ ဘာကြောင့် သင်ဒီလိုပြုရသနည်း။ သင်တို့သည် ငါသို့သော ဗုဒ္ဓ၏ ရှေ့မှောက်သို့ ရောက်မလာခဲ့ကြသော် မြွေနှင့် မြွေပါတို့ကဲ့သို့လည်းကောင်း၊ ဝံသတ္တဝါနှင့် ကြို့ပင်စောင့်နတ်တို့ ကဲ့သို့လည်းကောင်း၊ ကျီးငှက်နှင့် ခင်ပုတ်ငှက်တို့ကဲ့သို့လည်းကောင်း ကမ္ဘာတည်နေသမျှ ရန်သူဖြစ်ရာပြီ။ ဘာကြောင့် ရန်ကို ရန်တုံ့မူကြသနည်း။ ရန်တုံ့မမူခြင်းဖြင့်သာ ရန်ငြိမ်းသည်။ ရန်တုံ့မူခြင်းဖြင့် ရန်မငြိမ်းနိုင်။

တံတွေး၊ နှပ်ချေး စသော မစင်ကြယ်သည့် အရာဝတ္ထုတို့ဖြင့် ကပ်ငြိညစ်ပေနေသော နေရာကို ထိုတံတွေး၊ နှပ်ချေး စသော မစင်ကြယ်သည့် အရာဝတ္ထုတို့ဖြင့် ဆေးကြောသုတ်သင်သော်လည်း မကောင်းနံ့ပျောက်၍ စင်ကြယ်အောင် မပြုနိုင်။ အမှန်စင်စစ် ထိုနေရာသည် ပို၍သာ မစင်ကြယ်သည့်ပြင် မကောင်းအနံ့လည်း ပို၍ ထွက်လာမည်။ ထိုနည်းအတူ ဆဲရေးသူကို ပြန်ဆဲသူသည်၊ ရိုက်ပုတ်သူကို ပြန်ရိုက်သူသည် ရန်တစ်ခုဖြင့် ရန်တစ်ခုကို မငြိမ်းစေနိုင်။ စင်စစ် တိုး၍သာ ရန်ပွားးတော့သည်။ ထို့ကြောင့် ရန်တို့မည်သည် ရန်တုံ့မူခြင်းဖြင့် မည်သည့်အခါမျှ မငြိမ်းနိုင်ကုန်။ ရန်တို့သာ တိုးပွားလေကုန်၏။ တံတွေး၊ နှပ်ချေး အစရှိသော မစင်ကြယ်သော အရာဝတ္ထုတို့သည် စင်ကြယ်သောရေကြည်ဖြင့် ဆေးကြောခဲ့သော် ပျောက်ကွယ်ကုန်၏။ ညစ်ပေနေသော ထိုနေရာသည် စင်ကြယ်၍ အနံ့ကောင်းရှိသကဲ့သို့ ရန်တုံ့မမူ ကြည်ဖြူသော ခန္တီမေတ္တာရေဖြင့် သင့်လျော်စွာ နှလုံးသွင်းခြင်း၊ ဆင်ခြင်ခြင်းဖြင့် ရန်တို့သည် ငြိမ်းကုန်၏။ ကွယ်ပျောက်ကုန်၏။ ရန်တုံ့မမူခြင်းဖြင့် ရန်ငြိမ်း၏ဟု ဆိုအပ်သော ရှေးဟောင်းတရားသည် ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာအားလုံး

တို့၏ ကျင့်သုံးခြင်းဖြင့် သွားရာကောင်းကောင်း လမ်းကြောင်းဖြစ်ပေသည်။

*   *   *

ချစ်သမီး သင့်သားကို သင်ကြောက်သည့် ဒီမိန်းမအား ပေးလိုက်။

မြတ်စွာဘုရား ကြောက်လှပါသည်ဘုရား။

ချစ်သမီး၊ မကြောက်လင့်။ ဒီမိန်းမကြောင့် သင့်မှာ ဘေးရန်မရှိ။

မြတ်စွာဘုရားရဲ့ အမိန့်တော်ကြောင့် ကျွန်မရဲ့ သားကလေးကို ပေးပါတယ်။ ယူပါ၊ ယူပါ။

ယူပါတယ်။ ယူပါတယ်။

မြတ်စွာဘုရား၊ တပည့်တော်မသည် မြတ်စွာဘုရား၏ ရန်တုံ့မူနေခြင်းဖြင့် ရန်မငြိမ်းအေးဘဲ ရန်သာ တိုးပွားသည်။ ရန်တုံ့မမူမှ ရန်ပြေငြိမ်းသည်။ ရန်တုံ့မမူခြင်းဖြင့် ရန်ပြေငြိမ်းအောင် ပြုခြင်းသဘောသည် ဘုရားစသား အရိယာ ရဟန္တာအရှင်များ လေးစားကျင့်သုံးတရားထုံးတစ်ခုဖြစ်သည်ဟူသော ရှင်တော်မြတ်ဘုရား၏ တရားတော်ကို ကြားနာနေရင်း တပည့်တော်မ စိတ်အတွင်းသား ရှင်တော်မြတ်ဘုရားအား ကြည်ညိုလေးစား သဒ္ဓါစေတ်တရား တိုးတက်ပွားကာ ထင်ရှားဖြစ်ချုပ် နာမ်ရုပ်တရားတို့၏ အမှန်ဟုတ်ထား သုံးပါး အနိစ္စ ဒုက္ခအနတ္တာ။

ထပ်ခါထင်ရှား အမြင်ဉာဏ်တရားကြောင့် မထင်စဖန် သံသရာ နယ်ဘက် အပါယ်ဘက်ချမည့် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ ကင်းစင်ကွာမြောက် သောတာပန်အရိယာအဖြစ်ရောက်ရပြီ စင်စစ်ယခင် ဘီလူးမညစ် လူသားစားအဖြစ်မှ ထူးခြားစွာ တစ်ဖြစ်လဲခဲ့ပါသဖြင့် တစ်ချစ်ထဲ ချစ်ရသည့် သားအရင်းပမာ ယခုပေးလာသည့်

သားသူငယ်ကို အများ လူအလယ် တကယ် နမ်းရှုပ်ပွေ့ပိုက်ပြီး
မိခင်ရင်းလက်တွင်း အပ်နှင်းလိုက်ပါပြီဘုရား။

မြတ်စွာဘုရား မကောင်းလှသည့် တပည့်တော်မဇာတ်ကြောင်း ထပ်လောင်းကာ ဖြစ်ရမည့်အရေး မြော်တွေးပြီး အလိုလေးတလျက် ငိုကြွေးမိပါသည်ဘုရား။

ဘာကြောင့် ငိုရသလဲ။ ငါဘုရားအား အမှန်ကို လျှောက်ထားစမ်း။

မြတ်စွာဘုရား တပည့်တော်မသည် အမျိုးမျိုးအဖုံဖုံ နည်းမျိုးစုံဖြင့် စားရဖို့အရေး ရှာဖွေ အသက်မွေးခဲ့ပါသော်လည်း မပျက်သေးတဲ့ အကုသိုလ် သရမ်းဖေ့တာကြောင့် ဝမ်းပြည့်အောင် မရခဲ့ပါဘုရား။ ယခု ရှေ့အသက်မွေးဖို့အရေး ဘယ်ပုံတွေးရပါမည်နည်းဘုရား။

ဘီလူးမယ် ချစ်သမီး၊ ညှိုးညှိုးမှိန်မှိန် မစိုးရိမ်လင့်။

မှန်ပါဘုရား။

ဟောဒီက လူသားချစ်သမီး၊ သင်၏အဆွေ ဒီဘီလူးမကို ခေါ်သွား၊ သင့်အိမ်မှာနေစေပြီး သူ့အား ဦးဦးဖျားဖျား မွန်မြတ်သော ယာဂု (ဆန်ပြုတ်) ထမင်းတို့ကိုပေး၍ ကျွေးမွေးစောင့်ရှောက်လိုက်။

မှန်ပါဘုရား။

ကဲ-ကဲ၊ လာ-လာ သွားကြစို့။

ဟောဒီ ကျွန်မတို့ အိမ်ခေါင်မိုး ခေါင်လျှောက်မှာနေပါ၊ ကျွန်မ သင့်အား မွန်မြတ်သော ယာဂုထမင်းတို့ကို ပေးပါမည်။

* * *

လူမိတ်ဆွေမ လာပါဦး၊ သင်က အိမ်ခေါင်မိုးမှာ နေရာပေးထားသော်လည်း ငါနေလို့ မဖြစ်ဘူး၊ စပါးချွေတဲ့ ကျည်ပွေ့နဲ့ ရိုက်သလို ငါ့ဦးခေါင်း အနေရခက်တယ်၊ ဒါ့ပြင် တစ်နေရာ ရွှေ့ပေးပါဦး။

ကောင်းပါပြီ၊ ဟောဒီ စပါးထောင်းတဲ့ မောင်းထဲမှာ နေပါ။

အင်း–ဒီနေရာမှာနေပြန်တော့ ငါ့ဦးခေါင်းကို မောင်းကျောက်နဲ့ ထောင်ခွဲသလို ဖြစ်နေတယ်၊ နေရာရွှေ့ပေးပါဦး။

ဒီလိုဖြစ်နေလျှင် ဟောဒီ ရေအိုးကြီးအနီးမှာ နေပေတော့။

ဒီနေရာမှာ နေရပြန်တော့ ကလေးတွေက လုပ်ဆေးရေ ခွက် ဆေးရေကို သွန်ချကြတယ်၊ ဒါ့အပြင် တစ်နေရာကို ရွှေ့ပေးပါဦး။

ဒီလိုဆိုလျှင် ခုံလှောက် ဖိုခနောက်ကြားမှာ နေပါ။

ဒီနေရာမှာလည်း နေလို့မဖြစ်ဘူး၊ ခွေးတွေ လာအိပ်ကြတယ်။

ဒါဖြင့်လျှင် ဒီတံစက်ကြောင်းအောက်မှာနေပါ။

ဒီနေရာမှာ ကလေးတွေက မစင်ကြယ်တဲ့ အညစ်အကြေးကို စွန့်ကြတယ်၊ မစင်မကြယ် ပြုကြတယ်။

ဒါဖြင့်လျှင် တံမြက်ချေးစွန့်ရာ ဒီအမှိုက်ပုံမှာ နေပါ။

ဒီနေရာမှာလည်း နေလို့မဖြစ်ပြန်ဘူး၊ အမှိုက်တွေကို စွန့်ပစ်ကြ တယ်။

ဒါဖြင့်လျှင် ဒီရွာ တံခါးပေါက်မှာ နေပါ။

ဒီနေရာမှာလည်း နေလို့မဖြစ်ဘူး၊ ရွာသူကလေးတွေက ကြေးသား ရိုက် ကစားကြတယ်။

ကောင်းပြီ၊ ရွာပြင်ဘက် ဆိတ်ငြိမ်တဲ့ ဒီနေရာမှာ နေပေတော့၊ သင့်အား အဦးအဖျားဆန်ပြုတ်ထမင်း စားဖွယ်တို့ကို လာရောက် ပေးကျွေးပြုစုပါမည်။

ဩော်–ငါရဲ့ လူမိတ်ဆွေမ ငါ့အပေါ်မှာ ကျေးဇူးတွေ များလှ တယ်၊ ငါက ပြန်ပြီး ကျေးဇူးတုံ့ပြန်ဦးမှပဲ။

ဟေး–လူမိတ်ဆွေမ၊ ဒီနှစ် မိုးအားကြီးလိမ့်မယ်၊ ကုန်းပိုင်းကျတဲ့ နေရာမှာ လယ်လုပ်၊ စပါးစိုက်ပါ။

ဟေး–လူမိတ်ဆွေမ၊ ဒီနှစ် မိုးနည်းပါးလိမ့်မယ်၊ ချိုင့်ဝှမ်းတဲ့ နေရာမှာ လယ်လုပ် စပါးစိုက်ပါ။

ခက်ကုန်ပြီ၊ ငါတို့ လယ်လုပ်ရတာက ရေနစ်လို့ စပါးတွေ ပျက်စီးရတယ်၊ မိုးခေါင်လို့လဲ လယ်မစိုက်ရဘူး။

ဟို–မောင်ဘနဲ့ မိသန်းတို့ကတော့ မိုးအားကြီးတဲ့ နှစ်မှာလည်း စပါး ရကြတယ်၊ မိုးခေါင်မိုးပါးတဲ့ နှစ်မှာလည်း စပါးရကြတယ်၊ သူတို့ကို မေးကြည့်ကြဦးစို့။

ဟော့–မောင်ဘတို့၊ မိသန်းတို့ မင်းတို့လုပ်တဲ့လယ် စပါးက မိုး အားကြီးလို့လည်း မပျက်စီးဘူး၊ မိုးခေါင် ရေနည်းလို့လည်း မပျက်စီး ဘူး၊ မင်းတို့ မိုးကောင်းမှာ မိုးခေါင်မှာကို သိပြီး လုပ်ကြတာလား၊ ဘယ့်နှယ်တုံး၊ ပြောကြပါဦး။

ငါတို့ရဲ့မိတ်ဆွေ ဘီလူးမက မိုးအားကြီးမှာ၊ မိုးခေါင်မှာကို ကြိုတင် ပြောထားတယ်၊ သူ့စကားကြောင့် ကုန်းကျတဲ့နေရာ၊ ချိုင့်ဝှမ်းတဲ့ နေရာတွေမှာ စပါးတွေ စိုက်ရတယ်၊ ဒါကြောင့် တို့မှာ နှစ်စဉ် နှစ်တိုင်း စပါးတွေ ရနေတာ၊ သင်တို့ မတွေ့မမြင်ကြဘူးလား၊ အမြဲတမ်း ငါတို့အိမ်က ဆန်ပြုတ်ထမင်း စားဖွယ်တွေကို ပို့နေရ တာလေ။

အဲဒီ ဆန်ပြုတ်ထမင်း စားဖွယ်တွေကို အဲဒီ ငါတို့ရဲ့ မိတ်ဆွေ ဘီလူးမထံ ပို့နေကြရတယ်၊ သင်တို့လည်း အဦးအဖျား ဆန်ပြုတ် ထမင်း စားဖွယ်တို့ကို အဲဒီဘီလူးမ မိတ်ဆွေထံ ပို့ကြပါ၊ သင်တို့ရဲ့ လုပ်ငန်းတွေကိုလည်း ကြည့်ရှုစောင်မပါလိမ့်မယ်။

ဩော်–ငါ့ကို ယုံကြည်အားကိုးကြလို့ မြို့သူမြို့သား ရွာသူရွာသား အားလုံး ငါ့အား ရိုသေမှု၊ ပူဇော်မှုတွေကို ပြုကြပေတယ်၊ ဒါကြောင့် ငါမှာ မွန်မြတ်တဲ့ ပစ္စည်းတွေ၊ အခြံအရံတွေ ပေါ်များနေတာပဲ။

နောင်နှစ်ပေါင်းရှည်ကြာ ငါ့အား ရိုသေကြစေရန်၊ ပူဇော်ကြစေရန် ငါ့မှာ လယ်သမားအားလုံးတို့၏ လယ်လုပ်ငန်းအားလုံးကို ကြည့်ရှုစောင်မဖို့ တာဝန်ရှိနေပါတကား။

**န ဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ။**
**အဝေရေန စ သမ္မန္တိ၊ ဧသ ဓမ္မော သနန္တနော။**

ဣဓ–အဆိုးအကောင်း သောင်းပြောင်းအစုံ ဤလူ့ဘုံ၌၊ ဝေရေန–ဆဲရေးသူကို တစ်ဖန်ပြန်၍ ဆဲရေးခြင်း၊ ညှဉ်းဆဲပုတ်ခတ်သူကို တစ်ဖန်ပြန်၍ ညှဉ်းဆဲပုတ်ခတ်ခြင်းဖြင့်၊ ဝေရာနိ–ဆဲရေးပုတ်ခတ် အစတပ်ကာ အရပ်ရပ်အဖြာဖြာ ရန်များစွာတို့သည်၊ ကုဒါစနံ–ခုရောနောက်ပါ ဘယ်အချိန်အခါမျှ၊ နဟိသမ္မန္တိ–ထပ်ဆင့်တွေ့ကြုံ မငြိမ်းနိုင်ကြလေကုန်၊ စ–ရန်ငြိမ်းကြောင်းကို အမှန်ဆိုသော်၊ အဝေရေန–ရန်ပြုသူအား သနားစိတ်သန် သည်းခံတစ်ဖြာ မေတ္တာရေချမ်း ဆွတ်ကာဖျန်းခြင်း အေးချမ်းနိုင်ကြောင်း နည်းလမ်းကောင်းကို စိတ်ကောင်းထင်ထင် ဆင်ခြင်ခြင်းဖြင့်သာ၊ ဝေရာနိ–ဆဲရေးပုတ်ခတ် အစတပ်ကာ အရပ်ရပ်အဖြာဖြာ ရန်များစွာတို့သည်။ သမ္မန္တိ–တံတွေးညစ်ကြေး ရေဖြင့်ဆေးသို့ အရေးတဖြာ မပေါ်လာဘဲ သေချာပေါက်ကိန်း ပျောက်ငြိမ်းကြလေကုန်၏၊ ဧသ ဧသော ဓမ္မော–ရန်တုန့်မပေးမှ ရန်ငြိမ်းအေးသည်ဟူသော ဤသဘောသည်။ သနန္တနော–ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာအပေါင်း အရှင်ကောင်းတို့ လမ်းကြောင်းခေါ်ငြား ရှေးဟောင်းတရားအစစ်ဖြစ်ပါပေသတည်း။

ကာဠယက္ခိနီဝတ္ထုပြီး၏။

# သူမနာခဒေဝိဝတ္ထု

## သောတာပန်တို့လဲ

"မိအေးရေ"

"မမရှင်လား၊ လာပါ"

"မနေ့က ဟိုဘက်ခြံက မညွန့်တို့အိမ်မှာ ဗုဒ္ဓပမုခသံဃဒါန ဆွမ်းကပ်လှူပွဲပြီးတဲ့နောက် ကြွက်စီကြွက်စီပြောသံတွေ ကြားရတယ်၊ ဘာတဲ့တုံးအေ့"

"ဒီလိုပါ မမရှင်၊ မညွန့်က သဒ္ဓါတရားတွေတော့ရှိပါရဲ့၊ ဘာသာရေးကိစ္စကို ထူးထူးထွေထွေ နားမလည်ဘူး၊ ဆွမ်းကပ်လှူရင် ကုသိုလ်ရတယ်ဆိုတာလောက်ပဲ သိတယ်၊ သူ့အိမ်သား ကိုချစ်ကလဲ စီးပွားရှာတာပဲဖြစ်တယ်၊ ကုသိုလ်ရေးကျတော့ ဘာမှ စိစဉ်တတ်တာ မဟုတ်ဘူး၊ မညွန့်က တိုင်ပင်ရင် 'အေးပါကွာ၊ မညွန့် မင်းသာကြည့်လုပ်ပါ' ဒါလောက်ပဲပြောတတ်တာ။ မနေ့က ဆွမ်းကျွေးပွဲမှာ ဒကာ (ယောကျ်ား)တွေဘက်က အနာထပိဏ်သူဌေးကြီးနဲ့ ဒကာမ (မိန်းမ) တွေဘက်က ဝိသာခါ ကျောင်းအမကြီးတို့ မပါဘူးတော့်"

၂၇၃၃၈

"သူတို့မပါတာနဲ့ ဘာဆိုင်လို့လဲ"

"ဩော်–မမရှင်ကလဲ ဆွမ်းကျွေးပွဲသာ မဟုတ်ဘူး၊ ဘာပွဲဖြစ်ဖြစ် ကုသိုလ်ရေးပွဲတွေမှာ အနာထပိဏ်သူဌေးကြီးနဲ့ ဝိသာခါကျောင်းအမကြီးတို့ မပါဘူး၊ မလာဘူးဆိုရင် သိပ်အလေးမထားကြဘူး၊ တစ်သိန်းကုန်ပွဲဖြစ်ဖြစ် မပြည့်စုံဘူးတဲ့၊ ပြည့်စုံတဲ့ပွဲ မဟုတ်ဘူးတဲ့၊ ဘာအလှူတဲ့လဲလို့ ကဲ့ရဲ့ကြသတဲ့တော်၊ ဒါကြောင့် အလှူပွဲတစ်ခုခု လုပ်မယ်ကြံရွယ်ရင် သူတို့ကို ကြိုတင် ရက်တောင်းရတယ်၊ သူတို့ လာနိုင်မယ့်ရက်မှာမှ အလှူလုပ်ကြရသတဲ့"

"မိအေး ငါတော့ နားမလည်တတ်ဘူး"

"ဒီလိုပါ မမရှင်၊ အနာထပိဏ်သူဌေးကြီးနဲ့ ဝိသာခါကျောင်းအမကြီးတို့က သံဃာတော်များ ဘာကို နှစ်သက်တယ်ဆိုတာကိုလဲ နားလည်ကြတယ်၊ သံဃာတော်များနဲ့ အပ်အပ်စပ်စပ်ဖြစ်အောင်၊ နေရာတကျဖြစ်အောင်လဲ စီစဉ်ဆောင်ရွက်ပေးတတ်ကြတယ်၊ ဒီတော့ ရဟန်းသံဃာတော်များက စိတ်သဘောကျ ဘုဉ်းပေးတော်မူကြတယ်။ ဆွမ်းဟင်းကလည်း အစပ်မတဲ့၊ လက်သုတ်ပဝါ၊ စားပွဲခင်း၊ ဇွန်း၊ ပန်းကန်တွေကလဲ သပ်သပ်ရပ်ရပ် မဟုတ်၊ ထွေးခံကိုတောင် သင့်တော်တဲ့နေရာမှာ မထားတတ်၊ တချို့ကိုယ်တော်များက သူတို့မကြိုက်တဲ့ အသားဟင်းမျိုးရှိသတဲ့၊ အလိုက်သိလျှောက်မထားတော့ ရဟန်းသံဃာဆိုတာ မမေးတော့ဘူး၊ ကိုယ်မနှစ်သက်တဲ့ ဟင်းလို့ထင်ရင် ဘုဉ်းမပေးတော့ဘူး၊ တချို့ ဝေယျာဝစ္စလုပ်တဲ့သူက လောကွတ်ကောင်းလွန်းတယ်ဆိုရမလား၊ ကိုယ်တော်တွေ အနားကပ်ပြီး ဆွမ်းထည့်အုပ်၊ ဆွမ်းထည့်ဇလုံ တမြှောက်မြှောက် ဆွမ်းအပြည့်နဲ့ ဇွန်းတကိုင်ကိုင် ဆွမ်းပန်းကန်ပြားထဲ ဆွမ်းလိုက်ထည့်ဖို့ ဟန်တပြင်ပြင် လုပ်နေတယ်၊ တချို့ကိုယ်တော်ကျတော့ နှုတ်ကနေဦးလို့လဲ ပြောတတ်ကြတယ်၊ ဒါမှမဟုတ် လက်နဲ့ ကာတယ်၊ တချို့ကိုယ်တော်ကျတော့

လက်နဲ့ ပြန်တွန်းတတ်ကြတယ်၊ ဒါက ဆွမ်းလိုက်မှာကို တားမြစ်လိုက်တာပဲ''

''အနို့–မိအေးရယ်၊ ကိုယ်တော်တွေက မလိုတော့လို့မလိုသေးလို့ တားတာပဲ ဘာဖြစ်လို့လဲ ငါ့ညီမရဲ့''

''ဩော်–မမရှင်ကလဲ၊ အဲတာ မအပ်ဘူးတဲ့တော်၊ ပဝါရိတ်သင့်သတဲ့၊ အလိုရှိတာ အမိန့်ရှိပါဘုရားလို့ ကြိုတင်လျှောက်ထားပြီး အလိုရှိတာကို အမိန့်ရှိမှ ထည့်ပေးရတယ်၊ ဟင်းကို လိုက်ရတယ်တဲ့''

''အလို၊ မြတ်စွာဘုရား၊ ဘယ့်နှယ်ကြောင့်တဲ့လဲ၊ ငါ့ညီမ နားလည်အောင် ပြောပြစမ်းပါဦး၊ ညည်းပြောတဲ့အထဲမှာ ပဝါရိတ်သင့်ဆိုတာ ကလဲပါသေး၊ ကြီးကျယ်လှပါလား''

''ဒီမှာ မမရှင်၊ ကျွန်မ ရွတ်ပြမယ်''

''အင်း–အင်း၊ ရွတ်ပြ၊ ရွတ်ပြ''

''စားဆဲဘောဇဉ်၊ နီးတွင်ရပ်ခြင်း၊ ဆောင်လျှင်းပစ်ပယ်၊ အင်ငါးသွယ်၊ သင့်ဖွယ် ပဝါရိတ်တဲ့''

''အင်း–ရှင်းပြစမ်းပါဦး''

၁။ 'စားဆဲ'ဆိုတာက ဆွမ်းဘုဉ်းပေးနေဆဲဖြစ်ခြင်း၊

၂။ 'ဘောဇဉ်'ဆိုတာက ဘောဇဉ်ငါးမျိုးထဲက တစ်မျိုးမျိုးဖြစ်ခြင်း၊

၃။ 'နီးတွင်ရပ်ခြင်း'ဆိုတာက ဆွမ်းဘုဉ်းပေးနေတဲ့ ကိုယ်တော်ရဲ့၊ ကိုယ်တော်များရဲ့အနီး နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း ကပ်ဖို့၊ ထည့်ဖို့ ခါးညွတ်ကိုင်းလျက်၊ ထိုင်လျက် ရောက်ရှိနေခြင်း၊

၄။ 'ဆောင်လျှင်း'ဆိုတာက အဲဒီကပ်ဖို့ ထည့်ဖို့ ဆွမ်းကို ဘောဇဉ် တစ်ခုခုကို လက်နဲ့ ကိုင်ရွယ်နေခြင်း

၅။ 'ပစ်ပယ်'ဆိုတာက အဲဒီကပ်ဖို့ ထည့်ဖို့ ဆွမ်းကို ကိုင်ရွယ်နေတာကို ဆွမ်းဘုဉ်းပေးနေတဲ့ ကိုယ်တော်က တော်ပြီး ပြည့်စုံပြီလို့ ပြောခြင်း၊ လက်နဲ့ ကာလိုက်ခြင်း၊ တွန်းဖယ်လိုက်ခြင်း။

ဒီအင်္ဂါငါးရပ်နဲ့ ညီညွတ်နေတော့ 'ပဝါရိတ်'သင့်တယ်လို့ ဆိုပါတယ်၊ အဲဒီလို တားမြစ်လိုက်တဲ့ ကိုယ်တော်ဟာ နေရာရွှေ့ပြောင်းပြီး (ဂိလာနရဟန်းအတွက်ထားတဲ့ ဘောဇဉ်၊ ဒါမှမဟုတ် ဂိလာနရဟန်းစားပြီးလို့ ကျန်တဲ့ဘောဇဉ်လဲ မဟုတ်၊ အတိရိတ်ဝိနည်းကံပြုထားတဲ့ ဘောဇဉ်လဲမဟုတ်တဲ့ ဘောဇဉ်ကို) ဆက်လက်ဘုဉ်းပေးရင် ပါစိတ်အာပတ်သင့်တော့တာပဲတဲ့ အစ်မရေ"

"အင်း–ငါ့ညီမပြောမှ ကြားဖူးတော့တယ်၊ တော်တော်ခက်သားပဲ၊ အိမ်ကလူကိုလဲ ပြောထားရဦးမယ်၊ သူလည်း ဒီလို လောကွတ်မျိုး လုပ်တတ်တယ်၊ ဒါနဲ့ မိအေး ဘောဇဉ်ငါးပါးဆိုတာကရော ဘာတွေများလဲ၊ သိရင်ပြောစမ်းပါဦး"

"၁။ ဆန်မှုန့်

၂။ မုယောမုန့်

၃။ ထမင်း(ဆွမ်း)ရိုးရိုး

၄။ ငါးဟင်းမျိုးစုံ

၅။ ရဟန်းတော်များနဲ့ အပ်စပ်တဲ့ အသားဟင်းမျိုးစုံ၊ ဒါ ဘောဇဉ် ငါးပါးပါပဲ မမရှင်"

အင်း–ငါ့ညီမနဲ့ စကားစပ်မိတာကောင်းပါ့၊ ဗဟုသုတရှိလိုက်တာ၊ သာဓုပါကွယ်၊ သာဓု–သာဓု။ ဪ–ဒါနဲ့ ညည်းပြောတဲ့ 'ပဝါရိတ်' တို့၊ 'ဘောဇဉ်'တို့ဆိုတာတွေကို ညည်းဘယ်က သိထားတာလဲ"

"ကျွန်မက ဒီကို ဗဟုသုတမျိုးတွေကို သိပ်လိုချင်တာ၊ သိပ်သဘောကျတာ မမရှင်ရဲ့၊ အိမ်ကို ဆွမ်းခံကြွလာတဲ့ ထိုင်ကိုယ်တော်အမိန့်ရှိတာတွေကို စိတ်ကူးနဲ့လဲမှတ်၊ စာရွက်မှာလဲ ရေးမှတ် စုဆောင်းထားရတာ"

"အေး–ကိုယ်ကလိုချင်တော့ ရတာပေါ့၊ တို့လဲ ဆွမ်းခံ ထိုင်ကိုယ်တော်ကို မေးလျှောက်ပြီး မှတ်စု စုရဦးမယ်"

"ဒီမှာ ဒီမှာ မမရှင်၊ ကိုယ်တော်တိုင်းလည်း မမေးမလျှောက်နဲ့တော့၊ ကိုယ်မေးမယ့်ဟာကို သိလောက် မသိလောက် အကဲခတ်လေ့လာဦးတော်ရေ့၊ စာတွေ့ ကိုယ်တွေ့ နည်းသေးတဲ့ ကိုယ်တော်တွေကို မေးမိရက်ဖြစ်နေရင် အိမ်ကို ဆွမ်းခံကြွမလာဘဲ နေပြန်ဦးမယ်"

"အင်း–ဒါလဲ ဟုတ်တယ်၊ ဩော်–ဒါနဲ့ ဆက်မေးရဦးမယ်၊ တို့သာဝတ္ထိမြို့မှာ ဆွမ်းကျွေးပွဲ၊ အလှူပွဲတွေက နှစ်ပတ်လည်အောင်ပေါ်နေတော့၊ အနာထပိဏ်သူဌေးနဲ့ ဝိသာခါကျောင်းအမကြီးများသူတို့အိမ်တွေမှာ ဆွမ်းလောင်းတယ်၊ဆွမ်းကပ်တယ်လို့ ရှိမှာမဟုတ်တော့ဘူးနော်"

"ဘယ်ဟုတ်မှာလဲ မမရှင်ရဲ့၊ အနာထပိဏ်သူဌေးကြီးအိမ်မှာနေ့စဉ်နေ့တိုင်း သံဃာတော်အပါးနှစ်ထောင် ဆွမ်းကပ်သတဲ့၊ ကျွန်မလဲ တွေ့ကြုံဖူးပါတယ်၊ မမရှင်လဲ အချိန်ရတဲ့နေ့ သွားရောက်ကြည်ညိုနိုင်တာပဲ"

"ဒီလိုဆို အနာထပိဏ်သူဌေးကြီးနဲ့ ဝိသာခါကျောင်းအမကြီးတို့က ကိုယ့်အိမ်က ဆွမ်းကပ်လှူမှုကိစ္စ၊ နေ့စဉ် ဆောင်ရွက်နေရမှတော့ တခြားအိမ်တွေက ဆွမ်းကပ်လှူပွဲတွေကို သွားနိုင်ဦးမှာလား"

"မမရှင် စဉ်းစားတာ စဉ်းစားထိုက်ပါတယ်၊ ဒီလိုပါ မမရှင်၊ တခြားအိမ်တွေက ဆွမ်းကျွေးပွဲ၊အလှူပွဲတွေအတွက် ကြိုတင် ဖိတ်ကြား

ထားတာတွေက များလွန်းနေတော့ ဝိသာခါကျောင်းအမကြီးက သူ့အိမ်မှာ နေ့စဉ် ဆွမ်းကျွေးကိစ္စကို သူ့သဘောကျ ဆောင်ရွက်ပေးမည့်သူကို ရွေးချယ်ပြီး ခိုင်းထားတယ်၊ အဲဒီ ဆောင်ရွက်မည့်သူက သူ့သားတစ်ယောက်ကမွေးတဲ့သမီး၊ ကျောင်းအမကြီးရဲ့မြေးမိန်းကလေး အင်း–သူ့နာမည်က အင်း–ဘယ်သူဆိုလဲ၊ ရုတ်တရက် နာမည်မဖော်တတ်တော့ဘူး၊ ကျောင်းအမကြီးရဲ့ မြေးတွေကလဲ များလိုက်တာ၊ အနာထပိဏ်သူဌေးကြီးကလဲ ဒီလိုပဲ၊ သူ့အိမ်က နေ့စဉ် ဆွမ်းကျွေးကိစ္စ ဆောင်ရွက်ဖို့ သူ့ကိုယ်စား သူ့စိတ်ကြိုက် ဆောင်ရွက်ပေးမည့်သူကို ရွေးပြီး ခိုင်းထားတယ်၊ သူဌေးကြီးက ပထမသမီးကြီး မဟာသုဘဒ္ဒါကို ခိုင်းထားတယ်၊ မဟာသုဘဒ္ဒါက ဖခင်ကြီးသဘောကျဖြစ်အောင် နေ့စဉ် ဆွမ်းကျွေးကိစ္စကို ဆောင်ရွက်တယ်၊ ဆွမ်းအနုမောဒနာတရားကိုလဲ နာယူတယ်၊ ထပ်တလဲလဲ နာယူရ၊ စိတ်ကလည်း ဝင်စား၊ တရားကိုလဲ သိမြင်ချင်နေတော့ တစ်ချိန်မှာ အမျိုးသမီး သောတာပန် အရိယာဖြစ်သွားတယ်၊ အဲဒီနောက် အိမ်ထောင်ပြုပြီး သူ့အမျိုးသားအိမ်ကို လိုက်ပါသွားတယ်။ မဟာသုဘဒ္ဒါ မရှိပြီးနောက် သမီးလတ် စူဠသုဘဒ္ဒါကို ခိုင်းထားတယ်၊ သူလဲ သူ့အစ်မလိုပဲ ဆွမ်းကျွေးကိစ္စဆောင်ရွက်၊ တရားနာ၊ သောတာပန်ဖြစ်ပြီး အိမ်ထောင်ပြု၊ သူ့အမျိုးသားအိမ်ကို လိုက်ပါသွားပြန်တယ်၊ အနာထပိဏ်သူဌေးကြီးမှာ သမီးနှစ်ယောက် အိမ်ထောင်ပြုသွားကြတော့ ကျန်တဲ့သမီးအငယ်ဆုံး သုမနာဒေဝီကို နေ့စဉ် အိမ်မှာ သံဃာအပါး နှစ်ထောင်အား ဆွမ်းကပ်ဖို့ကိစ္စတာဝန်ပေးထားတယ်၊ သမီး သုမနာဒေဝီလဲ အစ်မများလိုပါပဲ ဆွမ်းကပ်လှူမှုကိစ္စကို ဖခင်ကြီးသဘောကျဖြစ်အောင် နေ့စဉ်ဆောင်ရွက်ပါသတဲ့၊ တရားနာယူပါသတဲ့၊ နှစ်တောင် တော်တော်ကြာသွားပါပြီ၊ သြော်–မမရှင် သခ်ါရတရားများဟာ တော်တော် ကြောက်စရာကောင်းပါတယ်''

"ဘာပြုလို့လဲ မိအေးရဲ့"

"အနာထပိဏ်သူဌေးကြီးရဲ့ အဲဒီသမီးအငယ် ကွယ်လွန်သွားရှာပြီတော်"

"ဟင်–ဟုတ်လား"

"ကျွန်မလဲ ဝမ်းနည်းပမ်းနည်းနဲ့ အသုဘလိုက်ပို့ခဲ့ပါသေးတယ်"

"အင်း–နှမြောပါတယ် မိအေးရယ်"

"ပြောစရာရှိနေသေးတော့ ပြောရဦးမယ် မမရှင်၊ အနာထပိဏ်သူဌေးကြီးက ဘုရားကျောင်းဒကာကြီးလဲဖြစ်၊သောတာပန် ပုဂ္ဂိုလ်ကြီးလဲဖြစ်ပေမယ့် သူ့သမီးလေး သုမနာဒေဝီ ကွယ်လွန်တော့ တော်တော် နှမြောတသ ငိုရှာသတဲ့၊ ဈာပနကိစ္စတုံးကတော့ သူဌေးကြီး မျက်ရည်သုတ်နေတာကို ကျွန်မကိုယ်တိုင် မြင်ခဲ့ရတယ်"

"ဘယ်နှယ့်၊ သောတာပန်ပုဂ္ဂိုလ်ကြီးက သမီးသေလို့ ငိုရသလား"

"ဩော်–မမရှင်ကလဲ သောတာပန်အရိယာလောက်မှာ ဒေါသမကင်းသေးဘူးတဲ့တော်၊ ငိုတယ်ဆိုတာ ပရိဒေဝ ဒေါမနဿ ဝေဒနာလို့ ပြောကြတယ်"

"သိပါဘူးကွယ်၊ အရိယာပုဂ္ဂိုလ်ဆိုတော့ မငိုဘူးထင်နေတာ၊ သတိရလာပြန်ပြီ မိအေးရေ၊ အနာထပိဏ်သူဌေးကြီးရဲ့ သမီးအကြီး မဟာသုဘဒ္ဒါနဲ့ အလတ် စူဠသုဘဒ္ဒါတို့လဲ သောတာပန်အရိယာဆို၊ သူတို့က အိမ်ထောင်ပြုကြသေးသလားကွယ့်"

"ဩော်–မမရှင်ကလဲ အနာဂါမ်အရိယာဖြစ်မှ ကာမရာဂကင်းတာတဲ့၊ သောတာပန်အရိယာလောက်တော့ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် အိမ်ထောင်ပြုသတဲ့တော်"

"အင်း–အင်း"

"ဝိသာခါ ကျောင်းအမကြီးကိုကြည့်ပါလား၊ ခုနစ်နှစ်သမီးအရွယ် တုံးက သောတာပန်ဖြစ်ခဲ့တာ၊ အခု မြေးယောကျ်ား၊ မြေးမိန်းကလေး လေးရာရှိသတဲ့၊ မြစ်က ရှစ်ထောင်တောင်မှပဲ၊ သားသမီးမြေးမြစ် ပေါင်း ရှစ်ထောင်လေးရာ့နှစ်ဆယ်တဲ့တော်"

"အမယ်လေး များလှချည့်လား"

"ကဲ–ကဲ–စကားပြောလို့တော့ ကောင်းပါရဲ့၊ ညနေစာ ထမင်းအိုး မတည်ရသေးဘူး၊ အိမ်ကလူအလုပ်က ပြန်လာ ထမင်းမကျက်သေး ဘူးဆိုရင် မျက်နှာကြီး မိုးအုံ့လာလိမ့်မယ်၊ ပြန်ဦးမယ်နော်"

"ဟုတ်ကဲ့ မမရှင်"

* * *

"ကျောင်းဒါယကာကြီး အနာထပိဏ် ဘယ်လိုဖြစ်လာတာလဲ၊ မျက်နှာ မသာမယာ၊ မျက်ရည်စက်လက်နဲ့ပါလား"

"မှန်ပါ မြတ်စွာဘုရား၊ တပည့်တော်ရဲ့ သမီးလိမ္မာလေး သုမနာ ဒေဝီ ကွယ်လွန်သွားရှာပြီ ဘုရား"

"သြော်–ဒါကြောင့်လား၊ သေခြင်းတရားဆိုတာ သက်ရှိသတ္တဝါ အားလုံးတို့ရဲ့ ရှောင်တိမ်းမရတဲ့ သေချာပေါက် ကိန်းသေသဘောပဲ"

"မှန်ပါ၊ ဒီသဘောကို တပည့်တော် သိထားပါတယ်ဘုရား၊ တပည့် တော်ရဲ့အိမ်မှာ နေ့စဉ် ဆွမ်းကပ်လှူဖို့ကိစ္စ စိတ်ချလက်ချ သူ့ကို လွှဲထားပြီး တပည့်တော်က ဒီပြင် ကုသိုလ်ရှင်တွေရဲ့ အိမ်တွေမှာ ကုသိုလ်ရေးကိစ္စ ဆောင်ရွက်ပေးနေရပါတယ်ဘုရား၊ တစ်နေ့မှာ တပည့်တော်အိမ်က တပည့်တစ်ယောက် လိုက်လာပြီး ပြောပါတယ်၊ သမီး သုမနာဒေဝီ ပြင်းထန်တဲ့ရောဂါဝေဒနာ ခံစားနေရရှာတယ်၊

ထမင်းလည်း မစားနိုင်တော့ဘူး၊ ဖခင်ကြီးကို ခေါ်ပေးခိုင်းလို့ လာခေါ် ရပါတယ် သူဌေးကြီးတဲ့၊ တပည့်တော်အိမ်ကို အမြန်လိုက်လာပြီး သမီးကို မေးပါတယ်"

"ချစ်သမီး သုမနာ ဖေဖေရောက်လာပြီ၊ ငါ့သမီး ဘယ်လို နေရသလဲ"

"မောင်ငယ် ဘာလဲ"

"အို–ချစ်သမီး ယောင်ယမ်းပြောနေတာလား၊ ဖေဖေပါ သမီးရဲ့"

"ယောင်ယမ်းပြောနေတာ မဟုတ်ပါဘူး မောင်ငယ်"

"ချစ်သမီး ကြောက်သလား"

"မကြောက်ပါဘူး မောင်ငယ်"

"ဒီလောက်ပဲပြောပြီး ကွယ်လွန် သွားရှာတယ်ဘုရား၊ တပည့်တော် သမီးလေးက တော်တော် ရက်တတ်၊ ကြောက်တတ်ပါတယ်၊ ဟိရိသြတ္တပ္ပတရား အများကြီးထားရှိပါတယ်၊ ဒါပေမယ့် ကွယ်လွန်ခါနီး အချိန်မှာမှ တပည့်တော်ကို ဖအေမှန်းတောင် သတိမပြုနိုင်ရှာဘဲ 'မောင်ငယ်၊ မောင်ငယ်'လို့ ယောင်ယမ်း ပြောဆိုပြီး ကွယ်လွန်သွား ရှာတာ၊ ဂတိမှ ကောင်းနိုင်ပါ့မလားဟု တပည့်တော် တော်တော် စိတ်ထိခိုက်ပြီး မအောင့်နိုင်၊ မထိန်းနိုင် ပူဆွေးငိုကြွေးမိပါတယ်ဘုရား"

"ကျောင်းဒါယကာကြီး သင့်သမီး သုမနာဒေဝီက သတိရှောင် ကန်း ယောင်ယမ်းပြောဆိုတာ မဟုတ်ပါဘူး"

"ဘာကြောင့် 'မောင်ငယ်၊ မောင်ငယ်'လို့ ပြောတာပါလဲဘုရား"

"ကျောင်းဒါယကာကြီးက ငယ်ကို ငယ်လို့ 'မောင်ငယ်'လို့ ပြော တာ"

"ဘယ်လိုပါလဲဘုရား"

"ကျောင်းဒါယကာကြီး သင့်ရဲ့သမီးက မဂ်ဖိုလ်တရား အဆင့်အနေနဲ့ သင့်ထက်ကြီးတယ်၊ သင်က သောတာပန်၊ သင့်သမီးက သကဒါဂါမ်ဆိုတော့ သင့်ထက် ကြီးနေတယ်၊ ဒါကြောင့် 'မောင်ငယ်' လို့ ပြောသွားတာ"

"ဒီလိုပါလား ဘုရား"

"မှန်တယ်၊ ဒီလိုပဲ"

"မြတ်စွာဘုရား၊ ဘုရားတပည့်တော်သမီး ယခု ဘယ်ဘုံဘဝမှာ ဖြစ်နေရှာပါလဲဘုရား"

"ကျောင်းဒါယကာကြီး သင့်သမီး သုမန၁ဒေဝီ တုသိတာနတ်ပြည်မှာ ဖြစ်နေတယ်"

"မြတ်စွာဘုရား တပည့်တော်သမီး သုမနာဒေဝီ လူ့ပြည်မှာ နေစဉ် ဆွေမျိုးတွေအလယ်မှာ နှစ်သက်မြတ်နိုးမှုကို ခံယူလျက်နေရပြီး လူ့ပြည်မှ စုတေပြန်တော့လဲ နှစ်သက်မြတ်နိုးထိုက်တဲ့ ဘုံဘဝမှာပဲ ဖြစ်ရတာပါလား ဘုရား"

"မှန်ပေတယ် ကျောင်းဒါယကာကြီး၊ ကုသိုလ်ရေးမှာ မမေ့လျော့သူမှန်က လူပဲဖြစ်ဖြစ်၊ ရဟန်းပဲဖြစ်ဖြစ် ဒီလူ့ဘဝမှာရော၊ တမလွန်ဘဝမှာရော နှစ်သက်ဝမ်းမြောက်နိုင်ကြတာချည်းဖြစ်တယ်၊ ဒါကြောင့် အမျိုးမျိုးအစားစား ကုသိုလ်တရား ကြိုးစားအားထုတ်သူဟာ မသေမီ ဤဘဝမှာ ကောင်းမှုကံကို နှစ်သက်ခြင်းဖြင့် နှစ်သက်ရတယ်၊ တမလွန်ဘဝမှာ ကောင်းမှုကံရဲ့ ကောင်းကျိုးကို နှစ်သက်ခြင်းဖြင့် နှစ်သက်ရတယ်၊ ငါသည် ကောင်းမှုကုသိုလ်ကိုသာ ပြုမိပြီး မကောင်းမှု အကုသိုလ်ကို မပြုမိပါလားဟု ဤဘဝမှာ နှစ်သက်ရတယ်။

"ကောင်းမှုကုသိုလ်ရဲ့ ကောင်းကျိုးချမ်းသာကို ခံစားလျက် တမလွန်မှာ နှစ်သက်ရတယ်၊ ဒီဘဝမှာ နှစ်သက်ဝမ်းမြောက်သူက

ငါသည် ကုသိုလ်ကို ပြုရပြီလို့ ဝမ်းမြောက်မှုဖြင့် နှစ်သက်ဖွယ်ကံကို အကြောင်းပြုပြီး နှစ်သက်ရတယ်၊ တမလွန်ချိန်ခါ တုသိတာရောက်သွားပြီး လူတို့ရဲ့ နှစ်အရေအတွက်နဲ့ နှစ်ပေါင်း ငါးဆယ့်ခုနစ်ကုဋေ၊ အနှစ်ခြောက်သန်းပတ်လုံး နတ်စည်းစိမ်ကို ခံစံလျက် ကောင်းကျိုးချမ်းသာကို နှစ်သက်ဝမ်းမြောက်ရခြင်းဖြင့် လွန်လွန်ကဲကဲ နှစ်သက်ရလေသတည်း"

"သာဓု-သာဓု-သာဓုပါဘုရား၊ ရှင်တော်ဘုရားရဲ့ တရားတော်ဒေသနာကြားနာကြသူတို့တွင် တချို့လူတွေမှာ ကုသိုလ်တရားဘက်အားတက်မှုဖြစ်ပေါ်ခြင်း၊ တချို့လူတွေမှာ သောတာပန်စစ်စစ်ဖြစ်ရခြင်းတို့ဖြင့် အကျိုးတရား ကြီးမားလှပါတော့သည်ဘုရား"

ဣဓ နန္ဒတိ ပေစ္စ နန္ဒတိ၊
ကတပုညော ဥဘယတ္ထ နန္ဒတိ။
ပုညံ မေ ကတန္တိ နန္ဒတိ၊
ဘိယျော နန္ဒတိ သုဂတိံ ဂတော။

ကတပုညော-ကောင်းမှုအရပ်ရပ် ပြုလုပ်တတ်သူသည်၊ ဣဓ-မသေမီကာလ ဤဘဝ၌၊ နန္ဒတိ-ကောင်းမှုကံကို နှစ်သက်ခြင်းဖြင့် နှစ်သက်ရလေ၏၊ ပေစ္စ-သေပြီးကာလ နောက်ဘဝ၌၊ နန္ဒတိ-ချမ်းသာအမျိုးမျိုး ကောင်းကျိုးကို နှစ်သက်ခြင်းဖြင့် နှစ်သက်ရလေ၏။

ဥဘယတ္ထ-မသေမီကာလ သေပြီးကာလ ဤနှစ်ဌာနလုံး၌၊ နန္ဒတိ-ကောင်းကံကောင်းကျိုး နှစ်မျိုးတွေးဆနှစ်သက်ရလေ၏၊ မေ-မယာ-ငါသည်၊ ပုညံ-အမြွတ်ပေါင်းစု မြတ်ကောင်းမှုကို၊ ကတန္တိ-မပြတ်မလပ် ပြုအပ်ပေပြီဟု၊ နန္ဒတိ-ယခုဘဝ၌ နှစ်သက်ဝမ်းမြောက်ရလေ၏။

သုဂတိဂတော–လူတို့ နှစ်ပေါင်း (၅၇) ကုဋေ့ခြောက်သန်းပတ်လုံး ကောင်းကောင်းနှလုံး ရွှင်ပြုံးနိုင်ရာ တုသိတာမည်တပ် နတ်ပြည် ရပ်သို့ ရောက်လတ်လေသော်။ ဘိယျောနန္ဒတိ–လူ့ပြည်ဘဝ နှစ်သက် ရသည်ထက် စားဝတ်နေရာ အဘက်ဘက်သာသဖြင့် အဆက်ဆက် မကွာ လွန်စွာ နှစ်သက်ရလေသတည်း။

**(အဌကထာနှင့်အညီ ပေးလိုက်သည်။)**

**သုမနာဒေဝိဝတ္ထုပြီး၏။**

## သာမာဝတီဝတ္ထု

### ကံနှင့် ကံအကျိုးအမျိုးမျိုး

ငါ့ရှင် အလ္လကပ္ပ ရသေ့။
ပြောပါ အရှင်ဝေဋ္ဌဒီပက ရသေ့။
သင်နဲ့ ကျွန်ုပ် ငယ်စဉ်ကာလ ကလေးဘဝက ဆင်းရဲအတူ၊ ချမ်းသာအမျှ သဟာယက ဖြစ်ခဲ့ကြပြီး ဆရာတစ်ဦးတည်းထံမှာ အတတ်ပညာကို သင်ယူခဲ့ကြတယ်။
ငါတို့ရဲ့ ခမည်းတော်များ ကွယ်လွန်တဲ့အခါ အလျား (၁၀) ယူဇနာစီရှိတဲ့ အလ္လကပ္ပတိုင်းပြည်၊ ဝေဋ္ဌဒီပကတိုင်းပြည်မှာ အသီးသီး ထီးဖြူဆောင်းအုပ် မင်းလုပ်ခဲ့ကြတယ်။
သင်နဲ့ ကျုပ်နဲ့ ရံဖန်ရံခါ အတူတူအိပ်ခဲ့ကြတယ်၊ ထိုင်ခဲ့ကြတယ်၊ ရပ်ခဲ့ကြတယ်၊ ဒီလိုနေကြရာမှာ ဖွားမြင်ဆဲလူ၊ အိုမင်းနေသူ၊ သေနေသူတွေကို တွေ့မြင်ကြရလို့ သံဝေဂ ဖြစ်ခဲ့ကြတယ်။
တမလွန်လောကသွားသူနောက် လိုက်သွားသူမရှိ၊ အဆုံးစွန်အားဖြင့် သေသူ၏ ခန္ဓာကိုယ်ကသော်လည်း သေသူနောက်သို့ မလိုက်၊ သက်ဆိုင်ရာအားလုံးကို စွန့်ပစ်ထားခဲ့ပြီး တမလွန်ဘဝ သွားကြတယ်။

ငါတို့မှာ အိမ်ရာတည်ထောင် လူ့ဘောင်၌ နေလို့ အကျိုးမရှိ၊ ရသေ့ရဟန်းပြုကြရအောင်ဟု တိုင်ပင်ပြီး ထီးနန်းအသီးသီးကို သားနဲ့ မိဖုရားအသီးသီးတို့အား အပ်နှင်းပြီး ရသေ့ရဟန်း ပြုခဲ့ကြတယ်။

ယခု ဟိမဝန္တာတောအုပ်မှာ နေကြတယ်၊ အသက်မွေးဖို့ မစွမ်းနိုင်ကြလို့ ရသေ့ရဟန်းပြုခဲ့ကြသူများ မဟုတ်၊ မင်းစည်းစိမ်ချမ်းသာကိုပင် စွန့်ပစ်ပြီး ရသေ့ရဟန်းပြုခဲ့ကြသူများဖြစ်တယ်။

ငါတို့နှစ်ဦး တစ်နေရာတည်းမှာ အတူနေကြလျှင် ရဟန်းပြုသူနဲ့ မတူသူများ ဖြစ်ကြလိမ့်မယ်၊ ဒါ့ကြောင့် နေရာသီးခြားစီနေကြပါစို့၊ သင်ရသေ့က ဟိုဘက်တောင်ရိုးပေါ်မှာ နေပါ၊ ကျုပ်က ဒီတောင်ရိုးပေါ်မှာ နေပါမည်၊ လခွဲတစ်ကြိမ် ဥပုသ်နေ့မှာမှ တစ်ခါ တစ်ခါ ဆုံကြပါစို့။

ကောင်းပါပြီ။

နေပါဦး မိတ်ဆွေ၊ လခွဲတစ်ကြိမ် ဥပုသ်နေ့မှာ ဆုံကြလျှင် (ဂဏာသင်္ဂဏိကာ) အပေါင်းအသင်း၌ မွေ့လျော်သူတွေ ဖြစ်ကြလိမ့်မယ်။

သင်က သင့်နေရာ တောင်ပေါ်မှာ မီးထွန်းထားပါ၊ ကျုပ်ကလည်း ကျုပ်နေရာ တောင်ပေါ်မှာ မီးထွန်းထားပါမည်၊ မီးအမှတ်သညာဖြင့် တစ်ဦးနှင့်တစ်ဦး ရှိနေတာကို သိကြပါစို့။

ကောင်းပါပြီ၊ ကောင်းပါပြီ၊ အခုပြောသည့်အတိုင်း နေကြပါစို့။

ဩော်–လခွဲ ၁၅ ရက် ရောက်လာပြန်ပြီ၊ ငါ့မိတ်ဆွေ ဝေဠဒီပကရသေ့နေရာ တောင်ပေါ်မှာ မီးရောင်ကို မမြင်ရပါလား။

ဩော်–ငါ့မိတ်ဆွေတော့ ကွယ်လွန်ရှာလေပြီ။

အင်း–ငါယခု ကွယ်လွန်ပြီး တန်ခိုးကြီးတဲ့ နတ်မင်းကြီးဖြစ်ရပြီ၊ လူ့ဘဝ ရသေ့ဖြစ်စဉ် ငါ့မိတ်ဆွေ အလ္လကပ္ပရသေ့ထံ သွားဦးမည်။

ဒီနတ်ခန္ဓာကိုယ်နဲ့တော့ သွားလို့မတော်ဘူး၊ ခရီးသွား လူယောင်ဖြား အသွင် ဖန်ဆင်းပြီး သွားမှပဲ။

ဒကာ ဘယ်ကလာတာလဲ။

အရှင်ဘုရား တပည့်တော် ခရီးဝေးက လာခဲ့ပါတယ်။

အရှင်ဘုရား ဒီနေရာမှာ အရှင်ဘုရား တစ်ပါးတည်း သီတင်းသုံး နေပါသလား၊ အရှင်ဘုရားမှလွဲ၍ တခြားပုဂ္ဂိုလ် ရှိပါသေးသလား၊

ငါ့မိတ်ဆွေ ရသေ့တစ်ပါး ရှိတယ်။

သူဘယ်မှာလဲ ဘုရား။

ဟောဟို တောင်ပေါ်မှာနေတယ်၊ သို့သော်လည်း ဉပုသ်နေ့တုန်းဂ မီးရောင်မမြင်ရဘူး၊ ကွယ်လွန်ပြီနဲ့ တူတယ်။

အရှင်ဘုရား ဒီလိုပဲ ထင်ပါသလား။

ဟုတ်တယ် ဒကာ၊ ငါဒီလိုပဲ ထင်တယ်။

အရှင်ဘုရား အရှင်ဘုရားရဲ့ အဲဒီမိတ်ဆွေ ရသေ့ဟာ တပည့် တော်ပါပဲ။

ဟာ–မိတ်ဆွေ ယခု သင်ဘယ်မှာဖြစ်နေသလဲ။

အရှင်ဘုရား တပည့်တော် နတ်ပြည်မှာ တန်ခိုးကြီးတဲ့ နတ်မင်း ကြီးဖြစ်နေပါတယ်၊ အရှင်ဘုရားကို ဖူးမြင်ရန် ယခုတစ်ဖန် လာခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာနေတဲ့ အရှင်ဘုရားတို့မှာ ဘေးရန်တစ်စုံတစ်ခု ရှိပါ သလား။

ဒကာ ဘေးရန်ရှိတယ်၊ ဆင်တွေကြောင့် ပင်ပန်းဆင်းရဲတယ်။

အရှင်ဘုရား ဆင်တွေက အရှင်ဘုရားတို့ကို ဘယ်လို ရန်ပြုကြ ပါသနည်း။

တံမြက်စည်းလှည်းထားတဲ့ မြေပေါ်မှာ ဆင်ချေး လာစွန့်ကြ တယ်၊ သူတို့ ခြေတွေနဲ့ မြေကို ကုတ်ခြစ်ပြီး မြေမှုန့်ကို ထုတ်ကြ

တယ်၊ ငါက ဆင်ချေးကို ကျုံး၊ မြေပြင်ကို ညီအောင် လုပ်ရတော့ ပင်ပန်းဆင်းရဲတယ်။

ဒီလိုဆိုလျှင် ဆင်တွေကို မလာစေလိုဘူးလား။

ဟုတ်တယ်၊ မလာစေချင်ဘူး။

ဒါဖြင့်လျှင် ဆင်တွေမလာအောင် လုပ်ပေးပါမည်၊ ဟောဒါက ဟတ္ထိကန္တစောင်း၊ ဟောဒါက ဟတ္ထိကန္တမန္တန်၊ ဒီစောင်းမှာ စောင်းကြိုး သုံးချောင်းရှိတယ်၊ ဒီကြိုးကို တီးခတ်ပြီး ဒီမန္တန်ကို ရွတ်ဆိုလျှင် ဆင်တွေဟာ လှည့်မကြည့်တော့ဘဲ ပြေးကြလိမ့်မယ်။

ဒီကြိုးကို တီးခတ်ပြီး ဒီမန္တန်ကို ရွတ်ဆိုလျှင် ဆင်တွေဟာ လှည့်ကြည့် လှည့်ကြည့်နဲ့ ပြေးကြလိမ့်မယ်၊ ဒီကြိုးကို တီးခတ်ပြီး ဒီမန္တန်ကို ရွတ်ဆိုလျှင် အကြီးအကဲဖြစ်သော ဆင် (ဆင်ရွှေ)ဟာ သူ့ကျောကို ကိုင်းညွှတ်ပြီး လာလိမ့်မယ်၊ အရှင်ဘုရား ကြိုက်သလို လုပ်နေပေတော့၊ တပည့်တော် ပြန်ပါဦးမယ်။

အင်း...ငါ့မိတ်ဆွေရသေ့ နတ်မင်းကြီးဖြစ်ပြီ၊ ငါ့အား အကူအညီ လာပေးသွားတယ်၊ သူပြောတဲ့အတိုင်း ဖြစ်မဖြစ် စမ်းကြည့်ဦးမှပဲ။

အင်း...ပြောခဲ့တဲ့အတိုင်း ဟုတ်ပေသားပဲ၊ ယခုမှပဲ ဆင်တွေ အတွက်နဲ့ ငါ့မှာ ချမ်းသာပေတော့တယ်။

*　　　　*　　　　*

မိဖုရားကြီး လာ...လာ၊ ဒီနန်းဆောင်ပြင်ဘက် နန်းကြမ်းပြင်မှာ ကော်ဇောခင်းပြီးနေစာလှုံရအောင်ဟောဒီ ငါခြုံတဲ့ အသပြာတစ်သိန်း တန် ကမ္ဗလာနီစောင်ကို ခြုံထား။

ကောင်းပါပြီ မောင်တော်ဘုရား၊ မောင်တော်ဘုရားက နှမတော် ကို ကြည်ဖြူတော်မူတာ ရွှေနှလုံး ရွှင်ပြုံးမိပါတယ်၊ မောင်တော်

ဘုရားရဲ့ တစ်သိန်းတန် လက်စွပ်တော်ကို ချွတ်ပြီး နှမတော်ရဲ့ ဘယ်ဘက်လက် အလယ်လက်ချောင်းမှာ ဝတ်ဆင်ပေးတော်မူပါ။

ကောင်းပါပြီဗျာ၊ နှမတော်အကြိုက် အလိုလိုက် ဝတ်ဆင်ပေးပါ့မယ်။

ကဲဗျ…ကဲဗျ။ လက်စွပ်ဝတ်ပေးလိုက်ပါပြီ၊ လက်ဝါးကလေးက နုနု၊ လက်ဖမိုးလေးက နုံ့သာရောင်၊ လက်ချောင်းလေးတွေက သွယ်သွယ်ပြောင်းပြောင်း ကြည့်ကောင်းပါပေ့ဗျာ။

*　　　*　　　*

အင်း…ကောင်းကင်ပြင်မှာ အစာရှာရင်း လှည့်ပတ်ပျံသန်းခဲ့ရတာ အချိန် တော်တော်ကြာပြီ။ ခရီးလဲ တော်တော် ဝေးလာပြီ။

ဟော…တွေ့ပြီ။ နန်းကြမ်းပြင်ပေါ်မှာ နီနီရဲရဲ အသားခဲကြီးပဲ၊ ငါငှက်ဆင် တစ်ဟုန်ထိုး သုတ်လိုက်မယ်။ လာရော့လဟယ်။

အို…မိဖုရားရေ တောင်ဟုန်သံ ပြင်းပြင်းနဲ့ ထိုးဆင်းလာတာ ငှက်ဆင်ကြီး၊ ငှက်ဆင်ကြီး၊ နန်းဆောင်ထဲ အမြန်လာဟေ့၊ လာဟေ့။

ဟာ…မိဖုရားကြီးတော့ ငှက်ဆင်ရဲ့ ခြေသည်းကြားမှာ ပါသွားရှာပြီ၊ ဘုရား…ဘုရား၊ မိဖုရားကြီး အသက်ချမ်းသာပါစေ၊ အင်း… ငါလည်း မတတ်နိုင်ဘူး။

*　　　*　　　*

ဘုရား…ဘုရား ငါတော့ သေရတော့မယ်။ တိရစ္ဆာန်ဆိုတာ လူ့အသံကို ကြောက်လန့်ကြတယ်။ ငါဟစ်အော်လိုက်လျှင် ဒီငှက်ဆင် ငါ့ကို ခြေသည်းကြားက လွှတ်ချလိမ့်မယ်။ ဒီလိုဖြစ်ခဲ့လျှင် ရင့်မှာ

နေတဲ့ ငါ့ကိုယ်ဝန်နဲ့အတူ ငါပါ အသက်ဆုံးရှုံးရလိမ့်မယ်။ တစ်နေရာမှာ နားပြီး ငါ့ကိုစားဖို့ ပြင်တဲ့အခါမှ အော်ဟစ်သံပေးပြီး ဒီငှက်ဆင်ကို ပြန်ပြေးစေမှပဲ။

ဟိမဝန္တာတောကိုတော့ ရောက်လာပြီ။ ဟိုညောင်ပင်ဟာ သားကောင်တွေကို ချပြီး ငါစားနေကြ ညောင်ပင်ပဲ။ ဒီညောင်ပင်မှာ ဒီအသားတုံးကို ချပြီး ငါစားဦးမှပဲ။

အသားတုံးကိုတော့ ချထားပြီးပြီ ငါပျံသန်းလာခဲ့တဲ့ ကောင်းကင်ခရီးလမ်းကို ပြန်လှည့် လှမ်းကြည့်ဦးမှပဲ။

အင်း...ငှက်ဆင်ကြီး ငါ့ကို ညောင်ပင်ခွကြားချထားပြီး ပြန်လှည့်ကြည့်နေတယ်၊ ဒီငှက်ဆင်ကြီးကို ပြန်ပြေးအောင် လုပ်မှပဲ၊ လက်ခုပ်တီး အသံပေးလိုက်မယ်၊ ဖြောင်း...ဖြောင်း...ဟေးဟေး။

ဩော်...ငှက်ဆင်ကြီးတော့ ပြန်ပြေးပြီ၊ ငါ့ဝမ်းထဲက ကမ္မဇလေတွေလည်း လှုပ်လာပြီ။ အရပ်လေးမျက်နှာမှာ မိုးကလည်း တဂျုံးဂျုံးနဲ့ ထစ်ချုန်းပြီး တက်လာပါကလား။ အရှင်မ မကြောက်ပါနဲ့လို့ အားပေးစကား ပြောကြားမည့်သူတစ်ယောက်မျှ မရှိပါကလား။

ဩော်...ဒုက္ခ...ဒုက္ခ။ မိုးကလည်းရွာ တစ်ညဉ့်လုံး ငါအိပ်မပျော်ခဲ့ရဘူး။ ယခုတော့ အရုဏ်တက်လို့ မိုးလင်းလာပြီ။ မိုးတိမ်တွေလည်း ကင်းစင်သွားပြီ။ ဘုရား...ဘုရား။ ငါ့ဝမ်းတွင်းက သားသူငယ်ကိုလည်း ငါဖွားမြင်လိုက်ရပြီ။ မိုးဥတု၊ တောင်ဥတု၊အရုဏ်ဥတု ဒီသုံးဥတု စုံညီပြီး ဖွားမြင်လိုက်ရတဲ့ ငါ့သားလေးရဲ့ နာမည်ကို "ဥတေန"လို့ ငါကင်ပွန်းတပ်လိုက်တယ်။

ဩော်...ညက မိုးတွေရွာလို့ ယခုနံနက် အေးနေတယ်။ ဒီနေ့မှာလည်း ဟိုတုန်းက မိုးအေးတဲ့နေ့များလို ငါသစ်သီးကြီးငယ် လိုက်မရှာတော့ဘူး။ ငါ့ကျောင်းသင်ခန်းအနီးက ငါရှာနေကျ ညောင်ပင်ကြီးအောက်သွားပြီး ငှက်ဆင်တွေအသားကို စားပြီးချထားတဲ့ သား

ကောင်ရဲ့ အရိုးတွေကို ခါတိုင်းလိုပဲ ကောင်ယူ ထုထောင်းပြီး အရည်ယူ သောက်မှပဲ။

အလို...ညောင်သစ်ပင်ပေါ်က ကလေးငိုသံ ကြားရပါကလား။ မော်ကြည့်ဦးမှပဲ။ ဟင်...လူမိန်းမပါလား။

ဟဲ့...ဘယ်သူလဲ။

လူမိန်းမပါ။

ဒီနေရာကို ဘယ်လို လာခဲ့သလဲ။

ငှက်ဆင်ဆောင်ယူခဲ့လို့ ရောက်လာတာပါ။

သစ်ပင်အောက်ကို ဆင်းခဲ့။

အရှင် ဇာတ်ပျက်မှာကို ကြောက်ပါတယ်။

သင်က ဘာဇာတ်လဲ။

အရှင် မင်းမျိုး(ဇာတ်)ဖြစ်ပါတယ်။

ဟ...ငါလည်း မင်းမျိုးပဲဟ။

အရှင် မင်းမျိုးဖြစ်လျှင် ခတ္တိယမာယာကို ပြောဆိုပြပါ။

ဩော်...အရှင်က ခတ္တိယမာယာကို ပြောဆိုပြတတ်သားပဲ။

သစ်ပင်ပေါ် တက်ခဲ့ပါ။ ကျွန်မရဲ့သားကို သစ်ပင်အောက် ချပေးပါ။

အေး...ကောင်းပါပြီ။ ငါတက်ခဲ့မယ်။

အင်း...အင်း...ကလေးငယ်ကိုသာ ကိုင်ယူပါ။ ကျွန်မကို အရှင့်လက်နဲ့ မထိမိပါစေနဲ့။

ကောင်းပြီ။ သင့်ကို မထိစေဘဲ သင့်ကလေးကို ငါကိုင်ယူပြီး သစ်ပင်အောက် ငါဆင်းခဲ့ပြီ။ သင်လည်း ဆင်းခဲ့ပေတော့။ ကဲ... လာ...လာ ငါ့နေရာ ကျောင်းသင်ခန်းကို လိုက်ခဲ့။

ဩော်...အရှင်ရသေ့ဟာ ငါတို့မိသားစုပေါ်မှာ ကျေးဇူးကြီးပါပေတယ်။ သူ့ရဲ့ သီလကို မညှိုးနွမ်းစေဘဲ ငါတို့ကို ရှာဖွေကျွေးမွေးပြုစုစောင့်ရှောက်ရှာတယ်။ ပျားကောင်မရှိတဲ့ ပျားလဘို့ကို ယူဆောင်ပြီး ကျွေးတယ်။ အလိုလိုပေါက်နေတဲ့ သလေးစပါးကို ဆောင်ယူအခွံချွတ်၊ ယာဂုကျိုပေးရှာတယ်။ ငါဒီနေရာကို လာတဲ့လမ်းကိုလည်း မသိ။ ပြန်ရမယ့်ခရီးကိုလည်း မသိ။ ဒီရှင်ရသေ့နဲ့လည်း အကျွမ်းဝင်ရုံမျှ ငါ့မှာမရှိ။ ငါတို့ကို စွန့်ပစ်ပြီး ဒီရှင်ရသေ့ တစ်နေရာကို သွားလိုက်ရင် ငါတို့သားအမိ ဒီနေရာမှာပဲ သေကြရတော့မယ်။ တစ်နည်းနည်းနဲ့ ဒီရှင်ရသေ့ရဲ့ သီလကို ဖျက်ဆီးပြီး ငါ့ကို မခွဲနိုင်အောင် လုပ်မှတော်မည်။

ကဲ...ဒီခါးဝတ်လုံချည်ကိုလည်း ခပ်လျော့လျော့ ဝတ်ထားမယ်။ ဒီအပေါ်ရုံအဝတ်ကိုလည်း ကိုယ်အပေါ်ပိုင်းမြင်အောင် ခပ်ခွာခွာ ဝတ်ရုံထားမှပဲ။

ကဲ... ရှင်မရေ ဒီအခြေအနေကျမှတော့ မထူးတော့ပါဘူး။ နှစ်ယောက် အတူတူနေ၊ အတူတူအိပ်ကြပါစို့။

ကောင်းလှပါပြီ မောင်။

ဩော်...ကောင်းကင်ကို မော့ပြီး နက္ခတ်တွေရဲ့ အနေအထားကြည့်လိုက်တော့ ပူရဗ္ဗဖ္ဂုမင်းရဲ့ နက္ခတ်ညှိုးနွမ်းနေပါလား။

ရှင်မရေ ကောသမ္ဗီပြည် ပူရဗ္ဗဖ္ဂုမင်း နတ်ရွာစံပြီ။

မောင် ဘာကြောင့် ဒီလိုပြောရတာလဲ။ အဲဒီ ပူရဗ္ဗဖ္ဂုမင်းနဲ့ မောင့်မှာ ရန်ငြိုးရှိလို့လား။

ရှင်မ ရန်ငြိုးမရှိပါဘူး။ အဲဒီ ပူရဗ္ဗဖ္ဂုမင်းရဲ့ နက္ခတ်ငြိုးနွမ်းနေတာကို မြင်ရလို့ ဒီလိုပြောတာပါ။

ဩော်...အမယ်မင်း တိုင်းပြည်သခင် ရှင်ဘုရင်တစ်ပါး နတ်ရွာလားပါပေါ့လား။

ရှင်မ ဘာကြောင့် တမ်းတငိုရတာလဲ။

အဲဒီ ပူရန္တပ္ပမင်းဆိုတာ ကျွန်မရဲ့ အရှင်သခင် လင်ယောကျ်ား ပါ မောင်။

ရှင်မ မငိုပါနဲ့။ ဖြစ်ပေါ်လာသမျှ သတ္တဝါမှာ သေခြင်းသဘောဟာ မြဲပါတယ်။

အရှင် ဒီသဘောကို ကျွန်မ သိပါတယ်။

ဒီလိုသိလျက်နဲ့ ဘာကြောင့် ငိုရတာလဲ။

ကျွန်မတို့ရဲ့သားဟာ အမျိုးရဲ့ဥစ္စာဖြစ်တဲ့ မင်းစည်းစိမ်နဲ့ လျော်ကန် ထိုက်တန်သူပါ၊ အဲဒီ ကောသမ္ဗီမြို့ နန်းတော်မှာ ကျွန်မသားရှိနေခဲ့ လျှင် ထီးဖြူဆောင်းအုပ် မင်းလုပ်ရမည့်သားပါ။ ယခုတော့ ရှုံးခြင်း ကြီး ရှုံးရှာပါပေါ့လား။ ဒီလို စိုးရိမ်သောကကြောင့် ငိုမိပါတယ် အရှင်။

ရှင်မ သားအတွက် ဘာမျှ မစိုးရိမ်နဲ့။ မင်းစည်းစိမ်ကို ရလိုလျှင် ရအောင် ငါလုပ်ပေးမည်။ ချစ်သား လာ...လာ။ သင့်အား ဟတ္ထိ ကန္တစောင်းနှင့် ဟတ္ထိကန္တမန္တန်ကို ငါသင်ပေးမည်။ သေသေချာချာ ကြည့်။ သေသေချာချာ အရကျက်။ ဒီစောင်းကြိုးကို ခတ်တီးပြီး ဒီမန္တန်ကို ရွတ်ဆိုလျှင် ဆင်တွေ လှည့်မကြည့်ဘဲ ပြန်ပြေးကြလိမ့် မည်။ ဒီစောင်းကြိုးကို ခတ်တီးပြီး ဒီမန္တန်ကို ရွတ်ဆိုလျှင် ဆင်တွေ ဟာ လှည့်ကြည့် လှည့်ကြည့်နဲ့ ပြန်ပြေးကြလိမ့်မည်။ ဒီညို့ကို ခတ်တီးပြီး ဒီမန္တန်ကို ရွတ်ဆိုလျှင် ဆင်အုပ်ကြီးရဲ့ အကြီးဆုံး ခေါင်းဆောင်ဖြစ်တဲ့ ဆင်(ဆင်ရွေ)ဟာ ကျောကုန်းညွှတ်လျက်လာ လိမ့်မည်။

ကဲ...ယခု ငါသင်ပေးတဲ့ သုံးမျိုးကို ချစ်သား သင်ယူပြီးပြီ။ ဟုတ် မဟုတ် သိရအောင် ချစ်သား ဟိုပညောင်ပင်ပေါ် တက်ပြီး စမ်းသပ်ချေ။

ဖခင် ရသေ့။ ဖခင်သင်ပေးတဲ့အတိုင်း အားလုံးမှန်ပါတယ်။ ဖြစ်ပါတယ်။

ရှင်မ သင့်သားအား မှာကြားပြောဆိုစရာကို မှာကြားပြောဆိုပါ။ သင့်သား ဒီကနေ ကောသမ္ဗီသို့သွားပြီး မင်းဖြစ်လိမ့်မယ်။

ကောင်းပါပြီ အရှင်။

ချစ်သား သင်ဟာ ကောသမ္ဗီပြည်က ပူရန္တပမင်းရဲ့ သားဖြစ်တယ်။ ကိုယ်ဝန်ရှိနေတုန်းက မယ်မယ့်ကို ငှက်ဆင်ယူဆောင်ခဲ့လို့ ဒီနေရာကို ရောက်ခဲ့တာ။

ချစ်သား ကောသမ္ဗီပြည်ကို သွားပါ။ ကောသမ္ဗီပြည်ကို ရောက်တဲ့အခါ စစ်သူကြီးနဲ့ အိမ်ရှေ့မင်းတို့ရဲ့ နာမည်ကို ပြောပြလို့မှ မယုံကြည်ကြလျှင် သင့်ခမည်းတော်ရဲ့ ဒီကမ္ဗလာခြုံထည်နှင့် လက်စွပ်ကို ပြပါ။

ကောင်းပါပြီ မယ်မယ်ဘုရား။

ခမည်းတော် အရှင်ရသေ့၊ မယ်ဘုရားက မှာကြားပြောဆိုစရာကို မှာကြားပြီးပါပြီ။ ယခု မည်သို့ ပြုရပါမည်နည်း။

ချစ်သား ဒီညောင်ပင်ရဲ့ အောက်ဆုံးသစ်ကိုင်းပေါ်မှာ ထိုင်ပြီး ဒီမန္တန်ကို ရွတ်ဆို၍ ဒီစောင်းညို့ကို တီးပါ။ အကြီးအကဲဖြစ်တဲ့ဆင် (ဆင်ရွှေ) ဟာ ကျောကုန်းကို ညွှတ်၍ သင့်ထံ လာလိမ့်မည်။ ဆင်ရွှေ၏ကျောကုန်းပေါ်၌ ထိုင်လျက်ပင် ကောသမ္ဗီပြည်သို့သွား၍ မင်းအဖြစ်ကို ယူလော့။

မိခင် ဖခင်တို့ခင်ဗျား သားရှိခိုးကန်တော့ခဲ့ပါ၏။

ကောင်းပြီ ချစ်သား၊ သင်အလိုရှိရာကို ပြီးမြောက်အောင် ဆောင်ရွက်ပေတော့။

ဖခင် ရသေ့ပြောဆိုသည့်အတိုင်း ငါယခု ညောင်ပင်သစ်ကိုင်းပေါ်မှနေရာက ငါ့ထံလာနေတဲ့ ဆင်ရွှေကြီးရဲ့ ကျောကုန်းပေါ်ထိုင်ပြီး ဆင်ရွှေကြီးရဲ့ နားရွက်ရင်းကပ်ပြီး တိုင်ပင်မှပဲ။

အို…ဆင်မင်း၊ ကျွန်ုပ်သည် ကောသမ္ဗီပြည်က ပူရန္တပ္ပမင်းရဲ့ သားဖြစ်ပါတယ်။ သင်ဆင်မင်းက ကျွန်ုပ်ဖခင်ရဲ့ အမွေဖြစ်တဲ့ မင်းအဖြစ်ကို ယူပြီး ကျွန်ုပ်အား ပေးပါ။

အင်း…ငါ့သခင် မင်းသားငယ်လေးက သူဖြစ်လိုရာကို ငါ့အား အသိပေးထားပြီ။ ဆင်ရဲ့အသံဖြင့် ဆင်တွေကို ခေါ်ဦးမှပဲ။

ထောင်ပေါင်းများစွာသော ဆင်တို့၊ သင်တို့သည် ငါ၏အနီး၌ စုဝေးကြကုန်လော့။

ငါပြောသည့်အတိုင်း ဆင်ထောင်ပေါင်းများစွာ ငါ့အနီးမှာ စုဝေးနေကြပြီ။ သို့သော် မလိုအပ်သည့် ဆင်တွေကို ပြန်လွှတ်ဦးမှပဲ။

အရွယ်ကြီးရင့်တဲ့ ဆင်နဲ့ အလွန်ငယ်တဲ့ ဆင်အပေါင်းတို့၊ သင်တို့ ဆုတ်ခွာနေရစ်ကြကုန်လော့။ ငါသွားရာနောက်သို့ မလိုက်ခဲ့ကြနဲ့။

ဩော်–ငါယခု ဆင်ထောင်ပေါင်းများစွာ အခြံအရံနှင့် တောအတွင်းက ထွက်ခွာလာလိုက်တာ ကောသမ္ဗီပြည် အစွန်အဖျားရွာကို ရောက်ခဲ့ပြီ။

အို…ရွာသူရွာသားအပေါင်းတို့ ကျွန်ုပ်သည် ကောသမ္ဗီပြည် ပူရန္တပ္ပမင်း၏ သားတော်ဖြစ်သည်။

စည်းစိမ်ဥစ္စာ လိုလားတောင့်တသူတို့သည် ကျွန်ုပ်နှင့်အတူ လိုက်ခဲ့ကြကုန်လော့။

ဩော်…ငါချီးမြှောက် စည်းရုံးခေါ်ဆောင်ခဲ့တဲ့ လူထောင်ပေါင်းများစွာနဲ့အတူ ကောသမ္ဗီမြို့ကို ဝိုင်းမိထားပြီ။ ရာဇသံပေးလိုက်မည်။

အို…မြို့သူမြို့သားအပေါင်းတို့ သင်တို့သည် ကျွန်ုပ်နှင့် ယှဉ်ပြိုင်၍ ရင်ဆိုင် စစ်ထိုးကြမည်လော။ သို့တည်းမဟုတ် ငါ့အား ထီးနန်းကို အပ်ကြမည်လော။

ဟော့…ဟော့…ရာဇသံတော့ ပေးနေပြီ။ ငါတို့တော့ မင်းနှစ်ဦး ဖြစ်နေတာကို မမြင်လိုကြ။ ငါတို့ရဲ့ ကိုယ်ဝန်အရင့်အမာနဲ့ မိဖုရား

ကြီးကို ငှက်ဆင်ယူဆောင်သွားခဲ့တယ်။ ငါတို့ မိဖုရားကြီး ရှိမရှိကို မသိကြရသေးဘူး။

ငါတို့ မိဖုရားကြီးရဲ့ သတင်းကို မကြားရသေးသမျှ စစ်လည်း မထိုးလို။ ထီးနန်းကိုလည်း မအပ်နိုင်။

အို…လူအပေါင်းတို့ ကျွန်ုပ်သည် သင်တို့ပြောသည့် ငှက်ဆင် ယူဆောင်သွားသည့် မိဖုရားကြီးရဲ့ သားဖြစ်တယ်။ အမွေဆက်ခံမည့် ငါ့အား ထီးနန်းကို အပ်ကြကုန်လော့။ ငါ၏ခမည်းတော် သက်တော် ထင်ရှားရှိစဉ် စစ်သူကြီး မဟာဗန္ဓုလ၊ အိမ်ရှေ့မင်းက ဇနက ဖြစ်တယ်။

သင်သည် သူတစ်ဦးထံမှ စစ်သူကြီးနဲ့ အိမ်ရှေ့မင်းတို့၏ နာမည် ကို စုံစမ်းမေးမြန်းခဲ့ပြီး ယခုလို ပြောဆိုနိုင်တာဖြစ်နိုင်တယ်။ ဤမျှ ပြောဆိုနိုင်ရုံမျှဖြင့် ငါတို့ မိဖုရားကြီး၏သားဟု မယုံကြည်နိုင်ကြဘူး။

ကောင်းပြီ။ ဟောဒီမှာ ကြည့်ကြ။ ဟောဒါက ငါမယ်တော် ခြုံလျက် ပါလာခဲ့တဲ့ ကမ္ဗလာနီစောင်၊ ဟောဒါက ကျွန်ုပ်ခမည်းတော် ရဲ့ လက်ဝတ်ရတနာ လက်စွပ်၊

ဟုတ်ပေတယ်။ ဟုတ်ပေတယ်။ ငါတို့ရဲ့ အရှင့်သား မှန်ပေတယ်။ မြို့တံခါး ဖွင့်လိုက်ကြ။ နန်းတင်ပြီး မင်းအဖြစ် အဘိသိက် သွန်းကြ ကုန်စို့။

ရှင်မ ကာဠီရေ။

ဘာပြောမလို့လဲ၊ အိမ်ရှင် ကောတုဟလိက။

ငါတို့နေရာ အလ္လကပ္ပတိုင်းမှာ ဒုဗ္ဘိက္ခကပ် (ငတ်မွတ်ဘေး)နှင့် ကြုံနေတယ်။ ဒီမှာနေပြီး ငါတို့ အသက်မမွေးနိုင်တော့ဘူး။ စားနပ်ရိက္ခာ ယူဆောင်ပြီး သားငယ် ကာပိနဲ့အတူ ကောသမ္ဗီပြည်သွားပြီး အသက်မွေးကြစို့။

ကောင်းပါပြီမောင်။

ရှင်မ ကာဠီရေ တို့ကောသမ္ဗီပြည်က လာခဲ့ကြတာ စားနပ်ရိက္ခာ ကုန်သွားပြီ။ ထမင်းဆာလွန်းလို့ ကလေးငယ် ကာပိကို ပွေ့ချီပြီး မသွားနိုင်တော့ဘူး။ ငါတို့ အသက်ရှင်နေကြလျှင် နောက်ထပ်သားကို ရနိုင်တယ်။ သားငယ် ကာပိကို စွန့်ပစ်ခဲ့ပြီး သွားကြပါစို့။

ကောတုဟလိက မောင်ရယ် ကျွန်မ အသက်ရှင်နေသမျှ သားငယ် ကာပိကို စွန့်မပစ်နိုင်ပါဘူး။

ဒါဖြင့် ဘယ်လို လုပ်ကြမလဲ။

မောင်တစ်လှည့်စီ ပွေ့ချီသွားကြတာပ။

ကောင်းပြီ၊ ကောင်းပြီ။

မောင် ကျွန်မတို့ရဲ့ သားလေးကို ပန်းကုံးပမာ မြှောက်ချီ ရင်ခွင်မှာအိပ်စေပြီး ပွေ့ချီခဲ့ပါတယ်။

ကောင်းပြီ၊ ကောင်းပြီ။ ပေး...ပေး...ငါပွေ့ချီခဲ့မယ်။

အင်း...ထမင်းစားလိုက်တာ ရှင်မရေ၊ ငါတို့ အသက်ရှင်နေကြလျှင် နောက်ထပ် သားကို ရနိုင်ပါတယ်။ ဒီသားကို စွန့်ပစ်ခဲ့ကြပါစို့။

ဒီယောကျ်ား သားကို စွန့်ပစ်ဖို့ပဲ အကြိမ်ကြိမ်ပြောနေတယ်။ ငါ နားငြီးလှပြီ။ ဘာမျှ ပြန်မပြောဘဲ နေမှ တော်တော့မယ်။

ရှင်မရေ ငါကလေးချီခဲ့မယ်။ ရှေ့က သွားပေတော့။

ကောင်းပါပြီ။ အင်း...ဒီကလေးလဲ ပွေ့ချီဖို့အလှည့် ပြောင်းရတာနဲ့ ပင်ပန်းပြီး ငါ့လက်ထဲမှာ အိပ်ပျော်နေပြီ။ မိန်းမ မသိအောင် ဒီခြုံထဲ သစ်ရွက်အခင်းပေါ်မှာ သိပ်ထားခဲ့မှပဲ။

ဩော်...ငါ့သားကလေးလဲ ပင်ပန်းရှာတော့မည်။ ငါတလှည့် ပွေ့ချီရအောင် နောက်ပြန်လှည့်ပြီး ယူဦးမှပဲ။

မောင် ကျုပ်သားကလေး ဘယ်မှာလဲ။

ခြုံတစ်ခုအတွင်းမှာ ငါသိပ်ထားခဲ့တယ်။

မောင်ရယ် ရှင်တို့ယောကျ်ားတွေဟာ သားသမီးအပေါ်မှာ ကျွန်မတို့ မိခင်များလောက် နှလုံးသား မနူးညံ့ကြဘူး။ ကျွန်မကို ပျက်စီးအောင် မပြုပါနဲ့။ သားနှင့် ကင်းကွာပြီး ကျွန်မ အသက်ရှင်မနေနိုင်ပါ။ ကျွန်မသားကို ပြန်ယူပေးပါ။ အမယ်မင်း ကျွန်မ ပင်ပန်းလှချည်ရဲ့။

ဩော်...ငါ့ဇနီး သားကလေးအတွက်နဲ့ ရင်ဘတ်စည်တီးပြီး ငိုရှာတယ်။ ပြန်ယူပေးမှပဲ။

မိန်းမရေ အငိုတိတ်ပါတော့။ သားကလေးကို ပြန်ယူခဲ့ပါပြီ။

ရော့...ပွေ့ချီခဲ့။

ပေးပါတော်၊ ပေးပါ။ ကျုပ်သားကလေး ပင်ပန်းလှရှာပြီ။ ဟောတော့ ကျွန်မသားကလေး အသက်မရှိတော့ဘူး။

*　　　*　　　*

ဒီနေ့ ငါ့နွားမ နို့ညှစ်မင်္ဂလာပြုမှုပဲ။ ငါအမြဲ ကိုးကွယ်နေတဲ့ ပစ္စေကဗုဒ္ဓါအား နို့ဃနာဆွမ်း ကပ်လှူမယ်။

ဩော်...ဧည့်သည်နှစ်ယောက် ရောက်လာပါလား။

ခင်ဗျားတို့ ဘယ်က လာခဲ့ကြတာလဲ။ ဘယ်လို ရည်ရွယ်ချက်နဲ့ ကျုပ်အိမ် ရောက်လာကြတာလဲ။

အလ္လကပ္ပတိုင်းက လာခဲ့ကြပါတယ်။ အဲဒီမှာ ဒုဗ္ဘိက္ခကပ် ဆိုက်နေလို့ ကိုယ့်မှာရှိတဲ့ ရိက္ခာအနည်းငယ်ကို ယူပြီး သားငယ်လေးနဲ့ အတူ လာခဲ့ကြပါတယ်။ လာလမ်းခရီးမှာ ရိက္ခာလည်းကုန် အစာပြတ်လို့ အားနည်းပင်ပန်းစွာ လာခဲ့ကြရာ သားငယ်လည်း သေရှာလို့ မြုပ်ပစ်ခဲ့ရတယ်။

အဲဗျာ၊ ကျုပ်လဲ စိတ်မကောင်းပါဘူး။

ကဲ...ကဲ၊ နို့ဃနာထမင်း သုံးဆောင်ကြပါ။ အခုလို ကျွေးရတာကို ကျုပ်ဝမ်းသာပါတယ်။ သုံးဆောင်နိုင်သလောက် သုံးဆောင်ကြပါ။

ကောတုဟလိက မောင်ရေ၊ ရှင်အသက်ရှင်နေလျှင် ကျွန်မလည်း အသက်ရှင်တာပါပဲ။ ရှင်ဟာ နေ့ညရှည်ကြာ ဝမ်းဟာနေသူပါ။ သဘောရှိသလောက် စားပါ။ ဟောဒါက ထောပတ်၊ ဟောဒါက နို့ဝမ်း၊ ကျွန်မတော့ ချင့်ရဲကျေရုံ နည်းနည်းစားရလျှင် တော်ပါပြီ၊

အေး...ရှင်မ ကာဠီ၊ ငါတော့ ခုနစ်ရက်၊ ရှစ်ရက် အစာပြတ်ခဲ့လို့ စားလို့ကို မဝနိုင်ဘူးဟေ့၊ စားလို့ကောင်းလိုက်တာ။

ရှင်စားနိုင်တာကို ကျွန်မ ဝမ်းသာပါတယ်။

ကဲ...ခင်ဗျားတို့ စားလို့ ပြည့်စုံကြလျှင် ကျူပ်စားလိုက်ဦးမယ် ဗျာ။

ဩော်...ဟိုခုတင်အောက်မှာ အိပ်နေတဲ့ ခွေးမဟာ တော်တော် ချမ်းသာတာပဲ။ နွားသူဌေးပေးတဲ့ နို့ထမင်းကို နေ့တိုင်းစားရမှာပဲ။ တော်တော် ကုသိုလ်ကောင်းတဲ့ ခွေးမပဲ။

ကယ်ကြပါဦးရှင်။ ကျွန်မယောက်ျား စားပိုးနင့်ပြီး သေပါပြီတော့။

အို...နွားရှင် ကျွန်မယောက်ျားအလောင်းကိုသင်္ဂြိုဟ်ပြီးပါပြီ။ ရှင့်အိမ်မှာပဲ အခစားအလုပ်လုပ်ပြီး နေပါရစေ။

ကောင်းပါပြီ၊ နေပါ။

အင်း...ငါအလုပ်လုပ်လို့ ဆန်တစ်ခွက်တော့ရပြီ။ ဆွမ်းချက်ပြီး ပစ္စေကဗုဒ္ဓါအား လှူမှာပဲ။

ပစ္စေကဗုဒ္ဓါ အရှင်ဘုရား။ တပည့်တော်မဆွမ်းကို အရှင်မြတ်၏ သပိတ်၌ ပြောင်းထည့် လှူဒါန်းပါမည်။ ယခုကောင်းမှုအဖို့သည် တပည့် တော်မ၏ ယောက်ျား အရှင်မြတ်တို့၏ ကျွန်ထံ ရောက်ပါစေဘုရား။

ဩော်...ငါဟာ ဒီအိမ်မှာပဲ နေဖို့သင့်တယ်။ ပစ္စေကဗုဒ္ဓါ အရှင် မြတ်ဟာ ဒီအိမ်ကို နေ့တိုင်းကြွတယ်။ ငါ့မှာ လှူဒါန်းစရာ ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ နေ့စဉ်နေ့တိုင်း ရှိခိုးခြင်း၊ ဝေယျာဝစ္စပြု ခြင်း၊ စိတ်ကြည်လင်ဝမ်းသာခြင်းဖြင့် ကုသိုလ်တရား တိုးပွားစေမှာပဲ။

ဟာ...ငါ့အိမ်က ခွေးမ သားကလေးတစ်ကောင်ထဲ မွေးထား တယ်။ ချစ်စရာပဲ။ သူ့အား နွားမတစ်ကောင်ရဲ့ နို့ကို ငါတိုက်ကျွေး မယ်။

ငါ့ခွေး တော်တော်ကြီးလာပြီ။ ဆွမ်းဘုဉ်းပေးနေတဲ့ ပစ္စေကဗုဒ္ဓါ အနီးမှာ နေစေမှပဲ။

ဩော်...ဒီခွေးဟာ ဒီအိမ်မှာ စားပို့နင့် ကွယ်လွန်သွားတဲ့ လူပဲ။ ကိုင်းရော့...ရော့ ထမင်းခဲတစ်ခဲ။

ငါ့အရှင် ပစ္စေကဗုဒ္ဓါက နေ့စဉ်နေ့တိုင်း ဆွမ်ဘုဉ်းပေးတဲ့အခါ ငါ့အား ထမင်းခဲကို ပေးနေပါလား။

လာ...လာ ခွေးကျားစိန်၊ ပစ္စေကဗုဒ္ဓါထံ သွားရောက် ဖူးမြော် ရအောင်။

ပစ္စေကဗုဒ္ဓါထံ သွားရတဲ့ ဒီတောလမ်းမှာ သားကောင်တိရစ္ဆာန် မနေနိုင်အောင် ခြုံတွေနဲ့ မြေကြီးကို တုတ်နဲ့ရိုက်ပြီး ခြောက်လိုက် မယ်။ ရှူး...ရှူး...ရှူး...သားကောင်တွေ ပြေးကြရော့။

ဩော်...ငါ့ခွေး ကျားစိန်ဟာ ငါနဲ့အတူ ပစ္စေကဗုဒ္ဓါထံ နေ့စဉ် သွားနေတော့ သားကောင်တွေကို ခြောက်လှန့်တဲ့နေရာ ပစ္စေကဗုဒ္ဓါ သီတင်းသုံးတဲ့နေရာကို နားလည်နေရှာပြီ။ ပစ္စေကဗုဒ္ဓါအား ဆွမ်းဘုဉ်း ပေး ပင့်ဆောင်ရန် သူ့ကို စေလွှတ်မှပဲ။

အရှင်ဘုရား တပည့်တော် အရှင်ဘုရားကို လာပင့်ဖို့ အခွင့်မရ ခဲ့လျှင် ဒီခွေး ကျားစိန်ကို စေလွှတ်လိုက်ပါမည်၊ ခွေးရဲ့ အမှတ်သညာ ဖြင့် တပည့်တော်အိမ် ဆွမ်းဘုဉ်းပေး ကြွတော်မူပါဘုရား။

ဩော်...ငါ့သခင်က ငါ့ကို ပစ္စေကဗုဒ္ဓါထံ ပင့်လျှောက်ရန် ခိုင်း နေတယ်။ သွားမှပဲ။

ဒီနေရာက ငါ့သခင် ခြုံကို ရိုက်ခြောက်တဲ့နေရာ။ ဒီနေရာက မြေကြီးကို တုတ်နဲ့ ရိုက်ပုတ်တဲ့နေရာ၊ သားကောင်တွေ ရှောင်ပြေး အောင် ငါသုံးကြိမ် ဟောင်လိုက်မယ်။ ဝေါင်း...ဝေါင်း...ဝေါင်း... သားကောင်တွေ ပြေးကြရော့။

အင်း...အင်း...ငါကိုယ်လက်သုတ်သင်ပြီးပြီ၊ ဆွမ်းစားပင့်လာ တာကို စောင့်ရင်း သစ်ရွက်မိုးဇရပ်ထဲဝင်ပြီး ထိုင်နေမယ်။

ငါ့အရှင် ပစ္စေကဗုဒ္ဓါ နေထိုင်ရာ သစ်ရွက်မိုးဇရပ် တံခါးကို ရောက်လာပြီး သုံးကြိမ်ဟောင်ပြီး အသိပေးပြီးပြီ။ တစ်နေရာမှာ အိပ်နေမှပဲ။

ဩော်...ငါ့တကာ နွားပိုင်ရှင်ရဲ့ ခွေးကျားစိန် ငါ့ကို အသိပေးပြီး အိပ်နေရှာတယ်။ ဆွမ်းဘုဉ်းပေးရန် သွားဖို့အချိန်တန် ရောက်လာပြီ၊ သွားမှာပဲ။

ဒီခွေးကျားစိန် ငါ့ရှေ့က ဟောင်ဟောင်ပြီး လမ်းပြသွားရှာတယ်။ သူတကယ် သိ မသိ စုံစမ်းဦးမှပဲ။

ဩော်...ငါက သွားမြဲလမ်းကို လွဲလွဲပြီးသွားတော့ ခွေးကျားစိန်ဟာ ငါ့ရှေ့က ကန့်လန့်ကန့်လန့် ရပ်ဟောင်ပြီး လမ်းမှန်ကို သွားစေရှာတယ်။

ဒီတစ်ခါတော့ ကန့်လန့်ရပ်တားနေတဲ့ ကျားစိန်ကို ခြေနဲ့ခတ်ပြီး သွားဦးမှပဲ။

ဩော်...ဒီခွေးကျားစိန် လမ်းမှန်ကို တကယ်သိတာပဲ။ သူ့ကို ခြေနဲ့ခတ်ပြီး သွားပြန်တော့ ငါ့သင်္ကန်းကို ကိုက်ဆွဲပြီး လမ်းမှန်ကို သွားစေတယ်၊ ဒီခွေးကျားစိန်ဟာ ငါ့အပေါ်မှာ ခင်မင်မှုအားကြီးရှာတယ်။

ဩော်...ငါ့သင်္ကန်း ဟောင်းနွမ်းဆွေးရိနေပါလား"

အရှင်ဘုရား သင်္ကန်းချုပ်ဖို့ ပိတ်ဖျင်စများကို တပည့်တော် လှူပါတယ်ဘုရား၊ ဒကာ သင်္ကန်းဆိုတာ တစ်ယောက်တည်း ချုပ်ဖို့ ခဲယဉ်းတယ်။ သင်္ကန်းချုပ်ဖို့ လွယ်ကူတဲ့နေရာ သွားပြီး ချုပ်မယ်။

အရှင်ဘုရား ဒီနေရာမှာပဲ ချုပ်တော်မူပါ။

တကာ ဒီနေရာမှာ တစ်ယောက်တည်း ချုပ်လို့ မဖြစ်ဘူး။

အရှင်ဘုရား ဒီလိုဖြစ်လျှင် အခြားတစ်နေရာမှာ ကြာရှည်မနေပါနဲ့ဘုရား။

ဩော်...ငါ့သခင်နဲ့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ စကားပြောနေကြတယ်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ် တခြားနေရာ ကြွမှာပါလား။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်ဘုရား၊ အရှင်ဘုရား ကြွမည့်နေရာကို လိုက်ပို့ပါဦးမည်။

ကောင်းပြီ တကာ။

*　　　*　　　*

ကဲ...ကဲ...တကာ ဒီလောက်ဆို တော်ပါပြီ။ ကိုယ့်နေရာကိုယ် ပြန်ပေတော့။

မှန်ပါ့ဘုရား။ ဩော်...ပစ္စေကဗုဒ္ဓါ ကောင်းကင်ယံတက်ပြီး ဂန္ဓမာဒနတောင်ဆီကို ရှေးရှု ကြွသွားပြီ။ အင်း...ငါ့ခွေး ကျားစိန်လည်း တဟောင်ထဲ ဟောင်ပြီး ကြည့်နေရှာတယ်။ ဩော်...ပစ္စေကဗုဒ္ဓါ ကောင်းကင်မှာ ပျောက်ကွယ်သွားပါလား။

ဟင်...ငါ့ခွေးကျားစိန် သေရှာပါပေါ့လား။

(တိရစ္ဆာန်တို့မည်သည် ကောက်ကျစ်သော သဘောမရှိ။ ဖြောင့်မတ်သော သဘောသာရှိ၏။ လူတို့မှာကား စိတ်အကြံကတခြား၊ ပါးစပ်အပြောကတစ်မျိုး ဖြစ်ကုန်၏။

ထို့ကြောင့် အရှင်ဘုရား လူတို့သည် ကွယ်ဝှက်၍ တိရစ္ဆာန်တို့သည် ပေါ်လွင်ပါသည်ဘုရားဟု လျှောက်ထားလေ၏။)

ဩော်...ငါ တာဝတိံသာ နတ်ပြည်မှာ နတ်သမီးတစ်ထောင် အခြံအရံနှင့် ကြီးကျယ်သော နတ်စည်းစိမ်ကို ခံစားရတာဟာ ငါခွေး ဘဝတုန်းက ပစ္စေကဗုဒ္ဓါအပေါ် ကောက်ကျစ်ပယ်ရှား ဖြောင့်မတ်သော စိတ်ထားကြောင့် ဖြစ်ရတာပဲ။

နားအနီးကပ်ပြီး တိုးတိုးတိုင်ပင်တဲ့ ငါ့အသံဟာ ဆယ့်ခြောက် ယူဇနာကြားရတယ်၊ ငါ့ရဲ့ ပကတိ စကားပြောသံဟာ ယူဇနာ

တစ်သောင်းကျယ်ဝန်းတဲ့ တာဝတိံသာနတ်မြို့ တစ်ခုလုံးကို ဖုံးလွှမ်းသွားတယ်။ ဒါကြောင့် ငါ့ကိုနတ်တွေက ဃောသကနတ်သားလို့ ခေါ်ကြပေတာပဲ။ ဒီမျှ ကျယ်လောင်တဲ့အသံကို ငါရခြင်းဟာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို မြတ်နိုးခြင်းဖြင့် ဟောင်ဟောင်ပြီး အသံပြု၍ ပင့်လျှောက်ရခြင်း၊ ရန်သူကို တားမြစ်ရခြင်း အကျိုးဆက်ဖြစ်ပေတယ်၊

**မှတ်ချက်။**

နတ်ပြည်မှ နတ်သားတို့သည် သက်တမ်းကုန်ခြင်း၊ ကောင်းမှုကံကုန်ခြင်း၊ အာဟာရကုန်ခြင်း၊ အမျက်ထွက်ခြင်းအားဖြင့် အကြောင်းလေးမျိုးတို့ကြောင့် စုတေကြကုန်၏။

ကောင်းမှုကုသိုလ် များစွာပြု၍ နတ်ပြည်၌ အသက်ထက်ဆုံးတည်၍ အထက်မှအထက် နတ်ပြည်၌ ဖြစ်သွားသောနတ်၏ ကွယ်လွန်ခြင်းသည် အသက်ကုန်ခြင်းကြောင့် စုတေခြင်းမည်၏။

ကာမဂုဏ်တို့ကို သုံးဆောင်၍ သတိမေ့ပြီး အာဟာရကို မစားမိဘဲ ကိုယ်ပင်ပန်းလျက် ကွယ်လွန်ရခြင်းသည် အာဟာရကုန်ခြင်းကြောင့် ကွယ်လွန်ခြင်းမည်၏။ တခြား နတ်သား၏ စည်းစိမ်ကို မကြည့်လို၍ အမျက်ထွက်ပြီး စုတေခြင်းသည် အမျက်ဒေါသကြောင့် စုတေခြင်းမည်၏။

ဃောသကနတ်သားသည် ကာမဂုဏ်တို့ကို သုံးဆောင်နေစဉ် သတိလွတ်၍ အာဟာရကုန်ခြင်းကြောင့် နတ်ပြည်မှ စုတေပြီး ကောသမ္ဗီပြည် ပြည့်တန်ဆာမဝမ်း၌ ပဋိသန္ဓေ စွဲယူလေ၏။

* * *

ဟဲ့...ကျွန်မ ငါက ဖွားမြင်လိုက်တာ သားလား၊ သမီးလား။ သခင်မ သားပါ။

ဟယ်...ကျွန်မ ဒီသားငယ်ကို ယခု စကောဗျပ်၌ တင်၍ အမှိုက်ပုံမှာ စွန့်ပစ်ချေ။

သူငယ်ကို ခွေးတို့၊ ကျီးတို့ ဝိုင်းအုံ၍ နေကုန်၏။

ပစ္စေကဗုဒ္ဓါ၌ ချစ်မြတ်နိုးခြင်း အရင်းခံရှိသော ဟောင်ခဲ့ရခြင်း၏ အကျိုးဆက်ကြောင့် ကျီးတစ်ကောင်၊ ခွေးတစ်ကောင်သော်လည်း အနားသို့ မကပ်ဝံ့ဘဲ ဖြစ်နေသည်။

ဩော်...ငါ မြို့ပြင်ဘက် ထွက်လာလိုက်တာ ကျီးတွေ၊ ခွေးတွေ ဝိုင်းအုံနေတာကို မြင်ရတယ်။ ဘာပါလိမ့်။ သွားကြည့်ဦးမှပဲ။

ဟာ...ဖွားမြင်စ ယောကျ်ားသူငယ်လေးပါလား။ ငါတော့ သား တစ်ယောက်ကိုရပြီ အိမ်ကိုယူသွားမှပဲ။

အို...ပုရောဟိတ်ကြီး ဒီနေ့ တိထိကရိဏ်း နက္ခတ်ယှဉ် အကျိုး အပြစ် ဘယ်လိုမြင်ပါသလဲ။

အို... ကောသမ္ဗီကသူဌေး၊ ကျုပ်တို့အတွက် ဘာကိစ္စမျှ မရှိ ပါဘူး။

ဇနပုဒ်အတွက် ဘယ်လိုဖြစ်စရာ ရှိပါသလဲ။

အထူးအခြား မရှိပါဘူး။ ဒီမြို့မှာ ဒီနေ့ ဖွားမြင်တဲ့ သူငယ် ယောကျ်ားဟာ သူဌေးကြီး ဖြစ်လိမ့်မယ်။

ဩော်...ဟုတ်လား၊ ကောင်းပါပြီ၊ ကောင်းပါပြီ။

ဟော့...ဟော့...တပည့်ရေ အိမ်ကို မြန်မြန်သွားစမ်းချေ။ ငါ့ဇနီး ကိုယ်ဝန်အရင့်အမာကြီး ရှိနေတယ်၊ ကလေးမျက်နှာမြင်ပြီး၊ မမြင် သေး၊ သွားစုံစမ်းခဲ့။

သူဌေးမင်း၊ သူဌေးကတော် ကလေးမျက်နှာ မမြင်သေးဘူး။

အေး...အေး၊ ကောင်းပြီ။

အင်း...ငါမင်းမြတ်ထံ မြန်မြန်သွား ဖူးမြင်ပြီး အိမ်ကို ပြန်လာ ခဲ့တယ်။ အမြန်စုံစမ်းဦးမှပဲ။

ဟဲ့...ကာဠီ ကျွန်မ မြန်မြန်လာစမ်း။ ဒီငွေတစ်ထောင်ကို ယူသွား၊ ဒီကနေ့မွေးတဲ့ ယောကျ်ားသူငယ်ကို တွေ့လျှင် ငွေတစ်ထောင်ပေး ပြီး ငါ့အိမ်ကိုယူခဲ့။

ကောင်းပါပြီ သခင်။

အင်း...ငါစုံစမ်းခဲ့တာ ဒီအိမ်မှာရှိတယ်လို့ ပြောတယ်။ ဝင်ပြီး စုံစမ်းဦးမှပဲ။ အို...အိမ်ရှင်မကြီး ဒီကလေးကို ဘယ်နေ့က ဖွား မြင်ပါသလဲ။

ညီမ ဒီနေ့ပဲ ဖွားမြင်ပါတယ်။

ဒီကလေးကို ကျွန်မအားပေးပါ။ ငွေတစ်ကျပ် ပေးပါမည်၊

ငွေတစ်ကျပ် ဘာလုပ်စရာလဲ။

နှစ်ကျပ်ပေးပါမည်။ တစ်ရာကျပ်ပေးပါမည်။ ကိုးရာကျပ်ပေးပါမည်။ ငွေတစ်ထောင်ပေးပါမည်။

ကောင်းပြီ၊ တစ်ထောင်ပေးခဲ့။ ဒီကလေးကို ယူသွားတော့။

အရှင်သူဌေး ဒီနေ့မွေးတဲ့ ကလေးကို ရခဲ့ပါတယ်။

ငါ့မှာ သမီးကလေး ဖွားမြင်ခဲ့လျှင် ဒီသူငယ်နဲ့အတူ အိမ်မှာ နေစေပြီး သူဌေးဘွဲ့ ရအောင် လုပ်ပေးမည်။

သားကို မွေးလာခဲ့လျှင် ဝယ်ယူခဲ့တဲ့ ဒီသူငယ်ကို သတ်ပစ် မှပဲ။ အေး...အေး၊ ကောင်းပြီ...ကောင်းပြီ။ ဒီသူငယ်ကို ငါ့အိမ်မှာ မွေးထားလိုက်။

အင်း...သုံးရက်ကျော်လာပါလား။ ဟာ...ငါ့ဇနီးက သား ယောကျ်ားလေး ဖွားမြင်လာတယ်။ ငွေဝယ်သားမရှိလျှင် ငါ့သားအ ရင်းဟာ သူဌေးရာထူးကို ရလိမ့်မယ်။ ဒီငွေဝယ်သားကို သတ်ဖို့ သင့်ပြီ။

ဟဲ့...ကာဠီ လာစမ်း။ ဒီကလေးကို ယူပြီး ဟိုနွားခြံသွား၊နွားခြံက နွားတွေ ထွက်တဲ့အချိန် နွားခြံတံခါးပေါက်အလယ်မှာ ဒီကလေးကို

ကန့်လန့်ချထားခဲ့၊ ဒီကလေးကို နွားတွေ နင်းသတ်လိမ့်မယ်၊ နွား နင်းမနင်း စောင့်ကြည့်ပြီး ပြန်လာခဲ့။

ကောင်းပါပြီ သခင်။

ဟော...နွားကျောင်းသားကတော့ နွားခြံတံခါးကို ဖွင့်ပြီ။ ဒီ ကလေးကို နွားခြံဝမှာ ချထားခဲ့ပြီ။

နွားခြံအတွင်းရှိ အကြီးအကဲဖြစ်သော နွားဥသဘသည် အခြားနေ့ နွားခြံမှ နွားများထွက်ချိန်၌ နွားအားလုံး၏ နောက်မှ ထွက်လေ့ရှိ သော်လည်း ထိုနေ့၌ နွားအားလုံး၏ ရှေ့ဦးစွာထွက်၍ သူငယ်ကို ခြေလေးဘက်အကြား၌ ဖြစ်အောင်ပြုလုပ်၍ ရပ်တည်နေလေ၏။

အရာမကသောနွားတို့သည် နွားကြီးဥသဘ၏ နံဘေးနှစ်ဖက်ကို ပွတ်တိုက်၍ ထွက်ကုန်၏။

အင်း...ငါနွားကျောင်းလာတာကြာပြီ၊ ဒီနွားဥသဘဟာ ဟိုရက် တွေတုန်းက နွားအားလုံးနောက်မှ ခြံထဲကထွက်တယ်။ ဒီနေ့မှာ တော့ နွားအားလုံးရဲ့ အစဦးထွက်ပြီး နွားခြံတံခါးပေါက်အလယ်မှာ မတုန်မလှုပ် လေးဖက်ထောက် ရပ်နေတယ်။ ဘယ်လိုပါလိမ့်၊ ငါ သွားကြည့်ဦးမှပဲ။

ဟာ...နွားဥသဘရဲ့ ဗိုက်အောက်မှာ သူငယ်ယောကျ်ားလေးပါ လား။ ချစ်ရာလေးပဲ။ ငါတော့ သားတစ်ယောက်ရပြီ၊ အိမ်ကို ပြန်ပို့ ထားမှပဲ။

သူဌေးမင်း သူငယ်ကို နွားတွေက နင်းမသတ်တဲ့အပြင် နွား ကျောင်းသားက ယူသွားပါတယ်။

ဟဲ့...ဟဲ့...ကာဠီ သွား...သွား၊ ယခု နောက်ထပ် တစ်ထောင် ယူသွား။ တစ်ထောင်ပေးပြီး ကလေးကို ပြန်ယူခဲ့။

ကောင်းပါပြီ သူဌေးမင်း။

သူဌေးမင်း တစ်ထောင်ပေးပြီး ကလေးကို ပြန်ယူခဲ့ပါပြီ။

ဟဲ့...ကာဠီ ဒီမြို့ထဲက လှည်းငါးရာဟာ စောစောထပြီး ကုန်ရောင်းထွက်ကြတယ်။ နင်ဒီကလေးကို ယူသွားပြီး လှည်းလမ်းကြောင်းမှာ ချထားချေ။ နွားတွေကသော်လည်း ဒီကလေးကို နင်းသတ်လိမ့်မယ်။ သို့မဟုတ် လှည်းဘီးတွေကသော်လည်း ကြိတ်ဖြတ်လိမ့်မယ်။ ဖြစ်ပုံကို စောင့်ကြည့်ပါပြီး ငါ့ကို ပြန်ပြောလှည့်။

ကောင်းပါပြီ သခင်။

ဘယ့်နှယ်တုန်း၊ ငါ့နွားတွေ ဒီနေ့ ဒီနေရာရောက်တော့ နင်တံနဲ့ ရိုက်နှက်မောင်းသော်လည်း ရှေ့ကို ဆက်မသွားကြတော့ပါလား။ အရုဏ်တောင် တက်လာပြီ။

ဒီနွားတွေ ဘာတွေလုပ်နေပါလိမ့်မလဲ။ ငါကြည့်ဦးမှပဲ။

ဟာ...ကလေးလေးပါလား။ ဝန်လေးတဲ့အလုပ်ကို ငါလုပ်မိပြီ။ ငါ့မှာ သားတစ်ယောက်ရတာပဲ။ အိမ်ကို ပို့ထားမှပဲ။

သူဌေးမင်း လှည်းဦးစီးမှူး အကြီးအကဲက ကလေးကို ကောက်ယူသွားတယ်။

ဟဲ့...ကာဠီ ရော့...ငွေတစ်ထောင် ယူသွားဦး။ ငွေတစ်ထောင်ပေးပြီး ကလေးကို ပြန်ယူခဲ့။

ကောင်းပါပြီ သူဌေးမင်း။

ဟဲ့...ကာဠီ ဒီကလေးကို အစိမ်းသေမြုပ်တဲ့ သုသာန်ကို ယူသွားပြီး ချုံအတွင်းမှာ ပက်လက်ချထား။ ခွေးတွေကသော်လည်း ကိုက်စားလိမ့်မယ်။ သို့မဟုတ် အစိမ်း သူရဲတွေကသော်လည်း ရိုက်ပုတ်သတ်လိမ့်မယ်။ ကလေး သေမသေကို အကဲခတ်ပြီး ပြန်လာခဲ့။

ကာဠီသည် ထိုကလေးကို သုသာန်သို့ယူဆောင်၍ သုသာန်ရှိ ချုံအတွင်း၌ ပက်လက်အိပ်စေပြီး တစ်နေရာ၌ စောင့်ကြည့်နေလေ၏။ ထိုကလေးငယ်ကို ခွေးသည်လည်းကောင်း၊ ကျီးငှက်

သည့် လည်းကောင်း၊ ဘီလူးသဘက်သည်လည်းကောင်း မကပ်ငြိဖြစ်နေ၏။

ထိုသူငယ်အား အမိအဖ၊ အစ်ကိုအစ်မ စသူတို့တွင် စောင့်ရှောက်မည့်သူ တစ်ယောက်မျှ မရှိပါဘဲ မည်သူက စောင့်ရှောက်လေသနည်း။

ခွေးဘဝဖြစ်စဉ်က ပစ္စေကဗုဒ္ဓါ၌ ချစ်ခင်မြတ်နိုးခြင်းသည် ဖြစ်စေအပ်သော ဟောင်ခြင်းမျှကသာ ထိုသူငယ်ကို စောင့်ရှောက်ခြင်းဖြစ်သည်။

* * *

အထောင်မကတဲ့ ငါ့ဆိတ်တွေ သုသာန်အနီးသွားပြီး မြက်စားနေကြတယ်၊ ဟိုဆိတ်မတစ်ကောင်ဟာ သုသာန်ထဲက ခြုံအတွင်းဝင်သွားတယ်။ ငါရိုက်ခြောက်ပေမယ့် သူထွက်မသွားဘူး။ တုတ်နဲ့ရိုက်မောင်းထုတ်ဦးမှပဲ။

ဟာ...ဆိတ်မကြီးက ကလေးငယ်အပေါ်မှာ ပုဆစ်တုပ်ရပ်ပြီး ကလေးငယ်ကို နို့တိုက်ပေးနေတာပါလား။ ကလေးလေးက ချစ်စရာပဲ၊ ငါတော့ သားတစ်ယောက်ရပြီ။

သူဌေးမင်း၊ ကလေးငယ်ကို သုသာန်က ခြုံတွင်းမှာ သိပ်ထားတော့ ဆိတ်မကြီးတစ်ကောင်က နို့တိုက်ပေးနေတယ်။ ဆိတ်ကျောင်းသားက ကလေးငယ်ကို ပွေ့ချီယူသွားတယ်။

ဟဲ့...ကာဠီ၊ သွားဦး...သွားဦး၊ ရော့...ငွေတစ်ထောင် ယူသွား။ ငွေတစ်ထောင်ပေးပြီး ကလေးကို ပြန်ယူခဲ့။

ကောင်းပါပြီ သခင်။

ဟဲ့...ကာဠီ ဒီကလေးကို ယူသွား။ နိုးသူတွေကို ပစ်ချပြီး သတ်တဲ့တောင်ပေါ်ကို တက်ပြီး တောင်ချောက်ကြားထဲ ပစ်ချ လိုက်။

တောင်ချောက်စောင်းနဲ့ ထိခိုက်ပြီး အပိုင်းပိုင်းပြတ်လျက် မြေကြီးပေါ် ကျလိမ့်မယ်။ သေ မသေ အကဲခတ်ပြီး ပြန်လာခဲ့။

ကောင်းပါပြီ သခင်။

အရှင်သူမြတ်ငွေး ကလေးကို တောင်ပေါ်က ပစ်ချလိုက်တော့ တောင်ချောက်အတွင်းမှာ ပေါက်နေတဲ့ ဝါးခြုံကြီးပေါ် ကျသွားတယ်။ ဝါးခြုံကြီးကလည်း ထိပ်ဖျားက အကျီချုပ်ထားသကို ဖြစ်နေတယ်။ ကလေးငယ် အဲဒီ ဝါးခြုံပေါ်ကျသွားတော့ ဝါးထရံရက်တဲ့ ဝါးထရံသည် အကြီးအကဲက ဝါးအခွန်ဆောင်ဖို့ သူ့သားနဲ့အတူ ဝါးခြုံကို ဖြတ်တဲ့အခါ ဝါးခြုံက လှုပ်သွားတော့ ကလေးက အသံပေးလိုက်တယ်။ ဝါးထရံသည်ကြီးက ကလေးအသံကြားတော့ ဝါးခြုံတစ်ဖက်ဘေးက တက်ကြည့်တဲ့အခါ ကလေးကို မြင်တာနဲ့ ငါတော့ သားတစ်ယောက်ရတာပဲဆိုပြီး ဝမ်းမြောက်ဝမ်းသာနဲ့ ယူသွားတာ မြင်ခဲ့ရပါတယ်။

ဟဲ့…ကာဠ ရော့…ရော့၊ နောက်ထပ် ငွေတစ်ထောင် ယူသွားဦး။ ငွေတစ်ထောင်ပေးပြီး ကလေးကို ပြန်ယူခဲ့။

အင်း…ငါဒီအကောင်ကို သေစေဖို့ အမျိုးမျိုး ပြုနေတဲ့ကြားက ဒီအကောင် တော်တော်ကြီး လာပါကလား။ သူ့နာမည်ကို ဃောသက လို့ ခေါ်နေကြတယ်။ ဒီအကောင်ကြည့်ရတာ ငါ့မျက်စိမှာ ဆူးစူးသလို ပဲ။ ဒါပေမယ့် ငါက သူ့ကို တည့်တည့်တောင် မကြည့်ရဲဘဲ ဖြစ်နေတယ်။

ဒီကောင် တစ်နည်းနည်းနဲ့ သေအောင်တော့ လုပ်မှပဲ။ ငါ့ သူငယ်ချင်း အိုးထိန်းသည်ထံသွားပြီး အကူအညီတောင်းမှပဲ။

ဟော့…သူငယ်ချင်း၊ မင်း ဘယ်ရပ်မှာ အိုးဖုတ်ဖို့ တွင်းလုပ်ပြီး အိုးဖုတ်မှာလဲ။

သခင် မနက်ဖြန် အိုးဖုတ်မှာပါ။

ဒီလိုဆိုလျှင် ဒီငွေတစ်ထောင်ကို ယူပြီးတော့ ငါ့အလုပ်တစ်ခုကို လုပ်ပေးပါ။

သခင် ဘာလုပ်ပေးရမှာလဲ။

ငါ့မှာ အဝဇာတသား (သားယုတ်) တစ်ယောက်ရှိတယ်။

သူ့ကို သင့်ထံ လွှတ်လိုက်မယ်။ ရောက်လာတဲ့အခါ သူ့ကို အိမ်ခန်းအတွင်းသွင်းပြီး သူ့ကို အလွန်ထက်တဲ့ ပဲခွပ်ဖြင့် အပိုင်းပိုင်း ဖြတ်၊ အိုးကြီးထဲထည့်၊ အိုးဖုတ်တွင်းထဲချ၊ ဖုတ်လိုက်ပါ။

ဒီငွေတစ်ထောင်ကတော့ သစ္စာပြု (စရန်ပေးတဲ့) သဘောပါ။ နောက်တော့ ဒီထက်မက ပြုသင့်တာကို ပြုပါ့မယ်။

ကောင်းပါပြီ သခင်။

* * *

ဟေ့...သား ယောသက မနေ့က ငါအိုးထိန်းသည်ကို ကိစ္စ တစ်ခုပြုဖို့ ခိုင်းထားတယ်။ အိုးထိန်းသည်ထံ သွားပြီး မနေ့က ကျုပ် ဖခင် ခိုင်းထားတဲ့ ကိစ္စကို ပြီးပါစေလို့ ပြောချေ။

ကောင်းပါပြီ ဖခင်။

အင်း...ငါဂုံညင်းထိုးတာ တော်တော်ရှုံးနေပြီ။ အရင်းပြန်ရအောင် ဘယ်လိုလုပ်ရပါလိမ့်။

ဟော...ငါ့အစ်ကို ယောသက လာနေပါလား၊ ဘယ်သွားမလို့ လဲအစ်ကို။

ဖခင်က အိုးထိန်းသည်ထံ သွားခိုင်းလို့ပါ ညီရယ်။

အိုးထိန်းသည့်ထံ ကျွန်တော်သွားပါမည်။ ဒီသူငယ်တွေက ကျုပ်ကို ငွေတစ်သိန်းဖိုးလောက် ဂုံညင်းနိုင်နေကြတယ်။ အဲဒီ ရှုံးသွားတဲ့ ဂုံညင်းဖိုးကို ပြန်ရအောင် ဂုံညင်းထိုးပေးပါ။

ငါက ဖခင်ကို ကြောက်တယ်ကွ။

အစ်ကို မကြောက်ပါနဲ့။ အစ်ကို ဂုံညင်းထိုး ကျွမ်းကျင်ပါတယ်။ ဒါကြောင့် ညီလေးက နိုင်းတာပါ။ ဖခင် နိုင်းလိုက်တဲ့စကားကို ယူသွားပါ့မယ်။ ကျွန်တော် ပြန်လာအောင် ရှုံးပြီး ဂုံညင်းဖိုး ပြန်ရအောင် ထိုးထားပါ။

ကဲ...မင်းက ဒီလောက် ပူဆာနေမှတော့ မင်းရှုံးသွားတဲ့ ဂုံညင်းဖိုးကို ပြန်ရအောင် ငါထိုးမယ်။ အိုးထိန်းသည့်ထံ မင်းသွားပြီး မနေ့က ကျွန်တော့်ဖခင် နိုင်းထားတဲ့ ကိစ္စတစ်ခုကို ပြီးပါစေလို့ပြော။

ကောင်းပါပြီ အစ်ကို။

အိုးလုပ်ဆရာကြီး၊ ကျုပ်ဖခင် သူဌေးက လွှတ်လိုက်လို့ လာတာပါ။ သူနိုင်းထားတဲ့ကိစ္စကို ပြီးအောင်လုပ်ပါတဲ့။

အေး...အေး၊ ဒီအခန်းထဲ လာခဲ့။

ပဲခွပ်နဲ့ ပိုင်းလိုက်မယ် သေပေရော့။ ကဲ...အပိုင်းပိုင်းဖြတ်ပြီးပြီ၊ အိုးကြီးထဲ ထည့်ပြီးပြီ။ အိုးဖုတ်တဲ့ တွင်းထဲချပြီး ဖုတ်လိုက်ပြီ။

အင်း...ငါ့ညီအတွက် ငါဂုံညင်းထိုးနေတာ နေဝင်ဖို့ နီးနေပြီ အိမ်ပြန်မှပဲ။

ဟဲ့...သား ဃောသက ငါနိုင်းထားတဲ့ အိုးထိန်းသည့်ထံ မသွားဘူးလား။

ဖခင် ကျွန်တော့်ညီက သူသွားမယ်။ သူ့ကိုယ်စား ဂုံညင်းထိုးပေးပါ အကြိမ်ကြိမ်ပြောလို့ သူ့ကို လွှတ်လိုက်တယ်။ ကျွန်တော်လည်း ဂုံညင်းထိုးပြီး ပြန်လာတာပဲ။

ငါဟာ ရှုံစရာလူပဲ။ ငါဟာ ရှုံစရာလူပဲ။ အမယ်မင်း ကျုပ်သား ကလေး သေပါပြီဗျာ။ အိုးထိန်းသည့်ထံ အပြေးသွားမှပဲ။ ဟေး... အိုးထိန်းသည် ငါ့ကို မဖျက်ဆီးပါနဲ့။ ငါ့ကို မဖျက်ဆီးပါနဲ့။

ဟော...သူဌေးကြီး လက်မောင်းတမြောက်မြောက်နဲ့ ငိုကြွေး မြည်တမ်းပြီး လာနေပါလား၊

သခင် သူဌေး အသံမထွက်ပါစေနဲ့။ သူဌေးမင်း နိုင်းထားတဲ့ ကိစ္စ ပြီးသွားပါပြီ။

*　　*　　*

ထိုသူဌေးသည် တောင်လုံးဖြင့် ဖိသကဲ့သို့ ကြီးစွာသော စိုးရိမ် ပူပန်ခြင်းသောကသည် လွှမ်းမိုးဖိစီးခံရ၍ များစွာသော နှလုံး မသာ မှုကို ခံစားရလေ၏။

မပြစ်မှားထိုက်သော ပုဂ္ဂိုလ်ကို ပြစ်မှားသူ ခံစားရသည်နှင့် တူလေ၏။

ထို့ကြောင့် မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူသည်။

အကြင်သူသည် ဒဏ်မထားထိုက်သော သူတို့၌ ဒဏ်ထားသည်။ မပြစ်မှားထိုက်သော ပုဂ္ဂိုလ်တို့၌ ပြစ်မှားသည်။ ထိုသူသည် ဆယ် မျိုးသောအရာတို့တွင် တစ်ခုခုသော အရာသို့ လျင်မြန်စွာ ရောက် ရလေ၏။

ကြမ်းတမ်းသော ရောဂါဝေဒနာကို ခံစားရသည်။ စီးပွားဥစ္စာ ဆုံးရှုံးခြင်းသို့ ရောက်ရသည်။ ကြီးလေးသောအနာ စွဲကပ်ခံရသည်။ စိတ်ပျံ့လွင့်ခြင်းသို့ ရောက်ရသည်။ မင်း အစိုးရထံမှ ပြစ်ဒဏ်ကို ခံရသည်။ ကြမ်းကြမ်းတမ်းတမ်း စွပ်စွဲခြင်းကို ခံရသည်။ ဆွေမျိုးများ

ပျက်စီးကုန်ဆုံးတတ်သည်။ မည်းစိမ်ဥစ္စာ ပျက်စီးတတ်သည်။ အိမ်ကိုသော်လည်း မီးလောင်တတ်သည်။

ပညာမဲ့သော ထိုသူသည် ခန္ဓာကိုယ် ပျက်စီးပြီးနောက် ငရဲသို့ ရောက်ရသည်။

* * *

အင်း…ဒီကောင် (ဃောသက)ကို ငါ လုံးဝမကြည့်နိုင်။ ဒီကောင့်ကို သေအောင် ဘယ်လိုလုပ်ရပါလိမ့်။ အင်း…ငါအကြံရပြီ။ ငါပိုင်ရွာတစ်ရွာက ငါရဲ့စာရင်းကိုင်ထံ စေလွှတ်ပြီး သတ်စေမည်။ စာရေးဦးမှပဲ။

ယခုလာသောသူသည် ငါ၏ အဝဇာတ (ယုယ်မာသည့်) သားဖြစ်သည်၊ ဒီလူကို သတ်ပြီး မစင်တွင်းထဲ ပစ်ချလိုက်ပါ။ ဒီလိုပြုပြီးလျှင် ငါသည် သင့်အား ပြုသင့်ရာကို သိပါမည်။

သား ဃောသကရေ လာဟေ့။ ငါပိုင်ရွာတစ်ရွာမှာ ငါ့ရဲ့ စာရင်းကိုင်လူရှိတယ်၊ ဒီစာကို သားရဲ့ ပုဆိုးစွန်းမှာ ထုပ်ချည်ပေးလိုက်မယ်။ စာရင်းကိုင်ထံ သွားပေးချေ။

* * *

ဃောသကသည် စာမတတ်သူမှန်၏။ သူဌေးသည် ဃောသကကို သူငယ်ကလေးဘဝမှစ၍ သတ်စေသော်လည်း သေအောင်မတတ်နိုင်။ အဘယ်မှာ စာကို သင်ယူစေအံ့နည်း။ ထို့ကြောင့် ဃောသကသည် မိမိကိုသတ်ခိုင်းသည့်စာကိုပင် ပုဆိုးစွန်း၌ချည်၍ အိမ်မှ ထွက်ကာနီး ဤသို့ ပြောဆိုလေ၏။

ဖခင် ကျွန်တော့်မှာ ရိက္ခာမရှိသေးဘူး။

မင့်အတွက် ရိက္ခာမလိုဘူး။ ငါပိုင် ရွာတစ်ရွာမရောက်မီ လမ်းမှာ ရွာတွေ့လိမ့်မယ်။ အဲဒီရွာမှာ ငါ့မိတ်ဆွေ သူဌေးရှိတယ်။ သူ့အိမ်မှာ နံနက်စာ ထမင်းစားပြီး ရှေ့ကို ဆက်သွား။

ကောင်းပါပြီ ဖခင်။ ကျွန်တော် ဖခင်ကို ရှိခိုးခဲ့ပါတယ်။ ကျွန်တော် သွားပါပြီ။

ကဲ...ငါ့ဖခင် ပြောတဲ့ ရွာတော့ ရောက်ပြီ။ ဖခင်ရဲ့ မိတ်ဆွေ သူဌေးအိမ် မေးဦးမှပဲ။

*　　　*　　　*

ဖခင်ရဲ့ မိတ်ဆွေ သူဌေးအိမ်တော့ရောက်လာပြီ။

ဟဲ့...နင် ဘယ်ကလာတာလဲ။

မြို့တွင်းက လာခဲ့တာပါ။

နင် မည်သူ့သားလဲ။

မိခင်တို့ရဲ့ မိတ်ဆွေ သူဌေး ရဲ့သားပါ။

ဃောသကဆိုတာ နင်လား။

ဟုတ်ပါတယ် မိခင်။

ဩော်...ဒီကလေးကို ငါမြင်မြင်ချင်း ကိုယ့်သားလေးလို ချစ်ခင်မိတယ်။

ဩော်...ငါ့အရွယ် ဆယ့်ခြောက်နှစ်ရှိလာပြီ။ ငါ့ရဲ့ ရုပ်ရည်က လှပတင့်တယ် ရှုချင်စဖွယ်ဖြစ်လို့ ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ် အထက် ဆုံးအထပ် ကျက်သရေတိုက်ခန်းမှာ ခိုင်းစေဖို့ ကျွန်မတစ်ယောက် ပေးထားပြီး ငါ့ကို နေစေတယ်။

အင်း...ကျွန်မကို ဈေးလွှတ်လိုက်ဦးမယ်၊

ဟဲ့...ကျွန်မ နင်ဘယ်သွားမလို့လဲ။

သခင်မကြီးရဲ့သမီးက ဈေးကို သွားခိုင်းလို့။

ဒီကိုလာခဲ့ဦး။ ဈေးမသွားနဲ့ဦး။ ငါ့သားအတွက် ခုတင်ခင်းပေးပြီး သူခြေနှစ်ဖက်ကို ရေဆေး၊ ရေသုတ်ပြီး ဆီလိမ်း၊ အိပ်ရာခင်းခင်းပေးလိုက်။ ပြီးမှ နင့်သခင်မလေးခိုင်းတာကို လုပ်ပေးလိုက်။

ကောင်းပါပြီ သခင်မကြီး။

*　　　*　　　*

ဟဲ့...ကျွန်မ နင်ဈေးသွားတာ ကြာလှချည့်လား။ ဘာကြောင့် ဒီလောက် ကြာရတာလဲ။

သခင်မလေး ကျွန်မကို စိတ်မဆိုးမပါနဲ့။ သူဌေးသား ဃောသက က ဒီအိမ်ရောက်နေတယ်၊ သူ့အတွက် ခုတင်ခင်း၊ ခြေဆေး၊ ရေသုတ် ဆီလိမ်းပေးပြီးမှ ဈေးသွားပြီး ပြန်လာရလို့ ကြာတာပါ။

(သူဌေးသား ဃောသကဆိုသော နာမည်ကိုကြားရုံနဲ့ သူဌေးသမီးအဖို့ ချစ်ခင်ခြင်းသည် အရေခွံကို ဖောက်၍ ရိုးတွင်းချဉ်ဆီအထိ ရောက်ပြီး တည်နေလေ၏။

မှန်ပေသည်။ ဃောသက၏ ကောတုဟလိက ဖြစ်ခဲ့စဉ်က သူဌေးသမီးသည် ကောတုဟလိက၏ ဇနီးဖြစ်ခဲ့သည်။ ကောတုဟလိကအား ရည်စူး၍ ဆန်တစ်စလယ်ချက်ဆွမ်းကို ပစ္စေကဗုဒ္ဓါအား ပေးလှူခဲ့သည်။ ထိုကုသိုလ်၏ အစွမ်းကြောင့် ဤသူဌေးအိမ်၌ သူဌေးသမီးဖြစ်ရသည်။ ထို့ကြောင့် ရှေးက ထိုချစ်ခြင်းမေတ္တာသည် ထိုသူဌေးသမီးကို လွှမ်းမိုးသိမ်းပိုက်၍ တည်နေသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် ဤသို့ ဟောတော်မူသည်...

ရှေးဘဝက အတူနေခဲ့ဖူးခြင်းကြောင့် လည်းကောင်း၊ ယခု ပစ္စုပ္ပန်ဘဝ၌ အစီးအပွားကို ဆောင်ရွက်ပေးခြင်းကြောင့်လည်းကောင်း၊ ဤသို့ သဘောရှိသော ထိုချစ်ခြင်းမေတ္တာ ဖြစ်ရလေ၏။ ဥပမာ ရေ၌ ကြာပင်ပေါက်သကဲ့သို့တည်း။)

ဟဲ့...ကျွန်မ အဲဒီ သူဌေးသား ဃောသကက ဘယ်မှာလဲ။ ခုတင်အိပ်ရာပေါ်မှာ အိပ်ပျော်နေတယ်။

သူ့လက်မှာ ဘာရှိသလဲ။

ပုဆိုးစွန်းမှာ ထုတ်ထားတဲ့ စာရှိတယ်။

ဘာစာများပါလိမ့်။ ဃောသက မောင် အိပ်ပျော်နေတုန်း မိခင် ဖခင်တို့ ဒီပြင်အလုပ်လုပ်နေလို့ မမြင်ခင် ပြာသာဒ်အောက်ဆင်းပြီး ဃောသက မောင်အနီးသွား၊ စာရွက်ကို ဖြေယူ၊ ငါ့နေရာ ကျက် သရေခန်းထဲဝင်၊ တံခါးပိတ် ပြတင်းပေါက်ဖွင့်ပြီး စာဖတ်ကြည့်ဦး မှပဲ။

ဩော်...မိုက်ပါပေစွ။ ကိုယ့်ကို အသတ်ခိုင်းတဲ့စာကို ပုဆိုးစွန်း မှာ ထုပ်ချည်ပြီး လာခဲ့တယ်။ ငါမတွေ့မြင်ခဲ့ရင် ဒီ ဃောသက မောင်ရဲ့အသက် ရှိတော့မှာမဟုတ်ဘူး။ ကဲ...ဒီစာကို ဆုတ်ပစ်ပြီး ဃောသကသူဌေးရဲ့ စကားနဲ့ စာတစ်စောင်ရေးပြီး ဃောသကမောင် ရဲ့ ပုဆိုးစွန်းမှာ ပြန်တပ်ချည်ပေးလိုက်ဦးမှပဲ။

ယခုလာသူသည် ငါ၏သား ဃောသကဖြစ်သည်။ ငါပိုင်ရွာတစ်ရာ မှ လက်ဆောင်ပစ္စည်းကို ယူဆောင်၍ ဇနပုဒ်ရွာ သူဌေးသမီးနဲ့ လက်ထပ် မင်္ဂလာပြုပြီး သင့်ရွာအလယ်၌ ဘုံခုနစ်ဆင့်ရှိသော အိမ်ကို (နှစ်ထပ်အိမ်ကို) ဆောက်လုပ်၍ တံတိုင်း အကာအရံ ယောက်ျား အစောင့်အရှောက်ဖြင့် အစောင့်အရှောက်ကောင်းကောင်း ပြုပေးပါ။ ဒီလိုဒီလို ဆောင်ရွက်ပြီးစီးပါပြီဟု ကျွန်ုပ်ထံ အကြောင်းပြန်ပါ။ ယခု ရေးသားမှာကြားသည့်အတိုင်း ပြုပြီးလျှင် ကျွန်ုပ်သည် သင့်အား ပြုသင့်ပြုထိုက်သည်ကို သိပါမည်။

အင်း...ငါအိပ်ရေး ဝသွားပြီ။ ထမင်းစားပြီး ခရီးဆက်သွားမှပဲ။ ဩော်...ငါခရီးဆက်ခဲ့တာ စောစောစီးစီး ငါ့ဖခင်ပိုင် ရွာတစ်ရာကို ရောက်ခဲ့ပြီ၊ ဖခင်ရဲ့ စာရင်းကိုင်ထံ သွားမှပဲ။

အမောင် ဘာကိစ္စလဲ။

ကျွန်တော့်ဖခင်က ဦးထံ စာတစ်စောင် ပေးခိုင်းလိုက်လို့ပါ။

အမောင် ဘာစာများပါလိမ့်။ ပြစမ်းပါဦး။

ဟာ...ကြည့်ကြစမ်းဟေ့။ ငါ့သခင်သူဌေးက ငါ့အပေါ်မှာ ချစ်ခင်မြတ်နိုးယုံကြည်မှုအပြည့်ဖြင့် ငါ့သားကြီးကို မင်္ဂလာဆောင်ပေးလိုက်ဖို့ ငါ့ထံ စေလွှတ်လိုက်တယ်။ ကဲ...ကဲ...မဏ္ဍပ်တိုင်၊ မဏ္ဍပ်ဝါးတွေ အမြန်ယူခဲ့ကြဟေ့။ ကဲ...ရွာလယ်မှာ နှစ်ထပ်အိမ် ဆောက်ကြဟေ့။ ဒီရွာတစ်ရွာက လက်ဆောင်တွေကို ယူခဲ့ကြ။ ဇနပုဒ်သူဌေးထံ သွားကြစို့။

သူဌေးမင်း ကျုပ်ရဲ့သခင် ကောသမ္ဗီသူဌေးက ကျုပ်ကို ယုံကြည်စိတ်ချစွာ သူဌေးမင်းသမီးနဲ့ ကျုပ်သခင် သူဌေးရဲ့သား ဃောသကကို လက်ထပ်ပေးဖို့ စေလွှတ်လိုက်ပါတယ်။

ကောင်းပေဗျာ။ ကောင်းပေဗျာ။

ကောသမ္ဗီသူဌေးရဲ့သား ဃောသကနဲ့ ဇနပုဒ်သူဌေးရဲ့သမီး ထိမ်းမြားလက်ထပ်ခြင်းကိစ္စကို ဆောင်ရွက်ပြီးပြီ။ ငါ့သခင် ကောသမ္ဗီသူဌေးထံ လက်ထပ်မင်္ဂလာ ပြီးစီးကြောင်း အကြောင်းကြားမှပဲ။

ဩော်...ငါပြုတာ မဖြစ်၊ မပြုတာ ဖြစ်လာပါကလား။ ငါ့သားရင်းလည်းဆုံးရှာပြီ၊ ငါမမြင်ချင်တဲ့ မွေးစားသား သားယုတ်ဃောသကက ဇနပုဒ်သူဌေးသမီးနဲ့ အကြောင်းမှားပြီး ကောင်းစားနေတယ်၊ ငါ့စိတ်ချမ်းသာခွင့် လုံးဝမရပါလား။ အမယ်မင်း ဝမ်းတွင်းက ပူလိုက်တာ။ ဟင်...ဝမ်းသွေးတွေ သွားနေပါလား။

ငါ့သားပျက် ဃောသကကို ငါ့ပစ္စည်းဥစ္စာ အမွေအနှစ်ဥစ္စာရှင် အဖြစ်ကို ပြုမပေးနိုင်။ ဟေ့...စာရင်းကိုင် လာစမ်း။ ငါ့သားကို မြင်လိုတယ်။ သင့်အခိုင်းအစေတစ်ယောက်ကို စေလွှတ်ပြီး ငါ့သား ဃောသကကို ခေါ်ပေးစမ်း။

ကောင်းပါပြီ သခင်၊ စာရေးပြီး အခေါ်ခိုင်းလိုက်ပါမည်။

အထိန်းတော်များ ငါ့ယောက္ခမ ကောသမ္ဗီ သူဌေးထံမှ လူတစ်ဦး တစ်ယောက် ရောက်လာလျှင် ငါ့ကိုမပြောဘဲ ငါ့အရှင် သူဌေးသားကို မပြောကြနဲ့။

ကောင်းပါပြီ သခင်မ။

ငါ့တို့အိမ် တံခါးဝမှာ လာရပ်နေတာ မည်သူလဲ၊ ခေါ်ခဲ့စမ်း။

သင်က ဘာကိစ္စနဲ့ လာတာလဲ။

သခင်မ ယောသကသူဌေးသားရဲ့ဖခင် ကောသမ္ဗီသူဌေး နေမကောင်းဖြစ်နေပါတယ်။

သား ယောသကကို အခေါ်လွှတ်ပေးဖို့ အခေါ်လွှတ်လိုက်လို့ လာတယ်။

ကောင်းပြီ၊ သူဌေးကြီးက အားကောင်းနေသေးသလား၊ အားနည်းနေသလား။

သခင်မ သူဌေးကြီး အားကောင်းပါသေးတယ်။ အစာစားနိုင်သေးတယ်။

ဟော့...ဟော့...ဒီအကြောင်းကို ငါ့အရှင်သူဌေးသားကို အသိမပေးကြနဲ့။

ယောက္ခမသူဌေးကြီးထံမှ လွှတ်လိုက်တဲ့လူ လာပါဦး။ ဒါက သင်ဝတ်ဖို့ အဝတ်အထည်။ ဒါက သင်စားဖို့ အစားရိက္ခာ၊ ငါပြန်လွှတ်မှ သင်ပြန်ပါ။ ဒီရွာတစ်ရာမှာ နေပါဦး။

ကောင်းပါပြီ။

ဟော့...စာရင်းကိုင် ဘယ်လိုလဲ၊ ငါ့သားကို အခေါ်မလွှတ်ဘူးလား။

သခင် အခေါ်လွှတ်ပါတယ်၊ ပြန်မလာသေးပါ။

ဒါဖြင့်လျှင် နောက်ထပ်တစ်ယောက် လွှတ်လိုက်ဦး။

ကောင်းပါပြီ သခင်။

ဩော်...ယောက္ခမကြီးထံက တစ်ယောက်လာပြန်တာလား။

ဟုတ်ပါတယ်။

သူဌေးကြီးရဲ့ရောဂါ ဘယ်လိုနေသလဲ။

သခင်မ သူဌေးကြီးရဲ့ရောဂါ တော်တော်ပြင်းထန်နေပါတယ်။ ထမင်းတစ်လုတ် စားလိုက်လျှင် တစ်လုတ်စာ ပြန်ထွက်တာပါပဲ။

ဩော်...အခြေအနေ တော်တော်ဆိုးနေပါလား။ သူဌေးကြီးထံ မပြန်ပါနဲ့ဦး၊ ဒီမှာပဲနေပါ။ ဒါက ဝတ်ဖို့ အဝတ်အထည်၊ ဒါက စားဖို့ အစားရိက္ခာ။

ကောင်းပါပြီ သခင်မ။

* * *

ဟော့...စာရင်းကိုင် လာပါဦး။ ငါ့သားကို အခေါ်မလွှတ်ဘူးလား။

လွှတ်ပါတယ်သခင်၊ သွားတဲ့လူ ပြန်မလာသေးပါဘူး။

ဒါဖြင့်လျှင် နောက်ထပ်တစ်ယောက် လွှတ်လိုက်ဦး။

ကောင်းပါပြီ သခင်။

ဩော်...ငါ့ယောက္ခမထံမှ ငါ့အရှင်ယောကျ်ား ယောသကကို အခေါ်လွှတ်လိုက်တာ သုံးကြိမ်သုံးခါရှိပြီ၊ ဒီလူကို မေးကြည့်ဦးမှပဲ။

ဘယ့်နှယ်လဲ ယောက္ခမသူဌေးကြီးရဲ့ရောဂါ သက်သာလာပြီလား။

သခင်မ ဘယ်သက်သာလိမ့်မလဲ၊ ပိုပြီး ဆိုးဝါးပြင်းထန်နေတယ်၊ အစာ လုံးဝ မဝင်တော့ဘူး၊ သေဖို့ပဲ ရှိတော့တယ်။

ဩော်...ဒီလောက်ထိ ရောဂါဆိုးနေပြီလား၊ အရှင် ယောသကကို ပြောမှပဲ၊ သွားဖို့ အချိန်တန်ပြီ။

မောင်၊ မောင့်ဖခင်ကြီး မကျန်းမမာဖြစ်နေသတဲ့။

ဘယ်အခြေအနေ ရောက်နေပြီတဲ့လဲ။

တော်တော် အခြေအနေ ဆိုးနေသတဲ့။

ယခု ဘယ်လို လုပ်မလဲ။

မောင်...ရွာတစ်ရာက ထွက်ပေါ်တဲ့ လက်ဆောင်ပစ္စည်းများကို ယူပြီး သွားတွေ့မှပဲ။

အေး၊ ကောင်းတယ်၊ ကောင်းတယ်။

မောင်...မောင့်ဖခင်က တော်တော် အားနည်းနေတယ်။ ယခု လက်ဆောင်တွေ အများကြီးယူပြီး လာခဲ့ကြတာ၊ ခရီးကြန့်ကြာနေတယ်၊ မြန်မြန်ရောက်အောင် ဒီလက်ဆောင်ပစ္စည်းတွေကို ကျွန်မတို့ ရွာက ဆွေမျိုးများအိမ်ကို ပို့ခိုင်းလိုက်မှပဲ။

ကောင်းပါပြီ ရှင်မ။

မောင့်ဖခင်ကြီးထံ ရောက်တဲ့အခါ မောင်က ဖခင်ကြီးရဲ့ ခြေရင်းမှာ ရပ်ပါ။

ယောကျ္ာမသူဌေးကြီးအိမ်တော့ ရောက်လာကြပြီ။ အမောင်တို့ သင်တို့က ဒီအိမ်ရဲ့ ရှေ့ကရော၊ နောက်ကရော စောင့်နေကြပါ။

ကောင်းပါပြီ သခင်မ။

သခင်သူဌေးကြီး ပက်လက်အိပ်နေတာ အိပ်ပျော်ပါရဲ့လား။

သင်က ဘယ်သူလဲ။

သူဌေးကြီးရဲ့ စာရင်းကိုင်ပါ။ သူဌေးကြီးကို အသာအယာ နှိပ်ပေးနေပါတယ်။ သူဌေးကြီးသား ဃောသက ရောက်လာပါပြီ။

သူဘယ်မှာလဲ။

သူဌေးကြီးရဲ့ ခြေရင်းမှာ ရပ်နေပါတယ်။

အင်း...အင်း...သားကို ငါမြင်ရပြီ။

ဟော့...ပစ္စည်းထိန်းကို ခေါ်ပေးကြစမ်း။

ရောက်လာပါပြီ သခင်။

ငါ့ပစ္စည်းကို ထိန်းတဲ့လူ ငါ့အိမ်မှာ ငါ့ဥစ္စာပစ္စည်း ဘယ်လောက်ရှိသလဲ။

သခင် သူဌေး၊ ရွှေငွေဥစ္စာ ကုဋေလေးဆယ် ရှိပါတယ်။

နေ့တိုင်း မပြတ်သုံးဆောင်ခံစားအပ်တဲ့ ဥစ္စာဘဏ္ဍာ၊ တောရွာ၊ လယ်၊ ကျွန်၊ နွား၊ ကျွဲ၊ ဆင်ယာဉ်၊ မြင်းယာဉ်၊ လှည်းတို့က ဤမျှဤမျှ ရှိပါတယ်။

ကောင်းပါပြီ။ ငါ၏ ဤမျှသော ရွှေငွေ ပစ္စည်းဥစ္စာအဖြာဖြာကို ငါ့သားဃောသက ပေးပါ၏။

သူဌေးကြီးသည် ငါ၏ ရွှေငွေ ပစ္စည်းဥစ္စာအဖြာဖြာကို ငါ့သားဃောသကအား မပေးဟု ဆိုလိုသော်လည်း ပေးပါ၏ဟု လွဲလွဲချော်ချော် ဆိုမိရှာလေ၏။

သူဌေးသမီးသည် ငါ့ယောက္ခမသူဌေးကြီး နောက်ထပ် စကားပြောခဲ့လို့ "ပေးပါ၏"ဟူသော စကားမှ ပြောင်းလွဲပြီး တစ်မျိုးတစ်ဖုံပြောခဲ့လျှင် ငါတို့ စိတ်မကောင်းဖွယ် ဖြစ်ရတော့မည်။ ငါသည် ဆံပင်ကို ကို့ယို့ကားယား ဖြေချပြီး ငိုသည့်အသွင်ကို ဆောင်လျက် ငါ၏ ဦးခေါင်းဖြင့် သူဌေးကြီး၏ရင်ဝကို တအားတိုက်ပြီး နောက်ထပ်၍ စကားမပြောနိုင်အောင်လုပ်မှ တော်တော့မည် ကြံရွယ်ပြီး ကြံရွယ်တိုင်း ပြုလေ၏။

အို...ဖခင် ဘယ်လိုစကားတွေကို ပြောလိုက်ပါသလဲ။ ငါ၏ ရွှေငွေ ပစ္စည်းဥစ္စာအဖြာဖြာကို ငါ၏သား ဃောသကအား ပေးပါ၏ ဟူသော စကားကို ကြားရသော ကျွန်တော်မတို့မှာ ကျက်သရေ မရှိကြတော့ပါ။ အမယ်မင်း ဝမ်းနည်းလှ၊ ပူဆွေးလှချည်ရဲ့။

ဟော့...ဟော့...ငါတို့သူဌေးကြီး ကွယ်လွန်ပြီ၊ ဥတေနမင်းထံသွား သံတော်ဦးတင်အကြောင်းကြားချေ။

ကောင်းပါပြီ။

*　　　*　　　*

အမတ်ကြီးများ ကောသမ္ဗီသူဌေးရဲ့ အလောင်းကို ကောင်းစွာ သင်္ဂြိုဟ်ပြီးကြပြီလား။

သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အရှင်မင်းကြီး။

ကောသမ္ဗီသူဌေးမှာ သားသမီးရှိသလား။

အရှင်မင်းကြီး ကောသမ္ဗီသူဌေးမှာ ဃောသကဆိုတဲ့ သား တစ်ယောက်ရှိပါတယ်။ ရွှေငွေကအစ စည်းစိမ်ဥစ္စာ အားလုံးကို သား ဃောသကအား ပေးကမ်းအပ်နှံပြီး ကွယ်လွန်သွားပါသည် အရှင်မင်းကြီး။

ကောင်းပြီ၊ မနက်ဖြန် ဃောသကကို ငါမင်းမြတ်ရှေ့တော်မှောက် အရောက်သွင်းကြစေ။

*　　　*　　　*

အင်း...ငါ ဒီနေ့ ဥတေနမင်းထံ အခစားဝင်ရမှာပါလား၊ မိုးရွာ ထားလို့ ရေကွက်တွေအနှံ့ ဖြစ်နေတယ်၊ ငါ့ခြေကို ရွှံ့ရေမလူး မစွတ်အောင် ရေကွက်တွေကို ခုန်ကျော်သွားမှပဲ။

ဩော်...ပြတင်းပေါက်ဖွင့်ပြီး ကြည့်ဦးမှပဲ၊ အဝေးကလာတာ ဃောသကထင်တယ်၊ ငါ့နန်းတော်ဝင်းအတွင်းက ရေကွက်တွေကို ခုန်ကျော်လာနေတယ်။

မောင်းမင်း ဃောသကလား။

မှန်ပါသည် အရှင်မင်းကြီး။

သင့်ဖခင် ကွယ်လွန်သွားသော်လည်း မစိုးရိမ်နဲ့၊ သင့်ဖခင်၏ အမွေအနှစ်ဖြစ်သော သူဌေးရာထူးကို သင့်အား ငါပေးမည်။

ကောင်းပါပြီ အရှင်မင်းကြီး။

ကဲ...ကဲ...မောင်းမင်း ပြန်ချင်ပြန်တော့။

ကောင်းပါပြီ အရှင်မင်းကြီး။

အင်း...ဃောသကတော့ ပြန်သွားပြီ၊ သူ့ကို ပြတင်းပေါက်က လှမ်းကြည့်ဦးမှပဲ။

ဩော်...ဃောသကဟာ ငါ့နန်းတော်လာစဉ်က ရေကွက်တွေကို ခုန်ကျော် ခုန်ကျော် လာခဲ့တယ်။ နန်းတော်က ပြန်တော့ ရေကွက်တွေကို ခုန်ကျော်မသွားဘဲ ရေကွက်တွေထဲ ဆင်းပြီး ဖြေးဖြေးညင်းညင်းသွားနေတယ်၊ သူ့ကို ပြန်ခေါ်ပြီး မေးဦးမှပဲ။

ဟေ့...ဟေ့...ယခု ငါ့နန်းတော်က ပြန်သွားတဲ့ ဃောသကကို အမြန်လိုက်ပြီး ပြန်ခေါ်ခဲ့။

မှန်လှပါ အရှင်မင်းကြီး။

ဃောသက၊ အရှင်မင်းကြီးထံ ပြန်ရောက်ခစားနေပါပြီ။

ဟေ့...ဃောသက မောင်မင်းသည် ငါ့ထံ လာစဉ်က ရေကွက်တွေကို ခုန်ကျော်လာခဲ့တယ်၊ ငါ့ထံကပြန်တော့ ရေကွက်တွေကို မခုန်ကျော်ဘဲ ရေကွက်တွေထဲဆင်းပြီး ဖြေးညင်းသာယာသွားတာကို ငါမြင်ရတယ်၊ ဒါက ဘာသဘောလဲ။

မှန်လှပါ အရှင်မင်းကြီး၊ အရှင်မင်းကြီးထံ ကျွန်တော်မျိုး လာစဉ်က ကျွန်တော်မျိုးဟာ လူငယ်လူရွယ်ဖြစ်လို့ ပြော်မြူးတတ်တဲ့အချိန်ဖြစ်ပါတယ်။ ယခုတော့ အရှင်မင်းကြီးထံမှ သူဌေးရာထူးကို ခံယူခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် သူဌေးရာထူး မရမီကလို မသွားတော့ဘဲ ဖြေးညင်းသာယာ သွားဖို့သင့်သည်ဟု သဘောရပြီး အရှင်မင်းကြီး မြင်သည့်အတိုင်း လာခြင်းပြန်ခြင်း ဖြစ်ပါတယ်။

အင်း…ဒီဃောသကဟာ တည်ကြည်တဲ့ပုဂ္ဂိုလ်ပဲ၊ ယခုပဲ သူ့အား သူဌေးရာထူးကို ပေးတော့မည်။

ဟော့…မောင်ဃောသက ငါသည် သင့်အား သင့်ဖခင် ခံစားခွင့်ရှိခဲ့တဲ့ အခွင့်အရေးအားလုံးနဲ့တကွ သူဌေးရာထူးကို ပေးလိုက်ပြီ။

ကောင်းလှပါပြီ အရှင်မင်းကြီး။

ကဲ…ရှင်မရေ တို့ရဲ့ ကျေးဇူးရှင် မိခင်သဖွယ်ဖြစ်တဲ့ ဒေါ်ကာလီနဲ့အတူ ဒီကောသမ္ဗီမြို့ကို လှည့်လည်ကြည့်ကြရအောင်။

ကောင်းပါပြီ မောင်။

အဒေါ်ကာဠီ။

ဘာလဲ ချစ်သမီး။

အဒေါ်ကာဠီရဲ့သား ဃောသကဟာ သူ့ကိုသတ်ဖို့ ရေးပေးလိုက်တဲ့စာကို သူ့ပုဆိုးစွန်းမှာ ထုပ်ပြီး ကျွန်မတို့အိမ်ကို ရောက်လာတယ်။ အဲဒီစာကို ကျွန်မက ဆုတ်ပစ်လိုက်ပြီး ကျွန်မနဲ့ မင်္ဂလာဆောင်ပေးဖို့ စာရေးပြီး သူ့ပုဆိုးစွန်းမှာ ပြန်ထုပ်ပေးလိုက်လို့ သူ့အသက်မသေတာ။ အဲဒီအချိန်ကစပြီး ကျွန်မ သူ့ကို စောင့်ရှောက်ခဲ့တာ။

ချစ်သမီး၊ သင်က ဒီလောက်ကိုသာမြင်တာ၊ ဒီဃောသကကို သူဌေးကြီးဟာ ငယ်စဉ်ကစပြီး သတ်လိုသော်လည်း သေအောင် မသတ်နိုင်ဘူး။ အမှန်စင်စစ် ဒီဃောသကကို အကြောင်းပြုပြီး သူဌေးကြီးရဲ့ ပစ္စည်းဥစ္စာများစွာ ကုန်ခဲ့တယ်။

အဒေါ်ကာဠီ သူဌေးကြီးဟာ အလွန်ဝန်လေးတဲ့ကိစ္စကို ပြုခဲ့တာပဲ။ အဒေါ်ကာဠီ မြို့ကို လှည့်ကြည့်ခဲ့ကြတာ ယခု အိမ်ပြန်ရောက်ကြပြီ။

* * *

ဒီလောက်များတဲ့ စည်းစိမ်ဟာ ငါ့ကို အမှီပြုပြီး ဖြစ်လာတာပဲ၊ ဟဲ...ဟဲ...ဟဲ...။

ဟော့...ချစ်ဇနီး၊ ဘာပြုလို့ ဒီလိုပြုံးရ ရယ်ရတာလဲ။

အကြောင်းတစ်ခုကို အောက်မေ့မိလို့ ပြုံးရယ်တာပါ မောင်။

အဲဒီအကြောင်းကို ပြောစမ်းပါဦး။

မပြောချင်ပါဘူး။

အို...ပြောစမ်းပါဆို။

မပြောဘူး၊ မပြောဘူး။

အေး...ဒီမှာကြည့်၊ မပြောရင်တော့ နင့်ကို ဒီသန်လျက်နဲ့ ခုတ်သတ်ဖြတ်ပစ်မယ်။

မောင် ဒီလောက်သိချင်ရင် ပြောပြပါမည်။

ဒီလောက်များတဲ့ စည်းစိမ်ကို မောင်ဟာ ကျွန်မကိုအမှီပြုပြီး ရခဲ့တယ်လို့ စဉ်းစားပြီး ပြုံးမိတာပါ။

ငါ့ရဲ့ဖခင်က သူ့ပစ္စည်းတွေကို ငါ့ကိုပေးခဲ့၊ အပ်ခဲ့တာပဲ။ ဒီလို ပေးခဲ့ အပ်ခဲ့တာ သင်က ဘာဖြစ်သေးလို့လဲ။

(ယောသကသည် ဒီအချိန်ထိ ဘာတစ်ခုကိုမျှ မသိခဲ့တာကြောင့် အိမ်ရှင်မ သူဌေးသမီးရဲ့စကားကို မယုံတတ်ဘဲ ဖြစ်နေရှာတယ်။)

သင့်ဖခင်က သင့်ကိုသတ်ဖို့ စာရေးပေးလိုက်တာ၊ ကျွန်မက အဲဒီစာကို ဆုတ်ပစ်ပြီး မောင်နဲ့ကျွန်မကို လက်ထပ်ပေးပါလို့ စာပြင်ရေးပေးလိုက်တာ။ မောင့်ဖခင်သူဌေးကြီးက အမှန်အားဖြင့် သူ့ပစ္စည်းတွေကို မောင့်အား ပေးလိုတာ မဟုတ်ဘူး။ ယောင်မှားပြီး ပေးခဲ့ပါ၏လို့ ပြောပြီးတဲ့အခါ နောက်ထပ် စကားပြန်မပြောနိုင်အောင် ကျွန်မက ငိုချင်ဟန်ဆောင်ပြီး သူ့ရင်ဝကို ဦးခေါင်းနဲ့ ရိုက်ဖိသတ်လိုက်တာ၊ ဒါကြောင့် ရှင်ဟာ ဒီစည်းစိမ်အားလုံးကိုရလိုက်တာ။

ငါ့ကို ဒီလိုမဟုတ်တာတွေ ပြောနေတာ။ ငါမယုံဘူး။ အမိ ကာဠီကို ငါမေးကြည့်မှာ

အမိကာဠီ၊ ဒီကောင်မက ဒီလိုပြောနေပါတယ်၊ ဟုတ်ပါ့မလား။

ချစ်သား၊ သင့်ရဲ့ဇနီး ပြောတာလဲ အမှန်ပဲ။ သင့်ကို မွေးကင်းစ အရွယ်ကစပြီး သေအောင်ပြုခိုင်းခဲ့တယ်။ သင်မသေလို့ သင့်အတွက်နဲ့ ဥစ္စာပစ္စည်း အများကြီးကုန်ခဲ့တယ်။ သင်ဟာ ခုနစ်နေရာမှာ သေဘေးက လွတ်ခဲ့တယ်။ ယခု ဘောဂရှာက ကောသမ္ဗီမြို့ကို ရောက်လာပြီး ပစ္စည်းဥစ္စာအားလုံး အဆောင်အယောင်နဲ့ အတူ သူဌေးရာထူးရခဲ့ရတာ။

ဩော်…ငါ့ရဲ့ဘဝ ဖြစ်ခဲ့ရပုံတွေဟာ အံ့ဩလောက်အောင် ဝန်လေးလှပါလား။ ဒီလို သေဘေးလွတ်ခဲ့တဲ့ ငါဟာ မေ့မေ့လျော့လျော့ အသက်ရှင်နေဖို့ မသင့်ဘူး၊ မမေ့မလျော့သူဖြစ်အောင် လုပ်မှပဲ။

*　　　*　　　*

အို…မိတ္တသူကြွယ်၊ ကျုပ်ရဲ့ကိုယ်စား နေ့စဉ်နေ့တိုင်း ငွေတစ်ထောင်၊ တစ်ထောင် အကုန်ကျခံဖွင့်လှတ်ပြီး ခရီးသွားသူ၊ အထီးကျန်(အားကိုးရာမဲ့)သူ၊ တောင်းစားသူတို့အား ထမင်းစားသောက်ဖွယ်ကို ပေးလှူပေးပါ။

ကောင်းပါပြီ သူဌေးမင်း။

**ဃောသကသူဌေးဝတ္ထုပြီး၏။**

အမောင်ကုန်သည်တို့၊ သင်တို့ ဘယ်မြို့က လာခဲ့ကြတာလဲ။

ဘဒ္ဒဝတီမြို့က လာခဲ့ကြပါတယ်၊ သူဌေးမင်း။

ဟုတ်လား၊ ဘဒ္ဒဝတီသူဌေးရဲ့ စည်းစိမ်က ဘယ်မျှ များပြားပါသလဲ၊ အရွယ်က ဘယ်လောက်ကြီးပြီလဲ၊ သူ့ဂုဏ်သတင်းက ဘယ်အထိ ပျံ့နှံ့ကျော်ကြားသလဲ။

ကျွန်တော်တို့ ဘဒ္ဒဝတီသူဌေးရဲ့ စည်းစိမ်က ကုဋေလေးဆယ်မကပေါ်များပါတယ်၊ အသက်လေးဆယ် အရွယ်လောက်ပါ၊ သူ့ရဲ့ဂုဏ်သတင်းကတော့ ဘဒ္ဒဝတီတိုင်းပြည်တစ်ခုလုံးမှာ ပျံ့နှံ့ပါတယ်။

အင်း...ငါဘဒ္ဒဝတီသူဌေးနဲ့ မိတ်ဆွေဖြစ်အောင် လုပ်မှပဲ။

ကြားရတာ ဝမ်းသာပါတယ် ကုန်သည်တို့၊ ဒီလက်ဆောင်ပစ္စည်းတွေကို ဘဒ္ဒဝတီသူဌေးအား ပေးလိုက်ပါ။

ကောင်းပါပြီ ကောသမ္ဗီသူဌေး။

* * *

အမောင် ကုန်သည်တို့ သင်တို့ ဘယ်မြို့က လာခဲ့ကြတာလဲ။

ကောသမ္ဗီမြို့က လာခဲ့ကြတာပါ။

သင်တို့ ကောသမ္ဗီသူဌေးရဲ့ စည်းစိမ်က ဘယ်လောက်များသလဲ။ အသက်အရွယ် ဘယ်လောက်ရှိပြီလဲ။ သူ့ရဲ့ ဂုဏ်သတင်းက ဘယ်အထိ ပျံ့နှံ့ကျော်စောသလဲ။

ကျွန်တော်တို့ ဃောသကသူဌေးက ကုဋေလေးဆယ်မက ကြွယ်ဝသူပါ၊ အသက်အရွယ်ကတော့ လေးဆယ်ကျော်လောက်ပါပဲ၊ သူ့ရဲ့ဂုဏ်သတင်းကတော့ ကောသမ္ဗီတစ်မြို့လုံး ပျံ့နှံ့ကျော်ကြားပါတယ်။

အင်း...ဃောသကသူဌေးနဲ့ မိတ်ဆွေဖြစ်အောင် လုပ်မှပဲ။

ဒီမှာကုန်သည်တို့ ဒီလက်ဆောင်ပစ္စည်းတွေကို ဃောသကသူဌေးထံ ပို့ပေးကြပါ။

ကောင်းပါပြီ ဘဒ္ဒဝတီ သူဌေးမင်း။

(ဘဒ္ဒဝတီသူဌေးနှင့် ကောသမ္ဗီသူဌေးကို တစ်ဦးနှင့်တစ်ဦး မြင်ဘူးခြင်း မရှိကြဘဲ ရင်းနှီးသည့်မိတ်ဆွေများ ဖြစ်နေကြရာ အချိန်အတော်ကြာလာသောအခါ ဘဒ္ဒဝတီသူဌေးအိမ်၌ အဟိဝါတမည်သောယဉ်းနာရောဂါ ကျရောက်လေ၏။ ထိုရောဂါ ကျရောက်ရာအိမ်၌ ရှေးဦးစွာ ယင်ကောင်တွေ သေကုန်၏။ ထို့နောက် အစဉ်အတိုင်း ပိုးကောင်၊ ကြွက်၊ ကြက်၊ ဝက်၊ နွား၊ ကျွန်မိန်းမ၊ ကျွန်ယောကျ်ားတို့ သေကုန်၏။ နောက်ဆုံး၌ အိမ်ရှိလူများ သေကြရသည်။ ထိုရောဂါကျရောက်ရာအိမ်၌ နံရံကို ဖောက်ဖျက်ထွက်ပြေးသူတို့သာ အသက်ရှင်လေကုန်၏။)

ရှင်မ သူဌေးကတော် ငါတို့အိမ်မှာ အဟိဝါတ ယဉ်းနာကျလို့ သမီးကလေး သာမာနဲ့အတူ အိမ်နံရံကို ဖောက်ဖျက် ထွက်ပြေးခဲ့ကြလို့ သေကံမရောက် သက်မပျောက်ခဲ့ကြဘူး။

ဟုတ်ပါတယ် သူဌေး။

ယခုလို ငါတို့ ဒုက္ခနဲ့ ကြုံတဲ့အခါ အားကိုးရမည့်သူကို စဉ်းစားကြည့်တော့ တစ်ခါမျှ မတွေ့ရဘဲ မိတ်ဆွေရင်းချာဖြစ်နေတဲ့ ဃောသကသူဌေးကို အောက်မေ့မိတယ်၊ သူရှိရာ ကောသမ္ဗီမြို့ကို သွားကြစို့။

ကောင်းပါပြီ မောင်သူဌေး။

သြော်...ငါတို့ ကောသမ္ဗီပြည်ကို လာခဲ့ကြတာ မရောက်မီ လမ်းခရီးမှာပဲ စားနပ်ရိက္ခာလဲကုန်၊ လေ နေပူက နှိပ်စက်၊ ဆာလောင်မွတ်သိပ်ကြလို့ ပင်ပင်ပန်းပန်း ဆင်းရဲငြိုငြင်စွာ လာခဲ့ကြတာ ကောသမ္ဗီမြို့အနီး ရောက်လာကြပြီ။ ကဲ...ရေချိုးဖို့ ရေကန်တွေ့ပြီ၊ ရေချိုးကြဦးစို့။

ရေချိုးပြီးကြပြီ၊ မြို့တံခါးဝအနီး ဇရပ်တစ်ခုတော့ မြင်ရပြီ၊ ဇရပ်ပေါ်တက်နေကြစို့။

ကောင်းပါပြီ မောင်သူဌေး။

သူဌေးကတော်ရဲ့၊ ဒီပုံစံနဲ့ သွားကြရင် အမေရင်းကတောင် ကြည့်ချင်မှာ မဟုတ်ဘူး။ ငါ့မိတ်ဆွေ ဃောသကသူဌေးဟာ နေ့စဉ် နေ့တိုင်း ငွေတစ်ထောင်စွန့်လွှတ်ပြီး ခရီးသွားသူ၊ အထီးကျန် (အားကိုးရာမဲ့)သူ၊ တောင်းစားသူတို့အား စားသောက်ဖွယ်ကို ပေးလှူနေတယ်လို့ သိရတယ်။ အဲဒီပေးလှူတဲ့နေရာကို သမီးသာမာကို စေလွှတ်ပြီး စားသောက်ဖွယ်ကို အယူခိုင်းရအောင်။ ဒီနေရာမှာပဲ တစ်ရက်၊ နှစ်ရက်စားသောက်ပြီး ခန္ဓာကိုယ်ရွှင်လန်းကာမှ တို့မိတ်ဆွေ ဃောသက သူဌေးထံ သွားကြရအောင်။

မောင် ကောင်းပါတယ်။

သမီး သာမာရေ ငါ့သမီး အိပ်ပျော်နေတုန်းလား၊ ထပါကွယ်။ မျက်နှာသစ်ပော့၊ အားကိုးရာမဲ့သူ၊ ခရီးသွားသူ၊ တောင်းစားသူတွေ စားစရာယူဖို့ သွားကြပြီ။ သမီးလည်း သူတို့နဲ့အတူ လိုက်သွားပြီး ငါတို့အတွက်ပါ တောင်းယူခဲ့ပါ။

ကောင်းပါပြီ မိခင်။

(မဟာဘောဂ စည်းစိမ်ရှင် အမျိုးသမီး သာမာသည် ဝိပတ္တိပျက်စီးမှုနှင့် ကြုံသည့်အခါ မရှက်နိုင်တော့ဘဲ ထည့်စရာခွက်ကို

ကိုင်၍ ခရီးသွားသူ၊ အထီးကျန် (အားကိုးရာမဲ့)သူ၊ တောင်းစားသူတို့နှင့်အတူ ထမင်းပေးရာသို့ သွားရှာလေ၏။)

သမီး ဘယ်နှစ်ယောက်စာ ယူမှာလဲ။

သုံးယောက်စာ ယူမှာပါဦး။

ကောင်းပြီရော့၊ ယူသွား။

သမီးရေ စားဖို့ ရခဲ့သလား။

ရခဲ့ပါတယ် မိခင်။

ကဲ...တို့သုံးယောက် စားကြစို့။

မောင် သူဌေး၊ ဝိပတ္တိနဲ့ ကြုံသည့်အခါ ဝိပတ္တိဆိုတာ မဟာကုလအမျိုးကြီးတို့မှာလဲ ဖြစ်တာပဲ၊ ကျုပ်တို့ကို ငဲ့ကွက်ပြီး မစားဘဲ မနေပါနဲ့၊ စိတ်မကောင်းလဲ မဖြစ်ပါနဲ့။

ဟုတ်ပါတယ် ဖေဖေ၊ မေမေ ပြောသလိုပဲ၊ စိတ်မကောင်းစရာတွေ စဉ်းစားမနေပါနဲ့၊ ဖြစ်သမျှအကြောင်း အကောင်းချည်း အောက်မေ့ပြီး သမီးတောင်းယူခဲ့တဲ့ ထမင်းကို စားပါဖေဖေ။

ကောင်းပါပြီ သမီး၊ ဖေဖေ စားပါတယ်။

*　　　*　　　*

ကယ်ကြပါဦး တော်တို့ ကျွန်မရဲ့ဖခင် အစာမကြေလို့ အစာမကြေရောဂါနဲ့ ကွယ်လွန်ရှာပါပြီ၊ အဖေရယ် ဖြစ်မှဖြစ်ရလေခြင်း။

ဟီး...ဟီး...ဟီး။

*　　　*　　　*

သမီး ဘယ်နှစ်ယောက်စာ ယူမှာလဲ။

နှစ်ယောက်စာ ယူမှာပါဦး။

အေး...အေး၊ ရော့...ရော့...ယူ။

မေမေ ဒီကနေ့တော့ ဖခင်လည်း မရှိတော့ဘူး၊ မေမေ ဝအောင် သုံးဆောင်ပါ။

အေးကွယ်၊ သမီးက စားစေချင်တာကို စားပါတယ်၊ စားပါတယ်။

* * *

ကယ်ကြပါဦးတော် ကျွန်မအမေလည်း အစာမကြေရောဂါနဲ့ သေရှာပြန်ပါပြီ၊ ကျွန်မတစ်ယောက်တည်း ဘယ်လို နေရစ်ရမှာလဲ။ ကျွန်မတော့ အားကိုးရာမဲ့ ဖြစ်ပါပြီတော့။ ဟီး...ဟီး...ဟီး။

* * *

သမီး ဘယ်နှစ်ယောက်စာ ယူမှာလဲ။

တစ်ယောက်စာ ယူမှာပါဦး။

ဒီကလေးမ ငါမှတ်မိနေတယ်၊ ပထမနေ့တုန်းက သုံးယောက်စာ ယူသွားတယ်၊ မနေ့က နှစ်ယောက်စာ ယူသွားတယ်၊ ဒီနေ့တော့ တစ်ယောက်စာ လာတောင်းတယ်၊ သိကြရောပေါ့။

ဟဲ့...သူယုတ်မလေး၊ နောက်ဆုတ်၊ ဒီနေ့တော့ နင့်မိုက်ပြည့်ဖို့လောက် သိတာပါလား။

(အရှက်အကြောက်နှင့် ပြည့်စုံသော အမျိုးသမီး သာမာသည် ရင်ဝပေါ်၌ လှံကို စိုက်လိုက်သကဲ့သို့၊ အနာဝ၌ ဆားငန်ရေကို လောင်းလိုက်သကဲ့သို့ ဖြစ်ရှာပြီ။)

ဦးရယ် ဘယ်လို ပြောလိုက်တာလဲ။

ဟဲ့...နင့်ကို ငါမှတ်မိတယ်၊ ပထမနေ့တုန်းက သုံးယောက်စာ တောင်းတယ်၊ မနေ့က နှစ်ယောက်စာ တောင်းတယ်၊ ဒီနေ့ တစ်ယောက်စာတောင်းတယ်။ ဒီနေ့ကျတော့မှ နင့်မိုက် ဆန့်လောက်ရုံ သိတော့တာပဲ။

ဦးရယ်၊ ကျွန်မကို ကျွန်မတစ်ယောက်ထဲအတွက် ယူနေတယ်လို့ မထင်ပါနဲ့။

အန္တို ဘာကြောင့် ဒီလို ယူရတာလဲ။

ဦးရယ် ပထမနေ့က သုံးယောက်ရှိလို့ သုံးယောက်စာ ယူတာပါ။ မနေ့က နှစ်ယောက်ရှိလို့ နှစ်ယောက်စာ ယူတာပါ။ ဒီနေ့တော့ ကျွန်မတစ်ယောက်ထဲရှိတော့လို့ တစ်ယောက်စာ ယူတာပါ။

ဟဲ့...ဘယ်လိုဖြစ်တာလဲ၊ ပြောစမ်းပါဦး။

ဦးရယ်၊ ကျွန်မအဖေရယ်၊ အမေရယ် ဘဒ္ဒဝတီမြို့ကပါ။ ကျွန်မတို့ အိမ် အဟိဝါတရောဂါကျရောက်လို့ အိမ်နံရံဖောက်ဖျက်ပြီး ဒီ ကောသမ္ဗီမြို့ကို ထွက်လာခဲ့ကြတာ၊ ခရီးလမ်းမှာ ရိက္ခာပြတ်လို့ အင်အားချည့်နဲ့စွာနဲ့ ဒီကောသမ္ဗီမြို့ရောက်လာပြီး မြို့တံခါးဝ ဇရပ် ပေါ်မှာ သားအမိ၊ သားအဖ သုံးယောက်နေကြပါတယ်။ ဘဒ္ဒဝတီမြို့ မှာတုန်းကတော့ ကျွန်မတို့မိသားစုဟာ သူဌေးပါပဲ။ အခုတော့ ပင်ပန်းဆင်းရဲပြီး နှစ်ရက်သုံးရက် ဇရပ်မှာနားနေ၊ စားဖို့ ထမင်းကို တောင်းစား၊ ခွန်အားအသင့်ရှိမှ ဖေဖေရဲ့မိတ်ဆွေ ဃောသကသူဌေး နဲ့ သွားတွေ့ဖို့ ကြံရွယ်ပြီး နေကြပါတယ်။ ဒါကြောင့် ပထမနေ့က သုံးယောက်စာ ယူလာပြီး စားကြတော့ အဲဒီနေ့ အရုဏ်တက်ချိန် မှာ ဖေဖေဟာ အစာမကြေရောဂါဖြစ်ပြီး ကွယ်လွန်ရှာပါတယ်။ မနေ့က နှစ်ယောက်စာ တောင်းယူပြီး မိခင်နဲ့အတူ စားပြီးတော့ မိခင်လည်း အစာမကြေဖြစ်ပြီး ကွယ်လွန်ရှာပြန်ပါတယ်။ ကျွန်မတစ်ယောက်တည်း ကျန်ရစ်လို့ ဒီနေ့ တစ်ယောက်စာကိုပဲ ဦးထံမှာ တောင်းခံရတာပါ။

တော်တော့၊ တော်တော့်သမီး၊ ကြားရတာ မကောင်းလွန်းလို့၊ ဦးကိုယ်တိုင်ပဲ မျက်ရည်မဆည်နိုင်တော့ဘူး။ ငါ့သမီး ဘာမှ မစိုးရိမ် နဲ့၊သမီးဟာ ဟိုတုန်းက ဘဒ္ဒဝတီသူဌေးရဲ့သမီး၊ ဒီနေ့ကစပြီး ငါ့သမီး ပါကွယ်၊ ငါ့အိမ်မှာ ငါ့သမီးအကြီးနေရာ ထားပါတယ်။

သမီးရဲ့နဖူးလေးကို နမ်းလိုက်ဦးမယ်။ ရွှတ်...ရွှတ်။

ဖေဖေ။

ဘာလဲ သမီး။

ဟိုဘက်က ဆူဆူညံညံ လူသံတွေ ကြားရတယ်၊ ဘာလုပ်ကြတာလဲ။

ဩော်...သမီးက မသိဘဲကိုး၊ သမီး ထမင်းတောင်းခဲ့တဲ့ နေရာလေ၊ အလှူတင်းကုပ်ကကွယ့်၊ ယောသကာသူဌေး နေ့စဉ် တစ်ထောင်တစ်ထောင် စွန့်ကြဲပြီး ခရီးသွားသူ၊ အထီးကျန်သူ၊ တောင်းစားသူတွေကို ထမင်းပေးလှူတဲ့နေရာ၊ ထမင်းမရခင် ဝိုင်းအုံတိုးခွေ့ ဆူညံတဲ့ အသံတွေပေါ့။

ဖေဖေ လူသံတွေကို မဆူညံအောင် လုပ်မှပေါ့။

လုပ်လို့ မလွယ်ပါဘူး သမီးရယ်။

လွယ်ပါတယ် ဖေဖေရဲ့။

ဘယ်လိုလုပ်မှာလဲသမီး၊ ပြောစမ်းပါဦး။

အလှူတင်းကုပ်ကို လှည့်ပြီး တစ်ယောက်စာဝင်နိုင်ရုံ လမ်းထား၊ ဘေးဝဲယာဘက်က အကာစည်းရိုးပြု၊ အဝင်တံခါးပေါက်တစ်ခု၊ ထွက်ဖို့တံခါးပေါက် တစ်ခုပြုပြီး ထမင်းပေးကြည့်စမ်းပါ၊ ဖေဖေ ဆူညံမလားလို့။

တံခါးဝတစ်ခုကဝင်ပြီး တံခါးဝတစ်ခုက ထွက်ဖို့ ကြိုတင် ပြောထားပါ။ ဒီလိုလုပ်လျှင် အသံတိတ်သွားပါလိမ့်မယ်။

အေး၊ ဒီနည်းကောင်းတယ်ဟေ့၊ အုတ်အုတ်ကျွက်ကျွက်အသံတွေ ပျောက်သွားပြီ။

ငါ့သမီးရဲ့ ဟိုတုန်းက နာမည်က သာမာ၊ ယခု စောင်ရမ်း၊ စည်းရိုး၊ အကာအရံပြုပေးတတ်လို့ ဝတီ–တစ်လုံးတိုးပြီး သာမာဝတီဆိုတဲ့ နာမည် တွင်ရောပေါ့ကွာ။

ဘယ့်နှယ်တုန်း၊ ငါ့ရဲ့ အလှူတင်းကုပ်က လှူသံဆူသံ မကြားရပါပဲလား။ ငါက ဒီအသံတွေ နားထောင်ပြီး ကျေနပ်နေတာ။ မကြားရတာ သုံးရက်ရှိသွားပြီ။ မိတ္တသူကြွယ်ကို ခေါ်မေးဦးမှပဲ။

ဩော်...ငါဟောသက သူဌေးမင်းထံ အခစားမဝင်ရောက်တာကြာသွားပြီ၊ သွားဦးမှပဲ။

ဟော့...မိတ္တသူကြွယ်၊ အထီးကျန်သူ၊ ခရီးသွားသူ၊ တောင်းစားသူတို့အား ပေးကမ်းစွန့်ကြဲပါရဲ့လား။

သူဌေးမင်း စွန့်ကြဲပါတယ်။

အသံမကြားရတာ သုံးရက်ရှိသွားပြီ၊ ဘာပြုလို့လဲ။

အသံမကြားလရတဲ့နည်းကို ပြုထားလို့ပါ။

ဟိုတုန်းက ဘာ့ကြောင့် မပြုတာလဲ။

နည်းမသိသေးလို့ပါ အရှင်သူဌေးမင်း။

ယခုနည်းကို ဘယ်လိုသိတာလဲ။

ကျွန်တော်ရဲ့သမီးက ပြောလို့သိတာပါ အရှင်သူဌေးမင်း။

သင့်မှာ သမီးရှိတာကို ငါမသိရပါပဲလား။

(မိတ္တသူကြွယ်သည် သမီး သာမာဝတီတို့ ဖြစ်ပျက်ခဲ့ပုံ အလုံးစုံကို ပြောပြလေ၏။)

ဟာ...ငါ့ကို ဘာပြုလို့ မပြောရတာလဲ၊ ငါ့မိတ်ဆွေ ဘဒ္ဒဝတီသူဌေးရဲ့သမီးဟာ ငါ့သမီးပဲ၊ သူ့ကို ခေါ်စမ်း၊ခေါ်စမ်း။

ချစ်သမီး သင်က ဘဒ္ဒဝတီသူဌေးရဲ့ သမီး ဟုတ်သလား။

ဟုတ်ပါတယ်ဦးဦး။

အေး...ဘာမှ မစိုးရိမ်နဲ့၊ သင်ဟာ ငါသမီးဖြစ်လာပြီ၊အခြံအရံသတို့သမီးငါးရာနဲ့အတူ ငါ့ရဲ့သမီးကြီးနေရာမှာ ငါထားလိုက်ပြီ၊ လာစမ်းပါဦး၊ နဖူး နမ်းလိုက်မယ်၊ ရှုတ်...ရှုတ်။

အစ်မတို့၊ ညီမတို့ နတ်ပွဲသဘင်အတွက် ကြေညာသွားတယ်။

ဒီပွဲနေ့မှာ အိမ်တွင်းက အိမ်ပြင်မထွက်တဲ့ အမျိုးသမီးဆိုတာ မရှိဘူး။ ခြေကျင်သွားပြီး မြစ်ဆိပ်မှာ ရေချိုးကြတယ်။ ငါတို့လည်း အစ်မကြီး သာမာဝတီနဲ့အတူ မြစ်ဆိပ်ကိုသွားပြီး ရေချိုးကြရအောင်။ အစ်မကြီး ကို ပြောရဦးမယ်။

အေးကွယ်၊ သွားချင်ကြတယ်ဆိုရင်လည်း သွားကြပေါ့။ ဟို ဥတေနမင်းရဲ့ မင်းရင်ပြင်နန်းတော်အနီးက သွားကြစို့။

အင်း...ခြသေ့်ခံတဲ့ လေသာနန်းပြတင်းက ရပ်ကြည့်လိုက်ရာ ကချေသည်မတွေပါလား။

အမတ်ကြီးတို့၊ ဘယ်သူ့ကချေသည် မိန်းမတွေလဲ။

အရှင်မင်းကြီး၊ ဘယ်သူ့ကချေသည်မှ မဟုတ်ကြပါ။

အနို့ ဘယ်သူ့သမီးတွေလဲ။

အရှင်မင်းကြီး အခြံအရံသတို့သမီးငါးရာနဲ့အတူပါလာတဲ့ သာမာဝတီအမျိုးသမီးဟာ ဃောသကသူဌေးရဲ့ သမီးပါ။

ဩော်...သူ့ကို မြစ်ရလျှင် မြင်ရခြင်း ငါ့ရင်တွင်းမှာ တစ်မျိုးချည်းပဲ။

ဟေ့...အချင်းယောကျ်ား ဃောသကသူဌေးထံသွားပြီး သမီးသာမာဝတီကို ငါမင်းမြတ်ထံ စေလွှတ်ဖို့ ပြောချေ။

ကောင်းပါပြီ အရှင်မင်းမြတ်။

အချင်းယောကျ်ား၊ ငါ့သမီးကို မစေလွှတ်နိုင်ဘူးလို့ သံတော်ဦး တင်လိုက်ပါ။

ဒီလိုမလုပ်ပါနဲ့၊ စေလွှတ်လိုက်ပါလို့ ထပ်မံ သွားပြောချေ။

အချင်းယောကျ်ား၊ ကျွန်တော်မျိုးတို့ သူကြွယ်ဆိုတာ သူ့တို့ သမီးများကို ပုတ်ခတ်ညှဉ်းဆဲပြီး အားတင်းပေးရမည်ကို ကြောက် ပါ၏လို့ မင်းကြီးအား ပြန်၍ သံတော်ဦးတင်ပေးပါ။

ဒီလောက် သမီးမာန်မောက်တဲ့ သူဌေးအိမ်ကို မင်းတံဆိပ် ခတ်နှိပ်ပြီး ပိတ်စေ။ သူဌေးကိုရော သူဌေးကတော်ကိုပါ လက်ဆွဲပြီး အိမ်ပြင်ဘက် ဆွဲထုတ်ကြစေ၊ ငါ့အမိန့်တော်။

ဖေဖေတို့၊ မေမေတို့ ဘယ်လိုဖြစ်ကြတာလဲ။ အိမ်ထဲဝင်ဖို့ အခွင့် မရပါလား။

သမီးရေ ချစ်သမီးအတွက်ကြောင့် ဒီလိုဖြစ်ရတာ၊ ဥတေနရှင်ဘုရင်က သမီးကို သူ့ထံ ဆက်သဖို့ လာတောင်းတာ။ လာတောင်းတော့ မပေးနိုင်ဘူးလို့ ပြောလိုက်တာ။ ဒါ့ကြောင့် အိမ်ကို တံဆိပ်နှိပ် ချိတ်ပိတ်၊ ငါတို့ကို အိမ်ပြင်ဘက် ဆွဲထုတ်ထားကြတာ။

အလို...ဖေဖေတို့က ဝန်လေးတဲ့အလုပ်ကို လုပ်ကြတာပဲ။

ပြည့်ရှင်မင်းက စေလွှတ်လိုက်တာကို မပေးနိုင်ဘူးလို့ မပြောဘဲ ကျွန်တော်မျိုးသမီးကို အခြံအရံပါ ယူနိုင်လျှင် ပေးနိုင်ပါတယ်လို့ ပြောလိုက်ရမှာ ဖေဖေတို့ရဲ့။

ကောင်းပါပြီ ချစ်သမီး၊ သင်သဘောတူလျှင် သင်ပြောတဲ့အတိုင်း ပြုပေးပါမည်။

အို...မင်းချင်းယောကျ်ားများ၊ ငါ့သမီးကို အခြံအရံ အမျိုးသမီး ငါးရာနဲ့အတူ ကောက်ယူနိုင်လျှင် ယူပါလို့ သင်တို့မင်းကြီးထံ ပြန်ကြားသံတော်ဦး တင်ပေးပါ။

မင်းကြီးများ ဟောဒီ သာမာဝတီကို ဘိသိက်သွန်းပြီး ငါမင်းမြတ်၏ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးအရာမှာ ထားကြစေ။ သာမာဝတီရဲ့ ရှိပြီးအမျိုးသမီး အခြံအရံငါးရာကိုလည်း သာမာဝတီမိဖုရားခေါင်ကြီးရဲ့ အခြံအရံတွေပဲ ဖြစ်ကြစေဗျား။

မင်းကြီးများ ငါတို့ ယနေ့ဥယျာဉ်တော်ထွက်စံရာက ပြန်လာကြပြီ၊ ငါမင်းမြတ်ရဲ့ စည်းစိမ်ကိုကြည့်ကြစမ်း၊ ဒီလိုစည်းစိမ်မျိုး မည်သူ့မှာ ရှိသလဲ၊

အို...အရှင် စဏ္ဍပဇ္ဇောတမင်း၊ အရှင်မင်းမြတ်ရဲ့ စည်းစိမ်သည်ကား မင်းစည်းစိမ်ဟု မဆိုလောက်သေးပါ၊ ကောသမ္ဗီပြည်က ဥဒေနမင်းရဲ့ စည်းစိမ်သည်ကား အလွန်ကြီးကျယ် မြင့်မြတ်လှပါသည်။

အို...အချင်းတို့ ဒီလိုဆိုလျှင် ငါတို့ ဥဒေနမင်းကို ဖမ်းယူကြစို့။

အရှင်မင်းကြီး၊ ဥဒေနမင်းကို ဖမ်းယူဖို့ မလွယ်ကူပါ။

ဖမ်းယူနိုင်လောက်အောင်ပြုပြီး ဖမ်းယူရမှာပဲ။

မဖြစ်နိုင်ပါဘူး အရှင်မင်းကြီး။

ဘာကြောင့် မဖြစ်နိုင်ရမှာလဲ မင်းကြီးတို့။

အရှင်မင်းကြီး ဥဒေနမင်းဟာ ဟတ္ထိကန္တခေါ်တဲ့ အတတ်ပညာကို တတ်သိထားပါတယ်။

ဟတ္ထိကန္တမန္တန်ကို ရွတ်ဆို၊ ဟတ္ထိကန္တစောင်းကို တီးပြီး ဆင်တွေကို ပြေးလည်းပြေးစေနိုင်တယ်။ ဖမ်းယူလဲ ဖမ်းယူနိုင်တယ်။ ဥဒေနမင်းနဲ့တူနဲ့ ဆင်ယာဉ်ပြည့်စုံတဲ့ မင်းဆိုတာ မရှိသေးပါဘူး အရှင်မင်းကြီး။

မင်းကြီးများ ဒီလိုဖြစ်လျှင် ဥဒေနမင်းကိုဖမ်းယူဖို့ ငါမတတ်နိုင်တော့ဘူး။

အရှင်မင်းကြီး ဥတေနမင်းကို ဖမ်းယူမည်လို့ အရှင်မင်းကြီး အနိုင် အမာ ဆုံးဖြတ်ထားလျှင် သစ်သားရုပ်ဆင်ကို စီစဉ်ပြုလုပ်ပြီး ဥတေန မင်း တိုင်းပြည်အနီးအရပ်သို့ ပို့ထားပါ။ ဥတေနမင်းဟာ ဆင်ယာဉ် (သို့မဟုတ်) မြင်းယာဉ်ပေါ်ပေါက်သည်ကြားလျှင် ခရီးမည်မျှဝေးဝေး သွားယူတတ်ပါတယ်။ သစ်သားရုပ်ဆင်ကို ဖမ်းယူဖို့လာခဲ့လျှင် ဥတေန မင်းကို ဖမ်းယူနိုင်ပါလိမ့်မည်။

အေး...ဒီအကြံအစည် ကောင်းတယ်၊ သစ်သားဆင်ရုပ်ကို ပြုကြစေ။ အပေါ်က အဝတ်ဖြူတွေနဲ့ ဖုံးအုပ်၊ ဆေးကောင်းကောင်း ခြယ်ပြီး ဥတေနမင်းရဲ့ တိုင်းပြည်အနီး ရေကန်တစ်ခု ကမ်းအနီးမှာ လွှတ်ထားကြ၊ ဆင်ရဲ့ဝမ်းဗိုက်အတွင်း ယောကျ်ားခြောက်ကျိပ်က လှုပ်ရှားသွားနေကြစေ၊ တွေ့သမျှ ဆင်ချေးတွေကို ယူပြီး ဆင်ရုပ်နဲ့ မနီးမဝေး နေရာများမှာ ပစ်ထားကြ။

ကောင်းပါပြီ အရှင်မင်းကြီး။

ဘုရားကျွန်တော်မျိုးက တောမုဆိုးဖြစ်ပါတယ်၊ အရှင်မင်းကြီး အရှင်မင်းကြီးတို့နဲ့ ထိုက်တန်တဲ့ ကေလာသတောင်ထွတ်ကလေး တမျှ ကိုယ်လုံးဖြူဖွေးတဲ့ ဆင်တော်မြတ်တစ်စီးကို တောတွင်း တစ် နေရာမှာ တွေ့ခဲ့ရပါတယ် အရှင်မင်းကြီး။

ကောင်းပြီ၊ ယခု ဆင်ဖြူတော်ကို သွားရောက် ဖမ်းယူကြမည်။ သင်မုဆိုးပဲ ရှေ့က လမ်းပြသွား၊ ငါကိုယ်တော်မြတ် ဆင်တော်စီးပြီး အခြံအရံနဲ့ အတူ ထွက်တော်မူမည်။

ဟော့...ဟော့...ငါ့လူတို့ ဥတေနမင်း ဆင်ကိုဖမ်းယူဖို့ အခြံအရံ နှင့်အတူထွက်လာပြီကွ။ ငါတို့ရဲ့ အရှင်စဏ္ဍပဇ္ဇောတမင်းထံ အကြောင်း ကြားကြစို့။

အို...စစ်သည်တော်တို့ စစ်ပရိယာယ်လုပ်ကြရမယ်၊ ဥတေနမင်း လိုက်လာမည့်လမ်းကြောင်းမှာ စစ်သည်တော် တစ်ယောက်မျှ မရှိ

စေနဲ့၊ ဘယ်ညာတောင်ပံ နှစ်ဖက်ချီတက်ပြီး ဥတေနမင်းကို ဝိုင်းဖမ်းကြ။

ဟော့...ဟော့...ဥတေနမင်း ဆင်စီးပြီး လိုက်လာပြီ၊ ကဲ...ဆင်ရုပ်ဝမ်းတွင်းက တို့တစ်တွေ ခပ်မြန်မြန် ပြေးကြဟေ့။

အံမယ် သင်း ဥတေနမင်းက သူ့အစွမ်းပြနေတယ်၊ ဟတ္ထိကန္တမန္တန်ကိုရွတ်ပြီး ဟတ္ထိကန္တစောင်းကို တီးနေတယ်၊ ဘာရမလဲ ပြေးသာပြေးကြဟေ့။

အံမယ် ဒီဆင်က တယ်မြန်ပါလား၊ ငါစီးခဲ့တဲ့ဆင်ကို ထားခဲ့ပြီး မြင်းစီးလိုက်မှပဲ။

ဟော့...ငါတို့အရှင် ဥတေနမင်းတော့ မြင်းစီးပြီး ဆင်ဖြူတော်နောက် လိုက်သွားပြီ၊ ငါတို့လည်း အမီမလိုက်နိုင်ကြတော့ဘူး။

ဟော့...ဟော့...ဥတေနမင်း တစ်ဦးတည်းဖြစ်နေပြီကွ၊ ဘယ်တောင်ပံ၊ ညာတောင်ပံ စစ်သည်တော်များ စုဝိုင်းပြီး ဖမ်းကြဟေ့။

*　　　*　　　*

အရှင်မင်းကြီး၊ ဥတေနမင်းကို အရှင်ဖမ်းပြီး အရှင်မင်းကြီးအား အပ်နှင်းပါပြီဘုရား။

ဟော့...တို့အရှင် ဥတေနမင်းတော့ ရန်သူ့လက်တွင်း ပါသွားပြီ၊ ငါတို့က ငါတို့ရဲ့ ကောသမ္ဗီမြို့ ပြင်ဘက်မှာပဲ တပ်ချနေကြစို့။

မင်းကြီးများ ဘယ့်နှယ်ရှိစ။ ဆင်တပ်အားကြီးလှတယ်ဆိုတဲ့ ဥတေနမင်း ငါ့လက်တွင်းက လွတ်နိုင်သေးရဲ့လား။

သူ့ကို ခိုးသူတွေ ချုပ်နှောင်ထားတဲ့ အချုပ်တွင်းမှာ အချုပ်ချ၊ တံခါးပိတ်၊ ပတ်ဝန်းကျင် အစောင့်ချထားကြ၊ ငါကိုယ်တော်မြတ်အောင်သေ သောက်တော်မူမည်။

အင်း...ငါ့ကို အချုပ်ချထားတာ သုံးရက်တောင်ရှိလာပြီ၊ အစောင့်တွေကို မေးဦးမှပဲ။

အို...အမောင်တို့၊ သင်တို့မင်းကြီး ဘယ်မှာလဲ။

ကျုပ်တို့ အရှင်စဏ္ဍပဇ္ဇောတမင်းကြီး ငါ့ရန်သူကို လက်ရဖမ်းမိပြီလို့ ဝမ်းအသာကြီးသာပြီး အောင်သေသောက်နေတာ သုံးရက်ရှိပါပြီ။

ဘယ့်နှယ်တုံး သင်တို့မင်းကြီး ပြုမူပုံက မိန်းမအပြုအမူနဲ့ တူလိုက်တာ။ ဆန့်ကျင်ဘက်ရန်သူမင်းကို ဖမ်းပြီး လွှတ်လိုက လွှတ်၊ သတ်လိုက သတ်သင့်သည် မဟုတ်လော။ ငါတို့ကို ဆင်းဆင်းရဲရဲ ထားပြီး အောင်သေသောက်ရသတဲ့လား။

ဟော့...ဟော့...ငါတို့ဘုရင် စဏ္ဍပဇ္ဇောတမင်းအား အချုပ်တွင်းက ဥတေနမင်းပြောတဲ့အတိုင်း သွားရောက်သံတော်ဦးတင်ကြစို့။

အို...ဥတေနမင်း သင်ဒီလိုပြောတယ်ဆိုတာ ဟုတ်၏လော။

ဟုတ်တယ်မင်းကြီး။

ကောင်းပြီ သင့်ကို ငါလွှတ်ပေးမယ်၊ သင့်မှာ ဆင်တွေကို ခေါ်ယူနိုင်တဲ့ ဟတ္ထိကန္တမန္တန်ရှိတယ်လို့ သိရတယ်၊ အဲဒီမန္တန်ကို ငါ့ပေးရမယ်။

ကောင်းပြီ ပေးပါမည်၊ သို့သော် မန္တန်ကို သင်ယူတဲ့အခါ ငါ့ကို ရှိခိုးပြီး သင်ယူရမည်၊ ဘယ့်နှယ်လဲ၊ ရှိခိုးနိုင်ပါ့မလား။

ဘာကြောင့် သင့်ကို ငါက ရှိခိုးရမှာလဲ၊ ရှိမခိုးနိုင်ဘူး။

ရှိမခိုးနိုင်လျှင် ငါကလည်း သင်မပေးနိုင်ဘူး။

မပေးလျှင် သင့်အား မင်းအာဏာ ပြုရလိမ့်မယ်။

ပြုလိုက်၊ ငါ၏ကိုယ်ကိုသာ အစိုးရတယ်၊ စိတ်ကို အစိုးမရဘူး။

အင်း...ဒီ ဥတေနမင်းဟာ ရဲရင့်သူရဲ့ ကြုံးဝါးသံဖြင့် ကြုံးဝါးပြောဆိုတယ်။ သူ့ရဲ့ ဟတ္ထိကန္တမန္တန်ကို ဘယ်နည်းနဲ့ ရအောင်ယူရမည်နည်း။ သြော်...အကြံရပြီ။ ဒီမန္တန်ကို တခြားလူ အသိပေး

လို့ မတော်ဘူး၊ ငါ့သာဂီးတော်ကို သူ့ထံမှာ သင်ယူစေပြီး ငါက သမီးတော်ထံ သင်ယူမယ်။

ဒီမှာ ဥတေနမင်း၊ တခြားလူကို ရှိခိုးပြီး သင်ယူခိုင်းလျှင် သင်ပေးနိုင်မလား။

သင်ပေးနိုင်ပါတယ်။

ဒါဖြင့်လျှင် ငါ့ရဲ့ နန်းတော်မှာ သူကုန်းမတစ်ယောက်ရှိတယ်။ သူ့ကို တင်းတိမ်ကန့်လန့်ကာအတွင်းမှာ နေစေမယ်၊ သင်က ကန့်လန့်ကာ အပြင်ဘက်မှာနေပါ၊ ကန့်လန့်ကာအတွင်းက ရှိခိုးနေတဲ့ သူကုန်းမအား ကန့်လန့်ကာအပြင်ဘက်မှာနေတဲ့ သင်က မန္တန်ကို သင်ပေးပါ။

ကောင်းပြီ မင်းမြတ်။ သူကုန်းမပဲ ဖြစ်ဖြစ် ဆွံ့အသူပဲဖြစ်ဖြစ်၊ ရှိခိုးသူအား သင်ပေးမည်။

ကောင်းပါပြီ။

သမီးတော် ဝါသုလဒတ္တာ ခမည်းတော် ပြောမည့်စကားကို သေသေချာချာ နားထောင်။

တန်ဖိုးမဖြတ်နိုင်တဲ့ မန္တန်ကို တတ်သိထားတဲ့ ခရုသင်းစွဲကပ်နေသူ လူနူတစ်ယောက်ကို အသိပေးဖို့ မသင့်ဘူး။ ငါ့သမီးတော် တင်းတိမ်ကန့်လန့်ကာအတွင်းမှာနေပြီး ရှိခိုးလျက် မန္တန်ကို သင်ယူပါ။ လူနူက တင်းတိမ်ကန့်လန့်ကာ အပြင်ဘက်မှာနေပြီး ချစ်သမီးအား မန္တန်ကို ပို့ချသင်ပေးလိမ့်မည်၊ ချစ်သမီးထံမှ ငါခမည်းတော် အဲဒီ မန္တန်ကို ပြန်ပြီး သင်ယူမည်။

ကောင်းပါပြီ ခမည်းတော်။

စဏ္ဍပဇ္ဇောတမင်းသည် သမီးတော်နှင့် ဥတေနမင်းတို့ တစ်ဦးကို တစ်ဦးမြင်ကြလျှင် ချစ်ကျွမ်းဝင်သွားမည်ကို စိုးရိမ်ကြောက်ရွံ့သဖြင့်

သမီးတော်ကို သူကုန်းမ၊ ဥတေနမင်းကို ခရုသင်းရောဂါ စွဲကပ်နေသူ လူနူဟု ပြောဆိုထားခြင်းဖြစ်သည်။

ကဲ...ကဲ...ဆိုစမ်းပါဦး၊ ဆိုစမ်းပါဦး၊ ဘယ့်နှယ်ကုံး ရက်တွေ ကြာလာတာတောင် ငါဆိုပြတာကို ပီသအောင် လိုက်မဆိုနိုင်ပါပဲ လား။ ဟဲ့...သူကုန်းမ နှင့်ပါးစပ်၊ နှုတ်ခမ်းနဲ့ ပါးစောင်က ထူလွန်း လှချေလား၊ ဒီလိုလိုက်ဆို။

ဟဲ့...ခရုသင်း လူနူ၊ ဘယ်လိုပြောတာလဲ၊ ငါလိုအမျိုးသမီးက သူကုန်းမ ဖြစ်ရတော့မှာလား။

အင်း...ကန့်လန့်ကာ အနားကို မြောက်ကြည့်ဦးမှပဲ။

သင်ဘယ်သူလဲ၊ ငါက စဏ္ဍပဇ္ဇောတမင်းရဲ့ သမီးတော် ဝါသုလဒတ္တာ။

သင့်ခမည်းတော်က ငါ့ကိုပြောတော့ သူကုန်းမလို့ ပြောတယ်။

သင့်ကိုတော့ ခရုသင်းနူနာလူလို့ ပြောတယ်။

အေး...ငါတို့နှစ်ဦး အချင်းချင်းမြင်ကြလျှင် ချစ်ကျွမ်းဝင်သွား မည်ကို စိုးရိမ်ကြောက်ရွံ့လို့ ဒီလိုပြောကာ ဖြစ်လိမ့်မည်၊

တို့နှစ်ဦးကတော့ သူစိုးရိမ်ကြောက်ရွံ့တဲ့အတိုင်း ဖြစ်နေကြပြီ။

ချစ်နှမ ဝါသုလဒတ္တာ၊ သင့်ခမည်းတော်က သင်ယူခိုင်းတဲ့ မန္တန် ကို သင်ယူဦးမှာလား။

သင်ယူနေလို့ ဘာထူးဦးမှာလဲ မောင်တော်ဘုရား။

* * *

ချစ်သမီး ဝါသုလဒတ္တာ၊ မန္တန်ကို နေ့စဉ် သင်ယူရဲ့လား။

သင်ယူပါတယ် ခမည်းတော်။

ချစ်နှမ ဝါသုလဒတ္တာ၊ ပိုင်ရှင်လင်ယောကျ်ားက ပြုရမည့်ကိစ္စကို အမိကလည်း ပြုမပေးနိုင်၊ အဖကလည်း ပြုမပေးနိုင်၊ ငါ့အား

အသက်ရှင်ခွင့်ကို ပေးခဲ့လျှင် သင့်အား သတို့သမီးငါးရာ အခြံအရံ ပေးပြီး မိဖုရားခေါင်ကြီးအရာကို ပေးပါမည်။

ဒီစကားအတိုင်း အတည်ဖြစ်နိုင်လျှင် မောင်တော်အား အသက်ရှင်ခွင့်ကို ပေးပါမည်။

နှမတော် အတည်ဖြစ်ပါစေမည်။

ကောင်းပါပြီ မောင်တော်။

အလို...သမီးတော်ပါလား၊ ချစ်သမီး မန္တန်အတတ်ပညာကို သင်လို့ ပြီးပြီလား။

ခမည်းတော်ဘုရား၊ မန္တန်အတတ်ပညာ သင်လို့ မပြီးသေးပါဘုရား။

ချစ်သမီး ဘာကြောင့် မပြီးသေးတာလဲ။

တံခါးတစ်ခုနှင့် ယာဉ်တစ်စီးကို သမီးတော်တို့ ရဖို့သင့်ကြောင်းပါ ခမည်းတော်။

ချစ်သမီး ဘာကြောင့် ရဖို့သင့်တာလဲ။

ခမည်းတော်ဘုရား၊ ညအခါ ကြယ်တာရာ အမှတ်သညာဖြင့် မန္တန်ရဲ့ ဉပစာ (အခြံအရံ) အတွက် ဆေးတစ်ခုကို ယူဖို့ ရှိနေပါတယ်။ ဒါကြောင့် သမီးတော်တို့မှာ အချိန်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ နန်းတော်ထဲမှ ထွက်ရမည့်အချိန်မှ ထွန်နိုင်ဖို့ တံခါးတစ်ခုနှင့် ယာဉ်တစ်စီးကို ရသင့်ပါတယ် ခမည်းတော်။

ကောင်းပြီ သမီးတော်၊ သင်တို့ အချိန်ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ဝင်နိုင် ထွက်နိုင်အောင် သင်တို့ကြိုက်ရာ တံခါးတစ်ခုနှင့် ယာဉ်တစ်စီးကို ခမည်းတော် ခွင့်ပြုတယ်။

* * *

စဏ္ဍပဇ္ဇောတမင်းကြီးအား ယာဉ်ငါးမျိုးရှိကုန်၏။ ဘဒ္ဒဝတီမည်သော ဆင်မယာဉ်သာသည် တစ်ရက်တည်းဖြင့် ခရီးယူဇနာ ငါးဆယ်ရောက်အောင် သွားနိုင်သည်။ ကာကမည်သော ကျွန်သည် တစ်ရက်တည်းဖြင့် ခရီးယူဇနာ ခြောက်ဆယ်ရောက်အောင် သွားနိုင်သည်။ စေလကဏ္ဍိမြင်းနှင့် မုဉ္စကေသီမြင်းနှစ်စီးတို့သည် တစ်နေ့တည်းဖြင့် ခရီးယူဇနာ တစ်ရာရောက်အောင် သွားနိုင်ကြသည်။ နာလာဂီရိဆင်သည် တစ်နေ့တည်းဖြင့် ခရီးယူဇနာ တစ်ရာ့နှစ်ဆယ်ရောက်အောင် သွားနိုင်သည်။

စဏ္ဍပဇ္ဇောတမင်းသည် မြတ်စွာဘုရား မပွင့်မီ တစ်ချိန်က မြို့တစ်မြို့၌ အစိုးရသူတစ်ယောက်၏ အလုပ်အကျွေးဖြစ်ခဲ့သည်။ တစ်နေ့သ၌ အစိုးရသူသည် မြို့ပြင်သို့ သွားရောက်ရေချိုးပြီး ပြန်လာစဉ် ပစ္စေကဗုဒ္ဓါတစ်ပါးသည် မြို့အတွင်းသို့ ဆွမ်းအလို့ငှာ ကြွဝင်သည်ရှိသော် မြို့နေသူအားလုံးတို့၏ မာရ်နတ် လှည့်ပတ်ထားအပ်သောကြောင့် ဆွမ်းတစ်လုံးမျှကိုသော်လည်း မရမူ၍ဆေးထားသည့်အတိုင်းသာဖြစ်သော သပိတ်ဖြင့် မြို့တွင်းမှ ထွက်လာတော်မူ၏။ မြို့တံခါးဝသို့ ရောက်လာသော ပစ္စေကဗုဒ္ဓါကို မာရ်နတ်သည် မထင်ရှားသောအသွင်ဖြင့် ချဉ်းကပ်၍ အရှင်ဘုရား ဘုဉ်းပေးဖွယ်ရာ တစ်စုံတစ်ခုကို ရအပ်ပါသလောဟု မေးလေ၏။ မာရ်နတ် သင်သည် ငါ၏ မရနိုင်အောင် ပြုထားသည် မဟုတ်လော။

အရှင်ဘုရား ထိုသို့ဖြစ်လျှင် ပြန်လှည့်၍ မြို့တွင်းသို့ ကြွဝင်ပါ၊ ယခု မရအောင် မပြုပါအံ့ဟု ဆို၏။

မာရ်နတ်၊ ငါသည် တစ်ဖန် ပြန်၍ ရွာတွင်းသို့ မဝင်တော့အံ့ဟု မိန့်တော်မူ၏။

မှန်၏၊ ပစ္စေကဗုဒ္ဓါသည် အကယ်၍ ရွာတွင်းသို့ ပြန်ဝင်ငြားအံ့၊ မာရ်နတ်သည် မြို့သူမြို့သား အားလုံးတို့၏ ကိုယ်၌ ဝင်ရောက်

ပူးကပ်၍ လက်ခုပ်တီးပြီး ရယ်ပြခြင်းဖြင့် ကစားခြင်းကို ပြုရာ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ် ကြွသွားလတ်သော် မာရ်နတ်သည် ထိုအရပ်၌ပင် ပျောက်ကွယ်သွားလေ၏။ ထိုအချိန်အခါ၌ အစိုးရသူ ထိုလူသည် ဆေးထားသည့်အတိုင်းသာဖြစ်သော သပိတ်ဖြင့် ကြွလာသော ပစ္စေကဗုဒ္ဓါကို မြင်ရ၍ ရှိခိုးပြီး အရှင်ဘုရား ဘုဉ်းပေးဖွယ်ရာ တစ်စုံတစ်ခုကို ရအပ်ပါသလောဟု မေးလေ၏၊

ဒကာ၊ ငါတို့သည် မြို့တွင်း၌ ဆွမ်းခံလှည့်၍ ပြန်ထွက်ခဲ့ကြပြီဟု မိန့်တော်မူ၏။ အစိုးရသူ ထိုလူသည် အရှင်မြတ်သည် ငါမေးအပ်သည်ကို မဖြေဆိုဘဲ တခြားကို မိန့်ဆို၏၊ တစ်စုံတစ်ခု ရလိမ့်မည် မဟုတ်ဟု ကြံစည်ပြီး ပစ္စေကဗုဒ္ဓါသပိတ်ကို ဖွင့်ကြည့်လတ်သော် အချည်းအနှီး ဘာမျှမပါရှိသည်ကို မြင်ရ၍ မိမိအိမ်၌ ထမင်းချက်ပြီး မပြီးကို အသေအချာမသိရကား ရဲရဲတင်းတင်း သပိတ်ကို မယူဝံ့ဘဲ အရှင်ဘုရား အချိန်အနည်းငယ် သည်းခံဆိုင်းငံ့တော်မူပါဟု လျှောက်ထားပြီး အိမ်သို့ လျင်မြန်စွာသွား၍ ငါတို့အဖို့ ထမင်းချက်ပြီးပြီလားဟု မေးလတ်သော် ပြီးပါပြီဟု ပြောဆိုသဖြင့် မိမိအလုပ်အကျွေးဖြစ်သူကို အမောင် သင့်ထက် လျင်မြန်သောအဟုန်နှင့် ပြည့်စုံသူ တခြားမရှိ၊ လျင်မြန်သောအဟုန်ဖြင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံသို့ သွား၍ အရှင်ဘုရား တပည့်တော်အား သပိတ်ပေးတော်မူပါဟု လျှောက်ထားပြီး သပိတ်ကိုယူလာခဲ့ပါဟု ပြောဆိုစေလွှတ်လေသည်။

အစိုးရသူ ထိုလူသည်လည်း မိမိအတွက် စားဖွယ်ဘောဇဉ်ဖြင့် သပိတ်ကိုပြည့်စေ၍ ဤသပိတ်ကို လျင်မြန်စွာသွား၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ကပ်လှူပါလော့၊ ငါသည် ဤကောင်းမှုမှအဖို့ကို သင့်အား ပေးပါ၏ဟု ပြောဆိုလေ၏။ အလုပ်အကျွေးဖြစ်သူ လူသည်လည်း လျင်မြန်စွာပြေး၍ ပစ္စေကဗုဒ္ဓါထံမှ သပိတ်ကိုယူ၊ လျင်မြန်သောအဟုန်ဖြင့် ပြန်လည်ပြေးသွား၍ ပစ္စေကဗုဒ္ဓါအား သပိတ်ကို

ကပ်လူပြီး တည်ခြင်းငါးမျိုးဖြင့် ရှိခိုး၍ အရှင်မြတ်ဘုရား မွန်းတည့် ချိန်နီးပြီဟု သိရသောကြောင့် တပည့်တော်သည် အလွန်လျင်မြန်သောအဟုန်ဖြင့် လာလည်းလာ၊ သွားလည်းသွားခဲ့ရပါ၏။ တပည့်တော်၏ ထိုလာရ၊ သွားရသော ကုသိုလ်အဟုန်၏ အကျိုးအဖြစ်ဖြင့် ယူဇနာငါးဆယ်၊ ယူဇနာခြောက်ဆယ်၊ ယူဇနာတစ်ရာ၊ ယူဇနာတစ်ရာ့နှစ်ဆယ်တိုင်အောင် အသီးသီးသွားနိုင်ကုန်သော ငါးမျိုးသော ယာဉ်တို့သည် ဖြစ်ပါစေကုန်သတည်း။ လာရ၊ သွားရသော တပည့်တော်၏ ခန္ဓာကိုယ် ပူလောင်ခံရခြင်းကုသိုလ်၏ အကျိုးအဖြစ်ဖြင့် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘုံဘဝ၌ နေပူရှိန်နှင့်တူသော တန်ခိုးအာဏာ ဖြစ်ပါစေဘုရား။ ဤဆွမ်းလှူရခြင်း၌ တပည့်တော်သခင် ကုသိုလ်ရှင်သည် တပည့်တော်အား ကောင်းမှုအဖို့ကို ပေးအပ်၏။ ထိုကောင်းမှုအဖို့၏ အကျိုးဆက်ကြောင့် တပည့်တော်အား အရှင်ဘုရားတို့ သိအပ်သော တရား၏ အဖို့ရှိသူဖြစ်ရပါလို၏ဟု ဆုတောင်းလေ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် တောင်းသည့်အတိုင်းဖြစ်စေဟု ဆိုတော်မူလို၍–

**ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ သဗ္ဗမေဝ သမိဇ္ဈတု။**
**သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။**
**ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။**
**သဗ္ဗေ ပူရေန္တုသင်္ကပ္ပါ၊ မဏိဇောတိရသောယထာ။**

ဟု အနုမောဒနာ ပြုတော်မူ၏။

ဤဂါထာနှစ်ခုတို့သည်သာ ပစ္စေကဗုဒ္ဓါတို့၏ အနုမောဒနာ ဂါထာမည်ကုန်၏။

တုယှံ–သင်၏၊ ဣစ္ဆိတံ–အလိုရှိအပ်သော၊ ပတ္ထိတံ–တောင့်တအပ်သော၊ သဗ္ဗမေဝ–အလုံးစုံသည်သာလျှင်၊ သမိဇ္ဈတု–ပြီးစီးပြည့်စုံပါစေသတည်း၊ ပန္နရသော–လဆန်း(၁၅)ရက် ပေါ်ထွက်လာသော၊

စန္ဒော–လသည်၊ ပူရတိယထာ–မှောင်ရာမရှိ ပြည့်နေဘိသကဲ့သို့၊ တုယ့်–သင်၏၊ သင်္ဗေ–ခပ်သိမ်းကုန်သော၊ သင်္ကပ္ပါ–အကြံအစည် တို့သည်၊ ပူရေန္တု–ပြည့်စေကုန်သတည်း။

တုယှံ့–သင်၏၊ ကြုစ္စိတံ–အလိုရှိအပ်သောအရာသည်။ ပတ္ထိတံ–တောင့်တအပ်သော အရာသည်၊ ခိပ္ပမေဝ–လျင်မြန်စွာသာလျှင်၊ သမိဇ္ဈတု–ပြီးစီးပြည့်စုံစေသတည်း၊ မဏိဇောတိရသော–အလို အားလုံးကို ပေးနိုင်သော ပတ္တမြားရတနာသည်၊ ပူရေတိယထာ–အလို အားလုံးကို ပြည့်စေသကဲ့သို့၊ တုယှံ့–သင်၏၊ သင်္ဗေ–ခပ်သိမ်း ကုန်သော၊ သင်္ကပ္ပါ–အကြံအစည်တို့သည်၊ ပူရေန္တု–ပြည့်စေကုန် သတည်း။

ဇောတိရသောတိ သဗ္ဗကာမဒဒံ မဏိရတနံ ဝုစ္စတိ။

ထိုအချိန်က အလုပ်အကျွေးဖြစ်သူသည် ယခုအခါ၌ စဏ္ဍပဇ္ဇောတ မင်းဖြစ်လေ၏။ ပစ္စေကဗုဒ္ဓါအား ပြုခဲ့ဖူးသော ထိုကောင်းမှုကံ၏ အကျိုးဆက်ကြောင့် ဤငါးမျိုးသော ယာဉ်တို့သည် ဖြစ်ကုန်၏။

* * *

တစ်ခုသောနေ့၌ စဏ္ဍပဇ္ဇောပတမင်းသည် ဥယျာဉ်၌ ကစားရန် နန်းတော်ဝင်းမှ ထွက်သွားလေ၏၊ ဥတေနမင်းသည် ယနေ့ ထွက် ပြေးသင့်သည်ဟု ကြံစည်ကာ ကြီးကြီးငယ်ငယ်ဖြစ်သော သားရေ အိတ်၌ ရွှေငွေပြည့်စေ၍ ဆင်မယဉ်သာ ကျောက်ကုန်း၌ ထားပြီး ဝါသုလဒတ္တာမင်းသမီးကိုယူ၍ ထွက်ပြေးလေ၏။

ဟော့...ဟော့...နန်းတွင်းလုံခြုံရေး အစောင့်တို့၊ ဥတေနမင်း ထွက်ပြေးပြီကွ။ ငါတို့မင်းအား ဥယျာဉ်တော်လိုက်ပြီး သံတော်ဦး တင်ကြစို့။

အရှင်မင်းကြီး ဥတေနမင်းဟာ သမီးတော် ဝါသုလဒတ္တာကို ယူပြီး ဆင်စီး ထွက်ပြေးပါပြီဘုရား။

ဟယ်...မိုလ်မှူးတို့ အမြန်လိုက်ကြ။

ဟာ...နောက်က စစ်သည်တွေ လိုက်လာကြပြီ၊ ငွေထုပ်ကို ဖြေပြီး ပစ်ကြလိုက်မယ်၊ ယူကြပေတော့။

ဟော...ငွေဒင်္ဂါးတွေ၊ ငွေဒင်္ဂါးတွေဟေ့၊ ကောက်ကြဟေ့၊ ကောက်ကြဟေ့။

အင်း...ဆက်လိုက်လာကြပြန်ပြီ၊ ရွှေထုပ်ကို ဖြေပြီး ကြဲလိုက်မယ်၊ ယူကြပေတော့။

ဟေ့...ဟေ့...ငါတို့က ရွှေကိုမက်ပြီး ကောက်နေကြတာ ကြာနေလို့ ဥတေနမင်း သူ့တိုင်းပြည်တွင်း ရောက်သွားပြီ၊ ပြန်ကြပါစို့။

ဩော်...ရှေ့က တပ်စခန်းချနေတာ ငါ့စစ်သည်တော်တွေပါ လား။ မင်းကြီးများ ကောသမ္ဗီမြို့တွင်း ဝင်မည်။

ကောင်းလှပါပြီ အရှင်မင်းကြီး။

မင်းကြီးများ ငါ၏ရန်သူ စဏ္ဍပဇ္ဇောတမင်းရဲ့ သမီးတော် ဝါသုလဒတ္တာကို အဘိသိက်သွန်းပြီး ငါမင်းမြတ်၏ မိဖုရားခေါင်ကြီး အရာ ထားကြစေဗျား။

ဟော့...တို့ကုရုတိုင်းမှာ မာဂဏ္ဍိယာ အမျိုးသမီးဟာ နတ်သမီး တမျှ အလွန်လှပ ချောမောတယ်။ သူ့ရဲ့ အမေရော၊ အဖေရော၊ သူ့ဘထွေးရော နာမည်အတူတူပဲ၊ မာဂဏ္ဍိယဆိုတဲ့ နာမည်ချည်းပဲ။ ငါတို့လက်ထပ် ထိမ်းမြားဖို့ သွားတောင်းကြရအောင်။ ဒါပေမယ့် တပြုံကြီး သွားတောင်းလို့ မတော်ကြဘူး။ ငါတို့လည်း ဆွေကြီး မျိုးကြီး ပစ္စည်းပေါတွေပါကွ။ တစ်လှည့်စီ သွားတောင်းကြည့်ကြ ရအောင်။

* * *

ဟော့...ဟော့...ဘယ်က အကောင်လဲကွ၊ ငါ့သမီးနဲ့ မင်းနဲ့ တန်လို့ လား၊ ငါ့အိမ်က အမြန်ထွက်သွား။

ဩော်...ဒီနေ့ နံနက်စောစော သတ္တလောကကြီးအတွင်း ချွတ် ထိုက်သူကို ရှုကြည့်လိုက်တာ ကုရုတိုင်းက မဂဏ္ဍိယ ပုဏ္ဏားဇနီး မောင်နှံတို့ကို ငါဘုရား၏ အာသယာနုသယဉာဏ် ဣန္ဒြိယပရောပရိ ယတ္တ ဉာဏ်ဆိုတဲ့ ဗုဒ္ဓစက္ခုတော်ဖြင့် မြင်နေပါလား။

သပိတ်သင်္ကန်းယူပြီး မဂဏ္ဍိယပုဏ္ဏားရဲ့ နိဂုမ်းရွာပြင်ဘက် မီးပူဇော် လုပ်ကျွေးရာ ဌာနကြွနေမှပဲ။

အလို...ငါမီးပူဇော် လုပ်ကျွေးရာ နေရာရောက်တဲ့ ယောကျ်ားရဲ့ ရုပ်အဆင်းက တင့်တယ်လှပါလား၊ ဒီသတ္တလောကမှာ ဒီယောကျ်ားနဲ့

တူတဲ့ တခြားယောကျ်ားဆိုတာ ရှိမှာမဟုတ်ဘူး၊ ဒီယောကျ်ားဟာ ငါ့သမီး မာဂဏ္ဍိယနဲ့ ထိုက်တန်တယ်၊ ဒီယောကျ်ားအား ကျွေးမွေးပြုစုဖို့ ငါ့သမီးကို ပေးမှပဲ။

အို...သမဏ (ရဟန်း) ကျွန်ုပ်မှာ သမီးတစ်ယောက်ရှိပါတယ်။ ကျွန်ုပ်သမီးနဲ့ သင့်လျော်ထိုက်တန်တဲ့ ယောကျ်ားကို ရှာဖွေနေတာ ဒီအချိန်ထိ မတွေ့ခဲ့ရဘူး၊ သင်ရဟန်းသာ ကျွန်ုပ်သမီးနဲ့ ထိုက်တန်သူဖြစ်ပါတယ်၊ ကျွန်ုပ်သမီးကလည်း သင်နဲ့သာ ထိုက်တန်သူဖြစ်ပါတယ်၊ သင်တို့မှာ ခြေရင်း အလုပ်အကျွေးကို ရသင့်သလို ကျွန်ုပ်သမီးမှာလည်း လင်ယောကျ်ား ရဖို့သင့်ပါတယ်။ ကျွန်ုပ်ရဲ့ သမီးကို သင့်အားပေးပါမည်၊ ကျွန်ုပ်ပြန်လာသည့်တိုင်အောင် ဒီနေရာကပဲ စောင့်နေပါ။

သူ့ကိုတော့ မှာထားပြောဆိုခဲ့ပြီ အိမ်ကို ပြန်သွားမှပဲ။

ဟော့...ဟော့...ရှင်မ ငါ့သမီးနဲ့ ထိုက်တန်တဲ့ ယောကျ်ားကို ငါတွေ့ခဲ့ပြီ၊ ငါ့သမီးကို မြန်မြန် အဝတ်အဆင်တန်ဆာ ဆင်ပေးလိုက်။

ကောင်းပါပြီတော်။

ကဲ...ကဲ၊ လာကြ၊ လာကြ၊ မြန်မြန်သွားကြရအောင်။

ဟော့...ကိုယ့်လူတို့ မာဂဏ္ဍိယပုဏ္ဏားကြီး ဒီအချိန်ထိ သူ့သမီးနဲ့ ထိုက်တန်သူမရှိဘူးလို့ ပြောဆိုပြီး မည်သူအားမျှ သူ့သမီးကို မပေးခဲ့ဘူး။ ဒီနေ့တော့ သူ့သမီးနဲ့ ထိုက်တန်တဲ့ယောကျ်ားကို တွေ့ထားပြီဆိုပြီး သမီးရော ဇနီးပါ ခေါ်သွားတယ်။ သူ့သမီးနဲ့ ထိုက်တန်တဲ့ ယောကျ်ားဆိုတာကို လိုက်ပြီးကြည့်ကြရအောင်။ ပုဏ္ဏားကြီးနောက်ကပဲ လိုက်ကြစို့ဟော့။

မာဂဏ္ဍိယပုဏ္ဏားကြီးဟာ ငါဘုရားအား သူ့သမီး မာဂဏ္ဍိယကို ပေးပါမည်၊ ဒီနေရာမှာ စောင့်နေရစ်ပါလို့ လျှောက်ကြားသွားတယ်။

ငါဘုရား ပုဏ္ဏားကြီးနှင့်တွေ့သည့် ဒီနေရာမှာ ခြေရာတော် ပဒစေတီကို ချပြထားခဲ့မည်။ မနီးမဝေး တစ်နေရာ၌ နေတော်မူမည်။

*　　　　*　　　　*

(ဘုရားရှင်တို့၏ ပဒစေတီတော်သည် အဓိဋ္ဌာန်၍ နင်းရာ ဌာန၌သာ ထင်ခဲ့သည်၊ အခြားနေရာ၌ မထင်။ မြင်စေလိုသူတို့အတွက် အဓိဋ္ဌာန်ခဲ့ရာ ထိုသူတို့သာ မြင်ကြရသည်။

ထိုသူတို့ မမြင်စေရန် ဆင်သတ္တဝါ စသည်တို့ကမူလည်း နင်းကြစေ။ ကြီးစွာသော မိုးကြီးလည်း ရွာသွန်းစေမည်သည့်အရာ တစ်စုံတစ်ခုမျှ ပဒစေတီကို ပျက်အောင်မပြုနိုင်။)

*　　　　*　　　　*

အို…အရှင်ယောက်ျား မာဂဏ္ဍိယ၊ အရှင်ပြောတဲ့ သမီးနဲ့ ထိုက်တန်တဲ့ ယောက်ျားက ဘယ်မှာလဲ။

သမီး မာဂဏ္ဍိယ သမီးနဲ့ ထိုက်တန်တဲ့ယောက်ျားကို ဒီနေရာမှာ နေရစ်ပါဦးလို့ ပြောထားခဲ့တာ၊ ယခု သူ ဘယ်ကို သွားလိုက်ပါလိမ့်၊ ငါလိုက်ရှာဦးမယ်။

ရှင်မ မာဂဏ္ဍိယရေ၊ လာဟေ့၊ လာဟေ့၊ ဒီခြေရာဟာ ငါပြောတဲ့ ငါ့သမီးနဲ့ ထိုက်တန်တဲ့ ယောက်ျားရဲ့ ခြေရာပဲကွယ့်။

ဩော်…ဟုတ်လား ကျွန်မ သိနားလည်ထားတဲ့ လက္ခဏာမန္တန်နဲ့ ဗေဒင်သုံးပုံအတွင်းက အဆိုအမိန့်များကို ဆင်ခြင်စူးစမ်းလိုက်တော့ လောဘရမ္မက်ကြီးသူရဲ့ ခြေရာက ဆောင့်ကြောင့် ထိုင်သူရဲ့ ခြေရာနဲ့ တူတယ်၊ အမျက်ဒေါသကြီးသူရဲ့ ခြေရာက မြန်မြန် ဆောင့်နင်းသွားသူ ဖနောင့်ရာနှင့် တူတယ်၊ မောဟလွှမ်းထွား မိုက်မှားသော

သူရဲ့ ခြေရာက ဆွဲခြစ်ထားသလို ရှည်လျားလျားရှိတယ်။ ကိလေသာ ဝင့်ပြတ်ကင်းပြီးသော သူရဲ့ ခြေရာဟာ ဒီခြေရာလိုပဲ။

ဒါကြောင့် ဒီခြေရာဟာ ကာမဂုဏ်ငါးပါး မှီဝဲသုံးစားသူရဲ့ ခြေရာ မဟုတ်ဘူး။

ဟော့...ရှင်မ၊ သင်ဟာ ရေခွက်ထဲမှာ မိချောင်းကို ကြည့်သလို၊ အိမ်အလယ်မှာ ခိုးသူကို ရှာသလို လက္ခဏာမန္တန်တွေကို ကြည့်လေ့ မြင်လေ့ရှိတာပဲ။

အရှင်ပုဏ္ဏား၊ သင်လိုချင်တာကို ပြောပါ၊ ဒီခြေရာကတော့ ကာမ ဂုဏ်ခံစား သုံးဆောင်သူရဲ့ ခြေရာတော့ မဟုတ်ဘူး။

ဟော့...ပုဏ္ဏားမ၊ နေစမ်းပါဦး၊ နေစမ်းပါဦး၊ ခြေရာရှင်ယောက်ျား ကို ငါလိုက်ရှာဦးမယ်။

ဟော...ပုဏ္ဏားမရေ၊ တွေ့ပြီဟေ့၊ တွေ့ပြီဟေ့၊ ငါပြောတဲ့ ငါ့သမီးနဲ့ ထိုက်တန်တဲ့ ယောက်ျားက ဒီမှာကွ။ လာ...လာ။

အို...ရဟန်း သင့်အား ပြုစုကျွေးမွေးဖို့ရာ ကျွန်ုပ်၏သမီးကို ပေးပါ၏။

အို...ပုဏ္ဏား သင့်အား အကြောင်းတစ်ခုကို ငါပြောပြမည်။

အို...သမဏ၊ ပြောပြပါ။

ငါဘုရားသည် ရမ္မ၊ သုဘ၊ သုရမ္မ ရွှေနန်းသုံးဆောင်မှာ နတ် သမီးတမျှ လှပကြသော ယသော်ဓရာဒေဝီ အမှူးပြုသော မိဖုရား၊ မောင်းမမိဿံ၊ ခြွေရံတို့နှင့်အတူ နတ်စည်းစိမ်နှင့်တူသော မင်းစည်းစိမ် ကို ဆယ့်သုံးနှစ်ပတ်လုံး ခံစားခဲ့ပြီး နှစ်ဆယ့်ကိုးနှစ်အရွယ်က ရွှေ နန်းစည်းစိမ်အားလုံးကို မငဲ့ကွက် စွန့်ပစ်လျက် တောထွက်ခဲ့တယ်။ ခြောက်နှစ်ပတ်လုံး အစွမ်းကောင်းသူတို့ကျင့်ရန် ခဲယဉ်းလှသော အကျင့်ကို ကျင့်ပြီး သုံးဆယ့်ငါးနှစ်အရွယ်မှာ ဗောဓိမဏ္ဍိုင်အပရာဇိတ ပလ္လင်ထက်ဝယ် ခန္ဓာငါးပါးတို့၏ အဖြစ်လက္ခဏာ နှစ်ဆယ့်ငါးပါး၊

အပျက်လက္ခဏာနှစ်ဆယ့်ငါး၊ လက္ခဏာငါးဆယ်ကို ပြက်ပြက်ထင်ထင် ရှုမြင်ကာ မဂ်လေးရပ်ကို တစ်ဆက်တည်း မျက်မှောက်ပြုပြီး အရဟတ္တ မဂ်ဉာဏ်၊ သဗ္ဗညုတ ဉာဏ်ဟူသော သမ္မာသမ္ဗောဓိဆုကြီး ပြီးစီး အောင်မြင်ပြီးနောက် ဗောဓိသတ္တာဟ၊ အနိမိသသတ္တာဟ၊ စင်္ကမ သတ္တာဟ၊ ရတနာဃရ သတ္တဟအားဖြင့် သတ္တာဟ လေးလီကုန်စေ သည်မှနောက် အဇပါလ သတ္တာဟ နိဂြောဓပညောင်ပင်ရင်း ရောက် သည့်တိုင်အောင် ငါဘုရားနောက် တကောက်ကောက်လိုက်၍ ဖျက်ဆီး ရန် အကြံဖြင့် ချဉ်းကပ်သော မာရ်နတ်၏ ဤအရှင်ဂေါတမသည် ယခုအခါ ငါ့အလိုနိုင်ငံ ကာမဂုဏ်ငါးတန်ကို စွန့်အံ့လွန်မြောက် ပေါက် ရောက်သွားလေပြီတကားဟု ကြီးထွားသည့် သောကဒဏ်ချက် နှိပ်စက် မှုကို ပယ်ဖျက်နိုင်ရန် ငါဘုရားထံလာ၍ ဖျားယောင်းသွေးဆောင် ကြသော တဏှာ အရတီရာဂါ မာရ်နတ်သမီးသုံးဦးတို့ကို မြင်ရလျက် ကာမအာရုံ မေထုန်အမှု ဆန္ဒမပြုခဲ့သေးပြီ၊ ကျင်ငယ် ကျင်ကြီး ရွံ့ဖွယ်မိုးသည့် သင့်သမီး မာဂဏ္ဍီယကိုကား ဆိုဖွယ်မရှိ၊ ငါဘုရား၏ ခြေဖျားမျှဖြင့်ပင် မတို့မထိလိုပြီ။

*　　　*　　　*

မာဂဏ္ဍီယပုဏ္ဏားကြီးနှင့် မဂဏ္ဍီယပုဏ္ဏေးမတို့သည် မြတ်ဘုရား၏ အမှန်မြွက်ကြား ဂါထာစကားကို ကြားနာပြီးနောက် မကြာမီ ခဏ အတွင်း၌ ရှိရင်းစွဲ မိမိတို့ခန္ဓာငါးခင်းတို့အပေါ် မှားယွင်းသည့် အစွဲ ကို ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် ဖြုံခွဲပြီး အနာဂါမ်ပုဂ္ဂိုလ်များ ဖြစ်သွားကြလေသည်။

အံမယ်၊ ဒီရဟန်းကြီးဟာ ငါ့ကို အလိုမရှိလျှင် အလိုမရှိဘူး လို့သာ ပြောသင့်တယ်။ ယခု ငါ့ကို ကျင်ငယ်၊ ကျင်ကြီး ခိုမိုး စုဆောင်းနေသူဖြစ်လို့ ခြေဖျားနဲ့တောင် မထိလိုပါလို့ ရက်ရက်စက်စက်

ပြောလိုက်တယ်။ ပြောနှင့်ဦး၊ ငါရဲ့ ဇာတ်အမျိုးအနွယ် စည်းစိမ် အခြံအရံ အရွယ်ကို အကြောင်းပြုပြီး ငါနှင့် တူမျှတဲ့ လင်ယောက်ျား ကို ရခဲ့သော် ရဟန်းဂေါတမအပေါ် ပြုသင့်တာကို ငါပြုမည်။

(မဂဏ္ဍိယ သတို့သမီး၏ ယင်းသို့ ရန်ငြိုးထားမည်ကို မြတ်စွာ ဘုရား ကြိုတင်သိသော်လည်း မာဂဏ္ဍိယ ပုဏ္ဏားဇနီးမောင်နှံနှစ်ဖော် မဂ်ဖိုလ်ရထိုက်သည်ကို ရှုမျှော်၍ ရန်ငြိုးဖွဲ့မည်ကို မတွက်ထား။ ဟော သင့်သည့်တရားကို ဟောတော်မူသည်။ မာဂဏ္ဍိယပုဏ္ဏားဇနီးမောင်နှံ တို့သည် သမီး မာဂဏ္ဍိယကို ညီဖြစ်သူ စူဠမာဂဏ္ဍိယထံ အပ်နှံ ပြီး ရဟန်းပြုကာ ရဟန်းတရား ဆက်ပွားကြ၍ အရဟတ္တဖိုလ်ရောက် ပေါက်မြောက်ကြလေ၏။)

* * *

အင်း...ငါ့အစ်ကို မဟာမဏ္ဍိယက သူ့သမီး မာဂဏ္ဍိယကို ငါ့ အပ်ထားခဲ့တော့ ငါ့သမီး မာဂဏ္ဍိယဟာ ယုတ်ညံ့တဲ့ လင်ယောက်ျား နဲ့ မထိုက်တန်ဘူး။ မင်းတစ်ပါးပါးနှင့်သာ ထိုက်တန်သူဖြစ်တယ်။

ဟဲ့...သမီး မာဂဏ္ဍိယ၊ လာ-လာ၊ အဝတ်အဆင်တန်ဆာ တွေနဲ့ တန်ဆာဆင်ခဲ့၊ ကောသမ္ဗီပြည်ကို သွားရအောင်။

ဟော...ကောသမ္ဗီမြို့တော် ဘုရင့်နန်းတော်တွင်း ဘုရင့်ရှေ့တော် မှောက် ရောက်ကြပြီ။

အရှင်မင်းကြီး ဤမိန်းမရတနာသည် အရှင်မင်းကြီးတို့နှင့် ထိုက် တန်ပါသည်၊ အရှင်မင်းကြီးတို့အား အပ်နှံပါ၏။

မင်းကြီးများ၊ မဂဏ္ဍိယပုဏ္ဏားရဲ့ သမီး မာဂဏ္ဍိယကို မြင်မြင်ချင်း ငါမင်းမှာ ချစ်ချင်းသာယာ တွယ်တာခဲ့ပေတယ်၊ ဒါကြောင့် အဘိသိက် သွန်းပြီး မိဖုရားကြီးအရာ ထားကြစေဗျာ။

မှန်လှပါ အရှင်မင်းကြီး။

* * *

ဥတေနမင်းမှာ သာမာဝတီမိဖုရား၊ ဝါသုလဒတ္တာမိဖုရား၊ မာဂဏ္ဍိယ မိဖုရားဟု မိဖုရားကြီး သုံးဦးရှိ၏။ မိဖုရား တစ်ဦးတစ်ဦး၌ အမျိုးသမီး အခြံအရံ ငါးရာစီအားဖြင့် အခြံအရံ အမျိုးသမီး တစ်ထောင့်ငါးရာ ရှိလေ၏။ ကောသမ္ဗီပြည်၌ ဃောသကသူဌေး၊ ကုက္ကုဋသူဌေး၊ ပါဝါရိကသူဌေးဟု သူဌေးကြီး သုံးဦးရှိသည်။ ထိုသူဌေးကြီးတို့သည် ဝါကပ်ဖို့ နီးလာသောအချိန်၌ ဟိမဝန္တာမှ ကြွလာ၍ ဆွမ်းခံလှည့် နေကြသော ငါးရာသော ရသေ့တို့ကို မြင်ကြရသောအခါ ကြည်ညို သဒ္ဓါဖြစ်ကြကာ နေရာတို့၌ နေစေ၍ ဆွမ်းကျွေးပြီး မိုးလေးလ ကုန်သည့်တိုင်အောင် သီတင်းသုံးကြပါဟု လျှောက်ထားကြလေ၏။ ဤသို့လျှင် ငါးရာသော ရသေ့တို့သည် ဟိမဝန္တာအရပ်၌ ရှစ်လကြာ နေကြ၍ မိုးလေးလပတ်လုံး သူဌေးကြီးသုံးဦးကို အမှီပြုပြီး ကောသမ္ဗီ မြို့အနီး၌သာ နေကြလေ၏။ နောင်အချိန်အခါ ဟိမဝန္တာမှ ကောသမ္ဗီ မြို့သို့ လာကြစဉ် တောကြီးတစ်ခုအတွင်းရှိ ပင်ညောင်ပင်ကြီး တစ်ပင် ကို တွေ့မြင်ကြ၍ ညောင်ပင်ရင်း၌ ထိုင်လျက် နားနေကြလေ၏။

ရသေ့ငါးရာတို့တွင် အကြီးအကဲ ဆရာရသေ့သည် ဤသို့ အကြံကို ကြံမိလေ၏။ ဤညောင်ပင်၌ အုပ်စိုးနေထိုင်သော နတ်မင်းသည် ဘုန်းကံနည်းမည်မဟုတ်။ ဤညောင်ပင်၌ တန်ခိုးကြီးသော နတ် မင်းသာ ဖြစ်ထိုက်သည်။ ဤနတ်မင်းသည် ရသေ့အားလုံးအား သောက်ရေပေးပါမူ ကောင်းလေစွ။

ရုက္ခစိုးနတ်သည် သောက်ရေကို ပေးလေ၏။ ရသေ့ကြီးသည် ချိုးရေကိုပေးလျှင် ကောင်းလေစွဟု အကြံပြုပြန်၏။ ရုက္ခစိုးနတ်သည် ချိုးရေကို ပေးလေ၏။ ထို့နောက် ရသေ့ကြီးသည် စားသုံးဖွယ်ကို ပေးလျှင် ကောင်းလေစွဟု အကြံပြုပြန်၏။ ရုက္ခစိုးနတ်သည် စား သုံးဖွယ်ကိုလည်း ပေးလေ၏။ ထို့နောက် ရသေ့ကြီးအား ဤသို့ စိတ်အကြံအစည်ဖြစ်ပြန်၏။ ဤရုက္ခစိုးနတ်မင်းသည် ငါတို့ ကြံစည်

သမျှ အားလုံးကို ပေးသည်။ ရက္ခစိုးနတ်မင်းကို မြင်ကြရလျှင် ကောင်းလေစွ။

ထိုအခါ ရက္ခစိုးနတ်မင်းသည် ပင်ညှောင်ပင်၏ ပင်စည်လုံးကို ခွဲ၍ မိမိကိုယ်ကို ပြလေ၏။ ထိုအခါ ရသေ့တို့က အရှင်နတ်မင်း အရှင်နတ်မင်း၏ စည်းစိမ်သည် ကြီးကျယ်ဖွံ့ဖြိုးလှ၏။ အဘယ်ကောင်းမှုကို ပြုခဲ့၍ ဤစည်းစိမ်ကို ရအပ်ပါသနည်းဟု မေးကြကုန်၏။

အရှင်ရသေ့တို့ မမေးကြပါနှင့်။

အရှင်နတ်မင်း ပြောပြပါ။ ရက္ခစိုးနတ်သည် မိမိပြုခဲ့သောကောင်းမှုက နည်းပါးလှသောကြောင့် ပြောရမည်ကို ရှက်နိုး၍ မပြောဝံ့ဘဲ ဖြစ်နေရာ ရသေ့တို့က မပြောဘဲ မနေနိုင်အောင် အထပ်ထပ်မေးကြသောကြောင့် ကောင်းပြီ၊ သိချင်ကြလျှင် နားထောင်ကြဟု တိုက်တွန်းကာ သူ၏ နတ်စည်းစိမ်ရလာပုံကို ပြောပြလေ၏။

အို...အရှင်ရသေ့တို့၊ ကျွန်ုပ်သည် ဆင်းရဲသူ လူတစ်ယောက် ဖြစ်ခဲ့၍ လက်ခစား အလုပ်ရှာဖွေစဉ် အနာထပိဏ်သူဌေးကြီးထံ၌ လက်ခစားအလုပ်ကိုရပြီး သူဌေးကြီးကို အမှီပြုကာ အသက်မွေးခဲ့ပါသည်။ ထိုသို့ အသက်မွေးနေထိုင်စဉ် ဥပုသ်နေ့ တစ်နေ့၌ အနာထပိဏ်သူဌေးကြီးသည် ကျောင်းမှပြန်လာ၍ လက်ခစားအား ယနေ့ဥပုသ်နေ့ဖြစ်သည်ကို မည်သူက အသိပေးပြောဆိုသနည်းဟု မေးရာ မပြောမဆိုမိကြကြောင်း ပြန်ပြောကြပါသည်။ ဒီလိုဖြစ်လျှင် လက်ခစားအတွက် ညစာထမင်းချက်ထားကြဟု သူဌေးကြီးက ခိုင်းထားပါသည်။ ထိုအခါ လက်ခစားအတွက် ထမင်းတစ်စလယ်ချက် ချက်ထားကြပါသည်။ လက်ခစားသည် တစ်နေ့ပတ်လုံး တောထဲ၌ အလုပ်လုပ်၍ ညနေချိန် ပြန်လာသည်ရှိသော် ထမင်းခူး၍ပေးစဉ် ငါဆာလှချေလားဟု အဆောတလျင် မစားမူ၍ ဒီပြင်နေ့တွေတုန်းက သည်

သူဌေးကြီးအိမ်မှာ ထမင်းပေးပါ၊ ဟင်းပေးပါ၊ ထည့်ပါဦး၊ ထည့်ပါဦးဟု တောင်းဆိုသံ အုတ်အုတ်ကျက်ကျက်ကို ကြားရသည်။ ယနေ့မှာမူ ထိုတောင်းဆိုသူတို့ အသံတိတ်၍ အိပ်နေကြလေ၏။ ငါ့တစ်ယောက်စာကိုသာ တည်ခင်းကျွေးမွေးကြသည်။ အကြောင်းမည်သို့နည်းဟု စိတ်ကူးပြီး ကျုပ်မှ တခြားကျန်သူတို့ စားပြီးကြပြီလား။ မစားကြသေးဘူးလားဟု မေးသောအခါ-

အမောင် မစားကြတော့ဘူး။

ဘာကြောင့် မစားကြပါသလဲ။

ဤသူဌေးကြီးအိမ်မှာ ဥပုသ်နေ့တိုင်း ညစာ မစားကြဘူး။ လူအားလုံး ဥပုသ်စောင့်ကြတယ်။ နောက်ဆုံးအနေနဲ့ သူဌေးကြီးက ကလေးနို့တိုက်သူတို့ကို ကလေးငယ်တို့ကို ခံတွင်းဆေးကြောစေပြီး စတုမဓုကို ခံတွင်း၌ထည့်ကာ ဥပုသ်စောင့်ခိုင်းပါတယ်။ အမွှေးဆီမီး ညှိထွန်းပြီးတဲ့အခါ ကြီးသူငယ်သူအားလုံး အိပ်ရာပေါ်မှာ ထိုင်ကြပြီး ဒွတ္တိံသကမ္မဋ္ဌာန်းကို ရွတ်အံကြရတယ်၊ သင့်အား ဥပုသ်နေ့ဖြစ်ကြောင်း ပြောဖို့ သတိမရကြဘူး။ မေ့နေကြတယ်။ ဒါကြောင့် သင့်အတွက်သာ ထမင်းကို ချက်ထားတယ်။ ဒီထမင်းကို စားပါလို့ ပြောတယ်။

ယခုအချိန် ဥပုသ်စောင့်ဖို့ဖြစ်သေးလျှင် ကျုပ်လဲ ဥပုသ်စောင့်လိုပါတယ်။ ဥပုသ်စောင့်လို့ ဖြစ်မဖြစ်ကို သူဌေးကြီးတော့ သိမှာပဲ။

ဒါဖြင့်လျှင် သူဌေးကြီးကို မေးပေးကြပါ။

အေး...ကောင်းပြီ၊ သူဌေးကြီးကို မေးပေးမယ်။

*　　　*　　　*

အမောင် ယခု ထမင်းမစားဘဲ ခံတွင်းကို ဆေးကြော၍ ဥပုသ်အင်္ဂါတို့ကို အဓိဋ္ဌာန်ပြုနေခဲ့လျှင် ထက်ဝက်ဥပုသ် ရလိမ့်မယ်လို့ သူဌေးကြီးက ပြောတယ်။

ဒါဖြင့်လျှင် ကျုပ်ထက်ဝက်ဥပုသ် စောင့်မယ်ဗျာ။

တစ်နေ့လုံး အလုပ်လုပ်ပြီး ဥပုသ်စောင့်လိုက်တော့ အလွန်ဆာလောင်နေတဲ့ ကျုပ်ရဲ့ခန္ဓာကိုယ်က ဝမ်းတွင်းလေတွေဟာ ပျက်ကုန်တော့တာပါပဲ။

ဒါကြောင့် ကျုပ်ဟာ ဝမ်းဗိုက်ကို ကြိုးနဲ့ ဖွဲ့ချည်ပြီး ကြိုးစွန်းကို ကိုင်လျက် လူးလိမ့်နေရတာပါပဲ။

ဒီအကြောင်းကို သူဌေးကြီးထံ သွားပြောကြတော့ သူဌေးကြီးက စတုမဓုကိုယူ ကျုပ်ထံလာပြီး အမောင် ဘယ်လိုဖြစ်တာလဲလို့ မေးပါတယ်။

သခင် ကျုပ်ရဲ့ဝမ်းဗိုက်တွင်းက လေတွေပျက်ကုန်လို့ ကျုပ်မှာ တည်တည်ငြိမ်ငြိမ်မနေနိုင်ဘဲ လူးလိမ့်နေရပါတယ်။

အို...ဒီလိုဆို ထ...ထ၊ ဒီဆေးကို စားလိုက်။

သခင်တို့ကော စားကြသလား။

ငါတို့မှာ ရောဂါမရှိလို့ မစားဘူး။ အမောင်သာ စားပါ။

သခင် ကျွန်တော် ဥပုသ်စောင့်ပေမယ့် တစ်နေ့လုံး အပြည့်အစုံမစောင့်နိုင်ပါ။ ကျွန်တော်ရဲ့ တစ်ဝက်စောင့်ဥပုသ်ကလေး ကျိုးသွားမှာစိုးလို့ မစားလိုပါဘူး။

ကျုပ်ဟာ ဒီလိုနဲ့ပဲ အာရုံတက်တဲ့အချိန်မှာ ညှိုးနွမ်းတဲ့ ပန်းပမာ လူ့ပြည်က စုတေခဲ့ပြီး ဒီပင်ညောင်ပင်ပေါ်မှာ ရုက္ခစိုးဖြစ်ရတာပါပဲ။ ကျုပ်ရဲ့ မှီခိုအားထားရာ အနာထပိဏ်သူဌေးကြီးဟာ ဘုရား၊တရား၊ သံဃာ ရတနာသုံးပါးကို မြတ်နိုးသူပါ။ သူဌေးကြီးကို အမှီပြုပြီး ပြုလိုက်ရတဲ့ နေ့ထက်ဝက်ဥပုသ်ကံရဲ့ အကျိုးဆက်ကြောင့် အရှင်ရသေ့ကြီးများ မြင်တဲ့အတိုင်း ဒီနတ်စည်းစိမ်ကို ကျုပ်ရလာတာပါပဲ။

အို...နတ်မင်း အသင်နတ်မင်းကို လက်အုပ်ချီကြပါတယ်။ အသင်နတ်မင်း ဘုရားလို့ပြောပါသလား၊ ဘုရားလို့ ပြောပါသလား။

ဟုတ်တယ် ရှင်ရသေ့တို့ ကျုပ်က ဘုရားလို့ ပြောပါတယ်။ ဘုရားလို့ အသေအချာ ပြောပါတယ်။

ဩော်...သတ္တလောကကြီးမှာ ဘုရားဆိုတဲ့ အသံမျှကိုလည်း ကြားရဖို့ ခဲယဥ်းလှပါတကား။

အို...အရှင်နတ်မင်း အသိန်းမကသော ကမ္ဘာတို့မှာပင် မကြားရဘူးတဲ့ အသံကို သင်နတ်မင်းက ကျုပ်တို့ကို ကြားစေတာပါပဲ။

အို...အရှင်ဆရာရသေ့ကြီး၊ နတ်မင်းက ဒီလိုပြောနေမှတော့ တပည့်တို့အားလုံး မြတ်စွာဘုရားထံ သွားကြပါစို့။

အမောင် တပည့်တို့ သူဌေးကြီးသုံးဦးဟာ တို့အပေါ်မှာ ကျေးဇူးများကြပေတယ်။ မနက်ဖြန် သူတို့အိမ်မှာ ဆွမ်းကိုခံယူပြီး သူတို့ကိုလည်း ပြောပြီးမှ သွားကြတာပ၊ သည်းခံကြပါဦး။

ကောင်းပါပြီ ဆရာကြီး။

ဟေ့...မိတ်ဆွေ သူဌေးတို့၊ ဒီနေ့ ငါတို့ရဲ့ အရှင်ရသေ့များ လာမယ့်နေ့ပဲ၊ ယာဂုဆွမ်း အပြည့်အစုံနဲ့ နေရာခင်းထားကြရအောင်။

ကောင်းပါပြီ မိတ်ဆွေသူဌေးတို့။

ဟော...ပြောပြောဆိုဆို အရှင်ရသေ့တို့ ကြွလာကြပြီ၊ ကြွပါဘုရား၊ ကြွပါဘုရား၊ သီတင်းသုံးတော်မူကြပါ၊ တပည့်တော်များ ဆွမ်းကပ်လှူကြပါတယ်။

*   *   *

သူဌေးကြီးတို့၊ ယနေ့ ငါတို့အဖို့ ဆွမ်းကိစ္စ ပြည့်စုံကြပြီ၊ ငါတို့ သွားကြဦးမယ်။

အရှင်ဘုရားတို့ တပည့်တော်တို့အနီးမှာ မိုးလေးလကုန်အောင် နေကြမယ်လို့ ပေးထားတဲ့ ပဋိညာဉ်ကို တပည့်တော်တို့ ခံယူထား ကြပါတယ်၊ ယခုပဲ ကြွကြတော့မှာလား။

ဒါယကာ သူဌေးတို့၊ သတ္တလောကကြီးအတွင်းမှာ မြတ်စွာဘုရား ပွင့်တော်မူပြီတဲ့၊ တရားတော်ပေါ်ထွန်းပြီတဲ့၊ သံဃာတော် ပေါ်ထွန်း ပြီတဲ့၊ ဒါကြောင့် မြတ်စွာဘုရားထံ ငါတို့သွားကြမှာ။

အရှင်ရသေ့တို့၊ အရှင်တို့သာ မြတ်စွာဘုရားထံတော်သို့ သွား သင့်ပါသလား။

ဒါယကာ သူဌေးတို့၊ တခြားပုဂ္ဂိုလ်တို့ရဲ့ သွားလိုမှုကို မတားမြစ် ကောင်းပါဘူး။

အရှင်ရသေ့တို့ ဒီလိုဖြစ်လျှင် ဆိုင်းငံ့ကြပါဦး၊ တပည့်တော်တို့ သွားဖို့ အစီအစဉ်ကို စီစဉ်ကြပါဦးမည်၊ တပည့်တော်တို့နှင့်အတူ သွားကြရအောင်။

ဒါယကာတို့၊ သင်တို့က သွားဖို့အစီအစဉ် စီစဉ်ကြဦးမည်ဆို တော့ ငါတို့မှာ အချိန်ကြာနေတယ်၊ ငါတို့က ရှေ့က သွားနှင့်ကြမယ်၊ သင်တို့ နောက်က လိုက်ခဲ့ကြ။

ကောင်းပါပြီ အရှင်ရသေ့တို့။

*   *   *

ထိုရသေ့ ငါးရာတို့သည် မြတ်စွာဘုရားထံရောက်ပြီး တရားတော် ကို ကြားနာကြ၍ ဒေသနာတော်အဆုံး၌ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ များဖြစ်ကြပြီး မြတ်စွာဘုရားထံ ရဟန်းအဖြစ်ကို တောင်းဆိုကြသဖြင့် မြတ်စွာဘုရားက ဧထ ဘိက္ခဝေဟု ခေါ်တော်မူလတ်သော် တန်ခိုး ဖြင့်ပြီးသော သပိတ် သင်္ကန်းတို့ကို ကိုယ်ပေါ်မှာ ဆင်မြန်း ဖော် ဘိက္ခုရဟန် များ ဖြစ်ကြလေကုန်၏။

ဃောသကသူဌေး၊ ကုက္ကုတသူဌေး၊ ပါဝါရိကသူဌေးတို့သည် ငါးရာစီ၊ ငါးရာစီသော လှည်းတို့ဖြင့် ဆွမ်း၊ အဝတ်အထည်၊ ထောပတ်၊ ပျားရည်၊ တင်းလဲ စသော ဒါန အဆောက်အအုံတို့ကိုယူ၍ သွားကြသည်။ သာဝတ္ထိမြို့သို့ရောက်၍ မြတ်စွာဘုရားကို ဖူးမြော်ကြ၊ တရားစကားကို နာကြားကြလေရာ တရားဒေသနာတော်အဆုံး၌ သောတာပတ္တိဖိုလ်၌ တည်ကြလေ၏။ လခွဲ(၁၅)ရက်ပတ်လုံး အလှူဒါန ပေးလှူကြလျက် မြတ်စွာဘုရား၏ ထံတော်အနီး၌ နေကြပြီးသော် မြတ်စွာဘုရားကို ကောသမ္ဗီမြို့သို့ ကြွရောက်တော်မူပါရန် တောင်းပန်လျှောက်ထားကြသည်။ မြတ်စွာဘုရားက ကြွလာမည်ဟု ပဋိညာဉ် ပေးသည့်အနေဖြင့် ဒါယကာတို့ မြတ်စွာဘုရားတို့သည် ဆိတ်ငြိမ်ရာ ကျောင်း၌ မွေ့လျော်ကြသည်ဟု မိန့်အပ်လေသော် မြတ်စွာဘုရား၊ မြတ်စွာဘုရား၏ မိန့်တော်မူချက်ကို သိနားလည်ပါသည်။ တပည့်တော်တို့ အကြောင်းကြား ပင့်ဆောင်သောအခါ ကြွလာတော်မူသင့်ပါသည်ဟု လျှောက်ထားကြပြီးလျှင် ကောသမ္ဗီမြို့သို့ ပြန်လည်ရောက်ရှိကြသောအခါ ဃောသကသူဌေးက ဃောသိတာရုံကျောင်း၊ ကုက္ကုတသူဌေးက ကုက္ကုတာရုံကျောင်း၊ ပါဝါရိကသူဌေးက ပါဝါရိကာရုံကျောင်းအားဖြင့် ကျောင်းကြီး သုံးကျောင်းတို့ကို အသီးသီး ဆောက်လုပ်ကြကုန်၏။ ထို့နောက် မြတ်စွာဘုရားထံတော်သို့ ကြွလာတော်မူရန် သတင်းစကားကို ပို့ဆောင်ကြလေ၏။ မြတ်စွာဘုရားသည် သူဌေးသုံးဦးတို့ထံမှ သတင်းစကားကို ကြားတော်မူသဖြင့် ကောသမ္ဗီမြို့သို့ ကြွတော်မူသည်။ သူဌေးသုံးဦးတို့သည် ခရီးဦးကြိုဆိုကြပြီး မြတ်စွာဘုရားကို ကျောင်းသုံးကျောင်းတွင် အလှည့်ကျအားဖြင့် သီတင်းသုံးစေ၍ ပြုစုကြကုန်၏။ မြတ်စွာဘုရားသည် တစ်ကျောင်းလျှင် တစ်ရက်ကျ သီတင်းသုံးတော်မူသည်။ သီတင်းသုံးရာ ကျောင်း၏ ကျောင်းတကာအိမ်၌ ဆွမ်းခံကြွတော်မူသည်။ သူဌေးသုံးဦးတို့၏

အလုပ်အကျွေးဖြစ်သော သုမနပန်းသည်သည် အို...သူဌေးမင်းတို့ ကျွန်တော်သည် နေ့ညရှည်ကြာ အရှင်သူဌေးတို့၏ ကျေးဇူးပြုသူ ဖြစ်ပါသည်။ မြတ်စွာဘုရားကို ဆွမ်းကပ်လှူလိုပါသည်။ ကျွန်တော်အား တစ်ရက်မျှ မြတ်စွာဘုရားကို ပေးလှူခွင့်ပေးကြပါ။

ဟေ့...သုမန ဒီလိုဖြစ်လျှင် မနက်ဖြန်ပင် ဆွမ်းကျွေးတော့ဟေ့။

ကောင်းပါပြီ သူဌေးမင်းတို့။

သုမနပန်းသည်သည် မြတ်စွာဘုရားအား လှူဒါန်းရန် ပူဇော်သက္ကာရကို စီရင်လေ၏။

ထိုအချိန်အခါ၌ ဥတေနမင်းသည် သာမာဝတီမိဖုရားအား နေ့စဉ် ပန်းဖိုးငွေ အသပြာရှစ်ကျပ်တို့ကို ပေး၏။ သာမာဝတီ မိဖုရား၏ ကျွန်မ ခုဇ္ဇုတ္တရာသည် သုမနပန်းသည်ထံသွား၍ ပန်းတို့ကို အမြဲဝယ်ယူ၏။ မြတ်စွာဘုရားအား ဆွမ်းလုပ်ကျွေးမည့် ထိုနေ့၌ မိမိထံလာသော ကျွန်မခုဇ္ဇုတ္တရာကို သုမနပန်းသည်က ဤသို့ ပြောဆို၏။ မြတ်စွာဘုရားကို ပင့်ထားတယ်၊ ယနေ့ မြတ်စွာဘုရားကို ပန်းတွေနဲ့ ပူဇော်မှာဖြစ်လို့ ခေတ္တ ဆိုင်းငံ့နေပါဦး။ အသင်ခုဇ္ဇုတ္တရာက ဆွမ်းလုပ်ကျွေးရာမှာ အဖော်အဖြစ် ဆောင်ရွက်ပါ၊ တရားကိုလည်း ကြားနာပါ။ ပူဇော်လို့ကျန်တဲ့ ပန်းတွေကို ယူပြီးသင်ရဲ့ အရှင်သခင်မ သာမာဝတီထံ ပြန်ရပါလိမ့်မယ်။

ကောင်းပါပြီ။

သုမနပန်းသည်သည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဆွမ်းလုပ်ကျွေးပြီးသော် အနုမောဒနာပြုတော်မူရန် မြတ်စွာဘုရား၏ သပိတ်တော်ကို ကိုင်ယူလေ၏။ မြတ်စွာဘုရားသည် အနုမောဒနာတရားကို ဟောတော်မူ၏။ ခုဇ္ဇုတ္တရာသည် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာနေဆဲ သောတာပတ္တိဖိုလ်၌ တည်လေ၏။

ခုဇ္ဇုတ္တရာသည် လွန်ခဲ့သည့်နေ့တို့က ပန်းဖိုးငွေ ရှစ်ကျပ်ထဲမှ လေးကျပ်ကို သူ့အတွက် ယူထားပြီး လေးကျပ်ဖိုး ပန်းဝယ်ယူ ပြန်သွားသည်။ တရားနာပြီးရာ ထိုနေ့မှာမူ ရှစ်ကျပ်ဖိုးလုံး ပန်းတို့ကို ဝယ်ယူ၍ ပြန်သွားလေ၏။ ထိုအခါ ခုဇ္ဇုတ္တရာကို သာမာဝတီမိဖုရား က ဤသို့ ပြောဆိုလေ၏။

အို...ခုဇ္ဇုတ္တရာ ယနေ့ သင့်အား ငါတို့ရှင်ဘုရင်က ပန်းဖိုးငွေ နှစ်ဆ ပေးသလား၊

သခင်မ မပေးပါ။

မပေးဘဲနှင့် ဘာကြောင့် ဒီနေ့ ပန်းတွေ များရသလဲ။

ဒီပြင်နေ့တွေတုန်းက ကျွန်တော်မက ကိုယ့်အတွက် ငွေလေးကျပ် ယူထားပြီး လေးကျပ်ဖိုး ပန်းကို ဝယ်ယူခဲ့ပါတယ်။

ဒီနေ့ ဘာကြောင့် ငွေလေးကျပ်ကို မယူသလဲ။

မြတ်စွာဘုရား၏တရားတော်ကို ကြားနာရတော့ တရားရခဲ့လို့ပါ။

(သာမာဝတီမိဖုရားသည် ခုဇ္ဇုတ္တရာကျွန်မကို ဟဲ့...ကျွန်မပျက်၊ ဒီနေ့တိုင်အောင် သင်ယူထားတဲ့ငွေကို ငါ့ပေးလော့ဟု မခြိမ်းခြောက်ဘဲ)

မိခင် ခုဇ္ဇုတ္တရာ သင်သောက်သုံးခဲ့ရတဲ့ အမြိုက်ရေကို ကျုပ် တို့ကိုလည်း တိုက်ပေးပါ။

ဒါဖြင့်လျှင် ကျွန်မကို ရေချိုးပေးကြဟု ပြောသဖြင့် နံ့သာရေအိုး တစ်ဆယ့်ခြောက်လုံးတို့ဖြင့် ရေချိုးစေပြီး ချောမွတ်ပြေပြစ်သော အဝတ် နှစ်ထည်ကို ပေးစေ၏။

ခုဇ္ဇုတ္တရာသည် အဝတ်တစ်ထည်ကို ဝတ်၍ တစ်ထည်ကို ပခုံး ထက်၌တင်ပြီး ကောင်းမွန်သည့်နေရာကို ခင်းစေ၍ ယပ်တစ်ချောင်း ကို ဆောင်ယူစေကာ နေရာ၌ ထိုင်၍ ဆန်းကြယ်သော ယပ်ကို ကိုင်လျက် မာတုကာမငါးရာတို့ကို ဖိတ်ခေါ်ဟ မာတုကာမငါးရာ

တို့အား မြတ်စွာဘုရား ဟောတော်မူအပ်သော နည်းအတိုင်း တရားတော်ကို ဟောလေ၏။

ခုဇ္ဇုတ္တရာ၏ တရားစကားကို ကြားနာကြရသောကြောင့် အမျိုးသမီးငါးရာလုံး သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။ အမျိုးသမီးငါးရာတို့သည် ခုဇ္ဇုတ္တရာကို ရှိခိုး၍ မိခင်ခုဇ္ဇုတ္တရာ ယနေ့မှစ၍ မိခင်သည် ညစ်နွမ်းသည့် ကျွန်အလုပ်ကို မလုပ်ပါနှင့်။ ကျွန်မတို့ရဲ့ မိခင်အရာ၊ ဆရာအရာမှာ ရပ်တည်ပါ၊ မြတ်စွာဘုရားထံ သွားပါ၊ မြတ်စွာဘုရား ဟောကြားသည့်တရားကို ကြားနာပါ၊ ပြီးတော့ ကျွန်မတို့အား ပြန်ဟောပြပါဟု ပြောဆိုကြလေ၏။

ခုဇ္ဇုတ္တရာသည် အမျိုးသမီးငါးရာတို့ ပြောဆိုသည့်အတိုင်း ပြုလုပ်နေရကား နောက်ကာလ၌ တိပိဋကဓရ ပိဋကတ်သုံးပုံဆောင်ဖြစ်လေ၏။

ပိဋကတ်သုံးပုံဆောင်ဖြစ်ပြီးသော ခုဇ္ဇုတ္တရာကို မြတ်စွာဘုရားသည် ဗဟုသုတ ဓမ္မကထိက ဉပါသိကာတို့တွင် အမြတ်ဆုံး၊ အထူးချွန်ဆုံး တောဒဂ်ထားတော်မူ၏။

ရဟန်းတို့၊ ရတနာသုံးရပ် ဆည်းကပ်ကြသော အကြားအမြင်များကြ တရားကို ဟောကြကုန်သော ငါဘုရား၏ တပည့်မ သာဝိကာတို့တွင် ခုဇ္ဇုတ္တရာသည် အမြတ်ဆုံး၊ သာလွန်ထူးချွန်ဆုံး ဖြစ်ပေသည်။

မိခင် ခုဇ္ဇုတ္တရာ ကျွန်မတို့ မြတ်စွာဘုရားကို ဖူးမြင်ချင်ကြပါသည်။ ကျွန်မတို့အား မြတ်စွာဘုရားကို ပြပေးပါ။ နံ့သာပန်း စသည်တို့ဖြင့် မြတ်စွာဘုရားကို ပူဇော်ကြပါမည်။

အရှင်မတို့ မင်းမျိုးမင်းအိမ်ဆိုတာ ဝန်လေးလှပါသည်။

အရှင်မတို့ကို ခေါ်ပြီး နန်းတော်ဝင်းပြင်ဘက် ထွက်သွားဖို့ မတတ်နိုင်ပါ။

မိခင် ခုဇ္ဇုတ္တရာ ကျွန်မတို့ကို မဖျက်ဆီးပါနဲ့၊ မြတ်စွာဘုရားကို ပြသာ ပြပေးပါ။

အရှင်မတို့ မြတ်စွာဘုရားကို ဒီလောက် ဖူးမြော်လိုကြလျှင် အရှင်မတို့နေရာ တိုက်ခန်းနံရံတွေမှာ မြတ်စွာဘုရားကို ကြည့်လို့ မြင်နိုင်လောက်သည့်အပေါက်ကို ဖောက်ပြီး နံ့သာ ပန်း စသည်တို့ကို ယူခဲ့စေပြီး သူဌေးသုံးဦးတို့ အိမ်တံခါးသို့ အလှည့်ကျ ကြွတော်မူသော မြတ်စွာဘုရားကို အရှင်မတို့ အပေါက်ဖောက်ထားသည့် နေရာအသီးသီးမှာ ရပ်ကြပြီး ကြည့်ရှုဖူးမြော်ကြပါ။ လက်တွေကို ဖြန့်၍ ရှိခိုးကြပါ။ ပူဇော်လည်း ပူဇော်ကြပါ။

မိခင် ခုဇ္ဇုတ္တရာ မိခင်ပြောတဲ့အတိုင်း ပြုပြီး ကြွသွား ပြန်လာတော်မူသော မြတ်စွာဘုရားကို လှမ်းမျှော်ဖူးမြင်ပြီး ရှိလည်းခိုးကြပါတယ်။ ပူဇော်လည်း ပူဇော်ကြရပါတယ်။

* * *

အင်း...ငါ့နေရာ ပြာသာဒ်ကထွက်ပြီး စင်္ကြံသွားလိုက်တာ သာမာဝတီတို့နေရာ နန်းဆောင်အနီး ရောက်လာပြီ။

ဟာ...သာမာဝတီတို့နေရာ နန်းဆောင်တိုက်ခန်းနံရံတွေမှာ အပေါက်တွေပါလား၊ မေးကြည့်ရဦးမယ်။

အို...မဂန္ဒီမိဖုရားကြီး၊ ဒီကောသမ္ဗီမြို့ကို မြတ်စွာဘုရား ကြွရောက်နေတော်မူပါတယ်။ ကျွန်တော်မတို့ အဲဒီ အပေါက်တွေက မြတ်စွာဘုရားကို ရှိလည်းခိုးရ၊ ပူဇော်လည်း ပူဇော်ကြရပါတယ်။

(သာမာဝတီနန်းဆောင်က အမျိုးသမီးများသည် မာဂန္ဒီက မြတ်စွာဘုရားအပေါ် ရန်ငြိုးထားမှုကို မသိရှာကြ၍ အမှန်အတိုင်း ပြောဆိုကြခြင်းဖြစ်သည်။)

ဩော်...ဒီမြို့ကို ရဟန်းဂေါတမ ရောက်နေပါလား၊ ယခု သူ့အပေါ် ပြုသင့်တာကို သိရတော့မယ်၊ သာမာဝတီ အမှူးပြုတဲ့ ဒီမိန်းမတွေဟာလည်း ရဟန်းဂေါတမရဲ့ ဥပဋ္ဌာယိကာ ဆည်းကပ် ကိုးကွယ်တဲ့ တပည့်တွေပဲ။ ဒီမိန်းမတွေအပေါ်လည်း ပြုသင့်တာကို သိရတော့မယ်။

မြတ်သောမင်းကြီး သာမာဝတီနှင့်အတူ အမျိုးသမီးငါးရာတို့မှာ အပြင်၌ မျှော်လင့်တောင့်တမှု ရှိနေပါတယ်။ နှစ်ရက်၊ သုံးရက်နဲ့ အရှင်မင်းကြီးရဲ့ အသက်ကို သတ်ကြပါလိမ့်မယ်။

အရှင်မင်းကြီး ကျွန်တော်မ ပြောခဲ့တာ သုံးခါရှိသွားပြီ၊ ကျွန်တော်မ ပြောတာ မယုံလျှင် အရှင်မင်းကြီး ကိုယ်တိုင်သွားပြီး စုံစမ်းကြည့် တော်မူပါ။

ဩော်...မာဂဏ္ဍီပြောတဲ့ နံရံအပေါက်တွေဆိုတာ ဟုတ်သားပဲ။

အို...မင်းမိန်းမတို့ ဒီအပေါက်တွေကို ဘာပြုလို့ ဖောက်ထား ကြတာလဲ။

အရှင်မင်းကြီး၊ ကျွန်တော်မျိုးမတို့ ဒီအပေါက်တွေက ကြည့်ပြီး မြတ်စွာဘုရားကို ဖူးလည်း ဖူးမြော်ရ၊ ပူဇော်လည်း ပူဇော်ကြရပါ တယ်။

ကောင်းပြီ၊ ဖောက်ပြီး အပေါက်တွေကို ပြန်ပိတ်ကြ။ နံရံအထက် ပိုင်းမှာ လေသာပြတင်းပေါက် ဖောက်ထားကြ။

အင်း...ဒီမိန်းမတွေအပေါ် ငါပြုချင်နေတာ မပြုနိုင်သေးဘူး။ ရဟန်းဂေါတမကိုသာ ပြုသင့်ရာ ပြုဦးမယ်။

ဟေ့...မြို့နေ ယောက်ျားတို့ ဒီငွေတွေကို ယူသွားကြ။ ရဟန်း ဂေါတမ မြို့တွင်းဝင် ဆွမ်းခံလှည့်တဲ့အခါ သင်တို့ရဲ့ ကျွန်ယောက်ျား အလုပ်သမားတွေကို အရှင်ဂေါတမ ထွက်ပြေးအောင် ဆဲရေးနိုင်း၊ ရှုတ်ချနိုင်းကြပါ။

ငါတို့ကတော့ ရတနာသုံးပါး မကြည်ညိုတဲ့ မိစ္ဆာဒိဋ္ဌိတွေပဲကွ၊ ပိုက်ဆံရတာ အမြတ်ပဲ၊ ခိုင်းတာကို လုပ်မှာပဲ။

ဟေး...ဟေး...ရှင်ဂေါတမတော့ ဆွမ်းခံဝင်လာပြီကွ။ နောက်က လိုက်ဆဲကြစို့။

ဟေ့...သူခိုးကြီး၊ လူမိုက်ကြီး၊ တွေဝေသူကြီး၊ ကုလားအုပ်ကြီး၊ နွားကြီး၊ မြည်းကြီး၊ ငရဲသားကြီး၊ တိရစ္ဆာန်ကြီး၊ သင့်မှာ ကောင်းရာ ဂတိမရှိဘူး၊ မကောင်းရာ ဂတိကိုသာ သင်အလိုရှိထိုက်သည်။

မြတ်စွာဘုရား ဒီမြို့သားတွေက တပည့်တော်တို့ကို ဆဲရေး ရှုတ်ချနေကြပါတယ်၊ ဒီကောသမ္ဗီမြို့မှ တခြားမြို့ ကြွကြပါစို့ဘုရား။

အာနန္ဒာ ဘယ်မြို့ကို ကြွကြမှာလဲ။

တခြားမြို့ကို ကြွဖို့ပါဘုရား။

အဲဒီမြို့မှာ လူတွေ ဆဲကြပြန်လျှင် နောက်ထပ် ဘယ်ကို သွားကြမှာလဲ အာနန္ဒာ။

မြတ်စွာဘုရား၊ အဲဒီမြို့ကနေ တခြားမြို့ကို သွားကြမှာပါဘုရား။

အဲဒီမြို့မှာလဲ လူတွေက ဆဲကြပြန်တော့ ဘယ်ကို သွားကြမှာလဲ အာနန္ဒာ။

အဲဒီမြို့မှ အခြားမြို့ကို သွားကြမှာပါဘုရား။

အာနန္ဒာ ဒီလိုမပြုသင့်ဘူး၊ အဓိကရုဏ်းဖြစ်ပွားရာ မြို့ရွာမှာပဲ အဓိကရုဏ်းကို ငြိမ်းအောင်လုပ်ပြီးမှ ဒီပြင်အရပ်ကို သွားသင့်တယ်။

အာနန္ဒာ ဘယ်သူတွေက ဆဲကြတာလဲ။

မြတ်စွာဘုရား ကျွန်အမှုလုပ်သူတွေကစပြီး အားလုံးက ဆဲကြပါတယ်ဘုရား။

အာနန္ဒာ ငါဘုရားဟာ စစ်မြေပြင်တွင်း ဝင်ရောက်တဲ့ ဆင်နဲ့ တူတယ်။ စစ်မြေပြင်တွင်း ဝင်တဲ့ဆင်ဟာ အရပ်လေးမျက်နှာမှ ကျလာတဲ့ မြားတွေကို ခံနိုင်ရည်ရှိသလို၊ သီလပျက်ယွင်း ဒုဿီလျှင်းတို့

အားတင်းဆဲမှား ပြောဆိုတဲ့စကားကို သည်းခံနိုင်ဖို့က ငါဘုရားရဲ့ တာဝန်ဖြစ်တယ်။ အာနန္ဒာ ဆက်ပြီး ငါဘုရားဟောမည့် တရားဂါထာတို့ကို နာကြားပါဦး။

စစ်မြေပြင်၌ ဝင်သော ဆင်ပြောင်ကြီးသည် မိမိအပေါ် ကျရောက်လာသော မြားဒဏ်ကို သည်းခံသကဲ့သို့ ငါဘုရားသည် အရိယာတို့ ပြောစကားကို ကျော်လွှားပြောဆိုအပ်သော စကားကို ခွန်းစားမပြန် သည်းခံပေအံ့။ မှန်ပေ၏၊ သီလကင်းပ ဒုဿီလ လူအများသည် မပြောသင့်တဲ့စကားကို ပြောဆိုတတ်ကြသည်။ ယဉ်ကျေးသူကို လူပုံအလယ်သို့ ခေါ်ဆောင်ကြသည်။ လူတို့သနင်း ပြည့်ရှင်မင်းသည် ယဉ်ကျေးသည့် ဆင်တော်၊ မြင်းတော်ကို တက်စီးသည်။ အကြင်သူသည် အမှန်ကျော်လွှား မသင့်စကားကို သည်းခံနိုင်၏။ ထိုသူသည် လူတို့တွင် အမြတ်ဆုံး ယဉ်ကျေးသူဖြစ်၏။

အာဇာနည်မြင်းမှ ပေါက်ဖွားသော လိမ္မာသော အဿတရမြင်း၊ သိန္ဓောမြင်းနှင့် ကုဉ္ဇရ(ခေါ်)ဆင်ပြောင်ကြီးတို့ ယဉ်ကျေးသည်ထက် မိမိကိုယ်ကို ဆုံးမယဉ်ကျေးသူသည် ပို၍ မြတ်သည်။

အာနန္ဒာ သင်မစိုးရိမ်လင့်၊ ဆဲရေးသူတို့သည် ခုနစ်ရက်မျှသာ ဆဲရေးနိုင်ကြမည်။ ရှစ်ရက်မြောက်နေ့၌ နှုတ်တွေပိတ် ဆိတ်ဆိတ် ဖြစ်ကြလိမ့်မည်။

(မြတ်စွာဘုရား သခင်တို့၏ ဖြစ်ပေါ်လာသော အဓိကရုဏ်းသည် ခုနစ်ရက်ထက် ကျော်လွန်၍မဖြစ်။)

အင်း...ရှင်ဂေါတမကို ဒီမြို့က ထွက်ပြေးအောင် ဆဲရေးခိုင်းပေမယ့် ထွက်မပြေးပါပဲလား။ သာမာဝတီနဲ့ အမျိုးသမီးငါးရာတို့ဟာ ရှင်ဂေါတမရဲ့ အထောက်အကူတွေပဲ။ သူတို့ရဲ့ ပျက်စီးမှုကိုလည်း ငါ (မာဂဏ္ဍီ) ပြုရပေတော့မည်။

## ဘထွေးတော်သို့ အကြောင်းကြားစာ

ဘထွေးတော် သမီးတော် ကြက်တွေ လိုချင်တယ်။ ကြက်အရှင် ရှစ်ကောင်၊ အသေရှစ်ကောင်ကို ယူပြီး လာခဲ့ပါ။ လာလို့ စောင်း တန်းထိပ်ရောက်လျှင် ခေတ္တရပ်ပြီး လာရောက်ကြောင်းကို အသိ ပေးတဲ့အခါ ဝင်ပါလို့ဆိုပေမယ့် မဝင်သေးဘဲ ရှေးဦးစွာ ကြက်အရှင် ရှစ်ကောင်ကို ပေးလိုက်ပါ။ နောက်မှ အသေရှစ်ကောင်ကို ပေး လိုက်ပါ။

ဟဲ့...အလုပ်အကျွေးငယ်။ သခင်မခိုင်းတာကို လုပ်ပေး။

ရှေ့...သုံးစွဲဖို့ငွေ။

ငါ့သမီး မှာလိုက်တဲ့အတိုင်း ကြက်ရှင်၊ ကြက်သေတွေ ယူပြီး လာခဲ့တာ နန်းတော်စောင်းတန်းထိပ်တော့ ရောက်လာပြီ၊ ရောက်နေတဲ့ အကြောင်း အသိပေးဦးမှပဲ။

ဘထွေးတော်ကတော့ ငါခိုင်းတဲ့အတိုင်းလုပ်ပြီး စောင်းတန်းထိပ် ရောက်နေပြီ၊ အရှင်မင်းမြတ် သေရည်သောက်ခန်းတွင်း ရောက် မရောက် အကဲခတ်ဦးမှပဲ။

ဟာ...အရှင်မင်းကြီး သေရည်သောက်ခန်းထဲ ရောက်နေပြီပဲ။

ဟဲ့...ဟဲ့...အလုပ်အကျွေးငယ် (လုလင်) လာစမ်း၊ လာစမ်း။ စောင်းတန်းထိပ်မှာ ဘထွေးတော်ရောက်နေတယ်။ သွားချေစမ်း၊ သွား ချေစမ်း။

ကောင်းပါပြီ သခင်မကြီးဘုရား။

မာဂဏ္ဍီသခင်မက စေလွှတ်လိုက်တဲ့ လုပါ ဘကြီး။

အေး...အေး...ရှေ့ကွာ၊ ကြက်အရှင်ရှစ်ကောင်ကို ယူသွား လော့။

ကောင်းပါပြီ ဘကြီး။

သခင်မ ဘထွေးတော်က ပေးလိုက်တဲ့ ကြက်တွေပါ။

အေး...အေး၊ လာ...လာ။

အရှင်မင်းကြီး ပရောဟိတ်က လက်ဆောင်တွေကို ပို့လိုက်ပါတယ်။

ကောင်းပေစွ မာဂဏ္ဍီ၊ ငါတို့အတွက် အရက်မြည်းဖို့ လက်သုပ်ဟင်းလျာရလာတာပဲ။ မည်သူ့ကို ချက်ခိုင်းရင် ကောင်းမှာလဲ။

အရှင်မင်းကြီး၊ သာမာဝတီနဲ့ မိဖုရားငါးရာ ဘာအလုပ်မှမရှိဘဲ လည်နေကြတယ်။ သူတို့ထံ ပို့တော်မူပါ။ သူတို့ချက်ပြီး အရှင်မင်းကြီးထံ ပို့ကြပါလိမ့်မယ်။

ဟေ့...အချင်းယောကျ်ား၊ ဒီကြက်ရှစ်ကောင်ကို သာမာဝတီနဲ့ အမျိုးသမီးငါးရာထံ သွားပို့ချေ။ တခြားလူလက်ထဲ မအပ်ဘဲ ကိုယ်တိုင်သတ်ပြီး ဟင်းချက်ပို့ကြစေ။

ကောင်းပါပြီ အရှင်မင်းကြီး။

သခင်မတို့၊ ဘုရင်မင်းမြတ် အမိန့်တော်ပါ ပါတယ်။ အမိန့်တော်ကို နာခံပါ။ သာမာဝတီမိဖုရားနဲ့ အမျိုးသမီးငါးရာတို့ ငါမင်းမြတ်ယခုပို့လိုက်သော ကြက်ရှစ်ကောင်ကို တခြားသူလက်ထဲသို့ မအပ်ရ။ ကိုယ်တိုင်သတ်ပြီး ချက်၍ လာပို့ကြလေ။ ဘုရင့်အမိန့်တော်။

အို...ငါတို့က သူတစ်ပါးအသက် မသတ်ကြဘူး။ ပြန်ယူသွား၊ ပြန်ယူသွား။

အရှင်မင်းကြီး၊ သာမာဝတီမိဖုရားနဲ့ အမျိုးသမီးငါးရာတို့က ငါတို့ သူတစ်ပါးအသက် မသတ်ဘူး၊ ပြန်ယူသွားပြောလို့ ကြက်တွေကို ပြန်ယူခဲ့ရကြောင်းပါ အရှင်မင်းကြီး။

## မာဂဏ္ဍီဝင်ရောက်လျှောက်တင်ပုံ

အရှင်မင်းကြီး မြင်တော်မူပြီ မဟုတ်လား၊ ယခု ဒီမိန်းမတွေ ပါဏာတိပါတ ပြုမပြုကို သိရတော့မှာပါ။

ဒီကြက်တွေကို ချက်ပြီး ရဟန်းဂေါတမထံ ပို့ကြစေလို့ အမိန့်ရှိတော်မူပါ အရှင်မင်းကြီး။

အေး...ကောင်းပြီ။

ပုရောဟိတ်ကြီး ဒီကြက်အရှင် ရှစ်ကောင်ကို ယူထားပါ။ ဘထွေးတော်ထံက ကျန်နေတဲ့ ကြက်သေရှစ်ကောင်ကို ပေးပါ။

အေး...အေး၊ ဒီမှာ ယူထား။

သခင်မကြီးတို့ ဒီကြက်သေတွေကို ချက်ပြီး မြတ်စွာဘုရားထံ ပို့ကြရန် ဘုရင်မင်းမြတ်က ပေးလိုက်ပါတယ်။

အေးအေး...ကောင်းတယ်၊ ကောင်းတယ်၊ ယူခဲ့၊ ယူခဲ့၊ ဒီလိုလုပ်ရမှာက တို့ရဲ့အလုပ်ပါ၊ ကြိုဆိုပါတယ်။

အရှင်မင်းကြီး ကျွန်တော်မျိုးက အလုပ်အကျွေးငယ်ပါ၊

ဘာများ သံတော်ဦးတင်စရာရှိသလဲ။

ဘုရားကျွန်တော်မျိုး ကြက်တွေကို ယူပြီး သာမာဝတီနှင့် အမျိုးသမီးငါးရာတို့ထံ သွားပြီး ရဟန်းဂေါတမအား ကြက်သားဟင်း ကပ်ရန် ဘုရင်မင်းမြတ်က ပို့လိုက်ပါတယ်လို့ ပြောတော့ သူတို့တစ်တွေ ကြိုဆိုပြီး ဝမ်းမြောက်ဝမ်းသာ လက်ခံယူထားလိုက်ကြောင်းပါ အရှင်မင်းကြီး။

ဩော်...ဩော်။

ဘုရားနှမ မာဂဏ္ဍီပါ၊ အရှင်မင်းကြီး ယခုတင်လျှောက်သွားတဲ့ စကားကို ဆင်ခြင်ရှုကြည့်တော်မူပါ။အရှင်မင်းမြတ်အတွက် ချက်ပေးဖို့ပြောတော့ သူတစ်ပါးအသက်ကို ငါတို့ မသတ်ဘူးလို့ ပြောလိုက်ပြီး

ရှင်ဂေါတမအား ချက်ကပ်လိုက်ကြဆိုတော့ ဝမ်းမြောက်ဝမ်းသာ ယူထားလိုက်ကြတယ်ဆိုပါလား။ သာမာဝတီနဲ့ မောင်းမငါးရာတို့မှာ မုချ အပြင်မှာ မျှော်လင့်ချက်ရှိသူများ ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။ မောင်တော်ဘုရား။

မာဂဏ္ဍီ သင် ဘယ်လိုပဲတင်တင် ငါဘုရင် မယုံကြည်ဘူး။

အင်း...ခက်လှပါလား၊ ဘယ်လိုလုပ်ရပါဦးမလဲ၊ အကြံတစ်ခု တော့ရပြန်ပြီ၊ မင်းကြီးဟာ မိဖုရားသုံးပါးတို့ရဲ့ နန်းဆောင်အသီးသီး မှာ ခုနစ်ရက်စီ လှည့်ပြီး စံတော်မူလေ့ရှိတယ်။ နက်ဖြန်သဘက် သာမာဝတီရဲ့ ပြာသာဒ်အပြင်ကို ကြွလိမ့်မယ်။ အစီအစဉ်လုပ်လေ မှပဲ။

ဟဲ့...တမန်တော်။

မိန့်တော်မူပါ အရှင်မိဖုရား။

ငါရဲ့ ဘထွေးတော်ထံသွားပြီး အဆိပ်ပြင်းတဲ့ မြွေတစ်ကောင်ကို ဆေးရည်နဲ့ အစွယ်တွေချွတ်ပြီး ပို့ပေးပါလို့ သွားပြော။

ကောင်းပါပြီ သခင် မိဖုရား။

ငါ့သမီးတော် မှာလိုက်တဲ့အတိုင်း အဆိပ်ပြင်းတဲ့ မြွေတစ်ကောင် ကို ဆေးနဲ့အစွယ်တွေချွတ်ပြီး ငါပို့လိုက်ပြီ။

မင်းကြီးသွားလေရာရာ ယူဆောင်သွားလေ့ရှိတဲ့ ဒီဟတ္ထိကန္တ စောင်းပေါက်ထဲ ဘထွေးတော်ထံက ပို့လိုက်တဲ့ ဒီမြွေကို ထည့်ပြီး ဒီပန်းကုံးနဲ့ ပိတ်ထားလိုက်မယ်။

ဩော်...ငါမြွေထည့်တာ သုံးရက်တော့ရှိလာပြီ မောင်ဘုရားကို မေးဦးမှပဲ။

မောင်တော်ဘုရား ယနေ့ ဘယ်မိဖုရားရဲ့ ပြာသာဒ်ကို ကြွမှာ ပါလဲ။

ဒီနေ့ သာမာဝတီရဲ့ နန်းဆောင်ပြာသာဒ်ကို ကြွမယ် မာဂဏ္ဍီ။

သံတော်ဦး တင်ပါရစေ မောင်တော်ဘုရား၊ ဘုရား့နှမ မနေ့ညက မနှစ်လိုဖွယ် အိပ်မက်ကို မြင်မက်ပါတယ်၊ မောင်တော်ဘုရား သာမာဝတီနန်းပြာသာဒ်ကို မသွားသင့်ပါ။

အို...မာဂဏ္ဍီ မောင်ဘုရားကို မတားနဲ့၊ သွားနေကြအတိုင်း သွားမှာပဲ။

မောင်ဘုရားကို သုံးကြိမ်ကျအောင် တားပါလျက် သွားမယ်ဆိုလျှင် ဘုရားနှမလည်း မောင်ဘုရားနဲ့ အတူ လိုက်ခဲ့ပါမယ်။

မာဂဏ္ဍီ နှမတော် သင်မလိုက်ခဲ့ပါနဲ့။

အို...ဘယ်လိုဖြစ်မှာကို မသိနိုင်ဘဲ လိုက်ခဲ့မှာပဲ မောင်တော်။

အင်း...မောင်တော်ဘုရား သာမာဝတီတို့ ဆက်ကပ်တဲ့ အဝတ်အထည်၊ ပန်းနံ့သာတွေကို ဆင်ယင်၊ မွန်မြတ်တဲ့ အသုံးအဆောင်တွေကို သုံးဆောင်၊ ဟတ္ထိကန္တစောင်းတော်ကို ခေါင်းရင်းမှာ ထားပြီး စက်တော်ခေါ်နေပြီ။ စောင်းပေါက်ထဲ ထည့်ထားတဲ့ မြွေထွက်လာအောင် ပန်းကုံးကို ဖယ်လိုက်မှပ။

(စောင်းပေါက်အတွင်းမှ အဆိပ်ပြင်းသည့် မြွေသည် သုံးရက်ခန့် အစာမစားရသည်ဖြစ်၍ စောင်းပေါက်မှ ထွက်ခဲ့ပြီး ရှူးရှူးဟု အသံပြည်ကာ ပါးပြင်းထောင်လျက် ဥတေနမင်း အိပ်ရာပေါ်၌ နေလေ၏။)

အို့...မောင်တော်ဘုရား စက်ဆုပ်ဖွယ်ရှိပါပေစွ၊ စက်ဆုပ်ဖွယ်ရှိပါပေစွ၊ အဆိပ်ပြင်းတဲ့ မြွေပါဘုရား။ ဒီမင်းဟာ အလွန်မိုက်ကန်းတဲ့ မင်းပဲ။ ကျက်သရေမရှိတဲ့ မင်းပဲ။ ငါပြောထားတဲ့ စကားကို နားမထောင်ဘူး။ ဒီမိန်းမတွေလဲ ဆုံးမခက်တဲ့ မိန်းမတွေပဲ။ ညည်းတို့တစ်တွေ မင်းမြတ်ထံမှ ဘာကို မရကြလို့လဲ။ ဒီမင်းနတ်ရွာစံလျှင် ညည်းတို့တစ်တွေ ချမ်းချမ်းသာသာ အသက်ရှင်နေရမှာမို့လား။

ဒီမင်းသက်တော်ရှည်နေလျှင် ညည်းတို့တစ်တွေ ဆင်းဆင်းရဲရဲ အသက်ရှင်နေရမှာမို့လား။ မနေ့ညက ဘုရားနှမ မကောင်းတဲ့ အိပ်မက်ကို မြင်မက်ပါတယ်။ သာမာဝတီရဲ့ ပြာသာဒ်ဆောင်ကို သွားဖို့ မသင့်ပါလို့ တားမြစ်ပါလျက် မောင်ဘုရားဟာ ဘုရာ့နှမ စကားကို နားမထောင်ဘူး။

ဟာ ဟုတ်ပေးသားပဲ။ အဆိပ်ပြင်းတဲ့ မြွေပဲ။ ဒီမိန်းမတွေ ဒီလိုလုပ်ကြတာပါလား။ ယုတ်မာကြပါပေ့ကွာ။

ဒီမိန်းမတွေ ယုတ်မာကြောင်းပြောတဲ့ မာဂဏ္ဍီရဲ့စကားကို ဟိုတုန်းက ငါကိုယ်တော် မယုံခဲ့ဘူး။ စစဦး သူတို့နေရာ အခန်းနံရံတွေမှာ အပေါက်တွေဖောက်ပြီး နေကြတယ်။ နောက်ထပ် ငါချက်ခိုင်းတဲ့ ကြက်တွေကို ငါ့ထံ ပြန်ပို့ကြတယ်။ ဒီနေ့ ငါ့အိပ်ရာပေါ် မြွေကို လွှတ်ထားတယ်။ သင်းတို့တစ်တွေ သေကြရောပေါ့ကွာ။

မင်းကြီးများ၊ ဗိုလ်ခြေတစ်ထောင် အားကိုဆောင်တဲ့ ဆိတ်ချိုလေးကို ဆက်ကြစမ်း။

မှန်လှပါဘုရား။

အမိတို့ရေ ငါတို့မှာ မေတ္တာတရားမှတစ်ပါး အခြား အားကိုးစရာ မရှိဘူး။ ဥတေနမင်းအပေါ်မှာ၊ မာဂဏ္ဍီမိဖုရားအပေါ်မှာ၊ မိမိတို့ ခန္ဓာကိုယ်အပေါ်မှာ ညီမျှတဲ့ မေတ္တာစိတ်ကို ထားကြပါ။ မည်သူ့အပေါ်မှ အမျက်ဒေါသ မထားကြပါနဲ့။

ကောင်းလှပါပြီ သာမာဝတီ အရှင်မိဖုရား။

ကဲ...ကဲ...သင်းတို့တစ်တွေ သေဖို့သာ ပြင်ကြတော့။ ဒီမယ်ကြားရဲ့လား၊ ငါ့လေးရဲ့ ညှို့သံ၊ အဆိပ်လူးတဲ့မြားနဲ့ ခွင်းလိုက်မယ်၊ ဟဲ့...သာမာဝတီ နင်ရှေ့ဆုံးက ရပ်စမ်း။ ကျန်တာတွေ နောက်က တန်းပြီး ရပ်ကြစမ်း။

သာမာဝတီ နင့်ရင်ဝတည့်တည့် ငါလေးက မြှားကို လွှတ်လိုက်ပြီ။

အလို ငါလွှတ်လိုက်တဲ့မြှားက ငါ့ရင်ဝထံ ပြန်လာပြီး ရင်ဝဖုံးထား ငါ့နှလုံးသားကို စူးဝင်သလိုပါလား။

အင်း...ငါ့အဖို့ စဉ်းစားစရာပဲ၊ ငါပစ်လိုက်တဲ့မြှားဟာ ကျောက်တုံးကိုပင် ထွင်းဖောက်သွားနိုင်တယ်။ ရှေ့ကကောင်းကင် အလယ်မှာ ငြိတွယ်စရာ နေရာလည်းမရှိဘူး။ ဒီလိုဖြစ်ပါလျက်နဲ့ ဒီမြှားပြန်လှည့်ပြီး ငါ့နှလုံးသားကို ဦးတည်လျက် ဖြစ်နေတယ်။ အမှန်ကတော့ ဒီမြှားဟာ သတ္တဝါလည်း မဟုတ်၊ အသက်ရှိတာလည်း မဟုတ်။ ဒီမြှားကပဲ ဟိုသာမာဝတီရဲ့ ဂုဏ်ကျေးဇူးကို သိပါပေတယ်။ လူသားစင်စစ်ဖြစ်တဲ့ ငါက မသိပါပဲလား။ ကဲ...ဒီလေးစွန့်ပစ်လိုက်မယ်၊ သွားရော့ကွာ။

အို...နှမတော် သာမာဝတီ၊ မောင်ဘုရားကို သနားစောင့်ရှောက်ကယ်မပါဦး၊ နှမတော်ရဲ့ ခြေတော်ရင်းမှာ ဆောင့်ကြောင့်ထိုင် ရှိခိုးပါတယ်၊

အို...သာမာဝတီ နှမတော်၊ မောင်တော်ဘုရား အသိဉာဏ်မရှိတွေဝေမိပါတယ်။ မောဟတွေဖုံး လုံးလုံးမသိ ပြင်းပြင်းထန်ထန်တွေဝေမိပါတယ်။ ရှေ့နောက်ဝဲယာ အရပ်မျက်နှာများ ခွဲခြားမသိတွေဝေမိပါတယ်။ အို...သာမာဝတီ မောင်ဘုရားကို သနားမောက်မောက် စောင့်ရှောက်တော်မူပါ။ နှမသာမာဝတီဟာ မောင်ဘုရားမောင်တော် ဥတေနရဲ့ ကိုးကွယ်ရာအစစ် ဖြစ်တော်မူပါ။

အို...မောင်တော်ဥတေနမင်း၊ မောင်တော်ဘုရားဟာ နှမတော်ကို ကိုးကွယ်ရာ အလား အသိမထားပါနဲ့။ မြတ်သော မောင်တော်ဘုရား နှမတော် ဆည်းကပ်ကိုးကွယ်ရာ ပုဂ္ဂိုလ်မြတ်ဟာ တရား

သိမြင် ဘုရားရှင်အစစ် ဖြစ်တော်မူပါတယ်။ အတုမဲ့ကင်း သုံးလူ့သနင်း တရားမင်းဖြစ်တော်မူပါတယ်။ နှမတော်ရဲ့ ကိုးကွယ်ရာ ရှင်တော်ဘုရားကိုသာ ကိုးကွယ်ဆည်းကပ်တော်မူပါ၊ မောင်တော် မင်းမြတ်ဟာလည်း နှမတော်ရဲ့ ကိုးကွယ်ရာ ဖြစ်တော်မူပါ။

အို…နှမတော် သာမာဝတီ၊ သင့်ရဲ့ နှုတ်ထွက်စကား ကြားရပြန်သော် ဒီမောင်တော်မှာ ပို၍သာ တွေဝေတရား မိုက်မှားပါတော့တယ်။ ရပ်မျက်နှာမထင် ဘဝင်မချမ်း မောဟတွေ လွှမ်းနေပါတယ်။ နှမတော်သာမာဝတီက မောင်ဘုရားကို သနားမောက်မောက် စောင့်ရှောက်တော်မူပါ။ နှမတော်ကိုးစားတဲ့ ဘုရားရှင်ရော၊ နှမတော်ပါ မောင်ဘုရားရဲ့ ကိုးကွယ်ရာ ဖြစ်တော်မူပါ။

အို…နှမတော် သာမာဝတီ၊ ထိုသို့တမူ ဖြစ်ပါမူကား သင်နှမတော် သာမာဝတီကိုလည်း မှီခိုအားထား ကိုးကွယ်ပါ၏။ မြတ်စွာဘုရားကိုလည်း မှီခိုအားထား ကိုးကွယ်ပါ၏။ နှမတော်သာမာဝတီ၊ သင့်အား မောင်ဘုရားက ဆုကိုလည်း ပေးပါ၏။

မြတ်သော မောင်ဘုရား၊ မောင်တော်ဘုရားပေးအပ်သော ဆုကိုလည်း ယူပြီးဖြစ်ပါစေ။

ကောင်းလှပါပြီ နှမတော်။

မြတ်စွာဘုရား တပည့်တော် ဥတေနသည် ဘုရား၊တရား၊ သံဃာ ရတနာသုံးပါးကို ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် ရွက်ဆောင်ပေးနိုင်သော ဘုရားဟူ၍၊ တရားတော်ဟူ၍၊ သံဃာတော်ဟူ၍ ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်ပါ၏ဘုရား။ နက်ဖြန်မှစ၍ ခုနစ်ရက်တိုင်တိုင် ရဟန်းသံဃာတော်ပါ ကြွလာတော်မူ၍ တပည့်တော် ကပ်လှူသော ဆွမ်းဘောဇဉ် အစထား ဒါနဝတ္ထုများကို အလှူခံယူတော်မူပါဘုရား။

နှမတော် သာမာဝတီ နေရာမှ ထပါတော့၊ ဘုရားအမှူးရှိသော သံဃာတော်အား ခုနစ်ရက်ပတ်လုံး အလှူဒါနပြုခဲ့ရပြီ၊ သင် အလို ရှိသောဆုကို ယူပါလေလော့။

အရှင်မင်းမြတ်၊ ကျွန်တော်မမှာ ရွှေငွေစပြီး ဝတ္ထုပစ္စည်းတို့ဖြင့် အလိုမရှိပါ။ မြတ်စွာဘုရားသည် တပည့်သံဃာ ငါးရာနှင့်အတူ ဘုရား နှမတော်ရဲ့ နန်းဆောင်သို့ ကြွရောက်၍ တရားဟော ချီးမြှောက် ခွင့်ဆုကို ပေးတော်မူပါ။

မြတ်စွာဘုရား တပည့်သံဃာငါးရာနှင့်အတူ သာမာဝတီမိဖုရား အမှူးပြုသော မိဖုရားမောင်းမငါးရာတို့နေရာ ဤနန်းဆောင်သို့ အမြဲ ကြွ၍ တရားချီးမြှင့်တော်မူပါဘုရား။

ဥတေနမင်းမြတ်၊ ငါသို့သော သုံးလောကထွတ်ထား မြတ်ဘုရား တို့မှာ လောကသားအားလုံးတို့အား သနားစောင့်ရှောက် ချီးမြှောက် ရမည်ဖြစ်၍ တစ်နေရာထဲ၌ အမြဲကြွဖို့ မသင့်။ ကောင်းကျိုးလိုလား လူအများသည် ငါဘုရားကို ကြွရောက်ဖို့ မျှော်လင့်တောင့်တနေပေ သည်။

မြတ်စွာဘုရား ဒီလိုဖြစ်လျှင် ရဟန်းတစ်ပါးကို နန်းဆောင်သို့ ကြွ၍ တရားဟောရန် စေလွှတ်ပေးတော်မူပါဘုရား။

အို...အာနန္ဒာ၊ ဒီနန်းဆောင်ကို သံဃာငါးရာနှင့်အတူ လာ၍ တရားဟောရန် ငါဘုရားခွင့်ပြုတော်မူတယ်။

သံဃာငါးရာနှင့်အတူ ကြွလာတော်မူသော ရှင်အာနန္ဒာကို အခြံ အရံ သံဃာနှင့်,အတူ ဆွမ်းဆက်ကပ် လှူဒါန်း၍ တရားတော်ကို ကြားနာကြလေ၏။ တစ်ခုသောရက်၌ အမျိုးသမီးငါးရာတို့သည် အရှင် အာနန္ဒာ၏တရားကို ကြားနာကြည်ညိုကြ၍ ကိုယ်အထက်ပိုင်းအရုံ အဝတ်အထည် ငါးရာတို့ဖြင့် ဓမ္မပူဇာ ပြုကြလေ၏။ ကိုယ်အထက်

ပိုင်းရဲ့ တစ်ထည့် တစ်ထည်စီသည့် တန်ဖိုးငွေ ငါးရာစီ ထိုက်တန်လေ၏။

အို...မိဖုရား မောင်းမတို့၊ သင်တို့မှာ ကိုယ်အပေါ်ပိုင်းအရုံ အဝတ်အထည်တွေ မမြင်ပါလား၊ ဘယ်မှာ ထားကြသလဲ။

အရှင်မင်းကြီး၊ ကျွန်တော်မတို့ အပေါ်ရုံအဝတ်အထည်တွေကို အရှင်အာနန္ဒာအား ပေးလှူကြပါသည်။

ဟဲ့...မိဖုရားမောင်းမတို့၊ သင်တို့လှူတဲ့ အထည်အားလုံးကို အရှင်အာနန္ဒာက အလှူခံယူသလား။

အရှင်မင်းကြီး အလှူခံယူကြောင်းပါ။

အို...အရှင်အာနန္ဒာ၊ အရှင့်အား အမျိုးသမီးငါးရာက အပေါ်ရုံ အဝတ် ငါးရာ လှူတယ်ဆိုတာ မှန်ပါသလား။

မှန်တယ် ဒကာတော်။

အရှင်ဘုရားကကော အထည်အားလုံးကို အလှူခံယူပါသလား။

အလှူခံယူပါတယ် ဒကာတော်မင်းမြတ်။

အရှင်ဘုရား ဘယ့်နှယ်တုံး၊ အဝတ်အထည်တွေ များလှချေလား။ ဒီလောက်များတဲ့ အဝတ်အထည်တွေနဲ့ ဘာကို ပြုကြပါသလဲ ဘုရား။

ဒကာတော်မင်းမြတ်၊ ငါတို့ သုံးလောက်ရုံ အထည်တွေယူပြီး ကျန်အထည်တွေကို သင်္ကန်းဟောင်းနွမ်း ရဟန်းတို့အား ပေးလှူရတယ် ဒကာတော်။

သင်္ကန်းဟောင်းနွမ်း ရဟန်းတွေက သင်္ကန်းအသစ်ကိုရတော့ သူတို့ရဲ့ နဂိုရှိပြီး သင်္ကန်းဟောင်းတွေကို ဘယ်လို ပြုကြပါသလဲ ဘုရား။

သူတို့ထက် ပိုပြီး သင်္ကန်းဟောင်းနွမ်း ရဟန်းတို့အား ပေးကြတယ် ဒကာတော်။

အဲဒီရဟန်းတွေက ပိုဟောင်းနွမ်းတဲ့သင်္ကန်းတွေကို ဘာလုပ်ကြပါသလဲဘုရား။

အိပ်ရာခင်းလွှမ်း အထည်လုပ်ကြတယ် ဒကာတော်။

မူလအိပ်ရာခင်းလွှမ်း အဟောင်းတွေကို ဘာလုပ်ကြပါသလဲဘုရား။

မြေမှာခင်းတဲ့ အခင်းတွေ ပြုလုပ်ကြတယ် ဒကာတော်။

မူလဟောင်းနွမ်း မြေအခင်းတွေကို ဘာလုပ်ကြပါသလဲ ဘုရား။

ခြေသုပ်ပုဆိုးတွေ ပြုကြတယ် ဒကာတော်၊

မူလဟောင်းနွမ်း ခြေသုပ်ပုဆိုးတွေကို ဘာလုပ်ကြပါသလဲဘုရား။

အပိုင်းပိုင်းဖြတ်၊ အမျှင်မျှင်ဖြစ်အောင် ထောင်းချေပြီး မြေညက်နဲ့ရောနယ်၊ ကျောင်းနံရံမှာ လိမ်းကပ်ကြတယ် ဒကာတော်။

အရှင်ဘုရား၊ အရှင်ဘုရားတို့က ဒီလောက်များအောင် ပြုလုပ်လှူဒါန်းအပ်သော အထည်တွေဟာ အချည်းနှီး အကျိုးမဲ့ မပျက်စီးကြပါပဲလား ဘုရား။

မှန်ပါတယ် မြတ်သောမင်းကြီး။

ဥတေနမင်းသည် အပြန်ပြန်မေးလျှောက်၍ ဖြေကြားအပ်သော စကားကိုကြားရသဖြင့် အခြားသော အဝတ်အထည် ငါးရာကို ယူစေပြီး အာနန္ဒာထေရ်ခြေရင်း၌ ချ၍ လှူဒါန်းလေ၏။

(ကြားရဖူးသည်မှာ အရှင်အာနန္ဒာထေရ်သည် အဖိုးငါးရာစီထိုက်သော အထည်ငါးရာတို့ကို အကြိမ်ငါးရာ၊ တန်ဖိုးတစ်ထောင်စီထိုက်သော အထည်တစ်ထောင်ကို အကြိမ်တစ်ထောင်၊ တန်ဖိုးတစ်သိန်းစီထိုက်သော အထည်တစ်သိန်းကို အကြိမ်တစ်သိန်း အလှူခံရတော်မူသည်။

တစ်ထည်၊ နှစ်ထည်၊ သုံးထည်၊ လေးထည်၊ငါးထည်၊ ဆယ်ထည်စသည်ဖြင့် ရအပ်သော အထည်တို့မှာမူ မရေတွက်နိုင်အောင် များလှသော ဟူ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံပြီးသော် အရှင်အာနန္ဒာထေရ်သည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးသို့ လှည့်လည်၍ ကျောင်းအားလုံးရှိ ရဟန်းတို့အား သပိယ်သက်န်းတို့ကို ပေးလှူသတတ်။)

မာဂဏ္ဍီ သင့်ကိုသင် စဉ်းစားစမ်း။ သင်လုပ်တဲ့အတိုင်း ဘာတစ်ခုမျှ ထမြောက်အောင်မြင်ခဲ့တာ မရှိဘူး။ ယခု သာမာဝတီတို့ အရေး ဘယ်လိုတွေးဦးမလဲ။

အင်း... နည်းလမ်း တစ်ခုကိုတော့ ကြံမိပြီ။ မောင်တော်မင်းတရားကြီး ဥယျာဉ်တော် ကစားထွက်မည့်နေ့ကို စောင့်ဦးမှပဲ။

အင်း...မောင်တော်မင်းတရားကြီး ဥယျာဉ်တော် ထွက်တော်မူတယ်။ ငါ့စိတ်ကူးကို အကောင်အထည်ဖော်မှပဲ။

## အကြောင်းကြားအပ်ပါသည် ဘထွေးတော်

ယနေ့ နန်းတော်အတွင်းသို့ အမြန်လာပြီး ရှိသမျှ ဆီလှောင်အိုးတွေကိုဖွင့်၊ ရှိသမျှ အထည်တိုက်တွေကိုဖွင့်၊ အထည်တွေကိုထုတ်ယူ၊ ဆီအိုးတွေမှာ စိမ်၊ သာသမာဝတီတို့ နေထိုင်ရာ နန်းဆောင်တိုင် အားလုံးမှာ ပတ်ထား၊ သာမာဝတီနှင့်အတူ အမျိုးသမီးငါးရာကို တိုက်ခန်းတွင်းမှာ တစ်စုတစ်ပေါင်းတည်းပြု၊ တံခါးပိတ်၊ ပြင်ဘက်က မင်းတုန်းချ၊ မီးရှို့ပြီး နန်းပြာသာဒ်ပေါ်က ဆင်းခဲ့ပါ။

အို...ဘထွေးတော်၊ ဆီဆွတ်တဲ့ အဝတ်တွေနဲ့ တိုင်တွေကို ရစ်ပတ်တာက ဘယ်လိုအကြောင်းလဲ။

သမီးတို့ မင်းကြီးက သစ်သားပြာသာဒ်ဆောင် ခိုင်အောင်လို့ တိုင်တွေကို ဆီဆွတ်တဲ့ အဝတ်တွေနဲ့ ရစ်ပတ်ခိုင်းထားတယ်။ မင်းအိမ်ဆိုတာ ကောင်းသောအကြောင်း၊ မကောင်းသောအကြောင်းကို သိနိုင်ခဲတယ်၊ သမီးတို့အားလုံး ဘထွေးဆီကို လာခဲ့ကြ။

ကောင်းပါပြီ ဘထွေးတော်။

ကဲ...အမျိုးသမီးငါးရာလုံး ပြာသာဒ်ခန်းတစ်ခုထဲမှာ ထားပြီးပြီ၊ တံခါးလည်း ပိတ်ပြီးပြီ၊ မင်းတုန်းလည်း ချပြီးပြီ၊ မီးလည်း ရှို့ပြီးပြီ၊ မီးလည်းစွဲပြီ၊ ပြာသာဒ်ပေါ်က ဆင်းမှပဲ။

အို...အမိတို့ အစမထင် သံသရာခွင်၌ ကျင်လည်ခဲ့ကြရသော ငါတို့၏ ဤသို့ မီးရှို့ခံရသောဘဝ အပိုင်းအခြားကို ဘုရားဉာဏ်တော်ဖြင့်သော်လည်း သိဖို့မလွယ်ပါ။ မမေ့လျော့မှု အပ္ပမာဒ လက်ကိုင်ပြုကြပါတော့။

ကောင်းပါပြီ သခင်မကြီး သာမာဝတီ။

သာမာဝတီ အမှူးပြုသော အမျိုးသမီးငါးရာတို့သည် မီးပူလောင်သဖြင့် ခံစားရသော ဒုက္ခဝေဒနာကို သိမ်းဆည်းရှုမှတ်ခြင်း ဝေနာပရိဂ္ဂဟ ကမ္မဋ္ဌာန်းကို နှလုံးသွင်း ပွားများကြကုန်၍ အချို့မိန်းမတို့သည် သကဒါဂါမ်ဖိုလ်၊ အချို့မိန်းမတို့သည် အနာဂါမ်ဖိုလ်သို့ ဆိုက်ရောက်ကြကုန်၏။

ထို့ကြောင့် ဥဒါန်းပါဠိတော်၌ ဤသို့ ဟောပြထားတော်မူသည်။

များစွာသော ရဟန်းတို့သည် ဆွမ်းစားပြီးနောက် ဆွမ်းခံရာမှ ပြန်လာကြကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ရှိခိုး ထိုင်နေကြပြီး မြတ်စွာဘုရားကို ဤသို့ လျှောက်ထားကြလေကုန်၏။

မြတ်စွာဘုရား ဤနေ့ ဤရက်၌ ဥတေနမင်း ဥယျာဉ်သို့ သွားရောက်နေစဉ် နန်းတော်မီးလောင်၍ သာမာဝတီအမှူးပြုသော အမျိုးသမီးတို့ ကွယ်လွန်ကြပါသည်။ ထိုအမျိုးသမီးတို့၏ လားရောက်ရာ ဖြစ်ရာဘဝဂတိကို သိလိုကြပါသည်ဘုရား။

ရဟန်းတို့ အမျိုးသမီး ငါးရာတို့သည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်များ ဖြစ်ကြသည်။ ထိုအမျိုးသမီးတို့၏ ကွယ်လွန်ခြင်းသည် အကျိုးမရှိသော ကွယ်လွန်ခြင်း မဟုတ်-ဟု မိန့်တော်မူ၏။

ထိုအချိန်က မြတ်စွာဘုရားသည် ထိုအကြောင်းကိုသိ၍ ဤဥဒါန်းကို ကျူးရင့်တော်မူသည်။

ရဟန်းတို့ သတ္တလောကသည် တွေဝေမှု၊ မောဟနှင့်ယှဉ်သော သဘောရှိသကဲ့သို့ ထင်၏။ ကိလေသာနှောင်ဖွဲ့၍ အဝိဇ္ဇာမှောင်ဖြင့် ခြုံရုံအပ်သော လူမိုက်သည် မြဲသောသဘောကဲ့သို့ ထင်၏။ မြဲသော သဘောရှိသော နိဗ္ဗာန်ကို မြင်သော ပုဂ္ဂိုလ်အား ကိလေသာဟူသော ကြောင့်ကြ စိုးရိမ်ခြင်း မရှိချေ။

ရဟန်းတို့ သတ္တဝါတို့မည်သည် ဝဋ်၌ ကျင်လည်ကြစဉ် အမြဲတမ်း မမေ့ကြဘဲ ကောင်းမှုကိုသာ ပြုကြသည်မဟုတ်။ မေ့လျော့ကုန်၍ မကောင်းမှုကိုလည်း ပြုကြသည်။ ထို့ကြောင့် ဝဋ်၌ ကျင်လည်ကြသော သတ္တဝါတို့သည် ချမ်းသာကိုလည်း ခံစားရ၊ ဆင်းရဲကိုလည်း ခံစားရကုန်သည်--

ဟု တရားဟောတော်မူ၏။

ဥတေနမင်းသည် သာမာဝတီမိဖုရား ပြာသာဒ်ဆောင် မီးလောင်သည်ဟု ကြားရ၍ လျင်မြန်စွာ နန်းတော်သို့ ပြန်လာသော်လည်း မမီလိုက်တော့ချေ၊ နန်းတော်သို့ရောက်၍ မီးလောင်သည့် ပြာသာဒ်ဆောင်ကို မီးငြိမ်းစေပြီး ကြီးမားသော ဒေါမနဿဖြစ်ကာ အမတ်အပေါင်း ခြံရံလျက်နေ၍ သာမာဝတီမိဖုရား၏ ဂုဏ်ကျေးဇူးကို အောက်မေ့လျက် ဒီအမှုသည် မည်သူပြုသည့် အမှုနည်းဟု စဉ်းစားကြည့်သော် မာဂဏ္ဍီပြုသည့်အမှုဖြစ်မည်ဟု အတပ်သိ၍ ခြိမ်းခြောက်မေးလျှင် အမှန်ကို ထွက်ဆိုမည်မဟုတ်။ တဖြည်းဖြည်း ဥပါယ်တံမျဉ်ဖြင့် မေးမှ ကောင်းမည်ဟု အကြံရပြီး အမတ်တို့ကို ပြောဆိုလေ၏။

အို...အမတ်တို့ ငါမင်းမြတ်သည် ဤနေ့မှ ရှေ့ရက်တွေတုန်းက လုံ့လကြီးစွာဖြင့် နေထိုင်ပါလျက် ကြီးမားသော ယုံမှားတွေးတောမှု ဖြစ်မိသည်။ သာမာဂဏ္ဍီသည် အမြဲတမ်း ငါ့အပေါ်မှာ အခွင့်ရှာနေ

သူဖြစ်သည်။ ယခုတော့ ငါ၏စိတ်သည် စိုးရိမ်ရွံ့ရှာခြင်း ကင်းငြိမ်းတော့မည်။ ချမ်းချမ်းသာသာ နေထိုင်ခွင့်ကို ရပေတော့မည်။

အရှင်မင်းကြီး၊ အဘယ်သူသည် သာမာဝတီ၏ ပြာသာဒ်ဆောင်ကို မီးရှို့ပါသနည်း။

မင်းကြီးများ၊ ငါမင်းမြတ်ကို ချစ်ခင်မြတ်နိုးသူတစ်ယောက်က မီးရှို့လိုက်တာ ဖြစ်မှာပဲ။

အို...အရှင်မင်းကြီး၊ ဤကိစ္စကို အခြားသူ တစ်စုံတစ်ယောက် ပြုစွမ်းနိုင်မည်မဟုတ်ပါ။ ဘုရားကျွန်တော်မ ပြုလိုက်တာပါပဲ။ ဘုရားကျွန်တော်မဟာ ဘထွေးတော်ကို ခေါ်ပြီးပြုစေတာပါပဲ။

အို...မာဂဏ္ဍီ၊ သင့်ကို ဖယ်ရှားပြီး ငါ့အပေါ်၌ ချစ်မြတ်နိုးတဲ့ ဒီပြင်သတ္တဝါဆိုတာ မရှိတော့ဘူး။ သင့်ကို ငါကိုယ်တော်မြတ် မြတ်နိုးကြည်သာတော်မူတယ်။ ဒါကြောင့် သင် မာဂဏ္ဍီအား ဆုပေးလိုတယ်။ သင့်ရဲ့ ဆွေမျိုးတွေကိုလည်း ခေါ်လိုက်ပါ။

ဟော့...ဟော့...အလုပ်အကျွေးငယ်၊ ငါ့ဆွေမျိုးတွေဆီ သွားပြီး ဥတေနမင်းက မိဖုရားကြီး မာဂဏ္ဍီကို ကြည်သာရွှင်ပြ ဆုပေးမှာဖြစ်လို့ မြန်မြန်လာခဲ့ကြလို့ ပြောချေ။

ဟော...ဟော့...ငါ့လူတို့၊ ဥတေနမင်းကြီးက ရောက်လာသမျှ မာဂဏ္ဍီရဲ့ ဆွေမျိုးတွေကို အကြီးအကျယ် ပြုစုကျွေးမွေး ဆုပေးသတဲ့။ ငါတို့လည်း တံစိုးလက်ဆောင်ပေးပြီး မာဂဏ္ဍီရဲ့ ဆွေမျိုးတွေပါလို့ ပြောပြီး သွားကြရအောင်။

အေး...အေး၊ ကောင်းတယ်ဟေ့၊ ကောင်းတယ်ဟေ့။

မင်းကြီးများ၊ မာဂဏ္ဍီရဲ့ အမျိုးပါဆိုတဲ့ လူတွေကို တစ်ယောက်မှ မပြန်စေနဲ့၊ ငါတို့ရဲ့ နန်းတော်ဝင်း လွတ်ရာမြေမှာ သူတို့ရဲ့ ချက်ရောက်အောင် တွင်းကိုတူး။ တွင်းတွေထဲမှာ မတ်တပ်ရပ်နေကြစေ။ တွင်းထဲမြေဖို့ ပေါ်နေတဲ့ အထက်ပိုင်း ကိုယ်ပေါ်မှာ ကောက်ရိုး

တွေဖုံး မီးရှို့ကြစေ။ သူတို့ရဲ့ အသားပေါ်က အရည်ကို မီးလောင်တဲ့အခါ သံထွန်သွားတပ်သော သံထွန်တုံးဖြင့် ထွန်၍ အပိုင်းပိုင်းပြတ်အောင် အမျှင်မျှင်ဖြစ်အောင် ပြုကြစေ။

မင်းကြီးများ အမိန့်ထူး မိန့်တော်မူမယ်၊ မာဂဏ္ဍီရဲ့ကိုယ်မှာ အသားရှိတဲ့နေရာက အသားကို သံလျက်ထက်ထက်နဲ့ လှီးခွာ၊ ဆီအိုးကင်းထဲ မုန့်ကြော်သကို ကြော်ပြီး သူ့ကို စားပေစေ၊ ငါ့အမိန့်တော်။

အရှင်မင်းကြီး အမိန့်တော်အတိုင်း ပြုရမည့်ကိစ္စအားကုံး ပြုပြီးပါပြီဘုရား။

ဓမ္မသဘင်၌လည်း "ငါ့ရှင်တို့ ရတနာသုံးပါးအား ကြည်ညိုလေးစားသော သာမာဝတီလို ဥပါသိကာ၏ မီးလောင်သေရခြင်းသည် မသင့်လျော်လှပါဟု ရဟန်းတို့က စကားဆိုနေကြကုန်၏။

မြတ်စွာဘုရား ကြွလာတော်မူ၍ ရဟန်းတို့၊ ဒီနေရာ ဒီအချိန်မှာ အဘယ်စကားဖြင့် စုဝေးနေကြသနည်းဟု မေးတော်မူသဖြင့် သာမာဝတီနှင့် ဆက်စပ်သော စကားကို ပြောဆိုနေကြကြောင်း လျှောက်ထားလေရာ–

ရဟန်းတို့ သာမာဝတီ အမှူးပြုသော အမျိုးသမီးငါးရာတို့၏ ဤဘဝ၌ ဤသို့ မီးလောင်သေရခြင်းသည် မသင့်လျော်သည် မှန်၏။ သူတို့၏ ရှေးကပြုခဲ့သော ကံကြောင့် ယခုလို သေရခြင်းသည် သင့်လျော်သည်သာ ဖြစ်၏။

မြတ်စွာဘုရား၊ သာမာဝတီ အမှူးပြုသော အမျိုးသမီးငါးရာတို့သည် ရှေးအတိတ်က မည်သို့သော ကံကို စီမံပြုလုပ်အပ်ခဲ့ပါသည်။ ထိုကံကို ဟောပြတော်မူပါဘုရား။

ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း ထီးနန်းအုပ်ချုပ် မင်းလုပ်လေသော် ပစ္စေကဗုဒ္ဓါရှစ်ပါးတို့သည် မင်း၏နန်းတော်၌ အမြဲဆွမ်းဘုဉ်းပေးကြသည်။ အမျိုးသမီးငါးရာတို့သည် ထိုပစ္စေက ဗုဒ္ဓါတို့ကို ဆည်းကပ်ပြုစုကြသည်။ ပစ္စေကဗုဒ္ဓါ ခုနစ်ဆူတို့သည် ဟိမဝန္တာသို့ ကြွတော်မူကြသည်။ ပစ္စေကဗုဒ္ဓါတစ်ဆူသည် မြစ်ကမ်းအနီး မြက်ခြုံတစ်ခုအတွင်း၌ နိရောဓသမာပတ် ဝင်စားနေတော်မူသည်။ တစ်နေ့သ၌ ဗြဟ္မဒတ်မင်းသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ နန်းတော်မှ ပြန်ကြွကြလေသော် ထိုအမျိုးသမီးငါးရာတို့ကို ခေါ်၍ မြစ်ရေအတွင်း၌ ရေကစားရန် သွားလေ၏။ ထိုအမျိုးသမီးငါးရာတို့သည် တစ်နေ့လုံး ရေကစား၍ မြစ်အတွင်းမှ တက်ကြပြီးကာ ချမ်းအေးလှသောကြောင့် မီးလှုံလိုကြ၍ မီးရှို့စရာနေရာကို လှည့်လည် ရှာဖွေကြသောအခါ ပစ္စေကဗုဒ္ဓါ သမာပတ်ဝင်စားရာ ခြုံကိုမြင်၍ မြက်ပုံဟူသော အမှတ်ဖြင့် မြက်ပုံကို ဝန်းရံ၍ မီးရှို့ကြလေ၏။ မြက် တွေ မီးလောင်၍ ကုန်သွားသောအခါ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မြင်ကြ၍ ငါတို့ ပျက်စီးကြကုန်ပြီ၊ ငါတို့မင်းကြီး၏ ကိုးကွယ်ရာ ပစ္စေကဗုဒ္ဓါသည် မီးလောင်ခံရပြီ၊ မင်းကြီးသိလျှင် ငါတို့ကို ဖျက်ဆီးလိမ့်မည်။ ပစ္စေကဗုဒ္ဓါကို ကောင်းကောင်းလောင်အောင် ပြုကြကုန်အံ့ဟု အမျိုးသမီးအားလုံးတို့သည် ရရာနေရာမှ ထင်းတို့ကို ဆောင်ယူ၍ ပစ္စေကဗုဒ္ဓါအပေါ်၌ ထင်းပုံကြီးဖြစ်အောင် ပုံကြပြီး မီးရှို့၍ ကောင်းကောင်းလောင်ကျွမ်းလိမ့်မည်ဟု ယူဆကြပြီး ပြန်သွားကြကုန်၏။ ထိုအမျိုးသမီးတို့သည် အစပထမက ပစ္စေကဗုဒ္ဓါ ရှိမှန်းမသိကြ၍ မီးရှို့ကြသောကြောင့် ပါဏာတိပါတကံသည် မနှိပ်စက်အပ်လေကုန်။ နောက်ထပ်ရှို့သောအခါ ပစ္စေကဗုဒ္ဓါမှန်းသိလျက် လောင်ကျွမ်းစေလိုသော စေတနာဖြင့် ထင်းတွေပုံ၍ မီးရှို့ကြသောကြောင့် ပါဏာတိပါတ ကံနှင့် ဆက်စပ်ကုန်၏။ တစ်နည်း ပါဏာတိပါတကံသည် နှိပ်စက်အပ်ကုန်၏။

အမှန်စင်စစ်အားဖြင့် ပဋာစာရာကို နိရောဓသမာပတ်အတွင်း၌ လည်းအစီးတစ်ထောင်ဖြင့် ထင်းတို့ကိုသယ်၍ စုပုံမီးရှို့ကြသော်လည်း အပူငွေ့ ပူစေရုံမျှကိုလည်း မပြုနိုင်ကြကုန်။ ထို့ကြောင့် ခုနစ်ရက် မြောက်သော နေ့၌ ပဋာစာရာအရှင်မြတ်သည် သမာပတ်မှထ၍ ချမ်းသာရာအရပ်သို့ ကြွလေ၏။

သာမာဝတီ အမှူးပြုသော အမျိုးသမီးငါးရာတို့သည် မီးရှို့မှု ထိုကံကို ပြုခဲ့ကြသောကြောင့် များစွာသော နှစ်အသိန်းတို့ပတ်လုံး ငရဲ၌ ကျက်ခဲ့ကြပြီး ထိုကံ၏ပင် အကျိုးကြွင်း အဖြစ်ဖြင့် ဘဝတစ်ရာ ပတ်လုံး အိမ်ကိုမီးလောင်၍ ကိုယ်ကို မီးလောင်ကျွမ်း ခံကြရလေပြီ။

ဤသည်ကား သာမာဝတီ အမှူးပြုသော အမျိုးသမီးငါးရာတို့၏ အတိတ်ကံ အကြောင်းပေတည်း။

မြတ်စွာဘုရား ခုဇ္ဇုတ္တရာ အမျိုးသမီးသည် အဘယ်ကံကြောင့် ကုန်းနေပါသနည်း။ အဘယ်ကံကြောင့် ပညာကြီးပါသနည်း။ အဘယ် ကံကြောင့် သောတာပတ္တိဖိုလ်ကို ရပါသနည်း။ အဘယ်ကံကြောင့် သူတစ်ပါးတို့ အခိုင်းအစေ ဖြစ်ရပါသနည်းဘုရား။

ရဟန်းတို့၊ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း အုပ်ချုပ်စဉ်ကပင် မီးရှို့ခံရသော ထိုပစ္စေကဗုဒ္ဓါသည် အနည်းငယ် ကုန်းသောကိုယ် ရှိ၏။ အလုပ်အကျွေး အမျိုးသမီးတစ်ယောက်သည် ကမ္ဗလာအဝတ် အထည်ကိုခြုံ၍ ရွှေခွက်ကို ကိုင်ပြီး “ငါတို့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်က ဟောသလို၊ ဟောသလို ကြွရှာတယ်”ဟု ကိုယ်ကိုကုန်းပြီး ပစ္စေက ဗုဒ္ဓါ ကြွသွားဟန်ကို ပြု၍ ပြလေ၏။ ထိုကံ၏ အကျိုးဆက်ကြောင့် ကုန်းရလေ၏။ ထိုပစ္စေကဗုဒ္ဓါတို့ကို ပထမနေ့ မင်းနန်းတော်၌ ထိုင် စေကြပြီး သပိတ်တို့ကို ယူ၍ နွားနို့ဆွမ်းအပြည့် ပေးလှူစေ၏။ ပူသောနွားနို့ဆွမ်းဖြင့် ပြည့်သောသပိတ်တို့ကို ပစ္စေကဗုဒ္ဓါ အရှင်မြတ် တို့သည် လက်နှစ်ဖက်ဖြင့် အပြန်အလှန် ကိုင်တော်မူကြကုန်၏။

ခုဇ္ဇုတ္တရာအလောင်း အမျိုးသမီးသည် ထိုပစ္စေကဗုဒ္ဓါတို့ကို မြင်ရ၍ မိမိပိုင် ဆင်စွယ်လက်ကောက် ရှစ်ကွင်းကို ပေးလှူကာ ဤဆင်စွယ် လက်ကောက်ပေါ်၌ သပိတ်တို့ကို တင်ထား၍ ကိုင်တော်မူကြပါဟု လျှောက်ထားလေ၏။ ထိုပစ္စေကဗုဒ္ဓါတို့သည် အမျိုးသမီး လျှောက် ထားသည့်အတိုင်း ကိုင်၍ အမျိုးသမီးကိုကြည့်ကာ ရပ်နေကြသော် ထိုအမျိုးသမီးသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ သိစေလိုသော အဓိပ္ပာယ်ကို သိရကား အရှင်ဘုရားတို့ဘုရား၊ ထိုဆင်စွယ် လက်ကောက်တို့ဖြင့် တပည့်တော်မ အလိုမရှိတော့ပါ။ အရှင်ဘုရား တို့အား အာလယပြုတ် လှူအပ်ပါကုန်၏။ ကိုင်ယူ၍ ကြွတော်မူကြပါဟု လျှောက်ထားလေ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် ထိုဆင်စွယ် လက်ကောက်တို့ကိုယူ၍ နန္ဒမူတောင်ဝှမ်းသို့ ကြွတော်မူကြလေ၏။ ထိုဆင်စွယ်လက်ကောက်တို့သည် ယနေ့တိုင်အောင် မပျက်မစီးရှိကြ လေကုန်၏။

ခုဇ္ဇုတ္တရာသည် ထိုကောင်းမှုကံ၏ အကျိုးဆက်ကြောင့် ပိဋကတ် သုံးပုံဆောင် ပညာကြီးသူဖြစ်ရလေ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ အား ပြုအပ်သော ဆည်းကပ်ပြုစုမှု၏ အကျိုးဆက်ကြောင့် သောတာ ပတ္တိဖိုလ်သို့ ရောက်ရလေ၏။

ဤသည်ကား ခုဇ္ဇုတ္တရာ၏ ဘုရားတစ်ဆူခြားအချိန်က ပြုခဲ့သော ရှေးကံတရားပေတည်း။

ကဿပမြတ်စွာဘုရား လက်ထက်တော်က ဗာရာဏသီ သူဌေး သမီးတစ်ယောက်သည် ညနေပိုင်း နေစောင်းချိန်၌ မှန်ကို ကိုင်၍ မိမိကိုယ်ကို တန်ဆာဆင်လျက် နေလေ့ရှိ၏။ ထိုအချိန်၌ ထိုသူဌေး သမီးနှင့် အကျွမ်းဝင်သော ရဟန္တာအမျိုးသမီး ရဟန်းတစ်ပါးသည် သူဌေးသမီးနှင့် တွေ့လို၍ အိမ်သို့လာလေ၏။ အာသဝေါကုန်ခန်း ရဟန္တာအမျိုးသမီး ရဟန်းတော်လည်း ညနေချိန်၌ အလုပ်အကျွေး

ဒကာတို့ကို တွေ့လိုကြကုန်၏။ ထိုခဏ၌ သူဌေးသမီး၏အနီး၌ ခိုင်းစေရာ အမျိုးသမီးတစ်ယောက်မျှ မရှိရကား သူဌေးသမီးသည် ရဟန္တာအမျိုးသမီး ရဟန်းအား အရှင်မဘုရား ရှိခိုးပါရဲ့၊ တပည့်တော်မရဲ့ လက်ဝတ်လက်စား ထည့်ထားတဲ့ ဟိုသေတ္တာလေးကို ယူပေးပါဦးဘုရားဟု ပြောဆိုလေ၏။

ထေရီမသည် ဤသို့ စဉ်းစားဆင်ခြင်လေ၏။ အကယ်၍ ငါသည် ဤသူဌေးသမီးအား သူယူခိုင်းသည့် သေတ္တာကို ယူမပေးခဲ့သော် ငါ့အပေါ် ရန်ငြိုးထား၍ ငရဲ၌ ဖြစ်လိမ့်မည်၊ အကယ်၍ ယူပေးခဲ့သော် သူတစ်ပါး၏ အခိုင်းအစေခံ အမျိုးသမီးဖြစ်လိမ့်မည်။ ငရဲ၌ ပူလောင်ခံရခြင်းထက် သူတစ်ပါး၏ အခိုင်းအစေဖြစ်ရခြင်းက မြတ်ပေသေး၏။

ထိုရဟန္တာ အမျိုးသမီးရဟန်းသည် သူဌေးသမီးအား သနားခြင်းကရုဏာကို အစွဲပြု၍ ထိုသေတ္တာငယ်ကိုယူ၍ သူဌေးသမီးအား ပေးလေ၏။ ထိုကံ၏ အကျိုးဆက်ကြောင့် ခုဇ္ဇုတ္တရာသည် သူတစ်ပါးတို့၏ စေခိုင်းမှုကို ပြုပေးရသော အစေခံဖြစ်ရလေ၏။

သာမာဝတီ အမျိုးသမီးတို့ မီးလောင်ခံပျက်စီးပြီးရာနေ့မှ နောက်ဖြစ်သော နေ့တစ်နေ့၌ ဓမ္မသဘင်ဝယ် ရဟန်းတို့သည် ဤဆိုလတ္တံ့သော စကားကို ပြောဆိုကြလေ၏။

သာမာဝတီအမှူးပြုသော အမျိုးသမီးငါးရာတို့သည် ပြာသာဒ်ဆောင်တွင်း၌ မီးလောင်ခံကြရကုန်၏။ မာဂဏ္ဍီအမျိုးသမီး၏ ဆွေမျိုးတို့သည် ကိုယ်အထက်ပိုင်း၌ ကောက်ရိုးမီးအရှို့ခံရပြီး သံထွန်သွားတပ်သော ထွန်တုံးတို့ဖြင့် ခန္ဓာကိုယ် ပြိုကွဲပျက်စီးကြလေကုန်၏။ မာဂဏ္ဍီသည် ကျိုက်ကျိုက်ဆူ ကျက်သောအဆီ၌ ကျက်ရလေ၏။ ဆိုခဲ့ပြီးသော ဤသူတို့တွင် အဘယ်သူတို့သည် အသက်ရှင်နေသူများဖြစ်၍ အဘယ်သူတို့သည် လူသေများ ဖြစ်ကြလေသနည်း။

မြတ်စွာဘုရား ကြွလာတော်မူ၍ ငါဘုရာမကြွမီအချိန်က အဘယ် စကားဖြင့် ပြောဆိုစုဝေးနေကြသနည်း ချစ်သားတို့ဟု မေးတော်မူ သဖြင့် သာမာဝတီအမျိုးသမီးတို့နှင့် ဆက်စပ်သော စကားဖြင့် ပြောဆိုစုဝေးနေကြပါကြောင်း လျှောက်ထားအပ်လေသော်–

ရဟန်းတို့ မေ့လျော့သောသူတို့သည် အနှစ်တစ်ရာ အသက် ရှည်နေကြသော်လည်း လူသေတို့သာ ဖြစ်ကုန်၏။ မမေ့မလျော့ သူတို့မှာကား သေကြကုန်သော်လည်း လူရှင်တို့သာ ဖြစ်ကုန်၏။ ထို့ကြောင့် မာဂဏ္ဍီသည် အသက်ရှင်နေသော်လည်း သူသေ မသာမည်လေ၏။

မှန်၏၊ ရဟန်းတို့ မမေ့မလျော့သူတို့သည် မသေသူ မည်ကြ ကုန်၏။ ဤသို့ ဟောတော်မူပြီး ဆိုလတ္တံ့သော ဂါထာတို့ကိုရွတ်ဆို ဟောပြတော်မူသည်။

မမေ့မလျော့ခြင်းသည် အမြိုက်နိဗ္ဗာန်၏ အကြောင်းဖြစ်၏။ မေ့လျော့ခြင်းသည် အဖန်ဖန် သေရခြင်း၏ အကြောင်းဖြစ်၏။ မမေ့ မလျော့သူတို့သည် သေသော်လည်း သေသူ မမည်ကြ။ မေ့လျော့ သူတို့သည်ကား အသက်ရှင်နေသော်လည်း သေသူနှင့် တူကုန်၏၊

* * *

အသိအလိမ္မာရှိသူတို့သည် မမေ့မလျော့ခြင်း၌ ဤသို့ ထူးခြား မှုကို သိကြကုန်၍ မမေ့မလျော့ခြင်း၌ မွေ့လျော်ကြကုန်၏။ ဘုရား ပစ္စေကဗုဒ္ဓါ ဗုဒ္ဓသာဝကအရိယာတို့၏ အာရုံဖြစ်သော သတိ ပဋ္ဌာန် လေးပါး အစရှိသော ဗောဓိပက္ခိယတရား သုံးဆယ့်နှစ်ပါး၊ လောကုတ္တရာ ကိုးပါး၌ အလွန်မွေ့လျော်ကြကုန်၏။

မမေ့မလျော့သော ထိုပညာရှိတို့သည် သမာပတ်ရှစ်ပါးဟူသော အရမ္မဏူပနိဇ္ဈာန် ဝိပဿနာမဂ်ဖိုလ်ဆိုအပ်သော လက္ခဏူပနိဇ္ဈာန် ဤနှစ်တန်ဖြင့် ဈာန်ရှိကြကုန်၍ တရားရေးအတွက် ထွက်လာသည့် အချိန်မှစ၍ အရဟတ္တမဂ်ရောက်သည်တိုင်အောင် မပြတ်ဖြစ်သော ကာယိက စေတသိက ဝီရိယရှိကြကုန်၍ ယောကျ်ားတို့ လုံ့လဝီရိယဖြင့် ရောက်ထိုက်ရာသို့ မရောက်မီ ဝီရိယကို ရပ်တည်ခြင်းဖြင့် အကြား၌ မဆုတ်မနစ်မူ၍ စွဲမြဲသော အားထုတ်မှုရှိကြကုန်၍ ယောဂ လေးပါးတို့၏ကုန်ရာ အတုမရှိမြတ်သော နိဗ္ဗာန်ကို ဖိုလ်လေးပါးဖြင့် တွေ့ထိကြကုန်၏။ မျက်မှောက်ပြုကြလေကုန်၏။ ဤဒေသနာတော် အဆုံး၌ များစွာသော လူတို့သည် သောတာပန် စသည် ဖြစ်ကြလေကုန်၏။

(က) ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ။
ဒသန္နမညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။

(ခ) ဝေဒနံ ဖရုသံ ဇာနိံ၊ သရီရဿ ဝ ဘေဒနံ။
ဂရုကံ ဝါပိ အာဗာဓံ၊ စိတ္တက္ခေပံ ဝ ပါပုဏေ။

(ဂ) ရာဇတော ဝါ ဥပသဂ္ဂံ၊ အဗ္ဘက္ခာနံ ဝ ဒါရုဏံ။
ပရိက္ခယံ ဝ ဉာတီနံ၊ ဘောဂါနံ ဝ ပဘင်္ဂုရံ။

(ဃ) အထ ဝါဿ အဂါရာနိ၊ အဂ္ဂိ ဍဟတိ ပါဝကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သောပပဇ္ဇတိ။

(က) ယော–ရဟန်းရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်၊ အပ္ပဒုဋ္ဌေသု–အပြစ်ကင်းကုန်သော၊ ဝါ–မပြစ်မှားထိုက်ကုန်သော၊ အဒဏ္ဍေသု–သတ္တဝါတို့ကို ကိုယ်ဖြင့် ညှဉ်းဆဲခြင်း စသည်ကင်းကွာ ရဟန္တာပုဂ္ဂိုလ်တို့၌၊ ဝါ–ဒဏ်မထားထိုက်သောသူတို့၌၊ ဒဏ္ဍေန– ညှဉ်းဆဲနှိပ်စက်ခြင်းဖြင့်၊ ဝါ–ဒဏ်ထားခြင်းဖြင့်၊ ဒုဿတိ–ဖျက်ဆီး

ပြစ်မှားလေ၏၊ သော–မပြစ်မှားထိုက်သူ ဒဏ်မထားထိုက်သူတို့၌ ပြစ်မှားဒဏ်ထားသောပုဂ္ဂိုလ်သည်၊ ဒသန္န–မသေမီဘဝ၌ တွေ့ကြုံရမည့် ဆင်းရဲစေကြောင်း ဆယ်မျိုးသော အကြောင်းတို့တွင်၊ အညတရံ ဌာနံ–တစ်မျိုးမျိုးသောအကြောင်းသို့၊ ခိပ္ပမေဝနိဂစ္ဆတိ–မနေးမကြာ လျင်စွာ တောက်လျှောက် ရောက်ရလေ၏။

(ခ) ဖရုသံဝေဒနံ–ဦးခေါင်း၌ဖြစ်သော ရောဂါအစရှိသော ကြမ်းတမ်းသော ရောဂါဝေဒနာသို့သော်လည်းကောင်း၊

ဇာနိံ–ခက်ခဲငြိုငြင် ပင်ပန်းစွာ ရှာဖွေစုစည်း ဥစ္စာပစ္စည်း၏ ဆုတ်ယုတ်ပျက်စီးခြင်းသို့သော်လည်းကောင်း၊

သရီရဿဘေဒနံ ဝါ–လက်ပြတ်ခြင်း၊ ခြေပြတ်ခြင်း စသော ခန္ဓာကို ဖျက်ဆီးခြင်းသို့သော်လည်းကောင်း၊

ဂရုကံ ဝါပိ အာဗာဓံ–လေဖြတ်ခြင်း၊ ဦးနှောက်ကြောပြတ်ခြင်း၊ မျက်စိတစ်ဖက်ကွယ်ခြင်း၊ ဆွံ့အခြင်း၊ အကြောဆွဲ၍ လက်ကွေး ကောက်ခြင်း၊ ခြေကွေးကောက်ခြင်း၊ နူနာရောဂါစွဲခြင်း အစရှိသော ကြီးလေးသော ရောဂါစွဲကပ်ခြင်းသို့သော်လည်းကောင်း၊

စိတ္တက္ခေပံဝါ–ရူးသွပ်ခြင်းသို့သော်လည်းကောင်း၊ ပါပုဏေ– မုချမသွေ ရောက်ရလေ၏၊

ရာဇတော ဥပသဂ္ဂံဝါ–စည်းစိမ်အခြံအရံ ယုတ်လျော့စေခြင်း၊ ဝါ– ရာထူးမှ ချခံရခြင်း၊ စစ်သူကြီးရာထူး စသည်ကို ရုပ်စဲခံရခြင်း အစရှိ သော မင်းမှဖြစ်သော ဘေးသို့လည်းကောင်း၊

ဒါရုဏံအဗ္ဘက္ခာနံဝါ–မမြင်ဖူး၊ မကြားဖူး၊ မကြံစည်ဖူးသော ဤ ဖောက်ထွင်းခိုးယူခြင်း စသည်ကို တော်လှန်ပုကန်မှုကို သင်ပြုသည် ဟူသော ပြင်းထန် ကြမ်းတမ်းသော စွပ်စွဲခံရခြင်းသို့သော်လည်း ကောင်း၊

ဉာတိနံ ပရိက္ခယံဝါ–မိမိ ယုံကြည်အားကိုးလောက်သော ဆွေမျိုးတို့၏ ပျက်စီးခြင်းသို့သော်လည်းကောင်း။

(ဂ) ဘောဂါနံ ပဘင်္ဂုရံဝါ–အိမ်၌ သိုမှီးသိမ်းဆည်းထားအပ်သော စပါး၊ ပဲ၊ကြက်သွန် စသည်တို့ ပိုးထိုးခြင်း၊ ပုပ်ခြင်း၊ ရွှေက မီးသွေးဖြစ်ခြင်း၊ ပုလဲက ဝါဂွမ်းစေ့ဖြစ်ခြင်း၊ ပိုက်ဆံဒင်္ဂါးက အိုးခြမ်းကွဲဖြစ်ခြင်း၊ အိမ်၌ရှိသော ခြေနှစ်ချောင်းရှိသူ သားသမီး၊ ကြက်ဘဲ စသည်၊ ခြေလေးချောင်းရှိသော ကျွဲ၊နွား၊ဆိတ်၊သိုး၊ကြောင်၊ဆင်၊မြင်းတို့၏ မျက်စိကွယ်ခြင်း၊ လက်ခြေကျိုးခြင်း၊ ကောက်ခြင်း စသည်သို့သော်လည်းကောင်း၊ ပါပုဏော–မလွဲမသွေ ရောက်ရလေ၏။

(ဃ) အထ–ထို့ပြင်၊ အဿ–မပြစ်မှားထိုက်သူ၊ ဒဏ်မထားထိုက်သူတို့၌ ပြစ်မှား ဒဏ်ထားသောပုဂ္ဂိုလ်၏၊ အဂါရာနိ–အိမ်၊ တိုက်စသော အဆောက်အအုံတို့ကို၊ အဂ္ဂိဝါ–မိုးကြိုးလောင်မီးကသော်လည်းကောင်း၊ ပါဝကောဝါ–ပကတိ မီးကသော်လည်းကောင်း။ ဍဟတိ–စွဲလောင်ဖျက်ဆီးလေ၏၊ (မသေမီ ယခုဘဝ ခံရမည့်အကျိုး ၁၀ မျိုး)။ သော–ဒုပ္ပညော–မပြစ်မှားထိုက်သူ ဒဏ်မထားထိုက်သူတို့၌ ပြစ်မှား ဒဏ်ထားသော အသိကင်းသူ ထိုလူမိုက်သည်၊ ကာယဿ ဘေဒါ–လက်ရှိ ဘဝခန္ဓာကိုယ် ပျက်စီးသည်မှ နောက်၌၊ နိယရံ ဥပပဇ္ဇတိ–ငရဲသို့ မလွဲမသွေ သေချာပေါက် ရောက်ရလေသတည်း။

(သေပြီးနောက်မှ တွေ့ရမည့်အကျိုး)

(ဤဓမ္မပဒအဋ္ဌကထာ ဒဏ္ဍဝဂ်၊ မဟာမောဂ္ဂလာန်ထေရ်ဝတ္ထုလာ ဂါထာဖွင့်နှင့်အညီ ပါဠိပြင်၍ အနက်ပေးလိုက်သည်။)

ပုဗ္ဗေ ဝ သန္နိဝါသေန၊ ပစ္စုပ္ပန္န ဟိတေန ဝါ။

ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံ ဝ ယထောဒကေ။

ပုဗ္ဗေ–အတိတ်ဘဝ ရှေးကာလ၌၊ သန္နိဝါသေနဝါ–တစ်ဦးနှင့်တစ်ဦး ချစ်ခင်အထူး အတူနေခဲ့ဖူးခြင်းကြောင့်သော်လည်းကောင်း၊

ပစ္စုပ္ပန္နဟိတေနဝါ–မျက်မှောက်ကြုံရ ပစ္စုပ္ပန်ကာလ ယခုဘဝ၌ တစ်ဦးကျေးဇူး တစ်ဦးကြည်ဆိုက် ပြုလိုက်ခြင်းကြောင့်သော် လည်းကောင်း။

ဇဝံ–ဤသို့ဆိုပေ ကြောင်းနှစ်ထွေကြောင့်၊ တံ ပေမံ–မြင်လျှင် မြင်ချင်း ရင်းနှီးချစ်ခင်ခြင်းသည်၊ ဇာယတေ–ပြုသည့်ကမ္မ–ပကာရ ကြောင့် မုချမသွေ ဖြစ်ရလေ၏၊ ယထာ–ဥပမာ မိုးဖော် အဘယ်သို့ နည်းဆိုသော်၊ ဥဒကေ–ရွှံ့ညွန်ရှိနေ ကန်ရေချောင်းရေ အိုင်ပေါက် ရေ၌၊ ဥပ္ပလံ–ဖြူပြာနီဝါ ပဒုမ္မာပုဏ္ဍရိက် ကြာတံဆိပ်သည်၊ ဇာယတေကွဝ–သင့်လျော်စွာ ဖြစ်ပေါ်လာသကဲ့သို့ပါပေတည်း။

(က) ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ သဗ္ဗမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။

(ခ) ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝသမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ မဏိဇောတိရသော ယထာ။

(က) တုယှံ–ယနေ့ယခု ကောင်းမှုပြုကြွား သင်အမျိုးသား၏၊ (တုယှံ–ယနေ့ယခု ကောင်းမှုပြုဆည်း သင်အမျိုးသမီး၏)။ သဗ္ဗမေဝ–လောကုတ်လောကီ အလီလီအတန်တန် မကျန်စုရုံး အားလုံးစုံသော။ ဣစ္ဆိတံ–လိုအပ်သမျှသည်၊ ပတ္ထိတံ–ရည်ရွယ်မှန်းဆ တောင့်တအပ် သမျှသည်၊ သမိဇ္ဈတု–သီးသီးဖုံဖုံ ပြီးစီးပြည့်စုံပါစေသတည်း။

ပန္နရသော–လဆန်းပက္ခ ဆယ့်ငါးရက်မြော် ထွက်ပေါ်လာသော၊ စန္ဒော–ကမ္ဘာသူကမ္ဘာသား လိုလားရောင်လင်း ရွှေလမင်းသည်၊ ပူရတိယထာ–ချွန်းထောင့်မရှိ ဝန်းဝိုင်းပြည့်သကဲ့သို့၊ တုယှံ–သင် အမျိုးသား၏၊ (တုယှံ–သင်အမျိုးသမီး၏။) သဗ္ဗေသင်္ကပ္ပါ–ကြံစည် ရွယ်ဆ အကြံဟူသမျှတို့သည်၊ ပူရေန္တု–မကျန်မကွေ့ အမြန် ပြည့်ပါစေကုန်သတည်း။

(ခ) တုယှံ–ယနေ့ယခု ကောင်းမှုပြုထား သင်အမျိုးသား၏၊ (တုယှံ–ယနေ့ယခု ကောင်းမှုပြုပြီး သင်အမျိုးသမီး၏)။ ဣစ္ဆိတံ–အပိုထပ်ရ လိုအပ်သမျှသည်။ ပတ္ထိတံ–ရည်ရွယ်ကြောင့်ကြ တောင့်တအပ်သမျှသည်၊ ခိပ္ပမေဝ–မနေးခုထင် မြန်စွာသာလျှင်၊ သမိဇ္ဈတု–သီးသီးဖုံဖုံ ပြီးစီးပြည့်စုံပါစေသတည်း၊ မဏိဇောတိရသော–လိုရာအားလုံး သိမ်းကြုံးပေးတတ် ပတ္တမြားရတနာမြတ်သည်၊ သက်ပွေ–ဆောင်ထားသူ၏ အတန်တန်အလီလီ အကြံအစည်တို့ကို၊ ပူရေတိ ယထာ–ဖွေ့သွေ့မနေ ပြည့်စေသကဲ့သို့၊ တဝ–သင်၏။ ပုညာနုဘာဝေန–ပြုအပ်ပေါင်းစု မြတ်ကောင်းမှုကြောင့်၊ သဗ္ဗေသက်ပ္ပါ–ကြံစည်ရွယ်ဆ အကြံဟူသမျှတို့သည်၊ ပူရေန္တု–မကျန်မကွေ့ အမြန်ပြည့်ပါစေကုန်သတည်း။

ရတ္တာဿ ဟိ ဉက္ကုဋိကံ ပဒံ ဘဝေ။
ဒုဋ္ဌဿ ဟောတိ၊ သဟသာနုပိဠိတံ။
မူဠှဿ ဟောတိ အဝကမ္ပိတံ ပဒံ။
ဝိဝဋ္ဋစ္ဆဒဿ ဣဒမီဒိသံ ပဒံ။

ဟိ–ဟုတ်သည်ကိုသာ ထုတ်ဆိုပါအံ့၊ ရတ္တာဿပဒံ–လောဘစွန်းထွက် တပ်မက်သူ၏ ခြေရာသည်၊ ဉက္ကုဋိကံဟောတိ–ဆောင့်ကြောင့်ထိုင်သူ၏ ခြေရာကဲ့သို့ ဖဝါးရာရှေ့ဘက် ခွက်လျက်ရှိလေ၏၊

ဒုဋ္ဌဿပဒံ–ကြမ်းကြုတ်ဖိစီး ဒေါသကြီးသူ၏ ခြေရာသည်၊ သဟသာနုပိဠိတံ ဟောတိ–လျင်စွာ ခြေဆောင့်သွားသူ၏ ခြေရာကဲ့သို့ ဖဝါးနောက်ဖက် ဖနောင့်ရာခွက်လျက်ရှိလေ၏၊

မူဠှဿပဒံ–သိဉာဏ်ကောလှ မောဟကြီးသူ၏ ခြေရာသည်၊ အဝကမ္ပိတံ ဟောတိ–မြေနှင့် မလွတ် ဒရွတ်ဆွဲသွား မပြတ်မသား လျားလျားရှိလေ၏၊

ဤဒိသံပဒံ–ယခု မြင်ရတွေ့ရလောလော ဤသို့သော ခြေရာ သည်၊ ဝိဝဋ္ဋစ္ဆဒဿပဒံ–ကံကိလေသဝိပါကဟု သုံးဝသောဝဋ် ကင်း လွတ်ပြတ်စဲပြီးသူ၏သာ ခြေရာစင်စစ် အမှန်ဖြစ်ပါပေသတည်း။

**ဒိသွာန တဏှံ အရတိံ ရဂဉ္စ၊**

**နာဟောသိ ဆန္ဒော အပိ မေထုနသ္မိံ။**

**ကိမေဝိဒံ မုတ္တကရီသပုဏ္ဏံ၊**

**ပါဒါပိ နံ သမ္ဖုသိတုံ န ဣစ္ဆေ။**

မာဂဏ္ဍိယ – အို–မာဂဏ္ဍိယပုဏ္ဏား၊ အဟံ – ငါဘုရားသည်၊ တဏှံစ–မာရ်နတ်ကြီး၏ ချစ်မငြိးသည့် သမီးတဏှာကိုလည်းကောင်း၊ အရတိံစ – မာရ်နတ်ကြီး၏ ချစ်မငြိးသည့် သမီးအာရတီကို လည်းကောင်း၊ ရဂဉ္စ–မာရ်နတ်ကြီး၏ ချစ်မငြိးရှာ သမီးရဂါကို လည်းကောင်း၊ ဒိသွာန–ဘုရားဖြစ်မှ မကြာလှခင် တမင်လာပြ မြင်ရလေသော်၊ မေထုနသ္မိံ–နှစ်ယောက်ပြုရ၊ ဒွယံဒွယ–မေထုနဟု ထိုအမှု၌၊ ဆန္ဒောအပိ–လိုလားရုံမျှ ဆန္ဒသော်လည်း၊ နာဟောသိ– ငါ့အား စင်စစ်မဖြစ်ခဲ့လေသေး၊ မုတ္တကရီသပုဏ္ဏံ–စက်ဆုပ်ရွံဖွယ် ကျင်ငယ်ကျင်ကြီးတို့ဖြင့် အပြည့်ကြီးပြည့်၍နေသော၊ ဣဒံ–လူမှုဖွားပြီး သင်ချစ်မငြိး သင့်သမီး မာဂဏ္ဍိယကို၊ ဒိသွာန–သင်လာပြ၍ မြင်ရ လေသော်၊ ကိမေဝ–အော့အန်ချင်ဘိ ရွံစလိလိ အဘယ်ဆိုဖွယ်ရှိတော့ မည်နည်း။

နံ–သင့်အနေဝယ် အလှကြွယ်မို့ တကယ်သားမက် ရွေးရခက်နေ ကြုံလျက်တွေ့ငြား ငါဘုရားနှင့် ပေးစားရွယ်ကြီး သင့်သမီး မာဂဏ္ဍိယ ကို၊ ပါဒါပိ–ပါဒေဟိပိ–ငါဘုရား၏ ခြေဖျားတို့ဖြင့်သော်လည်း၊ သမ္ဖုသိတုံ–မာ၏၊ ပျော့၏၊ ကြမ်း၏၊ နူ၏ စိတ်ဖြင့်သိရန် တို့ကြည့် ခြင်းငှာ၊ နဣစ္ဆေ–နဣစ္ဆာမိ–သင့်အား ကိတိ ထင်ရှားသိလော့ ငါဘုရား အလိုမရှိပါလေသတည်း။

(က) အဟံ နာဂေါဝ သင်္ဂါမေ၊ စာပတော ပတိတံ သရံ။
အတိဝါကျံ တိတိက္ခိဿံ၊ ဒုဿီလော ဟိ ဗဟုဇ္ဇနော။

(ခ) ဒန္တံ နယန္တိ သမိတိံ၊ ဒန္တံ ရာဇာဘိရူဟတိ။
ဒန္တော သေဋ္ဌော မနုဿေသု၊ ယောတိဝါကျံ တိတိက္ခတိ။

(ဂ) ဝရမဿတရာ ဒန္တာ၊ အာဇာနီယာ စ သိန္ဓဝါ၊
ကုဉ္ဇရာ စ မဟာနာဂါ၊ အတ္တဒန္တော တတော ဝရံ။

(က) အာနန္ဒ–ငါတို့ ကြွချီကောသမ္ဗီဝယ် ဒုဿီဟာလ လူအန္ဓတို့ အခပေး၍ ဆဲရေးသည့်တွက် ထွက်ပြေးမည် ကြံရှာ အို–ညီအာနန္ဒာ၊

သင်္ဂါမေ–သူနိုင်ကိုယ်နိုင် အနိုင်ကြံဖို့ မလွဲတိုက်ခွင် စစ်မြေပြင်၌၊ နာဂေါ–ရဲမာန်ဆောင်ပြီး ဆင်ပြောင်ကြီးသည်၊ စာပတောပတိတံ–ရန်သူဘက်မှ အချက်ကျအောင် ပစ်ချပေစွ လေးမှ ထွက်ကျ မြား မြမြကို၊ တိတိက္ခတိက္ကဝ–အနာခံကာ ငွဲသန်သန်ဖြင့် သည်းခံသကဲ့သို့ အဟံ–ခန္တီမေတ္တာ ကရုဏာကြီးမား ငါဘုရားသည်၊ အတိဝါကျံ (အဋ္ဌဘေဒ အနရိယဝေါဟာရ)–အရိယာမဟုတ်သော ပုထုဇဉ်လူစား တို့၏ မှားမှားမူးမူး လွန်ကျူးသဲသဲ စွပ်စွဲပြောကြား ဆဲရေးစကားကို၊ တိတိက္ခိဿံ–လန့်မထိတ်ဘဲ စိတ်ငွဲသန်သန် သည်းခံပေအံ့။

ဟိ–အမှန်စကား ငါပြောကြားအံ့၊ ဗဟုဇ္ဇနော–ပုထုဇဉ်ဟု လူအများ စုသည်၊ ဒုဿီလော–ပြောလိုရာစကား မစဉ်းစားဘဲ ထိပါးပြောမှု မှသားစုကြောင့်၊ ဂရုဓမ္မ–ရရမိမိ သီလမရှိလေ။

(ခ) ရာဇာ–တန်ခိုးအာဏာ ရှိန်ဝါထွန်းလင်း ပြည့်ရှင်မင်းသည်၊ ဒန္တံ –ယဉ်ကျေးပြီးသား မြင်းနှင့်နွားကို၊ သမိတိံ–ပရိသတ်စုံ လူလယ် ပုံသို့၊ နယန္တိ –မြင်းယာဉ် နွားယာဉ် ထမ်းပိုးခွင်၌ တပ်ဆင်တက်စီး ခရီးတွင်တွင် မောင်းနှင်ယူဆောင်ကြလေကုန်၏၊ ရာဇာ–တိုင်းပြည် သနင်းပြည့်ရှင်မင်းသည်၊ ဒန္တံ –ဒန္တဝေ–မြင်းနွား ယဉ်ယဉ် ထမ်းပိုး

တင်ရာ ယာဉ်ကိုသာလျှင်၊ အဘိရုဟာတိ–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသာ ဖြင့် လိုရာရောက်စေ တက်စီးလေ၏။

ယော–ရဟန်းရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်၊ အတိ ဝါကျံ–အမှန်ကိုကျော်လွှား ပြောစကားကို၊ တိတိက္ခတိ–အမှန်တရား လက်ကိုင်ထားလျက် စကားတုံ့ဟန် ခွန်းမပြန်ဘဲ သည်းခံလေ၏၊ သော–ရဟန်းရှင်လူ မည်သူမဆို ထိုပုဂ္ဂိုလ်သည်၊ မနုဿေသု– လူမည်ခံသူ များစွာသောလူတို့တွင်၊ သေဋ္ဌော ဒန္တော–အမြတ်ဆုံး ချီးမွမ်းထိုက်သူ ယဉ်ကျေးသူမည်လေ၏။

(ဂ) အာဇာနိယာ–ဆုံးမသူစကားကို ကောင်းစွာနားလည် အာဇာ နည်ဖြစ်ကြကုန်သော၊ အဿတရာစ–မြည်းထီး၌ခ မြင်းမမှဖွား အဿမိုရ် မြင်းလားတို့သည်လည်းကောင်း၊ သိန္ဓဝါစ–သိန္ဓုတိုင်းဖွား သိန္ဓောမြင်းအများတို့သည်လည်းကောင်း၊ ကုဥ္စရာ မဟာနာဂါစ– ကုဉ္စရမည်ဆောင် ဆင်ပြောင်ကြီးတို့သည်လည်းကောင်း၊ ဒန္တာ၀ေ– သင်ပေးပြည့်စုံ ယဉ်ကျေးကုန်သော်သာ၊ ဝရံ–ဝရာ–သုံးစွဲအပ်စွမြတ်လှ ပါလေကုန်၏၊ အဒန္တာ–သင်ပေးမစုံ မယဉ်ကျေးကုန်သော်၊ နဝရံ– နဝရာ–မသုံးစွဲအပ် မမြတ်ပါလေကုန်။

အတ္တဒန္တော–အရိယမဂ် ဆုံးမချက်ကြောင့် မတက်မာန်ခိုင် ဘက် မပြိုင်အေး ကိုယ်ပိုင်ယဉ်ကျေးသူသည်၊ တတော–ယဉ်ကျေးကြသည့် အာဇာနည်ဆို အဿမိုရ်မြင်း သိန္ဓောမြင်းပြင် အသွင်တော်မည် ဆင်ပြောင်ကြီးတို့ထက်၊ ဝရံ–ဝရော–အရပ်ရပ်မှတ် ဂုဏ်သကတ် ကြောင့် မြတ်လှပါလေသတည်း။

**သမ္မုယှာမိ ပမုယှာမိ၊ သဗ္ဗာ မုယှန္တိ မေ ဒိသာ။**

**သာမာဝတိ မံ တာယဿု၊ တွဉ္စ မေ သရဏံ ဘဝ။**

သာမာဝတီ–သာမာဝတီ–သညာမှည့်ခေါ် နှမတော်၊ အဟံ– ဥတေနတွင် ငါဘုရင်သည်၊ သမ္မုယှာမိ–အသိတရား မရှိငြား၍ ခွဲခြား ပြစ်ရှိ ပြစ်မရှိကို မသိတွေတွေ ကောင်းကောင်းကြီး တွေဝေပါ၏၊

ပမုယှာမိ–ဒေါသတရား ရှေးရှုထားပေ လွှဲမှားထွေထွေ တွေဝေပါ၏၊ မေ–ဥတေနခေါ် သင့်မောင်တော်အား၊ သမ္ဗာဒိသာ–လေးရပ်ရှစ်ရပ် ဆယ်ရပ်ဖြာဖြာ အရပ်မျက်နှာတို့သည်၊ မုယှန္တိ–မောင့်စိတ်အစဉ် မထင်လာပေ တွေဝေနေကုန်၏၊ သာမာဝတီ–သာမာဝတီအမည်ရှိသော် နှမတော်။ တွံ–သင်နှမတော်သည်၊ မံ–ဥတေနခေါ် မယ့် မောင်တော်ကို၊ တာယဿု–ဘယာမနှာင့် သံသာဖြောင့်အောင် စောင့်ရှောက်ပါလော့၊ တွဉ္စ–နှမတော်မည် သင်သာမာဝတီသည်လည်း၊ မေ–ဥတေနခေါ် သင့်မောင်တော်၏၊ သရဏံဘဝ–ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက်မျိုးနွယ် ကိုးကွယ်အရာအစစ်ဖြစ်ပါလေလော့။

**မာ မံ တွံ သရဏံ ဂစ္ဆ၊ ယမဟံ သရဏံ ဂတာ။**
**သေ ဗုဒ္ဓေါ မဟာရာဇ၊ သေ ဗုဒ္ဓေါ အနုတ္တရော။**
**သရဏံ ဂစ္ဆတံ ဗုဒ္ဓံ၊ တွဉ္စ မေ သရဏံ ဘဝ။**

မဟာရာဇ–ဥတေနဟု နာမတွင်လတ် မင်းမြတ်သခင် မယ့်ချစ်လင်၊ တွံ–နှမမျက်ဖျော် မယ့်မောင်တော်သည်၊ မံ–သာမာဝတီခေါ် နှမတော်ကို၊ သရဏံ–ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက်နိုင်သူဟု၊ မာဂစ္ဆ–မှတ်မှတ်သားသား အသိမထားပါလေနှင့်။

အဟံ–သာမာဝတီခေါ် နှမတော်သည်၊ ယံ–အကြင်ပုဂ္ဂိုလ်ကို၊ သရဏံ–ဂတာ–ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် ရွက်ဆောင်ပေးသူဟု ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်ပါ၏၊ မဟာရာဇ–ဥတေနဟု နာမတွင်လတ် အိုမင်းမြတ်၊ သေ–သော–နှမတော်၏ ကိုးကွယ်ရာဆို ထိုပုဂ္ဂိုလ်သည်၊ ဗုဒ္ဓေါ–သိဖွယ်အားလုံး သိမ်းကြုံးသိမြင် ဘုရားရှင်ပါတည်း။

သေဗုဒ္ဓေါ-နှမတော်၏ ကိုးကွယ်ရာ သိဖွယ်အားလုံး သိမ်းကြုံး သိမြင် ထိုဘုရားရှင်သည်၊ အနုတ္တရော-မိမိထက် သာလွန်မြင့်မြတ်သူမရှိ၊ အတူမရှိ၊ နှိုင်းဖွယ်မရှိ အသဒိသ စစ်စစ် ဘုရားဖြစ်တော်မူပါပေ၏၊ တွံ-ဥတေနခေါ် မယ့်မောင်တော်သည်၊ တံ ဗုဒ္ဓံ-နှမတော် ညွှန်ပြ ထိုဗုဒ္ဓကိုသာ၊ သရဏံ ဂစ္ဆ-ဆင်းရဲပယ်ဖျောက်ချမ်းသာရအောင် စောင့်ရှောက်ပေတတ် ဘုရားမြတ်ဟု ဆည်းကပ်ကိုးကွယ်ပါလေလော့၊

တွဉ္စ-ဥတေနတွင် ချစ်လင်သည်လည်း၊ မေ-သာမာဝတီခေါ် နှမတော်၏၊ သရဏံဘဝ-ကိုးကွယ်ရာတစ်ဆူ ဖြစ်တော်မူပါဘုရား။

**သေ ဘိယျော ပမုယှာမိ၊ သဗ္ဗာ မုယှန္တိ မေ ဒိသာ။**

**သာမာဝတီ မံ တာယဿု၊ တွဉ္စ မေ သရဏံ ဘဝ။**

သာမာဝတီ-အို နှမတော် သာမာဝတီ၊ သေ သော အဟံ-ကောသမ္ဗီရှင် ဥတေနတွင် ထိုငါဘုရင်သည်၊ ပမုယှာမိ-သက်မဲ့မြားထက် ဆဆတက်ပေ လွန်ကဲတွေဝေပါ၏၊ မေ-ငါ့အား၊ ငါ့အဖို့၊ သဗ္ဗာဒိသာ-ရှေ့နောက် တောင်မြောက် ထက်အောက်ထောင့်ဖြာ ဆယ်မျက်နှာတို့သည်၊ မုယှန္တိ-အမှန်မသိ မောဟဖိ၍ မသိနိုင်အား မထင်ရှားလေကုန်။

သာမာဝတီ-အို...သာမာဝတီ နှမတော်၊ တွံ-သင်နှမတော်သည်၊ မံ-ဥတေနခေါ် မယ့်မောင်တော်ကို၊ တာယဿု-ကရုဏာမြှောက် သနားစောင့်ရှောက်ပါ၊ တွဉ္စ-သင်ညွှန်၍ပြ မြတ်ဗုဒ္ဓမှ တစ်ပါးတိုးပြီး သင်သာမာဝတီသည်လည်း၊ မေ-သနားသင့်လှ မောင်တော်ဥတေန၏၊ သရဏံဘဝ-ကိုးကွယ်ရာအနေ ဖြစ်ပါလေလော။

**၁။ အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။**

**အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။**

**၂။ ဧဝံ ဝိသေသတော ဉတွာ၊ အပ္ပမာဒမှိ ပဏ္ဍိတာ။**

**အပ္ပမာဒေ ပမောဒန္တိ၊ အရိယာနံ ဂေါစရေ ရတာ။**

၃။ တေ ဈာယိနော သာတတိကာ၊ နိစ္စံ ဒဠှပရက္ကမာ။
ဖုသန္တိ ဓီရာ နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ။

၁။ အပ္ပမာဒေါ–မကောင်းရာမှ ကောင်းရာမွေ့လျော် မမေ့မလျော့ခေါ်ကြောင်း၊ ဣရိယာပုထ်လေးပါး၌ တရားလက်ရှိ သတိမကင်း နေထိုင်ခြင်းသည်၊

(အပ္ပမာဒေါ–ဒါနသီလဘာဝနာ ကျင့်သုံးဖြာ၌ ကောင်းစွာ ပျော်မွေ့ မမေ့မလျော့ခြင်းသည်။)

အမတံပဒံ–မသေရာမှန် မြတ်နိဗ္ဗာန်သို့ အမှန်ရောက်ကြောင်း လမ်းကောင်းစင်စစ် ဖြစ်ပါပေ၏၊

ပမာဒေါ–ကောင်းရာမလေ့ မကောင်းမွေ့ပျော် မေ့လျော့ခေါ်ကြောင်း ဣရိယာပုထ်လေးပါးနှင့် တရားမရှိ သတိလွတ်လင်း နေထိုင်ခြင်းသည်၊

(ပမာဒေါ–ဒါနသီလဘာဝနာ ကျင့်သုံးဖြာ၌ ကောင်းစွာမလေ့ မေ့လျော့ခြင်းသည်။)

မစ္စုနောပဒံ–ဘဝအရပ်ရပ် အဖန်ဖန်ကပ်၍ မပြတ်သေရခြင်း၏ မယွင်းစင်စစ် အကြောင်းရင်းဖြစ်ပါပေ၏၊

အပ္ပမတ္တာ–မကောင်းရာမှ ကောင်းရာမွေ့ပျော် မမေ့မလျော့ခေါ်ကြောင်း ဣရိယာပုထ်လေးပါးနှင့် တရားတွေ့သိ သတိရှိသူတို့သည်၊

(အပ္ပမတ္တာ–ဒါနသီလဘာဝနာ ကျင့်သုံးဖြာကို ကောင်းစွာ စိုက်ထူ မမေ့မလျော့သူတို့သည်။)

နမီယန္တိ–မသေရာမှန် မြတ်နိဗ္ဗာန်သို့ ကေန်ရောက်မည်ကြောင့် ဆောက်တည်ရာရနေ မသေကြလေကုန်၊ နမီယန္တိ–သေပင်သေသော်လည်း တစ်ဘဝထက် တစ်ဘဝ တစ်စတစ်စ ခရီးနိဗ္ဗာန်နှင့် နီး၍နီး၍ သွားသောကြောင့် မမှားတမူ သေသူမမည်ကြလေကုန်၊

ယေ–ရဟန်းရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်တို့သည်၊ ပမတ္တာ–ကောင်းရာမလေ့ မကောင်းမွေ့ပျော် မေ့လျော့နေကြလေကုန်၏၊

(ပမတ္တာ–ဒါနသီလဘာဝနာ ကျင့်သုံးဖြာ၌ ဝါသနာမထုံ မေ့လျော့နေကြလေကုန်၏။)

တေ–မေ့လျော့နေသူ ထိုထိုလူတို့သည်၊ မတာယထာ–မသေရာမှန် မြတ်နိဗ္ဗာန်နှင့် မှန်ရာဆတွေး တစ်ဘဝထက်တစ်ဘဝ ဝေးသည်ထက် ဝေးသောကြောင့် အသက်ရှင်နေကြသော်လည်း သူသေတို့နှင့် တူကြလေကုန်၏။

၂။ ပဏ္ဍိတာ–မှန်ရာသိမြင် ပညာရှင်တို့သည်၊ အပ္ပမာဒမှိ–အပ္ပမာဒတရား၌၊ ဧဝံဝိသေသတော–မေ့လျော့သူအား ဝဋ်ဆင်းရဲမှ ထွက်မြောက်မှုမရှိ၊ မမေ့မလျော့သူအား ဝဋ်ဆင်းရဲမှ ထွက်မြောက်မှုရှိ၏ဟူတုံ ထူးခြားပုံကို၊ ဉတွာ–ကေန်ထင်ထင် သိမြင်ကြကုန်၍ (အတ္တနော–မိမိ၏) အပ္ပမာဒေ–ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်းဟူသော၊ အပ္ပမာဒ–တရား၌၊ ပမောဒန္တိ–မနုဿဘာဝ ဒုလ္လဘာနှင့် ကြုံရသာသနာ အရတော်ပါပေ၏ဟု အသိစခန်းပေါက် ဝမ်းမြောက်ကြလေကုန်၏။

အရိယာနံ ဂေါစရေ–ဘုရားပစ္စေကဗုဒ္ဓ ရဟန္တာအရှင်မြတ်တို့၏ မပြတ်မလပ် အထပ်ထပ်စုံ (သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး) များစွာသော အာရုံ၌ ရတာ၊ မပြတ်မလပ် အထပ်ထပ်ဟု ရှု၍ မမော သဘောစိုက်စိုက် နှစ်ခြိုက်ပျော်ရွှင်ကြလေကုန်၏။

၃။ ယေ ဓီရာ – အမှန်မြင်သိ အကြင် ပညာရှိတို့သည်၊ သာတတိကာ–မပြတ်ဖြစ်သော ကာယိကလုံ့လ စေတသိကလုံ့လ ရှိကြကုန်၏၊ နိစ္စံဒဠှပရက္ကမာ–မြဲမြဲမြံမြံ ပြင်းပြင်းထန်ထန် အားထုတ်ကြကုန်၏။ ဈာယိနော–သမာပတ်ရှစ်တန်ဟူသော အာရမ္မဏူပနိဇ္ဈာန်၊ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လက္ခဏူပနိဇ္ဈာန် ဤနှစ်တန်တို့၌ ငါးတန်သော

ဝသီဘော်တို့ဖြင့် အဖန်ဖန်ရှုကြကုန်၏၊ တေ ဓီရာ–အမှန်မြင်သိ ထိုပညာရှိတို့သည်၊ ယောဂက္ခေမံ–ကာမဘဝ ဒိဋ္ဌိ အဝိဇ္ဇာ (လောဘ ဒိဋ္ဌိ မောဟ) လေးဖြာယောဂ လျော့ကျကုန်ရာဖြစ်သော၊ အနုတ္တရံ– မိမိထက် သာလွန်သည့် တရားမရှိတော့သော၊ အနုတ္တရံ–လောကီ လောကုတ္တရာ တရားအားလုံးတို့ထက် အမြတ်ဆုံးဖြစ်သော၊ နိဗ္ဗာနံ– ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို၊ ဖုသန္တိ–ဉာဏ ဝိပါက် ရှေ့နောက်ဖက်လျက် မဂ်တွေ့ဖိုလ်တွေ့ ထိုနှစ်တွေ့ဝယ် မမေ့ထပ်ထပ် ဖလသမာပတ် ဝင်စားခြင်းဟူသော ဖိုလ်ဟု ခေါ်လေ့ ဝိပါကအတွေ့ဖြင့် ထေ့ထေ့မိမိ တွေ့ထိကြလေကုန်သတည်း။

(ဖလသမာပတ်ဖြင့် နိဗ္ဗာန်နှင့် တွေ့ထိနေကြသည်ဟု ဆိုလိုသည်။)

**သမာဝတီဝတ္ထုပြီး၏။**

# ကုမ္ဘယောသကဝတ္ထု

ရာဇဂြိုဟ်မြို့၌ သူဌေးလင်မယားတို့သည် အဟိဝါတရောဂါ ယဥ်းနာကျ၍ သေရမည်ဖြစ်လတ်သော် သားဖြစ်သူကို ကြည့်၍ မှာထားပြောဆို ကြလေ၏။

ချစ်သား ဒီရောဂါ ကျရောက်ရာ အိမ်မှာ နံရံကိုဖောက်ဖျက်၍ ထွက်ပြေးသူတို့သာ အသက်ချမ်းသာ ရကြတယ်။ ချစ်သားဟာ မိဘဖြစ်သူ ငါတို့ကို မငဲ့ကွက်ဘဲ ထွက်ပြေးလို့ အသက်ရှင်ခဲ့သော် ဒီအိမ်နေရာကို ပြန်လာပြီး ဤမည်သောနေရာ၌ ကုဋေလေးဆယ် ငွေအသပြာတို့ကို မြှုပ်ထားကြတယ်။ အဲဒီ အသပြာငွေတို့ကို ထုတ်ဖော်ပြီး အသက်မွေးရစ်တော့။

မြင်းမိုရ်တောင်ဦး မကကျူးအောင် ကျေးဇူးကြီးရှင် မွေးမိခင်ဖခင်တို့ခင်ဗျား၊ ကျွန်တော်သည် မျက်ရည်စက်လက်နဲ့ မိခင် ဖခင်တို့စကားကို နားထောင်သောအားဖြင့် ဤအိမ်နံရံကို ဖောက်ဖျက်ထွက်ပြေးရပါတော့မည်။ မိခင်၊ ဖခင်တို့ကို ကျွန်တော် ရှိသေညွှတ်ကျိုးရှိခိုးခဲ့ပါသည်ခင်ဗျား။

ငါတော့ သေဘေးကြောင့် အိမ်နံရံကို ဖောက်ဖျက် ထွက်ပြေးခဲ့ပြီး ဒီတောင်တောခြုံရှိရာ လာနေလိုက်တာ ဆယ့်နှစ်နှစ်ရှိသွားပြီ၊ မိဘများ နေသွားတဲ့အရပ်အိမ်ကို ပြန်သွားမှပဲ။

ငါရဲ့ မိခင်၊ ဖခင်များ နေသွားရာ၊ ငါဖွားမြင်ရာ အိမ်ကို ပြန်ရောက်ပေမယ့် ငါ့ရဲ့ ဗျစ်ထူစွာ ပေါက်ရောက်နေတဲ့ ဆံပင် မုတ်ဆိတ်တွေကြောင့် ငါ့ကို မည်သူမျှ မမှတ်မိကြတော့ဘူး။ မိခင်၊ ဖခင်တို့မှာထားခဲ့တဲ့နေရာမှာ အသပြာငွေ ဥစ္စာတွေ ရှိ မရှိ သွားကြည့်ဦးမှပဲ။

ဟာ...ဟန်ကျလိုက်တာ၊ မိခင် ဖခင်များ ပေးထားခဲ့တဲ့ ငါ့ဥစ္စာ အသပြာကုဋေလေးဆယ် မပျက်မစီးရှိနေတာပဲ။

တကယ်လို့ ငါဒီဥစ္စာတွေကို ထုတ်ယူသုံးစွဲလိုက်ရင် လူဆင်းရဲတစ်ယောက်က ငွေအိုးကို တူးဖော်ခဲ့တယ်လို့ ငါ့ကို ဖမ်းဆီးပြီး ညှဉ်းဆဲကြလိမ့်မယ်။ အခစားလုပ်ပြီး ငါအသက်မွေးရရင် ကောင်းလိမ့်မယ်၊ ငါ့ရဲ့ ဒီအကြံအစည် အကောင်အထည်ဖော်မှပဲ၊ ဒီညစ်နွမ်းတဲ့ ပုဆိုးပိုင်းကို ဝတ်သွားမှ တော်မယ်။

အခစားတို့နေထိုင်ရာ လမ်းကိုရောက်လာပြီ ဦးတို့၊ အဒေါ်တို့ အခစားလုပ်မယ့်လူကို အလိုရှိကြပါသလား။

ငါတို့ခိုင်းတဲ့ အလုပ်တစ်ခုကို လုပ်နိုင်မယ်ဆိုရင် သင့်အား ထမင်းရိက္ခာ ပေးကြမှာပဲ။

ဘယ်လို အလုပ်ပါလဲ ခင်ဗျား။

အလုပ်ကတော့ နှိုးဆော်ရမယ့် အလုပ်ပါပဲ။

ဒီလိုကွ၊ မင်းတတ်နိုင်ရင် စောစောထပြီး အစ်ကိုတို့၊ ညီတို့၊ အစ်မတို့ခင်ဗျား၊ အချိန်ရောက်ပါပြီ၊ အိပ်ရာမှ ထကြပါ၊ လှည်းယာဉ်တွေကို ပြင်ဆင်ကြပါ၊ နွားတပ်ဆင်ကြပါ၊ ဆင်စာ၊ မြင်းစာအတွက် မြက်ရိတ်သွားဖို့ အချိန်ရောက်ပါပြီ။

အမိတို့၊ အစ်မတို့၊ နှမတို့ သင်တို့လည်း ထကြပါ။ ယာဂုကျိုကြပါ၊ ထမင်းချက်ကြပါ၊ ဒီလိုလှည့်ပြီး နှိုးဆော်ပေးဖို့ပဲကွ။

ကောင်းပါပြီဗျာ၊ ကျွန်တော် ဒီအလုပ်ကို လက်ခံပါတယ်။

အေး...ကောင်းပြီကွာ၊ မင်းလုပ်ရမယ့် အလုပ်ကိုသာ မှန်မှန် လုပ်ပေ့ါ။

ဟောဒါက မင်းနေဖို့ရာ အိမ်ပဲ။

ကောင်းပါပြီဗျာ။

ငါနေတဲ့ ဒီရာဇဂြိုဟ်မြို့မှာ နံနက်စောစောအော်သွားတဲ့ သူဌေး ရဲ့အသံကို ကြားရတယ်။ ဒီအသံဟာ ဘယ်သူ့အသံလဲ မင်းကြီးများ။

ဟော့...ဟော့...တို့ကို မေးနေပြီကွ၊ တို့ရှင်ဘုရင် ဗိမ္ဗိသာရဟာ လူအားလုံးရဲ့ အသံကို နားလည်တယ်ကွ၊ သူသိချင်တဲ့ အသံရှင်ကို ဘယ်သူဆိုတာ တို့လည်း မသိကြဘူး။

ဟဲ့...မင်းချင်း ယောကျ်ားတို့ ရှင်ဘုရင်ဟာ သူမသိဘဲနဲ့ သူဌေး အသံလို့ ပြောမိပြောရာ ပြောတာမဟုတ်ဘူး။ ဒီအသံရှင်ဟာ ဘယ်သူ ဆိုတာ သင်သွားပြီး စုံစမ်းခဲ့။

ကောင်းပါပြီ သခင်မ။

အရှင်မင်းကြီး၊ အရှင်မင်းကြီး သိလိုတဲ့ အသံရှင်ကို ကျွန်တော် မျိုး သွားရောက် စုံးစမ်းခဲ့ပါတယ်။ အခစားများထဲက အခစားလုပ် နေတဲ့ အထီးကျန်လူတစ်ယောက်ဖြစ်ပါတယ်။

ငါက စုံစမ်းခိုင်းပြီး အမှန်သိလာတဲ့သူကို မင်းကြီးထံ သံတော်ဦး တင်ခိုင်းတာ သုံးရက်ရှိခဲ့ပြီ။

ဒါပေမယ့် မင်းကြီးက အယုံအကြည် ရှိတော်မမူလို့ မင်းကြီးက သုံးရက်ဆက်ပြီး သူဌေးတစ်ဦးရဲ့ အသံပဲလို့ မိန့်တော်မူတယ်။ အကြောင်းရှိရလိမ့်မယ်။ အမှန်သိအောင်လုပ်ဖို့ သင့်တယ်။

အရှင်မင်းမြတ် ကျွန်တော်မ ငွေတစ်ထောင်ကို ရခဲ့လျှင် ကျွန် တော်မရဲ့သမီးကိုခေါ်သွားပြီး အရှင်မင်းကြီးပြောတဲ့ လူရဲ့ ဥစ္စာကို ဘဏ်တိုက်ထဲ သွင်းပေးနိုင်ပါတယ် အရှင်မင်းကြီး။

ကောင်းပြီ၊ ငွေတစ်ထောင် ပေးကြစေ။

သမီး ညည်းက ဝတ်နေကျ ပြောင်ပြောင်စင်စင် အဝတ်အထည်ကို မဝတ်ခဲ့နဲ့၊ ညစ်နွမ်းတဲ့အဝတ်ကို ဝတ်ခဲ့။

ကောင်းပါပြီ မိခင်။

တို့ အခစားတို့ နေရာလမ်းကို ရောက်လာကြပြီ၊ ဟိုအိမ်ကို ဝင်မေးကြစို့။

မိခင် ကျွန်မတို့က ခရီးသွားလူတွေပါ၊ မိခင်တို့အိမ်မှာ တစ်ရက်၊ နှစ်ရက်နေပြီးမှ သွားပါရစေ။

အမိတို့၊ ငါတို့အိမ်က အိမ်သူအိမ်သားတွေ များတယ်။ ဒီမှာ မနေလောက်ဘူး။ ဟောဟိုနားက ကုမ္ဘဃောသကရဲ့ အိမ်ကတော့ လူမရှိသလောက်ပဲ၊ အဲဒီအိမ်ကို သွားကြ။

ကောင်းပါပြီ မိခင်။

အို...အရှင် ကျွန်မတို့က ခရီးသွားများ ဖြစ်ပါတယ်၊ ဒီအိမ်မှာ တစ်ရက်၊ နှစ်ရက် နေပါရစေ။

အို...မဖြစ်ဘူးဗျို့ မဖြစ်ဘူး၊ ကျုပ်က ယောကျ်ားသားတစ်ယောက်ထဲ၊ ခင်ဗျားတို့က မိန်းမသားတွေပဲ၊ မဖြစ်နိုင်ပါဘူးဗျာ၊ သည်းခံကြပါ၊ ဒီပြင်တစ်အိမ်ကို ရှာကြပါဦး။

စဉ်းစားပါဦးရှင်။

အို...မဖြစ်နိုင်လို့ပြောတာပါ။

အို...အရှင်၊ ယနေ့ တစ်ရက်လောက်နေပြီ နက်ဖြန် နံနက်စောစော ခရီးဆက်သွားကြမှာပါ၊ ဒီလောက်ကလေးမှ သည်းမခံနိုင်ဘူးလား။

ကဲ...ကဲ...ခင်ဗျားတို့နှစ်ယောက်က ဘယ်လို တော်စပ်ကြသလဲ။

ဟုတ်ပေသားပဲ၊ သူက သမီးပါ၊ ကျွန်မက မိခင်ပါ။

ကောင်းပါပြီဗျာ၊ တစ်ရက်၊ နှစ်ရက်တော့ နေကြပေါ့။

ကောင်းပါပြီ အရှင်၊ ကျေးဇူးကြီးလှပါတယ်။

အင်း...တောင်းတောင်းပန်ပန် နေခဲ့ကြတာ တစ်ညတော့ ရှိသွားပြီ။ အို...အရှင် တောထဲသွားမည့်အချိန် ရောက်လာပြီ။

အရှင်၊ အရှင်ရဲ့ ရိက္ခာဆန်ကို ပေးသွားပါ၊ အရှင့်အတွက် အစာ ထမင်းချက်ထားပါ့မယ်။

အို...အစ်မကြီး တော်ပါပြီ၊ ကျုပ်ဘာသာကျုပ် ချက်ပြီး စားပါ့မယ်။

အို...အရှင်ကလည်း မဟုတ်တာ၊ ပေးသာ ပေးခဲ့ပါ။

ဒီလောက် တွယ်ကပ်ပြီး ပြောနေမှတော့ ရော့ဗျာ၊ ရော့ဗျာ ချက်ထားလိုက်ပေါ့။

ကောင်းပါပြီအရှင်၊ ချက်ပေးရမှာကိုပဲ ဝမ်းသာပါတယ်။

သမီး ဈေးကို သွားချေ၊ ဈေးအတွင်းက ထမင်းချက်စရာအိုး၊ ဟင်းချက်စရာအိုး၊ ဆန်ကောင်းကောင်းကို သွားဝယ်ချေ။

ကောင်းပါပြီ မေမေ။

သမီးရေ ငါတို့နန်းတော်မှာ ချက်တဲ့နည်းနဲ့ ထမင်းကိုချက်၊ အရသာ ကောင်းတဲ့ ဟင်းသုံးခွက်ကို ချက်ထားပြီးပြီကွယ့်၊ အိမ်ရှင် ကုမ္ဘဃောသက ပြန်လာရင် ကျွေးရမယ်။

ကောင်းပါပြီ မေမေ။

အိမ်ရှင် ကုမ္ဘဃောသကရေ မိခင်တို့ချက်ထားတဲ့ ထမင်းနဲ့ ဟင်းတို့ကို သုံးဆောင်ပေတော့။

ကောင်းပါပြီ။

အင်း...ဒီသားအမိနှစ်ယောက် ချက်ထားတဲ့ ထမင်းနဲ့ဟင်း စားရတာ တော်တော် အရသာရှိပါလား။

အိမ်ရှင် ကုမ္ဘဃောသကရဲ့ အမူအရာကြည့်ရတာ စိတ်ထားနူးညံ့ လာပုံရတယ်၊ ထပ်ပြောကြည့်ဦးမှပဲ။

အိမ်ရှင် ကုမ္ဘဃောသက၊ ခရီးအဝေးကြီးက လာခဲ့ရလို့ ကျုပ်တို့ ပင်ပန်းပါတယ်၊ တစ်ရက်၊နှစ်ရက် ဒီအိမ်မှာ နေကြပါဦးမယ်။

ကောင်းပါပြီ နေကြပါ။

သမီးရေ မနေ့က ညနေစာရော ဒီကနေ့အတွက်ရော ထမင်းနဲ့ ဟင်းကို စားရတော့ ကုမ္ဘဃောသက တော်တော် ကျေနပ်နေပုံ ရတယ်။ ထပ်ပြောကြည့်ရဦးမယ်။

အိမ်ရှင် ကုမ္ဘဃောသက ကျွန်မတို့ သုံး၊လေးရက်လောက် ဆက်နေပါရစေဦး။

ကောင်းပါပြီ နေကြပါ။

သမီးရေ လာဟေ့၊ ကုမ္ဘဃောသက အိပ်တဲ့ ခုတင်ဘောင်ရဲ့ အောက်ဖက်က ခပ်တဲတဲကလေး ကျန်အောင် ဖြတ်ထားကြစို့။

ကောင်းပါပြီ မေမေ။

အမယ်လေးဗျ၊ ငါထိုင်လိုက်တာနဲ့ ဒီခုတင်အောက်ညွှတ်ကျသွားပါလား။ ဘာကြောင့် ဒီခုတင်ဟာ ဒီလို ညွှတ်ကျရတာလဲ။

အရှင် ကုမ္ဘဃောသက၊ ကလေးငယ်တွေကို တားလို့ မရဘူး။ ဒီအိမ်ထဲမှာ စုဝေးပြီး ဆော့ကြတယ်။

အို…မိခင်၊ ကျုပ်ရဲ့ ဒီဒုက္ခဟာ မိခင်တို့ကို အကြောင်းပြုပြီး ဖြစ်ရတာ၊ ကျုပ်တစ်ယောက်တည်း နေတုန်းက တစ်နေရာသွားရင် တံခါးပိတ်သွားတာ။

အမောင် ကုမ္ဘဃောသက၊ ဘယ်လိုလုပ်မလဲ၊ တားမှ မတားနိုင်တာပဲ။

သမီးရေ သူဘယ်လိုပြောပြော သုံးရက်တော့ရှိလာပြီ၊ ဒီနေ့တော့ သူ့ခုတင်မှာ တန်းချည်ထားတဲ့ ကြိုးတွေကို နှစ်ချောင်းလောက်ပဲ ချန်ပြီး ဖြတ်ရမယ်၊ ပြီးတော့ အပေါ်က အိပ်ရာခင်း ခင်းထားရမယ်။

ကောင်းပါတယ် မေမေ။

အင်း...တစ်နေ့လုံး အလုပ်လုပ်ခဲ့ရတာ ညောင်းလှပြီ၊ ငါ့အိပ်ရာခုတင်ပေါ် အိပ်ပြီး အနားယူမှပဲ။

အမယ်လေးဗျ၊ အခင်းတစ်ခုလုံး မြေပေါ်ကျသွားပြီ၊ ငါ့ဒူးနဲ့ ဦးခေါင်းထိအောင် ကွေးကျသွားတယ်၊ ဘယ်လို လုပ်ရပါ့မလဲ၊ ကျုပ်ရဲ့အိပ်ရာခုတင်ကိုလည်း ပိုင်ရှင်မရှိသလို ခင်ဗျားတို့ သားအမိ သိထားကြတယ်။

အမောင် ကုမ္ဘယောသက၊ ဘယ်လိုလုပ်ရမှာလဲ၊ အိမ်နီးချင်းကလေးတွေကို မတားနိုင်အောင် ဖြစ်နေတယ်။ ဖြစ်ပြီးသား ဖြစ်ပါစေတော့၊ မစိုးရိမ်ပါနှင့်၊ ဒီည အချိန်ကျမှတော့ ဘယ်မှ သွားလို့မဖြစ်ဘူး။

ဟဲ့...သမီး လာစမ်း၊ နင့်မောင်အိပ်ဖို့ နေရာလုပ်ပေးလိုက်။

မောင်ကြီး ကျွန်မအိပ်တဲ့ နေရာကိုလာပါ၊ ကျွန်မက တစ်စောင်က အိပ်ပါ့မယ်၊ မောင်ကြီးက တစောင် က အိပ်ပါ။

အမောင် ကုမ္ဘယောသက၊ ဟုတ်ပေသားပဲ၊ သွား...သွား၊ သင့်နှမနဲ့အတူ အိပ်ချေ။

အင်း...ငါတော့ ခက်တော့တာပဲ၊ ဒီပြင်အိပ်စရာလည်း မရှိတော့ဘူး၊ ညီ့သည်နှမနဲ့အတူ ခုတင်တစ်ခုထဲမှာ အိပ်ရတော့မှာပဲ။

ဟဲ့...သမီး၊ သန်းခေါင်အချိန်ကြီး ဘာကြောင့် ရှိုက်ကြီးတငင်ငိုနေရတာလဲ။

မေမေ မောင်ကုမ္ဘယောသကနဲ့ ကျွန်မ လူမှုရေး ဖောက်ပြန်မိလို့ပါ။

သမီး ဖြစ်ပြီးသား ဖြစ်ပါစေတော့၊ ဘာတတ်နိုင်တော့မှာလဲ။ သမီးကလည်း လင်ယောက်ျားတစ်ယောက် ရဖို့သင့်တာပဲ၊ ဒီမောင်ကုမ္ဘယောသကလည်း ခြေရင်းအလုပ်အကျွေး ဇနီးတစ်ယောက် ရသင့်တာပဲ။ ကဲ...အမေ သဘောတူပြီးသားပဲ၊ အမှုကိစ္စပြီးအောင် ကြံနိုင်တဲ့ ဇနီးမောင်နှံ ဖြစ်ကြပါစေ။

သမီးနဲ့ ကုမ္ဘဃောသက လက်ထပ်ပေးထားတာ လေးရက်လောက်တော့ ရှိပြီ၊ မင်းကြီးထံ သတင်းပို့မှပဲ။

အရှင်မင်းကြီး၊ အခစားလုပ်သူတို့ နေရာ၊ရပ်ကွက်၊လမ်းပေါ်မှာ ပွဲလမ်းသဘင် လုပ်ကြကုန်လော့၊ ပွဲလမ်းသဘင် မလုပ်သော အိမ်ရှင်အား ဒဏ်ငွေတစ်ထောင်ဆောင်စေ၊ ဒီလို လှည့်လည် ကြွေးကြော်ကြပါစေ။

အမောင် ကုမ္ဘဃောသက၊ ကြားလိုက်ရဲ့ မဟုတ်လား၊ အခစားလုပ်သူတို့လမ်းမှာ မင်းအာဏာနဲ့ ပွဲလမ်းသဘင် လုပ်ရမှာတဲ့၊ ဘယ်လိုလုပ်ကြမလဲ။

အို...မိခင်၊ ကျုပ်က အခစားလုပ်ပေမယ့် အသက်မွေးဖို့ ပြည့်ပြည့်စုံစုံရတာ မဟုတ်ဘူး၊ ဘယ်မှာ လုပ်နိုင်ပါမည်နည်း။

သားမောင် ကုမ္ဘဃောသက အိမ်ထောင်နဲ့ နေတဲ့သူဟာ ကြွေးမြီကိုလည်း ယူကြရတာပဲ၊ မင်းရဲ့ အာဏာကို မလိုက်နာဘဲနေလို့ မဖြစ်ဘူး။

တစ်နည်းနည်းနဲ့ ကြွေးမြီကလွတ်အောင် တတ်နိုင်ရမှာပဲ။

ငါ့သား သွားချေ၊ တစ်ဦးဦးထံမှ ငွေတစ်ကျပ်၊ နှစ်ကျပ် ချေးယူခဲ့ပါ။

အင်း...ငါတော့ ဒီသားအမိကို လက်ခံမိတာ အကြီးအကျယ်မှားပြီ၊ အခုတော့ စွန့်ခွာထွက်ပြေးလို့လည်း မဖြစ်တော့ဘူး၊ ကုဋေလေးဆယ်ထားတဲ့ နေရာက ငွေတစ်ကျပ်ကိုတော့ ယူပေးမှပဲ ဖြစ်တော့မယ်။

ဟောဒီမှာ မိခင် ကျုပ် ငွေတစ်ကျပ် ချေးခဲ့တယ်၊ ရော့...ပွဲလမ်းသဘင်လုပ်ပေတော့။

အေး...အေး၊ ငါပွဲလုပ်မယ်။

အင်း...ကုမ္ဘယောသက ပေးတဲ့ ငွေတစ်ကျပ်ကို မင်းကြီးထံ ဆက်သစေပြီး ငါ့ငွေနဲ့ ပွဲလမ်းသဘင် လုပ်ပေးခဲ့တာ သုံး လေးရက် လောက် ကြာဦးမယ်။ ယခု နောက်တစ်ကြိမ် ပွဲလမ်းသဘင် လုပ် ရဦးမှာတဲ့၊ ကုမ္ဘယောသကကို ပြောရဦးမှာပဲ။

ခက်ကြပြီဗျို့၊ ပွဲလမ်းသဘင်ချည်းပဲ လုပ်နိုင်းနေတယ်။ ဒီယောက္ခမ မိခင်ကလည်း နားပူနားဆာ ပြောနေတော့တာပဲ၊ ငွေသုံးကျပ်တော့ ယူပေးလိုက်ဦးမှဖြစ်တော့မယ်၊ ရော့ဗျာ၊ မိခင် ငွေသုံးကျပ်၊ ပွဲလုပ် ပေတော့ဗျာ။

ကဲ...ကုမ္ဘယောသကထံမှ ငွေဒင်္ဂါး လေးပြားကို မင်းကြီးထံ ပို့ပြီးပြီ၊ အပြီးသတ် သတင်းပို့မှပဲ။

အရှင်မင်းကြီး၊ မင်းချင်းယောကျ်ားတို့ကို စေလွှတ်ပြီး ကုမ္ဘ ယောသကကို ခေါ်ယူတော်မူပါ။

ဟေ့...ကုမ္ဘယောသက ဘယ်သွားသလဲ။

ဒီမှာ ရှိပါတယ်ဗျာ၊ ဘာကိစ္စပါလဲ။

မောင်မင်း လိုက်ခဲ့ပေတော့၊ ဗိမ္ဗိသာရမင်းကြီးက ခေါ်တော်မူတယ်။

ဟာ...ဟာ...မဟုတ်တာဗျာ၊ ကျွန်တော့်ကို မင်းကြီး မသိပါဘူး၊ မလိုက်ပါရစေနဲ့။

ဟာ...မင်းအမိန့်ကွ၊ ဘယ်နေလို့ ဖြစ်မှာလဲ၊ ဒီလူကို လက်ဆွဲ ခေါ်ကြဟေ့။

အမယ်လေးဗျ၊ ကျွန်တော် မလိုက်ပါရစေနဲ့၊ လွှတ်ကြပါဗျာ၊ လွှတ်ကြပါ။

ဟေ့...ဆုံးမခက်သူတွေ ၊ သင်တို့ ငါ့သားမက်ကို လက်ဆွဲခေါ်ဖို့ မသင့်ဘူး၊ လွှတ်လိုက်ကြ။

သား...မောင် ကုမ္ဘယောသက လာပါ၊ မကြောက်ပါနဲ့၊ မင်းကြီးနဲ့ တွေ့တဲ့အခါ ငါ့သားရဲ့လက်ကို ကိုင်ဆွဲတဲ့ လူတွေရဲ့ လက်တွေကို

ဖြတ်ပစ်စေမယ်၊ အမေက ရှေ့ကသွားမယ်၊ ငါ့သား နောက်က လိုက်ခဲ့။

သမီးရေ၊ သမီး အခစားတွေနေတဲ့ အိမ်မှာ ဝတ်ခဲ့တဲ့ အဝတ်အထည်တွေ ချွတ်ထားပြီး တို့ နန်းတွင်းမှာနေတုန်းက အဝတ်အဆင်တန်ဆာတွေကို ဝတ်ဆင်ထား။ ငါလည်း ဒီအတိုင်းပဲ ဝတ်ဆင်ထားမယ်။

ကောင်းပါပြီမေမေ။

အရှင်မင်းကြီး၊ ကုမ္ဘဃောသက အခစား ရောက်နေပါကြောင်း။

ဘယ်ဘက်က ခစားနေသတုံး မင်းကြီးများ။

ယာဘက်က ခစားနေပါကြောင်း။

မောင်မင်း ကုမ္ဘဃောသကဆိုတာ မောင်မင်းလား။

မှန်ပါကြောင်း အရှင်မင်းကြီး။

မောင်မင်းသည် ဘာကြောင့် များစွာသော ဥစ္စာတွေကို လှည့်စားပြီး စားနေရတာလဲ၊

အရှင်မင်းကြီး၊ အခစားလုပ် အသက်မွေးတဲ့ ကျွန်တော်မျိုးမှာ စည်းစိမ်ဥစ္စာဆိုတာ ဘယ်မှာ ရှိနိုင်ပါမည်နည်း။

မောင်မင်း ဒီလိုမလုပ်ပါနဲ့၊ ဘာကြောင့် ငါမင်းမြတ်ကို လှည့်စားချင်ရတာလဲ။

အရှင်မင်းကြီး ကျွန်တော်မျိုး မလှည့်စားဝံ့ပါ၊ ကျွန်တော်မျိုးမှာ ပစ္စည်းဥစ္စာမရှိပါ။

ဟော့...ဟော့...မောင်ကုမ္ဘဃောသက ဒီမှာကြည့်စမ်း၊ ဒီအသပြာဒင်္ဂါးတွေဟာ မည်သူ့ဥစ္စာလဲ။

သြော်...ငါဟာ အံ့သြလောက်အောင် မိုက်တဲ့လူပါလား၊ ငါရဲ့ ဒီအသပြာဒင်္ဂါးတွေဟာ ဘယ်လိုနည်းနဲ့ မင်းကြီးရဲ့လက်ထဲ ရောက်လာကြသလဲ။

ဟာ...ဟိုတိုက်ခန်းတံခါးအနီးမှာ နန်းတွင်းအဆင်တန်ဆာတွေ ဝတ်ဆင်ထားတဲ့ မိန်းမနှစ်ယောက်ဟာ ငါ့ဇနီးနဲ့ ယောက္ခမ ဖြစ်နေပါလား၊ ဒီအမူဟာ ဝန်လေးတဲ့အမှုပဲ၊ ဒီမိန်းမတွေကို မင်းကြီး စေလွှတ်စုံစမ်းခိုင်းတာ ဖြစ်ရမယ်၊ ဒီငါ့အကြံဟာ အမှန်ပါပဲ။

ဟော့...မောင်ကုမ္ဘာယောသက၊ မောင်မင်း မှန်ရာကို သံတော်ဦးတင်စမ်း၊ ဘာ့ကြောင့် ဒီလိုလုပ်ရတာလဲ။

အရှင်မင်းကြီး ကျွန်တော်မျိုးမှာ မှီခိုအားထားဖို့ ပုဂ္ဂိုလ်မရှိပါ။

ငါလိုမင်းမြတ်က သင့်ရဲ့ မှီခိုအားထားဖို့ ပုဂ္ဂိုလ်မဖြစ်ထိုက်ပေဘူးလား။

အရှင်မင်းကြီး ကျွန်တော်မျိုးရဲ့ မှီခိုအားထားဖို့ ပုဂ္ဂိုလ်ဖြစ်ခဲ့လျှင် ကောင်းလှပါတယ် အရှင်မင်းကြီး။

အို...မောင်ကုမ္ဘာယောသက ငါမင်းမြတ်ဟာ သင့်ရဲ့ မှီခိုအားထားစရာ ပုဂ္ဂိုလ်ဖြစ်တယ်။ သင့်မှာ ဥစ္စာခနေ အဘယ်မျှရှိသလဲ။

အရှင်မင်းကြီး၊ ကုဋေလေးဆယ်ရှိပါတယ်။

ဘာကို ရဖို့သင့်လဲ။

အရှင်မင်းကြီး နွားလှည်း များများရဖို့ သင့်ပါတယ်။

မင်းကြီးများ၊ လှည်းများစွာဖြင့် ကုမ္ဘာယောသကရဲ့ ကုဋေလေးဆယ် အသပြာငွေဥစ္စာကို ယူဆောင်၍ မင်းရင်ပြင်၌ စုပုံထားကြစေဗျာ။

မှန်လှပါ အရှင်မင်းကြီး။

အို...လူအပေါင်းတို့ ဒီရာဇဂြိုဟ်မြို့မှာ ကုဋေလေးဆယ် အသပြာငွေ ဥစ္စာ မည်သူ့မှာ ရှိသလဲ။

အရှင်မင်းကြီး ကုဋေလေးဆယ် အသပြာငွေဥစ္စာရှိသူ မရှိကြောင်းပါ။

ဒီကုမ္ဘဃောသကကို ဘယ်လို ပြုသင့်သလဲ။

အရှင်မင်းကြီး ကုမ္ဘဃောသကအား ကောင်းစွာ ချီးမြှောက်ထိုက်ပါတယ်။

ကောင်းပြီ၊ ယနေ့မှစ၍ ကုမ္ဘဃောသကကို သူဌေးရာထူး အပ်နှင်းလိုက်တယ်၊ သမီးတော်ကိုလည်း ကုမ္ဘဃောသကအား လက်ထပ်ပေးသနားတော်မူတယ်။

ကောင်းလှပါတယ် အရှင်မင်းကြီး။

မောင်ကုမ္ဘဃောသက၊ ဘုရားကျောင်းတော် သွားမယ်၊ ငါနဲ့အတူလိုက်ခဲ့။

မှန်လှပါ အရှင်မင်းကြီး။

မြတ်စွာဘုရား၊ ဒီယောကျ်ားကို ရှုကြည့်တော်မူပါဘုရား။ ဒီယောကျ်ားလောက် တည်ကြည်တဲ့ပုဂ္ဂိုလ် မရှိပါဘုရား။ ဒီယောကျ်ားဟာ ကုဋေလေးဆယ် စည်းစိမ်ချမ်းသာ ရှိပါသော်လည်း ပေါ်လွင်ထင်ရှားတဲ့ အမူအရာ၊ ငါဆိုတဲ့ မာနကို မပြုသူပါဘုရား။ အထီးကျန်လူဆင်းရဲကဲ့သို့ ပုဆိုးနွမ်းကို ဝတ်ပြီး အခစားလုပ်သူတို့ နေရာလမ်းမှာ အခစားလုပ် အသက်မွေးနေတာကို တပည့်တော် နည်းပရိယာယ်နဲ့ သိခဲ့ရပါတယ်ဘုရား။ သိပြီး ခေါ်ယူ၍ ကုဋေလေးဆယ် ဥစ္စာရှိသူအဖြစ်ကို ဝန်ခံစေကာ ကုဋေလေးဆယ်ကို ယူဆောင်ပြီး သူဌေးအရာ အပ်ထားပါသည်ဘုရား။ သမီးတော်ကိုလည်း ပေးသနားလိုက်ပါသည်။ မြတ်စွာဘုရား ဒီလို တည်ကြည်တဲ့လူကို တပည့်တော် ရှေးက မတွေ့ခဲ့ဖူးပါဘုရား။

မြတ်သောမင်းကြီး၊ ဒီလို အသက်ရှင်သူရဲ့ အသက်ရှင်ခြင်းဟာ မြတ်သော အသက်ရှင်ခြင်း မည်ပေတယ်။ ခိုးယူတိုက်ခိုက်ခြင်း၊ မတရားမှုပြုခြင်းသည် မျက်မြင်ဘဝမှာရော မျက်ကွယ်လောကမှာပါ

ညှဉ်းဆဲ နှိပ်စက်ဟတ်သည်။ ခိုးယူတိုက်ခိုက်ခြင်း၊ မတရားမှုပြုခြင်း အကြောင်းကြောင့် ချမ်းသာမည်သည် မရှိ။

မှန်ပေသည်။ ယောကျ်ားဖြစ်သူ၏ ပစ္စည်းဥစ္စာ ဆုတ်ယုတ်သည့်အခါ လယ်ထွန်ခြင်းကို သော်လည်းကောင်း၊ အခစားကိုသော်လည်းကောင်းပြု၍ အသက်မွေးခြင်းသည် တရားနှင့်ယှဉ်သော အသက်မွေးခြင်းမည်၏။

ထကြွလုံ့လ ဝီရိယရှိသော၊ သတိတရားနှင့် ပြည့်စုံသော၊ စင်ကြယ်သော၊ အပြစ်ကင်းသော ကိုယ်အမှု စသည်နှင့် ပြည့်စုံသော၊ ဤသို့ဖြစ်လျှင် ဤသို့ပြုမည်ဟုလည်းကောင်း၊ ဤအမှုကို ဤသို့ပြုလျှင် ဤမည်သော အကျိုးအပြစ် ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ အကြောင်းကို ဆင်ခြင်မှတ်သား၍ ရောဂါကို ကုစားသကဲ့သို့ အမှုကိစ္စအားလုံး ဆင်ခြင်၍ ပြုလုပ်သော ကိုယ်နှုတ်တို့ဖြင့် အပေါက်အကြားမရှိအောင် စောင့်စည်းသော အိမ်ရာထောင်သူအဖို့ ချိန်စဉ်းလဲခြင်း စသည်တို့ကို ရှောင်ကြဉ်၍ လယ်ထွန်ခြင်း၊ နွားကျောင်းခြင်းစသည်တို့ဖြင့် အသက်မွေးသော၊ အိမ်ရာမထောင် ရဟန်းဘောင်နေသူအဖို့ ဆေးကုခြင်း၊ တမန်အမှုပြုလုပ်ခြင်း စသော အမှုတို့မှ ရှောင်ကြဉ်၍ တရားနှင့်အညီ ဆွမ်းခံ လှည့်လည်ခြင်းဖြင့် အသက်မွေးသော၊ သတိမကင်းသော ပုဂ္ဂိုလ်၏ အစိုးရခြင်း၊ စည်းစိမ်ဥစ္စာပြည့်စုံခြင်းနှင့် ကျော်ကြားခြင်း၊ ချီးကျူးစကား ပြောဆိုခံရခြင်းဟုဆိုအပ်သော ယသသည် လွန်စွာ တိုးပွားလေသတည်း။

မြတ်စွာဘုရား၏ ဤတရားဒေသနာဂါထာကို ကြားနာပြီးသောအချိန်၌ ကုမ္ဘဃောသကသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ကုမ္ဘဃောသကမှတစ်ပါး များစွာသော လူတို့သည်လည်း သောတာပတ္တိဖိုလ် စသည်သို့ ရောက်ကြလေကုန်၏။ ဓမ္မဒေသနာတော်သည် များစွာသော သူတို့၏ အကျိုးရှိသော ဓမ္မဒေသနာဖြစ်လေ၏။

ဥဋ္ဌာနဝတော သတိမတော၊
သုစိကမ္မဿ နိသမ္မကာရိနော။
သညတဿ စ ဓမ္မဇီဝိနော၊
အပ္ပမတ္တဿ ယသောဘိဝဍ္ဎတိ။

ဥဋ္ဌာနဝတော–ထကြွလုံ့လ ဝီရိယရှိသော။ သတိမတော–မပြတ်မှတ်ထိ သတိရှိသော၊ သုစိကမ္မဿ–အပြစ်မထင် စင်ကြယ်သော ကာယကံ ဝစီကံ မနောကံ ပြု ပြော အကြံ သုံးတန်နှင့် ပြည့်စုံသော၊

နိသမ္မကာရိနော–ဒီလိုဖြစ်လာလျှင် ဒီလိုပြုမည်၊ ဒီလိုပြုလျှင် ဒီလို အကျိုးရှိသည် စသည် ဆိုးကောင်းအကြောင်းကို မှတ်သော ရောဂါကုစားသော ဆေးသမားကဲ့သို့ စဉ်းစားဆင်ခြင် ပြုလုပ်လေ့ရှိသော၊

သညတဿ–ကိုယ်နှုတ်စိတ်အသီးသီးတို့ဖြင့် စောင့်စည်းမဖောက် အပေါက်အကြားမရှိသော၊ ဓမ္မဇီဝိနော–လူဝတ်ကြောင်အား ချိန်စဉ်းလဲ တင်းစဉ်းလဲစသည်တို့ကို ရှောင်ကြဉ်၍ လယ်လုပ်ခြင်း၊ နွားကျောင်းခြင်း စသည်ဖြင့် အိမ်ရာရှောင် ရဟန်းတို့အား ဆေးကုတစ်သွယ် အောင်သွယ်တမန် စသည်တို့ကို ရှောင်ကြဉ်၍ တရားသည်အမှန် ဆွမ်းခံစားခြင်းဖြင့် အသက်မွေးလေ့ရှိသော၊

အပ္ပမတ္တဿ–ကောင်းရာထပ်ထပ် အမှတ်ရနေသူအား၊ ယသော–အစိုးရခြင်း စည်းစိမ်ဉစ္စာနှင့် ပြည့်စုံခြင်း၊ ကျော်ကြားခြင်း၊ ချီးမွမ်းခံရခြင်း ဟူသော ယသသည်၊ အဘိဝဍ္ဎတိ–တစ်နေ့တစ်ခြား တိုးပွားကုံလုံ ပြည့်စုံလေတော့သတည်း။

ကုမ္ဘဃောသကဝတ္ထုပြီး၏။

# မဃာဝတ္ထု

## သိကြားမင်းကျင့်စဉ်

ဝေသာလီပြည်၌ မဟာလိမည်သော လိစ္ဆဝီမင်းတစ်ဦး နေထိုင်၏။ မြတ်စွာဘုရားသည် သက္ကပဥှသုတ္တန္တ ဒေသနာတော်ကို ဟောတော်မူခဲ့တယ်။ ငါလည်း ကြားနာမှတ်သားခဲ့တယ်။ ဒီဒေသနာတော်ထဲမှာ မြတ်စွာဘုရားက သိကြားမင်း စည်းစိမ်ကို အကြီးအကျယ်ပြု ဟောတော်မူတယ်။ မြတ်စွာဘုရားသည် သိကြားမင်းကို မြင်ပြီး ဟောတာလေလား၊ သို့မဟုတ် မမြင်ဘဲနဲ့ ဟောတာလေလား။ သိကြားမင်းကို သိသလား။ သို့မဟုတ် မသိဘူးလား။ မြတ်စွာဘုရားကို မေးမြန်းလျှောက်ထားမှပဲ။

ကဲ...မြတ်စွာဘုရားထံမှောက် ရောက်ပြီ။ မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုး၊ သင့်လျော်တဲ့နေရာမှာ ငါထိုင်ပြီးပြီ။ မြတ်စွာဘုရားကို မေးလျှောက်မှပဲ။

မြတ်စွာဘုရား၊ အရှင်ဘုရားသည် နတ်တို့သနင်း သိကြားမင်းကို မြင်အပ်ပါသလား။

မဟာလိ၊ ငါဘုရား သိကြားကို မြင်ရတယ်။

မြတ်စွာဘုရား၊ အရှင်ဘုရား မြင်ရတဲ့ သိကြားသည် သိကြားတု ဖြစ်လိမ့်မည် ထင်ပါတယ်။ နတ်တို့သနင်း သိကြားမင်း အစစ်ဟာ မြင်ရဖို့ ခဲယဉ်းပါတယ် ဘုရား။

မဟာလိ၊ ငါဘုရားသည် သိကြားမင်းကိုလည်း သိတယ်၊ သိကြား အဖြစ်ပြုပေးတဲ့ တရားတွေကိုလည်း သိတယ်၊ သိကြားအဖြစ်ရအောင် ဆောက်တည်ကျင့်သုံးခဲ့တဲ့ တရားကိုလည်း သိတယ်။

မဟာလိ၊ နတ်တို့သနင်း သိကြားမင်းသည် ရှေးလူဘဝဖြစ်စဉ် အခါက မဃအမည်ရှိတဲ့ လုလင်ဖြစ်ခဲ့ဖူးတယ်၊ ဒါကြောင့် သိကြား မင်းကို မဃဝါလို့ ခေါ်ဆိုရတယ်။

မဟာလိ၊ နတ်တို့သနင်း သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက ဦးဦးဖျားဖျား ဒါနကို ပေးလှူခဲ့တယ်၊ ဒါ့ကြောင့် ပုရိန္ဒဒလို့ ခေါ်ရ တယ်။

မဟာလိ၊ နတ်တို့သနင်း သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက ရိုရိုသေသေ ပေးလှူခဲ့တယ်၊ ဒါ့ကြောင့် သက္ကလို့ ခေါ်ရတယ်။

မဟာလိ၊ နတ်တို့သနင်း သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက ဧည့်သည်တို့ တည်းခိုစရာ အဆောက်အအုံကို ပေးလှူခဲ့တယ်၊ ဒါ့ကြောင့် ဝါသဝလို့ ခေါ်ရတယ်။

မဟာလိ၊ နတ်တို့သနင်း သိကြားမင်းသည် အထောင်မကသော အကြောင်းကို တစ်မုဟုတ်မျှဖြင့် မြင်သိတယ်၊ ဒါ့ကြောင့် သဟဿက္ခ လို့ ခေါ်ရတယ်။

မဟာလိ၊ နတ်တို့သနင်း သိကြားမင်းမှာ အသုရာရဲ့သမီး သုဇာ ခေါ်တဲ့ မိဖုရားရှိတယ်၊ ဒါ့ကြောင့် သုဇမ္ပတိလို့ ခေါ်ရတယ်။

မဟာလိ၊ နတ်တို့သနင်း သိကြားမင်းသည် တာဝတိံသာနတ် တို့ကို အစိုးရတဲ့ နတ်မင်းဖြစ်တယ်၊ ဒါ့ကြောင့် ဒေဝါနမိန္ဒလို့ ခေါ်ရ တယ်။

မဟာလိ၊ နတ်တို့သနင်း သိကြားမင်း၏ ရှေးလူဖြစ်စဉ်က ဆောက်တည်ကျင့်သုံးခဲ့တဲ့ အကျင့်တရားခုနစ်ပါးရှိတယ်။ အဲဒီအကျင့်တရားတွေကို ဆောက်တည်ကျင့်သုံးခဲ့လို့ သိကြားမင်းအဖြစ်ကို ရတယ်၊

## သိကြားမင်း၏ သိကြားမင်းဖြစ်ကြောင်း ခုနစ်ပါး

၁။ အသက်ထက်ဆုံး အမိအဖတို့ကို ကျွေးမွေးပြုစုခြင်း။

၂။ အသက်ထက်ဆုံး အမျိုးထဲမှာ အရွယ်ကြီးသူ၊ ဂုဏ်ကျေးဇူးကြီးသူတို့အား ဆည်းကပ်ခြင်း။

၃။ အသက်ထက်ဆုံး သိမ်မွေ့သော စကားကို ပြောဆိုခြင်း။

၄။ အသက်ထက်ဆုံး ကုန်းချောစကား မပြောကြားခြင်း။

၅။ အသက်ထက်ဆုံး မစ္ဆေရကင်းသော စိတ်ထားဖြင့် အိမ်ထောင်စုကို အုပ်ချုပ်နေထိုင်ခြင်း၊ လွတ်လွတ်စွန့်ကြဲခြင်း၊ ဖြန့်ထားသော လက်ရှိခြင်း၊ စွန့်လွှတ်မှု၌ မွေ့လျော်ခြင်း၊ တောင်းခံထိုက်သူဖြစ်ခြင်း၊ ပေးလှူခြင်း၊ ခွဲခြားပေးခြင်း၌ မွေ့လျော်ခြင်း။

၆။ အသက်ထက်ဆုံး အမှန်စကားကို ပြောဆိုခြင်း။

၇။ အသက်ထက်ဆုံး အမျက်မထွက်ခြင်း၊ အကယ်၍ အမျက်ထွက်စေကာမူ လျင်မြန်စွာ အမျက်ကို ပယ်ဖျောက်ရုပ်သိမ်းခြင်း။

အို...မဟာလိ၊ သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက ဤခုနစ်မျိုးသော ကျင့်ဝတ်တို့ကို အပြည့်အစုံ ဆောက်တည်ကျင့်သုံးခဲ့ခြင်းကြောင့် သိကြားမင်းအဖြစ်ကို ရခဲ့တယ်။

အမိအဖကို ကျွေးမွေးပြုစုသော အမျိုး၌ ကြီးသူတို့အား ဆည်းကပ်သော သိမ်မွေ့ပြေပြစ်သောစကားကို ပြောဆိုလေ့ရှိသော၊ ကုန်းချောစကားကို ပြောဆိုလေ့မရှိသော၊ မစ္ဆရိယကို ပယ်ဖျောက်ခြင်း

ရှိသော၊ အမှန်စကားကို ပြောဆိုသော၊ အမျက်ဒေါသကို ပယ်ဖျောက် လွှမ်းမိုးနိုင်သော ထိုလူကို တာဝတိံသာနတ်တို့က သပ္ပုရိသ သူတော် ကောင်းစစ်စစ်ဟု ဆိုကြကုန်၏။ (ဂါထာ)

မြတ်စွာဘုရား၊ မဃလုလင်သည် အဘယ်သို့ ကျင့်ခဲ့ပါသနည်း။ မဃလုလင်၏ ကျင့်စဉ်ကို ကြားနာလိုပါ၍ အကျယ်အားဖြင့် ဟောပြ တော်မူပါဘုရား။

လွန်လေပြီးသောအခါ မဂဓတိုင်း၊ မစလရွာမှာ မဃမည်သော လုလင်တစ်ယောက် ရှိလေ၏။

အင်း...ဒီနေရာက တို့ရွာသားတွေ စုပေါင်း အလုပ်လုပ်တဲ့ နေရာပဲ၊ ငါရပ်နေဖို့နေရာကို (ငါ့ခြေဖျားဖြင့် မြေမှုန့်ကို ယက်ထုတ်ပြီး) နေလို့ ကောင်းအောင် လုပ်ပြီးနေမှပဲ။ ကဲ...အခုတော့ နေစရာ၊ ရပ်စရာ၊ ကောင်းတဲ့နေရာ ဖြစ်သွားပြီ၊ ရွာသားတွေ မလာကြသေးဘူး၊ ငါအလျှင် ရပ်နေမှပဲ။

ဟေ့...လူ မဃ၊ မင်းက နေရာကောင်း တယ်ကြိုက်တာကိုး ကွ၊ ဖယ်စမ်းကွာ ဖယ်စမ်း၊ ဒီနေရာမှာ ငါနေမယ်။

နေပါကွာ နေပါ၊ ဒီပြင်တစ်နေရာကို ကောင်းအောင်လုပ်ပြီး ငါနေပါ့မယ်။

ဟေ့...မဃ ဖယ်စမ်းကွာ၊ ငါနေမယ့်နေရာကို မင်းက အရင် ရောက်နေတာ၊ ဖယ်ဟေ့၊ ငါနေမှာကွ။

အေး...အေး၊ နေပါကွာ၊ နေပါ။

ဩော်...ရွာထဲက ထွက်လာတဲ့ ယောက်ျားတိုင်းဟာ ငါ့ကို လက်နဲ့ ဆွဲဖယ်ပြီး ငါနေချင်စဖွယ် သာသာယာယာ လုပ်ထားတဲ့ နေရာတွေ မှာ နေကြတယ်၊ ဒီလူတွေအားလုံး ငါ့ကြောင့် ချမ်းချမ်းသာသာ နေကြရတယ်၊ ဒီလုပ်ငန်းဟာ ငါ့ရဲ့ ချမ်းသာကို ပေးနိုင်တဲ့ ကောင်းမှု လုပ်ငန်း ဖြစ်ထိုက်တယ်။

ဟော...ငါပေါက်ပြားနဲ့ နေချင်စဖွယ်ပြုထားတဲ့ ကောက်နယ် တလင်းလောက် နေရာကို လူတွေလာပြီး နေကြတယ်၊ ချမ်းတဲ့အချိန်မှာ ငါမီးဖိုပေးတယ်။ နွေအခါမှာ ရေပြည့်အိုး တည်ထားတယ်။ နေချင်စရာကောင်းတဲ့ ဒီနေရာကို လူတိုင်းက မြတ်နိုးတယ်။ မမြတ်နိုးသူ မရှိဘူး။ ဒီအချိန်ကစပြီး ငါဟာ နံနက်စောစောထ၊ လမ်းကို ညီညွတ်အောင် လုပ်မှပဲ။ ဖြတ်သင့်တဲ့ သစ်ပင်ကိုဖြတ်၊ ယူသင့်တဲ့ သစ်ကိုင်းကို ယူမှပဲ။

ဟော့...မိတ်ဆွေ မဃ၊ ဘာတွေ လုပ်နေတာလဲ။

ဩော်...မိတ်ဆွေလား၊ ငါက ငါ့ရဲ့ နတ်ပြည်လမ်းခရီးကို လုပ်နေတာ။

ဒါဖြင့်လျှင် ငါလည်း သင်နှင့်အတူ သင့်လုပ်ငန်းကို လုပ်ချင်ပါတယ်။

မိတ်ဆွေ လုပ်ရပါတယ်၊ နတ်ပြည်ဆိုတာ လူအများ မြတ်နိုးအပ်တဲ့ နေရာ၊ ချမ်းသာပေါများတဲ့နေရာ ဖြစ်တယ်။

ဟော့–မင်းတို့က ဘာတွေ လုပ်နေကြတာလဲ။

ကျုပ်တို့က မညီညွတ်တဲ့လမ်းကို ညီညွတ်အောင် လုပ်ကြမယ်။ လမ်းကျဉ်းမြောင်းအောင် ရှုပ်ထွေးနေတဲ့ သစ်ပင်ခြုံနွယ်တွေကို ခုတ်လှဲဖြတ်တောက်ရှင်းလင်းကြတယ်။ ခရီးသွားတဲ့ လူများ ချမ်းချမ်းသာသာ သွားရအောင် နွားလှည်းက နွားတွေလည်း ခလုပ်မထိ ဆူးမငြိအောင် လုပ်နေကြတာပါ။

ဟာ...ကောင်းတဲ့ အလုပ်ပဲ၊ အများချမ်းသာဖို့ပဲ၊ ကျုပ်လဲ ခင်ဗျားတို့နဲ့အတူ အများအကျိုးဆောင်တဲ့အလုပ် လုပ်မယ်ဗျာ။

ဟာ...လာဗျို့၊ လာဗျို့၊ ကောင်းတယ်။

မိတ်ဆွေတို့ ငါတို့ရဲ့ အများကောင်းကျိုး သယ်ပိုးတဲ့အလုပ်ကို မြတ်နိုးပြီး လုပ်လိုကြတဲ့ လူတွေ နှစ်ယောက်၊သုံးယောက်ကစပြီး

တိုးတိုးလာခဲ့တာ သုံးကျိပ်သုံးယောက်တောင် ရှိလာပြီ။ ငါတို့ ပေါက်ပြား၊ တူးရွင်း၊ ဓားကိုယ်စီနဲ့ လမ်းခရီးပြုပြင်ကြတာ နှစ်ယူဇနာလောက် ခရီးရောက်သွားပြီ။

ဒီလူတွေ မသင့်လျော်တဲ့အလုပ် လုပ်နေကြတယ်။ ဒီလူတွေဟာ တောထဲက ငါး၊အသား၊စားစရာတွေကို ယူခဲ့လျှင် အရက်သောက်ကြလျှင် ငါလည်း နည်းနည်း နည်းနည်းတော့ ရမှာပဲ။ ဒီလူတွေ ခေါ်မေးဦးမှပဲ။ (ရွာစားကြီးရဲ့အကြံ)

ဟေ့လူတွေ၊ မင်းတို့က ဘာတွေလုပ်ပြီး ရွာထဲ ဝင်ကြ၊ ထွက်ကြတာလဲ။

အရှင် ရွာစားမင်း၊ ကျွန်တော်တို့ နတ်ပြည်လမ်းကြောင်း ထွင်နေကြတာပါ။

အိမ်ထောင်နဲ့ နေတဲ့လူဆိုတာ ဒီလိုလုပ်နေဖို့ မသင့်ဘူး။ တောထဲက ငါးကို ယူခဲ့ဖို့၊ သားကောင်က အသားကို ယူခဲ့ဖို့ သင့်လျော်တယ်။ အရက်ချက်ပြီး သောက်ဖို့ သင့်လျော်တယ်။

ခင်ဗျားပြောတာတွေကို ကျုပ်တို့ မလုပ်နိုင်ဘူးဗျာ။

ဒီအကောင်တွေက ငါအကြိမ်ကြိမ် ပြောတဲ့စကားကို ပစ်ပယ်ကြတယ်၊ သိကြရောပေါ့။

အရှင်မင်းကြီး၊ အပေါင်းအစုဖွဲ့ပြီး လူစုလူဝေးနဲ့ သွားလာလှုပ်ရှားနေတဲ့ လူဆိုးတွေကို တွေ့မြင်ခဲ့ပါတယ်။

ကောင်းပြီ၊ အဲဒီလူဆိုးတွေကို ဖမ်းခေါ်ခဲ့။

အရှင်မင်းကြီး၊ လူဆိုးသုံးဆယ့်သုံးယောက် အရှင်မင်းကြီးရဲ့ ရှေ့တော်မှောက် ရောက်နေပါပြီ။

ဒီလူတွေအားလုံး ဆင်ဖြင့် နင်းသတ်စေ၊ ဘုရင့်အမိန့်တော်။

ဟေ့...မိတ်ဆွေတို့၊ ငါတို့အဖို့ မေတ္တာတရားမှတစ်ပါး မှီခိုအားထားစရာ မရှိတော့ဘူး။ မိတ်ဆွေတို့အားလုံး မည်သူ့အပေါ်မျှ အမျက်

မထားကြဘဲ မင်းအပေါ်မှာ၊ ရွာစားအပေါ်မှာ၊ ငါတို့ကို နှင်းမည့် ဆင်အပေါ်မှာ၊ ငါတို့ရဲ့ ကိုယ်မှာ မေတ္တာစိတ် အညီအမျှ ထားကြပါ။

ကောင်းပါပြီ လုပ်သားခေါင်းဆောင်ကြီး ဦးမဃခင်ဗျား။

အရှင်မင်းကြီး မဃဦးဆောင်တဲ့ လူတွေအနီး ဆင်က မကပ်ဝံ့ဘဲ ဖြစ်နေပါတယ် အရှင်မင်းကြီး။

အင်း...ဒီလိုလား၊ လူတွေအများကြီးကို မြင်ရလို့ မနင်းဝံ့တာ ဖြစ်လိမ့်မယ်။ သွားကြ၊ အဲဒီလူ အားလုံးအပေါ် ဖျာအုပ်ထားပြီး ဆင်ကို နှင်းပါစေ။

အရှင်မင်းကြီး မဃအမှူးပြုတဲ့ လူတွေကို ဖျာအုပ်ပြီး ဆင်နှင်းခိုင်း ပေမယ့် ဆင်က အဝေးကတည်းက နောက်ဆုတ်သွားပါတယ် အရှင် မင်းကြီး။

ဒီလိုဖြစ်ရာမှာ အကြောင်းရှိရမယ်၊ မင်းကြီးများ မဃအမှူးပြုတဲ့ သုံးကျိပ်သုံးယောက်ကို ငါမင်းမြတ် ရှေ့တော်မှောက် သွင်းကြစေ။

မှန်လှပါဘုရား၊ ရှေ့တော်မှောက် ရောက်နေကြပါပြီ။

အမောင်တို့ ငါ့ကို အမှီပြုပြီး သင်တို့ ဘာကို မရကြသနည်း။

အရှင်မင်းကြီး ဘာကို ရည်ရွယ်ပြီး အမိန့်ရှိတော်မူပါသနည်း။

သင်တို့အားလုံး လူစုလူဝေးနဲ့ သူခိုးတွေလုပ်ပြီး တောထဲမှာ လှည့်လည်နေကြတယ်လို့ ကြားရတာ မှန်သလား။

အရှင်မင်းကြီး ကျွန်တော်မျိုးတို့ကို သူခိုးတွေပါလို့ မည်သူက အကြောင်းကြားပါသနည်း။

အမောင်တို့ သင်တို့ရဲ့ ရွာစားက အကြောင်းကြားတာ။

အရှင်မင်းကြီး ကျွန်တော်မျိုးတို့ သူခိုးမဟုတ်ကြပါ။ ကျွန်တော် မျိုးတို့ဟာ မိမိတို့ရဲ့ နတ်ပြည်လမ်းခရီးကို ရှင်းလင်းသည့်အနေဖြင့် လူတွေ သွားလာရာ လမ်းခရီး မညီညွတ်တာကို ညီညွတ်အောင် ပြုကြပါတယ်။ လမ်းကျဉ်းတာကို ကျယ်အောင် ပြုကြပါတယ်။ လမ်း

နံဘေးက သစ်ပင်ခြုံနွယ်တွေကို ခုတ်ထွင်ရှင်းလင်းကြပါတယ်။ ကျွန်တော်မျိုးတို့ရဲ့ ရွာစားဟာ ကျွန်တော်မျိုးတို့ကို အကုသိုလ်ဒုစရိုက်အလုပ် ပြုလုပ်ဖို့ တိုက်တွန်းပါတယ်။ သူခိုင်းတာကို မလုပ်တဲ့အတွက် ကျွန်တော်မျိုးတို့အပေါ် အမျက်ဒေါသ အာဃာတထားပြီး ကျွန်တော်မျိုးတို့ ပျက်စီးအောင် အရှင်မင်းကြီးထံ မဟုတ်မမှန်လုပ်ကြံ အကြောင်းကြားထားခြင်း ဖြစ်ပါတယ်။

အမောင်တို့ တိရစ္ဆာန်ဖြစ်တဲ့ ဒီဆင်က အမောင်တို့ရဲ့ ဂုဏ်ကျေးဇူးကို သိလေတယ်။ လူဖြစ်တဲ့ ငါမင်းမြတ်က မသိနိုင်ဘဲဖြစ်နေတယ်။ ငါမင်းမြတ်ကို သည်းခံကြပါ။

မောင်မဃခေါင်းဆောင်တဲ့ သုံးကျိပ်သုံးယောက်တို့၊ သင်တို့ရဲ့ ရွာစားကို သားမယားနဲ့အတူ သင်တို့ရဲ့ ကျွန်အဖြစ်နဲ့ သင်တို့အား ငါပေးသနားတော်မူတယ်။ နိုင်းလိုရာခိုင်းဖို့ ဆင်ကိုလည်း ပေးတော်မူတယ်။ သင်တို့နေရာ ရွာကိုလည်း စိတ်တိုင်းကျ အသုံးချဖို့ ငါပေးတော်မူတယ်။

သင့်တော် ကောင်းမြတ်လှပါသည် အရှင်မင်းကြီး။

မိတ်ဆွေတို့၊ လောလောဆယ်ဆယ် ဒီဘဝမှာပဲ အများကောင်းစားဖို့ ငါတို့ပြုရတဲ့ ကောင်းမှုသုစရိုက်ရဲ့ အကျိုးအာနိသင် တို့တွေမြင်ကြရပြီ။ ဝမ်းသာကြတယ် မဟုတ်လား။

ဝမ်းသာကြပါတယ် ဦးမဃ။

ကဲ...ငါတို့ တစ်လှည့်စီ ဆင်စီးပြီး ရွာပြန်ကြစို့။

မိတ်ဆွေတို့၊ ကျုပ်တို့တစ်တွေ ဟိုတုန်းကထက် ပိုပြီး ကုသိုလ်ပြုသင့်တယ်။

ဘယ်လို ကုသိုလ်ပြုကြမှာလဲ ဦးမဃ။

လမ်းလေးခွဆုံရာ လမ်းခွမှာ ထာဝရ ကုသိုလ်ဖြစ်အောင် လူတွေအပန်းဖြေဖို့ ဇရပ်ဆောက်ကြရအောင်။

အားလုံး သဘောတူကြပါတယ်။

လက်သမားကိုခေါ်ပြီး ဇရပ်ဆောက်ဖို့ စီစဉ်ပြီးကြပြီ။ ကျုပ်တို့တစ်တွေက မာတုဂါမများအပေါ်မှာ ဆန္ဒမရှိကြတော့ ဒီဇရပ်အဆောက်အအုံတစ်နေရာမှာ မာတုဂါမများအား ကုသိုလ်ပြုခွင့် မပေးကြဖို့ဘဲ။

အားလုံး သတိရှိကြဖို့ပါပဲ။

အိုရှင့် လက်သမားဆရာကြီး၊ ကျွန်မက ဦးမဃရဲ့ဇနီး သုဓမ္မာပါ။ ဆရာကြီးတို့ ဆောက်လုပ်မယ့် ဇရပ်မှာ ကျွန်မကို အကြီးအကဲအထွတ်အထိပ် ကောင်းမှုရှင်ဖြစ်အောင် စီစဉ်ပေးပါ။ ဒီမှာ ဆရာကြီးသုံးဖို့ ငွေတစ်ထောင် ယူထားပါ။

ကောင်းပါပြီ။

အင်း...ဦးမဃရဲ့ ဇနီးတစ်ယောက် သုဓမ္မာရဲ့ အကြံအစည်ကို ငါလက်ခံလိုက်ပြီ။ ဇရပ်မှာ အထွတ်ထုပိကာတပ်ဖို့ သစ်သားကိုခြောက်အောင်ထား၊ ဓားနဲ့ရွေ၊ ရွေပေါ်ထိုး၊ ဖောက်ထွင်းပြီး "သုဓမ္မာနာမ အယံ သာလာ သုဓမ္မာဇရပ်"လို့ စာလုံးထွင်း၊ အဝတ်နဲ့ပတ်၊ အများမသိအောင် သုဓမ္မာအိမ်မှာ သိမ်းထားစေမှပဲ။

ကုသိုလ်ရှင်တို့၊ ဇရပ်ဆောက်လို့တော့ ပြီးသွားပြီ။ အထွတ်တပ်ဖို့ပဲ လိုတော့တယ်။

ကုသိုလ်ရှင်တို့၊ ကျုပ်တို့ ပြုစရာတစ်ခုပြုလုပ်ဖို့ မေ့နေခဲ့ကြတယ်၊

ဆရာကြီး မေ့နေတယ်ဆိုတာက ဘာလဲ။

အထွတ်ထုပိကာပါ။

ဆရာကြီး အရေးမကြီးပါဘူး။ သစ်သားရှာပေးပါမည်။ အခုလုပ်ကြရုံပါပဲ။

ကုသိုလ်ရှင်တို့၊ လောလောဆယ် ဖြတ်ထားတဲ့ သစ်သားနဲ့ထုပိကာလုပ်ဖို့ မကောင်းဘူး။ အချိန်စောစောက ဖြတ်ရွေထွင်းထားတဲ့အသား ခြောက်ခြောက် ထုပိကာကို ရမှကောင်းမယ်။

ယခု ဘယ်လို လုပ်ရမလဲ။

တစ်အိမ်အိမ်မှာ အပြီးအစီးလုပ်ပြီး ရောင်းဖို့ထားတဲ့ ထုပိကာ ရှိလိုရှိငြား ရှာကြဖို့ပဲ။

ကောင်းပါပြီ။

ဆရာကြီး၊ အပြီးအစီးလုပ်ထားတဲ့ ထုပိကာကို သုဓမ္မာရဲ့ အိမ်မှာ တွေ့ခဲ့တယ်။ ငွေတစ်ထောင်ပေးပြီးဝယ်တော့ သူက မရောင်းဘူး။ သူ့ကို ဇရပ်တစ်နေရာမှာ ကုသိုလ်အဖို့ ပါဝင်ခွင့်ပြုရင် လှူမယ်လို့ ပြောပါတယ်။ ကျွန်တော်တို့က မာတုဂါမများကို ကုသိုလ်ပြုဖို့ ပါဝင်ခွင့်မပေးနိုင်ဘူးလို့ ပြောခဲ့ကြပါတယ်။

ကုသိုလ်ရှင်တို့၊ ဘာကြောင့် ဒီလို ပြောခဲ့ကြတာလဲ။ ဗြဟ္မာဘုံမှ တစ်ပါး မာတုဂါမနဲ့ ကင်းဝေးတဲ့နေရာဆိုတာ မရှိဘူး။ သွားယူခဲ့ကြပါ။ ဒါမှ ကျုပ်တို့ရဲ့ အလုပ်ပြီးစီးမှာ ဖြစ်တယ်။

ကောင်းပါပြီ ဆရာကြီး၊ သုဓမ္မာအိမ်က အထွတ်ကို ယူပေးပါ့မယ်။

ကဲ...မိတ်ဆွေတို့၊ ဇရပ်တော့ ပြီးသွားပြီ၊ ဒီဇရပ်မှာ ဒီအပိုင်းက မင်းအစိုးရများ နားနေဖို့နေရာ၊ ဒီအပိုင်းက ဆင်းရဲသူများအဖို့ နေရာ၊ ဒီအပိုင်းက မကျန်းမာသူများအဖို့ နေရာ၊ ဒီလို ခွဲခြားသတ်မှတ်ထားကြစို့။

ကောင်းပါပြီ ဦးမဃ။

တို့သုံးကျိပ်သုံးယောက်အတွက် နေရာကတော့ သစ်သားပျဉ်ချပ်အင်းပျဉ် သုံးဆယ့်သုံးခု ခင်းထားကြမယ်။ တို့ရဲ့ဆင်ကို အစောင့်ထားပြီး အင်းပျဉ်တစ်ခုပေါ်မှာ ထိုင်တဲ့အခါ အဲဒီလူကို ဆင်က ယူခဲ့ပြီး ပျဉ်ချပ်ရှင်အိမ်ကို ပို့ပေးဖို့ အမှတ်သညာပြုပေးရမယ်။ အင်းပျဉ်ရှင်က ကိုယ့်အိမ်ပို့လာတဲ့ ဧည့်သည်အား ခြေလက်ဆုပ်နယ်ခြင်း၊ ချေးတွန်းခြင်း၊ အဝတ်၊ စားဖို့၊ သောက်ဖို့၊ စားစရာ၊ သောက်

စရာ၊ အိပ်စရာ၊ နေစရာအားလုံးကို ပေးရမည်။ ဒီကိစ္စအားလုံး အင်းပျဉ်ရှင်ရဲ့တာဝန်ပဲ။

ကောင်းပါပြီ၊ ကိုယ့်တာဝန်နဲ့ကိုယ် လုပ်ကြဖို့ပါပဲ။

အင်း...ငါ(မဃ)တစ်ယောက်တည်း သီးခြားကုသိုလ် လုပ်ဦးမှပဲ။ ဒီဇရပ်အနီးမှာ ပင်လယ်ကသစ်ပင် စိုက်ထားမည်။ သစ်ပင်ရင်းမှာ ကျောက်ဖျာခင်းထားမည်။

ဟော့...ဒီဇရပ်ကို ဦးမဃ ဦးဆောင်တဲ့ လူသုံးကျိပ်သုံးဦး စုပေါင်း ဆောက်လုပ် ကုသိုလ်ပြုထားကြတယ်ဆိုပေမယ့် ထုပိကာမှာ ထွင်း ထားတဲ့စာက "သုဓမ္မာ နာမေသာ သာလာ သုဓမ္မာဇရပ်"ဆိုပါလားကွ။

ဟုတ်ပါပေ့ကွာ။ ဟုတ်ပါပေ့ကွာ။ သုံးကျိပ်သုံးဦးရဲ့ နာမည် မပေါ်တော့ဘူး။ ဒီသုံးကျိပ်သုံးဦးထဲက ခေါင်းဆောင် ဦးမဃရဲ့ သုဓမ္မာ၊ နန္ဒာ၊ စိတ္တာ၊ သုဇာ ဇနီးလေးယောက်ထဲက သုဓမ္မာနာမည်က ထင်ရှားသွားတာပဲ။

ကိုမဃ ဦးဆောင်တဲ့ ဒီလူသုံးကျိပ်သုံးယောက်က ဇရပ်ဆောက် စဉ်တုန်းက ငါတို့မိန်းမတွေကို ကုသိုလ်နေရာ မပေးနိုင်ဘူးလို့ ပြောဆို ပြုလုပ်ခဲ့ကြတယ်။ သုဓမ္မာကတော့ သူ့ရဲ့ လိမ္မာပါးနပ်မှုကြောင့် အထွတ်ထုပိကာ ကုသိုလ်နေရာကို ရသွားတယ်။ ငါ(နန္ဒာ)လည်း တစ်ခုခုတော့ ပြုသင့်တယ်။ ဘာပြုရရင် ကောင်းမှာလဲ၊ အင်း...အကြံ တစ်ခု ရလာပြီ။ သုဓမ္မာဇရပ်အနီးမှာ လာသမျှလူတွေ သောက်ဖို့၊ ရေချိုးဖို့ ရေကန်ကုသိုလ်ပြုထားမယ်။

သုဓမ္မာက ဇရပ်မှာ အထွတ်ထုပိကာ အလှူပါဝင်ထားတယ်။ နန္ဒာက ဇရပ်အနီးမှာ ရေကန်ကုသိုလ် ပြုထားတယ်။ ငါ(စိတ္တာ) လည်း ကုသိုလ်တစ်ခု ပြုသင့်တယ်။ ဘယ်ကုသိုလ်ပြုရပါမည်လဲ။ အင်း...အကြံရပြီ။ ဇရပ်လာတဲ့လူတွေ ရေသောက်၊ ရေချိုးပြီး ပြန်သွားတဲ့အခါ ပန်းပန်သွားရအောင် ပန်းဥယျာဉ်ပြုထားမှပဲ။

ပန်းဥယျာဉ်ပြုပြင်တော့ ဥယျာဉ်ထဲမှာ အသီးအပွင့် သီးပွင့်တဲ့ သစ်ပင်ဆိုလျှင် မကျန်ရအောင် စိုက်ထားမှပဲ။

ငါ(သူဇာ)ကတော့ ကိုမဃရဲ့ ဦးရီးရဲ့ သမီးလည်းဖြစ်တယ်။ မောင်နှမလည်း တော်တယ်။ ဇနီးလည်းဖြစ်တယ်။ ကိုမဃပြုတဲ့ ကောင်းမှုဟာ ငါ့ကောင်းမှုပဲ၊ ကုသိုလ်အထူး ပြုစရာမလိုပါဘူး။ ကိုယ့်ကိုယ်ကို သနပ်ခါးလိမ်း၊ ခေါင်းဖြီး၊ ကောင်းတဲ့ အဝတ်အထည်ဝတ်၊ ပတီးနားတောင်း၊ လက်ကောက်ဝတ်နေရုံ၊ အလှပြင်နေရုံ ရှိတာပါပဲ။

မဃလုလင်သည် အမိအဖတို့အား ကျွေးမွေးစောင့်ရှောက်ခြင်း၊ မိမိအမျိုးထဲ၌ အသက်ကြီးသူ၊ ဂုဏ်ကြီးသူတို့အား ရိုသေဆည်းကပ်ခြင်း၊ အမှန်စကားကို ပြောဆိုခြင်း၊ နူးညံ့သိမ်မွေ့သောစကားကို ပြောဆိုခြင်း၊ သူနှစ်ဦးတို့ အချင်းချင်းစိတ်ဝမ်းကွဲအောင် ကုန်းချောစကားကို မပြောဆိုခြင်း၊ နှမြောတွန့်တိုမှုမရှိခြင်း၊ အမျက်ဒေါသမရှိခြင်း၊ ဤခုနစ်မျိုးသော အကျင့်တို့ကို ဖြည့်ကျင့်သောကြောင့် တာဝတိံသာနတ်ပြည်၌ သိကြားမင်း ဖြစ်လေ၏။ ကျန်သော လူသုံးကျိပ်နှစ်ယောက်တို့သည်လည်း တာဝတိံသာ နတ်ပြည်၌ပင် ဖြစ်ကြကုန်၏။

သုဓမ္မာဇရပ်ဆောက်စဉ်က လက်သမားဆရာသည် ဝိသကြုံနတ်သားဖြစ်လေ၏။ ဦးမဃတို့ တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်ရာ ထိုအချိန်က တာဝတိံသာနတ်ပြည်၌ အသူရာတို့ နေကြသည်။ အသူရာတို့သည် ဦးမဃတို့ နတ်ပြည်၌ ဖြစ်လာသောအခါ နတ်သားအသစ်တွေ ဖြစ်လာကြသည်ဟု သာမန်အသိဖြင့် နတ်ပြည်၌ ရှိသော အရက်ဖျော်ရည်ကို စီရင်သောက်သုံးနေကြသည်။ သိကြားမင်းသည် မိမိပရိသတ်အား သူရာမသောက်ဖို့ အချက်ပေးထားသည်။ အသူရာတို့ နတ်အရက်ဖျော်ရည်ကို သောက်၍ မူးရစ်နေကြစဉ်

သိကြားမင်းသည် ဒီနတ်တို့နှင့် ဆက်ဆံသော နတ်မင်းစည်းစိမ်ဖြင့် ငါ့အဖို့ အကျိုးမရှိဟု အကြံဖြစ်ပြီး မိမိပရိသတ်အား အချိန်းအချက်ပေး၍ အသူရာတို့ကို ခြေထောက်တို့၌ ကိုင်စေကာ မဟာသမုဒ္ဒရာ၌ ပစ်ချစေ၏။ အသူရာတို့သည် ဦးခေါင်းစောက်ထိုးဖြစ်ကုန်လျက် မဟာသမုဒ္ဒရာ၌ ကျကုန်၏။ ထို့ကြောင့် အသူရာတို့၏ ကောင်းမှုအာနုဘော်ကြောင့် မြင်းမိုရ်တောင်၏ အောက်ဖက်အပြင်၌ အသူရာဗိမာန်မည်သော ဗိမာန်ဖြစ်လေ၏။ အသူရာပြည်ဟု ခေါ်ကြသည်။ ထိုပြည်၌ ဆန်းကျယ်သော သခွတ်ပင် ဖြစ်ပေါ်နေ၏။ နတ်သိကြားနှင့် အသူရာတို့စစ်ပွဲ၌ အသူရာတို့ ရှုံးနိမ့်ကြသောအခါ ယူဇနာတစ်သောင်းရှိသော တာဝတိံသာနတ်မြို့ဖြစ်လေ၏။ ထိုတာဝတိံသာ နတ်မြို့၏ အရှေ့ဘက် မြို့တံခါးနှင့် အနောက်ဘက် မြို့တံခါးတို့၏ အကြားသည် လည်းကောင်း၊ တောင်ဘက် မြို့တံခါးနှင့် မြောက်ဘက်မြို့တံခါးအကြားသည်လည်းကောင်း၊ ယူဇနာတစ်သောင်းစီ ရှိလေ၏။ တာဝတိံသာနတ်မြို့သည် တံခါးပေါင်း တစ်ထောင် တပ်ဆင်လျက်ရှိပြီး ပန်းဥယျာဉ်ရေကန်တို့ဖြင့် တန်ဆာဆင်အပ်၏။ ထိုမြို့၏အလယ်၌ ဇရပ်ဆောက်လုပ်ခဲ့သော ကုသိုလ်၏ အကျိုးဆက်ကြောင့် အထက်အောက် ယူဇနာသုံးရာရှိသော တံခွန်တို့ဖြင့် တန်ဆာဆင်အပ်သော ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော ယူဇနာခုနစ်ရာ အမြင့်ရှိသော ဝေဇယန္တာပြာသာဒ်ထွက်ပေါ်နေ၏။ ရွှေတံခွန်တိုင်တို့၌ ပတ္တမြားတံခွန်၊ ပတ္တမြားတံခွန်တိုင်တို့၌ ရွှေတံခွန်၊ သန္တာတံခွန်တိုင်တို့၌ ပုလဲတံခွန်၊ ပုလဲတံခွန်တိုင်တို့၌ သန္တာတံခွန်၊ ရတနာခုနစ်ပါးဖြင့်ပြီးသော တံခွန်တိုင်တို့၌ ရတနာခုနစ်ပါးဖြင့်ပြီးသော တံခွန်အသီးသီးရှိလေ၏။ အလယ်၌တည်သော တံခွန်သည် အထက်အောက် ယူဇနာသုံးရာ အမြင့်ရှိ၏။ ဇရပ်ဆောက်လုပ်ခဲ့သော ကုသိုလ်၏အကျိုးဆက်ကြောင့် ယူဇနာတစ်ထောင် အမြင့်ရှိသော ပြာသာဒ်သည် ရတနာခုနစ်ပါးဖြင့် ပြီးလေ၏။ ပင်လယ်

ကသစ်ပင်စိုက်ခဲ့ရသော ကုသိုလ်၏ အကျိုးဆက်ကြောင့် ထက်ဝန်းကျင် ယူဇနာသုံးရာအဝန်းရှိသော ပင်လယ်ကသစ်ပင်ဖြစ်ပေါ်လေ၏။ ကျောက်ဖျာကို ပေးလှူခဲ့သော ကုသိုလ်၏အကျိုးဆက်ကြောင့် ပင်လယ်ကသစ်ပင်ရင်း၌ အလျားယူဇနာခြောက်ဆယ်၊ အကျယ်ယူဇနာငါးဆယ်၊ ထု တစ်ဆယ့်ငါးယူဇနာရှိသော လယ်ခေါင်ရန်း ကမ္ဗလာနီအဆင်းနှင့်တူသော ပဏ္ဍုကမ္ဗလာကျောက်ဖျာနေရာ ဖြစ်ပေါ်လေ၏။ ထိုပဏ္ဍုကမ္ဗလာ ကျောက်နေရာ၌ သိကြားမင်းထိုင်သောအခါ အောက်ကိုယ်ထက်ဝက်သည် နေရာတွင် နစ်ဝင်လေ၏။ ထသောအခါ၌ ပြန်၍ ပြည့်နေလေ၏။

မဃလုလင်ဖြစ်စဉ်က ဆင်သည် ဧရာဝဏ်မည်သော ဆင်နတ်သားဖြစ်လေ၏။ နတ်ပြည်၌ တိရစ္ဆာန်စစ်စစ်တို့ မဖြစ်နိုင်သောကြောင့် ဧရာဝဏ်နတ်သားသည် သိကြားမင်းဥယျာဉ်ကစားဖို့ ထွက်လာသောအချိန်၌ နတ်သားကိုယ်ကောင်ကို ပယ်စွန့်၍ ယူဇနာ (၁၂၀) ရှိသော ဧရာဝဏ်အမည်ဖြင့် ဆင်ဖြစ်ရလေ၏။ ထိုဆင်သည် သိကြားမင်း သုံးကျိပ်သုံးဦးတို့အတွက် ဦးကင်း (၃၃) လုံးကို ဖန်ဆင်းထားလေ၏။ ဦးကင်းတစ်ခု တစ်ခု၌ သုံးဂါဝုတ် တစ်ယူဇနာစီ ပမာဏရှိသော လည်ရစ်အရေးအကြောင်းရှိ၏။ ဦးကင်းအားလုံးတို့၏ အလယ်၌ သိကြားမင်းအတွက် ယူဇနာသုံးဆယ်ရှိသော သုဒဿနမည်သော ဦးကင်းကို ဖန်ဆင်းထားလေ၏။ ထိုဦးကင်း၏အထက်၌ ရတနာမဏ္ဍပ်သည် တစ်ဆယ့်နှစ်ယူဇနာရှိ၏။ ထိုမဏ္ဍပ်၏ အကြားအကြား၌ ရတနာခုနစ်ပါးဖြင့် ပြီးကုန်သော အမြင့်တစ်ယူဇနာစီရှိ တံခွန်တို့သည် စိုက်ထောင် လျက်ရှိ၏။ မဏ္ဍပ်၏အစွန်၌ ရွှေခြူကွန်ရက်ကို ဆွဲထား၏။ မဏ္ဍပ်ကို လေညင်းတိုက်ခတ်သောအခါ တူရိယာငါးမျိုး၏ အသံနှင့် ရောသော နတ်သီချင်းသံနှင့်တူသော အသံထွက်၏။

မဏ္ဍပ်အလယ်၌ သိကြားမင်းအတွက် တစ်ယူဇနာရှိသော ပတ္တမြား ပလ္လင်သည် ခင်းလျက်ရှိ၏။ ထိုပလ္လင်၌ သိကြားမင်း နေထိုင်သည်။ သုံးကျိပ်သုံးယောက်သော နတ်သားတို့သည် မိမိတို့၏ ဆိုင်ရာ ဆင်ဦးကင်းရှိ ရတနာပလ္လင်၌ နေထိုင်ကြကုန်၏။ ဆင်ဦးကင်း (၃၃) လုံးတို့တွင် တစ်ခုတစ်ခုသော ဦးကင်း၌ ဆင်စွယ်ခုနစ်ချောင်းစီကို ဖန်ဆင်းထား၏။ ဆင်စွယ်တစ်ချောင်း တစ်ချောင်းသည် ယူဇနာ (၅၀) ရှိ၏။ ဆင်စွယ်တစ်ချောင်း တစ်ချောင်း၌ ရေကန်ခုနစ်ခုစီ ရှိလေ၏။ ရေကန်တစ်ခုတစ်ခု၌ ပဒုမ္မာကြာ ခုနစ်ခုစီရှိ၏။ ပဒုမ္မာကြာရုံ တစ်ခုတစ်ခု၌ ပဒုမ္မာကြာပွင့် ခုနစ်ခုစီရှိ၏။ ပဒုမ္မာကြာပွင့် တစ်ခုတစ်ခု၌ ကြာချပ် ကြာဖတ် ခုနစ်ခုစီရှိ၏။ ကြာချပ်ကြာဖတ် တစ်ခုတစ်ခု၌ နတ်သမီး ခုနစ်ယောက်စီ ကခုန်နေကုန်၏။ ဤနည်းဖြင့် ထက်ဝန်းကျင် ယူဇနာ (၅၀) ရှိသော အရပ်တို့၌ ဆင်စွယ်တို့၌သာ ကပွဲသဘင် ဖြစ်နေကုန် ၏။ ဤသို့ ကြီးကျယ်သော စည်းစိမ်အခြံအရံကို ခံစားလျက် သိကြား နတ်မင်းသည် ဥယျာဉ်တွင်း၌ လှည့်လည်လေ၏။

ဦးမဃ၏ လူ့ဘဝက ဇနီးသုဓမ္မာသည် လူ့ဘဝက ကွယ်လွန် ခဲ့၍ တာဝတိံသာနတ်ပြည်၌ပင် သိကြားမင်း၏ မိဖုရားဖြစ်လေ၏။ သုဓမ္မာနတ်သမီး၏ ယူဇနာ (၉၀၀)ရှိသော သုဓမ္မာနတ်သဘင် ဖြစ်ပေါ် လေ၏။ ထိုသုဓမ္မာ နတ်သဘင်ထက် မွေ့လျော်ဖွယ်ကောင်းသော တခြားနေရာ မရှိတော့ချေ။ တစ်လလျှင် ရှစ်ရက် သုဓမ္မာသဘင်၌ တရားပွဲဖြစ်၏။ ယနေ့တိုင်အောင် တခြားမွေ့လျော်ဖွယ်ကောင်းသော နေရာကို တွေ့မြင်ကြလျှင် သုဓမ္မာနတ်သဘင်နှင့် တူလိုက်တာဟု ပြောဆိုကြသည်။

မဃလုလင်၏ဇနီး နန္ဒာသည်လည်း ကွယ်လွန်ခဲ့၍ တာဝတိံသာ နတ်ပြည်၌ပင် သိကြားမင်း၏ မိဖုရားဖြစ်၏။ ထိုနန္ဒာနတ်သမီး၏ ယူဇနာ ငါးရာရှိသော နန္ဒာရေကန်သည် ဖြစ်ပေါ်လာ၏။

မဃလုလင်၏ ဇနီး စိတ္တာသည် လူ့ဘဝက ကွယ်လွန်ခဲ့ပြီး တာဝတိံသာနတ်ပြည်၌ပင် သိကြားမင်း၏ မိဖုရားဖြစ်၏။ ထိုစိတ္တာ နတ်သမီး၏ ယူဇနာ ငါးရာရှိသော စိတ္တလတာဥယျာဉ် ဖြစ်ပေါ်၏။ (ပုဗ္ဗနိမိတ်ဖြစ်ပေါ်နေကြသော နတ်သားတို့ကို ထိုစိတ္တလတာဥယျာဉ် သို့ ခေါ်ဆောင်၍ တွေဝေစေလျက် လှည့်လည်ကြကုန်၏။

မကောင်းသော ပုဗ္ဗနိမိတ်ထင်လျက် ကွယ်လွန်မည့် နတ်သား တို့ကို ထိုစိတ္တလတာဥယျာဉ်သို့ ခေါ်ဆောင်၍ ဝမ်းမြောက်ပျော်မြူး စေကြကာ လှည့်လည်ကြကုန်၏။)

မဃလုလင်၏ဇနီး သုဇာမှာမူ လူ့ဘဝက ကွယ်လွန်ပြီးနောက် တောင်ချောက်ကြားတစ်ခု၌ ဗျိုင်းမ ဖြစ်နေရှာ၏။ သိကြားမင်းသည် မိမိ၏ လူ့ဘဝက အလုပ်အကျွေးဖြစ်ကြသော ဇနီးတို့ကို နတ်မျက်စိ ဖြင့် ရှုကြည့်သောအခါ သုဓမ္မာ၊ နန္ဒာ၊ စိတ္တာဇနီးတို့ တာဝတိံသာ နတ်ပြည်၌ပင် ဖြစ်ကြကုန်၏။ သုဇာဇနီးတစ်ယောက် အဘယ်အရပ်၌ ဖြစ်နေသနည်းဟု ဆင်ခြင်ကြည့်လတ်သော် တောင်ချောက်ကြား တစ်ခု၌ ဗျိုင်းမ ဖြစ်နေသည်ကို မြင်ရ၍ အမိုက်မ သုဇာသည် ကုသိုလ် တစ်စုံတစ်ခုမျှ မပြုသောကြောင့် ယခု တိရစ္ဆာန်ဘဝ၌ ဖြစ်နေရပြီ။ ယခု သုဇာဗျိုင်းမကို ကောင်းမှုကုသိုလ်ပြုလုပ်စေကာ ဒီတာဝတိံသာနတ်ပြည်သို့ ဆောင်ယူသင့်သည်ဟု အကြံဖြစ်ပြီး နတ် အသွင်ကို စွန့်၍ မထင်ရှားသော အသွင်ဖြင့် သုဇာဗျိုင်းမထံသွား၍ သင်ဒီနေရာ မှာ ဘာလုပ်နေသလဲ။

အရှင် သင်က ဘယ်သူလဲ။

ငါက သင့်ခင်ပွန်း မဃလေ။

အရှင် ယခု ဘယ်မှာ ဖြစ်နေသလဲ။

ငါ တာဝတိံသာ နတ်ပြည်မှာ ဖြစ်နေတယ်။

သင်ရဲ့ အတူနေ သုဓမ္မာ၊ စိတ္တာ၊ နန္ဒာတို့ရဲ့ ဖြစ်ရာဘဝကို သိသလား။

အရှင် ကျွန်မ မသိပါ။

သူတို့လည်း ငါ့ထံမှာ ဖြစ်ကြတယ်။

သင့်ရဲ့ အတူနေခဲ့တဲ့ သုဓမ္မာ၊ နန္ဒာ၊ စိတ္တာတို့ကို မြင်ချင်သလား။

ကျွန်တော်မ သူတို့ဖြစ်နေရာ နတ်ပြည်ကို ဘယ်လို သွားရမှာလဲ။

ငါသင့်ကို သူတို့နေရာ ခေါ်သွားမယ်။ ငါ့လက်ဖဝါးပေါ်မှာ ရပ်နေ၊ နတ်ပြည်ကို သွားပြီ၊ ဟောဒါက တာဝတိံသာနတ်ပြည်က နန္ဒာ ရေကန်၊ ဒီရေကန်ကမ်းအနီးမှာနေခဲ့။

ဟေ...သုဓမ္မာ၊ နန္ဒာ၊ စိတ္တာတို့ သင်တို့ရဲ့ လူ့ဘဝက အတူနေ သူဇာကို ကြည့်ကြမလား။

အရှင်သိကြားမင်း သူဇာ ယခု ဘယ်မှာလဲ။

နန္ဒာရေကန် ကမ်းအနီးမှာ ရှိနေတယ်။

ဟေ...ဟေ...သွားကြည့်ကြစို့၊ သွားကြည့်ကြစို့။

ဟော့...အရှင်မ မသူဇာ၊ မိမိကိုယ်ကို အလှပြင်ခဲ့ရတဲ့ အကျိုးက အံ့သြလောက်ပါပေရဲ့။ ယခု သူရဲ့ နှုတ်သီးကို ကြည့်ကြစမ်းပါ။ ခြေထောက်တွေကို ကြည့်ကြစမ်းပါ။ သူ့ခေါင်းတွေကို ကြည့်ကြ စမ်းပါ။ မသူဇာရဲ့ ခန္ဓာကိုယ်က တင့်တယ်ပါပေ့။

ကဲ...ကိုယ့်နေရာကို ပြန်ကြစို့။

သူဇာ သင်ရဲ့ မိတ်ဆွေမတွေကို မြင်လိုက်ရဲ့လား။

အရှင်သိကြားမင်း သူတို့ကို မြင်လိုက်ရပါတယ်။ သူတို့က ကျွန်မ ကို ပြက်ရယ်ပြောင်လှောင်ပြီး ပြန်သွားကြတယ်။ ယခု ကျွန်မ နေရာ တောင်ချောက်ကြားသို့ ပို့ဆောင်ပေးပါ။

ကောင်းပြီ၊ လာ၊ ဒါက သင့်နေရာ ချောက်ကြားက ရေပါပဲ။

သုဓမ္မာရဲ့ စည်းစိမ်ချမ်းသာကို သင်မြင်ခဲ့ရတယ် မဟုတ်လား သူဇာ။

အရှင်သိကြားမင်း မြင်ခဲ့ရပါတယ်။

သင်လည်း သူတို့ဖြစ်ရာ တာဝတိံသာနတ်ပြည်မှာ ဖြစ်နိုင်ဖို့ အကြောင်းကို ပြုလုပ်သင့်တယ်။

အရှင်သိကြားမင်း ဘာကို ပြုရမှာလဲ။

ငါပေးတဲ့ အစောင့်အရှောက်ကို လိုက်နာစောင့်ရှောက်နိုင်မှာလား။

အရှင်သိကြားမင်း လိုက်နာပါမည်။

အသက်ရှင်နေတဲ့ ငါး၊ဖားကို မစားရ။

သူများအစာကို သူများမသိအောင် မစားရ။

တခြားဗိုဇ်မရဲ့ ခင်ပွန်း(ဗိုင်းထီး)နှင့် မပျော်ပါးရ။

မမှန်ကန်သည့်စကားကို မဆိုရ။

မူးရစ်စေတတ်သော ရေကို မသောက်ရ။

မမေ့မလျော့ သတိရှိရှိဖြင့် ဒီသီလငါးမျိုးကို စောင့်ရှောက်နေပေ တော့။

ကောင်းပါပြီ သိကြားမင်း၊ ကျွန်မ ယနေ့ကစပြီး သူ့အလိုလို သေနေတဲ့ ငါးတို့ကိုသာ ရှာဖွေ စားပါတော့မယ်။

သိကြားမင်းသည် သုံးလေးရက် ကျော်လွန်လာသောအခါ သူဇာ ၏သီလကို စုံစမ်းလို၍ ရေစပ်အနီးရှိ သဲပြင်ပေါ်၌ ငါးသေယောင် ဆောင်ပြီး ပက်လက်အိပ်နေ၏။ သူဇာဗိုင်းမသည် ထိုငါးကို ငါးသေ ဟူသောအမှတ်ဖြင့် ကောက်ယူလေ၏။ ကောက်ယူပြီး မျိုတော့မည် အပြုတွင် ငါးသည် အမြီးကို လှုပ်လိုက်၏။

သူဇာသည် ငါးရှင်ဖြစ်နေပါလားဟု ရေထဲ၌ လွှတ်လိုက်၏။ သိကြားမင်းသည် ဤနည်းဖြင့် သုံးကြိမ်တိုင်တိုင် စုံစမ်းသောအခါ သူဇာသည် သီလကို ကောင်းစွာ စောင့်ရှောက်ပေသည်ဟု ဆုံးဖြတ်

ပြီး မိမိ၏ သိကြားမင်းအဖြစ်ကို သိစေလျက် ငါသည် သင်၏သီလကို စုံစမ်းရန် လာခဲ့သည်။ သီလကို ကောင်းမွန်စွာ စောင့်ရှောက်ပါပေ၏။ ဒီလို စောင့်ရှောက်လျှင် မကြာမီ ငါသိကြားမင်းထံ၌ ဖြစ်ရလိမ့်မည်၊ မမေ့မလျော့သူဖြစ်ပါစေ။

ထိုအချိန်မှစ၍ သူဇာဗျိုင်းမသည် အလိုလိုသေသောငါးကို ရသည့်အခါရ၊ မရသည့်အခါမရ ဖြစ်နေ၏။ မရရာ အချိန်ကြာလာသောအခါ ခန္ဓာကိုယ် ညှိုးခြောက်၍ ကွယ်လွန်လေ၏။ သီလ၏ အကျိုးအဖြစ်ဖြင့် ဗာရာဏသီပြည်၌ အိုးထိန်းသည်၏သမီး ဖြစ်လေ၏။ ထိုသမီး၏ ဆယ့်ခြောက်နှစ်အရွယ် ရောက်လာချိန်၌ သိကြားမင်းသည် သူဇာဗျိုင်းမ အဘယ်မှာ ဖြစ်ရှာလေသနည်းဟု ဆင်ခြင်သောအခါ အိုးထိန်းသည်၏သမီး ဖြစ်နေသည်ကို မြင်ရ၍ ငါသွားမှ သင့်မည်ဟု ကြံစည်ပြီး သခွားသီးအသွင် ထင်နေသော ရတနာခုနစ်ပါးတို့ကို ယာဉ်၌ ပြည့်စေ၍ ယာဉ်ကို မောင်းနှင်လျက် ဗာရာဏသီမြို့တွင်းသို့ ဝင်ပြီးလျှင် အမိတို့အဖတို့ သခွားသီးတွေပါ၊ ဝယ်ယူကြပါ၊ ဝယ်ယူကြပါဟု ဟစ်အော်ကြွေးကြော်လျက် လမ်းပေါ်၌ မောင်းနှင်သွားလေ၏။ ပဲနှောက်၊ ပဲကြီး စသည်တို့ဖြင့် ဝယ်ယူရန် လာသူတို့ကို တန်ဖိုးဖြင့် မပေးပါဟု ပြောဆိုသောအခါ အဘယ်ဖြင့် ပေးမည်နည်းဟု ပြန်မေးကြသဖြင့် သီလစောင့်ရှောက်လုံခြုံသော အမျိုးသမီးအား ပေးပါမည်။

အရှင်သီလဆိုတာ ဘယ်လိုဟာလဲ။ အမည်းလား၊ အညိုလား၊ အဖြူလား။

သင်တို့သည် သီလဆိုတာ ဘယ်လိုဟာ ဟူ၍ပင် မသိကြ။ သီလကို အဘယ်သို့ စောင့်ကြတော့မည်နည်း။ သီလစောင့်သူ အမျိုးသမီးအား ငါပေးမည်။

အို…အရှင်၊ အိုးထိန်းသည်၏ သမီးပျိုသည် သီလကို စောင့်ရှောက်ပါ၏ဟု ပြောဆို၏။ ထိုအမျိုးသမီးအား ပေးပါလော့။

အရှင် ဒီလိုဖြစ်လျှင် ကျွန်မအားပေးပါ။ အိုးထိန်းသည် သမီးဆိုတာ ကျွန်မပါပဲ။

သင်က ဘယ်လိုလဲ၊ ကျွန်မက ငါးပါးသီလ မြဲသူပါ။

အေး၊ ငါက သင့်အတွက် ဒီသင်္ခါးသီးတွေကို ယူခဲ့တာ၊ အိမ်သွားကြစို့။ ဒီပစ္စည်းတွေကို သည့်ပြင်လူတွေ မယူနိုင်အောင် ငါလုပ်ထားတယ်။ သင်္ခါးသီးအသွင်ဖြင့် နတ်သိကြားပေးတဲ့ ပစ္စည်းပဲ၊ ယူပေတော့။ ငါက သိကြားမင်းပဲ။ ဒီပစ္စည်းတွေဟာ သင့်ရဲ့ အသက်မွေးဖို့ ပစ္စည်းပဲ။ ငါးပါးသီလကို မကျိုးမပေါက်၊ မပြောက်မကြားရလေအောင် စောင့်ရှောက်ပေတော့။

အိုးထိန်းသည် သမီးသည် လူ့ဘဝမှ ကွယ်လွန်ပြီးသော် အသူရာပြည်၌ အကြီးအကဲ ဝေပစိတ္တိ အသူရာ၏သမီးအဖြစ်ဖြင့် သိကြားမင်း၏ ရန်သူအိမ်၌ ဖြစ်လေ၏။ မျိုးမဘဝ၊ အိုးထိန်းသည်၏ သမီးဘဝတို့က သီလကို လုံခြုံအောင် ကောင်းမွန်စွာ စောင့်ရှောက်ခဲ့သောကြောင့် တခြား အသူရာအမျိုးသမီးတို့ထက် သာလွန်သောအဆင်းရှိသူဖြစ်၏။ ရွှေအဆင်းနှင့် တူသော အဆင်းရှိ၏။ သူတစ်ပါးနှင့် မတူသော ရုပ်လက္ခဏာ၊ ကျက်သရေနှင့် ပြည့်စုံ၏။ ဝေပစိတ္တိအသူရာမင်းသည် သမီးကို လာရောက်တောင်းရမ်းကြသော အသူရာတို့အား သင်တို့သည် ငါ့သမီးနှင့် မထိုက်တန်ကြဟု ပြောဆိုကာ မည်သူ့အားမျှ မပေးဘဲ ငါ့သမီးသည် သူကိုယ်တိုင် သူနှင့် ထိုက်တန်သူကို ယူလိမ့်မည်ဟူသော အကြံအစည်ဖြင့် သမီး သင်နှင့်ထိုက်တန်သော ပိုင်ရှင်ယောကျ်ားကို ပန်းကုံးဖြင့် စွပ်ယူပါဟု သမီး၏လက်၌ ပန်းကုံးကို ပေးလေ၏။ ထိုခဏ၌ သိကြားမင်းသည် အိုးထိန်းသည်၏သမီးဖြစ်ရာဘဝကို ရှုကြည့်လတ်သော် ထိုအခြင်းအရာကို

မြင်သိ၍ ယခု ငါသွားပြီး အသူရာသမီးကို ခေါ်ဆောင်သင့်သည်ဟု ကြံစည်၍ အသူရာအဘိုးအိုအသွင် ဖန်ဆင်း၍ အသူရာပရိသတ် အစွန်၌ လာနေလေ၏။ အသူရာသမီးပျိုလည်း အသူရာပရိသတ်ကို ဟိုဟိုဒီဒီ မျက်လုံးဖြင့် လှည့်လည်ကြည့်လတ်သော် သိကြားမင်း အသူရာ အဘိုးအိုကို မြင်ကာမျှဖြင့် ရှေးဘဝက အတူနေခဲ့ဖူးခြင်း အစွမ်းကြောင့် ဖြစ်ပေါ်လာသော ချစ်ခင်မြတ်နိုးမှုသည် (ကြီးစွာသော ရေအလျင် လွှမ်းမိုးဘိသကဲ့သို့) လွှမ်းမိုးအပ်သောစိတ်ရှိရကား ဤသူသည် ငါ၏ သာမိက ပိုင်ရှင်လင်ယောကျ်ားဖြစ်ပေသည်ဟု အသူရာ အဘိုးအိုအထက်၌ ပန်းကုံးကို မြှောက်ချလေ၏။

အသူရာတို့သည် ငါတို့၏ အသူရာမင်းသည် ဒီအချိန်ထိ သမီးနှင့် ထိုက်တန်သည့် သားမက်ကို မရခဲ့။ ယခုတော့ ရလေပြီ။ အဖိုး ထက်မကကြီးသော ဤအသူရာ အဘိုးအိုသည်သာ ငါတို့မင်း၏ သမီးနှင့် ထိုက်တန်သူ ဖြစ်လေတော့၏ဟု ရှက်ရှက်ဖြင့် ထွက်သွားသွားကြကုန်၏။

သိကြားမင်းသည်လည်း အသူရာသမီး သူဇာကို လက်၌ကိုင်၍ ငါသိကြားကွဟု ဟစ်အော်လျက် ကောင်းကင်သို့ ပျံတက်သွားလေ၏။

အသူရာတို့သည် ငါတို့သည် သိကြားအို၏ လှည့်စားမှုကို ခံလိုက်ရကုန်ပြီဟု သိကြားမင်းနောက်သို့ လိုက်ကြလေကုန်၏။ ထိုအချိန်၌ မာတလိနတ်သားသည် ဝေဇယန္တာရထားကို မောင်းနှင်ဆောင်ယူခဲ့ပြီး တာဝတိံသာနတ်ပြည် လမ်းခရီးအကြား၌ ရပ်တည်နေ၏။ သိကြားမင်းသည် အသူရာသမီး သူဇာကို ဝေဇယန္တာရထား၌ တင်၍ တာဝတိံသာနတ်ပြည် သုဒဿနမြို့တော်သို့ ရှေးရှုသွားလေ၏။ ထိုအချိန်အခါ၌ လက်ပံတောသို့ရောက်လာသော သိကြားမင်း၏ ရထားသံကို ကြားကြကုန်သော ဂဠုန်ငယ်တို့သည် ကြောက်လန့်ကြသောကြောင့် မြည်တမ်းကြကုန်၏။ ထိုအသံကို ကြားရသော သိကြား

မင်းသည် မာတလိ မြည်တမ်းသူတို့ကား အဘယ်သူတို့နည်းဟု မေးလေ၏။

အရှင်သိကြားမင်း ဂဠုန်ငယ်တို့ ဖြစ်ကြပါသည်။

ဘာ့ကြောင့် မြည်တမ်းကြသနည်း။

အရှင်သိကြားမင်း ရထားသံကို ကြားကြ၍ သေရမည်ကြောက်သောကြောင့် မြည်တမ်းကြပါသည်။

ငါတစ်ယောက်ကို အမှီပြု၍ ဤမျှလောက်သော ဂဠုန်ငှက်ငယ်အပေါင်းသည် နတ်ရထားအဟုန်ဖြင့် မွှန်မွှန်ညက်ညက် မပျက်စီးပါစေနှင့်၊ ရထားကို ပြန်လှည့်ပါတော့ မာတလိ။

မာတလိ ရထားထိန်း နတ်သားသည်လည်း နတ်သိန္ဓောမြင်းတစ်ထောင်ကို နှင်တံအမှတ်ပေး၍ ရထားကို ပြန်လှည့်စေ၏။

ထိုအခြင်းအရာကို မြင်လိုက်ကြသော အသူရာတို့သည် ရထားကို ပြန်လှည့်စေသော သိကြားအိုသည် မချွတ်ကေန် အထောက်အကူရသူ ဖြစ်လိမ့်မည်ဟု ပြန်လှည့်၍ လာလမ်းဖြင့်ပင် အသူရာမြို့တွင်းသို့ဝင်၍ နောက်ထပ် ဦးခေါင်း မထောင်နိုင်ကြလေကုန်။

သိကြားမင်းသည် အသူရာနတ်သတို့သမီး သုဇာကို နတ်ပြည်သို့ ဆောင်ယူ၍ သိကြားမင်း၏ အခြွေအရံ နတ်သမီးနှင့် ကုဋေငါးသန်းတို့၏ အကြီးအကဲနေရာ၌ ထားလေ၏။

သုဇာသည် သိကြားမင်းထံ တောင်းခံလေ၏။

နတ်တို့သနင်း သိကြားမင်း၊ ဤနတ်ပြည်၌ ကျွန်တော်မ၏ အမိ၊ အဖ၊ အစ်ကို၊ မောင်၊ အစ်မ၊ နှမများ မရှိကြပါ။

အရှင်သိကြားမင်း သွားရာနေရာတိုင်း ကျွန်တော်မကို ခေါ်၍ သွားစေလိုပါသည်။ ဒီဆုကို ပေးသနားတော်မူပါ။

သာဓု သုဇာ၊ ကောင်းပါပြီ သုဇာ၊ သင်တောင်းတဲ့ဆုကို ငါပေးပါ၏။ အသူရာသတို့သမီး သုဇာကို သိကြားမင်းခေါ်ဆောင်၍

တာဝတိံသာနတ်ပြည်၌ ရောက်နေချိန်မှစ၍ အသူရာပြည်၌ ဆန်းကြယ်သော သခွတ်ပင် ပွင့်ချိန်၌ အသူရာတို့သည် ငါတို့ဖြစ်ခဲ့ နေခဲ့ရာ တာဝတိံသာနတ်ပြည်၌ ပင်လယ်ကသစ် နတ်သစ်ပင်ပွင့်ရာ အချိန်ရောက်ပြီဟု သိကြားမင်းနှင့် စစ်တိုက်ရန် တာဝတိံသာနတ်ပြည်သို့ တက်ကြကုန်၏။

သိကြားမင်းသည် မြင်းမိုရ်တောင်၏ အောက်ဆုံးသမုဒ္ဒရာ၌ နဂါးတို့အား စောင့်ရှောက်ခွင့်ပေးထား၏။ သမုဒ္ဒရာမှ အထက်၌ ဂဠုန်တို့အား စောင့်ရှောက်ခွင့်ပေးထား၏။ ထိုမှ အထက်၌ ကုမ္ဘဏ်တို့အား အစောင့်အရှောက်ပေးထား၏။ ထိုမှအထက်၌ နတ်ဘီလူးတို့အား စောင့်ရှောက်ခွင့်ကို ပေးထား၏။ ထိုမှအထက် စတုမဟာရာဇ် နတ်မင်းကြီးလေးဦးတို့အား စောင့်ရှောက်ခွင့်ကို ပေးထား၏။ အားလုံးတို့၏အထက်၌ ဘေးရန်တို့ကို တွန်းလှန်နိုင်ရန် သုဒဿနနတ်မြို့တံခါးတို့၌ ဝရဇိန်လက်နက် စွဲကိုင်နေသော သိကြားရုပ်တုတို့ကို ထားလေ၏။

အသူရာတို့သည် နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ နတ်ဘီလူး၊ နတ်မင်းကြီးလေးဦး အစောင့်အရှောက်တို့ကို အဆင့်ဆင့်နိုင်၍ တက်လာကုန်သော်လည်း သိကြားမင်းရုပ်တုတို့ကို အဝေးမှ မြင်ကြလျှင် သိကြားမင်းထွက်လာသည်ဟု ထင်၍ ပြန်ဆင်းပြေးကြကုန်၏။

မဟာလိ လိစ္ဆဝီမင်း၊ ယခု ငါဘုရားဟောပြသည့်အတိုင်း မဃလုလင်သည် အပ္ပမာဒပဋိပဒါ (မမေ့လျော့မှုအကျင့်) ကို ကျင့်ခဲ့ပြီ။ ဤသို့ မမေ့မလျော့အကျင့်ကို ကျင့်သုံးသော မဃလုလင်သည် ဤသို့ သဘောရှိသော နတ်တို့သနင်း သိကြားမင်းအဖြစ် အစိုးရခြင်းသို့ ရောက်၍ စတုမဟာရာဇ် တာဝတိံသာနတ်ပြည် နှစ်ထပ်၌ နတ်မင်း

အဖြစ်ကို ပြုရလေ၏။ အပ္ပမာဒမည်သော တရားကို ဘုရားအစရှိသော သူတော်ကောင်းတို့ ချီးမွမ်းအပ်၏။ မှန်၏။ အပ္ပမာဒကို အမှီပြု၍ အလုံးစုံသော လောကီ လောကုတ္တရာတရားအထူးတို့ကို ရလေ၏။ ဤသို့ ဟောတော်မူပြီး ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူ၏။

**အပ္ပမာဒေန မဃဝါ၊ ဒေဝါနံ သေဋ္ဌတံ ဂတော။**
**အပ္ပမာဒံ ပသံသန္တိ၊ ပမာဒေါ ဂရဟိတော သဒါ။**

မဃဝါ–လူ့ဘဝတုန်းက မဃမည်တွင် ထိုလုလင်သည်၊ အပ္ပမာဒေန–ရပ်နေရာမြေကို နေချင်စဖွယ်ပြုခြင်း၊ လူအများ သွားလာရာလမ်းကို ညီညွတ်အောင်ပြုခြင်း၊ လမ်းကိုချဲ့ခြင်း၊ သစ်ပင်ခြုံနွယ်ခုတ်ထွင်ရှင်းလင်းခြင်း၊ ဇရပ်ဆောက်လှူခြင်း၊ ပင်လယ်ကာသစ်ပင်ကိုစိုက်ခြင်း၊ ယင်းသစ်ပင်အောက်၌ ဖျာခင်းပေးခြင်း၊ မိဘတို့ကို ပြုစုကျွေးမွေးခြင်း အစရှိသော မမေ့လျော့မှုကြောင့်၊ ဒေဝါနံ–စတုမဟာတာဝတိံသာ နတ်များစွာတို့၏၊ သေဋ္ဌတံ–အမြတ်ဆုံး စင်စစ် သိကြားမင်းအဖြစ်သို့၊ ဂတော–ကေန်တလျောက် ရောက်ရလေ၏။ အပ္ပမာဒံ–အပ္ပမာဒကို၊ ပသံသန္တိ–ဘုရား စသည့် ပညာရှိတို့က အသီးရှင်လန်းချီးမွမ်းကြကုန်၏။ ပမာဒေါ–ပမာဒဟု မေ့လျော့မှုကို၊ သဒါ–အခါခပ်သိမ်း၊ ဂရဟိတော–ဘုရား စသည့် ပညာရှိများစွာတို့က မျက်နှာမဲ့မဲ့ ကဲ့ရဲ့အပ်လေသတည်း။

ဤဂါထာကို ကြားနာပြီးရာ အချိန်အခါ၌ မဟာလိ လိစ္ဆဝီမင်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ တရားနာလာကြသူ ပရိသတ်တို့တွင် များစွာသော လူတို့သည် သောတာပန် စသည် ဖြစ်ကြကုန်၏။

မာတာပေတ္တိဘရံ ဇန္တုံ၊ ကုလေ ဇေဋ္ဌာပစာယိနံ။
သဏှံ သခိလသမ္ဘာသံ၊ ပေသုဏေယျပ္ပဟာယိနံ။
မစ္ဆေရဝိနယေ ယုတ္တံ၊ သစ္စံ ကောဓာဘိဘုံ နရံ။
တံ ဝေ ဒေဝါ တာဝတိံသာ၊ အာဟု သပ္ပုရိသော ဣတိ။

မာတာပေတ္တိဘရံ-သက်ရှိထင်ရှား မိဘတို့အား လေးစားပိုက်ထွေး ကျွေးမွေးတတ်သော၊ ကုလေဇေဋ္ဌာပစာယိနံ-အမျိုး၌ လူကြီးသူမတို့ အား လေးစားသည်းကပ်လေ့ရှိသော၊ သဏှံ သခိလသမ္ဘာယံ-သိမ်သိမ် မွေ့မွေ့ ပြေပြေပြစ်ပြစ် ချစ်နှစ်သက်ဖွယ်စကား ပြောကြားတတ်သော၊ ပေသုဏေယျပ္ပဟာယိနံ-သူနှစ်ဦးသားတို့ စိတ်ဝမ်းကွဲပြားစေတတ် သော ကုန်းတိုက်ချောပစ်စကားကို ပယ်ရှားလေ့ရှိသော၊ ဝါ-သူနှစ်ဦး တို့ မေတ္တာမပျက် ဆက်လက်ခင်မင် ချစ်ကျွမ်းဝင်စေတတ်သော စေ့စပ်စကားကို ပြောကြားလေ့ရှိသော၊ မစ္ဆေရဝိနယေ ယုတ္တံ-မပေးရက် မလှူရက် နှမြောစုံမက်တတ်သော မစ္ဆေရတရားကို ပယ်ဖျောက်ခြင်း၌ ယှဉ်သော၊ ဝါ-နှမြောပယ်ခွာ ကောင်းစွာ ပေးကမ်းလှူဒါန်းခြင်းရှိ သော၊ သစ္စံ-မဟုတ်ကို အမှန်၊ အမှန်ကိုမဟုတ် မလုပ်မကြံ အမှန် စကားရှိသော၊ ဝါ-မှန်သည်ကိုသာ ပြောဆိုတတ်သော၊ ကောဓာ ဘိဘုံ-မိမိ၏ အမျက်ဒေါသကို လွှမ်းမိုးဖျက်ဆီးတတ်သော၊ ဇန္တုံ- ဇန္တုမည်သော၊ တံ နရံ-ထိုလူကို၊ဒေဝါတာဝတိံသာ-တာဝတိံသာ နတ်ရွာပျော်ပါး နတ်များတို့က၊ ဝေ-သပ္ပုရိသော ဣတိ အာဟု- သူတော်ကောင်းစင်စစ် အမှန်ဖြစ်သူပါတကားဟု အားရပါးရ ပြောဆို ကြလေသတည်း။

**မာယာဝတ္ထုပြီး၏။**

# အညတရဘိက္ခုဝတ္ထု

ကောသလမင်း၏ တိုင်းပြည်ဝယ် တောင်ခြေရင်း၌ မာတိက မည်သော ရွာရှိ၏။ ထိုရွာသည် ပြည့်ကျပ်သော အိမ်ရှိရာ ရွာဖြစ်၏။

ရဟန်းတော် ခြောက်ကျိပ်တို့သည် မြတ်စွာဘုရားထံတော်၌ ရဟန္တာဖြစ်သည့်တိုင်အောင် ကျင့်စဉ်ကမ္မဋ္ဌာန်းတရားကို ကြားနာခဲ့ကြပြီး မာတိကရွာသို့ အရောက်သွား၍ ဆွမ်းခံကြကုန်၏။ ထိုရွာ၏ အစိုးရသူ ရွာသူကြီးသည် မာတိကမည်၏။ မာတိက၏မိခင် မာတိကမာတာသည် ထိုရဟန်းခြောက်ကျိပ်တို့ကို ဖူးမြင်ရ၍ မိမိနေရာအိမ်၌ သီတင်းသုံးနေစေပြီးသော် အမျိုးမျိုးမွန်မြတ်သော၊ အရသာရှိသော ယာဂုဆွမ်းဆက်ကပ်၍ မေးမြန်းလျှောက်ထားလေ၏။

အရှင်ဘုရားတို့ အဘယ်အရပ်သို့ ကြွလိုကြပါသနည်း။

မဟာဥပါသိကာ ဒကာမကြီး၊ ချမ်းသာမည့်နေရာကို ကြွလိုကြပါသည်။

အင်း...ဒီကိုယ်တော်တွေ ဝါဆိုစရာနေရာကို ရှာကြပုံရတယ်။ လျှောက်ထား ပန်ကြားဦးမှ။

အရှင်မြတ်ဘုရားတို့သည် ဤသုံးလပတ်လုံး ဤရွာ၌ သီတင်းသုံး နေကြပါလျှင် တပည့်တော်မသည် သရဏဂုံသုံးပါး ငါးပါးသီလကို ဆောက်တည်ရပါမည်။ ဥပုသ်သီတင်း စောင့်သုံးရပါမည်။

ငါတို့ ဤရွာ ဤဒကာမကြီးကို အမှီရ၍ ဆွမ်းဖြင့် မပင်ပန်းကြဘဲ ဘဝထွက်မြောက်ကြောင်းတရားကို အားထုတ်နိုင်ကြလိမ့်မည်။ (အမြင်ဖြင့်)

ကောင်းပြီ ဒကာမကြီး၊ ဤရွာဌာနမှာ သုံးလပတ်လုံး နေကြပါမည်။ မာတိကမာတာ မာတိကဏ်မိခင်သည် ရဟန်းခြောက်ကျိပ်တို့အား သီတင်းသုံးရာ ဌာနကျောင်းကို ဆောက်လုပ်၍ လှူဒါန်းလေ၏။

ထိုရဟန်းတို့သည် ထိုရွာဌာန၌ နေကြသောအခါ တစ်နေ့သ၌ စုဝေး၍ အချင်းချင်း ဆုံးမစကား ပြောကြားကြကုန်၏။

ငါ့ရှင်တို့၊ ငါတို့သည် မေ့လျော့သောအကျင့်ကို ကျင့်ဖို့မသင့်။ အဘယ့်ကြောင့်ဆိုသော် ငါတို့အဖို့ ကိုယ်ပိုင်ကျောင်းကဲ့သို့ ငရဲကြီးရှစ်ခုတို့သည် တံခါးဖွင့်လျက် ရှိကြကုန်၏။ သက်တော်ထင်ရှားရှိသော မြတ်စွာဘုရား မျက်မှောက်တော်၌ ငါတို့သည် ကမ္မဋ္ဌာန်းကို ကြားနာသင်ယူ၍ လာခဲ့ကြသည်။ ဘုရားရှင်တို့မည်သည် ခြေရာထက်ကြပ်လိုက်ပါ နေသူသည်သော်လည်း ကောက်ကျစ်စဉ်းလဲခြင်းဖြင့် နှစ်သက်စေရန် မတတ်နိုင်ကြ။ အလိုတော်အတိုင်း ဖြစ်စေခြင်းဖြင့်သာ နှစ်သက်စေနိုင်ကြသည်။ မမေ့မလျော့သူများ ဖြစ်ကြပါစေ။ တစ်နေရာထဲ၌ နှစ်ပါး မရပ်သင့်၊မနေသင့်။ ညနေချိန် ထေရ်ကြီးထံ ဆည်းကပ်ရာအချိန်၊ နံနက်စောစော ဆွမ်းခံသွားရာအချိန်၌သာ တစ်စုတစ်ပေါင်းတည်း တွေ့ဆုံကြပါစို့၊ ကျန်သည့်အချိန်၌ ရဟန်းနှစ်ပါး တစ်စုတည်း မဖြစ်ကြပါစေနဲ့၊ မမာမကျန်းရဟန်းသည် ကျောင်းအလယ်၌ရှိသော

ကျောက်စည်ကို တီးခတ်သဖြင့် ထွက်ပေါ်လာသော ကျောက်စည်သံ အမှတ်ဖြင့် လာကြ၍ ထိုမမာမကျန်း ရဟန်းအား ဆေးကုစားမှု ပြုကြပါစို့။

ရဟန်းတို့သည် ဤသို့ ကတိကဝတ်ပြု၍ နေကြစဉ် တစ်နေ့သ၌ မာတိကမာတာ ဥပါသိကာမကြီးသည် ထောပတ်ဆီ၊ တင်လဲ စသော ပစ္စည်းတို့ကို ယူစေ၍ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ အလုပ်သမား စသူတို့ ခြံရံကာ ညနေချိန်၌ ရဟန်းတော်များ သီတင်းသုံးရာ ကျောင်းသို့ သွားရောက်၍ ကျောင်းအလယ်၌ ရဟန်းတို့ကို မမြင်ရသော် အရှင်ကောင်းတို့ အဘယ်အရပ်သို့ ကြွကြကုန်သနည်းဟု ကျောင်းရှိ ယောကျ်ားတို့ကို မေးရလေ၏။

ကျောင်းအမကြီး၊ ရဟန်းတော်တို့သည် မိမိ မိမိ၏ ညဥ့်သန့်ရာဌာန၊ နေ့သန့်ရာဌာနတို့၌ နေကြပါလိမ့်မည်ဟု ပြောဆိုအပ်သော်–

အဘယ်သို့ပြု၍ အရှင်မြတ်တို့ကို ဖူးမြင်နိုင်ပါမည်နည်းဟု မေးမြန်းရာ ကတိကဝတ်ကို သိသူတို့က ကျောက်စည်ကို ခတ်တီးလျှင် ကြွရောက်စုဝေးကြပါလိမ့်မည်ဟု ပြောကြ၏။

ဒါဖြစ်လျှင် ကျောက်စည်ကို ခတ်တီးလိုက်ပါဟု ပြောပြန်၏။

ရဟန်းတို့သည် ကျောက်စည်သံကြားရတယ်၊ ရဟန်းတော် တစ်ပါးပါး မကျန်းမာတာဖြစ်လိမ့်မယ်ဟု ယူဆ၍ မိမိ မိမိတို့နေရာမှ ထွက်ခဲ့ပြီး ကျောင်းအလယ်၌ စုဝေးနေကြကုန်၏။ တစ်လမ်းတည်းဖြင့် ကြွလာကြသည် မဟုတ်ကုန်။

မာတိကမာတာသည် တစ်နေရာစီမှ တစ်ပါးစီသာ ကြွလာသည်ကို မြင်ရ၍ ငါ့သားတော်များ အချင်းချင်း ခိုက်ရန်ငြင်းခုန် ဖြစ်လိမ့်မည် အထင်ဖြင့် ရဟန်းသံဃာကို ရှိခိုး၍ မေးလေ၏။

အရှင်ဘုရားတို့ ခိုက်ရန်ငြင်းခုန် ဖြစ်ကြပါသလား။

မဟာဥပါသိကာ ဒကာမကြီး နိက်ရန်ငြင်းခုန် မဖြစ်ကြပါ။

အရှင်ဘုရားတို့ နိက်ရန်မဖြစ်၊ ငြင်းခုန်မှုမရှိကြလျှင် တပည့်တော်မတို့ နေအိမ်သို့ အရှင်ဘုရားများ တစ်ပေါင်းတည်း ကြွလာကြသလို ဤကျောင်းအလယ်သို့ ကြွမလာကြဘဲ တစ်နေရာစီမှ တစ်ပါးစီသာ ဘာကြောင့် ကြွလာကြပါသနည်း။

ဒကာမကြီး၊ တစ်နေရာစီမှာနေပြီး သမဏဓမ္မ ရဟန်းတရားအားထုတ်နေကြလို့ပါ။

အရှင်ဘုရားတို့၊ အဲဒီ သမဏဓမ္မ ရဟန်းတရားဆိုတာ ဘယ်ဟာပါလဲ ဘုရား။

ဒကာမကြီး၊ ဒွတ္တိံသာကာရခေါ် ခန္ဓာကိုယ်၌ စုဝေးနေတဲ့ အခြင်းအရာ သုံးဆယ့်နှစ်မျိုးကို သရဇ္ဈာယ်ကြပါတယ်။ မိမိရဲ့ခန္ဓာကိုယ်မှာ ခယဝယ ကုန်ခြင်း ပျက်ခြင်းကို ထင်စေကြပါတယ်၊ ထင်အောင်ပြုနေကြပါတယ်။

အရှင်ဘုရားတို့၊ ဒွတ္တိံသာကာရ၌ သရဇ္ဈာယ်ခြင်း၊ ခန္ဓာကိုယ်၌ ခယဝယ ထင်စေခြင်းဆိုတာက အရှင်ဘုရားတို့နဲ့သာ သင့်လျော်ပါသလား။ ဒါမှမဟုတ် တပည့်တော်မတို့နှင့်လည်း သင့်လျော်ပါသလား။

မဟာဥပါသိကာ ဒကာမကြီး၊ ဒီလိုတရားက မည်သူ့ကိုမျှ မတားမြစ်ကောင်းတဲ့ တရားပါ။

အရှင်ဘုရားတို့၊ ဒီလိုဖြစ်လျှင် တပည့်တော်မတို့အားလည်း ဒွတ္တိံသာကာရကို ပို့ချပေးတော်မူကြပါ။

ဥပါသိကာ ဒကာမကြီး၊ ဒကာမကြီးက တောင်းဆိုလေတော့ သင်ပေးပါမည်။ ဟောပြပါမည်။ သင်ယူပါလော့။ ကြားနာပါလော့။

(လိုအပ်ရာအားလုံးကို ပို့ချပေး၊ ဟောပြပေးကြကုန်၏။)

မာတိကမာတာသည် ဒွတ္တိံသာကာရကို သင်ယူပြီးချိန်မှစ၍ ရွတ်ဆို သရဇ္ဈာယ်၍ မိမိခန္ဓာကိုယ်ပေါ်၌ ခယဝယကို ဖြစ်စေသောကြောင့် ရဟန်းတော်ခြောက်ကျိပ်တို့ထက် ဦးဦးဖျားဖျား မဂ်သုံးပါး၊ ဖိုလ် သုံးပါးသို့ အသိဉာဏ်ဆိုက်လေ၏။ မဂ်၏အစွမ်းဖြင့်ပင် ပဋိသမ္ဘိဒါ လေးပါးနှင့် လောကီအဘိညာဉ်တရားတို့သည် ဒကာမကြီးသန္တာန်၌ ဆိုက်ရောက်လေကုန်၏။

မာတိကမာတာသည် မဂ်ဖိုလ်ချမ်းသာမှထကာ ဒိဗ္ဗစက္ခုဖြင့် ရှုကြည့်၍ ငါ၏သားတော်တို့သည် ငါရအပ်၊ သိအပ်သော ဤတရား ထူးကို အဘယ်အချိန်က ရအပ်၊ သိအပ်လေသနည်းဟု စူးစမ်း ဆင်ခြင်လတ်သော် ရဟန်းတော်အားလုံးသည် ရာဂ၊ ဒေါသ၊ မောဟ နှင့် တကွ ဖြစ်ကုန်၏။ ထိုရဟန်းတော်တို့အား ဈာန် ဝိပဿနာမျှ မရှိသည်ကို မြင်သိပြီး အသို့နည်း–ငါ့သားတော်တို့အား အရဟတ္တ ဖိုလ်၏ မှီရာအကြောင်း ဉပနိဿယ ပုဂ္ဂလသပ္ပါယ ရှိမရှိကို စူးစမ်း ဆင်ခြင်ပြန်သော် ငါ့သားတော်များ ထိုရဟန်းတော်တို့အား အာဟာရ သပ္ပါယ မရှိပါလားဟု မြင်သိပြီးလျှင် ထိုအချိန်မှစ၍ ယာဂုအမျိုးမျိုး၊ ခဲဖွယ်အမျိုးမျိုး၊ စားဖွယ်ဘောဇဉ်အမျိုးမျိုး ရသာစုံတို့ကို အပြည့်အစုံ စီစဉ်ခင်းကျင်း၍ မိမိအိမ်၌ ရဟန်းတော်တို့ကို ပင့်လျှောက်သီတင်း သုံးစေကာ မြတ်သော အလှူရေစက်ကို သွန်းလောင်းပြီးလျှင် အရှင် ဘုရားများ ကြိုက်နှစ်သက်တာကို ဘုဉ်းပေးတော်မူကြပါဟု ဆက်ကပ် လေ၏။ ရဟန်းတော်တို့သည် မိမိတို့ ကြိုက်နှစ်သက်သော ယာဂု စသည်တို့ကိုယူ၍ ဘုဉ်းပေးကြကုန်၏။ မိမိနှင့် သပ္ပါယဖြစ်သော အာဟာရကို ဘုဉ်းပေးရသောကြောင့် ရဟန်းတော်တို့၏ စိတ်သည် တစ်ခုတည်းသော အာရုံရှိလျက် တည်ကြည်လေ၏။ ထိုရဟန်းတော် တို့သည် တည်ကြည်သောစိတ်ဖြင့် ဝိပဿနာကို ပွားများကြ၍ မကြာ

မြင့်မိ ပဋိသန္ဓေ လေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏။ ထိုသို့ရောက်ပြီးနောက် ဤသို့ အကြံအစည် ဖြစ်ကြကုန်၏။

မဟာဥပါသိကာ မာတိကမာတာသည် အံ့သြလောက်ပါပေ၏။ ထောက်ရာ တည်ရာဖြစ်ပါ၏။ ငါတို့သည် သပ္ပါယဖြစ်သော အာဟာရကို မရခဲ့ကြလျှင် ငါတို့အဖို့ မဂ်ဖိုလ်ကို ထိုးထွင်းသိမှု မဖြစ်နိုင်တော့ပါပြီ။ ယခု ဝါကျွတ် ပဝါရဏာပြုပြီး မြတ်စွာဘုရားထံ သွားကြကုန်အံ့။ ဤသို့ ကြံစည်ကြပြီး မာတိကမာတာအား ပန်ကြားကုန်၏။

မဟာဥပါသိကာသည် အရှင်မြတ်တို့ ကောင်းပါပြီဘုရားဟု ဆို၍ ရဟန်းတော်တို့ကို လိုက်ပို့ပြီးသော် အရှင်ဘုရားတို့၊ တပည့်တော်မတို့ကို ပြန်ကြည့်တော်မူကြပါဦး စသည်ဖြင့် ပိယဝါစာများစွာကို လျှောက်ထားပြီး မိမိအိမ်သို့ ပြန်လာခဲ့လေ၏။

ရဟန်းတော်ခြောက်ကျိပ်တို့သည် သာဝတ္ထိမြို့သို့ ကြွရောက်ကြ၍ မြတ်စွာဘုရားကို ရှိခိုးပြီး သင့်လျော်ရာနေရာ၌ ထိုင်နေကြကုန်၏။

ချစ်သားရဟန်းတို့ ခန့်ကျန်းကြပါ၏လော၊ မျှတကြပါ၏လော၊ ဆွမ်းဖြင့် မပင်မပန်း ချမ်းသာကြပါ၏လောဟု မေးတော်မူလတ်သော်—

မြတ်စွာဘုရား ခန့်ကျန်းကြပါ၏၊ မျှတကြပါ၏၊ ဆွမ်းဖြင့် ပင်ပန်းမှုမရှိကြပါဘုရား။

မှန်လှပါဘုရား၊ မာတိကမာတာ ဥပါသိကာတစ်ယောက်သည် တပည့်တော်တို့၏ စိတ်အလိုကိုသိ၍ ငါတို့အဖို့ ဤသို့သော အာဟာရကို ကပ်လှူလျှင် ကောင်းမှာပဲဟု စိတ်အကြံဖြစ်ခဲ့သော် စိတ်ကြံသည့်အတိုင်း အာဟာရကို စီစဉ်၍ ကပ်လှူပါသည်ဘုရား။ ဤသို့ စသော မဟာဥပါသိကာ၏ ဂုဏ်ကျေးဇူးနှင့် စပ်ယှဉ်သော စကားကို လျှောက်ထားကြလေကုန်၏။

အမှတ်မထား ရဟန်းတစ်ပါးသည် မာတိကမာတာ ဥပါသိကာ၏ ဂုဏ်ကျေးဇူးနှင့် စပ်သောစကားကို ကြားရသောအခါ ထိုမာတိက

ရွာသို့ သွားလိုသည်ဖြစ်၍ မြတ်စွာဘုရားထံတော်၌ ကမ္မဋ္ဌာန်းကို တောင်းယူ၍ မြတ်စွာဘုရား မာတိကမာတာ နေထိုင်ရာရွာသို့ သွားပါမည်ဟု မြတ်စွာဘုရားကို ပန်ကြားလျှောက်ထားကာ ဇေတဝန်ကျောင်းတော်မှ ထွက်ခဲ့ရာ ရွာစဉ်ခရီးဖြင့် မာတိကရွာသို့ရောက်၍ နေထိုင်ရန်ကျောင်းသို့ ဝင်ရောက်ရာနေ့၌ပင်လျှင် မာတိကမာတာ ဥပါသိကာသည် သူတစ်ပါး ကြံတိုင်း ကြံတိုင်းသော အကြံအစည်ကို သိသတဲ့။ ငါယခု ခရီးပန်းလာ၍ ကျောင်းကို မရှင်းလင်းနိုင်။ မာတိကမာတာသည် ကျောင်းကို သုတ်သင်ရှင်းလင်းမည့် လူတစ်ယောက်ကို စေလွှတ်ပေးလျှင် ကောင်းမှာပဲဟု အကြံပြုတော့သည်။ မာတိကမာတာသည် အိမ်၌နေလျက်ပင် ဆင်ခြင်လတ်သော် ထိုရဟန်း၏ စိတ်အကြံကိုသိ၍ အမောင်...ကျောင်းသို့သွား၍ သုတ်သင် ရှင်းလင်းပြီး ပြန်လာခဲ့ပါဟု လူတစ်ယောက်ကို စေလွှတ်လိုက်၏။ ရဟန်းတော်သည်လည်း သောက်ရေကို သောက်လို၍ မဟာဥပါသိကာသည် သကြားအဖျော်ရည်ကို ဖျော်၍ ငါ့ထံ စေလွှတ်ပေးပါမူ ကောင်းလေစွဟု အကြံပြုပြန်၏။ မာတိကမာတာသည် ဖျော်ရည်ကို အပို့လွှတ်လိုက်၏။ ရဟန်းတော်သည် နောက်တစ်နေ့၌ နံနက်စောစော လက်သုပ်ဟင်းလျာနှင့်အတူ နူးညံ့သော ယာဂုကို ငါ့ထံ အပို့လွှတ်ပါဟု အကြံပြုပြန်၏။ မာတိကမာတာသည် ယာဂုကို ပို့ပေး၏။ ရဟန်းတော်သည် ယာဂုသောက်ပြီးသော် ငါကြိုက်နှစ်သက်သော ခဲဖွယ်တစ်မျိုးကို ငါ့ထံပို့ပေးလျှင် ကောင်းလေစွဟု အကြံပြုပြန်၏။ မာတိကမာတာသည် ထိုရဟန်းအလိုရှိသော ခဲဖွယ်ကိုလည်း ပို့ပေးလေ၏။ ရဟန်းတော်သည် အကြံပြုပြန်သည်။ မာတိကမာတာ ဥပါသိကာသည် ကြံလိုက်တိုင်း ကြံလိုက်တိုင်း ပို့ပေးပေ၏။ ငါသည် မာတိကမာတာ ဥပါသိကာကို ကြည့်မြင်လို၏။ မာတိကမာတာသည်

အရသာမျိုးစုံသော ဘောဇဉ်ကို ယူစေ၍ ကိုယ်တိုင် ငါ့ထံသို့ လာလျှင် ကောင်းလေစွဟု အကြံပြုပြန်၏။ မာတိကမာတာ ဥပါသိကာသည် ငါ၏သား ရဟန်းတော်သည် ငါ့ကို ကြည့်မြင်လို၍ ငါ၏လာခြင်းကို တောင့်တနေ၏ဟုသိပြီး ဘောဇဉ်ကို ယူစေ၍ ကျောင်းသို့သွားကာ ထိုရဟန်းတော်အား ပေးလှူလေ၏။ ထိုရဟန်းတော်သည် ဆွမ်းစားပြီး မဟာဥပါသိကာကို မေးလေ၏။

မဟာဥပါသိကာ ဒကာမကြီး၊ မာတိကမာတာဆိုတာ ဒကာမကြီးပဲလား။

ချစ်သား ဟုတ်ပါတယ်။

ဒကာမကြီးက သူတစ်ပါးစိတ်ကို သိတယ်နော်။

ချစ်သား ဒကာမကြီးကို ဘာ့ကြောင့် မေးရသနည်း။

ကျုပ်ကြံလိုက်တိုင်း ကြံလိုက်တိုင်း အကုန်သိတာပါပဲ။ ဒါ့ကြောင့် မေးတာပါ။

ချစ်သား သူတစ်ပါးရဲ့စိတ်ကိုသိတဲ့ ရဟန်းက အများကြီးပါ။

ကျုပ်က တခြားပုဂ္ဂိုလ်တွေကို မေးတာမဟုတ်ဘူး။ ဒကာမကြီးကိုပဲ မေးတာပါ။

ဤသို့ တိုက်ရိုက်မေးလိုက်သဖြင့် မာတိကမာတာသည် သူတစ်ပါးစိတ်ကို သိပါ၏ဟု မလျှောက်ထားဘဲ ချစ်သား သူတစ်ပါးစိတ်ကို သိသူတို့သည် ဤသို့ ပြုကြကုန်၏ဟု လျှောက်ထားလေ၏။

ထိုရဟန်းတော်သည် သူတစ်ပါးတို့၏ စိတ်ကိုသိခြင်းဟူသော ဤအမှုသည် ဝန်လေးလေစွ။ ပုထုဇဉ်တို့မည်သည် ကောင်းမွန်တင့်တယ်သည်ကိုလည်း ကြံမိကြကုန်၏။ မကောင်းမွန်၊ မတင့်တယ်သည်ကိုလည်း ကြံမိကြကုန်၏။ အကယ်၍ ငါသည် တစ်စုံတစ်ခု မသင့်လျော်တာကို ကြံမိလျှင် ခိုးထုပ်ခိုးထည်နှင့်အတူ ခိုးသူကို

ဦးသျှောင်၌ ဆွဲဖမ်းသကဲ့သို့ ငါ့ကို ဖောက်ပြန်သူအဖြစ်သို့ ရောက်စေရာ၏။ ငါသည် ဤရွာ ဤကျောင်းမှ ထွက်ပြေးသင့်တော့သည်ဟု ကြံစည်၍ မာတိကမာတာကို ပြောဆိုလေ၏။

ဒကာမကြီး ဦးပဉ္စင်း ပြန်ကြွတော့မည်။

အရှင်မြတ် ဘယ်ကို ကြွမှာလဲ။

ဒကာမကြီး မြတ်စွာဘုရားထံတော်သို့ ကြွမှာပါ။

အရှင်ဘုရား ဒီရွာ၊ ဒီကျောင်းမှာပဲ နေတော်မူပါဦး။

ဒကာမကြီး ဦးပဉ္စင်း မနေတော့ဘူး၊ ပြန်ပါတော့မည်။

ရဟန်းတော်သည် မာတိကရွာမှ ထွက်ခဲ့ပြီးသော် မြတ်စွာဘုရားထံတော်သို့ ကြွရောက်လေ၏။ မြတ်စွာဘုရားက ထိုရဟန်းကို မေးတော်မူသည်။

ချစ်သား ရဟန်း၊ သင်ဘာကြောင့် မာတိကရွာမှာ မနေသနည်း။

မြတ်စွာဘုရား မှန်ပါသည်။ တပည့်တော် မာတိကရွာမှာ မနေနိုင်ပါဘုရား။

ချစ်သားရဟန်း၊ ဘယ်အကြောင်းကြောင့် မနေနိုင်သနည်း။

အရှင်ဘုရား မာတိကမာတာ မဟာဥပါသိကာသည် ကြံတိုင်း၊ ကြံတိုင်း အားလုံးကို သိပါသည်။ ပုထုဇဉ်တို့မည်သည် ကောင်းမွန်တင့်တယ်သည်ကိုလည်းကောင်း၊ မကောင်းမွန် မတင့်တယ်သည်ကိုလည်းကောင်း ကြံမိကြပါကုန်၏။ အကယ်၍ တပည့်တော်သည် မသင့်လျော်မှု တစ်စုံတစ်ခုကို ကြံမိခဲ့လျှင် ခိုးသူကို ခိုးထုပ်ခိုးထည်နှင့်အတူ ဦးသျှောင်၌ ကိုင်ဖမ်းမိသကဲ့သို့ တပည့်တော်ကို ဖောက်ပြန်သူအဖြစ် ရောက်စေလိမ့်မည်ဟု ကြံမိ၍ ပြန်လာခဲ့ပါသည် ဘုရား။

ချစ်သားရဟန်း၊ သင်ချစ်သားသည် ထိုမာတိကရွာ၌သာ နေဖို့သင့်သည်။

မြတ်စွာဘုရား တပည့်တော်မနေနိုင်ပါ။ မာတိကရွာ၌ မနေတော့ပါ။

ချစ်သားရဟန်း၊ ဒီလိုဖြစ်လျှင် သင်ချစ်သားသည် တစ်ခုတည်းသော တရားကို လုံခြုံအောင် စောင့်ရှောက်နိုင်ပါမည်လော။

မြတ်စွာဘုရား တစ်ခုတည်းသော တရားဆိုတာ ဘယ်တရားပါနည်း ဘုရား။

ချစ်သားရဟန်း၊ သင်၏စိတ်ကိုသာ စောင့်ရှောက်ပေတော့။

စိတ်မည်သော တရားသည် စောင့်ရှောက်ဖို့ ခက်၏။ သင်ချစ်သားသည် မိမိစိတ်ကိုသာ နှိပ်ကွပ်ဆုံးမပါ။ တခြား ဘာတစ်ခုကိုမျှ မကြံစည်ပါနှင့်။ စိတ်ဆိုတာ နှိပ်ကွက်ဆုံးမဖို့ ခက်လှပေသည်။ ဤသို့ ဟောတော်မူပြီး ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူ၏။

**ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထကာမနိပါတိနော။**
**စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။**

ဒုန္နိဂ္ဂဟဿ-နှိပ်ကွပ်ရက်စက် ဆုံးမဖို့ခက်သော၊ လဟုနော–လျင်မြန်စွာ ဖြစ်တတ် ပျက်တတ်သော၊ (ဝါ)အဖြစ်လည်းမြန် အပျက်လည်းမြန်လှသော၊ ယတ္ထကာမနိပါတိနော–အလိုရှိရာ အာရုံ၌သာ ကျလေ့ရှိသော၊ စိတ္တဿ–စိတ်ကို၊ ဒမထော–ယဉ်ကျေးအောင် ဆုံးမခြင်းသည်၊ သာဓု–ကောင်းမြတ်လှပေ၏ ဒန္တံ–ဆုံးမသဖြင့် ယဉ်ကျေးပြီးသော၊ စိတ္တံ–စိတ်သည်၊ သုခါဝဟံ–မဂ်ဖိုလ် နိဗ္ဗာန် ချမ်းသာမှန်ကို ကေန်မပျက် ဆောင်ရွက်နိုင်ပေ၏။

ဤဒေသနာတော်၏အဆုံး၌ ရောက်လာသော ပရိသတ်တွင် များစွာသော လူတို့သည် သောတာပန် စသည် ဖြစ်ကြကုန်၏။ လူအများ၏ အကျိုးရှိသော ဓမ္မဒေသနာ ဖြစ်လေ၏။

မြတ်စွာဘုရားသည် ထိုရဟန်းတော်အား ဤဩဝါဒကို ပေးတော်မူ၍ ချစ်သားရဟန်း သွားပါလေ။ တခြားအမှု တစ်စုံတစ်ခုကို စိတ်

မကူးဘဲ၊ မကြံစည်ဘဲ မာတိကရွာ ထိုကျောင်းသာမှာ နေချေပါလော့ဟု စေလွှတ်တော်မူ၏။

ထိုရဟန်းတော်သည် မြတ်စွာဘုရားထံတော်မှ ဩဝါဒကို ရယူ၍ မာတိကရွာကျောင်းသို့ ပြန်သွားလေ၏။

ထိုရဟန်းတော်သည် ခန္ဓာကိုယ်၏ပြင်ပ၌ တစ်စုံတစ်ခုသော အကြံအစည်ကို မကြံစည်တော့ပြီ။ (မကြံစည်ဘဲ နေလေ၏။)

မဟာဥပါသိကာသည်လည်း ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုလတ်သော် ထေရ်ရဟန်းကို မြင်၍ ငါ၏သားတော်သည် ယခုအခါ ဩဝါဒကို ပေးတတ်သော ဆရာကို ရ၍ ပြန်လာခဲ့ပေသည်ဟု မိမိဉာဏ်ဖြင့်သာ ပိုင်းခြားဆုံးဖြတ်၍ ထိုထေရ်ရဟန်းအား သင့်လျော်သည့် အာဟာရကို စီစဉ်၍ လှူဒါန်းလေ၏။ ထိုထေရ်ရဟန်းသည် မိမိအား သင့်လျော်သော ဘောဇဉ်ကို မှီဝဲသုံးဆောင်ရ၍ နှစ်ရက်၊ သုံးရက် ဖြင့်ပင် အရဟတ္တဖိုလ်သို့ရောက်၍ မဂ်ဖိုလ်ချမ်းသာဖြင့် အချိန်ကို လွန်စေလျက် ဤသို့ အကြံအစည်ဖြစ်လေ၏။

မဟာဥပါတိကာသည် အံ့ဩလောက်ပါပေ၏။ ငါ၏ ထောက်တည်ရာဖြစ်ရှာပေ၏။ ငါသည် ဤမဟာဥပါသိကာကို အမှီပြု၍ ဘဝ၏ ထွက်မြောက်ရာကို ရောက်ခဲ့ရပေ၏။ ဤသို့ ကြံစည်ပြီးနောက် ဤ မဟာဥပါသိကာသည် ငါ၏ ဤဘဝ၌ ထောက်တည်ရာ ဖြစ်သည်မှာ ထင်ရှားပြီ။ သံသရာ၌ ကျင်လည်ရစဉ် ငါ၏ အခြားသော ဘဝတို့၌ ထောက်တည်ရာ ဖြစ်ဖူးလေသလော။ မဖြစ်ဖူးလေသလောဟု အဘိညာဉ်ဖြင့် စူးစမ်းဆင်ခြင်လတ်သော် မိမိ၏ အတိတ်ကာလ ကိုးဆယ့်ကိုးခုမြောက်ဘဝ၌ ထိုမာတိကမာတာ မဟာဥပါသိကာသည် ထိုထေရ်ရဟန်း၏ ခြေရင်းအလုပ်အကျွေး အိမ်ထောင်ဖက်ဇနီးဖြစ်ပြီး အခြားသော ယောကျ်ားတို့၌ ကပ်ငြိသောစိတ်ရှိ၍ ထိုထေရ်ရဟန်း အလောင်းယောကျ်ားကို သတ်ခဲ့ဖူးလေ၏။ ထေရ်ရဟန်းတော်သည်

မာတိကမာတာ မဟာဥပါသိကာ၏ ဤမျှသော ကျေးဇူးမဲ့ကို (အပြစ်ကို) မြင်ရကား ဤမဟာဥပါသိကာသည် အံ့သြဖွယ်ရှိပါပေစွ၊ ဝန်လေးသောအမှုကို ပြုခဲ့ပြီဟု ကြံသိလေ၏။

မဟာဥပါသိကာကလည်း အိမ်၌ နေလျက်ပင် အဘယ်သို့နည်း၊ ငါ၏ သားရဟန်း၏ ရဟန်းကိစ္စသည် ပြီးဆုံးခြင်းသို့ ရောက်လေပြီလော၊ မရောက်သေးလေသလောဟု အဘိညာဉ်ဖြင့် စူးစမ်းဆင်ခြင်ရှုကြည့်လတ်သော် ထိုထေရ်ရဟန်း၏ အရဟတ္တဖိုလ်သို့ ရောက်ပြီးဖြစ်သည်ကို သိမြင်၍ ထိုထက်အလွန် စူးစမ်းဆင်ခြင်ပြန်သော် ငါ၏ သားတော်ရဟန်းသည် အရဟတ္တဖိုလ်သို့ရောက်ပြီး ဤမဟာဥပါသိကာသည် အံ့သြလောက်ပါပေ၏၊ ငါ၏ ကြီးကျယ်မွန်မြတ်သော ထောက်တည်ရာစင်စစ် ဖြစ်ရှာပါပေ၏ဟု ကြံသိပြီး အတိတ်ကာလ၌လည်း ငါ၏ ထောက်တည်ရာ ဖြစ်ခဲ့ဖူးလေသလော၊ မဖြစ်ခဲ့ဖူးလေသလောဟု စူးစမ်းဆင်ခြင်လတ်သော် လွန်ခဲ့သော ကိုးဆယ့်ကိုးခုမြောက်ဘဝကို အောက်မေ့ထင်မြင်ပေသည်။ ငါသည် အတိတ် ကိုးဆယ့်ကိုးခုမြောက်ဘဝ၌ တခြားသူတို့နှင့် အတူပေါင်း၍ ထိုထေရ်ရဟန်းအလောင်း ယောက်ျားကို သတ်ခဲ့ဖူးပြီ။ ဤသားရဟန်းသည် ငါ၏ ဤမျှသော ကျေးဇူးမဲ့ကို (အပြစ်ကို) မြင်ပြီး အံ့သြဖွယ်ရှိပါပေစွ၊ မဟာဥပါသိကာသည် ဝန်လေးသောအမှုကို ပြုအပ်ခဲ့ပေစွဟု မြင်သိခြင်းဖြစ်ပေသည်။ သံသရာ၌ ကျင်လည်ခဲ့ရသော ငါမာတိကာ မာတာသည် သားရဟန်းအား ပြုခဲ့ဖူးသော ကျေးဇူးတရား ရှိခဲ့လေသလောဟု စူးစမ်းဆင်ခြင်သောအခါ အတိတ်ကာလ တစ်ရာမြောက်ဘဝ၌ ငါသည် ထိုသားရဟန်း၏ ခြေရင်းအလုပ်အကျွေး ဇနီးဖြစ်ခဲ့၍ ထိုထေရ်ရဟန်းအလောင်း ယောက်ျားကို သတ်မည့်နေရာ၌ အစားထိုး၍ ငါ၏ အသက်ကို ပေးလှူခဲ့ဖူးပြီ။ အံ့သြလောက်ပါပေ၏။ ငါသည် ငါ့သားတော်ရဟန်းအား ကြီးမားသော ကျေးဇူးတရားကို ပြုခဲ့ဖူးပေ

၏ဟု သိမြင်၍ အိမ်၌နေလျက်ပင် ကျောင်းနေ ထိုရဟန်းအား အရှင်ဘုရား အတိတ်ကာလ ကိုးဆယ့်ကိုးဘဝ၏ အထက်ကို အထူးပြု၍ စူးစမ်းဆင်ခြင်တော်မူပါဦးဟု လျှောက်ထားလေ၏။ ထိုရဟန်းသည် ဒိဗ္ဗသောတဓာတ်ဖြင့် မဟာဥပါသိကာ၏အသံကို ကြားရ၍ အထူးပြုလျက် အတိတ်ကာလ ဟစ်ရာမြောက်ဘဝကို အောက်မေ့ဆင်ခြင်လတ်သော် အတိတ်တစ်ရာမြောက်ဘဝ၌ မဟာဥပါသိကာသည် မိမိအား အသက်ပေးလှူဖူးသည်ကို မြင်ရ၍ အံ့ဩဖွယ်ရှိပါပေစွ၊ ဤမဟာဥပါသိကာသည် ငါ့အား ကျေးဇူးတရားပြုခဲ့ဖူးပြီဟု ဝမ်းမြောက်လေ၏။ ထိုနောက် မဟာဥပါသိကာ၏ မင်လေးပါး၊ ဖိုလ်လေးပါးတို့၌ အမေးကို ဖြေဆို၍ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ငြိမ်းတော်မူလေပြီ။

အညတရဘိက္ခု ဝတ္ထုပြီး၏။

# သောရေယျဝတ္ထု

ဟော့...ငါ့လူတို့၊ လှည်းအစီးငါးရာနှင့်အတူ သောရေယျမြို့က လာခဲ့ကြတာ ယခု တက္ကသိုလ်မြို့ကို ရောက်ကြပြီ၊ တို့လှည်းတွေကို ခါကိုင်းချွတ်နေကျ၊ ဈေးအနီးက လှည်းဝိုင်းနေရာမှာ ချွတ်ကြဖို့ပဲ။

ကောင်းပါပြီ သူဌေး ဦးချစ်သာ။

ဟင်...ပြာသာဒ်အထက်ထပ် လေသာပြတင်းကို ဖွင့်ပြီး မြို့တွင်း ခရီးလမ်းအကြားကို ကြည့်လိုက်တော့ ရုတ်တရက် မြင်နေရတဲ့လူက ငါ့မိတ်ဆွေ သူဌေး ဦးချစ်သာပဲ၊ သူ့ကို အခေါ်ခိုင်းဦးမှ။

ဟဲ့...ကျွန်မ ဒီလာစမ်း၊ ဟောဟို လှည်းသင်းကို လှမ်းကြည့်စမ်း၊ ရှေ့ဆုံးက လှည်းပေါ်မှာ ထိုင်နေတဲ့ တိုက်ပုံအင်္ကျီကိုဝတ်၊ ခေါင်းပေါင်းမြိတ်စ ချထားတဲ့လူကို သွားခေါ်စမ်း၊ ကျွန်မရဲ့ သူဌေးကတော် ဒေါ်စာရီက အခေါ်လွှတ်လိုက်တာပါလို့ပြော။

ကောင်းပါပြီ သခင်မ။

ဦး ရှင့်၊ ကျွန်မရဲ့သခင်မ သူဌေးကတော် ဒေါ်စာရီက အခေါ် လွှတ်လိုက်တာပါ၊ သူ့ရဲ့ပြာသာဒ်ကို ခေတ္တ ကြွခဲ့ပါတဲ့၊

ဟင်...သူဌေးကတော် ဒေါ်စာရီတဲ့လား၊

ဟုတ်ပါတယ်။

တို့ဒီသူဌေးကတော်ကို မသိဖူးပါဘဲလား၊ တမင်္ဂလာအခေါ်လွှတ်မှတော့ သွားဦးမှပဲ။

ကဲ...ကဲ...လိုက်ခဲ့တာပ၊ ညည်းက ရှေ့ကသွားပါ။

ကဲ...ကဲ...ကြွပါရှင်၊ သူဌေး ဦးချစ်သာ တစ်ယောက်ပဲလား။

ဒီမှာ စားစရာ သောက်စရာတွေ အများကြီး စီစဉ်ထားပါတယ်၊ စားပါ၊ သောက်ပါ၊ ဘာမှ အားမနာပါနဲ့။

ဒီသူဌေးကတော် ဖော်ရွေလှချည်လား၊ ငါလည်း တစ်ခါမှ မသိဖူး၊ မတွေ့ဖူးဘူး။

ဦးချစ်သာ ဘာတွေ အကဲခတ်နေတာလဲ။ ကျွန်မ မေတ္တာစေတနာ အပြည့်အဝထားပြီး ကျွေးတာပါ။

သိပါတယ် သူဌေးကတော်၊ ကျွေးမွေးတာကိုလည်း စားပါတယ်၊ ပြည့်စုံသွားပါပြီ၊ ရင်းရင်းနှီးနှီးပေါ့။ အားတော့ နာပါရဲ့ ပွင့်ပွင့်လင်းလင်း မေးချင်တာရှိတယ် သူဌေးကတော်ရဲ့။

ဘာတွေများ မေးချင်တာလဲ ဦးချစ်သာ၊ မေးရပါတယ်။

အိုချစ်နုမသူဌေးကတော်၊ ဒီနေ့က နောက်အဖို့ အချိန်တုန်းက ချစ်နုမကို မောင်ကြီး မတွေ့မမြင်ခဲ့ဖူးပါ။ ဒီလိုဖြစ်ပါလျက်နဲ့ ချစ်နုမက မောင်ကြီးကို ဧည့်ခံကျွေးမွေး ပြုစုလိုက်တာ တခမ်းတနားကြီးပါပဲ။ ချစ်နုမက မောင်ကြီးကို သိထားလို့လား။

အရင်သူဌေးကို ကျွန်မသိပါတယ်၊ အရင်သူဌေးတို့က သောရေယျမြို့သား မဟုတ်လား။

ချစ်နုမ ဟုတ်ပါတယ်။

အဲဒီ သောရေယျမြို့မှာ သူဌေး ဦးတန်+ဒေါ်မိဆိုတာ မရှိဘူးလား။

ရှိပါတယ် ချစ်နုမ။

အဲဒီ ဦးတန်+ဒေါ်မိတို့မှာ မြေးနှစ်ယောက်ရှိတယ်လေ။ အကြီးက ယောက်ျားလေး မောင်အောင်တဲ့။ အငယ် မိန်းကလေးက မှုမှုတဲ့။ အဲဒီ မြေးနှစ်ယောက်လဲ ရှိတယ်ပေါ့။

ဟုတ်တယ်၊ ရှိပါတယ်။

သူတို့တစ်တွေ အားလုံး နေကောင်းကြရဲ့လား။

အင်း...သူတို့တစ်တွေ အားလုံး နေကောင်းကြပါတယ်။ ချစ်နှမက သူတို့ကို သိတယ်ပေါ့။

အရှင်သူမြတ် ဦးချစ်သာ၊ ကျွန်မ သူတို့ကို ကောင်းကောင်းကြီး သိပါတယ်။

အဲဒီ သူဌေး ဦးတန်+ဒေါ်မိတို့မှာ သားတစ်ယောက်ရှိပါတယ်။ သူအခု ဘယ်မှာ နေသလဲ သိချင်လို့ပါ။

ချစ်နှမ ဒီအကြောင်းကို မပြောနဲ့၊ စိတ်မကောင်းလွန်းလို့ပါ၊ လွန်ခဲ့တဲ့ လေးနှစ်လောက်က တစ်ရက်မှာ ချစ်နှမပေးတဲ့ လူနဲ့အတူ မောင်ကြီးတို့ ကောင်းမွန်တဲ့ ယာဉ်တစ်ခုပေါ်မှာ အတူထိုင်ပြီး ရေချိုးဖို့ ထွက်လာခဲ့ကြတယ်၊ ယနေ့ထိ မောင်ကြီးရဲ့ အဲဒီမိတ်ဆွေ ဘယ်သွားလိုက်တယ်ဆိုတာ မသိရဘူး။ အရပ်လေးမျက်နှာ ဟိုရှာ၊ ဒီမြို့ လှည့်လည်စုံစမ်းကြတာ သတင်းအစအနကိုမှ မကြားရလို့ သူ့ရဲ့ မိဘများ စိုးရိမ်ခြင်းကြီးစွာနဲ့ ပြင်းပြင်းထန်ထန် ပူပန်ငိုကြွေးကြရာတယ်။ သေတဲ့လူကို အကြောင်းပြု ကုသိုလ်ကောင်းမှုပြုကြပြီး သပိတ်သွတ်၊ အမျှဝေပြီးထားကြပြီ။

ဩော်...ဒီလိုလား၊ အဲဒီ ဦးတန်+ဒေါ်မိရဲ့သား၊ မောင်ကြီးရဲ့ ချစ်မိတ်ဆွေဆိုတဲ့ လူဟာ ကျွန်မပါပဲ။

အို...ချစ်နှမ၊ မောင်ကြီး နားမကပ်နဲ့၊ နောက်ဆုတ်၊နောက်ဆုတ်၊ ဘယ်လို ပြောလိုက်တာလဲ။ မောင်ကြီးပြောတဲ့ မောင်ကြီးရဲ့ ချစ်မိတ်ဆွေက နတ်သားတမျှ ခန့်ညားလှပတဲ့ ယောက်ျားတစ်ယောက်ပဲ၊

ချစ်နှမက မိန်းမသားပဲ၊ ဘယ်လိုမှ မဖြစ်နိုင်တာကို ကြံကြံဖန်ဖန် ဘာပြုလို့ မေးရ၊ ပြောရတာလဲ။

အို...အရှင်မောင်ကြီး၊ မောင်ကြီးပြောတာလဲ မှန်ပါတယ်။ ဒါပေမယ့် မောင်ကြီးပြောတဲ့ အဲဒီ နတ်သားတမျှ ခန့်ညားလှပတဲ့ မိတ်ဆွေ ယောကျ်ားဆိုတာကတော့ ကျွန်မပါပဲ၊ ကြံဖန်ပြောတာ မဟုတ်ပါဘူး၊ တကယ်ပြောတာပါ။

ဟ...ဒီလိုဆိုရင် ဘယ်လိုဖြစ်တာတုန်း။

ကျွန်မ ပြောပြမယ်။

ပြောစမ်း၊ ပြောစမ်း၊ တယ်ဆန်းလှချေလား။

ခုနက မောင်ကြီးပြောခဲ့တဲ့အတိုင်း ရေချိုးထွက်လာကြတော့ အရှင်မဟာကစ္စာယနထေရ်ကို မောင်ကြီး မြင်ရဲ့မဟုတ်လား။

အင်း...မြင်သားပဲ။

အဲဒီ ရှင်မဟာကစ္စာယနထေရ်ကို ကျွန်မကြည့်ပြီး ကျွန်မစိတ်ထဲမှာ လေးလေးနက်နက်၊ စွဲစွဲမြဲမြဲ ဒီလိုစိတ်ကူးအကြံဖြစ်မိတယ်။ ဤမထေရ်ဟာ ငါ့ရဲ့ ဇနီးမယားဖြစ်ခဲ့ရင် ကောင်းမှာပဲ။ ဒါမှမဟုတ် ဒီမထေရ်ရဲ့ ကိုယ်ရောင်အဆင်းလို ငါ့ဇနီးရဲ့ ကိုယ်ရေအဆင်းလာဖြစ်ရင် ကောင်းမှာပဲ။ အဲဒီလို စိတ်ကူးကြံစည်မိတာနဲ့ တစ်ပြိုင်နက် ကျွန်မရဲ့ ပုရိသလိင်(ယောကျ်ားအသွင်) ကွယ်ပျောက်သွားပြီး ဣတ္ထိလိင် (မိန်းမအသွင်) ဖြစ်ပေါ်လာတော့တာပဲ။

ဟာ...အများကြီး အံ့သြစရာကောင်းတာပဲ၊ ဆန်းကျယ်လှချေလား၊ အဲဒီလို ဖြစ်ပြီးနောက် ဘယ်အခြေရောက်သွားတယ်ဆိုတာ ဆက်ပြောစမ်းပါဦး။

ကောင်းပါပြီ၊ ပြောပါမည်၊ နားထောင်ပါ။ အဲဒီ ယောကျ်ားအသွင် ပျောက်ပြီး မိန်းမအသွင် ထင်ရှားဖြစ်လာတော့ ကျွန်မဟာ ဘယ်လို ရှက်မှန်းမသိအောင် ရှက်ပြီး ယာဉ်ပေါ်က ဆင်းပြေးတော့တာပါပဲ။

အဲဒီတုန်းက အတူတူလာကြတဲ့ လူတွေကလည်း မမှတ်မိကြလို့ ကျွန်မ ထွက်ပြေးတာကို မြင်ရတော့ ဘယ်လိုပါလိမ့်လို့ ပြောဆို ကျန်ရစ်တော့တာပါပဲ။ ကျွန်မလည်း ခြေဦးတည့်ရာ ပြေးလာလိုက် တာ တက္ကသိုလ်ပြည်သွားတဲ့ လမ်းခရီးရောက်တော့ လှည်းသင်း တစ်ခုနဲ့ တွေ့လို့ လှည်းနောက်က အစဉ်မကွာ လိုက်လာတဲ့ ကျွန်မကို မြင်ကြတော့ ဒီသူငယ်မက ဘယ်သူ့သမီးပါလိမ့်။ ငါတို့ မသိပါပဲလား လို့ ပြောကြတယ်။ မောင်ကြီးတို့ လှည်းကိုသာ မောင်းကြပါ။ ကျွန်မ ခြေလျင်လိုက်လာပါမယ်ဆိုပြီး မကြာမီ ခြေတွေညောင်းလာတော့ လက်စွပ်ကို ချွတ်ပေးလိုက်လို့ လှည်းတစ်စီးပေါ်မှာ လိုက်ပါခွင့် ရခဲ့ တယ်။ အဲဒီတုန်းက လှည်းသမားတွေက သူတို့ တက္ကသိုလ်မြို့မှာ ဇနီးမယားမရှိသေးတဲ့ သူဌေးသားထံ ကျွန်မကို ပို့ပေးကြတယ်။ သူတို့ ရည်ရွယ်ချက်က ကျွန်မကို ပို့ပေးလိုက်တော့ လက်ဆောင်ပစ္စည်းတွေ ရလိမ့်မည် မျှော်လင့်ချက်နဲ့ ပို့ကြတာပါပဲ။ တက္ကသိုလ်သူဌေးသား ကိုဗလကလည်း ကျွန်မကို မြင်ရ၊ တွေ့ရတော့ သူနဲ့ ရွယ်တူလဲဖြစ်၊ ကျွန်မက ရုပ်ရည်ကလည်း လှတော့ ချစ်မေတ္တာသက်ဝင် ချစ်ခင်ပြီး သူ့အိမ်မှာ ချစ်ဇနီးအဖြစ် သိမ်းပိုက်ထားတော့တာပါပဲ။ ဒီတက္ကသိုလ် သူဌေးသား ကိုဗလနဲ့ ချစ်ချစ်ခင်ခင် ပေါင်းသင်းနေကြလို့ ကျွန်မမှာ ယခု သားနှစ်ယောက် ရနေပါပြီ။ သားအကြီးက သုံးနှစ်လောက်၊ သားအငယ်က တစ်နှစ်လောက် ရှိပါပြီ။

အေး...ဟာ၊ အံ့ဩစရာကောင်းလိုက်တာ၊ အဲဒီတုန်းက ချစ်နှမ ဟာ အလွန်ဝန်လေးတဲ့ အမှုကို ပြုခဲ့တာပဲ။ ဘာ့ကြောင့် မောင်ကြီးကို မပြောတာလဲ။ ကဲ...ဖြစ်ပြီးသားတွေ ပြီးစေတော့။ ယခု ချစ်နှမက ရှင်မဟာကစ္စာယနထေရ်ကို အပြစ်သည်းခံဖို့ကတော့ တောင်းပန် ပြီးပြီလား။

မတောင်းပန်ရသေးဘူး။

မထေရ် ယခု ဘယ်မှာနေတယ်ဆိုတာ သိရဲ့လား။

သိပါတယ်၊ ဒီတက္ကသိုလ်မြို့ကိုပဲ ဆွမ်းခံရွာအဖြစ် အမှီပြုနေပါတယ်။ တကယ်လို့ ဆွမ်းခံလှည့်ရင်း ဒီအိမ်အနီး မထေရ်ရောက်လာမယ်ဆိုရင် ကျွန်မက မထေရ်အား ဆွမ်းအာဟာရကို ပေးလှူ မှာပါ မောင်ကြီး။

ဒါဖြင့်လျှင် လှူဒါန်းဖွယ်ရာကို မြန်မြန်စီစဉ်ပေတော့။ ငါတို့က အရှင်မဟာကစ္စာထေရ်ကို သနားသည်းခံဖို့ တောင်းပန်ပေးပါမယ်။

*    *    *

အရှင်မြတ်ဘုရား၊ နက်ဖြန်နံနက် ဘုရားတပည့်တော်၏ဆွမ်းကို ခံယူရန် ကြွတော်မူပါဘုရား။

သူဌေးသား (မောင်ချစ်သာ) သင်က ဧည့်သည် မဟုတ်လား။

အရှင်ဘုရား တပည့်တော်ကို ဧည့်သည်လို့ မေးမနေပါနဲ့တော့။ နက်ဖြန်နံနက် တပည့်တော် လှူဒါန်းမည့်ဆွမ်းကို ခံယူရန်သာ ကြွတော်မူပါဘုရား။

*    *    *

ကဲ...ကဲ...မထေရ်အား လှူဒါန်းဖို့ ဆွမ်းဘောဇဉ် လှူဖွယ်ပစ္စည်းအားလုံး စီစဉ်ပြီးကြပြီနော်။

ဟော...ရှင်မဟာကစ္စာထေရ် ကြွလာတော်မူပြီ။

ကြွတော်မူပါဘုရား၊ မွန်မြတ်တဲ့ ဒီနေရာမှာ သီတင်းသုံး ထိုင်တော်မူပါဘုရား။

အရှင်မြတ်အား မွန်မြတ်သော ဆွမ်းအာဟာရကို ဆက်ကပ်လှူဒါန်းပါ၏ ဘုရား၊ ပြည့်စုံလုံလောက်အောင် ဘုဉ်းပေးတော်မူပါဘုရား။

ကဲ...ကဲ...ချစ်မိတ်ဆွေ နှမရေ၊ လာ...လာ၊ ဟောဒီမထေရ်ရဲ့ ခြေရင်းမှာ ဝပ်စင်းရှိခိုးနေပါ။

အရှင်ဘုရား တပည့်တော်၏ မိတ်ဆွေနှမရဲ့ အပြစ်ကို သည်းခံ ခွင့်လွှတ်တော်မူပါဘုရား။

ဒါက ဘယ်လိုတုန်းကွယ့်။

အရှင်ဘုရား၊ ဒီအမျိုးသမီးဟာ ရှေးလွန်ခဲ့တဲ့ လေးနှစ်လောက်က တပည့်တော်ရဲ့ ချစ်မိတ်ဆွေ ယောကျ်ားတစ်ယောက်ဖြစ်ခဲ့ပါတယ်။ သောရေယျမြို့တွင်းက တပည့်တော်နှင့်အတူ ရေချိုးဖို့ ထွက်လာတဲ့ အခါ သောရေယျမြို့တွင်းကိုပဲ ဆွမ်းခံဝင်ဖို့ ဒုကုဋ်သင်္ကန်းတော်ကို ရုံနေတဲ့ အရှင်ဘုရားရဲ့ ရွှေရောင်အဆင်းနဲ့တူတဲ့ အဆင်းရှိတဲ့ ခန္ဓာကိုယ်ရုပ်တော်ကိုမြင်ပြီး ထိုအချိန်မှာ တပည့်တော် ချစ်မိတ်ဆွေက ဤမထေရ်သည် ငါ၏ ဇနီးမယားဖြစ်ပါမူ ကောင်းလေစွ။ ဒါမှ မဟုတ် ငါ၏ ဇနီးမယား၏ ခန္ဓာကိုယ် ရုပ်အဆင်းသည် ဤမထေရ်၏ ခန္ဓာကိုယ် ရုပ်အဆင်းလို ဖြစ်ပါမူ ကောင်းလေစွဟု ကြံမိပါသတဲ့ဘုရား။

ဒီလို ကြံမိသည်နှင့် တစ်ပြိုင်နက် သူ့ရဲ့ ပုရိသလိင် ပျောက်ကွယ်ပြီး ဣတ္ထိလိင် ထင်ရှားဖြစ်လာပါသတဲ့ဘုရား။ အရှင်ဘုရား သနားသည်းခံ ခွင့်လွှတ်တော်မူပါဘုရား။

အို...ဒီလိုဖြစ်တာလား၊ ကဲ...ကဲ၊ ထ...ထ၊ ငါထေရ်ရဟန်းသည် သင်တို့၏ ပြစ်မှားမှုကို သည်းခံခွင့်လွှတ်ပါ၏။

အရှင်မဟာကစ္စာယနထေရ်က သည်းခံခွင့်လွှတ်ပါ၏ဟု ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် တက္ကသိုလ်သူဌေးကတော်၏ ဣတ္ထိလိင် (မိန်းမအသွင်) ပျောက်ကွယ်၍ သောရေယျသူဌေးသား ပုရိသလိင် (ယောကျ်ားအသွင်) ထင်ရှားဖြစ်ပေါ်လာတော့သတည်း။

အို...မိတ်ဆွေ ဒီကလေးနှစ်ယောက်ဟာ သင်ရဲ့ ဝမ်းဗိုက်အတွင်းမှာ ကိန်းခဲ့ကြပြီး ငါ့ကိုအစွဲပြု ဖြစ်လာကြလို့ သင်နှင့်ငါ နှစ်ဦးလုံးရဲ့

သားများဖြစ်ကြတယ်။ ဒီအိမ်မှာပဲ အတူတူနေကြပါစို့၊ ငြီးငွေ့စိတ်ထား ဖြစ်မသွားပါစေနဲ့။

အို...အိမ်ရှင် ယောက်ျားဖြစ်ခဲ့ဖူးတဲ့ ဦးပလ၊ ကျွန်ုပ်သည် ဘဝ တစ်ခုတည်းမှာ ရှေးဦးအစ ယောက်ျားဖြစ်ခဲ့ပြီး မိန်းမအဖြစ် ရောက် ခဲ့ရတယ်။ နောက်တစ်ခါ မိန်းမဘဝက ယောကျာ်းဖြစ်ရပြန်တယ်။ ရှေးဦးအစ ယောက်ျားဖြစ်စဉ်က ကျွန်ုပ်ကိုအစွဲပြုပြီး သားသမီး နှစ်ယောက် ဖြစ်ပေါ်လာခဲ့တယ်။ အဲဒီနောက် ကျွန်ုပ်ဝမ်းဗိုက်အတွင်းမှ သားနှစ်ယောက် ထွက်ပေါ်ခဲ့တယ်။ ကျွန်ုပ်သည် ဘဝတစ်ခုတည်းနှင့် နှစ်မျိုးဖောက်ပြန်မှုရခဲ့လို့ ကျွန်ုပ်ကို အိမ်မှာ နေလိမ့်ဦးမည်လို့ မထင်ပါနဲ့။ ကျွန်ုပ်သည် ကျွန်ုပ်ပြစ်မှားမိခဲ့ရာ ဤအရှင် မဟာကစ္စာယနထေရ် ထံမှာပင် ရဟန်းပြုပါတော့မည်။ ဒီကလေး နှစ်ယောက်ရဲ့ တာဝန်သည် သင်တက္ကသိုလ်သူဌေး ဦးပလရဲ့ တာဝန်သာဖြစ်တော့သည်။ ဒီကလေး တွေအပေါ်ပြုရမည့် ဝတ္တရားကို မမေ့ပါနှင့်။

သားတို့ လာကြစမ်းပါဦး၊ မိခင်ဖြစ်ဖူးတဲ့ ဟောဒီက ဦးရဲ့ ရင်ခွင် မှာ အိပ်ကြပါဦး။ မိခင်ဖြစ်ဖူးတဲ့ ဦးက သားသားတို့ကို နောက်ဆုံး နှုတ်ဆက်တဲ့အနေနဲ့ မွှေးခဲ့ဦးမယ်။ (ရှုတ်...ရှုတ်...ရှုတ်)

ကဲ...လင်ယောက်ျားဖြစ်ခဲ့ဖူးတဲ့ တက္ကသိုလ်သူဌေးသား ဦးပလ၊ ဒီကလေးတွေကို စောင့်ရှောက်ပေတော့။

ကဲ...သောရေယျလုလင် သင်လိုချင်တဲ့ ရှင်အဖြစ်၊ ရဟန်းအဖြစ် ကို ရထားပြီ၊ ငါ့နောက်က လိုက်ခဲ့ပေတော့။ သာဝတ္ထိမြို့ သွားရ အောင်။

မှန်လှပါဘုရား။

ဟော့...ဟော့၊ အံ့ဩစရာ သတင်းကြီးတစ်ခု ကြားရတယ်။ ယောက်ျားဘဝနဲ့ ကလေးနှစ်ယောက်၊ မိန်းမဘဝနဲ့ ကလေးနှစ်ယောက်

မွေးဖွားခဲ့တဲ့ သောရေယျမြို့သား သောရေယျထေရ်တဲ့၊ ယခု ရှင်မဟာကစ္စာယနထေရ်နဲ့ တို့မြို့ ဇေတဝန်ကျောင်းမှာ ရောက်နေတယ်တဲ့။

ဟုတ် မဟုတ် သွားပြီး မေးမြန်းစုံစမ်းကြရအောင်။

အရှင်ဘုရား သောရေယျထေရ်ဆိုတာ အရှင်ဘုရားပါလား။

ဟုတ်တယ် ဒကာတို့။

ဟုတ်လျှင် လျှောက်ထားပါရစေ၊ အရှင်ဘုရားတို့ရဲ့ ဝမ်းတိုက်က သားနှစ်ယောက် ဖွားမြင်တယ်။ အရှင်ဘုရားတို့ကို အစွဲပြုပြီး သားသမီးနှစ်ယောက် ဖွားမြင်တယ်ဆိုတာ မှန်ပါသလား။

မှန်တယ် ဒကာတို့။

အဲဒီ ကလေး လေးယောက်ထဲက ဘယ်ကလေးကို အားကြီးချစ်ပါသလဲ။

ဒကာတို့၊ ကိုယ့်ဝမ်းတိုက်၌ဖြစ်တဲ့ ကလေးနှစ်ယောက်ကို ပိုချစ်တယ်။

အင်း...ငါရှိရာလာပြီး ဒါကိုပဲ မေးကြတယ်၊ ငါလည်း ရှက်လှပြီ၊ တစ်ယောက်တည်း ဆိတ်ငြိမ်တဲ့ နေရာနေပြီး တရားအားထုတ်မှပဲ။

ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်။

ရပ်တယ်၊ ရပ်တယ်၊ ထိုင်တယ်၊ ထိုင်တယ်၊ အိပ်တယ်၊ အိပ်တယ်။

မြင်တယ်၊ မြင်တယ်၊ ကြားတယ်၊ ကြားတယ်၊ နံတယ်၊ နံတယ်။

စားတယ်၊ စားတယ်၊ ထိတယ်၊ ထိတယ်၊ စိတ်ကူးတယ်၊ စိတ်ကူးတယ်။

ဩော်...တကယ်ရှုပြီး ဆကြည့်လိုက်တော့ သုဘာဆိုတဲ့ သာယာဖွယ် မရှိပါလား။ သိလာတာက နာမ်တရားပဲ။ သိခံရတာက ရုပ်နဲ့နာမ်ပဲ။ အဟုတ် အမှန်ကို ထုတ်ပြန်လိုက်တော့ ဒုက္ခတွေချည်းပဲ။ အကြောင်းသမုဒယတွေကြောင့် အကောင်းယုယစရာတွေလို့ ထင်

ခဲ့တာ။ ယခုအမြင်နဲ့ ခွဲခြမ်းလိုက်တော့ စွဲလမ်းစရာရယ်လို့ ဘာတစ်ခုမျှ မရှိ၊ မမြဲတဲ့ အနိစ္စ၊ဆင်းရဲတဲ့ ဒုက္ခ၊ ငါကောင်၊ သူကောင်၊ လိပ်ပြာကောင်၊ ဝိညာဉ်ကောင်၊ ယောကျ်ား၊ မိန်းမဆိုသမျှ ဘာကမှ မဟုတ်တဲ့ အနတ္တတရားပါလား။

ဟုတ်မှန်တဲ့ ရုပ်နာမ်တို့ရဲ့ သဘောအမှန်ကို အဖန်ဖန် ရှုမြင်နေတော့ ခုမြင် ခုပျောက်၊ နောက်ဆုံးရောက်တော့ ရှုဉာဏ်၊ ရှုခံ၊ နှစ်တန်လုံးပျောက်၊ မဂ်လေးတန် အစဉ်ရောက်၊ ဖိုလ်လေးတန် ထင်ထင်ပေါက်လာတော့ ကိလေသာအားလုံး ကုန်ဆုံးပျောက်ခဲ့လို့ အသစ်ဖြစ်ရမည့် ဘဝဇာတိကုန်၊ ကျင့်ရမည့် တရားတွေလည်းစုံ၊ နောက်ထပ်တစ်ဖုံ ပြုဖွယ်တွေ မရှိတော့ပါလား။ ပဋိသမ္ဘိဒါ လေးရပ်နှင့်ဆိုင်တဲ့ အရဟတ္တဖိုလ်ပေါက်တော့သည်တကား။

ဩော်...အရှင်သောရေယျထေရ် ပျောက်နေလိုက်တာ ယခုမှ တွေ့ရပြန်တယ်။ ဟိုတုန်းကဖြစ်ခဲ့တဲ့ ဘဝနှစ်ခုက ဖြစ်ပွားခဲ့တဲ့ သားသမီးနှစ်စုံမှာ ဘယ်အစုံကို မေတ္တာအဟုန် အချစ်တဏှာ ပိုထုံပါသလဲ။

ငါ့ရှင် ပြောလေသမျှတွေအပေါ် ချစ်တယ်ဆိုတာ မရှိတော့ပါဘူး။

ငါ့ရှင်တို့၊ ဒီသောရေယျဟာ မဟုတ်မမှန်တာကို ပြောဆိုတယ်။ ဟိုဘက်ရှေးကြတဲ့ ရက်တွေတုန်းက ဝမ်းနဲ့ လွယ်မွေးရတဲ့ ကလေးတွေအပေါ်မှာ အချစ်အားကြီးတယ်လို့ ပြောခဲ့တယ်၊ ယခုကျပြန်တော့ ဘယ်သူ့အပေါ်မှ မချစ်တော့ဘူးလို့ ပြောနေတယ်။ မြတ်စွာဘုရားထံ သွားရောက် လျှောက်ထားမှပဲ။

မြတ်စွာဘုရား၊ သောရေယျထေရ်ဟာ အမြတ်လိုတဲ့ သဘောနဲ့ အရဟတ္တဖိုလ်ကို ပြောနေပါတယ် ဘုရား။

ရဟန်းတို့၊ ငါ၏သားတော် သောရေယျသည် အမြတ်လိုတဲ့ သဘောနဲ့ အရဟတ္တဖိုလ်ကို ပြောတာမဟုတ်၊ ငါ့သားတော်၏

ကောင်းစွာ ထားအပ်သောစိတ်ဖြင့် မင်္ဂလာတရားကို မြင်သိရာ အချိန်မှစ၍ သက်ရှိသက်မဲ့ ဘာတစ်ခုအပေါ်မှာမျှ ချစ်တယ်ဆိုတာ မဖြစ်တော့ဘူး။ အရဟတ္တဖိုလ်ဆိုတဲ့ စည်းစိမ်ကို အမိကလည်း ပြုပေးနိုင်သည်မဟုတ်၊ အဖကလည်း ပြုပေးနိုင်သည်မဟုတ်၊ သတ္တဝါတို့၏ နှလုံးအိမ်အတွင်း၌ဖြစ်သော ကောင်းစွာထားအပ်သော စိတ်ကသာ ပြုပေးနိုင်ပေသည်။

**န တံ မာတာပိတာ ကယိရာ၊ အညေ ဝါပိ စ ဉာတကာ။**
**သမ္မာပဏိဟိတံ စိတ္တံ၊ သေယျသော နံ တတော ကရေ။**

တံ–မဂ်ဖိုလ်စည်းစိမ် ရိပ်ငြိမ်ရစကောင်း ထိုအကြောင်းကို၊ မာတာ–မိခင်အရင်းသည်၊ နကယိရာ–မပြုနိုင်ရာ၊ ပိတာ–ဖခင်အရင်းသည်၊ နကယိရာ–မပြုနိုင်ရာ၊ အညေ ဝါပိ–မိဘနှစ်ပါးမှ တခြားလည်းဖြစ်ကုန်သော၊ ဉာတကာစ–ချစ်ကြ ခင်ကြ အစ်ကို၊ အစ်မ၊ နှမ စပျိုးဆွေမျိုးတို့ကလည်း၊ နကယိရာ–ပြုပေးနိုင်သည်မဟုတ်၊ သမ္မာပဏိဟိတံ–ကိုယ့်အတွင်းသာ ကောင်းစွာထားအပ်သော၊ စိတ္တံ–ဖြူဆွရောင်ဖိတ် ကုသိုလ်စိတ်က၊ နံ–ကုသိုလ်စိတ်ခို ထိုပုဂ္ဂိုလ်ကို၊ တတော–မိဘနှစ်ပါး အစထား၍ များပြားလှကြောင်း ထိုအကြောင်းထက်၊ သေယျသော–အမြတ်ဆုံးသော အကြောင်းအဖြစ်ဖြင့် ဆထက်လွန်ကျူး အထူးမြတ်အောင်၊ ကရေ–ကရေယျ–မုချတစ်ခု အကြောင်းစုဖြင့် ပြုလေတော့သတည်း။

မိဘတို့သည် သားသမီးတို့အား ပစ္စည်းဥစ္စာကို ပေးကြသော် တစ်ဘဝ၌သာ အလုပ်မလုပ်ဘဲ ချမ်းသာစွာ အသက်မွေးနိုင်အောင် ပစ္စည်းဥစ္စာကို ပေးစွမ်းနိုင်ကြကုန်၏။

စည်းစိမ်ဥစ္စာ လွန်စွာ ကြွယ်ဝချမ်းသာကြသော ဝိသာခါ၏ မိဘတို့သော်လည်း ဝိသာခါသမီးအား ဘဝတစ်ခု၌သာ ချမ်းသာစွာ အသက်မွေးနိုင်လောက်သော ပစ္စည်းဥစ္စာကို ပေးကြကုန်၏။

သားသမီးတို့အဖို့ ကျွန်းကြီးလေးကျွန်းတို့၌ အစိုးရသော စကြဝတေးမင်း စည်းစိမ်ကို ပေးစွမ်းနိုင်သော အမိအဖတို့ မည်သည် မရှိစင်စစ် ဖြစ်ကုန်၏။ နတ်ပြည်စည်းစိမ်ကိုသော်လည်းကောင်း၊ ပဌမ ဈာန်အစရှိသော ဈာန်ချမ်းသာကိုသော်လည်းကောင်း ပေးနိုင်သော အမိအဖတို့ဟူသည် အဘယ်မှာ ရှိအံ့နည်း။

မဂ်ဖိုလ် လောကုတ္တရာချမ်းသာကို ပေးဖို့ဆိုသည်မှာ အဘယ်မှာ ဆိုဖွယ်ရှိတော့အံ့နည်း။ ကောင်းစွာထားအပ်သော စိတ်သည်သာ ဆိုခဲ့ သမျှ စည်းစိမ်ချမ်းသာအားလုံးကို ပေးခြင်းငှာ စွမ်းနိုင်တော့သည်။

ဒေသနာတော်အဆုံး၌ လူများစွာတို့ သောတာပတ္တိဖိုလ် စသည် တို့သို့ ရောက်ကြကုန်၏။ ဒေသနာတော်သည် လူအများ၏ အကျိုး ရှိသော ဒေသနာတော်ဖြစ်လေ၏။

**မှတ်ချက်**။ ။မိန်းမ မဖြစ်ဖူးသော ယောကျ်ား၊ ယောကျ်ား မဖြစ်ဖူးသော မိန်းမ မည်သည် မရှိ။

မှန်၏၊ ယောကျ်ားတို့သည် တခြားသူ၏ အမျိုးသမီး၊ ဇနီးတို့၌ ကျော်လွန်ကျင့်ခြင်းကြောင့် ကွယ်လွန်ပြီးနောက် နှစ်သိန်းပေါင်းများစွာ ငရဲ၌ကျက်၍ လူ့ဘဝကို ပြန်ရောက်လာသောအခါ ဘဝတစ်ရာ မိန်းမ ဖြစ်ရကုန်၏။

ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီဖြည့်ပြီးသော အရိယာသာဝက အာနန္ဒာထေရ်သော်လည်း ဘဝများဖြင် သံသရာခွင်၌ ကျင်လည်ရစဉ် ဘဝတစ်ခု ရွှေပန်းတိမ်အမျိုး၌ ဖြစ်ခဲ့၏။ ပရဒါရကံကို ပြုခဲ့၍ ငရဲ၌ ကျက်ပြီးနောက် ကြွင်းသောအကျိုးအဖြစ်ဖြင့် တစ်ဆယ့်လေးဘဝ ယောကျ်ား၏ခြေရင်း အလုပ်အကျွေး ဇနီးမယားဖြစ်ခဲ့ရသည်။ ခုနစ် ဘဝတို့၌ ဝှေးစေ့ထုတ်ခံခဲ့ရသည်။

မိန်းမတို့သည် ဒါနအစရှိသော ကောင်းမှုတို့ကို ပြု၍ မိန်းမအဖြစ်၌ နှစ်သက်မှုဆန္ဒကို ကင်းပြတ်စေ၍ ငါ၏ ဤကောင်းမှုသည် ယောကျ်ား

အဖြစ်ရခြင်းအကျိုးငှာ အကြောင်းဖြစ်ပါစေသတည်းဟု စိတ်ကို စွဲမြဲစွာ ထားနိုင်ကြသော် ကွယ်လွန်ပြီးနောက် ယောက်ျားဘဝကို ရကြကုန်၏။ အိမ်ရှင် လင်ယောက်ျားကို ကိုးကွယ်စရာ နတ်သားအဖြစ်ထား၍ လင်ယောက်ျား၌ ကျင့်ဝတ် ပဋိပတ်ကို မပျက်မကွက် ကောင်းစွာ ကျင့်ခြင်းဖြင့်လည်း ယောက်ျားအဖြစ်ကို ရနိုင်ကြသည်သာ။

ဤဝတ္ထုလာ သောရေယျသူဌေးသားသည် အရှင်မဟာကစ္စာယနထေရ်၌ မသင့်သောအားဖြင့် စိတ်ကို ဖြစ်စေသောကြောင့် ဤဘဝ၌ပင် မိန်းမအဖြစ်ကို ရလေ၏။

သောရေယျဝတ္ထု ပြီး၏။

# ပတိပူဇိကာ ကုမာရိဝတ္ထု

ဩော်...ငါသည် တာဝတိံသာနတ်ပြည်က စုတေခဲ့ပြီး လူ့ပြည်မှာ လူဖြစ်လာရတဲ့ သူပါလား။ တာဝတိံသာ နတ်ပြည်မှာ ဖြစ်ခဲ့စဉ်က ငါရဲ့အမျိုးသား နတ်သားက မာလာဘာရီ နတ်သားဖြစ်တယ်။

ဤပန်းပွင့်လေးကို ဤအမွှေးတိုင်လေးကို လှူဒါန်းရတဲ့ ကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်က မာလာဘာရီ နတ်သားထံ ဖြစ်ရပါလို၏။

အို...ချစ်လင်၊ စာရေးတံဆွမ်း ကပ်လှူလိုပါတယ်။

လဆန်းပိုင်းရောက်လာပြီ၊ လဆန်းပိုင်းလှူတဲ့ ပက္ခိကဘတ် လှူလိုပါတယ်။

အို...ချစ်လင်၊ ရဟန်းတော်များ ဝါဆိုဖို့ အချိန်နီးလာပြီ၊ဝါဆိုသင်္ကန်း လှူဒါန်းကြဦးစို့။

အေး...အေး၊ လှူဒါန်းတာပေါ့။

တပည့်တော်မသည် ဝါဆိုသင်္ကန်းကို လှူဒါန်းရသော ကောင်းမှုနှင့်အတူ ပြုပြုခဲ့သမျှသော ကောင်းမှုအစုစုကြောင့် လူ့ပြည်က စုတေသောအခါ တာဝတိံသာနတ်ပြည်၌ မာလာဘာရီ နတ်သား၏ ဇနီး အခြံအရံ နတ်သမီးဖြစ်ရပါလို၏ အရှင်ဘုရား။

ငါ့ရှင်တို့ ဒီအမျိုးသမီးကလေးဟာ လုံ့လဝီရိယကြီးစွာဖြင့် ကုသိုလ်ကောင်းမှု ပြုလုပ်တိုင်း ပြုလုပ်တိုင်းမှာ သူ့အရှင် လင်နတ်သားကို ချည်းပဲ ဆုတောင်း ဆုတောင်းပြုနေတယ်။ ဒါ့ကြောင့် သူ့ကို ပတိပူဇိကာ (လင်ကို ရည်မှန်းလှူဒါန်း ပူဇော်သူ)လို့ ခေါ်ဖို့ သင့်တယ်၊

ငါနေတဲ့ ရပ်ကွက်အတွင်းမှာ ဆောက်လုပ်ထားတဲ့ ဒီဆွမ်းစားဇရပ်မှာ တံမြက်လှဲခြင်း၊ သောက်ရေထည့်ထားခြင်း၊ ရဟန်းတော်များထိုင်ပြီး ဆွမ်းဘုဉ်းပေးရန် နေရာခင်းထားခြင်း ပြုရလျှင် အပိုကုသိုလ်ရမည်။ ဒီကုသိုလ်တွေကြောင့် ငါ့သခင် လင်နတ်သားထံ တစ်ဖန်ပြန်ဖြစ်နိုင်တယ်။ ဒီအလုပ်ကို ငါအမြဲတမ်း ဝတ်တည်ပြီး လုပ်မှပဲ။

အရှင်ဘုရားတို့၊ တပည့်တော်တို့ ဒီသာဝတ္ထိမြို့တွင်းမှာ ဆွမ်းခံလှည့်လည်ပြီး စုပေါင်းဆွမ်းဘုဉ်းပေးရာ ဆွမ်းစားဇရပ်မှာ တံမြက်လှဲပြီး သန့်ရှင်းအောင် ပြုထားတာ၊ သောက်ရေအိုးတွေ ရေခပ်လောင်းထားတာ အားလုံးဟာ ပတိပူဇိကာရဲ့ ကုသိုလ်လုပ်ငန်းတွေချည်းပဲ။

ပတိပူဇိကာရေ တို့တစ်တွေ စာရေးတံဆွမ်း လှူချင်တယ်။ ပက္ခိကဆွမ်းလှူချင်တယ်။ ဆွမ်းစာဇရပ်ကို ယူဆောင်သွားပြီး လှူပေးပါနော်။

ကောင်းပါပြီ အဒေါ်၊ ကျွန်မ သေသေချာချာ သံဃာတော်များစိတ်ကျေနပ်လောက်အောင် လှူပေးပါမည်။

ဒီနေ့က ဥပုသ်နေ့ဖြစ်တယ်။ ဆွမ်းစားဇရပ်မှာ သံဃာတော်များအား ဆွမ်းကပ်လှူမည်၊ တရားတော်ကို နာယူမည်၊ ရှစ်ပါးသီလဆောက်တည် ကျင့်သုံးမည်။

ဟင်...ငါ ယခု လူ့ပြည်က စုတေခဲ့ပြီး တာဝတိံသာနတ်ပြည်မှာ ငါဆုတောင်း၊ ဆုတောင်းနေတဲ့ မာလာဘာရီ နတ်သားထံမှာပဲ နတ်သမီးဖြစ်လာရတယ်။ (ဝမ်းသာလိုက်တာ။)

ဟဲ့...မယ်မာလီ နတ်သမီး၊ ငါတို့ ဒီပန်းဥယျာဉ်ကို ရောက်လာစ နံနက်စောစော အချိန်ကတည်းက သင့်ကို မမြင်ရပါလား၊ ဘယ်သွားနေတာလဲ။

အရှင်နတ်သား၊ ကျွန်မ နတ်ပြည်က စုတေသွားလို့ပါ။

ဟဲ့...ဘယ့်နှယ် ပြောတာတုံး။

ဟုတ်ပါတယ် အရှင်နတ်သား၊ စုတေသွားလို့ပါ။

ဒီနတ်ပြည်က စုတေပြီး ဘယ်ကို သွားဖြစ်ခဲ့သလဲ။

သာဝတ္ထိမြို့ အိမ်တစ်အိမ်က မိဘများထံ ဖြစ်ခဲ့ပါတယ်။

လူ့ပြည်မှာ ဘယ်လောက်ကြာအောင် နေခဲ့ရသလဲ။

လူ့ပြည်မှာ မိခင်ဝမ်းတွင်း ပဋိသန္ဓေနေလို့ ဆယ်လမြောက်တဲ့ အခါ မိခင်ဝမ်းတွင်းက ထွက်ပြီး ဆယ့်ခြောက်နှစ်အရွယ်မှာ အိမ်ထောင်ကျ၊ အမျိုးသားယောကျ်ားအိမ် လိုက်ပါသွား။ သားသမီး လေးယောက် ဖွားမြင်။ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဝေယျာဝစ္စကုသိုလ်၊ ဘာဝနာကုသိုလ် အမျိုးမျိုးကို ပြုတိုင်းပြုတိုင်း အရှင်နတ်သားကိုပဲ ဆုတောင်းပတ္တနာပြုပြုပြီး ကုသိုလ်ပြုခဲ့လို့ ယခု အရှင်နတ်သားထံမှာပင် နတ်သမီးဖြစ်လာရတာပါ။

နင်လူ့ပြည်မှာ ဖြစ်ခဲ့ရတာ မကြာသေးဘူးဆိုတော့ လူတွေအကြောင်းကို မေးရဦးမယ်။

မေးပါ အရှင်နတ်သား။

လူတွေ ဘယ်လောက်ကြာအောင် အသက်ရှည်ကြသလဲ။

နှစ်တစ်ရာလောက်သာ အသက်ရှည်ကြတာပါ။

ဒီလောက်ပဲလား။

မှန်ပါတယ် အရှင်နတ်သား။

နှစ်တစ်ရာမျှလောက် အသက်ရှည်တဲ့ လူတွေဟာ အိပ်ပျော်မေ့လျော့ပြီး အချိန်ကုန်နေကြတာလား။ ဒါမှမဟုတ် ဒါနမှုစတဲ့ ကောင်းမှုတွေကို ပြုလုပ် အချိန်ကုန်နေကြတာလား။

အရှင်နတ်သား ဘယ်လို မိန့်လိုက်ပါလိမ့်။ လူတွေဟာ အသက် အသချေ နေရတော့မှာလို၊ မအို မသေ နေရတော့မှာလို အမြဲတမ်း မေ့လျော့နေကြတယ်။

နှစ်တစ်ရာမျှ အသက်ရှည်နေကြတဲ့ လူတွေက မေ့မေ့လျော့လျော့ အိပ်ပျော်နေကြပါတကား။ ဘယ်အချိန်အခါမှာ ဆင်းရဲဒုက္ခက လွတ်နိုင်ကြမှာလဲ။ အင်း...ကြောက်စရာပါကလား။ ငါ့မာလာဘာရီအား သံဝေဂတရား ဖြစ်မိပါတော့တယ်။

* * *

ငါ့ရှင်တို့ ဆွမ်းခံလှည့်ပြီး ဆွမ်းစားဇရပ် ရောက်ကြပြန်ပြီ။ အလို ဆွမ်းစားဇရပ်အနီးမှာရော၊ ဇရပ်ပေါ်မှာပါ အမှိုက်သရိုက်တွေနဲ့ပါလား။ နေရာတွေလည်း ခင်းမထားသေးဘူး၊ သောက်ရေအိုးမှာလဲ ရေမရှိဘူး။ ဟော့ ဒကာတို့ ပတိပူဇိကာ ဘယ်သွားလဲ၊ သူ့ကို မမြင်ရပါဘဲလား၊ ဆွမ်းစားဇရပ်မှာ ပြုနေကျ ကုသိုလ်အမှုတွေကိုလည်း ပြုမထားသေးဘူး။

အရှင်ဘုရားတို့၊ ပတိပူဇိကာကို ဘယ်မှာ မြင်ကြရတော့မှာလဲ ဘုရား။ မနေ့က အရှင်ဘုရားတို့ ဆွမ်းဘုဉ်းပေးကြ ကြွသွားပြီးနောက် ညနေချိန်မှာ ပတိပူဇိကာဟာ ရုတ်တရက် ကွယ်လွန်သွားရှာတယ် ဘုရား။

ဟာ...ဟုတ်မှ ဟုတ်ကြရဲ့လား ဒကာတို့။

ဟုတ်ပါတယ် အရှင်ဘုရားတို့။တပည့်တော်တို့ကိုယ်တိုင် အသုဘ လိုက်ပို့ခဲ့ကြပါတယ်။

ဖြစ်မှ ဖြစ်ရလေကွယ် ပတိပူဇိကာရယ်။ တို့သံဃာတော်တွေကို ကျေးဇူးပြုပေးနေတဲ့ ဒကာမ မိလိမ္မာလေးမှ သေရတယ်လို့ ဒကာတို့ရေ ရှေ့ဆက် မပြောကြနဲ့တော့။ တို့ပုထုဇဉ်ရဟန်းတွေမှာ မျက်ရည်ကျသည်အထိ ဝမ်းနည်းကြရပါတယ်။

ဩော်...သခါရတရားဆိုတာ မြဲတယ်လို့ မရှိကြပါကလား။ မနေ့က မြင်၊ ယနေ့ပင် ကွယ်ပျောက် ကြောက်ဖွယ်ပါတကား။ အင်း...အနိစ္စ၊ အနိစ္စ။

(ရဟန္တာများအဖို့) မြတ်စွာဘုရား သာဝတ္ထိမြို့တွင်းမှာ ပတိပူဇိကာ ဥပါသိကာမလေးဟာ လုံ့လဝီရိယကြီးစွာဖြင့် ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုရှာပါတယ်။ ပြုတိုင်း ပြုတိုင်းလည်း နတ်ပြည်က သူ့သခင် လင်နတ်သားကိုပဲ မျှော်လင့်တောင့်တပြီး ပြုပါတယ်ဘုရား။

အဲဒီ ပတိပူဇိကာ ဒကာမလေး မနေ့က ကွယ်လွန်သွားပါသတဲ့ ဘုရား။ ဘယ်ဘုံဘဝ၊ ဘယ်ဌာနမှာ ဖြစ်နေပါသလဲဘုရား။

ရဟန်းတို့၊ သူ့လင်ယောကျ်ားထံမှာ ဖြစ်နေတယ်။

အဲဒီ လင်နတ်သားကို မျှော်ကိုးတောင့်တနေတာ။

မြတ်စွာဘုရား၊ သူ့လင်ယောကျ်ားထံမှာ မရှိပါဘုရား။

ရဟန်းတို့၊ သင်တို့က လူ့ပြည်က လင်ယောကျ်ားကို ပြောလိုတာပဲ။ ပတိပူဇိကာက လူ့ပြည်က လင်ယောကျ်ားကို မမျှော်မှန်း မတောင့်တဘူး။ တာဝတိံသာနတ်ပြည်မှ သူ့သခင် လင်နတ်သားက မာလာဘာရီနတ်သားပဲ။ အဲဒီနတ်သားကို အခြွေအရံ နတ်သမီး တစ်ထောင်က ပန်းတွေ ပန်ဆင်ပေးရတယ်၊ နတ်သမီး တစ်ထောင် ထဲမှ နတ်သမီးငါးရာက ပန်းဥယျာဉ်ထဲက ပန်းပင်ပေါ်တက်ပြီး ပန်းပွင့် တွေကို ခြွေချကြတယ်။ ကျန်တဲ့ နတ်သမီးငါးရာက ကောက်ယူပြီး နတ်သားကို တန်ဆာဆင်ပေးကြတယ်။ပန်းပင်ပေါ် နတ်သမီးငါးရာ

ထဲက နတ်သမီးတစ်ယောက် စုတေပြီး လူ့ပြည်မှာ ဖြစ်လာတယ်။ သူက သင်တို့ပြောနေတဲ့ ပတိပူဇိကာပါပဲ။ ယခု သူ မျှော်မှန်းတဲ့အတိုင်း သူ့သခင် မာလာဘာရီ နတ်သားထံမှာ ဖြစ်နေတယ်။

မြတ်စွာဘုရား အမိန့်တော်ရှိတော်မူတဲ့အတိုင်း တကယ်ဖြစ်ပါသလားဘုရား။

ရဟန်းတို့၊ ငါဘုရား အမိန့်ရှိတဲ့အတိုင်း တကယ်ဖြစ်တာပါ။

မြတ်စွာဘုရား၊ အံ့ဩထိုက်ပါပေစွ။ သတ္တဝါတို့ရဲ့ အသက်ဟာ (အသက်ရှင်ရာကာလဟာ) နည်းလှ၊ တိုလှပါတယ်ဘုရား။ နံနက်ပိုင်းက တပည့်တော်များကို ဝေယျာဝစ္စလုပ်ကိုင် ပြုစုလိုက်ပြီး ညနေချိန်မှာ ရုတ်တရက် ဖြစ်လာသည့်ရောဂါကြောင့် ပတိပူဇိကာဟာ ကွယ်လွန်ရှာတာပါဘုရား။

မှန်ပေသည် ချစ်သားရဟန်းတို့၊ သတ္တဝါတို့ကို ကိလေသာကာမဝတ္ထုကာမတို့ဖြင့် မတင်းတိမ်၊ မရောင့်ရဲနိုင်မီမှာပင် သေမင်းက သူ့အလိုနောက်လိုက်စေပြီး ချစ်ခင်သူတွေ ငိုကြွေးမြည်တမ်းနေစဉ်မှာပဲ ခေါ်ဆောင်သွားတော့တာပါပဲ။

**ပုပ္ဖာနိ ဟေဝ ပစိနန္တံ၊ ဗျာသတ္တမာနသံ နရံ။**
**အတိတ္တံယေဝ ကာမေသု၊ အန္တကော ကုရုတေ ဝသံ။**

ပုပ္ဖာရာမေ–ပန်းမျိုးစုံစိုက်ကွင်း ပန်းဥယျာဉ်ခြံအတွင်း၌၊ မာလာကာရော–ပန်းခြံပိုင်သူ ပန်းရောင်းသူသည်၊ ပုပ္ဖာနိ–ဖြူပြာနီဝါ ရောင်ဖြာထွေဆန်း အမျိုးမျိုးသောပန်းတို့ကို၊ ပစိနန္တော ဣဝ–လိုရာ လိုရာ ဖွေရှာဆုတ်ခြွေ စုပုံလေသကဲ့သို့၊ ပုပ္ဖာနိ–မိမိကိုယ်အတွက် အသုံးအဆောင်အတွက် အဖက်ဖက်မှ အချက်ချက်အဖုံဖုံ အာရုံ ထွေဆန်းကာမဂုဏ်တည်းဟူသော ပန်းတို့ကို၊ ပစိနန္တံ–ရရှိထားသမျှ နှင့်အားမရနိုင် အပြိုင်ပြိုင်ရှာဖွေ အထွေထွေ စုဆောင်း၍နေသော၊

ဗျာသတ္တမာနသံ နရံ–မရသေးတာတွေကို တောင့်တ၊ ရပြီးတာ တွေကို ကြောင့်ကြလျက် တပ်မက်စွဲလမ်းခြင်းဖြင့် အမြဲတမ်း ကပ်ငြိ စိတ်ရှိနေသူကို။ ကာမေသု–ကိလေသကာမ ဝတ္ထုကာမ တပ်မက် တတ်၊ တပ်မက်အပ် နှစ်ရပ်သော ကာမတို့၌၊ အတိတ္တံယေဝ–ရှာဖွေမှု၊ ရရှိမှု၊ သုံးစွဲမှု၊ ထိန်းသိမ်းမှု ကိန်းအစုတို့ဖြင့် အေးငြိမ်းမှု မရှိ မလုံပြီ မပြည့်စုံမီကပင်လျှင်၊ အန္တကော–ရှိသမျှတွေနှင့် ကွေကွင်း သေခြင်းဆိုတဲ့ မရဏမင်းသည်၊ ဝသံကုရုတေ–သူ့အလိုပိုင်စံခေါ် နိုင်ငံတော်သို့ မပျော်ပျော်အောင် ထားပေမည်ဟု ခေါ်ဆောင်သွားလေတော့သတည်း။

ဤတရားဒေသနာတော်အဆုံး၌ များစွာသော ပုဂ္ဂိုလ်တို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။ ဤတရားဒေသနာတော်သည် လူများစွာတို့၏ အကျိုးရှိသော တရားဒေသနာတော်ဖြစ်လေပြီ။

**မှတ်ချက်။** ။လူတို့၏ နှစ်ပေါင်းတစ်ရာသည် တာဝတိံသာနတ်တို့၏ တစ်ခုသော ညဥ့်နေ့(တစ်ရက်)ဖြစ်၏။ ထိုညဥ့်ဖြင့် ညဥ့်ပေါင်းသုံးဆယ်သည် တစ်လဖြစ်၏။ ထိုလဖြင့် လပေါင်း တစ်ဆယ့်နှစ်လသည် တစ်နှစ်ဖြစ်၏။ ထိုနှစ်ဖြင့် နှစ်တစ်ထောင်သည် တာဝတိံသာနတ်တို့၏ သက်တမ်းဖြစ်၏။ တာဝတိံသာနတ်တို့၏ နှစ် တစ်ထောင် သက်တမ်းသည် လူတို့၏ နှစ်အရေအတွက်အားဖြင့် နှစ်ပေါင်း သုံးကုဋေ ခြောက်သန်း ဖြစ်၏။ ထို့ကြောင့် ထိုနတ်သမီး၏ လူ့ပြည်၌ ဖြစ်ခဲ့ရာ နှစ်ဆယ့်သုံးနှစ်အချိန်သည် ထိုမာလာဘာရီ နတ်သား၏ တစ်ရက် မလွန်သေးရာ အချိန်ဖြစ်၍ တစ်မဟုတ်နှင့် တူသော အချိန်ဖြစ်၏။

ဤသို့ အသက်တိုသော လူတို့၏ မေ့လျော့မှု မည်သည် အလွန် မသင့်တော်လေစွ။ (အဋ္ဌကထာ)

ဆိုလိုသည်မှာ တာဝတိံသာနတ်ပြည်၌ နံနက်ခင်းအချိန် မွန်းမတည့်မီ ပန်းခူးနေစဉ် စုတေခဲ့၍ လူ့ပြည်၌ လူဖြစ်၊ ဆယ့်ခြောက် နှစ်ရွယ် အိမ်ထောင်ပြု၊ ဆယ့်ခုနစ်နှစ်တွင် ကလေး တစ်ယောက်၊ ဆယ့်ကိုးနှစ်တွင် ကလေးတစ်ယောက်၊ နှစ်ဆယ့်တစ်နှစ်တွင် ကလေးတစ်ယောက်၊ နှစ်ဆယ့်သုံးနှစ်တွင် ကလေးတစ်ယောက်အားဖြင့် ကလေး လေးယောက်ရပြီးနောက် ကွယ်လွန်သည်ဆိုသော ပတိပူဇိကာသည် လူ့ပြည်၌ အလွန်ဆုံး နှစ်ဆယ့်သုံးနှစ်မျှ အချိန်ကြာနေသွားသည်ဖြစ်၍ တာဝတိံသာနတ်ပြည်၌ နံနက်ခင်းအချိန် မွန်းတည့်အတွင်း တာဝတိံသာနတ်ပြည်သို့ ပြန်ရောက်သွားသည်။ (အဓိပ္ပာယ်)

**သာပိ တေန နိယာမေန အာဂန္တွာ ဂန္တွာ ကေပဒဝါရေ ဆပညာသကုသလဓမ္မေ ပဋိလဘတိ။**

ပတိပူဇိကာ အမျိုးသမီးသည် ဝေယျာဝစ္စပြုမည်ဟူသော စွဲမြဲသော စိတ်ဖြင့် သူနေထိုင်ရာ အရပ်တွင်းရှိ ဆွမ်းစားဇရပ်သို့ သွားစဉ်၊ ပြန်စဉ် ခြေတစ်လှမ်း တစ်လှမ်း၌ ငါးဆယ့်ခြောက်ပါးသော ကုသိုလ်တရားတို့ကို ရလေ၏ဟု ဓမ္မပဒအဋ္ဌကထာ၌ ဆိုထားရာ ငါးဆယ့်ခြောက်ပါးကို သရုပ်ထုတ်ပြပါဦးမည်။

ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ္တ (ဖဿ ပဉ္စမကရာသိ)
ဝိတက္က၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ (ဈာနင်္ဂရာသိ)

သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ၊ မနိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဇီဝိတိန္ဒြေ (ဣန္ဒြိယရာသိ)

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ (မဂ္ဂရာသိ)

သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊
ပညာဗိုလ်၊ ဟိရီဗိုလ်၊ ဩတ္တပ္ပဗိုလ် (ဗလရာသိ)
အလောဘ၊ အဒေါသ၊ အမောဟ (မူလရာသိ)
အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိ (ကမ္မပထရာသိ)
ဟိရီ ဩတ္တပ္ပ (လောကပါလဒုက)
ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ
ကာယလဟုတာ၊ စိတ္တလဟုတာ
ကာယမုဒုတာ၊ စိတ္တမုဒုတာ
ကာယကမ္မညတာ၊ စိတ္တကမ္မညတာ
ကာယပါဂုညတာ၊ စိတ္တပါဂုညတာ
ကာယုဇုကတာ၊ စိတ္တုဇုကတာ
သတိ သမ္ပဇည
သမထ ဝိပဿနာ
ပဂ္ဂဟ အဝိက္ခေပ (ပဿဒ္ဓါဒိယုဂဠ)

ဤသို့ ကုသိုလ်တရား ငါးဆယ့်ခြောက်ပါးဖြစ်သည်။ ထို့ပြင် ယေဝါပန တသ္မိံ သမယေ အညေပိ အတ္ထိ ပဋိစ္စသမုပ္ပန္နာ အရူပိနော ဓမ္မာ ကုသလာ ဓမ္မာ ကုသလာ။

ယခင် ငါးဆယ့်ခြောက်ပါးအပြင် နာမ်ကုသိုလ်တရား ရှိသေးသည်ဟူသော ပါဠိတော်အရ အဋ္ဌကထာက ထိုထိုသုတ်ပုဒ်တို့၌ လာသော–

ဆန္ဒ အဓိမောက္ခ မနသိကာရ တတြမဇ္ဈတ္တတာ

ကရုဏာ မုဒိတာ ကာယဒုစ္စရိတ ဝိရတိ ဝစီဒုစ္စရိတ ဝိရတိ၊ မိစ္ဆာဇီဝ ဝိရတိဟု တရားကိုးပါးကို ထုတ်ပြထားသည်။

ထိုကိုးပါးတို့တွင် ဆန္ဒ အဓိမောက္ခ မနသိကာရ တတြမဇ္ဈတ္တတာ

ဤတရားလေးပါးတို့သည် တစ်ပြိုင်နက် ဖြစ်နိုင်၊ ရနိုင်သည်။ ကျန်တရားတို့ကား ခဏအသီးသီး၌ ဖြစ်ကြသည်။

စွန့်လွှတ်လှူဒါန်းသူ၊ သီလရှိသူ၊ တရားအားထုတ်သူ၊ အသီးသီး တို့၌ ဖော်ပြခဲ့သော ဆန္ဒ၊ အဓိမောက္ခ၊ မနသိကာရ တတြမဇ္ဈတ္တတာ ဤတရားလေးပါးကို သေချာပေါက် ရအပ်သောကြောင့် ဤတရား တို့ကို အပဏ္ဏကဂဟု ခေါ်ဆိုအပ်ကုန်၏။

ပါဠိတော်၌ တိုက်ရိုက်ဟောထားသော ကုသိုလ်တရား ငါးဆယ့် ခြောက်ပါးတို့သည် အဂ္ဂဟိတဂ္ဂဟဏ (ယူပြီးသည်ကို မယူသော) နည်းဖြင့် ရေတွက်လျှင် ဖဿပဉ္စမက ဝိတက္က ဝိစာရ ပီတိ၊ ဧကဂ္ဂတာ။ ဣန္ဒြေငါးပါး၊ ဟိရီဗိုလ်၊ ဩတ္တပ္ပဗိုလ်၊ အလောဘ၊ အဒေါသ၊ ကာယ ပဿဒ္ဓိ၊စိတ္တပဿဒ္ဓိ စသော တစ်ဆယ့်နှစ်ပါးအားဖြင့် ကုသိုလ်တရား သုံးဆယ် အတိအကျဖြစ်သည်။ (အဋ္ဌကထာ)

**ပတိပူဇိကာကုမာရီဝတ္ထု ပြီး၏။**

# ဝိသာခါဝတ္ထု

ဝိသာခါ အမျိုးသမီးသည် အင်္ဂတိုင်း၊ ဘဒ္ဒိယမြို့၊ မေဏ္ဍကသူဌေး၏သား ဓနဥ္စယသူဌေး၏ အဂ္ဂမဟေသီဖြစ်သော သုမနာဒေဝီ၏ သမီး ဖြစ်သည်။

ဝိသာခါ ခုနစ်နှစ်သမီးအရွယ်က မြတ်စွာဘုရားသည် သေလ ပုဏ္ဏားအစရှိကုန်သော ကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့၏ ဥပနိဿယ အားကောင်းသော အကြောင်း၏ ပြည့်စုံမှုကို မြင်တော်မူ၍ များစွာသော ရဟန်းခြံရံလျက် ဒေသစာရီ လှည့်လည်လတ်သော် ဘဒ္ဒိယမြို့သို့ ရောက်တော်မူသည်။

ထိုအချိန်အခါက မေဏ္ဍကသူကြွယ်သည် ဘဒ္ဒိယမြို့၌ မဟာပုညရှင် (ဘုန်းကြီးသူ) ငါးဦးတို့၏ အကြီးအကဲဖြစ်၍ သူဌေးပြုလုပ် နေ၏။

မဟာပုညရှင် ဘုန်းကြီးသူ ငါးဦးတို့ကား–

၁။ မေဏ္ဍကသူဌေး

၂။ ၎င်း၏ ဇနီးကြီး စန္ဒပဒုမာ

၃။ ၎င်း၏ သားကြီး ဓနဥ္စယ

၄။ ၎င်း၏ ဇနီး သုမနာဒေဝီ

၅။ မေဏ္ဍက သူဌေး၏ ကျွန်ပုဏ္ဏတို့ ဖြစ်ကုန်၏။

ဗိမ္ဗိသာရမင်း၏ နိုင်ငံ၌ အမိတဘောဂ မရေတွက်နိုင်သော စည်းစိမ် ဥစ္စာပေါများသည့် သူဌေးငါးဦးရှိ၏။

၁။ ဇောတိကသူဌေး

၂။ ဇဋိလသူဌေး

၃။ မေဏ္ဍကသူဌေး

၄။ ပုဏ္ဏကသူဌေး

၅။ ကာကဝလိယသူဌေး

မေဏ္ဍကသူဌေးသည် မြတ်စွာဘုရား မိမိနေထိုင်ရာ ဘဒ္ဒိယမြို့သို့ ကြွရောက်လာမည်ကို သိရ၍ ခုနစ်နှစ်အရွယ် မြေးသူငယ်မ ဝိသာခါကို ခေါ်၍ ပြော၏။

မြေးချစ် ဝိသာခါ၊ ငါ့မြေးမှာလည်း မင်္ဂလာဖြစ်မည်။ ငါတို့မှာ လည်း မင်္ဂလာဖြစ်မည်။ ငါ့မြေးရဲ့ အခြံအရံ သူငယ်မ ငါးရာတို့နှင့် အတူ ရထားငါးရာတို့ကို စီး၍ ကျွန်မငါးရာတို့ ခြံရံပြီး မြတ်စွာဘုရား အား ခရီးဦးကြို ပြုပေးပါကွယ်။

ကောင်းပါပြီ အဘိုး။

ဝိသာခါ သူငယ်မသည် အကြောင်းဟုတ်ရာ မဟုတ်ရာတို့၌ နားလည်သူဖြစ်၍ ယာဉ်ဖြင့် သွားသင့်ရာ နေရာသို့အရောက် ယာဉ် ဖြင့်သွား၍ ယာဉ်မှဆင်းပြီး ခြေလျင်သွားကာ မြတ်စွာဘုရားထံတော် သို့ ချဉ်းကပ်ရှိခိုးပြီး သင့်လျော်ရာနေရာ၌ ထိုင်နေလေ၏။

မြတ်စွာဘုရားသည် ဝိသာခါအား ရှေးဆုတောင်းအကျင့်နှင့် လျော်ညီသော တရားကို ဟောတော်မူ၏။

ဝိသာခါသည် တရားဒေသနာတော်အဆုံး၌ သတို့သမီးငယ် ငါးရာတို့နှင့်အတူ သောတာပတ္တိဖိုလ်၌ တည်လေ၏။

မေဏ္ဍကသူဌေးသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ တရားနာ ယူပြီး သောတာပတ္တိဖိုလ်၌တည်ကာ နက်ဖြန်နံနက် ဆွမ်းဘုဉ်းပေးရန်

ပင့်လျှောက်ခဲ့၍ နောက်နေ့၌ မိမိနေအိမ်တွင် မွန်မြတ်သော ခဲဖွယ် ဘောဇဉ်တို့ကို ဘုရားအမှူးရှိသော သံဃာတော်အား လှူဒါန်းပြုစု၏။ ဤနည်းဖြင့် (၁၅) ရက် မဟာဒါနကို ပေးလှူ၏။

မြတ်စွာဘုရားသည် ဘဒ္ဒိယမြို့၌ မွေ့လျော်သင့်သလောက် နေတော်မူပြီး ခရီးဆက်လက် ကြွတော်မူ၏။

ဗိမ္ဗိသာရမင်းနှင့် ပသေနဒီကောသလမင်းတို့သည် အချင်းချင်း မောင်လယ် နှမလယ် သမီးယောက်ဖ တော်စပ်သူများဖြစ်ကြ၏။

တစ်နေ့သ၌ ကောသလမင်းသည် ဤသို့ အကြံဖြစ်၏။

ဗိမ္ဗိသာရမင်း၏နိုင်ငံ၌ အမိတဘောဂ မရေတွက်နိုင်သော စည်းစိမ် ဥစ္စာနှင့် ပြည့်စုံသည့် မဟာပုည(ဘုန်းကြီးသူ) ငါးဦးတို့နေကြသည်။

ငါ့နိုင်ငံ၌ သူတို့နှင့်တူသူ တစ်ယောက်မျှမရှိ၊ ငါသည် ဗိမ္ဗိသာရ မင်းထံသွား၍ မဟာပုညတစ်ဦးကို တောင်းယူရလျှင် ကောင်းမှာပဲ။

ကောသလမင်းသည် ဗိမ္ဗိသာရမင်းထံ သွားရောက်၍ နှုတ်ဆက် စကား ပြောဆို၏။ ထို့နောက် ဗိမ္ဗိသာရမင်းက မေးလေ၏။

အဘယ်အကြောင်းကြောင့် လာပါသနည်း။

သင်တို့နိုင်ငံ၌ အမိတဘောဂ မဟာပုည ငါးဦးတို့နေကြသည်။ ငါးဦးထဲက တစ်ဦးကို ကျွန်ုပ်အား ပေးပါ။

မဟာကုလ အမျိုးကြီးတို့ကို နေရာမှ ရွှေ့စေဖို့ ကျွန်ုပ်တို့ မတတ် နိုင်ပါ။

ကျွန်ုပ်ကတော့ တစ်ဦးမျှမရလျှင် ကျွန်ုပ်နိုင်ငံ မပြန်တော့ပါ။

ဗိမ္ဗသာရမင်းသည် အမတ်ကြီးတို့နှင့် တိုင်ပင်၍ ဇောတိက အစရှိကုန်သော မဟာကုလတို့၏ ရွှေ့ပြောင်းလှုပ်ရှားခြင်းမည်သည် မဟာပထဝီမြေ တုန်လှုပ်သည်နှင့် တူ၏။ မေဏ္ဍက သူဌေး၏သား ဓနဉ္စယသူဌေးသားနှင့် တိုင်ပင်ပြီး စကားပြန်ပါမည်ဟု ပြောဆို၍

ဗိမ္ဗိသာရမင်းသည် ဓနဥ္စယသူဌေးသားကို ခေါ်စေ၍ ဤသို့ ပြောဆိုလေ၏။

မောင်ဓနဥ္စယ၊ ကောသလမင်းသည် သူဌေးတစ်ဦးကို ယူဆောင်၍ သူ့တိုင်းပြည်ပြန်မည်ဟု ပြောနေသည်။ သင်သည် ကောသလမင်းနှင့်အတူ လိုက်သွားပါ။

အရှင်မင်းကြီး၊ အရှင်မင်းကြီးတို့က စေလွှတ်လျှင် လိုက်သွားပါမည်။

ဤသို့ဖြစ်လျှင် အစီအစဉ်ပြုလုပ်ပြီး လိုက်သွားပါလေ မောင်ဓနဥ္စယ၊ ဓနဥ္စယသူဌေးသည် လိုက်သွားဖို့ရန် ပြုသင့်သည်ကို ပြုလေ၏။ ဗိမ္ဗိသာရမင်းကလည်း ဓနဥ္စယသူဌေးအား များစွာသော ချီးမြှောက်မှုကိုပြု၍ ဤဓနဥ္စယသူဌေးကို ယူဆောင်၍ ပြန်ပါလေဟု ကောသလမင်းကို တိုက်တွန်းလေ၏။ ကောသလမင်းသည် ဓနဥ္စယသူဌေးကို ယူခဲ့၍ လမ်းခရီး ရပ်နားရမည့် နေရာတိုင်း၌ တစ်နေရာတွင် တစ်ညတာ ရပ်နား အိပ်နေခြင်းဖြင့် သာဝတ္ထိမြို့သို့ ပြန်လာခဲ့ရာ အေးချမ်းသာယာ နေချင်စရာကောင်းသည့် အရပ်တစ်ခုသို့ ရောက်လျှင် ခေတ္တစခန်းချ နေထိုင်လေ၏။

အရှင်မင်းကြီး၊ ဤအရပ်သည် အဘယ်သူ၏ နိုင်ငံတွင်း အရပ်ဌာနဖြစ်ပါသနည်း။

သူဌေး၊ ငါ (ကောသလမင်း)၏ နိုင်ငံတွင်း ဖြစ်သည်။

ဒီအရပ်မှ သာဝတ္ထိမြို့သည် ဘယ်လောက် ဝေးပါသနည်း။

ခုနစ်ယူဇနာ ဝေးတယ်။

အရှင်မင်းကြီး၊ သာဝတ္ထိမြို့သည် ကျဉ်းမြောင်းလှပါ၏။ ကျွန်ုပ်တို့၏ ပရိသတ်က များလှပါသည်။ အရှင်မင်းကြီး နှစ်သက်မည်ဆိုလျှင် ဒီနေရာမှာပဲ နေကြပါမည်။

ကောင်းပြီ၊ ကျေနပ်နှစ်သက်သည်၊ သင်သူဌေး သဘောကျ အတိုင်း နေပါ။

ဓနဥ္စယသူဌေး၏ ထိုအရပ်၌ နေထိုင်စရာ နေရာကို ကိုယ်တိုင် ရွေးချယ် ယူအပ်သောကြောင့် မြို့အမည်သည် သာကေတမြို့ ဖြစ်လေ၏။

*　　　*　　　*

သာဝတ္ထိမြို့၌ မိဂါရသူဌေး၏ ပုဏ္ဏဝဍ္ဍနမည်သော အရွယ်ရောက် ပြီး သားတစ်ယောက်ရှိ၏။

ချစ်သား၊ သင်နှစ်သက်ရာ နေရာဒေသ၌ အမျိုးသမီးတစ်ယောက် ကို စုံစမ်းရှာဖွေပါ။

မိခင် ဖခင်တို့၊ ကျွန်တော့်အား အိမ်ထောင်ဖက် ဇနီးမယားဖြင့် ပြုဖွယ်ကိစ္စ မရှိပါ။

ချစ်သား ဒီလိုမလုပ်နဲ့။

သားသမီးမရှိတဲ့ အမျိုးဟာ ကြာရှည်မတည်နိုင်ဘူး။

ငါ့မိခင် ဖခင်တို့က အိမ်ထောင်ပြုဖို့ အမြဲတိုက်တွန်းနေမှတော့ မဖြစ်နိုင်လောက်တဲ့ စကားကို ပြောမှပဲ။

မိခင် ဖခင်တို့၊ ကျွန်တော့်ကို အိမ်ထောင်ပြုဖို့ အမြဲတိုက်တွန်း နေမှတော့ ကျွန်တော် အိမ်ထောင်ပြုပါတော့မည်။ သို့သော်လည်း ကောင်းခြင်းငါးဖြာ လက္ခဏာနှင့် ပြည့်စုံတဲ့ အမျိုးသမီးကို ရမှသာ အိမ်ထောင်ပြုနိုင်ပါမည်။

ကောင်းခြင်းငါးဖြာ လက္ခဏာ-

၁။ ကေသကလျာဏ-ဆံပင်၏ ကောင်းခြင်း၊

၂။ မံသကလျာဏ-အသား၏ ကောင်းခြင်း၊

၃။ အဋ္ဌိကလျာဏ-အရိုး၏ ကောင်းခြင်း၊

၄။ ဆဝိကလျာဏ–အရေ၏ ကောင်းခြင်း၊
၅။ ဝယကလျာဏ–အရွယ်၏ ကောင်းခြင်း၊

၁။ ကြီးမားသော ဘုန်းကံရှိသော ကောင်းမှုရှင် အမျိုးသမီး၏ ဆံပင်တို့သည် ဥဒေါင်းမြီး အစည်းနှင့်တူ၍ ဖြည်ချလိုက်သောအခါ တစ်စုံတစ်ခုနှင့် ငြိတွယ်ခြင်းမရှိ။ နောက်ကျောမှ အောက်ခါးဝတ် လုံချည်အဆုံး ခြေဖနောင့်ကိုထိ၍ အပေါ်သို့ အဖျားကော့တက် နေကုန်၏။

ဤကား ဆံပင်၏ ကောင်းခြင်း။

၂။ နှုတ်ခမ်းနှစ်ဖက်သည် ကျီးအာသီးမှည့် အဆင်းနှင့်တူသော အဆင်းရှိ၏။ အညီအမျှ ကောင်းစွာ ထိလျက်ရှိ၏။

ဤကား အသား၏ ကောင်းခြင်း။

၃။ သွားတို့သည် ဖြူစင်၍ ညီညီညာညာရှိ၏။ ကျဲခြင်း၊ ခေါ်ခြင်း မရှိ။ စိန်ချောင်းငယ်တို့ကို စီထားသကဲ့သို့ အညီအမျှ ဖြတ်၍ထားသော ခရုသင်းအတန်းကဲ့သို့ တင့်တယ်ကုန်၏။

ဤကား အရိုး၏ ကောင်းခြင်း။

၄။ အသားညိုသော အမျိုးသမီး၏ ကိုယ်ရေအဆင်းသည် သနပ်ခါးမှုန့် ပေါင်ဒါတို့ဖြင့် မလိမ်းခြယ်ရဘဲ နူးညံ့ချောမွေ့၍ ကြာညိုပန်းဆိုင်းနှင့် တူ၏။ အသားဖြူသော အမျိုးသမီး၏ ကိုယ်ရေအဆင်းသည် သနပ်ခါး ပေါင်ဒါတို့ဖြင့် မလိမ်းမခြယ်ရဘဲ နူးညံ့ချောမွေ့၍ မဟာလှေကား ပန်းဆိုင်းနှင့်တူ၏။

ဤကား အရေ၏ ကောင်းခြင်း။

၅။ ဆယ်ကြိမ် ကလေးမျက်နှာမြင်ပြီးဖြစ်သော်လည်း တစ်ကြိမ် ကလေးမျက်နှာမြင်ပြီး အမျိုးသမီးကဲ့သို့ အသားအရေ အရွယ်ကျဆင်းခြင်း မရှိ။ အရွယ်ကောင်းလျက်သာ ဖြစ်၏။

ဤကား အရွယ်၏ ကောင်းခြင်း။

ငါ့သား သူအလိုရှိတဲ့ အမျိုးသမီးရဲ့ ကောင်းခြင်းငါးဖြာ လက္ခဏာကို ပြောပြနေတယ်။ သူပြောတဲ့ ကောင်းခြင်းငါးဖြာ လက္ခဏာနဲ့ ပြည့်စုံတဲ့ အမျိုးသမီး ရှိ မရှိ။ လက္ခဏာ တတ်ကျွမ်းနားလည်တဲ့ ပုဏ္ဏား တစ်ရာ့ရှစ်ယောက်တို့ကို ဖိတ်ကြားကျွေးမွေးပြီး မေးဦးမှပဲ။

အို...ပညာရှိ ပုဏ္ဏားတော်တို့၊ ကောင်းခြင်းငါးဖြာ လက္ခဏာနဲ့ ပြည့်စုံတဲ့ အမျိုးသမီးဆိုတာ ရှိပါရဲ့လား။

သူဌေးကတော် ရှိပါတယ်။

ဒါဖြင့်လျှင် သင်တို့ ပုဏ္ဏားတစ်ရာ့ရှစ်ယောက်ထဲမှ သင်တို့အချင်းချင်း ကြိုက်ရာ ပုဏ္ဏားရှစ်ယောက်တို့ကို ရွေးချယ်ကြပါ။

ကောင်းပါပြီ၊ ဟောဒီ...ဟောဒီ ပုဏ္ဏားများကို ရွေးချယ်ပြီးပါပြီ။

အို...ပုဏ္ဏားတို့၊ သင်တို့အား ဤအသပြာငွေတို့ကို ပေးပါသည်။ ကောင်းခြင်းငါးဖြာ လက္ခဏာနှင့် ပြည့်စုံတဲ့ အမျိုးသမီးကို သွားရောက်ရှာဖွေ စုံစမ်းကြပါ။ တွေ့ရှိ၍ ပြန်လာသောအခါ အသင်ပုဏ္ဏားတို့အဖို့ ပြုသင့်ပြုထိုက်တာကို ပြုပါဦးမည်။ သွားရောက် ရှာဖွေစုံစမ်းလို့ ကောင်းခြင်းငါးဖြာ လက္ခဏာနဲ့ ပြည့်စုံတဲ့ အမျိုးသမီးကို မြင်တွေ့တဲ့အခါ တန်ဖိုးတစ်သိန်းထိုက်တန်တဲ့ ဒီရွှေပန်းကုံးကို ပန်ဆင်ပေးလိုက်ကြပါ။

* * *

မိတ်ဆွေတို့ ငါတို့တစ်တွေ မြို့ကြီးတွေကို သွားရောက် လှည့်ပတ်ရှာဖွေခဲ့ကြတာ ကောင်းခြင်းငါးဖြာ လက္ခဏာနဲ့ ပြည့်စုံတဲ့ အမျိုးသမီးမျိုးကို မမြင်မတွေ့ခဲ့ကြဘူး။ ယခု သာကေတမြို့ကို ရောက်လာကြ

ပြီ။ ဝိဝဋ္ဋနက္ခတ်ပွဲနေ့နဲ့ ကြုံကြတော့ ငါတို့ရဲ့ ကိစ္စ အောင်မြင်ပြီးစီး လိမ့်မယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီသာဝတ္ထိမြို့မှာ နှစ်စဉ်နှစ်တိုင်း ဝိဝဋ္ဋနက္ခတ်ပွဲ ကျင်းပကြတယ်။ ဒီပွဲမှာ အိမ်ပြင်ဘက်မထွက်တဲ့ အမျိုးသမီးတို့လည်း အခြံအရံနှင့်အတူ အိမ်မှထွက်ပြီး ရထား စသည်ဖြင့် ဖုံးကွယ်ခြင်းမရှိ၊ တင့်တယ်သော ကိုယ်ဖြင့် မြစ်ကမ်းကို ခြေလျင် သွားကြတယ်။ အဲဒီ နက္ခတ်ပွဲနေ့မှာ ခတ္တိယ မဟာသာလ မင်းမျိုး သူဌေးသား ဗြာဟ္မဏမဟာသာလ ပုဏ္ဏားမျိုး သူဌေးသား၊ ဂဟပတိ မဟာသာလ ရိုးရိုးသူဌေးသားတို့လည်း မိမိနှင့် အမျိုးအနွယ် ဇာတ်တူတဲ့ နှစ်လိုဖွယ်သတို့သမီးပျိုကို မြင်လျှင် ပန်းကုံးစွပ်ဖို့ မြစ်ကမ်းသို့ သွားရာ လမ်းခရီးမှာ စောင့်နေကြတယ်။ ငါတို့လည်း ဒီမြစ်ကမ်း အနီးက ဇရပ်ပေါ်မှာ ကောင်းခြင်းငါးဖြာလက္ခဏာနဲ့ ပြည့်စုံတဲ့ အမျိုးသမီး ပါ မပါ စောင့်မျှော်ကြည့်ရှုရင်း နေကြစို့။

ထိုခဏ၌ တစ်ဆယ့်ခြောက်နှစ်အရွယ် အပျိုငယ် ဝိသာခါသည် အဆင်တန်ဆာဆင်မြန်းဖွယ်ရာ ဆင်မြန်းလျက် အမျိုးသမီးငါးရာ ခြံရံကာ မြစ်သို့ သွားရောက်ရေချိုးရန် ပုဏ္ဏားတို့ စောင့်ဆိုင်းနေရာ ဇရပ်အနီးသို့ ရောက်ရှိလာသည်။ ထိုသို့ ရောက်ရှိ လာခိုက် မိုးတက် လာပြီး ရွာချလေ၏။ အမျိုးသမီးငါးရာတို့သည် လျင်မြန်စွာ ပြေးကြ၍ ဇရပ်အတွင်းသို့ ဝင်ကြလေ၏။ ပုဏ္ဏားတို့သည် ထိုအမျိုးသမီးငယ် တို့တွင် တစ်ဦးတစ်လေမျှ ကောင်းခြင်းငါးဖြာ လက္ခဏာနှင့် ပြည့်စုံ သူကို မမြင်ကြလေကုန်။

ဝိသာခါမှာမူ ပကတိ သွားမြဲတိုင်း သွားခြင်းဖြင့်သာ ဇရပ်အတွင်းသို့ ဝင်လာလေ၏။ သူ၏ အဝတ်တန်ဆာတို့သည် မိုးရွဲကုန်၏။ ပုဏ္ဏား တို့သည် ဝိသာခါ၏ ကေသကလျာဏ၊ မံသကလျာဏ၊ ဆဝိ ကလျာဏ၊ ဝယကလျာဏအားဖြင့် ကောင်းခြင်းလေးဖြာလက္ခဏာကို မြင်ကြပြီးသော် အဋ္ဌိကလျာဏ ရှိ မရှိကို မြင်သိလိုကြ၍–

ငါတို့ရဲ့ သမီးလေးက သွက်လက်ချက်ချာမှုမရှိ၊ ပျင်းရိတဲ့သဘော ရှိရှာတယ်။ ဒီမိန်းကလေးရဲ့ ပိုင်ရှင်ယောက်ျားကတော့ ပအုန်းရည်မျှ ပစ္စည်းကိုပင် ရမည်မထင်ဟု အချင်းချင်း ပြောဆိုနေကြ၏။

ထိုအခါ ဝိသာခါက ပုဏ္ဏားတို့ကို ပြောဆို၏။

ဦးတို့က မည်သူ့ကို ပြောနေကြတာလဲ။

ချစ်သမီး၊ သင့်ကို ပြောနေကြတာ။

ဝိသာခါ၏ မေးမြန်းလိုက်သောအသံသည် ကြေးခွက်ကို ခေါက်၍ ထွက်လာသော သာယာသော ကြေးဟီးသံကဲ့သို့ ထွက်ပေါ်လာ၏။

နောက်ထပ်တစ်ဖန် ဝိသာခါက သာယာသောအသံဖြင့် ဦးတို့က ကျွန်မကို ဘယ်အကြောင်းနဲ့ ပြောနေကြတာပါလဲ။

ချစ်သမီး၊ သင့်ရဲ့အခြံအရံ မိန်းကလေးတွေက အဝတ်တန်ဆာ တွေကို မိုးမစွတ်ရအောင် မြန်မြန်လာကြပြီး ဒီဇရပ်ထဲကို ဝင်ကြ တယ်။ ချစ်သမီးကတော့ ဒီမျှလောက် အရပ်ဌာနကို မြန်မြန်မလာဘဲ အဝတ်တန်ဆာတွေကို မိုးစွတ်အောင် လုပ်လာခဲ့တယ်၊ ဒါကြောင့် ပြောနေကြတာ။

ဦးဦးတို့၊ ဒီလိုမပြောကြပါနဲ့။ ကျွန်မက ဒီမိန်းကလေးတွေထက် အလွန် အားကောင်းသူပါ။ သင့်တော်တဲ့အကြောင်းကို အမှတ်ပြုပြီး လျင်မြန်စွာ မလာတာပါ။

အို...ချစ်သမီး၊ သမီးပြောတဲ့ သင့်တော်တဲ့အကြောင်းဆိုတာ ဘာလဲ။

ဦးဦးတို့၊ ပုဂ္ဂိုလ်လေးယောက်တို့ဟာ လျင်လျင်မြန်မြန်သွားလို့ မတင့်တယ်ကြဘူး။ ဒါပြင် အကြောင်းလည်း ရှိပါသေးတယ်။

ချစ်သမီး လျင်လျင်မြန်မြန်သွားလို့ မတင့်တယ်တဲ့ ပုဂ္ဂိုလ်လေးဦးက ဘယ်သူတွေလဲ။

ဦးဦးတို့ (၁) အဘိသိက်သွန်းခံပြီးတဲ့ မင်းဟာ အဝတ်တန်ဆာ အပြည့်အစုံ တန်ဆာဆင်လျက် အောက်ပိုးကိုက်ပြီး (ခါးတောင်းကိုက်ပြီး) မင်းရင်ပြင်မှာ လျင်မြန်စွာသွားခဲ့သော် မတင့်တယ်ပါ။ ဒီမင်းသည် အိမ်ရှင် ယောကျ်ားကဲ့သို့ ဘာ့ကြောင့်ပြေးရတာလဲလို့ စင်စစ် ကဲ့ရဲ့ခံရပါမည်။ ဖြေးဖြေးသွားမှသာ တင့်တယ်ပါတယ်။

(၂) မင်း၏ မင်္ဂလာဆင်ဟာလည်း တန်ဆာဆင်လျက် လျင်မြန်စွာ သွားလို့ မတင့်တယ်ပါ။ ဆင်တို့၏ တင့်တယ်ခြင်း အမူအရာဖြင့် သွားမှသာ တင့်တယ်ပါတယ်။

(၃) ဗုဒ္ဓသာသနာတော်ဝင် ရှင်ရဟန်းဟာ လျင်မြန်စွာသွားလျှင် မတင့်တယ်ပါ။ ဘယ့်နှယ်လဲ ဒီရဟန်းက လူလို ပြေးရသတဲ့လားလို့ စင်စစ် ကဲ့ရဲ့ခံရပါတယ်။ ငြိမ်သက်သော သွားခြင်းဖြင့် သွားမှသာ တင့်တယ်ပါတယ်။

(၄) အမျိုးသမီးဟာ လျင်လျင်မြန်မြန်သွားလို့ မတင့်တယ်ပါ။ ဘယ့်နှယ်လဲ ဒီမိန်းမက ယောကျ်ားလို ပြေးတာပဲဟု ကဲ့ရဲ့ထိုက်သူ သာဖြစ်ပါတော့တယ်။

ဦးဦးတို့ လျင်မြန်စွာသွားလို့ မတင့်တယ်တဲ့ ပုဂ္ဂိုလ်လေးယောက် ဆိုတာ ဒီပုဂ္ဂိုလ်တွေပါပဲ။

ချစ်သမီး၊ ဒါ့ပြင် အကြောင်းဆိုတာက ဘယ်ဟာလဲကွယ့်။

ဦးဦးတို့၊ မိဘများက သမီးကို အင်္ဂါကြီးငယ်တွေ ကောင်းကောင်း မွန်မွန် ဖြစ်တည်စေပြီး ကျွေးမွေးပြုစုကြတာပါ။ အမှန်ကတော့ ကျွန်မတို့ဟာ ရောင်းကုန်တွေပါ။ ကျွန်မတို့ကို သူများအိမ်ပို့ဖို့ ကျွေးမွေး ပြုစုကြတာပါ။ အကယ်၍ လျင်လျင်မြန်မြန်သွားသော မိန်းမတို့မှာ ခါးဝတ်လုံချည်စွန်းကို နင်းမိလို့ လဲခဲ့သော်၊ သို့မဟုတ် မြေပေါ်မှာ ချော်နင်းမိလို့ လဲခဲ့သော် လက်သော်လည်းကောင်း၊ ခြေသော် လည်းကောင်း ကျိုးခဲ့ရင် မိဆွေဘမျိုး၏ ပူပန်မှုတာဝန်သာ ဖြစ်ရ

ပါမယ်။ သင့်တော်တဲ့ ဒီအကြောင်းကို အမှတ်ပြု၍ ပြေးမလာတာပါ ဦးဦးတို့။

ပုဏ္ဏားတို့သည် ဝိသာခါ၏ စကားပြောတဲ့အခါ သွား၏ ပြည့်စုံမှုကို မြင်ကြ၍ ဒီမိန်းကလေးလို ပြည့်စုံတဲ့ သွားရှိသူ မိန်းကလေးကို ငါတို့ မတွေ့သေးဟု ဝိသာခါအား ကောင်းချီးပေး၍ ချစ်သမီး၊ အဖိုးတစ်သိန်းတန်တဲ့ ဒီရွှေပန်းခိုင်ဟာ သမီးနှင့်သာ သင့်လျော်ပါတယ် ဆိုပြီး ရွှေပန်းခိုင်ကို ပန်ပေးကြလေ၏။

ဦးဦးတို့က ဘယ်မြို့က လာကြပါသလဲ။

ချစ်သမီး၊ သာဝတ္ထိမြို့က လာကြတာပါ။

သူဌေးရဲ့ နာမည်က ဘယ်လိုခေါ်ပါသလဲ၊

မိဂါရသူဌေးလို့ ခေါ်တယ်ကွယ့် သမီးရဲ့။

အရှင့်သားရဲ့ နာမည်ကတော့ကော။

ချစ်သမီးရေ ပုဏ္ဏဝဍ္ဎန သတို့သားကွယ့်။

ဝိသာခါသည် ငါတို့နှင့် အမျိုးချင်းတူသူပဲဟု ရွှေပန်းခိုင်ကို လက်ခံပြီး သမီးတို့အတွက် ရထားစေလွှတ်ပေးပါဟု ဖခင်ထံ သတင်းပို့လေ၏။

ဝိသာခါသည် မြစ်ဆိပ်သို့ လာစဉ်က ခြေလျင်လာခဲ့သော်လည်း ရွှေပန်းခိုင်ကို လက်ခံပန်ဆင်ပြီးချိန်မှစ၍ ခြေလျင်သွားခွင့်ကို မရတော့ချေ။

မှန်၏၊ မင်းအစိုးရ၊ သူဌေးသူကြွယ်တို့၏ သမီးသူငယ်မတို့သည် ရထား စသည်တို့ဖြင့် သွားကြကုန်၏။ ဆင်းရဲသားတို့၏ အမျိုးသမီးတို့သည် ပကတိယာဉ်ကိုသော်လည်း တက်စီးကြကုန်၏။ ထီးကိုသော်လည်းကောင်း၊ ထန်းရွက်ကိုသော်လည်းကောင်း ဆောင်းမိုးကြကုန်၏။ ထန်းရွက်မျှပင် မရှိခဲ့လျှင် ဝတ်ထားသော အဝတ်

တန်ဆာအစွန်းကို မြှောက်၍ ပုခုံးထက်၌ ပစ်တင်ပြီး သွားကြသည်သာ ဖြစ်၏။

ဝိသာခါ၏ ဖခင်သည် ရထားငါးရာကို စေလွှတ်ပေးလေ၏။ ဝိသာခါသည် အခြံအရံနှင့်အတူ ရထားစီး၍ အိမ်သို့ပြန်လေ၏။ ပုဏ္ဏား ရှစ်ယောက်တို့လည်း ဝိသာခါတို့နောက်က လိုက်လာကြကုန်၏။

အို...ပုဏ္ဏားတို့၊ သင်တို့ ဘယ်အရပ်က လာကြတာလဲ။

သာဝတ္ထိမြို့က လာကြပါတယ် သူဌေးကြီး။

သင်တို့ရဲ့ သူဌေးရဲ့နာမည်က မည်သူလဲ။

မိဂါရသူဌေးလို့ ခေါ်ပါရတယ်။

သူ့သားက ဘယ်သူတဲ့လဲ။

ပုဏ္ဏဝဍ္ဍန သတို့သားလို့ ခေါ်ပါတယ် သူဌေးကြီး။

ပစ္စည်းဥစ္စာ ဘယ်လောက်ချမ်းသာသလဲ။

ကုဋေလေးဆယ် ချမ်းသာပါတယ် သူဌေးကြီး။

အင်း...သူတို့ရဲ့ဥစ္စာက ငါတို့ဥစ္စာနှင့် စာလိုက်လျှင် တစ်ချင်ရွေးမျှပဲ။ ငါ့သမီးက အစောင့်အထိန်းမျှ ရတဲ့အချိန်ကစပြီး သည့်ပြင် အကြောင်းတွေ ပြောနေလို့ အကြောင်းမရှိပါဘူး။ လက်ခံလိုက်မှ ပါပဲ။

ကဲ...ကဲ...ပုဏ္ဏားတော်တို့၊ ကျုပ်အိမ်ရောက်လာတာ နှစ်ရက် ရှိပါပြီ။ ဒီလက်ဆောင်ပစ္စည်းတွေကို သင်တို့အား လက်ဆောင်ပေးပါ တယ်။ လာရင်းနေရာကို ပြန်နိုင်ပါပြီ။

* * *

အလို၊ ပုဏ္ဏားတော်များပြန်ရောက်လာကြပါကလား။ ဘယ့်နှယ်တုံး ကောင်းခြင်းငါးဖြာ လက္ခဏာနဲ့ ပြည့်စုံတဲ့ သတို့သမီးကို ရခဲ့ကြ ရဲ့လား။

ရခဲ့ကြပါတယ် အရှင်သူဌေး။

ဘယ်သူ့သမီးလဲ။

ဓနဥ္စယ သူဌေးရဲ့ သမီးပါ။

အင်း...မဟာကုလ (အမျိုးကြီး)ရဲ့ သမီးကို ရခဲ့ပါကလား။ သမီးကို မြန်မြန်ဆောင်ယူမှ သင့်မယ်။ ကောသလမင်းကြီးထံသွားပြီးအကြောင်း ကြားဦးမှပဲ။

အရှင်မင်းကြီး၊ ကျွန်တော်မျိုးရဲ့ သားအတွက် သာကေတမြို့က ဓနဥ္စယသူဌေးရဲ့သမီး ဝိသာခါကို သွားရောက်ဆောင်ယူဖို့ စီစဉ်နေကြောင်းပါ အရှင်မင်းကြီး။

အင်း...မဟာကုလဖြစ်တဲ့ ဓနဥ္စယသူဌေးကို ငါကိုယ်တိုင် ဗိမ္ဗိသာရ မင်းကြီးထံက တောင်းယူခေါ်ဆောင်ခဲ့ပြီး သာကေတမြို့မှာ ထားခဲ့တယ်၊ သူ့ရဲ့ မြတ်နိုးမှုကို ငါကပြုသင့်ပေတယ်။

ကောင်းပြီ မိဂါရသူဌေး၊ သင်တို့သမီးဆောင်ယူရာသို့ ငါကိုယ်တိုင် လိုက်ခဲ့မယ်။

အရှင်မင်းကြီး သင့်လျော်ကောင်းမွန်ကြောင်းပါ။

ငါ့သားအတွက် အမျိုးသမီးဆောင်ယူဖို့ သွားရာကို ကောသလ မင်းကြီးကိုယ်တိုင် လိုက်ခဲ့မှာဖြစ်ကြောင်း ဓနဥ္စယသူဌေးထံ အကြောင်း ကြားဦးမှပဲ။

မိတ်ဆွေ ဓနဥ္စယသူဌေး၊ သင်၏သမီး ဝိသာခါကို ယူဆောင်ဖို့ ကျုပ်တို့လာတဲ့အခါ ကောသလမင်းကြီး လိုက်ပါလာပါလိမ့်မယ်။ မင်း ပရိသတ်ဗိုလ်ပါက အများကြီး များပါတယ်။ ဒီလောက်များတဲ့ လူပရိသတ်ကြီး တည်းခိုနေထိုင်ရာ၊ စားသောက်ဖွယ်ရာ၊ ညှိခံ စရာတွေကို ပြုနိုင်၊ မပြုနိုင် အကြောင်းပြန်ပါ။

မိတ်ဆွေ မိဂါရသူဌေး၊ ကောသလမင်း တစ်ပါးတည်းကို မဆို သေး၊ မင်းဆယ်ပါး ကြွလာပါစေ၊ အားလုံး တာဝန်ယူပါ၏။ (သတင်း ပြန်ပို့)

မိဂါရသူဌေးသည် သာဝတ္ထိတစ်မြို့လုံး၌ အိမ်စောင့်မျှကို ထားခဲ့ပြီး ကြွင်းသမျှ လူအားလုံးကို ခေါ်ယူ၍ သာကေတမြို့သို့ လာခဲ့သည်။ သာကေတမြို့သို့ ရောက်ရန် ယူဇနာဝက် ခရီးအလိုတွင် ရပ်နား၍ ဓနဥ္စယသူဌေးထံ အကြောင်းကြားလေ၏။ ဓနဥ္စယသူဌေးသည် မိဂါရသူဌေးထံ လက်ဆောင်ပဏ္ဏာများကို အပို့လွှတ်ပြီး သမီးဝိသာခါနှင့် တိုင်ပင်၏။

ချစ်သမီး၊ သင့်ယောက္ခမ ဖခင် မိဂါရသူဌေး ကောသလမင်းကြီးနှင့်အတူ တို့မြို့က ယူဇနာဝက် ခရီးအကွာမှာ ရောက်နေပြီ၊ သမီးရဲ့ယောက္ခမ မိဂါရသူဌေးအတွက် ဘယ်အိမ်ကို နေရာချထားဖို့ ရှင်းလင်းမည်နည်း။

ကောသလမင်းကြီးအတွက် ဘယ်အိမ်ကို ရှင်းလင်းမည်နည်း။ အိမ်ရှေ့မင်းသား စသည်တို့အတွက် ဘယ်အိမ်တွေကို ရှင်းလင်းမည်နည်း။

ဓနဥ္စယ သူဌေး၏သမီး ပညာရှိ အမျိုးသမီး ဝိသာခါသည် စိန်သွားပမာ ထက်လှစွာသော အသိဉာဏ်၊ ကမ္ဘာတစ်သိန်းပတ်လုံး တောင့်တ ပန်ဆင်ခဲ့သော ဆုတောင်းနှင့် ပြည့်စုံသူ အမျိုးသမီးဖြစ်သည်နှင့်အညီ–

ငါ့ယောက္ခမ ဖခင်တို့အတွက် ဒီအိမ်ကို ရှင်းလင်းခင်းကျင်းကြပါ။ ကောသလမင်းကြီးအတွက် ဒီအိမ်ကို ရှင်းလင်းခင်းကျင်းကြပါဟု အစီအစဉ်ပြုလုပ်ပြီး မိမိ၏ ကျွန်အမှုလုပ်သူတို့ကို ခေါ်၍ လူဒီလောက်က မင်းရဲ့ ပြုဖွယ်ကိစ္စတွေကိုပြုကြ။ လူဒီလောက်က အိမ်ရှေ့မင်း စသည်တို့ရဲ့ ပြုဖွယ်ကိစ္စတွေကို ပြုကြ။ မြင်းထိန်း၊ ဆင်ထိန်းတို့လည်း လာပြီး မင်္ဂလာပွဲကို ကြည့်ရှုသုံးဆောင် ခံစားကြလိမ့်မည်။ ဒါကြောင့် သင်တို့သာ ကျွေးမွေးစောင့်ရှောက်ကြပါဟု စီစဉ်ပေးလေ၏။ ငါတို့ ဝိသာခါ၏ မင်္ဂလာပွဲကျင်းပရာသို့ သွားကြပြီး ဘာတစ်ခုကိုမျှ ကြည့်ရှု

ခွင့်မရကြ။ ဆင်ထိန်း၊ မြင်းထိန်း လုပ်နေရသည့်အတွက် ချမ်းချမ်းသာသာ လွတ်လွတ်လပ်လပ် လည်ပတ်ခွင့် မရကြဟု တချို့လူတို့ မပြောဆိုနိုင်ရန် စီစဉ်ခြင်းဖြစ်ပေသည်။

ထိုအချိန်၌ ဝိသာခါ၏ ဖခင် ဓနဉ္စယသူဌေးသည် ရွှေပန်းထိမ်ကျော် ငါးရာတို့ကို ခေါ်ယူ၍ နီမြန်းသော ရွှေအချိန်နိက္ခတစ်ထောင်၊ ထိုနှင့် သင့်လျော်မည့် ငွေ၊ပတ္တမြား၊ပုလဲ၊ သန္တာ၊ စိန် စသည်တို့ကို ပေးပြီး ငါ၏သမီး ဝိသာခါအတွက် မဟာလတာတန်ဆာကို ပြုလုပ်ကြဟု ခိုင်းစေထားလေ၏။

ကောသလမင်းကြီးသည် သာကေတမြို့၌ နှစ်ရက်၊သုံးရက် နေပြီးသော် ဓနဉ္စယသူဌေးထံ သတင်းပို့လေ၏။

ဓနဉ္စယသူဌေးသည် ငါတို့ကို ကြာရှည်စွာ ပြုစုကျွေးမွေးနိုင်မည်မဟုတ်။ ယခု ဝိသာခါသူငယ်မကို ယူဆောင်သွားရန် အချိန်ကို သတ်မှတ်ပါလော။

ဓနဉ္စယသူဌေးကလည်း ကောသလမင်းကြီးထံ သတင်းပြန်ပို့လေ၏။

အရှင်မင်းကြီး၊ ယခုအချိန်သည် မိုးဥတုကာလ ရောက်လာချိန်ဖြစ်ပါ၏။ မိုးလေးလ၌ သွားလာဖို့ မလွယ်ကူပါ။ အရှင်မင်းကြီးတို့၏ ဗိုလ်ပါပရိသတ်အားလုံးအတွက် ရသင့်ရာအားလုံးသည် ကျွန်တော်မျိုး၏ တာဝန်သာဖြစ်ပါသည်။ ကျွန်တော်မျိုးက သွားဖို့ အကြောင်းကြားချိန်မှာ အရှင်မင်းကြီး ကြွရပါလိမ့်မည်။

ထိုအချိန်မှစ၍ သာကေတမြို့၏ အမြဲတမ်း နက္ခတ်သဘင် ကျင်းပနေသကဲ့သို့ဖြစ်၏။ မင်းကြီးကို အစပြု၍ လူအားလုံးတို့အတွက် ပန်းနံ့သာ အဝတ်အထည်တို့ကို စီရင်ထားလေကုန်၏။

ထို့ကြောင့် ထိုလူအားလုံးတို့က ဓနဉ္စယသူဌေးသည် ငါတို့အတွက်သာ သက္ကာရ အထူးပြုဖွယ်ကို ပြုနေသည်ဟု ထင်မိကြလေကုန်၏။

ဤနည်းဖြင့် သုံးလကျော်လွန်လာသော်လည်း မဟာလတာ တန်ဆာကား ချုပ်လုပ်၍ မပြီးသေးချေ။ ကိစ္စကြီးငယ် စီစဉ်ဆောင် ရွက်သူတို့က ဓနဥ္စယသူဌေးထံလာ၍ ထင်းမှတစ်ပါး မရှိဆိုသည် မှာ မရှိပါ။ ဗိုလ်ပါပရိသတ်အတွက် ထမင်းချက်ရန် ထင်းမလောက် ပါဟု ပြောဆိုကြကုန်၏။

အမောင်တို့ သွားကြကုန်လော့။ ဤသာကေတမြို့၌ ဟောင်းနွမ်း အိုမင်းကုန်သော ဆင်တင်းကုပ် စသည့်တို့ကိုလည်းကောင်း၊ အိမ် ဟောင်းတို့ကိုလည်းကောင်း ဖျက်ဆီးယူငင်၍ ထမင်းချက်ကြပါဟု ပြောဆိုလေ၏။ ဤနည်းဖြင့် ထမင်းချက်နေကြစဉ် လခွဲအချိန် ကျော် လွန်လေ၏။ ထို့မှ နောက်တစ်ဖန် ထင်းမရှိကြောင်း ပြောဆိုကြ ပြန်၏။

ဒီအချိန်မှာ ထင်းမရနိုင်၊ အဝတ်အထည်ထားရာ ဂိုထောင်တို့ကို ဖွင့်၍ ထူထဲ ကြမ်းတမ်းသော အဝတ်တို့ဖြင့် မီးစာတို့ကိုပြု၍ ဆီအိုး ကြီးတို့၌ နှစ်၍ ဆွတ်ပြီး မီးညှိ၍ ထမင်းချက်ကြကုန်လော့ဟု စေခိုင်း လေ၏။ အမှုလုပ်ဆောင်သူတို့သည် ထိုနည်းအတိုင်း စီမံချက်ပြုတ် ကြရာ လခွဲအချိန်ကာလ လွန်မြောက်လာ၏။

ဤသို့ဖြင့် လေးလကျော်လွန်ပြီး မဟာလတာတန်ဆာသည် ပြီးဆုံးပြီဖြစ်လေ၏။

## မဟာလတာတန်ဆာချုပ်လုပ်ပုံ

မဟာလတာတန်ဆာ၌ စိန်လေးကွမ်းစား၊ ပုလဲ တစ်ဆယ့်တစ် ကွမ်းစား၊ သန္တာ နှစ်ဆယ့်နှစ်ကွမ်းစား၊ မြ သုံးဆယ့်သုံးကွမ်းစားတို့ကို အသုံးပြုထားလေ၏။ ထိုရတနာတို့မှ တစ်ပါးသော ရတနာတို့လည်း ပါဝင်ပြီးစီး၏။ ချည်ဖြင့် မချုပ်မလုပ်ဘဲ ငွေဖြင့် ချည်ကိစ္စကို ပြုကြ

ကုန်၏။ ထိုမဟာလတာတန်ဆာကို အထက်ဦးခေါင်း၌ စွပ်ချလိုက်သော် ခြေဖမိုးအထိ ရောက်လေ၏။

မဟာလတာတန်ဆာ၏ ထိုထိုနေရာ၌ ရွှေရွဲလုံးတို့ကို အကွင်းတပ်၍ ထားကုန်၏။ အကွင်းအဖု ထားစရာနေရာတို့သည် ငွေဖြင့်ပြီးကုန်၏။ ဦးခေါင်းထိပ်အလယ်၌ အကွင်းတစ်ခု၊ နားရင်းနှစ်ဖက်၌ အကွင်းနှစ်ခု၊ လည်မျို၌ အကွင်းတစ်ခု၊ ဒူးဝန်းနှစ်ဖက်၌ အကွင်းနှစ်ခုး တံတောင်ဆစ်နှစ်ခုတို့၌ အကွင်းနှစ်ခု၊ ခါးဘေးနှစ်ဖက်တို့၌ အကွင်းနှစ်ခု တပ်ဆင်ထားလေ၏။

ထိုမဟာလတာတန်ဆာ၌ ဒေါင်းရုပ်တစ်ခုကို ပြုထားသည်။ ဒေါင်းရုပ်၏ လက်ယာဘက် အတောင်၌ နီမြန်းသော ရွှေနီဖလံဖြင့် ပြီးသောလေခါတောင် ငါးရာ၊ လက်ဝဲဘက်အတောင်၌ ရွှေနံ့ဖလံဖြင့် ပြီးသောလေခါတောင် ငါးရာရှိ၏။ နှုတ်သီးသည် သန္တာဖြင့်၊ မျက်လုံးတို့သည် ပတ္တမြားဖြင့် ပြီးကုန်၏။ လည်ပင်းသည်လည်းကောင်း၊ အမြီးတို့သည်လည်းကောင်း ပတ္တမြားဖြင့် ပြီးကုန်၏။ လေခါတောင်၏ အရိုးတို့သည် ငွေဖြင့် ပြီးကုန်၏။ ဒူးခေါင်း၊ ခြေသလုံးတို့သည် ငွေဖြင့် ပြီးကုန်၏။ ထိုဥဒေါင်းရုပ်သည် ဝိသာခါအမျိုးသမီး၏ ဦးခေါင်းထိပ်အလယ်၌ တောင်ထွတ်၌ရပ်၍ ကနေသော ဥဒေါင်းကဲ့သို့ထင်ရ၏။ လေခါတောင် အတံတစ်ထောင်မှ ထွက်ပေါ်လာသော အသံသည် နတ်တို့သီချင်းသံ၊ တူရိယာငါးမျိုးအသံနှင့် တူ၏။ အနီးသို့ ရောက်လာမှသာ ဥဒေါင်းမဟုတ်မှန်း သိကြရသည်။ မဟာလတာတန်ဆာသည် ကိုးကုဋေတန်ဖိုးရှိ၏။ လက်ခ တစ်သိန်းပေးရ၏။

## ရွေးကောင်းမှု

ဝိသာခါအမျိုးသမီးသည် အဘယ်ကုသိုလ်ကောင်းမှု၏ အကျိုးဆက်ကြောင့် မဟာလတာတန်ဆာကို ရလေသနည်း။

ဝိသာခါအမျိုးသမီး အလောင်းအလျာမိန်းမသည် ကဿပမြတ်စွာဘုရားလက်ထက်၌ ရဟန်းတော်နှစ်သောင်းတို့အား သင်္ကန်းလျာအဝတ်နှစ်သောင်းနှင့် ကိုယ်ပိုင်ဥစ္စာဖြစ်သော သင်္ကန်းချုပ်ဆိုးရန် အပ်နှင့်အပ်ချည်တို့ကိုလည်းကောင်း၊ ဆိုးရည်ကိုလည်းကောင်း ပေးလှူ၏။ ထိုသင်္ကန်းအလှူဒါန၏ အကျိုးဆက်ကြောင့် ဤမဟာလတာတန်ဆာကို ရလေ၏။

မှန်၏၊ မိန်းမတို့၏ သင်္ကန်းအလှူဒါနသည် မဟာလတာတန်ဆာပစ္စည်းဖြင့် ခေါင်ထိပ်သို့ ရောက်၏၊ ယောကျ်ားတို့၏ သင်္ကန်းအလှူဒါနသည် တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းကို ဝတ်ဆင်ရခြင်းဖြင့် ခေါင်ထိပ်သို့ ရောက်၏။

ဤသို့လျှင် ဓနဥ္စယသူဌေးကြီးသည် လေးလတို့ဖြင့် သမီး ဝိသာခါအတွက် ပြုဖွယ်အားလုံးကိုပြု၍ ဝိသာခါအား ပေးကမ်းဖွယ်ကို ပေးလိုပြန်၍ အသပြာတို့ဖြင့် ပြည့်သော လှည်းအစီး ငါးရာ၊ ရွှေအိုးတို့ဖြင့်ပြည့်သော လှည်းအစီး ငါးရာ၊ ငွေအိုးတို့ဖြင့်ပြည့်သော လှည်းအစီး ငါးရာ၊ ကြေးနီတို့ဖြင့် ပြည့်သော လှည်းအစီးငါးရာကို ပေးလေ၏။ ပတ္တုဏ္ဏတိုင်း၌ဖြစ်သော အထည်၊ ပိုးချည်ဖြင့်ပြီးသော အထည်တို့ဖြင့် ပြည့်သော လှည်းအစီးငါးရာ၊ ထောပတ်တို့ဖြင့် ပြည့်သော လှည်းအစီးငါးရာ၊ ဆီဖြင့်ပြည့်သော လှည်းအစီးငါးရာ၊ သလေးဆန်တို့ဖြင့် ပြည့်သော လှည်းအစီးငါးရာ၊ ထွန်တုံးထွန်သွား အစရှိသော လယ်ယာအဆောက်အအုံတို့ဖြင့် ပြည့်သော လှည်းအစီးငါးရာတို့ကို ပေးလေ၏၊

ဓနဥ္စယသူဌေး၏ အကြံအစည်မှာ ငါ့သမီးသည် ရောက်ရာ အရပ်၌ ငါ့မှာ ဤမည်သော အသုံးအဆောင်ဖြင့် လိုနေပါလားဟု တစ်ပါးသူ၏ အိမ်တံခါးဝသို့ တောင်းဖို့ ငှားရမ်းဖို့ မစေလွှတ်ရစေရန် ဖြစ်၏။ ထို့ကြောင့် အဆောက်အအုံ ဘဏ္ဍာအားလုံးကို ပေးလေ၏။

ရထားတစ်စင်း တစ်စင်း၌ အဆင်တန်ဆာအားလုံး ဝတ်ဆင်ပြီးဖြစ်သော ကျွန်မသုံးယောက် သုံးယောက်တို့ကို ထား၍ ရထားငါးရာတို့ကို ပေးလေ၏၊

ဤမိန်းမတို့က ဝိသာခါကို ရေချိုးစေကုန်လျက်၊ စားတော်ပွဲတည်စေကုန်လျက်၊ တန်ဆာဆင်စေကုန်လျက် နေထိုင်ကြစေဟုကြံရွယ်၍ တစ်ထောင့်ငါးရာသော ခြေရင်းအလုပ်အကျွေး မိန်းမတို့ကိုပေးလေ၏။

ထို့ပြင် ဓနဉ္စယသူဌေးသည် ငါ့သမီးအား နွားတို့ကို ပေးဦးမည်ဟုကြံရွယ်၍ ယောကျ်ားတို့ကို စေခိုင်းလေ၏၊

မင်းတို့ သွားကြ၊ နွားခြံတံခါးကိုဖွင့်၍ သုံးဂါဝုတ်ခရီး၌ စည်သုံးခုတို့ကို ကိုင်၍ ရပ်နေကြ။ အကျယ် တစ်ဥသဘရှိသော အရပ်ဘေးနှစ်ဖက်၌ ရပ်နေကြ။

ဤအပိုင်းအခြားမှ လွန်အောင် နွားတွေကို မသွားကြစေနဲ့။ ဤအပိုင်းအခြားအတွင်း နွားတွေ ရပ်တည်နေချိန်၌ စည်ကို တီးကြ၊ စည်သံဖြင့် အချက်ပေးကြကုန်လော့ဟု စေခိုင်း၏။ အစေခံ ယောကျ်ားတို့သည် စေခိုင်းသည့်အတိုင်း ပြုကြကုန်၏။ အစေခံယောကျ်ားတို့သည် နွားခြံမှ ထွက်လာသော နွားတို့၏ တစ်ဂါဝုတ်ခရီးသို့ရောက်လာသောအခါ စည်သံတစ်ကြိမ် အချက်ပေးကြကုန်၏။ နောက်ထပ် ယူဇနာဝက်ခရီးရောက်လာသောအခါ စည်သံ တစ်ကြိမ် အချက်ပေးကြကုန်၏။ နောက်ထပ် သုံးဂါဝုတ်ခရီးရောက်လာသောအခါ စည်သံတစ်ကြိမ် အချက်ပေးကြကုန်၏။ နွားတို့၏ ကန့်လန့်သွားခြင်းကို တားမြစ်ထားကြကုန်၏။ ဤနည်းဖြင့် အရှည်သုံးဂါဝုတ်၊ အကျယ်တစ်ဥသဘ ကျယ်သောအရပ်၌ နွားတို့သည် အချင်းချင်းနံဘေးချင်း ထိလျက် ရပ်နေကြကုန်၏။

သူဌေးကြီးက ငါ့သမီးအတွက် နွားတွေ ဒီလောက်ဆိုလျှင် တော်လောက်ပြီ။ တံခါးပိတ်ကြတော့ဟု နွားခြံတံခါးကို ပိတ်စေ၏။ တံခါးပိတ်လတ်သော် ဝိသာခါ၏ ရှေးကောင်းမှုအစွမ်းကြောင့် အားကောင်းသော နွားနှင့် နွားမတို့သည် ခုန်၍ခုန်၍ ထွက်ကြကုန်၏။ လူတို့၏ အကြိမ်ကြိမ် တားမြစ်ဆဲမှာပင် အားကောင်းသော နွားထီးခြောက်သောင်းနှင့် နွားမခြောက်သောင်းတို့ ထွက်သွားကုန်၏။ ခြောက်သောင်းမျှလောက် အားကောင်းသော နွားငယ်တို့နှင့် နွားမတို့၏ ဥသဘပမာဏမျှတို့သည် ခြံကို ခုန်ကျော်၍ လိုက်သွားကြကုန်၏။

အဘယ်ကောင်းမှု၏ အကျိုးဆက်ကြောင့် နွားတို့သည် ဤသို့ ခြံကိုခုန်ကျော်၍ လိုက်ကြသနည်းဟူမူ တားမြစ်ဆဲ အလှူခံတို့အား ပေးလှူခဲ့ရသော ဒါန၏ အကျိုးဆက်ကြောင့်တည်း။

ဝိသာခါ အမျိုးသမီးသည် ကဿပမြတ်စွာဘုရား လက်ထက်တော်က ကိကီမင်းကြီး၏ သမီးတော် ခုနစ်ဖော်တို့တွင် အငယ်ဆုံး သံဃဒါသီ အမည်ရှိသော သမီးတော်ဖြစ်ခဲ့၍ ရဟန်းတော်နှစ်သောင်းတို့အား ငါးမျိုးသော ဂေါရသအလှူကို ပေးလှူစဉ် ရဟန်းကြီး၊ ရဟန်းငယ်၊ သာမဏေတို့က သပိတ်ကို ပိတ်၍ တော်လောက်ပြီ၊ တော်လောက်ပြီဟု တားမြစ်ကုန်သော်လည်း ဒီဂေါရသက ချိုမြိန်ပါတယ်ဘုရား၊ ဒီဂေါရသက နှစ်လိုဖွယ်ပါဘုရားဟု လျှောက်ထားရင်း ပေးလှူခဲ့၏။ ဤသို့ ပေးလှူခဲ့သော ဂေါရသအလှူကောင်းမှု၏ အကျိုးဆက်ကြောင့် တားမြစ်သည့်အကြားမှပင် နွားတို့သည် ခြံကိုခုန်ထွက်၍ လိုက်ပါကြခြင်းဖြစ်လေ၏။

ဓနဥ္စယသူဌေးကြီးသည် ဤမျှလောက်သော ပစ္စည်းဥစ္စာကို ပေးအပ်ရာ အချိန်က သူဌေးကတော်က ဤသို့ ပြောဆို၏။

သူဌေးကြီးတို့က ကျွန်မသမီးအတွက် အားလုံးစီစဉ်အပ်သည် မှန်ပါ၏။ သို့သော် ဝေယျာဝစ္စ ပြုကြမည့် ကျွန်ယောကျ်ား၊ ကျွန်မိန်းမတို့ကိုမူ အဘယ့်ကြောင့် မစီစဉ်အပ်ပါသနည်း။

သူဌေးကတော်ရေ၊ ငါ့သမီးအပေါ်မှာ ချစ်ခင်သူ၊ မချစ်ခင်သူ တို့ကို ခွဲခြားသိနိုင်ဖို့ မစီရင်ခြင်းဖြစ်တယ်။

မှန်ပေ၏၊ ငါသည် သမီးဝိသာခါနှင့်အတူ လိုက်ပါမသွားလိုသူ တို့ကိုလည်း တိုင်ကိုကိုင်၍ လိုက်အောင် မတွန်းလို။ ယာဉ်ပေါ် တက်၍သွားသောအခါမှသာ သမီးဝိသာခါနှင့်အတူ လိုက်သွားလိုသူ များ လိုက်သွားကြ။ လိုက်မသွားလိုသူများ မလိုက်ကြနှင့်ဟု ပြောမည် ကြံစည်ထားတယ် သူဌေးကတော်။

နက်ဖြန်၌ ငါ့သမီး ဝိသာခါ သွားတော့မှာပဲဟု ကြံစည်၍ သူဌေး ကြီးသည် တိုက်တွင်း၌နေလျက် သမီးဝိသာခါကို သူ၏အနီး၌ ထိုင်နေစေပြီး-

ချစ်သမီး ဝိသာခါ၊ လင့်အိမ်၌နေသော အမျိုးသမီးသည် ဤ မည်သော အကျင့်ကို စောင့်ရှောက်ဖို့ သင့်၏ဟု ဩဝါဒပေးလေ၏။ မိဂါရသူဌေးသည်လည်း အနီးကပ် တိုက်ခန်း၌ထိုင်နေရင်း ဓနဥ္စယ သူဌေး၏ ဩဝါဒကို ကြားရလေ၏။

## ဓနဥ္စယသူဌေး၏ ဩဝါဒ(၁၀)ချက်

ချစ်သမီး ယောက္ခမအိမ်၌နေသော ချွေးမသည်-

၁။ အတွင်းမီးကို အပြင်သို့ မထုတ်နှင့်၊
၂။ အပြင်မီးကို အတွင်းသို့ မသွင်းနှင့်၊
၃။ ပေးသူအားသာ ပေးပါ၊
၄။ မပေးသူအား မပေးနှင့်၊
၅။ ပေး၊မပေး နှစ်ဦးစလုံးအား ပေးပါ၊
၆။ ချမ်းသာစွာ နေထိုင်ပါ၊
၇။ ချမ်းသာစွာ စားသောက်ပါ၊

၈။ ချမ်းသာစွာ အိပ်ပါ၊
၉။ မီးကို ပြုစုလုပ်ကျွေးပါ၊
၁၀။ အိမ်တွင်းနတ်တို့ကို ရှိခိုးပါ၊

ဓနဥ္စယသူဌေးသည် သမီးဝိသာခါအား ဤဩဝါဒ (၁၀) ချက်ကို ပေးပြီး နောက်နေ့၌ စစ်သည်တော် အားလုံးတို့ကို စုဝေးစေ၍ မင်း၏ ကိုယ်ရံတော်စစ်သည်အလယ်၌ သူကြွယ်ရှစ်ဦးတို့ကို ကိုယ်စားပြု ခေါ်ယူ၍ ကျွန်ုပ်၏သမီး ရောက်ရာဌာန၌ အကယ်၍ အပြစ်ဖြစ်ခဲ့အံ့၊ သင်တို့က ဖြေရှင်းလိုက်ကြပါဟု ဆို၍ ကိုးကုဋေတန်ဖိုးထိုက်သော မဟာလတာတန်ဆာဖြင့် သမီးဝိသာခါကို တန်ဆာဆင်စေပြီး ရေချိုးကသည်မှုန့်ဖိုး (ဆပ်ပြာမှုန့်ဖိုး) ငါးဆယ့်လေးကုဋေ ဥစ္စာကိုပေး၍ ယာဉ်ပေါ်သို့ တက်စေပြီး သာကေတမြို့ ပတ်ဝန်းကျင်မှ မိမိသူဌေး၏ ဥစ္စာဖြစ်ကုန်သော (အနုရာဓမြို့လောက်ရှိကုန်သော) တစ်ဆယ့်လေးရွာတို့၌ ငါ့သမီးနှင့်အတူ လိုက်သွားလိုသူများ လိုက်သွားကြစေဟု စည်ကို လှည့်လည်စေ၏။

တစ်ဆယ့်လေးရွာနေ လူတို့သည် စည်သံကို ကြားလျှင် ကြားခြင်း ငါတို့၏အရှင်မ သွားရာအချိန်၌ ငါတို့မှာ ဤရွာ၌ နေလို့ ဘာအကျိုး ရှိမှာလဲဟု တစ်ဆယ့်လေးရွာနေ ရွာသူရွာသားတို့သည် တစ်ယောက် မကျန် ထွက်ခဲ့ကြလေ၏။ ဓနဥ္စယသူဌေးသည် ကောသလမင်းနှင့် မိဂါရသူဌေးတို့အား အရိုအသေပြု၍ အနည်းငယ်ခရီးအထိ လိုက်ပို့ ပြီး တစ်ဆယ့်လေးရွာနေ လူတို့နှင့်အတူ သမီးဝိသာခါကို သာဝတ္ထိ မြို့သို့ စေလွှတ်လိုက်လေပြီ။

မိဂါရသူဌေးသည် နောက်ဆုံးယာဉ်ပေါ်၌ ထိုင်၍ သွားလတ်သော် များစွာသော လူအပေါင်းကို မြင်၍ ဒီလူတွေက ဘယ်က လူတွေလဲဟု မေးလေ၏။

သင်သူဌေးတို့၏ ချွေးမ ဝိသာခါ၏ အမှုကြီးငယ်ပြုလုပ်သည့် ကျွန်မိန်းမ၊ ကျွန်ယောကျ်ားတို့ပါ။

ဒီလောက်များတဲ့လူတွေကို ဘယ်သူက ကျွေးမွေးထားမှာလဲ။ ဒီလူတွေကို ရိုက်ပုတ်ပြီး ထွက်ပြေးကြစေကုန်လော့။ ထွက်မပြေးကြသူတို့ကို ဒီနေရာက ဒဏ်ပြုကြကုန်လော့။ ဝိသာခါကမူ ဖယ်ကြပါ၊ မတားကြပါနှင့်၊ လူထုကသာ လူထုအား ထမင်းပေးပါလိမ့်မည်ဟု ပြောဆို၏။

ဝိသာခါက မတားမြစ်ရန် ပြောဆိုသော်လည်း မိဂါရသူဌေးသည် ချစ်သမီး၊ ငါတို့မှာ ဒီလူတွေနဲ့ အကျိုးမရှိ၊ ဒီလူတွေကို ဘယ်သူက ကျွေးမှာလဲဟု ပြောဆိုပြီး ခဲတုတ် စသည်တို့ဖြင့် ရိုက်နှက်ပုတ်ခတ်၍ ထွက်ပြေးစေ၍ ကျန်လူတို့ကို ငါတို့အဖို့ ဒီလူလောက်ဆိုလျှင် သင့်တော်ပြီဟု ခေါ်ဆောင်၍ သွားလေ၏။

ဝိသာခါသည် သာဝတ္ထိမြို့တံခါးသို့ ရောက်သောအခါ ဖုံးကွယ်သော ယာဉ်၌ထိုင်၍ မြို့တွင်းသို့ ဝင်ရ ကောင်းမည်လား၊ သို့မဟုတ် ရထားပေါ်၌ ရပ်၍ ဝင်ရ ကောင်းမည်လားဟု စဉ်းစားပြီး ဖုံးကွယ်သော ယာဉ်ဖြင့် မြို့တွင်းသို့ဝင်လျှင် ငါပိုင် မဟာလတာအဝတ်တန်ဆာ၏ ထူးခြားချက် ထင်ရှားတော့မည် မဟုတ်ဟု စဉ်းစားမိပြန်၏။

ဝိသာခါသည် သာဝတ္ထိ မြို့သူမြို့သား အားလုံးတို့အား မိမိကိုယ်ကိုပြလျက် ရထား၌ ရပ်၍ မြို့တွင်းသို့ ဝင်လေ၏။ သာဝတ္ထိမြို့သူမြို့သားတို့သည် ဝိသာခါ၏ စည်းစိမ်ကျက်သရေကို မြင်ကြ၍ သူက ဝိသာခါတဲ့၊ ဒီလိုစည်းစိမ်ကျက်သရေသည် ဝိသာခါအား သာသင့်လျော်ထိုက်တန်ပေသည်ဟု ပြောဆိုကြကုန်၏။

ဤသို့လျှင် ဝိသာခါသည် ကြီးကျယ်ခမ်းနားလှစွာသော စည်းစိမ်ကျက်သရေဖြင့် မိဂါရသူဌေး၏အိမ်သို့ ဝင်လေ၏။

မိဂါရသူဌေးအိမ်သို့ ဝိသာခါ ရောက်သည့်နေ့၌ မြို့သူမြို့သား အားလုံးတို့က ဓနဥ္စယသူဌေးသည် သူ၏ သာကေတမြို့သို့ ရောက်လာသော ငါတို့အား များစွာ ပြုစုကျွေးမွေးပေးသည်ဟု ဆင်ခြင်ကြပြီး စွမ်းအားရှိသလောက် လက်ဆောင်ပဏ္ဏာကို ပို့ကြကုန်၏။

ဝိသာခါသည် ပို့လာသမျှ လက်ဆောင်ပဏ္ဏာကို သာဝတ္ထိမြို့၌ သာ အချင်းချင်းဖြစ်သော အမျိုးတို့၌ လူအားလုံးအတွက် ပြန်ပေးလေ၏။

ဝိသာခါသည် ဒီပစ္စည်းကို ကျွန်မရဲ့ မိခင်အား ပေးကြပါ၊ ဒီပစ္စည်းကို ကျွန်မရဲ့ညီမအား ပေးကြပါဟု ထိုထိုလူတို့အား အရွယ်နှင့် သင့်လျော်သော ချစ်ဖွယ်စကားကို ပြောဆိုလျက် လက်ဆောင်ပဏ္ဏာကို ပို့စေသည်ဖြစ်၍ သာဝတ္ထိမြို့နေသူအားလုံးတို့ကို ဆွေမျိုးတွေလို ပြုလိုက်လေ၏။

ဝိသာခါရောက်ပြီး နောက်နေ့ညဉ့်၌ အာဇာနည်မြင်းမက သားဖွား မြင်လေ၏။ ဝိသာခါသည် ကျွန်မတို့ကို ဆီမီးတိုင်များ ယူစေ၍ အာဇာနည်မြင်းမ သားဖွားမြင်ရာနေရာသို့ သွား၍ မြင်းမကို ရေနွေးဖြင့် ချိုးစေ၍ ဆီဖြင့် လိမ်းစေပြီး မိမိနေရာသို့ ပြန်လာ၏။

မိဂါရသူဌေးသည် သား၏ မင်္ဂလာဆောင်ကိစ္စကို ပြုလုပ်စဉ် အမြဲသီတင်းသုံးရာ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရားကို စိတ်၌ မထားမူ၍ နေ့ညရှည်ကြာ အဝတ်မဝတ်သော ရဟန်းတုတို့၌ တည်နေသော မြတ်နိုးခြင်းသည် တိုက်တွန်းအပ်သည်ဖြစ်၍ ငါတို့ ကိုးကွယ်သည့် အရှင်ကောင်းတို့အားလည်း ပူဇော်မှုကို ပြုဦးမည်ဟု အကြံဖြစ်ပြီး တစ်ခုသောနေ့၌ အရာမက များကုန်သော အိုးသစ်ကြီးတို့၌ ရေမပါသော နွားနို့ထမင်းကို ချက်စေ၍ ငါးရာကုန်သော အစေလက အဝတ် မဝတ်သော တက္ကတွန်းတို့ကို

ဖိတ်ကြား၍ အိမ်တွင်းသို့ ဝင်စေပြီးသော် ငါ၏ချွေးမ ဝိသာခါ လာပါ၊ ရဟန္တာတို့ကို ရှိခိုးပါဟု ဝိသာခါထံ သတင်းပို့လေ၏။

ဝိသာခါသည် ရဟန္တာဟူသော စကားကို ကြားရသော် သောတာပန် အရိယာ သာဝိကာဖြစ်သည်နှင့်အညီ ရွှင်လန်းဝမ်းမြောက်စွာဖြင့် တက္ကတွန်းတို့ ထမင်းစားရာနေရာသို့ လာ၍ တက္ကတွန်းတို့ကို ကြည့်ပြီး ဒီလို အရှက်အကြောက်ကင်းသူတွေ ရဟန္တာမဖြစ်နိုင်။ ယောက္ခမ ဖခင်သည် ဘာကြောင့် ငါ့ကို အခေါ်ခိုင်းရသနည်းဟု ပြောဆို၍ ထွီ–ထွီ ဟု ယောက္ခမသူဌေးကို ကဲ့ရဲ့ပြီး မိမိနေရာသို့ ပြန်သွားလေ၏။

တက္ကတွန်းတို့သည် ဝိသာခါ၏ ထိုအမူအရာကို မြင်ကြသော် အားလုံး တစ်ပြိုင်နက် သူဌေးကို ကဲ့ရဲ့ကြကုန်၏။

သူကြွယ်၊ ဘယ့်နှယ်လဲ၊ သင်သည် သည့်ပြင် အမျိုးသမီးကို မရခဲ့ပါလား။ရဟန်းဂေါတမ၏ တပည့်မ အလွန်မိုက်သော သူယုတ်မကို ဤအိမ်၌ ဝင်စေသည်။ သူယုတ်မာကို လျင်မြန်စွာ ဆွဲထုတ်စေလော့ဟု ကဲ့ရဲ့ကြကုန်၏။

မိဂါရသူဌေးသည် ငါသည် ဤတက္ကတွန်းတို့၏ စကားမျှဖြင့် မနှင်ထုတ်နိုင်။ ဝိသာခါသည် မဟာကုလ အမျိုးကြီး၏ သမီးဖြစ်သည်ဟု စဉ်းစားပြီး…

အရှင်တို့၊ ငယ်ရွယ်သူတို့သည် သိ၍သော်လည်းကောင်း၊ မသိ၍သော်လည်းကောင်း ပြုကြကုန်၏။ အရှင်တို့သည် ဆိတ်ဆိတ်နေတော်မူကြပါဟု ပြောဆို၍ တက္ကတွန်းတို့ကို ပြန်လွှတ်ပြီး မိမိ မိဂါရသူဌေးသည် မြတ်သော သူတို့နှင့် ထိုက်တန်သော နေရာ၌ ထိုင်၍ ရွှေခွက်၌ ရေမပါသော ချိုမြိန်သည့် နို့ဃနာထမင်းကို စားလေ၏။

ထိုအချိန်၌ ပိဏ္ဍပါတ်ထေရ်တစ်ပါးသည် ဆွမ်းခံလှည့်စဉ် မိဂါရ သူဌေးအိမ်၌ ဆွမ်းရပ်လေ၏။

ဝိသာခါသည် ယောက္ခမသူဌေးကို ယပ်ခတ်နေစဉ် ထိုမထေရ်ကို မြင်လတ်သော် ယောက္ခမအား ပြောလို့ မသင့်တော်ဟု ကြံစည်ပြီး ယောက္ခမသူဌေးက မထေရ်ကို မြင်နိုင်အောင် ယောက္ခမအနီးမှ ဖဲခွာ၍ နေလေ၏။

ယောက္ခမသူဌေး ထိုလူမိုက်သည် ဆွမ်းရပ်နေသော ပိဏ္ဍပါတ် ထေရ်ကို မြင်သော်လည်း မမြင်သကဲ့သို့ မျက်နှာကို အောက်သို့ ငုံ့ပြီး စားနေလေ၏။

ဝိသာခါသည် ငါ့ယောက္ခမသည် မထေရ်ကိုမြင်ပါလျက် အမှတ် သညာ မပြုသည်ကို သိ၍ အရှင်ဘုရား ကန်တော့ဆွမ်းပါဘုရား၊

တပည့်တော် ယောက္ခမသည် အဟောင်းကို စားနေသူပါ ဘုရား"ဟု လျှောက်ထားလေ၏။

မိဂါရသူဌေးသည် တက္ကတွန်းတို့ကို ပြောဆိုသောအခါက သည်းခံ နိုင်သော်လည်း အဟောင်းကို စားနေသူပါဟု ပြောလျှင်ပြောခြင်း ထမင်းခွက်မှ လက်ကို ဖယ်၍ ဒီနို့ဃနာထမင်းကို ဒီနေရာမှ ထုတ်ပစ် လိုက်ကြ။ ဒီမိန်းမကို ဒီအိမ်က နှင်ထုတ်ကြ။ ဒီမိန်းမက ငါ့ကို ဒီလို မင်္ဂလာအချိန်မှာ မစင်စားဖြစ်အောင် ပြောလိုက်သည်ဟု ပြောဆို လေ၏။

ဝိသာခါ နေထိုင်ရာ ထိုအိမ်၌ ကျွန်အမှုလုပ်သူအားလုံးတို့သည် ဝိသာခါ၏ ဥစ္စာသာဖြစ်ကြ၏။ အဘယ်သူသည် ဝိသာခါကို လက်၌ သော်လည်းကောင်း၊ခြေ၌သော်လည်းကောင်း ကိုင်ရဲလိမ့်မည်နည်း။ နှုတ်ဖြင့် ပြောဝံ့သူလည်း မရှိ။

ဝိသာခါသည် ယောက္ခမသူဌေး၏စကားကို ကြားရသော် ဤသို့ ပြောဆို၏။

ဖခင် ကျွန်မ၏ ဤမျှလောက် ပြောဆိုခြင်းဖြင့် ကျွန်မတို့သည် အိမ်မှ ထွက်မသွားနိုင်ကြပါ။ ဖခင်တို့သည် ကျွန်မကို ရေဆိပ်မှ အိုးရွက်ကျွန်မကဲ့သို့ ခေါ်ဆောင်ခဲ့သည် မဟုတ်ပါ။ အသက်ထင်ရှား ရှိသော မိဘတို့၏ သမီးတို့သည် ဤမျှလောက်ဖြင့် ထွက်မသွား ကြပါ။ ဤလိုအကြောင်းကြောင့်သာ ကျွန်မ၏ မွေးဖခင်သည် ဤအရပ်၊ ဤအိမ်သို့ ကျွန်မလာခါနီးက သူကြွယ်ရှစ်ယောက်တို့ကို ခေါ်စေပြီး ငါ့သမီး၏ တစ်စုံတစ်ခု အပြစ်ဒေါသဖြစ်ခဲ့က ရှင်းလင်း ပေးကြပါဟု ပြောဆို၍ ကျွန်မကို သူကြွယ်တို့လက်၌ ထည့်ထားပေး လိုက်ပါသည်။ သူကြွယ်တို့ကို ခေါ်၍ ကျွန်မမှာ အပြစ်ရှိ မရှိကို ဖြေရှင်းခိုင်းပါ။

မိဂါရသူဌေးသည် ငါ့ချွေးမသည် ကောင်းတာကို ပြောဆိုပေ သည်ဟု သူကြွယ်ရှစ်ယောက်တို့ကို ခေါ်စေ၍…

ငါ၏ ချွေးမဖြစ်သူ ဤဝိသာခါသူငယ်မသည် မင်္ဂလာအချိန်၌ (ထမင်းစားနေစဉ်) ရွှေခွက်၌ ရေမပါသော နွားနို့ထမင်းကို ထိုင်၍ စားနေသော ငါ့ကို မစင်စားသူဟု ပြောဆိုသည်။ ဤသူငယ်မအပေါ် အပြစ်ဒေါသတင်၍ ဤသူငယ်မကို အိမ်မှ နှင်ထုတ်ပေးကြပါဟု ပြောလေ၏။

ချစ်သမီး ဝိသာခါ၊ သင်၏ယောက္ခမ ပြောတဲ့အတိုင်း မှန်ရဲ့လား။

ကျွန်မ ဒီလို (အသုစိခါဒကလို့) မပြောပါ။

ကျွန်မပြောတာက ဒီလိုပါ။ ပိဏ္ဍပါတ်ထေရ်တစ်ပါး အိမ်တံခါးဝ၌ ရပ်နေစဉ် ကျွန်မ၏ ယောက္ခမက ရေမပါတဲ့ အရသာချိုမြိန်တဲ့ နွားနို့ထမင်းကို သုံးဆောင်နေပြီး ပိဏ္ဍပါတ်ထေရ်ကိုတော့ အသိ အမှတ်မပြုပါ။ ကျွန်မက တပည့်တော်မရဲ့ ယောက္ခမက ဒီဘဝမှာ ကောင်းမှုပြုသူမဟုတ်၊ အဟောင်းကုသိုလ်ကိုသာ စားနေသူပါဟု ကြံရွယ်ပြီး အရှင်ဘုရား ကန်တော့ဆွမ်းပါဘုရား၊ တပည့် တော်မရဲ့

ယောက္ခမက အဟောင်းကို စားနေသူပါဟု ပြောဆိုခြင်း ဖြစ်ပါသည်။ ဒီလို ပြောဆိုရာ၌ ကျွန်မရဲ့အပြစ် ဘယ်လို ဖြစ်ပါသလဲ။

အရှင်သူဌေး၊ ဒီလိုပြောဆိုရာမှာ အပြစ်မရှိပါ။ ကျွန်ုပ်တို့၏ သမီးက သင့်တော်သည့် စကားကိုသာ ပြောဆိုတာပါ။ သင်သူဌေးက ဘာကြောင့် အမျက်ထွက်ရတာလဲ။

အရှင်သူကြွယ်တို့၊ ဒီအပြစ် မဖြစ်ဆိုတာ ရှိစေတော့။ ဒီသူငယ်မ ဟာ တစ်ခုသောနေ့ ညအချိန်မှာ ကျွန်မ အခြံအရံဖြင့် အိမ်နောက် ဖေးကို သွားပါတယ်။

ချစ်သမီး ဝိသာခါ၊ သူပြောတဲ့အတိုင်း မှန်ရဲ့လား။

ဖခင်သူကြွယ်တို့၊ ကျွန်မ ဒီပြင်အကြောင်းကြောင့် သွားတာမဟုတ် ပါ။ ဒီအိမ်က အာဇာနည်မြင်းမ မြင်းကလေး မျက်နှာမြင်တော့ အမှတ်မထားဘဲ ထိုင်နေလို့ မတော်ဘူးဆိုတဲ့ အကြံနဲ့ ဆီမီးတိုင်တို့ကို ကိုင်ယူစေ၊ ရေနွေး စသည်တို့ကိုလည်း ယူစေပြီး ကျွန်မနဲ့အတူ သွား၍ မြင်းမ မြင်းကလေးမျက်နှာမြင်မှုတဲ့ အစောင့်အရှောက်ကို ပြုပေးတာပါ။ ဒီလိုပြုပေးရာမှာ ကျွန်မှာ ဘာအပြစ်ရှိလို့လဲ။

အရှင်သူဌေး၊ ဒီကိစ္စမှာ အပြစ်မရှိဘူး။ ကျွန်ုပ်တို့ရဲ့သမီးက သင် သူဌေးအိမ်မှာ ကျွန်မတို့ပင် မပြုသင့်တဲ့အလုပ်ကို ပြုတာပါ။ ဒီလို ပြုရာမှာ သင်သူဌေးက ဘယ်လိုအပြစ်ကို မြင်ပါသလဲ။ (ဘာ့ကြောင့် အပြစ်ကို မြင်ပါသနည်း)။

အရှင်သူကြွယ်တို့၊ ဒီကိစ္စမှာလည်း အပြစ်မရှိဘူးပဲ ထားပါဦး။ ဒီသူငယ်မရဲ့ ဖခင် ဓနဉ္စယသူဌေးက ဒီသူငယ်မ ကျပ်အိမ်လာခါနီး အချိန်က ဒီသူငယ်မကို ဆုံးမတော့ လျှို့ဝှက်ဖုံးကွယ်တဲ့ ဩဝါဒ (၁၀)ချက်ကို ပေးခဲ့တယ်။ အဲဒီဩဝါဒတွေရဲ့ အနက်အဓိပ္ပာယ်ကို ကျုပ်မသိဘူး။ ကျုပ်အား အဲဒီဩဝါဒတွေရဲ့ အနက်အဓိပ္ပာယ်ကို ပြောပြပါ။ ဒီသူငယ်မရဲ့ ဖခင်က အတွင်းမီးကို အပြင်မထုတ်ရဘူးလို့

ပြောပါတယ်။ နှစ်ဦးနှစ်ဖက် အိမ်နီးချင်းလူတို့အား ကျုပ်တို့က မီးမပေးဘဲနေလို့ ဖြစ်ပါမည်လား။

ချစ်သမီး ဒီလိုပြောတာ မှန်ရဲ့လား။

ဖခင်သူကြွယ်တို့၊ ကျွန်မဖခင်က အိမ်နီးချင်းတို့အား မီးပေးဖို့ ရည်ရွယ်ပြောတာမဟုတ်ပါ။ ပြောလိုရင်းက ဒီလိုပါ။

ချစ်သမီး သင်ရဲ့ ယောက္ခမ မိန်းမ၊ ယောက္ခမ ယောကျ်ား၊ အိမ်ရှင်လင်တို့ရဲ့ ကျေးဇူးမဲ့ကို (မသင့်တော်တာကို) တွေ့မြင်လျှင် အိမ်ပြင်ဘက်ဖြစ်တဲ့ ထိုထိုအိမ်မှာ ရပ်ပြီး မပြောလေနှင့်။ ဒီလို သဘောရှိတဲ့ မီးနဲ့တူတဲ့ မီးဆိုတာ မရှိတော့ဘူးလို့ ပြောလိုတာပါ။

အရှင်သူကြွယ်တို့၊ ဒီဩဝါဒ ဒီအတိုင်း ဖြစ်စေဦးတော့၊ ဒီသူငယ်မရဲ့ ဖခင်က အပြင်ကမီးကို အတွင်းမသွင်းရဘူးလို့ ပြောပါတယ်။ အိမ်တွင်းကမီး ငြိမ်းနေခဲ့လျှင် အိမ်ပြင်ဘက်မီးကို ကျုပ်တို့ မယူဘဲ နေလို့ ဖြစ်ပါ့မလား။

သမီး ဒီအတိုင်းမှန်ရဲ့လား။

ဖခင်သူကြွယ်တို့၊ ကျွန်မရဲ့ဖခင်က မီးအစစ်ကို ရည်ရွယ်ပြီး ပြောတာမဟုတ်ပါ။ ဒီလို ရည်ရွယ်ပြီး ပြောတာပါ။

အနီးအနား အိမ်က မိန်းမတွေကသော်လည်းကောင်း၊ ယောကျ်ားတွေကသော်လည်းကောင်း၊ ယောက္ခမ မိန်းမ၊ ယောက္ခမ ယောကျ်ား၊ အရှင်သခင်လင်တို့ရဲ့ ကျေးဇူးမဲ့ကို (မသင့်တော်တာကို) ပြောဆိုကြလျှင် သူတို့ပြောစကားကို စိတ်နဲ့မှတ်ပြီး မည်သူက အရှင်တို့ရဲ့ ဒီလိုဒီလို ကျေးဇူးမဲ့ကို (အပြစ်ကို) ပြောနေတယ်လို့ ပြန်မပြောနဲ့။ ဒီမီးနဲ့ တူတဲ့မီး မရှိတော့ဘူးလို့ ပြောတာပါ။

ဒီအကြောင်းမှာလည်း ဒီလိုနဲ့ ဝိသာခါ အပြစ်ကင်းသူ ဖြစ်တယ်။

ဒီအဆုံးအမနှစ်ခုမှာ အပြစ်ကင်းသလို ကျန်တဲ့ အဆုံးအမတွေမှာလည်း အပြစ်ကင်းတာချည်းပဲ။ အဓိပ္ပာယ်က ဤသို့ ဖြစ်၏။

၃။ မိမိထံမှ တောင်းသွားသည့် အဆောက်အအုံကို ပြန်ပေးသူတို့အားသာ အဆောက်အအုံကို ပေးသင့်သည်ကို ရည်ရွယ်၍ "ပေးသူတို့အားသာ ပေးရမည်"ဟု ပြောဆိုခြင်းဖြစ်သည်။

၄။ တောင်းယူသွားသော အဆောက်အအုံကို ပြန်မပေးသူတို့အား အဆောက်အအုံ မပေးရမည်ကို ရည်ရွယ်၍ မပေးသူတို့အား မပေးနှင့်ဟု ပြောဆိုခြင်းဖြစ်သည်။

၅။ ဆင်းရဲနွမ်းပါးသော ဆွေမျိုးမိတ်ဆွေတို့ ရောက်လာခဲ့သော် ပြန်ပေးနိုင်သည်ဖြစ်စေ၊ မပေးနိုင်သည်ဖြစ်စေ ထိုသူတို့အား ပေးသင့်သည်ကို ရည်ရွယ်၍ "ပေးသူကိုရော မပေးသူကိုပါ ပေး"ဟု ပြောဆိုခြင်းဖြစ်သည်။

၆။ ယောက္ခမမိန်းမ၊ ယောက္ခမယောကျ်ား၊ အိမ်ရှင်လင်တို့နှင့် ကြုံတွေ့လျှင် ထပေးသင့်ရာ နေရာ၌ ထိုင်မနေသင့်သည်ကို ရည်ရွယ်၍ "ချမ်းသာစွာ နေထိုင်ရမည်"ဟု ပြောဆိုခြင်းဖြစ်သည်။

၇။ ယောက္ခမမိန်းမ၊ ယောက္ခမယောကျ်ား၊ အိမ်ရှင်လင်တို့ထက် ဦးဦးဖျားဖျား မစားဘဲ၊ ထိုသူတို့ကို ကျွေးမွေးပြုစုပြီး ထိုသူတို့ ရသင့်မရသင့်ကို သိ၍ နောက်မှ မိမိက စားသင့်သည်ကို ရည်ရွယ်၍ "ချမ်းသာစွာ စားရမည်"ဟု ပြောဆိုခြင်းဖြစ်သည်။

၈။ ယောက္ခမမိန်းမ၊ ယောက္ခမယောကျ်ား၊ အိမ်ရှင်လင်တို့ထက် ရှေးဦးစွာ အိပ်ရာပေါ်တက်၍ မအိပ်သေးဘဲ၊ ထိုသူတို့အား ပြုသင့်သော ဝတ္တရားကို ပြုပြီး မိမိက နောက်မှ အိပ်သင့်သည်ကို ရည်ရွယ်၍ "ချမ်းသာစွာ အိပ်ရမည်"ဟု ပြောဆိုခြင်းဖြစ်သည်။

၉။ ယောက္ခမမိန်းမ၊ယောက္ခမယောကျ်ား အိမ်ရှင်လင်တို့ကို မီးပုံကြီးကဲ့သို့၊ နဂါးမင်းကဲ့သို့ ကြောက်ရွံ့လေးစားမှုကိုပြု၍ ရှုကြည့်သင့်သည်ကို ရည်ရွယ်၍ "မီးကိုပြုစုလုပ်ကျွေးရမည်"ဟု ပြောဆိုခြင်းဖြစ်သည်။

၁၀။ ယောက္ခမမိန်းမ၊ ယောက္ခမယောကျာ်း၊ အိမ်ရှင်လင်တို့ကို နတ်နှင့်အတူထားပြီး ရှုမြင်သင့်သည်ကို ရည်ရွယ်၍ "အိမ်တွင်းနတ်ကို ရှိခိုးရမည်"ဟု ပြောဆိုခြင်းဖြစ်သည်။

ဤသို့လျှင် ဝိသာခါ၏ ယောက္ခမ မိဂါရသူဌေးသည် ဩဝါဒ (၁၀)ချက်တို့၏ အဓိပ္ပာယ်ကို ကြားရလေသော် ပြန်ပြောစရာစကားကို မသိမမြင်တော့၍ မျက်နှာကို အောက်ချ (ခေါင်းငုံ့၍)ထိုင်နေလေ၏။

ထိုအခါ မိဂါရသူဌေးကို သူကြွယ်တို့က ဘယ်မှာလဲ သူဌေးကြီး၊ ကျုပ်တို့ရဲ့သမီးမှာ သည့်ပြင်အပြစ်ရှိသေးသလားဟု မေးကြသည်။

အရှင်သူကြွယ်တို့၊ ဝိသာခါမှာ သည့်ပြင်အပြစ်လည်း မရှိတော့ပါ။

ဒီလိုဖြစ်လျှင် ဘာကြောင့် ဝိသာခါကို အပြစ်မရှိဘဲ အကြောင်းမဲ့ အိမ်မှ ဆွဲထုတ်စေရတာလဲ။

ဤသို့ ပြောဆိုသောအခါ ဝိသာခါက ဤသို့ ပြောလေ၏။

ဖခင်သူကြွယ်တို့၊ ကျွန်မ ယောက္ခမ၏ စကားဖြင့် ရှေးဦးကပင် ကျွန်မ သွားဖို့ မသင့်ပါ၊ ဒါပေမယ့် ကျွန်မရဲ့ဖခင်က ယောက္ခမအိမ် လာခါနီးအချိန်က ကျွန်မရဲ့အပြစ်ကို ဖြေရှင်းဖို့ ကျွန်မကို ဖခင် သူကြွယ်တို့ရဲ့ လက်ထဲ ထည့်ပေးလိုက်တာပါ။ ဖခင်သူကြွယ်တို့က လည်း ကျွန်မအပြစ်မရှိတာကို သိကြပါပြီ။ ယခု ကျွန်မ ပြန်သွားဖို့ သင့်ပါပြီ။ ပြောပြောဆိုဆို ကျွန်မိန်းမ၊ ကျွန်ယောကျာ်းတို့ကို သွားဖို့ ယာဉ် စသည်တွေကို စီစဉ်ကြဟု ခိုင်းစေလေ၏။ ထိုအခါ မိဂါရ သူဌေးက သူကြွယ်ရှစ်ယောက်တို့ကိုခေါ်၍ ငါနားမလည်ဘဲ ဝိသာခါ ကို ပြောခဲ့မိပါတယ်။ ငါ၏အပြစ်ကို သည်းခံပါဟု ပြောလေ၏။

ဖခင်ယောက္ခမသူဌေး၊ ဖခင်တို့ရဲ့ သည်းခံသင့်တာကို ကျွန်မ ရှေးဦးစွာ သည်းခံပါတယ်။ ဒါပေမယ့် ကျွန်မက မြတ်ဗုဒ္ဓသာသနာ တော်၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုတဲ့ အမျိုးရဲ့သမီးဖြစ်ပါတယ်။ ရဟန်းသံဃာနဲ့ကင်းကွာပြီး ကျွန်မတို့ မနေနိုင်ကြပါ။ အကယ်၍

ကျွန်မစိတ်ကြိုက် ရဟန်းသံဃာကို ပြုစုကျွေးမွေးခွင့်ရမည်ဆိုလျှင် ကျွန်မ မသွားဘဲ နေပါမည်။

ချစ်သမီး၊ သမီးစိတ်ကြိုက် သမီးရဲ့ ရဟန်းတော်တွေကို ကျွေးမွေး ပြုစုပါ။

ဝိသာခါသည် မြတ်စွာဘုရားကို ကြိုတင်ပင့်လျှောက်၍ နောက်နေ့၌ မိမိနေအိမ်သို့ ကြွဝင်စေ၏။ အဝတ်မဆည်း ကိုယ်လုံးတီး သမဏအမည်ခံ တက္ကတွန်းတို့လည်း မြတ်စွာဘုရား မိဂါရသူဌေးအိမ် ကြွရောက်ကြောင်း ကြားသိကြ၍ သွားကြပြီး အိမ်ကို ဝိုင်းရံ၍ ထိုင်နေကြကုန်၏။

ဝိသာခါသည် အလှူရေစက်ချပြီး ပူဇော်ဖွယ်အားလုံးကို စီစဉ်ပြီးပါပြီ။ ကျွန်မ၏ယောက္ခမဖခင် မိဂါရသူဌေးသည် ဤနေရာသို့ လာ၍ မြတ်စွာဘုရားကို ဆက်ကပ်ကော်ရော် ပူဇော်ပါဟု သတင်းပို့လေ၏။

ထိုအခါ မြတ်စွာဘုရားထံ သွားလိုသော မိဂါရသူဌေးကို တက္ကတွန်းတို့က သူကြွယ်၊ သင်သည် ရဟန်းဂေါတမထံ မသွားပါနှင့်ဟု တားမြစ်ကြကုန်၏။

မိဂါရသူဌေးသည် ငါ့ချွေးမက ကိုယ်တိုင်ဆက်ကပ်ကော်ရော် ပူဇော်ပါဟု ငါ့ထံ သတင်းပို့လိုက်သည်။ ငါ့ချွေးမသည် ဘုရားအမှူး ရှိသော ရဟန်းသံဃာကို ဆွမ်းဆက်ကပ် ပူဇော်ပြီးသောအခါ ကျွန်မ ယောက္ခမလာ၍ တရားစကားကို နာပါဟု တစ်ဖန် သတင်းပို့ပြန် သည်။ ယခု မသွားလျှင် အလွန်မသင့်တော်ဟု ကြံစည်၍ တရား နာလိုသဖြင့် သွားသော မိဂါရသူဌေးကို တက္ကတွန်းတို့က နောက်ထပ် ဤသို့ ပြောကြကုန်၏။

သူကြွယ်၊ တရားနာသွားလိုလျှင် ရဟန်းဂေါတမ၏ တရားကို နာတဲ့အခါ ကန့်လန့်ကာပြင်ဘက်က ထိုင်၍ ကြားနာပါ။

ဤသို့ပြောကြားပြီး မိဂါရသူဌေးထက် အလျင်သွား၍ တင်းတိမ် ကန့်လန့်ကာကို ကာထားကြကုန်၏။ မိဂါရသူဌေးသည် သွား၍ ကန့်လန့်ကာ အပြင်ဘက်၌ ထိုင်နေလေ၏။

မြတ်စွာဘုရားက သင်မိဂါရသူဌေးသည် ကန့်လန့်ကာပြင်ဘက်၌ ထိုင်ထိုင်၊ နံရံဟိုဘက်၌ထိုင်ထိုင်၊ ကျောက်တောင် ဟိုဘက်၌ထိုင်ထိုင်၊ စကြဝဠာ ဟိုဘက်၌ထိုင်ထိုင် ငါဘုရားသည် သင့်ကို ငါဘုရား၏ အသံကို ကြားစေနိုင်စွမ်းရှိသည်ဟု သပြေပင်ကြီးကို ပင်စည်၌ ကိုင်၍ လှုပ်လိုက်သကဲ့သို့၊ အမြိုက်မိုးကို သွန်းဖြိုးလိုက်သကဲ့သို့ တရား တော်ကို ဟောပြဖို့ရန် အနုပုဗ္ဗိကထာ (တရားစကားအစဉ်)ကို အား ထုတ်တော်မူလေ၏။

မြတ်စွာဘုရား တရားဟောတော်မူလတ်သော် ရှေ့တော်၌ တည် နေသူ၊ နောက်တော်၌ တည်နေသူ မည်သူမဆို အားလုံးတို့က မြတ်စွာဘုရားသည် ငါ့ကိုသာ ကြည့်နေတော်မူသည်၊ ငါ့အားသာ တရားဟောနေတော်မူသည်ဟု ပြောဆိုကြကုန်၏။

မှန်၏၊ မြတ်စွာဘုရားသည် ထိုထိုသူကို ကြည့်နေတော်မူသကဲ့သို့ ထိုထိုသူနှင့် စကားပြောနေတော်မူသကဲ့သို့ ဖြစ်တော်မူ၏။

မြတ်စွာဘုရားတို့သည် လမင်းနှင့် စင်စစ်တူကုန်၏။ လမင်းသည် ကောင်းကင်အလယ်၌ တည်နေလျက် လမင်းသည် ငါ့ခေါင်းပေါ်က ဖြစ်၏ဟု သတ္တဝါအားလုံးတို့အား ထင်ရသကဲ့သို့ ဤနည်းအတူ အမှတ်မပြု တစ်ခုခုသော အရပ်၌ တည်နေသူတို့၏ မျက်နှာတူရှု ရှေ့ရှုတည်နေသကဲ့သို့ ထင်ရကုန်၏။

ဤသို့ ထင်ရခြင်းသည် ထိုဘုရားရှင်တို့၏ အလောင်းတော် ဘဝက တန်ဆာဆင်ထားသော ဦးခေါင်းကိုဖြတ်၍၊ ညိုသောအဆင်း ရှိသော မျက်လုံးတော်တို့ကို ထုတ်၍၊ နှလုံးသားကို ထုတ်၍ တစ်ပါး သူအား ကျွန်အလို့ငှာ ဇာလီသတို့သားနှင့် တူသော သားတို့ကို၊

ကဏ္ဍာဇိန်သတို့သမီးနှင့် တူကုန်သော သမီးတော်တို့ကို၊ မဒ္ဒီမိဖုရားနှင့် တူကုန်သော မယားတို့ကို အာလယပြတ် စွန့်လွှတ်လှူဒါန်းခဲ့သော ဒါနအကျိုးဆက် စင်စစ်ဖြစ်၏။

မိဂါရသူဌေးသည် မြတ်စွာဘုရား တရားဒေသနာတော်ကို ပြီးဆုံးစေလတ်သော် တင်းတိမ်ကန့်လန့်ကာပြင်ပ၌ ထိုင်နလျက်ပင် နည်းပေါင်းတစ်တောင်တို့ဖြင့် တန်ဆာဆင်ယင်အပ်သော သောတာပတ္တိဖိုလ်၌ တည်၍ တုန်လှုပ်ခြင်းမရှိ မြဲမြံလှသော သဒ္ဓါတရားနှင့် ပြည့်စုံလျက် ရတနာသုံးပါးတို့၌ ယုံမှားခြင်းကင်းသူဖြစ်၍ တင်းတိမ်ကန့်လန့်ကာ အောက်နားကို ပင့်၍ လာရောက်ပြီး ချွေးမဝိသာခါ၏ သားမြတ်ကို ခံတွင်းဖြင့် ယူ၍ (ပါးစပ်ဖြင့် စုပ်၍) သင်ဝိသာခါသည် ယနေ့မှစ၍ ငါ၏မိခင်ဖြစ်တော့သည်ဟု ဝိသာခါကို အမိအရာ၌ ထားလေ၏။ ထိုအချိန်မှစ၍ ဝိသာခါမိဂါရမာတာ (မိဂါရသူဌေး၏ မိခင်) အမည် ဖြစ်လေ၏။

ထိုအချိန်မှ နောက်ဖြစ်သော အချိန်အဖို့၌ သားသမီး မြေးမြစ်တို့ကို ရသော်လည်း ဝိသာခါသည် မိဂါရမာတာအမည်သာ တွင်လေသည်။

မိဂါရသူဌေးကြီးသည် ချွေးမ၏ သားမြတ်ကို သူ၏ခံတွင်းမှ လွှတ်၍သွားပြီးလျှင် မြတ်စွာဘုရား၏ ခြေတော်အစုံတို့၌ ဦးခေါင်းဖြင့် တုပ်ဝပ်၍ ခြေတော်ကို သူ၏လက်တို့ဖြင့် ပွတ်လျက်၊ ခံတွင်းဖြင့် စုပ်လျက်၊ မြတ်စွာဘုရား၊ တပည့်တော် မိဂါရပါဘုရား။ မြတ်စွာဘုရား၊ တပည့်တော် မိဂါရပါဘုရားဟု သုံးကြိမ်တိုင်အောင် သူ၏အမည်ကို ပြောဆို၍ မြတ်စွာဘုရား တပည့်တော်သည် ဒီအချိန်အထိ အကြင်အရာဌာန၌ လှူဒါန်းအပ်သော ဒါနသည် အကျိုးကြီးမား၏ဟု မသိခဲ့ပါ။ ယခုတော့ တပည့်တော်၏ ချွေးမ ဝိသာခါကို အမှီပြု၍ သိအပ်ပါပြီ။ အပယ်ဆင်းရဲအားလုံးမှ တပည့်တော် ကင်းလွတ်ပါပြီ။

တပည့်တော်၏ ဤအိမ်သို့ ချွေးမ ဝိသာခါ ရောက်လာခြင်းသည် တပည့်တော်၏ မင်္ဂလာ ဖိုလ်နိဗ္ဗာန် အကျိုးစီးပွား ချမ်းသာအတွက် ရောက်လာခြင်း ဖြစ်ပါတော့သည်ဟုဆို၍ ဤဆိုလတ္တံ့သော ဂါထာကို ရွတ်ဆိုလေ၏။

**သောဟံ အဇ္ဇ ပဇာနာမိ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။**
**အတ္ထာယ ဝတ မေ ဘဒ္ဒါ၊ သုဏိသာ ဃရမာဂတာ။**

ဘန္တေ-မြတ်စွာဘုရား၊ အဇ္ဇ-ယနေ့ ယခု၊ သောဟံ-ထိုတပည့်တော် မိဂါရသည်၊ ယတ္ထ-အကြင်အရာ၌၊ ဒိန္နံ-လှူဒါန်းအပ်သော ဒါနသည်၊ မဟပ္ဖလံ-ကြီးကျယ်ဖွံ့ဖြိုး မြတ်သောအကျိုးရှိ၏ဟု၊ ပဇာနာမိ-သိပါ၏ဘုရား၊ မေ-တပည့်တော် မိဂါရ၏၊ အတ္ထာယ-မင်္ဂလာ ဖိုလ်နိဗ္ဗာန် အကျိုးစီးပွား ချမ်းသာအလို့ငှာ၊ ဘဒ္ဒါ သုဏိသာ-ဂုဏ်ရည်စုပေါင်း ထပ်ထပ်ညှောင်းသည့် ချွေးမကောင်း ဝိသာခါသည်၊ မေ-တပည့်တော် မိဂါရ၏၊ ဃရံ-အိမ်သို့၊ အာဂတာ-သံသာတစ်လျှောက် ကံလာမြောက်၍ ရောက်လာပါတော့သည် ဘုရား။

ဝိသာခါသည် နောက်နေ့အတွက်လည်း မြတ်စွာဘုရားကို ဆွမ်းဘုဉ်းပေးကြွရန် ပင့်လျှောက်လေ၏။ နောက်နေ့၌ ဝိသာခါ၏ ယောက္ခမမိခင်သည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ထိုအချိန်မှ စ၍ မိဂါရသူဌေး၏ နေအိမ်သည် ဗုဒ္ဓသာသနာတော်အတွက် တံခါးပွင့်လျက် ဖြစ်လေပြီ။ ထိုအချိန်မှ နောက်ကာလ၌ မိဂါရသူဌေးသည်...

ငါ၏ ချွေးမ ဝိသာခါသည် ကျေးဇူးတရား ကြီးမားလှပေသည်။ ဝိသာခါအား ကြည်ညိုမှုအခြင်းအရာကို ငါပြုပေအံ့။ ဝိသာခါ၏ လေးလံသော မဟာလတာ အဝတ်တန်ဆာသည် အမြဲတမ်း တန်ဆာ မဆင်နိုင်။ ဝိသာခါအဖို့ ပေါ့ပါးသော နေ့ရေးညပါ ကြိယာပုတ် အားလုံးတို့၌ တန်ဆာဆင်နိုင်သော အဝတ်တန်ဆာကို ပြုပေးမည်

ဟု ကြံစည်၍ အဖိုးတစ်သိန်းထိုက်တန်သော ကျစ်လျစ်ချောမွေ့သော အဝတ်တန်ဆာကို ပြုလုပ်စေ၏။ ထိုအဝတ်တန်ဆာ ပြုပြီးလတ်သော် ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပင့်၍ ရိုသေစွာ ဆွမ်းကပ်လှူပြီး ဝိသာခါကို နံ့သာရေအိုး တစ်ဆယ့်ခြောက်လုံးတို့ဖြင့် ရေချိုးစေလျက် မြတ်စွာဘုရား၏ ရှေ့တော်မျက်မှောက်၌ထားကာ တန်ဆာဆင်စေ၍ မြတ်စွာဘုရားကို ရှိခိုးစေ၏။ မြတ်စွာဘုရားသည် အနုမောဒနာ ပြုတော်မူ၍ ကျောင်းသို့ ပြန်ကြွတော်မူလေ၏။

ဝိသာခါသည်လည်း ထိုအချိန်မှစ၍ ဒါနအစရှိသော ကောင်းမှုတို့ကို ပြုလုပ်လျက် မြတ်စွာဘုရားထံတော်မှ ဆုရှစ်မျိုးကိုရ၍ ထက်ကောင်းကင်အပြင်၌ လရေးလပြည့်ဝန်းကဲ့သို့ ထင်ရှားလျက် သားသမီးတို့ဖြင့် စည်ပင်တိုးပွားခြင်းသို့ ရောက်လေ၏။

ကြားသိရသည်ကား–ဝိသာခါ၏ သားတစ်ကျိပ်၊ သမီးတစ်ကျိပ် ရှိ၏။ ထိုသားသမီးတို့တွင် သားသမီးတစ်ယောက်တစ်ယောက်၏ ဆယ်ယောက်၊ဆယ်ယောက်သောသား၊ ဆယ်ယောက် ဆယ်ယောက်သော သမီးတို့ ဖြစ်ကုန်၏။ ထိုသားသမီးတို့တွင်လည်း တစ်ယောက်တစ်ယောက်၏ ဆယ်ယောက် ဆယ်ယောက်သော သား၊ ဆယ်ယောက် ဆယ်ယောက်သော သမီးတို့ ဖြစ်ကုန်၏။ ဤသို့လျှင် ဝိသာခါ၏ သားစဉ်မြေးဆက် မြစ်စဉ်အညွန့်အားဖြင့် ရှစ်ထောင်လေးရာ့နှစ်ဆယ် ဖြစ်လေ၏။ ထို့ကြောင့် ရှေးဆရာတို့သည် ဤသို့ ဆိုကြကုန်၏။

ဝိသာခါ ဝီသတိ ပုတ္တာ၊ နတ္တာ စ စတုရော သတာ။
ပနတ္တာ အဋ္ဌသဟဿာ၊ ဇမ္ဗုဒီပေ သုပါကဋာ။

ဝိသာခါ ဝိသာခါယ – ဝိသာခါ၏၊ ဝီသတိ–နှစ်ဆယ်သော၊ ပုတ္တာစ–သားသမီးတို့သည်လည်းကောင်း၊ စတုရောသတာ–လေးရာကုန်သော၊ နတ္တာစ–မြေးယောကျ်ား မြေးမိန်းမတို့သည်လည်းကောင်း၊ အဋ္ဌ

သဟာသာ--ရှစ်တောင်ကုန်သော၊ ပနတ္တာ စ–မြစ်ယောက်ျား မြစ်မိန်းမတို့သည်လည်းကောင်း၊ အတ္ထိ–ရှိကုန်၏၊ ဝိသာခါ–ဝိသာခါသည်၊ တေဟိ–ရှစ်ထောင့်လေးရာနှစ်ဆယ်သော ထိုသားသမီး မြေးမြစ်တို့ဖြင့်၊ ဇမ္ဗုဒီပေ–ဇမ္ဗူဒိပ်၌(ဝါ)သပြေပင်အမှတ် ခေါ်ဆိုအပ်၍ တွင်လတ်ဖော်ညွှန်း ဇမ္ဗူကျွန်း၌၊ သုပါကဋာ--ကောင်းစွာ ထင်ရှားကျော်ကြားလေ၏။

ဝိသာခါသည် အသက်(၁၂၀)ရှည်၏။ ဦးခေါင်း၌ ဆံတစ်ပင်မျှ မဖြူ။ အမြဲတမ်း ဆယ့်ခြောက်နှစ်သမီးအရွယ်ကဲ့သို့ ဖြစ်၏။ သားမြေး မြစ်တို့ဖြင့် ခြံရံလျက် ကျောင်းတော်သို့သွားသော ဝိသာခါကို မြင်ကြသော် ဒီလူတွေထဲမှာ ဝိသာခါက ဘယ်သူလဲဟု မေးကြရကုန်၏။

သွားနေဆဲဖြစ်သော ဝိသာခါကို မြင်ရသူတို့က ယခု ဖြေးဖြေးသွားစေချင်ပါ၏။ ဖြေးဖြေးသွားနေသော ငါတို့၏ အရှင်မ ဝိသာခါသည် ဖြေးဖြေးသွားလျက်လည်း တင့်တယ်ပါပေ၏ဟု ကြံသိကြကုန်၏။ ရပ်နေဆဲ၊ ထိုင်နေဆဲ၊ အိပ်နေဆဲဖြစ်သော ဝိသာခါကို မြင်ရသူတို့က ယခုခဏ ရပ်စေချင်ပါ၏။ ခဏ ထိုင်စေချင်ပါ၏။ ခဏ အိပ်စေချင်ပါ၏။ ငါတို့၏ အရှင်မ ဝိသာခါသည် ရပ်နေရင်း၊ ထိုင်နေရင်း၊ အိပ်နေရင်းမှာလည်း တင့်တယ်ပါပေ၏ဟု ကြံသိကြလေ၏။ ဤသို့ဖြင့် ဝိသာခါသည် အရိယာပုထ်လေးမျိုးတွင် ဘယ်အရိယာပုထ်မှာတော့ မတင့်တယ်ပါဟု ပြောမဖြစ်သူ ဖြစ်၏။ ဝိသာခါသည် ဆင်ငါးစီးအားကို ဆောင်၏။

ကောသလမင်းကြီးသည် ဝိသာခါသည် ဆင်ငါးစီးအားကို ဆောင်သတဲ့ဟု ကြား၍ ဝိသာခါကျောင်းသို့သွား၍ တရားနာပြီး ပြန်လာသောအချိန်၌ ဝိသာခါ၏ ဆင်ငါးစီးအား ရှိမရှိကို လေ့လာစုံစမ်း

လို၍ ဆင်တစ်ကောင်ကို လွှတ်စေ၏။ ဆင်သည် နှာမောင်းကို မြှောက်ချီ၍ ဝိသာခါရှိရာသို့ မျက်နှာမူလျက် သွားလေ၏။ ဝိသာခါ၏ အခြံအရံ မိန်းမငါးရာတို့တွင် အချို့မိန်းမတို့သည် ထွက်ပြေးကုန်၏။ အချို့ မိန်းမတို့ကမူ မပြေးကြဘဲ ဆင်ရန်ကို ကာကွယ်ရန် စီစဉ်ကြစဉ် ဝိသာခါက ဒါက ဘာလဲဟု မေးမြန်းအပ်သော် ကောသလမင်းကြီးက ရှင်မရဲ့အားကို လေ့လာစုံစမ်းလို၍ ဆင်ကို စေလွှတ်ခိုင်းလိုက်တာတဲ့ဟု ပြောကြကုန်၏။ ဝိသာခါသည် ဒီဆင်ကို မြင်လို့ ပြေးတော့ ဘာ အကျိုးရှိမှာလဲ။ ဒီဆင်ကို ဘယ်လိုဖမ်းရလျှင် ကောင်းမည်နည်းဟု ကြံစည်၍ အကယ်၍ ဒီဆင်ကို ပြင်းပြင်းထန်ထန် မြဲမြဲမြံမြံ ငါဖမ်း လိုက်လျှင် ဆင်သေကြေ ပျက်စီးလိမ့်မည်ဟု သိပြီး လက်နှစ်ချောင်း ဖြင့် ဆင်နှာမောင်း၌ ထိကိုင်၍ နောက်သို့ တွန်းလိုက်လေ၏။ ဆင်သည် မိမိကိုယ်ကို ကောင်းစွာ ဆောင်လျက် ရပ်တည်နိုင်စွမ်းမရှိသဖြင့် မင်းရင်ပြင်၌ ဆောင့်ကြောင့်ထိုင် လဲကျလေ၏။ လူအပေါင်းသည် ကောင်းချီးပေးကြ၏။ ဝိသာခါလည်း အခြံအရံတို့နှင့်အတူ ချမ်းသာစွာ အိမ်သို့ ပြန်သွားလေ၏။

ထိုအချိန်အခါ၌ သာဝတ္ထိမြို့ဝယ် မိဂါရမာတာ ဝိသာခါသည် သား၊ သမီး၊ မြေး၊ မြစ်များစွာရှိသူဖြစ်၏။ ရောဂါကင်းကွာ ကျန်းမာသော သား၊ သမီး၊ မြေး၊ မြစ်ရှိသူဖြစ်၍ အလွန်မင်္ဂလာရှိသူဟု အသိအမှတ် ပြုခံရသူဖြစ်၏။ ထိုမျှလောက် များလှကုန်သော သား၊ သမီး၊ မြေး၊ မြစ်တို့တွင် အကြား၌ သေသူတစ်ယောက်မျှ မရှိ။ သာဝတ္ထိနေသူ လူတို့က မင်္ဂလာအခါ၊ ပွဲလမ်းသဘင်အခါတို့၌ ဝိသာခါကို ရှေးဦးစွာ ဖိတ်၍ ကျွေးကြကုန်၏။ တစ်ခုသော ပွဲလမ်းသဘင်နေ့၌ လူအပေါင်း သည် ပုတီး၊ နားတောင်း၊ လက်ကောက် အစရှိသော အဆင်တန်ဆာ တို့ဖြင့် တန်ဆာဆင်၍ တရားနာရန် ကျောင်းသို့ သွားလတ်သော်

ဝိသာခါသည် ဖိတ်ထားရာအရပ်၌ ထမင်းစား၍ မဟာလတာ အဝတ်တန်ဆာကို ဝတ်ဆင်လျက် လူအပေါင်းနှင့်အတူ ကျောင်းသို့သွား၍ အဆင်တန်ဆာတို့ကို ချွတ်ပြီး အပေါ်ရုံအဝတ်ဖြင့် ထုပ်၍ ကျွန်မအား ပေးထားလေ၏။ ယင်းသို့ ပေးထားခြင်းကို ရည်ရွယ်၍ ဤသို့ မိန့်ဆိုလေ၏။

ထိုအချိအခါ၌ သာဝတ္ထိမြို့ဝယ် ပွဲလမ်းသဘင် ဖြစ်လေ၏။ လူတို့သည် ပုတီး၊နားတောင်း အစရှိသော အဆင်တန်ဆာတို့ဖြင့် တန်ဆာဆင်ကြပြီး ကျောင်းသို့ သွားကြကုန်၏။ မိဂါရမာတာ ဝိသာခါသည်လည်း တန်ဆာဆင်လျက် ကျောင်းသို့ သွားလေ၏။ ထိုအခါ မိဂါရမာတာ ဝိသာခါသည် အဆင်တန်ဆာတို့ကို ချွတ်၍ အပေါ်ရုံအဝတ်ဖြင့် ဥစ္စာထုပ် ထုပ်၍ အမိ ယခု ဤဥစ္စာထုပ်ကို ယူထားလော့ဟု ဆို၍ ကျွန်မအား ပေးလေ၏။

ဝိသာခါသည် ကျောင်းသို့သွားစဉ် ဤသို့သော တန်ဖိုးများစွာ ထိုက်သော အဝတ်တန်ဆာကို ဦးခေါင်း၌ စွပ်လျက် ခြေဖမိုးတိုင်အောင် တန်ဆာဆင်၍ ကျောင်းသို့ ဝင်ရန်မသင့်ဟု ကြံစည်ပြီး မဟာလတာအဝတ်ကို ချွတ်၍ အထုပ်ထုပ်ပြီး မိမိ ဝိသာခါ၏ ရှေးကောင်းမှုကြောင့်သာ ဖြစ်ပေါ်လာသော ဆင်ငါးစီးအားကိုပင် ဆောင်သော ကျွန်မ၏လက်၌ ပေးထားလေ၏။ ထိုကျွန်မကသာ ဝိသာခါ၏ ထိုအဝတ်ထုပ်ကို ယူထားနိုင်သတဲ့။ ထို့ကြောင့် ဝိသာခါက အမိ ဒီတန်ဆာကို ယူထားပါ။ မြတ်စွာဘုရားထံမှ ပြန်လာတဲ့အခါမှ ဒီတန်ဆာကို ဝတ်ဆင်တော့မည်ဟု ပြောလေ၏။ ထိုအဝတ်တန်ဆာကို ကျွန်မအား ပေးထားပြီး ကျစ်လျစ်ချောမွေ့သော အဝတ်တန်ဆာကို ဝတ်ဆင်၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး တရားတော်ကို နာယူလေ၏။ တရားနာကိစ္စ ပြီးဆုံးသောအခါ မြတ်စွာဘုရားကို ရှိခိုး၍ နေရာမှ ထပြီး ကျောင်းမှ ထွက်ခွာလာခဲ့လေ၏။

ဝိသာခါ၏ ထိုကျွန်မသည်လည်း ထိုအဝတ်ထုပ်ကို မေ့ထားခဲ့လေ၏။ တရားနာပြီး ထွက်ခွာသွားသော ပရိသတ်၏ မေ့ကျန်ရစ်သော ပစ္စည်းတစ်စုံတစ်ခုကို အာနန္ဒာထေရ်သည် သိမ်းဆည်းထားမြဲဖြစ်၏။ ထို့ကြောင့် အာနန္ဒာထေရ်သည် ထိုနေ့၌ မေ့ကျန်ရစ်သော ဝိသာခါ၏ မဟာလတာတန်ဆာထုပ်ကို မြင်၍ မြတ်စွာဘုရားအား မြတ်စွာဘုရား ဝိသာခါသည် မဟာလတာတန်ဆာကို မေ့ပြီး ပြန်သွားပါသည် ဘုရားဟု လျှောက်ထားလေ၏။

အာနန္ဒာ၊ သင့်တော်သည့်နေရာ၌ ထားလိုက်ဟု မိန့်တော်မူ၏။

အာနန္ဒာထေရ်သည် ထိုအဝတ်တန်ဆာထုပ်ကို မြှောက်ချီ၍ လှေကားစောင်းတန်းဘေး၌ ချိတ်ဆွဲထားလေ၏။ ဝိသာခါသည် သုပ္ပိယာအမျိုးသမီးနှင့်အတူ အာဂန္တုရဟန်း၊ ခရီးသွားရဟန်း၊ ဂိလာနရဟန်း စသည်တို့၏ ပြုသင့်သည့်ကိစ္စကို သိအောင်ပြုအံ့ဟု ကျောင်းတွင်း၌ လှည့်လည်သွားလေ၏။

ထိုဥပါသိကာ ဝိသာခါ၊ သုပ္ပိယာတို့ကို ကျောင်းတွင်း၌ မြင်ကုန်၍ ထောပတ်၊ ပျား၊ ဆီ စသည်တို့ဖြင့် အလိုရှိကြကုန်သော ပကတိ ငယ်ရွယ်သော ရဟန်းငယ်နှင့် သာမဏေတို့က ခွက် စသည်တို့ကို ကိုင်၍ ဥပါသိကာတို့ထံ ချဉ်းကပ်ကြလေကုန်၏။

ဝိသာခါ၊ သုပ္ပိယာ၊ ဥပါသိကာတို့ ကျောင်းတွင်းလှည့်လည်ရာ ထိုနေ့၌လည်း ထို့အတူ ချဉ်းကပ်ကြကုန်၏။

ထိုအချိန်၌ ဂိလာန ရဟန်းတစ်ပါးကို မြင်၍ သုပ္ပိယာ ဥပါသိကာက အရှင်အား အဘယ်ပစ္စည်းဖြင့် အလိုရှိပါသနည်းဟုမေးလျှင် သားစိမ်း ငါးစိမ်းဖြင့် အလိုရှိသည်ဟု ပြောဆိုလတ်သော် အရှင်ဘုရား အလိုရှိတိုင်း ဖြစ်ပါစေမည်၊ တပည့်တော်မ အပို့လွှတ်လိုက်ပါမည်ဟု လျှောက်ထားခဲ့၍ နောက်နေ့၌ ကပ္ပိယမံသ (အပ်စပ်သော

အသား)ကို မရ၍ မိမိ သုပ္ပိယာ၏ ပေါင်အသားဖြင့် ပြုသင့်သည့် ကိစ္စကို ပြုပြီးသော် နောက်နေ့တွင် မြတ်စွာဘုရား၌ ကြည်ညိုခြင်းဖြင့် ပကတိ အသားအတိုင်း ပြန်ဖြစ်လေ၏။

ဝိသာခါသည်လည်း ဂိလာနရဟန်းနှင့် ရဟန်းငယ် သာမဏေတို့ကို လှည့်လည်ကြည့်ရှုပြီး တခြားကျောင်းတံခါးပေါက်ဖြင့် ထွက်ခဲ့၍ ကျောင်းဥပစာ၌ရပ်လျက် အမိ ငါ၏ အဝတ်တန်ဆာကို ယူခဲ့၊ ဝတ်ဆင်တော့မည်ဟု ပြောဆို၏။

ထိုခဏ၌ ထိုကျွန်မသည် မေ့လျော့ပြီး ကျောင်းမှ ထွက်လာမှန်း သိ၍ အရှင်မ မေ့နေရစ်ပါ၏ဟု ပြောဆိုလေ၏။

ဒါဖြင့်လျှင် သွားယူပြီး ပြန်ခဲ့။

ငါ၏ အရှင် အာနန္ဒာထေရ်သည် တခြားနေရာ၌ အကယ်၍ ထားခဲ့လျှင် ပြန်မယူခဲ့နှင့်တော့။ ထိုအဝတ်အထည်ကို အရှင်အာနန္ဒာထေရ်အားသာ ငါစွန့်လွှတ် လှူဒါန်းလိုက်ပြီဟု မှာလိုက်၏။

ဝိသာခါသည် လူတို့ မေ့ကျန်ရစ်ခဲ့သော ပစ္စည်းကို အရှင် အာနန္ဒာထေရ် သိမ်းဆည်းထားသတဲ့ဟု သိထား၏။ ထို့ကြောင့် ထိုသို့ ပြောခြင်းဖြစ်၏။

အရှင်အာနန္ဒာထေရ်လည်း ထိုကျွန်မကိုမြင်လျှင် ဘာကိစ္စအတွက် လာသနည်းဟု မေးတော်မူသဖြင့် တပည့်တော်မ၏သခင် အရှင်မ ဝိသာခါ၏ အဝတ်တန်ဆာ မေ့ရစ်ခဲ့၍ ပြန်လာပါသည်ဟု လျှောက်ထားအပ်လေသော် ဟိုစောင်းတန်းဘေးမှာ ငါထားခဲ့တယ်။ သွားယူချေဟု မိန့်တော်မူ၏။

ထိုကျွန်မသည် အရှင်ဘုရား၊ အရှင်ဘုရားတို့ လက်ဖြင့် ကိုင်မိပြီးသော ပစ္စည်းကို တပည့်တော်မ၏ အရှင်သခင်မ ဝိသာခါ ပြန်မယူတော့ပါဘုရားဟု ပြောဆို၍ ဝိသာခါထံ လက်ချည်း ပြန်လာလတ်

သော် ဝိသာခါက အမိ ဘယ်လိုလဲဟု မေးသဖြင့် အကြောင်းကို ပြောကြားလေ၏။

အမိ ငါ၏အရှင် အာနန္ဒာထေရ် ကိုင်မိပြီးသော ပစ္စည်းကို ငါ မဝတ်ဆင်လိုတော့ဘူး။ ငါစွန့်လွှတ်အပ်ပြီ။ သို့သော်လည်း အရှင်မြတ်တို့မှာ သိမ်းဆည်းထားဖို့ မလွယ်ဘူး။ ထိုပစ္စည်းကို ရောင်းချသောအားဖြင့် စွန့်လွှတ်ပြီး ရဟန်းတို့အား အပ်စပ်သော ပစ္စည်းကို ကပ်လှူတော့မည်။ ပြန်သွားပါ၊ ပစ္စည်းကို ပြန်ယူခဲ့ပါ။

ကျွန်မသည် ကျောင်းဝိုင်းအတွင်း ပြန်သွားပြီး မေ့ကျန်ရစ်သော အဝတ်ထုပ်ကို ယူခဲ့သည်။ ဝိသာခါသည် ထိုအဝတ်တန်ဆာကို မဝတ်ဆင်တော့ဘဲ ပန်းထိမ်ဆရာတို့ကို ခေါ်စေ၍ တန်ဖိုးဖြတ်စေ၏။ ပန်းထိမ်ဆရာတို့က ကိုးကုဋေထိုက်တန်၏။ အထည်ပစ္စည်း၏ လက်ခမှာ တစ်သိန်းတန်၏ဟု ပြောဆိုအပ်သော် မဟာလတာ အဝတ်တန်ဆာကို ယာဉ်ပေါ်၌ တင်စေ၍ ဒါဖြင့်လျှင် ထိုအဝတ်တန်ဆာကို ရောင်းလိုက်ကြဟု ဝိသာခါက ပြောဆိုလေ၏။

ကိုးကုဋေမျှသော ဥစ္စာကိုပေး၍ ဝယ်ယူနိုင်သူ မရှိချေ။ အဘယ့်ကြောင့်ဆိုသော် ထိုမဟာလတာ အဝတ်တန်ဆာကို ဝတ်ဆင်ရန် သင့်လျော်သော အမျိုးသမီးတို့မည်သည် ရဖို့ခဲယဉ်းလှသောကြောင့်တည်း။

မှန်၏၊ ဤကမ္ဘာမြေပြင်၌–

(၁) ဝိသာခါ မဟာဥပါသိကာ

(၂) မလ္လမင်း၏သား ဗန္ဓုလစစ်သူကြီး၏ဇနီး မလ္လိကာ

(၃) ဗာရာဏသီသူဌေး၏သမီး

ဤမိန်းမသုံးယောက်တို့သာ မဟာလတာ အဝတ်တန်ဆာကို ရကြကုန်၏။

ထို့ကြောင့် ဝိသာခါသည် မိမိကိုယ်တိုင်ကသာ မဟာလတာ အဝတ်တန်ဆာ၏ တန်ဖိုးကိုပေး၍ ကိုးကုဋေနှင့် တစ်သိန်းဥစ္စာတို့ကို လှည်းပေါ်၌ တင်၍ ကျောင်းသို့ ယူခဲ့ပြီး မြတ်စွာဘုရားကို ရှိခိုး၍ ဤသို့ လျှောက်ထားလေ၏။

မြတ်စွာဘုရား၊ တပည့်တော်၏ အရှင်ကောင်း အာနန္ဒာထေရ်သည် တပည့်တော်မ၏ မဟာလတာ အဝတ်တန်ဆာကို လက်ဖြင့် ကိုင်ထိအပ်ပါပြီ။ ထိုအရှင်အာနန္ဒာထေရ် ကိုင်ယူမိရာ အချိန်မှစ၍ ထိုမဟာလတာ အဝတ်တန်ဆာကို တပည့်တော်မ မဝတ်ဆင်တော့ပါ။ ထိုမဟာလတာ အဝတ်တန်ဆာကို ရောင်းချစွန့်လွှတ်၍ ကပ္ပိယပစ္စည်းကို ကပ်လှူမည်ဟု ရည်ရွယ်ပြီး ရောင်းချစေသော်လည်း ဝယ်ယူနိုင်မည့်သူကို မတွေ့မြင်၍ တပည့်တော်မကပင် ထိုမဟာလတာ အဝတ်တန်ဆာ၏ တန်ဖိုးကို ယူစေ၍ ကျောင်းသို့ လာခဲ့ပါသည်ဘုရား။

မြတ်စွာဘုရား၊ ပစ္စည်းလေးပါးတို့တွင် အဘယ်ပစ္စည်းကို ကပ်လှူရပါမည်နည်း။

ဝိသာခါ၊ မြို့အရှေ့ တံခါးအနီး၌ သံဃာသီတင်းသုံးဖို့နေရာကို ပြုဖို့ သင့်တယ်။

မြတ်စွာဘုရား၊ သင့်လျော်ပါသည်ဘုရား။

ဝိသာခါသည် နှစ်သက်ဝမ်းသာသောစိတ်ဖြင့် အသပြာငွေ ကိုးကုဋေတို့ဖြင့် ကျောင်းမြေကို ဝယ်ယူ၍ အခြားအသပြာငွေ ကိုးကုဋေတို့ဖြင့် ကျောင်းဆောက်လုပ်ရန် အားထုတ်လေ၏။

ထိုအချိန်ဝယ် နေ့တစ်နေ့၌ မြတ်စွာဘုရားသည် မိုးသောက်ခါနီး လင်းအားကြီးအချိန် သတ္တလောကကို ကြည့်တော်မူသည်ရှိသော် နတ်ပြည်မှ စုတေခဲ့၍ ဘဒ္ဒိယမြို့ သူဌေးအိမ်၌ လူဖြစ်လာသော ဘဒ္ဒိယသူဌေးသား၏ မဂ်ဖိုလ်ရစကောင်းသော အကြောင်းနှင့် ပြည့်စုံမှုကို မြင်တော်မူ၍ အနာထပိဏ်သူဌေးအိမ်၌ ဆွမ်းဘုဉ်းပေးပြီး သာဝတ္ထိ

မြို့ မြောက်ဘက်တံခါးသို့ ရှေးရှု ကြွတော်မူ၏။ မှန်ပေသည်၊ ပကတိသဘောအားဖြင့် မြတ်စွာဘုရားသည် ဝိသာခါအိမ်၌ ဆွမ်းကို ခံယူ၍ မြို့တောင်ဘက်တံခါးဖြင့် ထွက်ကြွပြီး ဇေတဝန်ကျောင်း တော်၌ နေတော်မူ၏။

အနာထပိဏ်သူဌေးအိမ်၌ ဆွမ်းကိုယူပြီး မြို့အရှေ့တံခါးဖြင့် ထွက် ကြွတော်မူ၍ ပုဗ္ဗာရာမ (မြို့ရှေ့အာရာမ်)၌ နေတော်မူ၏။

မြို့မြောက်ဘက်တံခါးကို ရည်ရွယ်၍ ကြွတော်မူသော မြတ်စွာ ဘုရားကို မြင်ကြ၍ဒေသစာရီ ကြွလိမ့်မည်ဟု သိကြကုန်၏။

ဝိသာခါသည်လည်း ထိုနေ့၌ မြတ်စွာဘုရား မြို့မြောက်ဘက် တံခါးသို့ ရှေးရှုကြွသွားတော်မူသည်ဟူသော စကားကို ကြားရ၍ မြတ်စွာဘုရားထံ လျင်မြန်စွာ လာ၍ ရှိခိုးပြီး မြတ်စွာဘုရား ဒေသ စာရီ ကြွလိုတော်မူပါသလားဘုရား။

ဝိသာခါ ဟုတ်တယ်။

မြတ်စွာဘုရား၊ ကုဋေသတ်မှတ် ကိုးနှစ်ထပ် ဉစ္စာရပ်ကို စွန့်လွှတ်၍ အရှင်ဘုရားများ သီတင်းသုံးရန် ကျောင်းကို ဆောက်လုပ်စေပါသည်။ ပြန်ကြွတော်မူပါဘုရား။

ဝိသာခါ၊ ငါဘုရား ယခု ကြွတော်မူခြင်းသည် ပြန်လှည့်ပြီး ကြွမည့် ကြွတော်မူခြင်း မဟုတ်။

ဝိသာခါသည် မြတ်စွာဘုရား မချွတ်ကေန် အကြောင်းမှန်နှင့် ပြည့်စုံသူတစ်ယောက်ကို မြင်တော်မူလိမ့်မည်ဟု ကြံမိ၍ မြတ်စွာ ဘုရား ပြန်မလှည့်သော ကြွခြင်းဖြင့် ကြွတော်မူပါလျှင် တပည့်တော်မ၏ ပြုသင့် မပြုသင့်ကို သိမြင်တတ်သော ရဟန်းတစ်ပါးကို ပြန်လှည့်၍ ကြွစေတော်မူပါဘုရား။

ဝိသာခါ၊ သင်နှစ်သက်ရာ ရဟန်း၏သပိတ်ကို ကိုင်ယူလော့။

ဝိသာခါသည် အာနန္ဒထေရ်ကို ချစ်ခင်မြတ်နိုးသော်လည်း မဟာမောဂ္ဂလာန်ထေရ်သည် တန်ခိုးကြီး၏။ ဤမထေရ်ကို အမှီရလျှင် ငါ၏ကျောင်းဆောက်လုပ်မှု လျင်မြန်စွာ ပြီးစီးလိမ့်မည်ဟု ကြံမိပြီး မောဂ္ဂလာန်ထေရ်၏ သပိတ်ကို ကိုင်ယူလေ၏။

မောဂ္ဂလာန်ထေရ်သည် မြတ်စွာဘုရားကို ကြည့်တော်မူသော အခါ မြတ်စွာဘုရားက သင်၏အခြံအရံ ရဟန်းငါးရာကို ယူ၍ ပြန်လှည့်တော့ဟု မိန့်တော်မူ၏။

မောဂ္ဂလာန်လည်း ရဟန်းငါးရာနှင့်အတူ မြတ်စွာဘုရားထံတော်မှ ပြန်ကြွလာလေ၏။ မောဂ္ဂလာန်ထေရ်၏ အစွမ်းအာနုဘော်ကြောင့် ယူဇနာငါးဆယ်၊ခြောက်ဆယ်တိုင်အောင် သစ်သားယူဖို့၊ ကျောက်ခဲတင်ဖို့ သွားကြသော လူတို့သည် ကြီးစွာသော သစ်နှင့် ကျောက်တို့ကို ယူခဲ့၍ ထိုနေ့မှာပင် ပြန်ရောက်လာနိုင်ကြကုန်၏။ လှည်း၌ သစ်နှင့်ကျောက်တို့ကို တင်ကြသော်လည်း ပင်ပန်းခြင်းမရှိကြ၊ လှည်းဝင်ရိုးလည်း မကျိုး။

မကြာမီပင် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ကို ဆောက်လုပ်ကြလေ၏။ အောက်ဘုံ၌ တိုက်ခန်းငါးရာ၊ အထက်ဘုံ၌ တိုက်ခန်းငါးရာ အားဖြင့် တိုက်ခန်းတစ်ထောင်ဖြင့် တန်ဆာအပ်သော ပြာသာဒ်ကျောင်း ဖြစ်လေ၏။

မင်းပယ်ရှစ်ပယ် ကျယ်ဝန်းသော စင်ကြယ်သော မြေအဖို့၌ ပြာသာဒ်ကျောင်း ဆောက်လုပ်စေ၏။

ကျောင်းပြာသာဒ် သက်သက်သည် မတင့်တယ်ဟု ကြံသိပြီး ကျောင်းပြာသာဒ်ကို ခြံရံ၍ ဝိုက်၍တည်နေသော ကမ္ဘဋ္ဌာန်းကျောင်းငါးရာ၊ ပြာသာဒ်ငါးရာ၊ တန်ဆောင်းငါးရာတို့ကို ဆောက်လုပ်စေ၏။

ထိုအချိန်မှ နောက်ကာလ၌ မြတ်စွာဘုရားသည် ကိုးလပတ်လုံး ဒေသစာရီ လှည့်လည်တော်မူ၍ တစ်ဖန် သာဝတ္ထိမြို့သို့ ကြွရောက်

တော်မူ၏။ ဝိသာခါ၏ ကျောင်းပြာသာဒ်၌ ပြုလုပ်စရာလုပ်ငန်းသည် ကိုးလဖြင့် ပြီးစီးခဲ့၏။

တစ်ခဲနက် အပြားခတ်အပ်သော နီမြန်းသော ရွှေဖြင့်သာလျှင် ရေအိုးခြောက်ဆယ်ဆန့်လောက်သော ပြာသာဒ်ထွတ်ကို ပြုစေ၏။ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူသည်ဟု ပြောဆိုအပ်သော စကားကိုကြား၍ ဝိသာခါသည် ခရီးဦးကြိုပြု၍ မြတ်စွာဘုရား ဤလေးလပတ်လုံး ရဟန်းသံဃာတော်ကို ခေါ်ယူ၍ ဤကျောင်း၌သာ နေတော်မူပါ။ တပည့်တော်မ ကျောင်းပြာသာဒ် ပူဇော်ပွဲ ပြုပါမည်ဟု မြတ်စွာဘုရားကို မိမိ၏ကျောင်းသို့ ပင့်ဆောင်ရန် ကတိပေး ဝန်ခံချက်ကို ယူလေ၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ် နေတော်မူလျက် လက်ခံတော်မူ၏။

ထိုအချိန်မှစ၍ ဝိသာခါသည် ဘုရားအမှူးရှိသော သံဃာတော် အား မိမိကျောင်း၌သာ အလှူပေးလေ၏။ ထိုအချိန်၌ ဝိသာခါ၏ မိတ်ဆွေမတစ်ဦးသည် အဖိုးတစ်သိန်း ထိုက်တန်သော အဝတ် တစ်ထည်ကိုယူ၍ လာပြီးလျှင် မိတ်ဆွေမ ဝိသာခါရေ ကျွန်မ ဒီအဝတ်ကို ရှင့်ကျောင်းပြာသာဒ်မှာ မြေအခင်းအသွင်ဖြင့် ခင်းလို ပါ၏ ကျွန်မအား ခင်းရမည့်နေရာကို ပြောပါ။

မိတ်ဆွေမရေ ကောင်းလှပါ၏၊ ကျွန်မက ရှင့်အား နေရာ မရှိ တော့ပါဟု ပြောခဲ့လျှင် ရှင်က ကျွန်မအား နေရာမပေးလိုလို့ ပြော သည်ထင်လိမ့်မယ်။ ရှင်ကိုယ်တိုင်သာ ကျောင်းပြာသာဒ်၏ ဘုံခုနစ်ဆင့် အခန်းတစ်ထောင်ကို ကြည့်ပြီး ခင်းရမည့်နေရာကို သိပါ။

ဝိသာခါ၏ မိတ်ဆွေ အမျိုးသမီးသည် အဖိုးတစ်သိန်းထိုက်တန် သော အဝတ်ကို ကိုင်၍ ဟိုနေရာ ဒီနေရာ လှည့်လည် ကြည့်ရှု သော် မိမိအဝတ်အောက် အဖိုးနည်းသော အဝတ်ကို မမြင်ရ၍ ငါတော့ ဒီကျောင်းပြာသာဒ်မှာ ကောင်းမှုအဖို့အစုကို ရတော့မည် မဟုတ်ဟု နှလုံးမသာမယာဖြစ်လျက် တစ်နေရာ၌ ငိုနေလေ၏။

ထိုအမျိုးသမီးကို အာနန္ဒာထေရ်မြင်၍ ဘာကြောင့် ငိုသနည်းဟု မေးတော်မူ၏။

ထိုအမျိုးသမီးသည် အကြောင်းကို လျှောက်ထားလေ၏။

သင် မစိုးရိမ်လင့်၊ ငါသင့်အား ခင်းရမည့်နေရာကို ပြောပြမည်ဟု အာနန္ဒာထေရ်က ပြောဆိုပြီး စောင်းတန်းခြေရင်း ခြေဆေးရာနေရာ၌ ရှေးဦးစွာ ဒီနေရာမှာ ခြေသုပ်ပြီး ကျောင်းထဲဝင်ကြလိမ့်မည်။ ဒီလို ဖြစ်တော့ သင့်မှာ အကျိုးများလိမ့်မည်ဟု မိန့်တော်မူ၏။

အမှန်အားဖြင့် ထိုခြေဆေးရာနေရာသည် ဝိသာခါ အမှတ် မထားမိသော နေရာဖြစ်လေ၏။ ဝိသာခါသည် လေးလပတ်လုံး ကျောင်းအတွင်း၌ ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူဝတ္ထု ပေးလှူလေ၏။ နောက်ဆုံးနေ့၌ ရဟန်းသံဃာအား သင်္ကန်းလျာ အဝတ်တို့ကို ပေးလှူလေ၏။ သံဃနဝက (အငယ်ဆုံးသံဃာ) ရသော သင်္ကန်းလျာ အဝတ်တို့သည် အဖိုးတစ်ထောင် ထိုက်တန်ကုန်၏။ ရဟန်းအားလုံးတို့အား သပိတ်အပြည့်ဆေးကို ပေးလှူ၏။ လှူဖွယ် ပစ္စည်းများ ပေးကမ်းစွန့်ကြဲရာ၌ ငွေကိုးကုဋေ ကုန်လေ၏။ ဤသို့ လျှင် ကျောင်းမြေကို ဝယ်ယူရာ၌ ကိုးကုဋေ၊ ကျောင်းကို ဆောက် လုပ်ရာ၌ ကိုးကုဋေ၊ ကျောင်းပူဇော်ပွဲ၌ ကိုးကုဋေအားဖြင့် စုစုပေါင်း နှစ်ဆယ့်ခုနစ်ကုဋေတို့ကို ဝိသာခါသည် မြတ်စွာဘုရား သာသနာ တော်၌ စွန့်ကြဲ လှူဒါန်းလေ၏။ မိန်းမအဖြစ်၌ တည်၍ မိစ္ဆာဒိဋ္ဌိ အိမ်၌နေလျက် ဤသို့ သဘောရှိသော ကြီးကျယ်များပြားစွာ စွန့်ကြဲမှု မည်သည် ဝိသာခါမှတစ်ပါး အခြားသော မိန်းမကားမရှိ၊ ဝိသာခါသည် ကျောင်း ပူဇော်ပွဲပြီးရာနေ့၌ မွန်းလွဲအချိန်တွင် သား၊မြေး၊မြစ်တို့ ခြံရံကာ ထိုအချိန်က ငါတောင့်တခဲ့သမျှ အားလုံး အောင်မြင်ပြီးဆုံး ပြီဟူသော စိတ်ဖြင့် ကျောင်းပြာသာဒ်ကို လှည့်လည်လျက် ငါးဂါထာ တို့ကို သာယာသော အသံဖြင့် ကျူးရင့်လေ၏။

၁။ ကဒါဟံ ပါသာဒံ ရမ္မံ၊ သုဓာမတ္တိကလေပနံ။
ဝိဟာရဒါနံ ဒဿာမိ၊ သက်ပွေါ မယှ ပူရိတော။
၂။ ကဒါဟံ ပဥ္စပိဠ္ဌ၊ ဘိသိဗိမ္ဗောဟနာနိ စ။
သေနာသနဘဏ္ဍံ ဒဿာမိ၊ သက်ပွေါ မယှ ပူရိတော။
၃။ ကဒါဟံ သလာကဘတ္တံ၊ သုစိံ မံသူပသေစနံ။
ဘောဇနဒါနံ ဒဿာမိ၊ သက်ပွေါ မယှ ပူရိတော။
၄။ ကဒါဟံ ကာသိကံ ဝတ္ထံ၊ ခေါမ ကပ္ပါသိကာနိ စ။
စီဝရဒါနံ ဒဿာမိ၊ သက်ပွေါ မယှ ပူရိတော။
၅။ ကဒါဟံ သပ္ပိနဝနီတံ၊ မဓုတေလဥ္စ ဖာဏိတံ။
ဘေသဇ္ဇဒါနံ ဒဿာမိ၊ သက်ပွေါ မယှ ပူရိတော။

၁။ အဟံ–ငါဝိသာခါသည်၊ ကဒါ–ဘယ်အချိန်အခါ၌၊ ရမ္မံ–မွေ့လျော်ဖွယ်ကောင်းသော၊ သုဓာမတ္တိကလေပနံ–အင်္ဂတေ မြေညက်တို့ဖြင့် လိမ်းကျံအပ်သော၊ ပါသာဒံ–ပြာသာဒ်ဖြစ်သော၊ ဝိဟာရဒါနံ–နေစရာကောင်း လှူဖွယ်ကျောင်းကို၊ ဒဿာမိ–ပေးလှူရအံ့နည်း၊ မယှံ–ငါ၏၊ သက်ပွေါ–အကြံသည်၊ ပူရိတော–ပြည့်လေပြီ။

၂။ အဟံ–ငါဝိသာခါသည်၊ ကဒါ–ဘယ်အချိန်အခါ၌၊ မဥ္စပိဠ္ဌ–ညောင်စောင်း အင်းပျဉ်လည်းဖြစ်သော၊ ဘိသိဗိမ္ဗောဟ နာနိစ–ဘုံလျို(မွေ့ရာ) ခေါင်းအုံးတို့လည်းဖြစ်ကုန်သော၊ သေနာသ နဘဏ္ဍံ–ကျောင်းအသုံးအဆောင်ပစ္စည်းကို၊ ဒဿာမိ–ပေးလှူရအံ့နည်း၊ မယှံ–ငါ၏၊ သက်ပွေါ–အကြံသည်၊ ပူရိတော–ပြည့်လေပြီ။

၃။ အဟံ–ငါဝိသာခါသည်၊ ကဒါ–ဘယ်အချိန်အခါ၌၊ သုစိံ–စင်ကြယ်စွာသော၊ မံသူ ပသေစနံ–အသားတို့နှင့် ရောပြွမ်းသော၊ သလာကဘတ္တံ–စာရေးတံဆွမ်းဟူသော၊ ဘောဇနဒါနံ–ဘောဇဉ် စားဖွယ် ပေးလှူဖွယ်ကို၊ ဒဿာမိ–ပေးလှူရအံ့နည်း၊ မယှံ–ငါ၏၊ သက်ပွေါ–အကြံသည်၊ ပူရိတော–ပြည့်လေပြီ။

၄။ အဟံ-ငါဝိသာခါသည်၊ ကဒါ-ဘယ်အခါ၌၊ ကာသိကံ-ကာသိတိုင်း၌ဖြစ်သော၊ ဝတ္ထံ-အဝတ်လည်းဖြစ်သော၊ ခေါမကပ္ပါသိကာနိစ-ခေါမတိုင်း၌ဖြစ်သော (ဝါ) ခုန်ချည်ဖြင့် ရက်အပ်သော အဝတ်၊ ဝါချည်အဝတ်လည်းဖြစ်ကုန်သော၊ စီဝရဒါနံ-သင်္ကန်းဟူသော လှူဒါန်းဖွယ်ကို၊ ဒဿာမိ-ပေးလှူရအံ့နည်း၊ မယှံ-ငါ၏၊ သင်္ကပ္ပေါ-အကြံသည်၊ ပူရိတော-ပြည့်လေပြီ။

၅။ အဟံ-ငါဝိသာခါသည်၊ ကဒါ-ဘယ်အချိန်အခါ၌၊ သပ္ပိနဝနီတံ-ထောပတ်ဆီဦးလည်းဖြစ်သော၊ မဓုတေလဥ္စ-ပျားနှင့်ဆီလည်းဖြစ်သော၊ ဖာဏိတံ-တင်လဲလည်းဖြစ်သော။ ဘေသဇ္ဇဒါနံ-ဆေးဟူသော လှူဒါန်းဖွယ်ကို၊ ဒဿာမိ-ပေးလှူရအံ့နည်း၊ မယှံ-ငါ၏၊ သင်္ကပ္ပေါ-အကြံသည်၊ ပူရိတော-ပြည့်လေပြီ။

ရဟန်းတော်တို့သည် ဝိသာခါ၏ ဥဒါန်းကျူးရင့်သံကို ကြားကြကုန်၍ မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

မြတ်စွာဘုရား၊ ဒီအချိန်အထိ ဝိသာခါ သီချင်းဆိုတာကို မတွေ့မြင်၊ မကြားဖူးပါ။ ဝိသာခါသည် ယနေ့ သား၊သမီး၊မြေး၊မြစ်တို့ ခြံရံလျက် သီချင်းဆိုကာ ကျောင်းပြာသာဒ်ကို လှည့်လည်နေပါသည် ဘုရား။ ဘယ့်နှာလဲ၊ ဝိသာခါသည် သည်းခြေပျက်လေသလား။ ဒါမှမဟုတ် ရူးမျှား ရူးသွားလေသလားဘုရား။

ချစ်သားရဟန်းတို့၊ ငါဘုရား၏ သမီးတော် ဝိသာခါ သီချင်းဆိုတာ မဟုတ်ပါ။ သူ့ရဲ့ အလိုဆန္ဒ ပြည့်စုံသွားပြီ၊ သူတောင့်တအပ်တဲ့ဆု အားလုံးသည် အပြီးအဆုံးသို့ ရောက်ပြီဟု နှစ်သက်ဝမ်းသာစိတ်ဖြင့် ဝိသာခါသည် ဥဒါန်းကျူးရင့်လျက် ကျောင်းပြာသာဒ်ကို လှည့်လည်နေတာဖြစ်တယ်။

မြတ်စွာဘုရား၊ ဝိသာခါသည် အဘယ်အချိန်အခါက ဆုတောင်းခဲ့ပါသနည်းဘုရား။

ချစ်သားတို့ နာယူကြမည်လော။

မြတ်စွာဘုရား နာယူကြမှာဖြစ်ပါသည်ဘုရား။

ရဟန်းတို့၊ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတစ်သိန်းထက် ကာလက ပဒုမုတ္တရမည်ငြား မြတ်ဘုရားသည် လောက၌ ထင်ရှားပွင့်ခဲ့တော်မူသည်။ ထိုဘုရား၏ သက်တော်သည် အနှစ်တစ်သိန်းဖြစ်၍ ရဟန္တာတစ်သိန်း အခြံအရံရှိ၏။ မြို့သည် ဟံသာဝတီမည်၏။ ခမည်းတော်သည် သုနန္ဒမည်သော မင်းဖြစ်၏။ မယ်တော်သည် သုဇာတာမည်သော မိဖုရားဖြစ်၏။

ပဒုမုတ္တရမြတ်စွာဘုရား၏ အဂ္ဂဥပဋ္ဌာယိကာ အလုပ်အကျွေး မိန်းမမြတ်ဖြစ်သော ဥပါသိကာတစ်ယောက်သည် ရှစ်မျိုးသော ဆုတို့ကို တောင်းဆိုခဲ့၍ မြတ်စွာဘုရား၏ မယ်တော်အရာ၌ ရပ်တည်ပြီး မြတ်စွာဘုရားကို လေးမျိုးသော ပစ္စည်းတို့ဖြင့် လှူဒါန်းပြုစုလျက် ညဥ့်နံနက် မြတ်စွာဘုရားအား အနီးကပ်ဆည်းကပ်ရာသို့ သွားလေ၏။ ဝိသာခါသည် ထိုဥပါသိကာ၏ မြတ်စွာဘုရားနှင့်အတူ ရင်းနှီးစွာ ပြောဆိုခြင်း၊ အကျွမ်းဝင်ခြင်းကို မြင်ရ၍ အဘယ်ကောင်းမှုကိုပြု၍ ဤသို့ ထင်ထင် ဘုရားရှင်တို့နှင့် အကျွမ်းဝင်သူ ဖြစ်လေသနည်းဟု ကြံစည်၍ မြတ်စွာဘုရားကို မေးလျှောက်လေ၏။

မြတ်စွာဘုရား ဤအမျိုးသမီးသည် ဘုရားရှင်တို့၏ အဘယ်ပါနည်း။ (အရှင်ဘုရားတို့နှင့် ဘယ်လိုတော်ပါသနည်း)

အနီးကပ် လုပ်ကျွေးသော အမျိုးသမီးတို့တွင် အထူးချွန်ဆုံး၊ အသာလွန်ဆုံး အမျိုးသမီးဖြစ်ပေသည်။

မြတ်စွာဘုရား တကယ်ပေါင်းစု အဘယ်ကောင်းမှုကို ပြုခဲ့၍ အနီးကပ် လုပ်ကျွေးသူ အမျိုးသမီးတို့တွင် အထူးချွန်ဆုံး၊ အမြတ်ဆုံး အမျိုးသမီး ဖြစ်ရပါသနည်းဘုရား။

ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဆုကို ပန်ဆင်၊ ကောင်းမှုစင် ခဲ့သောကြောင့် ဖြစ်ပေသည်။

မြတ်စွာဘုရား ယခု ဆုတောင်းလျှင် ရနိုင်ပါမည်လားဘုရား။

အေး၊ ရနိုင်တယ်။

မြတ်စွာဘုရား ဒါဖြစ်လျှင် ရဟန်းတစ်သိန်းနှင့်အတူ ခုနစ်ရက် တိုင်အောင် တပည့်တော်မ၏ ဆွမ်းကို ခံယူတော်မူပါဘုရား။

မြတ်စွာဘုရားသည် ခွန်းတုံ့မပြန်။ လက်ခံတော်မူ၏။

ထိုအမျိုးသမီးသည် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာ တော်အား ပေးလှူဖွယ်ကို ပေးလှူပြီး နောက်ဆုံးရက်၌ သင်္ကန်းလျာ အဝတ်တို့ကို ပေးလှူကာ မြတ်စွာဘုရားကို ရှိခိုးပြီး ခြေတော်ရင်း၌ တုံ့ဝပ်၍ ဆုတောင်းလေ၏။

မြတ်စွာဘုရား၊ တပည့်တော်မသည် ဤဒါနကောင်းမှု၏ အကျိုး အဖြစ်ဖြင့် နတ်မိဖုရား စသည်တို့တွင် တစ်ခုခုကိုမျှ မတောင်းဆိုပါ ဘုရား။ အရှင်ဘုရားတို့ကဲ့သို့သော တစ်ဆူသော မြတ်စွာဘုရား၏ ထံတော်၌ ရှစ်မျိုးသောဆုကို ရ၍ မြတ်စွာဘုရား၏ မယ်တော်အရာ၌ ရပ်တည်ပြီး ပစ္စည်းလေးမျိုးတို့ဖြင့် ဆက်ကပ်ပြုစုနိုင်သော အမျိုး သမီးတို့တွင် အထူးချွန်ဆုံး၊ အမြတ်ဆုံး အမျိုးသမီး ဖြစ်ရပါလို၏ ဘုရား။

မဒုမုတ္တရာမြတ်စွာဘုရားသည် ဤအမျိုးသမီး၏ ဆုတောင်းသည် ပြည့်စုံနိုင်မည်လောဟု အနာဂတ်ကို ဉာဏ်တော်ဖြင့် ဆင်ခြင်လတ် သော် ကမ္ဘာတစ်သိန်းတိုင်အောင် ကြည့်ရှုတော်မူ၍ ကမ္ဘာတစ်သိန်း၏ အဆုံး၌ ဂေါတမမည်သောဘုရား ပွင့်လိမ့်မည်။ ထိုအချိန်အခါ၌ သင်အမျိုးသမီးသည် ဝိသာခါအမည်ရှိသော ဥပါသိကာဖြစ်၍ ဂေါတမ မြတ်စွာဘုရားထံတော်၌ ရှစ်မျိုးသောဆုတို့ကို ရပြီးသော် ဘုရား၏ မယ်တော်အရာ၌ ရပ်တည်လျက် ပစ္စည်းလေးမျိုးတို့ဖြင့် ဆက်ကပ်

ပြုစုကြသည့် အနီးကပ် ဥပါသိကာတို့တွင် အမြတ်ဆုံးဖြစ်လိမ့်မည်ဟု မိန့်တော်မူလေ၏။

ထိုအမျိုးသမီးအား ထိုဆု၏ပြည့်စုံမှုသည် နက်ဖြန်ပင် ရမည်ကဲ့သို့ ဖြစ်လေ၏။ ထိုအမျိုးသမီးသည် အသက်ထက်ဆုံး ကောင်းမှု ကုသိုလ် ပြုလုပ်၍ ထိုဘဝမှ စုတေလျက် နတ်ပြည်၌ဖြစ်ပြီးလျှင် နတ်ပြည်၊ လူ့ပြည်အဖန်ဖန် ကျင်လည်ကာ ကဿပမြတ်စွာဘုရား လက်ထက် တော်၌ ကိကီမည်သော ကာသိမင်း၏ သမီးတော် ခုနစ်ဖော်တို့တွင် အငယ်ဆုံး သံဃဒါသီမည်သော သမီးတော်ဖြစ်၍ တခြားအိမ်သို့ (လင့်အိမ်သို့) မရောက်မူ၍ အစ်မကြီးခြောက်ယောက်တို့နှင့်အတူ အနှစ်နှစ်သောင်း ရှည်ညောင်းလှသော နှေးညဉ့်ပတ်လုံး ဒါနအစရှိ သော ကောင်းမှုတို့ကိုပြု၍ ကဿပမြတ်စွာဘုရား၏ ခြေတော်ရင်း၌ လည်း အနာဂတ်ကာလ၌ အရှင်ဘုရားတို့ကဲ့သို့သော မြတ်စွာဘုရား၏ မယ်တော်အရာ၌ ရပ်တည်လျက် ပစ္စည်းလေးပါးကို ပေးလှူသူ အမျိုး သမီးတို့တွင် အမြတ်ဆုံး ဖြစ်ရပါလို၏ ဟု ဆုပန်လေ၏။

ထိုအမျိုးသမီးသည် ထိုအချိန်မှစ၍ နတ်ပြည်၊ လူ့ပြည်တို့၌ အလီလီအဖန်ဖန် ကျင်လည်လျက် ဤဘဝ၌ မေဏ္ဍကသူဌေး၏သား ဖြစ်သော ဓနဉ္စယသူဌေး၏သမီး ဖြစ်လေ၏။

ငါဘုရား၏ သာသနာတော်၌ များစွာသော ကုသိုလ်ကောင်းမှု တို့ကို ပြုထားလေပြီ။

ရဟန်းတို့၊ ဤသို့လျှင် ငါဘုရား၏ သမီးတော် ဝိသာခါသည် သီချင်းဆိုသည်မဟုတ်။ ပန်ဆင်ခဲ့သော ဆု၏ ပြည့်မြောက်မှုကို မြင်၍ ဥဒါန်းကျူးရင့်လေ၏ဟု မိန့်တော်မူပြီး ဆက်လက်၍ မြတ်စွာ ဘုရားသည် ဆီလျော်သော တရားတော်ကို ဟောလိုတော်မူ၍...

ရဟန်းတို့ ဥပမာအားဖြင့် ပန်းကုံးအရာ လိမ္မာကျွမ်းကျင်သော ပန်းရောင်းသူသည် အမျိုးမျိုးသော ပန်းတို့၏ ကြီးစွာသော အစု

အပုံကို ပြုလုပ်၍ အမျိုးမျိုးသော ပန်းကုံးတို့ကို သီကုံးသကဲ့သို့၊ ထို့အတူ ဝိသာခါ၏စိတ်သည် အမျိုးမျိုးသော ကောင်းမှုတို့ကို ပြုလုပ်ခြင်းငှာ ကိုင်းညွတ်နေလေ၏ဟု မိန့်တော်မူပြီး ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူသည်။

**ယထာပိ ပုပ္ဖရာသိမှာ၊ ကယိရာ မာလာဂုဏေ ဗဟူ။**
**ဧဝံ ဇာတေန မစ္စေန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ။**

ဆေကော မာလာကာရော–ပန်းကုံးအရာ လိမ္မာသပ်ရပ် သီကုံးတတ်သူသည်၊ ပုပ္ဖရာသိမှာ–စိမ်း ဖြူ နီ ဝါ ညိုပြာရီမှုန် များစွာသော ပန်းအစုအပုံမှ၊ ဗဟူ မာလာဂုဏေ–မြင်ရသူတို့ စိတ်အစဉ်ဝယ် လိုချင်စဖွယ် အသွယ်သွယ် ရွေးချယ်စုရုံး များစွာသော ပန်းကုံးတို့ကို၊ ကယိရာ ယထာပိ–စိတ်ကူးယဉ်ကာ လျော်ရာစီရုံး သီကုံးလေသကဲ့သို့၊ ဧဝံ–ပန်းကုံးသူနှင့် မခြားတမူ အလားတူစွာ၊ ဇာတေန မစ္စေန–လူ့ရွာဘဝဖြစ်လာကြသော သေရမည့်သဘောသို့ လိုက်လျောရမည့်အမှန် အတန်တန်ထုတ်ဆို အသိအလိမ္မာရှိသော ပုဂ္ဂိုလ်သည်၊ ကုသလံ–ကိုယ်ပိုင်ဥစ္စာအမှန် ဘေးရန်အပေါင်း လွတ်နိုင်ကြောင်းဟု ကောင်းမှုခေါ်ဆို မြတ်ကုသိုလ်ကို၊ ဗဟုံ–ဤရွေ့ဤမျှ ငါပြုခဲ့ရလေပြီတကားဟု အားရမှုမထား များသည်ထက်များအောင်၊ ကတ္တဗ္ဗံ–မပြားအဆက်ဆက် ပြုအပ်ပြုသင့် ပြုထိုက်လှပေ၏။ ကတ္တဗ္ဗံ–လူ့ဘဝနဲ့လည်းဆုံ သာသနာတော်နဲ့လည်းကြုံ ကောင်းမှုတွေကိုလည်းယုံ သဒ္ဓါအဟုန် တိုးသည်ထက် တိုးပွားကာဖြင့် အကျိုးတရားအစုစုသိုက်မြိုက်ရလေအောင် အမျိုးမျိုးအစားစား ပြုထိုက်လှပါပေသတည်း။

ဤဂါထာဝယ် အဓိပ္ပာယ်ကား ပန်းကုံးသည့်နည်းလမ်း မည်မျှပင် တတ်ကျွမ်းသူဖြစ်စေကာမူ ပန်းတွေက နည်းနေလျှင် ပန်းကုံးများများ မသီကုံးနိုင်၊ ပန်းကုံးနည်းလမ်း မတတ်ကျွမ်းသူမှာမူ ပန်းပွင့်

တွေ များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ ပန်းကုံးများများရအောင် အများတကာ လိုချင်လာအောင် သီကုံးခြင်းငှာ မစွမ်းနိုင်ပေ။

ပန်းတွေကလည်း အရောင်မျိုးစုံကာ များစွာရှိနေ၊ ပန်းကုံးသူက လည်း ပန်းကုံးနည်း ပိုင်နိုင်တတ်ကျွမ်းနေလျှင် မြင်သူတွေ လိုချင် မဆုံး ပန်းကုံးများစွာကို သီကုံးနိုင်သည်နှင့်အတူ၊ အချို့လူမှာ သဒ္ဓါ နဲ့လျှင် ပစ္စည်းတွေ မည်မျှပေါများစေကာမူ ကုသိုလ်တရား များများ စားစား ပြုစွမ်းနိုင်သူ မဟုတ်ပါချေ။

သဒ္ဓါကလည်း နဲ့၊ ပစ္စည်းကလည်း ကျဲ့သူဖြစ်လျှင် ကုသိုလ် ပြုခွင့်မှာ တက်တက်စင် ဝင်နိုင်သူမဟုတ်ချေ။

သဒ္ဓါအားကြွယ် ဓနအားငယ်သူဖြစ်ကလည်း ကုသိုလ်အစားစား များများကြီး မပြုနိုင်ရှာ။ သဒ္ဓါလည်းကြွယ် ဥစ္စာလည်းထည်သူ ဖြစ်အံ့၊ ကုသိုလ်တရားတွေကို လွယ်လွယ်နှင့် ဖွယ်ဖွယ်ရာရာ ပြုနိုင်တော့ သည်။ ဝိသာခါကား သဒ္ဓါလည်းကြွယ်၊ ဥစ္စာလည်း ထည်သူဖြစ်သဖြင့် ကောင်းမှုအသွယ်သွယ် လွယ်လွယ်နှင့်ပင် တကယ် ပြုနိုင်သူ ဖြစ်ပေ သတည်း။

ဒေသနာတော်အဆုံး၌ များစွာသော လူတို့သည် သောတာပန် စဖမ်း၊ အရိယာစခန်းသို့ တက်လှမ်းကြရကား မြတ်ဗုဒ္ဓ၏ ဓမ္မဒေသနာ တော်သည် လူများအတွက် အကျိုးထွက်သော ဒေသနာတော် ဖြစ်ပေ သည်။

**ဝိသာခါဝတ္ထု ပြီး၏။**

# ဥပ္ပလဝဏ်ထေရီဝတ္ထု

ဥပ္ပလဝဏ်ထေရီအလောင်း အမျိုးသမီးသည် ကမ္ဘာတစ်သိန်း ထက်ကာလ ပဒုမုတ္တရမြတ်စွာဘုရား ခြေတော်ရင်း၌ ဆုတောင်းမှုကို ပြု၍ ကမ္ဘာတစ်သိန်းကာလပတ်လုံး ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်လျက် နတ်ပြည် လူ့ပြည် အလီလီအဖန်ဖန် ကျင်လည်ခဲ့လေရာ ဤမြတ်စွာဘုရား ပွင့်တော်မူရာ ချိန်အခါ၌ နတ်ပြည်မှ စုတေ၍ သာဝတ္ထိမြို့ သူဌေးအိမ်၌ ပဋိသန္ဓေ စွဲယူလေ၏။ ထိုအမျိုးသမီး၏ အမည်ကို ကြာညိုပွင့်အတွင်း အဆင်းနှင့်တူသော အဆင်းရှိသော ကြောင့် ဥပ္ပလဝဏ်ဟု မှည့်ခေါ်ကြ၏။

ဥပ္ပလဝဏ်အမျိုးသမီး အရွယ်ရောက်လာချိန်၌ ဇမ္ဗူဒိပ်တစ်ခွင်လုံးနေ မင်းနှင့် သူဌေးတို့က ဥပ္ပလဝဏ်၏ ဖခင်သူဌေးကြီးထံ သင်၏ သမီးကို ငါတို့အား ပေးပါဟု သတင်းပို့ကြသည်။ သတင်းမပေးသည့် မင်းသူဌေးဟူ၍ မရှိခဲ့။

သတင်းသံကို ဆူညံစွာ ကြားနေရသော ဖခင်သူဌေးကြီးသည် သမီးအတွက် စိတ်ပျက်စွာဖြင့် အကြံအစည်ဖြစ်လေ၏။ ငါသည် ငါ့သမီးအရေးနှင့် သတင်းပေးသူအားလုံးတို့၏ စိတ်နှလုံးကို ယူကြုံးနှစ်သက်စေနိုင်သူ မဟုတ်။ ဥပါယ်တံမျဉ် အကြောင်းတလီကို ပြုရပေတော့မည်။

ချစ်သမီး ဥပ္ပလဝဏ်။

ဖေဖေ ပြောလိုရာပြောပါ၊ သမီး နားထောင်နေပါတယ်။

ချစ်သမီး၊ ချစ်သမီးအတွက် ဖေဖေ အမြဲစိတ်ပျက်နေရတယ်။ ဖေဖေတို့မှာလည်း တစ်သက်ချမ်းသာ ငါ့သမီးမှာလည်း မင်္ဂလမ်း ဖြာလေအောင် စခန်းတစ်ခု ရဟန်းမပြုနိုင်ဘူးလား။

ဥပ္ပလဝဏ်သည် ပစ္ဆိမဘဝိကာ (နောက်ဆုံးဘဝရောက်နေသူ) ဖြစ်သောကြောင့် ဖခင်ကြီး၏စကားသည် အကြိမ်တစ်ရာချက်ထား သော ဆီအေးကို ဦးခေါင်း၌ လောင်းပေးလိုက်သကဲ့သို့ ဖြစ်လေ၏။

ဖေဖေ သမီး ရဟန်းပြုပါမည်။

ကောင်းပါလေ ကောင်းပါလေ ချစ်သမီး၊ ဖေဖေ ယခုပင် စိတ် ချမ်းသာလိုက်တာ၊ ဖေဖေ သမီးကို ချီးမြှောက်စရာအဖြာဖြာဖြင့် ချီးမြှောက်ပြီး နီးစပ်ရာကောင်းသည့် အမျိုးသမီးကျောင်းကို ပို့ပေး ပါမည်။

ကောင်းပါပြီ ဖေဖေ၊ ဩော်...ငါ့အတွက် စိတ်ပျက်ရှာတဲ့ ဖခင် ကြီးနှင့် မိခင်တို့ စိတ်အေးနိုင်ရန် အမျိုးသမီးရဟန်းအဖြစ်ကို ရလာ ပြီးနောက် ဥပုသ်ပြုရာ ကျောင်းအတွင်း ဆီမီးထွန်းဖို့ အလှည့်ရောက် လာပြီ။

ဥပုသ်ကျောင်းအတွင်း တံမြက်လှဲပြီးပြီ၊ ဆီမီးလည်း ထွန်းညှိ ပြီးပြီ၊ ဘုရားအာရုံပြု ကမ္မဋ္ဌာန်းရှုဦးမှပဲ။

ဩော်...ဆီမီးလျှံ ဆီမီးတောက်ပါလား၊ တေဇော တေဇော မီး...မီး။

တေဇောကသိုင်းကို အကြံညဏ်တစ်ခုနဲ့ အဖန်ဖန်ရှုလိုက်တော့ ငါ့သန္တာန်မှာယခု ဈာန်အမှုကိစ္စ ပြီးပါကလား။

ဒီဈာန်ကို အခြေခံပြုပြီး ရုပ်နာမ်တို့၏ ဖြစ်ပျက်ပျက် အာတန်တန်ကို အဖန်ဖန်ရှုမိပြန်တော့ သုဂတိဘဝတစ်ရပ် တစ်ကိုယ်သို့ မကပ်မခိုရတော့မည့် အရဟတ္တဖိုလ်ရောက် တရားပေါက်ခဲ့လေပြီတကား။

ဥပ္ပလဝဏ်ထေရီသည် အမျိုးသမီးရဟန္တာဖြစ်ပြီးနောက် ဇနပုဒ်၌ ဒေသစာရီ လှည့်လည်၍ ပြန်လာခဲ့ပြီး ရှေးကာလက မျက်မမြင်သူကန်းတို့ကို ထားခဲ့ရာ တောတွင်းသို့ ဝင်ရောက်နေထိုင်လေ၏။ ထိုအချိန်အခါက အမျိုးသမီးရဟန်းတို့ တောအရပ်၊ တောကျောင်း၌ နေထိုင်ခြင်းကို မြတ်စွာဘုရား တားမြစ်ခြင်း မပြုသေးချေ။

ထို့ကြောင့် ဥပ္ပလဝဏ်ထေရီ သီတင်းသုံးနေထိုင်ရန် ဖော်ပြပါ တောအတွင်း တောအရပ်၌ တစ်ဦးနေ ကျောင်းငယ်ကလေးကို ဆောက်လုပ်၍ ညောင်စောင်းငယ်ကို ခင်းပေးထားပြီး တင်းတိမ်ကန့်လန့်ကာ ကာပေးထားကြသည်။

တစ်နေ့သ၌ ဥပ္ပလဝဏ်ထေရီ သည် သာဝတ္ထိမြို့တွင်း၌ ဆွမ်းခံလှည့်လည်၍ မြို့တွင်းမှ မိမိနေထိုင်ရာ တောအရပ်ရှိ ကျောင်းငယ်သို့ ထွက်ခွာလာခဲ့သည်။

ဥပ္ပလဝဏ်ထေရ်ရီ၏ ဦးရီးတော်သူ၏သား နန္ဒလုလင် (ဥပ္ပလဝဏ်ထေရ်ရီနှင့် ဝမ်းကွဲမောင်တော်သူ)သည် ဥပ္ပလဝဏ်ထေရီ၏ လူဖြစ်စဉ် အပျိုဘဝကာလမှစ၍ ဥပ္ပလဝဏ်ကို တပ်မက်သောစိတ်ရှိသူဖြစ်၏။

နန္ဒလုလင်သည် ဥပ္ပလဝဏ်ထေရီ သာဝတ္ထိမြို့သို့ ပြန်ရောက်လာပြီး ယခင်တောကျောင်း၌နေကြောင်းကို လေ့လာစုံစမ်း သိထားသည်ဖြစ်၍ ဥပ္ပလဝဏ်ထေရ်ရီ ဆွမ်းခံပြီး တောကျောင်းငယ်သို့ မရောက်မီ ဦးစွာ ကြိုတင်လျက် သူကန်းတောသို့သွား၍ ဥပ္ပလဝဏ်ထေရ်ရီ သီတင်းသုံးနေထိုင်ရာ ကျောင်းငယ်ကလေးအတွင်းဝင်ကာ ညောင်စောင်းအောက်၌ ပုံးကွယ်နေလေ၏။

ဥပ္ပလဝဏ်ထေရ်ရီသည် ကျောင်းငယ်သို့ ပြန်ရောက်လာပြီး

ကျောင်းငယ်အတွင်းသို့ဝင်ကာ တံခါးပိတ်၍ ညောင်စောင်းငယ်၌ ထိုင်ကာမျှ နေပူမှလာခဲ့ရသဖြင့် မျက်စိအမြင် အမှောင်ရိပ်မကင်းမီပင် နန္ဒလုလင်သည် ညောင်စောင်းအောက်မှ ထွက်၍ ညောင်စောင်း ငယ်ပေါ် ရုတ်တရက် အမြန်တက်ကာ အမိုက်ကောင် ငါ့ကို မဖျက်ဆီး နဲ့၊ အမိုက်ကောင် ငါ့ကို မဖျက်ဆီးနဲ့ဟု တားမြစ်ဆဲမှာပင် အား ကုန်ဖိ၍ မိမိမျှော်လင့်တောင့်တချက် ကိစ္စကိုပြုပြီး ထွက်သွားလေ၏။

ထိုအချိန်အခါဝယ် နန္ဒလုလင်မိုက်၏ ကျေးဇူးမဲ့အဖြစ်ကြီးကို ခံထား နိုင်ခြင်းငှာ မစွမ်းနိုင်သကဲ့သို့ မဟာပထဝီမြေကြီးသည် နှစ်ခြမ်းကွဲ လေပြီ။

နန္ဒလုလင်မိုက်သည် မြေကြီးအတွင်းရောက်သွားပြီး မဟာအဝီစိ ငရဲ၌သာ ဖြစ်ရရှာလေသတည်း။

ဥပ္ပလဝဏ်ထေရ်ရီသည် ထိုအကြောင်းကို ဘိက္ခုနီ (အမျိုးသမီး ရဟန်း)တို့အား အသိပေးပြောကြားလေ၏။ ဘိက္ခုနီတို့က ဘိက္ခု (အမျိုးသားရဟန်း)တို့အား ထိုအကြောင်းကို ပြန်ပြောင်း ပြောကြ ကုန်၏။ ဘိက္ခုတို့သည် မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ထိုအကြောင်းအခြင်းအရာကို ကြားသိတော် မူလျှင် ဘိက္ခုတို့ကို ဖိတ်ခေါ်တော်မူပြီး...

ရဟန်းတို့ အမှတ်မထင် အကြင်လူမိုက်သည် ဘိက္ခုနီ ဥပါသိကာ တို့၌ မကောင်းမှုကို ပြုလုပ်လျက် (ပျားသကာ စသည့် အချိုရည် အရသာရှိသော ပစ္စည်းတို့တွင် တစ်စုံတစ်ခုသော အချိုအရသာရှိ ပစ္စည်းကို စားသုံးသောယောကျ်ားသည် နှစ်သက်ရွှင်လန်းသကဲ့သို့ အလွန်တက်ကြွသော စိတ်ရှိသကဲ့သို့) နှစ်သက်ရွှင်လန်း စိတ်သရမ်း ဖြင့် အတက်ကြွကြီး တက်ကြွလေတော့သည်ဟု အနုသန္ဓေ စကား ဆက်စပ်၍ တရားတော်ကို ဟောတော်မူလိုရကား ဤဂါထာကို ဟောပြတော်မူလေသည်။

**မဓုဝါ မညတိ ဗာလော၊ ယာဝ ပါပံ န ပစ္စတိ။**
**ယဒါ စ ပစ္စတိ ပါပံ၊ ဗာလော ဒုက္ခံ နိဂစ္ဆတိ။**

ဗာလော–လူမိုက်သည်၊ ယာဝ–အကြင်မျှလောက်သော ကာလပတ်လုံး၊ ပါပံ–မကောင်းမှုသည်၊ န ပစ္စတိ–အကျိုးမပေးသေး၊ တာဝ–ထိုမျှလောက်သော ကာလပတ်လုံး၊ ပါပံ–မကောင်းမှုကို၊ မဓုဝါ–ချိုမြိန်ရသာ ပျားသကာကဲ့သို့ မညတိ–အောက်မေ့ရှာလေ၏၊ ယဒါစ–အကြင်အခါကား၊ ပါပံ–မကောင်းမှုသည်၊ ပစ္စတိ–မကောင်းကျိုးကို ပေးလေ၏။

တဒါ–ထိုအချိန်၌၊ ဗာလော–လူမိုက်သည်၊ ဒုက္ခံ–ဆင်းရဲသို့၊ နိဂစ္ဆတိ–ရောက်ရလေတော့သတည်း။

လူမိုက်သည် မိမိပြုထားသော မကောင်းမှုတရားက မိမိအား မသေမီ မျက်မှောက်ဘဝ၌လည်းကောင်း၊ သေပြီးနောက် ဘဝအသစ်၌လည်းကောင်း မကောင်းကျိုးကို မပေးသေးသမျှ ကာလပတ်လုံး မကောင်းမှုကို ပျားသကာအသွင် အကောင်းထင်ရ၏။ မျက်မှောက်ဘဝ၌ အချုပ်ခံရခြင်း၊ ထောင်သွင်း အကျဉ်းချခြင်း စသည်ပြုခံရခြင်း၊ တမလွန်ကာလ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်ဘဝတို့၌ ကြီးစွာသော ဆင်းရဲကို ခံစားရခြင်းဖြင့် မကောင်းကျိုးကို ခံစားရလေတော့သတည်း။

ဒေသနာတော်အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

ထိုမှ နောက်ဖြစ်သော အချိန်တစ်ခု၌ တရားသဘင်ဝယ် စုဝေးမိသူတို့က နှီးနှောစကား ပြောကြားကြသည်မှာ...

ရဟန္တာတို့လည်း ကာမချမ်းသာကို သာယာခံစားကြလိမ့်မည် ထင်သည် ကာမကို မှီဝဲကြကုန်၏။ ဘာကြောင့် မမှီဝဲဘဲ နေကြလိမ့်မည်နည်း။ ရဟန္တာတို့သည် အခေါင်းရှိသော သစ်ပင်များ မဟုတ်

ကြ၊ အခေါင်းရှိသော တောင်ဘို့များလည်း မဟုတ်ကြ၊ စိုစွတ်သော အသားအသွေးရှိသည့် ကိုယ်ရှိသူများသာ ဖြစ်ကြသည်။

ထို့ကြောင့် ရဟန္တာတို့လည်း ကာမသုခကို ခံစားကြကုန်၏။ ကာမကို မှီဝဲကြကုန်၏။

မြတ်စွာဘုရား ကြွလာတော်မူပြီး အဘယ်စကားမျိုးဖြင့် စုဝေးနေကြတာလဲ ချစ်သားတို့ဟု မေးတော်မူသဖြင့် ရဟန္တာတို့လည်း ကာမချမ်းသာ ခံစားကြသည်ဟူသော စကားဖြင့် စုဝေးနေကြပါကြောင်း လျှောက်ထားလေသော် မြတ်စွာဘုရားက ဤသို့ ဆုံးဖြတ်စကား ဟောကြားတော်မူသည်။

ရဟန်းတို့...ရဟန္တာတို့သည် ကာမချမ်းသာကို သာယာခြင်း မရှိကြ၊ ကာမကို မမှီဝဲကြ။ ဥပမာ ပဒုမ္မာကြာရွက်၌ ကျရောက်လာသော ရေပေါက်သည် ကြာရွက်၌ မလိမ်းကျံ၊ မစိုစွတ်၊ မတည်နိုင်၊ လျောကျသည်သာဖြစ်သကဲ့သို့...

ပွတ်ဆောက်ဖျား၌ မုံညင်းစေ့သည် မရပ်တည်နိုင်၊ လိမ့်ကျသကဲ့သို့ ထို့အတူ ရဟန္တာ၏စိတ်၌ ကိလေသကာမ၊ ဝတ္ထုကာမ နှစ်မျိုးစလုံးသည် မလိမ်းကျံနိုင်၊ မရပ်တည်နိုင်ဟု အနုသန္ဓေစကား ဆက်စပ်၍ တရားဟောပြလိုရကား ဤဂါထာကို ဟောပြတော်မူလေသည်။

ဝါရိ ပေါက္ခရပတ္တေဝ၊ အာရဂ္ဂေရိဝ သာသပေါ။
ယော န လိမ္ပတိ ကာမေသု၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ပေါက္ခရပတ္တေ–ကြာရွက်၌၊ ဝါရိ–ရေသည်၊ နလိမ္ပတိ ဣဝ–ကပ်ငြိစွဲမှီ မရပ်တည်နိုင်သကဲ့သို့လည်းကောင်း၊ အာရဂ္ဂေ–ပွတ်ဆောက်ဖျား၌၊ သာသပေါ–မုံညင်းစေ့သည်၊ နလိမ္ပတိ ဣဝ–ကပ်ငြိစွဲမှီ မရပ်တည်နိုင်သကဲ့သို့လည်းကောင်း၊ ယော–အကြင်ပုဂ္ဂိုလ်သည်၊

ကာမေသု–ကိလေသာကာမ ဝတ္ထုကာမတို့၌၊ နလိမ္ပတိ–ကပ်ငြိစွဲမှီ မရပ်တည်လေ။ တံ–ထိုပုဂ္ဂိုလ်ကို၊ အဟံ–ငါဘုရားသည်၊ ဗြာဟ္မဏံ–ကိလေသာခပင်း ကုန်ပယ်ရှင်းပြီး အလျှင်းချမ်းသာ ရဟန္တာဟူ၍၊ ဗြူမိ–ဟောတော်မူပေ၏။

မြတ်စွာဘုရားသည် ပသေနဒီ ကောသလမင်းကို ခေါ်စေပြီး ဤသို့ မိန့်တော်မူ၏။

မင်းမြတ်၊ ဤသာသနာတော်၌ အမျိုးသားတို့ကဲ့သို့ အမျိုးသမီးတို့သည်လည်း များစွာသော ဆွေမျိုးအစုစည်းစိမ်ချမ်းသာ အစုတို့ကို ပယ်စွန့်ကာ ရဟန်းအလုပ်ပြုလုပ်၍ တော၌ နေကြကုန်၏။ တော၌ နေသူ ထိုအမျိုးသမီး ရဟန်းတို့ကို ရာဂဘီလူး ကာမကျူးသည့် လူရူး လူယုတ်တို့သည် ယုတ်မာသော မာန၊ လွန်ကဲသော မာန အလိုဖြင့် ညှဉ်းဆဲမှုလည်း ညှဉ်းဆဲကြကုန်၏။ အကျင့်မြတ်၏ အန္တရာယ်သို့မှုလည်း ရောက်စေကြကုန်၏။ ထို့ကြောင့် ဘိက္ခုနီ သံဃာအတွက် မြို့အတွင်း၌ နေရာဌာနကို ပြုလုပ်သင့်သည်။

ကောသလမင်းသည် ကောင်းပါပြီဘုရားဟု ဝန်ခံ၍ သာဝတ္ထိမြို့၏ နံဘေးတစ်ဘက်၌ ဘိက္ခုနီသံဃာအတွက် နေထိုင်စရာ ဌာနကို ပြုစေ၏။ ထိုအချိန်မှစ၍ ဘိက္ခုနီတို့သည် ရွာတွင်း၌သာ နေကြလေကုန်သတည်း။

ဥပ္ပလဝဏ်ထေရီရိဝတ္ထု ပြီး၏။

## ကာဏမာတာဝတ္ထု

မေမေ...။
ဩော်...သမီး ကာဏာလား။
ဟုတ်ပါတယ် မေမေ။
သမီး အလယ်လာတာလား။
ဟုတ်ပါတယ် မေမေ။
မေမေ့ကို လွမ်းတာနဲ့ ရှာက အလည်လာလိုက်တာ။
သမီးရဲ့ ယောက်ျားကို ပြောခဲ့ရဲ့လား။
ပြောခဲ့ပါတယ် မေမေ။
အေး...ဒါဖြင့်ရင် ငါ့သမီး ပျော်သလောက် နေသွားပေါ့။

အင်း...ငါ့အမျိုးသမီး ကာဏာ သူ့အမေအိမ် အလယ်သွားတာ တစ်ပတ်တောင်ကျော်လာပြီ၊ လူလွှတ်ပြီး အကြောင်းကြားဦးမှပဲ။

ကာဏာ မင်းသွားတာ တစ်ပတ်ကျော်ကြာပြီ၊ အိမ်ကအလုပ် တွေ လစ်ဟင်းကုန်ပြီ၊ မြန်မြန် ပြန်ခဲ့ပါ။

မေမေ ယောက်ျားဆီက လူလွှတ်ပြီး အကြောင်းကြားလာတယ် မြန်မြန် ပြန်ခဲ့ပါတဲ့။

အေး...ပြန်တာပေါ့ သမီး၊ ဒါပေမယ့် လက်ချည်းသက်သက် ယောက္ခမအိမ်ပြန်သွားလို့ မတော်ဘူး၊ လက်ဆောင်ယူသွားရအောင် ငါးမုန့်ကြော်ဦးမယ်။

အင်း...ဆွမ်းခံသွားရင်း မုန့်ကြော်ညှော်နံ့တယ်၊ ဟော...ဟိုမှာ ဒကာမကြီးတစ်ယောက် မုန့်ကြော်နေပါလား၊ သွားရပ်ဦးမှပဲ။

မှန်ပါဘုရား၊ တပည့်တော်မ အရှင်ဘုရား မျှတလောက်အောင် မုန့်ဆွမ်းလောင်းလှူပါတယ် ဘုရား။

ဟော့...ဦးဉာဏ။

ဘာလဲ ဦးတေဇ။

ဒီလမ်းအတိုင်း လျှောက်သွားလိုက်၊ ဒကာမကြီးတစ်ယောက် မုန့်ကြော်နေတယ်၊

အေး...အေး၊ ကောင်းပြီ၊ ကောင်းပြီ၊

ဩော်...အရှင်မြတ်တစ်ပါး ဆွမ်းရပ်လာပြန်ပါလား။

အရှင်ဘုရား၊ အရှင်ဘုရား မျှတလောက်အောင် တပည့်တော်မ မုန့်ဆွမ်းလောင်းလှူပါတယ်ဘုရား။

ဟော့...ဦးဗလ။

ဘာလဲ ဦးဉာဏ။

ဒီလမ်းအတိုင်း ကြွသွားပါ၊ ဒကာမကြီးတစ်ယောက် မုန့်ဆွမ်း လောင်းနေတယ်။

မှန်ပါ၊ မှန်ပါ။

အရှင်ဘုရား တပည့်တော်မ အရှင်ဘုရား ပြည့်စုံလောက်အောင် မုန့်ဆွမ်း လောင်းလှူလိုက်ပါတယ် ဘုရား။

သာဓု...သာဓု...သာဓု။

ဟော့...ဦးစိတ္တ။

ဘာလဲ ဦးဗလ။

ဒီလမ်းအတိုင်း ကြွသွားပါ၊ ဒကာမကြီးတစ်ယောက် မုန့်ဆွမ်း လောင်းနေတယ်။

အရှင်ဘုရား တပည့်တော်မ အရှင်ဘုရား ဘုဉ်းပေးလောက်အောင် မုန့်ဆွမ်းလောင်းလှူပါတယ် ဘုရား။

သာဓု...သာဓု...သာဓု။

ငါလောင်းလှူလိုက်သော မုန့်ဆွမ်းကို အရှင်မြတ်များ ဘုဉ်းပေးပြီး ပရိယတ်၊ ပဋိပတ်တရားများ အားထုတ်နိုင်ကြပါစေ။

မေမေ သမီး ဘယ်ရက်ပြန်ရမှာလဲ။

သမီးရေ လက်ဆောင်ယူသွားဖို့ မေမေ မုန့်ကြော်လိုက်တာ အရှင်မြတ်လေးပါးအား လောင်းလှူတာနဲ့ ကုန်သွားတယ် သမီးရဲ့၊ အမေ နောက်တစ်ခါ မုန့်လုပ်ဦးမယ်၊ မုန့်ယူပြီး ပြန်တာပေါ့သမီး။

အင်း...ကာဏာလည်း ပြန်မလာသေးဘူး။ လူလွှတ်အကြောင်းကြားဦးမှပဲ။

ကာဏာ အမြန်လာပါ၊ ကာဏာ ပြန်လာတာကို မြင်ချင်တယ်။

မေမေ ကျွန်မယောကျ်ားဆီက ပြန်လာဖို့ အကြောင်းကြားပြန်ပြီ သွားမှဖြစ်မှာ။

အေး...သွားတာပေါ့သမီးရယ်၊ မေမေ မုန့်လုပ်ဦးမယ်။

* * *

မေမေ ဘယ်ရက်ပြန်ရမှာလဲ။

သမီးရေ အရှင်မြတ်များအား လောင်းလှူလိုက်တာနဲ့ ကြော်ထားနဲ့ မုန့်တွေ ကုန်သွားပြန်ပြီ၊ ဖြေးဖြေးပေါ့ကွယ်။

ကာဏာ မြန်မြန် ပြန်ခဲ့ပါ၊ ဒီတစ်ခါ အကြောင်းကြားလို့မှ မလာရင် ငါ့တာဝန်မဟုတ်ဘူး။

မေမေ ကျွန်မယောက်ျားဆီက ပြန်လာဖို့ အကြောင်းကြားပြန်ပြီ၊ မြန်မြန်ပြန်မှပဲ၊ အိမ်က စိတ်ဆိုးနေပုံရတယ်။

အေး...အေး၊ ပြန်တာပေါ့ကွယ်၊ မုန့်ကြော်စမ်းပါဦးမယ်။

မေမေ ဘယ်ရက် ပြန်ရမှာလဲ။

သမီးရေ သာဓုသာ ခေါ်ပေတော့ကွယ်၊ ငါ့သမီးအတွက် လက်ဆောင်ပေးဖို့ မေမေ မုန့်ကြော်တာ သုံးကြိမ်ရှိပြီ၊ အခုလဲ ကုန်သွားပြန်ပြီ။

ကောင်းပါ့တော်၊ ကောင်းပါ့တော်။

ကာဏာ ညည်းပြန်မလာလို့ ညည်းယောက်ျားက နောက် မိန်းမတစ်ယောက်နဲ့ အိမ်ထောင်ပြုလိုက်ပြီတော့၊ ငါ့ကို မှာလိုက်လို့ လာပြောတာ။

အမယ်လေး တော်ကြပါပေရဲ့၊ ဒီကိုယ်တော်တွေ တစ်ကြိမ်မက နှောင့်ယှက်လို့ ကျွန်မအဖို့ ယောက်ျားတစ်ယောက် ဆုံးရှုံးပါပြီတော်။

ဟော့...ကိုယ်တော်၊ ဘယ်လမ်း ဆွမ်းခံကြွမလို့လဲ။

ဒါ့ပြင်လမ်းက ဆွမ်းမရနိုင်လို့ မုန့်ဆွမ်းလောင်းနေကျ ဒကာမကြီး နေရာအိမ်လမ်းကို ကြွမလို့။

ဟာ...ကိုယ်တော် ဒီလမ်းကို မကြွနဲ့တော့၊ ဒကာမကြီးကတော့ သောတာပန် အရိယာမကြီးဆိုတော့ ဘယ်လောက် လှူရ လှူရ အားရတယ်မရှိဘူး။ ဣဿာမစ္ဆရိယ ဝန်တိုနှမျောတဲ့တရား လုံးဝငြိမ်းပြီးသား၊ ကင်းစင်ပြီးသားဖြစ်တယ်။ သူ့သမီး ကာဏာက ပုထုဇဉ်မပီပီ နှမျောတယ်၊ တွန့်တိုတယ်၊ ဒါတွင်မကဘူး လက်ဆောင်ယူသွားဖို့ သူ့အမေ မုန့်ကြော်တာ သုံးကြိမ်အထိ ကြာအောင်စောင့်နေရတော့ တောရွာက သူ့လင်ယောက်ျား နောက်ထပ် မယားတစ်ယောက် ယူလိုက်ပြီကြားလို့ ကိုယ်တော်တွေ မြင်တိုင်း မြင်တိုင်း မျက်နှာထား

တင်းရုံမက အလိုက်မသိတဲ့ ကိုယ်တော်တွေ ဘာသာနဲ့ အပြင်း ဆဲဆိုနေတယ်။

ဟာ...ဟုတ်လား၊ နောက်ဆုတ်မှဟော့။

ဪ...ငါဘုရားရဲ့ သမီးရင်း ဥပါသိကာ၏သမီး ကာဏာက ငါ့တပည့်ရဟန်းတွေကို တွေ့တိုင်း တွေ့တိုင်း၊ မြင်တိုင်း မြင်တိုင်း၊ ဆဲရေး ပုတ်ခတ် ရှုတ်ချနေတယ်လို့ ကြားရတာ အမှန်ပဲ၊ ငါဘုရား ကြွရောက် ချီးမြှောက်မှ တော်မည်။

*   *   *

မြတ်စွာဘုရား ကြွတော်မူပါဘုရား၊ တပည့်တော်မ ခင်းထားတဲ့ နေရာမှာ သီတင်းသုံး ထိုင်တော်မူပါဘုရား။ မြတ်စွာဘုရားအား တပည့်တော်မ ယာဂုဆွမ်းနဲ့ မုန့်ခဲဖွယ်ကို ကပ်လှူပါ၏။ မျှတသည်အထိ ဘုဉ်းပေးတော်မူပါဘုရား။

*   *   *

ကောင်းပြီ ကာဏမာတာ (ကာဏာမိခင်) ငါဘုရား ဘုဉ်းပေးလို့ မျှတပြီ၊ သမီး ကာဏာ ယခု ဘယ်မှာလဲ။

မြတ်စွာဘုရား အရှင်ဘုရားတို့ကို မြင်တာနဲ့ သမီး ကာဏာ မျက်နှာ မသာမယာ ငိုနေပါတယ်ဘုရား။

ဘာကြောင့် ငိုရတာလဲ။

မြတ်စွာဘုရား တပည့်တော်မသမီး ကာဏာက အရှင်ဘုရားရဲ့ တပည့်ရဟန်းတွေကို မြင်တိုင်း မြင်တိုင်း ဆဲရေးပြစ်တင် ကဲ့ရဲ့ ရှုတ်ချနေပါတယ်ဘုရား။ ဒါကြောင့် အရှင်ဘုရားတို့ကို မြင်တော့ စိတ်မကောင်းစွာ မျက်နှာမသာမယာနဲ့ ငိုနေတာပါဘုရား။

ဪ...ဒီလိုဆိုရင် ကာဏာကို ငါဘုရားထံ ခေါ်လိုက်စမ်းပါ။

ဟော့...သမီး ကာဏာ၊ လာ...လာ၊မြတ်စွာဘုရား၊ ရှိခိုး၊ရှိခိုး။

ကောင်းပါပြီ မေမေ။

ကာဏာ ဘာကြောင့် ငါဘုရားကို မြင်တာနဲ့ မျက်နှာမသာ မယာ ပုန်းကွယ်ပြီး ငိုနေရတာလဲ။

မြတ်စွာဘုရား၊ တပည့်တော်မရဲ့သမီး ကာဏာက အရှင်ဘုရားရဲ့ မေးမြန်းချက်ကို စိတ်မသက်မသာ မျက်နှာမရွှင် မျက်ရည်အယဉ်ယိုစီးနေလို့ လျှောက်မထားနိုင်ပါ။ တပည့်တော်မ လျှောက်ထားပါမည်---

ကောင်းပြီ ကာဏမာတာ၊ ငါဘုရားအား လျှောက်ထားစမ်း။

သမီး ကာဏာ သူ့လင်ရွာက မာတာရှိရာ ဉာဏ်သာဝတ္ထိမြို့ တပည့်တော်မနေအိမ် အလည်ရောက်လာပြီး ပြန်ပါတော့မည် ပြောတော့ လက်ဆောင်ပေးလိုက်ဖို့ တပည့်တော်မ မုန့်ကြော်ရာသို့ သံဃာတော် လေးပါး ကြွလာချဉ်းကပ် ဆွမ်းရပ်သဖြင့် တပည့်တော်မက နှမျောမဖက် ရက်ရက်ရဲရဲ စိတ်ထဲရွှင်ပြုံးပြီး လောင်းလှူလိုက်ပါသဖြင့် လုံးလုံးမျှမကျန် နောက်တစ်ဖန် မုန့်ကြော်အပြီး ထိုနည်းပင် သဒ္ဓါထိန်လို့ သုံးကြိမ်မြောက် ရှေးနည်းအတူ မုန့်ကြော်တွေ လှူလို့ ကုန်သွားသဖြင့် သမီးက ရွာမပြန်နိုင်။ ကာမပိုင် ရွာယောကျ်ားက နောက် မယားတယောက် ယူလိုက်ပြီကြားလေတော့ သဘောထားမကြီး တပည့်တော်မသမီး ကာဏာ ငိုကြီးငိုက စိတ်မှာမချမ်း ရဟန်းတွေမြင်တိုင်း မဆိုင်းမတွ ဆဲရေးပြစ်တင် ဖြစ်နေပါတယ်ဘုရား။

ကာဏမာတာ ဘယ့်နှယ်လဲ၊ ငါဘုရားရဲ့ တပည့်တွေက သင်လှူတာကို အလှူခံတာလား၊ မလှူဘဲနဲ့ ယူတာလား။

မြတ်စွာဘုရား၊ မြတ်စွာဘုရားရဲ့ တပည့်သာဝကများက တပည့်တော်မ ပေးလှူတာကိုပဲ အလှူခံယူကြတာပါ ဘုရား။

ကောင်းပြီ၊ ကာဏမာတာ၊ ငါဘုရား၏ တပည့်သာဝကတို့က ဆွမ်းခံလှည့်လည်စဉ် သင့်အိမ် တံခါးပေါက်ရောက်လို့ သင်လှူတာကို အလှူခံယူကြလျှင် ရဟန်းတို့မှာ ဘာအပြစ်ရှိသလဲ။

မြတ်စွာဘုရား၊ အရှင်ဘုရားရဲ့ တပည့်သာဝကများမှာ အပြစ်မရှိပါဘုရား။ တပည့်တော်မသမီး ကာဏာမှာသာ အပြစ်ရှိတာပါဘုရား။

ကောင်းပြီ ကာဏာကို ငါဘုရားမေးဦးမည်။ ကာဏာ၊ ငါဘုရား၏ တပည့်သာဝကတို့ ဆွမ်းခံလှည့်လည်ကြစဉ် သင့်တို့အိမ်တံခါးဝကို ရောက်လာကြတယ်။ ငါဘုရားရဲ့ သာဝကတို့အား သင့်မိခင်က မုန့်တွေ ပေးလှူလိုက်တယ်။ ဒီလိုပေးလှူရာမှာ ငါဘုရားရဲ့ သာဝကရဟန်းတွေမှာ ဘယ်အပြစ်တွေ လွှမ်းနေပါသလဲ။

မြတ်စွာဘုရား၊ အရှင်မြတ်ရဲ့ သာဝကများမှာ အပြစ်မရှိပါ။ တပည့်တော်မမှာသာ အပြစ်ရှိပါတယ်။ မြတ်စွာဘုရား၊ ဘုရားတပည့်တော်မ ရဟန်းတော်များကို ဆဲရေးပြစ်တင် ကဲ့ရဲ့ရှုတ်ချမိတဲ့အပြစ်ကို သည်းခံ ခွင့်လွှတ်တော်မူပါဘုရား။

ကောင်းပြီ ကာဏာ၊ ငါဘုရားသည် သည်းခံခွင့်လွှတ်တယ်။ နည်းမှန်ရအောင် ငါဘုရားဟောမည့် ဓမ္မကထာ ဒေသနာတော်အသံကို အသေအချာ နာခံလေဦးလော့။

မှန်လှပါဘုရား။

ကာဏာ၊ ပေးလှူမှုဒါနဟူသည် ငါဘုရားသာမက ရှေးရှေးကာလ ပွင့်ကြကုန်ပြီး ဘုရားအသီးသီးတို့ ချီးကျူးရုံမက ကိုယ်တိုင်ပင် ဖြည့်ကျင့်ဆည်းပူးခဲ့သောကြောင့် ဘဝသံသရာ ချမ်းသာရုံမက ဒုက္ခ ခပ်သိမ်း ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် အမှန်ပင်ပေါက် ဘုရားအဖြစ်သို့ ရောက်ကြပြီး ဘဝဇာတ်သိမ်း ငြိမ်း ကြလေပြီ။

ပြုထိုက်ပေစွ ထိုဒါနသည် သီလအပေါ် ရပ်တည်ပြုရမှ အကျိုးဖလကြီးမားစွာ ရ၏။ နှစ်ဖြာသီလ ထိုဒါနကြောင့် ဘဝနတ်ထံ စည်းစိမ်ခံစံရပေသည်။

လူ့ရွာနတ်ထံ စည်းစိမ်မှန်ကို ခံစံရသော်လည်း ထိုသည့်စည်းစိမ် အရှိန်ရှိန်ကား မငြိမ်မသက် လောက်လက်လှုပ်ရှား ဖောက်ပြားယွင်းသွေ ပျက်စီးချေရကား မသွေနိစ္စ မဟုတ်ကြဘူး၊ ဒုက္ခခြင်းရာ မှန်လှစွာ၏။ ချမ်းသာစင်စစ် မှန်မဖြစ်ဘူး။ စွဲညစ်တဏှာ ကိလေသာမှ မှန်စွာစင်စစ် ချမ်းသာဖြစ်သည်။ ထိုသည့်အနှစ် ချမ်းသာစစ်ကို မလှစ်အမှန် ရနိုင်ရန်ကား သန်သန်အစွဲ ပြတ်ကင်းစဲမှ ရနိုင်ပေသည်။ ယင်းသည်အစွဲ ပြတ်ကင်းစဲရန်မှာလည်း သဲသဲသန်သန် အကျင့်မှန်ကို တရံမပြတ် ကျင့်သုံးတတ်မှ ပြတ်နိုင်ပေသည်။

ကာဏာသည် မြတ်စွာဘုရား၏ တရားတော်အစဉ်ကို ကြားနာရသဖြင့် မြတ်စွာဘုရား၏ ကြီးမားသော ကရုဏာရှင်ဖြစ်သည်ကို သိမြင် ကြည်ညိုမှု၊ ဒါနကထာအစရှိသော တရားတော်အစဉ်ကို နားတွင်စွဲမြဲ ကြားနာမှုတို့ဖြင့် ဖြစ်လာသော ပီတိ သောမနဿ နှစ်သက်ဝမ်းမြောက်မှုနှင့်တကွ ယင်းနှစ်သက်ဝမ်းမြောက်မှုနှင့် ဖြစ်ဖော်ဖြစ်ဖက် စိတ္တုပ္ပါဒ် နာမ်တရား၊ ယင်းနာမ်တရား၏ တည်ရာ ဟဒယဝတ္ထု နှလုံးရုပ်၊ ထိုရုပ်၏မှီရာ မဟာဘုတ် ရုပ်တရားတို့၏ ဖြစ်မှုပျက်မှုဟူသော အနိစ္စလက္ခဏာနှင့်အတူ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတို့ကို သဲသဲမိမိ မြင်သိလျက် ဝိပဿနာဉာဏ် ထက်သန်လတ်သော် သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်သိလေတော့သည်။

မြတ်စွာဘုရားသည် ကာဏာမာတာအိမ်မှ ဇေတဝန် ကျောင်းတော်သို့ ပြန်ကြွလတ်သော် ကောသလမင်းကြီး၏ နန်းတော်တစ်ခွင် မင်းရင်ပြင်ကို ဖြတ်ကျော်ကြွတော်မူလေရာ ကောသလမင်းကြီး မြင်ပြီး

အို...အမတ်ကြီးတို့ မင်းရင်ပြင်ကို ကြွချီလာတာ မြတ်စွာဘုရား မဟုတ်လားဟု မေးလျှင် ဟုတ်ကြောင်း ပြောဆို သဖြင့် မင်းကြီးများ မြတ်စွာဘုရားထံ အမြန်သွားကြပါ၊ ငါလာ၍ ရှိခိုးဦးမည်ကို လျှောက်ထားကြချေဟု စေလွှတ်ပြီးနောက် မင်းရင်ပြင်၌ ရပ်နေတော်မူသော မြတ်စွာဘုရားကို ချဉ်းကပ်ရှိခိုးပြီး မြတ်စွာဘုရား၊ အဘယ်အိမ်သို့ ကြွခဲ့ပါသနည်းဟု မေးလျှောက်လေ၏။

မင်းကြီး၊ ကာဏာ၏ မိခင်အိမ်သို့ ကြွရောက်ခဲ့တယ်။

မြတ်စွာဘုရား၊ ဘယ်လိုအကြောင်းကြောင့် ကြွရောက်တော်မူပါသနည်း။

မင်းကြီး၊ ကာဏာအမျိုးသမီးသည် ရဟန်းတို့ကို ဆဲရေး ပုတ်ခတ်ရှုတ်ချသတဲ့၊ ဒါကြောင့် ငါဘုရား ကြွတာ။

မြတ်စွာဘုရား၊ ဘယ်လိုပါလဲ။ အရှင်ဘုရားတို့သည် ကာဏာအမျိုးသမီး နောက်ထပ်မဆဲအောင် ပြုခဲ့ပါသလား ဘုရား။

ဟုတ်တယ် မင်းကြီး၊ ကာဏာကို ရဟန်းတို့ကို မဆဲအောင်လည်း ပြုခဲ့တယ်။ လောကုတ္တရာ စည်းစိမ်ရှင်မ ဖြစ်အောင်လည်း ပြုခဲ့တယ်။

မြတ်စွာဘုရား၊ အရှင်ဘုရားတို့က ကာဏာအမျိုးသမီးကို လောကုတ္တရာစည်းစိမ်ရှင်ဖြစ်အောင် ပြုတော်မူတော့ တပည့်တော်က လောကီဥစ္စာရှင်ဖြစ်အောင် ပြုပါမည်ဘုရား။

ထိုသို့ လျှောက်ထားပြီးနောက် ကောသလမင်းကြီးသည် အဝတ်တန်ဆာ ကာရံဖုံးအုပ်ထားသော မြတ်သောသူတို့နှင့် ထိုက်တန်သည့် ယာဉ်ကို စေလွှတ်၍ ကာဏာအမျိုးသမီးကို ခေါ်ဆောင်စေပြီး အဆင်တန်ဆာ အမျိုးစုံစွာတို့ဖြင့် တန်ဆာဆင်ပေးကာ သမီးကြီးအရာ၌ ထားလေ၏။

ထို့နောက် ကောသလမင်းကြီးသည် ဘယ်သူသည် ငါ၏သမီးတော်ကို ကျွေးမွေးစောင့်ရှောက်နိုင်မည်နည်း။ ကျွေးမွေးစောင့်ရှောက်

နိုင်သူသည် ငါ့သမီးတော်ကို ယူလော့ဟု မိန့်ဆိုလေ၏။ ထိုအခါ ကိစ္စကြီးငယ်အားလုံးကို ပြီးစီးအောင် ဆောင်ရွက်တတ်သော အမတ်ကြီးတစ်ယောက်သည်...

အရှင်မင်းကြီး၏ သမီးတော်ကို ကျွန်တော်မျိုး ကျွေးမွေးစောင့်ရှောက်ပါမည်ဟု တင်လျှောက်လေ၏။

ထိုအမတ်ကြီးသည် မင်းကြီး၏ ထိမ်းမြားပေးမှုကြောင့် ကာဏာကို မိမိအိမ်သို့ ခေါ်ဆောင်ကာ စည်းစိမ်အားလုံးကို အပ်နှင်း၍ အလိုရှိတိုင်း စိတ်ကြိုက် ကုသိုလ်ကောင်းမှုတို့ကို ပြုပါလေဟု ပြောဆိုထားလေ၏။

ထိုအချိန်မှစ၍ ကာဏာသည် အိမ်ဝင်းတံခါးလေးပေါက်တို့၌ ယောက်ျားတို့ကို အစောင့်ထားပြီး မိမိကိုယ်တိုင်ပင် အမျိုးသား ရဟန်း၊ အမျိုးသမီးရဟန်းတို့ကို ခဲဖွယ်ဘောဇဉ်တို့ဖြင့် လှူဒါန်း ဆက်ကပ်လုပ်ကျွေးလေ၏။ ကာဏာ မပေးလှူဖူးသော၊ မဆက်ကပ် မလုပ်ကျွေးဖူးသော အမျိုးသားရဟန်း၊ အမျိုးသမီးရဟန်းတို့ကို နေရာတကာ သေသေချာချာ ရှာသော်လည်း မရနိုင်ဖြစ်လေ၏။ ကာဏာ၏ အိမ်တံခါးဝ၌ လှူဒါန်းဖို့ရာ စီစဉ်ခင်းကျင်းထားအပ်သော ခဲဖွယ်ဘောဇဉ်သည် ကြီးစွာသော ရေအလျင်သဖွယ် ဖြစ်လေ၏။

ငါ့ရှင်တို့၊ ရှေ့ပိုင်းအချိန်က သက်ကြီးရဟန်း ထေရ်လေးပါးတို့သည် ကာဏာ၏ နှလုံးစိတ်ဝမ်း မချမ်းသာမှုကို ပြုခဲ့ကြသည်။

ကာဏာသည် နှလုံးစိတ်ဝမ်း မချမ်းမသာ ဖြစ်ခဲ့သော်လည်း မြတ်စွာဘုရားကို အကြောင်းပြု၍ သဒ္ဓါတရားနှင့် ပြည့်စုံမှုကို ရလေပြီ။

မြတ်စွာဘုရားသည် ကာဏာ၏ အိမ်တံခါးသို့ ရဟန်းတော်များ နောက်ထပ် ကပ်ရောက်ထိုက်အောင် ပြုတော်မူအပ်ပြီ။

ယခုအခါမှာမူ ကာဏာသည် ကျွေးထိုက်သော ကျန်သေးသည့် အမျိုးသားရဟန်း၊ အမျိုးသမီးရဟန်းတို့ကို လှည့်လည် ရှာဖွေသော်လည်း မရရှိအောင် ဖြစ်လေ၏။

အံ့ဩဖွယ် ရှိပါပေစွ၊ မြတ်စွာဘုရားတို့မည်သည် အံ့ဩဖွယ် ဂုဏ်နှင့် ပြည့်စုံတော်မူကြပါပေကုန်၏။

ဤသို့ ဓမ္မသဘင်၌ ရဟန်းတော်များ စကားပြောနေကြစဉ် မြတ်စွာဘုရား ကြွလာတော်မူ၍ သင်ချစ်သားတို့၊ ယခုအချိန်၌ အဘယ် စကားဖြင့် ပြောဆိုစုဝေးနေကြသနည်းဟု မေးမြန်းလတ်သော် ကာဏာ အမျိုးသမီးနှင့် စပ်၍ ပြောဆိုနေပါကြောင်း လျှောက်ထားသဖြင့်...

ရဟန်းတို့ ယခုအခါ၌သာ သက်ကြီးရဟန်းလေးပါးတို့က ကာဏာ အမျိုးသမီး၏ နှလုံးစိတ်ဝမ်း မချမ်းသာမှုကို ပြုအပ်သည် မဟုတ် သေး၊ အတိတ်ကာလ ရှေးဘဝကလည်း ပြုခဲ့ကြကုန်သည်သာ။

ယခုအချိန်၌သာ ကာဏာကို ငါဘုရား၏စကား လိုက်နာသူ ဖြစ်အောင် ငါဘုရားက ပြုအပ်သည် မဟုတ်သေး၊ ရှေးရှေးကာလ အတိတ်ဘဝကလည်း ပြုခဲ့သည်သာဟု မိန့်ဆိုတော်မူသဖြင့် ရှေးရှေး ကာလ အတိတ်ဘဝက ပြုခဲ့ပုံကို ကြားလိုကြသော ရဟန်းတို့အား အကျယ်ဟောတော်မူသည်။

(ဗဗ္ဗုဇာတ် အကျယ်ကို သီးခြားဆိုပေအံ့)

ရဟန်းတို့ အတိတ်ကာလ ရှေးဘဝကလည်း ကာဏာအမျိုးသမီး သည် နှလုံးမသာလျက် နောက်ကျိစိတ်၊ ပုံ့လွင့်စိတ်ရှိခဲ့ပြီး ငါဘုရား၏ စကားဖြင့် ကြည်လင်သော ရေရှိသော မဟာသမုဒ္ဒရာကဲ့သို့ ကြည်လင် သောစိတ် ရှိခဲ့ဖူးလေပြီဟု စကားအဆက်အစပ် ဆက်စပ်တော်မူပြီး ဤဒေသနာဂါထာတော်ကို ဟောတော်မူလေ၏။

**ယထာပိ ရဟဒေါ ဂမ္ဘီရော၊ ဝိပ္ပသန္နော အနာဝိလော။**
**ဧဝံ ဓမ္မာနိ သုတွာန၊ ဝိပ္ပသီဒန္တိ ပဏ္ဍိတာ။**

ဂမ္ဘီရော–ယူဇနာ ရှစ်သောင်းလေးထောင် အနက်ဆောင်သော၊ ရဟဒေါ–စိမ်းညို့ရောင် ရေရှိသော မဟာသမုဒ္ဒရာသည်၊အနာဝိလော–

အလယ်ပိုင်း ယူဇနာလေးထောင်မျှ အရပ်၌ နောက်ကျခြင်း မရှိသည် ဖြစ်၍၊ ဝိပ္ပသန္နော–အထူးကြည်လင်သော ရေရှိသည်၊ ဟောတိ ယထာပိ–ဖြစ်သကဲ့သို့လည်း၊ ဧဝံ–မဟာသမုဒ္ဒရာနှင့်အတူ၊ ပဏ္ဍိတာ– အသိ အလိမ္မာရှိသူတို့သည်၊ ဓမ္မာ နိ–ဓမ္မေ–ကောင်းစွာ ဟောဖော် တရား တော်တို့ကို၊ သုတွာန–သဒ္ဓါရှေ့ထား နာကြားကြကုန်၍၊ ဝိပ္ပသီဒန္တိ –သဒ္ဓါကွန့်မြူး အထူးကြည်လင်ကြလေကုန်သတည်း။

ဒေသနာတော်အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိ ဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

ဖော်ပြပါ ဂါထာ၏ အဓိပ္ပာယ်မှာ ယူဇနာရှစ်သောင်းလေးထောင် အနက်ရှိသော မဟာသမုဒ္ဒရာအောက်ပိုင်း ယူဇနာလေး**ထောင်**ခန့် ရေသည် ငါးလိပ်တို့ကြောင့် လှုပ်ရှားလေ၏။ အထက်ပိုင်း ယူဇနာ လေးသောင်းမျှရှိသော ရေသည် လေကြောင့် လှုပ်ရှားသည်။ အလယ် ပိုင်း ယူဇနာလေးထောင်မျှရှိသော ရေသည် မတုန်မလှုပ် တည်ငြိမ် နေ၏။

ထိုနည်းတူစွာ မြတ်စွာဘုရား၏ တရားဒေသနာကို ကြားနာကြ၍ တတ်သိလိမ္မာသူတို့ သောတာပတ္တိ မဂ်ဖိုလ်အစွမ်းဖြင့် ညစ်နွမ်းကြောင်း ကိလေသာကင်းသောစိတ် ရှိကြကုန်လျက် ကြည်လင်ကြကုန်၏။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်သို့ ရောက်သူတို့မှာကား စင်စစ် စိတ်ကြည်လင် သူတို့သာ ဖြစ်ကုန်၏။

## ဗဗ္ဗုဒေဝီကား ဤသို့ဖြစ်၏

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုနေစဉ် ဘုရားအလောင်းတော်သည် ကျောက်ဆစ်သမားမျိုး၌ဖြစ်ပြီး အရွယ် ရောက်သောအခါ ကျောက်ဆစ်အတတ် ပြီးဆုံးအောင် တတ်မြောက် သူဖြစ်၏။

ကာသိတိုင်း ရွာတစ်ရွာ၌ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော သူဌေးကြီးတစ်ဦးရှိ၏။ ထိုသူဌေးကြီး၏မြေ၌ မြှုပ်ထားအပ်သော ရွှေငွေသည် ကုဋေလေးဆယ်မျှ ရှိ၏။

သူဌေးကတော်သည် ကွယ်လွန်ခါနီးအချိန်၌ ထိုကုဋေလေးဆယ် ပစ္စည်းဥစ္စာ၌ တပ်မက်စွဲလန်းသော တဏှာကြောင့် ဥစ္စာထားရာ နေရာအနီး၌ ကြွက်မသတ္တဝါ ဖြစ်နေရှာလေ၏။ ထိုရွာသည် ကာလရှည်ကြာ နောက်ချိန်ခါ၌ လူနေအိမ်ခြေ ဆိတ်သုဉ်းလျက် ရွာပျက်ရွာဟောင်း ဖြစ်နေလေ၏။ ဘုရားအလောင်းတော်သည် ထိုရွာဟောင်းနေရာ၌ ကျောက်တို့ကို တူးဖော်၍ ကျောက်ဆစ်လုပ်ငန်းကို လုပ်ကိုင်နေလေ၏။ ကြွက်မသည် အစားအစာရှာဖွေ လှည့်ပတ် သွားလာစဉ် ဘုရားအလောင်းကို မပြတ်တွေ့မြင်နေသောကြောင့် ချစ်ခင်သည် ဖြစ်၍ ဤသို့ ကြံစည် ဆင်ခြင်လေ၏။

ငါ၏ဥစ္စာတို့သည် အကြောင်းမဲ့ အချည်းနှီး ပျက်စီးလိမ့်မည်။ ဤလူနှင့်အတူ ဤဥစ္စာတို့ကို သုံးဆောင်ပေတော့အံ့။ ထိုသို့ ကြံပြီးနောက် ကြွက်မသည် အသပြာတစ်ခုကို နှုတ်သီးဖြင့် ကိုက်ချီလျက် ဘုရားလောင်းထံသို့ လာလေ၏။ ဘုရားလောင်းသည် ချစ်ခင်ဖွယ်ကို ဆောင်လျက် မိခင် ဘယ်အတွက် အသပြာကို ကိုက်ချီ၍ လာခဲ့သနည်း။

အမောင်၊ ဤအသပြာကို ယူသွားပါ၊ အမောင်လည်း စားသောက်သုံးစွဲပါ၊ ငါ့အတွက်လည်း အသားဟင်းကို ဆောင်ယူခဲ့ပါ။

ကောင်းပါပြီ မိခင်။

ဘုရားအလောင်းသည် အသပြာတစ်ပဲဖြင့် အသားဟင်းကို ဝယ်ယူခဲ့ပြီး ကြွက်မအား ပေးလေ၏။

ကြွက်မသည် ထိုအသားဟင်းကို ယူ၍ မိမိနေရာသို့သွားပြီး စားလေ၏။ ဤနည်းဖြင့် အချိန်ကြာလာသောအခါ နေ့တစ်နေ့၌ ကြောင်တစ်ကောင်သည် ကြွက်မကို ဖမ်းမိလေ၏။

အမောင် ငါ့ကို မသတ်ပါနှင့်။

ဘာကြောင့် သင့်ကို မသတ်ဘဲ နေရမည်နည်း၊ ငါဆာလောင်နေသည်၊ သင့်အသားကို စားလိုသည်၊ ဒါကြောင့် မသတ်ဘဲ မနေနိုင်။

အမောင် တစ်နေ့တွက်တာ စားလိုသလော၊ နေ့စဉ်ရက်ဆက် စားလိုသလော။

စားစရာရလျှင် အမြဲစားလိုသည်။

ဒါဖြစ်လျှင် ငါ့ကို လွှတ်ပါ၊ ငါသည် သင့်အား အမြဲမပြတ် အသားဟင်းကို ပေးပါမည်။

အေး...ဒီလိုဆိုရင် မေ့မေ့လျော့လျော့ မဖြစ်စေနဲ့၊ နင့်ကို ငါ လွှတ်လိုက်တယ်။

ကောင်းပါပြီ ကိုကြောင်။

ကြွက်မသည် မိမိအတွက် ယူခဲ့သော အသားဟင်းကို နှစ်စုခွဲပြီး တစ်စုကို ကြောင်အားပေး၍ တစ်စုကို မိမိစားလေ၏။

နောက်မကြာမီ ကြောင်တစ်ကောင်က ထိုကြွက်မကို ဖမ်းမိပြန်လေ၏။

ကြွက်မသည် ရှေးနည်းအတိုင်း ပြောသဖြင့် ကြောင်လက်မှ လွတ်လာပြန်လေ၏။ ဤနည်းဖြင့် ကြောင်လေးကောင်က ကြွက်မကို ဖမ်းမိလေရာ ကြွက်မသည် ရှေးနည်းအတိုင်းပြော၍ ကြောင်လက်မှ လွတ်လာပြီး ကျောက်ဆစ်သမားက မိမိအတွက် ပေးလာသော အသားဟင်းကို ငါးပုံ ငါးစုခွဲဝေ၍ လေးပုံကို ကြောင်လေးကောင်အား တစ်ပုံစီ ပေးပြီး ကျန်တစ်ပုံကိုသာ မိမိစားရသဖြင့် ရက်လကြာသောအခါ ကြုံလှီသောကိုယ်၊ နည်းပါးသော အသားအသွေးဖြင့် ဘုရားလောင်းထံ သွားလေ၏။

ဘုရားလောင်းက အကြောင်းခြင်းရာကို မေးမြန်းသောအခါ ကြွက်မက မိမိတွေ့ကြုံရသော အခြေအနေကို ပြောပြလေ၏။

ဘုရားလောင်းသည် မိခင် ဘာကြောင့် ဒီအကြောင်းကို ငါ့အား မပြောသနည်း။ ငါသည် ဤကိစ္စကို သိအောင်ပြုမည်ဟု ပြောဆိုလျက် ကြွက်မကို သက်သာရာ ရစေ၏။

ဘုရားလောင်းသည် အဖန်ဖန် ပွတ်သပ်အပ်သည်ဖြစ်၍ ဖန်ရောင်တောက်နေသော ကျောက်လိုဏ်ဂူငယ်ကို ပြုလုပ်ယူဆောင်ခဲ့ပြီး ကြွက်မကို ဤသို့ ပြောလေ၏။

မိခင် သင်သည် ဤလိုဏ်ဂူငယ်အတွင်းသို့ ဝင်ပြီး အိပ်နေပါ။ လာလာသမျှ ကြောင်တို့အား ခက်ထန် ကြမ်းကြုတ်သောစကားဖြင့် ခြိမ်းခြောက်ပြောဆိုပါ။

ကြွက်မသည် ဘုရားလောင်းပြောသည့်အတိုင်း လိုဏ်ဂူငယ်အတွင်းသို့ ဝင်၍ အိပ်နေလေ၏။ ထိုအခါ ကြောင်တစ်ကောင်က လာ၍ ယခု ငါ့အား အသားဟင်းကို ပေးလော့ဟု တောင်းဆို၏။

ဟဲ့...ကြောင်မိုက်၊ သင်ငါ့ကို ဒီကိုလာ၍ ပြောရသလား။ ငါ့ကို သင့်အတွက် အသားယူပေးသူဟု မှတ်ထင်လေသလော။ ဒီပြင် အသားကို ရှာစားချေလော့။

ကြောင်သည် ကြွက်မ၏ ဖန်လိုဏ်ဂူ၌ အိပ်နေသည်ကို မသိသောကြောင့် အမျက်ဒေါသ ပြင်းစွာထလျက် ကြွက်မကို ဖမ်းယူအံ့ဟု လျင်စွာပြေး၍ ခုန်အုပ်လေရာ ရင်နှလုံးသားဖြင့် ဖန်လိုဏ်ဂူကို ပြင်းထန်စွာ တိုက်မိလေသောကြောင့် နှလုံးသားကွဲ၍ သေပြီး ဖန်လိုဏ်ဂူပေါ်မှ လိမ့်ကျလေ၏။ ကျန်သည့် ကြောင်သုံးကောင်တို့လည်း ဤနည်းဖြင့် သေကြေကုန်၏။

ကြွက်မသည် ကြောင်ဘေးရန် ကင်းငြိမ်းပြီးဖြစ်၍ ဘုရားအလောင်းအား နေ့စဉ်နေ့တိုင်း အသပြာနှစ်ခု သုံးခုတို့ကို ပေးလေ၏။ ဘုရားလောင်းနှင့် ကြွက်မတို့သည် မေတ္တာမပျက် အသက်ထက်ဆုံးနေကြ၍ ကွယ်လွန်ကြသောအခါ ကံအားလျော်စွာ လားကြ

လေကုန်၏။ မြတ်စွာဘုရားသည် ဤဒေသနာတော်ကို ဆောင်တော်မူ၍ ဤဂါထာကို ဟောပြတော်မူသည်။

ယတ္ထေကော လဘတေ ဗဗ္ဗု၊ ဒုတိယော တတ္ထ ဇာယတိ။
တတိယော စ စတုတ္ထော စ၊ ဣဒံ တေ ဗဗ္ဗုကာ ဗိလံ။

ယတ္ထ–အကြင်အရပ်၌၊ ဧကော ဗဗ္ဗု–ကြောင်တစ်ကောင်သည်၊ လဘတိ–ကြွက်မနှင့် အသားဟင်းကို ရလေ၏၊ တတ္ထ–ထိုအရပ်၌၊ ဒုတိယောစ–နှစ်ကောင်မြောက် ကြောင်သည်လည်းကောင်း၊ တတိယောစ–သုံးကောင်မြောက် ကြောင်သည်လည်းကောင်း၊ စတုတ္ထောစ–လေးကောင်မြောက် ကြောင်သည်လည်းကောင်း၊ ဇာယတိ–ဖြစ်ပေါ်လာ၏၊ ဣဒံ ဗိလံ–ဤဖန်လိုဏ်ဂူကို၊ တေ ဗဗ္ဗုကာ–ထိုကြောင်တို့သည် (ဉရေန–ရင်ဘတ်ဖြင့်၊ ပဟရိတွာ–တိုက်ခတ်ကုန်၍၊ ဇီဝိတက္ခယံ–အသက်ကုန်ခြင်းသို့၊ ပတ္တာ–ရောက်လေကုန်၏။)

ယခုအခါ သက်ကြီးရဟန်းလေးပါးတို့သည် ထိုအချိန်က ကြောင်လေးကောင်ဖြစ်ကုန်၏။ ယခုအခါ ကာဏာ အမျိုးသမီးသည် ထိုအချိန်က ကြွက်မဖြစ်လေ၏။ ယခုအခါ ငါဘုရားသည်သာ ထိုအချိန်က ကျောက်ဆစ်သမားဖြစ်ခဲ့ပြီဟု ဇာတ်တော်ကို ပေါင်းပြလေသတည်း။

**ကာဏာမာတာဝတ္ထု ပြီး၏။**

# အညတရဏ္ဍတ္ထိဝတ္ထု

အင်း...ငါဆွမ်းခံဘုဉ်းပေးပြီးပြီ၊ မြတ်စွာဘုရားထံတော်က အရဟတ္တဖိုလ်ရောက် ပေါက်မြောက်နိုင်တဲ့ ကမ္မဋ္ဌာန်းကို တောင်းယူပြီး သာဝတ္ထိမြို့ပြင်ဘက် ထွက်လာခဲ့တယ်။ အစောင့်အရှောက် ကင်းမဲ့နေတဲ့ ဒီဥယျာဉ်ဟောင်းကြီးအတွင်းဝင်ပြီး အရိပ်ကောင်းတဲ့ သစ်ပင်ရင်းမှာ ရဟန်း တရား အားထုတ်မှပဲ။

အင်း...ဒီသစ်ပင်ကြီး အရိပ်ကောင်းတယ်၊ သစ်ပင်ရင်း သားရေနယ်ခင်းပြီး တရားအားထုတ်ပြီ။

. . .

ဟော့...ဘယ့်နှယ်လဲ၊ ဒီကနေ့ အားရဲ့လား၊ ကိုယ်နဲ့ အချိန်ရပ့်မလား။

ရပါတယ် အစ်ကို။

ငွေကြေးက ဘယ်လိုလဲ၊ အရင်အတိုင်းပဲလား၊ ပြင်သေးသလား။

မပြင်ပါဘူး အစ်ကို။ အရင်အတိုင်းပါပဲ။

ဒါဖြင့်လျှင် ဒီနေ့ ဘယ်နေရာမှာ ဆုံကြမှာလဲ။

အစ်ကို ဆုံဖို့ကောင်းတဲ့နေရာကတော့ သာဝတ္ထိမြို့ ပြင်ဘက် ဥယျာဉ်ဟောင်းကြီး မြောက်ဘက်မှာ ကပ်လျက် အရိပ်လည်းကောင်း၊

ခြုံနွယ်တွေနဲ့ လူအမြင်ဆိတ်တဲ့ သစ်ပင်ကြီးရှိတယ်။ အဲဒီမှာ ဆုံကြတာပေါ့။

ကောင်းပြီ၊ ငါလာခဲ့မယ်။ နင်က နင်ပြောတဲ့နေရာကို သွားနှင့်။

ကောင်းပါပြီ အစ်ကို။ ကျွန်မ သွားနှင့်မယ်။ မလာဘဲတော့ မနေနဲ့နော်။

မလာရင် နောက်ကို အချိန် မပေးနိုင်ဘူး။

ဟုတ်ပါပြီကွာ၊ သွားတာ သွားနှင့်ပါ။

* * *

အင်း...ချိန်းထားတဲ့နေရာ ငါလာပြီး စောင့်နေရတာ အချိန်အတော် ကြာသွားပြီ၊ ဟိုလူလည်း မလာသေးဘူး။ လာမည့် လမ်းကို လှမ်းမျှော်ကြည့်လို့လည်း မမြင်ရဘူး။ ဒီလူ စကားမတည်ဘူး။ စကားပြောစဉ်က ပိုက်ဆံယူထားလိုက်ရလျှင် ကောင်းမှာ။

ဩော်...ချိန်းထားတဲ့လူ မလာလို့ ဥယျာဉ်ဟောင်းထဲ လှည့်ပတ်လာလိုက်တာ ဟို...အရိပ်ကောင်းတဲ့ သစ်ပင်အောက်မှာ ရဟန်းတစ်ပါး မြင်ရတယ်။ ခန္ဓာကိုယ် မလှုပ်မယှက်နဲ့ ကမ္မဋ္ဌာန်း အားထုတ်နေပုံရတယ်။ သူလဲ အဝတ်ကွဲပေမယ့် ယောက်ျားတစ်ယောက်ပဲ။ ဟိုလူမလာမှတော့ သူနဲ့ပဲ ပျော်ရတော့မယ်။ မိန်းမ မာယာနဲ့ ဒီရဟန်းရဲ့ စိတ်တွေ တွေဝေခြောက်ခြားပြီး ငါ့အလိုဘက်ပါအောင် လုပ်မှပဲ။

အင်း...အနီးတော့ ရောက်လာပြီ။ ကဲ...အင်္ကျီကို ချွတ်တယ်၊ လုံချည်ကို ချွတ်တယ်၊ လုံချည်ကို ခါတယ်၊ ပြန်ဝတ်တယ်၊ ပြန်ချွတ်တယ်၊ ခါတယ်၊ ပြန့်ချွတ်တယ်။ ဆံထုံးကို ဖြေတယ်၊ ပြန်ထုံးတယ်၊ လက်ခုပ်တီးတယ်၊ ဖြောင်း...ဖြောင်း...ဖြောင်း။ ရယ်တယ်၊ ဟား...ဟား...ဟား...။

သြော်...ငါ့ရဲ့ ခန္ဓာပဥ္စကအတွင်း ဉာဏ်သွင်းပြီး အားတင်းရှုလိုက်တော့ အတည်တကျ ဖြစ်နေတာ တစ်ခုမျှ မရှိပါကလား။ တစ်ခုပျက်လိုက်၊ တစ်ခုဖြစ်လိုက်။ ရုပ်တရားရော၊ နာမ်တရားပါ ဖြစ်ပျက်ချည်းပါပဲလား။ မြဲတာရယ်လို့ မရှိဘူး။ ဒီမမြဲတာတွေကိုပဲ သုခလို့ ထင်နေကြတယ်။ အမှန်တော့ ဖြစ်တယ်၊ ပျက်တယ်ဆိုတာ ဒုက္ခတွေချည်းပဲ။ မြဲလည်း မမြဲ၊ ချမ်းသာလည်း မဟုတ်တဲ့ ဒီရုပ်နဲ့ နာမ်ဟာ ငါဆိုတာ၊ ငါ့ဥစ္စာဆိုတာ ဘာမျှ ပြောစရာမရှိ။ အနတ္တ အတိပါပဲ။

ဒီလို ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေနဲ့ တွေ့ကြုံနေရတာ ပျင်းရိငြီးငွေ့စရာကြီးပဲ၊ ဘယ်အခါမှ ဒီရုပ်နာမ်တွေမှ ကင်းလွတ်ပါမည်နည်း။

ဘယ်လိုပါလိမ့်...

* * *

သြော်...ငါဘုရားထံမှ အရတ္တဖိုလ်ပေါက် ကမ္မဋ္ဌာန်းတောင်းသွားတဲ့ ငါ့သားတော်ရဟန်း ဘယ်အခြေအနေ ရောက်နေပါလိမ့်မလဲ။ ငါဘုရား သဗ္ဗညုတဉာဏ်ဖြင့် ရှုကြည့်ဦးမှပဲ။

အလို...ငါ့သားတော်အနီးမှာ ယုတ်မာတဲ့ အမျိုးသမီးတစ်ယောက် ရောက်နေပါကလား။ ငါ့သားတော်ရဟန်းက နိဗ္ဗိန္ဒဉာဏ်ဆိုက်နေတယ်၊ ဟိုမိန်းမက မပြုသင့်တဲ့ မိန်းမမာယာတွေနဲ့ ဖြားယောင်းနေတယ်။ ငါဘုရား ဇေတဝန်ကျောင်း ဂန္ဓကုဋိအတွင်းမှာ ထိုင်နေလျက် ငါ့သားတော်ရဟန်းနဲ့ စကားပြောဦးမှပဲ။

ငါဘုရား၏ ကိုယ်ရောင်တော်သည် ချစ်သားရဟန်းရှိရာတိုင်အောင် ရောက်စေသတည်း။

ချစ်သားရဟန်း၊ ကာမကို ရှာဖွေသူတို့ မမွေ့လျော်နိုင်ရာ ဌာနသည်ပင် ရာဂကင်းပြီးသူတို့ရဲ့ မွေ့လျော်ရာဌာနဖြစ်ပေသည်။

**ရမဏီယာနိ အရညာနိ၊ ယတ္ထ န ရမတီ ဇနော။**
**ဝီတရာဂါ ရမိဿန္တိ၊ န တေ ကာမဂဝေသိနော။**

အရညာနိ–အပွင့်ထိုထို နုပျိုယဉ်ယဉ် သစ်ပင်များစွာတို့ဖြင့် တန်ဆာဆင်လျက် ကြည်လင်သော ရေနှင့် ပြည့်စုံသော တောတို့သည်၊ ရမဏီယာနိ–စိတ်ဓာတ်ပျော့ပြောင်း မွေ့လျော်ဖွယ် ကောင်းလှပေကုန်၏။ ယတ္ထ–မွေ့လျော်ဖွယ်ကောင်းသော အကြင်တောတို့၌၊ ဇနော–ကာမမီးပူ ရှာမှီးသူသည်၊ န ရမတီ–အဖော်မတွေ့ မပျော်မွေ့နိုင်၊ တတ္ထ–ပျော်မွေ့ဖွယ်ကောင်းသော ထိုတောတို့၌၊ ဝီတရာဂါ–ရာဂခန်းကွာ ရဟန္တာတို့သည်၊ ရမိဿန္တိ–အတွေ့တော်ပိမ့် မွေ့လျော်ကြလိမ့်မည်တကား။

ကသ္မာ–အဘယ်ကြောင့်၊ ရမိဿန္တိ–အတွေ့တော်ပိမ့် မွေ့လျော်ကြလိမ့်မည်နည်း။ တေ–ရာဂခန်းကွာ ထိုရဟန္တာတို့သည်၊ ကာမဂဝေသိနော–မရမနေ ကာမရှာဖွေသူတို့သည်၊ နဟောန္တိ–မဟုတ်ကြလေကုန်၊ တသ္မာ–ထို့ကြောင့်ပါပေတည်း။

ဒေသနာတော်အဆုံး၌ ရဟန်းတရား ကြိုးစားမွေ့လျော် ထိုရဟန်းတော်သည် မရွေ့မယိုင် ထိုင်နေလျက်သာ ပဋိသမ္ဘိဒါလေးပါးတို့နှင့်အတူ အရဟတ္တဖိုလ်သို့ ရောက်၍ ကောင်းကင်ခရီးဖြင့် မြတ်စွာဘုရား၏ ခြေတော်အစုံ ကြာပဒုံတို့ကို ခိုလှုံပြီး ရျာန်ခရီးဖြင့် ပြန်ပြီးကြွတော်မူလေသတည်း။

အညတရတ္ထေရဝတ္ထု ပြီး၏။

# ကုဏ္ဍလကေသီဝတ္ထု

မိဘမောင်ကြီး၊ ချစ်မငြီးဘဲ၊ ရွှေသီးမည့်လောက်၊ စောင့်ရှောက်
အနိုင်၊ နန်းပင်တိုင်နှင့်၊ ရံမြိုင်ခြွေရွေ စံပစေလည်း၊ မပြေတဲ့နှောင့်၊
ထိန်းမစောင့်တည့်၊ ထို့ကြောင့်မုချ၊ သားမိန်းမအား၊ ကာလမြင့်စွာ
မလင့်ရာဘူး၊ ချိန်ခါရောက်ငြား၊ ဆိုင်းလင့်ထားက၊ မောင်သားမိဘ
အရှက်ရ၏။

သောဠသစစ်၊ ဆယ့်ခြောက်နှစ်သို့၊ ရောက်လစ်တုံငြား၊ မိန်းမ
များကား၊ ယောကျ်ားအလို၊ ကမ်းနှယ်ပြို၏၊ စီးယိုကျဖိတ်
လော်လည့် စိတ်လည်း၊ မပိတ်ဆို့သာ၊ လှိုက်လှိုက်ဆာ၍၊
ဓမ္မတာတစ်မျိုး၊ တက်ရေ တိုးသို့၊ ဖြိုးဖြိုးဝေလျက်၊ ရမ္မက်သွေးကြွ၊
လျှမ်းလျှမ်းထ၏။

ဩော်...ငါနေတဲ့ ရာဇဂြိုဟ်မြို့တော်ကြီးက လူနေအိမ်ခြေ
အဆောက်အအုံ၊ ဈေးဆိုင်၊ ကမ်းနား၊ ရုံးပေါင်းစုံနှင့် နန်းတော်ကြီးက
စပြီး ကြီးကျယ်ခမ်းနားသိုက်မြိုက်တဲ့ မြို့ဖြစ်တယ်။ ငါ့ရဲ့အသက်
ဆယ့်ခြောက်နှစ်ရှိလာပြီ။

ငါရဲ့ မိဘများက သူဌေးသူကြွယ်များ ဖြစ်ကြသည့်အတိုင်း ငါ့ကို
ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်အထက်ဆုံးအထပ် ကျက်သရေတိုက်ခန်း
ပြုလုပ်ပြီး နေထိုင်စေတယ်။ အဖော်ဆိုလို့ ငါ့ကို လုပ်ကျွေးမည့်

ကျွန်မတစ်ယောက်ပဲ ရှိတယ်။ ငါရဲ့ ရုပ်ရည်အဆင်းက လူမမီ နတ်မမှီ မဟုတ်သော်လည်း ကွမ်းတောင်ကိုင်အဆင့်ထက်တော့ သာတာပဲ။

အင်း...လောကဓမ္မတာ ပြောကြတယ်။ ဆယ့်ခြောက်နှစ်အရွယ် အပျိုကလေးများ ယောက်ျားလိုချင်တဲ့ဆန္ဒ၊ ယောက်ျားနှင့် တွေ့လျှင် ကိုယ်အမူအရာ၊ မျက်နှာပေး စကားပြော လျှပ်ပေါ်လော်မာတယ်လို့ ဆိုကြတယ်။

ဒီစကားဟာ ကိုယ်တွေ့အနေနဲ့ အလွန်မှန်တဲ့စကားလို့ ထောက်ခံရမှာပဲ။ မိဘတွေက အဖော်တစ်ယောက်နဲ့ ဘုံခုနစ်ဆင့်ပြာသာဒ် အထက်ဆုံးအထပ်မှာ စားစာရာ၊ ဝတ်စရာ၊ လက်ဝတ်လက်စား၊ အဆင်တန်ဆာ၊ ပုတီး၊ နားတောင်းကစပြီး တစ်စုံမက အစုံများစွာ ဆင်ယင်ပေးထားကြတယ်။ ဒါပေမယ့် ဟိုကိစ္စအတွက် ငါ့အနေနဲ့ စိတ်မချမ်းသာလှဘူး။

ကျွန်မရေ၊ တို့အမေ အဖေအိမ်ကို ညှော်သည်လူပျိုများ ရောက်လာလျှင် ငါ့ကို ပြောရမယ်၊ သတိပြုနော်။

ကောင်းပါပြီ သခင်မ။

ကဲ...ပြစ်ဒဏ်ချမှတ်ခံရတဲ့ ဒီသူခိုးလူဆိုးကို လက်ပြန်ကြိုး ချည်ကြဟေ့၊ လမ်းလေးခုဆုံရာ လမ်းခွတိုင်း လမ်းခွတိုင်း ကြိမ်နဲ့ ရိုက်ပြီး သူသတ်သင်္ချိုင်း ထုတ်ကြဟေ့။

ကဲ...ဒီလောက်ဆိုးတဲ့ သူခိုးလူဆိုး မှတ်ကရော့ကွာ၊ ဖြောင်း... ဖြောင်း...ဖြောင်း...။

ကြောက်လှပါပြီဗျာ။ ကြောက်လှပါပြီဗျာ။ နာလှချည်ရဲ့၊ သေရတော့မှာပါ။ ကယ်ကြပါဦး။

အလို...လူသံတွေ ဆူညံလှချေလား။ ကယ်ကြပါဦးလို့လဲ အော်သံကြားရတယ်။ ဘယ်လိုဖြစ်တာလဲ။ ပြာသာဒ်ပေါ်က ရပ်ပြီး ငါကြည့်ဦးမယ်။

အလို...လူတစ်ယောက်ကို လက်ပြန်ကြိုးတုပ်ပြီး အာဏာသား တွေက ကြိမ်နဲ့ ရိုက်ကြတာပါလား၊ ကြိုးကြပ်တဲ့လူ မင်းချင်းယောက်ျား တစ်ယောက်လည်း ပါတယ်။ ဘာကြောင့် ရိုက်ကြတာပါလိမ့်။ ဟိုလူ မချိမဆန့် ခံရရှာတယ်။ သူ့မျက်နှာကလည်း သနားစရာကြီးပါပဲ။ ငါစိတ်မကောင်းပါဘူး။

အိုရှင့်...သူဌေးကတော်ကြီး။

ဘာလဲဟဲ့၊ ဒီကျွန်မက။

ကျွန်မရဲ့ သခင်မလေး ထမင်းမစားဘဲ ခုတင်ခေါ်မှာ အိပ်နေ တာကို အသိပေးတာပါ သခင်မကြီး။

ဟုတ်လား။

ချစ်သမီး၊ ဘယ်လိုဖြစ်တာလဲ။ ထမင်းမစားဘဲ နေတာက နေ မကောင်းလို့လား။

မဟုတ်ဘူး မေမေ၊ သူခိုးဆိုပြီး ရိုက်နှက်ခေါ်ဆောင်သွားတဲ့ ယောက်ျားကို ကျွန်မ ရချင်တယ်။ သူ့ကိုရရင် ကျွန်မ အသက်ရှင် ဦးမှာပဲ။ မရခဲ့လျှင် ကျွန်မ အသက်မရှိတော့ဘူး။ ဒီခုတင်ပေါ်မှာပဲ အသေခံတော့မယ်၊

ချစ်သမီး၊ ဘယ်လိုပြောလိုက်တာလဲ။ သူများတွေ သိသွားရင် ရှက်စရာကြီး။ ငါ့သမီး နေမကောင်းလို့ ကယောင်ကတမ်း ပြောတာ လား။ မေမေ နဖူးကို စမ်းကြည့်ဦးမယ်။

မေမေ၊ ကျွန်မ နေကောင်းပါတယ်။ ကယောင်ကတမ်း ပြော တာလဲ မဟုတ်ပါဘူး။ ဟကာယ်ကိုပဲ အဲဒီယောက်ျားကိုမှ မရလျှင် ကျွန်မ အသေခံမှာပဲ။

ချစ်သမီး စဉ်းစားပါဦး။ ချစ်သမီး လိုချင်တဲ့ အဲဒီလူက ဘယ်လို လူဆိုးမှန်း မသိရဘူး။ ပြစ်ဒဏ် စီမံခံရတယ်ဆိုတော့ ဘယ်က

ကောင်းတဲ့လူ ဟုတ်နိုင်မှာလဲ။ နောက်ပြီးငါတို့နဲ့ ဇာတ်အမျိုးအနွယ် ဥစ္စာစည်းစိမ် အားဖြင့် တူညီတဲ့လူ ဘယ်က ဖြစ်နိုင်တော့မှာလဲ။

ငါတို့နဲ့ ဇာတ်အမျိုးအနွယ် စည်းစိမ်ဥစ္စာ တူညီတဲ့ သည့်ပြင် ကာမပိုင်ယောကျ်ားကို ရပါလိမ့်မယ်။ ငါ့သမီးရဲ့ စိတ်ကူးဖျောက်ပစ်လိုက်ပါ။

အို...မေမေကလည်း သည့်ပြင် ယောကျ်ားဆိုတာကို ထည့်မပြောပါနဲ့။ ဒီယောကျ်ားဆို ဒီယောကျ်ားပဲ။ ဒီယောကျ်ားကိုမှ မရရင် ကျွန်မ အသေခံမှာပဲ။

ခက်ပြီ။ ဒီကောင်မလေး ရူးတာလား။ ဟိုတုန်းက ငါပြောတဲ့ စကားအားလုံးကို ရှိသေလိုက်နာခဲ့တာ၊ ဒီကိစ္စကျမှ နားမထောင်ဘဲ ဖြစ်နေတယ်။ သူ့အဖေကို ပြောခိုင်းဦးမှပဲ။

မောင်၊ မောင့်သမီးကို သွားပြောစမ်းပါဦး။ နံနက်စောစောက လမ်းပေါ်မှာ ရိုက်နှက်ခေါ်ဆောင်သွားတဲ့ အကျဉ်းသားလူဆိုးကိုမှ လိုချင်တာတဲ့။ ကျွန်မတော့ ဘယ်လိုမှ ပြောလို့မရဘူး။ အသေခံမှာတဲ့။ မောင် သွားပြောစမ်းပါဦး။

ဘယ့်နှာ မဟုတ်ရာကိုမှ တန်းတန်းစွဲ ဖြစ်ရသတဲ့ဟယ်။ ငါ ပြောစမ်းပါဦးမယ်။

သမီး ညည်းမေမေ ပြောတာကို နားမထောင်ဘဲကိုး။ သမီး တစ်သက်ဆင်းရဲတော့မှာပဲ။ သမီး ဆင်းရဲနေတာကို ဖေဖေ မေမေတို့ မကြည့်ရက်ပါဘူး။

ဖေဖေ၊ သမီးဆင်းရဲတာကို ဖေဖေတို့ မမြင်လိုတာကို သမီး နားလည်ပါတယ်။ နောင်မှ ဖြစ်လိုရာဖြစ်ပါစေတော့။ ယခုလောလော ဆယ်မှာ အဲဒီယောကျ်ားကိုပဲသမီး လိုချင်တယ်။ မရရင် ဒီခုတင် ပေါ်မှာပဲ အသေခံတော့မယ် ဖေဖေ။

ဟော့...သူဌေးကတော်။

ဘာလဲ မောင်။

ခက်နေပြီကွယ့်၊ ညည်းရဲ့သမီး ငါပြောတာကိုလဲ နားမထောင်ဘူး။ အသေခံမှာကိုပဲ ပြောနေတယ်၊ ငါ့သမီးတော့ အသေမခံနိုင်ဘူး။ ညည်းသဘော ဘယ်လိုလဲ။

ဩော်...မောင်ကလဲ၊ ဘယ်အသေခံလို့ ဖြစ်ပါ့မလဲ

ဒီလိုဆို ငါစီမံတာကို ညည်းကျေနပ်မှာလား။

ဘယ်လို စီမံစီမံ ကျွန်မသမီး မသေရင် ပြီးတာပဲ။

ဟော့...ကျွန်မ၊ နံနက်စောစောက ရာဇဝတ်သားကို ခေါ်သွားတဲ့ မင်းချင်းယောကျာ်းကို မှတ်မိရဲ့လား။

မှတ်မိပါတယ် သခင်ကြီး။

ကောင်းပြီ၊ ဒီငွေတစ်ထောင်ကို ယူသွား၊ သတ်ဖို့ ခေါ်ဆောင်သွားတဲ့ ရာဇဝတ်သားလူဆိုးကို ဖြစ်တဲ့နည်းနဲ့ လွှတ်ပေးပြီး အိမ်ကို ပို့ပေးပါ။ ဒီငွေတစ်ထောင်ကိုယူထားပါ။ သူဌေး ဦးလူက လွှတ်လိုက်လို့ပါလို့ပြော။

ကောင်းပါပြီ သူဌေးကြီး။

*　　*　　*

အေး...အေး၊ ကောင်းပြီ၊ ကောင်းပြီ၊ စိတ်သာချလို့ ပြောလိုက်။

ကဲ...လူစားထိုးသတ်ပြီး ဒီရာဇဝတ်သားကို သူဌေးဦးလူထံ ပို့လိုက်မယ်။

အရှင်မင်းကြီး သေဒဏ်အမိန့် ချမှတ်ထားတဲ့ သူခိုးလူဆိုးကို အသေသတ် စီရင်ပြီးပါကြောင်း သံတော်ဦးတင်ပါသည်ဘုရား။

ကောင်းပြီ၊ မောင်မင်းကို ငါမင်းမြတ် ပြန်ခွင့်ပြုပြီ။

ကဲ...ကဲ၊ လာ...လာ၊ ငါ့သမီးလိုချင်လှတဲ့ ဒီယောက်ျားကို သမီးကို ငါတို့ပေးလိုက်ပြီ၊ သမီး စိတ်ချမ်းသာအောင်သာ နေပေတော့။

သေတွင်းက လွတ်လာတဲ့ ဒီသားမက်တော်ကလည်း ဒီနေ့ကစပြီး ကောင်းကောင်းမွန်မွန် နေထိုင်တာကို ငါတို့မြင်ချင်တယ်။

* * *

အင်း...မိဘများ ကျေးဇူးကြီးပါတယ်၊ ငါက အသေခံပြီး လိုချင်လှပါတယ်ဆိုတဲ့ ရာဇဝတ်သားကို ငွေတစ်ထောင်နဲ့လဲ ရအောင်လုပ်ပြီး ငါ့ကို အပ်လိုက်တယ်။ ငါကလည်း ငါ့ယောက်ျား ကျေနပ်အောင်၊ ပိုပြီး နှစ်သက်အောင် မိန်းမ လက်ဝတ်လက်စား အဆင်တန်ဆာ အပြည့်အစုံဝတ်ဆင်ပြီး လင်ယောက်ျားကို ပြုစုမှပဲ။

မောင်၊ ဟောဒီမှာ ဆန်ပြုတ်ကောင်းကောင်း ကျိုယူခဲ့တယ်။

အေး...အေး။

မောင်၊ ဒီနေ့ ဘာဟင်းစားချင်သလဲ၊ မောင်စားချင်တာကို ပြောပါ။ ကျွန်မ ချက်ခိုင်းပြီး ကျွေးပါမည်။

မောင် ရေချိုးဖို့ အချိန်တန်ပြီ၊ ရေချိုးရအောင် လာပါ။

မောင် အိပ်ရာခင်းပြီးပြီ၊ အိပ်ချင်တဲ့အချိန် ဝင်အိပ်ရုံပဲ။

* * *

အင်း...ဒီသူဌေးသမီးက ငါ့ကို လူကောင်းမှတ် ပေါင်းသင်းနေတယ်။ ငါ့ကိုသတ်ဖို့ ခေါ်လာတာကိုလဲ သူမြင်တယ်လို့ ပြောတယ်။ ငါ့ကို လိုလေသေးမရှိ ပြုစုနေတာပဲ။ ဒါပေမယ့် ငါက ဒီအိမ်မှာ လုံးဝ မပျော်ဘူး။ မိန်းမကိုလဲ လုံးဝ မချစ်ဘူး။ သူ့ကိုယ်မှာ ဝတ်ဆင်

ထားတဲ့ လက်ဝတ်လက်စား အဆင်တန်ဆာအားလုံးဟာ တန်ဖိုးမနည်းလှဘူး။ ဒါတွေကို ရအောင်လုပ်ပြီး ငါထွက်ပြေးမှပဲ။

အင်း...ဘယ်အချိန်အခါ ဒီမိန်းမကို သတ်ပြီး သူ့ရဲ့ လက်ဝတ်လက်စား အဆင်တန်ဆာ အားလုံးကိုယူပြီး အရက်ဆိုင်တစ်ဆိုင်မှာ ရောင်းပြီး သောက်ရ စားရပါမည်နည်း။

အင်း...အကြံတော့ရပြီ၊ ထမင်းမစားဘဲ ခုတင်ပေါ် အိပ်နေမှပဲ။

မောင် အိပ်လှချေလား။ နေမကောင်းဘူးလား။

ရှင်မ ငါ့မှာ ဘာရောဂါမှ မဖြစ်ဘူး။

ဘယ့်နှာလဲ၊ ကျွန်မရဲ့ ဖေဖေ မေမေတို့က ရှင့်အပေါ်မှာ စိတ်ဆိုးလို့လား။

ရှင်မ စိတ်မဆိုးကြပါဘူး။

ဒါဖြင့်လျှင် ဘာကြောင့် မျက်နှာညှိုးနွမ်းပြီး အိပ်နေရတာလဲ၊ ထမင်းလဲ မစားဘူး။

ရှင်မ ငါ့ကို ဟိုနေ့တုန်းက လက်ပြန်ကြိုးတုပ်ပြီး သတ်ဖို့ ရိုက်နှက်ထုတ်ဆောင်သွားတော့ လူဆိုး ရာဇဝတ်သားတွေကို ပစ်ချပြီး သတ်ရာဖြစ်တဲ့ လူဆိုးချတောင်မှာ တောင်စောင့်နတ်ရှိတယ်။ အဲဒီတောင်စောင့်နတ်အား ကျွန်ုပ်သေဘေးမှ လွတ်အောင် သင်တောင်စောင့်နတ် စောင့်ရှောက်ကူညီပါ။ သင်တောင်စောင့်နတ် စောင့်ရှောက်ကူညီလို့ အသက်ဘေးမှ လွတ်ခဲ့လျှင် သင်တောင်စောင့်နတ်အား ဗလိနတ်စာပူဇော်မှုကို ပြုပါမည်ဟု ငါကတိဝန်ခံချက် ပြုခဲ့တယ်၊

ဒီလို ကတိဝန်ခံချက်ကြောင့် ငါ့အသက် ချမ်းသာခဲ့တယ်။

ရှင်မကိုလည်း အဲဒီတောင်စောင့်နတ်ရဲ့ တန်ခိုးကြောင့် ငါရတာဖြစ်တယ်။ ငါစဉ်းစားပြီးတော့ ဘယ်လိုနည်းနဲ့ ဗလိနတ်စာ တင်ရပါမည်လဲလို့ ငါစဉ်းစားနေတာ ရှင်မရေ။

မောင် ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမျှ ပူပန်စိုးရိမ် မနေပါနဲ့၊ ဗလိနတ်စာတင်ပူဇော်မှုကို ပြုပေးပါမည်။ ဘာတွေ လိုတယ်ဆိုတာကိုသာ ပြောပါ။

ရေမပါတဲ့ အရသာ ချိုမြိန်ကောင်းမြတ်တဲ့ နို့ဃနာထမင်းနဲ့ ပေါက်ပေါက်ပန်း ငါးမျိုးကို လိုချင်တယ်။

ကောင်းပါပြီ၊ ကျွန်မ အားလုံး စီစဉ်ပါ့မည်။

*　　　*　　　*

ရှင်မရေ၊ တောင်ခြေရင်းကို ရောက်လာကြပြီ။ ဒီနေရာက ရှေ့ကို ငါတို့ နှစ်ယောက်တည်း သွားကြမယ်။ ကျန်တဲ့လူတွေ စီးလာတဲ့ ယာဉ်ရထားနဲ့အတူ ပြန်လွှတ်လိုက်၊ ဗလိနတ်စာတင်မယ့်အိုးကို ရှင်မ ကိုယ်တိုင်ရွက်ပြီး ယူခဲ့ရမယ်။

ကောင်းပါပြီ မောင်ရယ်။

ကဲ...ဒါဖြင့်လျှင် ခိုးသူချတောင်ပေါ် တက်ကြစို့။

*　　　*　　　*

(ထိုတောင်၏ ဘေးတစ်ဖက်ဖြင့် လူတွေတက်ကြသည်။ ဘေးတစ်ဖက်သည် တိတိပြတ်ကျနေသည်။ ချောက်ကြီးဖြစ်၍ နေသည်။ တောင်ထိပ်စွန်း၌ နေကြပြီး ပြတ်နေရာ တောင်ဘေး၌ ခိုးသူတွေ၊ ရာဇဝတ်သားတွေကို တွန်းချကြသည်။ တွန်းချခံရသော ခိုးသူလူဆိုး ရာဇဝတ်သားတို့သည် အပိုင်းပိုင်းပြတ်လျက် မြေကြီးပေါ်၌ ကျကြသည်။ ထို့ကြောင့် စောရပပါတ သူခိုးချတောင်ဟု ခေါ်ဆိုအပ်ပေသည်။)

မောင် တောင်ထိပ်ပေါ်ရောက်ကြပြီ၊ ဗလိနတ်စာ တင်ပါတော့။

မောင် ဘာကြောင့် တုဏှိဘာဝေ ဆိတ်ဆိတ်နှုတ်ပိတ်နေတာလဲ။

ဟော့မိန်းမ၊ ဗလိနတ်စာ တင်ဖို့မဟုတ်ဘူး။ တင်လဲ မတင်လိုဘူး။ နင့်ကို လှည့်စားပြီး ဒီတောင်ပေါ်ကို ခေါ်လာတာ၊ သိရဲ့လား။

အိုအရှင် မောင်မောင်၊ ဗလိနတ်စာတင်မှာ မဟုတ်ရင် ဘယ်အကြောင်းနဲ့ ကျွန်မကို ခေါ်လာတာလဲ။

နင့်ကိုသတ်ပြီး နင့်ရဲ့ လက်ဝတ်လက်စား အဆင်တန်ဆာ ပစ္စည်းအားလုံးကို ယူပြီး ငါထွက်ပြေးဖို့ နင့်ကို ခေါ်လာတာ။

အမယ်မင်း ကြောက်စရာကြီးပါလား မောင်ရယ်၊ ကျွန်မရဲ့ ခန္ဓာကိုယ်တစ်ခုလုံးရော လက်ဝတ်လက်စား အဆင်တန်ဆာ အဖိုးတန်ပစ္စည်းတွေရော မောင်ရဲ့ ပစ္စည်းဥစ္စာတွေပါပဲ။ ဘာကြောင့် ဒီလိုပြောရတာပါလဲ။

ငါ့ကို အတန်တန် ဘာမှပြော မနေနဲ့၊ ငါကတော့ နင့်ကို သတ်ရမှာပဲ။

ကျွန်မကို သတ်လို့ ကျွန်မသေသွားလျှင် ရှင့်မှာ ဘာအကျိုးရှိမှာလဲ။ ကျွန်မရဲ့ ဒီပစ္စည်းအားလုံးကို ယူပြီး ကျွန်မ အသက်ကို ချမ်းသာပေးပါ။ ဒီအချိန်ကစပြီး ကျွန်မကို သေပြီလို့ မှတ်လိုက်ပါ။

ဒါမှမဟုတ်၊ ရှင့်ရဲ့ ကျွန်မအဖြစ်နဲ့ ရှင့်ရဲ့အမှုကိစ္စကို ပြုပေးပါ့မယ်။

**ဣဒံ သုဝဏ္ဏကေယူရံ၊ မုတ္တာ ဝေဠုရိယာ ဗဟူ။**
**သဗ္ဗံ ဟရဿု ဘဒ္ဒန္တေ၊ မံ စ ဒါသီတိ သာဝယ။**

ဘဒ္ဒန္တေ–အို...အရှင်ယောက်ျား၊ ဣဒံ သုဝဏ္ဏကေယူရံ–ဤရွှေခြေချင်း လက်ကောက် ဘယက် ဆွဲကြိုး နားတောင်း လက်စွပ်၊ ရွှေဘီးကိုလည်းကောင်း၊ ဗဟူ–များစွာကုန်သော၊ မုတ္တာ ဝေဠုရိယာ–ပုလဲ ကြောင်မျက်ရွဲတို့သည်၊ အတ္ထိ–ရှိကုန်၏၊ သဗ္ဗံ စ–အားလုံးကိုလည်းကောင်း၊ ဟရဿု–ဆောင်ယူပါလော့၊ မံစ–ကျွန်တော်မကိုလည်း၊

ဒါသီတိ–ရှင့်ရဲ့ ကျွန်မဟူ၍၊ သာဝယ–မြို့နယ်အနှံ့ သိကြစေသား ပြောကြားပါလော့။

ဟော့...မိန်းမ၊ နင်ပြောတဲ့အတိုင်း လုပ်လိုက်လျှင် နင်ကသွားပြီး နင့်အမေ အဖတို့အား ပြောမှာဖြစ်တယ်။ ငါကတော့ နင့်ကို သတ် ရမှာပဲ၊ နင်ပြင်းပြင်းထန်ထန် ငိုမနေနဲ့။

မာ ဗာဠ် ပရိဒေဝေသိ၊ ခိပ္ပံ ဗန္ဓာဟိ ဘဏ္ဍိကံ။
န တုယှံ ဇီဝိတံ အတ္ထိ၊ သဗ္ဗံ ဂဏှာမိ ဘဏ္ဍကံ။

ဗာလေ–ဟဲ့...အမိုက်မ၊ ဗာဠ်–ပြင်းပြင်းထန်ထန်၊ မာ ပရိ ဒေဝေသိ–အပူတွေတွေ အလိုလေးဟဲ့လို့ မငိုကျွေးလေနဲ့၊ ခိပ္ပံ– လျင်မြန် စွာ၊ ဘဏ္ဍိကံ–နင်ဝတ်ဆင်ထားတဲ့ ရွှေငွေ၊ကျောက်၊အထည် ပစ္စည်း အားလုံးကို၊ ဗန္ဓာဟိ–ချွတ်ပြီး ထုပ်လိုက်ပါ၊ တုယှံ–ငါ့ကိုခင်တဲ့ နင်ရဲ့၊ ဇီဝိတံ–အသက်သည်၊ နတ္ထိ–ရှိတော့မည်မဟုတ်၊ သဗ္ဗံ ဘဏ္ဍကံ–ပစ္စည်းအားလုံးကို၊ ဂဏှာမိ–ငါယူတော့မည်။

(သူဌေးသမီး၏အကြံ၊ ဩော်...ဒီကိစ္စဟာ အလွန်ဝန်လေးတဲ့ ကိစ္စပဲ၊ အသိဉာဏ်ပညာဆိုတာ ချက်ပြုတ်စားဖို့ ဆင်ခြင်စဉ်းစား သင်ကြားထားတာ မဟုတ်ဘူး။ စင်စစ်ကတော့ အမှုကိစ္စ အားလျော်စွာ ဆင်ခြင်စဉ်းစား အသုံးချဖို့ သင်ကြားထားတာဖြစ်တယ်။ ဒီယောကျ်ား ကို ငါ့အစွမ်းသိအောင် ပြုမှပဲ။ ပြုသင့်ရာကို ငါပြုမှ ဖြစ်တော့မည်။)

အို...ကျေးဇူးရှင်သခင် လင်ယောကျ်ား၊ ကျွန်မပြောတာကို နား ထောင်ပါဦး၊ အရှင်ယောကျ်ားကို သူခိုးလူဆိုးလို့ ခေါ်ဆောင်သွား စဉ်က ကျွန်မဟာ ဖေဖေ မေမေတို့ကို ရှင့်ကို မရရအောင် ပြောလို့ ငွေတစ်ထောင်ပေးပြီး ရှင့်ကို သေဘေးမှ လွတ်စေတယ်။ အိမ်သို့ ခေါ်ဆောင်ခဲ့ပြီး ကျွန်မတို့အိမ်မှာ ရှင်နဲ့ ကျွန်မနဲ့ အတူနေရအောင် လက်ထပ်ပေးထားတာပါ။ အဲဒီအချိန်ကစပြီး ကျွန်မက ရှင့်အပေါ်မှာ

ကျေးဇူးပြုခဲ့သူပါ။ ယခု ရှင့်ကို သေသေချာချာမြင်ရအောင် ကျွန်မကို ပြပြီး ရှင့်ကိုယ်ကို ရှိခိုးခွင့်ပေးပါ။

ကောင်းပြီ မိန်းမ၊ သင်ကောင်းကောင်း မြင်ရအောင်ပြုပြီး ရှိခိုးပေတော့။ ငါယခု တောင်စွန်းမှာ ချောက်ဖက်မျက်နှာလှည့် ရပ်နေတယ်။

ကျေးဇူးရှင်ကြီး ကျွန်မ ရှင့်ကို လက်ယာရစ် သုံးကြိမ်ပတ်ပြီးပါပြီ။ လက်ဝဲ၊ လက်ယာ၊ ရှေ့ဘက်၊ နောက်ဘက် လေးနေရာတို့မှာ ရှိခိုးပြီးပါပြီ။ အို...ကျေးဇူးရှင်ကြီး ရှင့်ကို ကျွန်မ ယခုမြင်ရခြင်းမှာ နောက်ဆုံး မြင်ရခြင်းပါပဲ။ ယခုအခါ ရှင်ကလည်း ကျွန်မကို မြင်ရဖို့ ကျွန်မကလည်း ရှင့်လိုမြင်ရဖို့ မရှိတော့ပါဘူးရှင်၊ ရှင့်ကို ကျွန်မ ရှေ့ကရော၊ နောက်ကရော ဖက်ပါတယ်။

အင်း...ဒီယောကျ်ား ရှေ့ရော နောက်ပါ ငါက ဖက်ရမ်း နမ်းလိုက်တော့ နည်းနည်းမေ့သွားပြီ၊ တောင်စွန်းမှာ နေတဲ့ ဒီလူကို သူ့ကျောဘက်က ရပ်ပြီး လက်တစ်ဖက်နဲ့ ပုခုံးကိုကိုင်၊ လက်တစ်ဖက်နဲ့ ကျောပြင်ကို ကိုင်ပြီး တောင်အောက် တွန်းချလိုက်မယ် သွားပေရော့။

သူခိုးလူဆိုးသည် တောင်ဝှမ်း၌ ထိခိုက်ရိုက်မိသည်ဖြစ်၍ အပိုင်းပိုင်းပြတ်ပြီး မြေကြီးပေါ်သို့ ကျလေ၏။ ခိုးသူချ တောင်ထိပ်၌ အုပ်စိုးနေထိုင်သော တောင်စောင့်နတ်သည် ထိုသူနှစ်ဦးတို့၏ ပြောဆိုပြုမူပုံကို ကြားရ မြင်ရလေသော် ထိုသူဌေးသမီးအား ကောင်းချီးပေးသည့်အနေဖြင့် ဤဂါထာကို ရွတ်ဆိုလေ၏။

၈ ဟိ သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ တတ္ထ တတ္ထ ဝိစက္ခဏာ။

သော–အိုအချင်းတို့၊ ပုရိသော–ယောကျ်ားသည်၊ သဗ္ဗေသု ဌာနေသု–နေရာတိုင်းတို့၌၊ ဟိ–စင်စစ်၊ ပဏ္ဍိတော–အသိဉာဏ်

ရှိသူသည်၊ န ဟောတိ–မဟုတ်၊ ဣတ္ထိပိ–မိန်းမသည်လည်း၊ တတ္ထ တတ္ထ–ထိုထို ပြုသင့်ရာကိစ္စတို့၌၊ ဝိစက္ခဏာ–အမြော်အမြင် ဆင်ခြင် ဉာဏ်ရှိသူဖြစ်၍၊ ပဏ္ဍိတာ ဟောတိ–အသိအလိမ္မာ ပညာရှင် အစစ် ဖြစ်ပါပေ၏။

အင်း...တကယ်လို့ ငါအိမ်ပြန်သွားလျှင် ဖေဖေ မေမေတို့က နင့်ယောက်ျား ဘယ်သွားသလဲလို့ မေးကြလိမ့်မယ်။

ဒီလိုမေးကြလို့ ကျွန်မ သူ့ကို ခိုးသူချတောင်ပေါ်က တွန်းချပြီး သတ်လိုက်ပြီလို့ ပြောခဲ့လျှင် ဆုံးမခက်တဲ့ သမီးယုတ်။ ဒီလူကို တစ်ထောင်ပေး ခေါ်ခဲ့ရတယ်။ ယခု သူ့ကို သတ်ပစ်တယ်။ ဘာ ကောင်းမှာတုံးလို့ ငါ့ကို နှုတ်လှန်ထိုးကြလိမ့်မယ်။ ကျွန်မရဲ့ လက်ဝတ်လက်စား ပစ္စည်းတွေအားလုံး လိုချင်တာနဲ့ ကျွန်မကို သတ်ဖို့ ကြံစည်လို့ သတ်ပစ်လိုက်ပါတယ်လို့ ပြောပေမယ့် ယုံကြမှာ မဟုတ် ဘူး။ ဒီတော့ ငါ့အဖို့ အိမ်မှာနေလို့ အကျိုးမရှိတော့ပါဘူး။ ငါရဲ့ လက်ဝတ်လက်စား အဆင်တန်ဆာတွေကိုလည်း ငါမလိုချင်တော့ ဘူး။ ဒီနေရာမှာပဲ ပစ်ထားခဲ့ပြီး တောထဲဝင် ခြေဦးတည့်ရာ ငါသွား တော့မယ်။

*　　　*　　　*

သြော်...ရှေ့က အဆောက်အအုံကတော့ ကျောင်းသင်္ခမ်းတစ်ခု ပဲ။ ငါဝင်ဦးမှပဲ။ သြော်...ပရိဗိုဇ်တွေနေတဲ့ နေရာပါလား။ သူတို့ထံ ဝင်ပြီး ရှိခိုးအရိုအသေ ပေးမှပဲ။

ဟယ်...အမျိုးသမီး၊ ဘာကိစ္စနဲ့ ဒီကို လာတာလဲ။

အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ထံမှာ တပည့်တော်မကို ရဟန်း ပြုပေးရန် တောင်းပန်ပါတယ်။

ကောင်းပြီ၊ ရဟန်းပြုပေးဖို့ မခက်ပါဘူး။ တို့ဂိုဏ်းရဲ့ အထိမ်းအမှတ် ဒီအဝတ်တွေကိုသာ ဝတ်ဆင်ပေတော့။

ကောင်းပါပြီ အရှင်မြတ်တို့ဘုရား။ ပရိဗိုဇ်၏ အဝတ်တွေကို ဝတ်ပြီးပါပြီ။

မေးပါရစေ အရှင်မြတ်တို့။

ဘာလဲ မေးပါ။

အရှင်မြတ်တို့ရဲ့ ရဟန်းအဖြစ်မှာ အမြတ်ဆုံးတရားဟာ ဘယ်ဟာပါလဲဘုရား။

အရှင်မ ကသိုင်းဆယ်ပါးတို့၌ အခြေခံ ပရိကမ်ပြုပြီး ဈာန်ကို ဖြစ်စေရတယ်။ ဒါမှမဟုတ် ဝါဒတစ်ထောင်ကို တတ်အောင် သင်ယူရတယ်၊ ဈာန်ကို ရအောင် အားထုတ်ဖို့၊ ဝါဒတစ်ထောင်ကို တတ်အောင်သင်ယူဖို့ဟာ ငါတို့ရဲ့ ရဟန်းအဖြစ်မှာ အမြတ်ဆုံး အကျိုးတရားပဲ။

ကောင်းပါပြီ အရှင်မြတ်တို့။ ဈာန်ကို ရှေးဦးစွာ ဖြစ်စေဖို့ အားထုတ်ဖို့ကို တပည့်မ မတတ်နိုင်ပါဘူး။ ဝါဒတစ်ထောင်ကိုတော့ တတ်အောင် သင်ယူပါမည်။

ကောင်းပြီ။ သင့်အား ငါတို့ ဝါဒတစ်ထောင်ကို သင်ပေးမယ်။ ကောင်းမွန်စွာ သင်ယူပေတော့။

ကောင်းပါပြီ အရှင်မြတ်တို့ဘုရား။

* * *

အရှင်မ သင်ဟာ ဝါဒတစ်ထောင် အတတ်ပညာကို ကောင်းကောင်းကြီး တတ်မြောက်ပြီ။ ယခု သင်ဟာ ဇမ္ဗူဒိပ်မြေအပြင်မှာ လှည့်လည်ပြီး ကိုယ်နှင့်အတူ ပြဿနာကို ဖြေဆိုနိုင်သူကို ရှာဖွေ

ကြည့်ရှုပါလေ။ သင့်လက်ထဲမှာ ဒီသပြေခက်ကို ပေးလိုက်မယ်၊ သပြေခက်ကို ကိုင်ဆောင်ပြီး လှည့်လည်ပါ။

တကယ်လို့ လူဝတ်ကြောင် လူသားယောကျ်ား တစ်ဦးတစ်ယောက် သင်နှင့်အတူ ပြဿနာကို ဖြေဆိုနိုင်ခဲ့လျှင် ထိုယောကျ်ားရဲ့ ခြေရင်း အလုပ်အကျွေး ဇနီးမယားအဖြစ်ကို ခံယူပါ။

တကယ်လို့ ရဟန်းဖြစ်သူက သင်နှင့်အတူ ပြဿနာကို ဖြေဆို နိုင်ခဲ့လျှင် အဲဒီရဟန်းထံမှာ ရဟန်းပြုပါလေ။ ကဲ...ကဲ...သွားပေ တော့။

ဩော်...ငါက ပရိဗိုဇ်အသွင်နဲ့ သပြေခက်ကို ကိုင်ဆောင် လှည့်လည်သွားနေသူဖြစ်တော့ ငါ့ကို ဇမ္ဗုပရိဗ္ဗာဇိကာ (သပြေခက်ကိုင် ပရိဗိုဇ်မ)လို့ ခေါ်ကြတယ်။ ပရိဗိုဇ်တို့ ကျောင်းအရံမှ ထွက်လာပြီး ကတည်းက ရောက်တဲ့နေရာမှာ တွေ့တဲ့လူတိုင်း ပြဿနာကို မေး ခဲ့တယ်၊ ငါနှင့်အတူ ဆွေးနွေးပြောဆိုနိုင်သူ မတွေ့ခဲ့ရဘူး။ ငါလာ တယ်လို့ ကြားရုံနဲ့ လူတွေ ထွက်ပြေးကြတယ်။ ရောက်ရာ ရွာ နိဂုံးမှာ ဆွမ်းအတွက် ဝင်တဲ့အခါ ရွာဝင်တံခါးဝမှာ သဲပုံပုံပြီး သဲပုံပေါ်မှာ သပြေခက်ကို စိုက်ထောင်ထားပြီး ငါနဲ့အတူ ပြဿနာကို ပြောဆို နိုင်သူက ငါစိုက်ထောင်ထားတဲ့ သပြေခက်ကို နုတ်ယူ နင်းခြေပစ် ပါလို့ ပြောဆိုပြီး ရွာထဲဝင်တဲ့အခါ ငါစိုက်ထောင်ထားခဲ့တဲ့ သပြေ ခက်ရှိတဲ့နေရာအနီး ကပ်ရဲသူကိုပင် မတွေ့ရတော့ဘူး။ ဩော်... သတ္တလောကထဲမှာ ပညာရှိတွေ မရှိသလောက် နည်းလှပါကလား။

အင်း...ငါ့သပြေခက် အရွက်ညှိုးသွားပြီ၊ အသစ်တစ်ခက် လဲကိုင် မှပဲ။

ဩော်...သာဝတ္ထိမြို့ကို ငါရောက်လာပြီ၊ ဆွမ်းခံဝင်ဖို့ အချိန် နီးပြီ၊ မြို့တံခါးအနီး သဲပုံပုံပြီး ငါ့သပြေခက်ကို စိုက်ထူပြီး ဆွမ်းခံ ဝင်မှပဲ။

ဩော်...ငါ (သာရိပုတ္တရာ) သာဝတ္ထိမြို့တွင်း ဆွမ်းခံလှည့်ပြီး ဆွမ်းစားဇရပ်တစ်ခုမှာ ဆွမ်းကိစ္စပြီးလို့ မြို့ပြင်ဘက် ထွက်လာလိုက်တာ ကလေးတွေ သပြေခက်ကို ဝိုင်းရံပြီး ကြည့်နေကြတာပါလား။ သူတို့ကို မေးကြည့်ရဦးမယ်၊

ဟေ့...သူငယ်တို့၊ မင်းတို့က ဘာပြုလို့ သဲပုံပေါ်မှာ စိုက်ထားတဲ့ သပြေခက်ကို ဝိုင်းအုံကြည့်နေကြတာလဲကွယ့်။

အရှင်မြတ်ကြီး (သာရိပုတ္တရာ) ဘုရား၊ ပရိဗိုဇ်မတစ်ဦးက သူနဲ့ ပြဿနာ အခြေအတင်ပြောဆိုနိုင်သူမှ သဲပုံပေါ်မှာ သူစိုက်ထောင်ထားခဲ့တဲ့ သပြေခက်ကို နှုတ်ယူပြီး နင်းခြေပစ်ရမယ်လို့ ပြောပြီး စိုက်ထားခဲ့ပါတယ်ဘုရား။

သူငယ်တို့ ဒါဖြင့်လျှင် သင်တို့ ဒီသပြေခက်ကို နှုတ်ယူပြီး လက်နဲ့ ချေပစ်လိုက်ကြ။ ခြေနဲ့ နင်းချေလိုက်ကြ။

အရှင်ဘုရား၊ တပည့်တော်တို့ အရှင်ဘုရားခိုင်းတာကို မလုပ်ရဲကြပါဘူး ဘုရား။

ဘာဖြစ်လို့လဲကွယ့်၊ သူငယ်တို့။

တပည့်တော်တို့ ကြောက်ကြပါတယ်ဘုရား။

ဘာဖြစ်လို့ ကြောက်ကြတာလဲကွယ့်။

ဟာ...တပည့်တော်တို့က သူနဲ့ပြိုင်ပြီး မပြောနိုင်ကြဘူးဘုရား။

သူနဲ့ပြိုင်ပြီး ငါပြဿနာကို ဖြေဆိုမယ်ကွယ့်။ မင်းတို့က သပြေခက်ကို နှုတ်ယူပြီး ချေပစ်လိုက်ကြ။

ဟေ့ကောင်တွေ ဘယ်လိုဟုန်းကွ၊ တို့ကိုယ်တော်ကြီးက တို့ကို ခိုင်းနေပြီ၊ သပြေခက်ကို ယူပြီး ချေပစ်ကြစို့လား။

ဟာ...ကိုယ်တော်ကြီးက သူတာဝန်ယူတယ်လို့ မိန့်နေမှတော့ ပြောစရာရှိတာကို သူပြောမှာပဲကွ။ တို့သပြေခက်ကို ယူပြီး ချေပစ်

လိုက်ကြစို့။ ကဲ...ကြားပါတယ်ကွာ။ ယူတယ်ဟေ့၊ ချေတယ်ဟေ့။ ပြီးရောပေါ့ကွာ။

တောက်၊ ငါ့သပြေခက်ကို ချေပစ်တာ နင်တို့လား။

ဟုတ်ပါတယ် အရှင်မ။

နင်တို့နဲ့အတူ ပြဿနာ မေးမြန်းပြောဆိုဖို့ကိစ္စ ငါ့မှာ မရှိဘူး။ ဘာကြောင့် ငါ့သပြေခက်ကို ချေပစ်ရတာလဲ။

ဟောဒီ အရှင်မြတ်ကြီး (သာရိပုတ္တရာထေရ်)က နင်းချေနိုင်းလို့ နင်းချေပစ်လိုက်ကြတာ။

အရှင်ဘုရား၊ အရှင်ဘုရားတို့က တပည့်တော်မရဲ့ သပြေခက်ကို ချေပစ်ခိုင်းတယ်ဆိုတာ ဟုတ်ပါသလား။

ဟုတ်တယ် နှမ။

ဒါဖြင့်လျှင် တပည့်တော်မနဲ့အတူ ပြဿနာကို ဖြေဆိုမှာလား။

ကောင်းပြီ ငါဖြေဆိုမယ်။ ညနေစောင်းအချိန် ငါနေတဲ့ ဇေတဝန် အရံတွင်းက ကျောင်းကိုလာခဲ့။

ကောင်းပါပြီ ဘုရား။

ဟေ့...သပြေခက် ပရိဗိုဇ်မက အရှင်သာရိပုတ္တရာထေရ်နဲ့ ဝါဒ ရေးရာ အပြိုင်အဆိုင်ဖြေဖို့ ချိန်းလိုက်သတဲ့။ အံ့ဩစရာပါပဲကွာ။ ပညာရှိကြီးနှစ်ဦးတို့ရဲ့ စကားကို တို့လည်း နားထောင်ကြရအောင်။

အေး၊ ကောင်းတာပေါ့ကွာ။ တို့လည်း လိုက်ကြမယ်။ ဘယ် အချိန်သွားကြမှာလဲ။

ညနေစောင်းအချိန်တဲ့ကွ။

အေး...အေး၊ ပရိဗိုဇ်မနဲ့အတူ တို့လိုက်ကြစို့။

* * *

ကဲ...ရှင်သာရိပုတ္တရာထေရ်ကြီးထံတော့ ရောက်လာကြပြီ၊ ထေရ်ကြီးကို ရှိခိုးပြီး သင့်တော်တဲ့နေရာ ငြိမ်ငြိမ်ဆိတ်ဆိတ် ထိုင်ပြီး နားထောင်ကြစို့။

အရှင်ဘုရား တပည့်တော်မ အရှင်ဘုရားအား ပြဿနာကို မေးရတော့မှာလား။

နှမ၊ သင်နှစ်သက်ရာကို မေးပါ။

* * *

ကဲ...နှမ၊ သင်မေးတာတွေ ဘယ်လောက်များသွားပြီလဲ။ သင့်အမေးတွေကို ငါဖြေဆိုတာ မှန်ရဲ့လား။ သဘောကျရဲ့လား။

မှန်ပါတယ်။ သဘောကျပါတယ်ဘုရား။ တပည့်တော်မ သင်ယူတတ်မြောက်ထားတဲ့ ဝါဒတစ်ထောင်ကို မေးတိုင်း မေးတိုင်း မဆုတ်မဆိုင် အရှင်ဘုရား ဟုတ်တိုင်းမှန်စွာ ဖြေဆိုလိုက်တာ တပည့်တော်မ သိထားတဲ့ ဝါဒတစ်ထောင် ကုန်သွားပြီဘုရား။

ဒါ့ပြင်ကော မေးစရာ ရှိသေးသလား။

မေးစရာ မရှိတော့ပါဘုရား။

ကောင်းပြီ၊ သင်မေးတာတွေက အများကြီးပဲ။ ငါတစ်ခု မေးချင်တယ်၊ မေးရမှာလား။

သိလျှင် ဖြေဆိုပါမည်။ မေးတော်မူပါဘုရား။

ကဲ...မေးမယ်၊ ဧကံ နာမ ကိံ (တစ်ခုဆိုတာ ဘယ်ဟာလဲ)။

အင်း...ငါတော့ ကြပ်ပြီ။ ငါမကြားဖူးတာကို အရှင်မြတ်က မေးနေပြီ။

အရှင်ဘုရား၊ အရှင်ဘုရားမေးတဲ့ ပြဿနာက ဘယ်လိုခေါ်ပါသလဲဘုရား။

ဗုဒ္ဓပဉှ လို့ ခေါ်တယ် နှမ။

အရှင်ဘုရား အဲဒီ ဗုဒ္ဓပဉ္စမျိုးကို တပည့်တော်မကိုလဲ ပေးတော်မူပါဘုရား။

အေး…ငါလို (ရဟန်း) ဖြစ်လျှင် ပေးမယ်။

ဒါဖြင့်လျှင် တပည့်တော်မကို ရဟန်းပြုပေးတော်မူပါဘုရား။

ဟော့…တပည့် မောင်ပဥ္စင်းရေ၊ ဒီအမျိုးသမီးကို အမျိုးသမီး ရဟန်းများထံ သွားပို့လိုက်။ အမျိုးသမီးရဟန်းပြုပေးလိုက်ဖို့ ငါမှာ လိုက်တဲ့အကြောင်း ပြောပါ။

ကောင်းပါပြီ ဘုရား။

* * *

ဩော်…ငါ မရည်ရွယ်ဘဲနှင့် ဗုဒ္ဓမြတ်စွာ သာသနာ့ဘောင်မှာ အမျိုးသမီးရဟန်း (ဘိက္ခုနီ) အဖြစ်ကို ရလာပြီ။ ငါ့ကို ကုဏ္ဍလကေသီ ထေရီရီလို့ ဘွဲ့မည်ပေးကြတယ်။ ငါ့ရဲ့ ဥပဇ္ဈာယ်ထေရီက ကိလေသာ ကုန်ခန်း ရဟန္တာဖြစ်နိုင်သည်အထိ ကမ္မဋ္ဌာန်းပေးလိုက်တယ်။ ဒီ ကမ္မဋ္ဌာန်းအတိုင်း ငါသေသေချာချာ အားထုတ်မှပဲ။

ဩော်…ငါဟာ မိဘများနဲ့ အတူနေတုန်းက ဝတ်ချင်တာဝတ်၊ စားချင်တာစား၊ ဆယ့်ခြောက်နှစ်သမီး အရွယ်အထိ ချမ်းချမ်းသာသာ နေခဲ့ရတယ်။ ကိလေသာ ထကြွ သောင်းကျန်းမှုကြောင့် ငါ့မှာ ဖြစ် လာတဲ့ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲရဲ့ လွှမ်းမိုးနှိပ်စက်မှုကို ငါခံခဲ့ရ တယ်။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဒွါရနဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့သဘောဆိုတဲ့ အာရုံတို့ တွေ့ဆုံကြုံကြိုက်မှု ဖဿဟာရားကြောင့် ဖြစ်ပေါ်လာတဲ့ အကောင်း၊ အဆိုး၊ မကောင်း၊ မဆိုး၊ ခံစားမှုဝေဒနာဆိုတဲ့ ရောဂါဆင်းရဲကို အမှန်အတိုင်း ငါမသိ ခဲ့လေတော့ ငါဆိုတဲ့ အမှတ်သညာဖြင့် စွဲယူတဲ့ ဒိဋ္ဌိဂါဟ အများ

အစွဲဖြင့် စွဲယူပြီး ငါချမ်းသာတယ်၊ ငါဆင်းရဲတယ်၊ ချမ်းသာတဲ့ငါ၊ ဆင်းရဲတဲ့ငါလို့ အတ္တအနေဖြင့် ပြောဆိုခဲ့တယ်။

ခဏတိုင်း ခဏတိုင်း ဖြစ်ပေါ်နေတဲ့ ဆင်းရဲရောဂါဖြစ်တဲ့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်၊ ခန္ဓာငါးပါးကို ငါဆိုတဲ့ အတ္တရဲ့ ပစ္စည်းပဲ၊ ငါပဲ၊ ငါရဲ့ အတ္တပဲလို့ တဏှာ၊မာန၊ဒိဋ္ဌိတွေနဲ့ အောက်မေ့ ထင်မြင်နေခဲ့ပေမယ့် ငါရဲ့ ခန္ဓာတွေဟာ အတ္တနိယဆိုတဲ့ အတ္တပိုင် ပစ္စည်းလဲ မဟုတ်ကြဘူး၊ အတ္တလဲ မဟုတ်ကြဘူး။

ငါရဲ့ ဒီခန္ဓာငါးပါး တရားတွေဟာ ဖြစ်ပေါ်ပြီးနောက် ပျက်စီးသွား တာပဲဖြစ်လို့ အနိစ္စပဲ။ ဖြစ်မှု၊ ပျက်မှုက အမြဲနှိပ်စက်နေလို့ ဒုက္ခပဲ၊ ဟောင်းနွမ်းအိုမင်း ပျက်စီးခြင်းဖြင့် ဖောက်ပြန်တတ်တဲ့ သဘောတွေ ဖြစ်လို့ ကိုယ့်အလိုအတိုင်း မဖြစ်၊ ကိုယ့်အလိုကို မလိုက်တဲ့ အနတ္တ တရားတွေပါလား။

ဒီလို လက္ခဏာရေးသုံးပါးကို ထိုးထွင်းသိမြင်လိုက်တော့ ဘဝ ဟာ မြဲတယ်၊ ချမ်းသာတယ်၊ ကိုယ့်အလိုတိုင်း ဖြစ်တယ်လို့ သာယာ နေတဲ့ ဘဝတဏှာဟာ ငါ့ရဲ့သန္တာန်မှာ အရဟတ္တမဂ်ဖြစ်ပေါ်စဉ် ကပင် အကြွင်းအကျန်မရှိ လုံးဝ ငြိမ်းသွားပြီ။ ငါ့မှာ နောက်ထပ် ဘဝသစ် ဖြစ်ဖို့ မရှိတော့ဘူး။ ပဋိသမ္ဘိဒါ လေးပါးနဲ့လည်း ပြည့်စုံ ပြီ။ (ရဟန္တာဖြစ်သွားပြီဟု ဆိုလိုသည်။)

ငါ့ရှင်တို့၊ ကုဏ္ဍလကေသီထေရီဟာ တရားကို များများစားစား မနာဘူး။ သူ့ရဲ့ ရဟန်းကိစ္စ အပြီးအဆုံးရောက်သွားပြီ။ သူခိုး၊လူဆိုး နှင့် တိုက်ပွဲကြီးဖြစ်ပြီး အနိုင်ယူလာခဲ့သူ ဖြစ်တယ်၊

မှန်ပါတယ် အရှင်မြတ်။

ချစ်သားတို့၊ ငါဘုရား မကြွလာမီ ဘယ်စကားဖြင့် စုဝေးနေကြ သနည်း။

ကုဏ္ဍလကေသီ ထေရီနဲ့ ဆက်စပ်ပြီး စကားပြောဆို စုဝေးနေကြပါသည်ဘုရား။

ရဟန်းတို့၊ ငါဘုရားဟောတဲ့ တရားကို နည်းတယ်၊ များတယ်၊ ပမာဏ မယူကြနဲ့။

အကျိုးမရှိတဲ့ စကားပုဒ် တစ်ရာပင်ဖြစ်သော်လည်း အမြတ်မရှိဘူး။ အကျိုးရှိတဲ့ တရားတစ်ပုဒ်က တစ်ပုဒ်ပင်ဖြစ်သော်လည်း မြတ်တာပဲ။

ပကတိလူ သူခိုးလူဆိုးတို့ကို အောင်နိုင်သူရဲ့ အောင်နိုင်ခြင်းဟာ စစ်မှန်တဲ့ အောင်နိုင်ခြင်းမဟုတ်။ မိမိ၏ အဇ္ဈတ္တိက ကိုယ်တွင်းမှာဖြစ်တဲ့ ကိလေသာ သူခိုးလူဆိုးတွေကို အောင်နိုင်သူ၏ အောင်နိုင်ခြင်းကသာ တကယ် အောင်နိုင်ခြင်းဖြစ်တော့သည်။

၁။ ယော စ ဂါထာသတံ ဘာသေ၊ အနတ္ထပဒသံဟိတာ။
ဧကံ ဓမ္မပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။

၂။ ယော သဟဿံ သဟဿေန၊ သင်္ဂါမေ မာနုသေ ဇိနေ။
ဧကဉ္စ ဇေယျမတ္တာနံ၊ သ ဝေ သင်္ဂါမဇုတ္တမော။

၁။ ယော–အကြင်သူသည်၊ အနတ္ထပဒသံဟိတာ–ကောင်းကင်ကို ချီးမွမ်းခြင်းသည်ဖြင့် အကျိုးမရှိသော ပုဒ်နှင့် စပ်ယှဉ်ကုန်သော၊ ဂါထာသတံ–တစ်ရာအပိုင်းအခြားရှိသော ဂါထာတို့ကို၊ ဘာသေ–ပြောဆိုရာ၏၊ သော–ထိုသူသည်၊ နသေယျော–မြတ်သူမဟုတ်။

ယောစ–အကြင်သူသည်ကား၊ ဧကံ–တစ်ခုသော၊ ယံ ဓမ္မပဒံ–အကျိုးကိုပြီးစေတတ်သော ခန္ဓာ စသည်တို့နှင့် စပ်ယှဉ်သော အကြင်တရားပုဒ်ကို၊ သုတွာ–ကြားနာရ၍၊ ဥပသမ္မတိ–ကိလေသာ ငြိမ်းလေ၏။

ကော်–တစ်ခုသော၊ တံမွပဒံ–ထိုတရားပုဒ်ကို၊ ဘာသေ–ပြောဆို ရာ၏၊ သော–ထိုပုဂ္ဂိုလ်သည်၊ သေယျော–မြတ်သူဖြစ်၏။

၂။ ယော–အကြင်သူသည်၊ သင်္ဂါမေ–စစ်မြေပြင်၌၊ သဟဿံ သဟဿေန–တစ်ထောင်ကို တစ်ထောင်ဖြင့် မြှောက်အပ်ကုန်သော၊ မာနုသေ–လူတစ်သန်းတို့ကို၊ ဇိနေ–အောင်နိုင်ရာ၏၊ သော–ထိုသူ သည်၊ နသင်္ဂါမဇုတ္တမော–စစ်မြေပြင်တွင် အောင်မြင်သူတို့ထက် မြတ်သော အောင်မြင်သူမဟုတ်။

ယောစ–အကြင်သူသည်ကား၊ ကော်–တစ်ယောက်တည်းသော၊ အတ္တာနံ–မိမိကိုယ်ကို၊ ဇေယံ ဇိနေယျ–ညနေရာ နေ့နေရာတို့၌၊ အဇ္ဈတ္တိကကမ္မဋ္ဌာန်းကို နှလုံးသွင်းဆင်ခြင်လျက် မိမိ၏ လောဘ အစရှိသော ကိလေသာကို အောင်နိုင်ခြင်းဖြင့် အောင်နိုင်ရာ၏၊ သ သော–ထိုပုဂ္ဂိုလ်သည်၊ ဝေ–စင်စစ်၊ သင်္ဂါမဇုတ္တမော–စစ်မြေပြင် တွင် အောင်မြင်သူတို့ထက် အမြတ်ဆုံး အောင်မြင်သူ ဖြစ်ပေသတည်း။

*　　*　　*

ဒေသနာတော်အဆုံး၌ လူများစွာတို့ သောတာပတ္တိဖိုလ် စသည်တို့ သို့ ရောက်ကြလေကုန်သတည်း။

**ကုဏ္ဍလကေသီဝတ္ထု ပြီး၏။**

# ပဌာစာရာထေရ်ရီဝတ္ထု

ကိုကြွယ်။

ဘာတုံးကွယ့် မိရွှေ။

ဘာတုံးကွယ့်တွေ လုပ်မနေနဲ့တော့၊ တော့သမီးကို ဆယ့်ခြောက်နှစ်အရွယ်ကစပြီး ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်ဆောက်၊ အပေါ်ဆုံးအဆင့်မှာ အစောင့်အရှောက်တွေနဲ့ ထားခဲ့ကြတယ်။

ဟုတ်တယ်လေ၊ ငါ့သမီးသာ မဟုတ်ပါဘူး၊ နင့်သမီးလဲ ဟုတ်တာပဲ။ အဲဒါ ဘာဖြစ်လို့လဲ။

ဘာဖြစ်ရမှာလဲတော်၊ အိမ်မှာခိုင်းနေတဲ့အကောင် ဒါသနဲ့ မလွတ်မကင်းဖြစ်နေသတဲ့တော့။

ဟာ...ဖြစ်နိုင်ပါ့မလား၊ အောက်ဆင်းဖို့တောင် မလွယ်တာဘဲ။

တော် မသိပါဘူး၊ မိန်းကလေးတွေရဲ့ သဘောကို မိန်းကတွေကသာ ပိုသိတာပါ။

ဤလောက၌၊ မိန်းမတို့ကို၊ ထိုထိုယောကျ်ား၊ မဆံငြားအောင်၊ ယောကျ်ားတကာ၊ စောင့်ပါပိုင်ပိုင်၊ မလုံနိုင်တည့်-တဲ့တော့။

ဒါဖြင့်လျှင် ဘယ်လိုလုပ်ကြမှာလဲ။

ဘယ်လို လုပ်ရမှာလဲတော့၊ ဇာတ်အမျိုးအနွယ် ပစ္စည်းရှိတာချင်းတူဟဲ့ ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ပေးထားမှ တစ်သက်တာ

စိတ်ချရမှာဖြစ်လို့ တောင်ပြင်သူဌေး ဦးသာဌေးရဲ့သားနဲ့ လက်ထပ်ပေးဖို့ သူ့ရဲ့မိဘများကို ကျွန်မနားဖောက်ပြီးပြီ၊ သူတို့ကလည်း ကျေနပ်ကြတယ်။ သူ့သား မောင်လှကလည်း သဘောတူပါတယ်။ လက်ထပ်ဖို့ နေ့ရက်တောင် သတ်မှတ်ခဲ့ပြီးပြီတော့။

ဟာ...မစောလွန်းဘူးလား။

မစောဘူး တော်ရေ့။

ဒီလို သေချာခဲ့ပြီးရင်လဲ ပြီးတာပါပဲ။

ဒါပေမယ့် သူတို့ရဲ့ ဥစ္စာပစ္စည်းက ဘယ်လောက်ရှိသတဲ့လဲ။

ကျွန်မတို့ ပစ္စည်းလောက်ပါပဲ။ ကုဋေလေးဆယ် ကြွယ်ဝပါသတဲ့။

အေး...အေး၊ ပြီးရော၊ ပြီးရော။

ကိုဒါသ ဒီကို ခဏလာဦး၊ တိုးတိုး တိုင်ပင်ရအောင်။

ဘာလဲ မပဋာ။

တော်နဲ့ ကျုပ်နဲ့ နေတာ ထိုင်တာကို မေမေ ရိပ်မိသွားတယ်တော့။

ဟာ...ဟုတ်လား။

ဒီလိုဆိုလျှင် ငါဒီအိမ်မှာ နေလို့ ဖြစ်ပါဦးမလား။

ဩော်...တော်က ယောကျ်ားလုပ်နေပြီး ဒီလောက် ကြောက်ရသလား။

ကြောက်ရတယ် မပဋာရေ။

မပဋာတို့က သူဌေးသမီးဗျ၊ ကျုပ်က အခိုင်းအစေ။

အောင်မယ် ဘာတွေ လျှောက်ပြောနေတာလဲ။ တောင်ပြင်သူဌေးသား မောင်လှနဲ့ ကျွန်မကို လက်ထပ်ပေးမှာတဲ့တော့၊ နေ့ရက်တောင် သတ်မှတ်ထားပြီးပြီတဲ့။ တကယ်လို့ ကျွန်မ လင်ယောကျ်ားအိမ် လိုက်သွားရလျှင် ကျွန်မအတွက် လက်ဆောင်ပစ္စည်းလေးယူပြီး လာဦးတော့၊ အိမ်ထဲတောင် ဝင်ခွင့်ရမှာ မဟုတ်ဘူးတော့။

ကိုဒါသ ကျွန်မကို တကယ်ချစ်ရဲ့လား။

အို...ဘယ်လိုပြောလိုက်တာလဲ မပဒ္မာ၊ မပဒ္မာပြောတဲ့အတိုင်း တကယ်ဟုတ်ခဲ့လျှင် ကိုဒါသ လူ့ဘဝမှာ ရှိမှာမဟုတ်တော့ဘူး။

ဒါကြောင့်ပြောတာ ကိုဒါသရဲ့၊ ကျွန်မကို ခိုးပြီး တစ်မြို့တစ်ရွာ တစ်နေရာကို ထွက်ပြေးပါလား။

ဟာ...ဒီလိုဆို ကောင်းပါတယ်။ မပဒ္မာ သိပ်ကြာနေလို့ မဖြစ် ဘူး။ နက်ဖြန်ပဲ ထွက်ပြေးကြရအောင်။ နက်ဖြန်နံနက်စောစော သာဝတ္ထိမြို့ တောင်ဘက်တံခါးပေါက်အနီးက ဦးစွာတို့အိမ်အနီး ခပ် ကွယ်ကွယ်နေရာမှာ စောင့်နေမယ်။ မပဒ္မာက ပရိယာယ်တစ်မျိုး ဆင်ပြီး အိမ်ကထွက်၊ အဲဒီနေရာကို လာခဲ့ပါ။

ကောင်းပါပြီ ကိုဒါသ။

*　　　*　　　*

အင်း...ငါစောင့်ရတာ တော်တော်လေး ကြာပြီ၊ မပဒ္မာ မရောက် သေးဘူး။

ဪ...ကိုဒါသ စောင့်နေရော့မယ်။ ငါညစ်နွမ်းတဲ့ အင်္ကျီလုံချည် တွေကို ဝတ်ပြီးပြီ၊ ဆံထုံးကို ဖြေပြီး ကိုးရိုးကားယား ချထားပြီးပြီ၊ ဟိုတုန်းက ကျွန်မတွေနဲ့အတူ သွားခဲ့သလို ရေအိုးကိုရွက်ပြီး ထွက် သွားမှာပဲ။

ဟာ...မပဒ္မာ စောင့်နေတာ တော်တော်ကြာသွားပြီ၊ လာမှ လာပါ့ မလားလို့။

ဪ...ကိုဒါသကလည်း ဆန္ဒစောလိုက်တာ၊ ကျွန်မက အိမ်က လူတွေ အလစ်ကို စောင့်ကြည့်ရသေးတာတော့။

အေး...ဟုတ်မှာပဲ။ ကဲ...ပြောနေလျှင် ကြာလိမ့်မယ် သွားကြစို့။

မပဌာရေ တို့နေခဲ့တဲ့ သာဝတ္ထိမြို့နဲ့တော့ တော်တော်ဝေးလာပြီ၊ ယခု တို့နေမည့် ဒီရွာနဲ့ သာဝတ္ထိမြို့ကြားမှာ အစိရဝတီမြစ်တောင် ခြားနေတယ်၊ ဒီရွာမှာ နေကြပါစို့။

ကောင်းပါပြီ ကိုဒါသ၊ နေကြတာတော့ ဟုတ်ပြီ၊ ဘယ်အလုပ်နဲ့ အသက်မွေးနေကြမှာလဲ။

မပဌာ ကိုယ်က ဟိုတောမှာ လယ်လုပ်၊ လယ်ထွန်မှာပေါ့။ အဲဒီတောထဲက ထင်းတွေခုတ်၊ ဟင်းသီးဟင်းရွက်တို့ကိုလည်း ခူးခဲ့မှာပေါ့။ မပဌာက အိမ်မှာနေ မောင်းထောင်း၊ ဆန်ဖွပ်၊ ရေခပ်၊ ထမင်းချက်၊ အိမ်တွင်းမှုကိစ္စ လုပ်နေပေါ့။

ကောင်းပါပြီ ကိုဒါသ။

*　　　　*　　　　*

အင်း...ငါ့မိဘများနဲ့ အတူနေတုန်းက ရေလဲမခပ်ရ၊ စပါးလဲ မထောင်းရ၊ ဆန်လဲ မဖွပ်ရ၊ ထမင်းလဲ မချက်ရ။ စားချိန်ကျမှ လက်ကို ရေဆေးပြီးစားရုံပဲ။ ဘာမျှ ပူပန်ကြောင့်ကြစရာ မရှိဘူး။ ယခုတော့ ကိုယ်တိုင်ရေခပ်ရတယ်၊ မောင်းထောင်းရတယ်၊ ဆန်ဖွပ်ရတယ်၊ ထမင်းချက်ရတယ်၊ နေရတဲ့အိမ်ကလည်း တဲကုပ်၊ ဒီလိုဖြစ်တာကို မကောင်းကျိုးခံစားရတယ်လို့ ပြောလိုက ပြောနိုင်ပေမယ့် ကိုဒါသကို စွဲစွဲလန်းလန်းကြီး ချစ်မေတ္တာ ထားခဲ့မိတာ မရှောင်သာ မတိမ်းသာတော့ဘူး၊ လုပ်ရတော့မှပဲ။

"တူနှစ်ကိုယ် တဲအိုပျက်မှာ နေရ နေရ ချစ်တာ ကြိုက်တာ ပဓာနပဲ"

အင်း...ငါ့ကိုယ်ဝန် တော်တော်ရင့်လာပြီ၊ ဒီရပ်ရွာမှာလည်း ငါ့ကို ကျေးဇူးပြုပေးမယ့်လူ တစ်ယောက်မျှမရှိဘူး။ ကိုဒါသကို ပြောပြမှပဲ။

အိုရှင့် ကိုဒါသ၊ ရှင်မြင်တဲ့အတိုင်း ကျွန်မရဲ့ ကိုယ်ဝန်ရင့်နေပြီ၊ ဒီရပ်ရွာမှာနေလို့ မဖြစ်ဘူး။ မိဘဆိုတာ သားသမီးတွေအပေါ်မှာ စိတ်သဘောထား နူးညံ့ပျော့ပျောင်းကြပါတယ်။ ကျွန်မရဲ့ မိဘများ အိမ်ကို ကျွန်မကို ပို့ပေးပါ။ မိဘအိမ်မှာ ကျွန်မ ကလေး မျက်နှာ မြင်လိုပါတယ်။

အို...ရှင်မ မပဒုမ္မာ ဘယ်လိုပြောလိုက်တာလဲ။ မပဒုမ္မာရဲ့ မိဘများက ကျုပ်ကိုမြင်လျှင် အမျိုးမျိုး ညှဉ်းပန်းနှိပ်စက်ကြမှာပေါ့။ ကိုဒါသ တော့ မသွားရဲဘူး။ ဒီမှာသာ နေပါ။

* * *

ဩော်...ကိုဒါသကို မိဘအိမ်ပြန်ကြဖို့ ငါပြောခဲ့တာ အကြိမ် များခဲ့ပြီ၊ သူကလည်း မသွားဝံ့ဘူးဆိုတာ ဟုတ်ရှာမှာပဲ။ ယခု ကိုဒါသ တောထဲသွားနေတုန်း အိမ်နီးနားချင်းတွေကို ပန်ကြားပြီး မိဘအိမ်ကို ငါပြန်မှပဲ။

* * *

ဟာ...အိမ်ကမိန်းမ မပဒုမ္မာ ဘယ်များသွားပါလိမ့်၊ အိမ်နီးချင်း ဒေါ်အိုကို မေးဦးမှပဲ။

အဒေါ်၊ ကျုပ်မိန်းမ ဘယ်ကို သွားတယ်ဆိုတာ သိပါသလား။

အေး၊ မင်းလာမေးလျှင် သူ့မိဘများအိမ် ပြန်သွားတယ်လို့ မှာခဲ့ ပြီး အိမ်တံခါးပိတ် ထွက်သွားလေရဲ့။

ဟာ...ဘယ်ဖြစ်မှာလဲ၊ သူက ပေါ့ပေါ့ပါးပါးလည်း မဟုတ်ဘူး၊ ငါအပြေးလိုက်ခေါ်မှပဲ။

ဟေး...မပဒုမ္မာ၊ ဟေး...မပဒုမ္မာ၊ ရပ်ပါဦးကွ၊ ရပ်ပါဦးကွ။

ဟော...မောလိုက်တာကွာ၊ အတန်တန်ပြောပါလျက်နဲ့ ငါမသိအောင် ထွက်သွားရက်ပါရဲ့။

ကိုဒါသက ကျွန်မပြောတာကိုမှ ဂရုမစိုက်ပဲ။

ဂရုမစိုက်တာ မဟုတ်ပါဘူး မပဒ္မာရယ်၊ ပြောပြီးပြီပဲ။

ဩော်...ပြောတုန်းဆိုတုန်း ကိုဒါသ ကျွန်မရဲ့ ဝမ်းထဲက ကမ္ဘလေး လှုပ်လာတယ်၊ ကဲ...ကဲ၊ ဒီခြုံထဲသာ ဝင်ပေရော့ မပဒ္မာရေ။

အမလေးတော် ဒုက္ခပါပဲ။ စောင်းလျက်လဲ အိပ်မနေနိုင်၊ ပက်လက်လဲ အိပ်မနေနိုင်။

ကဲတော်၊ ကလေးမျက်နှာကိုတော့ မြင်ရပြီ။

ကိုဒါသ လာပါတော့။

အေး...ဘာကလေးလဲဟေ့။

ယောကျ်ားလေးပါ။

ပေး...ပေး၊ ငါချီဦးမည်။

ကဲ...မပဒ္မာရေ ဒီကိစ္စအတွက်နဲ့ မိဘအိမ် ပြန်ချင်တာ မဟုတ်လား၊ ဒီကိစ္စပြီးပြီပဲ၊ တို့ရွာကို ပြန်သွားကြစို့။

ကောင်းပါပြီ ကိုဒါသ။

*　　　*　　　*

ကိုဒါသ ကျုပ်တို့သားကလေး အသက် နှစ်နှစ်ကျော်လာပြီနော်၊ တော်တော်လေး သွားတတ်၊ ပြောတယ်၊ နားလည်လာပြီ။

အေး...ဟုတ်ပါ့။

*　　　*　　　*

ကိုဒါသ ကျွန်မမှာ မြင်တဲ့အတိုင်းပဲ ကိုယ်ဝန်ရင့်လာပြန်ပြီ၊ သာဝတ္ထိအိမ်ကို ပြန်ကြပါစို့။

မပဒ္မာကလည်းကွာ ဒီကိစ္စနဲ့ပတ်သက်ပြီး အိမ်ပြန်ချင်တယ်လို့ ဟိုတုန်းကပြောတော့ ကိုဒါသ ပြောပြီးပြီပဲ။ မပြန်ရဲဘူးလို့၊ ဒီမှာပဲ အေးအေးဆေးဆေး ကလေးမျက်နှာမြင်တာပ၊ အိမ်နီးချင်းအဒေါ် တစ်ယောက်လည်း အဖော်ရှိသားပဲ။

* * *

ကဲ...ကိုဒါသကို ပြောလို့မရမှတော့ ငါ့သားကို ရင်ခွင်နဲ့ ပိုက်ချီ ပြီး ရှာပြန်မှပဲ။

* * *

အဒေါ် ကျုပ်မိန်းမ ဘယ်သွားတာ မြင်ပါသလဲ။ အိမ်ကိုတော့ တံခါးပိတ် ထားခဲ့တယ်။

ဩော်...မင်းရဲ့မိန်းမ ဟိုတုန်းကလိုပဲကွယ့်၊ တို့ကို မှာထားခဲ့ တယ်၊ သူ့မိဘအိမ် ပြန်တာတဲ့။

ဟာ...မဖြစ်သေးပါဘူး၊ လိုက်ဦးမှပဲ။

မပဒ္မာရေ၊ နေပါဦးကွယ့်၊ မောင်လိုက်လာခဲ့တယ်။

လိုက်လာခဲ့တာတော့ ဟုတ်ပါပြီ၊ ပြန်ခေါ်ဖို့တော့ မကြံနဲ့တော့။

ကဲ...ကဲ၊ မပဒ္မာ စိတ်ချမ်းသာအောင် မိဘအိမ် ပြန်ကြတာပေါ့။ မပဒ္မာက ရှေ့ကသွား။ မပဒ္မာရေ လျှပ်စီးတွေလည်း မီးအလျှံတွေ လိုပဲ ပစ်လိုက်တာ၊ မိုးခြိမ်းသံကြီးကလည်း မြေကြီးကွဲမတတ်ပဲ၊ အခါမဲ့ မိုးကြီးတော့ တက်လာပြီဟေ့။

ဟော...ပြောတုန်းဆိုတုန်း မိုးပေါက်ကျလာပြီ၊

ဟာ...သည်း၊ သည်းလာပြီကွ။ ရှေ့နားမှာ တို့လာတုန်းက ကူးလာခဲ့တဲ့ အစိရဝတီမြစ်နဲ့ နီးလာပြီ။ သစ်ပင်ကြီးအောက် မိုးခိုကြ ဦးစို့။

ဟုတ်ပါရဲ့တော် ကိုဒါသ၊ မိုးကလည်း သည်းလိုက်တာ။ ပြောရင်း ဆိုရင်း ကိုဒါသ ကျွန်မရဲ့ ဝမ်းတွင်းက ကမ္ဘာလေလှုပ်လာတယ် တော့၊ မအောင့်နိုင်တော့ဘူး။ မိုးမစွတ်တဲ့ နေရာလေး ရှာပေးပါဦး။ အေး...အေး၊ ဒီနားမှာသာ နေဦး၊ ဟိုတောင်ဖို့ပေါ်က ခြုံကို ဓားနဲ့ ခုတ်ထွင်မှပဲ။

ဟယ်...ငါ့ကိုယ်ပေါ်ကို မိုးရေကျလာတယ်၊ လူအနံ့လည်း ရတယ်၊ ထွက်ကြည့်ဦးမှပဲ။

ဟာ...လူတစ်ယောက်ပဲ၊ ငါ့နေရာ ရန်ရှာလိမ့်မယ်။ သူ့ကို ငါ့ရဲ့ ပြင်းထန်တဲ့အဆိပ် ဝင်သွားအောင် ခဲလိုက်မယ်၊ သေရော့ဟဲ့။

အမလေး မပဒ္ဒာရေ၊ ကျုပ်တော့ မြွေကိုက်ခံရပြီဗျို့၊ သေပါပြီဗျို့။

အင်း...ကိုဒါသ နေရာရှာသွားလိုက်တာ ယခုထိ မလာသေးပါ လား၊ တတ်နိုင်တော့ဘူး။ ဒီနေရာမှာပဲ ကလေးမျက်နှာ မြင်လိုက်ရပြီ။

အမလေး ငါ့သားလေးနှစ်ယောက် မိုးပေါက်လေပြင်းဒဏ် မခံ နိုင်ရှာကြလို့ ပြင်းပြင်းထန်ထန် ငိုရှာကြတယ်။ ငါရဲ့ ဒူးနှစ်ဖက်၊ တံတောင်နှစ်ဖက် မြေပေါ်မှာထောက် ငါ့ဝမ်းဗိုက်အောက်မှာ ကလေး နှစ်ယောက်ထားပြီး နေမှပဲ။

မိုးကလည်း ရွာလိုက်တာ လင်းပဲ မလင်းနိုင်ဘူး။

* * *

ဟော...မိုးတော့ လင်းသွားပြီ။ အရှေ့က အရုဏ်လည်း တက် လာပြီ။ ငါ့ကိုယ်ကလည်း တစ်ညလုံး မိုးရွှဲခံရတော့ သွေးမရှိတော့ သလို ဖက်ရွက်လျော် အဆင်းလို ဖြူဖပ်ဖပ် ဖြစ်နေပါကလား။

အေး...ဒီသားအကြီးလေးက မေမေ့လက်ညှိုးကို ကိုင်ပြီးလိုက်ခဲ့။ မေမေက မွေးကင်းစ ညီလေးကို ရင်မှာပိုက်ပြီး မင့်ဖေဖေ သွားတဲ့နေရာ သွားရအောင်။

အမလေးတော်၊ ကျုပ်ယောက်ျား ကိုဒါသ တောင်ဖို့ပေါ်မှာ လဲကျ သေနေပါပြီတော့၊ သူ့ကိုယ်တစ်ကိုယ်လုံးလဲ ညိုမည်းနေတယ်။ ယောင် ထနေတယ်။ ကေန် မြွေကိုက်လို့ မြွေဆိပ်တက်ပြီး သေရှာတာပါပဲ။

ကိုဒါသ သေရတာ ငါ့ကြောင့် သေရတာ၊ ဖြစ်မှ ဖြစ်ရလေ ကိုဒါသရယ်။ ကျွန်မတော့ ကိုဒါသအလောင်းကို ပစ်ထားခဲ့ပြီး သာဝတ္ထိမြို့ မိဘများအိမ် သွားရတော့မယ်။ ကျွန်မရဲ့ အပြစ်တွေ ခွင့်လွှတ်ပါနော် ကိုဒါသ။ ကျွန်မ သွားပြီ။

ဟင်းအစိရဝတီမြစ်ထဲက မြစ်ရေတွေ တဝေါဝေါ စီးနေပါလား။ မနေ့ညက ရွာတဲ့ မိုးရေတွေပဲ။ ဟင်...ကြည့်နေရင်း ရေတွေက ဒူးဆစ်လောက်၊ခါးလောက်၊ရင်ခေါင်းလောက် ဖြည်းဖြည်းချင်း တိုးတိုး ပြည့်လာပါလား။ ငါ့သားငယ်နှစ်ယောက်နဲ့အတူ ငါမကူးရဲဘူး။ သား အကြီးလေးကို ဒီဘက်ကမ်း ထားခဲ့ဦးမှပဲ။ သား...သား၊ မင်းဒီဘက် ကမ်းမှာ ခဏနေရစ်ဦးနော်။ မေမေ ညီလေးကို ဟိုဘက်ကမ်း သွားပြီး ပို့ထားဦးမယ်။ မေမေ တစ်ခေါက်ပြန်လာပြီး သားသားကို ခေါ်မယ်။ ကဲ...ကဲ၊ ဒီနားမှာ နေနော်၊ မေမေ ကူးသွားတာကို ကြည့်နေ။

*　　　*　　　*

ကဲ...သားငယ်လေးနဲ့အတူ ရောက်လာပြီ၊ သစ်ခက်တွေချိုးပြီး သစ်ခက်တွေပေါ်မှာ သိပ်ထားခဲ့မှပဲ။ ကဲ...ကဲ၊ သားကလေးက ဒီဘက်မှာ အိပ်နေဦးပေ့ါ။ မေမေက ဟိုဘက်ကမ်းက ကိုကို့ကို သွားယူလိုက်ဦးမယ်၊

ဟော...မြစ်လယ်ခေါင် ရောက်လာပြီ၊ အပေါ်က စွန်ကြီး တစ်ကောင် ဝဲနေပါလား။

အင်း...ငါကောင်းကင်မှာ ပျံဝဲပြီး အစာရှာခဲ့တာ တော်တော်လေး ကြာပြီ။

အောက်မြေပြင် သစ်ခက်တွေပေါ်မှာ နီရဲရဲ မြင်ရတယ်။ အသားတုံးနဲ့တူတယ်။ ငါတောင်ပံစုပြီး ထိုးသုတ်လိုက်မယ်၊ အသားတစ် ပါလာရော့လဟယ်။

ဟောတော် စွန်ကြီးက ငါ့သားကလေးကို ထိုးသုတ်တာ ထင်တယ်။ လက်ခုပ်တီးပြီး ခြောက်လိုက်ဦးမယ်။ ဖြောင်း...ဖြောင်း...ဖြောင်း၊ ရှူး...ရှူး...ရှူး။

ဩော်...ငါ့အမေ လက်တွေမြောက်ပြီး အသံကျယ်ကျယ်နဲ့ အော်သံကြားရတယ်။ ငါ့ကို ခေါ်တာနဲ့ တူတယ်၊ ရေထဲဆင်းမှပဲ။

ဟော့...ဟော့၊ သားသား ရေထဲ မဆင်းနဲ့၊ မဆင်းနဲ့။

ဟောတော့ သေပါပြီတော့။ ကျွန်မသားလေး ရေထဲ မျောပါသွားပါပြီ။ သားရေ မင်းရဲ့ကံက ဆိုးလှချေလားကွယ်။

အင်း...ဒီဘက်ကမ်းက သားကလေးကို ယူသွားရုံပဲရှိတာပဲ။

ဟာ...ငါ့သားလေး မရှိတော့ဘူး။ ခုနက စွန်ကြီး ထိုးသုတ်တာ ငါ့သားလေးကိုပဲ။

အမယ်လေး သားငယ်လေးကို စွန်ကချီ၊ သားကြီးကို ရေကဆွဲမျှုပ်၊ ကျုပ်ဘယ်နည်းနဲ့ အသက်ရှင်နေရမှာလဲ။ ယောကျ်ားကလည်း လမ်းမှာ မြွေကိုက်သေ။ ကျုပ်ဘဝ ဆိုးလှချေလား။ ဖေဖေ မေမေ တို့အိမ် အမြန်သွားမှပဲ။ ဩော်...ရှေ့ကလာနေတဲ့ ယောကျာ်း တစ်ယောက်ကို မြင်ရပြီ။

* * *

အမောင် ဘယ်မြို့သားလဲ။

အစ်မ ကျွန်တော် သာဝတ္ထိမြို့သားပါ။

သာဝတ္ထိမြို့သားဆိုရင် သာဝတ္ထိမြို့ ဈေးတောင်ဘက် အရှေ့အနောက်သွားတဲ့လမ်း အရှေ့ထိပ်မှာ ဦးကြွယ်၊ ဒေါ်ရွှေတို့ကို သိပါသလား။

အစ်မ သိပါတယ်။ သူတို့ကို မမေးပါနဲ့။ ဒီပြင် သိချင်သူကိုသာ မေးပါ။

အေး၊ ငါက ဒီပြင်လူတွေနဲ့ ဘာအကြောင်းမှ မရှိဘူး။ သူတို့ကိုသာ မေးတာမောင်လေး။

အစ်မ၊ အစ်မက ကျွန်တော့်အား မပြောဘဲ နေခွင့်ကို မပေးတော့ ပြောရတော့မယ်။

မနေ့ညက တစ်ညလုံး ရွာတဲ့မိုးကို အစ်မ မမြင်ရဘူးလား။

မောင်လေး၊ မောင်လေးပြောတဲ့မိုးကို အစ်မ မြင်ရတာပ။ အဲဒီမိုးက အစ်မအတွက် တစ်ညလုံးရွာတဲ့ မိုးပါကွယ်။ တခြားလူတွေအတွက် မဟုတ်ပါဘူး။ ငါ့အတွက်မိုးဖြစ်ကြောင်းကို နောက်မှ မောင်လေးအား ပြောမယ်။ မမေးတဲ့ သူဌေးဦးကြွယ်၊ သူဌေးကတော် ဒေါ်ရွှေတို့ အိမ်အကြောင်းကိုသာ အရင်ပြောစမ်းပါဦး။

အစ်မ မနေ့ညက မိုးကြီးလေကြီး ကျလာတော့ အစ်မပြောတဲ့ သူဌေးအိမ် ပြိုကျပြီး သူဌေးကြီးကိုရော၊ သူဌေးကတော်ကိုရော၊ သူဌေးသားကိုရော သုံးယောက်စလုံးကို ဖိသတ်လိုက်တယ်။ အဲဒီသုံးယောက်လုံးကို ထင်းပုံတစ်ခုထဲပေါ်မှာတင်ပြီး သဂြိုဟ်လိုက်ကြတယ်။ ဟောဟိုက ကောင်းကင်ပေါ်က တလူလူတက်နေတဲ့ မီးခိုးကို အစ်မ မြင်ရဲ့လား။

အမလေး ကျုပ်အရှုံးမဖြစ်ရပါပြီတော်။ လူ့ဘဝမှာ တစ်ယောက်တည်း ကျန်ရစ်ရပါပြီ။

ဥဘော ပုတ္တာ ကာလင်္ကတာ၊ ပန္ထေ မယှံ ပတိ မတော။
မာတာပိတာ စ ဘာတာ စ၊ ဍေယှန္တိ ဧကစိတကေ။

မယှံ–ကံဆိုးလှစွာ ငါပဋာစာ၏၊ ဥဘော ပုတ္တာ–ငါမှ ဖွားမြင်သော သားနှစ်ယောက်တို့သည်၊ ကာလင်္ကတာ–ရေမြော စွန်ချီ ဤနှစ်လီကြောင့် မဟီတစ်ခွင် မတည်ချင်ဘဲ သေပွဲဝင်ကြရာလေပြီ။

မယှံ–ကံဆိုးလှစွာ ငါပဋာစာ၏၊ ပတိ–မေတ္တာသက်ဝင် လွန်ချစ်ခင်သည့် ချစ်လင်အလှ ကိုဒါသသည်၊ ပန္ထေ မတော–လာရာမပြီး လမ်းခရီး၌ ထန်သည်းစွာသိပ် မြွေအဆိပ်ကြောင့် အိပ်လျက်သာ သေခဲ့ရှာပြီ။

မယှံ–ကံဆိုးလှစွာ ငါပဋာစာ၏၊ မာတာပိတာစ–ငါ့ကို ချစ်လှ မိနှင့်ဖတို့သည်လည်းကောင်း၊ ဘာတာစ–တစ်မိဝမ်းတွင်း တူစုံဆင်းသည့် မောင်အရင်းသည်လည်းကောင်း၊ ဧကစိတကေ–အရင်းမကုန် ထင်းတစ်ပုံတည်း၌၊ ဍေယှန္တိ–သင်္ဂြိုဟ်သိုက်မြိုက် မီးလောင်မြိုက်အပ်ကုန်ပြီ။

* * *

ဟော့...ဟော့၊ အဝတ်မပါ ဗလာလုံးတီး အရူးမကြီးကွ။ မလာစေနဲ့ အမှိုက်နဲ့ဖို့၊ မြေမှုန့်နဲ့လောင်း၊ ခဲနဲ့ပစ်ကြဟော့။

သြော်...ငါဘုရား သီတင်းသုံးရာ ဇေတဝန် မဟာဝိဟာရမှာ ပရိသတ်ရှစ်မျိုးအလယ် တင့်တယ်စွာ ထိုင်လျက် တရားဟောနေဆဲ အထူးချွေချွတ်ရမည့် ကျွတ်ထိုက်သူ အမျိုးသမီးကို မြင်နေပါလား။

အင်း...ဒီအမျိုးသမီးက ပဒုမုတ္တရ ဘုရားလက်ထက် ဝိနည်းအရာ ဧတဒဂ်ဆုကို ပန်ဆင်လာသူ အမျိုးသမီးဖြစ်ပေတယ်။ ဒီအမျိုးသမီးမှာ ငါဘုရားမှတစ်ပါး မှီခိုသူ ဖြစ်နိုင်မည့်ပုဂ္ဂိုလ် မရှိပါကလား။

အင်း...ငါဘုရား စိတ်တော်ညွှတ်လိုက်မယ်၊ ကျွတ်ထိုက်သူ ထို အမျိုးသမီး ငါဘုရားကျောင်းတော်သို့ ဖြောင့်ဖြောင့်မတ်မတ် လာစေ သတည်း။

ဟေး...ဟေး၊ ဟိုမှာ အဝတ်မပါတဲ့ အရူးမ လာနေတယ်။ မြတ်စွာဘုရား တရားဟောနေတဲ့ နေရာကို မလာစေနဲ့၊ ခြောက်လွှတ် လိုက်ကြ။

ဥပါသက ဥပါသိကာတို့၊ ငါဘုရားထံ ရှေးရှုလာနေသူ အမျိုး သမီးကို မတားကြလေနဲ့၊ သင်တို့က ရှောင်ဖယ်ပေးလိုက်ကြ။

ကျွတ်ထိုက်သူ အမျိုးသမီး ခပ်နီးနီးနေရာ ရောက်လာပြီ။ သတိ ပေးလိုက်ဦးမှ။ အို...ချစ်သမီး၊ သင်ရဲ့ အမှတ်သတိကို ပြန်ယူပါ လော့။

အလို၊ လောကထွတ်ထား မြတ်ဘုရား၏ အနီးနား ငါရောက် နေပါကလား။

အလို...ငါ့လုံချည်လဲ ဘယ်မှာ ကျွတ်နေရစ်ပါလိမ့်၊ ရှက်လိုက် တာတော်၊ မတတ်နိုင်တော့ဘူး၊ ကျုံ့ကျုံ့ထိုင် လိုက်မှပဲ။

ဟဲ့...ဟဲ့၊ မိန်းကလေး၊ ရော့...ငါရဲ့ အပေါ်ရုံအဝတ်ကို ဝတ်လိုက်။

ကျေးဇူးပါရှင်။

မြတ်စွာဘုရား တပည့်တော်မသည် ရှင်တော်ဘုရား၏ ရွှေရောင် အဆင်း၊ ပဝင်းကုံလုံ ခြေတော်အစုံကို ခြေပဆစ်၊ ဒူး၊ ဦးခေါင်း၊ လက်၊ တံတောင်၊ ကိုယ်အင်္ဂါငါးပါးတို့ဖြင့် ခိုလှုံရှိခိုးပါ၏ဘုရား။ တပည့် တော်မ၏ မှီခိုအားထားရာ၊ ထောက်ရာ တည်ရာ ဖြစ်တော်မူပါ ဘုရား။

လျှောက်ထားပါရစေဘုရား၊ တပည့်တော်မရဲ့ သားငယ်လေးကို စွန်ချီသွားတယ်ဘုရား။ အသက်နှစ်နှစ်ကျော် သားအကြီးလေး ရေမြော

သေရှာတယ်ဘုရား။ တပည့်တော်မရဲ့ အိမ်ရှင်လင်ယောကျ်ားက လမ်းမှာ မြွေကိုက်သေ၊ အမိအဖနဲ့ မောင်တစ်ယောက်ကလည်း အိမ်ပြို အဖိခံရလို့ ထင်းပုံတစ်ခုတည်းမှာ မီးသင်္ဂြိုဟ်ပြီးကြပြီဘုရား။ ဒီလို မမျှော်လင့်တဲ့ ဘေးဒုက္ခတွေနဲ့ ကြုံရပြီး ချစ်ခင်ရင်းနှီးသူတွေနဲ့ သေကွဲကွဲ၊ အသေဆိုးနဲ့ သေကြတာကြောင့် တပည့်တော်မရဲ့ ပကတိစိတ်ကောင်းဘွေ ပြောင်းပြီး မသာလောင်းမဖြစ်ရုံ ကျန်ကာ တမူထူးလှတဲ့ အရှုးမဘာဝနဲ့ လာခဲ့တော့ မြတ်စွာဘုရား၏ တန်ခိုးတော်အဟုန် ခိုလှုံရလို့ ပကတိစိတ်ပြန်ပေါ် သတိတော်လိုက်မိလို့ ဟိရိဩတ္တပ္ပ ပြန်ရခဲ့ပါတယ်ဘုရား။

ချစ်သမီး ပဋာစာရာ၊ ပူပန်စိုးရိမ်ခြင်း မရှိလေနဲ့။ သင်၏ မှီခိုရာ၊ ကိုးကွယ်ရာ၊ ထောက်တည်ရာ၊ ပုန်းအောင်းရာ ဖြစ်နိုင်သူ ငါဘုရား ထံသို့ သင်ရောက်လာခြင်းဖြစ်ပေသည်၊ ယခုဘဝ သားသေ၊ လင်သေ၊ မိဘတွေ သေ၊ မောင်ပါသေလို့ ငိုရတဲ့ မျက်ရည်က မများသေးဘူး၊ သင်ရဲ့ အတိတ်ဘဝများစွာ သင်ငိုခဲ့ရတဲ့ သင့်ရဲ့မျက်ရည်ဟာ သမုဒ္ဒရာ လေးစင်းမှာရှိတဲ့ ရေထက် များသေးတယ် ချစ်သမီး။

> စတူသု သမုဒ္ဒေသု ဇလံ ပရိတ္တကံ၊
> တတော ဗဟုံ အဿုဇလံ အနပ္ပကံ။
> ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနာ၊
> ကိံ ကာရဏာ အမ္မ တုဝံ ပမဇ္ဇသိ။

အမ္မ–ချစ်သမီး ပဋာစာရာ၊ ဒုက္ခေန–အမျိုးမျိုးကွဲ ဆင်းရဲအပေါင်းနှင့်၊ (ဝါ) ဆင်းရဲအပေါင်းသည်၊ ဖုဋ္ဌဿ–တွေ့ထိနှိပ်စက်ခံရသော၊ နရဿ–အမျိုးမျိုးအစားစား လူအများ၏၊ သောစနာ–စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းကြောင့်၊ အဿုဇလံ–စီးကျထွေထွေ မျက်ရည်အပေါင်းသည်၊ စတူသု သမုဒ္ဒေသု–သမုဒ္ဒရာလေးစင်းတို့၌၊ ဇလံ–အမြဲရှိနေ

များစွာသောရေသည်၊ ပရိတ္တကံ-မျက်ရည်နှင့်ဆ နည်းလှချေ၏။ တတော-သမုဒ္ဒရာလေးစင်း၌ မယှဉ်းတည်နေ ထိုရေထက်၊ အနပ္ပကံ ဗဟုံ-နည်းနည်းပါးပါးမဟုတ် အများကြီး များလှပေပြီ။

အမ္မ-ချစ်သမီး၊ တုဝံ-သင်သည်၊ ကိံကာရဏာ-မပေါ်စကောင်း အဘယ်အကြောင်းကြောင့်၊ ပမဇ္ဇသိ-သိဉာဏ်အားပျော့ မေ့လျော့ နေရသနည်း။

* * *

ချစ်သမီး ပဋာစာရာ၊ မိဘဆွေမျိုး သားသမီးတို့ဆိုတာ တမလွန် လောကသွားသူရဲ့ စောင့်ရှောက် ကာကွယ်နိုင်သူ ပုန်းကွယ်ရာ၊ ကိုးကွယ်ရာ မဖြစ်နိုင်ကြဘူး။ ဒါကြောင့် မိဘဆွေမျိုး သားသမီးတို့ ထင်ရှားရှိနေကြကုန်သော်လည်း တမလွန်လောက သွားသူအတွက် ရှိရာ မရောက်ကြဘူး။ ပညာမျက်စိ မြင်ရှိသူသည် အရင်းခံသီလကို ရှင်းလင်းသုတ်သင် စင်ကြယ်စေပြီး မိမိ၏ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကို လျင်မြန်စွာ သုတ်သင်ရှင်းလင်း တွင်အောင် ထွင်သင့် တော့သည်။

**န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ။**
**အန္တကေနာဓိပန္နဿ၊ နတ္ထိ ဉာတိသု တာဏတာ။**

**ဧတမတ္ထဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။**
**နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။**

အန္တကေန-သေမင်းသည်၊ အဓိပန္နဿ-လွှမ်းမိုးနှိပ်စက်ခံရသူ အား၊ ပုတ္တာပိ-သားသမီးတို့သည်လည်း၊ တာဏာယ-စောင့်ရှောက် ကာကွယ်ခြင်းငှာ၊ နသန္တိ-ရှိရာ မရောက်ကြလေကုန်၊ ပိတာပိ- အမိအဖတို့သည်လည်း၊ တာဏာယ-စောင့်ရှောက်ကာကွယ်ဖို့ရာ၊

နသန္တိ–ရှိရာ မရောက်ကြလေကုန်၊ ဗန္ဓဝါပိ–ဆွေမျိုးမောင်နှမ ချစ်ခင်သူ ဟူသမျှတို့သည်လည်း၊ တာဏာယ–စောင့်ရှောက်ကာကွယ်ဖို့ရာ၊ နသန္တိ–ရှိရာမရောက်ကြလေကုန်၊ ဉာတိသု–သားသမီး မိဘဆွေမျိုးတို့၌၊ တာဏတာ–စောင့်ရှောက်သူ၏ အဖြစ်သည်၊ နတ္ထိ–ကေန်တိတိ မရှိကြလေကုန်။

ပဏ္ဍိတော–တတ်သိဉာဏ်မြင် ဘုရားရှင်သည်၊ ဧတံ အတ္တဝသံ–ဆိုခဲ့ရည်စူး အကြောင်းထူးကို၊ ဉတွာ–မပြတ်ဆင်ခြင် သိမြင်ပြီးသော်၊ သီလသံဝုတော–ကိုယ်၌သိပ်သည်း သီလကို လုံခြုံအောင် စောင့်စည်းလျက်၊ နိဗ္ဗာနဂမနံ မဂ္ဂံ–နိဗ္ဗာန်ရောက်ကြောင်း မြတ်လမ်းကောင်းကို၊ ခိပ္ပမေဝ–မကြာမတင် လျင်လျင်မြန်မြန်၊ ဝိသောဓယေ–အပြစ် ကင်းစွာ သုတ်သင်ရှင်းလင်းရာသတည်း။

မှန်လှပါဘုရား၊ တပည့်တော်မ ပဋာစာရာသည် လင်နှင့် သား နှစ်ယောက်၊ မိဘနှစ်ဦး၊ မောင်ဖြစ်သူတို့သာမက တပည့်တော်မ၏ ခန္ဓာ ပဥ္စက ဤကာယသည် ခဏမစဲ ဖြစ်ပျက်နေဆဲဖြစ်၍ မမြဲ သည်ကေန် အဖန်ဖန် ညှဉ်းဆဲ ဆင်းရဲမှု ကေန္တ၊ အစိုးမရ အနတ္တ တို့ကို အပ်ကျသေချာ ဝိပဿနာဉာဏ် သောတာပတ္တိမဂ်ဉာဏ်တို့ဖြင့် ရှုမြင်သပ်ရပ် နိဗ္ဗာန်ကို မြင်လတ်၍ သောတာပတ္တိဖိုလ်၌ ရပ်တည်မိပါသည်ဘုရား။ မပြတ်လည်မည့် ဝဋ်ဆင်းရဲမှ ငွတ်အတင်း လွတ်ကင်းနိုင်ရန် ဆက်လက်၍ ကြိုးပမ်းလိုပါသောကြောင့် ရဟန်း ပြုခွင့် ချီးမြှင့်တော်မူပါဘုရား။

* * *

ကဲ...ယခု ငါ့အသွင် ဟိုတုန်းကအမြင်နဲ့ မတူတော့ဘူး။ ရှင်တော်မြတ်ဘုရားက အမျိုးသမီးရဟန်းများထံ အပ်နှံလိုက်လို့ အမျိုးသမီးရဟန်းတို့၏ ကြိုးပမ်းဆောင်ရွက်ချက်ကြောင့် နှစ်သက်ဖွယ်စခန်းရဟန်းအဖြစ်ကို ရလာပြန်တော့ ဘဝတာတစ်ကွက် အရှက်အကြောက်ကို ဖျက်ဆီးနိုင်ဖွယ် ခန္ဓာကိုယ် အင်္ဂါကြီးငယ်တို့ ဖုံးကွယ်ရာ မချွတ်ခါးဝတ်ပင် ကျွတ်ကျခဲဖူး၍ တကယ်ထူးတဲ့ ခေါ်စရာ နာမာကပဋာစာရာလို့ ခေါ်ကြပါတကား။

ဩော်...ငါ့ခြေနှစ်ဖက် ရေဆေးချလိုက်တော့ ပထမတစ်ခါလောင်းလိုက်တဲ့ရေက အနည်းငယ်စီးသွားပြီး ရပ်စဲသွားတယ်။ ဒုတိယအကြိမ် လောင်းလိုက်တဲ့ရေက ပထမရေထက် ဝေးတဲ့နေရာ အရောက်စီးပြီး ပြတ်စဲပြန်တယ်။ တတိယအကြိမ် လောင်းလိုက်တဲ့ရေက ပိုဝေးတဲ့နေရာ စီးသွားပြီး ရပ်စဲသွားတယ်။ သုံးမျိုးသုံးစား ဒီရေအလားပထမရေပမာ ဒီသတ္တဝါတွေဟာ ပထမအရွယ်မှာလည်း သေကြတယ်။ ဒုတိယ ရေပမာ မဇ္ဈိမအရွယ်မှာလည်း သေကြတယ်။ တတိယရေပမာ ပစ္ဆိမအရွယ်မှာလည်း သေကြတယ်။ အားလုံးမမြဲတာချည်းပါပဲ။

ဩော်...ငါ့သမီးတော် မမြဲတာတွေကို မြင်ပြီး သံဝေဂ နိဗ္ဗိန္ဒအသိဉာဏ်တွေ အဆင့်ဆင့် ဖြစ်နေပါကလား။ ငါဘုရားသီတင်းသုံးရာ ဂန္ဓကုဋီတိုက်အတွင်း ထိုင်နေရင်းပင် ချစ်သမီးထံ အရောင်အလင်းတွေ ဖြန့်လွှတ်လိုက်ပြီ၊ သူ့ရဲ့ ရှေ့မှာ တန့်ရပ်ကာ ပြောဟောသကဲ့သို့ သဘောစွဲအောင် ဟောပြလိုက်ရမှာပဲ။

ချစ်သမီး ပဋာစာရာ၊ သင်ဆင်ခြင်မြင်သိတဲ့အတိုင်း မမြဲတာတွေ အမှန်ချည်းပဲ။ ခန္ဓာငါးခု ဖြစ်ပျက်မှုကို မရှုမမြင် နှစ်တစ်ရာအသက်ရှင်သူထက် ဖြစ်ပျက်မြင်လျက် တစ်ရက်တစ်ခဏ အသက်ရှင်ရခြင်းက မြတ်လှပေသည်။

**ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။**
**ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။**

ယော-ရဟန်းရှင်လူ အကြင်သူသည်၊ ဥဒယဗ္ဗယံ-ခန္ဓာငါးချက် ဖြစ်နှင့် ပျက်ကို၊ အပဿန္တော-အသိမထင် မရှုမြင်ဘဲ၊ ဝဿသတံ-သက်ရှည်လှစွာ နှစ်တစ်ရာပတ်လုံး၊ ဇီဝေတိ-မပျက်အစဉ် အသက်ရှင် လေ၏။

တဿ-ဖြစ်ပျက်မမြင် အသက်ရှင်သူ ထိုလူ၏၊ ဇီဝိတတော-မပျက်မယွင်း အသက်ရှင်ရခြင်းထက်၊ ဥဒယဗ္ဗယံ-ခန္ဓာငါးချက် ဖြစ်နှင့် ပျက်ကို၊ ပဿတော-တိတိထင်ထင် ရှုမြင်သူ၏၊ ဧကာဟံ-အချက် ကျကျ တစ်ရက်မျှ၊ ဇီဝိတံ-မပျက်မယွင်း အသက်ရှင်ရခြင်းသည်၊ သေယျော-ဖြစ်ပျက်နှစ်တန် ကင်းရာအမှန် မြတ်နိဗ္ဗာန်ကို ကေန်ကေ အမှန်ရမည်ကြောင့် မြတ်လှပါပေသတည်း။

ဒေသနာတော်အဆုံး၌ ပဋာစာရာ အမျိုးသမီးရဟန်းသည် ပဋိသမ္ဘိဒါလေးခန်းတို့နှင့်အတူ အရဟတ္တဖိုလ်စခန်း တက်လှမ်းကာ ရဟန္တာ ဖြစ်ရှာလေတော့သတည်း။

**ပဋာစာရာထေရီဝတ္ထု ပြီး၏။**

# ကိုသာဂေါတမိဝတ္ထု

မိတ်ဆွေ သူဌေးဦးလူ၊ ဘာတွေ စဉ်းစားပူပန်ပြီး ခုတင်ပေါ်မှာ အိပ်နေရတာလဲ။ မျက်နှာလည်း မရွှင်မလန်း ပင်ပန်းပုံပေါ်တယ်။ ပြောစမ်းပါဦး။

ဩော်...မိတ်ဆွေ ကိုချမ်းလား၊ မပြောစမ်းပါနဲ့ကွာ၊ စိတ်မချမ်းသာလွန်းလို့ ထမင်းစားလို့လဲ မဝင်၊ အိပ်လို့လဲ မပျော်အောင် ဖြစ်နေတယ် သူငယ်ချင်းရဲ့။

ဘာကြောင့်မို့လဲ၊ ဒါလောက် စိတ်ပျက်နေရတာက။

မိတ်ဆွေ ကိုချမ်း၊ ပြောလို့ ယုံနိုင်စရာမရှိဘူး။

ပြောသာ ပြောစမ်းပါ။ ကိုယ့်လူရဲ့ မျက်စိနဲ့ မြင်ရလျှင် ယုံရမှာပေါ့။

ကဲ...ကဲ ဒါဖြင့်လျှင် ဟောဒီမှာ ကြည့်ပေတော့ ကိုချမ်းရေ၊ ကျုပ်မှာရှိတဲ့ ကုဋေလေးဆယ်တန်ဖိုးရှိတဲ့ ရွှေငွေအားလုံးဟာ မီးသွေးတွေ ဖြစ်သွားတယ်ကွ။

ဖြစ်နိုင်ပါ့မလား ဦးလူရယ်။

ဖြစ်နေလို့ အခု ပြနေပြီပဲကွ။

ဒီဥစ္စာတွေလား။

ဟုတ်ပါတယ်၊ အဲဒါတွေဟာ မီးသွေးတွေ မဟုတ်လား။

ဒါတွေကတော့ မီးသွေးတွေပဲကွ။

ဒါတွေကြောင့် စိတ်ပျက်ပြီး စားမဝင် အိပ်မပျော် ဖြစ်နေတာကွ။ မောင်ချမ်းရဲ့။

အေးကွာ၊ ဆန်းကြယ်လှချေလား။ ဒါပေမယ့် သူငယ်ချင်း သိပ်လည်း မစိုးရိမ်ပါနဲ့ကွာ။ နည်းလမ်းတစ်ခုတော့ ငါသိထားတယ်။ အဲဒီ နည်းလမ်းကို အကောင်အထည်ဖော်ရမည်။

ဟုတ်လား ပြောစမ်းပါဦး။ ဘယ်လို ပြုရမှာလဲ။

သင့်အိမ် ဈေးခင်းတဲ့နေရာမှာ ဖျာတွေကို ဖြန့်ခင်း၊ အဲဒီ ဖျာတွေပေါ်မှာ ဒီမီးသွေးတွေကို စုပုံပြီး ရောင်းနေတဲ့ လူလို ဘေးနားက ထိုင်နေ၊ ဒီအနားလာကြတဲ့ လူတွေထဲက ဘယ့်နှာတုံး ဒီပြင်လူတွေက အဝတ်အထည်၊ ဆီ၊ဆား၊ပျား၊ တင်လဲ အသုံးဝင်တာတွေကို ရောင်းချကြတယ်။ ခင်ဗျားကတော့ မီးသွေးတွေကို ရောင်းဖို့ ထိုင်နေတာပါလား။

ဒီလို ပြောလာတဲ့ လူတွေကို ဒီလို ပြန်ပြောလိုက်ကွ။

ဘယ်လို ပြောရမှာလဲ။

ကိုယ့်ပစ္စည်းကို ကိုယ်မရောင်းရင် ဘာကို လုပ်နေရမှာလဲ။

ကောင်းပါပြီကွာ၊ ဒါပဲလား။

မဟုတ်သေးဘူးကွ၊ ဆက်နားထောင်ဦး၊ တချို့လူက ဒီလို ပြောလိမ့်မယ်။ ဒီပြင်လူတွေ အဝတ်အထည်၊ဆီ၊ဆား၊ပျား၊တင်လဲတွေကို ရောင်းချကြတယ်၊ ခင်ဗျားကတော့၊ ဦးကတော့ ရွှေငွေတွေကို ရောင်းဖို့ ထိုင်နေတာပါလား။

ဒီလိုပြောတဲ့လူကို မိတ်ဆွေက ဒီလို ပြန်ပြောပါ။

ခင်ဗျားပြောတဲ့၊ ငါတူပြောတဲ့၊ ငါတူမပြောတဲ့ ရွှေငွေတွေ ဆိုတာက ဘယ်မှာလဲလို့ ပြန်ပြော။

သူက ဒီမှာလို့ပြောရင် အဲဒါကို ယူခဲ့စမ်းပါဦးလို့ဆိုပြီး သင့်လက်နှစ်ဖက်နဲ့ ခံယူလိုက်။ သူပေးတဲ့ ပစ္စည်း သင့်လက်ထဲ ရောက်ရင် သင့်အမြင်မှာ ရွှေအစစ်၊ ငွေအစစ် ဖြစ်သွားလိမ့်မယ်။

အဲဒီလိုလာပြောသူဟာ မိန်းမပျိုဖြစ်ခဲ့လျှင် သင့်အိမ်က သားနဲ့လက်ထပ်ပြီး ကုဋေလေးဆယ်ဥစ္စာကို သင့်သမီးချွေးမအား အပ်နှံလိုက်။ သူပေးတာကို သုံးစွဲပေတော့။

ဒီလိုလာပြောသူက လူပျိုဖြစ်ခဲ့လျှင် သင့်အိမ်က အရွယ်ရောက်တဲ့ သမီးကို သူ့ပေးပြီး ကုဋေလေးဆယ်ဥစ္စာကို သူ့အား အပ်နှံလိုက်။ သူပေးတာကိုသာ သုံးစွဲပါ။

ဟာ...မိတ်ဆွေ သင်ပြောတဲ့ နည်းလမ်း ကောင်းပါ့ကွာ။ ငါ သဘောကျပြီဟေ့။ ဒီအတိုင်း လုပ်တော့မယ်။

* * *

ဦး...ဘယ်လိုတုန်းဗျ၊ သူများတွေက အဝတ်အထည်၊ ဆီ၊ ဆား၊ ပျား၊ တင်လဲတွေကို ရောင်းချကြတယ်။ ဦးကတော့ အဆန်းပဲ၊ မီးသွေးတွေကို ရောင်းဖို့ ထိုင်နေတာ။

ဟော့...ငါ့တူ ကိုယ့်ပစ္စည်းကို ကိုယ်မရောင်းဘဲ ဘာကို ရောင်းရမှာလဲ။

ဩော်...ငါးဈေးသွားစရာရှိနေသေးတယ်။ သွားလိုက်ဦးမှပဲ။

ဦးဦးရှင် သူများတွေကတော့ အဝတ်အထည်၊ ဆီ၊ဆား၊ ပျား၊ တင်းလဲတွေကို ရောင်းချကြတယ်။ ဦးကတော့ ရွှေငွေကို ရောင်းရင်း ထိုင်နေတာပေါ့။

သမီးပြောတဲ့ ရွှေငွေက ဘယ်မှာလဲကွယ့်။

ဩော်...ဦးကလဲ ရွှေငွေတွေကိုပဲ ကိုင်ပြီး ဦးထိုင်နေတာ မဟုတ်လား။

ဟ…သမီး၊ သမီးပြောတဲ့ ရွှေငွေကို ယူပြစမ်းပါဦး။

ဟောဒီမှာ ကျွန်မလက်ခုပ်နဲ့ အပြည့် ရွှေငွေကို ကိုင်ပြီး ဦးရဲ့ လက်ထဲ ထည့်လိုက်ပြီ။

ဟာ…သမီးရေ ရွှေငွေတွေပါလားကွယ့်၊ သမီးပြောတာ ဟုတ်ပေသားပဲ။

သမီးရဲ့နေအိမ်က ဘယ်မှာလဲ။ သမီးနာမည်က ဘယ်လိုခေါ်သလဲ။

ဦးရယ်၊ ကျွန်မတို့ရဲ့ မူလမျိုးရိုး အမိအဖတွေကတော့ အမျိုးကြီးတွေထဲကပါ။ ယခုတော့ တိမ်ကောခဲ့ပါပြီ။ သမီးရဲ့နာမည်က ဂေါတမီတဲ့။ အသားအရေပါးလှပ်လို့ ကိသာဂေါတမီလို့ ခေါ်ကြပါတယ်ဦး။

အင်း…ဒီသမီးနဲ့ ငါကံစပ်တယ်။ သူက ရွှေငွေတွေပါလို့ပြောပြီး ပေးလို့ ရွှေငွေတွေ ပြန်ဖြစ်တာကို တွေ့ရတယ်။ သူ့မှာလည်း ကာမပိုင် မရှိသေးဘူး။ ငါ့မှာလည်း အရွယ်ရောက်တဲ့ သားတစ်ယောက် ရှိနေတယ်။ သူတို့နှစ်ယောက်ကို လက်ထပ်ပေးပြီး ငါ့ပစ္စည်း ကုဋေလေးဆယ်ကို အပ်လိုက်မှပဲ။

* * *

ကဲ…**သားနဲ့ သမီးတို့အား** ငါရဲ့ ကုဋေလေးဆယ် စည်းစိမ်ဥစ္စာအားလုံးကို အပ်လိုက်ပြီ။ သင်တို့ပေးတာကိုပဲ ငါသုံးတော့မည်။

ကောင်းပါပြီ ဖေဖေ။

ဟယ်…အားလုံး ရွှေငွေတွေ ဖြစ်သွားကုန်ပါကလား။

သြော်…ငါရဲ့ မိဘများက မူလက စီးပွားဥစ္စာ ကြွယ်ဝတဲ့ သူဌေးမျိုးကြီးထဲကပဲ။ ကုသိုလ်ကံ အရှိန်ကုန်သွားတော့ ပစ္စည်းတွေလဲကုန်၊ လူတွေပါ နုံသွားကြတော့တာပဲ။ ငါ့မှာတော့ မဆိတ်သုဉ်းသေးတဲ့ အဘိတ် ကုသိုလ်ကံကလေးကြောင့် သူဌေးဦးလူရဲ့ ရွှေငွေပစ္စည်းတွေအားလုံး

ငါ့လက်ထဲ ရောက်လာခဲ့တယ်။ ဘဝရေစက်ကြောင့် သူ့သားနဲ့ ငါ စုံဖက်ခဲ့ကြရတယ်။

ယခုတော့ သားကလေးတစ်ယောက် ဖွားမြောက်လာလို့ ခြေနဲ့ သွားတတ်တဲ့အရွယ် နှစ်နှစ်ကျော် အသက်ရောက်လာရှာပြီ။

*　　　*　　　*

ဟင်...ငါ့သားကလေး ကံဆိုးရှာတယ်။ ငယ်ငယ်ကလေးနဲ့ သေရှာတယ်။

ကဲ...ကဲ၊ ကိုသာရေ ငိုမနေနဲ့တော့။ နင့်သားသေမှတော့ မီးသဂြိုဟ်လိုက်ရုံရှိတော့တာပဲ။

နေပါဦး တော်က ကိုယ့်သား မဟုတ်တာလိုပဲ ဘာပြုလို့ မီးသဂြိုဟ်ဖို့ ပြောရတာလဲ။

ဟဲ့...ကိုသာရဲ့ သေမှတော့ ဘယ်လိုလုပ်ရဦးမှာလဲ။

ရှင်တဲ့ဆေး ရှိဦးမှာပါ။ ကျွန်မ လျှောက်မေးဦးမယ်။

ကဲ...ကဲ၊ ရှင်မရဲ့ သဘောပဲ။ သဘောကျသည့်အထိ ကြိုက် သလိုသာ စီမံပေရော့ဗျာ။

ကဲ...ငါ့သားသေလေး ရင်မှာပိုက်ပြီး သက်ပြန်ရှင်ဆေး လျှောက် မေးလိုက်ဦးမယ်။

ဦးတို့၊ အဒေါ်တို့ ကျုပ်သားလေး သေသွားရှာတယ်။ ပြန်ရှင်မည့် ဆေးများ မရှိကြဘူးလား။

ဟဲ့...ကိုသာ နင်ရူးတော့တာ၊ သားသေအတွက် အသက်ရှင် ဆေး လိုက်မေးနေရတာ အိမ်တွေနှံ့လို့နေပြီ၊ နင်စိတ်မပျက်ဘူးလား။

အသက်ရှင်ဆေး လိုက်မေးနေလို့ ငါ့ကို လူတိုင်းက ရူးပြီလို့ ပြောကြတယ်။ ဒါပေမယ့် ငါ့သားလေးအတွက် အသက်ရှင်ဆေးကို သိတဲ့ ပုဂ္ဂိုလ်နဲ့ တွေ့ရမှာပဲ။

သြော်...ကိသာဂေါတမီ နာမည်ရှိတဲ့ ဒီသမီးဟာ သားဦးကို မွေးတာဖြစ်လိမ့်မယ်။ သေတာကိုလဲ မတွေ့ဖူးသေးဘူး။ ဒီမိန်းကလေးရဲ့ မှီခိုအားထားရာ ငါဖြစ်ဖို့သင့်တယ်။ အင်း...အင်း။

ဟော့...သမီး ကိသာ။ ငါကတော့ သမီးလိုချင်တဲ့ ဆေးကို မသိဘူး။ ဒါပေမယ့် ဆေးသိတဲ့ ပုဂ္ဂိုလ်ကိုတော့ ငါသိတယ်။

ဦးရယ် ဦးနဲ့တွေ့ရတာ ဝမ်းသာလိုက်တာ။ ဘယ်သူသိပါသလဲ။ သိတဲ့ပုဂ္ဂိုလ်ကို ပြောပေးပါ ဦးရဲ့။

သမီး ဇေတဝန်ကျောင်းတော်မှာ ကိန်းအောင်းစံပယ်နေတော်မူတဲ့ မြတ်စွာဘုရားဟာ သမီးလိုချင်တဲ့ အသက်ရှင်ဆေးကို သိတော်မူတာ အမှန်ပဲ။ ဇေတဝန်ကျောင်းကို သွားချေ။ မြတ်စွာဘုရားကို မေးလျှောက်ချေ။

ဝမ်းသာလိုက်တာ ဦးရယ်။ ကျွန်မ အမြန်သွားမယ်။ အမြန်မေးမယ်။

* * *

ကဲ...ဦးတစ်ယောက် ညွှန်လိုက်တဲ့အတိုင်း မြတ်စွာဘုရားထံ ရောက်လို့ အနီးကပ်ရှိခိုးလဲ ပြီးပြီ။ သင့်တော်တဲ့ နေရာမှာလဲ ထိုင်မိပြီ။ မေးမြန်းလျှောက်ထားမှပဲ။

မြတ်စွာဘုရား၊ သေရှာတဲ့ တပည့်တော်မရဲ့ သားကလေးအတွက် ပြန်ရှင်နိုင်မည့်ဆေးကို အရှင်ဘုရား သိပါသလား။

အေး၊ ငါဘုရားသိတယ်။

ဘယ်ပစ္စည်းကို ရဖို့လိုပါသလဲဘုရား။

တစ်လက်ဆွမ်း (လက်တစ်ဖက် ခွက်ထားတဲ့ လက်တစ်ဖက်စာ) လောက်ရှိတဲ့ မုံညင်းစေ့တွေကို ရဖို့လိုတယ်။

မြတ်စွာဘုရား ရပါစေမည်။ ဒါပေမယ့် မည်သူ့အိမ်က ယူခဲ့ရမှာလဲ ဘုရား။

သားသော်လည်းကောင်း၊ သမီးသော်လည်းကောင်း တစ်ယောက်မျှ မသေဖူးတဲ့အိမ်က မုံညင်းစေ့တို့ကို ရဖို့သင့်တယ်။

ကောင်းပါပြီ ဘုရား။ တပည့်တော်မ သားသေကို ရင်မှာပိုက်ပြီး လိုက်ရှာပါမည် ဘုရား။

မြို့တံခါးဝ ပြန်ရောက်လာပြီ၊ စစဦး ဒီအိမ် ဝင်မေးလိုက်ဦးမယ်။

ဦးဦးတို့၊ ဒေါ်ဒေါ်တို့ မုံညင်းစေ့လေးများ မရှိကြဘူးလား။ ကျွန်မ သားလေးအတွက် ဆေးဖော်ဖို့ပါ။

အေး၊ ရှိတယ်ကွယ့်။

ဒါဖြင့်လျှင် ပေးကြစမ်းပါ။

ကဲ...ကဲ၊ ဟောဒီမှာ ယူပေတော့။

မုံညင်းစေ့တွေ ပေးတာကတော့ ဟုတ်ပါပြီ။ ဦးဦးတို့၊ ဒေါ်ဒေါ်တို့ အိမ်မှာ သေဖူးတဲ့သား (သို့မဟုတ်) သမီး မရှိခဲ့ဖူးဘူးလား။

သမီး ဘယ်လိုပြောလိုက်တာလဲ။ တစ်အိမ် တစ်အိမ်မှာ အသက်ရှင်နေတဲ့ လူက နှစ်ယောက် သုံးယောက်ပဲ၊ များလှမှ လေးငါးယောက်ပဲ၊ သေတဲ့ လူတွေကသာ များတာ။

အို...ဒီလိုဆိုလျှင် ဒီမုံညင်းစေ့တွေကို ပြန်ယူလိုက်ပါ။ ဒီမုံညင်းစေ့တွေက ကျွန်မသားအတွက် ဆေးဖော်လို့ မဖြစ်ဘူး။

ဩော်...ငါတစ်နေ့လုံး လူမသေတဲ့ အိမ်က မုံညင်းစေ့ရဖို့ လိုက်ရှာလိုက်၊ လူမသေဖူးတဲ့အိမ်ကို ငါမတွေ့ခဲ့ရဘူး။ တကယ်တော့ ငါဟာ ဝန်လေးတဲ့ ကိစ္စကိုပြုနေတာပါလား။ ငါ့သားတစ်ယောက်သာ သေတယ်လို့ ငါထင်ခဲ့တယ်။ တစ်မြို့လုံး လိုက်ရှာတော့ အသက်ရှင်နေတဲ့ လူတွေထက် သေပြီးတဲ့ လူကသာ များတာပါလား။

ကဲ...ကဲ၊ ဒီသားကို တောထဲထားခဲ့ပြီး မြတ်စွာဘုရားထံ ပြန်သွားမှပဲ။

* * *

ချစ်သမီး ကိသာဂေါတမီ၊ ငါဘုရား အရှာခိုင်းလိုက်တဲ့ တစ်လက်ဆွမ်းလောက် မုံညင်းစေ့တွေကို ရခဲ့ရဲ့လား။

မြတ်စွာဘုရား မရခဲ့ပါဘုရား။ တစ်မြို့လုံးမှာ အသက်ရှင်နေတဲ့ လူတွေထက် သေပြီးတဲလူကသာ များနေတာကို သိရပါတယ်ဘုရား။

ချစ်သမီး သင်ဟာ ငါ့သားသာ သေတယ်လို့ မှတ်သိနေတယ်။ သေခြင်းသဘောဆိုတာ သတ္တဝါတို့ရဲ့ သေချာပေါက် မလွဲနိုင်မြဲတဲ့ တရားဖြစ်တယ်။

မုန်ပေတယ်၊ သေမင်းက သတ္တဝါအားလုံး အလိုဆန္ဒ မပြည့်မီမှာပင် ရေအလျဉ်ကဲ့သို့ ဆွဲငင်လျက် အပါယ်သမုဒ္ဒရာထဲ ပစ်ချလိုက်တယ်။

တံ ပုတ္တပသုသမ္မတ္တံ၊ ဗျာသတ္တမနသံ နရံ။
သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ။

မဟောဃော–ကြီးစွာသော ရေအလျဉ်သည်၊ သုတ္တံ–သိစိတ်မပေါ် အိပ်ပျော်နေသော၊ ဂါမံ–ရွာသူရွာသား လူအများကို၊ အာဒါယ–

နစ်မြုပ်လေအောင် ယူဆောင်၍၊ ဂစ္ဆတိ ယထာ–စီးသွားလေသကဲ့သို့ မစ္စု–သတ္တဝါခပင်း မလွတ်ကင်းသည့် သေမင်းသည်၊ ပုတ္တပသု သမ္မတ္တံ–သားသမီး စည်းစိမ် ဥစ္စာအဖြာဖြာတို့ဖြင့် မကွာလေအောင် မာန်ထောင်နေသော၊ ဗျာသတ္တမနသံ–မိမိကိုယ်နှင့် ကိုယ်နှင့်စပ်ရာ ပစ္စည်းဥစ္စာ သားမယား အဖြာဖြာ ဉာတကာအရပ်ရပ်၌ ကပ်ငြိ တွယ်တာစိတ်ရှိသော၊ တံနရံ–ယောကျ်ားမဟူ၊ မိန်းမမဟူ ထိုထို လူကို၊ အာဒါယ–မငြင်းသာအောင် ခေါ်ဆောင်၍၊ ဂစ္ဆတိ–မရပ်မနား မပြတ်သွားလေ၏။

ဩော်...ငါဟာ တကယ် မမြဲတာတွေကို မြဲတယ်လို့ စွဲလမ်းမိတယ်။ ဘဝတစ်ခု နောက်ဆုံးဖြစ်တဲ့စိတ် (စုတေစိတ်) ဖြစ်သွားလို့ ဘဝတစ်ခု ပြီးဆုံးသွားတာကို ပြန်ရှင်လိမ့်ဦးမည်လို့ ငါထင်ခဲ့တာ စိတ်ဖြာကြည့်လိုက်တော့ အဝိဇ္ဇာက ဖုံးကွယ်ထားလို့ပဲ။ အဝိဇ္ဇာက ဖုံးကွယ်ထားတော့ တဏှာက သာယာစွဲလမ်း တတန်းတန်းဖြစ်နေမိခဲ့တယ်။ ရှင်တော်မြတ်ဘုရားရဲ့ အမြတ်တရားကို မှတ်သားလိုက်ရတော့ သား၊သမီး၊ဆွေမျိုးဉာတိ၊ အမိအဖဆိုတာတွေဟာ တကယ် ရှုကြည့်လိုက်တော့ သမ္မုတိဆိုတဲ့ ပညတ်တွေပဲ။ သိမှတ်ရမှာက ရုပ်နာမ်အစု၊ အဟုတ်အမှန် ရှုလိုက်တော့ တစ်ခုမျှ မမြဲတဲ့ ဆင်းရဲ ဒုက္ခ၊ အနတ္တ တရားတွေပဲလို့ ငါရဲ့ အသိဉာဏ် အမြင်ရှင်းပြီး အလင်းရလိုက်တော့ သက္ကာယ ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာ မာသ ဣလ္လာသာမစ္ဆရိယတွေ လျောကွာသတ်မိတဲ့ သောတာပတ္တိ မင်္ဂကို ဆိုက်ပြီး အမျောမသန်တဲ့ သောတာပန် ဖြစ်ခဲ့ရပါတကား။

မြတ်စွာဘုရား၊ သံသရာရပ်တန်းက ရပ်ရလေအောင် တပည့်တော်မကို မြတ်ရဟန်း ပြုပေးတော်မူပါဘုရား။

ဩော်...မြတ်စွာဘုရားက အမျိုးသမီးရဟန်းတွေထံ စေလွှတ်လိုက်လို့ အမျိုးသမီးရဟန်းတွေက ရဟန်းပြုပေးကြတယ်။ လူ့ဘဝ အမည်နဲ့ပဲ ကိသာဂေါတမီ ထေရီလို့ အမည်ရခဲ့တယ်။

ဒီနေ့ ဥပုသ်နေ့မှာ ဥပုသ်အိမ်အတွင်း ဆီမီးလင်းဖို့ ငါ့တာဝန် အလှည့် ကျနေတယ်။ ဥပုသ်အိမ်ကို ငါအလျင်သွားပြီး ဆီမီးညှိ ထွန်းမှပဲ။

* * *

ဆီမီးလျှံတွေကို ငါသေသေချာချာ ကြည့်နေလိုက်တာ မပြတ် လောင်နေတယ် ထင်ရပေမယ့် ပထမမီးတောက်က ဒုတိယမီးတောက်၊ ဒုတိယမီးတောက်က တတိယမီးတောက်၊ ပထမမီးစာလေး ကျွမ်းပြီး ဒုတိယမီးစာပိုင်းလေးကျွမ်း၊ ဒုတိယမီးစာလေးကျွမ်းပြီးမှ တတိယ မီးစာပိုင်းလေး လောင်ကျွမ်းသွားတော့ တရိပ်ရိပ်နဲ့ ဖြစ်လိုက် ပျက်လိုက် အစဉ်မပြတ် ဖြစ်နေသလို ဒီသတ္တဝါတွေလဲ အမိဗွေးကတည်းက တကြိမ်တည်း၊ တစ်လုံးတည်း၊ တစ်ခဲတည်း၊ တစ်တန့်တည်း မတည်တံ့ ဘဲ အဆက်ဆက် ဖြစ်ပျက်နေကြတာတွေပဲ။ နိဗ္ဗာန်ရောက်သူတို့သာ ပုဂ္ဂိုလ်သတ္တဝါအသွင် မထင်တော့ဘဲ ဆီမီးခွက်မီး ဆီကုန် မီးစာကုန် လို့ အပြီးသတ် ငြိမ်းသလို ငြိမ်းကြတာပါလား။

ဩော်...ငါ့သမီးတော် ကိသာဂေါတမီ ဆီမီးလျှံ အာရုံမှ သူ့ရဲ့ ခန္ဓာကိုယ်အာရုံတွင်မက သတ္တဝါမှန်သမျှတို့ရဲ့ အပြီးသတ် ငြိမ်းအေး နိုင်ပုံကို အာရုံယူ အမှန်အသိ ဖြစ်နေတယ်။ သူ့ရဲ့ ရှေ့ဘည့်တည့် မှာ ငါဘုရားထိုင်လျက် ဟောနေသလို သဘောထင်အောင် အရောင် ဖြန့်လိုက်မည်။ ဂေါတမီ မြင်စေ၊ ကြားစေသော်။

ချစ်သမီး ဂေါတမီ၊ ချစ်သမီး ထင်မြင်သကဲ့သို့ ဤသတ္တဝါတို့ သည် ဆီမီးလျှံကဲ့သို့ ဖြစ်ကြ၊ ချုပ်ကြသည်။ အမတ မဟာနိဗ္ဗာန်

ဝင်သူတို့သာ ပုဂ္ဂိုလ်သတ္တဝါမထင် ဖြစ်ပျက်တွေ အစဉ်ငြိမ်းကြ တော့သည်။ နိဗ္ဗာန်မမြင်သူတို့၏ နှစ်တစ်ရာ အသက်ရှင်ရခြင်းထက် နိဗ္ဗာန်မြင်သူ၏ မျက်စိတမှိတ်၊ လျှပ်တစ်ပြက်၊ လက်ဖျစ်တစ်တွက် အချိန်မျှ အသက်ရှင်ရခြင်းက မြတ်လှပေသည်။

**ယော စ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ။**
**ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ။**

ယော–အကြင်သူသည်၊ အမတံ ပဒံ–ရုပ်နာမ် ခပ်သိမ်း ငြိမ်းရာ အမှန် မြတ်နိဗ္ဗာန်ကို၊အပဿံ အပဿန္တော–မမြင်ဘဲ၊ ဝဿသတံ–နှစ်တစ်ရာပတ်လုံး၊ ဇီဝေ–အသက်ရှင်ရာ၏၊ တဿ–ထိုသူ၏၊ ဇီဝိတတော–အသက်ရှင်ရခြင်းထက်၊ အမတံ ပဒံ–အမြိုက်နိဗ္ဗာန်ကို၊ ပဿတော–မြင်သောသူ၏၊ ဧကာဟံ–တစ်ရက်မျှ၊ ဇီဝိတံ–အသက်ရှင်ရခြင်းသည်၊ သေယျော–မှတ်ကြမသွေ မြတ်လှလေသတည်း။

ဩော်...ရှင်တော်မြတ်ဘုရား၏ ဒေသနာတော်အဆုံး ငါရဲ့ ကိလေသာတွေ အားလုံး ပြုတ်ပြတ်ပြုန်း ငြိမ်းသတ်သည့် အရဟတ္တမဂ်နှင့်အတူ ပဋိသမ္ဘိဒါ လေးရပ်တို့ဖြင့် အပြီးသတ်ခဲ့လေပြီ တကား။

ကိသာဂေါတမိဝတ္ထု ပြီး၏။

# ဗဟာ့ပုတ္တိကထေရ်ရီဝတ္ထု

ဩော်...ငါတို့ဖခင် ကွယ်လွန်ပြီးနောက် ကျန်ရစ်တဲ့ ရွှေငွေ ပစ္စည်းကို ငါတို့မိခင်က ငါတို့ညီအစ်ကို ခုနစ်ယောက်၊ အစ်မ ညီမ ခုနစ်ယောက်တို့ကို ဝေခြမ်းမပေးဘဲ ဖခင်ရှိတုန်းကလို မိခင်တစ်ဦး တည်း သိမ်းဆည်းထိန်းချုပ်ထားတယ်။ ငါတို့ သားသမီး တစ်ကျိပ် လေးယောက်အားလုံး တိုင်ပင်ထားပြီးကြပြီ။ မိခင်ထံ အမွေတောင်းခံ မှပဲ။

မိခင် ခင်ဗျား၊ ကျွန်တော်က မိခင်ရဲ့ သားအကြီးဆုံးပါ၊ သူက မိခင်ရဲ့ သမီးအကြီးဆုံးပါ။ ကျွန်တော်တို့ ဖခင်ကွယ်လွန်သွားပြီ၊ ကျန်ရစ်တဲ့ ပစ္စည်းတွေနဲ့ မိခင်မှာ ဘာအကျိုးရှိတော့မှာလဲ။ ကျွန် တော်တို့ သားသ၊မီးတွေက မိခင်ကို ပြုစုလုပ်ကျွေးနိုင်မည် မထင် လို့လား။ ကျွန်တော်တို့ သားသမီး တစ်ကျိပ်လေးယောက်တို့အား ပစ္စည်းဥစ္စာကို အညီအမျှ ဝေငှပေးပါ။ ကျွန်တော်တို့ သားသမီး များက အလှည့်ကျ မိခင်အား ပြုစု ကျွေးမွေးကြပါမည်။

နင်တို့ ပြောတာကတော့ ဟုတ်ပါတယ်။ ဒါပေမယ့် ငါကလည်း အသက်အရွယ်က အလွန်ကြီး ကြီးသေးတာ မဟုတ်ဘူး။ တစ်ချိန် ကျတော့ အမွေဥစ္စာ ဝေငှပေးမှာပဲ။

* * *

သြော်...ငါ့အဘိုးကြီး အသက်ထင်ရှားရှိစဉ်က ရှာဖွေစုဆောင်းထားခဲ့တဲ့ စီးပွားဥစ္စာ အားလုံးကို ငါ့သား၊ ငါ့သမီး တစ်ကျိပ်လေးယောက်တို့အား အညီအမျှ ခွဲခြားဝေဖန် ပေးလိုက်ပြီ။

အမွေခွဲပေးပြီး သုံးရက်ကျော်ကြာသွားပြီ၊ ငါ့သားကြီးအိမ် သွားဦးမှပဲ။

အံ့သြစရာပဲတော်၊ ကျွန်မတို့ ယောက္ခမကြီးက ငါ့သားအကြီးဆုံးပဲဆိုပြီး ကျွန်မတို့အိမ်ကို လာခဲ့တာ၊ အမွေကို နှစ်ပုံခွဲပေးထားသလိုပဲ ဒီအိမ်ကိုမှ လာရတာ အံ့လောက်ပါရဲ့။

အင်း...သားကြီး အိမ်သွားတော့ ငါ့ချွေးမက ငါ့ကို သူတို့အိမ်မလာရအောင် ပြောလိုက်တယ်။ ကျန်တဲ့ သားသမီးတွေအိမ် သွားပြန်တော့လဲ ဒီလိုပဲ။ သူတို့အိမ်မလာအောင် ပြောကြတာပဲ။

ဒီသားသမီးတွေကို အားကိုးလို့ မဖြစ်တော့ဘူး။ သူတို့ဆီမှာနေလို့လဲ ငါ့အဖို့ အကျိုးမရှိတော့ပါဘူး။ အမျိုးသမီးရဟန်းလုပ်ပြီး ချမ်းချမ်းသာသာ အသက်မွေးနေမှ ကောင်းမည်။

* * *

ကဲ...သားသမီးတွေနဲ့ ခွဲခဲ့ပြီ၊ အမျိုးသမီးရဟန်းများထံ ရဟန်းပြုခွင့်တောင်းလို့ ရဟန်းပြုပေးလိုက်ကြတယ်။ လူဝတ်ကြောင်နဲ့ နေခဲ့တုန်းက သားသမီးတွေများခဲ့လို့ ဗဟုပုတ္တိကထေရီလို့ ခေါ်ကြတယ်။

ငါက အသက်ကြီးလာမှ ရဟန်းပြုခဲ့ရတော့ ပေါ့ပေါ့ဆဆနေလို့ မဖြစ်ဘူး။ ဘိက္ခုနီတို့ရဲ့ ဝတ်ကြီးဝတ်ငယ်ကို ပြုလုပ်ရင်း ရဟန်းတရား ညဉ့်လုံးပေါက် အားထုတ်မှပဲ။ ကဲ...ညအချိန် ငါနေတဲ့ ကျောင်းပြာသာဒ်အောက်ဆင်းပြီး ကျောင်းတိုင်ကို လက်နဲ့ ကိုင်ပြီး လှည့်ပတ် အားထုတ်မည်။ ကျောင်းတိုင်ကို ကိုင်တယ် ကိုင်တယ်၊

ခြေကို ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်။

ကဲ...ညမှောင်မည်းထဲ စင်္ကြံသွားနေတယ်။ သစ်ပင်မှာ (သို့မဟုတ်) တစ်နေရာမှာ ငါ့ဦးခေါင်းကို တိုက်မိခိုက်မိလိမ့်မယ်။ ကဲ...ဒီသစ်ပင်ကို လက်နဲ့ကိုင်ပြီး ပတ်ခြာလည့်ရင်း ရဟန်းတရား အားထုတ်တော့မည်။

သစ်ပင်ကို ကိုင်တယ်၊ ထိတယ်၊ ခြေကို ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ဘယ်ဘက်ခြေကို ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ညာဘက်ခြေကို ကြွတယ်၊ လှမ်းတယ်၊ ချတယ်။

ငါရဲ့ ဒီလို ရှုမှတ်ပွားများအားထုတ်မှုဟာ မြတ်စွာဘုရား ဟော ထားတဲ့ တရားတော်အတိုင်း ဖြစ်တယ်။

သြော်...ငါဘုရားရဲ့ သမီးတော် ဗဟုပုတ္တိကထေရ်ရီ ဂန္ဓကုဋိ တိုက်အတွင်း ထိုင်နေတဲ့ ငါဘုရားကို မြင်စေ၊ ငါဘုရား၏ စကားကို ကြားစေသတည်း။

ဗဟုပုတ္တိက သမီးတော် ငါဘုရားဟောအပ်သော တရားတော်ကို မဆင်ခြင် မသိမြင်သူ၏ နှစ်ပေါင်းတစ်ရာ အသက်ရှင်ရခြင်းထက် ငါဘုရား ဟောအပ်သော တရားတော်ကို ဆင်ခြင်မြင်သိသူ၏ တစ်မဟုတ်မျှ အသက်ရှင်ရခြင်းက ပို၍ မြတ်ပေသည်။

**ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဓမ္မမုတ္တမံ။**

**ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဓမ္မမုတ္တမံ။**

ယော–အကြင်သူသည်၊ ဥတ္တမံ–မြတ်လှစွာသော၊ ဓမ္မံ–မဂ်ဖိုလ် နိဗ္ဗာန် ကိုးတန်ထင်ရှား လောကုတ္တရာတရားကို၊ အပဿံ– အပဿန္တော–တိတိထင်ထင် မသိမြင်ဘဲ၊ ဝဿသတံ–နှစ်တစ်ရာ ပတ်လုံး၊ ဇီဝေ–အသက်ရှင်ရာ၏။

တဿ–ထိုသူ၏၊ ဝိဝိတတော–အသက်ရှင်ရခြင်းထက်၊ ဥတ္တမံ–မြတ်လှစွာသော၊ ဓမ္မံ–မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်ထင်ရှား လောကုတ္တရာတရားကို၊ ပဿတော–တိတိထင်ထင် သိမြင်သူ၏၊ ဧကာဟံ–တစ်ရက်မျှ၊ ဇီဝိတံ–အသက်ရှင်ရခြင်းသည်၊ သေယျော–မြတ်လှပေသတည်း။

ဩော်…မြတ်စွာဘုရား ကရုဏာတော် ကြီးမားလှပါပေသည်။ ဂန္ဓကုဋိတိုက်တော်အတွင်း သီတင်းသုံးတော်မူလျက် ငါ့မျက်နှာရှေ့လာ၍ တရားဟောသကဲ့သို့ တန်ခိုးတော်ဖြင့် နှုတ်တော်မြွက်ကြား မြတ်တရားကို မှတ်သားပြီးကာ ထပ်ပွား အားထုတ်လိုက်သဖြင့် များယုတ်စင်စစ် ကိလေသာစက် သုံးထောင်ဝက်ကို အရဟတ္တမဂ်ဉာဏ်သန်လျက်ဖြင့် ပယ်ဖျက်ရှင်းလင်း ပဋိသမ္ဘိဒါလေးစင်းနှင့် အတူ အရဟတ္တမဂ်ဖိုလ် အလင်းပေါက်၍ သံသရာဆင်းရဲ ဝဲဩဃမှ ကူးမြောက်ခဲ့ရလေပြီတကား။

**ဗဟုပုတ္တိကာထေရီဝတ္ထု ပြီး၏။**

# လာအာဒေဝီတာဝတ္တု

## (ကိုယ့်တာဝန် သူ့တာဝန်)

အလို – အိပ်ရာက နိုးလာသလိုပဲ။

ဟင် – ငါ့ခန္ဓာကိုယ် ဘယ်လိုဖြစ်လာပါလိမ့်။ အဝတ်တန်ဆာတွေက များလည်း များပါဘိ၊ အိစက်ပျော့ပျောင်း ဝင်းဝင်းတောက်၊ ငါ့ကိုယ်အရပ်က အထက်ပိုင်း၊ အောက်ပိုင်း သုံးဂါဝုတ်လောက် ကိုယ်လုံးလိုယ်ထည်ကလည်း ကိုယ့်အရပ်နဲ့မျှရုံ၊ လှရုံ၊ ကြည့်ကောင်းရုံ၊ ခါးဝတ်အထည်က ဆယ့်နှစ်ယူဇနာခန့်၊ အပေါ်ရုံ အဝတ်ကလဲ ဒီလောက်ပဲ။

ဟင် – ငါ့ရဲ့ ရွှေဗိမာန်ကြီးကလဲ အမြင့်ယူဇနာ သုံးဆယ်လောက်၊ ဗိမာန်အကျယ်ကလည်း ကျယ်ကျယ်ဝန်းဝန်း။

အလို – ဒီနားက ရွှေပေါက်ပေါက်တွေ ပြည့်နေတဲ့ ရွှေခြင်းတောင်းကြီးတွေ၊ ရေသောက်စရာကလည်း ရွှေရေခွက်တွေ အားလုံး ရွှေတွေချည်းပါပဲလား။

ဟင် – ငါ့အခြံအရံ နတ်သမီးတွေက တစ်ထောင်တောင်ပဲ။ အားလုံး အလှ အချောတွေချည်းပဲ။ နတ်ပြည်က တာဝတိံသာတဲ့။ ငါဘာတွေပြုခဲ့လို့ နတ်စည်းစိမ်ကို ရလာပါလိမ့်။

အင်း – နတ်မျက်စိနဲ့ ရှုကြည့်လိုက်ဦးမှပဲ။

သြော် – ငါလူ့ပြည်မှာ ရာဇဂြိုဟ်မြို့အနီး သလေးစပါးခင်းစောင့်နေစဉ် သလေးစပါးနှံတွေက သလေးစပါးတွေ ချွေပြီး လှော်ထားတဲ့ သလေးပေါက်ပေါက်ကို အရှင်မဟာကဿပထေရ်မြတ်အား မျှတရုံ လှူဒါန်းခဲ့တယ်။ အဲဒီကောင်းမှုကြောင့် နတ်ပြည်စည်းစိမ်ကို ရတာပါကလား။

အင်း – နတ်စည်းစိမ်ယစ်ပြီး မေ့မေ့လျော့လျော့နေဖို့ မတော်ဘူး။ ငါ့အား ဒီအခြေအနေရောက်အောင် ချီးမြှောက်လိုက်တဲ့ အရှင်မဟာကဿပ ထေရ်ထံတော်မှာ ဝတ်ကြီး ဝတ်ငယ် ပြုလုပ်တဲ့ အထောက်အပံ့ (ဥပဋ္ဌာက)ကုသိုလ်နှင့် ငါရထားတဲ့ နတ်စည်းစိမ် ထာဝရရနိုင်မြဲအောင် ပြုလေမှပဲ။

အင်း – ငါနေတဲ့ ကျောင်းပရိဝုဏ်အတွင်း အမှိုက်သရိုက်တွေ ပြောင်သန့်ရှင်းနေပါကလား။ သောက်ရေ၊ ချိုးရေအိုးတွေမှာလည်း ရေအပြည့်၊ ဦးပဥ္စင်းငယ်တို့၊ သာမဏေတို့ သေနာသနဝတ်၊ အာစရိယဝတ် ပြုကြပေတာပဲ။

သြော် – စောစောစီးစီး တံမြက်လှဲသံ ကြားရပါကလား။ ငါ့ကျောင်းအတွင်း ဟိုသံကောက်(သော့)ပေါက်တွေက အရောင်တွေ ဝင်းဝင်းတောက် တိုးဝင်နေတယ်။ တံခါးဖွင့်ကြည့်ဦးမှပဲ။

ဟဲ့ – တံမြက်လှဲနေတာ ဘယ်က မိန်းကလေးလဲ။

မှန်ပါ၊ တပည့်တော်မ လာဇာပါဘုရား။ အရှင်ဘုရားရဲ့ အနီးကပ်ပြုစုတဲ့ တပည့်မ (ဥပဋ္ဌာယိကာ) ပါဘုရား။

ဟဲ့ – ငါ့မှာ ဒီနာမည်နဲ့ တပည့်မ (ဥပဋ္ဌာယိကာ) မရှိပါလား။

မေ့လျော့ထားပါမည် ဘုရား။ တပည့်တော်မ တာဝတိံသာရောက်တာ မကြာသေးပါဘုရား။ ဒီလူ့ရွာမှာ တပည့်တော်မ လူဖြစ်ခဲ့စဉ် သလေးစပါးခင်းစောင့်နေရင်း

လယ်ကန်သင်းရိုး တစ်နေရာမှာ အရှင်ဘုရားအား သလေးပေါက်ပေါက် လှူခဲ့ပါတယ်။ ဤကောင်းမှုကြောင့် အရှင်ဘုရား သိအပ်တဲ့တရား သိရပါလို၏ဘုရားလို့လည်း ဆုတောင်းခဲ့ပါတယ်။ လှူပြီး ဆုတောင်းပြီး အမြန် လယ်ကန်သင်းရိုး တစ်နေရာက အဆိပ်ပြင်းတဲ့ မြွေခဲလို့ သေပွဲဝင်ပြီး တာဝတိံသာ နတ်ပြည်မှာ နတ်သမီးဖြစ်လာရပါတယ်ဘုရား။

အင်း – ငါသတိရလာပြီ။ ငါပိတ်ချင်းဂူမှာ တစ်ချိန်က သီတင်းသုံးနေစဉ် နိရောဓသမာပတ်ကထပြီး ဒိဗ္ဗစက္ခုနဲ့ ဆွမ်းခံကြွဖို့ နေရာကိုကြည့်လိုက်တော့ သလေးပေါက်ပေါက်လှော်နေရင်း သလေးခင်းစောင့်နေတဲ့ အမျိုးသမီးတစ်ယောက်ကို မြင်တယ်၊ သဒ္ဓါတရား ရှိမရှိ စူးစမ်းဆင်ခြင် ကြည့်လိုက်ပြန်တော့ သဒ္ဓါတရားရှိသူ အမျိုးသမီးဖြစ်ကြောင်း သိရပြန်တယ်။ ငါ့အား လှူဒါန်းမှုဖြင့် ချီးမြှောက်နိုင်၊ မမြှောက်နိုင် ကြည့်လိုက်ပြန်တော့ ငါ့အား ချီးမြှောက်မှုကို ပြုလိမ့်မည်။ ပြုပြီး ကြီးကျယ်သော စည်းစိမ်ကိုရမည်ကို ငါမြင်ပြီး ကြွရောက်အလှူခံခဲ့တယ်။ ဟုတ်ပေတယ်၊ ဟုတ်ပေတယ်။ ကဲ...ကဲ၊ ဆက်ပြီး လျှောက်စမ်းပါဦး။

တပည့်တော်မ ရထားတဲ့ နတ်ပြည်စည်းစိမ်ဟာ အရှင်ဘုရားကို အမှီပြုရလို့၊ အရှင်ဘုရားအား လှူဒါန်းလိုက်ရလို့ ရလာတာပါ။ ယခုလဲ အရှင်ဘုရားထံမှာပဲ ပြုသင့်တဲ့ ဝတ်ကြီးဝတ်ငယ် ပြုစုအားထုတ်ရတဲ့ ကုသိုလ်ကံဖြင့် တပည့်တော်မ ရထားတဲ့ နတ်ပြည်စည်းစိမ် ငြိမ်ငြိမ်ခန့်ခန့် တည်တံ့အောင် ပြုမည်ရည်ရွယ်ပြီး နတ်ပြည်က လာရောက် ပြုစုခြင်းပါဘုရား။

အေးအေး–ကောင်းပါပြီ၊ မနေ့ကရော၊ တစ်နေ့ကရော တံမြက်လှဲတာ၊ ရေလောင်းထည့်တာ နင်ပဲလား။

မှန်လှပါ၊ တပည့်တော်မ ပါဘုရား။ ဟောဒါက ရွှေတံမြက်စည်း၊ ဟောဒါက အမှိုက်ပစ်ဖို့ ရွှေခြင်းတောင်း၊ ဟောဒါက ရေလောင်းထည့်ဖို့ ရွှေရေအိုးပါဘုရား။

ကဲကဲ – နတ်သမီး ဒီနေရာက ဖဲခွာ (ထွက်သွား) လေတော့။ သင်ပြုတဲ့ ကုသိုလ်ကတော့ ဖြစ်ပြီးပြီပဲ။ ဖြစ်စေတော့၊ ဒီအချိန်ကစပြီး ဒီနေရာ မလာနှင့်တော့။

အရှင်ဘုရား တပည့်တော်မရဲ့ ကုသိုလ်ဝတ်ကို မပျက်ပါစေနှင့်၊ အရှင်ဘုရားအနီးမှာ ကုသိုလ်ဝတ်ပြုပြီး တပည့်တော်မ ရထားတဲ့ နတ်ပြည်စည်းစိမ် ခိုင်မြဲအောင် ပြုခွင့်ပေးတော်မူပါဘုရား။

နတ်သမီး ဖဲခွာ (ထွက်သွား) ပေတော့။ အနာဂတ်ကာလ ယပ်တောင်ဆန်းကလေးတွေကိုင် တရားဟောကြတဲ့ ဓမ္မကထိကတွေက ပြောကြလိမ့်မယ်။

ဟော့ – မဟာကဿပထေရ်ထံ နတ်သမီးတစ်ယောက် လာလာပြီး ဝတ်ကြီးဝတ်ငယ် ပြုပေးသတဲ့၊ တံမြက်လှည်း၊ ရေလောင်းပေးသတဲ့။ ဒီလို အပြောခံရအောင် မလုပ်ပါနဲ့။ ဒီအချိန်ကစပြီး ဒီနေရာက ခဲဖွာ(ထွက်သွား)ပေတော့။ နောက်ဆုတ်တော့။

အရှင်ဘုရား တပည့်တော်မရဲ့ ကုသိုလ်ဝတ်ကလေးကို မဖျက်ဆီးပါနှင့်။ တပည့်တော်မ တောင်းပန်ပါတယ်ဘုရား။

အင်း – ဒီနတ်သမီး ပမာဏ (ပြုသင့် မပြုသင့် အတိုင်းအတာ) ကို နားမလည်ဘူး။ ငါ့စကားကို နားမထောင်ဘဲ ထပ်

တလဲလဲ ပြောနေပါကလား။ ကဲ...ကဲ၊ ဒီမှာ နတ်သမီး နင်ဟာ ငါ့စကားကို နားမထောင်ပါပဲလား။ ကဲ...လက်ဖျောက်တီးလိုက်မယ်။ သွားပေရော့။

အမလေး တပည့်တော်မ အရှင်ဘုရားရဲ့ ကျောင်းဝိုင်းအတွင်းမှာ မနေနိုင်တော့ပါဘုရား။ တပည့်တော်မ ရှိခိုးပါ၏ဘုရား။ တပည့်တော်မ ရထားတဲ့ နတ်ပြည်စည်းစိမ် မပျက်ပါစေနဲ့ဘုရား။ ထာဝရ ခိုင်မြဲတည်တံ့အောင် ပြုခွင့်ပေးတော်မူပါဘုရား။ တပည့်တော်မကို သနားစောင့်ရှောက်တော်မူပါဘုရား။

လေးဆယ့်ယူဇနာခန့် အမြင့်ထင်တဲ့ ထက်ကောင်းကင်က တောင်းပန်သံ မရှင်မလန်း ဘဝင်မချမ်းရှာ ပင်ပန်းကာ တလိုက်လိုက်နှင့် တရှိုက်ရှိုက် ငိုသံကား နတ်သမီးအသံ ဖြစ်ပေသည်။ ယင်းနတ်သမီးသည် ဂန္ဓကုဋိတိုက်အတွင်း သီတင်းသုံးငြား ငါဘုရားအား ယခုထင်ထင် မြင်စေသတည်း။

အလို – ဝင်းပြောင်တဲ့ အလင်းရောင်ပါလား။ ရှင်တော်မြတ်ဘုရား ငါရှိရာ ကြွရောက်နေသလိုပါပဲလား။

မှန်ပါဘုရား၊ တပည့်တော်မ ဇာလာပါဘုရား။

ချစ်သမီး လာဇာ၊ ငါဘုရား၏ သားတော်ကြီး ကဿပ၏ တာဝန်သည်ကား စောင့်စည်းမှုပင် ဖြစ်တော့သတည်း။ ဤကောင်းမှုကုသိုလ်သည် ငါတို့၏ အကျိုးစီးပွားဖြစ်ပေသည်ဟု အမှတ်ပြု၍ ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းသည်ကား ကောင်းမှုလိုလား အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့၏ တာဝန်ဖြစ်ပေသည်။

ဟုတ်ပေစွ လာဇာ၊ ကောင်းမှုကုသိုလ် ပြုလုပ်ခြင်းသည် မသေမီ မျက်စိအောက်ဘဝမှာလည်း ချမ်းသာဖို့အကြောင်း၊ နောင်ဘဝသံသရာမှာလည်း ဖန်ခါခါ ချမ်းသာဖို့အကြောင်း၊ ကောင်းကောင်းကြီး ဖြစ်ပေတော့သည်။ ဒါကြောင့် တစ်ဦးတစ်ယောက်သောသူသည် ကုသိုလ်တစ်မျိုးမျိုးကို တစ်ကြိမ်တစ်ခါပြုခဲ့ပြီးသော် ငါကား ကုသိုလ်တစ်ခု တစ်ကြိမ်တစ်ခါ ပြုထားရပြီ တော်လောက်ပါပြီဟု ရပ်နားရှောင်ကွင်းမှု မပြုမူ၍ ထပ်တလဲလဲ ကြိုးစားအားထုတ် ပြုလုပ်ရမည်။ ကောင်းမှုပြုနေဆဲမှာလဲ ထိုကောင်းမှုထဲတွင် စိတ်ဝင်တစား လိုလားဆန္ဒ ဥဿာဟကို ပြုရမည်။

ဘာကြောင့်နည်း။ ကုသိုလ်တရား တိုးပွားကြီးမြင့်နေခြင်းသည် ချမ်းသာဆင့်ဆင့် ခရီးသင့်အကြောင်း ကောင်းကောင်းကြီး ဖြစ်ပေသောကြောင့်တည်း။

ဘုန်းတော်ကြီးမြတ်သော ရှင်တော်မြတ်ဘုရား ဘုရားတပည့်တော်မသည် ရှင်တော်ဘုရား၏ တရားရတနာကို ကြားနာရပါသဖြင့် ရှင်တော်မြတ်ဘုရား၏ ကြီးမားသော ကရုဏာတော် စဖော်အရပ်ရပ် ဂုဏ်တော်မြတ်ကို စွဲကပ်သဒ္ဓါ အစဖြာသည့် နာမ်ခန္ဓာနှင့် တည်ရာဟဒယ ရူပစသား နာမ်ရုပ်တရားတို့၏ ဖြစ်လား၊ ပျက်လား တဖွားဖွားကို ရှုပွားဆင်ခြင် ဖြစ်လျှင်ပျက်စွ အနိစ္စနှင့် ဒုက္ခ၊ အနတ္တာ လက္ခဏာဉာဏ် အမြင်သန်ကာ ဖန်ခါခါရှုမိပါသဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာ ကင်းစင်ကွာလျက် သဒ္ဓါအစလ လက်ကိုင်ရပါ၍ သံသရာကြော ခုနစ်ဘဝသာ မျောမှာ အမှန် သောတာပန်ဖြစ်ရပါပြီ ဘုရား။

**လာဇာဒေဝဓီတာဝတ္ထု ပြီး၏။**

# ဥပုသ်သည် မိန်းမများဝတ္ထု

## မဖွယ်ရာရွယ် ဥပုသ်သည်

သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရား၊ တပည့်မ ဝိသာခါရှိသေစွာ လျှောက်ထားပါမည်ဘုရား။

ယနေ့ တပည့်တော်မ တည်ထားကိုးကွယ်ရာ သာဝတ္ထိမြို့ အရှေ့မျက်နှာ ပုဗ္ဗာရုံကျောင်းတိုက်တာအတွင်း ဤဥပုသ်နေ့၌ အမျိုးသမီးငါးရာ ဥပုသ်သီတင်း စောင့်သုံးလျက် ရှိကြပါသည်ဘုရား။

ဥပုသ်သည် အမျိုးသမီး ငါးရာတို့တွင် အသက်အရွယ်ကြီးရင့်သော အမျိုးသမီးကြီးများ၊ အသက်အရွယ် အလတ်ပိုင်း အမျိုးသမီးများ၊ အိမ်ထောင်ပြုပြီးခါစ အမျိုးသမီးများ၊ အိမ်ထောင်မပြုသေးသော အမျိုးသမီးငယ်များ အသီးသီး ပါဝင်ကြပါသည်ဘုရား။

၁။ အသက်ကြီးရင့်သော အမျိုးသမီးကြီးများထံ ချဉ်းကပ်၍–

ဒေါ်ဒေါ်တို့ ဘယ်အကျိုးကို ရည်ရွယ်လို့လား တောင့်တပြီး ဥပုသ်သီတင်း စောင့်သုံးကြပါသနည်း။

သမီးရေ နတ်ပြည်စည်းစိမ်ချမ်းသာကို ရည်ရွယ်လို့လား တောင့်တပြီး ဥပုသ်သီတင်း စောင့်သုံးကြပါသည်။

၂။ အသက်အရွယ် အလတ်ပိုင်း အမျိုးသမီးများထံ ချဉ်းကပ်၍–

အစ်မတို့၊ ညီမတို့ ဘယ်အကျိုးကို ရည်ရွယ်မျှော်မှန်း တောင့်တပြီး ဥပုသ်သီတင်း စောင့်သုံးကြပါသနည်း။

ညီမ ဝိသာခါ၊ အစ်မ ဝိသာခါ ကျွန်မတို့က လင်ယောကျ်ားတစ်ဦးတည်း၌ မယားကြီးအဖြစ်၊ မယားငယ်အဖြစ် နေထိုင်ရခြင်းမှ ကင်းလွတ်မှုအကျိုးကို၊ တစ်လင်တစ်မယား အဖြစ်နှင့်သာ နေထိုင်ရခြင်းအကျိုးကို ရည်ရွယ်လိုလား တောင့်တပြီး ဥပုသ်သီတင်း စောင့်သုံးကြပါသည်။

၃။ အိမ်ထောင်ပြုပြီးခါစ အမျိုးသမီးများထံ ချဉ်းကပ်၍–

တူမတို့ ဘယ်အကျိုးကို ရည်ရွယ်မျှော်မှန်း တောင့်တ၍ ဥပုသ်သီတင်း စောင့်သုံးကြပါသနည်း။

ကျောင်းအမ ဝိသာခါ ကျွန်မတို့က သားဦးယောကျ်ားကလေး ရရှိခြင်းအကျိုးကို ရည်ရွယ်လိုလားတောင့်တပြီး ဥပုသ်သီတင်း စောင့်သုံးကြပါသည်။

၄။ အိမ်ထောင်မပြုသေးသော အမျိုးသမီးငယ်များထံ ချဉ်းကပ်၍–

သမီးတို့၊ မြေးမတို့ ဘယ်အကျိုးကို ရည်ရွယ်မျှော်မှန်း တောင့်တပြီး ဥပုသ်သီတင်း စောင့်သုံးကြပါသနည်း။

ကျောင်းအစ်မကြီး အမိ ဝိသာခါ၊ ကျွန်မတို့က ငယ်ရွယ်တုန်းမှာပင် လင်ယောကျ်ားအိမ် လိုက်ရခြင်းအကျိုးကို ရည်ရွယ်မျှော်မှန်း တောင့်တပြီး ဥပုသ်သီတင်း စောင့်သုံးကြပါသည်။

မြတ်စွာဘုရား၊ တပည့်မ ယခုလျှောက်ထားသည့်အတိုင်း ဥပုသ်သည် အမျိုးသမီးလေးမျိုးတို့က ဥပုသ်သီတင်းစောင့်သုံးရခြင်း၏ ရည်ရွယ်ချက်၊ လိုလားတောင့်တချက်တို့ကို အသီးသီး ဖြေဆိုကြပါသည် ဘုရား။

ဥပုသ်သည် အမျိုးသမီးငါးရာတို့ ယခု ရှင်တော်မြတ်ဘုရား ရှေ့တော်မှောက်မှာ ရောက်ရှိနေကြပါပြီဘုရား။

ချစ်သမီး ဝိသာခါ၊ ဒီသတ္တဝါတို့မှာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ တရားတို့သည် တုတ်၊လှံကန် ကိုင်ဆောင်ထားသော နွားကျောင်းသား နှင့် တူကြပေသည်။

သတ္တဝါတို့၏ ဇာတိတရားသည် ဇရာထံသို့ ပို့နေသည်။ ဇရာ တရားက ဗျာဓိထံသို့ ပို့နေသည်။ ဗျာဓိတရားက မရဏထံသို့ ပို့နေ သည်။ မရဏတရားက သတ္တဝါတို့၏အသက်ကို ထက်စွာသော ဓားမ ဖြင့် ခုတ်ဖြတ်သကဲ့သို့ ဖြတ်လိုက်သည်။

ဒီလိုဖြစ်နေသော်လည်း ဝဋ်ဆင်းရဲကင်းရာ နိဗ္ဗာန် (ဝိဝဋ္ဋ) ကို ရည်ရွယ်မျှော်ကိုး လိုလားတောင့်တသူ မရှိ၊ ထပ်ခါထပ်ခါ ဖြစ်ရ၊ အိုရ၊ နာရ၊ သေရမှု (ဝဋ္ဋ)ကိုသာ ရည်ရွယ်မျှော်ကိုး လိုလား တောင့်တကြကုန်သည်။

**ယထာ ဒဏ္ဍေန ဂေါပါလော၊ ဂါဝေါ ပါဇေတိ ဂေါစရံ။**
**ဧဝံ ဇရာ စ မစ္စု စ၊ အာယုံ ပါဇေန္တိ ပါဏိနံ။**

ဂေါပါလော–နွားကျောင်း၍စား နွားကျောင်းသားသည်၊ ဒဏ္ဍေန၊ နွားကို ထိန်းကျောင်း တုတ်တစ်ချောင်းဖြင့်၊ ဂါဝေါ–ရေအနီးနား ပေါများရာမြက် နွားစားကျက်သို့၊ ပါဇေတိ ယထာ–တုတ်ဖြင့် ရိုက် ခြောက် အော်ကာ ငေါက်ကာ မရောက်ရောက်အောင် မောင်းနှင် ပို့ဆောင်လေသကဲ့သို့၊ ဧဝံ–နွားကျောင်းသားနှင့် အလားတူစွာ၊ ဇာတိစ၊ဘဝအာဒိ ဖြစ်ပေါ်ဘိကြား ဇာတိတရားသည်လည်းကောင်း၊ ဇာတိစ–ရုပ်နာမ်စားစား ဖြစ်ပေါ်ထင်ရှား ဇာတိတရားသည် လည်း ကောင်း၊ ဇရာစ၊ အသားရေရင့်ကျက် အားနည်းချက်နှင့် မျက်စိမွဲလာ စဖြာများပြား ဇရာတရားသည်လည်းကောင်း။

ဗျာဓိစ–အခြေယွင်းပျက် အနေခက်အောင် နှိပ်စက်စားစား ဗျာဓိတရားသည်လည်းကောင်း၊ မစ္စုစ–လက်ရှိဘဝ ရွှေ့လျောကျပြောင်း မရဏတရားသည်လည်းကောင်း၊ ပါဏိနံ–ဂုဏ်ရှိမရှိ သိမသိနှင့် သတိထားမထား မတရားသူ တရားသူဟူ အမှုများစွာ သတ္တဝါတို့၏၊ အာယုံ–ဆက်လက်တည်ရန် အခြေခံသည့် ရုပ်နာမ်နှစ်ချက် ထိုအသက်ကို။ ပါဇေန္တိ–ပြတ်စဲရောက်အောင် ပို့ဆောင်ကြလေကုန်၏။

ပါဇေန္တိ–ဘဝတစ်ရပ် အဆုံးသတ်သို့ ဆိုက်ကပ်လေအောင် မသွေမဖင့် အဆင့်ဆင့်ဖြင့် အသင့်ပုံသေ ပို့ဆောင်ကြလေကုန်သတည်း။

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတို့သည် နွားကျောင်းသားနှင့် တူကုန်၏။ သတ္တဝါတို့၏ အသက်သည် နွားအပေါင်းနှင့် တူ၏။ သေခြင်း၊ ပြတ်စဲခြင်းသဘောသည် နွားစားကျက်နှင့် တူ၏။

ဇာတိသည် သတ္တဝါတို့၏ အသက်ကို ဇရာထံသို့ ပို့၏။ ဇရာသည် သတ္တဝါတို့၏ အသက်ကို ဗျာဓိထံသို့ ပို့၏။ ဗျာဓိသည် သတ္တဝါတို့၏ အသက်ကို မရဏထံသို့ ပို့၏။ ထိုမရဏသည်ပင် သတ္တဝါတို့၏ အသက်ကို ထက်စွာသော ဓားမဖြင့် ဖြတ်သကဲ့သို့ ဖြတ်သွား လေ၏။ နွားအပေါင်း နွားစားကျက် ရောက်သွားသည်နှင့် တူလေ၏။

ဤသည်ကား ဘုရားဟောအပ် ဤဂါထာမြတ်၌ ဥပမာန၊ ဥပမေယျ နှီးနှောစပ်ဟပ်ခြင်းတည်း။

ဒေသနာတော်အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

ဥပုသ်သည်မိန်းမများဝတ္ထု ပြီး၏။

# ဝိသာခါ၏ အဖော်အမျိုးသမီးများဝတ္ထု

## အရက်ကိုမကဲ့ မင်္ဂလိုလ်ထွက်

သာဝတ္ထိမြို့၌ အမျိုးသားငါးရာတို့သည် မိမိတို့၏ အသီးသီးဖြစ်သော အမျိုးသမီးငါးရာတို့ကို ဝိသာခါကျောင်းအမကြီးထံ အပ်နှံထားကြသည်။

အပ်နှံထားခြင်း၏ ရည်ရွယ်ချက်မှာ–အမျိုးသမီးငါးရာတို့သည် ဝိသာခါ ကျောင်းအမကြီးနှင့်အတူ ဘုရားသွားကျောင်းတက်ခြင်းဖြင့် ကုသိုလ်ဖြစ်ခြင်းကြောင့် မမေ့မလျော့နေသူများ (အပ္ပမာဒဝိဟာရိနီ) ဖြစ်ကြလိမ့်မည်ဟု ရည်ရွယ်ကြသည်။

အမျိုးသမီးငါးရာတို့သည် ဥယျာဉ်သို့ သွားသည့်အခါ၊ ကျောင်းသို့ သွားသည့်အခါ ဝိသာခါနှင့် အတူသွားကြသည်။

တစ်ချိန်တွင် ခုနစ်ရက်ပတ်လုံး သေရည်သောက်ပွဲ ကျင်းပပြုလုပ်မည်ဟု ကြွေးကြော်လေ၏။ ထိုအခါ အမျိုးသမီးငါးရာတို့သည် မိမိတို့၏ အမျိုးသား လင်ယောကျ်ားများအတွက် သေရည်ကို စီစဉ်ပြုလုပ်ကြသည်။

အမျိုးသားလင်ယောကျ်ားအသီးသီးတို့သည် ခုနစ်ရက်ပတ်လုံး သုရာသဘင် ဆင်နွှဲပျော်မြူးကြပြီးနောက် ရှစ်ရက်မြောက်သော နေ့၌

အိမ်လုပ်ငန်းလုပ်ကိုင်ဖို့ရာ နှိုးဆော်သည့် စည်တီးနှိုးဆော်သဖြင့် လုပ်ငန်းခွင်သို့ သွားကြကုန်၏။

အမျိုးသမီးငါးရာတို့သည်...

ငါတို့သည် ငါတို့၏ အမျိုးသားလင်ယောကျ်ားတို့ရှေ့တွင် သေရည် မသောက်ခဲ့ရကုန်။ သေရည်လည်း ကျန်ရှိနေသေး၏။ ဒီသေရည်ကို ယောကျ်ားများမသိအောင် သောက်ကြစို့ဟု တိုင်ပင်ကြပြီး ဝိသာခါ ကျောင်းအမကြီးထံ သွားကြကာ သခင်မ ဝိသာခါ၊ ဥယျာဉ်ကြည့်လို ကြပါသည်ဟု ပြောကြသဖြင့် ဝိသာခါက ကောင်းပြီ အမိတို့ ဥယျာဉ်သို့ သွားလိုကြလျှင် ပြုဖွယ်ကိစ္စတို့ကို ပြုပြီး ထွက်ခဲ့ကြဟု ပြောဆိုလေ၏။

အမျိုးသမီးငါးရာတို့သည် ဝိသာခါနှင့်အတူ ဥယျာဉ်သို့ သွားသော အခါ သေရည်ကို ဖုံးကွယ်၍ ယူဆောင်ခဲ့ကြပြီး ဥယျာဉ်သို့ ရောက် သောကာလ သေရည်ကို သောက်ကြ၍ ယစ်မူးပြီး ဥယျာဉ်တွင်း၌ ယိမ်းယိုင်သော ကိုယ်အမူအရာဖြင့် လှည့်ပတ်သွားနေကြကုန်၏။

ထိုအခြင်းအရာကို သိမြင်ရသော ဝိသာခါသည် ဤသို့ ကြံမိ လေ၏။

ငါ့အဖော် အမျိုးသမီးတို့သည် မပြုသင့်သည်ကို ပြု၏။ ယခု ငါ့ကို တိတ္ထိတို့က ရဟန်းဂေါတမ၏ တပည့်မ ဝိသာခါသည် သေရည် သောက်ပြီး သွားလာနေသည်ဟု ကဲ့ရဲ့ကြတော့မည်။

ဤသို့ အကြံအစည်ဖြစ်ပြီး ဝိသာခါသည် ထိုအမျိုးသမီးတို့ကို ခေါ်၍ ဤသို့ ပြောဆိုလေ၏။

အမိတို့၊ သင်တို့သည် မသင့်လျော်တာကို ပြုအပ်၏။ ငါ၏ မကောင်းသတင်းကိုလည်း ဖြစ်စေအပ်၏။ သင်တို့၏ အမျိုးသား လင်ယောကျ်ားတို့ကလည်း သင်တို့အား အမျက်ထွက်ကြလိမ့်မည်။ စိတ်ဆိုးကြလိမ့်မည်။ ယခု ဘယ်လိုလုပ်ကြမည်နည်း။

သခင်မ ဝိသာခါ ကျွန်မတို့က ကျွန်မတို့ယောက်ျားများအား နေမကောင်းသည့်အသွင်ကို ပြကြပါမည်။ နေမကောင်းဟန်ယောင်ဆောင်နေကြပါမည်။

ဒါဖြင့်လျှင် ကိုယ်ပိုင်အမှုဖြင့် ထင်ရှားကြလိမ့်မည်ဟု ဝိသာခါက ပြောဆိုထားပေ၏။

အမျိုးသမီးငါးရာတို့သည် အိမ်သို့ပြန်ရောက်ကြသောအခါ နေမကောင်း ဟန်ယောင်ဆောင်နေကြလေ၏။

ထိုအခါ လင်ယောက်ျားအသီးသီးက မိမိတို့ ဇနီးအသီးသီးကို မိန်းမ ဘယ်မှာနည်းလို့ မေးလတ်သော် နေမကောင်းဖြစ်နေပါသည်ဟု ပြောဆိုသံကြားရ၍ ဒီမိန်းမတွေဟာ ငါတို့သောက်၍ ကျန်သောအရက်သေရည်ကို သေချာပေါက် သောက်ကြလိမ့်မည်ဟု မှတ်ယူပြီး ထိုမိန်းမတို့ကို ပုတ်ခတ် ရိုက်နှက်ကြကုန်၏။

နောက်တစ်ခါ သေရည်သောက်ပွဲအလှည့် ရောက်လာပြန်သောအခါ ထိုအမျိုးသမီးတို့သည် ရှေးနည်းအတိုင်း သေရည်သောက်လိုကြပြန်၍ ဝိသာခါထံ ချဉ်းကပ်ပြီး...

သခင်မ၊ ကျွန်မတို့ကို ဥယျာဉ်သို့ ပို့ပေးပါဦးဟု ပြောဆိုကြပြန်ရာသင်တို့သည် ဟိုအရင်တစ်ခါတုန်းကလည်း ငါရဲ့မကောင်းသတင်းကိုဖြစ်စေသည်။ ပြန်သွားကြ။ သင်တို့ကို ဥယျာဉ်သို့ ငါမပို့နိုင်ဟု ဝိသာခါက တားမြစ်ဖယ်ရှားသဖြင့် ယခုအချိန်မှာမူ ဟိုတုန်းကလို မလုပ်ကြတော့ပါဟု ပြောဆိုကြပြီး နောက်ထပ် ဝိသာခါထံ ချဉ်းကပ်၍ သခင်မ ကျွန်မတို့ မြတ်စွာဘုရားကို ပူဇော်လိုကြပါသည်။ ကျွန်မတို့ကို ကျောင်းသို့ ပို့ပေးပါဟု ပြောဆိုကြပြန်သည်။

အမိတို့ ယခုပြောစကားသည် သင့်လျော်ပေ၏။ ပြန်သွားကြဦး။ ပြုလုပ်ဖွယ်ကို ပြုခဲ့ကြဟု ပြောဆိုလေ၏။

ထိုမိန်းမတို့သည် ပန်းထည့်ခြင်းတောင်းတို့ဖြင့် မွှေးကြိုင်သော ပန်း စသည်တို့ကို ယူ၍ သေရည်ဖြင့်ပြည့်သော လက်တွင်းဆုပ် ခွက်ငယ်တို့ကို လက်တို့ဖြင့် ဆွဲကိုင်၊ အပေါ်ရုံအဝတ်လွှာကြီးတို့ကို ခြုံ၊ ဝိသာခါထံချဉ်းကပ်ပြီး ဝိသာခါနှင့်အတူ ကျောင်းတွင်းသို့ ဝင်ကြကာ တစ်နေရာသို့သွား၍ လက်တွင်းဆုပ်ခွက်ငယ်တို့ဖြင့် သေရည်ကို သောက်ပြီး ခွက်ငယ်တို့ကို စွန့်ပစ်ခဲ့ကြပြီး တရားသဘင်ဝယ် မြတ်စွာဘုရား၏ ရှေ့၌ ထိုင်နေကြသည်။

ဝိသာခါက မြတ်စွာဘုရား၊ ဤအမျိုးသမီးတို့အား တရားဟောတော်မူပါဟု လျှောက်ထားလေ၏။

သေရည်ယစ်သောအဟုန်ဖြင့် တုန်လှုပ်သော ကိုယ်ရှိသော အမျိုးသမီးငါးရာတို့၏ သီချင်းဆိုလိုသောစိတ်၊ ကခုန်လိုသောစိတ်များ ဖြစ်ပေါ်လာကြသည်။

ထိုအခါ မာရ်နတ်၏ အသင်းအပင်းဝင်ဖြစ်သော နတ်တစ်ယောက်သည် ဤအမျိုးသမီးတို့၏ ကိုယ်၌ ပူးဝင်၍ ရဟန်းဂေါတမ၏ရှေ့၌ ဖောက်ပြန်သော အမူအရာကို ပြစေအံ့ဟု ကြံစည်၍ အမျိုးသမီးတို့၏ ကိုယ်၌ ပူးဝင်ကြလေ၏။

အမျိုးသမီးငါးရာတို့တွင် အချို့သော အမျိုးသမီးတို့သည် မြတ်စွာဘုရား၏ရှေ့၌ လက်ခုပ်တီး ရယ်ကြပြီး အချို့သော အမျိုးသမီးတို့သည် ကခုန်ကြသည်။

မြတ်စွာဘုရားသည် ဤအမျိုးသမီးတို့၏ အမူအရာသည် အဘယ်ကြောင့် ဤသို့ ဖြစ်သနည်းဟု ဆင်ခြင်တော်မူလတ်သော် မာရ်နတ်အသင်းအပင်းဝင် နတ်တစ်ဦး ပူးကပ်ကြောင်းကို သိတော်မူ၍ ငါဘုရားသည် ယခုအချိန်၌ မာရ်နတ်တို့၏ အသင်းအပင်ဝင် နတ်တို့အား အခွင့်မပေးအံ့။

အဘယ်ကြောင့်ဆိုသော်လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကာလ ပတ်လုံး ပါရမီတို့ကို ဖြည့်ကျင့်ခဲ့သော ငါဘုရားသည် မာရ်နတ် အသင်းအပင်းဝင် နတ်တို့၏ အခွင့်ရဖို့ ပါရမီဖြည့်ခဲ့သည် မဟုတ် သောကြောင့်တည်း။

ထို့ကြောင့် အမျိုးသမီးငါးရာတို့ကို ထိတ်လန့်စေခြင်းငှာ မျက်ခုံး မွေးတော်မှ ညိုမှောင်သော ရောင်ခြည်တော်တို့ကို လွှတ်တော်မူလေ၏။

ရောင်ခြည်တော်လွှတ်သော ထိုခဏမှာပင် အလင်းရောင် ပျောက်၍ အမိုက်မှောင်အတိ ဖြစ်လေ၏။

ထိုအမျိုးသမီးတို့သည် သေဘေးဖြင့် ခြိမ်းခြောက်ခံရကြ၍ အလွန် ကြောက်ကြလေကုန်၏။ ထို့ကြောင့် အမျိုးသမီးတို့၏ ဝမ်းတွင်း၌ သေရည်သည် ကြေပျောက်လေ၏။

မြတ်စွာဘုရားသည် ထိုင်နေတော်မူရာ ပလ္လင်ထက်၌ ပျောက် ကွယ်၍ မြင့်မိုရ်တောင်ထိပ်၌ ရပ်တော်မူကာ ဥဏ္ဏာလုံမွေးရှင်တော်မှ ဝင်းပြောင်သော ရောင်ခြည်တော်ကို လွှတ်တော်မူလေ၏။ ထိုခဏ၌ ပင် လပြည့်ဝန်းတစ်ထောင် ထွက်ပေါ်လာသကဲ့သို့ အလင်းရောင်ဖြစ် လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုအမျိုးသမီးတို့ကို မိန့်ခေါ်တော် မူပြီး. . .

သင်တို့သည် ငါဘုရား၏ ထံတော်အနီးသို့ ယစ်မူးသူတို့အဖြစ်ဖြင့် လာရောက်ခြင်းငှာ မသင့်လျော်ချေ။ မှန်လှပေ၏။ သင်တို့၏ မေ့လျော့ ခြင်းကြောင့်ပင် မာရ်နတ်၏ အသင်းအပင်းဝင် နတ်သည် အခွင့် ကောင်းကို ရ၍ သင်တို့ကို ရယ်ခြင်း၊ ကခုန်ခြင်း၊ လုပ်ခုပ်တီးခြင်း၊ မပြုသင့်ရာ နေရာ၌ ရယ်ခြင်း၊ ကခုန်ခြင်း၊ လက်ခုပ်တီးခြင်းတို့ကို ပြုစေသည်။ ဘုရားနှင့် တွေ့ကြုံမိရာ ဤအချိန်အခါ၌ သင်တို့သည်

ရာဂစသီး တစ်ဆယ့်တစ်မီးတို့၏ ငြိမ်းအေးဖို့ရာ အားထုတ်သင့်တော့သည်ဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူပြီ။

**ကော နု ဟာသော ကိမာနန္ဒော၊ နိစ္စံ ပဇ္ဇလိတေ သတိ။**
**အန္ဓကာရေန ဩနဒ္ဓါ၊ ပဒီပံ န ဂဝေသထ။**

ဣမသ္မိံ လောက သန္နိဝါသသ–နိမ့်မြင့်ကောင်းဆိုး အမျိုးမျိုးစုံ အာရုံ များစွာ သတ္တဝါတို့ ဖြစ်လာဆုံဆည်း ဤဘုံလောကကြီး၌၊ ရာဂါဒိကောဒသဟိ အဂ္ဂိဟိ–ရာဂစပွား တစ်ဆယ့်တစ်ပါးသော မီးတို့သည်၊ နိစ္စံ ပဇ္ဇလိ တေသတိ–မခံသာအောင် အရောင်ငြီးငြီး အမြဲတမ်း ဖိစီးနှိပ်စက်အပ်ကုန်သည်ဖြစ်လျက်၊ ကောနုဟာသော–လောင်သည်ဟုပင် စိတ်မထင်ဘဲ ပျော်ရွှင်နိုင်စရာ အဘယ်ပါနည်း၊ (ဝါ)အဘယ့်ကြောင့် ပျော်ရွှင်နိုင်ပါသနည်း၊ ကိမာနန္ဒော–ဒေါသမထွက် စိတ်မပျက်ဘဲ နှစ်သက်နိုင်စရာ အဘယ်ပါနည်း(ဝါ)အဘယ့်ကြောင့် နှစ်သက်နိုင်ပါသနည်း။

တုမှေ–အပူကိုပင် အအေးထင်လျက် ပျော်ရွှင်မပျက် နှစ်သက်နိုင်ကြသော သင်တို့သည်၊ အန္ဓကာရေန–အကြောင်းရှစ်ခု ပေါင်းစုဖွဲ့နှောင် အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်သည်၊ ဩနဒ္ဓါ–ပို၍သာ မှောင် အရောင်မထွက် မလှုပ်သာ မလှက်သာအောင် အမြဲတမ်း ပိတ်ဖုံး ကာကွယ်အပ်သည်ဖြစ်ကုန်လျက်၊ ပဒီပံ–ကြောင်းရှစ်တန်ကို ကေန်မြင်တတ် ဉာဏ်မြတ်ညီးညီး ဆီမီးပမာ ကိုးကွယ်ရာကို၊ ဂနဝေသထ–အကာကိုပင် အနှစ်ထင်ကာ မောဟဖိစီး မရှာမှီးကြလေကုန်။

တုမှေ–အပူကိုပင် အအေးထင်ကာ ပျော်ရွှင်မပျက် နှစ်သက်နိုင်ကြကုန်သော သင်တို့သည်၊ ပဒီပံ–ကြောင်းရှစ်တန်ကို ကေန်မြင်တတ် ဉာဏ်မြတ်ညီးညီး ဆီမီးပမာ ကိုးကွယ်ရာကို၊ ဂဝေသထ–ရှာမှီးကြ

ပါကုန်လော့၊ ဂဝေသထ–အဝိဇ္ဇာနှင့် လွန်စွာဆန့်ကျင် ဝိဇ္ဇာတည်းဟူသော ဉာဏ်မြင်တရား လွန်ထင်ရှားမှ အမှားအမှန် ဝေဖန် ချင့်မျှော် အမြင်မှန်တည်းဟူသော အခွင့်ပေါ်မည်ကြောင့် မသင့်လျော်ရာတွေကို အကြီးအငယ်ဟု ရွေးကာ မတုံ့မဆုကြပါဘဲ အနည်းနည်း အသွယ်သွယ် ရှုတ်ချကာဖြင့် လုံ့လဖြာသီး ရှာမှီးကြကုန်ရာသတည်း။

တရားဒေသနာဂါထာတော်အဆုံး၌ အမျိုးသမီးငါးရာတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။

မြတ်စွာဘုရားသည် အမျိုးသမီးငါးရာတို့၏ မလှုပ်မယိုင် မြဲနိုင်သော (အစလ) သဒ္ဓါတရား၌ တည်ကြပြီးသည်ကို သိတော်မူ၍ မြင့်မိုရ်တောင်ထိပ်မှ တန်ခိုးတော်ဖြင့် သက်ဆင်းကြွလာတော်မူ၍ ယခင် ဗုဒ္ဓါသန ဘုရားရှင်တို့နေရာ ပလ္လင်တော်၌ ထိုင်နေတော်မူ၏။

ထိုအခါ မြတ်စွာဘုရားကို ဝိသာခါက...

မြတ်စွာဘုရား၊ သုရာမည်သော အရက်သေစာသည် ယုတ်မာလှပါသည်ဘုရား။ တပည့်တော်မနှင့် ပေါင်းသင်းတမူ အတူနေ မိတ်ဆွေများဖြစ်သော ဤအမျိုးသမီးတို့သည်ပင် အရှင်ဘုရားတို့ ကဲ့သို့သော မြတ်ဗုဒ္ဓ၏ ရှေ့တော်၌နေကြပြီး ဣရိယာပထမျှကိုသော်လည်း ကောင်းစွာ မတည်စေနိုင်ကြဘဲ နေရာမှထ၍ လက်ခုပ်တီးကာ ရယ်မောကြ၊ သီချင်းသီဆိုကြ၊ ကကြ၊ ခုန်ကြပါတော့သည်ဘုရားဟု လျှောက်ထားလေ၏။

ဟုတ်ပေသည် ဝိသာခါ သုရာမည်သော ဤမူးယစ်သေစာသည် ယုတ်မာသည်သာဖြစ်၏။

မှန်လှပေသည်။ မူးယစ်သေစာ ဤအသူရာကို အကြောင်းပြု၍ များစွာသော သတ္တဝါတို့သည် အကျိုးမဲ့ပျက်စီးကြလေတော့သည်။

မြတ်စွာဘုရား၊ များစွာသော သတ္တဝါတို့ အကျိုးမဲ့ ပျက်စီးစေခြင်းသို့ ရောက်စေနိုင်သော မူးယစ်သေစာ ဤအသူရာသည် အဘယ်အချိန်အခါက ဖြစ်ပေါ်လာပါသနည်းဘုရား။

ဤသို့ ဝိသာခါ၏ လျှောက်ထားမေးမြန်းချက်ကြောင့် မြတ်စွာဘုရားသည် မူးယစ်သေစာ သူရာ၏ ဖြစ်ပေါ်လာပုံကို အကျယ်ဟောပြရန် အတိတ်ဆောင်၍ ကုမ္ဘဇာတ်ကို ဟောတော်မူလေသတည်း။

**ဝိသာခါ၏ အဖော်မိန်းမများဝတ္ထု ပြီး၏။**

# သီရိမာဝတ္ထု

## ရဟန်းတော်များ သတိထား

ရာဇဂြိုဟ်ပြည်၌ သီရိမာမည်သော ပြည့်တန်ဆာအမျိုးသမီးသည် ယောကျ်ားတတွေ တွေဝေစိတ်စွဲ မူးလဲလောက်အောင် ထူးကဲသော ရုပ်ရည်အဆင်း လှပသူဖြစ်၏။

သီရိမာသည် ရဟန်းတော်များ ဝါဆိုသီတင်းသုံးချိန် ဝါတွင်းကာလ တစ်ခု၌ သုမနသူဌေးသား၏ ဇနီး၊ ပုဏ္ဏကသူဌေး၏ သမီး၊ ဥတ္တရာ မည်သော ဥပါသိကာအရိယာမကို မတော်မတရား ပြစ်မှားမိ၍ အပြစ် မကျန် သည်းခံစေရန် တောင်းပန်လိုသဖြင့် ဥတ္တရာ၏အိမ်၌ ရဟန်း သံဃာတော်တို့နှင့်အတူ ဆွမ်းကိစ္စ ပြီးတော်မူသော မြတ်စွာဘုရားကို အပြစ်သည်းခံ တောင်းပန်ပြီးသော် ထိုနေ့၌ မြတ်စွာဘုရား၏ ဆွမ်း အနုမောဒနာ ဒေသနာတော်ကို ကြားနာပြီး၍–

**အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။**
**ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ။**

ကောဓံ–ကြမ်းတမ်းစိတ်လက် ဒေါသထွက်သူကို၊ အက္ကောဓေန– မိမိက မေတ္တာစိတ်သက် အမြက်မထွက်ခြင်းဖြင့်၊ ဇိနေ–အောင်လံ ကိုင်ထူ အနိုင်ယူရာ၏။

အသာခံ–ထွေရာသောင်းပြောင်း မကောင်းသူကို၊ သာဓုနာ–မိမိက ကိုယ်ကောင်း နှုတ်ကောင်း စိတ်ကောင်းဖြင့်၊ ဇိနေ–အောင်လံကိုင်ထူ အနိုင်ယူရာ၏။

ကဒရိယံ–မစားရက်၊ မလှူရက်၊ အဖက်ဖက်က သဘောဝေးဖဲ နှမျောစေးနဲ့သူကို၊ ဒါနေန–မိမိက မေတ္တာစေတနာ၊ သဒ္ဓါလျှမ်းလျှမ်း ပေးကမ်းခြင်းဖြင့်၊ ဇိနေ–အောင်လံကိုင်ထူ အနိုင်ယူရာ၏။

အလိကဝါဒိနံ–အမှန်ဖယ်ထား မမှန်စကားပြောကြားလေ့ရှိသူကို၊ သစ္စေန–မိမိက မမှန်ဖယ်ထား အမှန်စကား ပြောကြားခြင်းဖြင့်၊ ဇိနေ–အောင်လံကိုင်ထူ အနိုင်ယူရာ၏။

ဤဒေသနာတော်အဆုံး၌ သီရိမာသည် သောတာပတ္တိဖိုလ်သို့ ဉာဏ်အမြင်ပေါက်မြောက် ဆိုက်ရောက်လေ၏။

(ဥတ္တရာနှင့် သီရိမာတို့၏ အကြောင်းအကျယ်ကို ကောဝေဂ်၊ ဥတ္တရာ ဥပါသိကာဝတ္ထု၌ တွေ့လိမ့်မည်။)

သောတာပန်ဖြစ်ပြီးသော သီရိမာသည် နောက်တစ်နေ့ မိမိအိမ်၌ မြတ်စွာဘုရားကို ပင့်လျှောက်၍ မဟာဒါနကို ပေးလှူပြီး သံဃာတော်အား အဋ္ဌကဘတ် (ရှစ်ပါးတစ်တွဲ လှူဒါန်းအပ်သောဆွမ်း)ကို လှူဒါန်းစေသည်။

စစဦးနေ့မှစ၍ အမြဲမပြတ် ရဟန်းတော်ရှစ်ပါး အိမ်သို့ ကြွကြသည်။

ထောပတ်ကို ခံယူတော်မူပါ၊ နွားနို့ကို ခံယူတော်မူပါ စသော စကားတို့ကို လျှောက်ထားပြောဆို၍ ရဟန်းရှစ်ပါးတို့၏ သပိတ်၌ အပြည့်အစုံ ပေးလှူလေ၏။ ရဟန်းတော်တစ်ပါး ရအပ်သော မွန်မြတ်သော ဘောဇဉ်သည် ရဟန်းတော် သုံးပါး၊လေးပါး ဘုဉ်းပေးလောက်သည်။ နေ့စဉ်နေ့တိုင်း တစ်ဆယ့်ခြောက် အသပြာအကုန်ခံ၍ နိဗဒ္ဓဆွမ်း ပေးလှူအပ်၏။

တစ်ခုသောနေ့၌ ရဟန်းတစ်ပါးသည် သီရိမာ၏အိမ်၌ အဋ္ဌကာဘတ် (ရှစ်ပါးတစ်တွဲ လှူအပ်သောဆွမ်း)ကို ဘုဉ်းပေး၍ သုံးယူဇနာဝေးသော အရပ်ရှိ ကျောင်းတစ်ကျောင်းသို့ အရောက်သွားလေ၏။

ထိုကျောင်း၌ ညနေချိန် ထေရ်ကြီးရှိရာနေရာတွင် ထေရ်ကြီးကို ဆည်းကပ်ထိုင်နေသော ထိုရဟန်းကို ရဟန်းတော်များက မေးမြန်းကြလေ၏။

ငါ့ရှင် အဘယ်အရပ်၌ ဆွမ်းကို ခံယူဘုဉ်းပေးပြီး ကြွလာပါသနည်း။

တပည့်တော် သီရိမာ၏ အဋ္ဌကာဘတ်ကို ခံယူဘုဉ်းပေးပြီး ကြွလာပါသည်။

ငါ့ရှင် သီရိမာက ဆွမ်းကို နှစ်လိုဖွယ်ပြု၍ ပေးလှူပါသလား။

အရှင်ဘုရား သီရိမာ ပေးလှူအပ်သောဆွမ်းကို အပြည့်အစုံ ချီးမွမ်းပြောဆိုရန် မတတ်နိုင်ပါ။ သီရိမာက အလွန်မွန်မြတ်အောင်ပြု၍ ဆွမ်းကို ပေးလှူပါသည်။ တစ်ပါးရခဲ့သော ဆွမ်းသည် သုံးပါး၊လေးပါး မျှတနိုင်ပါသည်။ အထူးပြောလိုတာက သီရိမာပေးလှူအပ်သော လှူဖွယ်ဝတ္ထုကို ရတာထက် သီရိမာကို မြင်ရကြည့်ရတာက သာလွန်ကောင်းမွန်လှပါသည်။

မှန်ပါသည်။ သီရိမာအမျိုးသမီးသည် မျက်နှာအသွင်၊ ဆံပင်၊ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ ပါးပြင်၊ နှုတ်ခမ်း၊ လည်တိုင် လွန်စွာရှုချင်ဖွယ်ကောင်းအောင် လှပတင့်တယ်ပါသည်။

ရင်၊ခါး၊တင်၊လက်မောင်း၊လက်ချောင်း၊ ပေါင်၊ ခြေသလုံး၊ ခြေဖမိုး၊ ခြေချောင်းအားလုံး ကောင်းမွန်သည့် အချိုးအစားရှိပါသည်။ ကြည့်၍မငြီးနိုင်လောက်အောင် ရုပ်အဆင်းလှပချောမောပါသည်ဟု သီရိမာ၏ ခန္ဓာကိုယ်၌ ပြည့်စုံနေသည့် ဂုဏ်ပုဒ်တို့ကို ချီးမွမ်းပြောဆိုလေ၏။

ထိုအခါ အနီးရှိ ရဟန်းငယ်တစ်ပါးသည် သီရိမာအမျိုးသမီး၏ ဂုဏ်ကို ပြောဆိုအပ်သောစကားကို ကြားရလေသော် သီရိမာကို မမြင်ရဘဲနှင့်ပင် ချစ်မြတ်နိုးသောစိတ် ဖြစ်လာ၍...

ငါ ယခု သွားပြီး သီရိမာကို ကြည့်ရှုသင့်သည်ဟု အကြံဖြစ်လျက် အာဂန္တုရဟန်းကို ဝါစဉ်မေးလတ်သော် အာဂန္တုရဟန်း၏...

ငါ့ရှင် သင် ယနေ့သွားလျှင် နက်ဖြန်တွင် သီရိမာအိမ်၌ သင်သည် သံဃာထေရ်အဖြစ်ဖြင့် အဋ္ဌကဘတ်ကို ခံယူရလိမ့်မည်ဟု ပြောစကားကို ကြားရ ကျေနပ်ပြီးသော် ထိုခဏမှာပင် သပိတ်သင်္ကန်းကို ယူ၍ ရာဇဂြိုဟ်သို့ ကြွသွားလေရာ နံနက်စောစော အရုဏ်တက်ချိန်၌ စာရေးတံပေးရာ ဌာနသို့ဝင်၍ ရပ်သောအခါ သံဃာ့ထေရ်အဖြစ်ဖြင့် သီရိမာ၏အိမ်၌ အဋ္ဌကဘတ်ကို ခံယူ ရရှိလေ၏။ လွန်ခဲ့သောနေ့က သီရိမာအိမ်မှ ဆွမ်းကို ခံယူဘုဉ်းပေးခဲ့သောရဟန်း ပြန်ကြွလာချိန်ကပင် သီရိမာ၏ခန္ဓာကိုယ်၌ ရောဂါဝေဒနာ ဖြစ်ပေါ်ခဲ့သောကြောင့် သီရိမာသည် အဆောင်အယောင် အဆင်တန်ဆာတို့ကို ချွတ်၍ အိပ်နေလေ၏။

ထိုအခါ သီရိမာ၏ ကျွန်မိန်းမတို့သည် အဋ္ဌကဘတ်ခံယူခွင့်ရ၍ ကြွလာသော ရဟန်းတို့ကို မြင်ကြ၍ သီရိမာအား ရဟန်းတော်များ ကြွလာပြီဖြစ်ကြောင်း အသိပေးပြောဆိုကြ၏။

သီရိမာသည် မိမိလက်တို့ဖြင့် ကိုယ်တိုင်သပိတ်တို့ကိုယူ၍ ရဟန်းတော်များကို သီတင်းသုံးနေထိုင်ဖို့ လျှောက်ထားရန် ဆွမ်းဖြင့် ပြုစုလုပ်ကျွေးရန် အင်အားမရှိသည်ဖြစ်၍ ကျွန်မိန်းမတို့ကို ခိုင်းစေလေ၏။

အို...အမိတို့ ရဟန်းတော်များ၏ သပိတ်တို့ကို ယူ၍ ရဟန်းတော်တို့ကို သီတင်းသုံးထိုင်နေစေပြီး ယာဂုကိုကပ် ခဲဖွယ်ကို ပေးလှူ၍ ဆွမ်းကပ်ချိန်ရောက်သောအခါ သပိတ်၌ ဆွမ်းဘောဇဉ်အပြည့်ထည့်ပြီး ပေးလှူကြပါ။

ကျွန်မိန်းမတို့သည် သီရိမာခိုင်းစေသည့်အတိုင်း ရဟန်းတော်တို့ကို အိမ်တွင်းသို့ ကြွစေ၍ နေရာပေး ယာဂုကပ်၊ ခဲဖွယ်ကို ပေးလှူပြီး ဆွမ်းကပ်ချိန်တွင် သပိတ်အသီးသီး၌ ဆွမ်းဖြင့်ပြည့်စေ၍ သီရိမာအား အကြောင်းကြားကြ၏။

သီရိမာသည် ငါ့ကို တွဲခေါ်ကြပါ။ ရဟန်းတော်အရှင်မြတ်တို့ကို ငါရှိခိုးပါမည်ဟု ပြောဆိုသဖြင့် ကျွန်မိန်းတို့က တွဲခေါ်၍ ရဟန်းတို့အနီးသို့ ရောက်သောအခါ သီရိမာသည် တုန်တုန်ခိုက်ခိုက် ဖြစ်နေသော ကိုယ်ဖြင့် ရဟန်းတော်တို့ကို ရှိခိုးလေ၏။

ယခင်က ကြားရုံမျှဖြင့် သီရိမာကို ချစ်ခင်စွဲလမ်းမိသော ရဟန်းသည် သီရိမာကို ကြည့်ပြီး...

ဤသီရိမာ၏ ရုပ်အဆင်းသည် နေမကောင်းဖြစ်နေချိန်မှာပင် ဤမျှလောက် ချောမောလှပ တင့်တယ်နေသေး၏။ ကျန်းကျန်းမာမာ ရှိချိန်က အဆောင်အယောင် အဆင်တန်ဆာအားလုံးကို ဝတ်ဆင်ထားစဉ်က ဤသီရိမာ၏ ရုပ်အဆင်းသည် အဘယ်မျှလောက် လှပတင့်တယ်လိမ့်မည်နည်း။ အလွန်လှပတင့်တယ်မည်သာဟု ကြံတွေးမိလေ၏။

ထိုသို့ ကြံတွေးမိသော ထိုရဟန်း၏ နှစ်ပေါင်းအကုဋေမက စုဝေးငြိမ်ဝပ်နေသော ကိလေသာသည် ထကြွဖြစ်ပေါ်လာလေ၏။

ထိုရဟန်းသည် အသိစိတ် ကင်းနေတော့သည့်ဖြစ်၍ ဆွမ်း မဘုဉ်းပေးနိုင်တော့ဘဲ ဆွမ်းဖြင့် ပြည့်သော သပိတ်ကိုယူ၍ ကျောင်းသို့ ပြန်သွားပြီး သပိတ်ကို ပိတ်လျက် တစ်နေရာတွင်ထားကာ သင်္ကန်းကို ဖြန့်ခင်း၍ အိပ်လေတော့သတည်း။

ထိုအချိန်အခါ၌ ထိုရဟန်းကို မိတ်ဆွေရဟန်းတစ်ပါးက ဆွမ်းဘုဉ်းပေးရန် တောင်းပန်သော်လည်း ဆွမ်းမစားနိုင် ဖြစ်လေ၏။ ထိုရဟန်းသည် ထိုနေ့အဖို့ ဆွမ်းပြတ်သော ရဟန်းဖြစ်လေ၏။

ထိုနေ့ ညနေချိန်၌ သီရိမာသည် ကွယ်လွန်ရှာလေ၏။

ဗိမ္ဗိသာရမင်းသည် မြတ်စွာဘုရားထံ သွား၍ မြတ်စွာဘုရား ဇီဝက၏ ညီမငယ် သီရိမာ ကွယ်လွန်ပါပြီဟု သတင်းစကား ပို့ဆောင်လျှောက်ထားလေ၏။

ထိုသတင်းစကားကို ကြားတော်မူသော မြတ်စွာဘုရားက ဗိမ္ဗိသာရမင်းကြီးထံ သတင်းစကား ပြန်ကြားလေ၏။ သီရိမာ၏အလောင်းလိုမီးရှို့သင်္ဂြိုဟ်မှုမပြုရ။ ရှာပနကိစ္စမရှိ၊ သူသေကောင်ထားရာ သုသာန်၌ကျီး၊ခွေး စသော သတ္တဝါတို့ မစားနိုင်အောင်စီစဉ်၍ အလောင်းကိုကျင်းထားပြီး အစောင့်အရှောက် ချထားပါ။

ဗိမ္ဗိသာရမင်းသည်လည်း မြတ်စွာဘုရား၏ အမိန့်တော်အတိုင်းပြုထားလေ၏။

သီရိမာကွယ်လွန်၍ လေးရက်မြောက်သောနေ့၌ သီရိမာ၏ ရုပ်အလောင်းသည် ဖူးဖူးယောင်ထလေ၏။ အမာဝကိုးပေါက်တို့မှ ပိုးလောက်တို့သည် တဖွားဖွား ထွက်ကျလေကုန်၏။ တစ်ကိုယ်လုံးသည် ကွဲအက်လျက် သိုးလေပြီးသော ထမင်းအိုးကဲ့သို့ ဖြစ်လေ၏။

ဗိမ္ဗိသာရမင်းကြီးသည် တရာဇဂြိုဟ်မြို့တွင်း၌ စည်ကို လှည့်လည်စေ၏။

အိမ်စောင့်လူငယ်တို့ကိုထား၍ ကျန်လူအားလုံး သီရိမာကိုကြည့်ရှုရန် လာကြရမည်။ မလာသူတို့အား အသပြာရှစ်ကျပ် ဒဏ်တပ်စေ။ ဘုရင့်အမိန့်တော်။

မြတ်စွာဘုရားထံသို့လည်း ဘုရားအမှူးရှိသော ရဟန်းသံဃာသည် သီရိမာကို ကြည့်ရှုရန် ကြွတော်မူပါဟု ပင့်လျှောက်စေ၏။

မြတ်စွာဘုရားသည် ရဟန်းတော်တို့အား သီရိမာကို ကြည့်ရှုရန်သွားကြကုန်အံ့ဟု အကြောင်းကြားတော်မူသည်။ သီရိမာကို ချစ်ခင်စွဲလမ်းနေသော ရဟန်းငယ်သည်လည်း လေးရက်ပတ်လုံး တစ်ပါး

တစ်လေမျှသော ရဟန်း၏ စကားကို နားမထောင်မူ၍ ဆွမ်းမစား ဘဲသာ အိပ်နေလေ၏။ သူ၏သပိတ်၌ ဆွမ်းသည် ပုပ်သိုးနေလေ၏။ သပိတ်၌ အညစ်အကြေးတက်နေ၏။

ထိုအခါ ရဟန်းငယ်ကို မိတ်ဆွေရဟန်းသည် အနီးကပ်၍ ငါ့ရှင် မြတ်စွာဘုရားသည် သီရိမာကို ကြည့်ရှုရန် ကြွတော်မူ၏ဟု ပြောဆို လေရာ ရဟန်းငယ်သည် ဆွမ်းပြတ် ဆာလောင်လျက်ပင် သီရိမာဟု အသံကြားရသည်နှင့် တစ်ပြိုင်နက် အိပ်ရာမှ အမြန်ထပြီး ငါ့ရှင် ဘာပြောလိုက်တာလဲဟု မေးလေ၏။

မြတ်စွာဘုရားသည် သီရိမာကို ကြည့်ရှုရန် ကြွတော်မူသည်။ ငါ့ရှင် လိုက်ဦးမည်လားဟု ပြောလိုက်သောအခါ ဟာ...တပည့် တော် လိုက်မည်ဟု ပြောပြောဆိုဆို သပိတ်အတွင်း၌ ပုပ်သိုးနေသော ဆွမ်းကို စွန့်ပစ်၍ သပိတ်ကိုဆေး၊ သပိတ်အိတ်၌ထည့်၊ ပုခုံး၌ ချိတ်လွယ်ပြီး ရဟန်းသံဃာနှင့်အတူ ကြွသွားရှာလေ၏။ မြတ်စွာ ဘုရားသည် ရဟန်းသံဃာခြံရံလျက် သီရိမာအလောင်း၏ တစ်ဖက် ဘေး၌ ရပ်တည်တော်မူသည်။ အမျိုးသမီးသံဃာ၊ မင်းပရိသတ် တို့လည်း သီရိမာအလောင်း၏ ဘေးတစ်ဖက်စီ၌ ရပ်တည်နေကြ ကုန်၏။

မင်းကြီး သူက ဘယ်သူလဲ။

မြတ်စွာဘုရား ဇီဝက၏နှမ သီရိမာပါဘုရား။

မင်းကြီး သီရိမာ ဟုတ်ရဲ့လား။

ဟုတ်ပါသည် မြတ်စွာဘုရား။

သီရိမာ ဟုတ်ခဲ့လျှင် ရာဇဂြိုဟ်မြို့တွင်း၌ အသပြာတစ်ထောင် ပေး၍ သီရိမာကို ယူကြကုန်ဟု စည်တီးလှည့်ပါစေ။

အမိန့်တော်အတိုင်း စည်တီးလှည့်သောအခါ ငါယူမည်ဟု လည်းကောင်း၊ ငါ့ဥစ္စာဟုလည်းကောင်း ပြောဆိုသူတစ်ယောက်မျှ ထွက်ပေါ်မလာချေ။

မြတ်စွာဘုရား တစ်ထောင်ပေး၍ သီရိမာအလောင်းကို ယူသူ မရှိပါဘုရား။

မင်းကြီး တစ်ထောင်ဖြင့် ယူသူမရှိလျှင် တန်ဖိုးလျှော့ချ၍ ယူရန် စည်တီးလှည့်လည် ကြေညာပါ။

ဗိမ္ဗိသာရမင်းသည် အသပြာငါးရာပေး၍ သီရိမာအလောင်းကို ယူကြကုန်။

အသပြာ နှစ်ရာ့ငါးဆယ်။

အသပြာ နှစ်ရာ။

အသပြာ တစ်ရာ။

အသပြာ ငါးဆယ်။

အသပြာ နှစ်ဆယ့်ငါးကျပ်။

အသပြာ တစ်ဆယ်ကျပ်။

အသပြာ ငါးကျပ်။

အသပြာ တစ်ကျပ်။

အသပြာ တစ်ဝက်။

အသပြာ တစ်မတ်။

အသပြာ တစ်ပဲ။

အသပြာ တစ်ချင်ရွေးပေး၍ သီရိမာကို ယူကြကုန်လော့ဟု စည်ကို တီး၍ ကြွေးကြော်လှည့်လည်စေ၏။

ထိုသို့ လှည့်လည်သော်လည်း ယူမည့်သူ တစ်ယောက်မျှ ထွက်ပေါ်မလာချေ။

မြတ်စွာဘုရား သီရိမာကို အချည်းအနှီး ယူမည့်သူပင်မရှိပါဘုရား။

ရဟန်းတို့ လူအများ ချစ်ခင်မြတ်နိုးအပ်သော မာတုဂါမ (သီရိမာ) ကို ရှုကြည့်ကြကုန်လော့။

ဤရာဇဂြိုဟ်မြို့၌ပင်လျှင် ရှေးအခါက အသပြာတစ်ထောင်ပေးမှ သီရိမာနှင့် တစ်ရက် အတူနေခွင့် ရကြကုန်၏။

ယခုအခါမှာမူ အချည်းအနှီးဖြင့်ပင် ယူမည့်သူ မရှိတော့ချေ၊ ဤသို့ သဘောရှိသော ရုပ်တရားသည် ကုန်ခြင်း၊ ပျက်ခြင်းသို့ ရောက်ရလေသည်။

ရဟန်းတို့၊ အမြဲတမ်း မကျန်းမာသော အတ္တဘောကို ရှုကြည့်ကြကုန်လော့။

**ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။**
**အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။**

ဘိက္ခဝေ-သံသရာဟု ဘေးအစကို မှတ်ရှုသူအပေါင်း သူတော်ကောင်းတို့၊ သမုဿိတံ-သုံးရာသော အရိုးတို့ဖြင့် စိုက်ထောင်ထားအပ်သော၊ အာတုရံ-အမြဲမပြတ် သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း၊ စားခြင်း၊ သောက်ခြင်း စသည်တို့ဖြင့် ဆောင်ရွက်အပ်ရကား အမြဲတမ်း မကျန်းမာသော၊ ဗဟုသင်္ကပ္ပံ-လူအများတို့က နှစ်သက်စုံမက် မြတ်နိုးဖွယ်စကား အစားစား ကြံဆအပ်သော။

စိတ္တကတံ-အဝတ်အထည်၊ လည်ဆွဲတန်ဆာ၊ ပုတီး၊ နားတောင်း၊ ပန်းကောင်း၊ နံ့သာတို့ဖြင့် လှပဆန်းကြယ်အောင် ပြုထားအပ်သော၊ ဗိမ္ဗံ-ရှည်သင့်ရာ၌ ရှည်သော အင်္ဂါကြီးငယ် စသည်တို့ဖြင့် ကောင်းစွာတည်သော အတ္တဘောဟု ဆိုအပ်သော၊ အရုကာယံ-ကိုးပေါက်သော အမာဝတို့ဖြင့် အမာရွတ်ဖြစ်သော ကိုယ်ကို၊ ပဿ-ပဿထ-ရှုကြည့်ကြကုန်လော့။

ယဿ-အကြင်ခန္ဓာကိုယ်၏၊ ဓုဝံ-မြဲသောသဘောသည်၊ ဌိတံ-တည်တံ့ခြင်းသဘောသည်၊ နတ္ထိ-မရှိချေ၊ ဧကန္တေန-စင်စစ်အားဖြင့်၊

ဘောဒန ဝိကိရဏာ ဝိဒ္ဓံသနဓမ္မောဝ–ပြိုပျက်ခြင်း၊ ဖရိုဖရဲ ပြန့်ကြဲခြင်း၊ ပျက်စီးခြင်းသဘောရှိသည်သာ ဖြစ်၏။

ဣမံ ကာယံ–ဤခန္ဓာကိုယ်ကို၊ ပဿထ–ရှုကြည့်ကြကုန်လော့။

ဒေသနာတော်အဆုံး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့၏ သစ္စာလေးပါးတရား ထိုးထွင်းသိမြင်ခြင်း ဖြစ်လေ၏။

သီရိမာကို ချစ်ခင်နှစ်သက် မြတ်နိုးခဲ့သော ရဟန်းငယ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

**သီရိမာဝတ္ထု ပြီး၏။**

# ဥတ္တရာထေရီဝတ္ထု

## အရှယ်ကြီးရင့် ခရီးသင့်

ဥတ္တရာထေရီသည် အသက်(၁၂၀)ရှိသူဖြစ်၏။ သာဝတ္ထိမြို့တွင်း၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းရရှိပြီးသော် ဆွမ်းခံသွားရာ လမ်းအကြား၌ ရဟန်းတစ်ပါးကို တွေ့မြင်ရသဖြင့် ဆွမ်းလှူခွင့်ပြုရန် ပန်ကြားသော အခါ တွေ့ရသောရဟန်းက အမျိုးသမီးရဟန်း လှူဒါန်းသောဆွမ်းကို မခံယူလိုဟု မတားမြစ်သောကြောင့် တွေ့ရသော ထိုရဟန်းအား ရရှိထားသော ဆွမ်းအားလုံးကို ပေးလှူလိုက်သဖြင့် ထေရီအတွက် သုံးဆောင်ရန် ဆွမ်းမရှိ ဖြစ်လေ၏။

ဒုတိယနေ့၊ တတိယနေ့တို့၌လည်း ထိုနည်းအတူ လှူလိုက်သဖြင့် ထေရီအဖို့ ဆွမ်းအာဟာရ သုံးရက်ပြတ်စဲသူ ဖြစ်လေ၏။

လေးရက်မြောက်သောနေ့၌ ဆွမ်းခံလှည့်လည်နေစဉ် လမ်းကျဉ်း တစ်နေရာ၌ မြတ်စွာဘုရားကို ဖူးတွေ့ရသဖြင့် လမ်းမှ ရှောင်တိမ်း လိုက်စဉ် ထေရီ၏ တွဲလဲဆွဲ ကျနေသော သင်္ကန်းစွန်းကို ခြေဖြင့် နင်းမိရကား ရပ်တည်မနေနိုင်တော့၍ ကျွမ်းပြန်လဲကျသွားလေ၏။

မြတ်စွာဘုရားသည် ဥတ္တရာထေရီအနီးသို့ ကြွ၍. . .

နှမ၊ သင်၏ ခန္ဓာကိုယ် အတ္တဘောသည် ရင့်ရော်အိုမင်းနေပြီ ဖြစ်၍ မကြာမီပင် ပြိုကွဲပျက်စီးလိမ့်မည်။

**ပရိဇိဏ္ဏမိဒံ ရူပံ၊ ရောဂနိဍ္ဍံ ပဘင်္ဂုရံ။**
**ဘိဇ္ဇတိ ပူတိသန္ဒေဟော၊ မရဏန္တံ ဟိ ဇီဝိတံ။**

ဘဂိနိ–နှမ ရဟန်းတော်၊ တဝ–သင်၏၊ ဣဒံ ရူပံ–ကိုယ်ဟု သမုတ် ဤရုပ်သည်၊ ပရိဇိဏ္ဏံ–အရွယ်ကြီးရင့်သဖြင့် ဟောင်းနွမ်း အိုမင်းခဲ့လေပြီ၊ ရောဂနိဍ္ဍံ–ရောဂါများစွာတို့၏ စုဝေးတည်နေရာ ဖြစ်၏၊ ပဘင်္ဂုရံ–မြေခွေးကို အရွယ်ငယ်သော်လည်း ခွေးအို၊ မြေခွေးအိုဟု ဆိုသရသကဲ့သို့လည်းကောင်း၊ နုဥနေသေးသော ဆင်တုံးမနွယ်ကို နွယ်ပုပ်ဟု ဆိုအပ်သကဲ့သို့လည်းကောင်း။

ယနေ့ဖွားကာစဖြစ်၍ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော်လည်း အမြဲတမ်း အပုပ်အသိုး ယိုစီးထွက်ကျနေသဖြင့် အပုပ်အတိဖြစ်၏၊ ပူတိသန္ဒေဟော–အသိုးအပုပ် ယိုစီးထွက်ကျနေသော သင်၏ကိုယ်သည်၊ ဘိဇ္ဇတိ–မကြာမီ ပျက်စီးလတ္တံ့။

ဟိ ကသ္မာ–အဘယ်ကြောင့်နည်းဟူမူ၊ သတ္တာနံ–အသက် တင်းလင်း သတ္တဝါခပင်းတို့၏၊ ဇီဝိတံ–ရုပ်နာမ်နှစ်ချက် ထိုအသက် သည်၊ မရဏန္တံ–သေကြေပျက်စီးခြင်း အဆုံးရှိပေ၏၊ တသ္မာ–ထို့ကြောင့်၊ တဝ–သင်၏၊ ပူတိသန္ဒေဟော–အပုပ်အသိုး ယိုစီးထွက် ကျနေသော သင်၏ ကိုယ်သည်၊ ဘိဇ္ဇတိ–မကြာမီ ခရီး ပျက်စီး လိမ့်မည်တည်း။

ဒေသနာတော်အဆုံး၌ ဥတ္တရာထေရီသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ လူများစွာ၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော် ဖြစ်သတည်း။

**ဥတ္တရာထေရီဝတ္ထု ပြီး၏။**

## ဇနပဒကလျာဏီ၊ ရူပနန္ဒာထေရီဝတ္ထု

### ကိုယ့်ရုပ်အသွင် ဘယ်လိုဝင် ကျွတ်ချင် မကြာလှ

မြတ်စွာဘုရား၏ မိထွေးတော် မဟာပဇာပတိ ဂေါတမီ၏သမီး ဇနပဒကလျာဏီ မင်းသမီးသည် တစ်ခုသောနေ့၌ ဤသို့ အကြံ အစည်ဖြစ်လေ၏။

ငါ၏ မောင်တော်ကြီး သိဒ္ဓတ္ထမင်းသားသည် ထီးနန်းစည်းစိမ်ကို စွန့်ပစ်၍ ရဟန်းပြုပြီး လောကသုံးပါး၌ အမြတ်ဆုံးပုဂ္ဂိုလ် ဘုရား ဖြစ်တော်မူပြီ။

မောင်တော်ကြီး သိဒ္ဓတ္ထ၏ သားတော် ရာဟုလာသည်လည်း ရှင်သာမဏေပြုသွားလေပြီ။ ငါ၏ မယ်တော် မဟာပဇာပတိ ဂေါတမီ သည်လည်း အမျိုးသမီးရဟန်း ပြုသွားလေပြီ။

ဤမျှသော ဆွေတော်၊ မျိုးတော်တို့ ရဟန်းပြုသွားကြပြီဖြစ်ရ ကား ငါတစ်ယောက်တည်း နန်းတော်မှာနေ၍ ဘာပြုရအံ့နည်း။ ငါလည်း ရဟန်းပြုတော့မည်။

ဇနပဒကလျာဏီ မင်းသမီးသည် ယင်းသို့ ကြံစည်ပြီးနောက် အမျိုးသမီးရဟန်းတို့ နေထိုင်ရာ ကျောင်းသို့သွားပြီး ရဟန်းပြုလေ၏။

သူ၏ ရဟန်းပြုခြင်းသည် ယုံကြည်ချက်သဒ္ဓါတရားကြောင့် ရဟန်းပြုခြင်းမဟုတ်။ ဆွေမျိုးတို့၌ ချစ်ခင်မြတ်နိုးမှုကြောင့်သာ ရဟန်းပြုခြင်းဖြစ်လေသည်။

လွန်ကဲထူးခြားသော ရုပ်လက္ခဏာအဆင်းရှိသူဖြစ်သောကြောင့် ရူပနန္ဒာအမည်ဖြင့် ထင်ရှားနေသည်။

မောင်တော်ဘုရားသည် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တရားတို့သည် အမြဲမရှိ အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အလိုအတိုင်း မဖြစ်ခြင်း အနတ္တတို့သာ ဖြစ်သည်ဟု ဟောသတဲ့ဟု ကြားသိရသောကြောင့် ငါ၏ ရူချင်စဖွယ် မြင်ရသူတို့ ကြည်လင်ဖွယ်ရှိသော ခန္ဓာကိုယ်ရုပ်၌လည်း အပြစ်ကိုသာ ဟောပြပေလိမ့်မည်ဟု ယူဆပြီး မြတ်စွာဘုရား၏ ရှေ့တော်မှောက်သို့ မသွားမရောက်ဘဲ နေလေ၏။

သာဝတ္ထိ မြို့သူမြို့သားတို့သည် နံနက်စောစောအချိန်၌ ဒါနကို ပေးလှူ၍ ဥပုသ်သီလ ဆောက်တည်ကြပြီးသော် ညနေချိန်၌ စင်ကြယ်သော အပေါ်ရုံအဝတ်ကို ဝတ်၍ နံ့သာ ပန်း စသည်တို့ကို ကိုင်ဆောင်ကြကာ ဇေတဝန်ကျောင်းတော်၌ သွားရောက်စုဝေးကြပြီး တရားနာကြသည်၊ အမျိုးသမီးရဟန်းအပေါင်းသည်လည်း မြတ်စွာဘုရား၏ တရားဒေသနာတော်၌ နာကြားလိုသောဆန္ဒရှိပြီး ကျောင်းသို့သွား၍ တရားနာသည်။ တရားနာပြီး မြို့ထဲဝင်သောအခါ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးနှင့် စပ်ယှဉ်သော စကားကိုသာ ပြောဆိုလျက် ဝင်လေသည်။

လိုလားချက်အတိုင်းအတာ ပမာဏ လေးမျိုးရှိသော သတ္တလောက အစုအဝေး၌ မြတ်စွာဘုရားအား ဖူးမြော်ရပါလျက် မကြည်ညိုသူကား အလွန်နည်းလှချေသည်။

ထိုစကားကို အကျယ်ဆိုဦးအံ့။

ရုပ်အဆင်း၊ လုပတင့်တယ်မှုကို လိုလားချက်ပမာဏရှိသူ ရူပပ္ပမာဏိက ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၏ လက္ခဏာကြီးငယ် အသွယ်သွယ်တို့ဖြင့် အဆန်းတကြယ် တန်ဆာဆင်အပ်သော ရွှေအဆင်းနှင့်တူသော ခန္ဓာကိုယ်တော်ကို မြင်ပြီး ကြည်ညိုကြသည်။

အသံကောင်းကို လိုလားချက် ပမာဏရှိသူ ဃောသပ္ပမာဏိက ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၏ ရာပေါင်းများစွာ အဖြစ်တော်တို့ကို အမှီပြု၍ဖြစ်သော ဂုဏ်သတင်းကျော်ကြားမှုအသံနှင့် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော တရားဟောသံကို ကြားနာကြပြီး ကြည်ညိုကြသည်။

ခေါင်းပါးမှုကို လိုလားချက်ပမာဏရှိသူ လူခပ္ပမာဏိကပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၏ သင်္ကန်းစသည့် ပစ္စည်း၌ ခေါင်းပါးခြင်းရှိမှုကို အစွဲပြု၍ ကြည်ညိုကြသည်။

တရားကို လိုလားချက် ပမာဏရှိသူ ဓမ္မပ္ပမာဏိကပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၏ သီလတော်သည် ဤသို့ သဘောရှိ၏။ သမာဓိတော် ပညာတော်သည် ဤသို့ သဘောရှိ၏။ မြတ်စွာဘုရားသည် သီလအစရှိသော ဂုဏ်တော်တို့ဖြင့် တူညီသူ ပုဂ္ဂိုလ်မရှိသူ၊ တုဖက်နိုင်သူပုဂ္ဂိုလ် မရှိသူဖြစ်၏ဟု ကြည်ညိုကြသည်။

မြတ်စွာဘုရား၏ ကောင်းမြတ်သော ဂုဏ်ကို ပြောဆိုသူတို့၏ ခံတွင်းသည် မဆန့်မလောက်အောင် ဖြစ်လေ၏။

ရူပနန္ဒာသည် ဘိက္ခုနီနှင့် ဥပါသိကာတို့ထံမှ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးနှင့် စပ်ယှဉ်သော စကားကို ထပ်တလဲလဲ ကြားရလေသော် ဤသို့ အကြံအစည်ဖြစ်လေ၏။

ငါ့မောင်တော်ဘုရား၏ ဂုဏ်ကျေးဇူးကို လွန်လွန်ကဲကဲ ပြောဆိုကြသည်။မောင်တော်ဘုရားသည် ငါ၏ရုပ်ကိုယ်၌ အပြစ်ကို တစ်နေ့လုံး ပြောသော်လည်း အဘယ်မျှ များအောင်ပြောနိုင်မည်နည်း။ ပြောပါစေ။

ငါသည် ဘိက္ခုနီတို့နှင့်အတူ မောင်ဘုရားထံတော်သို့ သွား၍ ငါ၏ကိုယ်ကို မောင်ဘုရား မမြင်စေဘဲ (အမြင်မခံဘဲ) မောင်ဘုရားကို ဖူးမြင်၊ မောင်ဘုရား၏ တရားကိုနာပြီး ပြန်လာခဲ့ရပါမူ ကောင်းလေစွ။

ရူပနန္ဒာသည် ယင်းသို့ ကြံစည်ပြီး ဘိက္ခုနီတို့အား ယနေ့ ကျွန်တော်မလည်း တရားနာလိုက်ပါမည်ဟု ပြောဆိုလေ၏။

အမှန်စင်စစ် ရူပနန္ဒာ၏ မြတ်စွာဘုရားအား ဆည်းကပ်ရာသို့ သွားလိုသောဆန္ဒသည် ကြာမြင့်မှ ဖြစ်ပေါ်လာပေသည်။ ယနေ့ မြတ်စွာဘုရားသည် ဤရူပနန္ဒာကို အကြောင်းပြု၍ နည်းအမျိုးမျိုးရှိသော ဆန်းကြယ်သည့် ဓမ္မဒေသနာတော်ကို ဟောပေလိမ့်မည်ဟု ဘိက္ခုနီတို့သည် နှစ်သက်ဝမ်းသာစိတ်ဖြင့် ရူပနန္ဒာကိုခေါ်၍ အမျိုးသမီးကျောင်းမှ ထွက်ခဲ့ကြသည်။

ရူပနန္ဒာသည် ကျောင်းမှ ထွက်လာချိန်မှစ၍ ငါသည် ငါ့ကိုယ်ကို မောင်ဘုရားမမြင်အောင် ထိုင်နေမည်ဟု ကြံစည်ထားလေ၏။

မြတ်စွာဘုရားသည် ယနေ့ ရူပနန္ဒာ ငါဘုရားထံ ချဉ်းကပ်ဖူးမြော်ရန် လာလိမ့်မည်။ ရူပနန္ဒာအား ဟောပြဖို့ ဘယ်လို ဓမ္မဒေသနာတော်သည် သင့်လျော်ပေမည်နည်းဟု ကြံဆတော်မူ၍...

ရူပနန္ဒာသည် ရူပဂရုကာမိမိ၏ ရုပ်ကိုယ်ကို ဂရုပြုလေးစားသူဖြစ်သည်။ မိမိ၏ခန္ဓာကိုယ် အတ္တဘော၌ ချစ်မြတ်နိုးမှု အားကောင်းသူဖြစ်သည်။ စူးနေသည့်ဆူးကို ဆူးတစ်ချောင်းဖြင့် ထုတ်ယူသကဲ့သို့ ရုပ်အဆင်းဖြင့်သာ ရူပနန္ဒာ၏ ရုပ်အဆင်း၌ မာန်ရစ်နေမှုကို ကင်းစင်စေခြင်းသည် သင့်လျော်ပေသည်ဟု ဆုံးဖြတ်တော်မူပြီး ရူပနန္ဒာကျောင်းတွင်းသို့ ဝင်လာချိန်၌ လွန်စွာလှပသော အဆင်းရှိသော တစ်ဆယ့်ခြောက်နှစ်အရွယ်ရှိ အနီရောင်အဝတ်ကို ဝတ်ဆင် တန်ဆာဆင်စရာအားလုံးဖြင့် တန်ဆာဆင်အပ်သော အမျိုးသမီးတစ်ယောက်

ယပ်တောင်ကိုကိုင်၍ ကိုယ်တော်မြတ်၏အနီး၌ ထိုင်၍ ယပ်ခတ်နေသည်ကို တန်ခိုးတော်အစွမ်းဖြင့် ဖန်ဆင်းထားလေ၏။

ဖန်ဆင်းထားသည့် ထိုအမျိုးသမီးကို မြတ်စွာဘုရားနှင့် ရူပနန္ဒာကသာ မြင်ရလေ၏။

ရူပနန္ဒာသည် ဘိက္ခုနီတို့နှင့်အတူ ဘုရားကျောင်းတော်သို့ဝင်၍ ဘိက္ခုနီတို့၏ နောက်ကျောဘက်နေရာ၌ နေရာယူကာ ငါးမျိုးသောတည်ခြင်းဖြင့် မြတ်စွာဘုရားကို ရှိခိုးပြီး ဘိက္ခုနီတို့အကြား၌ ထိုင်လျက်မြတ်စွာဘုရားကို ခြေတော်ဖျားမှစ၍ ဖူးမြော်ကြည့်ရှုလတ်သော် လက္ခဏာတော်ကြီးတို့ဖြင့် ဆန်းကြယ်၊ လက္ခဏာတော်ငယ်တို့ဖြင့် ထွန်းလင်းတောက်ပ တစ်လံမျှလောက်သော ကိုယ်ရောင်တော်ဖြင့် ကွန့်မြူးယှက်သန်း ခြံရံအပ်သော မြတ်စွာဘုရား၏ ကိုယ်တော် လပြည့်ဝန်းနှင့်တူသော ကျက်သရေတော်ရှိသော မျက်နှာတော်ကို မျှော်ကြည့်လေသော် အနီး၌ ထိုင်နေသော အမျိုးသမီးကို မြင်လေ၏။

ရူပနန္ဒာသည် ထိုအမျိုးသမီးကိုကြည့်ပြီး မိမိ၏ခန္ဓာကိုယ်ကို ကြည့်ရှုလတ်သော် ရွှေအဆင်းရှိသော ဟသာၤမ၏ရှေ့၌ ကျီးနက်မနှင့်တူသော မိမိကိုယ်ကို အထင်သေးမိလေ၏။

တန်ခိုးဖြင့် ဖန်ဆင်းထားသည့် အမျိုးသမီး၏ ရုပ်အသွင်ကို မြင်ရချိန်မှစ၍ပင် ရူပနန္ဒာ၏ မျက်လုံးတို့သည် မရပ်မတည် လည်ပတ်နေကုန်၏။

ရူပနန္ဒာသည် ဤအမျိုးသမီး၏ ဆံပင်တို့သည် အံ့သြလောက်အောင် တင့်တယ်ကုန်၏။ နဖူးပြင်သည် အံ့သြလောက်အောင် တင့်တယ်ပါပေ၏ဟု ခန္ဓာကိုယ် အစိတ်အပိုင်း အားလုံးတို့၏ ကျက်သရေရှိလှသော ရုပ်အဆင်းသည် ဆွဲဆောင်အပ်သောစိတ် ရှိနေရကား ထိုအမျိုးသမီးရုပ်အသွင်၌ အားကောင်းလှသော ချစ်ခင်မှု ဖြစ်နေလေ၏။

မြတ်စွာဘုရားသည် တန်ခိုးဖြင့် ဖန်ဆင်းထားအပ်သော ထိုမိန်းမ၏ ရုပ်သွင်၌ ရူပနန္ဒာ၏ လွန်စွာ နှစ်လိုပျော်ရွှင်နေမှုကို သိတော် မူ၍ တရားဟောလျက်ပင် ထိုမိန်းမ၏ ရုပ်အသွင်ကို ဆယ့်ခြောက် နှစ်အရွယ်ကို ကျော်လွန်၍ အသက်နှစ်ဆယ်ရွယ် အသွင်ပြု၍ ပြလေ၏။

ရူပနန္ဒာသည် ကြည့်နေရင်းပင် ဤမိန်းမ၏ ရုပ်အသွင်သည် အစက ရုပ်အသွင်နှင့် မတူတော့ပါလားဟု နှစ်သက်စိတ် အနည်းငယ် ပျက်ပြယ်လာလေ၏။

မြတ်စွာဘုရားသည် ဖန်ဆင်းထားအပ်သော ထိုမိန်းမ၏ အစဉ် အတိုင်း တစ်ကြိမ် သားဖွားပြီးသော အဆင်းအရွယ်၊ အလတ်စား မိန်းမအဆင်း၊ သက်ရွယ်အိုမင်း ကြီးရင့်သော မိန်းမ၏အဆင်းကို အဆင့်ဆင့် ပြောင်းလဲ ဖန်ဆင်းပြလေ၏။

ရူပနန္ဒာသည်လည်း အစဉ်အတိုင်းပင် ဤရုပ်အဆင်းသည်လည်း ပျောက်ကွယ်သွားခဲ့၏။ ဤရုပ်အဆင်းသည်လည်း ပျောက်ကွယ် သွား၏ဟု အရွယ်အိုမင်း ကြီးရင့်သော ရုပ်အဆင်းကို မြင်ရချိန်၌ တပ်နှစ်သက်မှု ကင်းလာပြီး သွားကျိုးနေပုံ၊ ဆံပင်ဖြူ ဦးခေါင်းရှိနေပုံ၊ အိုမင်းကိုင်းညွတ်နေပုံ၊ ဖရိုဖရဲ ကျဲတဲ ယိုင်ကောက်သော နံရိုးရှိနေပုံ၊ တောင်ဝှေးဆွဲကိုင်နေပုံ၊ တုန်လှုပ်နေပုံကို မြင်ရလေသော် လွန်စွာ စက်ဆုပ်လျက် တပ်မက်မှု ကင်းပျောက်နေလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဖန်ဆင်းအပ်သော ထိုမိန်းမ၏ ဗျာဓိ နာကျင်မှုတရား နှိပ်စက်ခံနေရပုံကို ပြလေ၏။

ဖန်ဆင်းပြအပ်သော ထိုမိန်းမသည် ဗျာဓိတရား နှိပ်စက်လေရာ ထိုခဏ၌ပင်လျှင် တောင်ဝှေးကိုလည်းကောင်း၊ ထန်းရွက် ရပ်ဝန်းကို လည်းကောင်း၊ စွန့်ပစ်၍ အသံကျယ်စွာ အော်ဟစ်ညည်းညူကာ

မြေပေါ်၌ လဲကျ၍ သူ၏ ကျင်ကြီးကျင်ငယ်၌ နစ်မြုပ်လျက် လူးလိမ့်နေလေ၏။

ရူပနန္ဒာသည် လူးလိမ့်နေသော ထိုမိန်းမကို မြင်ရသော် လွန်စွာစက်ဆုပ်လျက် ပို၍ တပ်မက်မှု ကင်းလေ၏။

မြတ်စွာဘုရားသည်လည်း ဖန်ဆင်းပြအပ်သော ထိုမိန်းမ၏ သေနေပုံကို ပြလေ၏။

ထိုမိန်းမသည် တခဏချင်းပင် ဖူးဖူးရောင်တက်လာလေ၏။ ဒွါရကိုးပေါက်တို့မှ ပြည်လုံးနှင့် ပိုးလောက်တို့သည် ယိုစီးထွက်ကျ လာလေကုန်၏။ ကျီး၊စွန်၊လင်းတတို့သည် စုဝေး၍ အလောင်းကောင်ကို ထိုးဆိတ် လုယက်ကြလေ၏။

ရူပနန္ဒာသည်လည်း ထိုထိုအသွင်ကို မြင်ရ၍ ဤမိန်းမသည် ဤနေရာမှာပင် အိုလေ၏။ နာလေ၏။ သေလေ၏။ ဤမိန်းမကိုယ်အတူပင် ငါ၏ ခန္ဓာကိုယ် အတ္တဘော၏အထံသို့ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတို့သည် ရောက်လာကုန်လိမ့်မည်ဟု ခန္ဓာကိုယ် အတ္တဘောကို အနိစ္စဟု ရှုမြင်လေ၏။ အနိစ္စဟု ရှုမြင်အပ်သောကြောင့် ဒုက္ခဟု၊ အနတ္တဟု ရှုမြင်အပ်ပြီးသာ ဖြစ်လေ၏။

ထိုအခါ၌ ရူပနန္ဒာအား ဘဝသုံးပါးတို့သည် မီးအလျှံပြောင်ပြောင်တောက်လောင်နေသော အိမ်တို့ကဲ့သို့လည်းကောင်း၊ လည်ပင်း၌ဆွဲထားသော အကောင်ပုပ်ကဲ့သို့လည်းကောင်း ထင်လာလေကုန်၏။ ရူပနန္ဒာ၏စိတ်သည် ကမ္မဋ္ဌာန်းသို့ ရှေးရှု ပြေးဝင်လေ၏။

မြတ်စွာဘုရားသည် ရူပနန္ဒာ၏ အနိစ္စဟု ရှုမြင်နေပုံကို သိတော်မူ၍...

ရူပနန္ဒာသည် မိမိအလိုလိုသာ မိမိ၏ ထောက်ရာတည်ရာကို ပြုစွမ်းနိုင်မည်လောဟု ရှုကြည့်တော် မူလေသော် မိမိအလိုလိုသာ မိမိ၏ ထောက်ရာ တည်ရာကို ပြုစွမ်းနိုင်မည်မဟုတ်။ သူ၏ပြင်ပ

ဗဟိဒ္ဓ အထောက်အကူအကြောင်းကို ရဖို့သင့်သည်ဟု သိမြင်တော်မူ၍ ရူပနန္ဒာအား သင့်လျော်လျောက်ပတ်သော တရားတော်ကို ဟောပြတော်မူ၏။

> အာတုရံ အသုစိံ ပူတိံ၊ ပဿ နန္ဒေ သမုဿယံ။
> ဥဂ္ဃရန္တံ ပဂ္ဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။
> ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။
> ဓာတုတော သုညတော ပဿ၊ မာလောကံ ပုနရာဂမိ။
> ဘဝေ ဆန္ဒံ ဝိရာဇေတွာ၊ ဥပသန္တော စရိဿတိ။

နန္ဒေ–ရူပနန္ဒာသညာတွင်ခေါ် နမတော်၊ အာတုရံ–နှိပ်စက်ဖန်ဖန် ဗျာဓိဒဏ်ကြောင့် မခံသာအောင် လွန်စွာ နာကျင်ထသော၊ အသုစိံ–ကျင်ကြီးကျင်ငယ် အလယ်နစ်မြုပ် စက်ဆုပ်ဖွယ် မစင်ကြယ်ထသော၊ ပူတိံ–အမာကိုးပေါက် ပိုးလောက်ပြည်သီး ယိုစီးထွေထွေ ပုပ်၍နေသော၊ ဗာလာနံ–ဗာလေဟိ–အလှအဆန်း ငန်းငန်းသူကြိုက် လူမိုက်တို့သည်၊ အဘိပတ္ထိတံ–ခဏာတာမျှ အာသာမှ ပြေပြေ နွဲ့ခွေပွေ့ပိုက် နေလိုက်ချင်ဘိ စရှိမပြတ် အလွန်တောင့်တအပ်သော၊ ဥဂ္ဃရန္တံ–အထက်သို့တက် ခံတွင်းစသည်မှ အံထွက်၍နေသော၊ ပဂ္ဃရန္တံ–အောက်သို့လည်းသက် ယိုစီး၍ ထွက်နေသော၊ ဣဒံ သမုဿယံ–နဂိုအလှ လျောကျပျက်ပြီး အသက်ဆုံးကာ လူလုံးမလှ ပုပ်စွ ညှီဟောင် ဤမိန်းမ၏ ကိုယ်ကောင်ကို၊ ပဿ–သင့်စိတ်ကို ပြုပြင်၍ ယခုထင်အောင် ရှုဆင်ခြင်လိုက်ပါလော့၊ ဣဒံ ယထာ–နဂိုအလှ လျောကျပျက်ပြီး အသက်ဆုံးကာ လူလုံးမလှ ပုပ်စွ ညှီဟောင် ဤမိန်းမ၏ ကိုယ်ကောင်ကဲ့သို့၊ တထာဧတံ–လှပအိစို သင်၏ ကိုယ်လည်း ထိုနည်းစင်စစ် ကေန်ဖြစ်လိမ့်မည်၊ ယထာဧတံ–လှပအိစို သင်၏ ကိုယ်ကဲ့သို့ တထာဣဒံ–မြင်မကောင်းအောင် ပုပ်ဟောင်ဖိန်းထ

ဤမိန်းမလည်း ရှေးမဆွက လှပခဲ့လေပြီ၊ ဓာတုတော–ထင်တိုင်း မတည် ကြံစည်တိုင်းမမြောက် ဖောက်ပြန်ရွေ့လျော ဓာတ်သဘော အားဖြင့်လည်းကောင်း၊ သုညတော–အနှစ်သာရ ရှာမရသည့် အကာ အတိအားဖြင့်လည်းကောင်း၊ ပဿ–သင့်ခန္ဓာကို မြန်စွာပြုပြင် ဉာဏ်ပါပါ အမှုထင်အောင် ဖန်ခါခါ ရှုဆင်ခြင်လိုက်ပါလော့၊ လောကံ–သာယာစုံမက် နှစ်သက်ဖွယ်ရာ ဖြစ်လာသယောင် သတ္တဝါဟူသော အကောင်အထည်သဘောသို့ မာပုနရာဂမိ–ဉာဏ်အမြော်ဖောက်ကာ တစ်ဖန်ပြန်၍ မရောက်ပါစေလင့်၊ ဝေံ သတိ–အနှစ်ကွယ်ပျောက် ဓာတ်သဘောရောက်ကာ သတ္တဝါဟူသော အစွဲပျောက်အောင် မဖောက်မပြန် အဖန်ဖန် အထပ်ထပ် ရှုဆင်ခြင်လတ်သော်၊ ဘဝေ–အိုနာ သေရေး ဒုက္ခဘေးတို့ ရောထွေးဖန်ခါ ဘဝသံသရာ၌၊ ဆန္ဒ–လွန်စွာ နှစ်သက် ပြင်းထန်စွာ တပ်မက်ခြင်းကို၊ ဝိရာဇေတွာ–သမုစ္ဆေဒပဟာန်မဂ်ဉာဏ်သတ္တိဖြင့် အမြန်ဖြတ်ဘိ၍၊ ဥပသန္တော–ရာဂမလိမ်း အလုံးစုံသော အပူငြိမ်းသည်ဖြစ်၍၊ စရိဿတိ–သင် မလိုလားရာ အိုနာသဘော ရွေ့လျောကင်းကွာ သာယာတင့်ဆန်း အမတဟူသော နိဗ္ဗာန်နန်းသို့ တက်လှမ်းရလိမ့်မည်သာတည်း။

ဤဒေသနာတော်ကို ကြားရသော ရူပနန္ဒာသည် မြတ်စွာဘုရား ဟောအပ်သော တရားတော်ကို အစဉ်လိုက်၍ ဉာဏ်ကို ပို့ဆောင် စေလွှတ်လေသောကြောင့် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေ ၏။ ထိုအခါ ရူပနန္ဒာ၏ အထက်မဂ်ဖိုလ်သုံးပါးတို့ကို ဝိပဿနာဖြင့် ထုံစေခြင်းအကျိုးငှာ သုညတာ ကမ္မဋ္ဌာန်းကို ဟောပြလိုတော်မူ၍

ရူပနန္ဒာ နှမတော်၊ ဤခန္ဓာကိုယ်၌ အနှစ်သာရရှိ၏ဟု အမှတ် သညာ မထားလေနှင့်။ ဤခန္ဓာကိုယ်၌ အနည်းငယ်မျှသော အနှစ် သာရ မရှိချေ။ ဤခန္ဓာကိုယ်သည် အရိုးစုသုံးရာကို စိုက်ထောင်၍

ပြုလုပ်ထားအပ်သော အရိုးမြို့၊ အရိုးရွာ၊ အရိုးအိမ်သာလျှင် ဖြစ်ပေတော့သည်။

**အဋ္ဌီနံ နဂရံ ကတံ၊ မံသလောဟိတလေပနံ။**
**ယတ္ထ ဇရာ စ မစ္စု စ၊ မာနော မက္ခော စ ဩဟိတော။**

ယတ္ထ–ခန္ဓာပုရနာမတွင်ခေါ် အကြင် မိမိ၏ ကိုယ်ပေါ်၌၊ ဇရာစ–တစ်နေ့ တစ်နေ့ တရွေ့ရွေ့ဖြင့် ဆွေးမြေ့ရင့်ရော် ဇရာခေါ်သော သဘောသည်လည်းကောင်း၊ မစ္စုစ–မသက်မသာ ခန္ဓာကြွေပျောက် အဆုံးရောက်ဟူသော သဘောသည်လည်းကောင်း၊ မာနောစ–အရွယ်ကောင်းခြင်း၊ အဆင်းလှခြင်း စသည်ကို စွဲ၍ ငါပဲ တလူလူ မာန်မူတတ်သော မာနဟူသော သဘောသည်လည်းကောင်း၊ မက္ခောစ–သူတစ်ထူး၏ ပြုဖူးကျေးဇူး အထူးမတွက် ချေဖျက်တတ်သော မက္ခဟူသော သဘောသည်လည်းကောင်း၊ ဩဟိတော–ရုံခါမစဲ အမြဲတစေသက်ဝင်၍တည်နေပါပေ၏။သော–လူတိုင်းလိုပင် ချစ်ခင်စုံမက်နှစ်သက်လိုကြ ထိုကာယသည်၊ မံသလောဟိတလေပနံ–မြေသရွက်အင်္ဂတေသဖွယ် အတွင်းနေ အသွယ်သွယ်ကို ဖုံးကွယ်ရန်အရေး အသားအသွေး အတန်တန်တို့ဖြင့် အဖန်ဖန် လိမ်းကျံမွမ်းမံ၍ ထားအပ်သော။ အဋ္ဌီနံ–ဖြူဖွေးအရောင် စိုက်ထောင်ဆစ်ဖု သုံးရာကျော်သော အရိုးစုတို့ဖြင့်၊ ကတံ–အမာခံအမှု ကောင်းမွန်စွာ ပြုထားအပ်သော၊ နဂရံ–အနာသီးသီး သိုမှီးတည်ရာ ဒုက္ခာရှိန်ညီး အိမ်ကြီးအစစ်ဖြစ်ပါပေသတည်း။

ခန္ဓာကိုယ်၏ ပြင်ပ၌ စပါး၊ဆန်၊ကောက်ပဲသီးနှံ အတန်တန်တို့ကို သိုလှောင်သိမ်းဆည်းထားရန် သစ်သားတို့ကို စိုက်ထောင်နီး၊ကြိမ်၊ နွယ်ပင်တို့ဖြင့် ဖွဲ့ချည်၊ အတွင်းက မြေညက်ဖြင့် လိမ်းကျံ၍ နဂရခေါ် သိုလှောင်ရုံ စပါးကျီအိမ်ကို ပြုကြသကဲ့သို့ ထိုနှင့်

အလားတူစွာ မိမိခန္ဓာကိုယ်အတွင်း၌လည်း အရိုးချောင်းသုံးရာတို့ကို စိုက်ထောင်၍ အကြောများစွာတို့ဖြင့် ဖွဲ့ယှက်တုပ်နှောင် အသား အသွေးတို့ဖြင့် လိမ်းကျံမွမ်းမံ အရေခွံဖြင့် ဖုံးအုပ်ထားအပ်သော နဂရခေါ် သိုလှောင်ရုံ စပါးကျီအိမ်ကို ကံတရားက စီမံပြုလုပ်ထားပေသည်။

ယင်းသိုလှောင်ရုံ စပါးကျီအိမ်ခေါ်သည့် ခန္ဓာကိုယ်အတွင်း၌ ဆွေးမြေ့ခြင်း သဘောလက္ခဏာရှိသော ဇရာတရား၊ ပျက်စီးခြင်း သဘောလက္ခဏာရှိသော မရဏတရား၊ တင့်တယ်သော အရုပ်အမောင်း ကိုယ်လုံးသဏ္ဌာန်နှင့် ပြည့်စုံမှုကို အစွဲပြု၍ အထင်ကြီးခြင်း သဘောလက္ခဏာရှိသော မာန၊ သူတစ်ပါးက ကောင်းစွာ ပြုပေးအပ်သော အကြောင်းတရားကို ဖျက်ဆီးခြင်း သဘောလက္ခဏာရှိသော မက္ခတရားတို့ သိမ်ဆည်းစုဝေး တည်နေပေ၏။ ထိုမှတစ်ပါး ယင်းသိုလှောင်ရုံ စပါးကျီအိမ်ခေါ်သည့် ခန္ဓာကိုယ်အတွင်း၌ ကိုယ်၌ဖြစ်သော အနာဟူသော ကာယိက ဒုက္ခ၊ စိတ်၌ဖြစ်သော အနာဟူသော စေတသိက ဒုက္ခတရားတို့ စုဝေးတည်နေရကား မြတ်နိုးဖွယ်ရာ ယူဆောင်သိမ်းဆည်းဖွယ်ရာဟူ၍ ဘာတစ်ခုမျှ မရှိပေ။

ဒေသနာတော်အဆုံး၌ ရူပနန္ဒာထေရီသည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏။ လူများစွာအတွက်လည်း အကျိုးရှိသော ဓမ္မဒေသနာတော်အစစ် ဖြစ်လေသတည်း။

ဓနပဒကလျာဏီ၊ ရူပနန္ဒာထေရီဝတ္ထု ပြီး၏။

# မလ္လိကာဒေဝီဝတ္ထု

## မာယာဖုံးအုပ် ကိုယ်လုံးမြုပ်

သာဝတ္ထိမြို့၌ ပန်းသည်ကြီး၏ သမီးတစ်ယောက်ရှိသည်။ ပန်းခူး၊ ပန်းရောင်း အသက်မွေးရသောကြောင့် သမီးအမည်ကို မလ္လိကာဟု ခေါ်ကြသည်။ မလ္လိကာ သတို့သမီးသည် မြင့်မြတ်သော ရုပ်ရည် အဆင်းရှိသူဖြစ်၏။ မလ္လိကာသည် (၁၆)နှစ်အရွယ် ရောက်လာသော အခါ နေ့တစ်နေ့၌ အခြားသတို့သမီးများနှင့်အတူ ပန်းခူးရန် ပန်း ဥယျာဉ်သို့ သွားလေ၏။ ပန်းဥယျာဉ်သို့ သွားစဉ် မုယောမုန့်ခဲ သုံးခဲ တို့ကို ပန်းခြင်းတောင်းတွင်း၌ ထည့်၍ ယူသွားသည်။

မလ္လိကာသည် သာဝတ္ထိမြို့မှ ထွက်လာသည့်အခါ ရောင်ခြည် တော်၆ ခြောက်သွယ်ကွန့်မြူးခြယ်လျက် ရဟန်းပေါင်းခြံရံကာ သာဝတ္ထိ မြို့တွင်းသို့ ကြွလာတော်မူသော မြတ်စွာဘုရားကို ဖူးတွေ့ရ၍ မုယော မုန့် သုံးခဲကို မြတ်စွာဘုရားအား ကပ်လှူလေ၏။ မြတ်စွာဘုရားသည် မလ္လိကာ ကပ်လှူသော မုယောမုန့်သုံးခဲကို စတုမဟာရာဇ် နတ်မင်း ကြီးလေးဦးတို့ ကပ်လှူထားသော ကျောက်သပိတ်ဖြင့် ခံယူတော် မူသည်။

မလ္လိကာသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုး၍ မြတ်စွာဘုရားကို အာရုံပြုလျက် မိမိသန္တာန်၌ ဖြစ်ပေါ်လာသည့် နှစ်သက်မှု၊ အားရမှု ပီတိကို ယူကာ သင့်တော်သည့်နေရာ၌ ရပ်နေသည်။

မြတ်စွာဘုရားသည် မလ္လိကာကို ကြည့်တော်မူပြီး ပြုံးတော်မူသည်။

အရှင်အာနန္ဒာသည် မြတ်စွာဘုရား ပြုံးတော်မူခြင်းအကြောင်းကို မေးလျှောက်လေရာ မြတ်စွာဘုရားက ချစ်သား အာနန္ဒာ ဤအမျိုးသမီးသည် ဤမုယောမုန့်ခဲတို့ကို ပေးလှူရသော ကုသိုလ်၏ အကျိုးအဖြစ်ဖြင့် ယနေ့ပင် ကောသလမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး ဖြစ်လိမ့်မည်ဟု မိန့်တော်မူသည်။

ယင်းသို့ မိန့်တော်မူပြီး သာဝတ္ထိမြို့တွင်းသို့ ကြွတော်မူသည်။ မလ္လိကာသတို့သမီးသည်လည်း ပန်းဥယျာဉ်သို့ ဆက်လက် သွားလေ၏။

ထိုနေ့၌ ကောသလမင်းကြီးသည် ကာသိတိုင်းအတွင်းရှိ ရွာတစ်ရွာကိုအကြောင်းပြု၍ တူတော်ဖြစ်သော အဇာတသတ်မင်းနှင့် စစ်ထိုးရာ စစ်ရှုံးသဖြင့် စစ်သည်တော်များခြံရံ၍ မြင်းစီးပြီးပြန်ခဲ့ရာ ပန်းဥယျာဉ်အတွင်း ပန်းခူးနေသော မလ္လိကာသတို့သမီး၏ သီချင်းသံကို ကြားရလေသော် တပ်မက်သောစိတ်ရှိလှ၍ စီးတော်မြင်းကို ပန်းဥယျာဉ်ရှိရာသို့ မောင်းနှင်စီးဝင်ရောက်လာသည်၊ မလ္လိကာမှ တခြားသော သတို့သမီးတို့သည် ဘုန်းကံမရှိကြ၍ မြင်းစီးဝင်လာသော ကောသလမင်းကြီးကို မြင်ကြလျှင် တိမ်းရှောင်ထွက်ပြေးကြသည်။

မလ္လိကာသတို့သမီးမှာမူ ဘုန်းကံရှိသူဖြစ်ရကား ကောသလမင်းကြီးကို မြင်သော်လည်း တိမ်းရှောင်ထွက်ပြေးခြင်း မပြုမူ၍...

မြင်းစီးလာသော ကောသလမင်းကြီးထံလာပြီး မြင်းဇက်ကြိုးကို ဆွဲကိုင်ထားလေ၏။

ကောသလမင်းကြီးသည် မြင်းပေါ်၌ ထိုင်နေလျက်ပင် မလ္လိကာကို ပိုင်ရှင် ရှိ၊မရှိ မေးလေရာ ပိုင်ရှင်မရှိကြောင်း သိရ၍ မြင်းပေါ်မှ ဆင်းပြီး လော၊နေပူတို့ဖြင့် တွေ့ထိ ပင်ပန်းခဲ့သောကြောင့် မလ္လိကာ၏ ရင်ခွင်၌ အိပ်လျက် တခဏမျှ အပန်းဖြေကာ မလ္လိကာကို မြင်းပေါ် တင်၍ စစ်သည်တော်အပေါင်း ခြံရံလျက် သာဝတ္ထိမြို့သို့ ဝင်ရောက်ပြီးသော် မလ္လိကာကို မိဘအိမ်သို့ ပို့စေပြီး ညနေခင်းအချိန်၌ မလ္လိကာ၏ မိဘနေအိမ်သို့ ရထားယာဉ်ကို စေလွှတ်၍ ကြီးစွာသော မြတ်နိုးဖွယ် အဆောင်အယောင်တို့နှင့်အတူ မလ္လိကာကို မိဘအိမ်မှ ဆောင်ယူစေ၍ ရွှေငွေ ထိန်တောက် စိန်ကျောက်ရတနာ အစုအပုံ၌ မလ္လိကာကို တင်ထား၍ ဘိသိက်သွန်းပြီး အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးအရာ ထားလေ၏။

ထိုအချိန်မှစ၍ မလ္လိကာသည် ကောသလမင်းကြီး၏ ချစ်ခင်မြတ်နိုးအပ်သူ၊ စိတ်နှလုံးကို တိုးပွားစေသူ မိဖုရားဖြစ်လေ၏။

မလ္လိကာမိဖုရားသည် အိပ်ရာမှ ရှေးဦးစွာ ထခြင်း အစရှိသော မိန်းမကောင်းတို့၌ ပြည့်စုံရမည့် ကလျာဏဓမ္မငါးမျိုးနှင့် ပြည့်စုံသူ၊ လင်ယောကျ်ားကို ကိုးကွယ်ရာ နတ်သားပမာ ထားရှိသူဖြစ်၏။ မြတ်စွာဘုရားရှင်၏လည်း ရင်းနှီးအကျွမ်းဝင်သော ဥပါသိကာ ◌ၿစ်ဦးဖြစ်လေ၏။

မလ္လိကာသည် အဂ္ဂမဟေသီဒေဝီဖြစ်ပြီးချိန်မှစ၍ ကောသလမင်းကြီးနှင့်အတူ ဘုရားဖူး၊ တရားနာနှင့် လှူဒါန်းဖွယ်ကို ပေးလှူသူ ဒါယိကာမဖြစ်သည်။ ကောသလမင်းကြီးနှင့်အတူ ဘုရားတစ်ဆူ လက်ထက် တစ်ကြိမ်သာ ဖြစ်ပေါ်ခွင့်ရှိသော အသဒိသဒါန ကုသိုလ်ထူးကိုလည်း ဆည်းပူးထားသူဖြစ်သည်။ နန်းတော်တွင်း ဆွမ်းစား

ဆောင်၍ နေ့စဉ် သံဃာတော်အပါး ၅၀၀ အား ဆွမ်းကပ်လှူသည်။ အချိန်ကား နှစ်ပရိစ္ဆေဒအားဖြင့် ကြာခဲ့လေပြီ။

* * *

အင်း...ငါ့နန်းတော်အပေါ်ထပ် မြောက်ဘက် လေသာပြတင်းပေါက်က မြောက်လေပြန် ညင်းညင်းသာသာ ဝင်နေတာ အအိုက်ပြေနေလို့ ကောင်းပါပေစွ။

ဩော်...ငါ့မိဖုရားကြီး မလ္လိကာရေချိုးအိမ်အတွင်း ဝင်သွားတယ်။ ရေချိုးအိမ်က တံခါးပိတ်မထားဘူး။ မြင်နေရတယ်။

အင်း...သူ့နောက်က သူချစ်ခင်မြတ်နိုးတဲ့ ခွေးထီးတစ်ကောင်လည်း လိုက်ဝင်သွားတာ မြင်ရတယ်။

မိဖုရားခေါင်ကြီး ပါးစပ်ဆေးပြီး သူ့ရဲ့ ခြေသလုံး၊ ခြေဖမိုးကိုကုန်းပြီး ရေဆေးနေတယ်။

ဟာ...သူ့ခွေးကြီးက ကုန်းနေတဲ့ မိဖုရားကို မသူတော်တို့ပေါင်းဖော်ခြင်းမျိုးဖြင့် ပေါင်းဖော်ရန် အားထုတ်နေပါလား။ မိဖုရားမိုက်က ခွေးကို ရိုက်မောင်းမထုတ်ဘဲ အသာကုပ်နေတယ်။ တော်တော်ယုတ်ညံ့တဲ့ မိန်းမပဲ။ ဟိုတစ်ချိန်က သနားချစ်ခင်မြတ်နိုးလို့ကောက်ယူခဲ့ပြီး မိဖုရားမြှောက်ခဲ့ရတာ၊ မြတ်မြတ်နိုးနိုး စောင့်ရှောက်ခဲ့တာ ယခုတော့ ဖုံးလာသမျှ ကုန်းခါမှပေါ် ဖြစ်နေပါလား။ ငါ့ထံလာစေဦး။ ယုတ်ယုတ်မာမာ ပြောလိုက်ရဦးမယ်။

* * *

မလ္လိကာလား။

မှန်ပါ မောင်တော်ဘုရား။

ဘာ…မောင်တော်ဘုရားလဲ။ သူယုတ်မ ပျက်စီးပေတော့။ ပျောက်ကွယ်ပေတော့။

အရှင်မင်းကြီး၊ ဘာကြောင့် ဒီလို ပုတ်ခတ် ဆဲရေးရတာလဲ။

နင်ယုတ်ယုတ်မာမာ ပြုခဲ့တယ်။

အရှင်မင်းကြီး၊ ကျွန်တော်မ ဘယ်လိုပြုခဲ့လို့လဲ။

ရေချိုးအိမ်အတွင်းမှာ ခွေးနဲ့ ပေါင်းဖော်ခဲ့တာလေ။

အရှင်မင်းကြီး၊ ခွေးနဲ့ ပေါင်းဖော်မှုမရှိပါ။

ဟဲ့…ငါကိုယ်တိုင် မြင်ရတာ၊ သူများပြောတာ မဟုတ်ဘူး။ ငါ နင့်ကို မယုံကြည်နိုင်ဘူး။ သူယုတ်မာမ ပျက်စီးပေတော့၊ ပျောက်ကွယ်ပေတော့။

အရှင်မင်းကြီး ကျွန်တော်မ တင်ပါရစေ။

တင်စမ်း၊ တင်စမ်း။

အရှင်မင်းကြီး မည်သူမဆို ဒီရေချိုးအိမ်အတွင်း ဝင်တဲ့သူဟာ တစ်ယောက်တည်းဖြစ်သော်လည်း အရှင်မင်းကြီးကြည့်တဲ့ ဒီလေသာပြတင်းပေါက်က ကြည့်နေသူမှာ နှစ်ယောက်နှစ်မျိုး ထင်ရတယ်။

(လိမ်လည်ပြောလိုက်မှတော့ မထူးတော့ဘူး။ ရှေ့ဆက် လိမ်မှ၊ ကွယ်မှပဲ။)

အရှင်မင်းကြီး ကျွန်တော်မ ပြောတာကို မယုံဘူးဆိုရင် အရှင်မင်းကြီးကိုယ်တိုင် အဲဒီ ရေချိုးအိမ်အတွင်းကို သွားဝင်ပါ။ ကျွန်တော်မ ဒီလေသာပြတင်းပေါက်ကနေပြီး အရှင်မင်းကြီးကို ကြည့်ပါမည်။

အေး…အေး၊ ကောင်းပြီ၊ ကောင်းပြီ၊ နင်ပြောတဲ့အတိုင်း ငါသွားပြီး ရေချိုးအိမ်အတွင်းကို ဝင်မည်။

ဝင်ပြီဟော့။

ကဲ…ကဲ၊ လာပါ၊ လာပါ အရှင်မင်းကြီး။

ကဲ…ငါလာပြီ၊ ပြောစမ်း။

ဒီမှာ အရှင်မင်းကြီး ဒီလေသာပြူတင်းပေါက်က ရပ်ပြီး ကြည့်နေတော့ ယုတ်ယုတ်မာမာ ပြုမူတာကို မြင်ရပါတယ်။

ဘယ်လို မြင်ရတာလဲ။

အရှင်မင်းကြီး ဆိတ်မနှင့် ပေါင်းဖော်နေတာကို မြင်ရတယ်။ ဘာပြောချင်သေးသလဲ။

ဟော့...ရှင်မ၊ ငါ နင်ပြောသလို မပြုပါဘူး။

အို...အရှင်မင်းကြီး ဖုံးကွယ်မပြောပါနဲ့၊ ကျွန်တော်မကိုယ်တိုင် ဆိတ်မနဲ့ ပေါင်းဖော်နေတာကို မြင်လိုက်ရသားနဲ့၊ အရှင်မင်းကြီးရဲ့ ငါမပြုပါဘူးဆိုတဲ့စကားကို ကျွန်တော်မ မယုံကြည်နိုင်ပါ။

သြော်–ကေန္တ ဒီရေချိုးအိမ်ထဲ ဝင်တဲ့သူဆိုရင် တစ်ယောက်တည်းဖြစ်ပေမယ့် နှစ်ယောက်နှစ်မျိုး ထင်ရ၊ မြင်ရတယ်ဆိုတာ ဟုတ်ပေတာပဲ။ မိဖုရားရေ နင်တင်တဲ့စကားကို ငါယုံပါပြီ။

ဒီမင်းကြီးဟာ ထုံထိုင်းသူ၊ မိုက်ကန်းတဲ့လူဖြစ်လို့ သူ့ကို ငါ (မလ္လိကာ) လှည့်စားလိုက်တယ်။ အမှန်ကတော့ ငါမကောင်းမှု ပြုမိတာအမှန်ပါ။

ငါရဲ့ ကျေးဇူးရှင်မင်းကြီးကိုလည်း မဟုတ်မမှန် လုပ်ကြံ စွပ်စွဲလိုက်တာပဲ။ ငါ့ရဲ့ ဒီမကောင်းမှုကို မြတ်စွာဘုရား ကိုယ်တော်မြတ်လဲ သိတော်မူမှာပဲ။

အဂ္ဂသာဝကနှစ်ပါး၊ မဟာသာဝက ရှစ်ကျိပ်တို့လည်း သိတော်မူကြမှာပဲ။

အံ့သြလောက်အောင် မကောင်းလိုက်လေစွ။ ငါသည် ကြီးလေးတဲ့ မကောင်းမှုကို ပြုမိပါပေစွ။

ငါမကောင်းဘူး။ ငါမကောင်းဘူး။ ငါသူယုတ်မ၊ ငါသူယုတ်မ။

မင်းကြီးများ၊ ကိုယ်တော်မြတ် ချစ်မြတ်နိုးအပ်သော မလ္လိကာ မိဖုရားကွယ်လွန်လို့ သင်္ဂြိုဟ်ခြင်းကိစ္စ ပြုပြီးကြပြီနော်။

မှန်လှပါ အရှင်မင်းကြီး။

ငါမင်းမြတ် ပြင်းပြင်းထန်ထန် ပူပန်မှုသောက ဖိစီးနှိပ်စက် ခံရ ပေတယ်။ မလ္လိကာ မိဖုရားရဲ့ ဖြစ်ရာဌာန ဘုံဘဝကို ငါမင်းမြတ် သိလိုတော်မူတယ်။ ဒါ့ကြောင့် မြတ်စွာဘုရားထံ သွားရောက် မေးမြန်း လိုတယ်။ မြတ်စွာဘုရားထံ သွားကြမည်။

မှန်လှပါ အရှင်မင်းကြီး။

ဩော်...ကောသလမင်းကြီး မလ္လိကာမိဖုရား၏ ဖြစ်ရာဌာန ဘုံဘဝကို မေးမြန်းဖို့ ငါဘုရားထံ လာနေတယ်။ မလ္လိကာသည် ကောသလမင်းကြီး၏ အသဒိသဒါနပွဲကြီး၌ အဖော်သဟဲအဖြစ် ဦးဆောင်ပါဝင် ကူညီခဲ့သည်။ မလ္လိကာ၏ စီစဉ်မှုကြောင့် အသဒိသ ဒါနပွဲဖြင့် နေပြည်တော်အတွင်း မြို့သူမြို့သားအားလုံးတို့အပေါ် အနိုင်ယူခဲ့သည့် ထူးခြားသည့်ဂုဏ်ကို ဆောင်နိုင်ခဲ့သည်။

မှန်လှပေသည်။ ထိုအသဒိသဒါနပွဲကြီးတွင် တစ်ရက်တည်း၌ စွန့်ကြဲ လှူဒါန်းအပ်သော ပစ္စည်းသည် တစ်ဆယ့်လေးကုဋေ တန်ဖိုး ရှိပေသည်။ ငါဘုရားအတွက် စီမံပြုလုပ်အပ်သော ထီးဖြူတော်၊ သီတင်းသုံးစရာ ပလ္လင်တော်၊ သပိတ်ခြေ၊ ခြေဆေးအင်းပျဉ် ဤလေး မျိုးတို့ကား တန်ဖိုးမဖြတ်နိုင်သော မဟာပရိစ္စာဂ ကြီးကျယ်သည့် စွန့်ကြဲမှုကို အမှတ်မရနိုင်ရှာဘဲ သူပြုမိသော မကောင်းမှုစွပ်စွဲချက်ကို အမြဲ အမှတ်ရလျက် ကွယ်လွန်ပြီးသောအခါ အဝီစိငရဲ၌ ဖြစ်နေပေ သည်။

ကောသလမင်းကြီးသည် အကယ်၍ မလ္လိကာမိဖုရား အဝီစိငရဲ၌ ဖြစ်နေကြောင်းကို ကြားသိရလျှင် ဤမျှ သဒ္ဓါတရားနှင့် ပြည့်စုံသူ မလ္လိကာသော်မှ ငရဲ၌ဖြစ်ရမှတော့ ဒါနပြုလို့ ဘာအကျိုးရှိတော့မည်

နည်းဟု မှားယွင်းသည့် မိစ္ဆာဒိဋ္ဌိအယူကို ယူပြီး မိမိ၏နန်းတော်၌ ရဟန်းငါးရာတို့အား နိစ္စဘတ်ဆွမ်းအလှူကို ရပ်စဲပစ်ခဲ့သော် ငရဲ၌ ဖြစ်ရလေတော့မည်။ မလ္လိကာသည် ခုနစ်ရက်အလွန် ရှစ်ရက်မြောက် နေ့တွင် တုသိတာနတ်ပြည်၌ နတ်သမီးဖြစ်လိမ့်မည်။ အဝီစိငရဲမှာ ခုနစ်ရက်သာ ကြာလိမ့်မည်။ ထို့ကြောင့် ကောသလမင်းကြီး ငါဘုရား ထံရောက်လျှင် သူမေးလိုသော အမေးအတွက်လာခဲ့သော အကြောင်း ကို မေ့ပျောက်နေအောင် ပြုထားမှတော်ပေမည်။

ဒကာတော်မင်းမြတ် ခန့်ကြမ်းပါ၏လော။

မှန်လှပါ မြတ်စွာဘုရား၊ တပည့်တော် ခန့်ကြမ်းပါကြောင်း၊ နန်းတွင်းသူ နန်းတွင်းသားတို့မှအစ စစ်သည်ဗိုလ်ပါ၊ တိုင်းသူပြည်သား အများ သာယာချမ်းမြေ့ စည်ပည်ဝပြောရန် သတိမလပ် ရာဇဓမ္မ (၁၀)ပါးနှင့်အညီ တိုင်းပြည်အုပ်ချုပ် မင်းလုပ်လျက် နေကြောင်းပါ ဘုရား။

သင့်တော်လှပေသည် ဒကာတော်။ အများအကျိုးကို ရွက်ဆောင် လျှင် မိမိအကျိုးကိုလည်း ရွက်ဆောင်ပြီး ဖြစ်ပေတော့သည်။ မှန်လှ ပါ မြတ်စွာဘုရား။ အတ္တဟိတ၊ ပရဟိတ နှစ်မျိုး ပြီးစီးနိုင်ခွင့်ကို အသင့်နှလုံးသွင်းလျက် ရှိပါသည်ဘုရား။

ကောင်းလှပေသည် ဒကာတော်။

မြတ်စွာဘုရား၊ တပည့်တော်များ ဗဟုကိစ္စ၊ ဗဟုကရဏီယပြုဖွယ် ကိစ္စ များလှပါသည်ဘုရား။ ပြန်ခွင့်ပြုတော်မူပါ။

မင်းကြီး သင်၏ ပြန်ရမည့်အချိန်ကို သင့်အလိုဖြင့်သာ သိပေ တော့။

မင်းကြီးများ၊ မလ္လိကာမိဖုရား၏ ဖြစ်ရာဌာနဘုံကို သိလို၍ မေးမြန်းရန် မြတ်စွာဘုရားထံ သွားခဲ့ကြလို့ မြတ်စွာဘုရားထံ ရောက်သည့်အခါ အမှတ်မရ မေ့မေ့ပြီး မမေးမြန်း၊ မလျှောက်ထားခဲ့တာ ခုနစ်ခါ၊ ခုနစ်ကြိမ်၊ ခုနစ်ရက်ရှိခဲ့ပြီ။ မလ္လိကာ ကွယ်လွန်ပြီး နက်ဖြန်တွင် ရှစ်ရက်မြောက်တော့မည် ရှစ်ရက်မြောက်နေ့မှာ သေချာပေါက် မေးနိုင်ရန် ငါမင်းမြတ် မေ့နေခဲ့သော် သင်မင်းကြီးတို့က ဝိုင်းအုံ၍ သတိပေးကြပေတော့။

မှန်လှပါ အရှင်မင်းကြီး။

ဩော်...မလ္လိကာ မိဖုရား လူ့ပြည်မှ စုတေကာ အဝီစိငရဲ၌ ခုနစ်ရက်ဖြစ်ပြီး ရှစ်ရက်မြောက်မှာ ငရဲမှလွတ်ကာ တုသိတာနတ်ပြည်၌ ဖြစ်နေလေပြီ။ ငါဘုရား ဆွမ်းခံကြွရင်း ကောသလမင်းကြီးအား အသိပေးလေမှပဲ။

အရှင်မင်းကြီး၊ မြတ်စွာဘုရား ကြွလာတော်မူပါသည်။ နန်းတော်တံခါးအနီး ရောက်နေပါပြီ။

ဟေ...ဟုတ်လား၊ ကောင်းပြီ၊ ကောင်းပြီ။

မြတ်စွာဘုရား တပည့်တော်အား သပိတ်တော်ကို ကမ်းတော်မူပါဘုရား။ နန်းပြာသာဒ်ပေါ် ကြွတော်မူပါဘုရား။ ဟော့...ဟော့...အမတ်ကြီးတို့ မြတ်စွာဘုရား နန်းပြာသာဒ်ပေါ် ကြွလိုဟန် မတူဘူး။ ရထားတင်းကုပ် (ရထားတွေထားရာ အဆောက်အအုံ) တွင်းသို့ ကြွလိုဟန်ရှိတယ်။ နေရာခင်းကြ။ ယာဂု၊ ခဲဖွယ်ကို စီစဉ်ကြ။

ကောင်းပါပြီ အရှင်မင်းကြီး။

မြတ်စွာဘုရား ရထားတင်းကုပ်အတွင်း သီတင်းသုံးတော်မူပါဘုရား။ ယာဂု ခဲဖွယ်တို့ကို တပည့်တော်များ ကပ်လှူပါသည်။ ဘုဉ်းပေးတော်မူပါ ဘုရား။

အင်း...မြတ်စွာဘုရား ယာဂုခဲဖွယ် ကပ်လှူပြီး မေးလျှောက်လိုရာကို ရှိခိုးပြီး မေးလျှောက်မှပဲ။

မြတ်စွာဘုရား တပည့်တော်သည် မလ္လိကာ မိဖုရား၏ ဖြစ်ရာဘဝဘုံဌာနကို မေးမြန်းလျှောက်ထားမည်ဟု ကြံရွယ်ပြီး မြတ်စွာဘုရားထံလာပါသော်လည်း မေ့ပျောက်ပြီး မမေးမလျှောက်ခဲ့ရပါ။ ခုနစ်ကြိမ်၊ ခုနစ်ခါ၊ ခုနစ်ရက် ရှိခဲ့ပါပြီဘုရား။

မြတ်စွာဘုရား မလ္လိကာမိဖုရား မည်သည့် ဌာနဘုံဘဝ၌ ဖြစ်နေပါသနည်းဘုရား။

မင်းမြတ် မလ္လိကာမိဖုရား တုသိတာနတ်ပြည်၌ ဖြစ်နေတယ်။

မြတ်စွာဘုရား မလ္လိကာမိဖုရားမှ တုသိတာနတ်ပြည်၌ မဖြစ်ခဲ့လျှင် မည်သူ ဖြစ်တော့မည်နည်းဘုရား။

မြတ်စွာဘုရား မလ္လိကာ မိဖုရားနှင့်တူသည့် မိန်းမ မရှိတော့ပါ။

မှန်လှပါသည်ဘုရား။ မလ္လိကာမိဖုရား၏ ထိုင်နေရာ၊ ရပ်နေရာ အားလုံးမှာ နက်ဖြန် မြတ်စွာဘုရားအား ဒီခဲဖွယ်ဘောဇဉ်၊ ဒီပစ္စည်းကို ပေးလှူရအောင်၊ ဒီဝေယျာဝစ္စကိုပြုရအောင် စသည်ဖြင့် ပေးလှူဖို့ ကုသိုလ်ပြုဖို့ အစီအစဉ်ကို စီစဉ်သည်မှတစ်ပါး အခြားပြုဖွယ်ကိစ္စ မထားမရှိပါဘုရား။ ဤမျှ ကုသိုလ်တရားမှာ စိတ်ပါဝင်စားသူ အမျိုးသမီးဖြစ်ပါသည်ဘုရား။

မြတ်စွာဘုရား မလ္လိကာ မိဖုရား ကွယ်လွန်ချိန်မှစ၍ တပည့်တော်၏ ခန္ဓာကိုယ်ကို မရွက်ဆောင်နိုင်အောင် ဖြစ်နေပါသည်ဘုရား။

မင်းမြတ် စိုးရိမ်ကြောင့်ကြ ပူပန်မှု မပြုလေနှင့်။ သေခြင်းတရားသည် သတ္တဝါအားလုံး၏ ဓုဝဓမ္မ ခိုင်မြဲသော တရားဖြစ်ပေသည်။

မင်းမြတ် ဒီရထားက မည်သူ့ရထားနည်း။

မြတ်စွာဘုရား မေးတော်မူသည့် ရထားကား တပည့်တော်ရဲ့ ဘိုးတော်၏ ရထားဖြစ်ကြောင်း ဦးခေါင်းထက်၌ လက်အုပ်တည်ကာ လျှောက်ထားပါသည်ဘုရား။

မင်းမြတ် ဒီရထားက မည်သူ့ရထားနည်း။

မြတ်စွာ တပည့်တော်ရဲ့ ခမည်းတော်၏ ရထားဖြစ်ပါသည်ဘုရား။

မင်းမြတ် ဒီရထားက မည်သူ့ရထားနည်း။

မြတ်စွာဘုရား တပည့်တော်၏ ရထားဖြစ်ပါသည်ဘုရား။

မင်းမြတ် သင့်ဘိုးတော်၏ ရထားသည် ဒီပုံစံအခြေအနေဖြင့်ပင် သင့်ခမည်းတော်၏ ရထားကို မမှီနိုင်ဘူး။

သင့်ခမည်းတော်၏ ရထားသည် ဒီပုံစံအခြေအနေဖြင့်ပင် သင့်ရထားကို မမီနိုင်ဘူး။

ဤသို့ သဘောရှိသော သစ်သားချောင်းတို့ဖြင့်ပြီးသော ရထားထံသို့လည်း ဇရာတရားသည် လာရောက်ခဲ့သေး၏။ သက်ရှိဖြစ်သော အတ္တဘောထံသို့ အဘယ်မှာလျှင် ဇရာတရား မလာရောက်ဘဲ နေပါမည်နည်း။

မင်းမြတ် လောကုတ္တရာတရား ကိုးပါးဟူသော သပ္ပုရိသဓမ္မမှာသာ ဇရာတရား မရှိတော့သည်။ မဟောင်းနွမ်း၊ မအိုသော သတ္တဝါမည်သည် မရှိချေ။

**ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊**
**အထော သရီရမ္ပိ ဇရံ ဥပေတိ။**
**သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊**
**သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။**

သုစိတ္တာ–ရတနာခုနစ်ပါး အခြားများစွာ ရထားတန်ဆာတို့ဖြင့် ကောင်းစွာ မွမ်းခြယ် ဆန်းကြယ်ကုန်သော။ ရာဇရထာ–မင်းခရီးသွား မင်းစီးရထားတို့သော်လည်း၊ ဝေ–စင်စစ်၊ ဇီရန္တိ –သစ်လွင်မလွမ်း ဟောင်းနွမ်းအိုမင်းကြကုန်သေး၏။ အထော–စင်စစ်သော်ကား။ သရီရမ္ပိ–ကျွေးမွေးသုတ်သင် အဆင်တန်ဆာပို ခန္ဓာကိုယ်သည်ကား။

ဇရုံဥပတိ–တစ်စုံတစ်ရာ မဆိုစသော ခါးနာ၊ သွားကျိုး အမျိုးမျိုး အခြင်း အိုမင်းရသည်သာတည်း၊ သတံ–ဘုရားစတောင်း သူတော်ကောင်းတို့၏၊ ဓမ္မောစ–ကိုးပါးအပြား လောကုတ္တရာ တရားသည်ကား၊ န ဇရံ ဥပေတိ–နှောင့်ယှက်နိုင်တာ တစ်စုံတစ်ရာ မပေါ်လာသဖြင့် ဘယ်ခါပြိုယွင်း မအိုမင်းနိုင်ပါပေ၊ သန္တော–ဘုရားစတောင်း သူတော်ကောင်းတို့သည်၊ သဗ္ဘိ–မှန်စွာမြင်သိ ပညာရှိတို့နှင့် အတူတကွ၊ ပဝေဒယန္တိ–နိုးနှောစကား ပြောကြားကြလေကုန်သတည်း။

ဒေသနာတော်အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်သတည်း။

**မလ္လိကာဒေဝီဝတ္ထု ပြီး၏။**

## ကုမာရကဿပမာတုထေရီဝတ္ထု

### ကိုယ်ကိုယ်ကိုသာ အားကိုးရာ

အတိတ်သံသရာ၊ လွန်ရှည်ကြာခဲ့၊ ခုခါဘဝ၊ ပစ္စက္ခလည်း၊ ဘာမျှမကြာ၊ ခဏသာတည့်၊ ဖြစ်လာပျက်ကာ၊ ဆင်းရဲတာချည်း၊ ချမ်းသာဟူက၊ ထင်ရုံမျှသာ၊ ငါက သူက၊ ဆိုကုန်ကြလည်း၊ ဆိုရရုံသာ၊ ပြဟ္မာဘုံနှင့်၊ လူ့ဘုံ နတ်ဘုံ၊ ဖြစ်ခွင့်ကြုံလည်း၊ ဆီဆုံလည်န္ဓား၊ ရပ်မနားသို့ (ရဟတ်ခြားသို့) ရောက်သွားဘဝဂ်၊ အောက်နရက်ပြန်၊ ဤစက်မှန်စွာ၊ သံသရာသည် ခန္ဓာစဲမှ ရပ်မည်တည်း။

မေမေ။

သမီး သန္တာလား။

ဟုတ်ပါတယ် မေမေ။

သမီး ဘာပြောချင်တာလဲ။

သမီး သက်န်းဝတ် (ရဟန်းပြု) ချင်ပါတယ်၊

ဟိုက်၊ ဘယ်လိုပြောလိုက်တာလဲ သမီးရယ်။ ဘို့နေတဲ့ ရာဇဂြိုဟ်မြို့မှာ တို့သားအမိ၊ သားအဖသုံးယောက်ဟာ အမျိုးအနွယ်အားဖြင့်လည်း အထက်တန်း၊ စည်းစိမ်ဥစ္စာအားဖြင့်လည်း သူဌေးနေရာရောက်နေတဲ့ လူတွေဆိုတော့ အဆင့်အတန်းမြင့်တဲ့ အထဲကပဲ။

သမီးမှာ စားဖို့ ဝတ်ဖို့ နေထိုင်ဖို့ ဘာမျှ ပူစရာမရှိဘူး။ စားချင်တာ စား၊ ဝတ်ချင်တာဝတ်၊ သုံးချင်သလိုသုံး၊ အိမ်မှာ ပျော်သလိုနေ၊ ဘာကိုမျှ ကြောင့်ကြစရာမရှိဘူး။

တောရွာက သမီးတို့အရွယ် မိန်းကလေးတွေဟာ ကောက်စိုက်ရတယ်၊ မြက်ရိတ်ရတယ်၊ နွားစာကျွေးရတယ်၊ မောင်းထောင်း ဆန်ဖွပ်၊ ရေခပ်၊ ထမင်းချက်၊ အဝတ်လျှော် လုပ်ကြရရှာတယ်။ မြို့ပေါ်က မိန်းကလေးတွေဆိုလည်း တချို့မှာ ပင်ပင်ပန်းပန်း မလုပ်ရသော် လည်း ဈေးရောင်း၊ ဈေးဝယ်ကိစ္စတွေနဲ့ ရှုပ်နေကြတယ်။ ရောင်းရေး၊ ဝယ်ရေး စိတ်ကူးတွေ တွေးရတာနဲ့ အေးတယ်မရှိဘူး။ တချို့ မိန်း ကလေးများ နံနက်မလင်းမီ စောစောထ၊ လမ်းဘေးမှာ မုန့်လုပ်၊ မုန့်ကြော်၊ လက်ဖက်ရည်ဖျော် အလုပ်လုပ်ကြရတယ်။ တချို့မှာ တကြော်ကြော်အော် အကြော်ရောင်းကြရတယ်။ စားဖို့ဝတ်ဖို့သုံးစွဲဖို့ ရှာရဖွေရတာ မနားရဘူး။ ဒါတောင်မှ စားရရုံ ဝတ်ရရုံပဲ၊ ပိုပိုလျှံလျှံ မရှိရှာကြဘူး။ သမီးမှာ ဘာမျှ မရှာရ၊ မဖွေရ ကြောင့်ကြစရာ၊ တောင့်တစရာ၊ ပူပန်စရာ၊ စိုးရိမ်စရာမရှိဘူး။

ဘာပြုလို့များ သင်္ကန်းဝတ် (ရဟန်းပြု) မည်လို့ စိတ်ကူးမိရတာ လဲ၊ သမီး ယတြာချေမည့်သဘောလား။

ယတြာချေဖို့ စိတ်ကူးတာမဟုတ်ပါဘူး။ မေမေပြောတဲ့ မိန်း ကလေးတွေရဲ့ အလုပ်အကိုင်မျိုးကိုလည်း မလုပ်ရတာကို သမီး သိသားပဲ။ သမီးက ဒီလို လူအဝတ်နဲ့ မနေချင်လို့ပါ။

ဟင်...ခက်လှပါလား သမီးရဲ့၊ သမီးမှာ ရည်းစားရှိနေလို့လား၊ ရည်းစားအတွက် စိတ်ပျက်ဖွယ် တွေ့လို့လား။

အို...မေမေကလဲ ဒါတွေ စိတ်မကူးပါဘူး၊ သင်္ကန်းဝတ်ချင်၊ ရဟန်းပြုချင်တဲ့ စိတ်သက်သက်ပါ၊ ဒီလူဝတ်နဲ့ နေရတာ မပျော်ဘူး။

ဟင်...ခက်လှချေလား သမီးရယ်။ ညည်းဖေဖေကို ပြောကြည့်ပါဦး။ ညည်းဖေဖေကလည်း ဝတ်စေချင်မှာ မဟုတ်ပါဘူး။

*　　　*　　　*

ငါရဲ့ မိဘနှစ်ပါးက ငါ့အလိုဆန္ဒကို မလိုက်လျောကြဘူး။ သူတို့လက်တွင်းက ကင်းလွတ်အောင် အိမ်ထောင်ပြုလိုက်မှပဲ။ အိမ်ထောင်ပြုပြီးတဲ့အခါ လင်ယောက်ျားကို ကျေနပ်အောင်ပြောပြီး ရဟန်းပြုမှပဲ။

မေမေ ကျွန်မအိမ်ထောင်ပြုတော့မယ်။

ဟဲ့...ဘယ့်နှာတုံး၊ ဟိုတုန်းကတော့ ရဟန်းပြုချင်တယ်ပြောပြီး အခုတော့ တစ်မျိုးပြောပြန်တယ်။

ရဟန်းပြုဖို့ မေမေတို့က ခွင့်မပြုတဲ့အတူတော့ လူ့ဘောင်အလိုက်နေသွားတော့မယ် ကြံမိလို့ပါမေမေ။

အိမ်ထောင်ပြုမှာကို မေမေတို့ သဘောတူပါတယ်။ ဘယ်ကလူနဲ့လဲ။ အဆက်အသွယ်ရှိထားပြီလား။

ကျွန်မတို့ အရပ်ထဲကပါပဲ။ ဦးငြိမ်း+ဒေါ်ခင်တို့ရဲ့သား ကိုသာအေးနဲ့ လက်ထပ်ဖို့ပါပဲ။ မေမေတို့ကလည်း သူ့မိဘများထံ သွားပြောပါဦး။

အေး...မေမေ၊ ဖေဖေတို့ လက်ခံပါတယ်။ သဘောတူပါတယ်။

*　　　*　　　*

ကိုသာအေး။

ဘာလဲ မသန္တာ။

ရှင်နဲ့ ကျွန်မနဲ့ လက်ထပ်တာ ဘယ်လောက်ကြာလာပြီလဲ။

ဘာပြုလို့ မေးရတာလဲ မသန္တာ။

စိတ်ကူးရလာလို့ပါ။

ဘယ်လို စိတ်ကူး ရလာတာလဲ၊ ပြောစမ်းပါဦး။

ကိုသာအေးနဲ့ ကျွန်မ အိမ်ထောင်ပြုလာတာ (၁၀)လလောက် ရှိပြီ။ ကိုသာအေးက ကျွန်မအပေါ်မှာ မကျေနပ်စရာ၊ အထင်လွဲစရာ ဘာမျှ မတွေ့ဘူးမဟုတ်လား။

မတွေ့ပါဘူး မသန္တာရယ်။

ပုဗ္ဗုပဋ္ဌာယိနီ–လင်ယောကျ်ားထက်အလျင် အိပ်ရာမှထခြင်း၊ ပစ္ဆာနိပါတနီ–လင်ယောကျ်ားနောက်မှ အိပ်ရာဝင်ခြင်း၊ ကိံကာရပဋိဿာဝိနီ–ဘာကို ပြုပေးရမည်နည်းဟု မေး၍ ပြုပေးလေ့ရှိခြင်း၊ ပိယဝါဒိနီ–ချစ်ချစ်ခင်ခင်စကားကို ပြောဆိုလေ့ရှိခြင်း

ဆိုတဲ့ ဒီမိန်းမ ကောင်းတို့ရဲ့ ဂုဏ်အင်္ဂါ လက္ခဏာတွေနဲ့အညီ မသန္တာဟာ ကိုသာအေးနှင့်အတူ နေလာတာပဲ။

ဝမ်းသာလိုက်တာ ကိုသာအေးရယ်။

ကျွန်မအနေနဲ့ မထိန်မဝှက် မှန်တဲ့အတိုင်း ကိုသာအေးကို ပြောချင်ပါတယ်။ ကိုသာအေး ပြောခွင့်ပြုမှာလား။

အမယ်ကွာ မသန္တာကလည်း စကားချီးလာပုံက ကြီးကျယ်လှချေလား။ ကိုသာအေးအတွက် အနေခက်စရာတွေ များလားကွယ်။

အနေခက်စရာ မဟုတ်ပါဘူး ကိုသာအေးရယ်။ အသေသက်သာစရာ ဖြစ်မှာပါ။

ဟာ...ဘယ့်နှာလဲ မသန္တာက အသေစကား ထည့်ပြောရတာ၊ နိမိတ်မကောင်းပါဘူး။

နိမိတ်ကောင်းလိုက်တာမှ ကိုသာအေးရယ်။ အကောင်းမကျန်တော့ပါဘူး။

ဘယ်လို ကောင်းတာလဲကွယ့်၊ ကောင်းပုံ ပြောစမ်းပါဦး။

ကိုသာအေး နားလည်လွယ်အောင် ကျွန်မ ပြောပါ့မယ်။

ပြောစမ်းပါဗျာ။

အခု ကိုသာအေး မြင်နေရတဲ့ လူတွေ ကြီးသူတွေ၊ ငယ်သူတွေ တစ်ချိန်ကျတော့ သေကြရမှာပဲ မဟုတ်လား။

ဟုတ်တာပေါ့ မသန္တာ။

ကဲ...ဒီဘဝ တစ်ခါသေပြီးရင်ကော နောက်တစ်ခါ သေရဦးမှာ လား။

ဟာ...မသန္တာကလည်း တစ်ဘဝမှာ တစ်ခါ သေရမှာပေါ့ကွာ။ နှစ်ခါ သေရတယ်လို့ ဘယ်ရှိမှာလဲ။

ကောင်းပြီ။ ဒီဘဝမှာ တစ်ခါသေပြီးတဲ့နောက် လူ့ဘဝကိုပဲ တစ်ခါ ရလာပြီဆိုပါတော့ အဲဒီရလာတဲ့ ဘဝမှာကော မသေရတော့ဘူး လား။

သေရမှာပေါ့ကွ။

နောက်ထပ်တစ်ခါ ဘဝရပြန်ရင်ကော။

ဟာ...နောက်ထပ်တစ်ခါဘဝ ရပြန်လျှင် တစ်ခါ သေရဦးမှာပဲ။

အဲဒီလို ဆက်ကာ ဆက်ကာ သေနေရင် အသေသက်သာပါဦး မလား။

ဘာကို ဆိုလိုတာလဲကွယ့် မသန္တာရယ်။

ကျွန်မက အသေသက်သာစရာလို့ ပြောခဲ့တယ်မဟုတ်လား။

ဟုတ်တယ်၊ ပြောခဲ့တယ်။

ဒီဘဝမှာ တစ်ခါသေပြီးရင် နောက်တစ်ခါ မသေရတော့ဘူးဆိုရင် အသေမသက်သာဘူးလား ကိုသာအေးရဲ့။

အေး၊ မသန္တာပြောတာက စဉ်းစားစရာပဲ၊ နောက်ထပ်ဘဝ မဖြစ်မှ နောက်ထပ် မသေမှာပဲ။ ဒီဘဝကတော့ သေရမှာ သေချာတယ်။ ဒီတော့ နောက်ထပ်ဘဝမဖြစ်အောင် ဘယ်လိုလုပ်ရမှာလဲ မသန္တာ ရယ်။

ဟော...ကိုသာအေး သဘောပေါက်လာပြီ၊ နောက်ဘဝဖြစ်တယ် ဆိုတာက အဲဒီဘဝကို ဖြစ်စေတဲ့ ကံရှိသေးလို့ပဲ။ အဲဒီကံ မရှိတော့ ရင် နောက်ထပ်တစ်ခါ ဘဝဖြစ်ပါဦးမလား။

မဖြစ်နိုင်တော့ပါဘူး။ အဲဒီကံမရှိဖို့က ဘယ်လိုလုပ်မှာလဲ။

နောက်ထပ်တစ်ခါဘဝကို ဖြစ်စေတဲ့ကံဟာ ကိလေသာရှိနေ သေးလို့ ဘဝကို ဖြစ်စေနိုင်တာပဲ။ ကိလေသာမရှိတော့ဘူးဆိုရင် ကံဟာ အကျိုးမပေးနိုင်တော့ဘူး။ အကျိုးပေးနိုင်တဲ့ကံဟာ ကုန်တော့ တာပဲ။

ဟာ...ဒီလိုဆိုရင် ကိလေသာကုန်ဖို့ အရေးကြီးတာပဲ။

အခု ပွင့်ပွင့်လင်းလင်း ပြောတော့မယ် ကိုသာအေး။

ပြောပါ မသန္တာ။

မသန္တာစကားတွေက တော်တော် စိတ်ဝင်စားစရာပဲ။ အိမ်ထောင် ရေး၊ လူမှုရေးကိစ္စတွေမှာ နစ်မြောနေကြတဲ့ လူတွေနဲ့တော့ တော်တော် ဆန့်ကျင်မှာပဲ။

ဟုတ်တယ် ကိုသာအေးရဲ့၊ ကျွန်မ မိဘများအိမ်နေတုန်းက ပြောခဲ့တဲ့ကံကို ဖြစ်စေနိုင်တဲ့၊ ကံကို အကျိုးပေးစေနိုင်တဲ့ ကိလေသာ ကုန်ဖို့၊ ကိလေသာငြိမ်းဖို့ အလုပ်လုပ်ချင်လို့ မိဘများကိုပြောတော့ မိဘများက ခွင့်မပြုခဲ့ကြဘူး။

ဟင်...ကိလေသာကုန်ဖို့၊ ငြိမ်းဖို့က ဘယ်လိုလုပ်ရမှာလဲကွယ့်။

အင်း...ဒီလို အိမ်ထောင်နဲ့နေလို့ကတော့ လုပ်လို့မဖြစ်တော့ဘူး။

ဟ...ဒီလိုဆိုရင် မသန္တာက ကိုအေးနဲ့ ဘာပြုလို့ လက်ထပ် ခဲ့ရတာလဲ။

မိဘများရဲ့လက်က လွတ်အောင်လို့ လက်ထပ်ခဲ့တာပါ။

ကိုအေး နားမရှင်းသေးဘူးကွာ၊ ရှင်းအောင် ပြောစမ်းပါဦး။

ကျွန်မက ကိလေသာငြိမ်းအောင် ရဟန်းပြုရန် မိဘများထံ ခွင့်တောင်းတော့ သူတို့က သဘောမတူကြဘူး။ ဒီတော့ ကျွန်မက အိမ်ထောင်ပြုလိုက်ရင် မိဘတွေလက်က လွတ်လာမယ်။ လွတ်လာလျှင် အိမ်ရှင်လင်ယောကျ်ားကို ခွင့်ပန်ပြီး လင်ယောကျ်ားရဲ့ ခွင့်ပြုချက်နဲ့ ရဟန်းပြုမယ်လို့ ရည်ရွယ်ပြီး အိမ်ထောင်ပြုခဲ့တာပါ ကိုသာအေးရဲ့။

အေး...ပြောခဲ့သမျှ အားလုံးကို ချုပ်လိုက်တော့ မသန္တာဟာ ရဟန်းပြုချင်တယ်။ မိဘများက ခွင့်မပြု၊ မိဘများရဲ့ လက်က လွတ်အောင် အိမ်ထောင်ပြု။ အိမ်ရှင်ယောကျ်ားရဲ့ ခွင့်ပြုချက်နဲ့ ရဟန်းပြုဖို့။ ဒါပဲ မဟုတ်လား။

ဟုတ်ပါတယ် ကိုသာအေး။

အေးကွာ။ မသန္တာက ဒီဘဝ ချမ်းသာအောင် မဟုတ်ဘဲ ဘဝအားလုံး ချမ်းသာဖို့ ရည်ရွယ်ခဲ့ရှာတာကို ကိုသာအေး ကောင်းကောင်းကြီး နားလည်သဘောပေါက်ပါပြီ။

မသန္တာရဲ့ ဘဝလွတ်မြောက်မှု လမ်းစဉ်ကြီး ဖြောင့်ဖြောင့်တန်းတန်း ခရီးဆိုက်ရောက်အောင် ကိုသာအေး ကျေကျေနပ်နပ်ကြီး ရဟန်းပြုဖို့ ခွင့်ပြုပါတယ် မသန္တာ။

ကျေးဇူးကြီးလှပါတယ် ကိုသာအေးရယ်။ ကျွန်မမှာ မနှစ်သက်စရာ အပြစ်တစ်စုံတစ်ခုရှိခဲ့ပါလျှင် သည်းခံခွင့်လွှတ်ပါရှင်။ ကျွန်မကိုလည်း ဘိက္ခုနီကျောင်းကို ရောက်အောင် ပို့ပေးပါဦး။

ကောင်းပါပြီ၊ ပို့ပေးပါမည်။ သို့သော် ဘိက္ခုနီကျောင်းတွေက များနေတယ်၊ ဘယ်ကျောင်းပို့ရင် ကောင်းမည်ဆိုတာ မိတ်ဆွေများနဲ့ တိုင်ပင်ရဦးမယ်။

ဟော့...ကိုသာအေး၊ မင်းရဲ့အမျိုးသမီး ရဟန်းပြုမယ်ဆိုရင် အရှင်ဒေဝဒတ်ရဲ့ ဩဝါဒခံ ဘိက္ခုနီတို့ထံ ပြုလျှင် ကောင်းမယ်ကွာ။

အင်း...ကျုပ်ကတော့ မရောက်ဖူးဘူးဗျာ၊ ခင်ဗျားတို့လည်း လိုက်ပါ ကူညီပြီး ပို့ပေးကြပါ။

ကောင်းပါပြီ၊ ကောင်းပါပြီ၊ ပို့ပေးပါမယ်။

*　　　　*　　　　*

အရှင်မတို့၊ လွန်ခဲ့တဲ့ နှစ်လလောက်က ရဟန်းပြုလာတဲ့ ရာဇဂြိုဟ်မြို့ထဲက ကိုသာအေးရဲ့ ဇနီး ဒေါ်သန္တာရဲ့ ဝမ်းဗိုက်ကြည့်ရတာ မသင်္ကာစရာပဲ။

ဘာပြုလို့လဲ အရှင်မတို့။

ဘာပြုရမှာလဲ အရှင်မတို့လဲ မြင်နေသားပဲ။ သူ့ဝမ်းဗိုက်က ကျွန်မတို့၊ အရှင်မတို့ ဗိုက်မျိုးဟုတ်ရဲ့လား။ သေသေချာချာ ကြည့်မိကြရဲ့လား။

အေး...ဟုတ်ပါရဲ့ သူ့ဝမ်းဗိုက်က နဂိုအခြေအနေထက် ဖောင်းတက်နေတယ်လို့ ထင်တာပဲ။

ထင်မနေနဲ့တော့။ အဲဒါ သေချာပေါက် ဗိုက်ကြီးတာပဲ။

ဒီလိုဆို ဘယ်လိုလုပ်ကြမှာလဲ။

သူ့ကို မေးမြန်းစိစစ်ပြီး တို့အရှင် ဒေဝဒတ်ထံ ပို့ကြမှပဲ။

ဒီအစီအစဉ် ကောင်းပါတယ်။ သူ့ကို ခေါ်မေးကြစို့။

အရှင်မ ပွင့်ပွင့်လင်းလင်း မေးပါရစေ။ အရှင်မက လင်ယောက်ျားနဲ့ နေခဲ့တာနော်။

ဟုတ်ပါတယ်။ လင်ယောက်ျားရှိခဲ့တယ်။

အရှင်မရဲ့ ဝမ်းဗိုက်ဖောင်းနေတာကို သတိပြုမိရဲ့လား။

သတိပြုမိပါတယ်။ လူဝတ်ကြောင်ဘဝတုန်းက အမှတ်မထားမိပါဘူး။ ကျွန်တော်မရဲ့ သီလကတော့ စင်ကြယ်ပါတယ်။ အပြစ်အနာအဆာ လုံးဝ ကင်းပါတယ်။

ယုံကြည်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့ အကြီးအကဲခေါင်းဆောင် ဆရာတော် အရှင်ဒေဝဒတ် ရှိပါတယ်။ သူ့ထံပို့ပြီး သူ့ရဲ့ အစီအမံကို ခံရပါလိမ့်မယ်။

ကောင်းပါပြီ အရှင်မတို့၊ ကျေနပ်သလို စီစဉ်နိုင်ပါတယ်။

ကောင်းပြီ၊ အရှင်ဒေဝဒတ်ထံ သွားကြပါစို့။

* * *

အရှင်ဘုရား ဒေဝဒတ်၊ ဤဘိက္ခုနီသည် သဒ္ဓါတရားဖြင့် ရဟန်းပြုခဲ့သူ မှန်ပါသည်။ ဤဘိက္ခုနီမှာ ကိုယ်ဝန်တည်ရှိနေတာကို တပည့်မများ တွေ့မြင်သိကြပါသည်။ ဘယ်အချိန်အခါက တည်ခဲ့သည်ကို မသိကြပါ။ ယခု ဘယ်လို ပြုကြပါမည်နည်းဘုရား။

(အင်း...ငါရဲ့ ဩဝါဒကို လိုက်နာကျင့်သုံးနေကြတဲ့ ဘိက္ခုနီတို့ရဲ့ မကောင်းသတင်းတော့ ထွက်ပေါ်တော့မှာပဲ။ မကောင်းသတင်း ကျော်ကြားလို့ မတော်ဘူး။)

ဒီလိုဖြစ်လျှင် ဒီဘိက္ခုနီကို လူဝတ်လဲစေပြီး သူ့အိမ်ကို ပြန်ပို့လိုက်။

အလို...အရှင်မတို့ ကျွန်တော်မကို မဖျက်ဆီးကြပါနဲ့၊ ကျွန်တော်မက အရှင်ဒေဝဒတ်ကို ရည်စူးပြီး ရဟန်းပြုခဲ့သူ မဟုတ်ပါ။ အားလုံးကြွခဲ့ကြပါ။ ကျွန်တော်မကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူတဲ့ မြတ်စွာဘုရားထံတော်ကို ပို့ဆောင်ပေးကြပါ။

ကောင်းပြီ။ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်သို့ သွားကြစို့။

မြတ်စွာဘုရား၊ တပည့်မများ ရာဇဂြိုဟ်မြို့က လာခဲ့ကြပါသည်။ လူနာမည် ဒေါ်သန္တာအမည်ရှိ ဤဘိက္ခုနီသည် လူ့ဘဝ၌ နေခဲ့စဉ်က အိမ်ရှင်ယောက်ျားရှိခဲ့ဖူးပါသည်၊ အိမ်ရှင်ယောက်ျားကိုယ်တိုင် လာရောက်အပ်နှံလို့ အမျိုးသမီးရဟန်း ပြုပေးခဲ့ကြပါသည်။ သဒ္ဓါ

တရားဖြင့် ရဟန်းပြုခဲ့သူပါ။ ယခုအချိန်မှာ ဤဘိက္ခုနီ၏ ကိုယ်ဝန် ရှိနေတာကို သိကြပြီး ရဟန်းမပြုမီက ရှိနေသည့်ကိုယ်ဝန် သို့မဟုတ် ရဟန်းပြုပြီးမှ ရှိသည့်ကိုယ်ဝန်ဆိုတာကို ဝေခွဲမသိနိုင်ကြပါ။ ဤ ဘိက္ခုနီ၏ ဆန္ဒအရ မြတ်စွာဘုရားထံတော်သို့ ခေါ်ယူခဲ့ရခြင်း ဖြစ်ပါ သည်ဘုရား။

ဩော်...ဤဘိက္ခုနီ၏ ရဟန်းမပြုမီ လူအဖြစ်နေချိန်က တည်ခဲ့ သည့် ကိုယ်ဝန်ဖြစ်ကြောင်းကို ငါဘုရားသိတော်မူသည်။ သို့သော် ပရဝါဒ–သူတစ်ပါးတို့ အပြောအဆိုမှ ကင်းလွတ်စေရန် စီစဉ်မှ တော် မည်။

ရဟန်းတို့၊ ပသေနဒီ ကောသလမင်း၊ မဟာအနာထပိဏ်၊ စူဠ အနာထပိဏ်၊ ဝိသာခါ ဥပါသိကာတို့ကို အခေါ်လွှတ်ကြ။ ဒို့အပြင် ထင်ရှားသည့် ဥပါသက ဥပါသိကာတို့ကိုလည်း ကျောင်းတော်သို့ အခေါ်လွှတ်ကြ။

ကောင်းပါပြီ ဘုရား။

မြတ်စွာဘုရား ပရိတ်သတ်လေးပါး စုံညီနေပါပြီဘုရား။

ချစ်သား ဥပါလိ သင်သွားလော့။ ဤဘိက္ခုနီငယ်၏ အမှုကို ပရိသတ်လေးပါးအလယ်၌ သုတ်သင်ရှင်းလင်းပေတော့။

မှန်လှပါဘုရား။

အို...ဝိသာခါ ယခု ကောသလမင်းကြီး ရှေ့မှာပင် ဘိက္ခုနီငယ် ၏ အာပတ္တာ မိကရိုဏ်းကို သင့်အား ငါအပ်နှံသည်။ ဘိက္ခုနီငယ်၏ ခန္ဓာကိုယ်ရှိ ကိုယ်ဝန်ကို လ၊ရက် အပိုင်းအခြားအားဖြင့် စိစစ်ပေ တော့။

ကောင်းပါပြီဘုရား။

ကဲ...ကဲ၊ ဘိက္ခုနီငယ်၊ ဒီတင်းတိမ် ကန့်လန့်ကာအတွင်းကို ကြွခဲ့ပါ။

ကောင်းပါပြီမိခင်။

ကဲ...ပက်လက်အိပ်ပါ။

ကောင်းပါပြီ။

လက်ပြစမ်းပါ။ ခြေပြစမ်းပါ။ ဝမ်းဗိုက်ကို ပြပါဦး။

အင်း...အင်း၊ ရဟန်းပြုခဲ့တာ ဘယ်လောက်ကြာပြီလဲ။

နှစ်လခန့် ကြာခဲ့ပါပြီ။

ရဟန်းပြုခဲ့စဉ်က အိမ်ရှင်ယောကျ်ားလည်း ပါခဲ့တယ်နော်။

ပါခဲ့ပါတယ် မိခင်။

ကောင်းပါပြီ၊ ကောင်းပါပြီ။ ပြည့်စုံပါပြီ။ မြတ်စွာဘုရားရှေ့တော်သို့ ကြွပေတော့။

အရှင် ဥပါလိထေရ်ဘုရား တပည့်မ ဝိသာခါ လျှောက်ထားပါမည်ဘုရား။ တပည့်မ စိစစ်သော ဘိက္ခုနီငယ်၏ ကိုယ်ဝန်သည် ရဟန်းမပြုမီ လူအဖြစ်က ရခဲ့သည့် ကိုယ်ဝန်ဖြစ်ပါသည် ဘုရား။

အို...ပရိသတ်တို့ ဤဘိက္ခုနီငယ်၏ ကိုယ်ဝန်သည် ရဟန်းမပြုမီ လူအဖြစ်က ရခဲ့သည့် ကိုယ်ဝန်ဖြစ်ခြင်းကြောင့် ဘိက္ခုနီငယ်၏ သီလသည် ပရိသုဒ္ဓ (စင်ကြယ်သောသီလ)ဖြစ်ပေသည်။

*　　*　　*

မင်းကြီးများ ဒီအဆောက်အအုံတွေက အမျိုးသမီးရဟန်းတော်များ သီတင်းသုံးရာ ကျောင်းဆောက်အအုံတွေ မဟုတ်လား။

မှန်ကြောင်းပါ။

ဘယ်လိုတုန်း မင်းကြီးတို့ရဲ့ ကလေးငယ်ငိုသံ ကြားရပါလား။

မှန်လှပါ။ ဟိုတစ်ချိန်က အရှင်မင်းကြီးများ ရှေ့တော်မှာ ဝိသာခါ ကျောင်းအမကြီးကိုယ်တိုင် စမ်းသပ်စစ်ဆေးပြီး ဝိနယတေဒဂ်ရ အရှင် ဥပါလိထေရ်အား လျှောက်ထားလို့ အရှင်ဥပါလိထေရ်က ပရိသတ်

လေးပါးအလယ်မှာ ပရိသုဒ္ဓသီလ စင်ကြယ်သော သီလရှိတဲ့ ဘိက္ခုနီ ဖြစ်ကြောင်း အဆုံးအဖြတ်ကို ခံယူခဲ့တဲ့ ဘိက္ခုနီရဲ့ သားကလေး ငိုသံ ဖြစ်ပါတယ်။

ဩော်...အေး၊ ငါမင်းမြတ် နားလည်ပြီ။

မင်းကြီးများ၊ ဘိက္ခုနီခမြာ ကလေးကြီးပြင်းအောင် ထိန်းသိမ်း စောင့်ရှောက်ဖို့ မလွယ်ကူဘူး။ ငါ့နန်းတော်ကို ယူသွားပြီး နို့ထိန်း အမျိုးသမီးများထံ အပ်နှံလိုက်ကြ။

ကောင်းပါပြီ အရှင်မင်းကြီး။

* * *

မင်းကြီးများ၊ ဟိုယခင်က နို့ထိန်းများထံ အပ်နှံထားတဲ့ သူငယ် ယောကျ်ားလေး ကျန်းကျန်းမာမာပဲနော်။

မှန်လှပါ အရှင်မင်းကြီး၊ အဲဒီကလေးကို မူလက ကဿပလို့ အမည်ပေးခဲ့သော်လည်း မင်းသားတို့ အဆောင်အယောင် အစောင့် အရှောက်ဖြင့် ကြီးပြင်းခဲ့ရလို့ ကုမာရကဿပလို့ ခေါ်နေကြပါကြောင်း။

ကောင်းပါတယ် မင်းကြီးများ။ ဒီသူငယ် ယခု အသက်ကလေး တော်တော်ရလာလို့ ကစားဝိုင်းမှာ ဒီပြင် ကလေးတွေနှင့်အတူ ပြေးခုန်း မြူးတူး ဆော့နေနိုင်ပြီ မဟုတ်လား။

မှန်ပါဘုရား။

* * *

ဖခမည်းတော်မင်းကြီး၊ သားတော်ကို မိဘမဲ့အကောင်လို့ ပြောဆို နေကြပါတယ်။

ဟဲ့...ဘယ်သူတွေက ဘာကြောင့် ပြောကြတာလဲ။

သားတော်များအချင်းချင်း ဆော့ကစားနေကြရာမှာ သားတော်က တခြားကလေးများကို လက်ဝါးနဲ့ရိုက်၊ လက်သီးနဲ့ ထိုးမိတာကြောင့် ပြောကြတာပါ။

ဩော်...ဒီလိုလား။

ခမည်းတော်မင်းကြီးဘုရား၊ သားတော်ရဲ့ မယ်တော်ကို ပြောပြတော်မူပါ။

အို...သားတော်ကလည်း (နို့ထိန်းများထံ လက်ညှိုးထိုး၍) ဟောဒီ မိန်းမတွေဟာ သားတော်ရဲ့ မယ်တော်တွေပဲ။

ဟာ...သားတော်ရဲ့ မယ်တော်တွေ ဒီလောက် မများနိုင်ပါဘူး။ တစ်ယောက်ပဲ ဖြစ်မှာပါ။ အဲဒီတစ်ယောက်ကို ပြောပြပါ။

(အင်း...ဒီကလေးကို လှည့်စားလို့ မရဘူး။ အမှန်အတိုင်း ပြောမှ ဖြစ်တော့မှာ)။

သားသား သင့်မယ်တော်က အမျိုးသမီး ရဟန်းဘိက္ခုနီကွယ့်၊ သင့်ကို ငါက ဘိက္ခုနီကျောင်းက ငါ့နန်းတော်တွင်းကို ယူခဲ့တာ။

(ဩော်...ငါရဲ့ဘဝ မကောင်းဘူး၊ မိခင်က မွေးထားပေမယ့် မိခင်ကိုလည်း မသိမမြင်ရ။ ဖခင်ကိုလည်း မသိမမြင်ရ။ လူလူချင်း မတူတဲ့ဘဝ ဖြစ်နေတယ်။ ဘဝက လွတ်မြောက်ဖို့ ရှင်ရဟန်း ပြုမှပဲ။)

ဖခင်မင်းမြတ် သားတော်ကို ရှင်ပြုပေးပါ။

ကောင်းပြီချစ်သား သင့်ကို ကြီးကျယ်ခမ်းနားတဲ့ အဆောင် အယောင် ပူဇော်ဖွယ်တွေနှင့်အတူ မြတ်စွာဘုရားထံသွားပြီး ရှင်ပြု ပေးမယ်။

ဩော်...ငါသာမဏေဘဝက အသက်ရလာလို့ ရဟန်းဖြစ်ခဲ့ရပြီ။ ရဟန်းဖြစ်တော့ ကုမာရကဿပထေရ်လို့ ခေါ်ကြတယ်။ မြတ်စွာ ဘုရားထံ ကမ္မဋ္ဌာန်းတောင်းယူပြီး တောဝင် တရားအားထုတ်မှပဲ။

ငါ လုံ့လကြိုးကုတ် အားထုတ်ပါလျက် တရားထူး မရနိုင်ပါဘဲလား။ မြတ်စွာဘုရားထံ ပြန်သွားပြီး ကမ္မဋ္ဌာန်းကို အထူးပြု တောင်းယူဦးမှပဲ။

*　　　*　　　*

ကဲ…နောက်ထပ် အထူးပြုပြီး ကမ္မဋ္ဌာန်းကို တောင်းခဲ့ပြီ။ ယခု ငါ သူကန်းတောမှာနေပြီး အားထုတ်မယ်။

ငါက သုဒ္ဓါဝါသ ဗြဟ္မာဘုံက အနာဂါမ်ဗြဟ္မာပဲ။ ကဿပမြတ်စွာဘုရားလက်ထက်တော်က ငါနဲ့အတူ တရားအားထုတ်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တစ်ဦးဟာ ကုမာရကဿပထေရ်ဆိုတဲ့ နာမည်နဲ့ ရဟန်းဖြစ်နေပြီး ယခု သူကန်းတောမှာ နေတာကို သိမြင်ရတယ်။ ငါ့မိတ်ဆွေရဟန်း တရားထူးရနိုင်အောင် သွားရောက် အကူအညီ ပေးဦးမှပဲ။

ကောင်းကင်က ကိုယ်ရောင်ကိုယ်ဝါ တဝင်းဝင်းနဲ့ မည်သူလဲ။

သင်မသိတော့ပြီလော၊ သင့်မိတ်ဆွေလေ၊ ကဿပမြတ်စွာဘုရားလက်ထက်တော်တုန်းက သင်နှင့်အတူ ရဟန်းတရားအားထုတ်ခဲ့တယ်။ သင်တရားထူးရရေးအတွက် ကျွန်ုပ် အကူအညီပေးဖို့ လာခြင်းဖြစ်တယ်။

ဝမ်းမြောက်လှပါသည် မိတ်ဆွေ ဗြဟ္မာ။ ကျွန်ုပ်အား တရားထူးရရေးအတွက် ရည်ရွယ်ခဲ့တဲ့အတိုင်း ကူညီပေးပါ။

ကောင်းပြီ၊ သင့်အား ပြဿနာတစ်ဆယ့်ငါးချက် သင်ပေးလိုက်မယ်။ ဒီပြဿနာတွေကို ဘုရားမှတစ်ပါး ပြောဆိုနိုင်သူ မရှိဘူး။ မြတ်စွာဘုရားထံသွားပြီး ဒီပြဿနာတွေရဲ့ အဖြေ အနက်အဓိပ္ပာယ်ကို သင်ယူမှတ်သားပါလော့။

ကောင်းပြီ။

မြတ်စွာဘုရား တပည့်တော်၏ မိတ်ဆွေဟောင်း သုဒ္ဓါဝါသ ဗြဟ္မာ သင်ပေးလိုက်တဲ့ ပြဿနာတစ်ဆယ့်ငါးချက်ရဲ့ အဖြေအနက်အဓိပ္ပာယ်ကို မိန့်တော်မူပါဘုရား။

သြော်...ငါ့မိတ်ဆွေ ဗြဟ္မာ ငါ့အား ကျေးဇူးကြီးပါပေစွ။ သူ သင်ပေးလိုက်တဲ့ ပြဿနာ တစ်ဆယ့်ငါးချက်ရဲ့ အဖြေ အနက် အဓိပ္ပာယ်ကို မြတ်စွာဘုရားထံမှာ ကြားနာ ဆင်ခြင်ပွားများမိလို့ ရဟန်းကိစ္စ ပြီးစီးခဲ့ရပြီ။ ဘဝမှ လွတ်မြောက်ရလေပြီ။ နောက်ထပ် တစ်ဖန် ဘဝအသစ် ဖြစ်ခွင့်မရှိတော့ပြီ။

* * *

သြော်...ငါ့သားရဟန်း ကုမာရကဿပထေရ်နှင့် မတွေ့ရတာ (၁၂)နှစ် ရှိခဲ့ပြီ။ သားရဟန်းနှင့် ကွေကွင်းရလို့ ဆင်းရဲဒုက္ခ ရောက်ရတယ်။ နေ့စဉ် မျက်ရည်နှင့် မျက်နှာ မပြတ်ခဲ့ရဘူး။ တစ်ချိန်တော့ တွေ့ရလောက်ပါရဲ့။

အလို...ငါဆွမ်းခံလာလိုက်တာ ဒီလမ်းကြားမှာ တွေ့ရတဲ့ ထေရ်ကတော့ ငါသားရဟန်းပဲ။ ဟုတ်ပါတယ်။ သေသေချာချာကြည့်လေ ဟုတ်လေပဲ။ ဟော...ငါစဉ်းစားနေတုန်း ငါ့ကို ကျော်လွန်ကြွသွားတယ်။ လိုက်လေမှပဲ။

သားရေ သား။ သား နေပါဦး၊ ဆိုင်းပါဦး။ မယ်တော်လိုက်လာတယ်လေ သား။ ရပ်ပါဦး။ ဟင်...သားနောက်လိုက်ရင်းနဲ့ ချော်လဲလိုက်တာ ငါရဲ့သားမြတ်က နို့ရည်ထွက်စီးလို့ သင်္ကန်းမှာလဲ နို့ရည်စိုရွှဲ ကဲ...သား...သား မယ်တော်ကို မမှတ်မိတော့ဘူးလား။ မတွေ့ရတာ (၁၂)နှစ်ရှိပါပြီ။ သားအတွက်နဲ့ စိုးရိမ်ပူဆွေး ငိုကြွေးခဲ့ရလို့ မယ်တော့်ခန္ဓာကိုယ် ရုပ်ရည်ဟာ သားမြင်တဲ့အတိုင်းပဲ။ အမယ်အိုကြီးလို ဖြစ်နေပြီလေ။

(အင်း...ငါ့မယ်တော်အား ချိုချိုသာသာစကားကို ငါပြောလိုက်လို့ ငါ့ထံက ချိုချိုသာသာစကားကို ငါ့မယ်တော် ကြားရလို့ ငါ့အပေါ်မှာ ချစ်ခင်စွဲလမ်းစိတ် ပိုများလာလျှင် ငါ့မယ်တော် ပျက်စီးလိမ့်မယ်။ မယ်တော်အား ခပ်ကြမ်းကြမ်းစကားကို ပြောလိုက်မှ တော်မယ်။)

ဘာကိုလုပ်ပြီး လှည့်လည်နေရတာလဲ။ ချစ်ခင်ခြင်းမျှလောက်ကို မဖြတ်နိုင်ဘူးလား။

သြော်...ကြမ်းလှချေလား။ ဒီသားအတွက်နဲ့ ငါ့မှာ (၁၂)နှစ်လုံးလုံး မျက်ရည်မသုတ်နိုင်ခဲ့ဘူး။ ငါ့သားက ဒီကို ကြမ်းတမ်းတဲ့ စိတ်နှလုံး ရှိနေမှတော့ ဒီသားအတွက်နဲ့ ငါ့မှာ ဘာမျှ အကျိုးမရှိဘူး။ သူ့အပေါ် မှာ ချစ်ခင်တွယ်တာစိတ်ကို ဖြတ်ပြီး ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ရဲ့ သဘောမှန် ဖြစ်ပေါ်ပြတ်စဲ မမြဲဆင်းရဲ ကိုယ့်အလိုအတိုင်း မဖြစ် တာတွေကို နာနာ ရှုမှတ်ပွားများ အားထုတ်လေမှပဲ။

ယနေ့ ငါ့သား၌ ချစ်ခင်စွဲလမ်းမှုကို ဖြတ်ပြီး တရားအားထုတ် လိုက်တာ ကာမပါဒါန်အားလုံး ငြိမ်းပြီး နောက်ထပ်တစ်ဖန် ဘဝ အသစ် မဖြစ်နိုင်သည့်လမ်း အရဟတ္တမဂ်စခန်းသို့ တက်လှမ်းခဲ့ရချေ ပြီတကား။

ငါ့ရှင်တို့၊ အရှင်ကုမာရကဿပထေရ်လည်း ရဟန္တာဖြစ်ခဲ့ပြီ။ သူ့ရဲ့မယ်တော် ဒေါ်သန္တာထေရီလည်း ရဟန္တာဖြစ်သွားပြီ။ အရှင် ဒေဝဒတ်ဟာ ဒီလို အရဟတ္တဖိုလ် ရောက်စေနိုင်တဲ့အကြောင်း ဥပနိဿယနဲ့ ပြည့်စုံကြတဲ့ အရှင်ကုမာရ ကဿပနဲ့ မယ်တော်ထေရီ တို့ကို ဖျက်ဆီးခဲ့တယ်။ မြတ်စွာဘုရားကတော့ ထိုသူနှစ်ဦးတို့ရဲ့ ထောက်ရာ၊ တည်ရာ ဖြစ်တော်မူခဲ့တယ်။ ဘုရားရှင်တို့ရဲ့ သတ္တ လောကအား သနားချီးမြှောက်ပုံကတော့ အံ့ဩလောက်ပါပေတယ်။

ချစ်သားရဟန်းတို့၊ ငါဘုရား မကြွလာမီ ဘယ်စကားကို ပြောဆို စုဝေးနေကြသနည်း။

မြတ်စွာဘုရား၊ အရှင်ကုမာရကဿပထေရ်၊ မယ်တော်ထေရီ တို့နှင့် ဆက်စပ်သည့်စကားကို ပြောဆိုစုဝေးနေကြပါသည် ဘုရား။

ရဟန်းတို့၊ ယခုအခါ၌သာ ငါဘုရားသည် ထိုသူနှစ်ဦးတို့၏ ထောက်ရာ၊ တည်ရာ၊ မှီခိုအားထားစရာ ဖြစ်သည်မဟုတ်သေး။ ရှေးအခါ၌လည်း ငါဘုရားသည် ထိုသူနှစ်ဦးတို့၏ ထောက်ရာ၊ တည်ရာ၊ မှီခိုအားထားစရာ ဖြစ်ခဲ့ဖူးသည်သာတည်း။

(မြတ်စွာဘုရားသည် ထိုသို့ မိန့်တော်မူပြီး နိဂြောဓဇာတ်ကို ဟောတော်မူသည်။)

သန္တာထေရီ၏ သားအပေါ်၌ ချစ်ခင်မှုကို ပယ်ဖျက်၍ မိမိသည်ပင် မိမိထောက်ရာ၊ တည်ရာကို ပြုအပ်သည်၏အဖြစ်ကိုပြလို၍ ရဟန်းတို့ သူတစ်ပါး၏ နတ်ရွာရောက်ကြောင်း၊ မဂ်ဖိုလ်ရကြောင်း တရားသည် မိမိ၏ နတ်ရွာရောက်ကြောင်း၊ မဂ်ဖိုလ်ရကြောင်းတရား မဖြစ် နိုင်။ ထို့ကြောင့် မိမိသည်သာ မိမိ၏ ကိုးကွယ်ရာ၊ အားထားရာ ဖြစ်တော့ သည်။ မိမိမှ တခြားသူသည် မိမိအတွက် ဘာကိုမျှ ပြုမပေးနိုင်။

**အတ္တာ ဟိ အတ္တနော နာထော၊**
**ကော ဟိ နာထော ပရော သိယာ။**
**အတ္တနာ ဟိ သုဒန္တေန၊**
**နာထံ လဘတိ ဒုလ္လဘံ။**

အတ္တာဟိ အတ္တာဝေ–မိမိပြုအပ်သော နတ်ရွာနိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုသည်သာ၊ အတ္တနော–မိမိ၏၊ နာထော–ထောက်ရာ တည်ရာ ကိုးကွယ်ရာ စင်စစ် အမှန်ဖြစ်ချေ၏။

ဟိ–မှန်၏၊ ပရော–မိမိမှတစ်ပါးသော၊ ကော–အဘယ်သူသည်၊ အတ္တနော–မိမိ၏၊ နာထော–ကိုးကွယ်ရာသည်၊ သိယာ–ဖြစ်နိုင်ပါ မည်နည်း။

သုဒန္တေန–ဆုံးမသဖြင့် ယဉ်ကျေးပြီးသော၊ အတ္တနာဟိ အတ္တနာ ဝေ–မိမိသည်သာလျှင်၊ ဒုလ္လဘံ–ရဖို့နက်နဲ ခက်ခဲလှသော၊ နာထံ–အရဟတ္တဖိုလ်တည်းဟူသော ထောက်ရာ တည်ရာ အားကိုးရာကို၊ လဘတိ–မုချမသွေ ရယူလေသတည်း။

ဒေသနာတော်အဆုံး၌ များစွာသော လူတို့ သောတာပတ္တိဖိုက် စသည်တို့သို့ ရောက်ကြလေကုန်၏။

## နိုကြောဇာတ်

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် သမင်သားကို လွန်စွာ တပ်မက်သဖြင့် တိုင်းသူပြည်သားတို့သည် သမင်ကို မပြတ် ရှာဖွေကြရ၍ မိမိတို့လုပ်ငန်းများ လစ်ဟင်းပျက်ကွက်ကြသည်။

တိုင်းသူပြည်သားတို့သည် ဗြဟ္မဒတ်မင်းကြီး သားသမင်ကို လွယ်လွယ်ကူကူ ရနိုင်စေရန် မင်းဥယျာဉ်တော်အတွင်း၌ သားသမင်တို့ကို ရှိရာ တောခြုံတို့မှ ခြောက်လှန့် သိမ်းသွင်းထားကြပြီး ထွက်မသွားနိုင်စေရန် စည်းရိုး၊ တံခါး ပြုလုပ်ထားကြသည်။

ထိုသမင်တို့တွင် အလိုရှိရာ သမင်ကို တစ်ခါတစ်ရံ မင်းကြီး ကိုယ်တိုင်၊ တစ်ခါတစ်ရံ စားတော်ကဲကိုယ်တိုင် ဝင်ရောက်၍ လေးဖြင့် လိုက်လံပစ်ခတ် ဖမ်းဆီးသတ်ဖြတ်လေ၏။ သမင်တို့သည် ကြောက်ရွံ့ ထိတ်လန့်ကြကုန်၏။ ထိုသမင်တို့တွင် နိုကြောဓသမင်နှင့် သာခ သမင် နှစ်ကောင်တို့အား ရွှေရောင်အဆင်းရှိ သမင်များဖြစ်ကြ၍ မင်းကြီးက ဘေးမဲ့ပေးထားသည်။ ခေါင်းဆောင် နိုကြောဓနှင့် သာခသမင်တို့သည် အခြားသမင်များ ကြောက်လန့်ပြေးလွှား မပြုနိုင်ရန် မိမိတို့ အုပ်စု အတွင်းမှ အလှည့်ကျသမင်သည် သမင်သတ်ရာ စဉ်းတီတုံး၌ လည်စင်း၍ အိပ်နေရန် ကတိကဝတ်ပြုလုပ် စီစဉ်ထားကြလေသည်။ အချိန်ရောက်သောအခါ မင်းကြီးကသော်လည်းကောင်း၊ စားတော်ကဲက

သော်လည်းကောင်း အဆင်သင့် လည်စင်းအိပ်နေသော သမင်၏ လည်ကို ဖြတ်၍ အသားကို ယူလေတော့သည်။

တစ်ချိန်တွင် သာခသမင်ဘက်မှ သမင်မတစ်ကောင် စဉ်းတီတုံး၌ လည်စင်းအိပ်ရန် အလှည့်ကျလေ၏။ ထိုသမင်မသည်ကား ကိုယ်ဝန် အရင့်အမာနှင့် ဖြစ်လေ၏။

ထို့ကြောင့် ထိုသမင်မသည် မိမိ၏ အကြီးအကဲ သာခသမင်အား သူ၏အလှည့်ကို ကျော်ပေးရန် တောင်းပန်လေ၏။

သာခသမင်ကမူ အလှည့်ကို ကျော်မပေးနိုင်၊ အလှည့်ကျသည့် အတိုင်း လည်စင်းခံရန် ပြောလေ၏။ သမင်မသည် နိဂြောဓသမင်ထံ သွား၍ သနားခံလေရာ နိဂြောဓသမင်သည် သင်အလှည့်ကျေစေ ရန် သင့်အစား ငါကိုယ်တိုင် လည်စင်းခံမည်ဟု ပြောဆိုပြီး စဉ်းတီတုံး၌ လည်စင်းခံနေလေ၏။ အချိန်ကျသဖြင့် စားတော်ကဲသည် သမင်ကို သတ်ရန် လာသောအခါ လည်စင်းခံနေသော ဘေးမဲ့ရွှေသမင်ကို မြင်ရ၍ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် မင်းကြီးထံသွား၍ သံတော်ဦး တင်ရာ မင်းကြီးကိုယ်တိုင်လာ၍ နိဂြောဓသမင်အား အကြောင်း အကျိုးကို မေးမြန်းသိရှိရသဖြင့် နိဂြောဓသမင်နှင့် အလှည့်ကျ ကိုယ်ဝန်ရှိ သမင်မမှစ၍ သမင်အားလုံးနှင့် တောနေသတ္တဝါ အားလုံး တို့အား ဘေးမဲ့ပေးလေ၏။ ထိုမှနောက် ကိုယ်ဝန် ပဋိသန္ဓေရှိသော သမင်မသည် သားငယ်ကို ဖွားမြင်လေ၏။ ထိုသမင်ငယ်သည် ခုန်ပေါက် ပြေးလွှား ကစားမြူးတူးသည့်အခါ သာခသမင်ထံသို့ သွားလေ၏။ ထိုအခါ မိခင်သမင်မက သားသမင်ငယ်အား သာခ သမင်ထံ မသွားနှင့် နိဂြောဓသမင်ထံသို့သာ သွားလေဟု သားငယ်ကို ဆုံးမလို၍ ဤဂါထာကို ရွတ်ဆိုလေ၏။

နိဂြောဓမေဝ သေဝေယျ၊ န သာခမုပသံဝသေ။
နိဂြောဓသ္မိံ မတံ သေယျော၊ ယဉ္စေ သာခသ္မိံ ဇီဝိတံ။

တာတ–ချစ်သား၊ နိဂြောဓမေဝ–နိဂြောဓသမင်ကိုသာလျှင်၊ သေဝေယျ–ဆည်းကပ်မကွာ ပေါင်းသင်းရာ၏၊ သာခံ–သာခသမင်ကို၊ နဥပသံဝသေ–အနီးမကပ် မဆည်းကပ်ရာ။ နိဂြောဓသ္မိံ–ဆည်းကပ်မယွင်း နိဂြောဓသမင်ခြေရင်း၌၊ မတံ–ဇီဝပျက်ယွင်း သေရခြင်းသည်၊ သေယျော–ကောင်းမြတ်ဆတ်ဆတ် မြတ်လှချေ၏၊ သာခသ္မိံ–သာခသမင်ထံ၌၊ ယံဇီဝိတံ–အကြွင်အသက်ရှင်ရခြင်းသည်၊ အတ္ထိ–ရှိ၏၊ တံ ဇီဝိတံ–ထိုအသက်ရှင်ရခြင်းသည်၊ နသေယျော–ကောင်းဆတ်ဆတ် မမြတ်သည်သာတည်း။

ဗြဟ္မဒတ်မင်းကြီး၏ ကုန်းနေ၊ ရေနေသတ္တဝါတို့အား ဘေးမဲ့ပေးခဲ့ရာ အချိန်မှစ၍ သမင်တို့သည် လူတို့၏ ကောက်ပင်တို့ကို ကိုက်ဖြတ်စားသောက်ကြသည်။ လူတို့သည် သမင်တို့ကို သတ်ဖြတ်ခြောက်လှန့်ခြင်း မပြုဝံ့ကြ၍ မင်းကြီးအား အကြောင်းကြားရာ မင်းကြီးက မင်းအဖြစ်ကို စွန့်ရသော်လည်း နိဂြောဓသမင်အား ပေးထားသော ပဋိညာဉ်ကို မပြတ်နိုင်။ သားသမင်တို့ကို သတ်ဖြတ်ပုတ်ခတ်ခွင့်ကို မပေးနိုင်ဟု ပြောဆိုလေ၏။

ထိုအကြောင်းကို နိဂြောဓသမင်မင်း ကြားသိလေသော် သမင်အပေါင်းကို စည်းဝေးစေပြီး ဤအချိန်မှစ၍ သူတစ်ပါးတို့၏ လယ်တွင်း ဝင်ရောက် ကောက်ပင်ကို မစားကြရန် တားမြစ်ပိတ်ပင်လေ၏။ လူတို့ထံလည်း ကောက်ပင်တို့ကို စည်းစောင်ရန်း အကာအရံ ပြုကြရန်၊ လယ်ကန်သင်းရိုး၌ သစ်ခက်သစ်ရွက်ဖြင့် အမှတ်အသား ပြုထားကြရန် အကြောင်းကြားလေ၏။

ထိုအချိန်မှစ၍ နိဂြောဓသမင်၏ ဩဝါဒကို နာခံသောအားဖြင့် သစ်ခက်သစ်ရွက်ကို ကျူးကျော်ဝင်ရောက် စားသောက်သော သမင်ဟူ၍ မရှိတော့ချေ။ ထိုအချိန်က သာခသမင်သည် မြတ်စွာဘုရားသခင် လက်ထက်တော်၌ ဒေဝဒတ်ဖြစ်လာ၏။ သာခသမင်၏ အခြံအရံသမင်တို့သည် ဒေဝဒတ်၏ ပရိသတ်များဖြစ်လာကုန်၏။

ထိုအချိန်က ပဋိသန္ဓေကိုယ်ဝန်ရှိသော သမင်မသည် သန္တာထေရီ ဖြစ်လာ၏။ သားငယ်သမင်သည် ကုမာရကဿပထေရ်ဖြစ်လာ၏။ ထိုအချိန်က ပဋိသန္ဓေကိုယ်ဝန်ရှိသော သမင်မအား မိမိအသက်ကို စွန့်၍ စဉ်းတီတုံး၌ လည်စင်းခံခဲ့သော နိဂြောဓသမင်သည်ကား မြတ်စွာဘုရား ဖြစ်လာတော်မူသတည်း။

**ကုမာရကဿပမာတုထေရီဝတ္ထု ပြီး၏။**

## ပေသကာရစိတာ
## သေမှာသတိ ပွားများကြည့်
# ရက်ကန်းသည်သတို့သမီးငယ်ဝတ္ထု

တစ်နေ့သ၌ အာဠဝီပြည်သူပြည်သားတို့သည် အာဠဝီပြည်သို့ ကြွလာတော်မူသော မြတ်စွာဘုရားအား ဆွမ်းစသော ဒါနဝတ္ထုကို ပေးလှူကြလေ၏။

မြတ်စွာဘုရားသည် ဆွမ်းကိစ္စပြီးဆုံးသောအခါ အနုမောဒနာ ပြုတော်မူလတ်သော်–

ငါ၏အသက်သည် အမြဲမရှိ၊ ငါ၏သေရခြင်းသည် မြဲ၏၊ ငါသည် မချွတ်မလွဲ သေရမည်သာ၊ ငါ၏အသက်သည် သေခြင်းအဆုံးရှိ၏။ အသက်ရှင်ခြင်းသည် အမြဲမရှိ၊ သေရခြင်းသည် မြဲ၏။ ဤသို့ သေခြင်းတရား၌ အမှတ်ရခြင်းကို ဖြစ်ပွားကြစေလော့။

အဘယ့်ကြောင့်ဆိုသော် အကြင်သူတို့သည် မရဏဿတိကို မပွားများစေအပ်။ ထိုသူတို့သည် နောက်ဆုံးအချိန်၌ အဆိပ်ပြင်းသော မြွေကိုမြင်၍ တုတ်မပါဘဲ ကြောက်လန့်သူ ယောကျ်ားကဲ့သို့ ထိတ်လန့် ပူပန်ခြင်းသို့ ရောက်ကြကုန်လျက် ကြောက်မက်ဖွယ် ဟစ်အော် မြည်တမ်းပြီး သေကြလေကုန်၏။

အကြင်သူတို့သည် မရဏာဿတိကို ပွားစေအပ်၏။ ထိုသူတို့သည် အဝေးမှပင် အဆိပ်ပြင်းသော မြွေကို မြင်၍ တုတ်ဖြင့်ယူကာ စွန့်ပစ်၍ ရပ်တည်နေသော ယောကျ်ားကဲ့သို့ နောက်ဆုံးအချိန်၌ မထိတ်လန့် မပူပန်ကြလေကုန်၏။ ထို့ကြောင့် မရဏာဿတိကို ပွားစေအပ်၏ဟု ဟောတော်မူလေ၏။

ထိုတရားဒေသနာတော်ကို ကြားနာကြ၍ ဆယ့်ခြောက်နှစ်ရွယ် ရက်ကန်းသည်၏သမီးမှ ကျန်သောလူတို့သည် မိမိတို့ပြုဖွယ်ကိစ္စ၌ ပြုမြဲပြုနေကြကုန်၏။

ဆယ့်ခြောက်နှစ်ရွယ် ရက်ကန်းသည်သမီးမှာမူ-

ဩော်...မြတ်စွာဘုရားတို့၏ စကားတော်သည် အံ့ဩထိုက်ပါပေ၏။ ငါသည်ကား မရဏာဿတိကို ပွားများစေသင့်၏ဟု ကြံစည်စိတ်ကူး၍ နေ့ညပတ်လုံး မရဏာဿတိကိုသာ ဖြစ်ပွားစေ၏။

မြတ်စွာဘုရားသည်လည်း အာဠဝီပြည်မှ ထွက်တော်မူပြီး ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူလေ၏။ ထိုသတို့သမီးသည်လည်း သုံးနှစ်ပတ်လုံး မရဏာဿတိကို ပွားများနေ၏။

တစ်နေ့သ၌ မြတ်စွာဘုရားသည် မိုးသောက်ခါနီး လင်းအားကြီးအချိန်၌ သတ္တလောကကို ဗုဒ္ဓစက္ခုဖြင့် ရှုကြည့်လတ်သော် ထိုသတို့သမီးကို ကိုယ်တော်မြတ်၏ ဉာဏ်ကွန်ရက်အတွင်း ဝင်လာသည်ကို မြင်တော်မူ၍ အဘယ်သို့ ဖြစ်လိမ့်မည်နည်းဟု စူးစမ်းဆင်ခြင်လတ်သော်-

ထိုသတို့သမီးသည် ငါဘုရား၏ တရားဒေသနာတော်ကို ကြားနာရသည့်နေ့မှစ၍ သုံးနှစ်ပတ်လုံး မရဏာဿတိကို ပွားများအပ်ပေသည်။ ယခုအခါ ငါဘုရားသည် ထိုအာဠဝီပြည်သို့ ကြွ၍ ထိုသတို့သမီးကို ပြဿနာလေးချက်မေး၍ ထိုသတို့သမီးက ဖြေဆိုလတ်သော် လေးဌာနတို့၌ ကောင်းချီးပေးတော်မူ၍ ဂါထာတစ်ပုဒ်ကို ဟောတော်မူ

မည်။ ဂါထာအဆုံး၌ ထိုသတို့သမီးသည် သောတာပတ္တိဖိုလ်၌ တည်လိမ့်မည်။ ထိုသတို့သမီးကို အမှီပြု၍ များစွာသော လူတို့၏လည်း အကျိုးရှိသော ဓမ္မဒေသနာဖြစ်လိမ့်မည်ဟု မြင်သိတော်မူ၍ ရဟန်းငါးရာ ခြံရံလျက် ဇေတဝန်ကျောင်းတော်မှ ထွက်ကြွလာတော်မူ၍ ခရီးအစဉ်အားဖြင့် အဂ္ဂါဠဝကျောင်းတော်သို့ ကြွရောက်လာတော်မူလေ၏။ အာဠဝီပြည်သူပြည်သားတို့သည် မြတ်စွာဘုရား ကြွရောက်ကြောင်းကို ကြားကြလေသော် ကျောင်းတော်သို့ သွားကြပြီး ဆွမ်းဖြင့် ဖိတ်ကြား ပင့်လျှောက်ကြကုန်၏။

ထိုအချိန်၌ ထိုသတို့သမီးသည် မြတ်စွာဘုရား ကြွရောက်ကြောင်းကို ကြားသိလတ်သော် ငါ၏ခမည်းတော် အရှင်သခင် ဆရာတော် လပြည့်ဝန်းနှင့် တူသော မျက်နှာတော်ရှိ မဟာဂေါတမဗုဒ္ဓ ကြွရောက်တော်မူသတဲ့ဟု နှစ်သက်ဝမ်းသာစိတ်ဖြင့် ဤနေ့ ဤရက်မှ လွန်ခဲ့သော သုံးနှစ်က ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော ဆရာမြတ်ဘုရားကို ငါဖူးတွေ့ခဲ့ဖူး၏။ ယခုအခါ၌ ထိုဆရာမြတ်ဘုရား၏ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ကိုယ်တော်ကို ဖူးမြော်ခွင့် ချိုမြိန်သော အရသာဩဇာရှိသော တရားမြတ်ကိုလည်း ကြားနာခွင့် ရပေတော့မည်ဟု ကြံစည်ထားလေ၏။

ထိုသတို့သမီး၏ ဖခင်သည် ရက်ကန်းရုံသို့ သွားမည်ပြုစဉ်...

ချစ်သမီး ငါသည် သူတစ်ပါးဥစ္စာဖြစ်သော အဝတ်ပုဆိုးကို စင်တင်ထားအပ်၏။ ထိုပုဆိုး အဝတ်အထည်၏ တစ်ထွာမျှအရှည်သည် ရက်၍ မပြီးသေး။ ယနေ့ ထိုပုဆိုးအဝတ်အထည်ကို ပြီးအောင် ရက်မည်။ ငါ့အတွက် ရက်ဖောက်ကို လျင်မြန်စွာ လုံး၍ (ယောက်၍) ဆောင်ယူခဲ့လော့ဟု ပြောဆိုမှာကြားထားလေ၏။

ထိုသတို့သမီးသည် ဤသို့ အကြံဖြစ်လေ၏။

ငါသည် မြတ်စွာဘုရား၏ တရားတော်ကို နာကြားလို၏။ ဖခင်ကလည်း ငါ့ကို ဤသို့ ပြောဆိုခဲ့၏။ အဘယ်သို့နည်း။ မြတ်စွာဘုရား၏ တရားတော်ကို နာမည်လော။ သို့မဟုတ် ဖခင်အတွက် ရက်ဖောက်ကို လုံး၍ (ယောက်၍) ယူဆောင်မည်လော။

ထို့နောက် ထိုသတို့သမီး၏ ဤသို့ အကြံအဖန် ဖြစ်ပြန်လေ၏။

ငါ့ဖခင်သည် ရက်ဖောက်ကို ယူဆောင်မပေးလျှင် ငါ့ကို ရိုက်နှက်ပုတ်ခတ်ရာ၏။ ထို့ကြောင့် ရက်ဖောက်ကို လုံး၍ (ယောက်၍) ဖခင်အား ပေးပြီးမှ တရားတော်ကို နာယူပေအံ့။

ဤသို့ ကြံစည်၍ အင်းပျဉ်၌ ထိုင်ကာ ရက်ဖောက်ကို လုံးနေလေ၏။

အာဠဝီမြို့သူ မြို့သားတို့သည် မြတ်စွာဘုရားကို ဆွမ်းဆက်ကပ်ပြုစုပြီး၍ သပိတ်တော်ကို ကိုင်ယူပြီး တရားအနုမောဒနာအလို့ငှာ စောင့်ဆိုင်းတည်နေကြလေကုန်၏။

မြတ်စွာဘုရားသည် ငါသည် အကြင်အမျိုးသမီးကို အကြောင်းပြု၍ ယူဇနာသုံးဆယ်ခရီးကို ကြွလာခဲ့သည်။ ထိုအမျိုးသမီးသည် ယနေ့ယခုလည်း ငါဘုရားအား ဖူးမြော်ခွင့်၊ တရားနာခွင့်ကို မရရှိသေး။ ထိုအမျိုးသမီး ဖူးမြော်ခွင့်၊ တရားနာခွင့်ကိုရမှ အနုမောဒနာပြုပေအံ့ဟု ကြံစည်တော်မူလျက် ဆိတ်ဆိတ်နေတော်မူလေ၏။

ဤသို့ ဆိတ်ဆိတ်နေတော်မူသော မြတ်စွာဘုရားအား နတ်နှင့်တကွသော သတ္တလောက၌ တစ်စုံတစ်ယောက်သောသူသည် တစ်စုံတစ်ခုသော စကားကို မလျှောက်ထားဝံ့လေ။

ထိုသတို့သမီးသည်လည်း ရက်ဖောက်ကို လုံး၍ ခြင်းတောင်း၌ ထည့်ယူလျက် ဖခင်ထံသို့သွားစဉ် ပရိသတ်အစွန်၌ မြတ်စွာဘုရားကို လှမ်းမြော်ကြည့်ရှုလျက်သာ တည်နေလေ၏။

မြတ်စွာဘုရားသည်လည်း လည်ပင်းတော်ကို မြှောက်ချီ၍ ထို အမျိုးသမီးကို လှမ်းကြည့်တော်မူလေ၏။ ထိုအမျိုးသမီးသည် မြတ်စွာ ဘုရား၏ လှမ်းကြည့်တော်မူသော အခြင်းအရာဖြင့်ပင် ဤသို့ သဘော ရှိသော ပရိသတ်အလယ်၌ ထိုင်နေတော်မူလျက်ပင် ငါ့ကို လှမ်းကြည့် တော်မူသော မြတ်စွာဘုရားသည် ငါ၏လာ ရောက်ခြင်းကို မျှော်လင့် တောင့်တတော်မူ၏။ ကိုယ်တော်မြတ်၏ ထံတော်အနီးသို့ လာရောက် ခြင်းကိုသာ မျှော်လင့်တောင့်တတော်မူ၏ဟု သိလေ၏။

ထိုအမျိုးသမီးသည် ရက်ဖောက်ခြင်းကို ထားခဲ့၍ မြတ်စွာဘုရား၏ ထံတော်အနီးသို့ သွားလေ၏။

အဘယ့်ကြောင့် မြတ်စွာဘုရားသည် ထိုအမျိုးသမီးကို လှမ်းမျှော် ၍ ကြည့်တော်မူလေသနည်း။

မြတ်စွာဘုရား၏ ဤသို့ စိတ်အကြံဖြစ်တော်မူသတတ်။

ဤသတို့သမီးသည် သူ၏ မူလတည်နေရာမှသာ ပြန်သွားခဲ့ သော် ပုထုဇဉ်သေခြင်းဖြင့် သေ၍ ဂတိမမြဲသူ ဖြစ်လိမ့်မည်။ ငါ ဘုရား၏ ထံတော်အနီးသို့ လာ၍ ပြန်သွားခဲ့သော် သောတာပတ္တိ ဖိုလ်သို့ရောက်၍ ဂတိမြဲသူ ဖြစ်ပြီး တုသိတာနတ်ဗိမာန်၌ ဖြစ်လိမ့် မည်ဟု စိတ်အကြံဖြစ်တော်မူသည်။

ထိုအမျိုးသမီး၏ ထိုနေ့၌ သေခြင်းမှ လွတ်ခွင့်မရှိသတတ်။

ထိုအမျိုးသမီးသည် မြတ်စွာဘုရား၏ လှမ်းမြော်ကြည့်တော်မူ သော အမှတ်သညာဖြင့်သာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရောင်ခြည်တော်ခြောက်သွယ်အကြား ဝင်ရောက်ရှိခိုးပြီး သင့်လျော် သောနေရာ၌ တည်နေလေ၏။

ထိုသို့ သဘောရှိသော ပရိသတ်အလယ်၌ ထိုင်နေတော်မူ၍ ဆိတ်ဆိတ်နေတော်မူသော မြတ်စွာဘုရားကို ရှိခိုး၍ တည်နေသော

ခဏာ၌ပင်လျှင် ထိုအမျိုးသမီးကို မြတ်စွာဘုရားသည် ဤသို့ မေးမြန်းတော်မူ၏။

(၁) သတို့သမီး၊ သင်ဘယ်က လာသနည်း။
မသိပါဘုရား။

(၂) အဘယ်သို့ သွားမည်နည်း။
မသိပါဘုရား။

(၃) မသိဘူလား။
သိပါ၏ဘုရား။

(၄) သိသလား။
မသိပါဘုရား။

များစွာသော လူတို့သည် အချင်းတို့ ကြည့်ကြကုန်လော့။ ဤရက်ကန်းသည်၏သမီးသည် မြတ်စွာဘုရားနှင့်အတူ သူပြောလိုရာကို ပြောဆိုနေသည်။

ဤရက်ကန်းသည်၏သမီးသည် မြတ်စွာဘုရားက ဘယ်က လာသနည်းဟု မေးအပ်သည်ကို ရက်ကန်းသည်အိမ်မှ လာပါသည်ဘုရားဟု ပြောဆိုသင့်သည် မဟုတ်လော။

အဘယ်သို့ သွားမည်နည်းဟု မေးအပ်သည်ကို ရက်ကန်းရုံသို့ သွားပါမည်ဟု ဖြေဆိုသင့်သည် မဟုတ်လော စသည်ဖြင့် ပြစ်တင်ကဲ့ရဲ့ကြကုန်၏။

မြတ်စွာဘုရားသည် များစွာသော လူတို့အား အသံစဲအောင်ပြု၍...

(၁) သတို့သမီး၊ သင်သည် ဘယ်ကလာသနည်းဟု ငါဘုရားမေးသောအခါ အဘယ့်ကြောင့် မသိပါဘုရားဟု ဖြေဆိုရသနည်း။

မြတ်စွာဘုရား၊ အရှင်မြတ်တို့သည် တပည့်မ၏ ရက်ကန်းသည်အိမ်မှ လာခဲ့သည်ကို သိတော်မူကြပါသည်။ အဘယ်က လာသနည်း

ဟု မေးသော အရှင်မြတ်တို့သည် အဘယ်ဘဝမှလာ၍ ဤလူ့ဘဝ၌ ဖြစ်သနည်းဟု မေးလိုတော်မူရင်း ဖြစ်ကြပါသည်။ တပည့်မသည် ငါသည် အဘယ်ဘဝမှလာ၍ ဤလူ့ဘဝ၌ဖြစ်၏ဟု မသိသောကြောင့် မသိပါဘုရားဟု ဖြေဆိုခြင်းဖြစ်ပါသည်ဘုရား။

ထိုအခါ ထိုသတို့သမီးအား မြတ်စွာဘုရားသည် အို...သတို့သမီး ကောင်းပေစွ၊ ကောင်းပေစွ။ ငါဘုရား မေးလိုရင်းကိုသာ သင်ဖြေဆိုအပ်ပေသည်ဟု ရှေးဦးစွာ ကောင်းချီးပေးတော်မူ၍ တစ်ဖန် ထပ်မေးတော်မူပြန်သည်။

(၂) သတို့သမီး အဘယ်သို့ သွားမည်နည်းဟု ငါဘုရားက နောက်ထပ်မေးသောအခါ အဘယ်ကြောင့် မသိပါဘုရားဟု ဖြေဆိုရသနည်း။

မြတ်စွာဘုရား အရှင်မြတ်တို့သည် ရက်ဖောက်ခြင်းကို ကိုင်၍ ရက်ကန်းရုံသို့ တပည့်မ သွားမည်ကို သိတော်မူကြပါသည်။

ဤလူ့ဘဝမှ သွား၍ အဘယ်ဘုံဘဝ၌ ဖြစ်မည်နည်းဟု မေးတော်မူလိုရင်း ဖြစ်ကြပါသည်။ တပည့်မကလည်း ဤလူ့ဘဝမှ စုတေပြီး အဘယ်ဘုံဘဝသို့ သွား၍ဖြစ်မည်ကို မသိသောကြောင့် မသိပါဘုရားဟု ဖြေဆိုခြင်းဖြစ်ပါသည်ဘုရား။

ထိုအခါ အမျိုးသမီးအား မြတ်စွာဘုရားသည် ငါဘုရား၏ မေးလိုရင်းပြဿနာကိုသာ သင်ဖြေဆိုအပ်ပေသည်ဟု နှစ်ကြိမ်မြောက် ကောင်းချီးပေးတော်မူ၍ တစ်ဖန်ထပ်မေးတော်မူပြန်သည်။

(၃) ထိုသို့ မသိသူဖြစ်လျက် အဘယ့်ကြောင့် မသိသလောဟု မေးသည့်အခါ သိပါ၏ဘုရားဟု ဖြေဆိုရသနည်း။

မြတ်စွာဘုရား၊ သေရမည်ကို တပည့်မ သိပါသည်။ ထိုကြောင့် သိပါ၏ဘုရား၏ ပြောဆိုခြင်းဖြစ်ပါသည်ဘုရား။

ထိုအခါ သတို့သမီးအား မြတ်စွာဘုရားသည် ငါဘုရား မေးလိုရင်းပြဿနာကိုသာ သင်ဖြေဆိုအပ်ပေသည်ဟု သုံးကြိမ်မြောက် ကောင်းချီးပေးတော်မူပြီး တစ်ဖန်ထပ်၍ မေးတော်မူပြန်သည်။

(၄) ထိုသို့ သိသူဖြစ်လျက် အဘယ့်ကြောင့် သိသလားဟု မေးသောအခါ မသိပါဘုရားဟု ဖြေဆိုရသနည်း။

တပည့်မ၏ သေရမည်ကိုသာ တပည့်မ သိပါသည်ဘုရား။ ညအခါ၊ နေ့အခါ၊ နံနက်အခါ စသည်တို့တွင် ဘယ်အချိန်အခါ၌ သေရမည်ဟု မသိပါဘုရား။ ထို့ကြောင့် မသိပါဘုရားဟု ဖြေဆိုခြင်း ဖြစ်ပါသည်ဘုရား။

ထိုအခါ သတို့သမီးအား မြတ်စွာဘုရားသည် ငါဘုရား၏ မေးလိုရင်းပြဿနာကိုသာ သင်ဖြေဆိုအပ်ပေသည်ဟု လေးကြိမ်မြောက် ကောင်းချီးပေးတော်မူ၍...

အို...တရားနာပရိသတ်တို့၊ သင်တို့သည် ဤသတို့သမီး၏ ဤမျှလောက် ဖြေဆိုအပ်သည်ကို မသိကြလေကုန်စွတကား။ သင်တို့သည် ဤသတို့သမီးငယ်အား သက်သက် ကဲ့ရဲ့ ရှုတ်ချကြသည်သာဖြစ်ကုန်၏။

မှန်၏။ အကြင်သူတို့အား ပညာမျက်စိမရှိပေ။ ထိုသူတို့သည် အကန်းတို့သာဖြစ်ကုန်၏။ အကြင်သူတို့အား ပညာမျက်စိ ရှိလေ၏။ ထိုသူတို့သာ မျက်စိရှိသူတို့ ဖြစ်ကုန်၏။

ဤသို့ မိန့်တော်မူပြီး ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူလေ၏။

**အန္ဓဘူတော အယံ လောကော၊ တနုကေတ္ထ ဝိပဿတိ။**
**သကုဏော ဇာလမုတ္တောဝ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။**

အယံ လောကော–လောကီနယ်သား ဤလူအများသည်၊ အန္ဓဘူတော–ပညာမျက်စိ မြင်မရှိ၍ အမိုက်မှောင်အတိ ဖြစ်လေ၏၊

ဝတ္ထု–အမိုက်မှောင်ကြား ဤလူများတွင်။ တနကော–အနည်းငယ်သော လူသည်၊ ဝိပဿတိ–အနိစ္စ,ဒုက္ခ,အနတ္တဟု သင်မှတ်စရာ ဝိပဿနာ ရှုလေ၏၊ (ဗဟုဇနော–များစွာသောလူသည်၊ နဝိပဿတိ–အနိစ္စ, ဒုက္ခ,အနတ္တဟု သိမှတ်စရာ ဝိပဿနာမရှုလေ)၊ ဇာလမုတ္တော– ငှက်မုဆိုးတို့၏ ငုပ်လျှိုးရှောင်ကွင်း ပိုက်ကွန်တွင်းမှ လွတ်ကင်းလေ သော၊ သကုဏော–ငှက်သည်၊ အပ္ပေါ ကွ–နည်းသကဲ့သို့၊ (သေသာ–အနည်းချန်ထား ငှက်အများတို့သည်၊ အန္တောဇာလမေဝ– မုဆိုးထောင်ကွင်း ပိုက်ကွန်တွင်းသို့သာ၊ ပဝိသန္တိ ယထာ–ဝင်လေကုန် သကဲ့သို့၊) တထာ–ထိုနည်းအတူ၊ အပ္ပေါ–အနည်းငယ်သော လူသည်၊ သဂ္ဂါယ–နတ်ရွာစခန်း နိဗ္ဗာန်နန်းသို့၊ ဂစ္ဆတိ–ပယ်ရွာရှောင်ရှား အရောက်သွားရလေသတည်း။

ဒေသနာတော်အဆုံး၌ ရက်ကန်းသည် သတို့သမီးသည် သောတာ ပတ္တိဖိုလ်၌ တည်လေ၏။ လူအများ၏လည်း အကျိုးရှိသော ဓမ္မ ဒေသနာ ဖြစ်လေသတည်း။

ရက်ကန်းသည် သတို့သမီးသည်လည်း ရက်ဖောက်ခြင်းတောင်းကို ယူ၍ ဖခင်ထံသွားလေ၏။ သူ၏ဖခင် ရက်ကန်းသည်ကြီးသည် ရက်ကန်းစင်၌ ထိုင်လျက်ပင် အိပ်ပျော်နေ၏။

ရက်ကန်းသည် သတို့သမီး၏ အမှတ်မဲ့ ရက်ဖောက်ခြင်းတောင်း ကို သူ့ဖခင်အနီးသို့ လှမ်းပေးလိုက်စဉ် ရက်ဖောက်ခြင်းတောင်းသည် လက်ခတ်သွားအစွန်း၌ ထိ၍ အသံပြုလျက် ကျသွားလေ၏။

ဖခင် ရက်ကန်းသည်ကြီးသည် အိပ်ရာမှ ယောင်ယမ်းနိုး၍ ခတ်မြဲတိုင်းသောအမှတ်ဖြင့်ပင် လက်ခတ်သွားအစွန်းကို ဆွဲခတ်လေ၏။ လက်ခတ်သွားအစွန်းသည် သတို့သမီး၏ ရင်ဝ၌ ရိုက်ခတ်မိလေ၏။ သတို့သမီးသည် ထိုနေရာ၌ပင် ကွယ်လွန်၍ တုသိတာနတ်ပြည်၌ ဖြစ်လေ၏။

သတို့သမီး၏ ဖခင်သည် လဲကျသွားသောသမီးကို ကြည့်ရှုလတ်သော် တစ်ကိုယ်လုံး သွေးစွန်းလျက် လဲကျ၍ သေနေသည်ကို မြင်ရလေ၏။ ထိုအခါ ရက်ကန်းသည်ကြီး၏ ကြီးစွာသော စိုးရိမ်သောကဖြစ်လေ၏။ ရက်ကန်းသည်ကြီးသည် ငါ၏သောကကို တခြားသူသည် ငြိမ်းစေနိုင်မည်မဟုတ်ဟု ငိုကြွေးလျက် မြတ်စွာဘုရားထံတော်သို့သွား၍ ဖြစ်ခဲ့သော အကြောင်းကို လျှောက်ထားကာ...

မြတ်စွာဘုရား၊ တပည့်တော်၏ ပြင်းစွာထန်သီး သောကမီးကို ငြိမ်းပေးတော်မူပါဘုရား။

ဥပါသကာ ဒါယကာ စိုးရိမ်တရား မဖြစ်ပွားပါစေနှင့်။ အစမထင် သံသာခွင်၌ သင်၏ ယခုစီးထွေ မျက်ရည်ကဲ့သို့ သမီးသေ၍ ယိုစီးထွေထွေ မျက်ရည်သည်ကား သမုဒ္ဒရာလေးစင်း အတွင်းရေထက် ဆဆတက်ထား များလှလေသတည်းဟု အစမထင် သံသာခွင်နှင့် စပ်ယှဉ်တရား ဟောကြားတော်မူသည်။

ရက်ကန်းသည်ကြီးသည် သောကတရား ပါးရှားပြီး မြတ်ဘုရားထံ ရဟန်းဖြစ်ခွင့် တောင်းဆိုသဖြင့် ရဟန်းဘဝရပြီးသည့်နောက် မကြာမီပင် အရဟတ္တဖိုလ်အရောက် တရားပေါက်သဖြင့် သံသရာမှ လွတ်မြောက်လေသတည်း။

**ရက်ကန်းသည် သတို့သမီးယော်ဝတ္ထု ပြီး၏။**

# စိဉ္စမာဏဝိကာဝတ္ထု

**မသင့်ရာခိုး၊ မသင့်ဆို၊ မြေမျိုခံရသည်။**
**မှီခိုရာလွဲ၊ မသင့်စွဲ၊ ငရဲရောက်ရသည်။**

အားတော်ဆယ်ပါးနှင့် ပြည့်စုံမူတော်မူသော မြတ်စွာဘုရား၏ ပထမဗောဓိ (ဝါတော် ၁၅၊ ၂၀ အတွင်း)၌ များစွာသော တပည့်သာဝကနှင့် တိုင်းတာမရ များလှသော နတ်လူပြဟ္မာတို့ အရိယာဘုံသို့ တက်ရောက်ကြလေသော် များစွာသောင်းပြောင်း ဂုဏ်ပေါင်းရန့် ပျံ့နှံ့ကျော်ကြားမှုကြောင့် များစွာသော လာဘ်ပူဇော်သက္ကာ ဖြစ်ပေါ်လာလေ၏။

တိတ္ထိတို့သည် နေရောင်ကွန့်မြူး ပိုးစုန်းကြူးပမာဖြစ်ကြ၍ လာဘသက္ကာရ လျှော့ကျ ပျက်စီးသူများဖြစ်လေကုန်၏။ တိတ္ထိတို့သည် လမ်းကြိုလမ်းကြား၌ရပ်၍ ရဟန်းဂေါတမသာ ဘုရားလား။ တို့လည်း ဘုရားပဲ။ ဂေါတမအား လှူတာကသာ အကျိုးများသလား။ တို့အား လှူတာလည်း အကျိုးများတာပဲ။ ငါတို့အားလည်း အရေးတယူ ပေးလှူကြ၊ ကောင်းစွာကော်ရော် ပူဇော်ကြဟု လူတို့ကို အသိပေးပြောဆို

ကြသော်လည်း လာဘ သက္ကာရကို မရကြ၍ ဆိတ်ငြိမ်ရာ၌ စည်းဝေး ကြပြီး အဘယ်နည်းဖြင့် ရဟန်းဂေါတမ၏လူတို့အကြား ဂုဏ်သတင်း ပျက်ပြားအောင်ပြု၍ လာဘသက္ကာရကို ဖျက်ဆီးကြမည်နည်းဟု တိုင်ပင်ကြကုန်၏။

ထိုအချိန်အခါ၌ သာဝတ္ထိမြို့ဝယ် စိဉ္စမာဏဝိကာ မည်သော ပရိဗိုဇ်မသည် ကောင်းမြတ်သောအဆင်းကို ဆောင်သူ၊ နတ်သမီး တမျှ လှပတင့်တယ်သူ ဖြစ်လေ၏။ ထိုစိဉ္စမာဏဝိကာ၏ ခန္ဓာကိုယ်မှ အရောင်ထွက်နေ၏။ ထိုအခါ အကြံကြမ်းရှိင်းသူ လူတစ်ယောက်က ဤသို့ ဆိုလေ၏။ စိဉ္စမာဏဝိကာကို အစွဲပြု၍ ရဟန်းဂေါတမ၏ ဂုဏ်သတင်း ညှိုးနွမ်းမှုကိုဖြစ်စေကာ လာဘသက္ကာရကို ဖျက်ဆီး ကြကုန်အံ့။

တိတ္ထိတို့သည် အကြောင်းတစ်ခုရှိလေ၏ဟု ထိုသူ၏ ပြောဆိုမှုကို လက်ခံကြကုန်၏။

ထိုအချိန်မှ နောက် စိဉ္စမာဏဝိကာသည် တိတ္ထိတို့ အရံတွင်းသို့ သွား၍ တိတ္ထိတို့ကို ရှိခိုးနေသော်လည်း တိတ္ထိတို့က စကားမပြော ကြ။ တပည့်၏ အပြစ်ကား အဘယ်ပါနည်းဟု သုံးကြိမ်တိုင်အောင် ပြောဆို၍ အရှင်မြတ်တို့ တပည့်မ ရှိခိုးပါ၏။ တပည့်မ၏ အပြစ်ကား အဘယ်ပါနည်း။ အဘယ်ကြောင့် တပည့်မနှင့်အတူ စကားမပြော ကြပါသနည်းဟု ပြောဆို၏။

ချစ်နှစ်မ၊ ရဟန်းဂေါတမက ငါတို့ကို ညှဉ်းဆဲ၊ ငါတို့ရဲ့ လာဘ သက္ကာရ ပျက်စီးအောင်ပြုပြီး လှည့်လည်သွားလာနေတာကို မသိ ဘူးလား။

အရှင်မြတ်တို့၊ တပည့်မ မသိပါ။ ဒီနေရာမှာ တပည့်မက ဘာကို ပြုထိုက်ပါမည်နည်း။

ချစ်နှမ၊ သင်သည် ငါတို့ရဲ့ချမ်းသာကို လိုလားခဲ့ရင် သင့်ကိုယ်ကို အစွဲပြု၍အသုံးချ ရဟန်းဂေါတမရဲ့ အရှိန်စော် ကင်းမဲ့မှုကို ဖြစ်စေပြီး လာဘသက္ကာရကို ပျက်စီးပါစေဟု ပြောဆိုကြသည်။

စိဥ္စမာဏဝိကာသည် အရှင်မြတ်တို့ ကောင်းပါပြီ။ ဒီတာဝန်က တပည့်မ တာဝန်ပါ။ စိုးရိမ်တော်မမူကြပါနှင့်ဟု ပြောဆိုကာ တိတ္ထိတို့ အရံမှ ထွက်ခွာခဲ့ပြီး မိန်းမမာယာတို့၌ လိမ္မာကျွမ်းကျင်သူဖြစ်သဖြင့် ထိုအချိန်မှစ၍ သာဝတ္ထိမြို့သူမြို့သားများ တရားနာ၍ ဇေတဝန် ကျောင်းမှ ထွက်ခွာလာချိန်၌ ပိုးပရန်ရောင်အဆင်းရှိသော အဝတ်ကို ခြုံ၍ နံ့သာ ပန်း စသည်တို့ကို ကိုင်ကာ မြို့တွင်းမှထွက်၍ ဇေတဝန် ကျောင်းသို့ ရှေးရှုလာလေ၏။

ဒီအချိန်မှာ ဘယ်ကိုသွားမည်နည်းဟု မေးအပ်သော် ငါသွားသည့် နေရာဖြင့် သင်တို့မှာ ဘာအကျိုးရှိမှာလဲဟု ဆို၍ ဇေတဝန်ကျောင်း အနီး တတ္ထိတို့အရံအတွင်း၌ ညလုံးပေါက်နေ၍ သာဝတ္ထိမြို့သူမြို့သား တို့သည် နံနက်စောစောအချိန် ရှိခိုးထိုက်သော ဘုရားမြတ်ကို ရှိခိုး ကြရန် သာဝတ္ထိမြို့တွင်းမှ ထွက်ခွာလာသော် စိဥ္စမာဏဝိကာသည် ဇေတဝန်ကျောင်းတွင်းမှ အိပ်ရာမှထလာသကဲ့သို့ပြုကာ မြို့တွင်းသို့ ဝင်လေ၏။

ဘယ်နေရာက အိပ်ရာထခဲ့သနည်းဟု မေးအပ်သော် ငါအိပ်ရာ ထခဲ့ရာနေရာဖြင့် သင်တို့မှာ ဘာအကျိုးရှိသနည်းဟု ပြောဆိုလေ၏။

ဤနည်းဖြင့် (၁၅)ရက် (၁)လ လွန်မြောက်လာသောအချိန်၌ လူများက မေးသောအခါ ဇေတဝန်ကျောင်းတွင် ရဟန်းဂေါတမနှင့် အတူ ဂန္ဓကုဋိတစ်ခုတည်းမှာ အိပ်၍ ထခဲ့သည်ဟု ပြောဆိုလေ၏။ လူပုထုဇဉ်တို့၏ ဒီမိန်းမပြောတာ မှန်လေမလား၊ မမှန်ဘူးလားဟု ယုံမှားသံသယကို ဖြစ်စေ၏။

သုံးလ၊ လေးလ လွန်လာသောအချိန်၌ အဝတ်ရှည်တို့ဖြင့် ဝမ်းဗိုက်ကို ရစ်ပတ်၍ ကိုယ်ဝန်ဆောင်မိန်းမအသွင်ကိုပြ အပေါ်က အနီရောင် အဝတ်လွှာကို ခြုံပြီး ရဟန်းဂေါတမကို အစွဲပြု၍ ငါ့မှာ ကိုယ်ဝန်ရလာသည်ဟု လူမိုက်တို့ကို ယုံကြည်စေ၏။

ရှစ်လ၊ ကိုးလ လွန်လာသောအချိန်၌ ဝမ်းဗိုက်ပေါ်၌ သစ်သား ပြားအဝိုင်းကို ဖွဲ့ချည်၍အပေါ်က ပါးလွှာသည့် အဝတ်ကိုခြုံ၊ လက်ဖမိုး၊ ခြေဖမိုးတို့ကို ရောင်နေသည့်အသွင်ဖြစ်အောင် နွားမေးရိုးဖြင့် ထုစေ၍ ဖောင်းနေသည့်ဗိုက်ကို မြင်စေ၊ နွမ်းနယ်သော ဣန္ဒြေရှိဟန်လုပ်၍ ညနေချမ်းအချိန် မြတ်စွာဘုရားသည် တန်ဆာဆင်အပ်သော တရားပလ္လင်၌ ထိုင်၍ တရားဟောနေစဉ် ဓမ္မသဘင်သို့သွား မြတ်စွာ ဘုရားရှေ့၌ ရပ်၍...

အို...ရဟန်းကြီး၊ လူများစွာအား တရားဟောတာတော့ ရှိပါစေ တော့။ သင်၏အသံသည် သာယာနာပျော်ဖွယ်ရှိပါ၏။ နှုတ်ခမ်းက ကောင်းစွာ စေ့နေပါသည်။ ကျွန်မသည် ရဟန်းကြီးကို အစွဲပြု၍ ကိုယ်ဝန်ရလာပြီး ကိုယ်ဝန်အပြည့်အစုံရှိသူ ဖြစ်နေပါပြီ။ ကျွန်မ၏ သားဖွားအိမ်ကို မသိပါလား။ ထောပတ် ဆီ စသည်တို့ကို ကိုယ်တိုင် မပေးသော်လည်း အလုပ်အကျွေးတို့တွင် တစ်ယောက်ယောက်ကို သော်လည်းကောင်း၊ ကောသလမင်းကိုသော်လည်းကောင်း၊ အနာ ထပိဏ်ကိုသော်လည်းကောင်း၊ ဝိသာခါ ဥပါသိကာမကိုသော် လည်းကောင်း ဤစိဉ္စမာဏဝိကာအတွက် ပြုသင့်ရာကို ပြုပေးလိုက် ဟုလည်း မပြောမဆိုပါလား။ အတူပျော်မွေ့ဖို့ကိုသာ သိပြီး ကိုယ်ဝန် ကို စောင့်ရှောက်ဖို့ကိုတော့ မသိပါပဲလားဟု မစင်တုံးကို ကိုင်၍ လဝန်းကို ဖျက်ဆီးရန် လုံ့လပြုသကဲ့သို့ ပရိသတ်အလယ်၌ မြတ်စွာ ဘုရားကို ပြစ်တင်စွပ်စွဲ ဆဲရေးလေ၏။

မြတ်စွာဘုရားသည် ဟောနေသောတရားကို ရပ်နား၍ ခြင်္သေ့မင်း ကျုံးဝါးသကဲ့သို့ ကျုံးဝါးလျက်...

နှစ်မ၊ သင်ပြောစကား မှန် မမှန်ကို သင်နှင့်ငါသာ သိကြသည်ဟု မိန့်တော်မူရာ...

ရဟန်းကြီး ဟုတ်ပါရဲ့၊ သင်နှင့် ကျုပ်နှင့် သိလို့သာ ဒီကိုယ်ဝန် ဖြစ်လာတာပါဟု ပြန်ပြောလေ၏။

ထိုသို့ စွပ်စွဲပြောဆိုရာ ခဏ၌ သိကြားမင်း၏နေရာသည် ပူနွေးသော အခြင်းအရာကို ပြလေ၏။ သိကြားမင်းသည် ဆင်ခြင်ကြည့်လတ်သော် စိဥ္စမာဏဝိကာက မြတ်စွာဘုရားကို မဟုတ်မမှန် လုပ်ကြံစွပ်စွဲ ဆဲရေးသည်ကို သိမြင်၍ စွပ်စွဲမှု၏ တည်ရာဝတ္ထုကို သုတ်သင်ရှင်းလင်းပေအံ့ဟု နတ်သားလေးယောက်တို့နှင့်အတူ လာလေ၏။ နတ်သားတို့သည် ကြွက်ယေ်လုပ်၍ သစ်သားပြားကို ဖွဲ့ချည်သည့်ကြိုးတို့ကို တစ်ပြိုင်နက် ကိုက်ဖြတ်ကြကုန်၏။ ခြုံထားသော အဝတ်လွှာကို လေသည်အောက်မှ ပင့်၍ တိုက်ပစ်လေ၏။ ပြုတ်ကျလာသော သစ်သားပြားဝိုင်းသည် စိဥ္စမာဏဝိကာ၏ ခြေဖမိုးပေါ်၌ ကျလေ၏။ ခြေဖျားနှစ်ဘက်တို့သည် ပြတ်ကုန်၏။

လူတို့သည် သူယုတ်မ ထွီ,ထွီ၊ မြတ်စွာဘုရားကို လုပ်ကြံစွပ်စွဲ ဆဲရေးသူဟု ဦးခေါင်းပေါ်၌ တံတွေးထွေး၍ ခဲ၊တုတ် စသည်တို့ကို ကိုင်ကြလျက် ဇေတဝန်ကျောင်းဝန်းထဲမှ ဆွဲထုတ်ကြလေ၏။ ထိုမှနောက် စိဥ္စမာဏဝိကာ၏ မြတ်စွာဘုရား ပကတိ မျက်စိတော်မြင်ရာ အရပ်ကို လွန်သွားချိန်၌ စိဥ္စမာဏဝိကာအား မဟာမြေကြီးသည် ကွဲ၍ ဟင်းလင်းပေါက်ကို ပေးလေ၏။ အဝီစိငရဲမှ မီးအလျှံတက်လောင်လေ၏။

စိဥ္စမာဏဝိကာသည် မိဘဆွေမျိုး ပေးအပ်သော ကမ္ဗလာနီ အဝတ်ကို ခြုံထားသကဲ့သို့ မီးအလျှံခြုံကာ သွား၍ အဝီစိငရဲ၌ ဖြစ်လေ၏။

မြတ်စွာဘုရား သာသနာဝင်မှ အခြားသော တိတ္ထိတို့၏ လာဘ သက္ကာရသည် တိုး၍ ဆုတ်ယုတ်ပျက်စီးလေ၏။ မြတ်စွာဘုရား၏ လာဘသက္ကာရသည် အတိုင်းအတာထက် ပို၍ ကြီးပွားလေ၏။

နောက်တစ်နေ့ ဓမ္မသဘင်ဝယ် ငါ့ရှင်တို့၊ စိဉ္စမာဏဝိကာသည် မြတ်သော ဂုဏ်တော်သခင် မြတ်သောအလှူ ခံယူထိုက်သော မြတ်စွာ ဘုရားကို မဟုတ်မမှန် လုပ်ကြံဆဲရေးစွပ်စွဲသောကြောင့် အကြီး အကျယ်ပျက်စီးခြင်းသို့ ရောက်ရလေ၏ဟု ရဟန်းတော်များ စကား ပြောဆိုကြကုန်၏။

မြတ်စွာဘုရားကြွလာပြီး စကားဆိုခြင်း၊ အကြောင်းခြင်းရာများကို မေးတော်မူ၍ ရဟန်းတော်များက လျှောက်ထားသောအခါ...

ရဟန်းတို့၊ ယခုအခါမှသာ စိဉ္စမာဏဝိကာသည် ငါဘုရားကို မဟုတ်မမှန် လုပ်ကြံ စွပ်စွဲ ဆဲရေးသောကြောင့် ပျက်စီးခြင်းသို့ ရောက်သည် မဟုတ်သေး။ ရှေးကလည်း ငါဘုရားကို မဟုတ်မမှန် လုပ်ကြံ စွပ်စွဲခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်ခဲ့လေသည်သာဟု မိန့်တော်မူ၍...

နာ ဒိဋ္ဌာ ပရတော ဒေါသံ၊ အဏုံ ထူလာနိ သဗ္ဗသော။
ဣဿရော ပဏယေ ဒဏ္ဍံ၊ သာမံ အပ္ပဋိဝေက္ခိယ။

ဂါထာအစရှိသော ဒွါဒသနိပါတ် မဟာပဒုမဇာတ်တော်ကို အကျယ်ဟောပြတော်မူသည်။

ဣဿရော–တိုင်းပြည်သနင်း ပြည့်ရှင်မင်းသည်၊ ပရတော–တခြား လူ၏၊ သဗ္ဗသော–ခပ်သိမ်းသော၊ အဏုံထူလာနိ–အငယ်အကြီးဖြစ် သော၊ ဒေါသံ–အပြစ်ကို၊ သာမံ–ကိုယ်တိုင်၊ အ ဒိဋ္ဌာ–မမြင်ပါဘဲ၊ အပဋိဝေက္ခိယ–မစူးစမ်းမဆင်ခြင်ဘဲ၊ ဒဏ္ဍံ–ပြစ်ဒဏ်ကို၊ နပဏယေ– မထားရာ။

ထိုမဟာမဒုမဇာတ်၌ စိဥ္စမာဏဝိကာသည် ဘုရားလောင်း မဟာမဒုမမင်းသား၏ မယ်တော်၏ ရန်သူဖြစ်သော (ဗာရာဏသီမင်း၏) မိဖုရားခေါင်ကြီးဖြစ်သည်။

ဘုရားအလောင်းတော်ကို ယုတ်မာသော အကျင့်ပြုကျင့်ရန် အသိပေး ဖိတ်ခေါ်လေရာ ဘုရားအလောင်းတော်က သူ့သဘောကို မလိုက်လျောရကား မိမိကိုယ်ကိုမိမိ ဖောက်ပြန်သောအသွင် အခြင်းအရာကို ပြု၍ လူမမာအသွင် ဟန်ဆောင်ပြီး သင်၏သားတော်က ကျွန်တော်မျိုးမကို အလိုမတူဘဲ လူမှုရေးဖောက်ပြန်ခြင်းသို့ ရောက်စေပါသည်ဟု ဗာရာဏသီမင်းအား ပြောကြားလေ၏။

ဗာရာဏသီမင်းသည် ဒေါသအမျက် ချောင်းချောင်းထွက်လျက် သားတော်အရင်း ဘုရားအလောင်း မဟာပဒုမမင်းသားကို ခိုးသူတို့ကို ပစ်ချရာ တောင်ချောက်၌ ပစ်ချလေ၏။

ထိုအခါ ဘုရားအလောင်းကို တောင်ဝှမ်း၌ အစိုးရနေသော နတ်သည် ခံယူ၍ နဂါးမင်း၏ ပါးပြင်းတွင်း၌ တည်စေလေ၏။

နဂါးမင်းသည် ဘုရားအလောင်းကို နဂါးပြည်သို့ ယူဆောင်သွားပြီး ထက်ဝက်သော နဂါးမင်းစည်းစိမ်ဖြင့် ကောင်းစွာ မြှတ်နိုးစေ၏။

ဘုရားအလောင်းတော်သည် နဂါးပြည်၌ တစ်နှစ်ပတ်လုံးနေခဲ့၍ ရဟန်းပြုလိုသည်ဖြစ်ရကား ဟိမဝန္တာအရပ်သို့ အရောက်ပို့စေ၍ ရဟန်းပြုပြီး ဈာန်အဘိညာဉ်တို့ကို ဖြစ်စေတော်မူသည်။

ထိုမှနောက် ဘုရားလောင်းရသေ့ကို တောမုဆိုးတစ်ယောက် တွေ့မြင်သွား၍ ခမည်းတော်မင်းကြီးအား အသိပေး ပြောကြားလေ၏။

ခမည်းတော်မင်းကြီးသည် ဘုရားအလောင်း မဟာပဒုမမင်းသားထံလာ၍ အဆက်အစပ်စကား ပြောကြားလတ်သော် အဖြစ်မှန်ကိုသိ၍ ဘုရားလောင်းကို မင်းစည်းစိမ်ဖြင့် ဖိတ်ကြားလေရာ ဘုရားအလောင်းတော်က ကျွန်ုပ်မှာ မင်းအဖြစ်ဖြင့် ပြုဖွယ်မရှိ၊ ခမည်းတော်မင်းကြီး

သာ မင်းကျင့်တရား ဆယ်ပါးကို မပျက်စီးစေဘဲ အဂတိတရား လိုက်စားခြင်းကို ပယ်စွန့်၍ တရားသဖြင့် မင်းပြုပါလေဟု ဆုံးမအပ်လေသော် နေရာမှထ၍ ဝိုကြွေးလျက် ဗာရာဏသီမြို့သို့ ပြန်သွားစဉ် လမ်းခရီးအကြား၌...

ငါသည် အဘယ်သူကို အကြောင်းပြု၍ ဤသို့ ကောင်းသော အကျင့်နှင့် ပြည့်စုံသော သားတော်နှင့် ကွေကွင်းခြင်းသို့ ရောက်ရသနည်းဟု အမတ်တို့ကို မေးလေ၏။

အရှင်မင်းကြီး၊ မိဖုရားခေါင်ကြီးကို အကြောင်းပြု၍ သားတော်နှင့် ကွေကွင်းခြင်းသို့ ရောက်ရပါသည်ဟု တင်လျှောက်ကြလေ၏။

ဗာရာဏသီမင်းသည် မဟုတ်မမှန် လုပ်ကြံ စွပ်စွဲ ကုန်းတိုက်သော မိဖုရားကြီးကို ဦးခေါင်းစောက်ထိုးဆွဲကိုင်၍ ခိုးသူတို့ကို ပစ်ချရာ တောင်ချောက်ကြား၌ ပစ်ချစေပြီး ဗာရာဏသီမြို့တွင်းသို့ ဝင်၍ တရားသဖြင့် မင်းပြုလေ၏။

ထိုအချိန်အခါက ဘုရားအလောင်း မယ်တော်၏ ရန်သူ မိဖုရားခေါင်ကြီးသည် ယခုအခါ စိဉ္စမာဏဝိကာဖြစ်၏။ ထိုအချိန်က မတရားအပြစ်ဒဏ် စီရင်လေသော ခမည်းတော်ဗာရာဏသီမင်းသည် ယခုအခါ ဒေဝဒတ်ဖြစ်၏။ တောင်ဝှမ်းစောင့် နတ်သည် သာရိပုတ္တရာဖြစ်၏။ နဂါးမင်းသည် အာနန္ဒာဖြစ်၏။ မဟာပဒုမမင်းသားသည် မြတ်စွာဘုရားဖြစ်၏။

မြတ်စွာဘုရားသည် ဤအတ္ထုပ္ပတ္တိဇာတ်တော်ကို ဟောပြတော်မူပြီး ရဟန်းတို့ အမှန်စကားဟူသော တရားတစ်ခုကို ပယ်စွန့်၍ မဟုတ်မှန်သောစကား ပြောဆိုခြင်း၌ ရပ်တည်ကုန်သော တမလွန်လောကကို စွန့်ပယ်ထားကုန်သော လူတို့မှာ မပြုသင့် မပြုဝံ့သော မကောင်းမှု မရှိဟု ဟောတော်မူ၍ ဤဂါထာကို ဟောပြတော်မူသည်။

**ကော် ခမ္ပံ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော။**
**ဝိတိဏ္ဏပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ။**

ကော် ခမ္ပံ-အမှန်စကားတစ်ခုသော တရားကို၊ အတီတဿ-မိစ္ဆာကဲလွန် ကျော်လွန်လေသော၊ မုသာဝါဒိဿ-စကားဆယ်လုံးတွင် တစ်လုံးပင်မမှန် လုပ်ကြံစကား မုသားပြောလေ့ရှိသော၊ ဝိတိဏ္ဏပရလောကဿ-တမလွန်လောကဟူသော လူချမ်းသာ စည်းစိမ်၊ နတ်ချမ်းသာ စည်းစိမ်၊ နိဗ္ဗာန်ချမ်းသာ စည်းစိမ်ကို စွန့်လွှတ်ထားသော၊ ဇန္တုနော-အရုပ် အလတ် အမြတ်အားဖြင့် ပိုင်းခြားမရှိ လူသား၏၊ အကာရိယံ-မပြုသင့် မပြုကောင်းသော မပြုဝံ့သော၊ ပါပံ-အကြောင်းကြောင်းစု မကောင်းမှုဟူသည်၊ နတ္ထိ-တစိုးတစိမရှိ လေတော့သတည်း။

ဒေသနာတော်အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်သတည်း။

**စိဋ္ဌမာဏဝိကာဝတ္ထု ပြီး၏။**

## မာရ်နတ်သမီးများ၀တ္ထု

### တဏှာ ယံ လူသား ဘုရားမှုသာ

ကုရုတိုင်း၌ မာဂဏ္ဍိယ ပုဏ္ဏားကြီး၏ သမီးသည် မာဂဏ္ဍိယာပင် အမည်ရှိ၏။ သူသည် မြတ်သောအဆင်းကို ဆောင်သူဖြစ်၏။ သူ့ကို လိုလားတောင့်တကြသော များစွာသော ပုဏ္ဏားသူဌေး၊ မင်းသူဌေး တို့က ကျွန်ုပ်တို့အား သမီးကိုပေးပါဟု ဖခင်ပုဏ္ဏားကြီးထံ သတင်း ပို့ကြသည်။

မာဂဏ္ဍိယ ပုဏ္ဏားကြီးသည် သင်တို့သည် ငါ့သမီးနှင့် ထိုက်တန်သူ များ မဟုတ်ဟု အားလုံးကို ပယ်လိုက်သည်။

တစ်နေ့သ၌ မြတ်စွာဘုရားသည် မိုးသောက်ခါနီး လင်းအားကြီး အချိန်၌ သတ္တလောကကို ကြည့်တော်မူလတ်သော် ကိုယ်တော်မြတ်၏ ဉာဏ်ကွန်ရက်အတွင်း၀င်လာသော မာဂဏ္ဍိယပုဏ္ဏားကြီးကို မြင်တော် မူ၍ အဘယ်သို့ ဖြစ်မည်နည်းဟု စူးစမ်းဆင်ခြင်လတ်သော် ပုဏ္ဏား ကြီးနှင့် ပုဏ္ဏေးမတို့ အနာဂါမိမဂ်ဖိုလ်ရမည့်အကြောင်းကို မြင်တော် မူသည်။

မာဂဏ္ဍိယပုဏ္ဏားကြီးသည် မိမိနေရာ ရွာပြင်ဘက်၌ အမြဲ မီးလုပ် ကျွေး၏။ မြတ်စွာဘုရားသည် အချိန်စောစောကပင်သပိတ်သင်္ကန်းကို

ယူဆောင်၍ ထိုအရပ်သို့ ကြွတော်မူသည်။ ပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ ကျက်သရေရှိသော ရုပ်အဆင်းတော်ကို ကြည့်ရှုလတ်သော် ဤလောက၌ ဤသူနှင့်တူသော ယောကျ်ားမည်သည် မရှိ။ ဤသူသည် ငါ့သမီးအား ထိုက်တန်သူဖြစ်၏။ ဤသူအား ငါ့သမီးကို ပေးမည်ဟု စိတ်ကူး၍ မြတ်စွာဘုရားကို လျှောက်ထားသည်။

ရဟန်း၊ ကျွန်ုပ်မှာ သမီးတစ်ယောက်ရှိသည်။ ကျွန်ုပ်သည် သမီးအား လျောက်ပတ်သော၊ ထိုက်တန်သော ယောကျ်ားကို မတွေ့မြင်ရ၍ သမီးကို မည်သူ့အားမျှ မပေးခဲ့။ သင်ရဟန်းကမူ သမီးအား လျောက်ပတ်သူ၊ ထိုက်တန်သူဖြစ်၏။ ကျွန်ုပ်သည် သင်ရဟန်းအား ခြေရင်းအလုပ်အကျွေးပြုရန် သမီးကို ပေးလိုသည်။ သမီးကို ခေါ်လာသည်အထိ ဤနေရာ၌သာ နေရစ်ပါဟု ပြောဆိုလေ၏။

မြတ်စွာဘုရားသည် ပုဏ္ဏားကြီးစကားကို ကြားပြီး နှစ်လည်း မနှစ်သက်၊ တားလည်း မတားမြစ်။

ပုဏ္ဏားကြီးသည် အိမ်သို့သွားရောက်၍ ပုဏ္ဏေးမကို အို...ရှင်မယနေ့ ငါ့သမီးအား သင့်လျော်ထိုက်တန်သော ယောကျ်ားကို ငါတွေ့ခဲ့ပြီ၊ ထိုယောကျ်ားအား တို့သမီးကို ပေးကြစို့ဟု ပြောဆို၍ သမီးကို အဝတ်တန်ဆာ ဆင်ယင်စေပြီး ခေါ်၍ ပုဏ္ဏေးမနှင့်အတူ ထိုအရပ်သို့ သွားလေ၏။ လူများစွာလည်း အုတ်အုတ်ကျက်ကျက်ဖြစ်လျက် ထွက်ခဲ့ကြ၏။

မြတ်စွာဘုရားသည် ပုဏ္ဏားကြီးပြောဆိုခဲ့သောနေရာ၌ မနေမူ၍ ထိုနေရာ၌ ပဒစေတီ (ခြေတော်ရာ)ကို ပြ၍ (ချထားခဲ့ပြီး) အခြားနေရာ၌ နေတော်မူသည်။

စင်စစ်သော်ကား ဘုရားရှင်တို့၏ ပဒစေတီသည် ဤပဒစေတီကို ဤမည်သောသူ မြင်စေဟု အဓိဋ္ဌာန်၍ နင်းရာ၌သာ ထင်လေ၏။ ကျန်သောနေရာ၌ ပဒစေတီကို မြင်ရသူ မရှိပေ။

ပုဏ္ဏားကြီးသည် မိမိနှင့်အတူသွားသော ပုဏ္ဏေးမက သင်ပြော ကြားသည့် ထိုယောကျ်ား ဘယ်မှာနည်းဟု မေးအပ်သော် ဤနေရာ၌ နေရစ်ပါဦးဟု ငါပြောခဲ့သည်ဟု ပြောဆိုကာ ကြည့်ရှုလတ်သော် ခြေတော်ရာကို မြင်၍ ဤခြေရာသည် ငါပြောထားသော ယောကျ်ား ၏ ခြေရာဖြစ်သည်ဟု ပြလေ၏။

ပုဏ္ဏေးမသည် လက္ခဏာမန္တန် တတ်သိနားလည်သူဖြစ်သော ကြောင့် အိမ်ရှင်ပုဏ္ဏား၊ ဤခြေရာသည် ကာမဘောဂီ (ကာမခံစား သူ) ၏ ခြေရာမဟုတ်ဟု ပြောဆိုလေသော် ရှင်မ သင်သည် ရေခွက်ထဲ၌ မိကျောင်းကို မြင်သူဖြစ်၏။ ငါသည် ထိုရဟန်းကို မြင်ထားသူဖြစ်၏။ အသင့်အား သမီးကို ပေးမည်ဟု ငါပြောသောအခါ ထိုရဟန်းကလည်း တိတ်ဆိတ်စွာနေပြီး သည်းခံပေသည်ဟု ပြော လတ်သော် အိမ်ရှင်ပုဏ္ဏား၊ သင်က ဤသို့ ပြောနေသော်လည်း ဤခြေရာသည်ကား ကိလေသာကင်းပြီးသူ၏ ခြေရာသာဖြစ်ချေ သည်။

ရတ္တဿ ဟိ ဥက္ကုဋိကံ ပဒံ ဘဝေ။
ဒုဋ္ဌဿ ဟောတိ သဟသာနုပီဠိတံ။
မူဠှဿ ဟောတိ အဝကမိုတံ ပဒံ။
ဝိဝဋ္ဋစ္ဆဒဿ ဣဒမီဒိသံ ပဒံ။

ဟိ–မှန်၏၊ ရတ္တဿ–ရာဂဖြင့် တပ်မက်သူ၏၊ ပဒံ–ခြေရာသည်၊ ဥက္ကုဋိကံ–ဆောင့်ကြောင့်ထိုင်သကဲ့သို့ ခြေဖျားရာရှိသည်၊ ဘဝေ– ဖြစ်၏၊ ဒုဋ္ဌဿ–ဒေါသရှိသူ၏၊ ပဒံ–ခြေရာသည်၊ သဟသာနု ပီဠိတံ– အဆောတလျင် ဖိနှိပ်နင်းသကဲ့သို့ ဖနောင့်ရာရှိသည်၊ ဟောတိ– ဖြစ်၏၊ မူဠှဿ–မောဟကြီးသောသူ၏၊ ပဒံ–ခြေရာသည်၊ အဝကမိုတံ– ဆွဲငင်အပ်သည်၊ ခြေဒရွတ်တိုက်သည်၊ ဟောတိ–ဖြစ်၏။

ဤဒိသံ–ဤသို့သဘောရှိသော၊ ဣဒံ–ဤခြေရာသည်၊ ဝိဝဋ္ဋစ္ဆဒဿ–ဝဋ်ကင်းပြတ်ပြီးသူ၏၊ ပဒံ–ခြေရာတည်း။

ပုဏ္ဏေးမက ထိုသို့ပြောသောအခါ ပုဏ္ဏားကြီးသည် အို...ရှင်မ၊ မပြည့်တွန်ပါနှင့် ဆိတ်ဆိတ်သာလိုက်ခဲ့ပါဟု ပြော၍ သွားလတ်သော် မြတ်စွာဘုရားကို တွေ့မြင်၍ ငါပြောသော ထိုယောကျ်ားသည် ဤသူပင်တည်းဟု ပုဏ္ဏေးမအား ပြပြီး မြတ်စွာဘုရားထံ ချဉ်းကပ်၍ ရဟန်း...ကျုပ်သမီးကို သင့်အား ပေးပါ၏ဟု ပြောလေ၏။

မြတ်စွာဘုရားသည် သင့်သမီးဖြင့် ငါ့မှာ အကျိုးမရှိဟု မပြောမူ၍ ပုဏ္ဏား၊ သင့်အား အကြောင်းတစ်ခုကို ပြောပြမည်၊ နားထောင်ပါဟု ပြောသဖြင့် အို...ရဟန်း ပြောပြပါ။ နားထောင်ပါမည်ဟု ပုဏ္ဏားကြီးက ပြောဆိုအပ်သော် မြတ်စွာဘုရားသည် တောထွက်ချိန်မှစ၍ အတိတ်အကြောင်းကို ဆောင်ပြတော်မူသည်။

ထိုသို့ ဆောင်ပြရာ၌ အကျဉ်းစကားကား ဤသို့တည်း...

ဘုရားလောင်းတော်သည် မင်းစည်းစိမ်ကို ပယ်စွန့်၍ ကဏ္ဍကမြင်းကိုစီးလျက် အဖော်ဆန္န အမတ်နှင့်အတူ တောထွက်တော်မူလတ်သော် မြို့တံခါးအနီး၌ တည်နေသော မာရ်နတ်က သိဒ္ဓတ္ထ မင်းသားပြန်လှည့်ပါလော့။ ဤနေ့မှ ခုနစ်ရက်မြောက်သော နေ့၌ သင့်အား စကြာရတနာ ထင်ရှားဖြစ်လာပါလိမ့်မည်ဟု ပြောဆိုလေရာ...

မာရ်နတ် စကြာရတနာ ဖြစ်ပေါ်လာမည်ကို ငါသိသည်။ စကြာရတနာဖြင့် ငါ့အား အလိုမရှိဟု ပြောဆိုလေ၏။

ထိုအခါ မာရ်နတ်က အဘယ်အကျိုးငှာ တောထွက်လာသနည်းဟု မေး၏။ ဘုရားအလောင်းတော်က သဗ္ဗညုတဉာဏ်အကျိုးငှာ တောထွက်ခဲ့သည်ဟု ပြန်ပြောလေ၏။

ထိုသို့ဖြစ်လျှင် သင်သိဒ္ဓတ္ထသည် ယနေ့မှစ၍ ကာမဝိတက် စသည်တို့တွင် ဝိတက်တစ်ခုကိုသော်လည်း အကယ်၍ ကြံစည်သူဖြစ်အံ့၊ သင့်အား ပြုသင့်ရာကို ငါသိပေအံ့ဟု မာရ်နတ်က ပြောလေ၏။

မာရ်နတ်သည် ထိုအချိန်မှစ၍ အခွင့်ကို ရှာငဲ့လျက် ခုနစ်နှစ်ပတ်လုံး ဘုရားအလောင်းတော်သို့ အစဉ်လိုက်နေလေ၏။ မြတ်စွာဘုရားသည်လည်း ခြောက်နှစ်ပတ်လုံး ဒုက္ကရအကျင့်ကို ကျင့်တော်မူ၍ သီးခြားဖြစ်သော ယောကျ်ားတို့၏ စွမ်းအားလုံ့လကို အမှီပြု၍ ဗောဓိပင်ရင်း၌ သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိမြင်ပြီး ဝိမုတ္တိချမ်းသာကို ခံစားတော်မူလျက် ငါးခုမြောက် သတ္တာဟတွင် အဇပါလ (ဆိတ်ကျောင်း) ညောင်ပင်ရင်း၌ သီတင်းသုံးတော်မူသည်။

ထိုအချိန်အခါ၌ မာရ်နတ်သည် ငါသည် ခုနစ်နှစ်တာ ဤအချိန်အခါပတ်လုံး နောက်က အစဉ်လိုက်၍ အပြစ်ကို ရှာငဲ့ရှာဖွေသော်လည်း ဤရဟန်းမြတ်၏ တစ်စုံတစ်ခု ချွတ်ယွင်းမှုကို ငါမတွေ့မမြင်ခဲ့ရ။ ယခုအခါ ဤရဟန်းသည် ငါ၏နယ်ပယ်ကို လွန်မြောက်သွားပြီဟု နှလုံးမသာမယာဖြစ်လျက် ခရီးလမ်းမကြီး၌ ထိုင်နေလေ၏။

ထိုအချိန်အခါ၌ မာရ်နတ်၏ တဏှာ၊ အရတိ၊ ရဂါ သမီးသုံးယောက်တို့သည် ငါတို့ဖခင်သည် မထင်မမြင်ဖြစ်ခဲ့၏။ ယခုအဘယ်မှာ ရှိလေသနည်းဟု ရှုကြည့်ကြလေသော် နှလုံး မသာမယာထိုင်နေသော ဖခင်မာရ်နတ်ကို တွေ့မြင်ကြ၍ အနီးသို့ ချဉ်းကပ်ကြပြီးလျှင် ဖခင်...အဘယ့်ကြောင့် ကိုယ်ဆင်းရဲကာ စိတ်မချမ်းမသာဖြစ်နေပါသနည်းဟု မေးကြကုန်၏။

မာရ်နတ်သည် သမီးတို့အား ထိုအကြောင်းကို ပြောဆိုလေ၏။ ထိုအခါ မာရ်နတ်ကို သမီးတို့က ဖခင်...ကြံမှိုင်မနေပါနှင့်။ ကျွန်မတို့ ထိုရဟန်းကို ကျွန်မတို့ အလိုပါအောင်ပြု၍ ခေါ်ဆောင်ခဲ့ပါမည်ဟု ပြောကြလေရာ သမီးတို့ တစ်စုံတစ်ယောက်သောသူသည် ထိုရဟန်းကို မိမိအလိုသို့ လိုက်ပါလာအောင် မတတ်နိုင်ဟု ပြောသောအခါ ဖခင်...သမီးတို့က မိန်းမတွေပါ၊ ယခုပင် ထိုရဟန်းကို ရာဂကျော့ကွင်း စသည်တို့ဖြင့် ဖွဲ့ချည်၍ ခေါ်ဆောင်ခဲ့ပါမည်။ ဖခင်တို့သည်

မစိုးရိမ် မကြံမှိုင်ကြပါနှင့်ဟု ပြော၍ မြတ်စွာဘုရားထံ ချဉ်းကပ်ကြပြီးသော်...

အို...ရဟန်း၊ ကျွန်မတို့သည် သင်၏ခြေရင်း၌ အလုပ်အကျွေးပြုနေကြပါမည်ဟု ပြောဆိုကြကုန်၏။ မြတ်စွာဘုရားသည် မာရ်နတ်သမီးတို့၏ပြောစကားကို နှလုံးလည်းမသွင်း၊ မျက်စိကို ဖွင့်၍လည်း ကြည့်တော်မမူ။

နောက်ထပ်တစ်ဖန် မာရ်နတ်သမီးတို့သည် ယောကျာ်းတို့၏ အလိုဆန္ဒသည် အကြီးအငယ်၊ အမြတ်အယုတ် စသည် အစားစားများလှ၏။ အချို့ယောကျာ်းတို့သည် သတို့သမီးငယ်တို့၌ ချစ်တတ်သည်။ အချို့ယောကျာ်းတို့သည် ပထမအရွယ်ရှိ မိန်းမတို့၌ ချစ်တတ်ကုန်၏။ အချို့ယောကျာ်းတို့သည် မဇ္ဈိမအရွယ်ရှိ မိန်းမတို့၌ ချစ်တတ်ကုန်၏။ အချို့ယောကျာ်းတို့သည် ပစ္ဆိမအရွယ်ရှိ မိန်းမတို့၌ ချစ်တတ်သည်။ အမျိုးမျိုးအစားစား မိန်းမအသွင်တို့ဖြင့် ထိုရဟန်းကို ဖြားယောင်းသွေးဆောင်ကြစို့ဟု တိုင်ပင်ကြပြီး တစ်ယောက်တစ်ယောက်သော မာရ်နတ်သမီးသည် သတို့သမီးငယ်အသွင် စသည်ဖြင့် တစ်ရာတစ်ရာစီ ခန္ဓာကိုယ် အတ္တဘောတို့ကို ဖန်ဆင်း၍ သတို့သမီးငယ်တို့အသွင်၊ သားမဖွားသေးသော မိန်းမတို့အသွင်၊ တစ်ကြိမ် သားဖွားပြီးသော မိန်းမတို့အသွင်၊ အရွယ်ကြီးသော မိန်းမတို့အသွင်ဖြင့် ဖန်ဆင်းကြပြီး ခြောက်ကြိမ်တိုင်အောင် မြတ်စွာဘုရားအနီး ချဉ်းကပ်၍ အို...ရဟန်း သင်၏ ခြေရင်း၌ အလုပ်အကျွေး ဖြစ်လိုကြပါသည်ဟု ပြောဆိုကြကုန်၏။

မြတ်စွာဘုရားသည် မာရ်နတ်သမီးတို့ ပြောဆိုသော စကားကိုလည်း အတုမရှိမြတ်သော ဥပဓိကုန်ရာ နိဗ္ဗာန်၌ အရဟတ္တဖိုလ်ဖြင့် ရောက်နေသကဲ့သို့ နှလုံးသွင်းခြင်း ပြုတော်မမူ။

ထိုမှနောက် မြတ်စွာဘုရားသည် ဤမျှလောက်ဖြင့်လည်း ဖဲခွာရှောင်ရှားခြင်း မပြုကြဘဲ အနီးကပ်နေကြသော မာရ်နတ်သမီးတို့ကို သင်တို့ ဖဲခွာရှောင်ရှားကြကုန်လော့။ အဘယ်ကိုမြင်၍ ဤသို့ လှုံ့လပြုနေကြသနည်း။ ရာဂကင်းပြီး အရှင်မြတ်တို့၏ ရှေ့၌ ဤသို့ ပြုလုပ်ခြင်းငှာ မသင့်လျော်၊ ငါဘုရားသည် ရာဂစပွား ကိလေသာများကို အရဟတ္တမဂ်ဖြင့် ပယ်သတ်အပ်ကုန်ပြီ၊ ငါဘုရားကို အဘယ်အကြောင်းကြောင့် မိမိတို့အလိုသို့ ဆွဲဆောင်နေကြကုန်သနည်းဟု မိန့်တော်မူပြီး ဤဂါထာတို့ကို ရွတ်ဆိုတော်မူသည်။

**ယဿ ဇိတံ နာဝဇီယတိ၊**
**ဇိတံ ယဿ နော ယာတိ ကောစိ လောကေ။**
**တံ ဗုဒ္ဓမနန္တဂေါစရံ၊**
**အပဒံ ကေန ပဒေန နေဿထ။**

**ယဿ ဇာလိနီ ဝိသတ္တိကာ၊**
**တဏှာ နတ္ထိ ကုဟိဉ္စိ နေတဝေ။**
**တံ ဗုဒ္ဓမနန္တ ဂေါစရံ၊**
**အပဒံ ကေန ပဒေန နေဿထ။**

ဘော မာရဓီတရော–အို...မာရ်နတ်သမီးတို့၊ ယဿ–အကြင်ငါဘုရား၏၊ ဇိတံ–မင်္ဂအသီးသီးဖြင့် အောင်အပ်ပြီးသော ရာဂ အစရှိသော ကိလေသာအပေါင်းသည်၊ နာဝဇီယတိ–တစ်ဖန် မဖြစ်တော့သောကြောင့် တစ်ဖန်ပြန်၍ အောင်စရာ မလိုတော့ချေ။ ယဿ–အကြင် ငါဘုရား၏၊ ဇိတံ–အောင်အပ်ပြီးသော ကိလေသာအပေါင်းသို့၊ လောကေ–လောက၌၊ ကောစိ–တစ်ခုသော ကိလေသာသော်လည်း၊ နော ယာတိ–အစဉ်မလိုက်တော့ချေ၊ အနန္တ ဂေါစရံ–အဆုံးမရှိသော အာရုံရှိသော သဗ္ဗညုတဉာဏ်ရှိတော်မူသော၊ အပဒံ–ရာဂစပေါင်း တစ်ခုသော အကြောင်းမျှမရှိသော၊ တံ ဗုဒ္ဓံ–ထိုငါ

ဘုရားကို၊ တုမေ့–သင်တို့သည်၊ ကေန ပဒေန–အဘယ်အကြောင်းကြောင့်၊ နေဿထ–မိမိတို့အလိုသို့ ဆောင်လိုကုန်ကြသနည်း။

ဘော မာရဓီတရော–အို...မာရ်နတ်သမီးတို့၊ ယဿ–အကြင်ငါဘုရားအား၊ ကုဟိဉ္စိ–တစ်စုံတစ်ခုသောဘဝ၌၊ နေတဝေ–ဆောင်ခြင်းငှာ၊ ဇာလိနီ – ဖွဲ့ယှက်တတ်သော ပိုက်ကွန်နှင့် တူသော၊ ဝိသတ္တိကာ–အာရုံအရပ်ရပ်၌ ကပ်ငြိသာယာတတ်သော တဏှာသည်၊ နတ္ထိ–တစ်စိုးတစ်စိမျှ မရှိတော့ချေ။ အနန္တ ဂေါစရံ–အဆုံး မရှိသော အာရုံရှိသော သဗ္ဗညုတဉာဏ် ရှိတော်မူသော၊ အပဒံ–ရာဂစပေါင်းတစ်ခုသော အကြောင်းမျှမရှိသော၊ တံ ဗုဒ္ဓံ–ထိုမြတ်စွာ ဘုရားကို၊ တုမေ့–သင်တို့သည်၊ ကေန ပဒေန–ရည်ရွယ်မကောင်း အဘယ်အကြောင်းကြောင့်၊ နေဿထ–ကိုယ့်အလိုပါအောင် ဆွဲဆောင်လိုကြကုန်သနည်း။

ဒေသနာတော်အဆုံး၌ များစွာသော နတ်တို့၏ သစ္စာလေးပါးထိုးထွင်း သိမြင်ခြင်းဖြစ်လေ၏။

မာရ်နတ်သမီးတို့သည်လည်း ထိုနေရာ၌ပင် ပျောက်ကွယ်သွားကြလေကုန်သတည်း။

မြတ်စွာဘုရားသည် မာရ်နတ်သမီးတို့ ကပ်ပြီး ဖြားယောင်းခြင်းနှင့် စပ်လျဉ်းသော ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍...

မာဂဏ္ဍိယ ပုဏ္ဏား၊ ငါဘုရားသည် ဘုရားဖြစ်စ ရှေးကာလက ချွဲသလိပ်ထွေး အညစ်အကြေး စသည်တို့ဖြင့် ရောထွေးနှောင့်ယှက်ခြင်းမရှိသော ရွှေတိုင်နှင့်တူသော အတ္တဘောနှင့် ပြည့်စုံကြသော ဤမာရ်နတ်သမီး သုံးယောက်တို့ကို တွေ့မြင်ခဲ့ရဖူးပြီ။ ထိုအချိန်တုန်းကလည်း မေထုန်မှု၌ ပြုလိုဆန္ဒ လုံးဝမဖြစ်ခဲ့သည်သာ။ သင့်သမီး၏ ခန္ဓာကိုယ်သည် သုံးဆယ့်နှစ်မျိုးသော အကောင်အပုပ်အသိုးတို့ဖြင့် ပြည့်နေသည်။ ပြင်ဘက်၌ အဆန်းတကြယ် ရေးခြယ်ထားသော မစင်အိုးကြီးနှင့် တူပေသည်။

အကယ်၍ ငါဘုရား၏ ခြေနှစ်ဖက်သည် မစင်ကျင်ကြီးဖြင့် လူးနေသည်ဖြစ်အံ့၊ သင်၏သမီး မာဂဏ္ဍိယာကလည်း တံခါးခုံအရာ၌ တည်ငြားအံ့၊ ထိုသို့ငါဘုရား၏ ခြေက မစင်လူးနေ၊ သင့်သမီးက တံခါးခုံဖြစ်နေသော်လည်း တံခါးခုံဖြစ်နေသော သင့်သမီး၏ ခန္ဓာကိုယ်၌ မစင်လူးနေသော ငါဘုရား၏ ခြေတို့ကို မတို့မထိစေရာဟု မိန့်တော်မူ၍ ဤဂါထာကို ဟောပြတော်မူသည်။

**ဒိသွာန တဏှံ အရတိံ ရာဂဉ္စ၊**
**နာဟောသိ ဆန္ဒော အပိ မေထုနသ္မိံ။**
**ကိမေဝိဒံ မုတ္တကရီသပုဏ္ဏံ၊**
**ပါဒါပိ နံ သမ္ဖုသိတုံ န ဣစ္ဆေ။**

ဘောမာဂဏ္ဍိယ–အို...မဂဏ္ဍီ ပုဏ္ဏား၊ အဟံ–ငါဘုရားသည်၊ တဏှံ စ–မာရ်နတ်သမီး တဏှာကိုလည်းကောင်း၊ အရတိံစ–အရတီကိုလည်းကောင်း၊ ရဂဉ္စ–ရာဂါကိုလည်းကောင်း၊ ဒိသွာန–ဖြားယောင်းဖို့ရန် ငါဘုရားထံ ကပ်လာကြစဉ် တွေ့မြင်ရ၍၊ မေထုနသ္မိံ–နှစ်ယောက်တူစုံ မေထုန်မှု၌၊ ဆန္ဒောအပိ–ပြုလုပ်ချင်လှ ဆန္ဒမျှသော်လည်း၊ နာဟောသိ–ကိလေသာကင်းသဖြင့် အလျင်းမဖြစ်ခဲ့ပြီ၊ မုတ္တ ကရီသပုဏ္ဏံ–စက်ဆုပ်ရွံဖွယ် ကျင်ငယ် ကျင်ကြီးတို့ဖြင့် ပြည့်နေသော၊ ဣဒံ–သင်ချစ်မငြိး ဤမာဂဏ္ဍီသမီးကိုမူ၊ အဟံ–ငါဘုရားသည်၊ ကိမေဝ–အဘယ်ဆိုဖွယ်ရှိအံ့နည်း၊ နံ–သင်ချစ်မငြိး မာဂဏ္ဍီ သမီးကို၊ ပါဒါပိ–ခြေတို့ဖြင့်လည်း၊ သမ္ဖုသိတုံ–တို့ထိခြင်းငှာ၊ န ဣစ္ဆေ–ရွံစလိလိ အလိုမရှိလေတကား။

ဒေသနာတော်အဆုံး၌ မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံတို့သည် အနာဂါမ်ဖိုလ်၌ တည်ကြလေကုန်သတည်း။

**မာရ်နတ်သမီးများဝတ္ထုပြီး၏။**

# ဝိသာခါဝတ္ထု

## မအောင့်နိုင်ရှာ ဝိသာခါ

ဝိသာခါ ကျောင်းအမကြီးသည် မိမိသားတစ်ယောက်၏သမီး၊ မိမိ၏မြေး၊ သုဒတ္တာသတို့သမီးကို မိမိအရာထား ကိုယ်စားပြု၍ မိမိအိမ်၌ ရဟန်းသံဃာ၏ ဝေယျာဝစ္စကို ပြုစေသည်။ နောက်အချိန်၌ မြေးမ သုဒတ္တာ ကွယ်လွန်ရှာလေ၏။ ဝိသာခါကျောင်းအမကြီးသည် မြေး သုဒတ္တာ၏ ရုပ်အလောင်းကို မြှုပ်နှံသင်္ဂြိုဟ်ခြင်းပြုစေပြီးသော် စိုးရိမ်သောကကို အောင့်အီးသည်းခံခြင်းငှာ မတတ်နိုင်ရှာ၍ ကိုယ်မလန်းဖြာ စိတ်မချမ်းမသာဖြင့် မြတ်စွာဘုရားထံသွား၍ ရှိခိုးပြီး သင့်လျော်ရာနေရာ၌ ထိုင်နေလေ၏။

ထိုအခါ ဝိသာခါကို မြတ်စွာဘုရားက အို...ဝိသာခါ၊ ဘယ်လိုလဲ။ ဘာကြောင့် သင်သည် ကိုယ်မလန်းဖြာ စိတ်မချမ်းမသာ မျက်ရည်ပြည့် မျက်နှာဖြင့် ငိုယိုကာနေရသနည်း။

မြတ်စွာဘုရား၊ ကွယ်လွန်ရှာသူ မြေးသုဒတ္တာ သတို့သမီးကို တပည့်တော်မ ချစ်မြတ်နိုးပါသည်။ မြေးသုဒတ္တာသည် ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံရှာပါသည်။ ယခု ဒီမြေးမကို မမြင်ရတော့ပါ။

ဝိသာခါ၊ သာဝတ္ထိမြို့မှာ လူမည်မျှ ရှိသနည်း။

မြတ်စွာဘုရား သာဝတ္ထိမြို့မှာ လူခုနစ်ကုဋေရှိတာကို အရှင်ဘုရားများ တပည့်တော်မအား ဟောကြားဖူးပါသည်။

ကောင်းပြီ၊ ဒီခုနစ်ကုဋေ လူတွေဟာ အကယ်၍ သင့်မြေးမနှင့် တူသူတွေဖြစ်ခဲ့ရင် အဲဒီ လူခုနစ်ကုဋေကို သင်လိုချင်သလား။

မြတ်စွာဘုရား လိုချင်ပါသည်ဘုရား။

ကောင်းပြီ၊ သာဝတ္ထိမြို့မှာ နေ့စဉ်နေ့တိုင်း သေသည့်လူ ဘယ်လောက်ရှိသလဲ။

မြတ်စွာဘုရား၊ သေတဲ့လူတွေ များပါသည်ဘုရား။

ဒီလိုဆိုရင် သင်၏ စိုးရိမ်သောကမဖြစ်ရမည့်အချိန် ရှိပါဦးမည်လား။ နေ့ညဥ့်မပျက် ငိုလျက်သာ နေရတော့မည် မဟုတ်လား။

မြတ်စွာဘုရား ဖြစ်ခဲ့ပြီးဖြစ်ပါစေ၊ တပည့်တော်မ သိပါပြီဘုရား။

ဒီလိုဖြစ်လျှင် စိုးရိမ်မနေနှင့်။ စိုးရိမ်ခြင်း၊ ကြောက်ခြင်းသည် ချစ်ခင်မှုကြောင့်သာ ဖြစ်ပေသည်ဟု မိန့်တော်မူပြီး ဤဂါထာကို ဟောပြတော်မူသည်။

**ပေမတော ဇာယတီ သောကော၊ပေမတော ဇာယတီ အယံ။**
**ပေမတော ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။**

ပေမတော–သွေးရင်းသားစပ် အမှန်ဖြစ်၍ အပြစ်မသွင်း ချစ်ခင်ခြင်းကြောင့်၊ သောကော–စိုးရိမ်ပူဆွေး စိတ်မအေးရခြင်းသည်၊ ဇာယတိ–နေ့ရောညပါ ဖြစ်ပေါ်လာ၏။

ပေမတော–သွေးရင်းသားစပ် အမှန်ဖြစ်၍ အပြစ်မသွင်း ချစ်ခင်ခြင်းကြောင့်၊ ဘယံ–ထိခိုက်တွေ့ကြုံ ဘေးမျိုးစုံသည်၊ ဇာယတိ–နေ့ရောညပါ ဖြစ်ပေါ်လာပေ၏။

ပေမတော–ချစ်ခင်ခြင်းမှ၊ ဝိပ္ပမုတ္တဿ–သိဉာဏ်သွင်းချွတ် ကင်းလွတ်သူအား၊ သောကော–စိုးရိမ်ပူဆွေး စိတ်မအေးခြင်းသည်၊ နတ္ထိ–တစ်စိုးတစ်စိ မရှိတော့ချေ၊ ဘယံ–ထိခိုက်တွေ့ကြုံ ဘေးမျိုးစုံသည်၊ ကုတောအတ္တိ–တစ်စိုးတစ်စိ အဘယ်မှာ ရှိချေအံ့နည်း။

ဒေသနာတော်အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ဆိုက်ရောက်ကြကုန်လေသတည်း။

**ဝိသာခါဝတ္ထု ပြီး၏။**

# ရောဟိနီခတ္တိယကညာ

## မလိုစိတ်စား သတိထား

အရှင်အနုရုဒ္ဓါသည် ရဟန်းတော်ငါးရာတို့နှင့်အတူ ကပ္ပိလဝတ်မြို့သို့ ကြွရောက်တော်မူသည်။ ယင်းသို့ ကြွရောက်ကြောင်းကို ယင်း၏ဆွေမျိုးများသိကြ၍ ယင်းထံ လာရောက်ဖူးတွေ့ကြသည်။

အရှင်အနုရုဒ္ဓါ၏ နှမ ရောဟိနီမင်းသမီးကား ပါမလာချေ။ အရှင်အနုရုဒ္ဓါထေရ်က ဆွေမျိုးတို့ကို မေးတော်မူသည်။

ရောဟိနီ ဘယ်မှာလဲ။

အိမ်မှာပါ အရှင်ဘုရား။

ဘာကြောင့် ဒီနေရာကို မလိုက်လာသလဲ။

သူ့ကိုယ်မှာ ကိုယ်ရေရောဂါ ဖြစ်နေတဲ့အတွက် ရှက်လို့ လိုက်မလာတာပါဘုရား။

ရောဟိနီကို သွားခေါ်ကြချေ။

*　　　*　　　*

အရှင်ဘုရား တစ်ကိုယ်လုံး ခြုံဝတ်နိုင်တဲ့ အဝတ်ကိုဝတ်ပြီး ရောဟိနီ လိုက်လာပါပြီဘုရား။

ရောဟိနီ နင်သူများနဲ့အတူ ဘာကြောင့် လိုက်မလာတာလဲ။

တပည့်တော်မကိုယ်မှာ ကိုယ်ရောရောဂါစွဲကပ်ဖြစ်ပေါ်နေတာကြောင့် ရှက်ပြီး လိုက်မလာတာပါဘုရား။

နင့်မှာ ကုသိုလ်ကောင်းမှု မပြုသင့်ဘူးလား။

ဘယ်လိုကုသိုလ်ကို ပြုရမှာပါလဲဘုရား။

သံဃာတော်များ သီတင်းသုံးနေထိုင်စရာ (ဆွမ်းစား) ဇရပ်ကို ဆောက်လှူပေတော့။

အရှင်ဘုရား ဘာကိုယူပြီး ဆောက်လှူရမှာလဲဘုရား။

နင့်မှာ ဝတ်ဆင်စရာ ပုတီး၊ နားတောင်း၊ လက်ကောက်၊ လက်စွပ်၊ ခြေခြင်း၊ ရွှေဘီး၊ လည်ဆွဲ ပစ္စည်းမရှိဘူးလား။

ရှိပါတယ်ဘုရား။

ဘယ်လောက် တန်ဖိုးရှိသလဲ။

တန်ဖိုးကျပ် တစ်သောင်းရှိပါလိမ့်မည်ဘုရား။

ဒါဖြစ်လျှင် အဲဒီပစ္စည်းတွေကို ရောင်းချစွန့်လွှတ်ပြီး သံဃာတော်များ သီတင်းသုံးနေထိုင်စရာ (ဆွမ်းစား)ဇရပ်ကို ဆောက်လှူလော့။

အရှင်ဘုရား တပည့်တော်မက မည်သူ့ကို ဆောက်လုပ်ခိုင်းရမှာပါလဲဘုရား။

ငါ့အနားမှာ တို့ဆွေမျိုးတွေ ထိုင်နေကြတာပဲ။ ဆွေမျိုးတို့ တာဝန်ဖြစ်ပါစေ။

အရှင်ဘုရားတို့က ဘာလုပ်မှာပါလဲဘုရား။

ငါလည်း ဒီနေရာ ဒီကျောင်းမှာပဲ နေမှာပါ။ ဇရပ်အတွက် သစ်သားပစ္စည်းများကို ရှာဖွေယူဆောင်ခဲ့ကြ။

ကောင်းပါပြီဘုရား။ ယူဆောင်ခဲ့ကြပါမည်။

ရောဟိနီ နင်ဇရပ်ဆောက်တဲ့အခါ နှစ်ထပ်ဆောက်၊ အပေါ်ထပ်ခင်းပျဉ် ခင်းပြီးတဲ့အခါကစပြီး အောက်ထပ်ကို အမြဲတမ်း တံမြက်လှဲ၊

နေရာတွေကို ခင်းထား၊ အမြဲတမ်း သောက်ရေအိုးတွေမှာ ရေထည့်ထား။

ကောင်းပါပြီ အရှင်ဘုရား။

ဪ...ငါ့မောင်တော် အနုရုဒ္ဓါထေရ် ခိုင်းစေတဲ့အတိုင်း ငါ လက်ဝတ်လက်စား ပစ္စည်းများကို ရောင်းချပြီး နှစ်ထပ်ဇရပ် ဆောက်လုပ်လို့ အထက်ထပ်မှာ သစ်သားဖြင့် ခင်းပြီးချိန်ကစပြီး အောက်ထပ်မှာ ငါတံမြက်လှဲတယ်။ နေရာခင်းတယ်။ သောက်ရေအိုးတွေမှာ ရေထည့်ထားတယ်။ ရဟန်းတော်များ မပြတ် သီတင်းသုံးကြတယ်။ ဇရပ်ကို တံမြက်လှဲစဉ်ကပဲ ငါ့ရဲ့ ကိုယ်ရေရောဂါ ညှိုးလာတယ်။

ဆွမ်းစားဇရပ်တော့ ပြီးသွားပြီ။ ဘုရားအမှူးရှိတဲ့ သံဃာတော်ကို ဇရပ်မှာ ပြည့်လောက်အောင် ပင့်လျှောက်ပြီး သီတင်းသုံးနေတော်မူတဲ့ ဘုရားအမှူးရှိတဲ့ ဘိက္ခုသံဃာအား မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို ပေးလှူမှပဲ။

*  *  *

မြတ်စွာဘုရားသည် ရောဟိနီမင်းသမီး၏ ကုသိုလ်ဆွမ်းစား ဇရပ်၌ ဆွမ်းဘုဉ်းပေးပြီးသောအခါ မေးတော်မူသည်။

ဒီကုသိုလ်က မည်သူ့ကုသိုလ် ဒါနလဲ။

မြတ်စွာဘုရား၊ တပည့်တော် (အနုရုဒ္ဓါ)၏ နှမ ရောဟိနီ၏ ကုသိုလ်ဒါနပါဘုရား။

သူက ယခု ဘယ်မှာလဲ။

မြတ်စွာဘုရား အိမ်မှာပါဘုရား။

သူ့ကို သွားခေါ်ချေကြ။

မှန်ပါဘုရား။

အရှင်ဘုရား မလိုက်လိုဘူး ပြောပါတယ်ဘုရား။

အို...မလိုက်လိုပေမယ့် လိုက်အောင်ခေါ်ခဲ့ကြ။

မြတ်စွာဘုရား ရောဟိနီ မြတ်စွာဘုရားထံ လာရောက်ရှိခိုး နေပါပြီဘုရား။

ရောဟိနီ သင်ဘာကြောင့် မလာလိုတာလဲ။

မြတ်စွာဘုရား တပည့်တော်မ ခန္ဓာကိုယ်မှာ ကိုယ်ရေရောဂါရှိနေပါတယ်။ ဒါကြောင့် ရှက်လို့ မလာခြင်းဖြစ်ပါသည်ဘုရား။

ရောဟိနီ ဘာကြောင့် သင့်မှာ ကိုယ်ရေရောဂါ ဖြစ်တယ်ဆိုတာ သိသလား။

မြတ်စွာဘုရား တပည့်တော်မ မသိပါဘုရား။

သင်၏ အမျက်ဒေါသ၊ အာဃာတကို အကြောင်းပြုပြီး ကိုယ်ရေရောဂါဖြစ်တာ။

မြတ်စွာဘုရား တပည့်တော်မ ဘယ်လိုအမျက်ဒေါသ၊ အာဃာတကို ပြုခဲ့ပါသနည်းဘုရား။

ကောင်းပြီ ရောဟိနီ။ ငါဘုရား သင်၏အတိတ်ဘဝ အမျက်ဒေါသ အာဃာတဖြစ်ခဲ့ပုံကို ဟောပြမည်။ နားထောင်ပေတော့။

မှန်လှပါဘုရား။

လွန်ခဲ့ပြီးသော အတိတ်ကာလ ဘဝတစ်ခု၌ ဗာရာဏသီမင်း၏ အဂ္ဂမဟေသီ မိဖုရားခေါင်သည် မင်း၏ကချေသည်မတစ်ယောက်အား ရန်ငြိုးဖွဲ့၍ ကချေသည်မ၏ဆင်းရဲကို ဖြစ်စေမည်ဟု ကြံရွယ်ပြီး ဂွေးယယ်သီးကြီးတို့ကို ယူဆောင်ထားကာ ကချေသည်မကို မိမိထံခေါ်ပြီး ကချေသည်မ မသိအောင် သူ၏အိပ်ရာ၊ ပဝါ၊ ကော်ဇောတို့အကြား၌ ဂွေးယယ်မှုန့်တို့ကို ဖြူးထားလေ၏။ ကျီစယ်ကစားသယောင်ပြု၍ ကချေသည်မ၏ကိုယ်၌လည်း ဂွေးယယ်မှုန့်တို့ကို ဖြူးချလေ၏။ ထိုခဏ၌ပင် ကချေသည်မ၏ ကိုယ်သည် အပိန့်အပိန့် ဖူးဖူးထဖြစ်လေ၏။

ကချေသည်မသည် အဖူးထသော ကိုယ်ဖြင့် အိပ်ရာ၌ အိပ်လေရာ ဝွေးငယ်မှုန့်တို့သည် ကိုက်စားသကဲ့သို့ ဖြစ်စေကာ အနေခက်လောက်အောင် ကြမ်းတမ်းသော ယားယံဝေဒနာ ဖြစ်ရှာလေ၏။

ထိုအချိန်က ဗာရာဏသီမင်း၏ အဂ္ဂမဟေသီ မိဖုရားခေါင်သည် သင်ရောဟိနီဖြစ်ခဲ့လေပြီ။

ရောဟိနီ၊ ထိုအချိန်အခါက ထိုမကောင်းမှုကံကို သင်သာပြုအပ်ပေသည်။ မှန်ပေသည်။ အနည်းငယ်မျှဖြစ်သော အမျက်ဒေါသအားဃာတသည်သော်လည်းကောင်း၊ သူတစ်ပါး၏ တင့်တယ်ကောင်းစားမှုကို မနှစ်လို၊ ငြူစူခြင်းဣဿာတို့သည်သော်လည်းကောင်း မပြုသင့်သော သဘောရှိသည်ဟုသာ ဖြစ်ပေသည်။

**ကောဓံ ဇဟေ ဝိပ္ပဇဟေယျ မာနံ၊**
**သံယောဇနံ သဗ္ဗမတိက္ကမေယျ။**
**တံ နာမ ရူပသ္မိမသဇ္ဇမာနံ၊**
**အကိဉ္စနံ နာနုပတန္တိ ဒုက္ခာ။**

ရောဟိနီ–အို...ရောဟိနီ၊ ကောဓံ–အဖျက်သဘောကျသည့် အမျက်ဒေါသကို၊ ဇဟေ–မတွယ်မတွန့် ပယ်စွန့်ရာ၏၊ မာနံ–တက်ကြွရာပြ ထိုမာနကို၊ ဝိပ္ပဇဟေယျ–မပြုံးမကွန့် အထူးစွန့်လွှတ်ရာ၏၊ သဗ္ဗံ–အလုံးစုံသော၊ သံယောဇနံ–ငြိတယ် ခင်မင် သံယောဇဉ်ကို၊ အတိက္ကမေယျ–တွယ်မှာကြောက်စွာ လွန်မြောက်ရာ၏။

နာမ ရူပသ္မိံ–ကိုယ့်သန္တာန်ဝယ် အမှန်ထင်ရှား နာမ်ရုပ်တရား၌၊ အသဇ္ဇမာနံ–ငါ၏ရုပ်၊ ငါ၏ ဝေဒနာ စသည်ဖြင့် မစပ်မထိ မကပ်ငြိသော၊ အကိဉ္စနံ–ရာဂစသွယ် ကြောင့်ကြဖွယ် မရှိသော၊ တံ–တကယ်ထုတ်ဆို ထိုပုဂ္ဂိုလ်ကို၊ ဒုက္ခာ–အမျိုးမျိုးအစားစား ဒုက္ခ

တရားတို့သည်၊ နာနုပတန္တိ–အစကပျောက် ဘဝတစ်လျှောက် မကျရောက်နိုင်ကုန်တော့သတည်း။

ဒေသနာတော်အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ် စသည်တို့ကို ရောက်ကြလေကုန်၏။ ရောဟိနီမင်းသမီးသည်လည်း သောတာပတ္တိဖိုလ်၌ တည်ကာ ထိုခဏ၌ပင် ခန္ဓာကိုယ်မှ ကိုယ်ရေရောဂါ ပျောက်ကင်း၍ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အသားအရေဖြစ်လေ၏။

ရောဟိနီမင်းသမီးသည် လူ့ဘဝမှ စုတိပြတ်ကြွေ ကွယ်လွန်လေသောအခါ တာဝတိံသာနတ်ပြည်၌ ကြည်ညိုဖွယ် တင့်တယ်သောအဆင်းရှိသော နတ်သမီးအဖြစ်ဖြင့် နတ်သားလေးယောက်တို့၏ ပိုင်ဆိုင်ရာ ဘုံဗိမာန်အပိုင်းအခြားအကြား၌ ဖြစ်လေ၏။

နတ်သားလေးယောက်တို့သည် ထိုနတ်သမီးကို တွေ့မြင်ကြသောအခါ ချစ်ခင်မြတ်နိုးကြကုန်၍ ငါပိုင်သည့် အပိုင်းအခြားအတွင်း၌ ဖြစ်လာသည်ဟု ငြင်းခုန်ကြကာ သိကြားမင်းထံ နတ်သမီးကိုပါ ခေါ်ဆောင်သွားကြပြီး အရှင်သိကြားမင်း ဤနတ်သမီးကို အကြောင်းပြု၍ ကျွန်ုပ်တို့မှာ သူပိုင် ကိုယ်ပိုင် တရားဖြစ်နေပါသည်။ အဆုံးအဖြတ်ပေးတော်မူပါဟု ပြောဆိုကြကုန်၏။

သိကြားသည်လည်း ထိုနတ်သမီးကို ကြည့်လျက်ပင် ချစ်ခင်မြတ်နိုးသည်၏ဖြစ်ရကား. . .

ဤနတ်သမီးကို တွေ့မြင်ချိန်မှစ၍ သင်နတ်သားတို့၏ စိတ်အသီးသီး၌ ဘယ်လိုဖြစ်သနည်းဟု သိကြားမင်းက မေးသောအခါ နတ်သားတစ်ယောက်က သိကြားမင်း ဤနတ်သမီးကို တွေ့မြင်ချိန်မှစ၍ ကျွန်ုပ်၏စိတ်သည် စစ်မြေပြင်၌ တီးသော စည်ကြီးကဲ့သို့ နောက်ဆုတ်မနေနိုင်အောင် ဖြစ်နေပါသည်ဟု ပြောဆိုလေ၏။

ဒုတိယနတ်သားက ဤနတ်သမီးကို တွေ့မြင်ချိန်မှစ၍ ကျွန်ုပ်၏စိတ်သည် တောင်ပေါ်မှစီးလာသော မြစ်ရေအလျင်ကဲ့သို့ တသွင်သွင်ဖြစ်နေပါသည်ဟု ပြောဆိုလေ၏။

တတိယနတ်သားက ဤနတ်သမီးကို တွေ့မြင်ချိန်မှစ၍ ကျွန်ုပ်၏ မျက်လုံးတို့သည် ပုစွန်မျက်လုံးကို့ကဲ့သို့ ပြူးထွက်နေကုန်သည်ဟု ပြောဆိုလေ၏။

စတုတ္ထနတ်သားက ဤနတ်သမီးကို တွေ့မြင်ချိန်မှစ၍ ကျွန်ုပ်၏စိတ်သည် စေတီ၌ စိုက်ထောင်ထားသည့် တံခွန်ပဟာ လွန်စွာ လှုပ်ရှားလျက် ငြိမ်သက်တည်နေအောင် မစွမ်းနိုင်ပါဟု ပြောဆိုလေ၏။

ထိုအခါ သိကြားမင်းက ထိုနတ်သားတို့ကို အမောင်တို့ သင်တို့၏ အသီးသီးဖြစ်ပေါ်လာသော စိတ်တို့သည် နှိပ်ကွပ်ဆုံးမ၍ ရနိုင်လောက်သော သဘောရှိကုန်သေး၏။ ငါသိကြားမင်းမှာမူကား ဤနတ်သမီးကို ရခဲ့သော် အသက်ရှင်လိမ့်ဦးမည်။ မရလျှင် အသက်ပင် သေရလိမ့်မည်ဟု ပြောဆိုလေ၏။

ထိုအခါ နတ်သားတို့က နတ်တို့သနင်း အရှင်သိကြားမင်း၊ အရှင်သိကြားမင်းတို့၏ သေခြင်းဖြင့် အကျိုးမရှိနိုင်ပါဟု ပြောဆိုကြပြီး ထိုနတ်သမီးကို သိကြားမင်းအား ပေးစွန့်ခဲ့ကြကာ ဖဲ့ခွာသွားကြလေ၏။

ထိုနတ်သမီးသည် သိကြားမင်း၏ ချစ်မြတ်နိုးအပ်သော စိတ်နှလုံးကို ဟိုးပွားစေတတ်သော နတ်မိဖုရားဖြစ်လေ၏။

ရောဟိနီနတ်သမီးက ဤမည့်သော နေရာအရပ်သို့ ကစားပျော်ပါးရန် သွားကြပါစို့ဟု ပြောခဲ့သော် သိကြားမင်းသည် ထိုနတ်မိဖုရား၏ စကားကို မပယ်ရှား မတားမြစ်နိုင် ဖြစ်လေသတည်း။

**ရောဟိနီခတ္တိယကညာဝတ္ထု ပြီး၏။**

## ဦးပုဏ္ဏ၊ ဘရိယာ၊ ဥတ္တရာ

### ဂဲကောင်းတော့ တစ်သက်

ဟော့...မောင်ပုဏ္ဏလား။

ဟုတ်ပါတယ်သူဌေးကြီး (ဦးသုမန)။

အေး...မနေ့ညနေက ကြေညာသွားတယ်ကွယ့်၊ မင်းမသိလိုက်ဘူးလား။ နက္ခတ်ပွဲသဘင် ဆင်ယင်ပျော်မြူးကြမှာတဲ့ကွယ့်။ ငါတို့အိမ်ရှိလူတွေ နက္ခတ်ပွဲ၊ ဆင်နွဲပျော်ကြမှာ၊ မင်းကော နက္ခတ်ပွဲဆင်နွဲပျော်ပါးမှာလား။ ဒါမှမဟုတ် လက်ခစား အလုပ် လုပ်မှာလား။

သူဌေးကြီး၊ ကျွန်တော်တို့မိသားစုက ဆင်းရဲသူ ဆင်းရဲသားတွေပါဗျာ။ ယာဂုကျိုစရာ ဆန်တောင်မရှိပါဘူး။ ပွဲလမ်းသဘင်ဆိုတာက ပစ္စည်းရှိလူတွေရဲ့ အပိုလုပ်ငန်းပါ။ ကျွန်တော်တို့နေရတာက သူဌေးမင်းမြင်တဲ့အတိုင်း အိမ်နောက်ဖေးက တဲကုတ်မှာပါ။ သူဌေးမင်းအိမ်က နွားတွေကို ခိုင်းရမည်ဆိုလျှင် လယ်ကိုပဲ ထွန်မှာပါ။ နက္ခတ်ပွဲကတော့ ကျုပ်တို့အတွက် အကျိုးမရှိပါဘူး။ အကျိုးရှိတဲ့အလုပ်ကိုသာ လုပ်ပါရစေ။

အေး...ဒီလိုဆို ကောင်းတာပေါ့ကွာ။ မင်းကြိုက်တဲ့ နွားတစ်ရှင်းကို ယူသွား၊ အလုပ်လုပ်ပေတော့။

ကောင်းပါပြီဗျာ။

ဟော့...ဘရိယာရေ။

ဘာလဲ ကိုပုဏ္ဏ။

ဒီနေ့ သူများအတွက် နက္ခတ်ပွဲမှာ ပျော်ကြ၊ ပါးကြမှာကွ။ ငါတို့ မိသားစုကတော့ အလုပ်လုပ်ဖို့ပဲ။ သမီးလေ ဥတ္တရာ အိပ်ရာက မထသေးဘူးလား။

သမီးလေး ဥတ္တရာ အိပ်ရာက မထသေးဘူး ကိုပုဏ္ဏရဲ့။

အေး...အိပ်ပါစေ။ သူ့ကိုပြောထား၊ သူများတွေ ပျော်ကြ၊ ပါးကြ တာကို မြင်တာ ကြားတာနဲ့ ဝမ်းမပါးဖို့၊ ဣန္ဒြေရရနေဖို့၊ ထိုင်ဖို့ ပြောထား။

တို့မိသားစုက ဆင်းရဲတယ် မဟုတ်လား။ သူဌေးကြီးကို ငါပြော ခဲ့ပြီးပြီ။ အားကောင်းကောင်း နွားတစ်ရှဉ်းနဲ့ ထွန်, ထွန်တုံးကို ယူလာ ခဲ့တယ်။ ကိုယ် ထွန်နိုင်သလောက် အခရမှာပဲ။ ဒီတော့ ဒီနေ့ ငါ့အတွက် နေ့တိုင်းကထက် နှစ်ဆတက် ထမင်းချက်ပြီး လာပို့လှည့်။ ငါလယ်ထွန်သွားပြီနော်။

ကောင်းပါပြီ ကိုပုဏ္ဏ။

* * *

အင်း...ငါ (သာရိပုတ္တရာ) နိရောဓသမာပတ်မှ ထကာစဖြစ်တယ်။ ယနေ့ မည်သူ့အား ချီးမြှောက်ဖို့ သင့်ပါလိမ့်။ ဒိဗ္ဗစက္ခုဖြင့် ရှုကြည့် လိုက်ဦးမှပဲ။

ဩော်...မောင်ပုဏ္ဏ ငါရဲ့ ဉာဏ်ကွန်ရက်အတွင်း ဝင်လာပါ ကလား။ သူ့မှာ သဒ္ဓါတရား ရှိမရှိ၊ ငါ့အား ချီးမြှောက်နိုင်စွမ်း ရှိမရှိ ကြည့်လိုက်ပြန်တော့ သဒ္ဓါတရား ရှိတာ၊ ချီးမြှောက်နိုင်တာ ချီးမြှောက်လိုက်ခြင်းကြောင့် ကြီးကျယ်တဲ့ စည်းစိမ်ချမ်းသာကို ရမှာ

ပါကလား။ သင်္ကန်းရုံ သပိတ်ပိုက်ပြီး မောင်ပုဏ္ဏ လယ်ထွန်ရာ ဌာနအနီး သွားလေမှပဲ။

ဟာ...သာရိပုတ္တရာထေရ်ကြီးပါလား။ ငါ့လယ်အနီးက ရေတွင်း အနီး ခြုံတစ်ခြုံကို ကြည့်ပြီး ရပ်နေတော်မူတယ်။ ထွန်ခဏရပ် ထားပြီး ကိုယ်တော်ကြီးထံ သွားဦးမှပဲ။ ခြေပုဆစ်၊ ဒူး၊ နဖူး၊ လက်၊ တံတောင် ကိုယ်အင်္ဂါငါးရပ် မြေမှာကပ်ပြီး ကိုယ်တော်မြတ်ကြီးအား ရှိခိုးပြီးပြီ။ နွယ်ခြုံကြည့်နေပုံထောက်တော့ ဒန်ပူဖြင့် အလိုရှိပုံရတယ်။ ဒန်ပူကပ်ပြီး လှူမှပဲ။

ဩော်...အရှင်မြတ်ကြီးက ဒန်ပူကို အကပ်ခံပြီး သပိတ်နဲ့ ရေစစ် ကို ငါ့အား ထုတ်ပေးတော်မူတယ်။ ရေကို အလိုရှိလို့ပဲ။

ကဲ...ရေစစ်ပြီး သပိတ်ထဲထည့် ပေးလှူလိုက်ရပြီ။

အင်း...ဒီမောင်ပုဏ္ဏဟာ သူတစ်ပါးအိမ်နောက်ဖေးက တဲကုတ် မှာ နေရတယ်။ သူ့အိမ်ကို ငါကြွသွားလျှင် သူ့ဇနီး ဘရိယာ ငါ့ကို မြင်ခွင့်မရဘူး။ ဒီတော့ သူ့ဇနီး ဘရိယာ မောင်ပုဏ္ဏအတွက် ထမင်း ယူလာချိန်အထိ မောင်ပုဏ္ဏ လယ်ထွန်ရာနေရာအနီးမှာ နေဦးမှပဲ။

ဩော်...မောင်ပုဏ္ဏရဲ့ဇနီး ထမင်းတောင်းရွက်ပြီး မြို့ထဲက ထွက် လာပြီ။ ငါမြို့ထဲ ဦးတည်ကြွမှပဲ။

ဟာ...အရှင်သာရိပုတ္တရာထေရ်ကြီးပါကလား။

တစ်ခါတစ်ရံ ငါ့မှာ လှူဖွယ်ပစ္စည်းရှိသော်လည်း အရှင်မြတ်ကို မဖူးတွေ့ရဘူး။ တစ်ခါတစ်ရံ အရှင်မြတ်ကို ဖူးတွေ့ရပြန်သော်လည်း လှူဖွယ်ပစ္စည်းက မရှိဖြစ်ခဲ့ရတယ်။ ဒီနေ့မှာတော့ အရှင်မြတ်ကြီး ကိုလည်း ဖူးတွေ့ရတယ်။ လှူဖွယ်ပစ္စည်းကလည်း ရှိလာတယ်။ ငါ့အား ချီးမြှောက်ကောင်းပါရဲ့။

ဟော...အရှင်မြတ်ကြီး ငါ့အနီးရောက်လာပြီ။ ထမင်းတောင်းချ ပြီး အရှင်မြတ်ကြီးကို တည်ခြင်းငါးမျိုးရှိတဲ့ ရှိခိုးခြင်းဖြင့် ရှိခိုးပြီးပြီ။

လျှောက်ထားဦးမှပဲ။ အရှင်မြတ်ကြီးဘုရား တပည့်မ ကပ်လှူမည့် ဆွမ်းကိုမကောင်းဘူး၊ ကောင်းတယ် မကြံစည်ပါပဲ အရှင်မြတ်တို့ရဲ့ ကျွန်ဖြစ်သူ ကိုပုဏ္ဏအား ချီးမြှောက်သောအားဖြင့် အလှူခံယူတော်မူပါဘုရား။

အင်း...ရှိသေလေးစားစွာဖြင့် ငါ့အား ရှိခိုးလျှောက်ထားရှာတယ်။ သပိတ်ဖွင့် ပေးလိုက်မှပဲ။

ဩော်...အရှင်မြတ်ကြီးက ချီးမြှောက်ပေတာပဲ။

ကဲ...မောင်ပုဏ္ဏအတွက် ယူလာတဲ့ထမင်းကို သပိတ်ထဲ ထည့်လှူမှပဲ။

အရှင်မြတ်ဘုရား၊ တစ်ယောက်စာဆွမ်းက တစ်ဝက်သာ သပိတ်ထဲ ရောက်ပါသေးတယ်။ လက်တော်ဖြင့် သပိတ်ကို ပိတ်တော်မမူပါနဲ့။ အရှင်ဘုရားတို့ရဲ့ ကျွန် ကိုပုဏ္ဏအား ဤလောက ဤဘဝ တစ်ဝက်သာ စားရရုံလောက် ချီးမြှောက်တော်မမူဘဲ တမလွန်လောက တစ်လျှောက်လုံးအတွက် ချီးမြှောက်တော်မူပါ။ အကြွင်းမရှိ လှူလိုပါသည်ဘုရား။

အရှင်မြတ်ကြီးဘုရား၊ ယူခဲ့သည့် ဆွမ်းအလှူဝတ္ထုအားလုံးကို အကြွင်းအကျန်မရှိ တပည့်မ လှူလိုက်ရပါပြီ။ ဤကောင်းမှုကြောင့် အရှင်မြတ်တို့ သိထားအပ်သည့် တရားမြတ်၏ အဖို့အစု ရရှိသူဖြစ်ရပါလို၏ဘုရား။

ဧဝံ ဟောတု–သင်ဆုတောင်းသည့်အတိုင်း ဖြစ်ပါစေ။

ကဲ...ငါလည်း အိုးသွန်ခွက်မှောက် လှူလိုက်ရပြီ။ လိုရင်းဆုကိုလည်း တောင်းလိုက်ရပြီ။ အိမ်ပြန်ပြီး ဆန်ရှာ ထမင်းချက်ဦးမှပဲ။

ဟာ...ငါ့ကြီုးကြိုးစားစား အားကောင်းကောင်း နွားတစ်ရှဉ်း မောင်းနှင်ပြီး လယ်ထွန်လိုက်တာ လယ်မှာ ပယ်ဝက်အကျယ်လောက် ထွန်မိပြီးပြီ။ ငါ့ဇနီး ထမင်းပို့ မလာသေးဘူး။ ဝမ်းကတော့ ဆာ

လိုက်တာ အူတကြွတ်ကြွတ်ဖြစ်နေပြီ။ နွားတွေခဏချွတ်ထားပြီး ဒီသစ်ပစ်ရိပ်အောက် ဝင်ရောက် ထိုင်နားနေရင်း အိမ်ကဇနီးလာမည့် လမ်းကို လှမ်းကြည့်နေမှပဲ။

ဟော…ကိုပုဏ္ဏ ငါလာမည့်လမ်းကို လှမ်းကြည့်နေရှာတယ်။ သူ့ခမြာ ဆာလောင်ခြင်း နှိပ်စက်ခံရပြီး ငါ့ကို မျှော်ကြည့် ထိုင်နေတာပဲ။

ဟဲ့…ကျွန်မ နင်ထမင်းပို့လာတာ ကြာလွန်လှချေလားလို့ ငါ့ကို ခြိမ်းခြောက်ပြီး နွားနှင်တံနှင့် ငါ့ကို ရိုက်လိုက်လျှင် ငါပြုထားတဲ့ ကုသိုလ်ကံ အကျိုးမရှိ အချည်းအနှီးဖြစ်တော့မည်။ စောစော ကြိုတင်ပြီး သူ့အား ပြောထားမှပဲ။

အို…အိမ်ရှင် ကျွန်မချစ်လင် ကိုပုဏ္ဏ၊ ဒီနေ့တစ်ရက် ရှင့်စိတ်ကို ကြည်ကြည်လင်လင်ဖြစ်ပါစေ။ အိမ်ရှင်မဇနီး ကျွန်မပြုလုပ်ပေးထားတဲ့ ကုသိုလ်ကံကို အကျိုးမရှိ အချည်းနှီးဖြစ်အောင် မလုပ်ပါလိုက်ပါနဲ့။ ကျွန်မ နံနက်စောစောကပင် ရှင့်အတွက် ထမင်းကို ခေါင်းရွက် ယူလာစဉ် လယ်ကွက်နှင့် မြို့အကြား လမ်းခုလတ်မှာ တရားစစ်သူကြီး အရှင်သာရိပုတ္တရာထေရ်ကို ဖူးတွေ့ရလို့ ကိုပုဏ္ဏအတွက် ရွက်လာသည့် တစ်နပ်စာ ထမင်းကို သာရိပုတ္တရာထေရ်အား ပေးလှူလိုက်ပြီး အိမ်ကို တစ်ဖန်ပြန်ကာ ဆန်ရှာပြီး ထမင်းချက် ယူလာခဲ့ရတာပါ။ အို…အိမ်ရှင် ကျွန်မရဲ့ချစ်လင် ရှင့်စိတ်ကို ကြည်လင်ပါစေ။

ဩော်…ငါ့ဇနီး ခပ်ဝေးဝေးက လှမ်းအော်ပြောရှာတယ်၊ ထူးခြားတဲ့ အကြောင်း ရှိခဲ့လို့ပဲ။ ငါ့အနားရောက်မှ မေးရဦးမယ်။

ရှင်မ ဘရိယာ သိသာအောင် ပြောစမ်းပါဦး။ အဝေးက လှမ်းပြီး ဘာကို ပြောလိုက်တာလဲ။

ကိုပုဏ္ဏ ရှင့်အတွက် ချက်ယူခဲ့တဲ့ ထမင်းကို လယ်တောထဲ မရောက်မီ လမ်းမှာ ရှင်သာရိပုတ္တရာထေရ်အား ဝမ်းမြောက်ဝမ်းသာ

လှူလိုက်ပြီး လောကုတ္တရာဆုကိုလည်း တောင်းလိုက်တယ်။ အိမ်ပြန်ဆန်ရှာ၊ ထမင်းချက် ပြန်လာနေရလို့ အချိန်ကြာသွားတာကို ကိုပုဏ္ဏက ထမင်းဆာလွန်းနေတော့ စိတ်ဆိုးပြီး ကျွန်မကို အော်လိုက်၊ ငေါက်လိုက်မှာကို ကြောက်ပြီး စိတ်ထားကြီးကြီးဖြစ်နေဖို့ ကြိုတင်ပြောခဲ့တာပါ။

ရှင်မရေ၊ ကောင်းလေစွ။ ကောင်းလေစွ။ ငါ့အတွက် ထမင်းကို ရှင်သာရိပုတ္တရာထေရ်အား ပေးလှူခြင်းဖြင့် ကောင်းတာကို ပြုလိုက်တာပါပဲ။ ငါလည်း ဒီနေ့ စောစောက အရှင်မြတ်ကြီးအား ဒန်ပူနဲ့ မျက်နှာသစ်ရေကို ပေးလှူလိုက်ရတယ်။ သာဓု...သာဓု...သာဓု။

ကဲ...ပင်ပင်ပန်းပန်းနဲ့ နေမြင့်လှမှ ထမင်းကို ဝဝကြီးစားပြီးပြီ။ ရှင်မရဲ့ တင်ပလ္လင်ခွေမှာ ငါ့ဦးခေါင်းထားပြီး အိပ်ရင်း နားလိုက်ဦးမယ်။

အို...ရှင်မ ဘရိယာ သိသာအောင် သေသေချာချာကြည့်ပေးစမ်းပါ။ ငါ ယခု အိပ်ရာက နိုးနိုးချင်း ငါထွန်ထားတဲ့ လယ်ကွင်းကြည့်ရတာ တဝင်းဝင်း တပြောင်ပြောင် ရွှေရောင်တွေထင်ရှား မဟာလှေကားပန်းပုံကြီးသဖွယ် တင့်တင့်တယ်တယ် မြင်နေရတယ်။ အသေးအဖွဲ့ ခဲကလေးကအစ ရွှေတုံးရွှေခဲတွေလို မြင်နေရတယ်။ မွန်းတိမ်းမှ ထမင်းကို စားလိုက်ရတော့ ငါ့မျက်စိတွေများ လည်နေရော့သလား။ ကြည့်စမ်းပါဦး။

ကိုပုဏ္ဏ၊ ကျွန်မလည်း ရှင်မြင်သလိုပဲ ရွှေခဲတွေကို မြင်နေရတယ်။

အေး...နေစမ်းပါဦးဟေ့၊ ငါထသွားပြီး တစ်ခဲလောက် ကောက်၊ ထွန်တုံးထိပ်ခေါက်ကြည့်ဦးမယ်။

ဟော...မိန်းမရေ ဟုတ်တယ်။ ရွှေတုံးရွှေခဲတွေပဲကွ။ အံ့ဩစရာကောင်းလိုက်တာ။ ရှင်သာရိပုတ္တရာထေရ်အား ငါ့အတွက် ဆွမ်းကို လှူလိုက်ရတဲ့ ဒါနက ယနေ့မှပဲ အကျိုးပေးပြလိုက်တာပဲကွ။ ငါတို့ ဒီရွှေတုံးရွှေခဲ ပစ္စည်းဥစ္စာအားလုံးကို ဖုံးကွယ်ပြီး မသုံးနိုင်ဘူး။ ကဲ...

လာ...လာ၊ ရှင်မ ယူခဲ့တဲ့ ထမင်းခွက်ကို ယူခဲ့စမ်း။ ဒီခွက်နဲ့အပြည့် ရွှေတွေကိုထဲ့ပြီး ဗိမ္ဗိသာရမင်းနန်းတော်ကို ငါသွားပြီး ဆက်သလိုက်မယ်။

ကောင်းပါပြီ ကိုပုဏ္ဏ။

အမောင် ဘာလဲ၊ သံတော်ဦးတင်စမ်း။

အရှင်မင်းကြီး၊ ယနေ့ ကျွန်တော်မျိုး ထွန်စာခဲ့လယ်မှာ အသေးအဖွဲ့ မြေခဲကအစ အားလုံး ရွှေခဲတွေအပြည့်ဖြစ်နေပါကြောင်း။ ဒီရွှေတွေကို ဆောင်ယူဖို့ သင့်လှပါကြောင်း အရှင်မင်းကြီး။

သင်က ဘယ်သူလဲ။

ကျွန်တော်မျိုးက မောင်ပုဏ္ဏပါ။

ဒီနေ့ ဘာကို လုပ်သလဲ။

ဒီနေ့ နံနက်အချိန်က တရားစစ်သူကြီး အရှင်သာရိပုတ္တရာထေရ်အား ကျွန်တော်မျိုးက ဒန်ပူနှင့် မျက်နှာသစ်ရေကို ပေးလှူခဲ့ပါတယ်။ ကျွန်တော်မျိုးရဲ့ ဇနီး ဘရိယာက ကျွန်တော်မျိုးအတွက် လယ်တောကို ယူလာတဲ့ ထမင်းကို အရှင်သာရိပုတ္တရာအားပင် ပေးလှူခဲ့ပါတယ် အရှင်မင်းကြီး။

အို...အမတ်ကြီးတို့ ယနေ့ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာထေရ်အား ပေးလှူခဲ့သော ဒါနကုသိုလ်သည် ယနေ့ပင် အကျိုးပေးအပ်တော့သည်။

* * *

ကဲ...မောင်ပုဏ္ဏ ဘယ်လို လုပ်မှာလဲ။

အရှင်မင်းကြီး အစည်းပေါင်း အထောင်မက လှည်းတွေကို စေလွှတ်ပြီး ရွှေတွေကို တိုက်ယူနိုင်းတော်မူပါဘုရား။

ကောင်းပြီ မောင်ပုဏ္ဏ။

ဟာ…ရွှေကွင်းပြင်ကြီးက အကျယ်ကြီးပဲ။ ကဲ…မိဗ္ဗိသာရမင်းရဲ့ ပစ္စည်းပဲကွ။ ကဲ…ကောက်တင်ကြ။

ဟယ်- ကောက်ကိုင်လိုက်တာနဲ့ မြေကြီးတွေ ဖြစ်နေပါကလား။ မင်းကြီးထံ ပြန်လာပြီး သံတော်ဦး တင်မှပဲ။

အရှင်မင်းကြီး အမြင်ကတော့ ရွှေခဲပဲ၊ ကောက်ကိုင်လိုက်တော့ မြေခဲဖြစ်နေကြောင်းပါဘုရား။

အလို…မင်းတို့က ဘယ်လိုဆိုပြီး ကောက်ယူကြတာလဲ။

အရှင်မင်းကြီးရဲ့ ပစ္စည်းဥစ္စာဆိုပြီး ကောက်ယူကြကြောင်းပါ။

ဟာ…ငါ့ဥစ္စာမှ မဟုတ်တာ၊ ပြန်သွားကြ။ ပုဏ္ဏရဲ့ ပစ္စည်း ဆိုပြီး ကောက်တင်ခဲ့ကြ။

မှန်လှပါ။

ဟော့…ငါ့လူတို့၊ ပုဏ္ဏရဲ့ပစ္စည်းဆိုပြီး ကောက်ကောက်တင်လိုက် တာ အားလုံး ရွှေတွေချည်းပဲကွ။

ကဲ…ကဲ…အားလုံး တင်ခဲ့ကြတော့။ နန်းတော်ဝင်းအတွင်းမှာ စုပုံထားကြစို့။

အရှင်မင်းကြီး ပုဏ္ဏရဲ့ပစ္စည်း ရွှေတွေ နန်းတော်ဝင်းအတွင်းမှာ ပုံထားလိုက်ကြတာ အတောင်ရှစ်ဆယ်မြင့်တဲ့ ရွှေပုံကြီးဖြစ်နေကြောင်း ပါဘုရား။

မင်းကြီးများ မြို့သူမြို့သားတွေ အားလုံး နန်းတော်ဝင်းအတွင်းမှာ စုဝေးကြစေဗျာ။

မှန်လှပါ၊ မြို့သူမြို့သားအားလုံး စုဝေးမိကြောင်းပါဘုရား။

မှူးကြီးမတ်ရာ သေနာပတိ စရှိထားကာ များစွာထင်ရှား လူအများတို့၊ ငါတို့စုခိ ဤရာဇဂြိုဟ်မှာ အပိုစုဆုံ ဤရွှေပုံလောက် အဘယ်သူအား ဥစ္စာအများ ထင်ရှားရှိသနည်း။

အရှင်မင်းကြီးဘုရား ရွှေပုံ အတောင်ရှစ်ဆယ်ကိုမဆိုထားဘိ အများရှိသည့် လူမှာပင် အသပြာဝင် ရွှေစင်တစ်ကျပ်ရှိဖို့ရာ ခဲကပ်လှကြောင်းပါ အရှင်မင်းကြီး။

ကောင်းပြီ၊ အတောင်ရှစ်ဆယ် မြင့်မောက်သည့်တိုင်အောင် များမြောင်ရွှေသားရှိထားသူ မောင်ပုဏ္ဏအား အဘယ်ဆုကို ပေးသင့်သနည်း။

မှန်လှပါအရှင်မင်းကြီး၊ ရွှေသူဌေး မောင်ပုဏ္ဏအား သူဌေးတို့ အဆောင်အယောင် ထီးကို ပေးသင့်ပါကြောင်း။

ကောင်းပေစွ၊ ကောင်းပေစွ၊ ကဲ...မောင်ပုဏ္ဏ သင့်အား များစွာသော အသုံးအဆောင်နှင့်အတူ ဗဟုဓနသေဋ္ဌိ (ပစ္စည်းပေါသူဌေး) ဘွဲ့အမည်ဖြင့် အဆောင်အယောင်သူဌေးထီးကို ငါမင်းမြတ် အပ်နှင်းလိုက်သည်။ ဤမြို့တော်အတွင်း သူဌေးအသင်းဝင်တစ်ဦး ဖြစ်စေဗျား။

ဝမ်းသာလှပါကြောင်း အရှင်မင်းကြီး။ ကျွန်တော်မျိုးအား ရှိပစ္စည်းနှင့် တစ်ပြေးတည်းသည့် သူဌေးဘွဲ့ အပ်နှံတာတော့ မှန်လှပါပြီ။ ကျွန်တော်မျိုးမှာ သူဌေးဘွဲ့ရချိန်အထိ သူတစ်ပါးအိမ်နောက်ဖေးမှာ မလောက်မလေး အကဲစုပ်သည့် တဲကုပ်ဖြင့် နေခဲ့သူမို့ နေထိုင်စရာ မြေ တစ်နေရာမျှ မရှိပါသဖြင့် သိသာရန် အနေရွေးပြီး မြေပေးတော်မူပါ အရှင်မင်းကြီး။

အေး...ဟုတ်ပေသားပဲ။ ကဲ...ကဲ...မောင်ပုဏ္ဏ ဒီမြေကွက်က အခြေပျက်သွားတဲ့ ရှေးသူဌေးတစ်ဦး နေဖူးသွားတဲ့ မြေကွက်ပဲ။ နေချင်ဖွယ် သိပ်ကောင်းသော်လည်း ခြုံပိတ်ပေါင်းတွေ ဖြစ်နေတယ်။ ဒါတွေကို ဖယ်ရှားပြီး သူဌေးအိမ် တည်ထားပေတော့။

ဟော...မိတ်ဆွေတို့ ဘုရင်မင်းမြတ် ချီးမြှင့်လိုက်တဲ့ ဒီအိမ်နေရာ သုတ်သင်ရှင်းလင်းလိုက်တာ သုံးရက်လောက်ကြာလာပြီ။ ဟောဒီမှာ

အံ့ဩစရာတွေက တစ်အိုးနှင့်တစ်အိုးထိပြီး ရွှေအတိပြည့်သည့် အိုးတွေပေါ်လာတယ်။ သည်အိုးတွေကို ထုတ်ဆောင်ပြီး မင်းကြီးအား အသိပေးကြမှ တော်မယ်ဗျ။

မှန်တယ် ဦးပုဏ္ဏ၊ အသိပေးပေတော့။

အရှင်မင်းကြီး ရွှေအိုးတွေကို သိမ်းယူတော်မူပါ။

ဟဲ့...မောင်ပုဏ္ဏ နှင့်ကုသိုလ်အခွင့်ပေါ်လို့ အသင့်ပေါ်လာတဲ့ အိုးတွေပဲ။ သင်ပဲ သိမ်းဆည်းသုံးဆောင်ပေတော့။

ကဲ...ငါ့အတွက် ဘုရင်မင်းမြတ်ပေးတဲ့ မြေကွက်မှာ အိမ်ဆောက်ပြီးပြီ။ အိမ်တက်မင်္ဂလာ၊ သူဌေးထီးဆောင်းမင်္ဂလာ တစ်ပြိုင်နက်ပြုလျက် ခုနစ်ရက်တိုင်အောင် ဘုရားအမှူးရှိသော ရဟန်းသံဃာအား ဒါနဝတ္ထုကို ပေးလှူရပြီ၊ ဒီဒါနပွဲမှာ မြတ်စွာဘုရား၏ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာနံ အာဒီနဝကထာ၊ နေက္ခမ္မေ အနိ သံသကထာ၊ သာမုက္ကံသိကကထာ၊ ဒေသနာတော်အစဉ်ကို ကြည်ရွှင် စွာ နာလိုက်ရလို့ ဥတ္တရာသမီးနှင့် ဇနီး မယ်ဘရိယာ ငါပါသုံးဦး သောတာပတ္တိဖိုလ်ကို ရက်တိုတိုနဲ့ ကူးခဲ့ကြပါတကား။

ကဲ...မောင်ပုဏ္ဏ၊ သင်လည်း သူဌေးတစ်ဦးဖြစ်လာပြီ၊ သင့်သမီး ဥတ္တရာကို လက်ထပ်ထိမ်းမြားရန် ငါ့သားအား ပေးပေတော့။

ဟာ...ကျွန်တော် မပေးနိုင်ဘူးဗျာ။

မောင်ပုဏ္ဏ ဒီလိုမပြောပါနဲ့။ သူဌေးဖြစ်ချိန်အထိ ငါတို့ကို အမှီပြုပြီး နေရလို့ သင်သူဌေးစည်းစိမ်ကိုရတာပါ။ သင့်သမီး ငါ့သားအား ပေးပါ။

ခင်ဗျား (သုမနသူဌေး)ရဲ့သားက ရတနာသုံးတန် ကံ ကံရဲ့အကျိုးကို ယုံကြည်မြတ်နိုး ကိုးကွယ်တဲ့သား မဟုတ်ဘူး။ ကျုပ်ရဲ့သမီး (ဥတ္တရာ)က ရတနာသုံးပါးနဲ့ ကင်းနိုင်သူ မဟုတ်ဘူး။ ဒါကြောင့် ခင်ဗျားသားအား ကျုပ်သမီးကို မပေးနိုင်တာ။

အို...သူဌေးအမျိုးသားအပေါင်းတို့သုမနသူဌေးက သူ့သားနဲ့ ထိမ်းမြား လက်ထပ်ဖို့ သူဌေးအသစ် ပုဏ္ဏထံမှာ သမီးကို တောင်းခံတော့ ပုဏ္ဏသူဌေးက သူ့သမီးကို မပေးနိုင်ဘူးတဲ့။

ဘာကြောင့် မပေးနိုင်တာလဲတဲ့။ သုမနသူဌေးရဲ့သားက မိစ္ဆာဒိဋ္ဌိဖြစ်ပြီး ပုဏ္ဏသူဌေးရဲ့သမီး (ဥတ္တရာ)က အစလသဒ္ဓါနှင့် ပြည့်စုံတဲ့ ဥပါသိကာဖြစ်နေလို့တဲ့။ အသွင်မတူတော့ အိမ်သူမဖြစ်နိုင်ဘူးဆိုတဲ့ သဘောပေါ့ဗျာ။

အင်း...ဒီလိုဆိုရင် ကျုပ်တို့သူဌေးချင်း အသင်းကွဲတော့မယ်။ ကျုပ်တို့တစ်တွေက စုံစုံညီညီနဲ့ သူဌေးဦးပုဏ္ဏထံ သွားပြောကြမှတော်မည်။

ပြောစရာရှိတာကို ပြောကြပါ။

ပြောရမှာက ခင်ဗျားနဲ့ သုမနသူဌေး အကျွမ်းဝင်မှုကို မဖျက်ပါနဲ့။ သူ့သားအတွက် ခင်ဗျားရဲ့သမီးကို ပေးလိုက်ပါ။ ဒါပါပဲ။

ကဲ...ကဲ...ခင်ဗျားတို့က ရှေ့ရှေ့နောက်နောက် စဉ်းစားပြီး ဝိုင်းပြောကြမှတော့ ကျုပ်အနေနဲ့ မပေးလိုသော်လည်း ခင်ဗျားတို့ အများရဲ့ ဆန္ဒ လိုက်လျောတဲ့အနေနဲ့ ပေးပါမည်။

* * *

ဩော်...ငါမိဘတို့စကား ပျားသကာလိုချိုပြီး လက်ခံလိုက်လို့ လွန်ခဲ့တဲ့ ဝါဆိုလပြည့်နေ့က သုမနသူဌေးရဲ့သားနဲ့ လက်ထပ်ခဲ့ရတယ်၊ ယောကျ်ားအိမ်ရောက်လာတဲ့ အချိန်ကစပြီး ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ တစ်ယောက်ကိုမျှ ဆည်းကပ်ဖူးမြော်ခွင့်၊ အလှူပေးခွင့်၊ တရားနာခွင့် မရခဲ့ဘူး။

ဟဲ့...အလုပ်အကျွေးများ။

သခင်မ ဘာကို မိန့်မလို့လဲ။

ငါဝါဆိုလပြည့်နေ့ကစပြီး ဒီအိမ်ရောက်ခဲ့တယ်။ ရတနာသုံးပါးနဲ့ ကင်းကွာနေရလို့ ဒီအိမ်မှာ ငါမပျော်မွေ့ဘူး။ ဝါကျွတ်ဖို့ရက် ဘယ်နှစ်ရက် လိုသေးသလဲ။

ဪ...သခင်မ ဒီနေ့က တော်သလင်းလကွယ်နေ့ဖြစ်နေတော့ ဝါကျွတ်ဖို့ (၁၅)ရက်ပဲ လိုတော့တယ်။

အေး...အေး၊ ငါ့ဖခင်ထံ သတင်းပို့ချေကြ။

ကောင်းပါပြီ သခင်မ။

ဖေဖေ မေမေတို့၊ ကျွန်မကို ဘာကြောင့် မိစ္ဆာဒိဋ္ဌိအိမ်ဆိုတဲ့ အချုပ်ခန်းထဲ ထည့်သွင်းထားကြတာလဲ။

ကျွန်မကိုယ်မှာ ကျွန်မဖြစ်ကြောင်း လက္ခဏာအမှတ်တံဆိပ် ခပ်နှိပ်ပြီး တခြားသူတွေထံမှာ ကျွန်မအဖြစ် ကြေညာလိုက်တာက မြတ်ပါသေးတယ်။ ရတနာသုံးပါး မဆည်းမကပ် အယူမဖြောင့်၊ သီလမစောင့်တဲ့ မိစ္ဆာဒိဋ္ဌိအမျိုးအား ကျွန်မကို ပေးဖို့မသင့်ပါဘူး။ မိစ္ဆာဒိဋ္ဌိအိမ်ရောက်နေချိန်ကစပြီး သမဏာနုဿဒဿနမင်္ဂလာ၊ ဒါန မင်္ဂလာ၊ ဓမ္မဿဝနမင်္ဂလာဆိုလို့ ဘာတစ်ခုကိုမျှ သမီးပြုခွင့်မရ ဖြစ်နေပါတယ်။

အေး...ငါ့သမီးကလေး စိတ်ဆင်းရဲဖြစ်နေရှာတယ်။ ငါတို့လည်း စိတ်မကောင်းကြောင်းပြောပါ။ ယခု ငွေတစ်သောင်းခွဲ ပေးလိုက်မယ်။ ဒီရာဇဂြိုဟ်မြို့မှာ သီရိမာဆိုတဲ့ ပြည့်တန်ဆာအမျိုးသမီး ရှိတယ်။ သူ့ကို တစ်နေ့ အသပြာတစ်ထောင်ပေးလျှင် ရတယ်။ သူ့ကို သမီးရဲ့ ယောက်ျား ခြေရင်းအလုပ်အကျွေးအဖြစ် တစ်နေ့ အသပြာတစ်ထောင် ပေးပြီး အငှားမယားအဖြစ် အပ်ထားလိုက်။ သမီးကိုယ်တိုင်ကတော့ ကုသိုလ်ကောင်းမှုပြုနေပါလို့ ပြောလိုက်ကြ။

ဟဲ့...မယ်တာ။

သခင်မ အမိန့်ရှိပါ။

ညည်း သီရိမာအိမ်ကို သိရဲ့လား။

သိပါတယ် သခင်မ။

အေး...သူ့ကို သွားခေါ်ချေ။ သခင်မ ဥတ္တရာက အခေါ် လွှတ်လိုက်လို့လို့ပြော။

ကောင်းပါပြီ သခင်မ။

သခင်မ ဥတ္တရာရှင့် သီရိမာ အမျိုးသမီးရောက်နေပါပြီ။

မိတ်ဆွေမ သီရိမာ ကျွန်မစကားပြောလိုတာက တစ်ရက်လျှင် အသပြာတစ်ထောင်နှုန်းနှင့် သီတင်းကျွတ်လဆန်း(၁)ရက်က လပြည့် နေ့အထိ (၁၅)ရက်အတွက် ငွေအသပြာတစ်သောင်းငါးထောင်ကို ယူထားပါ။ ရှင်(သီရိမာ)က ကျွန်မကိုယ်စား ကျွန်မယောကျ်ားအား အစစ ပြုစုလုပ်ကျွေးပါ။

ကောင်းပါပြီ ဒေါ်ဥတ္တရာ။

ဒါဖြင့်ရင် ကျွန်မယောကျ်ားထံ သွားကြစို့။

ကောင်းပါပြီ။

ဒီမှာရှင့် အိမ်ရှင်၊ ကျွန်မ သီရိမာအမျိုးသမီးကို ခေါ်ခဲ့ပါတယ်။

ဒါက ဘယ်လိုအစီအစဉ်လဲ။

အို...အိမ်ရှင် ယခု(၁၅)ရက်ပတ်လုံး ကျွန်မရဲ့ မိတ်ဆွေ သီရိမာက အရှင့်ကို ပြုစု လုပ်ကျွေးပါလိမ့်မယ်။ ကျွန်မကတော့ ဒီ (၁၅) ရက် ပတ်လုံး အလှူပေးတရားနာပြီး နေလိုပါတယ်။

သဘောပေါက်ပါပြီဗျာ။ ကောင်းပါပြီ၊ ကောင်းပါပြီ။ မဥတ္တရာရဲ့ အစီအစဉ်ကို လက်ခံပါတယ်။

မြတ်စွာဘုရား တပည့်ရဟန်းသံဃာတော်နဲ့အတူ သီတင်းကျွတ် လပြည့်ထိ ဤ(၁၅)ရက်ပတ်လုံး တခြားပင့်ဖိတ်ရာဌာနသို့ ကြွတော် မမူဘဲ တပည့်တော်မအိမ်မှာသာ ဆွမ်းကို ခံယူတော်မူပါဘုရား။

ဟော့...တပည့်မတို့ (၁၅)ရက်ပတ်လုံး ရဟန်းသံဃာတော်နှင့် အတူ တို့အိမ်ကြွတော်မူဖို့ မြတ်စွာဘုရားကို ပင့်လျှောက်တော့ မြတ်စွာဘုရား ခွင့်ပြုတော်မူတယ်။ ညည်းတို့တစ်တွေလဲ ကုသိုလ်အထူး ပွားလူးကြဖို့ သတိပြု ဆောင်ရွက်ကြပါ။

ကောင်းပါပြီ သခင်မ။

ဩော်...နက်ဖြန် သီတင်းကျွတ်လပြည့် ပဝါရဏာနေ့တဲ့။ ငါရဲ့ အိမ်ရှင်မဇနီး ဥတ္တရာ သူ့အဖော်အစေခံ မိန်းမတွေနှင့်အတူ ဘာတွေ ကိုများ လုပ်နေပါလိမ့်။ ငါသည် ပြတင်းပေါက်ကနေပြီး မီးဖိုဆောင် လှမ်းကြည့်လိုက်ဦးမယ်။

ဟဲ့...မိတာ ညည်းတို့တစ်တွေ ယာဂုကျိုကြ။ မိညာတို့အဖွဲ့က မုန့်ကြော်ကြ၊ ငါက မိစာနဲ့အတူ ဆွမ်းဟင်းချက်မယ်။

အင်း...ဒီလောက်မိုက်တဲ့ အမိုက်မ လောကမှာ ရှိဦးမှာလား။ တစ်ကိုယ်လုံး ချွေးတွေထွက်၊ ပြာမှုန့်တွေ တဖွားဖွား၊ အိုးမည်းတွေ လက်မှာပေ၊ တစ်ကိုယ်လုံး ညစ်တေနေတယ်။ ဒါကို သူက အရသာ ခံပြီး မမောမပန်းလုပ်နေလိုက်တာ အတော်မိုက်တဲ့ မိန်းမပဲ။ အစစ ပြည့်စုံနေတဲ့ ဒီအိမ်မှာနေပြီး စည်းစိမ်ချမ်းသာကို မခံစားနိုင်ဘဲ ဦးပြည်း ရဟန်းတွေကို ပြုစုလုပ်ကျွေးဖို့ဆိုပြီး သူ့စိတ်က ဝမ်းအသာကြီးသာ ကျေနပ်မှုကြီးနဲ့ လုပ်နေလိုက်တာ၊ ဟား...ဟား...ဟား...ဟား။

အလို...ငါ့ယောကျ်ားသူဌေးသား ဟို...ပြတင်းပေါက်မှာရပ်၊ မီးဖိုဆောင်ဘက်လှမ်းကြည့်၊ ဟားတိုက်ရယ်မောပြီး ထွက်လာတယ်။ ဘာကိုများမြင်လို့ ရယ်တာပါလိမ့်။ ငါ(သိရိမာ)သွားကြည့်ဦးမှပဲ။

ဟာ...ငါ့ယောကျ်ားသူဌေးသား ဟို...ဥတ္တရာကိုမြင်ပြီး ရယ်မော လာတာပဲ။ ကေန် ငါ့ယောကျ်ားနဲ့ ဥတ္တရာ နီးနှောစပ်ယှက်မှုရှိလို့ပဲ။ အကြောင်းသိအောင် ငါလုပ်လေမှပဲ။

ဟော့...မိတ်တို့ ဟို...အငှားမယား သီရိမာက (၁၅)ရက်လောက် ဒီအိမ်မှာ သူဌေးသားအား မနားရအောင် ပျော်တော်ဆက်နေရလို့ သူ့ကိုယ်သူ အိမ်ပိုင်ရှင်မ ထင်နေပုံရတယ်။ တို့သခင်မ ဥတ္တရာကို ကျေနပ်ပုံမရဘူး။ ငါတို့တစ်တွေ သူ့ရဲ့အရိပ်အကဲကို အမြဲကြည့်နေခဲ့ကြတယ်။

ဟော...ဟော...ပြာသာဒ်ပေါ်က ဆင်းလာပြီး စားဖိုအိမ်ထဲဝင်မုန့်ကြော်တဲ့ နေရာက ကျိုက်ကျိုက်ဆူနေတဲ့ ထောပတ်ကို ဟင်းခပ်ယောက်ချိုနဲ့ အပြည့်ယူပြီး အစ်မဥတ္တရာထံ သွားတယ်။ အကဲခတ်ကြစို့။

ဟောတော့...ဟောတော့၊ သီရိမာက မမဥတ္တရာရဲ့ ခေါင်းပေါ်ထောပတ်ပူတွေ လောင်းချနေပါလား။

သြော်...ငါ့မိတ်ဆွေ သီရိမာ ငါ့အား ကျေးဇူးပြုပေးနေတယ်။ စကြဝဠာကြီးကပဲ ကျဉ်းလိမ့်မယ်။ ဗြဟ္မာ့ပြည်ကလည်း အလွန်နိမ့်လိမ့်မယ်။ ငါ့မိတ်ဆွေမရဲ့ ကျေးဇူးကသာ ကျယ်ဝန်းတယ်၊ များပြားတယ်။ မြင့်မြတ်တယ်။ ငါဟာ သီရိမာကို အမှီရလို့ အလှူပေးခွင့်ရခဲ့တယ်။ အကယ်၍ သီရိမာအပေါ်မှာ ငါ့ရဲ့ အမျက်ဒေါသရှိခဲ့လျှင် သီရိမာလောင်းချလိုက်သော ဤထောပတ်သည် ငါ့ကို လောင်ကျွမ်းပါစေ။ အကယ်၍ သီရိမာအပေါ်မှာ ငါ့ရဲ့ အမျက်ဒေါသမရှိ၊ မေတ္တာအတိသာရှိလျှင် သူလောင်းချလိုက်သော ဤထောပတ်သည် ငါ့ကို မလောင်ကျွမ်းပါစေသတည်း။

အလွန်အေးမြသော ရေပမာ ငါ၏ဦးခေါင်းပေါ်မှ စီးကျပါစေသတည်း။

အင်း...ငါလောင်းချလိုက်တဲ့ ထောပတ်က အေးနေပုံရတယ်။ ဒီကောင်မ(ဥတ္တရာ) ဘယ်လိုမှ မရှိ၊ ဟန်မျှပင် မပျက်ပါလား။ ဒီတစ်ခါ အကြောင်းသိစေမယ်။

ဟော့...ဟော့...ဟိုကောင်မ (သီရိမာ) ဟင်းခပ်ယောက်ချိုနဲ့ အပြည့် ဆီကျက်တွေ ယူသွားပြန်ပြီ။ တို့သခင်မ (ဥတ္တရာ)အပေါ် လောင်းချလိမ့်မည်။ ဖမ်းကြလော့။ ဖမ်းကြလော့။ ဆုံးမခက်တဲ့ မိန်းမ သီရိမာ နောက်ဆုတ်။ ငါတို့ သခင်မအပေါ် ကျိုက်ကျိုက်ဆူနေတဲ့ ထောပတ်ကို နင်လောင်းချရမလား။ ဆွဲဟော့။ ထိုးဟော့။ လက်သီးနဲ့ ထိုး။ ခြေထောက်နဲ့ ကန်လှဲလိုက်ကြ။

ကြောက်ပါပြီတော်၊ တော်ကြပါတော့။

ဟဲ့...ဟဲ့...မိတာတို့ မလုပ်ကြနဲ့၊ မလုပ်ကြနဲ့၊ ဖယ်ကြ။ ဖယ်ကြ။ အမယ်လေး ညည်းက သီရိမာ လဲကျရာက မထနိုင်အောင် ဖိထား လိုက်တာ ထပါ။ လွှတ်လိုက်ပါ။

မိတ်ဆွေမ သီရိမာရယ် ဘာကြောင့် ဒီလိုဝန်လေးလှတဲ့အမှုကို ပြုရတာလဲ။ ကဲ...ကဲ၊ လာ...လာ၊ (သီရိမာ)။ ဟဲ့...မိညာတို့ သီရိမာကို ရေနွေးနဲ့ ရေချိုးပေးကြစမ်း။ မိတာက ဟိုနားမှာ အကြိမ် တစ်ရာချက်ထားတဲ့ ဆီရှိတယ်၊ ယူခဲ့။ သီရိမာရဲ့ကိုယ်ကို လိမ်းပေး။

ဩော်...ငါမှားပြီ။ သူဌေးသားနဲ့ (၁၅)ရက်ခန့် ကာမဂုဏ်ငွေ့နဲ့ ပျော်မွေ့နေရလို့ ငါ့ကိုယ်ငါ အိမ်ရှင်မအစစ်ထင်ပြီး မာနတွေတက်၊ မပြုသင့်ရာကို ငါပြုလိုက်မိတယ်။ စင်စစ်မှာတော့ ငါဟာ ဒီအိမ်ပြင် ဘက်က မိန်းမတစ်ယောက်ပါလား။ အိမ်ရှင်သူဌေးသား၏ ပြုံးရယ်ကာ မှုကို အကြောင်းပြုပြီး ဥတ္တရာရဲ့ ဦးခေါင်းပေါ် ကျိုက်ကျိုက်ဆူနေတဲ့ ထောပတ်ကို ငါလောင်းချလိုက်တာဟာ ဝန်လေးလှတဲ့ အမှုကို ငါပြု လိုက်တာပဲ။ ဥတ္တရာက သူ့ကျွန်မတွေကို မိန်းမယုတ် သီရိမာကို ဖမ်းဆီးကြလို့ မခိုင်းသည့်အပြင် ငါ့ကို ပုတ်ခတ် ညှဉ်းဆဲကြတဲ့ အချိန်မှာလည်း ကျွန်မတွေအားလုံးကို တားမြစ်ပြီး ငါ့အား သနား ညှာတာစွာဖြင့် ပြုသင့်တာကိုသာ ပြုပေးတယ်။ ဥတ္တရာရဲ့အပေါ်မှာ

ငါပြုမှားမိတာကို မတောင်းပန်ခဲ့လျှင် ငါ၏ ဦးခေါင်း ခုနစ်စိပ် ကွဲတော့မှာပဲ။

ကျေးဇူးရှင်မကြီး ဒေါ်ဥတ္တရာ၊ ရှင်ရဲ့ခြေရင်းမှာ ကျွန်မ သီရိမာ ဝပ်စင်းပြီး ကန်တော့ပါတယ်။ ရှိရင်းအပြစ်တွေကို သည်းခံပါရှင်။

မိတ်ဆွေမ သီရိမာ၊ ကျွန်မက ဖအေရှိတဲ့သမီးပါ။ ကျွန်မအဖေက သည်းခံခဲ့ရင် ကျွန်မသည်းခံပါမည်။

အရှင်မ ဥတ္တရာ၊ အရှင်မဆိုတိုင်း ဖြစ်ပါစေ။ အရှင်မရဲ့ ဖခင် သူဌေး ဦးပုဏ္ဏကို ကျေနပ်သည်အထိ တောင်းပန်ပါမည်။

ဒီမှာ မိတ်ဆွေမ သီရိမာ၊ ဦးပုဏ္ဏက ကျွန်မရဲ့ ဝဋ်ဆင်းရဲဖြစ်စေတဲ့ ဝဋ်အတွင်းက ဖခင်ပါ။ ကျွန်မရဲ့ ဝဋ်ကင်းရာကို ပြုပေးတဲ့ ဝိဝဋ္ဋဖခင်က သည်းခံခဲ့ရင် ကျွန်မ သည်းခံပါမည်။

ဒေါ်ဥတ္တရာရဲ့ ဝိဝဋ္ဋဖခင်ဆိုတာ မည်သူပါနည်း။

မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် သိစရာတရားအားလုံးကို သိမြင်တော်မူတဲ့ မြတ်ဘုရားဟာ ကျွန်မရဲ့ ဝိဝဋ္ဋဖခင်ပါ။

ဩော်...ဒီလိုလား။ ဒေါ်ဥတ္တရာရဲ့ ဝိဝဋ္ဋဖခင်နဲ့တော့ ကျွန်မ အကျွမ်းမဝင်ဘူး။

အေး...သီရိမာရေ ငါပြုပေးပါမည်။ နက်ဖြန် မြတ်စွာဘုရား ရဟန်းသံဃာများကို ခေါ်ဆောင်ပြီး ကျွန်မရဲ့ ဒီအိမ်လို ကြွလာလိမ့်မယ်။ သင်သီရိမာက ပူဇော်ဖွယ်ရသမျှပစ္စည်းကိုယူ ကျွန်မရဲ့ ဒီအိမ်ကိုသာ လာပြီး ကျွန်မရဲ့ ဝိဝဋ္ဋဖခင်ကို တောင်းပန်ပါ။

ကောင်းလှပါပြီ အရှင်မကြီး ဒေါ်ဥတ္တရာ။ ယခု ကျွန်မ အိမ်ကို ပြန်ပြီး ကျွန်မရဲ့အခြံအရံအမျိုးသမီးငါးရာကို စားဖွယ်၊ ခဲဖွယ်၊ သောက်ဖွယ်အမျိုးမျိုးတွေကို စီစဉ်ပြုလုပ်ဖို့ ခိုင်းစေကာ အားလုံး ပြည့်စုံအောင်လုပ်ပြီး နောက်တစ်နေ့မှာ အဲဒီပူဇော်ဖွယ် ပစ္စည်း

အားလုံးကိုယူ၍ဒေါ်ဥတ္တရာရဲ့အိမ်ကိုလာပြီး ဒေါ်ဥတ္တရာရဲ့ ဝိဝဋ္ဋဖခင်ကို တောင်းပန်ပါမည်။

ကောင်းပါပြီ မိတ်ဆွေ သီရိမာ။

* * *

အို…အိမ်ရှင်မ ဒေါ်ဥတ္တရာ၊ မနေ့က ပြောခဲ့တဲ့အတိုင်း ပူဇော်ဖွယ်ပစ္စည်းအားလုံးကို ယူခဲ့ပါပြီ။ ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာကိုလည်း ယခု ကျွန်မ ဖူးတွေ့ရပါပြီ။ သို့သော်လည်း ကျွန်မရဲ့ ပူဇော်ဖွယ်ဖြစ်တဲ့ ခဲဖွယ်၊ စားဖွယ်၊ သောက်ဖွယ်ပစ္စည်းများကို ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာရဲ့ သပိတ်အသီးသီးထဲ ကျွန်မ ထည့်မလောင်းရဲဘဲ ဖြစ်နေပါတယ်၊

အို…မိတ်ဆွေ သီရိမာ၊ ကိစ္စမရှိဘူး။ ဒီတာဝန်ကို ကျွန်မ ဆောင်ရွက်ပေးမယ်။ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီးချိန်မှာ မိတ်ဆွေ သီရိမာက မိတ်ဆွေရဲ့ အခြံအရံအမျိုးသမီးများနဲ့အတူ မြတ်စွာဘုရားရဲ့ ခြေတော်ရင်းမှာ တိုးလျှိုးဝပ်စင်းပြီး နေပေတော့။

ကောင်းပါပြီ ဒေါ်ဥတ္တရာ။

* * *

သင်အမျိုးသမီးရဲ့ ဖြစ်ပွားချက်အပြစ်က ဘာလဲ။

မြတ်စွာဘုရား တပည့်မ(သီရိမာ)မနေ့က ကျေးဇူးရှင် ဒေါ်ဥတ္တရာရဲ့ ဦးခေါင်းပေါ် ကျိုက်ကျိုက်ဆူနေတဲ့ ထောပတ်ပူ ယောက်ချိုနဲ့အပြည့် လောင်းချမှုဖြစ်ပွားခဲ့ပါတယ်။ အဲဒီအချိန် တပည့်မရဲ့ ကျေးဇူးရှင် မိတ်ဆွေ ဒေါ်ဥတ္တရာက တပည့်မကို ညှဉ်းဆဲ ရိုက်ပုတ်ကြတဲ့သူရဲ့ ကျွန်မတွေကို တားမြစ်ပြီး တပည့်မအား ကျေးဇူးတရားကို ပြုပေးပါတယ်။ တပည့်မက ကျေးဇူးရှင် ဒေါ်ဥတ္တရာရဲ့ ဂုဏ်ကျေးဇူးကို

သိပြီး ဒေါ်ဥတ္တရာကို တောင်းပန်တဲ့အခါ ဒေါ်ဥတ္တရာက အရှင်ဘုရားများက သည်းခံခွင့်လွှတ်ရင် သူကလည်း သည်းခံခွင့်လွှတ်မည်လို့ ပြောပါသည်ဘုရား။

ဥတ္တရာ၊ သီရိမာပြောတဲ့အတိုင်း မှန်ရဲ့လား။

မြတ်စွာဘုရား မှန်ပါသည်ဘုရား။ တပည့်မ ဦးခေါင်းမှာ မိတ်ဆွေ သီရိမာက ကျိုက်ကျိုက်ဆူနေတဲ့ ထောပတ်ကို လောင်းချခဲ့ပါတယ်ဘုရား။

အဲဒီလို လောင်းချတဲ့အခါ သင်ဥတ္တရာက ဘယ်လို စိတ်ကူးအကြံဖြစ်သလဲ။

စကြဝဠာကြီးသည် ကျဉ်းလွန်းလှသည်။ ပြဟ္မာ့ဘုံသည် အလွန်နိမ့်သည်။ ငါ၏မိတ်ဆွေ သီရိမာ၏ ဂုဏ်ကျေးဇူးသည်သာ ကျယ်လှ၊ မြင့်လှသည်။ ငါသည် သီရိမာကို အမှီပြုပြီး ဒါနကို ပေးလှူခွင့်၊ တရားကို နာယူခွင့်ရခဲ့ပြီး ဤသီရိမာ၏အပေါ်၌ ငါ၏အမျက်ဒေါသ အကယ်၍ရှိခဲ့အံ့ ဤကျက်လှစွာသော ထောပတ်ကြည်သည် ငါ့ကို လောင်ကျွမ်းစေသတည်း။ ဤသီရိမာ၏ အပေါ်၌ ငါ၏ အမျက်ဒေါသ မရှိခဲ့လျှင် ကျက်လှစွာသော ထောပတ်ဆီသည် ငါ့ကို မလောင်ကျွမ်းပါစေသတည်း။ ဤသို့ စိတ်ကူးကြံစည်ပြီး သီရိမာအပေါ် မေတ္တာတရား လွှမ်းခြုံအုပ်စိုးထားပါသည်ဘုရား။

သာဓု...သာဓု...ဥတ္တရာ။ ဤနည်းဖြင့်သာ အမျက်ဒေါသကို အောင်နိုင်သင့်သည်။ မှန်ပေသည် ဥတ္တရာ။ အမျက်ထွက်သူကို မိမိက အမျက်မထွက်ခြင်းဖြင့် အနိုင်ယူသင့်သည်။ ဆဲရေးချုပ်ခြယ်သူကို မိမိက မဆဲရေး၊ မချုပ်ခြယ်ခြင်းဖြင့် အနိုင်ယူသင့်သည်။ နှမြောစုံမက်ခက်ထန်သော မစ္ဆရိယရှိသူကို မိမိက ပစ္စည်းဥစ္စာ ပေးကမ်းခြင်းဖြင့် အနိုင်ယူသင့်သည်။ ချို့ယွင်းဖောက်ပြန် မမှန်စကား ပြောကြားလေ့ရှိသူကို မိမိက မဖောက်မပြန် အမှန်စကားကို ပြောဆိုခြင်းဖြင့်

အနိုင်ယူသင့်သည် စသည်ဖြင့် ရန်သူအပေါင်း အောင်နိုင်ကြောင်း အမှန်ဖြစ်သော အောက်ပါဂါထာကို ဟောကြားတော်မူသည်။

**အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။**
**ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ။**

ကောဓံ–အနေခံခက် အမျက်ထွက်သူကို၊ အက္ကောဓေန–မိမိက အမျက်မထွက်ခြင်းဖြင့်၊ ဇိနေ–အောင်လံကိုင်ထူ အနိုင်ယူရာ၏၊ အသာဓုံ–ဆဲရေးစောင်းမြောင်း မကောင်းသူကို၊ သာဓုနာ–မိမိက မဆဲမစောင်းကောင်းသဖြင့်၊ ဇိနေ–အောင်လံကိုင်ထူ အနိုင်ယူရာ၏၊ ကဒရိယံ–နှမျောစေးနဲ ကုပ်ကပ်သူကို၊ ဒါနေန–မိမိက မစွည်းမစွဲ ရက်ရဲပေးကမ်းခြင်းဖြင့်၊ ဇိနေ–အောင်လံကိုင်ထူ အနိုင်ယူရာ၏၊ အလိကဝါဒိနံ–မမှန်စကား ပြောကြားလေ့ရှိသူကို၊ သစ္စေန–မိမိက အမှန်စကား ပြောကြားခြင်းဖြင့်၊ ဇိနေ–အောင်လံကိုင်ထူ အနိုင်ယူ ရာ၏။

ဤဒေသနာတော်အဆုံး၌ သီရိမာနှင့်အတူ အမျိုးသမီးငါးရာတို့ သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။

**ဉီးပုဏ္ဏာ၊ ဘရိယာ၊ ဉတ္တရာဝတ္ထု ပြီး၏။**

# ပုဏ္ဏာဒါသီဝတ္ထု

## ကျွန်မ မယ်ပြည့်

ရာဇဂြိုဟ်သူဌေး၏ ကျွန်မတစ်ယောက်ရှိ၏။ သူ့အမည်မှာ ပုဏ္ဏာဖြစ်သည်။ တစ်ခုသောနေ့၌ ပုဏ္ဏာအား စပါးထောင်းရန် စပါးများစွာကို ပေးထားကြသည်။

ပုဏ္ဏာသည် ညဉ့်အချိန်၌လည်း ဆီမီးထွန်း၍ စပါးထောင်းနေစဉ် ပင်ပန်းဖြေ ခေတ္တနားနေရန် ချွေးစိုသောကိုယ်ဖြင့် မောင်းတဲပြင်ဘက် လေရရာတစ်နေရာ၌ နေလေ၏။

ထိုအချိန်အခါ၌ မလ္လမင်း၏သား အရှင်ဒဗ္ဗသည် ရဟန်းတို့၏ အိပ်ရာနေရာကို ခင်းပေးသူဖြစ်သည်။

အရှင်ဒဗ္ဗသည် တရားနာပြီးကြ၍ မိမိ မိမိ၏ ကျောင်းအိပ်ရာနေရာသို့ ကြွကြသော ရဟန်းတို့၏ ရှေ့မှ လက်ညှိုးကို တန်ခိုးဖြင့် မီးလင်းစေ၍ ခရီးညွှန်ပြရန်သွားစဉ် ရဟန်းတို့၏ အရောင်အလင်းကို ဖန်ဆင်းပေးလေ၏။

ပုဏ္ဏာသည် ထိုအရောင်အလင်းဖြင့် တောင်ရိုးပေါ်၌ လှည့်လည်ကြွကြသော ရဟန်းတို့ကို မြင်ရလေသော် ငါကား မိမိဆင်းရဲဒုက္ခကကပ်၍ နှိပ်စက်ခံရသည့်အတွက် ဤအချိန်၌ပင် မအိပ်ရသေးပေ။

အရှင်ကောင်းတို့မှာ ဘယ်အကြောင်းကြောင့် မအိပ်ကြသေးသနည်းဟု စိတ်ကူးပြီးသော်...

ကေန္တ ရဟန်းတစ်ပါးပါး၏ မကျန်းမာမှုသော်လည်း ဖြစ်လိမ့်မည်။ အဆိပ်ရှိသော မြွေသည် ကပ်၍ ပူပန်စေအပ်သည်သော်လည်း (ခဲအပ်သည်မှုလည်း) ဖြစ်လိမ့်မည်ဟု အမှတ်ပြု၍ နံနက်စောစောနှပင် ဆန်ကွဲကိုယူ၍ ရေဖြင့်ဆွတ်၍ လက်ဖဝါးပေါ်၌ မုန့်ပြားပြုမီးကျည်းခဲတို့၌ ကင်၊ ခါးပိုက်တွင်း၌ ထည့်၍ ရေဆိပ်သွားရာလမ်း၌ စားမည် အကြံအစည်ဖြင့် အိုးကိုယူ၍ ရေဆိပ်သို့ ရှေးရှုသွားလေ၏။

မြတ်စွာဘုရားသခင်သည်လည်း ရွာတွင်းသို့ ဆွမ်းခံဝင်ရန် ထိုခရီးသို့ပင် ကြွလာတော်မူသည်။

ပုဏ္ဏာသည် မြတ်စွာဘုရားကို ဖူးမြင်ရသော် တခြားနေ့တို့၌ မြတ်စွာဘုရားကို ဖူးတွေ့ရသော်လည်း ငါ့မှာ လှူစရာမရှိ၊ လှူစရာရှိပြန်သော်လည်း မြတ်စွာဘုရားကို မဖူးတွေ့ရ။ ယခုမှာမူ ငါ့မှာလည်း လှူစရာရှိ မြတ်စွာဘုရားကိုလည်း မျက်မြင် ဖူးတွေ့နေရသည်။

အကယ်၍ မြတ်စွာဘုရားက လှူဖွယ်ပစ္စည်း ကောင်း မကောင်းကို စိတ်မကူးဘဲ အလှူခံခဲ့သော် ငါသည် ဤမုန့်ကို ပေးလှူမည်ဟု ကြံစည်၍ ရေအိုးကို တစ်နေရာ၌ ချထားပြီး မြတ်စွာဘုရားကို ရှိခိုး၍...

မြတ်စွာဘုရား တပည့်တော်မ၏ ညံ့ဖျင်းလှသော ဤမုန့်လှူဖွယ်ဝတ္ထုကို ခံယူတော်မူကာ တပည့်တော်မအား ချီးမြှောက်မှု ပြုတော်မူပါဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် အာနန္ဒာထေရ်ကို ကြည့်တော်မူလေသော် အာနန္ဒာထေရ်သည် စတုမဟာရာဇ် နတ်မင်းတို့ ကပ်လှူထားသော သပိတ်ကို သပိတ်အိတ်မှထုတ်၍ အနီးသို့ ညွှတ်စေ၍ ဆက်ကပ်သော မုန့်ကို ခံယူလေ၏။

ပုဏ္ဏာလည်း မိမိယူခဲ့သော မုန့်ကို မြတ်စွာဘုရား၏ 'သပိတ်၌ ထည့်ပြီးသော် ငါးပါးသော တည်ခြင်းရှိသော ရှိခိုးနည်းဖြင့် ရှိခိုး၍...

မြတ်စွာဘုရား တပည့်တော်မ ဤကောင်းမှုကြောင့် အရှင်ဘုရားတို့ သိအပ်သော တရားနှင့် ပြည့်စုံရပါလို၏ဟု လျှောက်ဆိုလေ၏။

မြတ်စွာဘုရားက ဧဝံ ဟောတု တောင်းသည့်အတိုင်း ဖြစ်စေဟု ရပ်နေတော်မူလျက်ပင် အနုမောဒနာ ပြုတော်မူသည်။

ပုဏ္ဏာလည်း မြတ်စွာဘုရားသည် ငါ့အား ချီးမြှောက်မှုပြုတော်မူလျက် မုန့်ကို အလှူခံတော်မူသည်။ သို့သော်လည်း ငါလှူသည့် မုန့်ကို ဘုဉ်းပေးမည်မဟုတ်။ စင်စစ်အားဖြင့် ရှေ့မှာ တွေ့ရမည့် ကျီးအားသော်လည်းကောင်း၊ ခွေးအားသော်လည်းကောင်း ပေးခဲ့ ကျွေးခဲ့ပြီး မင်း၏အိမ် (သို့မဟုတ်) မင်းသား၏အိမ်သို့ ကြွတော်မူ၍ မွန်မြတ်သော ဘောဇဉ်ကို ဘုဉ်းပေးတော်မူလိမ့်မည်ဟု ကြံစည်မိလေ၏။

မြတ်စွာဘုရားကလည်း ဤဒါယိကာမ ပုဏ္ဏာ ဘာကို ကြံစည်သနည်းဟု ဆင်ခြင်လတ်သော် ပုဏ္ဏာ၏ စိတ်ဖြစ်ပုံကို သိ၍ အာနန္ဒာထေရ်ကို ကြည့်တော်မူပြီး ထိုင်သီတင်းသုံးတော်မူမည့် အခြင်းအရာ (အရိပ်အကဲ)ကို ပြတော်မူလေ၏။

အာနန္ဒာထေရ်သည် မြတ်စွာဘုရားအား သင်္ကန်းကို ခင်း၍ ပေးတော်မူသည်။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့တော် ပြင်ပ၌ပင် ထိုင်သီတင်းသုံး၍ ဆွမ်းကိစ္စကို ပြုတော်မူသည်။

နတ်တို့သည် စကြဝဠာတစ်ခုအတွင်း၌ရှိသော နတ်လူတို့ သုံးဆောင်ခံစားလောက်သော သြဇာကို ပျားလဘို့ကို ညှစ်သကဲ့သို့ ညှစ်၍ မြတ်စွာဘုရား ဘုဉ်းပေးမည့်မုန့်၌ ထည့်ကြကုန်၏။

ပုဏ္ဏာလည်း ကြည့်လျက်သာရှိလေ၏။ မြတ်စွာဘုရား ဆွမ်းကိစ္စပြီးသွားသောအခါ အာနန္ဒာထေရ်သည် မြတ်စွာဘုရားအား ရေကပ်လှူသည်။

မြတ်စွာဘုရားသည် ဆွမ်းကိစ္စပြုပြီးသော် ပုဏ္ဏာကိုခေါ်၍...

ပုဏ္ဏာ၊ သင်ဘာကြောင့် ငါဘုရား၏ တပည့်ရဟန်းတို့ကို ရေရွတ် (ပြစ်တင်) ရသနည်း။

မြတ်စွာဘုရား တပည့်မ မြတ်စွာဘုရား၏ တပည့်ရဟန်းတို့ကို မရေရွတ်ပါ။ (အပြစ်မတင်ပါ)

မရေရွတ်ခဲ့လျှင် ငါဘုရား၏ တပည့်ရဟန်းတို့ကို သင်လှမ်းကြည့်ပြီး ဘာကို ပြောသနည်း။

သြော်...ငါကတော့ ဤဆင်းရဲနှိပ်စက်ခံရလို့ မအိပ်ရသေး။ အရှင်ကောင်းတို့မှာ ဘာကြောင့် (ဘယ်အကျိုးအတွက်) မအိပ်ကြသေးသနည်း။ ကေန်မချွတ် ရဟန်းတစ်ပါးပါး၏ မကျန်းမာမှုသော်လည်း ဖြစ်လိမ့်မည်။ အဆိပ်ရှိသော မြွေသည် ကိုက်၍ နှိပ်စက်အပ်သည်သော်လည်း (ခဲအပ်သည်သော်လည်း) ဖြစ်လိမ့်မည်ဟု ဤမျှကို တပည့်မ စိတ်ကူး ကြံစည်မိပါသည်ဘုရား။

အို...ပုဏ္ဏာ သင်သည် ဆင်းရဲနှိပ်စက်ခံရချက်ကြောင့် မအိပ်ရသေး။ ငါဘုရား၏ တပည့်သာဝကတို့မှာမူ အခါခပ်သိမ်းနိုးကြားမှုကို အားထုတ်နေကြသည့်အတွက် မအိပ်ကြလေကုန်။

**သဒါ ဇာဂရမာနာနံ၊ အဟောရတ္တာနုသိက္ခိနံ။**
**နိဗ္ဗာနံ အဓိမုတ္တာနံ၊ အတ္ထံ ဂစ္ဆန္တိ အာသဝါ။**

ပုဏ္ဏေ–အို...ပုဏ္ဏာအမျိုးသမီး၊ ဇာဂရမာနာနံ–နိုးကြားကြကုန်သော၊ အဟောရတ္တာ နုသိက္ခိနံ–နေ့ညဥ့်မလပ် သုံးရပ်သော သိက္ခာမြတ်ကို မပြတ်ကျင့်ကြကုန်သော၊ နိဗ္ဗာနံ–နိဗ္ဗာန်ကို၊ အဓိမုတ္တာနံ–ရလိုဆန္ဒ ရှိကြကုန်သော ပုဂ္ဂိုလ်တို့၏၊ အာသဝါ–ဘုံအားဖြင့် ဘဝဂ်၊ ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် ယိုစီးတတ်ငြား အာသဝေါတရား

တို့၏၊ အတွင်း-ချုပ်ငြိမ်းကွယ်ပ လုံးဝမရှိခြင်းသို့၊ ဂစ္ဆန္တိ -မသွေမဖောက် ရောက်ကြလေကုန်သတည်း။

ဒေသနာတော်အဆုံး၌ ကျွန်မ ပုဏ္ဏာသည် ရပ်နေလျက်ပင် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ရောက်လာသော ပရိသတ်၏ လည်း အကျိုးရှိသော ဓမ္မဒေသနာတော်တစ်ရပ် ဖြစ်လေ၏။

မြတ်စွာဘုရားသည် မီးကျည်းခဲ၌ ကင်၍ ကျက်သော ဆန်ကွဲ မုန့်ဖြင့် ဆွမ်းကိစ္စပြု၍ ကျောင်းတော်သို့ ပြန်ကြွတော်မူလေသည်။

ရဟန်းတို့သည် ဓမ္မသဘင်၌ မြတ်စွာဘုရားအား ငါ့ရှင်တို့ ပုဏ္ဏာ ကျွန်မ ပေးလှူသော မီးကျီးခဲ၌ ကင်၍ ကျက်သော ဆန်ကွဲမုန့်ကို မြတ်စွာဘုရား ဘုဉ်းပေးတော်မူခြင်းနှင့် ဆက်စပ်သော စကားဖြင့် စုဝေးနေပါကြောင်း လျှောက်ထားအပ်သော်...

ရဟန်းတို့ ယခုအခါ၌သာ ငါဘုရားသည် ပုဏ္ဏာလှူဒါန်းသော ဆန်ကွဲမုန့်ကို ဘုဉ်းပေးသည်မဟုတ်။ ရှေးအခါ၌လည်း ဘုဉ်းပေးခဲ့ ဖူးပြီဟု မိန့်တော်မူပြီး အတိတ်ဇာတ်ကြောင်းကို ထပ်လောင်း၍ ဟောပြတော်မူသည်။

**ပုဏ္ဏာဒါသီဝတ္ထု ပြီး၏။**

# စူဠသုဘဒ္ဒါဝတ္ထု

## မပြတ်မကွာ မြတ်သဒ္ဓါ

သာဝတ္ထိမြို့နေ အနာထပိဏ်သူဌေးနှင့် ဥဂ္ဂမြို့နေ ဥဂ္ဂသူဌေး တို့သည် ကျောင်းနေဖက် သူငယ်ချင်း မိတ်ဆွေများဖြစ်ကြသည်။

သူတို့သည် ဆရာတစ်ဦးတည်းထံ၌ အတတ်ပညာကို သင်ကြစဉ်က အချင်းချင်း ကတိကဝတ်ပြုထားကြသည်။

ငါတို့နှစ်ဦး အရွယ်ရောက်ချိန် သားသမီးများဖြစ်ပေါ်လာသော အခါ သားရှိသူက သားအတွက်၊ သမီးရှိသူအား သမီးကို တောင်းဆိုခဲ့လျှင် ပေးရမည်ဟူ၏။

ထိုသူနှစ်ဦးတို့သည် အရွယ်ရောက်ကြ၍ မိမိ မိမိနေထိုင်ရာမြို့၌ သူဌေးအရာ၌ တည်နေကြကုန်၏။

တစ်ခုသောအချိန်တွင် ဥဂ္ဂသူဌေးသည် ကုန်ရောင်းရန် လှည်း ငါးရာတို့နှင့်အတူ သာဝတ္ထိမြို့သို့ ရောက်လာလေ၏။

အနာထပိဏ်သူဌေးသည် မိမိ၏သမီး စူဠသုဘဒ္ဒါကို ခေါ်၍...

ချစ်သမီး သင့်ဖခင် ဥဂ္ဂသူဌေး တို့အိမ်ရောက်လာတယ်။ သူ့အား ပြုဖွယ်ကိစ္စအားလုံးသည် သမီး၏ တာဝန်ဖြစ်သည်ဟု ခိုင်းထားသည်။

စူဠသုဘဒ္ဒါသည် ကောင်းပါပြီဟု ဝန်ခံကာ ဥဂ္ဂသူဌေး ရောက်သည့်နေ့မှစ၍ မိမိလက်ဖြင့်ပင် လက်သုပ်ဟင်းနှင့် ဟင်းလျာ စသည်တို့ကို ပြည့်စုံစေ၏။ ပန်းနံ့သာ၊ နံ့သာပျောင်း စသည်တို့ကို စီစဉ်သည်။ ထမင်းစားပြီးသောအခါ ဥဂ္ဂသူဌေးအတွက် ချိုးရေကို စီစဉ်ပေးပြီး ရေချိုးပြီးချိန်မှစ၍ ပြုဖွယ်ကိစ္စအားလုံးကို ကောင်းစွာ ပြုပေးလေ၏။

ဥဂ္ဂသူဌေးသည် စူဠသုဘဒ္ဒါ၏ ကျင့်ဝတ်နှင့် ပြည့်စုံမှုကို မြင်ရ၍ ကြည်လင်သောစိတ်ရှိရကား တစ်နေ့သ၌ အနာထပိဏ်သူဌေးနှင့် ချမ်းသာဖွယ်စကားကို ပြောဆိုနေထိုင်ကြစဉ်...

ဥဂ္ဂသူဌေးက ငါတို့နှစ်ဦးသည် ငယ်ရွယ်ချိန်က သားရှိသူက သားအတွက်၊ သမီးရှိသူအား သမီးကို တောင်းခဲ့လျှင် သမီးကို ပေးရမည်ဟု ကတိ ကဝတ် ပြုထားသည်ကို အနာထပိဏ်သူဌေးအား ပြောပြခြင်းဖြင့် အမှတ်ရစေပြီး စူဠသုဘဒ္ဒါကို မိမိသားအတွက် တောင်းဆိုလေ၏။

ဥဂ္ဂသူဌေးသည် မူလပင်ကိုယ်အားဖြင့်ပင် အယူမှားရှိသူ မိစ္ဆာဒိဋ္ဌိလူ ဖြစ်သည်။ ထို့ကြောင့် အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားသည့်အခါ မြတ်စွာဘုရားက ဥဂ္ဂသူဌေး၏ မဂ်ဖိုလ်ကို ရနိုင်မည့်အကြောင်း ဥပနိဿယကို မြင်တော်မူ၍ ခွင့်ပြုတော်မူသဖြင့် သူဌေးကတော် (ပုညလက္ခဏာဒေဝီ) နှင့် တိုင်ပင်၍ ဥဂ္ဂသူဌေး၏စကားကို လက်ခံ၊ နေ့ရက်ကို သတ်မှတ်၍ ဓနဥ္စယသူဌေးက သမီးဝိသာခါကို ပေးသည့်နည်းအတိုင်း များစွာသော ပေးကမ်းဖွယ်ပြု၍ သုဘဒ္ဒါကို ခေါ်ပြီး ချစ်သမီး ယောက္ခမအိမ်၌ နေသူ ချွေးမသည် အတွင်းမီးကို အပြင်မထုတ်ထိုက် အစရှိသော ဓနဥ္စယသူဌေးက သမီးဝိသာခါအား ပေးသည့်နည်းဖြင့်ပင် ဩဝါဒ ဆယ်ချက်ကိုပေး၍ အကယ်၍ ငါ၏သမီး ရောက်ရာဌာန၌ အပြစ် ဖြစ်ခဲ့သော် သင်တို့ရှင်းလင်းရမည်ဟု သူကြွယ်ရှစ်ဦးတို့ကို တာဝန်ခံ

ပုဂ္ဂိုလ်အဖြစ် ယူစေ၍ စူဠသုဘဒ္ဒါကို စေလွှတ်သည့်နေ့၌ ဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူဒါန်းဖွယ်များစွာကို ပေးလှူ၍ ရှေးအတိတ်ဘဝက သမီးစူဠသုဘဒ္ဒါပြုခဲ့သည့် သုစရိုက်တရားတို့၏ အကျိုးတရား တင့်တယ်မှုအသရေကို လူအပေါင်းအား ထင်ရှားစွာ ပြု၍ ပြသကဲ့သို့ ကြီးကျယ်များမြတ်သော ချီးမြှောက်မှုဖြင့် သမီးစူဠသုဘဒ္ဒါကို စေလွှတ်လိုက်လေ၏။

စူဠသုဘဒ္ဒါ ခရီးစဉ်အတိုင်းသွား၍ ဥဂ္ဂမြို့သို့ ရောက်ရာအချိန်၌ ယောက္ခမအမျိုးနှင့်အတူ လူများစွာက ခရီးဦးကြို ပြုလေ၏။

စူဠသုဘဒ္ဒါသည်လည်း မိမိ၏ ကျက်သရေတင့်တယ်မှုကို ထင်ရှားအောင်ပြုခြင်းငှာ ဝိသာခါကဲ့သို့ မြို့သူမြို့သားအားလုံးအား မိမိကိုယ်ကိုပြလျက် ရထား၌ရပ်၍ ဥဂ္ဂမြို့တွင်းသို့ ဝင်ပြီးသော် မြို့သူမြို့သားတို့သည် ပို့အပ်သော လက်ဆောင်ပဏ္ဏာတို့ကို ယူ၍ လက်ဆောင်ပေးသူတို့အား သင့်လျော်သောလက်ဆောင်ကို ပြန်လျက် တစ်မြို့လုံးကို မိမိ၏ ဂုဏ်တို့နှင့် တစ်ဆက်တည်းဖြစ်အောင် ပြုလေ၏။

မင်္ဂလာနေ့ စသည်တို့၌ စူဠသုဘဒ္ဒါ၏ ယောက္ခမဖခင်သည် တက္ကတွန်းတို့အား ပူဇော်မှုကို ပြုလုပ်စဉ်...

ငါ၏ချွေးမသည် ဤနေရာသို့လာ၍ ငါတို့၏ သမဏ (ကိလေသာငြိမ်းပြီးသူ) တို့ကို ရှိခိုးပါလော့ဟု စေလွှတ်ပြောဆို၏။

စူဠသုဘဒ္ဒါသည် ရှက်လှသဖြင့် အဝတ်မဝတ် ကိုယ်တုံးလုံးလူတို့ကို မမြင်လို၍ သွားလိုသောဆန္ဒမရှိ။

ယောက္ခမဖြစ်သူ ဥဂ္ဂသူဌေးသည် အဖန်ဖန်လာ၍ ရှိခိုးရန် စေလွှတ်ပြောဆိုသော်လည်း စူဠသုဘဒ္ဒါက ငြင်းဆိုပစ်ပယ်အပ်ရကား အမျက်ဒေါသထွက်ပြီး စူဠသုဘဒ္ဒါကို နှင်ထုတ်ပစ်ကြဟု ပြောဆိုလေ၏။

စူဠသုဘဒ္ဒါက အကြောင်းမဟုတ်ဘဲ ကျွန်မအပေါ် အပြစ်တင်ခွင့်မရှိပါဟု သူကြွယ်တို့ကို ခေါ်စေပြီး ထိုအကြောင်းကို ပြောဆိုလေ၏။

သူကြွယ်တို့သည် စူဠသုဘဒ္ဒါ အပြစ်မရှိကြောင်းကို သိကြ၍ ဥဂ္ဂသူဌေးကို အပြစ်မရှိကြောင်း အသိပေးကြကုန်၏။

ဥဂ္ဂသူဌေးသည် ငါ၏ချွေးမ စူဠသုဘဒ္ဒါက ငါကိုးကွယ်သည့် သမဏတို့ကို အရှက်မရှိသူများဖြစ်၍ ရှိမခိုးနိုင်ကြောင်း ပြောဆိုသည်ဟု မိမိ၏ဇနီး သူဌေးကတော်အား ပြောပြလေ၏။

သူဌေးကတော်သည် ငါ့ချွေးမ စူဠသုဘဒ္ဒါ၏ ဆည်းကပ်ကိုးကွယ်ရာ သမဏတို့သည်ကား အဘယ်သို့သဘော ရှိကုန်လေသနည်း။ စူဠသုဘဒ္ဒါသည် သူ၏ကိုးကွယ်ရာ သမဏတို့ကို အဘယ့်ကြောင့် လွန်လွန်ကဲကဲ ချီးမွမ်းရသနည်းဟု စိတ်ကူးကြံစည်၍ စူဠသုဘဒ္ဒါကို ခေါ်စေပြီး ဤသို့ မေးမြန်း ပြောဆိုလေ၏။

**ကီဒိသာ သာမဏာ တုယှံ၊ ဗာဠှံ ခေါ နေ ပသံသသိ။**
**ကိံသီလာ ကိံသမာစာရာ၊ တံ မေ အက္ခာဟိ ပုစ္ဆိတာ။**

သုဏိသာ–အို...ချွေးမ သုဘဒ္ဒါ၊ တွံ–သင်သည်၊ နေ–ကိုးကွယ်ရည်မှန်း ထိုသမဏရဟန်းတို့ကို၊ ဗာဠှံ ခေါ–ပြင်းထန်စွာပင်၊ ပသံသသိ–ချီးမွမ်းဘိ၏၊ တုယှံ–သင်၏၊ သမဏာ–ကိုးကွယ်ရည်မှန်းရဟန်းတို့သည်၊ ကီဒိသာ–အဘယ်သို့ သဘောရှိကုန်သနည်း၊ ကိံသမာစာရာ–အဘယ်သို့သော အကျင့်ရှိကုန်သနည်း၊ တံ–ထိုငါမေးအပ်သော အမေးကို၊ ပုစ္ဆိတာ–အမေးခံရသော သင်ချွေးမသည်၊ မေ–ငါအား၊ အက္ခာဟိ–ကွက်ကွက်ကွင်းကွင်း အမြင်ရှင်းအောင် ထင်လင်းစွာ ဖြေဆိုပါလော့။

ချွေးမ သုဘဒ္ဒါ သင်ကိုးကွယ်ရာဖြစ်သော သမဏခေါ်ဆန်း ရဟန်းတို့ကို သင်လွန်စွာ ချီးကျူးပြောဆိုသည်။ သင်ကိုးကွယ်ရာ ရဟန်းတို့ကား ဘယ်လို ရဟန်းတို့ပေနည်း။ အဘယ်သို့သော သီလအကျင့်နှင့် ပြည့်စုံကြသနည်း။ ငါ့အား ပြောဆိုပါလော့။

ယောက္ခမ သူဌေးကတော်က ထိုသို့ မေးသောအခါ စူဠသုဘဒ္ဒါ သည် ယောက္ခမ မိန်းမအား ဘုရားရှင်တို့၏လည်းကောင်း၊ ဘုရား ရှင်၏ တပည့်သာဝက ရဟန်းတို့၏လည်းကောင်း ဂုဏ်ပုဒ်တို့ကို ထုတ်ဆိုကာ ယောက္ခမ မိခင်ကို နှစ်သက်စေလေ၏။

၁။ သန္တိန္ဒြိယာ သန္တမာနသာ၊ သန္တံ တေသံ ဂတံ ဌိတံ။
ဩက္ခိတ္တစက္ခူ မိတဘာဏီ၊ တာဒိသာ သမဏာမမ။

၂။ ကာယကမ္မံ သုစိ နေသံ၊ ဝါစာ ကမ္မံ အနာဝိလံ။
မနောကမ္မံ သုဝိသုဒ္ဓံ၊ တာဒိသာ သမဏာမမ။

၃။ ဝိမလာ သင်္ခမုတ္တာဘာ၊ သုဒ္ဓါ အန္တရဗာဟိရာ။
ပုဏ္ဏာ သုဒ္ဓေဟိ ဓမ္မေဟိ၊ တာဒိသာ သမဏာ မမ။

၄။ လာဘေန ဥန္နတော လောကော၊အလာဘေန စ ဩနတော။
လာဘာလာဘေန ဧကဋ္ဌာ၊ တာဒိသာ သမဏာမမ။

၅။ ယသေန ဥန္နတော လောကော၊ အယသေန စ ဩနတော။
ယသာယသေန ဧကဋ္ဌာ၊ တာဒိသာ သမဏာ မမ။

၆။ ပသံသာယုန္နတော လောကော၊ နိန္ဒာယာပိ စ ဩနတော။
သမာ နိန္ဒာပသံသာသု၊ တာဒိသာ သမဏာ မမ။

၇။ သုခေန ဥန္နတော လောကော၊ ဒုက္ခေနာပိ စ ဩနတော။
အကမ္ပာ သုခဒုက္ခေသု၊ တာဒိသာ သမဏာ မမ။

၁။ အမ္မာ–အို...မိခင် ယောက္ခမ သူဌေးကတော်၊ ယာဒိသာ– အကြင်သို့ သဘောရှိကုန်သော၊ သမဏာ–ကိုးကွယ်ရာမှန်း မြတ် ရဟန်းတို့သည်၊ သန္တိန္ဒြိယာ–ငြိမ်သက်သော စက္ခုစသော ဣန္ဒြေ ရှိပါကုန်၏၊ တေသံ–ကျွန်မတို့ ရည်မှန်းကိုးကွယ်ရာ ထိုရဟန်းတို့၏၊ ဂတံ–ကြွသွားခြင်းသည်၊ ဌိတံ–ရပ်နေခြင်းသည်၊ သန္တံ –ငြိမ်သက်

ပါပေ၏၊ ဩက္ခိတ္တစက္ခူ–လေးတောင်ခန့်မျှ ကြည့်သဖြင့် ချအပ်သော မျက်လွှာရှိကုန်၏၊ မိတဘာဏီ–ချင့်ချိန်စကား ပြောကြားတတ်ပါကုန်၏၊ မမ–ကျွန်မ၏၊ သမဏာ–ကိုးကွယ်ရာမှန်း မြတ်ရဟန်းတို့သည်၊ တာဒိသာ–ဆိုအပ်ခဲ့ဂုဏ် အလုံးစုံနှင့် ပြည့်စုံတော်မူကြပါပေ၏။

၂။ မမ–ကျွန်မ၏၊ နေသံ–ကိုးကွယ်ရာမှန်း ထိုရဟန်းတို့၏၊ ကာယကမ္မံ–ကိုယ်ဖြင့် ပြုအပ် လုပ်ငန်းရပ်သည်၊ သုစိ–ညစ်ကြေး မတင် စင်ကြယ်ပါပေ၏၊ ဝါစာကမ္မံ–နှုတ်ဖြင့်ပြောအပ် စကားရပ်သည်၊ အနာဝိလံ–နောက်ကျိကင်းကွယ် စင်ကြယ်ပါပေ၏၊ မနောကမ္မံ–စိတ်ကူးကြံအပ် အရပ်ရပ်သည်၊ သုဝိသုဒ္ဓါ–အပြစ်မလူး အထူး စင်ကြယ်ပါပေ၏၊ မမ–ကျွန်မ၏၊ သမဏာ–ကိုးကွယ်ရာမှန်း မြတ်ရဟန်းတို့သည်၊ တာဒိသာ–ဆိုအပ်တန်တန် စင်ကြယ်သော ကာယကံ၊ ဝစီကံ၊ မနောကံနှင့် ပြည့်စုံသော သဘောရှိပါပေကုန်၏။

၃။ ယာဒိသာ–အကြင်သို့ သဘောရှိကုန်သော၊ သမဏာ–ကိုးကွယ်ရာမှန်း မြတ်ရဟန်းတို့သည်၊ ဝိမလာ–ညစ်ကြေးမတင် ကင်းစင်ကုန်သည်ဖြစ်၍၊ အန္တ ရဗာဟိရာသုဒ္ဓါ–အတွင်းရော အပြင်ပါ လွန်စွာ စင်ကြယ်ပါကုန်၏၊ သုဒ္ဓေဟိ ဓမ္မေဟိ–စင်ကြယ်သော တရားတို့နှင့်၊ ပုဏ္ဏာ–တိတိကုံလုံ ပြည့်စုံကုန်သည်ဖြစ်၍၊ သင်္ခမုတ္တာဘာ–ခရုသင်းအရောင်၊ ပုလဲရောင်သဖွယ် တင့်တယ်သောအရောင် ရှိပါကုန်၏၊ မမ–ကျွန်မ၏၊ သမဏာ–ကိုးကွယ်ရာမှန်း မြတ်ရဟန်းတို့သည်၊ တာဒိသာ–ဆိုအပ်သွယ်သွယ် စင်ကြယ်သောဂုဏ်နှင့် ပြည့်စုံသော သဘောရှိပါပေကုန်၏။

၄။ လောကော–များစွာပေါလှ လူ့လောကသည်၊ လာဘေန–လိုရာလက်ငင်း ရလာခြင်းကြောင့်၊ ဥန္နတော–နဂိုထက်မက ပိုတက်ကြွလေ၏၊ အလာဘေနစ–လိုချင်သမျှ မရခဲ့ပါမူကား၊ ဩနတော–နှစ်သိမ့်

မရ နိမ့်ကျတတ်လေ၏၊ မမ–ကျွန်မ၏၊ သမဏာ–ကိုးကွယ်ရာမှန်း မြတ်ရဟန်းတို့သည်၊ လာဘာလာဘေန–ရခြင်း မရခြင်းကြောင့်၊ ကေဒ္ဒာ–တက်ကြွခြင်း၊ နိမ့်ကျခြင်းမရှိ ပကတိမူရည် တူညီသော သဘောရှိပါကုန်၏၊ မမ–ကျွန်မ၏၊ သမဏာ–ကိုးကွယ်ရာမှန်း မြတ်ရဟန်းတို့သည်၊ တာဒိသာ–လာဘ်ရမရ ထိုနှစ်ဝကြောင့် တက်ကြွ နိမ့်ကျ မရှိရဘဲ တူမျှသော သဘောရှိပါပေကုန်၏။

၅။ လောကော–များစွာပေါလှ လူ့လောကသည်၊ ယသေန–တူတူတန်တန် အခြံအရံကြောင့်၊ ဥန္နတော–နဂိုထက်မက ပိုတက်ကြွလေ၏၊ အယသေန–အခြံအရံ မရှိပြန်ပါမူကား၊ ဩနတော–နှစ်သိမ့်မရ နိမ့်ကျတတ်လေ၏၊ မမ–ကျွန်မ၏၊ သမဏာ–ကိုးကွယ်ရာမှန်း မြတ်ရဟန်းတို့သည်၊ ယသာယသေန–အခြံအရံရှိခြင်း မရှိခြင်းကြောင့်၊ ကေဒ္ဒာ–တက်ကြွခြင်း နိမ့်ကျခြင်းမရှိ ပကတိမူရည် တူညီသော သဘောရှိပါကုန်၏၊ မမ–ကျွန်မ၏၊ သမဏာ–ကိုးကွယ်ရာမှန်း မြတ်ရဟန်းတို့သည်၊ တာဒိသာ–ဆိုခဲ့သဘောနှင့် လိုက်လျောပါပေကုန်၏။

၆။ လောကော–များစွာပေါလှ လူ့လောကသည်၊ ပသံသာယ–ချီးမွမ်းခြင်းကြောင့်၊ ဥန္နတော–နဂိုထက်မက ပိုတက်ကြွလေ၏၊ နိန္ဒာယာပိစ–မဲ့ရွဲ့ထင်လင်း ကဲ့ရဲ့ခြင်းကြောင့်ကား၊ ဩနတော–နှစ်သိမ့်မရ နိမ့်ကျတတ်လေ၏၊ မမ–ကျွန်မ၏၊ သမဏာ–ကိုးကွယ်ရာမှန်း မြတ်ရဟန်းတို့သည်၊ တာဒိသာ–ဆိုခဲ့အစုံ ဂုဏ်သဘောနှင့် လိုက်လျောပါပေကုန်၏။

၇။ လောကော–များစွာပေါလှ လူ့လောကသည်၊ သုခေန–ဆင်းရဲကွေကွင်း ချမ်းသာခြင်းကြောင့်၊ ဥန္နတော–နဂိုကထက်မက ပိုတက်ကြွလေ၏၊ ဒုက္ခေနာပိစ–ဆင်းရဲတစ်ဖန် တွေ့ရပြန်ပါမူကား၊ ဩနတော–နှစ်သိမ့်မရ နိမ့်ကျတတ်လေ၏၊ မမ–ကျွန်မ၏၊ သမဏာ–ကိုးကွယ်ရာမှန်း မြတ်ရဟန်းတို့သည်၊ သုခဒုက္ခေသု–ချမ်းသာဆင်းရဲ

တို့ကြောင့်၊ အကမ္ဗာ–တုန်လှုပ်ခြင်းမရှိ ပကတိ ငြိမ်သက်ကြပါကုန်၏၊ မမ–ကျွန်မ၏၊ သမဏာ–ကိုးကွယ်ရာမှန်း မြတ်ရဟန်းတို့သည်၊ တာဒိသာ–ဆိုခဲ့အစုံ မြတ်သဘောနှင့် လိုက်လျောညီထွေ ပြည့်စုံရှိမှန်ကြပါပေသတည်း။

ကောင်းပြီ၊ ဒီလိုဖြစ်ခဲ့လျှင် သင်ချွေးမ သုဘဒ္ဒါ၏ ကိုးကွယ်ရာ ရဟန်းတို့ကို ငါတို့အားလည်း ဖူးမြင်ခွင့်ရအောင် ပြုပေးနိုင်စွမ်း ရှိသလောဟု ယောက္ခမက ပြောဆိုလေရာ ပြုပေးနိုင်စွမ်းရှိပါသည်ဟု ချွေးမက ပြောဆိုလေသော် ထိုသို့ဖြစ်လျှင် ငါတို့ ဖူးမြင်ရအောင်ပြုလေလော့ဟု ယောက္ခမက ဆိုသောအခါ ချွေးမ သုဘဒ္ဒါက ကောင်းပါပြီ။ ပြုပေးပါမည်ဟု ဝန်ခံကတိပြုပြီး ဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူဒါန်းရန် များစွာသော ဒါနဝတ္ထုတို့ကို စီစဉ်ပြီးသော် ပြာသာဒ်အပေါ်ထပ် ကြမ်းပြင်၌ ရပ်၍ ဇေတဝန်ကျောင်းတော်ရှိရာသို့ မျက်နှာမူလျက် တည်ခြင်းငါးမျိုးရှိသော ရှိခိုးနည်းဖြင့် ရှိခိုးကာ ဘုရားဂုဏ်တော်တို့ကို စိတ်ကူးဆင်ခြင် နှံ့သာဖြင့် ထုံအပ်သော ပန်းအခိုးအထုံတို့ဖြင့် ပူဇော်လျက်...

မြတ်စွာဘုရား တပည့်မနှင့် များလှသောင်းသောင်း လူအပေါင်းတို့ နက်ဖြန်နံနက် ကောင်းမြတ်သော ပီတိပါမောဇ္ဇဖြစ်ခြင်းအကျိုးငှာ ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပင့်လျှောက်ပါ၏ဘုရား။ တပည့်မ၏ ဤမြတ်လေးပန်း အထိမ်းအမှတ်ဖြင့် မြတ်စွာဘုရားသည် တပည့်မ ပင့်လျှောက်အပ်ကြောင်းကို သိတော်မူပါဘုရားဟု စိတ်အကြံဖြင့် အဓိဋ္ဌာန်ကာ မြတ်လေးပန်းလက်ရှစ်ဆုပ်ကို ကောင်းကင်၌ ပစ်လွှင့်လိုက်လေ၏။

မြတ်လေးပန်းတို့သည် အလိုလိုသွား၍ ပရိသတ်လေးပါးအလယ် တရားဟောနေတော်မူသော မြတ်စွာဘုရား၏ အထက်၌ ပန်းမျက်နှာကျက်အဖြစ်ဖြင့် တည်နေလေကုန်၏။

ထိုခဏ၌ အနာထပိဏ်သူဌေးကလည်း တရားစကား ကြားနာပြီး၍ နက်ဖြန် ကုသိုလ်ဖြစ်ရန်အလို့ငှာ မြတ်စွာဘုရားကို ပင့်လျှောက်လေ၏။

မြတ်စွာဘုရားက ဒါယကာ အနာထပိဏ်၊ ငါဘုရားသည် နက်ဖြန် ကုသိုလ်ဖြစ်ရန်အကျိုးငှာ ဆွမ်းကို လက်ခံပြီးပြီဟု မိန့်တော်မူသဖြင့်...

မြတ်စွာဘုရား တပည့်တော်ထက် ဦးဦးဖျားဖျား ရောက်လာသူ မရှိပါလား။ အရှင်မြတ်တို့သည် အဘယ်သူ၏ ဆွမ်းကို ဦးဦးဖျားဖျားများ လက်ခံအပ်ပါသနည်း။

ဒါယကာ အနာထပိဏ်သူဌေး၊ စူဠသုဘဒ္ဒါက ပင့်လျှောက်အပ်သည်ကို လက်ခံပြီးပြီ။

မြတ်စွာဘုရား စူဠသုဘဒ္ဒါသည် သာဝတ္ထိပြည်မှ ဤဇေတဝန်မှ ယူဇနာ ၁၂၀ ကွာဝေးသော ဥဂ္ဂမြို့၌ နေသည်မဟုတ်ပါလားဘုရား။

ဒါယကာ အနာထပိဏ်၊ စူဠသုဘဒ္ဒါသည် ယူဇနာ ၁၂၀ ကွာဝေးရာအရပ်၌ နေသည်မှန်၏။ သို့သော်လည်း သူတော်ကောင်းတို့သည် မျက်နှာရှေ့အနီးနား၌ နေကုန်သကဲ့သို့ ထင်ရှားပေကုန်၏ဟု မိန့်တော်မူကာ ဤဂါထာကို ဟောပြတော်မူသည်။

**ဒူရေ သန္တော ပကာသေန္တိ၊ ဟိမဝန္တောဝ ပဗ္ဗတော။**
**အသန္တေတ္ထ န ဒိဿန္တိ၊ ရတ္တိံ ခိတ္တာ ယထာ သရာ။**

ဟိမဝန္တော ပဗ္ဗတော-ယူဇနာသုံးထောင် အကျယ်ဆောင်ကာ ယူဇနာငါးရာ မြင့်တက်ကာဖြင့် ရှစ်သောင်းလေးထောင်သော တောင်ထွတ်တို့ဖြင့် တန်ဆာဆင်အပ်သော ဟိမန္တာတောင်သည်၊ ဒူရေ-အဝေး၌၊ ဌိတာနံပိ-တည်ရှိလေငြား လူအများတို့၏လည်း၊ အဘိမုခေ-မျက်နှာ ရှေ့ဖျား အနီးနား၌၊ ဌိတော-တည်နေလျက်၊

ပကာသေတိ ဣလဝ–အမြင်အားဖြင့် ထင်ရှားသကဲ့သို့၊ ဝေဝ ဤအတူ၊ သန္တော–ရှေးဘုရားတို့ထံ၌ ဆုပန်ခဲ့ကြသော ကုသိုလ်ကံတရား များပြား လတ်၍ ယခု ဆတ်ဆတ် ပွားအပ်သော ဘာဝနာရှိသူအပေါင်း သူတော်ကောင်းတို့သည်၊ ဒူရေ–လျင်စွာ ပြေးကပ် အဝေးရပ်၌၊ ဌိတာပိ–အမှတ်မထား ရှိနေကြငြားသော်လည်း၊ ဗုဒ္ဓါနံ–ဘုရားရှင်တို့၏၊ ဉာဏပထံ–ဉာဏ်တော်လမ်းကြောင်းသို့၊အာဂစ္ဆန္တော–ဖြောင့်ဖြောင့် မကောက် လာရောက်ကြကုန်လျက်၊ ပကာသေန္တိ –ဉာဏ်မျက်စိအား မဝိုးမဝါး ထင်ရှားကြလေကုန်၏။ အသန္တော–မျက်မြင်ကိုသာ လေးစား မကူးမြောက်နိုင်သေးသော တမလွန်လောကရှိသူ အာမိသမျက်စိ အရှိကြီးရှိ၍ အသက်မွေးမှုအတွက်သာ ရဟန်းပြုကြသူ လူမိုက်တို့ သည်၊ ဝေတ္ထ–မြတ်စွာဘုရား၏ လက်ယာဒူးစွန်းအနီး၌၊ နိသိန္နာပိ– စတိုင်ကျကျ ထိုင်နေကြသော်လည်း၊ ဗုဒ္ဓါနံ–ဘုရားရှင်တို့၏၊ ဉာဏပထေ–ဉာဏ်လမ်းကြောင်း၌၊ န ဒိဿန္တိ –မထင်ရှားကြလေ ကုန်၊ ကိမိဝ–ဥပမာပုံဆို ဘယ်လို ဟာနည်းဟူမူကား၊ ရတ္တိံ–အဂီ လေးပါးနှင့် ပြည့်စုံသော အမိုက်မှောင်ရှိရာ ညအခါ၌၊ ခိတ္တာ– ပစ်အပ်ကုန်သော၊ သရာ–မြားတို့သည်၊ န ဒိဿန္တိ ယထာ–ဘယ် အရပ်ကိုသွား မထင်ရှားကုန်သကဲ့သို့တည်း။

ဤဒေသနာတော်၏အဆုံး၌ များစွာသော လူတို့သည် သောတာ ပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

နတ်တို့သနင်း သိကြားမင်းသည် မြတ်စွာဘုရား သုဘဒ္ဒါ ပင့်လျှောက်မှုကို လက်ခံထားကြောင်း သိမြင်၍ ဝိသကြုံနတ်သားကို သင်သည် အထွတ်တပ်သော ပြာသာဒ်ငါးရာဖန်ဆင်း၍ နက်ဖြန် ဘုရား အမှူးရှိသော ရဟန်းသံဃာကို ဥဂ္ဂမြို့သို့ ပင့်ဆောင်ပါလေဟု ခိုင်းထားလေ၏။

ဝိသကြုံနတ်သားသည် နောက်နေ့၌ အထွတ်တပ်သော ပြာသာဒ်ငါးရာကို ဖန်ဆင်း၍ ဇေတဝန်ကျောင်းတိုက် တံခါးအနီး၌ စောင့်နေလေ၏။

မြတ်စွာဘုရားသည် အထူးစင်ကြယ်သော ရဟန္တာငါးရာတို့ကို ရွေးချယ်ခေါ်ဆောင်၍ အထွတ်တပ်သော ပြာသာဒ်ငါးရာတို့၌ အသီးသီးသီတင်းသုံးနေထိုင်လျက် ဥဂ္ဂမြို့သို့ ကြွတော်မူလေ၏။

ဥဂ္ဂသူဌေးသည်လည်း အခြံအရံနှင့်တကွ ချွေးမသုဘဒ္ဒါ ညွှန်ပြအပ်သောနည်းဖြင့်ပင် မြတ်စွာဘုရား ကြွလာတော်မူရာ ကောင်းကင်လမ်းကို မှန်းမျှော်ကြည့်လတ်သော် ကြီးကျယ်စွာသော အသရေတော်တင့်တယ်မှုဖြင့် ကြွလာတော်မူသော မြတ်စွာဘုရားကို အထူးထင်ထင်ဖူးမြင်ရလေကာ ကြည်ညိုစိတ်ထား တဖွားဖွား ပန်းမာန်စထားများစွာသော ပူဇော်ဖွယ်တို့ဖြင့် ပူဇော်ကာ အခြံအရံနှင့်အတူ ခံယူရှိခိုး၍ များစွာသော လှူဖွယ်ဝတ္ထုကို ပေးလှူပြီးနောက် အဖန်ဖန်ပင့်လျှောက်လျက် ခုနစ်ရက်ပတ်လုံး မဟာဒါနကို ပေးလှူလေ၏။

မြတ်စွာဘုရားကလည်း ဥဂ္ဂသူဌေးအား သင့်လျော်သော တရားကို သတ်မှတ်၍ ဟောပြလတ်တော်မူသော်...

ဥဂ္ဂသူဌေးကို အစပြု၍ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့၏ သစ္စာလေးစင်း ထိုးထွင်းသိခြင်းဖြစ်လေ၏။

မြတ်စွာဘုရားသည် စူဠသုဘဒ္ဒါအား ချီးမြှောက်ရန် ဤဥဂ္ဂမြို့မှာပင် သင်နေရစ်လော့ဟု အနုရုဒ္ဓါထေရ်ကို ချန်ထားခဲ့ပြီး သာဝတ္ထိမြို့သို့ပင် ကြွဝင်တော်မူသည်။ ထိုအချိန်မှစ၍ ဥဂ္ဂမြို့သည် ရတနာသုံးတန် ကံ ကံ၏အကျိုးကို ယုံကြည်ကိုးစား သဒ္ဓါတရားနှင့် ပြည့်စုံသောမြို့ ဖြစ်နေလေသတည်း။

**စူဠသုဘဒ္ဒါဝတ္ထု ပြီး၏။**

# သုန္ဒရိပရိဗ္ဗာဇိကာဝတ္ထု

## သုံးလူထွတ်ထွတ် ရှေးကဝတ် မလွတ်ရှာလေပြီ

မြတ်စွာဘုရားနှင့် တပည့်ရဟန်းသံဃာတော်အား မြစ်ကြီးငါးသွယ်တွင် မြစ်ရေအလျှင်နှင့်တူစွာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ လာဘ်လာဘ ပန်း၊ ဆီမီး၊ နံ့သာ စသည် ပူဇော်ဖွယ်သက္ကာရ အလီလီဖြစ်ပေါ်နေလတ်သော် လာဘသက္ကာရ လျော့ကျပျက်စီးနေကြသော တိတ္ထိတို့သည် နေရောင်ကွန့်မြူး ပိုးစုန်းကြူးတို့ကဲ့သို့ မပြောင်မတောက် အရောင်ပျောက်ကုန်ရကား တစ်ခုသော ကာလဝယ် ညီညာဖြုဖြု စုဝေးတိုင်ပင်ကြကုန်၏။

ကိုယ်တော်ကြီးတို့၊ ရဟန်းဂေါတမ ပေါ်လာချိန်မှစ၍ ငါတို့၏ လာဘ်လာဘ ပူဇော်မှု ဆုံးရှုံးပျက်စီးကုန်ပြီ။ ငါတို့ရှိနေမှုကိုမျှသော်လည်း သိသူ တစ်စုံတစ်ယောက်မျှ မရှိတော့ပြီ။ မည်သူနှင့်အတူ တစ်ကျိတ်တည်း အကြံထုတ်၍ ရဟန်းဂေါတမ၏ ဂုဏ်သတင်း ပျက်ယွင်းမှုကို ဖြစ်စေကာ ရဟန်းဂေါတမ၏ လာဘသက္ကာရကို ပျောက်ကွယ်စေနိုင်ကုန်မည်နည်း။

အကြံတစ်ခုပေါ်လာပြီ။ ငါတို့တပည့်မ သုန္ဒရီနှင့်အတူ တစ်ကျိတ်တည်းပြုရလျှင် ဖြစ်နိုင်လိမ့်မည်။ ဤအကြံအစည်ကို အားလုံး သဘောတူညီကြပါသည်။

တပည့်မ သုန္ဒရီ အရှင်ကြီးတို့ နေရာ အာရာမ်တွင်း ဝင်ရောက်ပြီး အရှင်ကြီးတို့အား ရှိခိုးပါ၏ဘုရား။

အရှင်ကြီးတို့အား ရှိခိုးပါ၏ဘုရား။

ယနေ့ ငါ့အား ထူးထူးခြားခြား အရှင်ကြီးများထံမှ နှုတ်ဆက်စကား မကြားရပါလား။ ပွင့်ပွင့်လင်းလင်း မေးကြည့်ဦးမှပဲ။

အရှင်ကြီးတို့ဘုရား၊ တစ်ယောက်သောသူက ညှဉ်းဆဲနှိပ်စက်အပ်သည်ကို အရှင်ကြီးတို့ ကြုံတွေ့နေကြရပါသလား။

အို…နှမ သုန္ဒရီ၊ ငါတို့ကို ညှဉ်းဆဲ လာဘသက္ကာရ ပျက်စီးအောင်ပြု၊ သွားလာနေသည့် ရဟန်းဂေါတမကို သင်မမြင်ဘူးလား။

အရှင်ကြီးတို့၊ ဒီလိုပြုနေရာမှာ တပည့်မက ဘာကို ပြုသင့်ပါသလဲ။

နှမ သုန္ဒရီ၊ သင်သည် ထူးခြားသော ရုပ်ရည်ရှိသူ၊ တင့်တယ်မှုအထွတ်အထိပ် ရောက်နေသူဖြစ်သည်။

ရဟန်းဂေါတမအပေါ် အကျော်အစောမဲ့ဖြစ်နိုင်အောင် အပြစ်တစ်စုံတစ်ခု ပစ်တင်၍ သင့်စကားကို လူအများ နားလည် ယုံကြည်စေပြီး ရဟန်းဂေါတမ၏ လာဘသက္ကာရပျက်စီးမှုကို ပြုပေတော့။

ကောင်းပါပြီ အရှင်ကြီးတို့၊ နားလည်ပါပြီ။

ဟော့…သုန္ဒရီ ယခုညနေချိန် ငါတို့တစ်စု ဇေတဝန်ကျောင်းတွင်းမှ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာကြပြီး ကျောင်းတော်မှထွက်၊ သာဝတ္ထိမြို့တွင်း ဝင်လာကြပြီ၊ သင်က ယခုမှ ပန်း၊ အမွှေးတိုင်၊ ပရုပ်၊ ဂျုဇသီးတွေကို လက်ကကိုင်ပြီး ဘယ်ကို သွားမလိုလဲ။

ငါ ယခု ရဟန်းဂေါတမထံ သွားမှာ၊ ငါသူနှင့်အတူ ဂန္ဓကုဋိ တစ်ခုတည်းအတွင်းမှာနေမှာ။ (သူတို့ကိုတော့ ဒီလို လိမ်ပြောလိုက်တယ်။ ငါကတော့ တိတ္ထိတို့ အရံတွင်း ဝင်အိပ်နေမယ်။)

ဟဲ့...သုန္ဒရီ၊ စောစောစီးစီး ဇေတဝန်ကျောင်းလမ်းမှ လာနေတာ ယခု ဘယ်ကို သွားမလို့လဲ။

ငါ ရဟန်းဂေါတမနှင့်အတူ ဂန္ဓကုဋိတစ်ခုအဲတွင်းမှာနေ၊ ရဟန်းဂေါတမကို ကိလေသာပျော်မွေ့မှုဖြင့် ပျော်မွေ့စေပြီး ဇေတဝန်ကျောင်းက ပြန်လာတာ။

သုန္ဒရီကို ငါတို့ခိုင်းထားတာ ခိုင်းတဲ့အတိုင်းလဲ သူလုပ်နေတာကို ငါတို့ သိရပြီ၊ သုံးရက်၊ လေးရက်ရှိလာပြီ၊ ယခု အစီအစဉ်တစ်မျိုး လုပ်ကြဦးစို့။

အရှင်ကြီးတို့ အကြံအစည် ပိုင်အောင်သာ လုပ်ကြပါ။

ဟော့...ဟော့...ငါ့လူများ လာကြဦးကွ၊ မင်းတို့ အရက်ဖိုး လုံလောက်ကြရဲ့လား၊ အရက်ဖိုးမက မင်းတို့ရအောင် ငါတို့ အကြံအစည်တစ်ခု ရှိထားတယ်။ မင်းတို့က အကောင်အထည်ဖော်ပေးနိုင်မှာလား။

ဘယ်လို အကြံအစည်လဲ အရှင်ကြီးတို့၊ ဘာကိုပဲ လုပ်ရလုပ်ရ လုပ်ပေးနိုင်ပါတယ်။

ကြိုက်ပြီကွာ၊ ရော့...ငွေကျပ်တစ်ထောင် ယူသွားကြ။ သုန္ဒရီကို သတ်ပြီး ရဟန်းဂေါတမရဲ့ ဂန္ဓကုဋိတိုက်အနီး ပန်းအမှိုက်ပုံကြားထဲ ပစ်ချထားချေကြ။

စိတ်သာချပါ အရှင်ကြီးတို့။

ဟော့...သုန္ဒရီကို မတွေ့ကြဘူးလား။

မတွေ့ကြပါ။

သူ့ကို မတွေ့လို့တော့ မဖြစ်ဖူး။ ကောသလမင်းကြီးထံ သွားပြီး အကြောင်းကြားမှပဲ။

အရှင်မင်းကြီး၊ ကျုပ်တို့တပည့်မ သုန္ဒရီကို မတွေ့ရဘူး။ သုန္ဒရီ ပျောက်နေပါတယ်။

အရှင်ကြီးတို့၊ မသင်္ကာစရာ ဘယ်နေရာ ရှိပါသလဲ။

လွန်ခဲ့တဲ့ သုံးလေးရက်က ဇေတဝန်ကျောင်းမှာ နေပါတယ်။ ဇေတဝန်ကျောင်းမှာ သူရဲ့ ဖြစ်ပုံသတင်းကို မသိကြရပါဘူး အရှင်မင်းကြီး။

ဒီလိုဆိုလျှင် အရှင်ကြီးတို့ သွားကြပါ။ ဇေတဝန်ကျောင်းတွင်းမှာ သူ့ကို မေးမြန်းစုံးစမ်းကြပါ။

ကောင်းပါပြီ အရှင်မင်းကြီး။

ဟေ့...ဟေ့...တကာတို့ လာကြ။ ကောသလမင်းကြီးရဲ့ ခွင့်ပြုချက် ငါတို့ရခဲ့ပြီ၊ ဇေတဝန်ကျောင်းတွင်းဝင်ပြီး သုန္ဒရီကို စုံစမ်း. ရှာဖွေကြရအောင်။

ကောင်းပါပြီ အရှင်ကြီးတို့။

ဟော...တွေ့ပြီ၊ သုန္ဒရီကို သတ်ပြီး ပန်းအမှိုက်ပုံကြားထဲ ပစ်ထားကြတယ်။

ကဲ...သုန္ဒရီအလောင်းကို ညောင်စောင်းပေါ်တင် မြို့ထဲ ထမ်းယူခဲ့ကြ။

ကောင်းပါပြီ အရှင်ကြီးတို့။

အရှင်မင်းကြီး၊ ရဟန်းဂေါတမရဲ့ တပည့်တွေက သူတို့ဆရာ ပြုကျင့်ထားတဲ့ မကောင်းမှုကို ဖုံးကွယ်ဖို့ အကြံအစည်နဲ့ သုန္ဒရီကို သတ်ပြီး ပန်းအမှိုက်ပုံကြားထဲမှာ ပစ်ချထားတာကို တွေ့ရရုံမက အလောင်းကိုပါ ထမ်းယူခဲ့ကြပါတယ်။

အရှင်ကြီးတို့၊ ဒီလိုဖြစ်ခဲ့လျှင် သွားကြပါ။ မြို့ထဲကို လှည့်လည် ကြေညာကြပါ။

ကောင်းပါပြီ အရှင်မင်းကြီး။

အို...မြို့သူ မြို့သားတို့၊ ရဟန်းဂေါတမရဲ့ တပည့်သာဝက သကျပုတ္တိယ သမဏတို့ရဲ့ ပြစ်မှုကို ရှုကြည့်ကြကုန်လော့။ သူတို့ သည် သူတို့ဆရာ ·အရှင်ဂေါတမ၏ လွန်ကျူးမှုကို ဖုံးကွယ်ဖို့ အကြံ အစည်နဲ့ သုန္ဒရီကိုသတ်ပြီး ရဟန်းဂေါတမရဲ့ ဂန္ဓကုဋိတိုက်အနီး အမှိုက်ပုံကြားမှာ ပစ်ထားကြတယ်။ ဟောဒီမှာ ကြည့်ကြ။

ကဲ...ဒီလောက် လှည့်လည် အော်ပြီးကြလျှင် မြို့သူမြို့သားတွေ သိလောက်ပါပြီ၊ အလောင်းကို ရှင်ဘုရင်နန်းတော်ဝင်း တံခါးအရောက် ပြန်ထမ်းခဲ့ကြ။

အရှင်မင်းကြီး မြို့တွင်းမှာ လှည့်လည်ပြီး သုန္ဒရီအလောင်းကို ပြန်ယူခဲ့ကြလို့ အရှင်မင်းကြီးရဲ့ နန်းတော်ဝင်းတံခါးအနီး ရောက်ရှိ နေပါပြီ။

ကောင်းပါပြီ အရှင်ကြီးတို့။

မင်းကြီးများ၊ သုန္ဒရီရဲ့ ရုပ်အလောင်းကို သုသာန်မှာ အလောင်း စင်ပေါ်တင်ပြီး အစောင့်အရှောက်ထားကြစေဗျာ။

ကောင်းပါပြီ အရှင်မင်းကြီး။

အရိယသာဝကများမှ ကြွင်းကျန်ကြသော သာဝတ္ထိမြို့သား အများစုတို့သည်...

ကြည့်ကြစမ်းဟေ့၊ သကျပုတ္တိယသမဏတို့ လုပ်ကြပုံကောင်းကြ သေးရဲ့လား အစရှိသော စကားတို့ကို ပြောဆိုကြကာ မြို့တွင်း မြို့ပြင်၌ တွေ့သမျှ ရဟန်းတို့ကို ဆဲဆိုသွားကြကုန်၏။

ရဟန်းတို့သည် ထိုအကြောင်းကို မြတ်စွာဘုရားအား အသိပေး လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ထိုသို့ဖြစ်လျှင် သင်တို့ကလည်း ထိုလူတွေကို ဒီလိုပြန်ပြောကြဟု မိန့်တော်မူပြီး ဤဂါထာကို ဟောပြတော်မူသည်။

အဘူတဝါဒီ နိရယံ ဥပေတိ၊
ယော ဝါပိ ကတွာ န ကရောမိ စာဟ။
ဥဘောပိ တေ ပေစ္စ သမာ ဘဝန္တိ၊
နိဟီနကမ္မာ မနုဇာ ပရတ္ထ။

ယော–အကြင်သူသည်၊ အဘူတဝါဒီ–သူတစ်ပါး၏အပြစ်ကို မသိမြင်ဘဲ မဟုတ်မမှန် လုပ်ကြံပြောဆို စွပ်စွဲ၏၊ ယောဝါပိ–အကြင်သူသည်လည်း၊ ပါပကမ္မံ–မကောင်းမှုကို၊ ကတွာ–ပြုပြီး၍၊ အဟံ–ငါသည်၊ တံ–ထိုမကောင်းမှုကို၊ န ကရောမိ–မပြု၊ ဣတိ–ဤသို့၊ အဟ–ပြောဆို၏၊ သောပိ–ထိုသူသည်လည်း၊ နိရယံ–ငရဲသို့ ဥပေတိ–ရောက်ရလေ၏။

နိဟီနကမ္မာ – ယုတ်ညံ့သော အမှုရှိကုန်သော၊ ဥဘောပိ–နှစ်ယောက်လည်းဖြစ်ကုန်သော၊ တေမနုဇာ–ထိုလူတို့သည်၊ ပေစ္စ ပရတ္ထ–တမလွန်လောက၌၊ သမာ–ငရဲသို့ ရောက်ခြင်းဖြင့် ဘဝတူကုန်သည်၊ ဘဝန္တိ –ဖြစ်ကုန်၏။

ဒေသနာတော်အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

ကောသလမင်းကြီးသည် သုန္ဒရီကို အမှန်သတ်သူပေါ်အောင် စုံစမ်းရန် မင်းချင်းယောကျ်ားတို့ကို စေခိုင်းတိုက်တွန်းလေသည်။

သေသောက်ကြူး အရက်သမားတို့သည် တိတ္ထိအရှင်ကြီးတို့ထံမှ ရသော အသပြာငွေတို့ဖြင့် သေရည်သောက်ကြစဉ် အချင်းချင်း ခိုက်ရန် ဖြစ်ကြကုန်၏။

တစ်ယောက်က တစ်ယောက်ကို သင်သည် သုန္ဒရီကို တစ်ချက်တည်းဖြင့် သတ်၍ ပန်းအမှိုက်ပုံကြား၌ ချထားခဲ့ပြီး တိတ္ထိတို့ထံမှ ရခဲ့သော ငွေတို့ဖြင့် အရက်သောက်သူ မဟုတ်လား။

ဟုတ်ပေ့ကွာ၊ ဟုတ်ပေ့ကွာဟု ပြောဆိုလေ၏။

မင်းချင်းယောကျ်ားတို့သည် ထိုအရက်သမားတို့ကို ဖမ်းယူ၍ မင်းကြီးအား ပြကြကုန်၏။

ထိုအခါ ထိုအရက်သမားတို့ကို မင်းကြီးက သင်တို့သည် သုန္ဒရီကို သတ်ကုန်သလောဟု မေး၏။

အရှင်မင်းကြီး ဟုတ်မှန်ပါသည်။

ဘယ်သူတွေက သင်တို့ကို အသတ်ခိုင်းသနည်း။

အရှင်မင်းကြီး တိတ္ထိတွေက အသတ်ခိုင်းတာပါ။

ကောသလမင်းကြီးသည် တိတ္ထိတို့ကို ခေါ်စေ၍ မေးမြန်းလေ၏။

တိတ္ထိတို့သည် ခိုင်းသည်မှန်ကြောင်း ပြောဆိုကြကုန်၏။

ထိုသို့မှန်လျှင် သင်တို့သွားကြကုန်။ ဤသို့ ပြောဆို၍ မြို့တွင်း၌ လှည့်လည်ကြလော့။

သုန္ဒရီကို ရဟန်းဂေါတမ၏အပေါ် အပြစ်တင်လိုသော ငါတို့ သတ်သည်။ ရဟန်းဂေါတမမှာလည်း အပြစ်မရှိ၊ ရဟန်းဂေါတမ၏ တပည့်သာဝကတို့မှာလည်း အပြစ်မရှိ။ ငါတို့မှာသာ အပြစ်ရှိသည်ဟု ပြောဆိုလှည့်လည်ကြကုန်လော့။

တိတ္ထိတို့နှင့် အရက်သမားတို့သည် မင်းကြီး၏ အမိန့်အတိုင်း ပြုကြကုန်၏။

ထိုအခါ လူဗာလအပေါင်းသည် အမှန်ကို ယုံကြည်ကြလေ၏။ တိတ္ထိတို့သည်လည်းကောင်း၊ သေသောက်ကြူး အရက်သမားတို့သည်လည်းကောင်း သေဒဏ်ချခံကြရလေကုန်၏။

**သုန္ဒရိပရိဗ္ဗာဇိကာဝတ္ထု ပြီး၏။**

# ဣ္ကုသာပကတိတ္ထိဝတ္ထု

## ဣ္ကုသာကြီးလွန်းသောမိန်းမ

သာဝတ္ထိမြို့၌ မိန်းမတစ်ယောက်ရှိ၏။ ထိုမိန်းမ၏ ယောကျ်ား သည် အိမ်ကျွန်မတစ်ယောက်နှင့် ကိလေသာကာမဖြင့် ပေါင်းသင်း မှုကို ပြု၏။ အိမ်ကျွန်မ၏ ထိုသို့ပြုမှုကို မကြည်ဖြူမနှစ်လို၊ မနာလို သော ဣ္ကုသာနှိပ်စက်ခံရသူ ထိုအိမ်ရှင်မသည် မိမိလင်ယောကျ်ား နှင့် ဖောက်ပြားကျူးလွန်သူ ထိုကျွန်မကို ခြေနှစ်ဖက်၊ လက်နှစ်ဖက် တို့၌ ကြိုးဖြင့် ဖွဲ့ချည်၍ ထိုကျွန်မ၏ နားနှင့် နားခေါင်းကို ဖြတ် ထားပြီး လှို့ဝှက်လုံခြုံသည့် အိမ်ခန်းတစ်ခုအတွင်း၌ ထည့်၊ တံခါးကို ပိတ်ထားပြီး ထိုအမှုကို မိမိမပြုလေဟန် ဖုံးကွယ်ရန်...

အို...အိမ့်ရှင် လာပါ။ ကျောင်းသို့သွား၍ တရားနာရအောင်ဟု အိမ်ရှင်ယောကျ်ားကို ခေါ် ၍ ဇေတဝန်ကျောင်းသို့သွား တရားနာ လျက် ထိုင်နေ၏။

ထိုအချိန်၌ ထိုအိမ်ရှင်မိန်းမ၏ ဆွေမျိုးညာသည်တို့သည် အိမ်သို့ လာ၍ တံခါးကို ဖွင့်ကြည့်သောအခါ ထိုဖောက်ပြန်မှုအခြင်းအရာကို တွေ့မြင်ကြ၍ ကျွန်မကို လွှတ်ပေးလိုက်ကြသည်။

ထိုကျွန်မသည် ဇေတဝန်ကျောင်းသို့သွား၍ ပရိသတ်လေးပါး အလယ်၌ ရပ်တည်ကာ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်

ထားလေ၏။ မြတ်စွာဘုရားသည် ထိုကျွန်မ လျှောက်ထားသည့် စကားကို ကြားတော်မူသဖြင့်

မကောင်းမှု ဒုစရိုက်မည်သည်ကို ငါ၏ ဤဒုစရိုက်ကို အခြားသူတို့ မသိကြဟု မှတ်ထင်ကာ အနည်းငယ်မျှကိုသော်လည်း မပြုသင့်ပေ။ ကောင်းမှု သုစရိုက်ကိုသာ တခြားသူ မသိသော်လည်း ပြုသင့်ပေသည်။ မကောင်းမှု ဒုစရိုက်မည်သည် ဖုံးကွယ်၍ ပြုထားအပ်သော်လည်း နောက်၌ ပြုသူ၏ ပူပန်မှုကို ပြုတတ်၏။ ကောင်းမှု သုစရိုက်သည်ကား ပြုသူ၏ ဝမ်းမြောက်မှုကိုသာ ဖြစ်စေသည်ဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူသည်။

**အကတံ ဒုက္ကဋံ သေယျော၊ ပစ္ဆာ တပ္ပတိ ဒုက္ကဋံ။**
**ကတဉ္စ သုကတံ သေယျော၊ ယံ ကတွာ နာနုတပ္ပတိ။**

ယံ ဒုက္ကဋံ–အပြစ်တွေစု အကြင်မကောင်းမှုကို၊ ကတွာ–ပြုပြီး၍၊ ပစ္ဆာ–နောက်ကာလ၌၊ တပ္ပတိ–ပူပန်ရ၏၊ တံ ဒုက္ကဋံ–အပြစ်တွေစု ထိုမကောင်းမှုကို၊ အကဋံ–မပြုလုပ်ခြင်းသည်၊ သေယျော–မြတ်၏။

ယံ သုကတံ–အပြစ်မစု အကြင်ကောင်းမှုကို၊ ကတွာ–ပြုပြီးသော်၊ နာနုတပ္ပတိ–နောက်၌တစ်ဖန် မပူပန်ရ၊ တံ သုကတံ–အပြစ် မစု ထိုကောင်းမှုကို၊ ကတဉ္စ–ပြုခြင်းသည်ကား၊ သေယျော–ဝမ်းသာ ထပ်ထပ် မြတ်လှပေ၏။

ဒေသနာတော်အဆုံး၌ အိမ်ရှင် ဥပါသကာနှင့် အိမ်ရှင် ထိုမိန်းမသည် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။

ညှဉ်းဆဲနှိပ်စက်ခံရသူ ထိုကျွန်မကိုမူကား ထိုနေရာ၌ပင် ကျွန်အဖြစ်မှ ကင်းလွတ်စေကာ တရားကျင့်သူအဖြစ် ပြုထားကြလေကုန်၏။

**ဣဿာပကတိတ္ထိဝတ္ထု ပြီး၏။**

# ခေမာထေရီဝတ္ထု

ဤဘဒ္ဒကပ်ကမ္ဘာမှ လွန်ခဲ့ပြီးသော ကမ္ဘာတစ်သိန်းမြောက်က ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူလေ၏။

ခေမာထေရီလောင်းလျာ အမျိုးသမီးသည် ထိုအချိန်က ဟံသာဝတီပြည်၌ သူဌေးသမီးဖြစ်လေ၏။

သူဌေးသမီးသည် မိဘနှစ်ပါးကို ခွင့်ပန်၍ တပည့်သံဃာနှင့်အတူ မြတ်စွာဘုရားကို ခုနစ်ရက်ပတ်လုံး ဆွမ်းဆက်ကပ် လှူဒါန်းလေ၏။ ထိုမှနောက် ခုနစ်ရက်မြောက်သောနေ့၌ မဒုမုတ္တရမြတ်စွာဘုရားသည် အမျိုးသမီးရဟန်းတစ်ပါးကို ပညာအရာ၌ တေဒဂ်ဘွဲ့ထူးကို ပေးတော်မူသည်။

သူဌေးသမီးသည် ထိုအကြောင်းကို ကြား၍ လွန်စွာ ဝမ်းမြောက်ရကား နောက်ထပ်တစ်ဖန် ကုသိုလ်ကောင်းမှုပြု၍ပညာတေဒဂ်ဘွဲ့ထူးကို ဆုပန်တောင်းဆိုလေ၏။ မဒုမုတ္တရမြတ်စွာဘုရားသည် သင်သည် လာမည့် ကမ္ဘာတစ်သိန်း၌ ဂေါတမမြတ်စွာဘုရားထံတော်၌ ဓမ္မအမွေခံ ဓမ္မနိမ္မိတဖြစ်၍ ဂေါတမဗုဒ္ဓ၏ ရင်၌ ပွားကြီး သြရသ သမီး ခေမာအမည်ဖြင့် ပညာတေဒဂ်ဘွဲ့ကို ရလိမ့်မည်ဟု မိန့်ကြားတော်မူသည်။ ထိုမှနောက် ထိုသူဌေးသမီးသည် လှူပြည်၊ နတ်ပြည်

အလီလီအဖန်ဖန် စုန်ဆန်လန်းဖြာ ချမ်းသာစွာ ကျင်လည်ခဲ့ရလေ၏။ ဤကမ္ဘာမှ ကိုးဆယ့်တစ် ကမ္ဘာမြောက် ဝိပဿီမြတ်စွာဘုရား လက်ထပ်၌ ထိုသူဌေးသမီးသည် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ အမျိုးသမီးရဟန်းပြုပြီးလျှင် ဝိပဿီမြတ်စွာဘုရား သာသနာတော်၌ နှစ်ပေါင်းတစ်သောင်းကာလပတ်လုံး မြတ်သော အကျင့်ကို ကျင့်သူ၊ တရားအားထုတ်သူ ဗဟုသုတရှိသူ၊ ပဋိစ္စသမုပ္ပါဒ် တရား၌ ကျွမ်းကျင်သူ၊ သစ္စာလေးပါးတရား၌ ရဲရင့်သူ၊ သိမ်မွေ့သူ၊ ဆန်းကြယ်သော တရားစကားကို ဟောပြောတတ်သူအဖြစ်ဖြင့် မြတ်စွာဘုရား သာသနာတော်ကို ပြုခဲ့သူဖြစ်လေ၏။

ထိုဘဝမှ စုတေပြီးနောက် တုသိတာနတ်ပြည်၌ ကျော်စော ထင်ရှားသည့် နတ်သမီးဖြစ်လေ၏။

ထိုသူဌေးသမီးသည် ယခင် မြတ်စွာဘုရားသာသနာတော်၌ ကုသိုလ်ပြုခဲ့သူ၊ တရားအားထုတ်ခဲ့သူဖြစ်သောကြောင့် ဘဝ၌ နှစ်သက် မြတ်နိုးဖွယ် စည်းစိမ်ချမ်းသာအားလုံးကို လွယ်လွယ်ကူကူ ရသူ ဖြစ်လေ၏။

ဖြစ်တိုင်း ဖြစ်တိုင်းသောဘဝ၌ စွဲမက်ခဲ့ရသူ လင်ယောကျ်ား မှန်သမျှသည် ထိုအမျိုးသမီးကို မထေမဲ့မြင် မပြုမူ၍ လေးစား မြတ်နိုးခံရသူဖြစ်၏။ ထိုသို့ ဖြစ်ရခြင်းသည် လွန်ခဲ့သော ဘုရား သာသနာတော်၌ အားထုတ်ခဲ့သော ပဋိပတ္တိစွမ်းအားကြောင့် ဖြစ်၏။ ထိုအမျိုးသမီးသည် ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူသော ကောဏာဂုံ မြတ်စွာဘုရားလက်ထပ်၌ ဗာရာဏသီပြည်ဝယ် ပစ္စည်းဥစ္စာ ကုံလုံ ပြည့်ဝသော အမျိုးသမီးဖြစ်၍ ဓနဉ္စာနီ အမျိုးသမီး၊ သုမေဓာ အမျိုး သမီးတို့နှင့်အတူ ဒါနပြုဖက် မိတ်ဆွေမမ ၂၊ားဖြစ်၍ သံဃာတော်အား ရည်မှန်း၍ သံဃအာရာမ် ပြုလုပ်လှူဒါန်းခဲ့သည်။ ထိုဘဝမှ စုတေ သော် တာဝတိံသာနတ်ပြည်၌လည်းကောင်း၊ လူ့ပြည်၌လည်းကောင်း

ဖြစ်၍ အကျော်အစော အခြံအရံအားဖြင့် မြင့်မြတ်သူဖြစ်လေ၏။ ဤဘဒ္ဒကမ္ဘာမှာပင် ကဿပမြတ်စွာဘုရားလက်ထက် ဗာရာဏသီပြည်ဝယ် ကာသိဘုရင် ကိကီမင်း၏ သမီးတော်ခုနစ်ယောက်တွင် အကြီးဆုံးသမီးဖြစ်၍ သမဏီအမည်ဖြင့် ကျော်ကြားသူဖြစ်၏။

ကိကီမင်းကြီး၏ သမီးခုနစ်ဖော်ကား...

၁။ သမဏီ

၂။ သမဏဂုတ္တာ

၃။ ဘိက္ခုနီ

၄။ ဘိက္ခုဒါယိကာ

၅။ ဓမ္မာ

၆။ သုဓမ္မာ

၇။ သံဃဒါယိကာ တို့ဖြစ်၏။

သမဏီအမှူးပြုသော ညီအစ်မခုနစ်ဖော်တို့သည် ကဿပမြတ်စွာဘုရား သာသနာတော်တွင် အမျိုးသမီးရဟန်းပြုလိုကြ၍ ခမည်းတော် ကိကီမင်းကြီးထံ ခွင့်ပန်ကြရာ ခမည်းတော်မင်းကြီးက ခွင့်မပြုသဖြင့် အနှစ်နှစ်သောင်းကာလပတ်လုံး ကောမာရိဗြဟ္မစရိယအကျင့်ကို ပြင်းရိကင်းကွာ ဝမ်းမြောက်ချမ်းသာစွာ ကျင့်ခဲ့ကြကုန်၏။

> ၁။ ကောမာရိဗြဟ္မစရိယံ၊ ရာဇကညာ သုခေဓိတာ။
> ဗုဒ္ဓေါပဋ္ဌာနနိရတာ၊ မုဒိတာ သတ္တ ဓီတရော။
> ၂။ သမဏီ သမဏဂုတ္တာ စ၊ ဘိက္ခုနီ ဘိက္ခုဒါယိကာ။
> ဓမ္မာ စေဝ သုဓမ္မာ၊ သတ္တမီ သံဃဒါယိကာ၊
> ၃။ ခေမာ ဥပ္ပလဝဏ္ဏာ စ၊ ပဋာစာရာ စ ကုဏ္ဍလာ။
> ကိသာဂေါတမီ ဓမ္မဒိန္နာ၊ ဝိသာခါ ဟောတိ သတ္တမီ။

၁။ ရာဇကညာ–မင်းမှမွေးဖွား သတို့သမီးများ ဖြစ်ကြကုန်သော၊ သုခေဓိတာ–ချမ်းသာစွာ ကြီးရင့်ခဲ့ကြကုန်သော၊ သတ္တဓီတရော–

ကိကီမင်းကြီး၏ သမီးတော် ခုနစ်ဖော်တို့သည်၊ ကောမာရိ ဗြဟ္မစရိယံ–ငယ်သွေးငယ်မှ ဖြူဖြူလွှင်လွှင် အပျိုစင်အဖြစ်ဖြင့် ကျင့်အပ်သော မြတ်သောအကျင့်ကို၊ သိက္ခန္တာ–တစ်သက်ပတ်လုံး လိုက်နာကျင့်သုံးကြကုန်လျက်၊ ဗုဒ္ဓေါပဋ္ဌာနနိရတာ–မြတ်စွာဘုရားထံ တရံမပြတ် ဆည်းကပ်မွေ့လျော်ကြကုန်၏၊ မုဒိတာ–သဒ္ဓါရွှင်လန်း အမြဲတမ်း ဝမ်းမြောက်နေကြလေကုန်၏။

၂။ (ကတမာ သတ္တဓိတရော–သမီးတော်ခုနစ်ဖော်ဟူသည် အဘယ်သူတို့နည်း။)

၁။သမဏီစ–သမဏီလည်းကောင်း၊ သမဏဂုတ္တာစ–သမဏဂုတ္တာလည်းကောင်း၊ ဘိက္ခုနီစ–ဘိက္ခုနီလည်းကောင်း၊ ဘိက္ခုဒါယိကာ စ–ဘိက္ခုဒါယိကာလည်းကောင်း၊ ဓမ္မာစေဝ–ဓမ္မာလည်းကောင်း၊ သုဓမ္မာ စ၊ သုဓမ္မာလည်းကောင်း၊ သတ္တမီ–ခုနစ်ယောက်မြောက်သော၊ သံဃဒါယိကာ စ–သံဃဒါယိကာလည်းကောင်း၊ ဣမာသတ္တ–ဤခုနစ်ဖော်တို့ပေတည်း။

၃။ ခေမာ စ–ယခုအခါ ခေမာထေရီသည်လည်းကောင်း၊ ဥပ္ပလဝဏ္ဏာ စ–ဥပ္ပလဝဏ်ထေရီလည်းကောင်း၊ ပဋာစာရာ စ–ပဋာစာရာထေရ်ရီလည်းကောင်း၊ ကုဏ္ဍလာစ–ကုဏ္ဍလကေသီထေရ်ရီလည်းကောင်း၊ ကိသာဂေါတမီ စ–ကိသာဂေါတမီထေရ်ရီလည်းကောင်း၊ ဓမ္မဒိန္နာနာ စ–ဓမ္မဒိန္နာထေရ်ရီလည်းကောင်း၊ သတ္တမီ–ခုနစ်ယောက်မြောက်သော၊ ဝိသာခါ စ–ပုဗ္ဗာရုံကျောင်းအမ ဝိသာခါလည်းကောင်း၊ ဟောတိ–ဟိုယခင်က အစဉ်မကွာ ယခုအခါ ဖြစ်လာပေသတည်း။

ကိကီမင်းကြီး၏ သမီးတော် ခုနစ်ဖော်တို့တွင် ခေမာထေရီအလောင်း အကြီးဆုံးသမီးတော် သမဏီသည် ကဿပမြတ်စွာဘုရားဟောကြားအပ်သော မဟာနိဒါနသုတ္တန်တရားတော်ကို ကြားနာသင်ယူခဲ့လေသည်။ ယခုနောက်ဆုံးဘဝ၌ သာကလပြည် မဒ္ဒ

မင်းကြီး၏ သမီးတော်ဖြစ်လေ၏။ ထိုသမီးတော်သည် နှစ်လိုဖွယ်၊ သနားစဖွယ်၊ ချစ်ခင်ဖွယ် ရုပ်အဆင်းရှိရုံမျှမက ထိုသမီးတော် ဖွား မြင်ချိန်မှစ၍ သာကလပြည် တစ်ခုလုံး ဘေးရန်ကင်းကွာ ချမ်းသာ သည်ကို အကြောင်းပြု၍ (ဂုဏနာမ်အားဖြင့်) ခေမာဟု အမည်ပြု ထားကြသည်။ ခမည်းတော် မဒ္ဒမင်းကြီးသည် သမီးတော်ခေမာကို အရွယ်ရောက်လာသောအခါ ဗိမ္ဗိသာရမင်းကြီးအား မိဖုရားအဖြစ် ဆက်သလိုက်လေသည်။ ခေမာမိဖုရားသည် မိမိ၏ ခန္ဓာကိုယ် ရုပ်အသွင် တင့်တယ်မှု၌ မွေ့လျော်သူဖြစ်၍ ရုပ်တရားတို့၏အဖြစ်ကို ဟောနေသည် ဟူသော မနှစ်သက်မှုကြောင့် မြတ်စွာဘုရားထံ သွားရောက် ဖူးမြော်ခြင်းကို မပြုပေ။

ဗိမ္ဗိသာရမင်းကြီးသည် ခေမာမိဖုရား၏ အဆင်းမာန်ယစ်သူ အဖြစ်ကိုသိ၍ ဝေဠုဝန်ကျောင်းတော်ကို ချီးမွမ်းခြင်းနှင့် စပ်ယှဉ်သော တေးဂီတတို့ကိုရေးစပ်စေပြီး သဘင်သည်နှင့် နန်းတွင်းသူ နန်းတွင်း သားတို့အား သီဆိုစေရန် ပေးထားလေ၏။

၁။ ရမ္မံ ဝေဠုဝနံ ယေန၊ န ဒိဋ္ဌံ သုဂတာလယံ။
န တေန နန္ဒနံ ဒိဋ္ဌံ၊ ဣတိ မညာမသေ မယံ။
၂။ ယေန ဝေဠုဝနံ ဒိဋ္ဌံ၊ နရနန္ဒနနန္ဒနံ။
သုဒိဋ္ဌံ နန္ဒနံ တေန၊ အမရိန္ဒသုနန္ဒနံ။
၃။ ဝိဟာယ နန္ဒနံ ဒေဝါ၊ ဩတရိတွာ မဟီတလံ။
ရမ္မံ ဝေဠုဝနံ ဒိသွာ၊ န တပ္ပန္တိ သုဝိမှိတာ။
၄။ ရာဇပုညေန နိဗ္ဗတ္တံ၊ ဗုဒ္ဓပုညေန ဘူသိတံ။
ကော ဝတ္တာ တဿ နိဿေသံ၊ ဝနဿ ဂုဏသဉ္စယံ။

၁။ ယေန-ရဟန်းရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်၊ ရမ္မံ- အားရရွှင်ပျော် မွေ့လျော်ဖွယ်ကောင်းသော၊ သုဂတာလယံ-မြတ်စွာ

ဘုရား သီတင်းသုံးပျော် ကျောင်းတော်ရှိသော၊ ဝေဠုဝနံ-ဝါးတော ဥယျာဉ်ကို၊ န ဒိဋ္ဌံ-ကံကောင်းမမ မမြင်ရချေ၊ တေန-ဝေဠုဝန်ကို မမြင်ဖူးသူ ထိုထိုလူသည်၊ နန္ဒနံ-တာဝတိံသာတွင် နတ်တို့ ပျော်ရွှင် နန္ဒဝန်ဥယျာဉ်ကို၊ န ဒိဋ္ဌံ-မြင်ရသူမဟုတ်၊ ဣတိ-ဤသို့၊ မယံ-ငါတို့သည်၊ မညာမသေ-မပြတ်အစဉ် မှတ်ထင်ကြပေကုန်၏။

၂။ ယေန-ရဟန်းရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်၊ နရနန္ဒနနန္ဒနံ-လူတကာတို့ များစွာမယွင်း နှစ်သက်ခြင်းရှိသော၊ ဝေဠုဝနံ-ဝေဠုဝန်ကို၊ ဒိဋ္ဌံ-ကိုယ်တိုင်ထင်ထင် မြင်သိအပ်၏၊ တေန-ဝေဠုဝန်ကို မြင်ရလေသူ ထိုထိုလူသည်၊ အမရိန္ဒသုနန္ဒနံ-နတ် အများနှင့် သိကြားဖန်ခါ ကောင်းစွာ နှစ်သက်အပ်သော၊ နန္ဒနံ-တာဝတိံသာ နတ်ပြည်တွင်ရှိ နန္ဒဝန်ဥယျာဉ်ကို၊ သုဒိဋ္ဌံ-ကောင်းစွာ မြင်အပ်သူဖြစ်၏။

၃။ ဒေဝါ-တာဝတိံသာ နတ်များစွာတို့သည်၊ နန္ဒနံ-တာဝတိံသာ တွင် နန္ဒဝန်ဥယျာဉ်ကို၊ ဝိဟာယ-တခဏတာ ပယ်ခွာ၍၊ မဟီတလံ-လူ့ပြည်တစ်ခွင် ဤမြေပြင်သို့၊ ဩတရိတွာ-မကြာချက်ချင်း သက်ဆင်း ကြကုန်၍၊ ရမ္မံ-စိတ်နှလုံးရွှင်ပျော် မွေ့လျော်ဖွယ်ကောင်းသော၊ ဝေဠုဝနံ-သာယာဖွယ်မွန် ဝေဠုဝန်ကို၊ ဒိသွာ-မျက်စိထင်ထင် မြင်ရ ကုန်သော်၊ သုဝိမှိတာ-ရင်သပ်ရှုမော အံ့ကြကုန်လျက်၊ နတပ္ပန္တိ-ကြည့်မှုကိုစဲ မရောင့်လွဲနိုင် မရောင့်ရဲကြလေကုန်။

၄။ ရာဇပုညေန-ရှေးကကြောင်းပြု ဗိမ္ဗိသာရမင်း၏ ကောင်းမှု ကြောင့်၊ နိဗ္ဗတ္တံ-အသစ်တစ်ဖော် ဖြစ်ပေါ်လာသော၊ ဗုဒ္ဓပုညေန-အများဆုံးဖန် ဘုရားဘုန်းကံသည်၊ ဘူသိတံ-ဖြန့်ကာသွင်သွင် တန်ဆာ ဆင်အပ်သော၊ တသ္သ ဝနဿ-ထိုဝေဠုဝန်ခေါ် ဥယျာဉ်တော်၏၊ ဂုဏသင်္ဃယံ-ကောင်းစွာဆုံပြု ဂုဏ်အစုကို၊ နိဿေသံ-မကြွင်း

ကျန်အောင်၊ ကောဏ္ဍ-ပြဟ္မာနတ်လူ အဘယ်သူသည်၊ ဝတ္တာ-ကိုယ်မှိုင် ထိုင်လျှော့ ဆိုနိုင်ပါတော့အံ့နည်း။

ခေမာမိဖုရားသည် တေးသံအရာ ထိုဂါထာတို့ကို ဆိုသူတို့၏ အသံကို ဖန်ဖန်ကြားရလေသော် ဝေဠုဝန်ဥယျာဉ်ကို မမြင်ဖူး၊ မကြား ဖူးသကဲ့သို့ ဖြစ်နေလေ၏။

အဘယ်ဥယျာဉ်ကို ရည်ရွယ်၍ သီဆိုကြသနည်းဟု မေးလေ သော် အရှင်မိဖုရား၊ အရှင်မိဖုရားတို့၏ ဝေဠုဝန်ဥယျာဉ်ကိုပင် ရည်ရွယ်၍ သီဆိုကြပါသည်ဟု ပြောဆိုအပ်သော် ဥယျာဉ်သို့ သွားလို စိတ် ဖြစ်လေ၏။

မြတ်စွာဘုရားသည် ခေမာမိဖုရား ဝေဠုဝန်ဥယျာဉ်သို့ လာကြောင်း ကို မြင်သိတော်မူ၍ ပရိသတ်အလယ် ထိုင်တော်မူကာ တရားဟော လျက်ပင် ထန်းရွက်ရပ်ဝန်းကို ကိုင်ကာ ကိုယ်တော်၏ဘေး၌ တည်၍ ယပ်ခတ်နေသော အလွန်လှပသော မိန်းမကို ဖန်ဆင်းထားလေ၏။ ခေမာမိဖုရားသည် ကျောင်းတော်တွင်းသို့ ဝင်မိလျှင်ပင် ထိုမိန်းမကို မြင်၍ စိတ်ကူးမိသည်မှာ...

မြတ်စွာဘုရားသည် အဆင်းရုပ်၏ အပြစ်ကို ပြောဆိုသည်ဟု ဆိုကြ၏။ ဤမိန်းမသည်လည်း မြတ်စွာဘုရားအနီး၌ ယပ်ခတ်လျက် တည်နေသည်။ ငါသည် ဤမိန်းမ အဆင်းရုပ်၏ နှစ်ရာငါးဆယ့် ခြောက်စိတ်စိတ်၊ တစ်စိတ်မျှကိုလည်း မမီချေ၊ ငါသည် ဤလို မိန်းမ၏ ရုပ်အဆင်းကို မမြင်ဖူးချေ။ မြတ်စွာဘုရားကို မဟုတ်မမှန် သော သဘောဖြင့် စွပ်စွဲကြသည် ထင်၏။

ဤသို့ စိတ်ကူးပြီးလျှင် မြတ်စွာဘုရား၏ တရားသံကိုသော်လည်း မကြား မမှတ်နိုင်ဘဲ ထိုမိန်းမကိုသာ ကြည့်နေလေ၏။

မြတ်စွာဘုရားသည် ခေမာမိဖုရား၏ ထိုအဆင်းရုပ်၌ လွန်စွာ မြတ်နိုးမှုဖြစ်နေသည်ကို သိတော်မူ၍ ဖန်ဆင်းထားအပ်သော ထို

မိန်းမရုပ်အဆင်းကို ပထမအရွယ်မှစ၍ အဆင့်ဆင့် ကြီးရင့်အိုမင်း နာကျင်ခြင်း နှိပ်စက်၍ ကွယ်လွန်ပြီး ဖူးဖူးရောင်ပုပ်ပွ အရိုးမျှ ကြွင်းကျန်သည်ကို ပြ၍ ဖန်ဆင်းပြလေ၏။ ခေမာမိဖုရားသည် ဖန်ဆင်း ပြအပ်သော ထိုမိန်းမ၏ အဆင့်ဆင့်အရိုးမျှ ကြွင်းကျန်သည်ကို မြင်ရလေသော်...

ဤမျှလောက် နှစ်သက်ပျော်ရွှင်ဖွယ်၊ မက်မောသာယာဖွယ် ကောင်းလှသော ထိုမိန်းမခန္ဓာကိုယ်ရုပ်သည် တစ်မုဟုတ်ဖြင့်ပင် ကုန်ခြင်း၊ ပျက်ခြင်းသို့ ရောက်ရလေပြီ။ ဤခန္ဓာကိုယ်ရုပ်၌ စင်စစ် အားဖြင့် အနှစ်သာရ မရှိချေတကား။

မြတ်စွာဘုရားသည် ခေမာမိဖုရား၏ စိတ်အကြံအစည်ကို ရှုကြည့် တော်မူ၍...

ခေမာ သင်သည် ဤခန္ဓာကိုယ်ရုပ်၌ အနှစ်သာရရှိ၏ဟု ရှေး အခါက ထင်မိလေပြီ။ ယခုမှာမူ ဤခန္ဓာကိုယ်ရုပ်၏ အနှစ်သာရ မရှိပုံကို ရှုမြင်လေလော့ဟု မိန့်တော်မူကာ ဤဂါထာကို ဟောပြ တော်မူသည်။

**အာတုရံ အသုစိံ ပူတိံ၊ ပဿ ခေမေ သမုဿယံ။**
**ဥဂ္ဃရန္တံ ပဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။**

ခေမေ-မိမိခန္ဓာ လွန်သာယာသည့် ဟဲ့...ခေမာ၊ အာတုရံ- နှိပ်စက်ဖန်ဖန် ဗျာဓိဒဏ်ကြောင့် မခံသာအောင် လွန်စွာနာကျင် ထသော၊ အသုစိံ-ကျင်ကြီး ကျင်ငယ် အလယ်နှစ်မြုပ် စက်ဆုပ် စဖွယ် မစင်ကြယ်ထသော၊ ပူတိံ-အမာကိုးပေါက် ပိုးလောက်ပြည်သီး ယိုစီးထွေထွေ ပုပ်၍နေထသော၊ ဗာလာနံ-ဗာလေဟိ-အလှအဆန်း ငန်းငန်းဆူကြွက် လူမိုက်တို့သည်၊ အဘိပတ္ထိတံ-ခဏာတာမျှ အာသာမှ ပြေပြေ နွဲ့ခွေပွေ့ပိုက် နေလိုက်ချင်ဘိ စရှိမပြတ် အလွန်တောင့်တ

အပ်သော၊ ဥဋ္ဌရန္တံ–အထက်သို့တက် ခံတွင်း စသည်မှ အံထွက်၍ နေသော၊ ပဂ္ဃရန္တံ–အောက်သို့သက်ခါ ဝစ္စမဂ် စသည်မှ ယိုထွက်၍ နေသော၊ ဣဒံ–သမုဿယံ–နဂိုအလှ လျော့ကျပျက်ပြန် အသက်ဆုံးကာ လူလုံးမလှ ပုပ်စွည်ဟောင် ဤမိန်းမ၏ ကိုယ်ကောင်ကို၊ ပဿ–သင့်စိတ်ကို ပြုပြင်၍ ယခုထင်အောင် ရှုမြင်လိုက်ပါလော့။

ခေမာမိဖုရားသည် ဤတရားဂါထာ၏အဆုံး၌ သောတာပတ္တိဖိုလ်၌ တည်လေ၏။

ထိုအခါ ခေမာမိဖုရားကို မြတ်စွာဘုရားသည် အို...ခေမာ၊ ဤသတ္တဝါတို့သည် ရာဂဖြင့် တပ်မက်၊ ဒေါသဖြင့် ပြစ်မှား၊ မောဟဖြင့် တွေဝေနေကြ၍ မိမိ မိမိ၏ တဏှာရေအလျဉ်ကို လွန်မြောက်ရန် မစွမ်းနိုင်ကြ။ တဏှာ ရေအလျဉ်၌သာ ကပ်ညိုနေကြကုန်၏ဟု မိန့်တော်မူပြီး အဆုံးသတ်တရား ဟောပြလို၍ ဤဂါထာကို ဟောတော်မူသည်၊

> ယေ ရာဂရတ္တာ နုပတန္တိ သောတံ။
> သယံကတံ မက္ကဋကောဝ ဇာလံ။
> ဧတမ္ပိ ဆေတွာန ဝဇန္တိ ဓီရာ၊
> အနပေက္ခိနော သဗ္ဗဒုက္ခံ ပဟာယ။

ခေမေ–အို...ခေမာ၊ မက္ကဋကော–နာမည်ခေါ်ဆောင် ပင့်ကူယင်ဖမ်းကောင်သည်၊ သယံ ကတံ–ကိုယ်တိုင်ပြုအပ်သော၊ ဇာလံ–ကွန်ရက်အလယ်၌၊ အနုပတိဝေ–မိလာသော နှံကောင် ယင်ကောင်၏ အရသာကို သောက်ယူ၍ ပြန်အိပ်နေသကဲ့သို့၊ ဧဝ မေဝ=ဤတူသာလျှင်၊ ယေ–အကြင်သူတို့သည်၊ ရာဂရတ္တာ–ရာဂဖြင့် တပ်မက်ကုန်သည်ဖြစ်၍၊ သောတံ–တဏှာကို၊ အနုပတန္တိ–အစဉ်ကျရောက် မလွန်မြောက်နိုင်ကြကုန်။

ဓီရာ–ပညာရှိတို့သည်၊ တေမွိ–ထိုတဏှာ ရေအလျှင်ကိုလည်း၊ ဆေတွာန–ပယ်ဖြတ်ကြကုန်၍၊ အနပေက္ခိနော–ငဲ့ကွက်သာယာ မရှိကြဘဲ၊ သဗ္ဗဒုက္ခံ–ဆင်းရဲအားလုံးကို၊ ပဟာယ–ပယ်စွန့်၍၊ ဝဇန္တိ–သွားကြလေကုန်၏။

ဒေသနာတော်အဆုံး၌ ခေမာမိဖုရားသည် အရဟတ္တဖိုလ်၌ တည်လေ၏၊ လူအများ၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေ၏။ မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကြီးကို မေးတော်မူ၏၊

မင်းကြီး၊ ခေမာမိဖုရားအား ရဟန်းပြုစေသင့်သလော။ သို့မဟုတ် ပရိနိဗ္ဗာန် စံယူစေသင့်သလော။

မြတ်စွာဘုရား၊ ခေမာကို ရဟန်းပြုပေးတော်မူကြပါဘုရား။ ပရိနိဗ္ဗာန် မပြုစေသင့်ပါဘုရား။

ခေမာမိဖုရားသည် ရဟန်းပြုပြီးနောက် အမျိုးသမီးရဟန်းတို့တွင် ပညာတေဒဂ်ရ အဂ္ဂသာဝိကာ (အမြတ်ဆုံးတပည့်မ) ဖြစ်လေ၏။

(ဤနေရာ၌ ခေမာထေရီအကြောင်း အပြည့်အစုံပြု၍ ထည့်လိုက်သည်။)

**ခေမာထေရီဝတ္ထု ပြီး၏။**

# မဟာပဇာပတိ ဂေါတမီဝတ္ထု

မြတ်စွာဘုရား၏ မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရား မိန့်ကြားအပ်သော ဂရုဓမ်ရှစ်ပါးကို (တန်ဆာဆင်လေ့ရှိသော ယောကျ်ားသည် ကောင်းသောအနံ့ရှိသော ပန်းကုံးကို ခံယူသကဲ့သို့) ဦးခေါင်းဖြင့် ခံယူ၍ ရဟန်းအဖြစ်ကို ရလေသည်။

မဟာပဇာပတိ ဂေါတမီ၏ သီးခြားဥပဇ္ဈာယ်ဆရာ ကမ္မဝါစာဆရာဟူ၍ မရှိ။

ဤသို့ ရဟန်းအဖြစ်ကို ရရှိထားသော မဟာပဇာပတိ ဂေါတမီထေရ်ရီကို အကြောင်းပြု၍ အခါတစ်ပါး၌ စကားပြောဆိုကြသည်။

မဟာပဇာပတိ ဂေါတမီ၏ဆရာ ဥပဇ္ဈာယ်တို့သည် မထင်ရှားကုန်၊ မိမိလက်ဖြင့်သာ သင်္ကန်းတို့ကို ယူဝတ်ခဲ့သည်ဟူ၏။

ထို့ကြောင့်ပင် ဘိက္ခုနီတို့သည် ကုက္ကုစ္စရှိကြကုန်၍ မဟာပဇာပတိ ဂေါတမီနှင့်အတူ ဥပုသ် ပဝါရဏာကို မပြုကြလေကုန်၊

ထိုဘိက္ခုနီတို့သည် မြတ်စွာဘုရားထံသွား၍ ထိုအကြောင်းကို လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ထိုဘိက္ခုနီတို့၏စကားကို ကြားတော်မူ၍...

ငါဘုရားသည် ပဟာပဇာပတိ ဂေါတမီအား ရှစ်ပါးသော ဂရုဓမ်တို့ကို ပေးအပ်ကုန်၏။ ငါဘုရားသည်ပင် မဟာပဇာပတိ ဂေါတမီ၏ ဆရာနှင့် ဥပဇ္ဈာယ်ဖြစ်တော့သည်။

ကာယဒုစရိုက် စသည်တို့မှ ကင်းကုန်သော ရဟန္တာတို့၌ ကုက္ကုစ္စကို မပြု မထားသင့်ဟု မိန့်တော်မူကာ တရားဟောလို၍ ဤဂါထာကို မိန့်တော်မူသည်။

**ယဿ ကာယေန ဝါစာယ၊ မနသာ နတ္ထိ ဒုက္ကဋံ။**
**သံဝုတံ တီဟိ ဌာနေဟိ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

ဘိက္ခုနိယော–ဘိက္ခုနီတို့ ယဿ–အကြင်ပုဂ္ဂိုလ်အား၊ ကာယေန–ကိုယ်ဖြင့်၊ ဝါစာယ–နှုတ်ဖြင့်၊ မနသာ–စိတ်ဖြင့်၊ ဒုက္ကဋံ–အပါယ်လားကြောင်း မကောင်းမှုသည်၊ နတ္ထိ–မရှိ၊ တီဟိဌာနေဟိ–ကိုယ်နှုတ်စိတ်ထား သုံးပါးသောအကြောင်းတို့ဖြင့်၊ သံဝုတံ–ကာယ ဒုစရိုက် စသည်တို့ မဝင်နိုင်ရန် ပိတ်ဆို့ထားအပ်၏၊ တံ–ထိုသူကို၊ ဗြာဟ္မဏံ–မကောင်းမှုကင်းကွာ ရဟန္တာဟူ၍၊ အဟံ–ငါဘုရားသည်၊ ဗြူမိ–ဟောတော်မူသည်။

ဒေသနာတော်အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

**မဟာပဇာပတိ ဂေါတမီဝတ္ထု ပြီး၏။**

# ကိသာဂေါတမီဝတ္ထု

မြတ်စွာဘုရား ဂိဇ္ဈကုဋ်တော်၌ သီတင်းသုံးစဉ် သိကြားမင်းသည် ပထမယာမ်အဆုံး သန်းခေါင်ယာမ်အခါ၌ နတ်ပရိသတ်နှင့်အတူ မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုးပြီး သင့်လျော်သော နေရာ၌ အမှတ်ရ အောက်မေ့ဖွယ် တရားစကားကို ကြားနာလျက် နေ၏။

ထိုခဏ၌ ကိသာဂေါတမီထေရ်ရီသည် မြတ်စွာဘုရားကို ဖူးမြင်အံ့ဟု ကောင်းကင်ခရီးဖြင့် လာလေရာ သိကြားမင်းကို မြင်၍ နောက်ဆုတ် ပြန်သွားလေ၏။ သိကြားမင်းသည် မြတ်စွာဘုရားကို ရှိခိုးပြီး နောက်ဆုတ် ပြန်သွားသော ကိသာဂေါတမီထေရ်ရီကို မြင်လိုက်ရ၍ မြတ်စွာဘုရားကို မေးမြန်းလျှောက်ထားလေ၏။

မြတ်စွာဘုရား၊ လာဆဲပင် အရှင်ဘုရားတို့ကို ဖူးမြင်၍ ပြန်လှည့်သွားသူသည် အဘယ်သူပါနည်း။

မြတ်စွာဘုရားက သိကြားမင်း၊ သင် လျှောက်ထားသူသည် ငါဘုရား၏ သမီးတော် ပံသုကူဆောင်ထေရီတို့တွင် အမြတ်ဆုံးဖြစ်သော ကိသာဂေါတမီထေရီဖြစ်ပေသည်ဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူသည်။

ပံသုကူလဓရံ ဇန္တုံ၊ ကိသံ ဓမနိသန္ထတံ။
ဧကံ ဝနသ္မိံ ဈာယန္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

မဟာရာဇ–မြတ်သောသိကြားမင်း၊ ပံသုကူလဓရံ–ပံသုကူကို ဆောင်သော၊ ကိသံ–နည်းပါးသော အသားအသွေးရှိသဖြင့် ကြုံလှီသော၊ ဓမနိသန္ထတံ–အကြောခင်းသော ကိုယ်ရှိသော၊ ဝနသ္မိံ–သစ်ပင်ပေါ်ယယ် တောအလယ်၌ဧကံ-အဖော်မမှီး တစ်ယောက်တည်း၊ ဈာယန္တံ –ဈာန်ဝင်စားလျက်နေသော၊ တံ ဇန္တုံ–ထိုသူမကို၊ အဟံ–ငါဘုရားသည်၊ ဗြာဟ္မဏံ–ကိလေခန်းကွာ ရဟန္တာဟူ၍၊ ဗြူမိ–ဟောတော်မူပါပေ၏။

ဒေသနာတော်အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

ကိသာဂေါတမီဝတ္ထု ပြီး၏။

# ဥပ္ပလဝဏ္ဏာထေရီဝတ္ထု

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ဥပ္ပလဝဏ် ထေရီအား နန္ဒလုလင်စော်ကားမှုကို အကြောင်းပြု၍ ဓမ္မသဘင်ဝယ် လူများစွာတို့ စကားဆိုကြသည်မှာ ရဟန္တာတို့လည်း ကာမသုခကို သာယာကုန်၏။ ကာမကို မှီဝဲကုန်၏။ အဘယ့်ကြောင့် မမှီဝဲဘဲ နေကြမည်နည်း။ ရဟန္တာတို့သည် အဆီအစေးမရှိသော သစ်ပင် လည်း မဟုတ်၊ တောင်ပို့လည်း မဟုတ်ကုန်။ စိုစွတ်သော ကိုယ်ရေ အသား ရှိကုန်သည်သာဖြစ်၏။ ထို့ကြောင့် ထိုရဟန္တာတို့လည်း ကာမသုခကို သာယာကြကုန်၏။

မြတ်စွာဘုရား ကြွလာ၍ မေးတော်မူသဖြင့် ပြောဆိုအပ်သော စကားကို လျှောက်ထားကြသောအခါ...

ရဟန်းတို့ ရဟန္တာတို့သည် ကာမသုခကို မသာယာကြ။ ကာမကို မမှီဝဲကြ။ ဥပမာ ပဒုမ္မာကြာရွက်၌ ကျလာသော ရေပေါက်သည် တည်မနေနိုင် လိမ့်ကျသကဲ့သို့၊ ပွတ်ဆောက်ဖျား၌ မုန်ညင်းစေ့သည် တည်မနေနိုင် လိမ့်ကျသကဲ့သို့၊ ထို့အတူ ရဟန္တာပုဂ္ဂိုလ်၏စိတ်၌ ဝတ္ထုကာမ၊ ကိလေသာကာမ နှစ်မျိုးလုံး မတည်နိုင်ဟု အနုသန္ဓေ စပ်၍ ဤဂါထာကို ဟောပြတော်မူသည်။

ဝါရိ ပေါက္ခရပတ္တေဝ၊ အာရဂ္ဂေရိဝ သာသပေါ။
ယော န လိမ္ပတိ ကာမေသု၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဘိက္ခဝေ–ရဟန်းတို့၊ ပေါက္ခရပတ္တေ–ကြာရွက်ပေါ်၌၊ ဝါရိ–ကျရောက်လာပေ ထိုရေသည်၊ နလိမ္ပတိ ဣဝ–လိမ်းကျံမနေ လိမ့်ကျလေသကဲ့သို့၊ အာရဂ္ဂေ–ပွတ်ဆောက်ဖျား၌၊ သာသပေါ–မုန်ညင်းစေ့သည်၊ နလိမ္ပတိ ဣဝ–တည်၍မနေ လိမ့်ကျလေသကဲ့သို့၊ ယော–အကြင်ပုဂ္ဂိုလ်သည်၊ ကာမေသု–ဝတ္ထုကာမ ကိလေသာကာမ ထိုနှစ်ဝတို့၌၊ နလိမ္ပတိ–သာယာကပ်ငြိ မရှိပါလေ၊ တံ–ထိုပုဂ္ဂိုလ်ကို၊ အဟံ–ငါဘုရားသည်၊ ဗြာဟ္မဏံ–ကိလေသာခန်းကွာ ရဟန္တာဟူ၍၊ ဗြူမိ–ဟောတော်မူပါပေ၏။

(ခေမာထေရီအကြောင်း အကျယ်ပြခဲ့ပြီးဖြစ်၍ ဤဝတ္ထုမှ နောက်ဟောသည့် ခေမာထေရီအကြောင်း ချန်လှပ်ပါသည်။)

ဥပ္ပလဝဏ္ဏာထေရီဝတ္ထု ပြီး၏။

## ဓမ္မဒိန္နာထေရီဝတ္ထု

### ယောကျ်ားဝပ်လျှိုး၊ ရှိခိုးခံရ၊ မြတ်မိန်းမ

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။ ဓမ္မဒိန္နာ အမျိုးသမီး၏ အမျိုးသား ဝိသာခဥပါသကာသည် မြတ်စွာဘုရားထံ၌ တရားကို ကြားနာ၍ အနာဂါမိမဂ်ဖိုလ်သို့ ရောက်လေသဖြင့်...

ငါသည် ရှိသမျှစည်းစိမ်ဥစ္စာကို ငါ၏ဇနီး ဓမ္မဒိန္နာအား ပေးမှ သင့်တော့မည်ဟု ကြံစည်မိလေ၏။ ဝိသာခဥပါသကာ အနာဂါမ် မဖြစ်မီ ရှေ့အချိန်က အိမ်သို့ပြန်လာသော် လေသာပြတင်းမှ ကြည့်နေသော ဓမ္မဒိန္နာကို ကြည့်၍ ပြုံးလေ့ရှိ၏။ အနာဂါမ်ဖြစ်ပြီးသော ထိုနေ့မှာမူ လေသာပြတင်းမှ ကြည့်နေသော ဓမ္မဒိန္နာကို မကြည့်ဘဲလာ လေ၏။ ဓမ္မဒိန္နာသည် ဤအမူအရာသည်ကား အဘယ်သဘော နည်းဟု အောက်မေ့ကာ ရှိစေဦးတော့ ထမင်းစားသောအခါ သိရ မည်ဟု ကြံစည်လျက် ထမင်းစားချိန်၌ ထမင်းကို ကျွေးလေ၏။ ဝိသာခဥပါသကာသည် အခြား နေ့တို့တုန်းက ဓမ္မဒိန္နာရေ၊ လာဟေ့ အတူစားကြစို့ဟု ပြောဆို၏။ ထိုနေ့မှာမူ မခေါ်မပြော တိတ်ဆိတ်စွာ ထမင်းစားနေ၏။

ဓမ္မဒိန္နာက ငါ့အိမ်သားသည် အကြောင်းတစ်ခုကြောင့် စိတ်ဆိုးလာခဲ့သူဖြစ်လိမ့်မည်ဟု ကြံမိပြန်၏။ ထိုမှနောက် ဝိသာခဥပါသကာသည် ထမင်းစားပြီး၍ ချမ်းသာစွာ ထိုင်နေချိန်၌ ဓမ္မဒိန္နာကို ခေါ်၍...

ဓမ္မဒိန္နာ ဤအိမ်မှာ ရှိသမျှစည်းစိမ်ဥစ္စာကို လက်ခံပါဟု ပြောဆိုလေ၏။

ဓမ္မဒိန္နာက စိတ်ဆိုးစိတ်ပျက် သူတို့သည် ရှိသမျှဥစ္စာကို လွှဲပြောင်းပေးမည်မဟုတ်။ ဘယ်လိုနည်းဟု စဉ်းစားပြီ၊ အို...အရှင်လင်၊ အရှင်တို့က ဘယ်သို့ ပြုမည်နည်းဟု ပြောဆိုလေ၏။ ထိုအခါ ဝိသာခဥပသကာက ဒီအချိန်မှစ၍ ငါသည် ဘာတစ်ခုကိုမျှ မစိစစ် မစီရင်တော့ဟု ဆို၏။ ထိုအခါ ဓမ္မဒိန္နာက အရှင်တို့ ထွေးပစ်လိုက်သောတံတွေးကို မည်သူက ခံယူမည်နည်း။ အရှင်တို့က ဤသို့ဖြစ်နေလျှင်ကျွန်မအား ရဟန်းပြုခွင့်ပေးကြပါဟု ပြောလေ၏။

ဝိသာခဥပါသကာသည် ရှင်မ ကောင်းပါပြီဟု ဝန်ခံပြီး များစွာသော ပူဇော်ဖွယ်တို့နှင့်အတူ ဓမ္မဒိန္နာကို ဘိက္ခုနီကျောင်းသို့ ပို့ဆောင်၍ ရဟန်းပြုစေ၏။

ဓမ္မဒိန္နာ အမျိုးသမီးသည် ရဟန်းဖြစ်ပြီးသောအခါ ဓမ္မဒိန္နာထေရီ အမည်ကို ရလေ၏။

ဓမ္မဒိန္နာထေရီသည် ဆိတ်ငြိမ်ရာ၌ နေလို၍ ဘိက္ခုနီတို့နှင့်အတူ ဇနပုဒ်သို့ သွားနေစဉ် မကြာမြင့်မီပင် ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၍ ယခုအခါ ငါ့ကို အမှီပြု၍ ဆွေမျိုးများကောင်းမှုတို့ကို ပြုကြလိမ့်မည်ဟု ရည်ရွယ်၍ ရာဇဂြိုဟ်မြို့သို့ ပြန်လာလေ၏။

ဝိသာခဥပါသကာသည် ဓမ္မဒိန္နာထေရီ ပြန်လာကြောင်းကို ကြား၍ အဘယ်အကြောင်းကြောင့် ပြန်လာလေသနည်းဟု ကြံစည်ကာ ဘိက္ခုနီကျောင်းသို့သွား၍ ဓမ္မဒိန္နာကို ရှိခိုးပြီး သင့်လျော်သည့်

နေရာ၌ ထိုင်လျက် ရှင်မထေရီ၊ သက်န်းဝတ်၌ ငြီးငွေ့၍ လူထွက်လိုသလောဟု မေးရန် မသင့်လျော်၊ တစ်ခုသောပြဿနာကို မေးအံ့ဟု ကြံ၍ ပြဿနာကို မေးလေ၏။

(ဓမ္မပဒကဋ္ဌကထာ၌ သောတာပတ္တိမဂ်၌ ပြဿနာကို မေး၏။ ဓမ္မဒိန္နာထေရီက ထိုပြဿနာကို ဖြေဆို၏။ စသည်ဖြင့် အကျဉ်းမျှကိုသာ ပြဆိုထားသည်။ ဗဟုသုတဖြစ်၍ ဓမ္မရေးရာ၌ အားတက်စေရန် ရည်ရွယ်၍ မေးပုံ ဖြေပုံကို မူလပဏ္ဏာသပါဠိတော်၊ စူဠဝေဒလ္လသုတ်မှယူ၍ အကျယ်ရေးလိုက်သည်။)

အရှင်မ ထေရီ သက္ကာယ သက္ကာယဟု ဆိုကြပါသည်။ အဘယ်သည် သက္ကာယမည်၏ဟု မြတ်စွာဘုရား ဟောအပ်ပါသနည်း။

ဒကာ ဝိသာခ၊ ဉပါဒါနက္ခန္ဓာတို့ကို သက္ကာယဟု မြတ်စွာဘုရား ဟောအပ်ပါသည်။

ဉပါဒါနက္ခန္ဓာဟူသည်...

ရူပုပါဒါနက္ခန္ဓာ

ဝေဒနုပါဒါနက္ခန္ဓာ

သညုပါဒါနက္ခန္ဓာ

သင်္ခါရုပါဒါနက္ခန္ဓာ

ဝိညာဏုပါဒါနက္ခန္ဓာ တို့ဖြစ်သည်။

ဒကာ ဝိသာခ၊ ဤငါးပါးသော ဉပါဒါနက္ခန္ဓာတို့ကို သက္ကာယမည်၏ဟု မြတ်စွာဘုရား ဟောအပ်ပါသည်။

(မှတ်ချက်။ ။မေးသူက ဝိသာခဉပါသကာ၊ ဖြေသူက ဓမ္မဒိန္နာဟု မှတ်သိပါလေ။)

သက္ကာယသမုဒယ (သက္ကာယဖြစ်ကြောင်း)ကား အဘယ်ပါနည်း။

ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာသည် သက္ကာယ သမုဒယ (သက္ကာယဖြစ်ကြောင်း) ဖြစ်သည်။

အဘယ်တရားကို သက္ကာယနိရောဓဟု မြတ်စွာဘုရား ဟောအပ်ပါသနည်း။

ထိုသုံးမျိုးသော တဏှာ၏ အကြွင်းမဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို သက္ကာယနိရောဓဟု မြတ်စွာဘုရား ဟောအပ်ပါသည်။

သက္ကာယနိရောဓသို့ ရောက်ကြောင်းအကျင့်ကား အဘယ်ပါနည်း။

အရိယ အဋ္ဌင်္ဂိကမဂ်သည် သက္ကာယနိရောဓသို့ ရောက်ကြောင်း အကျင့်ဖြစ်ပါသည်။

အရိယအဋ္ဌင်္ဂိကမဂ်ဟူသည်မှာ...

သမ္မာဒိဋ္ဌိ

သမ္မာသင်္ကပ္ပ

သမ္မာဝါစာ

သမ္မာကမ္မန္တ

သမ္မာအာဇီဝ

သမ္မာဝါယာမ

သမ္မာသတိ

သမ္မာသမာဓိ–ဤရှစ်ပါးဖြစ်သည်။

ဥပါဒါန်သည်ပင် ပဉ္စုပါဒါနက္ခန္ဓာတို့လော သို့မဟုတ် ပဉ္စုပါဒါနက္ခန္ဓာတို့မှ တခြားသည် ဥပါဒါန်လော။

ဥပါဒါန်သည်ပင် ပဉ္စုပါဒါန်မဟုတ်၊ ပဉ္စုပါဒါနက္ခန္ဓာတို့မှ တခြားသည်လည်း ဥပါဒါန်မဟုတ်၊ ပဉ္စုပါဒါ နက္ခန္ဓာတို့၌ တပ်မက်တတ်သော ဆန္ဒရာဂသည် ဥပါဒါန်ဖြစ်သည်။

အဘယ်သည် သက္ကာယဒိဋ္ဌိမည်သနည်း။

အကြားအမြင်မရှိ၊ အရိယာတို့ကို မမြင်ဖူး အရိယာတရား၌ နားမလည်သော ပုထုဇဉ်၏...

ရုပ်သည် အတ္တဖြစ်သည်။ အတ္တသည် ရုပ်ရှိသည်။
အတ္တ၌ ရုပ်ရှိသည်။
ရုပ်၌ အတ္တရှိသည်ဟု ရှုမြင်မှု ဒိဋ္ဌိ။
ဝေဒနာသည် အတ္တဖြစ်သည်။
အတ္တသည် ဝေဒနာရှိသည်။
အတ္တ၌ ဝေဒနာရှိသည်။
ဝေဒနာ၌ အတ္တရှိသည်ဟု ရှုမြင်မှု ဒိဋ္ဌိ။
သညာသည် အတ္တဖြစ်သည်။
အတ္တသည် သညာရှိသည်။
အတ္တ၌ သညာရှိသည်။
သညာ၌ အတ္တရှိသည်ဟု ရှုမြင်မှု ဒိဋ္ဌိ။
သင်္ခါရသည် အတ္တဖြစ်သည်။
အတ္တသည် သင်္ခါရရှိသည်။
အတ္တ၌ သင်္ခါရရှိသည်။
သင်္ခါရ၌ အတ္တရှိသည်ဟု ရှုမြင်မှု ဒိဋ္ဌိ၊
ဝိညာဉ်သည် အတ္တဖြစ်သည်။
အတ္တသည် ဝိညာဉ်ရှိသည်။
အတ္တ၌ ဝိညာဉ်ရှိသည်။
ဝိညာဉ်၌ အတ္တရှိသည်ဟု ရှုမြင်မှု ဒိဋ္ဌိသည် သက္ကာယဒိဋ္ဌိ မည်၏။

**(သက္ကာယဒိဋ္ဌိ ၂၀ တည်း)**

အဘယ်သို့ သက္ကာယဒိဋ္ဌိ မဖြစ်သနည်း။

အကြားအမြင်ရှိ အရိယာတို့ကို မြင်ဖူး၊ အရိယာတရား၌ နားလည်သော ပုထုဇဉ်၏...

ရုပ်သည် အတ္တဖြစ်သည်ဟု မရှုမှု

။ပ။

ဝေဒနာသည် အတ္တဖြစ်သည်ဟု မရှုမှု

။ပ။

သညာသည် အတ္တဖြစ်သည်ဟု မရှုမှု

။ပ။

သင်္ခါရသည် အတ္တဖြစ်သည်ဟု မရှုမှု

။ပ။

ဝိညာဉ်သည် အတ္တဖြစ်သည်ဟု မရှုမှု
အတ္တသည် ဝိညာဉ်ရှိ၏ဟု မရှုမှု
အတ္တ၌ ဝိညာဉ်ရှိ၏ဟု မရှုမှု
ဝိညာဉ်၌ အတ္တရှိ၏ဟု မရှုမှုသည် သက္ကာယဒိဋ္ဌိ မဖြစ်ပါ။
အဘယ်သည် အရိယအဋ္ဌင်္ဂိကမဂ်ဖြစ်သနည်း။

သမ္မာဒိဋ္ဌိ ။ပ။ သမ္မာသမာဓိသည် အရိယအဋ္ဌင်္ဂိကမဂ်ဖြစ်သည်။

အရိယအဋ္ဌင်္ဂိကမဂ်ဖြင့် သုံးပါးသော ခန္ဓာတို့ကို ရေတွက်အပ်ကုန်သလော။ သို့မဟုတ် သုံးပါးသော ခန္ဓာတို့ဖြင့် အရိယအဋ္ဌင်္ဂိကမဂ်ကို ရေတွက်အပ်သလော။

အရိယအဋ္ဌင်္ဂိကမဂ်ဖြင့် သုံးပါးသော ခန္ဓာတို့ကို မရေတွက်အပ်ကုန်။

သုံးပါးသောခန္ဓာတို့ဖြင့် အရိယအဋ္ဌင်္ဂိကမဂ်ကို ရေတွက်အပ်သည်။

သမ္မာဝါစာ
သမ္မာကမ္မန္တ
သမ္မာအာဇီဝ ဤသုံးပါးသည် သီလက္ခန္ဓဖြစ်သည်။
သမ္မာဝါယာမ
သမ္မာသတိ
သမ္မာသမာဓိ ဤသုံးပါးသည် သမာဓိက္ခန္ဓဖြစ်သည်၊

သမ္မာဒိဋ္ဌိ
သမ္မာသင်္ကပ္ပ ဤနှစ်ပါးသည် ပညာက္ခန္ဓဖြစ်သည်။
အဘယ်တရားသည် သမာဓိ...
အဘယ်တရားတို့သည် သမာဓိနိမိတ္တ (သမာဓိဖြစ်ကြောင်း)
အဘယ်တရားတို့သည် သမာဓိပရိက္ခာရ(သမာဓိ၏အခြံအရံ)
အဘယ်တရားသည် သမာဓိဘာဝနာ(သမာဓိကိုဖြစ်ပွားစေမှု) ဖြစ်သနည်း။

စိတ်၏တည်ကြည်မှု ဧကဂ္ဂတာသည် သမာဓိဖြစ်သည်။ သတိပဋ္ဌာန်လေးပါးသည် သမာဓိနိမိတ္တ (သမာဓိဖြစ်ကြောင်း ဖြစ်သည်။)

သမ္မပ္ပဓာန် တရားလေးပါးသည် သမာဓိပရိက္ခာရ (သမ္မာဓိ၏ အခြံအရံ)ဖြစ်သည်။

ထိုသမာဓိ၊ သမာဓိနိမိတ္တ၊ သမာဓိပရိက္ခာရတို့ကို မှီဝဲခြင်း၊ ဖြစ်စေခြင်း၊ ပွားများခြင်း၊ ကြိမ်ဖန်များစွာ ပြုခြင်း သင်္ခါရတို့သည် အဘယ်တို့နည်း။

ကာယသင်္ခါရ
ဝစီသင်္ခါရ
စိတ္တသင်္ခါရ ဤသုံးပါးတို့တည်း။

အဘယ်သည် ကာယသင်္ခါရ၊ အဘယ်သည် ဝစီသင်္ခါရ၊ အဘယ်သည် စိတ္တသင်္ခါရ ဖြစ်သနည်း။

အဿာသ, ပဿာသ (ထွက်လေ ဝင်လေ) သည် ကာယသင်္ခါရ၊ ဝိတက် ဝိစာရတို့သည် ဝစီသင်္ခါရ၊ သညာ ဝေဒနာတို့သည် စိတ္တသင်္ခါရ ဖြစ်သည်။

– အဿာသ, ပဿာသ (ထွက်လေ ဝင်လေ) သည် အဘယ့်ကြောင့် ကာယသင်္ခါရမည်သနည်း။

– ဝိတက် ဝိစာရတို့သည် အဘယ့်ကြောင့် ဝစီသင်္ခါရ မည်သနည်း။

– သညာ ဝေဒနာတို့သည် အဘယ့်ကြောင့် စိတ္တသင်္ခါရ မည်သနည်း။

အဿာသ, ပဿာသ (ထွက်လေ ဝင်လေ) တို့သည် ကိုယ် ကာယ၌ ဖြစ်ကုန်၊ ကိုယ်ကာယ၌ ဆက်စပ်ကုန်သောကြောင့် ကာယ သင်္ခါရမည်၏။

ရှေးဦးစွာ ကြံစည်၍ စဉ်းစား၍ နောက်မှ စကားမြွက်ဆိုရသော ကြောင့် ဝိတက် ဝိစာရတို့သည် ဝစီသင်္ခါရ မည်၏။

သညာ၊ ဝေဒနာတို့သည် စေတသိက် (စိတ်နှင့်ယှဉ်) စိတ်နှင့် ဆက်စပ်ကြသောကြောင့် စိတ္တသင်္ခါရ မည်၏။

– သညာ ဝေဒနာတို့၏ ချုပ်ငြိမ်းမှု နိရောဓသမာပတ်ကို ဝင်စား နေသော ရဟန်း၏...

ငါသည် နိရောဓသမာပတ်ကို ဝင်စားမည်ဟူသော စိတ်သည် လည်းကောင်း၊ ဝင်စားနေ၏ဟူသော စိတ်သည်လည်းကောင်း၊ ဝင်စား ပြီးဟူသော စိတ်သည်လည်းကောင်း မဖြစ်ချေ။ စင်စစ်သော်ကား နိရောဓသမာပတ် ဝင်စားသော ရဟန်း၏ မဝင်စားမီ ရှေးဦးကပင် နိရောဓဖြစ်ခြင်းငှာ စိတ်ကို ပွားများပြီးဖြစ်၏။

– နိရောဓသမာပတ်ကို ဝင်စားသော ရဟန်း၏ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရတို့တွင် အဘယ်တရားသည် ရှေးဦးစွာ ချုပ် သနည်း။

ရှေးဦးစွာ ဝစီသင်္ခါရ ချုပ်၏။

ထို့နောက် ကာယသင်္ခါရသည် ချုပ်၏။

ထို့နောက် စိတ္တသင်္ခါရသည် ချုပ်၏။

– နိရောဓ သမာပတ်မှ ထခြင်းသည် အဘယ်သို့ ဖြစ်သနည်း။

နိရောဓ သမာပတ်မှ ထသော ရဟန်း၏ ငါသည် နိရောဓ သမာပတ်မှ ထမည်ဟူသော စိတ်သည်လည်းကောင်း၊ ထနေဆဲ

ဟူသော စိတ်သည်လည်းကောင်း၊ ထပြီးပြီဟူသော စိတ်သည်လည်းကောင်း မဖြစ်ချေ။ စင်စစ်သော်ကား ထိုရဟန်း၏ နိရောဓသမာပတ်ကို မဝင်စားမီကပင် ထနိုင်ခြင်းငှာ စိတ်ကို ပွားပြီး ဖြစ်၏။

– နိရောဓ သမာပတ်မှ ထသောရဟန်း၏ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရတို့တွင် အဘယ်တရားသည် ရှေးဦးစွာ ဖြစ်သနည်း။

စိတ္တသင်္ခါရသည် ရှေးဦးစွာ ဖြစ်၏။

ထို့နောက် ကာယသင်္ခါရသည် ဖြစ်၏။

ထို့နောက် ဝစီသင်္ခါရသည် ဖြစ်၏။

– နိရောဓသမာပတ်မှ ထပြီးသော ရဟန်းကို အဘယ်မျှသော ဖဿတို့သည် တွေ့ထိကုန်သနည်း။

ဆိတ်သုဉ်းသော တွေ့ထိမှု သုညတ ဖဿ၊ (အာရုံ) နိမိတ်မရှိသော တွေ့ထိမှု အနိမိတ္တဖဿ၊ တောင့်တမှုမရှိသော တွေ့ထိမှု အပ္ပဏိဟိတဖဿ သုံးပါးတို့သည် တွေ့ထိကုန်၏။

– နိရောဓသမာပတ်မှ ထပြီးသော ရဟန်း၏ စိတ်သည် အဘယ်သို့ ညွတ် (ကိုင်း၊ ရှိုင်း)ပါသနည်း။

ကင်းဆိတ်မှု ဝိဝေက (နိဗ္ဗာန်)သို့ ညွတ် (ကိုင်း၊ ရှိုင်း)ပါသည်။

ခံစားမှုဝေဒနာသည် အဘယ်မျှရှိသနည်း။

ချမ်းသာကို ခံစားမှု သုခဝေဒနာ

ဆင်းရဲကို ခံစားမှု ဒုက္ခဝေဒနာ

ဆင်းရဲခံစားမှုလည်းမဟုတ်၊ ချမ်းသာခံစားမှုလည်း မဟုတ်သော အဒုက္ခမသုခဝေဒနာ ဤသုံးပါးတို့တည်း။

အဘယ်သည် သုခဝေဒနာ၊ အဘယ်သည် ဒုက္ခဝေဒနာ၊ အဘယ်သည် အဒုက္ခမသုခဝေဒနာဖြစ်သနည်း။

ကိုယ်၌ဖြစ်သော သာယာဖွယ်ခံစားမှု၊ စိတ်၌ဖြစ်သော သာယာဖွယ် ခံစားမှုသည် သုခဝေဒနာဖြစ်သည်။

ကိုယ်၌ဖြစ်သော မသာယာဖွယ်ခံစားမှု၊ စိတ်၌ဖြစ်သော မသာယာဖွယ် ခံစားမှုသည် ဒုက္ခဝေဒနာဖြစ်သည်။

ကိုယ်၌ဖြစ်သော သာယာဖွယ်လည်းမဟုတ်၊ မသာယာဖွယ်လည်း မဟုတ်သော ခံစားမှု၊ စိတ်၌ဖြစ်သော သာယာဖွယ်လည်းမဟုတ်၊ မသာယာဖွယ်လည်းမဟုတ်သော ခံစားမှုသည် အဒုက္ခမသုခဝေဒနာ ဖြစ်သည်။

– သုခဝေဒနာသည် အဘယ်သို့ သုခဖြစ်၍ အဘယ်သို့ ဒုက္ခဖြစ် သနည်း။

– ဒုက္ခဝေဒနာသည် အဘယ်သို့ သုခဖြစ်၍ အဘယ်သို့ ဒုက္ခဖြစ် သနည်း။

– အဒုက္ခအသုခဝေဒနာသည် အဘယ်သို့ သုခဖြစ်၍ အဘယ်သို့ ဒုက္ခဖြစ်သနည်း။

သုခဝေဒနာသည် တည်ရှိဆဲအခါ သုခဖြစ်၍ ဖောက်ပြန်သော အခါ ဒုက္ခဖြစ်သည်။

ဒုက္ခဝေဒနာသည် တည်ရှိဆဲအခါ ဒုက္ခဖြစ်၍ ဖောက်ပြန်သော အခါ သုခဖြစ်သည်။

အဒုက္ခမသုခဝေဒနာသည် အသိဉာဏ်ဖြင့်သိစဉ် သုခဖြစ်၍ အသိဉာဏ်ကင်းစဉ် ကင်းသည့်အခါ ဒုက္ခဖြစ်သည်။

– သုခဝေဒနာ၌ အဘယ်အနုသယ ကိန်းသနည်း။

– ဒုက္ခဝေဒနာ၌ အဘယ်အနုသယ ကိန်းသနည်း။

– အဒုက္ခမသုခဝေဒနာ၌ အဘယ်အနုသယ ကိန်းသနည်း။

သုခဝေဒနာ၌ ရာဂါနုသယ ကိန်းသည်။

ဒုက္ခဝေဒနာ၌ ပဋိဃာနုသယ ကိန်းသည်။

အဒုက္ခမသုခဝေဒနာ၌ အဝိဇ္ဇာနုသယ ကိန်းသည်။

– သုခဝေဒနာအားလုံး၌ ရာဂါနုသယ ကိန်းသလော။

– ဒုက္ခဝေဒနာအားလုံး၌ ပဋိဃာနုသယ ကိန်းသလော။
– အဒုက္ခမသုခဝေဒနာအားလုံး၌ အဝိဇ္ဇာနုသယ ကိန်းသလော။
သုခဝေဒနာအားလုံး၌ ရာဂါနုသယ မကိန်းပါ။
ဒုက္ခဝေဒနာအားလုံး၌ ပဋိဃာနုသယ မကိန်းပါ။
အဒုက္ခမသုခဝေဒနာအားလုံး၌ အဝိဇ္ဇာနုသယ မကိန်းပါ။
– သုခဝေဒနာ၌ အဘယ်ကို ပယ်အပ်သနည်း။
– ဒုက္ခဝေဒနာ၌ အဘယ်ကို ပယ်အပ်သနည်း။
– အဒုက္ခမသုခဝေဒနာ၌ အဘယ်ကို ပယ်အပ်သနည်း။
သုခဝေဒနာ၌ ရာဂါနုသယကို ပယ်အပ်ပါသည်။
ဒုက္ခဝေဒနာ ပဋိဃာနုသယကို ပယ်အပ်ပါသည်
အဒုက္ခမသုခဝေဒနာ၌ အဝိဇ္ဇာနုသယကို ပယ်အပ်ပါသည်။
– သုခဝေဒနာအားလုံး၌ ရာဂါနုသယကို ပယ်အပ်သလော။
– ဒုက္ခဝေဒနာအားလုံး၌ ပဋိဃာနုသယကို ပယ်အပ်သလော။
– အဒုက္ခမသုခဝေဒနာအားလုံး၌ အဝိဇ္ဇာနုသယကို ပယ်အပ်သလော။

(မပယ်အပ်ပါ)

ပထမဈာန်ကို ဝင်စားနေသူသည် ထိုပထမဈာန်ဖြင့် ရာဂကို ပယ်စွန့်နေသည်၊ ထိုပထမဈာန်၌ ရာဂါနုသယ မကိန်း။

ဤသာသနာတော်၌ ရဟန်းသည် ဤသို့ စဉ်းစားဆင်ခြင်၏။

ယခုအခါ အရိယာ ပုဂ္ဂိုလ်တို့သည် အကြင် အရဟတ္တဖိုလ်တည်းဟူသော တည်ရာအကြောင်းကို ပြည့်စုံစေကာ နေကြကုန်၏။

အဘယ်အခါ၌ ငါသည် ထိုအရဟတ္တဖိုလ်တည်းဟူသော တည်ရာအကြောင်းကို ပြည့်စုံစေ၍ နေရအံ့နည်း။ ဤသို့ ဆင်ခြင်စဉ်းစားလေ၏။ ဤသို့ အနုတ္တရဝိမောက္ခ လွန်မြတ်သော အရဟတ္တဖိုလ် တရားတို့၌ တောင့်တမှုကို ဖြစ်စေသော ရဟန်း၏ တောင့်တမှု

ဟူသော အကြောင်းကြောင့် ဒေါမနဿဖြစ်၏။ ထိုဒေါမနဿဖြင့် ပဋိဃကို ပယ်စွန့်၏။ ထိုဒေါမနဿ၌ ပဋိဃာနုသယသည် မကိန်းပါ။

ဤသာသနာတော်၌ ရဟန်းသည် သုခ၊ဒုက္ခကို ပယ်၍ ရှေးအဖို့ ကပင် သောမနဿ၊ ဒေါမနဿတို့ ချုပ်ငြိမ်းမှုကြောင့် အဒုက္ခ မသုခဖြစ်သော ဥပေက္ခာကြောင့် သတိ၏ ထက်ဝန်းကျင် စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုစတုတ္ထဈာန်ဖြင့် အဝိဇ္ဇာကို ပယ်လေ၏၊ ထိုစတုတ္ထဈာန်၌ အဝိဇ္ဇာနုသယ မကိန်းပါ။

သုခဝေဒနာ၏ ဆန့်ကျင်ဘက်အဖို့သည် အဘယ်နည်း။

ဒုက္ခဝေဒနာဖြစ်သည်။

ဒုက္ခဝေဒနာ၏ ဆန့်ကျင်ဘက်အဖို့သည် အဘယ်နည်း။

သုခဝေဒနာဖြစ်သည်။

အဒုက္ခမသုခဝေဒနာ၏ ဆန့်ကျင်ဘက်အဖို့သည် အဘယ်နည်း။

အဝိဇ္ဇာဖြစ်သည်။

အဝိဇ္ဇာ၏ ဆန့်ကျင်ဘက်အဖို့သည် အဘယ်နည်း။

ဝိဇ္ဇာ(မဂ်ဉာဏ်)ဖြစ်သည်။

ဝိဇ္ဇာ၏ သဘောတူအဖို့သည် အဘယ်နည်း။

ဝိမုတ္တိ(ဖိုလ်)ဖြစ်သည်။

ဝိမုတ္တိ၏ သဘောတူအဖို့သည် အဘယ်နည်း။

နိဗ္ဗာန်ဖြစ်သည်။

နိဗ္ဗာန်၏ သဘောတူအဖို့သည် အဘယ်နည်း။

ဒကာ ဝိသာခ၊ အမေးသည် လွန်လာလေပြီ။ အမေးပြဿနာတို့၏အဆုံးကို ယူခြင်းငှာ မစွမ်းနိုင်ပြီ။

ဒကာ ဝိသာခ ဗြဟ္မစရိယ မြတ်သောအကျင့်သည် နိဗ္ဗာန်၌ အတွင်းဝင်၏။ နိဗ္ဗာန်လျှင်လည်း လဲလျောင်းရာ ရှိသည်။ နိဗ္ဗာန်လျှင် အဆုံးရှိ၏။

ဒကာ ဝိသာခ၊ သင်အလိုရှိခဲ့လျှင် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ဤအကြောင်းကို မေးလျှောက်ပါ။ မြတ်စွာဘုရား ဖြေဆိုသည်ကို သင်မှတ်ယူပါလော့ဟု ဓမ္မဒိန္နာက ဒကာ ဝိသာခအား မိန့်ဆိုလေ၏။

ဝိသာခ ဥပါသကာသည် ဓမ္မဒိန္နာထေရီကို ရှိခိုး၍ နေရာမှ ထကာ မြတ်စွာဘုရားထံသွား၍ ဓမ္မဒိန္နာထေရီနှင့် ပြောဆိုခဲ့သမျှ စကားအားလုံးကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ငါဘုရား၏ သမီးတော် ဓမ္မဒိန္နာသည် ကောင်းစွာ ဖြေဆိုအပ်ပေသည်။ ဤပြဿနာကို ငါဘုရားအား မေးလျှင် ငါဘုရားကလည်း ဓမ္မဒိန္နာဖြေဆိုသည့်အတိုင်းပင် ဖြေဆိုမည်ဖြစ်သည်ဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူသည်။

**ယဿ ပုရေ စ ပစ္ဆာ စ၊ မဇ္ဈေ စ နတ္ထိ ကိဉ္စနံ။**
**အကိဉ္စနံ အနာဒါနံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

ယဿ–အကြင်ပုဂ္ဂိုလ်အား၊ ပုရေစ–အတိတ်ခန္ဓာတို့၌လည်းကောင်း၊ ပစ္ဆာစ–အနာဂတ်ခန္ဓာတို့၌လည်းကောင်း၊ မဇ္ဈေစ–ပစ္စုပ္ပန်ခန္ဓာတို့၌လည်းကောင်း၊ ကိဉ္စနံ–ရာဂဟူသော ကြောင့်ကြမှုသည်၊ နတ္ထိ–တစ်စိုးတစ်စိ မရှိပေ။

အကိဉ္စနံ–ရာဂဟူသော ကြောင့်ကြမှုမရှိသော၊ အနာဒါနံ–တဏှာ စွဲ မရှိသော၊ တံ–ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ–မကောင်းမှုခန်းကွာ ရဟန္တာ ဟူ၍၊ အဟံ–ငါဘုရားသည်၊ ဗြူမိ–ဟောတော်မူသတည်း။

ဒေသနာတော်အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

(အပြည့်အစုံ ထည့်သွင်းရေးလိုက်သည်။)

**ဓမ္မဒိန္နာထေရီဝတ္ထု ပြီး၏။**

# အညတရပုဂ္ဂိုလ်သာဝတ္ထု

## ဒု၊သ၊နု၊သော

သာဝတ္ထိပြည် ပသေနဒီ ကောသလမင်းသည် တစ်ခုသော ပွဲလမ်းသဘင်ရက်၌ တန်ဆာဆင်ထားသော ကိုယ်လုံးဖြူ ပုဏ္ဍရိကဆင်တော်ကို စီး၍ ကြီးကျယ်သော မင်း၏ အာနုဘော်ဖြင့် သာဝတ္ထိမြို့ကို လက်ယာရစ်လည် ကြွမြန်းလေ၏။

ကြည့်ရှုသူ ပရိသတ် လူ ပေါများလှ၍ ရုတ်ရုတ်သဲသဲ၊ အုတ်အုတ်ကျက်ကျက် ဖြစ်လာသဖြင့် ခဲ၊ တုတ် စသည်တို့ဖြင့် ပုတ်ခတ်မောင်းထုတ်သော်လည်း လူတို့သည် ပြေးလွှားလျက်နှင့်ပင် လည်တိုင်ကို နောက်သို့ လှည့်ကြည့်ကြကုန်သေး၏။

ရာဇူနံ ကိရ သုဒိန္နဒါနသေဿတံ ဖလံ။

မင်းတို့၏ ကောင်းစွာ ပေးလှူခဲ့သော ဒါန၏ အကျိုးဖြစ်သတတ်။ ဤသို့ ဆင်တော်ဖြင့် လှည့်လည်စဉ် အမျိုးသားတစ်ယောက်၏ ဇနီးသည် ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်အထက်ထပ်အပြင်၌ လေသာပြူတင်းပေါက် တံခါးကိုဖွင့်၍ ကောသလမင်းကြီးကို လှစ်ခနဲ ကြည့်ကာ ပြန်ဝင်သွားလေ၏။

ရသော ပုဏ္ဏစန္ဒော ဝလာကန္တရံ ပဝိဋ္ဌော ဝိယ ဥပဋ္ဌာသိ–ကောသလမင်းကြီးအဖို့ လပြည့်ဝန်းကြီး တိမ်တိုက်ကြားထဲ ဝင်သွားသကဲ့သို့ ထင်လိုက်လေ၏။

မင်းကြီးသည် ထိုအမျိုးသမီးအား တပ်မက်သောစိတ်ကြောင့်ဆင်တော်ပေါ်မှ လိမ့်ကျတော့မည်ကဲ့သို့ဖြစ်ပြီး လျင်မြန်စွာ မြို့တော်ကိုလက်ယာရစ်လှည့်၍ နန်းတော်တွင်းသို့ ဝင်ကာ အကျွမ်းဝင်လှသောအမတ်တစ်ယောက်ကို ခေါ်၍ ပြောဆိုလေ၏။

ငါမင်းမြတ် မြို့တော်တွင်း ဆင်တော်ဖြင့် လှည့်လည်ကြည့်ရှုစဉ်မြို့တွင်းတစ်နေရာ၌ ငါသည် ပြာသာဒ်ဆောင်တစ်ခုပေါ်သို့ လှမ်းကြည့်လိုက်သည်ကို သင်မြင်လိုက်မိသလား။

မြင်လိုက်မိပါသည် အရှင်မင်းကြီး။

အဲဒီ ပြာသာဒ်ဆောင်ပေါ်မှာ မိန်းမတစ်ယောက်ကို မြင်လိုက်ရဲ့လား။

မြင်လိုက်ပါသည် အရှင်မင်းကြီး။

သင်သွားချေ။ ထိုမိန်းမ သသာမိက၊ အသာမိက ကာမပိုင်ရှင်လင်ယောကျ်ား ရှိ၊မရှိ သိအောင်လုပ်ခဲ့။

ကောင်းပါပြီ အရှင်မင်းကြီး။

* * *

အရှင်မင်းကြီး၊ အရှင်မင်းကြီး စုံစမ်းခိုင်းအပ်သော အမျိုးသမီးသည် သသာမိက ကာမပိုင်ရှင် လင်ယောကျ်ားရှိသူ အမျိုးသမီးဖြစ်ကြောင်းပါ။

အို...အချင်း၊ လင်ယောကျ်ားရှိသူဖြစ်လျှင် ထိုအမျိုးသမီး၏ လင်ယောကျ်ားကို သွား၍ ခေါ်ခဲ့လော့။

ကောင်းပါပြီ အရှင်မင်းကြီး။

ဟော့...လူလာ၊ သင့်ကို မင်းကြီး ခေါ်တော်မူသည်။

ထိုအမျိုးသမီး၏ လင်ယောကျ်ားသည် ဇနီးကို အကြောင်းပြု၍ ဘေးဖြစ်တော့မည်ဟု ကြံစည်ပြီး မင်း၏အာဏာကို မလွန်ဆန်နိုင်သည်ဖြစ်၍ လိုက်သွားပြီး မင်းကြီးကို ရှိခိုးနေလေ၏။

ထို အခါ မင်းကြီးသည် သင်သည် ယနေ့မှစ၍ ငါ့ကို ဆည်းကပ် ခစားရမည်ဟု ပြော၏။

အရှင်မင်းကြီး၊ ကျွန်ုပ် အရှင်မင်းကြီးအား မခစားလိုပါ၊ ကျွန်ုပ်သည် ကိုယ့်အလုပ်ကိုလုပ်ပြီး အရှင်မင်းကြီးတို့အား အခွန်ကို ပေးဆောင်ပါမည်။ ကျွန်ုပ်၏အိမ်၌သာ အသက်မွေးနေထိုင်လိုပါသည်။

သင့်ထံမှ အခွန်ကို ငါအလိုမရှိ။ ယနေ့မှစ၍ ငါ့ကို ဆည်းကပ် ခစားလော့ဟု ဆို၍ ထိုယောကျ်ားအား ကာနှင့် လက်နက်ကို ပေးထားလေ၏။

ထိုယောကျ်ားအား အပြစ်တစ်စုံတစ်ခုကို တင်၍ သတ်ပြီး သူ၏ မယားကို ယူရန် အကြံအစည်ဖြင့် ထိုသို့ ဆည်းကပ်ခစားရန် ခိုင်းထားခြင်းဖြစ်သည်။

ထိုယောကျ်ားသည် သေဘေးမှ ကြောက်သည်ဖြစ်၍ မမေ့မလျော့ သတိကြီးကြီးထားကာ မင်းကြီးကို ဆည်းကပ်ခစားလေ၏။

မင်းကြီးသည် ထိုယောကျ်ား၏အပြစ်ကို မမြင်၍ ကာမပူပန်ခြင်း တိုးပွားလတ်သော် ထိုယောကျ်ားအပေါ် အပြစ်တစ်ခုကို တင်၍ မင်းအာဏာကို ပြုအံ့ဟု ကြံကာ ထိုယောကျ်ားကို ခေါ်ပြန်၍ ဤသို့ မိန့်တော်မူ၏။

အို...အချင်းယောကျ်ား၊ ဤသာဝတ္ထိမြို့မှ တစ်ယူဇနာ ဝေးကွာရာ အရပ်ရှိ မြစ်၏အနီးသို့ သွား၍ ကုမုဒြာကြာနှင့် အရုဏဝတီမြေညက် ကို ယူ၍ ညနေ ငါရေချိုးချိန်အမီ ဆက်သရမည်။ ထိုအချိန် အမီ မလာခဲ့လျှင် သင့်အား မင်းအာဏာကို ပြုရလိမ့်မည်ဟု မိန့်လေ၏။

မင်းခစား ယောကျ်ားသည် လေးမျိုးသော ကျွန်တို့အောက် သာ လွန်၍ အောက်တန်းကျသူဖြစ်သတတ်။

မှန်၏။ ဓနက္ကီတ (ငွေဝယ်ကျွန်) စသော ကျွန်တို့သည် ကျွန်ပ်၏ ဦးခေါင်းကိုက်နေပါသည်။ ကျောကုန်းနာနေပါသည်ဟုပြော၍ နေခွင့် ရကြသည်သာ ဖြစ်၏။ မင်းခယောကျ်ားအား ထိုအခွင့်မျိုး မရှိချေ။ စေနိုင်းအပ်သော အမှုကို ပြုရမည်သာဖြစ်၏။ ထို့ကြောင့် ထိုမင်းခ ယောကျ်ားသည် ငါမချွတ်သွားရတော့မည်။ ကုမုဒြာကြာနှင့် အရဏာဝတီ မြေညက်ဆိုသည်မှာ နဂါးပြည်၌သာ ဖြစ်သည်။ ငါ့အဖို့ အဘယ်မှာ ရနိုင်မည်နည်းဟု စဉ်းစားလျက် သေဘေးမှ ကြောက် သည်ဖြစ်၍ လျင်မြန်စွာ အိမ်သို့ သွားပြီး...

ရှင်မ...ငါ့အတွက် ထမင်းကျက်ပြီလား။

အို...ချစ်လင်၊ ထမင်းမကျက်သေးပါ။ ဖိုခနောက်ပေါ်မှာ အိုး တည်ထားဆဲ ရှိပါသေးသည်ဟု ပြောလေ၏။

မင်းခယောကျ်ားသည် ထမင်းကျက်အောင် မစောင့်ဆိုင်းနိုင်ဘဲ ယောက်ချိုဖြင့် ထမင်းပျော့ကို ခပ်ယူစေ၍ ရတတ်သမျှ ဟင်းနှင့် အတူ ထမင်းပျော့အပူကို ခြင်းထဲ၌ ထည့်သိပ်ကာ ယူ၍ တစ်ယူဇနာ ခရီးသို့ ပြေးသွားလေ၏။ ထိုသို့ ပြေးသွားစဉ်မှာပင် ထိုမင်းခယောကျ်ား ၏ ထမင်းသည် ကျက်လေ၏။

မင်းခယောကျ်ားသည် အကြွင်းအကျန်မဟုတ်အောင် အနည်းငယ် ထမင်းကို ဖယ်ထား၍ စားနေစဉ် ခရီးသွားလူတစ်ယောက်ကို မြင်၍ ကျွန်တော် ဖယ်၍ထားအပ်သော ဦးဦးဖျားဖျားထမင်း အနည်းငယ် ရှိပါသည်။ ယူ၍ သုံးဆောင်ပါအရှင်ဟု ပြောဆိုလေ၏။

ခရီးသွားယောကျ်ားသည် ယူ၍ သုံးဆောင်လေ၏။ မင်းခ ယောကျ်ားသည်လည်း ထမင်းစားပြီး ထမင်းလက်တစ်ဆုပ်ကို ရေ၌ ပစ်ကျဲကာ ခံတွင်းကို ဆေးကြော၍ ကျယ်စွာသော အသံဖြင့်...

ဤမြစ်တည်ရာ အရပ်၌ အုပ်စိုးနေကြကုန်သော နဂါး၊ဂဠုန်၊ နတ်တို့သည် ကျွန်ုပ်၏စကားကို နာယူကြပါကုန်လော့။ ကောသလ မင်းကြီးသည် ကျွန်ုပ်အပေါ် မင်းအာဏာပြုလို၍ ကုမုဒြာနှင့် အရဏ ဝတီ မြေညက်ကို ဆောင်ယူပေးရမည်ဟု ကျွန်ုပ်ကို ခိုင်းစေပါသည်။ ကျွန်ုပ်သည် ခရီးသွားလူ ယောက်ျားအားလည်း ထမင်းကို ပေးလှူ ပါသည်။ ထိုထမင်းအလှူသည် အထောင်သော အာနိသင်ရှိပါသည်။ မြစ်ရေအတွင်း၌ ငါးတို့အားလည်း ထမင်းအစာကို ပေးလှူပါသည်။ ထိုအလှူသည် အရာသော အာနိသင်ရှိပါသည်။ ဤမျှလောက်သော ကောင်းမှု၏အကျိုးကို သင် နဂါး၊ ဂဠုန်၊ နတ်တို့အား အဖို့အစုပြု၍ ပေးပါ၏။ ကျွန်ုပ်အား ကုမုဒြာကြာနှင့်အတူ အရဏဝတီမြေညက်ကို ယူဆောင်ပေးကြပါကုန်လော့ဟု သုံးကြိမ်တိုင်တိုင် ဟစ်အော် ကြွေးကြော်လေ၏။

ထိုမြစ်၌ အုပ်စိုးနေသော နဂါးမင်းသည် ထိုမင်းခယောက်ျား၏ ကြွေးကြော်သံကို ကြားရသဖြင့် အဘိုးအိုအသွင်ဖြင့် မင်းခယောက်ျား ထံ လာ၍ သင်အဘယ်သို့ ပြောဆိုသနည်းဟု မေးလေ၏။

မင်းခယောက်ျားသည် ယခင် ဟစ်အော်ကြွေးကြော်သည့်အတိုင်း တစ်ဖန် ကြွေးကြော်ပြောဆိုလေသော် ငါ့အား ထိုကုသိုလ်အဖို့ကို ပေးသလောဟု အဘိုးအိုက ပြောဆိုလေလျှင် မင်းခယောက်ျားက ပေးပါ၏ဟု ပြန်ပြော၏။ နောက်ထပ်တစ်ဖန် ပေးသလောဟု ဆိုပြန် သော် အရှင် ပေးပါ၏ဟု ပြောလေ၏။

ဤသို့လျှင် ထိုနဂါးမင်းသည် သုံးကြိမ်တိုင်တိုင် ကုသိုလ်အဖို့ကို ပေးစေပြီးသော် ကုမုဒြာကြာတို့နှင့်အတူ အရဏဝတီမြေညက်ကို ပေးလေ၏။

ကောသလမင်းကြီးသည် လူတို့မည်သည် များစွာ လှည့်ပတ်မှု ရှိကုန်၏။ ထိုမင်းခယောက်ျားသည် တစ်စုံတစ်ခုသော နည်းလမ်းဖြင့်

ကုမုဒြာကြာနှင့် မြေညက်ကို အကယ်၍ ရခဲ့လျှင် ငါအလိုရှိသော ကိစ္စ ပြီးစီးထမြောက်မည်မဟုတ်ဟု အကြံဖြစ်ပြီး စောစောကပင် မြို့တံခါးကို ပိတ်စေ၍ သော့ကို မိမိထံသို့ ပို့ထားစေ၏။ မင်းခယောကျ်ားသည်လည်း မင်းကြီးရေချိုးချိန်အမီပင် ပြန်လာ၍ တံခါးဖွင့်မရလေသော် တံခါးစောင့်ကိုခေါ်၍ တံခါးဖွင့်ပါဟု ပြောဆို၏။

တံခါးမဖွင့်ဝံ့ပါ။ မင်းကြီးသည် စောစောကပင် တံခါး၌ သော့ခတ်ပြီး သော့ကို မင်းနန်းတော်သို့ ပို့ထားစေသည်ဟု ပြောဆို၏။

မင်းခယောကျ်ားသည် ငါသည် မင်း၏ တမန်တော်ဖြစ်သည်။ မြို့တံခါးကို ဖွင့်ပေးပါဟု ပြောဆိုသော်လည်း တံခါးဖွင့်ခွင့်မရသည်ဖြစ်၍ ယခု ငါ၏အသက် ရှိတော့မည်မဟုတ်။ အဘယ်သို့ ပြုရမည်နည်းဟု စိတ်ကူးကာ မြို့တံခါး၏ တံခါးခုံအထက်၌ မြေညက်ခဲကို ချ၍ မြေညက်ခဲပေါ်၌ ကုမုဒြာကြာပန်းတို့ကို စိုက်ထိုးပြီး ကျယ်စွာသော အသံကို ပြုလျက်...

အို...မြို့သူမြို့သားတို့ ကောသလမင်းကြီး ခိုင်းစေသည့်အတိုင်း ကျွန်ုပ်သွားခဲ့သည်ကို သိကြပါကုန်လော့။ ကောသလမင်းကြီးသည် ကျွန်ုပ်ကို အကြောင်းမရှိ အကြောင်းရှာကာ ပျက်စီးစေလိုသူ (သတ်စေလိုသူ) ဖြစ်ပါသည်ဟု သုံးကြိမ်တိုင်အောင် ဟစ်အော်ပြီးလျှင်...

ငါသည် အဘယ်နေရာအရပ်သို့ သွားလျှင် ကောင်းမည်နည်းဟု စိတ်ကူးပြန်သော်...

ရဟန်းတို့မည်သည် နူးညံ့သော စိတ်နှလုံးရှိသော်မူကြသည်။ ငါသည် ကျောင်းသို့သွား၍ အိပ်တော့မည်ဟု ဆုံးဖြတ်လေ၏။

ဣမေ ဟိ နာမ သတ္တာ သုခိတကာလေ ဘိက္ခူနံ အတ္ထိ ဘာဝမ္ပိ အဇာနိတွာ ဒုက္ခာဘိဘူတကာလေ ဝိဟာရံ ဂန္တုကာမာ ဟောန္တိ။

ဟိ–မှန်ပေစွ၊ ဣမေ နာမ သတ္တာ–ဤလူသတ္တဝါတို့မည်သည်၊ သုခိတကာလေ–ချမ်းသာနေစဉ်အခါ၌၊ ဘိက္ခူနံ–သာသနာ့ဝန်ထမ်း

ရဟန်းတို့၏၊ အတ္တိ ဘာဝမ္ပိ–ရှိသည်၏အဖြစ်ကိုလည်း (ရှိမှန်းတောင်)၊ အဇာနိတွာ–မသိကုန်မူ၍၊ ဒုက္ခာဘိဘူတကာလေ–ဆင်းရဲနှင့် တွေ့ကြုံ ချိန်၌၊ ဝိဟာရံ–ကျောင်းသို့၊ ဂန္တုကာမာ–သွားလိုကုန်သည်၊ ဟောန္တိ– ဖြစ်ကုန်၏။

ထို့ကြောင့် ထိုမင်းခယောက်ျားသည် ရဟန်းတော်များကျောင်းမှ တစ်ပါးသော ကိုးကွယ်ရာသည် ငါ့အား မရှိတော့ပြီဟု စိတ်ကူးလျက် ကျောင်းသို့သွား၍ ချမ်းသာမည့်တစ်နေရာ၌ အိပ်နေလေ၏။

ထိုညဉ့်၌ အိပ်မပျော်ဘဲ ထိုအမျိုးသမီးကို မပြတ်အောက်မေ့နေ သော ကောသလမင်းကြီးမှာလည်း ကာမပူပန်မှု ဖြစ်နေလေပြီ။ မင်းကြီးသည် မိုးလင်းလင်းချင်းပင် ထိုမင်းခယောက်ျားကို သတ်ပစ် စေ၍ ထိုမိန်းမကို ယူမည်ဟု စိတ်ကူးနေလေ၏။

ထိုခဏ၌ပင်လျှင် ယူဇနာခြောက်ဆယ်အနက်ရှိသော သံပူရေအိုး ငရဲ၌ ဖြစ်နေကြသော ယောက်ျားလေးယောက်တို့သည် ကျိုက်ကျိုက် ဆူပွက်နေသော ထမင်းအိုး၌ ဆန်လုံးတို့ကဲ့သို့ အထက်အောက် လည့်၍ ကျက်ကြကုန်လျက် နှစ်ပေါင်းသုံးသောင်းကြာမှ သံပူရေ ငရဲအိုး၏ အောက်အပြင်သို့ ရောက်၍ နောက်ထပ် နှစ်ပေါင်း သုံးသောင်းကြာမှ တစ်ဖန် သံပူရေ ငရဲအိုး မျက်နှာဝ အရေးသို့ ရောက်ကြကုန်၏။

ထိုငရဲသား ယောက်ျားတို့သည် ဦးခေါင်းကို မြှောက်ချီ၍ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ဂါထာတစ်ပုဒ်ကို ရွတ်ဆိုလိုကြ သော်လည်း အပြည့်အစုံ မရွတ်ဆိုနိုင်ကြကုန်ဘဲ အစအက္ခရာ တစ်လုံးစီကို ရွတ်ဆို၍ အောက်သို့ ပြန်လှည့်ပြီး သံပူရေ ငရဲအိုး တွင်းသို့ ဝင်ကြလေကုန်၏။

ကောသလမင်းကြီးသည် အိပ်မပျော်ဘဲ သန်းခေါင်ယံအလွန်၌ ထိုအသံကိုကြားရ၍ ကြောက်ရွံ့ထိတ်လန့်သောစိတ် ရှိရကား...

အသို့နည်း၊ ငါ၏ အသက်အန္တရာယ် ဖြစ်မည်လော။ သို့မဟုတ် ငါ၏ မင်းအဖြစ် မည်းစည်းစိမ်ပင် ပျက်စီးတော့မည်လောဟု စိတ်ကူး လျက် တစ်ညလုံး မျက်စိနှစ်လုံးကို မမှိတ်နိုင်အောင် ဖြစ်လေ၏။

ကောသလမင်းကြီးသည် အရုဏ်တက်ချိန်မှာပင် ပရောဟိတ် ပုဏ္ဏားကို ခေါ်စေ၍...

ဆရာ...ငါသည် မဋ္ဌိမယာမ်၏ အခြားမဲ့ သန်းခေါင်းယံလွန်ချိန်က ကျယ်လောင်ကြောက်ရွံ့ဖွယ်အသံတို့ကို ကြားခဲ့ရသည်။ မင်းစည်းစိမ်၏ အန္တရာယ်၊ သို့မဟုတ် မိဖုရားခေါင်ကြီး၏ အန္တရာယ်၊ သို့မဟုတ် ငါ၏ အန္တရာယ်တို့တွင် မည်သူ့အန္တရာယ်ဖြစ်မည်ကို ငါမသိ။ ထို့ကြောင့် သင့်ကို ငါအခေါ်ခိုင်းသည်ဟု မိန့်လေ၏။

အရှင်မင်းကြီး၊ အရှင်မင်းကြီး ကြားရသော အသံတို့ကား အဘယ် အသံတို့နည်း။

အို...ပရောဟိတ်ဆရာ၊ ဒု...ဟူသောအသံ၊ သ...ဟူသော အသံ၊ န...ဟူသောအသံ၊ သော...ဟူသောအသံတို့ကို ကြားရ သည်။ ဤအသံတို့၏ အကျိုးအသီးသီး ပြီးစီးကြောင်း ဟိတ် အတိတ် နိမိတ်ကို သင့်ဉာဏ်စွမ်းဖြင့် စူးစမ်းဆင်ခြင်ပါလော့။

ပုဏ္ဏား၏ အသိဉာဏ်၌ ကြီးကျယ်သော အမိုက်မှောင်တွင်းသို့ ဝင်ရောက်သူကဲ့သို့ အကျိုးပြီးကြောင်း တစ်စုံတစ်ခု အတိတ်နိမိတ် သည် မထင်ရှားပေ။ သို့သော်လည်း ဘုရားကျွန်တော်မျိုး မသိပါဟု တင်လျှောက်လျှင် ငါ၏ လာဘ်ပူဇော် သက္ကာရ ဆုတ်ယုတ်မည်ဟု ကြောက်ရွံ့၍ အရှင်မင်းကြီး ဝန်လေးလှပါ၏ဟု တင်လျှောက်လေ၏။

အို...ပရောဟိတ်ဆရာ၊ အဘယ်သို့ ဝန်လေးသနည်း။

အရှင်မင်းကြီး၏ အသက်အန္တရာယ်ဖြစ်မည်ဟု ကျွန်တော်မျိုး အသိဉာဏ်၌ ထင်မြင်လာကြောင်းပါ။

ပရောဟိတ်က ထိုသို့ တင်လျှောက်လေလျှင် ကောသလမင်းကြီးသည် နှစ်ဆတက်အောင် ပိုမိုကြောက်ရွံ့သည်ဖြစ်၍...

အို...ပရောဟိတ်ဆရာ၊ အသက်အန္တရာယ်ကို ကာကွယ်နိုင်မည့် အကြောင်း တစ်စုံတစ်ခု မရှိတော့ပြီလော။

အရှင်မင်းကြီး မကြောက်ပါနှင့်။ ကျွန်တော်မျိုးသည် ဗေဒင်သုံးပုံကို တတ်သိနားလည်သူ ဖြစ်ပါသည်။

သို့ဖြစ်လျှင် အဘယ်ကို ရဖို့သင့်သနည်း။

အရှင်မင်းကြီး အာလုံး တစ်ရာစီ တစ်ရာစီ ယစ်ပူဇော်မှုကို ပြုလိုက်လျှင် အရှင်မင်းကြီး၏ အသက်ချမ်းသာခွင့်ကို ရပါလိမ့်မယ်။

ယဇ်ပူဇော်ရန် အဘယ်ဝတ္ထုပစ္စည်းကို ရဖို့သင့်သနည်း။

ဆင်အကောင်တစ်ရာ၊ မြင်းအကောင်တစ်ရာ၊ ဥသဘနွားလားတစ်ရာ၊ နွားမအကောင်တစ်ရာ၊ ဆိတ်အကောင်တစ်ရာ၊ သိုးအကောင်တစ်ရာ၊ ကြက်အကောင်တစ်ရာ၊ ဝက်အကောင်တစ်ရာ၊ သူငယ်ယောကျ်ားတစ်ရာ၊ သူငယ်မတစ်ရာ ရဖို့သင့်ပါသည် အရှင်မင်းကြီး။

ဤသို့ သတ္တဝါ တစ်မျိုးတစ်မျိုးလျှင် တစ်ရာ၊ တစ်ရာစီ ပြု၍ ယူစေလိုသော ပုရောဟိတ်သည်...

အကယ်၍ သားကောင်မျိုးကိုသာ ယူစေသည်ဖြစ်အံ့၊ မိမိအတွက် ခဲစားဖို့ကိုသာ ယူစေသည်ဟု ဆိုကြမည်ကို စိုးရိမ်မိ၍ ဆင်၊မြင်း၊လူတို့ကိုလည်း ယူစေသည်။

မင်းကြီးသည် ငါအသက်ရှင်ဖို့သည်သာ ငါ့အလိုဖြစ်တော့သည်ဟု ကြံစည်၍ ပုဏ္ဏားတင်လျှောက်အပ်သည့် အားလုံးသော သတ္တဝါတို့ကို လျင်မြန်စွာ ဖမ်းယူကြကုန်လော့ဟု မိန့်ဆိုလေ၏။

အခိုင်းခံရသူ လူတို့သည် လိုအပ်သည်ထက် အပိုအလွန်ကို ယူကြကုန်၏။

ထိုအကြောင်းကို ကောသလသံယုတ်၌ ဟောအပ်သည်သာဖြစ်၏။

ထိုအချိန်အခါ၌ ပသေနဒီ ကောသလမင်း၏ မဟာယည (ကြီးစွာသော ယဇ်)သည် ရေးရှု တည်လေ၏။

ဥသဘနွားလား ငါးရာတို့ကိုလည်းကောင်း၊ နွားထီးငယ် ငါးရာတို့ကိုလည်းကောင်း၊ နွားမငယ် ငါးရာတို့ကိုလည်းကောင်း၊ ဆိတ် ငါးရာတို့ကိုလည်းကောင်း၊ သိုးငါးရာတို့ကိုလည်းကောင်း ယဇ်အလို့ငှာ ယဇ်တိုင်သို့ ဆောင်အပ်ကုန်၏။

ကောသလမင်းကြီး၏ ကျွန်၊ အခိုင်းအစေ၊ အမှုလုပ်သူတို့သည် ဒဏ်ဖြင့် ခြိမ်းခြောက်၊ ဘေးဖြင့် ခြိမ်းခြောက်ခံရကုန်၍ မျက်ရည်နှင့် ငိုကြွေးကြကာ ကြိုတင်ပြုဖွယ်တို့ကို ပြုကြသည်သာ။ ဤသို့ ဟောအပ်သည်သာ ဖြစ်၏။

များစွာသော လူတို့သည် မိမိ မိမိ၏ သားသမီးဆွေမျိုးတို့အတွက် ငိုကြွေးလျက် အသံကျယ်စွာ ပြုလေ၏။

ကြီးကျယ်သော မြေလျှင်တုန်လှုပ်သကဲ့သို့ ဖြစ်လေ၏။

ထိုအချိန်အခါ၌ ကောသလမင်းကြီး၏မိဖုရား မလ္လိကာဒေဝီသည် ကျယ်စွာသော ထိုအသံကို ကြား၍ မင်းကြီးထံသွားပြီး...

အရှင်မင်းကြီး ဘယ်လိုဖြစ်နေပါသနည်း။ အရှင်မင်းကြီး၏ ဣန္ဒြေတို့သည် ပကတိရုပ်အသွင် မဟုတ်ကုန်ဘဲ ပင်ပန်းသော ရုပ်အသွင်တို့ကဲ့သို့ ထင်နေကုန်၏ဟု မေးလေ၏။ မလ္လိကာ သင့်အဖို့ အဘယ်သို့ ထူးမည်နည်း။ သင်သည် ငါ၏ နားရင်း၌ လျင်မြန်သော အဆိပ်သွားနေသည်ကို မသိပါတကား။

အရှင်မင်းကြီး၊ အရှင်မင်းကြီး ပြောသော လျင်မြန်သော အဆိပ်ဟူသည် အဘယ်ပါနည်း။

မလ္လိကာ ညဥ့်အချိန်အဖို့က ငါသည် ဤသို့ သဘောရှိသော အသံကို ကြားအပ်ပြီ။

ငါသည် ပရောဟိတ်ကို မေးပြီးသော် အရှင်မင်းကြီး၏ အသက်အန္တရာယ် ထင်လာ၏။ အားလုံးသတ္တဝါ တစ်ရာ၊ တစ်ရာစီကို ပူဇော်လျှင် ငါ့အသက် ရလိမ့်မည်ဟု တင်လျှောက်သည်ကို ကြားရ၍ ငါ၏ အသက်သည်သာ ငါ၏လာဘ်ဖြစ်တော့သည်ဟု ယူဆကာ ဤသတ္တဝါတို့ကို ဖမ်းယူစေပြီဟု ပြောဆိုလေ၏။

မလ္လိကာ မိဖုရားက အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် မိုက်ကန်းသူဖြစ်၏။ အစားကြီးသူ၊ ထူးထူးခြားခြား ချက်အပ်သော များစွာသော ဟင်း၊ စားမဲ ဟင်းလျာရှိသော ဆန်တစ်စိတ်ချက် ထမင်းကို စားသူ အင်္ဂတိုင်း၊ မဂဓတိုင်း နှစ်တိုင်းတို့၌ ထီးနန်းအုပ်ချုပ် မင်းလုပ်သူဖြစ်သော်လည်း သင်မင်းကြီး၏ အသိဉာဏ်ပညာသည် နုံ့နှေး ထိုင်းမှိုင်းလှ၏ဟု တင်လျှောက်၏။

အို...မိဖုရား မလ္လိကာ၊ အဘယ့်ကြောင့် ဤသို့ တင်လျှောက်ရသနည်း။

တစ်ယောက်သူ၏ သေခြင်းဖြင့် တစ်ယောက်သူ၏ အသက်ရှင်မှုရခြင်းကို အသင်မင်းကြီး အဘယ်မှာ တွေ့မြင်ဖူးပါသနည်း။

မိုက်ကန်းလှသော ပုရောဟိတ် စကားကို အမှန်ယူ၍ အဘယ့်ကြောင့် လူထုအပေါ် ဆင်းရဲထုပ်ကို ပစ်ချရသနည်း။

နီးသော ဇေတဝန်ကျောင်းတော်၌ နတ်နှင့်တကွသော လောက၏ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တော်မူသော အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလ သုံးပါး၌ မပိတ်မပင် မတားဆီးအပ်သော အသိဉာဏ်ရှိတော်မူသော မြတ်စွာဘုရားသည် သီတင်းသုံးနေတော်မူပါသည်၊ ထိုမြတ်စွာဘုရားကို မေး၍ ထိုမြတ်စွာဘုရား၏ ဩဝါဒကို နာယူပါလော့ဟု တင်လျှောက်လေသော် ကောသလမင်းကြီးသည် ပေါ့ပါးလျင်မြန်သော ယာဉ်တို့ဖြင့် မလ္လိကာမိဖုရားနှင့်အတူ ဇေတဝန်ကျောင်းတော်သို့ သွား၍ သေဘေးသည် ခြိမ်းခြောက်အပ်ရကား တစ်စုံတစ်ခုကို ပြောဆိုခြင်းငှာ

မတတ်နိုင်သူဖြစ်၍ မြတ်စွာဘုရားကို ရှိခိုးပြီး သင့်လျော်သည့် နေရာ၌သာ ထိုင်နေလေ၏။

ဒကာတော်မင်းမြတ် သင်သည် ယခု နေ့လယ်ခေါင်ခေါင်ကြီး နေမွန်းတည့်ချိန်၌ အဘယ်မှ လာခဲ့သနည်းဟု မြတ်စွာဘုရားက ရှေးဦးစွာ မေးမြန်းပြောဆိုလေ၏။

ကောသလမင်းကြီးသည် စကားတုံ့မပြော တုဏှီဘာဝသာ ထိုင်နေလေ၏။

ထိုအချိန်အခါမှ မလ္လိကာသည် မြတ်စွာဘုရားအား လျှောက်ထားလေ၏။ မြတ်စွာဘုရား ကောသလမင်းကြီးသည် မဇ္ဈိမယာမ်၏ အခြားမဲ့အချိန်၌ အသံကြီးကို ကြားအပ်ပါသည်။ ထိုအခါ မင်းကြီးကို ပရောဟိတ်က တင်လျှောက်ပါသည်။ ပရောဟိတ်က အသင်မင်းကြီး၏ အသက်န္တရာယ် ဖြစ်လိမ့်မည်။ ထိုအသက်အန္တရာယ်ကို ကာကွယ်ရန် သတ္တဝါအားလုံး၏ တစ်ရာ တစ်ရာစီကို ယူ၍ ထိုသတ္တဝါတို့၏ လည်ချောင်းသွေးဖြင့် ယဇ်ပူဇော်လျှင် အသင်မင်းကြီး အသက်ရှင်ပါလိမ့်မည်ဟု တင်လျှောက်ပါသည်။ မင်းကြီးက သတ္တဝါတွေကို ဖမ်းယူစေပါသည်။ ထို့ကြောင့် ဤမင်းကြီးကို တပည့်တော်မ ဤနေရာသို့ ခေါ်ဆောင်ခဲ့ပါသည်ဟု လျှောက်ထားလေ၏။

ဒကာတော်မင်းမြတ်၊ မလ္လိကာ လျှောက်ထားသည့်အတိုင်း မှန်လေသလော။

မြတ်စွာဘုရား မှန်ပါသည်ဘုရား။

သင် မင်းကြီးသည် အသံကို အဘယ်သို့ ကြားအပ်သနည်းဟု မြတ်စွာဘုရားက မေးတော်မူရာ ကောသလမင်းကြီးသည် မိမိ မှတ်သားထားအပ်သော ကြားအပ်သည့်အသံကိုသာ (ကြားအပ်သည့် အသံကို မှတ်သားထားသည့်အတိုင်းသာ) လျှောက်ထားလေ၏။

မြတ်စွာဘုရားအဖို့ မင်းကြီးလျှောက်ထားသောစကားကို ကြားရုံဖြင့်သာ တစ်ပြိုင်နက် အသိဉာဏ်ရောင် ဖြစ်ပေါ်လေသည်။

ထိုအခါ ကောသလမင်းကြီးကို မြတ်စွာဘုရားက ဒကာတော်မင်းမြတ် မကြောက်လေနှင့်၊ သင့်အား အန္တရာယ်မရှိ၊ မကောင်းမှုပြုခဲ့သော သတ္တဝါတို့သည် မိမိ မိမိ၏ ခံစားရသော ဆင်းရဲကိုထင်ရှားပြုလိုကြ၍ ဤသို့ ဆိုကြသည်ဟု မိန့်တော်မူ၏။

မြတ်စွာဘုရား၊ ထိုသတ္တဝါတို့သည် အဘယ်မကောင်းမှုကိုပြုအပ်ပါသနည်းဟု မေးလျှောက်လေရာ မြတ်စွာဘုရားသည် ထိုသတ္တဝါတို့၏ ပြုခဲ့သော မကောင်းမှုကံကို ဟောခြင်းငှာ မြတ်သော မင်းကြီး သင်နာယူလိုလျှင် နားထောင်လော့ဟု မိန့်တော်မူကာ အတိတ်ဖြစ်ရပ်ကို ဟောပြတော်မူသည်။

လွန်လေပြီးသောအခါ လူတို့သက်တမ်း အနှစ် နှစ်သောင်းရှိချိန်က ကဿပမြတ်စွာဘုရားသည် သတ္တလောက၌ ပွင့်တော်မူပြီး ရဟန္တာ နှစ်သောင်းနှင့်အတူ ဒေသစာရီ လှည့်လည်လတ်သော် ဗာရာဏသီမြို့သို့ ရောက်လာတော်မူသည်။ ဗာရာဏသီ မြို့သူမြို့သားတို့သည် နှစ်ဦးတစ်စု၊ သုံးဦးတစ်စု အများစု၍ အာဂန္တုဒါနကို ဖြစ်စေကြကုန်၏။

ထိုအချိန်ခါ ဗာရာဏသီမြို့၌ ကုဋေလေးဆယ်စီ စည်းစိမ်ဥစ္စာ ရှိကြသော သူဌေးသားလေးယောက်တို့သည် အချင်းချင်း မိတ်ဆွေများ ဖြစ်ကြကုန်၏။

သူဌေးသားလေးယောက်တို့သည် အချင်းချင်းတိုင်ပင်ကြကုန်၏။ ငါတို့၏ အိမ်အသီးသီး၌ ပစ္စည်းဥစ္စာ များစွာရှိ၏။ ထိုပစ္စည်းဥစ္စာဖြင့် ဘာကို ပြုကြမည်နည်းဟု တိုင်ပင်ကြကုန်၏။

ကြုံကြိုက်ခဲသော သဘောရှိသည့် မြတ်စွာဘုရား ဒေသစာရီ လှည့်လည်တော်မူစဉ် လှူဒါန်းဖွယ်ကို ပေးလှူကြစို့၊ သီလကို စောင့်

ရှောက်ကြစို့၊ ပူဇော်မှုကို ပြုကြစို့ဟု တစ်ယောက်မျှ မပြောဆိုဘဲ ထိုလေးယောက်တို့တွင် တစ်ယောက်က စစဦး ဤသို့ ပြောဆိုလေ၏။

ထက်လုစွာသော အရက်ကိုသောက်၍ အရသာချိုမြိန်သော အသားကို စားကြကာ လှည့်ပတ်နေကြစို့။ ဤသို့နေရခြင်းသည် ငါတို့ အသက်ရှင်ရခြင်း၏ အကျိုးဖြစ်ပေသည်ဟု ပြောလေ၏။ အခြားသူ တစ်ယောက်ကမူ ဤသို့ ပြောဆို၏။ နေ့စဉ်နေ့တိုင်း နံ့သာဖြင့် သုံးနှစ်ထုံထားပြီးသော သလေးဆန်ထမင်းကို ကောင်းမြတ်သော ရသာမျိုးစုံဖြင့် စားသောက်ကြကာ လှည့်လည်နေကြစို့ဟု ပြောဆို၏။

အခြားသူ တစ်ယောက်ကမူ ဤသို့ ပြောဆို၏။

မိတ်ဆွေတို့ ငါတို့ တခြား တစ်စုံတစ်ခု ပစ္စည်းဥစ္စာပေးမည်ဟု ပြောလျှင် မလိုချင်သော မိန်းမဟူသည်မရှိ။ ထို့ကြောင့် ပစ္စည်းဥစ္စာဖြင့် ဖြားယောင်း၍ ပါရဒါရိကကံ (သူတစ်ပါးတို့ သမီးမယားတို့၌ သွားလာ မွေ့လျော်ခြင်းအမှု)ကို ပြုကြစို့ဟု ပြောဆိုလေ၏။ ထိုသူ၏ စကား၌ လေးယောက်လုံးက ကောင်း၏ ကောင်း၏ဟု ရပ်တည်ကြကုန်၏။

သူဌေးသား လေးယောက်တို့သည် ထိုအချိန်မှစ၍ ချောမောလှပသော မိန်းမတို့ထံ ပစ္စည်းဥစ္စာကို ပို့စေ၍ အနှစ်နှစ်သောင်းတို့ ပတ်လုံး ပါရဒါရိကကံကို ပြုကြသောကြောင့် သေလွန်ပြီးသော် အဝီစိငရဲ၌ ဖြစ်ကြကုန်၏။ ထိုငရဲသားလေးယောက်တို့သည် ဘုရားနှစ်ဆူတို့၏အကြား ရှည်ကြာသော ကာလပတ်လုံး အဝီစိငရဲ၌ ကျက်ကြပြီး ထိုငရဲ၌ ကွယ်လွန်ခဲ့ပြီးသော် ကျက်ရဦးမည့်အကျိုးပေး အကြွင်းအားဖြင့် ယူဇနာခြောက်ဆယ် စောက်အနက်ရှိသော လောဟကုမ္ဘီ (သံရေပူအိုး) ငရဲ၌ ဖြစ်ကြ၍ အနှစ်သုံးသောင်းကြာမှ သံရေပူအိုး

အောက်အပြင်သို့ ရောက်ကြ၍ တစ်ဖန် အနှစ်သုံးသောင်းကြာမှ သံရေပူအိုး မျက်နှာဝသို့ ပေါ်တက်လာကြကာ ဂါထာတစ်ခုစီကို ရွတ်ဆိုလိုကြသော်လည်း ဂါထာတစ်ခုကို အပြည့်အစုံ ရွတ်ဆိုချိန် မရ၍ မရွတ်ဆိုနိုင်ကြဘဲ အစအက္ခရာ တစ်လုံး တစ်လုံးကိုသာ ရွတ်ဆို၍ တစ်ဖန် ငရဲအိုးတွင်းသို့ ပြန်လှည့်၍ ဝင်ကြလေကုန်၏။

ဒကာတော်မင်းမြတ် လျှောက်ထားလေလော့။ သင်သည် ရှေးဦးစွာ အဘယ်အသံကို ကြားရသနည်း။

မြတ်စွာဘုရား ဒု...ဆိုသောအသံကို ကြားရပါသည်ဘုရား။

မြတ်စွာဘုရားသည် ထိုငရဲသားက မပြည့်မစုံ ရွတ်ဆိုအပ်သော ဂါထာကို အပြည့်အစုံပြု၍ ဤသို့ ဟောပြတော်မူသည်။

**၁။ ဒုဇ္ဇီဝိတမဇီဝိမှ၊ ယေ သန္တေ န ဒဒမှသေ။**
**ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒီပံ နာကမှ အတ္တနော။**

(၁) မာရိသာ–အို...မိတ်ဆွေတို့၊ ယေသံ နော–အကြင် ငါတို့၏၊ ဘောဂါ–စည်းစိမ်ဥစ္စာတို့သည်၊ သံဝိဇ္ဇန္တိ–ထင်ရှားရှိကြလေကုန်၏၊ တေမယံ–ထိုငါတို့သည်၊ သဘောဂေသု–စည်းစိမ်ဥစ္စာတို့သည်၊ ဝိဇ္ဇမာနေသု–ထင်ရှားရှိကြပါကုန်လျက်၊ န ဒဒမှသေ–သဒ္ဓါဖွေးဖြူ မပေးမလှူခဲ့ကြလေကုန်၊ ဒုဇ္ဇီဝိတံ–ဒုဇ္ဇီဝိတေန–မကောင်းဘက်ဝင် အသက်ရှင်ခြင်းဖြင့်၊ အဇီဝိမှ–မပျက်ပျော်ရှင် အသက်ရှင်ခဲ့ကြကုန်ပြီ၊ တေမယံ–ထိုငါတို့သည်၊ အတ္တနော–မိမိ၏၊ ဒီပံ–ကျွန်းကြီးသဖွယ် ကိုးကွယ်ရာဆို ကောင်းမှုကုသိုလ်ကို၊ နာကမှ–တစ်စုံတစ်ခု မပြုခဲ့ကြလေကုန်။

ဤသို့ မြတ်စွာဘုရားသည် ကောသလမင်းကြီးအား ဂါထာ အပြည့်အစုံကို ဟောပြပြီးနောက်...

ဒကာတော်မင်းမြတ်၊ သင်သည် နှစ်ခုမြောက်အသံ၊ သုံးခုမြောက်သောအသံ၊ လေးခုမြောက်သောအသံကို အဘယ်သို့ ကြားရသနည်းဟု မေးတော်မူပြန်၍ သ...ဟူသောအသံ၊ န...ဟူသောအသံ၊ သော...ဟူသောအသံကို ကြားရပါသည်ဘုရားဟု လျှောက်ထားလေသော် ဂါထာအသီးသီး၌ ကြွင်းကျန်သေးသော ပုဒ်အက္ခရာအသီးသီးကို ပြည့်စုံအောင် ဖြည့်၍ အနက်ကို ဟောပြတော်မူသည်။

၂။ သဋ္ဌိဝဿသဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။
နိရယေ ပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ။
၃။ နတ္ထိ အန္တော ကုတော အန္တော၊ န အန္တော ပဋိဒိဿတိ။
တဒါ ဟိ ပကတံ ပါပံ၊ မမ တုယှဉ္စ မာရိသာ။
၄။ သောဟံ နူန ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသိံ။
ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ။

(၂) မာရိသာ–အို...မိတ်ဆွေတို့၊ သဗ္ဗသော–အလုံးစုံအားဖြင့်၊ သဋ္ဌိဝဿသဟဿာနိ – နှစ်ပေါင်း ခြောက်သောင်းတို့သည်၊ ပရိပုဏ္ဏာနိ–ယုတ်လျော့မရှိ ပြည့်ခဲ့ကုန်ပြီ၊ နိရယေ–သံပူရေကျက်ဆူပွက်မစဲ လောဟကုမ္ဘီ ငရဲထဲ၌၊ ပစ္စမာနာနံ–အသက်မကုန် ကျက်ကြကုန်သော ငါတို့၏၊ အန္တော–အပြီးပြမည့် အဆုံးကျကာလသည်၊ ကဒါ–နှစ်လရက်ပါ အဘယ်ခါ၌၊ ဘဝိဿတိ–နှစ်သိမ့်အလီလီ ဖြစ်လိမ့်မည်နည်း။

(၃) မာရိသာ–အို...မိတ်ဆွေတို့၊ နိရယေ–သံပူရေကျက် ဆူပွက်မစဲ လောဟကုမ္ဘီ ငရဲထဲ၌၊ ပစ္စမာနာနံ–အသက်မကုန် ကျက်နေကြကုန်သော ငါတို့၏၊ အန္တော–အပြီးပြမည့် အဆုံးကျကာလသည်၊ နတ္ထိ–ဘယ်လိုပင်ကြည့်ကြည့် မရှိသေးပါတကား၊ ကုတော–အဘယ်အချိန်မှ၊ အန္တော–အပြီးပြမည့် အဆုံးကျမည်နည်း။ အန္တော–အပြီး

သာစွ အဆုံးကာလသည်၊ န ပဋိဒိဿတိ–အစဉ်မြင်တွေ့၊ မထင်သေးပါတကား။

ဟိ–ငါ့စကားသံ အမှားမခံ အမှန်ပင်ဖြစ်၏။ မာရိသာ–ဟို အတိတ်ဖွေ အို…မိတ်ဆွေတို့၊ တဒါ–လူ့ဘဝတစ်ခွင် ငွေကြေးရွှင်ရွှင် ဖြစ်စဉ်ရှိန်ဝါ ထိုချိန်ခါ၌၊ မမစ–ငါသည်လည်းကောင်း၊ တုယှဉ္စ–သင်သည်လည်းကောင်း၊ ပါပံ–အပျော်မယား လိုက်စားခြင်းပြု မကောင်းမှုကို၊ ပကတံ–အသိမကပ် အထပ်ထပ်ပေ ပြုအပ်ခဲ့လေပြီ။

(၄) သောဟံ–သောအဟံ–ရဲသံသရာ ကျင်လည်ရှာပြီ ထိုငါသည်၊ ဣတော–ပူကျက်မစဲ လောဟကုမ္ဘီ ငရဲမှ၊ ဂန္တွ–မကောင်းမှုကံ မကျန်ကုန်ပျောက် ကောင်းရာဘဝ ရောက်ရသည်ရှိသော်၊ မာနုသိံ ယောနိံ–ဆူဖြာလှလှ လူ့ဘဝကို၊ လဒ္ဓါန–ကုသိုလ်ကံမ တစ်ဖန်ရ၍၊ ဝဒညူ–ဆုံးမစကား ပစ်မထားပြီ နားလည်သူသည်၊ သီလသမ္ပန္နော–လူ့ပြည်လှလှ လူပီသပုံ သီလနှင့် ပြည့်စုံသူသည်၊ ဟုတွာ–တစ်ရံမလစ် အမှန်ဖြစ်၍၊ ကုသလံ–ကောင်းမှုထိုထို မြတ်ကုသိုလ်ကို၊ ဗဟုံ–စိတ်အားသည်းသည်း များများကြီး၊ ကာဟာမိ–မပြုအမိုက် ဂရုတစိုက် ပြုလိုက်ပေတော့အံ့တည်း။

ဒကာတော်မင်းမြတ် ထိုငရဲသားလေးယောက်တို့သည် ဂါထာတစ်ခုစီကို ရွတ်ဆိုလိုကြသော်လည်း အပြည့်အစုံ မရွတ်ဆိုနိုင်ကြဘဲ အစအက္ခရာ တစ်လုံးစီကိုသာ ရွတ်ဆို၍ လောဟကုမ္ဘီ ငရဲတွင်းသို့ မပျက်မယွင်း တစ်ဖန်သက်ဆင်း ဝင်ရောက်ကြလေကုန်သတည်း။

ပသေနဒီ ကောသလမင်း ထိုအသံကို ကြားရချိန်မှစ၍ ထိုငရဲသားတို့သည် သံရေပူအတွင်း အောက်သို့ စောက်ထိုးလျောကျကြလေကုန်၏။ ယနေ့တိုင်အောင်လည်း အနှစ်တစ်ထောင်ကို မလွန်မြောက်ကြသေးကုန်။

ထိုဒေသနာတော်ကို ကြားရ၍ ကောသလမင်းကြီး၏ ကြီးစွာသော သံဝေဂဖြစ်လေ၏။ ကောသလမင်းကြီးသည် ဤပါရဒါရိကကံသည် စင်စစ် ဝန်လေးသောအမှုဖြစ်၏။ ဘုရားနှစ်ဆူအကြားကာလပတ်လုံး အဝီစိငရဲ၌ ကျက်၍ အဝီစိငရဲမှ စုတေပြီး ယူဇနာခြောက်ဆယ် စောက်အနက်ရှိသော သံရေပူ ငရဲတွင်း၌ ဖြစ်၍ ထိုငရဲ၌ အနှစ်ခြောက်သောင်းပတ်လုံး ကျက်ပြီးသော်လည်း ထိုငရဲသားတို့၏ ဆင်းရဲမှ လွတ်မြောက်မည့် အချိန်သည်ကား မထင်ရှားသေးချေ။

ငါသည်လည်း သူတစ်ပါး၏ ဇနီးမိန်းမ၌ ချစ်မြတ်နိုးမိသောကြောင့် ညဥ့်သုံးယံပတ်လုံး အိပ်ပျော်ခြင်းကို မရခဲ့ပြီ။ ယခု ဤအချိန်မှစ၍ သူတစ်ပါးတို့၏ ဇနီးမိန်းမ၌ စိတ်မကူးတော့အံ့ဟု အကြံဖြစ်၍ မြတ်စွာဘုရားကို...

မြတ်စွာဘုရား၊ တပည့်တော်သည် ကုန်ခဲ့သောည၏ ရှည်လှသည်ကို သိအပ်ပါပြီဟု လျှောက်ထားလေ၏။

သေဘောကြောင့် ကျောင်းသို့လာပြီး ပုန်းလျှိုးအိပ်နေသော ယောကျ်ားသည်လည်း ထိုနေရာ၌ပင်နေ၍ ကောသလမင်းကြီး လျှောက်ထားသော စကားကို ကြားရလတ်သော် ငါသည် အားကောင်းသော အထောက်အပံ့အကြောင်းကို ရအပ်ပေပြီဟု အောက်မေ့ပြီး မြတ်စွာဘုရားကို...

မြတ်စွာဘုရား ကောသလမင်းကြီးသည် ရှေးဦးစွာ ယနေ့ ယခု ညတာရှည်မှုကို သိအပ်လေပြီ၊

တပည့်တော်သည်ကား မနေ့က ကိုယ်တိုင်ပင် တစ်ယူဇနာခရီး၏ ရှည်လျားမှုကို သိခဲ့ပါပြီဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ထိုနှစ်ယောက်လုံး၏ စကားကို နှီးနှော၍...

တချို့လူအား ညဥ့်တာရှည်သည်။ တချို့လူအား ယူဇနာခရီး ရှည်ဝေးသည်။ လူမိုက်အား သံသရာရှည်သည်ဟု ဤဂါထာကို ဟောပြတော်မူသည်။

**ဒီဃာ ဇာဂရတော ရတ္တိ၊ ဒီဃံ သန္တဿ ယောဇနံ။**
**ဒီဃော ဗာလာန သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ။**

ဇာဂရတော–အိပ်မပျော်နိုင် ကြံမှိုင်အမျိုးမျိုး နိုး၍နေသူအား၊ ရတ္တိ–သုံးယာမ်မျှသာ ညဥ့်ချိန်ခါသည်၊ ဒီဃာ–သုံးယာမ်မက ဆဆ တက်ကာ ရှည်လှစွာ၏။

သန္တဿ–ကိုယ်ပန်း စိတ်ပန်း မောပန်းသူအား၊ ယောဇနံ–လေးဂါဝုတ်သာ ဝေးကွာလေရာ တစ်ယူဇနာသည်၊ ဒီဃံ–မရောက်နိုင်ရာ ရှည်လျားလှစွာ၏၊ သဒ္ဓမ္မံ–ခုဘဝအကျိုး နောင်ဘဝအကျိုး ထိုနှစ်မျိုး၌ အဆိုးဖန်ခါ သံသရာမှ မြန်စွာထွက်ကြောင်း သူတော်ကောင်းတို့ နည်းဟောင်းမှန်လှ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးကို၊ အဝိဇာနတံ–မမြော်မမြင် တရားခွင်၌ ဝင်ခြင်းမရှိ မသိကြကုန်သော၊ ဗာလာနံ–မဖြူစရိုက် လူမိုက်တို့အား၊ သံသာရော–ဘဝဆက်ကာ ဖြစ်ရလေရာ သံသရာသည်၊ ဒီဃော–အဆုံးသို့တိုင် မပြနိုင်ငြား ရှည်လျားလေသတည်း။

ထိုဂါထာ၏ အဓိပ္ပာယ်ကို အဖွင့်အဋ္ဌကထာ လာသည့်အတိုင်း အဖြောင့်စကားဖြင့် ရေးသားပေအံ့။ တစ်ညဥ့်တာသည် သုံးယာမ်မျှသာ ရှိသော်လည်း အကြောင်းအမျိုးမျိုးကို ကြံစည်တွေးတောနေသဖြင့် အိပ်မပျော်သောသူအဖို့ သုံးယာမ်မက ရှည်လှသည်ဟု ထင်လေ၏။

ထိုညဥ့်၏ ရှည်လျားသည်အဖြစ်ကို မိမိကိုယ်ကို ကြမ်းပိုးအပေါင်း၏ အစာပြု၍ (မိမိကိုယ် ခန္ဓာသွေးကို ကြမ်းပိုးများအား အစာကျွေး၍ဟု ဆိုလိုသည်) နေထွက်သည့်တိုင်အောင် ဘယ်စောင်း ညာပြန်၊

ညာစောင်း ဘယ်ပြန် အိပ်နေသော အပျင်းကြီးသောသူသည်လည်း မသိချေ။ ကောင်းမွန်သော စားသောက်ဖွယ်ကို စားသောက်၍ ကျက်သရေ ရှိသော အိပ်ရာ၌ အိပ်လျက် ကာမစည်းစိမ် ခံစားသူသည်လည်း မသိချေ။

ညဉ့်သုံးယာမ်ပတ်လုံး ကမ္မဋ္ဌာန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်သည်လည်းကောင်း၊ တရားဟော ဓမ္မကထိကသည်လည်းကောင်း၊ ဓမ္မကထိကနေရာအနီး၌ ရပ်တည်၍ တရားနာသူသည်လည်းကောင်း၊ ခေါင်းကိုက်ရောဂါ စသည် စွဲကပ်ခြင်း၊ လက်ခြေ စသည်ပြတ်ဖြင်းဖြင့် ဝေဒနာ နှိပ်စက်ခံရသူသည်လည်းကောင်း၊ ညဉ့်အခါ ခရီးသွားသူသည် လည်းကောင်း ညဉ့်တာရှည်သည်ကို သိလေ၏။

တစ်ရက်ပတ်လုံး ခရီးသွား၍ ခရီးပန်းနေသူသည် ခရီးရင်ဆိုင်လာနေသူကို တွေ့ရ၍ ရှေ့ကရွာ ဘယ်လောက်ဝေးသနည်းဟု မေးသောအခါ တစ်ယူဇနာ ဝေးသေးသည်ဟု ပြောဆိုလေ၏။ အနည်းငယ်သွားပြန်၍ နောက်ထပ် လူတစ်ယောက်ကို တွေ့၍ မေးသောအခါ တစ်ယူဇနာ ဝေးသေးသည်ဟု ဆို၏။ နောက်ထပ် အနည်းငယ်သွား၍ တွေ့ရသူကို မေးသောအခါ တစ်ယူဇနာ ဝေးသေးသည်ဟု ဆို၏။ ထိုသူသည် မေးတိုင်းမေးတိုင်း တစ်ယူဇနာ ဝေးသေးသည်ဟုသာ ဆိုကြသည်။ ဒီတစ်ယူဇနာက ဝေးလှချေလားဟု တစ်ယူဇနာဝေးသော ခရီးကို နှစ်ယူဇနာ၊ သုံးယူဇနာကဲ့သို့ ထင်လေ၏။

ဤလောက အကျိုး၊ ဣမလွန်လောက အကျိုး သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယအပြား သူတော်ကောင်းတရားကို သိမြင်မှ သံသရာ၏အဆုံးကို ပြုနိုင်သည်။ ထိုသူတော်ကောင်းတရားကို မသိမမြင် သံသရာဝဋ်၏ အဆုံးကို မပြုစွမ်းနိုင်သော လူမိုက်တို့အား သံသရာသည် အလွန်ရှည်လှလေသတည်း။

ဒေသနာတော်အဆုံး၌ သေဘေးကြောက်၍ ပုန်းနေရသော ထိုယောက်ျားသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ထိုမှတစ်ပါး များစွာသော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။ လူများစွာအား အကျိုးရှိသော ဓမ္မဒေသနာတော် ဖြစ်လေ၏။

ကောသလမင်းကြီးသည် မြတ်စွာဘုရားကို ရှိခိုး၍ ပြန်သွားဆဲမှာပင် ယဇ်ပူဇော်ရန် စုထားသော သတ္တဝါအားလုံးကို အနှောင်အဖွဲ့မှ လွှတ်ရန် စေခိုင်းလိုက်သည်။

ထိုသို့ လွှတ်လိုက်သောအခါ ယောက်ျားမိန်းမတို့သည် အနှောင်အဖွဲ့မှ လွှတ်ခဲ့ကြ၊ ဦးခေါင်းနှင့်တကွ ရေချိုးကြ၊ မိမိအိမ်အသီးသီးသို့ ပြန်ရောက်ကြပြီးသော်...

ငါတို့၏ သခင်မ မလ္လိကာဒေဝီသည် အသက်ရှည်ပါစေ။ ငါတို့သည် မလ္လိကာဒေဝီကို အကြောင်းပြု၍ အသက်ကို ရကြကုန်၏ဟု မလ္လိကာမိဖုရား၏ ဂုဏ်ကျေးဇူးစကားကို ပြောဆိုကြကုန်၏။

ညနေချိန်၌ ရဟန်းတို့သည် ဓမ္မသဘင်ဝယ် ဤမလ္လိကာသည် အံ့ဩလောက်အောင် ပညာနှင့် ပြည့်စုံပါပေစွ။ မိမိ၏ ပညာစွမ်းကို အမှီပြု၍ များလှသော သတ္တဝါအား ဇီဝိတဒါနကို ပေးလှူပေသည်ဟူသော စကားကို ပြောဆိုကြကုန်၏။

မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်တော်၌ သီတင်းသုံးရင်းပင် ထိုရဟန်းတို့၏ စကားပြောသံကို ကြားတော်မူ၍ ဂန္ဓကုဋီတိုက်တော်မှ ထွက် ဓမ္မသဘင်သို့ဝင် ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူကာ ရဟန်းတို့အား အဘယ်စကားဖြင့် စုဝေးနေကြသနည်းဟု မေးတော်မူ၍ မလ္လိကာမိဖုရား၏ ဂုဏ်သတင်းနှင့် ဆက်စပ်သောစကားဖြင့် စုဝေးနေကြပါကြောင်း လျှောက်ထားလေသော်...

ရဟန်းတို့၊ မလ္လိကာသည် ယခုအချိန်၌သာ မိမိ၏ ပညာကို အမှီပြု၍ လူများစွာအား ဇီဝိတဒါနကို ပေးသည်မဟုတ်သေး။ ရှေးကလည်း ပေးခဲ့ဖူးသည်သာဟု မိန့်တော်မူကာ ထိုအကြောင်းကို ထင်ရှားပြတော်မူလို၍ အတိတ်ကို ဆောင်တော်မူလေပြီ။

လွန်လေပြီးသောအခါ ဗာရာဏသီမင်း၏ သားတော်သည် ပညောင်ပင် တစ်ပင်သို့ ချဉ်းကပ်၍ ထိုပညောင်ပင်၌ အုပ်စိုးနေသော ရုက္ခစိုးနတ်အား "အရှင်နတ်မင်း၊ ဤဇမ္ဗူဒိပ်ကျွန်း၌ တစ်ရာ့တစ်ပါးသော မင်းနှင့် တစ်ရာ့တစ်ယောက်သော မိဖုရားတို့ ရှိကြပါသည်။ အကယ်၍ ကျွန်ုပ်သည် ဖခမည်းတော် ကွယ်လွန်သောအခါ မင်းအဖြစ်ကို ရခဲ့ပါလျှင် တစ်ရာ့တစ်ပါးသောမင်းနှင့် တစ်ရာ့တစ်ယောက်သော မိဖုရားတို့၏ လည်ချောင်းသွေးဖြင့် ပူဇော်ပါမည်"ဟု ပန်ကြားတောင်းဆို လေ၏။

ထိုမင်းသားသည် ခမည်းတော် ကွယ်လွန်သောအခါ မင်းအဖြစ်သို့ ရောက်၍...

ငါသည် ရုက္ခစိုးနတ်၏ တန်ခိုးအာနုဘော်ကြောင့် မင်းအဖြစ်ကို ရခဲ့သည်။ ထိုရုက္ခစိုးနတ်အား ပူဇော်တော့မည် အကြံအစည်ဖြင့် စစ်သည်တော်များစွာနှင့် တိုင်းပြည်မှ ထွက်ခဲ့၍ တစ်ဦးသော မင်းကို မိမိအလိုအာဏာ၌ လိုက်နာစေ၍ ထိုမင်းနှင့်အတူ အခြားသော မင်းတစ်ဦး၊ အခြားသော မင်းတစ်ဦး စသည်ဖြင့် အားလုံးသော မင်းတို့ကို မိမိအလိုအာဏာ၌ လိုက်နာစေပြီး အဂ္ဂမဟေသီမိဖုရားတို့နှင့်အတူ ခေါ်ဆောင်၍သွားစဉ် တစ်ရာ့တစ်ယောက်သော မင်းတို့တွင် အငယ်ဆုံးဖြစ်သော ဥဂ္ဂသေနမင်း၏ မိဖုရား ဓမ္မဒိန္နာသည် ကိုယ်ဝန်အရင့်အမာ ရှိနေသူဖြစ်၏။ ထို့ကြောင့် ထိုဓမ္မဒိန္နာမိဖုရားကို ချန်ထားခဲ့ကာ ပညောင်ပင်အနီးသို့လာ၍ မင်းတို့ကို အဆိပ်နှင့် ရောသောဖျော်ရည်ကို သောက်စေ၍ (တိုက်၍) သတ်အံ့ဟု ပညောင် ပင်ရင်းကို

သုတ်သင်ရှင်းလင်းလေ၏။ ညောင်ပင်စောင့်နတ်သည် ဤမင်းသည် ဤမျှသော မင်းတို့ကို ဖမ်းယူစဉ် ငါ့ကို အမှီပြု၍ (ငါ့ကို အားကိုး တစ်ခုပြု၍) ဤမင်းတို့ကို ဖမ်းယူနိုင်သည်ဟု ကြံစည် အောက်မေ့၍ ထိုမင်းတို့၏ လည်ချောင်းသွေးဖြင့် ငါ့အား ပူဇော်မှုကို ပြုလိုပေ၏၊ ဤမင်းသည် အကယ်၍ ဤမျှသော မင်းတို့ကို သတ်ပစ် သည်ဖြစ်အံ့ ဇမ္ဗူဒိပ်၌ မင်းအဆက်အသွယ် ပြတ်စဲပေတော့မည်။ ငါ၏ ညောင်ပင် အောက်၌လည်း မင်းတို့၏ လည်ချောင်းသွေးကြောင့် မစင်မကြယ် ဖြစ်လေတော့မည်။ ဤဗာရာဏသီမင်းကို ငါတားမြစ် နိုင်မည်လောဟု ဆင်ခြင်လတ်သော် ငါမတားမြစ်နိုင်ဟု သိ၍ အခြားသော နတ် တစ်ဦးသို့ ချဉ်းကပ်ပြီး ထိုအကြောင်းကို ပြောဆို၍ သင် တားမြစ် ပေးနိုင်မည်လောဟု မေးရာ ထိုနတ်ကလည်း တားမြစ်မပေးနိုင်သဖြင့် အခြားသော နတ်တစ်ဦး၊ အခြားသော နတ်တစ်ဦးကို ချဉ်းကပ်၍ မေးခြင်းဖြင့် စကြဝဠာတစ်ခုလုံးရှိ နတ်တို့ကို ချဉ်းကပ်၍ မေးပြန် သော်လည်း ထိုနတ်အားလုံးတို့က တားမြစ်မပေးနိုင်ကြောင်း ပြောဆို ကြ၍ စတုမဟာရာဇ်နတ်မင်းကြီးလေးဦးတို့ အထံသို့ သွား၍ မေးသော အခါ ဗာရာဏသီမင်းကို တားမြစ်ရန်ကိစ္စ ငါတို့လည်း မစွမ်းနိုင်ကုန်။ သို့သော် ငါတို့၏ သိကြားမင်းသည် ငါတို့ထက် ဘုန်းကံအားဖြင့် လည်းကောင်း၊ အသိဉာဏ်ပညာအားဖြင့်လည်းကောင်း ထူးကဲသူ ဖြစ်သည်။ ထိုသိကြားမင်းကို မေးပါဟု နတ်မင်းကြီးတို့ကလည်း ဖယ်ရှားပြောဆိုကြသောအခါ သိကြားမင်းထံ ချဉ်းကပ်၍ ထိုအကြောင်း ကို ပြောဆိုပြီး...

အရှင်သိကြားမင်း၊ အရှင်သိကြားမင်းတို့သည် ဤကိစ္စ၌ ကြောင့်ကြမဲ့ နေခဲ့ကြသော် ဇမ္ဗူဒိပ်၌ မင်းအမျိုးအနွယ် ပြတ်ပေ တော့မည်။ မင်းအမျိုးအနွယ်၏ အားထားကိုးကွယ်ရာ ဖြစ်တော်မူ ကြပါဟု ပြောဆိုလေ၏။

သိကြားမင်းသည် အို...ဗျောင်ပင်စောင့်နတ် ငါသိကြားမင်းလည်း ထိုဗာရာဏသီမင်းကို မတားမြစ်နိုင်။ သို့သော် သင့်အား နည်းလမ်းတစ်ခုကို ညွှန်ပြမည်ဟု ဆိုကာ နည်းလမ်းကို ပြောပြလေ၏။

ပြောပြပုံကား...

ဗျောင်ပင်စောင့်နတ်၊ သင်နေရာ ဗျောင်ပင်ရှိရာသို့ ပြန်သွားပါ။ သင်သည် ဗာရာဏသီမင်း ကြည့်မြင်နေစဉ်မှာပင် အဝတ်နီကို ဝတ်၍ မိမိနေရာ ဗျောင်ပင်မှ ထွက်ခွာသွားမည့်ပုံကို ပြပါ။ ထိုအခါ ဗာရာဏသီမင်းသည် ငါ့အရှင် ဗျောင်ပင်စောင့်နတ်သည် ဗျောင်ပင်မှ ထွက်ခွာသွားတော့မည်။ ငါ့အရှင်နတ်ကို ဗျောင်ပင်၌ ပြန်နေစေမည်ဟု ကြံရွယ်ပြီး သင့်ကို အမျိုးမျိုးတောင်းပန်လိမ့်မည်။

ထိုအခါ ဗာရာဏသီမင်းကို သင်က ဒီလိုပြောပါ။

အို...ဗာရာဏသီမင်း၊ သင်သည် မိဖုရားတစ်ရာ့တစ်ပါးတို့နှင့် အတူ တစ်ရာ့တစ်ပါးသော မင်းတို့ကို ငါ့နေရာ ဤဗျောင်ပင် နန်းသို့ ခေါ်ဆောင်ခဲ့ပြီ၊ ထိုမင်းတို့၏ လည်ချောင်းသွေးဖြင့် ပူဇော် မှုကို ပြုပါမည်ဟု ငါ့အား ဝန်ခံကတိပြုသွားလျက် ဥဂ္ဂသေနမင်း၏ မိဖုရားကို ချန်ထားပြီး လာခဲ့သူဖြစ်သည်။ ငါသည် သင်သို့သော မုသာဝါဒီ လိမ်လည် လှည့်ပတ်သူ၏ ပူဇော်မှုကို မခံယူလိုဟု ပြောဆိုပါ။

သင်က ဤသို့ ပြောဆိုခဲ့သော် ဗာရာဏသီမင်းသည် ဥဂ္ဂသေနမင်း၏ မိဖုရားကို ဖမ်းယူခေါ်ဆောင်လာလိမ့်မည်။ ဥဂ္ဂသေနမင်း၏ မိဖုရား ဓမ္မဒိန္နာသည် ဗာရာဏသီမင်းအား တရားဟော၍ တစ်ရာ့ တစ်ပါးသော မိဖုရားတို့နှင့်အတူ တစ်ရာ့တစ်ပါးသော မင်းတို့အား ဇီဝိတဒါနကို ပေးလိမ့်မည်ဟု ပြောဆိုလေ၏။

ပဗျောင်ပင်စောင့်နတ်သည် သိကြားမင်းပြောဆိုသည့် နည်းလမ်း အတိုင်း ပြုလုပ်ပြောဆို၏။

ဗာရာဏသီမင်းသည်လည်း ဓမ္မဒိန္နာမိဖုရားကို ပဒေါင်ပင်ရှိရာသို့ ခေါ်ဆောင်စေ၏။

ဓမ္မဒိန္နာ မိဖုရားသည် ပဒေါင်ပင်ရှိရာသို့ လာရောက်၍ တစ်ရာသော မင်းတို့၏ အဆုံးစွန်၌ ထိုင်နေသော မိမိ၏ ကျေးဇူးရှင် ဥဂ္ဂသေနမင်းကိုသာ ရှိခိုးလေ၏။

ဗာရာဏသီမင်းသည် တစ်ရာသောမင်းတို့ထက် အကြီးဆုံးဖြစ်သော ငါဗာရာဏသီမင်း တည်ရှိနေပါလျက် အငယ်ဆုံးဖြစ်သော သင်၏အရှင် လင်ယောကျ်ား ဥဂ္ဂသေနကို ရှိခိုးရသလောဟု အမျက်ထွက်လျက် ပြောဆိုလေရာ ဓမ္မဒိန္နာ မိဖုရားက ဤသို့ ပြန်လည်ပြောဆိုလေ၏။

ငါ့အား ဗာရာဏသီမင်း၌ အဘယ်သို့ ဆက်စပ်မှုရှိသနည်း။ ဤဥဂ္ဂသေနမင်းသည်ကား ငါ့အား အစိုးရခြင်း စည်းစိမ်ချမ်းသာကို ပေးသူ အရှင်သခင် လင်ယောကျ်ားဖြစ်ပေသည်။ ဤဥဂ္ဂသေန မင်းကို ရှိမခိုးဘဲ ဘာကြောင့် သင့်ကို ရှိခိုးရမည်နည်း။

ဓမ္မဒိန္နာ မိဖုရားက ထိုသို့ ပြောဆိုသောအခါ ပဒေါင်ပင်စောင့်နတ်သည် မင်းမိဖုရား လူအားလုံး ကြည့်မြင်နေစဉ်မှာပင်...

ဝံ ဘဒ္ဒေ၊ ဝံ ဘဒ္ဒေ–အရှင်မ ဓမ္မဒိန္နာ ဟုတ်ပါပေသည်၊ အရှင်မ ဓမ္မဒိန္နာ ဟုတ်ပါပေသည်ဟု ပြောဆို၍ ဓမ္မဒိန္နာ မိဖုရားကို လက်တွင်းတစ်ဆုပ်ပန်းတို့ဖြင့် ပူဇော်လေ၏။

တစ်ဖန် ဗာရာဏသီမင်းက သင်ဓမ္မဒိန္နာသည် ငါ့ကို ရှိမခိုးသည်ရှိစေဦး။ ငါ့အား မင်းစည်းစိမ် ကျက်သရေကိုပေးပေသော ဤသို့ တန်ခိုးကြီးသော ပဒေါင်ပင်စောင့်နတ်ကို အဘယ့်ကြောင့် ရှိမခိုးသနည်းဟု ပြောဆိုလေရာ ဓမ္မဒိန္နာ မိဖုရားက မင်းမြတ်၊ သင်သည် မိမိ၏ ကောင်းမှုကံ၌ ရပ်တည်၍ တစ်ရာသော မင်းတို့ကို ဖမ်းယူအပ်ပေသည်။ သင်အားကိုးသော ပဒေါင်ပင်စောင့်နတ်က ဖမ်းယူပေးသည် မဟုတ်ဟု ပြောဆိုလေ၏။

ထိုအခါ ပညောင်ပင်စောင့်နတ်က နောက်ထပ်တစ်ဖန် ဓမ္မဒိန္နာ မိဖုရားကို...

ဝံ ဘဒ္ဒေ၊ ဝံ ဘဒ္ဒေ–အရှင်မ ဓမ္မဒိန္နာ ဟုတ်ပါပေ၏၊ အရှင်မ ဓမ္မဒိန္နာ ဟုတ်ပါပေ၏ဟု ပြောဆို၍ လက်တွင်းတစ်ဆုပ် ပန်းတို့ဖြင့် ပူဇော်လေ၏။

တစ်ဖန် ဓမ္မဒိန္နာ မိဖုရားက ဗာရာဏသီမင်းကို ဤသို့ ပြောဆိုလေ၏။

ဤမျှလောက်သော မင်းတို့ကို ပညောင်ပင်စောင့်နတ်က ဖမ်းယူ၍ ငါ့အား ပေးအပ်၏ဟု သင်ပြောဆိုသည်။ သင်၏ အားထားကိုးကွယ်ရာ ပညောင်ပင်စောင့်နတ်သည် အကယ်၍ တန်ခိုးကြီးသည့် နတ်ဖြစ်ခဲ့လျှင် ယခု သင့်ကျေးဇူးရှင် နတ်၏ နေထိုင်ရာ ပညောင်ပင် အထက်ပိုင်း လက်ဝဲဘက်၌ မီးလောင်ကျွမ်းနေသည်။ ထိုညောင်ပင် စောင့်နတ်သည် ထိုမီးကို ဘာကြောင့် မစွဲလောင်အောင် မတတ်နိုင်ရသနည်းဟု ပြောဆိုလေရာ...

တစ်ဖန် ပညောင်ပင်စောင့်နတ်က ဓမ္မဒိန္နာ မိဖုရားကို ဝံ ဘဒ္ဒေ၊ ဝံ ဘဒ္ဒေ–အရှင်မ ဓမ္မဒိန္နာ ဟုတ်ပါလေ၏၊ အရှင်မ ဓမ္မဒိန္နာ ဟုတ်ပါပေ၏ဟု ပြောဆို၍ လက်တစ်ဆုပ်ပန်းတို့ဖြင့် ပူဇော်လေ၏။

ဓမ္မဒိန္နာ မိဖုရားသည် ဤသို့ ပြောဆိုပြီး ငိုလည်းငို၊ ရယ်လည်း ရယ်လေ၏။

ထိုအခါ ဓမ္မဒိန္နာကို ဗာရာဏသီမင်းက ဘယ်လိုနည်း၊ သင်ရူးသလောဟု ပြောဆိုလေ၏။

မင်းမြတ်၊ ဘာကြောင့် ဤသို့ ပြောဆိုသနည်း။ ကျွန်မတို့လို အမျိုးသမီးတို့သည် ရူးသူ မဟုတ်ကြပါ။

ရှုးသူမဟုတ်လျှင် ဘာကြောင့် ငိုလည်းငို၊ ရယ်လည်း ရယ်ရသနည်း။

မင်းမြတ်၊ နားထောင်ပါလော့။ ကျွန်မသည် အတိတ်ဘဝတစ်ခု၌ အမျိုးသမီးဖြစ်၍ လင်ယောကျ်ားအိမ်၌နေစဉ် လင်ယောကျ်ား၏ မိတ်ဆွေဧည့်သည် တစ်ယောက် အိမ်သို့ရောက်လာ၍ ဧည့်သည် အတွက် ဟင်းကောင်းတစ်ခွက်နှင့် ထမင်းချက်လို၍ အိမ်စေကျွန်မ အား ငွေကိုပေး၍ ဟင်းလျာအသားကို ဆောင်ယူစေရာ ဟင်းလျာ အသားမရဘဲ ပြန်လာသော ကျွန်မက ဟင်းလျာအသား မရှိပါဟု ပြောဆိုအပ်သော် အိမ်နောက်ဖေး၌ အိပ်နေသော ဆိတ်မ၏ ဦးခေါင်း ကို ဖြတ်၍ ဆိတ်သားဟင်းဖြင့် ဧည့်သည်အား ထမင်းကျွေးလိုက် သည်။

ကျွန်မသည် ဆိတ်မတစ်ကောင်၏ ဦးခေါင်းကို ဖြတ်ခဲ့သော ကြောင့် ငရဲ၌ ကျက်ပြီး ကြွင်းကျန်သော အကုသိုလ်အကျိုးအားဖြင့် ဆိတ်မ၏ အမွေးအရေအတွက်နှင့်အညီ ဦးခေါင်းအဖြတ် ခံခဲ့ရသည်။ သင်မင်းသည် ဤမျှသော မင်း မိဖုရား လူအများကို သတ်ပစ်ခဲ့ သော် အဘယ်အခါ၌ ဆင်းရဲမှ လွတ်တော့အံ့နည်းဟု သင်မင်း၏ ခံစားရမည့် ဆင်းရဲကို ဆင်ခြင်အောက်မေ့မိ၍ ငိုမိပါသည်ဟု ပြောဆို၍ ဤဂါထာကို ရွတ်ဆိုလေ၏။

ဧကိဿာ ကဏ္ဍံ ဆေတွာန၊ လောမဂဏနာယ ပစ္စိသံ။
ဗဟူနံ ကဏ္ဍေ ဆေတွာန၊ ကထံ ကာဟသိ ခတ္တိယ။

ခတ္တိယ–အို...ဗာရာဏသီမင်းကြီး၊ အဟံ–ကျွန်တော်မသည်၊ ဧကိဿာ–ဆိတ်မတစ်ကောင်၏၊ ကဏ္ဍံ–လည်ပင်းကို၊ ဆေတွာန– ဖြတ်၍ သတ်ခဲ့သောကြောင့်၊ လောမဂဏနာယ–ဆိတ်မွေးအရေ အတွက်ဖြင့်၊ ပစ္စိသံ–ငရဲ၌ ကျက်ပြီး ဘဝအသီးသီး လည်လှီးပြတ်

ခဲ့ရပြီ၊ တွံ–သင်မင်းကြီးသည်၊ ဗဟူနံ–များစွာကုန်သော မင်းမိဖုရားတို့၏၊ ကဠေဝရ–လည်ပင်းတို့ကို၊ ဆေတွာန–ဖြတ်၍ သတ်ခဲ့သည်ရှိသော်၊ ကထံ ကာဟာသိ–အဘယ်သို့ ဖြစ်လိမ့်မည်နည်း။

အို…ဓမ္မဒိန္နာ မိဖုရား၊ ထိုသို့ ဆင်းရဲကို ခံစားခဲ့ဖူးသူဖြစ်လျက် အဘယ့်ကြောင့် သင်သည် ရယ်လေသနည်း။

အို…ဗာရာဏသီမင်းကြီး၊ ကျွန်တော်မသည် ထိုမကောင်းမှု အကုသိုလ်၏ အကျိုးဖြစ်သော ခံစားရမည့် ဆင်းရဲမှ ငါလွတ်ခဲ့ရပြီဟု ဝမ်းမြောက်နှစ်သက်မှုကြောင့် ရယ်မိပါသည်ဟု ပြောလေ၏။

ပသြောင်ပင်စောင့်နတ်သည် နောက်ထပ်တစ်ဖန် ထို ဓမ္မဒိန္နာ မိဖုရားကို…

ဧဝံ ဘဒ္ဒေ၊ ဧဝံ ဘဒ္ဒေ–အရှင်မ ဓမ္မဒိန္နာ ဟုတ်ပါပေ၏။ အရှင်မ ဓမ္မဒိန္နာ ဟုတ်ပါပေ၏ဟု ပြောဆိုပြီး ပန်းပွင့်တစ်ဆုပ်ဖြင့် ပူဇော်ပြန်လေ၏။

ဗာရာဏသီမင်းသည် သြော်…ငါသည် ဝန်လေးသောအမှုကို ပြုအပ်ပြီ။ ဤဓမ္မဒိန္နာ မိဖုရားသည် ဆိတ်မတစ်ကောင်ကို သတ်ခဲ့သောကြောင့် ငရဲ၌ ကျက်ခဲ့ပြီး ကြွင်းကျန်သေးသော အကုသိုလ်အကျိုးအဖြစ်ဖြင့် ထိုဆိတ်မ၏ အမွေးအရေအတွက်နှင့် ညီမျှသော အကြိမ်ကြိမ် ဦးခေါင်းပြတ်သူ၏အဖြစ်သို့ ရောက်ခဲ့လေပြီ။ ငါသည် ဤမျှလောက် များလှသော မင်းမိဖုရား လူအများကို သတ်ခဲ့သည်ရှိသော် အဘယ်အခါ၌ ချမ်းသာသူအဖြစ် ရောက်နိုင်တော့အံ့နည်းဟု အသိတရားဖြစ်ကာ မင်း မိဖုရားအားလုံးတို့ကို အနှောင်အဖွဲ့မှ လွတ်စေ၍ မိမိထက် အသက်ကြီးသော မင်းတို့ကို ရှိခိုး၊ အသက်ငယ်သော မင်းတို့အား လက်အုပ်ချီ၊ မင်းအားလုံးတို့ကို သည်းခံစေ၍ (တောင်းပန်၍) မိမိ မိမိ နေရာဌာနအသီးသီးသို့သာ စေလွှတ်ပို့ဆောင်လေ၏။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဆောင်တော်မူ၍...

ရဟန်းတို့၊ ဤသို့လျှင် မလ္လိကာမိဖုရားသည် ယခုဘဝ၌သာ မိမိ၏ အသိဉာဏ်ကို အမှီပြု၍ သတ္တဝါများစွာအား ဇီဝိတဒါနကို ပေးလှူဖူးသည် မဟုတ်သေး။ ရှေးအခါ၌လည်း ပေးလှူခဲ့ဖူးသည်သာဟု မိန့်တော်မူ၍ အတိတ်ဇာတ်ကြောင်းကို ပေါင်းပြတော်မူသည်။

ယခုအခါ ပသေနဒီ ကောသလမင်းသည် ထိုအချိန်အခါက ဗာရာဏသီမင်း ဖြစ်ခဲ့ပြီ။ ယခုအခါ မလ္လိကာမိဖုရားသည် ထိုအချိန်အခါက ဓမ္မဒိန္နာ မိဖုရား ဖြစ်ခဲ့ပြီ။ ယခုအခါ ငါဘုရားသည်ပင် ထိုအချိန်အခါက ပညောင်ပင်စောင့်နတ် ဖြစ်ခဲ့ပြီဟု အတိတ်ဇာတ်ကြောင်းကို ပေါင်းပြတော်မူပြီး တစ်ဖန် တရားဟောတော်မူလို၍...

ရဟန်းတို့၊ ပါဏာတိပါတ မည်သည်ကား မပြုသင့်သော သဘောရှိပေသည်။ မှန်ပေသည်။ သူ့အသက်ကို သတ်သော သူတို့သည် နေ့ညရှည်ကြာ ပူပန်ဆင်းရဲကြရကုန်၏ဟု မိန့်တော်မူကာ ဤဂါထာတို့ကို ဟောတော်မူလေသတည်း။

**(က) ဣဓ သောစတိ ပေစ္စ သောစတိ၊**
**ပါပကာရီ ဥဘယတ္ထ သောစတိ။**
**သော သောစတိ သော ဝိဟညတိ၊**
**ဒိသွာ ကမ္မကိလိဋ္ဌမတ္တနော။**
**(ခ) ဧဝံ စေ သတ္တာ ဇာနေယျုံ၊ ဒုက္ခာ ယံ ဇာတိသမ္ဘဝေါ။**
**န ပါဏော ပါဏိနံ ဟညေ၊ ပါဏဃာတီ ဟိ သောစတိ။**

ပါပကာရီ–မကောင်းမှုကို ပြုလုပ်သူသည်၊ ဣဓ–ဤပစ္စုပ္ပန်ဘဝ၌၊ သောစတိ–ပူပန်စိုးရိမ်ရ၏၊ ပေစ္စ–တမလွန်ဘဝ၌၊ သောစတိ–ပူပန်စိုးရိမ်ရ၏၊ ဥဘယတ္ထ–ပစ္စုပ္ပန် တမလွန် နှစ်တန်ကာလ ဖြစ်ရာဘဝ

တို့၌၊ သောစတိ–ပူပန်စိုးရိမ်ရလေ၏၊ သော–မကောင်းမှုပြုသူ ထိုလူသည်၊ အတ္တနော–မိမိ၏၊ ကမ္မကိလိဋ္ဌံ–ပူပန်စေတတ် နှိပ်စက်တတ်သော မကောင်းမှုကံကို၊ ဒိသွာ–အသိဉာဏ်ဖြင့် ရှုမြင်ခဲ့သော်၊ သောစတိ–ပူပန်စိုးရိမ်ရ၏၊ ဝိဟညတိ–ပင်ပန်းဆင်းရဲရလေ၏။

အယံ ဇာတိ သဘာဝေါ–ဤဘဝ အတန်တန် အဖန်ဖန်ဖြစ်ရခြင်းသည်၊ ဒုက္ခော–ဆင်းရဲကြောင်း စင်စစ် အမှန်ဖြစ်ချေ၏၊ ဓံ–ဤသို့၊ သတ္တာ–သတ္တဝါတို့သည်၊ စေ ဇာနေယျုံ–အကယ်၍ သိကြကုန်ငြားအံ့၊ ဓံသန္တေသု–ဤသို့ သိကြကုန်လတ်သော်၊ ပါဏော–သတ္တဝါ တစ်ယောက်သည်၊ ပါဏိနံ–သတ္တဝါ တစ်ယောက်ကို၊ နဟညေ–မညှဉ်းဆဲ မနှိပ်စက် မသတ်ဖြတ်လေရာ။

ဟိ–အဘယ်ကြောင့်ဆိုသော်၊ ပါဏဃာတီ–သတ္တဝါကို ညှဉ်းဆဲနှိပ်စက် သတ်ဖြတ်တတ်သူသည်၊ သောစတိ–ဘဝအတန်တန် ပူပန်စိုးစိမ်ရလေ၏။

တသ္မာ–ထို့ကြောင့်၊ ပါဏော–သတ္တဝါတစ်ယောက်သည်၊ ပါဏိနံ–သတ္တဝါတစ်ယောက်ကို၊ နဟညေ–နဟညေယျ–မညှဉ်းဆဲ မနှိပ်စက် မသတ်ဖြတ်ရာသတည်း။

(အဋ္ဌကထာ ပထမအုပ်၊ ဗာလဝဂ်မှ။)

အညတရပုရိသဝတ္ထု ပြီး၏။

# ကျမ်းပြီးနိဂုံး

၁။ နဂရေ ရတနသိဃေ်၊ ဗုဒ္ဓင်္ကုနာ သုမာပိတေ။
ရိပုခန္ဓေ ဝသန္တေန၊ ဝိမလာဒိကလဋ္ဌိနာ။

၂။ သဏ္ဍာ သခိလဘာသာနံ၊ ကုလိတ္တိန မနုဂ္ဂဟာ။
ခရိတ္တိနံ ဒမနာယ၊ ရစိတံ ဝတ္ထု ယံ သုဘံ။

၃။ ဝတ္ထု သဗ္ဗ ထိယုတ္တံ၊ သမတ္တံ ဗုဒ္ဓဒေသိတံ။
ပသန္တာနံ သုဏန္တာနံ၊ ပီတိပါမောဇ္ဇဝဍ္ဎနံ။

၄။ ဒွိ သဟဿေ သတပဉ္စေ၊ စတုစတ္တာလီသဝဿကေ။
ဒွါသဋ္ဌိယံ တိဿတေ စ၊ သဟဿေ ကောဇဝဿကေ။
ဝဿံဝုဋ္ဌမာသဇဏှော၊ ဒွါဒသာဟေ သုနိဋ္ဌိတံ။

၅။ ယာသံ အတ္ထိ သုဂန္ထာနံ၊ သုဒဿနေ သုဝါသနာ။
ဣမံ ဂန္ထံ သုပဿန္တု၊ ဝဍ္ဎန္တု ပီတိမောဒနတ္တိ။

၁။ ဗုဒ္ဓင်္ကုနာ–တိုင်းရေး ပြည်ရေး အကြပ်ဘေးကြောင့် မအေးနိုင်ရှာကြသော လူအများ၏ (အလောင်းမင်းဘုရား ကယ်တော်မူပါ) စကားကိုစွဲဖြို ရန်ခဲသည့် တိုက်ပွဲများမြောင် ဆင့်ဆင့်အောင်ကြား အလောင်းဘုရားသည်၊ သုမာပိတေ–စဉ်လာ

သက်ဆင်း မြန်မာမင်းတို့ ဖန်ဆင်းစံပျော် နန်းတော်မြို့ရိုး ပြအိုးကျုံးတော် စသော်အတန်တန် ထီးဟန်နန်းဟန် စီမံဆောင်ဆောင် တည်ထောင်ဖန်ဆင်းအပ်သော၊ ရတနသိဃေ်-လောကီ လောကုတ္တရာ ရတနာတို့ စုံစွာစုဝေး အကြောင်းရွေး၍ ဘုန်းရေးရှိန်ပြ ရတနာသိဃ် အမည်ရှိသော၊ နဂရေ-ရန်ကြီးအောင်, ကုန်းဘောင်,မုဆိုးပို့,ရွှေဘိုထည့်ဆိုကြည်စွ ငါးမည်ရ မြို့တော်၌၊ ရိပုခန္ဓေ-တွင်းရန်ပြင်ရန် ဤနှစ်တန်ကို ကေန်ခွင်းတတ် ယင်းဗျူဟ်ကြောင့် နွတ္ထုမည်ဆန်း တိုက်ပုခန်း၌၊ ဝသန္တေ န-ဓုရနှစ်ဖြာ ကြိုးပမ်းကာဖြင့် လေးဖြာကျရိယာ မျှစွာရှင်ပြုံး သီတင်းသုံးတော်မူသော၊ ဝိမလာဒိကလဍ္ဍိနာ-ဘဒ္ဒန္တ ဝိမလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ၊ ဒီဃနိကာယပါဠိပါရဂူ ဘွဲ့ယူပန်ဆင် ငါအရှင်သည်။

၂။ သဏ္ဍာ-သဏ္ဍာနံ-ကြွန္တမရွှေ့ သိမ်မွေ့ကြကုန်သော၊ သဓိလဘာသာနံ-ပြေပြစ်တင့်တယ် ချစ်ဖွယ်စကား ပြောကြားတတ်ကုန်သော၊ ကုလိတ္ထီနံ-အမျိုးသမီးတို့အား၊ အနုဂ္ဂဟာ-အနုဂ္ဂဟာယ-ကိုယ်ရောစိတ်ပါ ချမ်းသာစုံလောက် ချီးမြှောက်ဖို့ရာ၊ ခရိတ္ထီနံ-ကိုယ်ကြမ်း နှုတ်ကြမ်း စိတ်ပါကြမ်းသည့် အကြမ်းထိန်းရ မိန်းမတို့အား၊ ဒမနာယ-ဤစာကိုဖတ် အကြမ်းရပ်၍ နူးနပ်စေခြင်းငှာ၊ သုဘံ-စိတ်ကူးယဉ်ယဉ် ဖတ်ချင်စဖွယ် ရေးစီခြယ်သဖြင့် တင့်တယ်သော၊ ယံ ဝတ္ထု-အကြင် ဝတ္ထုကို၊ ရစိတံ-နယဉ်စကား စီစဉ်ထားကာ ရေးသားအပ်ပေပြီ။

၃။ ပသန္နာခန့်–သိချင်လိုချင် တတ်ချင်မိမိ ရှုကြည့်သူတို့၏၊ သုဏန္တာခန့်–ဖတ်သံဟောသံ ပြောသံခါခါ ကြားနာသူတို့၏၊ ပီတိ ပါမောဇ္ဇဝဍ္ဎနံ–နှစ်သက်မှု ဝမ်းမြောက်မှုတရား တိုးပွားစေတတ်သော၊ ဗုဒ္ဓဒေသိတံ–ရှင်တော်ဗုဒ္ဓ နှုတ်တော်ဟလျက် ဟောပြအပ်သော၊ ထိယုတ္တံ–ရတနာသုံးစုံ အာရုံနိမိတ်း အမျိုးသမီးတို့နှင့်ဆိုင်သော၊ သင်္ဂဟံ–ဓမ္မပဒအဋ္ဌကထာ၌ ပါဝင်လာသမျှ ဝတ္ထုထဲမှ ဆွဲစုရုံးပုံ အားလုံးစုံသာဖြစ်သော၊ တံ ဝတ္ထု–အမျိုးသမီးကသာ ဇာတ်လမ်းကိုဖော် လိုရင်းပေါ်အောင် ခေါ်ဆောင်ပြုပြောသဖြင့် အမျိုးသမီးများနှင့် အများဆုံးသာ သက်ဆိုင်ရာရာ အကြောင်းဖြာဖြာ ခြင်းရာစုစု ထိုဝတ္ထုသည်၊ သမတ္တံ–သီးသီးဖုံဖုံ ပြီးစီးပြည့်စုံပြီ။

၄။ (ဇိနစက္ကေ) မြတ်စွာဘုရား သာသနာသည်၊ ဒွိသဟဿေ–နှစ်ထောင်၌၊ သတပ္ပဉ္စေ–ရာငါးခု၌၊ ဝါ–ငါးရာ၌၊ စတုစတ္တာလီသဝဿကေ–လေးဆယ့်လေးနှစ်၌ (ဒွိသဟဿသတပ္ပဉ္စေ စတုစတ္တာလီသဝဿကေ–နှစ်ထောင်ငါးရာ လေးဆယ့်လေးနှစ်၌)၊ ဒွါသဋ္ဌိယံစ–ခြောက်ဆယ့်နှစ်လည်းဖြစ်သော၊ တိသတေစ–သုံးရာလည်းဖြစ်သော၊သဟဿေစ–တစ်ထောင်လည်းဖြစ်သော၊ ကောဇဝဿကေ–လူတို့ခေါ်ရာ ကောဇာနှစ်၌၊ (ဒွါသဋ္ဌိယံ တိသတေစ သဟဿေ ကောဇဝဿကေ–ကောဇာသက္ကရာဇ် တစ်ထောင့်သုံးရာခြောက်ဆယ့်နှစ်ခုနှစ်၌)၊ ဝဿံဝုဋ္ဌမာသဇုဏှော–ဝါကျွတ်ရာမှန်း သီတင်းကျွတ်လဆန်း၌၊ ဒွါဒသာဟေ–တစ်ဆယ့်နှစ်ရက်၌၊ သုနိဋ္ဌိတံ–အားလပ်ချိန်လု အချိန်စု၌ ရေးပြုစာလုံး ကမ္ဗတ်ဖုံး၍ ပြီးဆုံးခဲ့လေပြီ။

၅။ ယာသံ–လူ့ရွာဘဝ ကြုံတွေ့ရဆဲ သာသနာလဲ ကြုံရဆဲခါ အားခဲလို့သာ ကောင်းရာဖွေဆည်း အကြင်အမျိုးသမီးတို့

အား၊ သုဂန္ဓာ ၁နံ–စိတ်ကူးသက်သက်မဟုတ် ကျမ်းစာမှ ထုတ်၍ ဟုတ်မှန်ရာကို ကောင်းစွာကမ်းလာ ကျမ်းစာတို့ကို၊ သုဒဿနေ–ကြောင်းရှာမိမိ ကောင်းစွာ ရှုကြည့်ခြင်း၌၊ သုဝိသနာ–ကောင်းလှပေစွာ အထုံဝိသနာသည်၊ အတ္ထိ–အမြဲတစေ ရှိ၍နေလေ၏၊ တာ–သုတဖွေဆည်း ထိုအမျိုးတို့သည်၊ ဣမံ ဂန္ထံ–အဓိကအချက် ပဓာနဖက် အမျိုးသမီးများအတွက် ရည်ရွယ်ချက်ဖြင့် ပေါ်ထွက်လမ်းဖြာ ဤကျမ်းစာကို၊ သုပဿန္တု–မကောင်းတာကိုပစ်မည်၊ ကောင်းတာကို ချစ်မည်ဟု ရစ်သီသည့် စိတ်ထားဖြင့် မအိပ်မနား များများသိမှု ကြည့်ရှုကြစေကုန်သတည်း၊ ပီတိမောဒနံ–ထိတ်စရာ လန့်စရာ ကြောက်စရာ အံ့သြစရာ မောစရာ ဝမ်းနည်းစရာ ဝမ်းသာစရာ နှစ်သက်စရာ အဖြစ်အပျက်ဆန်းပါဟု နှစ်သက်ဝမ်းသာမှုကို၊ ဝဍ္ဎေန္တု–စိတ်အေးအေးဖြင့် တရေးရေးတွေးကာ အေးအေးသာသာ တိုးပွားကြပါစေကုန်သတည်း၊ ဣတိ–ဤကား နိဂုံးကမ္ပတ် အဆုံးသတ်တည်း။

သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန
အမှတ်
ရက်စွဲ
သုတေသနစာကြည့်တိုက်

မိဘမောင်ကြီး၊ ချစ်မငြီးဘဲ၊ ရွှေသီးမှည့်လောက်၊
စောင့်ရှောက်အနိုင်၊ နန်းပင်တိုင်နှင့်၊ ရံပြိုင်ခြွေရွေ၊
စံပစေလည်း၊ မပြေတဲနှောင့်၊ ထိန်းမစောင့်တည့်၊
ထို့ကြောင့်မူချ၊ သားမိန်းမအား၊ ကာလမြင့်စွာ၊
မလင့်ရာဘူး၊ ချိန်ခါရောက်ငြား၊ ဆိုင်းလင့်ထားက၊
မောင်ဘားမိဘ၊ အရှက်ရ၏။ သောဠသစစ်၊ ဆယ့်
ခြောက်နှစ်သို့၊ ရောက်လစ်တုံငြား၊ မိန်းမများကား၊
ယောကျ်ားအလို၊ ကမ်းနှယ်ပြို၏၊ စီးယိုကျဖိတ်၊
လော်လည် စိတ်လည်း၊ မပိတ်ဆို့သာ၊ လှိုက်လှိုက်ဆာ၍၊
ဓမ္မတာတစ်မျိုး၊ တက်ရေတိုးသို့၊ ဖြိုးဖြိုးဝေလျက်၊
ရမ္မက်သွေးကြွ၊ လျှမ်းလျှမ်းထ၏။

(မဟာသုတကာရီ မဃဒေဝလင်္ကာသစ်)